ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယသီလက္ခန္ဓဝဂ် သုတ္တန္တပိဋကတော်

ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်


မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
မှ ရိုက်နှိပ်ထုတ်ဝေသည်။

သာသနာနှစ် ၂၅၀၄ ၊ မြန်မာနှစ် ၁၃၂၂ ခုနှစ်

လူဟူသော အလူ့အမှတ်၊ အသိ - အခွဲကို ဖယ်၊ ဖျောက်၊ ပရမတ်စင်စစ်ဖြစ်သော ပထဝီအစရှိသော ရုပ်ဓါတ်း ၈ ပါး -
ဝိညာဏ်စသော နာမ်ဓါတ် - ၈ ပါးဖြစ်သော - ရုပ်နာမ် - အစုကို အကြားမလပ်ရအောင် နှလုံးသွင်း၍ရှု -
ရှုပ်သအောင် များသင့်သော ဟုဖြင့်လျှင် သူတို့အမြင်မှ ရှိ၍ သူတို့ဘဲ ဒလရုပ် ပေါ်၍ ပျောက်နေခြင်း၊ သူတို့ကိုရှောင်အောင်
ခိုင်းစေသော နာမ်ဓါတ်အစုလည်း မရပ်မနား ဖြစ်ပျက်နေခြင်း သိမြင်တော့ဖါ။ သူ၊ ငါ၊ လူ၊ နတ်၊ မဟုတ်သင့်သော - ရုပ်
နာမ်အစုသည် အချိုးအနီး၊ အကြောင်း ကြောင့်ဖြစ်ပျက်နေသော၊ ဒုက္ခအစုမျှသာ တကားဟု သိမြင်လေတော့ဖါ -
ကျွဲအတိုင်း အကြားမထားဘဲ ရှုပါက၊ ဒုက္ခအပေါင်းမှ ထွက်မြောက်ကြောင်းဖြစ်သော - မဖြစ်မပေါ်သော ချမ်းသာကြီး
ကိုအမြန်ပင်တွေ့ရတော့မည်တည်း။

၂၉၄·၃၁၂

၈၈၀

၁၁-၄

၁၉၁၄၁

၁၀၇/-

ကျော်ခိုင်။

၁၉၆၆-ခုဇန္နဝါရီလ။

၁၂) ဝင်စစ်ထိုသူအား (အာသဝေါများ) ကုန်သောအခါ ကုန်ပြီဟုသာ ဒါ သိညာဏ်ဖြစ်၏ — တမျက်နှာ ၁၁၇၊ ဝါသိဋ္ဌသုတ် —

၁၃/ (ဘဝ၌) မဖြစ်မှုသည် ပင်ဆင်းရဲ၏ အဆုံး (နိဗ္ဗာန်) မည်၏ — တမျက်နှာ ၂၀၀ · ဝါလုကျ ပုဏ္ဏသုတ် —

၁၄/ ဥက္ကသဏ္ဍာတွင်း မျာဝိ ကိုထည့်၍ ... မှုဖြင့်မှာ ... သည် မ ... နိုင်သော ... မဟုတ်သော ကြောင့် ဖြစ်၏ ဥပမာ · ဂင်္ဂါ ... လ · ... က သို့ ...

၁၅/ ရုပ်သည် ရေမြှုပ်ဆိုင်၊ ဝေဒနာသည် ရေပွက်၊ သညာသည် တံလျှပ်၊ သင်္ခါရတို့သည် ငှက်ပျောတုံး၊ ဝိညာဏ်သည် မျက်လှည့်နှင့်တူ၏ — ဖေနပိဏ္ဍူပမသုတ်၊ ဝ.ဓ.၄ (၁၀၇) —

၁၆/ ... ဖြစ်၍ တဖန်မဖြစ်မှုသည် ပင်ဆင်းရဲ၏ အဆုံး (နိဗ္ဗာန်) မည်၏ — ဆန္နသုတ် · တမျက်နှာ · ၂၇၄။

၁၇/ တရံတခါ၌ ... ပေါ်လာသော လှည်း ... ကောင်း ... ကားကျွဲ ... လှည်း — ဥက္ကဝမ္မသုတ်၊ တမျက်နှာ · ၃၉၀။

၁၈) လောကဥ္စချုပ်ခြင်း ... သည် ... ဘာယ ... မျက်စိနှင့် အဆင်းကို စွဲ၍ စက္ခုဝိညာဏ် — ဥပါဒါန်ပါ ... ဖဿ · ဝေဒနာ · တဏှာ · ဥပါဒါန် · ... တို့ ... ပေါ်ခြင်း ...
ရာဇ် ... ဖြစ် · ... ပေါ် ... ဥပါဒါန် ... — ၄ · ၄ ... ဝါ ... သုတ် = ၃၀၄။

၁၉ ... ဥက္က ... ဝေဒနာ ... သော ... မျက် ... သဘော ... သဘော ... ကြောင့် ... ကောင်း ... 
ထိုသူသည် ... အခြား ... — ပဋိစ္စသမုပ္ပါဒ် — ဝေဒနာ ... 

၂၀ — ... သော ... ဖြစ် ... လောက ... ၌ ... သော ... ပါ ... မဂ် ... ကြောင်း ... ဆင်း ... သော ... ဖြစ် ...

၁၉၁၄၁
(ဒုဿ)

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂ

# သံယုတ်ပါဠိတော်
# မြန်မာပြန်

မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၀၄ ကောဇာသက္ကရာဇ် ၁၃၂၂ ၁၉၆၀

မှတ်သားဖွယ်ကောင်းသောသုတ်များ။

ဝေဒနာသံယုတ် — သလ္လသုတ်၊ စ.မ.နှ ၄၀၄။
နတုမှာက သုတ်၊ ၂၄၅။
ရာဟုလောဝါဒ သုတ် — ၃၁၇။
ဝက္ကလိ သုတ်၊ ၉၂။ အသျှင်ဝက္ကလိသည် မိမိလည်ကိုဓါးနှင့် လှီး၍ ပရိနိဗ္ဗာန်စံလေ၏။
ဆန္နသုတ်၊ ၂၇၅။ အသျှင်ဆန္နလည်း " — " " "
ဆန္နသုတ် (ဘုရားသျှင်၏ ဘွားဘက်တော်) ၊ ၁၀၁။
ယမကသုတ် — ၈၄

အာဒိတ္တပရိယာယသုတ်၊ သဠာယတနဝဂ် - စာမျက်နှာ ၃၇၃။
၊ ဝိနည်းမဟာဝါ ။ ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

# မာတိကာ

---


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |
| | **၁-ခန္ဓသံယုတ်** | |
| | **၁ -နကုလပိတုဝဂ်** | |
| ၁။ | နကုလပိတုသုတ် .... .... .... .... .... | ၁ |
| ၂။ | ဒေဝဒဟသုတ် .... .... .... .... .... | ၅ |
| ၃။ | ဟာလိဒ္ဒိကာနိသုတ် .... .... .... .... .... | ၈ |
| ၄။ | ဒုတိယ ဟာလိဒ္ဒိကာနိသုတ်.... .... .... .... .... | ၁၁ |
| ၅။ | သမာဓိသုတ် .... .... .... .... .... | ၁၁ |
| ၆။ | ပဋိသလ္လာဏသုတ် .... .... .... .... .... | ၁၃ |
| ၇။ | ဥပါဒါပရိတဿနာသုတ် .... .... .... .... .... | ၁၃ |
| ၈။ | ဒုတိယ ဥပါဒါပရိတဿနာသုတ် .... .... .... | ၁၅ |
| ၉။ | ကာလတ္တယအနိစ္စသုတ် .... .... .... .... .... | ၁၆ |
| ၁၀။ | ကာလတ္တယဒုက္ခသုတ် .... .... .... .... .... | ၁၇ |
| ၁၁။ | ကာလတ္တယအနတ္တသုတ် .... .... .... .... .... | ၁၇ |
| | **၂-အနိစ္စဝဂ်** | |
| ၁။ | အနိစ္စသုတ် .... .... .... .... .... | ၁၇ |
| ၂။ | ဒုက္ခသုတ် .... .... .... .... .... | ၁၈ |
| ၃။ | အနတ္တသုတ် .... .... .... .... .... | ၁၈ |
| ၄။ | ယဒနိစ္စသုတ် .... .... .... .... .... | ၁၈ |
| ၅။ | ယံဒုက္ခသုတ် .... .... .... .... .... | ၁၉ |
| ၆။ | ယဒနတ္တာသုတ် .... .... .... .... .... | ၁၉ |
| ၇။ | သဟေတုအနိစ္စသုတ် .... .... .... .... .... | ၁၉ |
| ၈။ | သဟေတုဒုက္ခသုတ် .... .... .... .... .... | ၂၀ |
| ၉။ | သဟေတုအနတ္တသုတ် .... .... .... .... .... | ၂၀ |
| ၁၀။ | အာနန္ဒသုတ် .... .... .... .... .... | ၂၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-ဘာရဝဂ်** | |
| ၁။ | ဘာရသုတ် | ၂၀ |
| ၂။ | ပရိညာသုတ် | ၂၂ |
| ၃။ | အဘိဇာနသုတ် | ၂၂ |
| ၄။ | ဆန္ဒရာဂသုတ် | ၂၂ |
| ၅။ | အဿာဒသုတ် | ၂၃ |
| ၆။ | ဒုတိယ အဿာဒသုတ် | ၂၄ |
| ၇။ | တတိယ အဿာဒသုတ် | ၂၄ |
| ၈။ | အဘိနန္ဒနသုတ် | ၂၅ |
| ၉။ | ဥပ္ပါဒသုတ် | ၂၆ |
| ၁၀။ | အဃမူလသုတ် | ၂၆ |
| ၁၁။ | ပဘင်္ဂုသုတ် | ၂၆ |
| | **၄-နတုမှာကဝဂ်** | |
| ၁။ | နတုမှာကသုတ် | ၂၇ |
| ၂။ | ဒုတိယ နတုမှာကသုတ် | ၂၇ |
| ၃။ | အညတရဘိက္ခုသုတ် | ၂၈ |
| ၄။ | ဒုတိယ အညတရဘိက္ခုသုတ် | ၂၉ |
| ၅။ | အာနန္ဒသုတ် | ၃၀ |
| ၆။ | ဒုတိယ အာနန္ဒသုတ် | ၃၁ |
| ၇။ | အနုဓမ္မသုတ် | ၃၃ |
| ၈။ | ဒုတိယ အနုဓမ္မသုတ် | ၃၃ |
| ၉။ | တတိယ အနုဓမ္မသုတ် | ၃၃ |
| ၁၀။ | စတုတ္ထ အနုဓမ္မသုတ် | ၃၃ |
| | **၅-အတ္တဒီပဝဂ်** | |
| ၁။ | အတ္တဒီပသုတ် | ၃၄ |
| ၂။ | ပဋိပဒါသုတ် | ၃၅ |
| ၃။ | အနိစ္စသုတ် | ၃၆ |
| ၄။ | ဒုတိယ အနိစ္စသုတ် | ၃၇ |
| ၅။ | သမနုပဿနာသုတ် | ၃၇ |
| ၆။ | ခန္ဓသုတ် | ၃၈ |
| ၇။ | သောဏသုတ် | ၃၉ |
| ၈။ | ဒုတိယ သောဏသုတ် | ၄၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၅-အတ္တဒီပဝဂ်


၉။ နန္ဒိက္ခယသုတ် .... .... .... .... .... ၄၁
၁၀။ ဒုတိယ နန္ဒိက္ခယသုတ် .... .... .... .... .... ၄၁


## (၆) ၁-ဥပယဝဂ်


၁။ ဥပယသုတ် .... .... .... .... .... ၄၂
၂။ ဗီဇသုတ် .... .... .... .... .... ၄၃
၃။ ဥဒါနသုတ် .... .... .... .... .... ၄၄
၄။ ဥပါဒါနပရိဝတ္တနသုတ် .... .... .... .... .... ၄၆
၅။ သတ္တဋ္ဌာနသုတ် .... .... .... .... .... ၄၉
၆။ သမ္မာသမ္ဗုဒ္ဓသုတ် .... .... .... .... .... ၅၂
၇။ အနတ္တလက္ခဏသုတ် .... .... .... .... .... ၅၃
၈။ မဟာလိသုတ် .... .... .... .... .... ၅၅
၉။ အာဒိတ္တသုတ် .... .... .... .... .... ၅၆
၁၀။ နိရုတ္တိပထသုတ် .... .... .... .... .... ၅၇


## (၇) ၂-အရဟန္တဝဂ်


၁။ ဥပါဒိယမာနသုတ် .... .... .... .... .... ၅၈
၂။ မညမာနသုတ် .... .... .... .... .... ၅၉
၃။ အဘိနန္ဒမာနသုတ် .... .... .... .... .... ၆၀
၄။ အနိစ္စသုတ် .... .... .... .... .... ၆၀
၅။ ဒုက္ခသုတ် .... .... .... .... .... ၆၁
၆။ အနတ္တသုတ် .... .... .... .... .... ၆၂
၇။ အနတ္တနိယသုတ် .... .... .... .... .... ၆၂
၈။ ရဇနီယသဏ္ဌိတသုတ် .... .... .... .... .... ၆၃
၉။ ရာဓသုတ် .... .... .... .... .... ၆၃
၁၀။ သုရာဓသုတ် .... .... .... .... .... ၆၄


## (၈) ၃-ခဇ္ဇနီယဝဂ်


၁။ အဿာဒသုတ် .... .... .... .... .... ၆၅
၂။ သမုဒယသုတ် .... .... .... .... .... ၆၅
၃။ ဒုတိယ သမုဒယသုတ် .... .... .... .... .... ၆၅
၄။ အရဟန္တသုတ် .... .... .... .... .... ၆၅
၅။ ဒုတိယ အရဟန္တသုတ် .... .... .... .... .... ၆၇

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၈) ၃-ခဇ္ဇနီယဝဂ်** | |
| ၆။ | သီဟသုတ် .... .... .... .... .... | ၆၇ |
| ၇။ | ခဇ္ဇနီယသုတ် .... .... .... .... .... | ၆၈ |
| ၈။ | ပိဏ္ဍောလျသုတ် .... .... .... .... .... | ၇၂ |
| ၉။ | ပါလိလေယျသုတ် .... .... .... .... .... | ၇၄ |
| ၁၀။ | ပုဏ္ဏမသုတ် .... .... .... .... .... | ၇၈ |
| | **(၉) ၄-ထေရဝဂ်** | |
| ၁။ | အာနန္ဒသုတ် .... .... .... .... .... | ၈၁ |
| ၂။ | တိဿသုတ် .... .... .... .... .... | ၈၂ |
| ၃။ | ယမကသုတ် .... .... .... .... .... | ၈၄ |
| ၄။ | အနုရာဓသုတ် .... .... .... .... .... | ၈၉ |
| ၅။ | ဝက္ကလိသုတ် .... .... .... .... .... | ၉၂ |
| ၆။ | အဿဇိသုတ် .... .... .... .... .... | ၉၆ |
| ၇။ | ခေမကသုတ် .... .... .... .... .... | ၉၈ |
| ၈။ | ဆန္နသုတ် .... .... .... .... .... | ၁၀၁ |
| ၉။ | ရာဟုလသုတ် .... .... .... .... .... | ၁၀၄ |
| ၁၀။ | ဒုတိယ ရာဟုလသုတ် .... .... .... .... .... | ၁၀၄ |
| | **(၁၀) ၅-ပုပ္ဖဝဂ်** | |
| ၁။ | နဒီသုတ် .... .... .... .... .... | ၁၀၅ |
| ၂။ | ပုပ္ဖသုတ် .... .... .... .... .... | ၁၀၅ |
| ၃။ | ဖေဏပိဏ္ဍူပမသုတ် .... .... .... .... .... | ၁၀၇ |
| ၄။ | ဂေါမယပိဏ္ဍသုတ် .... .... .... .... .... | ၁၀၉ |
| ၅။ | နခသိခါသုတ် .... .... .... .... .... | ၁၁၁ |
| ၆။ | သုဒ္ဓိကသုတ် .... .... .... .... .... | ၁၁၃ |
| ၇။ | ဂဒ္ဒူလဗဒ္ဓသုတ် .... .... .... .... .... | ၁၁၃ |
| ၈။ | ဒုတိယ ဂဒ္ဒူလဗဒ္ဓသုတ် .... .... .... .... .... | ၁၁၄ |
| ၉။ | ဝါသိဇဋသုတ် .... .... .... .... .... | ၁၁၅ |
| ၁၀။ | အနိစ္စသညာသုတ် .... .... .... .... .... | ၁၁၇ |
| | **(၁၁) ၁-အန္တဝဂ်** | |
| ၁။ | အန္တသုတ် .... .... .... .... .... | ၁၁၉ |
| ၂။ | ဒုက္ခသုတ် .... .... .... .... .... | ၁၂၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၁၁) ၁-အန္တဝဂ်** | |
| ၃။ | သက္ကာယသုတ် | ၁၂၀ |
| ၄။ | ပရိညေယျသုတ် | ၁၂၁ |
| ၅။ | သမဏသုတ် | ၁၂၁ |
| ၆။ | ဒုတိယ သမဏသုတ် | ၁၂၁ |
| ၇။ | သောတာပန္နသုတ် | ၁၂၂ |
| ၈။ | အရဟန္တသုတ် | ၁၂၂ |
| ၉။ | ဆန္ဒပ္ပဟာနသုတ် | ၁၂၂ |
| ၁၀။ | ဒုတိယ ဆန္ဒပ္ပဟာနသုတ် | ၁၂၂ |
| | **(၁၂) ၂-ဓမ္မကထိကဝဂ်** | |
| ၁။ | အဝိဇ္ဇာသုတ် | ၁၂၃ |
| ၂။ | ဝိဇ္ဇာသုတ် | ၁၂၃ |
| ၃။ | ဓမ္မကထိကသုတ် | ၁၂၄ |
| ၄။ | ဒုတိယ ဓမ္မကထိကသုတ် | ၁၂၄ |
| ၅။ | ဗန္ဓနသုတ် | ၁၂၅ |
| ၆။ | ပရိပုစ္ဆိတသုတ် | ၁၂၅ |
| ၇။ | ဒုတိယ ပရိပုစ္ဆိတသုတ် | ၁၂၆ |
| ၈။ | သံယောဇနိယသုတ် | ၁၂၆ |
| ၉။ | ဥပါဒါနိယသုတ် | ၁၂၆ |
| ၁၀။ | သီလဝန္တသုတ် | ၁၂၇ |
| ၁၁။ | သုတဝန္တသုတ် | ၁၂၈ |
| ၁၂။ | ကပ္ပသုတ် | ၁၂၉ |
| ၁၃။ | ဒုတိယ ကပ္ပသုတ် | ၁၃၀ |
| | **(၁၃) ၃-အဝိဇ္ဇာဝဂ်** | |
| ၁။ | သမုဒယဓမ္မသုတ် | ၁၃၀ |
| ၂။ | ဒုတိယ သမုဒယဓမ္မသုတ် | ၁၃၁ |
| ၃။ | တတိယ သမုဒယဓမ္မသုတ် | ၁၃၂ |
| ၄။ | အဿာဒသုတ် | ၁၃၃ |
| ၅။ | ဒုတိယ အဿာဒသုတ် | ၁၃၃ |
| ၆။ | သမုဒယသုတ် | ၁၃၃ |
| ၇။ | ဒုတိယ သမုဒယသုတ် | ၁၃၄ |
| ၈။ | ကောဋ္ဌိကသုတ် | ၁၃၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၁၃) ၃-အဝိဇ္ဇာဝဂ်

| | | |
|---|---|---|
| ၉။ | ဒုတိယ ကောဋ္ဌိကသုတ် .... .... .... .... .... | ၁၃၅ |
| ၁၀။ | တတိယ ကောဋ္ဌိကသုတ် .... .... .... .... .... | ၁၃၅ |

## (၁၄) ၄-ကုက္ကုဠဝဂ်

| | | |
|---|---|---|
| ၁။ | ကုက္ကုဠသုတ် .... .... .... .... .... | ၁၃၆ |
| ၂။ | အနိစ္စသုတ် .... .... .... .... .... | ၁၃၆ |
| ၃။ | ဒုတိယ အနိစ္စသုတ် .... .... .... .... .... | ၁၃၆ |
| ၄။ | တတိယ အနိစ္စသုတ် .... .... .... .... .... | ၁၃၇ |
| ၅။ | ဒုက္ခသုတ် .... .... .... .... .... | ၁၃၇ |
| ၆။ | ဒုတိယ ဒုက္ခသုတ် .... .... .... .... .... | ၁၃၇ |
| ၇။ | တတိယ ဒုက္ခသုတ် .... .... .... .... .... | ၁၃၇ |
| ၈။ | အနတ္တသုတ် .... .... .... .... .... | ၁၃၈ |
| ၉။ | ဒုတိယ အနတ္တသုတ် .... .... .... .... .... | ၁၃၈ |
| ၁၀။ | တတိယ အနတ္တသုတ် .... .... .... .... .... | ၁၃၈ |
| ၁၁။ | နိဗ္ဗိဒါဗဟုလသုတ် .... .... .... .... .... | ၁၃၈ |
| ၁၂။ | အနိစ္စာနုပဿီသုတ် .... .... .... .... .... | ၁၃၉ |
| ၁၃။ | ဒုက္ခာနုပဿီသုတ် .... .... .... .... .... | ၁၃၉ |
| ၁၄။ | အနတ္တာနုပဿီသုတ် .... .... .... .... .... | ၁၃၉ |

## (၁၅) ၅-ဒိဋ္ဌိဝဂ်

| | | |
|---|---|---|
| ၁။ | အဇ္ဈတ္တသုတ် .... .... .... .... .... | ၁၄၀ |
| ၂။ | ဧတံမမသုတ် .... .... .... .... .... | ၁၄၀ |
| ၃။ | သောအတ္တာသုတ် .... .... .... .... .... | ၁၄၁ |
| ၄။ | နောစမေသိယာသုတ် .... .... .... .... .... | ၁၄၁ |
| ၅။ | မိစ္ဆာဒိဋ္ဌိသုတ် .... .... .... .... .... | ၁၄၂ |
| ၆။ | သက္ကာယဒိဋ္ဌိသုတ် .... .... .... .... .... | ၁၄၂ |
| ၇။ | အတ္တာနုဒိဋ္ဌိသုတ် .... .... .... .... .... | ၁၄၃ |
| ၈။ | အဘိနိဝေသသုတ် .... .... .... .... .... | ၁၄၃ |
| ၉။ | ဒုတိယ အဘိနိဝေသသုတ် .... .... .... .... .... | ၁၄၄ |
| ၁၀။ | အာနန္ဒသုတ် .... .... .... .... | ၁၄၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-ရာဓသံယုတ်

### ၁-ပဌမဝဂ်


| | | |
|---|---|---|
| ၁။ | မာရသုတ် | ၁၄၆ |
| ၂။ | သတ္တသုတ် | ၁၄၆ |
| ၃။ | ဘဝနေတ္တိသုတ် | ၁၄၇ |
| ၄။ | ပရိညေယျသုတ် | ၁၄၇ |
| ၅။ | သမဏသုတ် | ၁၄၈ |
| ၆။ | ဒုတိယ သမဏသုတ် | ၁၄၈ |
| ၇။ | သောတာပန္န သုတ် | ၁၄၉ |
| ၈။ | အရဟန္တသုတ် | ၁၄၉ |
| ၉။ | ဆန္ဒရာဂသုတ် | ၁၄၉ |
| ၁၀။ | ဒုတိယ ဆန္ဒရာဂသုတ် | ၁၅၀ |


### ၂-ဒုတိယဝဂ်


| | | |
|---|---|---|
| ၁။ | မာရသုတ် | ၁၅၀ |
| ၂။ | မာရဓမ္မသုတ် | ၁၅၁ |
| ၃။ | အနိစ္စသုတ် | ၁၅၁ |
| ၄။ | အနိစ္စဓမ္မသုတ် | ၁၅၁ |
| ၅။ | ဒုက္ခသုတ် | ၁၅၂ |
| ၆။ | ဒုက္ခဓမ္မသုတ် | ၁၅၂ |
| ၇။ | အနတ္တသုတ် | ၁၅၂ |
| ၈။ | အနတ္တဓမ္မသုတ် | ၁၅၂ |
| ၉။ | ခယဓမ္မသုတ် | ၁၅၃ |
| ၁၀။ | ဝယဓမ္မသုတ် | ၁၅၃ |
| ၁၁။ | သမုဒယဓမ္မသုတ် | ၁၅၃ |
| ၁၂။ | နိရောဓဓမ္မသုတ် | ၁၅၄ |


### ၃-အာယာစနဝဂ်


| | | |
|---|---|---|
| ၁-၁၁။ | မာရာဒိသုတ္တ ဧကာဒသကသုတ် | ၁၅၄ |
| ၁၂။ | နိရောဓဓမ္မသုတ် | ၁၅၅ |


### ၄-ဥပနိသိန္နဝဂ်


| | | |
|---|---|---|
| ၁-၁၁။ | မာရာဒိသုတ္တ ဧကာဒသကသုတ် | ၁၅၅ |
| ၁၂။ | နိရောဓဓမ္မသုတ် | ၁၅၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-ဒိဋ္ဌိသံယုတ်** | |
| | **၁-သောတာပတ္တိဝဂ်** | |
| ၁။ | ဝါတသုတ် | ၁၅၇ |
| ၂။ | ဧတံမမသုတ် | ၁၅၈ |
| ၃။ | သောအတ္တာသုတ် | ၁၅၉ |
| ၄။ | နောစမေသိယာသုတ် | ၁၆၀ |
| ၅။ | နတ္ထိဒိန္နသုတ် | ၁၆၀ |
| ၆။ | ကရောတောသုတ် | ၁၆၂ |
| ၇။ | ဟေတုသုတ် | ၁၆၃ |
| ၈။ | မဟာဒိဋ္ဌိသုတ် | ၁၆၄ |
| ၉။ | သဿတဒိဋ္ဌိသုတ် | ၁၆၆ |
| ၁၀။ | အသဿတဒိဋ္ဌိသုတ် | ၁၆၆ |
| ၁၁။ | အန္တဝါသုတ် | ၁၆၇ |
| ၁၂။ | အနန္တဝါသုတ် | ၁၆၇ |
| ၁၃။ | တံဇီဝံ တံသရီရံသုတ် | ၁၆၇ |
| ၁၄။ | အညံဇီဝံ အညံသရီရံသုတ် | ၁၆၈ |
| ၁၅။ | ဟောတိတထာဂတောသုတ် | ၁၆၈ |
| ၁၆။ | နဟောတိတထာဂတောသုတ် | ၁၆၈ |
| ၁၇။ | ဟောတိစ နစ ဟောတိ တထာဂတောသုတ် | ၁၆၈ |
| ၁၈။ | နေဝဟောတိ နနဟောတိ တထာဂတောသုတ် | ၁၆၉ |
| | **၂-ဒုတိယ ဂမနဝဂ်** | |
| ၁။ | ဝါတသုတ် | ၁၆၉ |
| ၁၈။ | နေဝဟောတိ နနဟောတိသုတ် | ၁၇၀ |
| ၁၉။ | ရူပီအတ္တာသုတ် | ၁၇၁ |
| ၂၀။ | အရူပီအတ္တာသုတ် | ၁၇၁ |
| ၂၁။ | ရူပီစ အရူပီစ အတ္တာသုတ် | ၁၇၂ |
| ၂၂။ | နေဝရူပီ နာရူပီအတ္တာသုတ် | ၁၇၂ |
| ၂၃။ | ဧကန္တသုခီသုတ် | ၁၇၂ |
| ၂၄။ | ဧကန္တဒုက္ခီသုတ် | ၁၇၂ |
| ၂၅။ | သုခဒုက္ခီသုတ် | ၁၇၂ |
| ၂၆။ | အဒုက္ခမသုခီသုတ် | ၁၇၂ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-တတိယ ဂမနဝဂ်** | |
| ၁။ | နဝါတသုတ် | ၁၇၃ |
| ၂၆။ | အဒုက္ခမသုခီသုတ် | ၁၇၄ |
| | **၄-စတုတ္ထ ဂမနဝဂ်** | |
| ၁။ | နဝါတသုတ် | ၁၇၅ |
| ၂၆။ | အဒုက္ခမသုခီသုတ် | ၁၇၅ |
| | **၄-ဩက္ကန္တသံယုတ်** | |
| ၁။ | စက္ခုသုတ် | ၁၇၇ |
| ၂။ | ရူပသုတ် | ၁၇၇ |
| ၃။ | ဝိညာဏသုတ် | ၁၇၈ |
| ၄။ | သမ္ဖဿသုတ် | ၁၇၈ |
| ၅။ | သမ္ဖဿဇာသုတ် | ၁၇၈ |
| ၆။ | ရူပသညာသုတ် | ၁၇၉ |
| ၇။ | ရူပသဉ္စေတနာသုတ် | ၁၇၉ |
| ၈။ | ရူပတဏှာသုတ် | ၁၇၉ |
| ၉။ | ပထဝီဓာတုသုတ် | ၁၇၉ |
| ၁၀။ | ခန္ဓသုတ် | ၁၈၀ |
| | **၅-ဥပ္ပါဒသံယုတ်** | |
| ၁။ | စက္ခုသုတ် | ၁၈၁ |
| ၂။ | ရူပသုတ် | ၁၈၁ |
| ၃။ | ဝိညာဏသုတ် | ၁၈၁ |
| ၄။ | သမ္ဖဿသုတ် | ၁၈၁ |
| ၅။ | သမ္ဖဿဇာသုတ် | ၁၈၂ |
| ၆။ | သညာသုတ် | ၁၈၂ |
| ၇။ | သဉ္စေတနာသုတ် | ၁၈၂ |
| ၈။ | တဏှာသုတ် | ၁၈၃ |
| ၉။ | ဓာတုသုတ် | ၁၈၃ |
| ၁၀။ | ခန္ဓသုတ် | ၁၈၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၆-ကိလေသသံယုတ်


၁။ စက္ခုသုတ် .... .... .... .... .... ၁၇၄
၂။ ရူပသုတ် .... .... .... .... .... ၁၇၄
၃။ ဝိညာဏသုတ် .... .... .... .... .... ၁၇၄
၄။ သမ္ဖဿသုတ် .... .... .... .... .... ၁၇၅
၅။ သမ္ဖဿဇာသုတ် .... .... .... .... .... ၁၇၅
၆။ သညာသုတ် .... .... .... .... .... ၁၇၅
၇။ သဉ္စေတနာသုတ် .... .... .... .... .... ၁၇၅
၈။ တဏှာသုတ် .... .... .... .... .... ၁၇၆
၉။ ဓာတုသုတ် .... .... .... .... .... ၁၇၆
၁၀။ ခန္ဓသုတ် .... .... .... .... .... ၁၇၆


## ၇-သာရိပုတ္တသံယုတ်


၁။ ဝိဝေကဇသုတ် .... .... .... .... .... ၁၇၇
၂။ အဝိတက္ကသုတ် .... .... .... .... .... ၁၇၇
၃။ ပီတိသုတ် .... .... .... .... .... ၁၇၈
၄။ ဥပေက္ခာသုတ် .... .... .... .... .... ၁၇၈
၅။ အာကာသာနဉ္စာယတနသုတ်.... .... .... .... .... ၁၇၉
၆။ ဝိညာဏဉ္စာယတနသုတ် .... .... .... .... .... ၁၇၉
၇။ အာကိဉ္စညာယတနသုတ် .... .... .... .... .... ၁၇၉
၈။ နေဝသညာနာသညာယတနသုတ် .... .... .... .... ၁၈၀
၉။ နိရောဓသမာပတ္တိသုတ် .... .... .... .... .... ၁၈၀
၁၀။ သုစိမုခီသုတ် .... .... .... .... .... ၁၈၀


## ၈-နာဂသံယုတ်


၁။ သုဒ္ဓိကသုတ် .... .... .... .... .... ၁၈၂
၂။ ပဏီတတရသုတ် .... .... .... .... .... ၁၈၂
၃။ ဥပေါသထသုတ် .... .... .... .... .... ၁၈၂
၄။ ဒုတိယ ဥပေါသထသုတ် .... .... .... .... .... ၁၈၃
၅။ တတိယ ဥပေါသထသုတ် .... .... .... .... .... ၁၈၃
၆။ စတုတ္ထ ဥပေါသထသုတ် .... .... .... .... .... ၁၈၃
၇။ သုတသုတ် .... .... .... .... .... ၁၈၄
၈။ ဒုတိယ သုတသုတ် .... .... .... .... .... ၁၈၅

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၈-နာဂသံယုတ်


၉။ တတိယ သုတသုတ် .... .... .... .... .... ၁၉၅
၁၀။ စတုတ္ထ သုတသုတ် .... .... .... .... .... ၁၉၅
၁၁-၂၀။ အဏ္ဍဇဒါနူပကာရသုတ် ဆယ်သုတ် .... .... .... ၁၉၆
၂၁-၅၀။ ဇလာဗုဇာဒိဒါနူပကာရသုတ် သုံးဆယ် .... .... .... ၁၉၆


## ၉-သုပဏ္ဏသံယုတ်


၁။ သုဒ္ဓိကသုတ် .... .... .... .... .... ၁၉၈
၂။ ဟရန္တိသုတ် .... .... .... .... .... ၁၉၈
၃။ ဒွယကာရီသုတ် .... .... .... .... .... ၁၉၈
၄-၆။ ဒုတိယာဒိဒွယကာရီသုတ် သုံးသုတ် .... .... .... ၁၉၉
၇-၁၆။ အဏ္ဍဇဒါနူပကာရသုတ်ဆယ်သုတ် .... .... .... .... ၁၉၉
၁၇-၄၆။ ဇလာဗုဇဒါနူပကာရသုတ်သုံးဆယ်.... .... .... .... ၂၀၀


## ၁၀-ဂန္ဓဗ္ဗကာယသံယုတ်


၁။ သုဒ္ဓိကသုတ် .... .... .... .... .... ၂၀၁
• ၂။ သုစရိတသုတ် .... .... .... .... .... ၂၀၁
၃။ မူလဂန္ဓဒါတာသုတ် .... .... .... .... .... ၂၀၁
၄-၁၂။ သာရဂန္ဓာဒိဒါတာသုတ် ကိုးသုတ် .... .... .... .... ၂၀၂
၁၃-၂၂။ မူလဂန္ဓဒါနူပကာရသုတ် ဆယ်သုတ် .... .... .... ၂၀၃
၂၃-၁၁၂။ သာရဂန္ဓာဒိဒါနူပကာရသုတ် ကိုးဆယ် .... .... .... ၂၀၃


## ၁၁-ဝလာဟကသံယုတ်


၁။ သုဒ္ဓိကသုတ် .... .... .... .... .... ၂၀၅
၂။ သုစရိတသုတ် .... .... .... .... .... ၂၀၅
၃-၁၂။ သီတဝလာဟကဒါနူပကာရ ဆယ်သုတ် .... .... .... ၂၀၅
၁၃-၅၂။ ဥဏှဝလာဟကဒါနူပကာရသုတ် .... .... .... .... ၂၀၆
၅၃။ သီတဝလာဟကသုတ် .... .... .... .... .... ၂၀၇
၅၄။ ဥဏှဝလာဟကသုတ် .... .... .... .... .... ၂၀၇
၅၅။ အဗ္ဘဝလာဟကသုတ် .... .... .... .... .... ၂၀၇
၅၆။ ဝါတဝလာဟကသုတ် .... .... .... .... .... ၂၀၈
၅၇။ ဝဿဝလာဟကသုတ် .... .... .... .... .... ၂၀၈

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၁၂-ဝစ္ဆဂေါတ္တသံယုတ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁။ | ရူပအညာဏသုတ် | ၂၀၉ |
| ၂။ | ဝေဒနာအညာဏသုတ် | ၂၀၉ |
| ၃။ | သညာအညာဏသုတ် | ၂၁၀ |
| ၄။ | သင်္ခါရ အညာဏသုတ် | ၂၁၀ |
| ၅။ | ဝိညာဏအညာဏသုတ် | ၂၁၁ |
| ၆-၁၀။ | ရူပအဒဿနစသောငါးသုတ် | ၂၁၁ |
| ၁၁-၁၅။ | ရူပအနဘိသမယစသောငါးသုတ် | ၂၁၂ |
| ၁၆-၂၀။ | ရူပအနနုဗောဓစသောငါးသုတ် | ၂၁၂ |
| ၂၁-၂၅။ | ရူပအပ္ပဋိဝေဓစသောငါးသုတ် | ၂၁၂ |
| ၂၆-၃၀။ | ရူပအသလ္လက္ခဏစသောငါးသုတ် | ၂၁၂ |
| ၃၁-၃၅။ | ရူပအနုပလက္ခဏစသော ငါးသုတ် | ၂၁၃ |
| ၃၆-၄၀။ | ရူပအပ္ပစ္စုပလက္ခဏစသောငါးသုတ် | ၂၁၃ |
| ၄၁-၄၅။ | ရူပအသမပေက္ခဏစသော ငါးသုတ် | ၂၁၃ |
| ၄၆-၅၀။ | ရူပအပ္ပစ္စုပေက္ခဏစသောငါးသုတ် | ၂၁၃ |
| ၅၁-၅၄။ | ရူပအပ္ပစ္စက္ခကမ္မစသော လေးသုတ် | ၂၁၃ |
| ၅၅။ | ဝိညာဏအပ္ပစ္စက္ခကမ္မသုတ် | ၂၁၄ |


## ၁၃-ဈာနသံယုတ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁။ | သမာဓိမူလကသမာပတ္တိသုတ် | ၂၁၅ |
| ၂။ | သမာဓိမူလကဌိတိသုတ် | ၂၁၅ |
| ၃။ | သမာဓိမူလကဝုဋ္ဌာနသုတ် | ၂၁၆ |
| ၄။ | သမာဓိမူလကကလ္လိတသုတ် | ၂၁၆ |
| ၅။ | သမာဓိမူလကအာရမ္မဏသုတ် | ၂၁၆ |
| ၆။ | သမာဓိမူလကဂေါစရသုတ် | ၂၁၇ |
| ၇။ | သမာဓိမူလကအဘိနီဟာရသုတ် | ၂၁၇ |
| ၈။ | သမာဓိမူလကသက္ကစ္စကာရီသုတ် | ၂၁၈ |
| ၉။ | သမာဓိမူလကသာတစ္စကာရီသုတ် | ၂၁၈ |
| ၁၀။ | သမာဓိမူလကသပ္ပါယကာရီသုတ် | ၂၁၈ |
| ၁၁။ | သမာပတ္တိမူလကဌိတိသုတ် | ၂၁၉ |
| ၁၂။ | သမာပတ္တိမူလကဝုဋ္ဌာနသုတ် | ၂၁၉ |
| ၁၃။ | သမာပတ္တိမူလကကလ္လိတသုတ် | ၂၁၉ |
| ၁၄။ | သမာပတ္တိမူလကအာရမ္မဏသုတ် | ၂၂၀ |
| ၁၅။ | သမာပတ္တိမူလကဂေါစရသုတ် | ၂၂၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁၃-ဈာနသံယုတ်** | |
| ၁၆။ | သမာပတ္တိမူလကအဘိနီဟာရသုတ် .... .... .... .... | ၂၂၀ |
| ၁၇။ | သမာပတ္တိမူလကသက္ကစ္စသုတ် .... .... .... .... | ၂၂၁ |
| ၁၈။ | သမာပတ္တိမူလကသာတစ္စသုတ် .... .... .... .... | ၂၂၁ |
| ၁၉။ | သမာပတ္တိမူလကသပ္ပါယကာရီသုတ် .... .... .... .... | ၂၂၁ |
| ၂၀-၂၇။ | ဌိတိမူလကဝုဋ္ဌာနသုတ်စသော ရှစ်သုတ် .... .... .... | ၂၂၂ |
| ၂၈-၃၄။ | ဝုဋ္ဌာနမူလကကလ္လိတသုတ်စသော ခုနစ်သုတ် .... .... .... | ၂၂၂ |
| ၃၅-၄၀။ | ကလ္လိတမူလကအာရမ္မဏသုတ်စသော ခြောက်သုတ် .... .... | ၂၂၃ |
| ၄၁-၄၅။ | အာရမ္မဏမူလကဂေါစရသုတ်စသော ငါးသုတ် .... .... .... | ၂၂၃ |
| ၄၆-၄၉။ | ဂေါစရမူလကအဘိနီဟာရသုတ် စသော လေးသုတ် .... .... | ၂၂၃ |
| ၅၀-၅၂။ | အဘိနီဟာရမူလကသက္ကစ္စသုတ်စသော သုံးသုတ် .... .... | ၂၂၄ |
| ၅၃-၅၄။ | သက္ကစ္စမူလက သာတစ္စကာရီသုတ်စသော နှစ်သုတ် .... .... | ၂၂၅ |
| ၅၅။ | သာတစ္စမူလကသပ္ပါယကာရီသုတ် .... .... .... .... | ၂၂၅ |


ခန္ဓဝဂ္ဂသံယုတ် မာတိကာ ပြီး၏။

သဋ္ဌာယတနဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန်

# မာတိကာ

---

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁-သဠာယတနသံယုတ်

### ၁-အနိစ္စဝဂ်


၁။ အဇ္ဈတ္တာနိစ္စသုတ် .... .... .... .... .... ၂၂၇
၂။ အဇ္ဈတ္တဒုက္ခသုတ်.... .... .... .... .... .... ၂၂၈
၃။ အဇ္ဈတ္တာနတ္တသုတ် .... .... .... .... .... ၂၂၈
၄။ ဗာဟိရာနိစ္စသုတ် .... .... .... .... .... ၂၂၉
၅။ ဗာဟိရဒုက္ခသုတ်.... .... .... .... .... .... ၂၂၉
၆။ ဗာဟိရာနတ္တသုတ် .... .... .... .... .... ၂၂၉
၇။ အဇ္ဈတ္တာနိစ္စာတီတာနာဂတသုတ် .... .... .... .... ၂၃၀
၈။ အဇ္ဈတ္တဒုက္ခာတီတာနာဂတသုတ် .... .... .... .... ၂၃၀
၉။ အဇ္ဈတ္တာနတ္တာတီတာနာဂတသုတ် .... .... .... .... ၂၃၁
၁၀။ ဗာဟိရာနိစ္စာတီတာနာဂတသုတ် .... .... .... .... ၂၃၁
၁၁။ ဗာဟိရဒုက္ခာတီတာနာဂတသုတ် .... .... .... .... ၂၃၂
၁၂။ ဗာဟိရာနတ္တာတီတာနာဂတသုတ် .... .... .... .... ၂၃၂


### ၂-ယမကဝဂ်


၁။ ပဌမ ပုဗ္ဗေသမ္ဗောဓသုတ် .... .... .... .... .... ၂၃၂
၂။ ဒုတိယ ပုဗ္ဗေသမ္ဗောဓသုတ် .... .... .... .... .... ၂၃၃
၃။ ပဌမ အဿာဒပရိယေသနသုတ် .... .... .... .... ၂၃၄
၄။ ဒုတိယ အဿာဒပရိယေသနသုတ် .... .... .... .... ၂၃၅
၅။ ပဌမ နောစေ အဿာဒသုတ် .... .... .... .... ၂၃၆
၆။ ဒုတိယ နောစေအဿာဒသုတ် .... .... .... .... ၂၃၇
၇။ ပဌမာဘိနန္ဒသုတ်.... .... .... .... .... .... ၂၃၇
၈။ ဒုတိယာဘိနန္ဒသုတ် .... .... .... .... .... ၂၃၈
၉။ ပဌမ ဒုက္ခုပ္ပါဒသုတ် .... .... .... .... .... ၂၃၈
၁၀။ ဒုတိယ ဒုက္ခုပ္ပါဒသုတ် .... .... .... .... .... ၂၃၉

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃–သဗ္ဗဝဂ်


၁။ သဗ္ဗသုတ် .... .... .... .... .... .... ၂၃၉
၂။ ပဟာနသုတ် .... .... .... .... .... .... ၂၃၉
၃။ အဘိညာပရိညာပဟာနသုတ် .... .... .... .... ၂၄၀
၄။ ပဌမ အပရိဇာနနသုတ် .... .... .... .... .... ၂၄၀
၅။ ဒုတိယ အပရိဇာနနသုတ် .... .... .... .... .... ၂၄၂
၆။ အာဒိတ္တသုတ် .... .... .... .... .... .... ၂၄၂
၇။ အဒ္ဓဘူတသုတ် .... .... .... .... .... ၂၄၃
၈။ သမုဂ္ဃာတသာရုပ္ပသုတ် .... .... .... .... .... ၂၄၄
၉။ ပဌမ သမုဂ္ဃာတသပ္ပါယသုတ် .... .... .... .... ၂၄၆
၁၀။ ဒုတိယ သမုဂ္ဃာတသပ္ပါယသုတ် .... .... .... ... ၂၄၆


## ၄–ဇာတိဓမ္မဝဂ်


၁-၁၀။ ဇာတိဓမ္မစသောဆယ်သုတ် .... .... .... .... ၂၄၈


## ၅-သဗ္ဗအနိစ္စဝဂ်


၁-၉။ အနိစ္စစသော ကိုးသုတ် .... .... .... .... .... ၂၄၈
၁၀။ ဥပဿဋ္ဌသုတ် .... .... .... .... .... ၂၅၀


## (၆) ၁–အဝိဇ္ဇာဝဂ်


၁။ အဝိဇ္ဇာပဟာနသုတ် .... .... .... .... .... ၂၅၀
၂။ သံယောဇနပဟာနသုတ် .... .... .... .... .... ၂၅၁
၃။ သံယောဇနသမုဂ္ဃာတသုတ် .... .... .... .... ၂၅၁
၄။ အာသဝပဟာနသုတ် .... .... .... .... .... ၂၅၂
၅။ အာသဝသမုဂ္ဃာတသုတ် .... .... .... .... .... ၂၅၂
၆။ အနုသယပဟာနသုတ် .... .... .... .... .... ၂၅၂
၇။ အနုသယသမုဂ္ဃာတသုတ် .... .... .... .... .... ၂၅၂
၈။ သဗ္ဗုပါဒါနပရိညာသုတ် .... .... .... .... .... ၂၅၃
၉။ ပဌမ သဗ္ဗုပါဒါနပရိယာဒါနသုတ် .... .... .... .... ၂၅၃
၁၀။ ဒုတိယ သဗ္ဗုပါဒါနပရိယာဒါနသုတ် .... .... .... .... ၂၅၄


## (၇) ၂-မိဂဇာလဝဂ်


၁။ ပဌမ မိဂဇာလသုတ် .... .... .... .... .... ၂၅၅
၂။ ဒုတိယ မိဂဇာလသုတ် .... .... .... .... .... ၂၅၆

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၇) ၂-မိဂဇာလဝဂ်** | |
| ၃။ | ပဌမ သမိဒ္ဓိမာရပဉှာသုတ် .... .... .... .... .... | ၂၅၈ |
| ၄။ | သမိဒ္ဓိသတ္တပဉှာသုတ် .... .... .... .... .... | ၂၅၈ |
| ၅။ | သမိဒ္ဓိဒုက္ခပဉှာသုတ် .... .... .... .... .... | ၂၅၉ |
| ၆။ | သမိဒ္ဓိလောက ပဉှာသုတ် .... .... .... .... .... | ၂၅၉ |
| ၇။ | ဥပသေနအာသီဝိသသုတ် .... .... .... .... .... | ၂၅၉ |
| ၈။ | ဥပဝါဏသန္ဒိဋ္ဌိကသုတ် .... .... .... .... .... | ၂၆၀ |
| ၉။ | ပဌမ ဆဖဿာယတနသုတ်.... .... .... .... .... | ၂၆၂ |
| ၁၀။ | ဒုတိယ ဆဖဿာယတနသုတ် .... .... .... .... | ၂၆၃ |
| ၁၁။ | တတိယ ဆဖဿာယတနသုတ် .... .... .... .... | ၂၆၃ |
| | **(၈) ၃-ဂိလာနဝဂ်** | |
| ၁။ | ပဌမ ဂိလာနသုတ် .... .... .... .... .... | ၂၆၄ |
| ၂။ | ဒုတိယ ဂိလာနသုတ် .... .... .... .... .... | ၂၆၆ |
| ၃။ | ရာဓအနိစ္စသုတ် .... .... .... .... .... | ၂၆၇ |
| ၄။ | ရာဓဒုက္ခသုတ် .... .... .... .... .... .... | ၂၆၇ |
| ၅။ | ရာဓအနတ္တသုတ် .... .... .... .... .... | ၂၆၈ |
| ၆။ | ပဌမ အဝိဇ္ဇာပဟာနသုတ် .... .... .... .... .... | ၂၆၈ |
| ၇။ | ဒုတိယ အဝိဇ္ဇာပဟာနသုတ်.... .... .... .... .... | ၂၆၉ |
| ၈။ | သမ္ဗဟုလဘိက္ခုသုတ် .... .... .... .... .... | ၂၇၀ |
| ၉။ | လောကပဉှာသုတ် .... .... .... .... .... | ၂၇၁ |
| ၁၀။ | ဖဂ္ဂုနပဉှာသုတ် .... .... .... .... .... | ၂၇၁ |
| | **(၉) ၄-ဆန္နဝဂ်** | |
| ၁။ | ပလောကဓမ္မသုတ် .... .... .... .... .... | ၂၇၂ |
| ၂။ | သုညတလောကသုတ် .... .... .... .... .... | ၂၇၂ |
| ၃။ | သံခိတ္တဓမ္မသုတ် .... .... .... .... .... | ၂၇၃ |
| ၄။ | ဆန္နသုတ် .... .... .... .... .... | ၂၇၄ |
| ၅။ | ပုဏ္ဏသုတ် .... .... .... .... .... | ၂၇၇ |
| ၆။ | ဗာဟိယသုတ် .... .... .... .... .... | ၂၈၀ |
| ၇။ | ပဌမ ဧဇာသုတ် .... .... .... .... .... | ၂၈၁ |
| ၈။ | ဒုတိယ ဧဇာသုတ် .... .... .... .... .... | ၂၈၂ |
| ၉။ | ပဌမ ဒွယသုတ် .... .... .... .... .... | ၂၈၃ |
| ၁၀။ | ဒုတိယ ဒွယသုတ် .... .... .... .... .... | ၂၈၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၁၀) ၅-သဥ္ဓဝဂ်


၁။ အဒန္တအဂုတ္တသုတ် .... .... .... .... .... ၂၈၅
၂။ မာလုကျပုတ္တသုတ် .... .... .... .... .... ၂၈၆
၃။ ပရိဟာနဓမ္မသုတ် .... .... .... .... .... ၂၉၁
၄။ ပမာဒဝိဟာရီသုတ် .... .... .... .... .... ၂၉၂
၅။ သံဝရသုတ် .... .... .... .... .... ၂၉၃
၆။ သမာဓိသုတ် .... .... .... .... .... ၂၉၄
၇။ ပဋိသလ္လာနသုတ် .... .... .... .... .... ၂၉၅
၈။ ပဌမ နတုမှာကသုတ် .... .... .... .... .... ၂၉၅
၉။ ဒုတိယ နတုမှာကသုတ် .... .... .... .... .... ၂၉၆
၁၀။ ဥဒကသုတ် .... .... .... .... .... .... ၂၉၇


## (၁၁) ၁-ယောဂက္ခေမိဝဂ်


၁။ ယောဂက္ခေမိသုတ် .... .... .... .... .... ၂၉၈
၂။ ဥပါဒါယသုတ် .... .... .... .... .... ၂၉၉
၃။ ဒုက္ခသမုဒယသုတ် .... .... .... .... .... ၂၉၉
၄။ လောကသမုဒယသုတ် .... .... .... .... .... ၃၀၀
၅။ သေယျောဟမသ္မိသုတ် .... .... .... .... .... ၃၀၂
၆။ သံယောဇနိယသုတ် .... .... .... .... .... ၃၀၂
၇။ ဥပါဒါနိယသုတ် .... .... .... .... .... ၃၀၃
၈။ အဇ္ဈတ္တိကာယတနပရိဇာနနသုတ် .... .... .... .... ၃၀၃
၉။ ဗာဟိရာယတနပရိဇာနနသုတ် .... .... .... .... ၃၀၃
၁၀။ ဥပဿုတိသုတ် .... .... .... .... .... .... ၃၀၃


## (၁၂) ၂-လောကကာမဂုဏဝဂ်


၁။ ပဌမ မာရပါသသုတ် .... .... .... .... .... ၃၀၅
၂။ ဒုတိယ မာရပါသသုတ် .... .... .... .... .... ၃၀၆
၃။ လောကန္တဂမနသုတ် .... .... .... .... .... ၃၀၇
၄။ ကာမဂုဏသုတ် .... .... .... .... .... ၃၁၀
၅။ သက္ကပဉှသုတ် .... .... .... .... .... ၃၁၄
၆။ ပဉ္စသိခသုတ် .... .... .... .... .... .... ၃၁၅
၇။ သာရိပုတ္တသဒ္ဓိဝိဟာရိကသုတ် .... .... .... .... ၃၁၆
၈။ ရာဟုလောဝါဒသုတ် .... .... .... .... .... ၃၁၇
၉။ သံယောဇနိယဓမ္မသုတ် .... .... .... .... .... ၃၁၉
၁၀။ ဥပါဒါနိယဓမ္မသုတ် .... .... .... .... .... ၃၂၀

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၁၃) ၃-ဂဟပတိဝဂ်


| | | |
|---|---|---|
| ၁။ | ဝေသာလီသုတ် | ၃၂၀ |
| ၂။ | ဝဇ္ဇီသုတ် | ၃၂၂ |
| ၃။ | နာဠန္ဒသုတ် | ၃၂၂ |
| ၄။ | ဘာရဒွါဇသုတ် | ၃၂၂ |
| ၅။ | သောဏသုတ် | ၃၂၅ |
| ၆။ | ဃောသိတသုတ် | ၃၂၅ |
| ၇။ | ဟာလိဒ္ဒိကာနိသုတ် | ၃၂၆ |
| ၈။ | နကုလပိတုသုတ် | ၃၂၇ |
| ၉။ | လောဟိစ္စသုတ် | ၃၂၈ |
| ၁၀။ | ဝေရဟစ္စာနိသုတ် | ၃၃၁ |


## (၁၄) ၄-ဒေဝဒဟဝဂ်


| | | |
|---|---|---|
| ၁။ | ဒေဝဒဟသုတ် | ၃၃၃ |
| ၂။ | ခဏသုတ် | ၃၃၄ |
| ၃။ | ပဌမ ရူပါရာမသုတ် | ၃၃၅ |
| ၄။ | ဒုတိယ ရူပါရာမသုတ် | ၃၃၆ |
| ၅။ | ပဌမ နတုမှာကသုတ် | ၃၃၆ |
| ၆။ | ဒုတိယ နတုမှာကသုတ် | ၃၃၇ |
| ၇။ | အဇ္ဈတ္တာနိစ္စဟေတုသုတ် | ၃၃၈ |
| ၈။ | အဇ္ဈတ္တဒုက္ခဟေတုသုတ် | ၃၃၈ |
| ၉။ | အဇ္ဈတ္တာနတ္တဟေတုသုတ် | ၃၃၈ |
| ၁၀။ | ဗာဟိရာနိစ္စဟေတုသုတ် | ၃၃၉ |
| ၁၁။ | ဗာဟိရဒုက္ခဟေတုသုတ် | ၃၃၉ |
| ၁၂။ | ဗာဟိရာနတ္တဟေတုသုတ် | ၃၃၉ |


## (၁၅) ၅-နဝပုရာဏဝဂ်


| | | |
|---|---|---|
| ၁။ | ကမ္မနိရောဓသုတ် | ၃၄၀ |
| ၂။ | အနိစ္စနိဗ္ဗာနသပ္ပါယသုတ် | ၃၄၁ |
| ၃။ | ဒုက္ခနိဗ္ဗာနသပ္ပါယသုတ် | ၃၄၁ |
| ၄။ | အနတ္တနိဗ္ဗာနသပ္ပါယသုတ် | ၃၄၂ |
| ၅။ | နိဗ္ဗာနသပ္ပါယပဋိပဒါသုတ် | ၃၄၂ |
| ၆။ | အန္တေဝါသိကသုတ် | ၃၄၃ |
| ၇။ | ကိမတ္ထိယဗြဟ္မစရိယသုတ် | ၃၄၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၁၅) ၅-နဝပုရာဏသုတ်** | |
| ၈။ | အတ္ထိနုခေါ ပရိယာယသုတ် | ၃၄၅ |
| ၉။ | ဣန္ဒြိယသမ္ပန္နသုတ် | ၃၄၇ |
| ၁၀။ | ဓမ္မကထိကပုစ္ဆသုတ် | ၃၄၈ |
| | **(၁၆) ၁-နန္ဒိက္ခယဝဂ်** | |
| ၁။ | အဇ္ဈတ္တနန္ဒိက္ခယသုတ် | ၃၄၈ |
| ၂။ | ဗာဟိရနန္ဒိက္ခယသုတ် | ၃၄၉ |
| ၃။ | အဇ္ဈတ္တအနိစ္စနန္ဒိက္ခယသုတ် | ၃၄၉ |
| ၄။ | ဗာဟိရအနိစ္စနန္ဒိက္ခယသုတ် | ၃၅၀ |
| ၅။ | ဇီဝကမ္ဗဝနသမာဓိသုတ် | ၃၅၀ |
| ၆။ | ဇီဝကမ္ဗဝနပဋိသလ္လာနသုတ် | ၃၅၁ |
| ၇။ | ကောဋ္ဌိကအနိစ္စသုတ် | ၃၅၁ |
| ၈။ | ကောဋ္ဌိကဒုက္ခသုတ် | ၃၅၂ |
| ၉။ | ကောဋ္ဌိကအနတ္တသုတ် | ၃၅၃ |
| ၁၀။ | မိစ္ဆာဒိဋ္ဌိပဟာနသုတ် | ၃၅၃ |
| ၁၁။ | သက္ကာယဒိဋ္ဌိပဟာနသုတ် | ၃၅၄ |
| ၁၂။ | အတ္တာနုဒိဋ္ဌိပဟာနသုတ် | ၃၅၄ |
| | **(၁၇) ၂-သဋ္ဌိပေယျာလဝဂ်** | |
| ၁။ | အဇ္ဈတ္တအနိစ္စဆန္ဒသုတ် | ၃၅၅ |
| ၂။ | အဇ္ဈတ္တအနိစ္စရာဂသုတ် | ၃၅၅ |
| ၃။ | အဇ္ဈတ္တအနိစ္စဆန္ဒရာဂသုတ် | ၃၅၅ |
| ၄-၆။ | ဒုက္ခဆန္ဒာဒိသုတ် | ၃၅၆ |
| ၇-၉။ | အနတ္တဆန္ဒာဒိသုတ် | ၃၅၆ |
| ၁၀-၁၂။ | ဗာဟိရာနိစ္စဆန္ဒာဒိသုတ် | ၃၅၆ |
| ၁၃-၁၅။ | ဗာဟိရဒုက္ခဆန္ဒာဒိသုတ် | ၃၅၇ |
| ၁၆-၁၈။ | ဗာဟိရာနတ္တဆန္ဒာဒိသုတ် | ၃၅၇ |
| ၁၉။ | အဇ္ဈတ္တာတီတာနိစ္စသုတ် | ၃၅၇ |
| ၂၀။ | အဇ္ဈတ္တာနာဂတာနိစ္စသုတ် | ၃၅၈ |
| ၂၁။ | အဇ္ဈတ္တပစ္စုပ္ပန္နာနိစ္စသုတ် | ၃၅၈ |
| ၂၂-၂၄။ | အဇ္ဈတ္တာတီတာဒိဒုက္ခသုတ် | ၃၅၈ |
| ၂၅-၂၇။ | အဇ္ဈတ္တာတီတာဒိအနတ္တသုတ် | ၃၅၈ |
| ၂၈-၃၀။ | ဗာဟိရာတီတာဒိအနိစ္စသုတ် | ၃၅၈ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၁၇) ၂-သဋ္ဌိပေယျာလဝဂ်** | |
| ၃၁-၃၃။ | ဗာဟိရာတီတာဒိဒုက္ခသုတ် | ၃၅၉ |
| ၃၄-၃၆။ | ဗာဟိရာတီတာဒိအနတ္တသုတ် | ၃၅၉ |
| ၃၇။ | အဇ္ဈတ္တာတီတယဒနိစ္စသုတ် | ၃၅၉ |
| ၃၈။ | အဇ္ဈတ္တာနာဂတယဒနိစ္စသုတ် | ၃၅၉ |
| ၃၉။ | အဇ္ဈတ္တပစ္စုပ္ပန္နယဒနိစ္စသုတ် | ၃၆၀ |
| ၄၀-၄၂။ | အဇ္ဈတ္တာတီတာဒိယံဒုက္ခသုတ် | ၃၆၀ |
| ၄၃-၄၅။ | အဇ္ဈတ္တာတီတာဒိယဒနတ္တသုတ် | ၃၆၁ |
| ၄၆-၄၈။ | ဗာဟိရာတီတာဒိယဒနိစ္စသုတ် | ၃၆၁ |
| ၄၉-၅၀။ | ဗာဟိရာတီတာဒိယံဒုက္ခသုတ် | ၃၆၁ |
| ၅၁-၅၄။ | ဗာဟိရာတီတာဒိယဒနတ္တသုတ် | ၃၆၁ |
| ၅၅။ | အဇ္ဈတ္တာယတနအနိစ္စသုတ် | ၃၆၂ |
| ၅၆။ | အဇ္ဈတ္တာယတနဒုက္ခသုတ် | ၃၆၂ |
| ၅၇။ | အဇ္ဈတ္တာယတနအနတ္တသုတ် | ၃၆၂ |
| ၅၈။ | ဗာဟိရာယတနအနိစ္စသုတ် | ၃၆၂ |
| ၅၉။ | ဗာဟိရာယတနဒုက္ခသုတ် | ၃၆၂ |
| ၆၀။ | ဗာဟိရာယတနအနတ္တသုတ် | ၃၆၂ |
| | **(၁၈) ၃-သမုဒ္ဒဝဂ်** | |
| ၁။ | ပဌမ သမုဒ္ဒသုတ် | ၃၆၃ |
| ၂။ | ဒုတိယ သမုဒ္ဒသုတ် | ၃၆၃ |
| ၃။ | ဗာဠိသိကောပမသုတ် | ၃၆၄ |
| ၄။ | ခီရရုက္ခောပမသုတ် | ၃၆၅ |
| ၅။ | ကောဋ္ဌိကသုတ် | ၃၆၈ |
| ၆။ | ကာမဘူသုတ် | ၃၇၁ |
| ၇။ | ဥဒါယီသုတ် | ၃၇၂ |
| ၈။ | အာဒိတ္တပရိယာယသုတ် | ၃၇၃ |
| ၉။ | ပဌမ ဟတ္ထပါဒေါပမသုတ် | ၃၇၆ |
| ၁၀။ | ဒုတိယ ဟတ္ထပါဒေါပမသုတ် | ၃၇၆ |
| | **(၁၉) ၄-အာသီဝိသဝဂ်** | |
| ၁။ | အာသီဝိသောပမသုတ် | ၃၇၇ |
| ၂။ | ရထောပမသုတ် | ၃၇၉ |
| ၃။ | ကုမ္မောပမသုတ် | ၃၈၁ |

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## (၁၉) ၄-အာသီဝိသဝဂ်


၄။ ပဌမ ဒါရုက္ခန္ဓောပမသုတ် .... .... .... .... .... ၃၀၂
၅။ ဒုတိယ ဒါရုက္ခန္ဓောပမသုတ်.... .... .... .... .... ၃၀၄
၆။ အဝဿုတပရိယာယသုတ် .... .... .... .... .... ၃၀၄
၇။ ဒုက္ခဓမ္မသုတ် .... .... .... .... .... ၃၀၈
၈။ ကိံသုကောပမသုတ် .... .... .... .... .... ၃၉၁
၉။ ဝီဏောပမသုတ် .... .... .... .... .... ၃၉၄
၁၀။ ဆပ္ပါဏကောပမသုတ် .... .... .... .... .... ၃၉၆
၁၁။ ယဝကလာပီသုတ် .... .... .... .... .... ၃၉၈


## ၂-ဝေဒနာသံယုတ်

## ၁-သဂါထာဝဂ်


၁။ သမာဓိသုတ် .... .... .... .... .... ၄၀၂
၂။ သုခသုတ် .... .... .... .... .... ၄၀၂
၃။ ပဟာနသုတ် .... .... .... .... .... ၄၀၂
၄။ ပါတာလသုတ် .... .... .... .... .... ၄၀၃
၅။ ဒဋ္ဌဗ္ဗသုတ် .... .... .... .... .... ၄၀၄
၆။ သလ္လသုတ် ၄၀၄
၇။ ပဌမ ဂေလညသုတ် .... .... .... .... .... ၄၀၆
၈။ ဒုတိယ ဂေလညသုတ် .... .... .... .... .... ၄၀၉
၉။ အနိစ္စသုတ် .... .... .... .... .... ၄၁၀
၁၀။ ဖဿမူလကသုတ် .... .... .... .... .... ၄၁၁


## ၂-ရဟောဂတဝဂ်


၁။ ရဟောဂတသုတ် .... .... .... .... .... ၄၁၁
၂။ ပဌမ အာကာသသုတ် .... .... .... .... .... ၄၁၂
၃။ ဒုတိယ အာကာသသုတ် .... .... .... .... .... ၄၁၃
၄။ အဂါရသုတ် .... .... .... .... .... ၄၁၃
၅။ ပဌမ အာနန္ဒသုတ် .... .... .... .... .... ၄၁၄
၆။ ဒုတိယ အာနန္ဒသုတ် .... .... .... .... .... ၄၁၅
၇။ ပဌမ သမ္ဗဟုလသုတ် .... .... .... .... .... ၄၁၆
၈။ ဒုတိယ သမ္ဗဟုလသုတ် .... .... .... .... .... ၄၁၆
၉။ ပဉ္စကင်္ဂသုတ် .... .... .... .... .... ၄၁၇
၁၀။ ဘိက္ခုသုတ် .... .... .... .... .... ၄၂၂

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃–အဋ္ဌသတပရိယာယဝဂ်

| | | |
|---|---|---|
| ၁။ | သီဝကသုတ် .... .... .... .... .... | ၄၂၃ |
| ၂။ | အဋ္ဌသတပရိယာယသုတ် .... .... .... .... .... | ၄၂၄ |
| ၃။ | အညတရဘိက္ခုသုတ် .... .... .... .... .... | ၄၂၅ |
| ၄။ | ပုဗ္ဗသုတ် .... .... .... .... .... | ၄၂၆ |
| ၅။ | ဉာဏသုတ် .... .... .... .... .... | ၄၂၆ |
| ၆။ | သမ္ဗဟုလဘိက္ခုသုတ် .... .... .... .... .... | ၄၂၇ |
| ၇။ | ပဌမ သမဏဗြာဟ္မဏသုတ် .... .... .... .... .... | ၄၂၇ |
| ၈။ | ဒုတိယ သမဏဗြာဟ္မဏသုတ်.... .... .... .... .... | ၄၂၇ |
| ၉။ | တတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... | ၄၂၈ |
| ၁၀။ | သုဒ္ဓိကသုတ် .... .... .... .. .... | ၄၂၈ |
| ၁၁။ | နိရာမိသသုတ် .... .... .... .... .... | ၄၂၈ |

## ၃–မာတုဂါမသံယုတ်

## ၁–ပဌမ ပေယျာလဝဂ်

| | | |
|---|---|---|
| ၁။ | မာတုဂါမသုတ် .... .... .... ... .... | ၄၃၂ |
| ၂။ | ပုရိသသုတ် .... .... .... .... .... | ၄၃၂ |
| ၃။ | အာဝေဏိကဒုက္ခသုတ် .... .... .... .... .... | ၄၃၂ |
| ၄။ | တီဟိဓမ္မေဟိသုတ် .... .... .... .... .... | ၄၃၃ |
| ၅။ | ကောဓနသုတ် .... .... ... .... .... | ၄၃၃ |
| ၆။ | ဥပနာဟီသုတ် .... .... .... ... .... | ၄၃၄ |
| ၇။ | ဣဿုကီသုတ် .... .... .... .... .... | ၄၃၄ |
| ၈။ | မစ္ဆရီသုတ် .... .... .... .... .... | ၄၃၄ |
| ၉။ | အတိစာရီသုတ် .... .... .... .... .... | ၄၃၅ |
| ၁၀။ | ဒုဿီလသုတ် .... .... .... .... .... | ၄၃၅ |
| ၁၁။ | အပ္ပဿုတသုတ် .... .... .... .... .... | ၄၃၅ |
| ၁၂။ | ကုသီတသုတ် .... .... .... .... | ၄၃၅ |
| ၁၃။ | မုဋ္ဌဿတိသုတ် .... .... .... .... .... | ၄၃၆ |
| ၁၄။ | ပဥ္စဝေရသုတ် .... .... .... .... .... | ၄၃၆ |

## ၂–ဒုတိယ ပေယျာလဝဂ်

| | | |
|---|---|---|
| ၁။ | အက္ကောဓနသုတ် .... .... .... .... .... | ၄၃၆ |
| ၂။ | အနုပနာဟီသုတ် .... .... .... .... .... | ၄၃၆ |
| ၃။ | အနိဿုကီသုတ် .... .... .... .... .... | ၄၃၇ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |
| | **၂-ဒုတိယ ပေယျာလဝဂ်** | |
| ၄။ | အမစ္ဆရီသုတ် .... .... .... ... ... | ၄၃၇ |
| ၅။ | အနတိစာရီသုတ် .... .... ... .... .... | ၄၃၇ |
| ၆။ | သုသီလသုတ် .... .... .... .... .... | ၄၃၇ |
| ၇။ | ဗဟုဿုတသုတ် .... .... .... .... .... | ၄၃၇ |
| ၈။ | အာရဒ္ဓဝီရိယသုတ် .... .... .... .... .... | ၄၃၈ |
| ၉။ | ဥပဋ္ဌိတဿတိသုတ် .... .... .... .... .... | ၄၃၈ |
| ၁၀။ | ပဉ္စသီလသုတ် .... .... .... .... .... | ၄၃၈ |
| | **၃-ဗလဝဂ်** | |
| ၁။ | ဝိသာရဒသုတ် .... .... .... .... .... | ၄၃၈ |
| ၂။ | ပသယှသုတ် .... .... .... .... .... | ၄၃၉ |
| ၃။ | အဘိဘုယျသုတ် .... .... .... .... .... | ၄၃၉ |
| ၄။ | ကေသုတ် .... .... .... .... .... | ၄၃၉ |
| ၅။ | အင်္ဂသုတ် .... .... .... .... .... | ၄၃၉ |
| ၆။ | နာသေန္တိသုတ် .... .... .... .... .... | ၄၄၀ |
| ၇။ | ပေတုသုတ် .... .... .... .... .... | ၄၄၁ |
| ၈။ | ဌာနသုတ် .... .... .... .... .... | ၄၄၁ |
| ၉။ | ပဉ္စသီလဝိသာရဒသုတ် .... .... .... .... .... | ၄၄၂ |
| ၁၀။ | ဝဇိသုတ် .... .... .... .... .... | ၄၄၂ |
| | **၄-ဇမ္ဗုခါဒကသံယုတ်** | |
| ၁။ | နိဗ္ဗာနပဉှာသုတ် .... .... .... .... .... | ၄၄၃ |
| ၂။ | အရဟတ္တပဉှာသုတ် .... .... .... .... .... | ၄၄၃ |
| ၃။ | ဓမ္မဝါဒီပဉှာသုတ် .... .... .... .... .... | ၄၄၄ |
| ၄။ | ကိမတ္ထိယသုတ် .... .... .... .... .... | ၄၄၄ |
| ၅။ | အဿာသပ္ပတ္တသုတ် .... .... .... .... .... | ၄၄၅ |
| ၆။ | ပရမဿာသပ္ပတ္တသုတ် .... .... .... .... .... | ၄၄၅ |
| ၇။ | ဝေဒနာပဉှာသုတ် .... .... .... .... .... | ၄၄၆ |
| ၈။ | အာသဝပဉှာသုတ် .... .... .... .... .... | ၄၄၆ |
| ၉။ | အဝိဇ္ဇာပဉှာသုတ် .... .... .... .... .... | ၄၄၇ |
| ၁၀။ | တဏှာပဉှာသုတ် .... .... .... .... .... | ၄၄၇ |
| ၁၁။ | ဩဃပဉှာသုတ် .... .... .... .... .... | ၄၄၈ |
| ၁၂။ | ဥပါဒါနပဉှာသုတ် .... .... .... .... .... | ၄၄၈ |

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၄-ဇမ္ဗုခါဒကသံယုတ်

၁၃။ ဘဝပဉ္ဟာသုတ် .... .... .... .... .... ၄၄၉
၁၄။ ဒုက္ခပဉ္ဟာသုတ် .... .... .... .... .... ၄၄၉
၁၅။ သက္ကာယပဉ္ဟာသုတ် .... .... .... .... .... ၄၅၀
၁၆။ ဒုက္ကရပဉ္ဟာသုတ် .... .... .... .... .... ၄၅၀

## ၅-သာမဏ္ဍကသံယုတ်

၁။ သာမဏ္ဍကသုတ် .... .... .... .... .... ၄၅၁
၂-၁၆။ ဒုက္ကရသုတ် .... .... .... .... .... ၄၅၁

## ၆-မောဂ္ဂလာနသံယုတ်

၁။ ပဌမ ဈာနပဉ္ဟာသုတ် .... .... .... .... ၄၅၂
၂။ ဒုတိယ ဈာနပဉ္ဟာသုတ် .... .... .... .... ၄၅၂
၃။ တတိယ ဈာနပဉ္ဟာသုတ် .... .... .... .... ၄၅၃
၄။ စတုတ္ထ ဈာနပဉ္ဟာသုတ် .... .... .... .... ၄၅၄
၅။ အာကာသာနဉ္စာယတနပဉ္ဟာသုတ် .... .... .... ၄၅၄
၆။ ဝိညာဏဉ္စာယတနပဉ္ဟာသုတ် .... .... .... .... ၄၅၅
၇။ အာကိဉ္စညာယတနပဉ္ဟာသုတ် .... .... .... .... ၄၅၆
၈။ နေဝသညာနာသညာယတနပဉ္ဟာသုတ် .... .... .... ၄၅၆
၉။ အနိမိတ္တပဉ္ဟာသုတ် .... .... .... .... .... ၄၅၇
၁၀။ သက္ကသုတ် .... .... .... .... .... ၄၅၇
၁၁။ စန္ဒနသုတ် .... .... .... .... .... ၄၆၈

## ၇-စိတ္တသံယုတ်

၁။ သံယောဇနသုတ် .... .... .... .... .... ၄၆၉
၂။ ပဌမ ဣသိဒတ္တသုတ် .... .... .... .... .... ၄၇၀
၃။ ဒုတိယ ဣသိဒတ္တသုတ် .... .... .... .... .... ၄၇၁
၄။ မဟကပါဋိဟာရိယသုတ် .... .... .... .... ၄၇၄
၅။ ပဌမ ကာမဘူသုတ် .... .... .... .... .... ၄၇၅
၆။ ဒုတိယ ကာမဘူသုတ် .... .... .... .... .... ၄၇၇
၇။ ဂေါဒတ္တသုတ် .... .... .... .... .... ၄၇၉
၈။ နိဂဏ္ဌနာဋပုတ္တသုတ် .... .... .... .... .... ၄၈၁
၉။ အစေလကဿပသုတ် .... .... .... .... .... ၄၈၃
၁၀။ ဂိလာနဒဿနသုတ် .... .... .... .... .... ၄၈၄

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၈-ဂါမဏိသံယုတ်** | |
| ၁။ | စဏ္ဍသုတ် | ၄၈၇ |
| ၂။ | တာလပုဋသုတ် | ၄၈၈ |
| ၃။ | ယောဓာဇီဝသုတ် | ၄၈၉ |
| ၄။ | ဟတ္ထာရောဟသုတ် | ၄၉၀ |
| ၅။ | အဿာရောဟသုတ် | ၄၉၁ |
| ၆။ | အသိဗန္ဓကပုတ္တသုတ် | ၄၉၂ |
| ၇။ | ခေတ္တူပမသုတ် | ၄၉၄ |
| ၈။ | သင်္ခဓမသုတ် | ၄၉၆ |
| ၉။ | ကုလသုတ် | ၅၀၀ |
| ၁၀။ | မဏိစူဠကသုတ် | ၅၀၂ |
| ၁၁။ | ဘဒြကသုတ် | ၅၀၃ |
| ၁၂။ | ရာသိယသုတ် | ၅၀၅ |
| ၁၃။ | ပါဋလိယသုတ် | ၅၁၃ |
| | **၉-အသင်္ခတသံယုတ်** | |
| | **၁-ပဌမဝဂ်** | |
| ၁။ | *ကာယဂတာသတိသုတ် | ၅၂၇ |
| ၂။ | သမထဝိပဿနာသုတ် | ၅၂၇ |
| ၃။ | သဝိတက္ကသဝိစာရသုတ် | ၅၂၇ |
| ၄။ | သုညတသမာဓိသုတ် | ၅၂၈ |
| ၅။ | သတိပဋ္ဌာနသုတ် | ၅၂၈ |
| ၆။ | သမ္မပ္ပဓာနသုတ် | ၅၂၈ |
| ၇။ | ဣဒ္ဓိပါဒသုတ် | ၅၂၈ |
| ၈။ | ဣန္ဒြိယသုဘ် | ၅၂၉ |
| ၉။ | ဗလသုတ် | ၅၂၉ |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ် | ၅၂၉ |
| ၁၁။ | မဂ္ဂင်္ဂသုတ် | ၅၂၉ |
| | **၂-ဒုတိယဝဂ်** | |
| ၁။ | အသင်္ခတသုတ် | ၅၃၀ |
| ၂။ | အနတသုတ် | ၅၃၄ |
| ၃-၃၂။ | အနာသဝါဒိသုတ် | ၅၃၄ |
| ၃၃။ | ပရာယနသုတ် | ၅၃၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁၀-အဗျာကတသံယုတ်** | |
| ၁။ | ခေမာသုတ် | ၅၃၇ |
| ၂။ | အနုရာဓသုတ် | ၅၄၁ |
| ၃။ | ပဌမ သာရိပုတ္တကောဋ္ဌိကသုတ် | ၅၄၄ |
| ၄။ | ဒုတိယ သာရိပုတ္တကောဋ္ဌိကသုတ် | ၅၄၅ |
| ၅။ | တတိယ သာရိပုတ္တကောဋ္ဌိကသုတ် | ၅၄၆ |
| ၆။ | စတုတ္ထ သာရိပုတ္တကောဋ္ဌိကသုတ် | ၅၄၇ |
| ၇။ | မောဂ္ဂလာနသုတ် | ၅၄၈ |
| ၈။ | ဝစ္ဆဂေါတ္တသုတ် | ၅၅၁ |
| ၉။ | ကုတူဟလသာလာသုတ် | ၅၅၃ |
| ၁၀။ | အာနန္ဒသုတ် | ၅၅၄ |
| ၁၁။ | သဘိယကစ္စာနသုတ် | ၅၅၅ |


သင်္ဂါယနတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

မာတိကာ ပြီး၏။

# ကြို၍တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြုလုပ်ရန်(ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

*နံ-ဗု-သ-စ—၄၀—၂၁-၆-၆၀—၃၀၀၀။

# သံယုတ္တနိကာယ်

## ခန္ဓဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁—ခန္ဓသံယုတ်

### ၁-နကုလပိတုဝဂ် ၁-နကုလပိတုသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုံသုမာရဂိရမြို့ဝယ် သားတို့ကို ဘေးမဲ့ပေးရာ ဘေသကဠာတော၌ (သိတင်းသုံး) နေတော်မူ၏၊ ထိုအခါ နကုလပိတာသူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား အကျွန်ုပ်သည် အိုမင်းပါပြီ အရွယ်ကြီးပါပြီ အသက်ကြီးပါပြီ အရွယ်သုံးပါးသို့ ရောက်ပါပြီ နောက်ဆုံးအရွယ်သို့ ရောက်ပါပြီ၊ နာကျင်သောကိုယ် ရှိပါ၏၊ မပြတ်နာကျင်၍ နေပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုငင်း စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းတော်တို့ကိုငင်း အမြဲတစေ မဖူးမြင်နိုင်တော့ပါ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဆုံးမတော်မူပါ၊ ကံမြစ်တော်မူပါ၊ ယင်းအဆုံးအမတော်သည် အကျွန်ုပ်အား ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာပါ၏ ဟု (လျှောက်၏)။

သူကြွယ် ဤစကားသည် မှန်၏၊ သူကြွယ် ဤစကားသည် ဟုတ်၏၊ သူကြွယ် ဤကိုယ်သည် နာကျင်သည်သာတည်း၊ ဥကဲ့သို့ဖြစ်၏၊ အရေပါးတို့ဖြင့် မြှေးယှက်ထားအပ်၏၊ သူကြွယ် တဦးတယောက်သောသူသည် ဤကိုယ်ကို ရွက်ဆောင်နေရလျက် တခဏမျှသော်လည်း အနာကင်းခြင်းကို

ဝန်ခံပါလျှင် ထိုသူ့အား မိုက်သည့်အဖြစ်မှတပါး အခြား မရှိတော့ချေ၊ သူကြွယ် ထို့ကြောင့် ဤအရာဝယ် “ငါသည် နာကျင်သော ကိုယ်ရှိသူဖြစ်လျက် ငါ၏စိတ်သည် နာကျင်မှုကင်းသည် ဖြစ်လတ္တံ့”ဟု ဤသို့ သင် ကျင့်အပ်၏ဟု မိန့်တော်မူ၏။

ထို့နောက် နကုလပိတာသူကြွယ်သည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက်ဝမ်းမြောက် လျက်နေရာမှထကာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ အရိုအသေပြုပြီးလျှင် အသျှင်သာရိပုတြာ ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော နကုလပိတာသူကြွယ်အား အသျှင်သာရိပုတြာသည် ဤစကားကို ဆို၏— “သူကြွယ် သင်၏ ဣန္ဒြေ တို့သည် အလွန် ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည်လည်း စင်ကြယ်၏၊ ဖြူစင်တောက်ပ၏၊ ယနေ့ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားစကားကို နာခဲ့ရပါသလော”ဟု ဆို၏။

အသျှင်ဘုရား အဘယ်မှာ မနာရပဲ ရှိပါမည်နည်း၊ အသျှင်ဘုရား ယခုပင် အကျွန်ုပ်ကို မြတ်စွာ ဘုရားသည် တရားစကားတည်းဟူသော အမြိုက်ရေဖြင့် သွန်းလောင်းလိုက်ပါ၏ ဟု လျှောက်၏။ သူကြွယ် သင့်ကို မြတ်စွာဘုရားသည် တရားစကား တည်းဟူသော အမြိုက်ရေဖြင့် အဘယ်သို့ သွန်းလောင်းလိုက်ပါသနည်း ဟု မိန့်၏။ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်ပါ၏— “အကျွန်ုပ်သည် အိုမင်းပါပြီ အရွယ်ကြီးပါပြီ အသက်ကြီးပါပြီ အရွယ်သုံးပါးသို့ ရောက်ပါပြီ နောက်ဆုံး အရွယ်သို့ ရောက်ပါပြီ၊ နာကျင်သော ကိုယ်ရှိပါ၏၊ မပြတ်နာကျင်၍ နေပါ၏၊ အသျှင် ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုရှင်း စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းတော်တို့ကိုရှင်း အမြဲတစေ မဖူးမြင်နိုင်တော့ပါ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား ဆုံးမတော်မူပါ၊ ကံမြစ်တော်မူပါ၊ ယင်းအဆုံးအမတော်သည် အကျွန်ုပ်အား ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာပါ၏” ဟု လျှောက်ပါ၏၊ ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် အကျွန်ုပ်အား ဤစကားကို မိန့်တော်မူ၏—

သူကြွယ် ဤစကားသည် မှန်၏၊ သူကြွယ် ဤစကားသည် ဟုတ်၏၊ သူကြွယ် ဤကိုယ်သည် နာကျင်သည်သာတည်း၊ ဥကဲ့သို့ဖြစ်၏၊ အရေပါးတို့ဖြင့် မြေးယှက်ထားအပ်၏၊ သူကြွယ် တဦး တယောက်သောသူသည် ဤကိုယ်ကို ရွက်ဆောင်နေရပါလျက် တခဏမျှသော်လည်း အနာကင်း ခြင်းကို ဝန်ခံပါလျှင် ထိုသူ့အား မိုက်သည့်အဖြစ်မှတပါး အခြား မရှိတော့ချေ၊ သူကြွယ် ထို့ကြောင့် ဤအရာဝယ် ငါသည် နာကျင်သောကိုယ်ရှိသူဖြစ်လျက် ငါ၏စိတ်သည် နာကျင်မှု ကင်းသည် ဖြစ်လတ္တံ့ဟု ဤသို့ သင် ကျင့်အပ်၏၊ အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်ကို မြတ်စွာ ဘုရားသည် တရားစကားတည်းဟူသော အမြိုက်ရေဖြင့် သွန်းလောင်းလိုက်ပါ၏ ဟု လျှောက်၏။

သူကြွယ် မြတ်စွာဘုရား အဘယ်မျှဖြင့် နာကျင်သောကိုယ်ရှိသူဖြစ်၍ နာကျင်သောစိတ်ရှိသူ လည်း ဖြစ်ပါသနည်း၊ အဘယ်မျှဖြင့် နာကျင်သော ကိုယ်ရှိသူသာဖြစ်၍ နာကျင်သော စိတ်မရှိသူ ဖြစ်ပါသနည်းဟု ထို့ထက်အလွန် မြတ်စွာဘုရားအား ပြန်လျှောက်ရန် သင့်ဉာဏ်၌ မထင်ပြီလော ဟု မိန့်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် အသျှင်သာရိပုတြာ၏အထံ၌ ဤစကား၏ အနက်ကို သိရန် အဝေးကြီးမှသော်လည်း လာရပါကုန်၏၊ တောင်းပန်ပါ၏၊ ဤစကား၏ အနက်ကို အသျှင် သာရိပုတြာ၏ ဉာဏ်၌သာလျှင် ထင်စေတော်မူပါလော့ ဟု လျှောက်၏။

သူကြွယ် သို့ဖြစ်လျှင် နာလေ၃၊ ကောင်းစွာ နှလုံးသွင်းလေ၃၊ ဟောကြားအံ့ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီဟု နကုလပိတာသူကြွယ်သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထား၏။ အသျှင်သာရိပုတြာသည် ဤသို့ ဟောတော်မူ၏—

သူကြွယ် အဘယ်သို့လျှင် နာကျင်သောကိုယ်ရှိသူဖြစ်၍ နာကျင်သောစိတ်ရှိသူလည်း ဖြစ်သနည်း၊ သူကြွယ် ဤသာသနာတော်၌ အကြားအမြင်မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တ ဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ရုပ်ဟူ၍သော်၎င်း ရုပ်၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ငါသည် ရုပ်ဖြစ်၏၊ ရုပ်သည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်၏၊ ရုပ်သည် ငါဖြစ်၏၊ ရုပ်သည် ငါ၏ဥစ္စာ ဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်သော ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ရုပ်၏ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။

ဝေဒနာကို အတ္တဟူ၍ ရှု၏၊ ဝေဒနာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝေဒနာဟူ၍သော်၎င်း ဝေဒနာ၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ဝေဒနာသည် ငါဖြစ်၏၊ ဝေဒနာသည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်၏၊ ဝေဒနာသည် ငါဖြစ်၏၊ ဝေဒနာသည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့်တည်သော ထိုသူ၏ ထိုဝေဒနာသည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝေဒနာ၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။

သညာကို အတ္တဟူ၍ ရှု၏၊ သညာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ သညာဟူ၍သော်၎င်း သညာ၌ အတ္တဟူ၍သော်၎င်း ရှု၏၊ သညာသည် ငါဖြစ်၏၊ သညာသည် ငါ၏ ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်၏၊ သညာသည် ငါဖြစ်၏၊ သညာသည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်သော ထိုသူ၏ ထိုသညာသည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား သညာ၏ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။

သင်္ခါရတို့ကို အတ္တဟူ၍ ရှု၏၊ သင်္ခါရရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ သင်္ခါရတို့ ဟူ၍သော်၎င်း သင်္ခါရတို့၌ အတ္တဟူ၍သော်၎င်း ရှု၏၊ သင်္ခါရတို့သည် ငါဖြစ်၏၊ သင်္ခါရတို့သည် ငါ၏ဥစ္စာဖြစ်ကုန်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်၏၊ သင်္ခါရတို့သည် ငါဖြစ်၏၊ သင်္ခါရတို့သည် ငါ၏ဥစ္စာ ဖြစ်ကုန်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့်တည်သော ထိုသူ၏ ထိုသင်္ခါရတို့သည် ဖောက်ပြန်ကုန်၏၊ တမျိုးတဖုံဖြစ်ကုန်၏၊ ထိုသူအား သင်္ခါရတို့၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။

ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ဝိညာဏ်ဟူ၍သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ဝိညာဏ်သည် ငါဖြစ်၏၊ ဝိညာဏ်သည် ငါ၏ဥစ္စာဖြစ်၏ ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်၏၊ ဝိညာဏ်သည် ငါဖြစ်၏၊ ဝိညာဏ်သည် ငါ၏ဥစ္စာ

ဖြစ်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်သော ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝိညာဏ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏၊ သူကြွယ် ဤသို့လျှင် နာကျင်သော ကိုယ်ရှိသူဖြစ်၍ နာကျင်သော စိတ်ရှိသူလည်း ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် နာကျင်သော ကိုယ်ရှိသူသာဖြစ်၍ နာကျင်သော စိတ်ရှိသူ မဖြစ်သနည်း၊ သူကြွယ် ဤသာသနာတော်၌ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ရုပ်ဟူ၍သော်၎င်း ရုပ်၌ အတ္တဟူ၍သော်၎င်း မရှု၊ ရုပ်သည် ငါဖြစ်၏၊ ရုပ်သည် ငါ၏ဥစ္စာဖြစ်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်၊ ရုပ်သည် ငါဖြစ်၏၊ ရုပ်သည် ငါ၏ဥစ္စာဖြစ်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်သော ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ရုပ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် မဖြစ်ကုန်။

ဝေဒနာကို အတ္တဟူ၍ မရှု၊ ဝေဒနာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝေဒနာဟူ၍သော်၎င်း ဝေဒနာ၌ အတ္တဟူ၍သော်၎င်း မရှု၊ ဝေဒနာသည် ငါဖြစ်၏၊ ဝေဒနာသည် ငါ၏ ဥစ္စာဖြစ်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်၊ ဝေဒနာသည် ငါဖြစ်၏၊ ဝေဒနာသည် ငါ၏ဥစ္စာ ဖြစ်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်သော ထိုသူ၏ ထိုဝေဒနာသည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝေဒနာ၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် မဖြစ်ကုန်။

သညာကို အတ္တဟူ၍ မရှု၊ သညာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ သညာဟူ၍သော်၎င်း သညာ၌ အတ္တဟူ၍သော်၎င်း မရှု၊ သညာသည် ငါဖြစ်၏၊ သညာသည် ငါ၏ဥစ္စာဖြစ်၏ ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့်မတည်၊ သညာသည် ငါဖြစ်၏၊ သညာသည် ငါ၏ဥစ္စာဖြစ်၏ ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်သော ထိုသူ၏ ထိုသညာသည် ဖောက်ပြန်၏၊ တမျိုးတဖုံ ဖြစ်၏၊ ထိုသူအား သညာဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် မဖြစ်ကုန်။

သင်္ခါရတို့ကို အတ္တဟူ၍ မရှု၊ သင်္ခါရရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ သင်္ခါရတို့ဟူ၍သော်၎င်း သင်္ခါရတို့၌ အတ္တဟူ၍သော်၎င်း မရှု၊ သင်္ခါရတို့သည် ငါဖြစ်၏၊ သင်္ခါရတို့သည် ငါ၏ဥစ္စာဖြစ်ကုန်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်၊ သင်္ခါရတို့သည် ငါဖြစ်၏၊ သင်္ခါရတို့သည် ငါ၏ဥစ္စာဖြစ်ကုန်၏ဟု ထက်ြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်သော ထိုသူ၏ ထိုသင်္ခါရတို့သည် ဖောက်ပြန်ကုန်၏၊ တမျိုးတဖုံ ဖြစ်ကုန်၏၊ ထိုသူအား သင်္ခါရတို့ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် မဖြစ်ကုန်။

ဝိညာဏ်ကို အတ္တဟူ၍မရှု၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝိညာဏ်ဟူ၍သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍သော်၎င်း မရှု၊ ဝိညာဏ်သည် ငါဖြစ်၏၊ ဝိညာဏ်သည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့်မတည်၊ ဝိညာဏ်သည် ငါဖြစ်၏၊ ဝိညာဏ်သည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်သော ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် မဖြစ်ကုန်၊ သူကြွယ် ဤသို့လျှင် နာကျင်သော ကိုယ်ရှိသူသာဖြစ်၍ နာကျင်သော စိတ်ရှိသူ မဖြစ်။

အသျှင်သာရိပုတြာသည် ဤစကားကို မိန့်တော်မူ၏။ နကုလပိတာသူကြွယ်သည် အသျှင်သာရိပုတြာ၏စကားကို အလွန်နှစ်သက် ဝမ်းမြောက်လေ၏။

ပဌမသုတ်။

## ၂-ဒေဝဒဟသုတ်

၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ဒေဝဒဟမည်သော သာကီဝင်မင်းတို့၏နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ များစွာသော ပစ္ဆာဘူမ ဇနပုဒ်သို့ ခရီးသွားလိုသူ ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကုန်ပြီးသော် မြတ်စွာဘုရားအား အသျှင်ဘုရား အကျွန်ုပ်တို့သည် ပစ္ဆာဘူမဇနပုဒ်သို့ သွားလိုပါကုန်၏၊ပစ္ဆာဘူမဇနပုဒ်၌ နေလိုပါကုန်၏ ဟု လျှောက်ကုန်၏။

ရဟန်းတို့ သာရိပုတြာကို သင်တို့ ခွင့်ပန်ပြီးကြပြီလော၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် အသျှင်သာရိပုတြာကို ခွင့်မပန်ကြရသေးပါ။ရဟန်းတို့ သာရိပုတြာကို ခွင့်ပန်ကြကုန်ဦးလော့၊ ရဟန်းတို့ သာရိပုတြာသည် ပညာရှိ၏၊ သီတင်းသုံးဖော် ရဟန်းတို့ကို ချီးမြှောက်တတ်၏ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်လျှောက်ကြကုန်၏။

ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားနှင့် မနီးမဝေး တန့်ကျဲချုံ မဏ္ဍပ်တခု၌ နေတော်မူ၏၊ ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရား၏စကားကို နှစ်သက်ဝမ်းမြောက်ကုန်၍ နေရာမှ ထကြကာ ရှိခိုးပြီးလျှင် အရိုအသေပြု၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်လျက် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်ကြကုန်ပြီးသော် အသျှင်သာရိပုတြာအား ငါ့သျှင်သာရိပုတြာ အကျွန်ုပ်တို့သည် ပစ္ဆာဘူမဇနပုဒ်သို့ သွားလိုပါကုန်၏၊ ပစ္ဆာဘူမဇနပုဒ်၌ နေလိုပါကုန်၏၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ခွင့်ပန်ပြီးပါပြီ ဟု လျှောက်ကုန်၏။

ငါ့သျှင်တို့ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားသော ရဟန်းအား ပြဿနာ မေးတတ်ကုန်သော မင်းပညာရှိ ပုဏ္ဏားပညာရှိ သူကြွယ်ပညာရှိ ရဟန်းပညာရှိတို့သည် ထင်ရှားရှိကြကုန်၏၊ ငါ့သျှင်တို့ ပညာရှိကုန်သော လူတို့သည် အသျှင်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်ဝါဒရှိပါသနည်း၊ အဘယ်ကို ဟောလေ့ရှိပါသနည်း ဟု စုံစမ်းတတ်ကုန်၏၊အသို့နည်း အသျှင်တို့သည် ယင်းအမေးကို ဖြေဆိုကြသော် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ဖြစ်နိုင်လောက်အောင် မြတ်စွာဘုရားကို

မဟုတ်မမှန်သောအားဖြင့် မစွပ်စွဲနိုင်လောက်အောင် တရားတော်အား လျော်သော တရားကို လည်း ဖြေဆိုသည် မည်နိုင်လောက်အောင် သင်တို့၏ဝါဒ အနုဝါဒတို့သည် အကြောင်းနှင့်တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့အနည်းငယ်မျှ မရောက်မရှိနိုင်ကြလောက်အောင် တရားတို့ကို နာဘူးကြ သင်ယူဘူးကြပါကုန်၏လော၊ နှလုံးသွင်းဘူးကြပါကုန်၏လော၊ ဆောင်ဘူးကြပါကုန်၏လော၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍သိကြပါကုန်၏လော ဟု (မိန့်ဆို၏)။

ငါ့သျှင် အကျွန်ုပ်တို့သည် အသျှင်သာရိပုတြာ၏အထံ၌ ဤစကား၏ အနက်အဓိပ္ပါယ်ကို သိကြရန် အဝေးကြီးမှပင် လာခဲ့ရပါကုန်၏၊ တောင်းပန်ပါကုန်၏၊ ဤစကား၏ အနက်အဓိပ္ပါယ်ကို အသျှင်သာရိပုတြာ၏ ဉာဏ်၌သာလျှင် ထင်ပါစေလော့ ဟု လျှောက်ကုန်၏။ ငါ့သျှင်တို့ သို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပြပေအံ့ ဟု မိန့်တော်မူ၏။ ငါ့သျှင် ကောင်းပါပြီဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်လျှောက်ကုန်၏၊ အသျှင်သာရိ ပုတြာသည် ဤစကားကို ဟောတော်မူ၏—

ငါ့သျှင်တို့ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားသောရဟန်းကို မင်းပညာရှိ။ပ။ပြဿနာ မေး တတ်ကြကုန်၏၊ ငါ့သျှင်တို့ ပညာရှိသော လူတို့သည် အသျှင်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်ဝါဒ ရှိပါသနည်း၊ အဘယ်ကို ဟောလေ့ရှိပါသနည်းဟု စုံစမ်းတတ်ကုန်၏၊ ငါ့သျှင်တို့ သင်တို့သည် ဤသို့ အမေးခံကြရသော် ငါတို့၏ဆရာ မြတ်စွာဘုရားသည် လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိ၏ဟု ဤသို့ ဖြေကြားကုန်လော့၊ ငါ့သျှင်တို့ ဤသို့ ဖြေသော်လည်း ဤမင်းပညာရှိ။ပ။ရဟန်းပညာရှိတို့သည် တဆင့်တက်၍ ပြဿနာကို မေးတတ် ကြကုန်၏၊ ငါ့သျှင်တို့ ပညာရှိသော လူတို့သည် အသျှင်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိပါသနည်းဟု စုံစမ်းတတ်ကုန်၏၊ ငါ့သျှင်တို့ သင်တို့သည် ဤသို့ အမေးခံကြရသော် ငါတို့၏ဆရာ မြတ်စွာဘုရားသည် ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိ၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရ တို့၌။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိ၏ ဟု ဤသို့ ဖြေ ကြားကုန်လော့။

ငါ့သျှင်တို့ ဤသို့ ဖြေသော်လည်း မင်းပညာရှိ။ပ။ ရဟန်းပညာရှိတို့သည် တဆင့်တက်၍မေး တတ်ကြကုန်၏၊ ငါ့သျှင်တို့ ပညာရှိသောလူတို့သည် အသျှင်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်အပြစ်ကိုမြင်၍ ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိပါ သနည်း၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက် ခြင်းကို ဟောလေ့ရှိပါသနည်းဟု စုံစမ်းတတ်ကုန်၏၊ ငါ့သျှင်တို့ သင်တို့သည် ဤသို့ အမေးခံကြ ရသော် ငါ့သျှင်တို့ ရုပ်၌တပ်စွန်းမှုမကင်းသူ လိုချင်မှုမကင်းသူ ခင်တွယ်မှုမကင်းသူ မွတ်သိပ်မှု မကင်းသူ ပူလောင်မှုမကင်းသူ တောင့်တမှုမကင်းသူအား ထိုရုပ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌ တပ်စွန်းမှု မကင်းသူ။ပ။ တောင့်တမှု မကင်းသူအား ထိုသင်္ခါရ တို့၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်၏၊ ဝိညာဏ်၌ တပ်စွန်းမှုမကင်းသူ လိုချင်မှုမကင်းသူ ခင်တွယ် မှုမကင်းသူ မွတ်သိပ်မှုမကင်းသူ ပူလောင်မှုမကင်းသူ တောင့်တမှု မကင်းသူအား ထိုဝိညာဏ်၏

ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ ဖြစ်ကုန်၏၊ ငါ့သျှင်တို့ ငါတို့၏ဆရာ မြတ်စွာဘုရားသည် ဤအပြစ်ကိုမြင်၍ ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိ၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိ၏ ဟု ဤသို့ ဖြေကုန်လော့။

ငါ့သျှင်တို့ ဤသို့ဖြေသော်လည်း မင်းပညာရှိ ပုဏ္ဏားပညာရှိ သူကြွယ်ပညာရှိ ရဟန်းပညာရှိတို့သည် တဆင့်တက်၍ ပြဿနာမေးတတ်ကြကုန်၏၊ ငါ့သျှင်တို့ ပညာရှိသောလူတို့သည် အသျှင်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်အကျိုးကိုမြင်၍ ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိပါသနည်း၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်တပ်မက်မှု'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိပါသနည်းဟု စုံစမ်းတတ်ကုန်၏၊ ငါ့သျှင်တို့ သင်တို့သည် ဤသို့ အမေးခံကြရသော် ရုပ်၌ တပ်စွန်းမှုကင်းသူ လိုချင်မှုကင်းသူ ခင်တွယ်မှု ကင်းသူ မွတ်သိပ်မှုကင်းသူ ပူလောင်မှုကင်းသူ တောင့်တမှု ကင်းသူအား ထိုရုပ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြင်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ မဖြစ်ကုန်၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌ တပ်စွန်းမှုကင်းသူ လိုချင်မှုကင်းသူ ခင်တွယ်မှုကင်းသူ မွတ်သိပ်မှုကင်းသူ ပူလောင်မှုကင်းသူ တောင့်တမှုကင်းသူအား ထိုသင်္ခါရတို့၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ မဖြစ်ကုန်၊ ဝိညာဏ်၌ တပ်စွန်းမှုကင်းသူ လိုချင်မှုကင်းသူ ခင်တွယ်မှုကင်းသူ မွတ်သိပ်မှုကင်းသူ ပူလောင်မှုကင်းသူ တောင့်တမှုကင်းသူအား ထိုဝိညာဏ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ မဖြစ်ကုန်၊ ငါ့သျှင်တို့ ငါတို့၏ဆရာ မြတ်စွာဘုရားသည် ဤအကျိုးကိုမြင်၍ ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိ၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိ၏ ဟု ဤသို့ ဖြေကုန်လော့။

ငါ့သျှင်တို့ အကုသိုလ်တရားတို့သို့ ကပ်ရောက်၍နေသူအား မျက်မှောက်ဘဝ၌လည်း ချမ်းသာစွာနေရခြင်း မဆင်းရဲရခြင်း ပြင်းစွာမပင်ပန်းရခြင်း မပူလောင်ရခြင်းတို့နှင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း ကောင်းသောလားရာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်ခြင်း ဖြစ်ခဲ့ပါမူ မြတ်စွာဘုရားသည် ဤအကုသိုလ်တရားတို့ကို ဤသို့ ပယ်ခြင်းကို ချီးမွမ်းတော်မမူရာ၊ ငါ့သျှင်တို့ အကုသိုလ်တရားတို့သို့ ကပ်ရောက်၍နေသူအား မျက်မှောက် ဘဝ၌လည်း ဆင်းရဲစွာနေရခြင်း မချမ်းမသာနေရခြင်း ပြင်းစွာပင်ပန်းရခြင်း ပူလောင်ရခြင်းတို့နှင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌လည်း မကောင်းသောလားရာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်ခြင်း ကြောင့်သာ မြတ်စွာဘုရားသည် အကုသိုလ်တရားတို့ကို ပယ်ခြင်းကို ချီးမွမ်းတော်မူ၏။

ငါ့သျှင်တို့ ကုသိုလ်တရားတို့သို့ ကပ်ရောက်၍နေသူအား မျက်မှောက်ဘဝ၌လည်း ဆင်းရဲစွာနေရခြင်း မချမ်းမသာနေရခြင်း ပြင်းစွာပင်ပန်းရခြင်း ပူလောင်ရခြင်းတို့နှင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း မကောင်းသော လားရာကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်နိုင်ခြင်းဖြစ်ခဲ့ပါမူ မြတ်စွာဘုရားသည် ဤကုသိုလ်တရားတို့နှင့် ပြည့်စုံခြင်းကို ချီးမွမ်းတော်

မမူရာ၊ ငါ့သျှင်တို့ ကုသိုလ်တရားတို့သို့ ကပ်ရောက်၍ နေသူအား မျက်မှောက် ဘဝ၌လည်း ချမ်းသာစွာနေရခြင်း မဆင်းရဲရခြင်း ပြင်းစွာ မပင်ပန်းရခြင်း မပူလောင်ရခြင်းတို့နှင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း ကောင်းသောလားရာကို(မချွတ်ရလိမ့်မည်ဟု) မျှော်လင့် နိုင်ရသောကြောင့်သာ မြတ်စွာဘုရားသည် ကုသိုလ်တရားနှင့် ပြည့်စုံခြင်းကို ချီးမွမ်းတော်မူ၏။

အသျှင်သာရိပုတြာသည် ဤစကားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် အသျှင်သာရိ ပုတြာ၏စကားကို အလွန်နှစ်သက် ဝမ်းမြောက်ကြလေကုန်၏။

ဒုတိယသုတ်။

---

## ၃-ဟာလိဒ္ဒိကာနိသုတ်

၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်မဟာကစ္စည်းသည် အဝန္တိတိုင်း ကုလဃရမြို့ တောင်ကမ်းပါးပြတ်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဟာလိဒ္ဒိကာနိ သူကြွယ်သည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် ဤစကားကို လျှောက်၏၊ အသျှင်ဘုရား အဋ္ဌကဝဂ်၌ လာသော မာဂဏ္ဍိယပြဿနာဝယ်—

အမြဲနေရာ အိမ်ကိုပယ်၍ ယာယီအိမ်တည်း ဟူသော တည်ရာမရှိသော ရွာ၌ အကျွမ်း ဝင်မှုတို့ကို မပြုသော ကာမတို့မှ ကင်းဆိတ်သော(ဝဋ်ကို)ရှေ့သွားမပြုသော ရဟန်းသည် လူတို့နှင့် ငြင်းခုံ၍ စကားပြောမှုကို မပြုရာ ဟု—

ဤစကားကို မြတ်စွာဘုရား ဟောထားပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရား အကျဉ်း ဟောထားသော ဤစကား၏ အကျယ်အနက်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု လျှောက်၏။

သူကြွယ် ဖောက်ပြန်မှု ရုပ်ဓာတ်သည် သိမှုဝိညာဏ်၏ အိမ်မည်၏၊ ဖောက်ပြန်မှု ရုပ်ဓာတ်၌ တပ်မက်မှုဖြင့် ဖွဲ့စပ်နေသော ဝိညာဏ်ကိုမူကား အိမ်ဟူသော တည်ရာရှိ၏ဟုဆိုရ၏၊ သူကြွယ် ခံစားမှု 'ဝေဒနာ'ဓာတ်သည် သိမှု 'ဝိညာဏ်'၏ အိမ်မည်၏၊ ခံစားမှု 'ဝေဒနာ'ဓာတ်၌ တပ်မက်မှုဖြင့် ဖွဲ့စပ် နေသော ဝိညာဏ်ကိုမူကား အိမ်ဟူသော တည်ရာရှိ၏ ဟု ဆိုရ၏၊ သူကြွယ် မှတ်သားမှု 'သညာ' ဓာတ်သည် သိမှု 'ဝိညာဏ်'၏ အိမ်မည်၏၊ မှတ်သားမှု 'သညာ'ဓာတ်၌ တပ်မက်မှုဖြင့် ဖွဲ့စပ်နေသော ဝိညာဏ်ကိုမူကား အိမ်ဟူသော တည်ရာရှိ၏ဟု ဆိုရ၏၊ သူကြွယ် ပြုပြင်မှု'သင်္ခါရ'ဓာတ်သည် သိမှု 'ဝိညာဏ်'၏ အိမ်မည်၏၊ ပြုပြင်မှု 'သင်္ခါရ'ဓာတ်၌ တပ်မက်မှုဖြင့် ဖွဲ့စပ်နေသော ဝိညာဏ်ကိုမူကား အိမ်ဟူသော တည်ရာရှိ၏ဟု ဆိုရ၏၊ သူကြွယ် ဤသို့လျှင် အမြဲနေရာ အိမ်ဟူသော တည်ရာရှိသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် အမြဲနေအိမ် ဟူသော တည်ရာမရှိသူ ဖြစ်သနည်း။ သူကြွယ် ဖောက်ပြန်မှု ရုပ်ဓာတ်၌ စိတ်၏ တည်ရာ အမှား နှလုံးသွင်းရာ ကိန်းဝပ်ရာဖြစ်ကုန်သော လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်မှု စွဲလမ်းမှုတို့ကို မြတ်စွာဘုရားသည် ပယ်အပ် ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ နောက်တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်ပြီ၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘော မရှိကုန်၊ ထို့ကြောင့် မြတ်စွာဘုရားကို အမြဲနေအိမ် ဟူသော တည်ရာမရှိသူဟု ဆိုရ၏၊ သူကြွယ် ခံစားမှု 'ဝေဒနာ' ဓာတ်၌။ မှတ်သားမှု 'သညာ' ဓာတ်၌။ ပြုပြင်မှု 'သင်္ခါရ'ဓာတ်၌။ သိမှု 'ဝိညာဏ' ဓာတ်၌ စိတ်၏

တည်တံ့ရာ အမှားနှလုံးသွင်းရာ ကိန်းဝပ်ရာ ဖြစ်ကုန်သော လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်မှု စွဲလမ်းမှုတို့ကို မြတ်စွာဘုရားသည် ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ နောက်တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်ပြီ၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိကုန်၊ ထို့ကြောင့် မြတ်စွာဘုရားကို အမြဲနေရာ အိမ်ဟူသော တည်ရာမရှိသူ ဟု ဆိုရ၏။ သူကြွယ် ဤသို့လျှင် အမြဲနေ အိမ်ဟူသော တည်ရာမရှိသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် ယာယီအိမ်ဟူသော တည်ရာရှိသူ ဖြစ်သနည်း။ သူကြွယ် ရူပါရုံတည်း ဟူသော ယာယီအိမ်၌ ကိလေသာ ပျံ့နှံ့ ဖွဲ့စပ် သူတို့ကို ယာယီအိမ်ဟူသော တည်ရာရှိသူဟု ဆိုရ၏။ သဒ္ဒါရုံ။ပ။ ဂန္ဓာရုံ။ ရသာရုံ။ ဖောဋ္ဌဗ္ဗာရုံ။ ဓမ္မာရုံတည်းဟူသော အိမ်၌ ကိလေသာ ပျံ့နှံ့ ဖွဲ့စပ် သူတို့ကို ယာယီအိမ်ဟူသော တည်ရာရှိသူ ဟု ဆိုရ၏၊ သူကြွယ် ဤသို့လျှင် ယာယီအိမ် ဟူသော တည်ရာရှိသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် ယာယီအိမ်ဟူသော တည်ရာမရှိသူ ဖြစ်သနည်း။ သူကြွယ် ရူပါရုံ တည်းဟူသော ယာယီအိမ်၌ ကိလေသာ ပျံ့နှံ့ ဖွဲ့စပ်မှုတို့ကို မြတ်စွာဘုရားသည် ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ နောက်တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်ပြီ၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိကုန်၊ ထို့ကြောင့် မြတ်စွာဘုရားကို ယာယီအိမ်ဟူသော တည်ရာမရှိသူဟု ဆိုရ၏။ သဒ္ဒါရုံ။ ဂန္ဓာရုံ။ ရသာရုံ။ ဖောဋ္ဌဗ္ဗာရုံ။ ဓမ္မာရုံတည်း ဟူသော ယာယီအိမ်၌ ကိလေသာ ပျံ့နှံ့ ဖွဲ့စပ်မှုတို့ကို မြတ်စွာဘုရားသည် ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ နောက်တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်ပြီ၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိကုန်၊ ထို့ကြောင့် မြတ်စွာဘုရားကို ယာယီအိမ်ဟူသော တည်ရာ မရှိသူဟုဆိုရ၏။ သူကြွယ် ဤသို့လျှင် ယာယီအိမ်ဟူသော တည်ရာမရှိသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် ရွာ၌ အကျွမ်းဝင်မှုရှိသူ ဖြစ်သနည်း။ သူကြွယ် ဤလောက၌ အချို့သူသည် လူတို့နှင့် ပေါင်းသင်း၍နေ၏၊ တကွနှစ်သက်ခြင်းရှိ၏၊ တကွ စိုးရိမ်ခြင်းရှိ၏၊ လူတို့ ချမ်းသာကြသော် ချမ်းသာ၏၊ လူတို့ဆင်းရဲကြသော် ဆင်းရဲ၏၊ ကိစ္စကြီးငယ်တို့ ဖြစ်လာကုန်လတ်သော် ထိုကိစ္စကြီးငယ်တို့၌ ကိုယ်တိုင် အားထုတ်ခြင်းသို့ ရောက်၏၊ သူကြွယ် ဤသို့လျှင် ရွာ၌ အကျွမ်းဝင်မှုရှိသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် ရွာ၌ အကျွမ်းဝင်မှု မရှိသူ ဖြစ်သနည်း။ သူကြွယ် ဤသာသနာတော်၌ ရဟန်းသည် လူတို့နှင့် မပေါင်းသင်းပဲနေ၏၊ တကွ နှစ်သက်ခြင်းမရှိ၊ တကွ စိုးရိမ်ခြင်းမရှိ၊ လူတို့ချမ်းသာကြသော် မချမ်းသာ၊ လူတို့ဆင်းရဲကြသော် မဆင်းရဲ၊ ကိစ္စကြီးငယ်တို့ ဖြစ်လာကုန်လတ်သော် ထိုကိစ္စကြီးငယ်တို့၌ ကိုယ်တိုင်အားထုတ်ခြင်းသို့ မရောက်၊ သူကြွယ် ဤသို့လျှင် ရွာ၌ အကျွမ်းဝင်မှုမရှိသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် ကာမတို့မှ မကင်းဆိတ်သူ ဖြစ်သနည်း။ သူကြွယ် ဤလောက၌ အချို့သူသည် ကာမတို့၌ စွဲမက်မှု မကင်း၊ လိုချင်မှု မကင်း၊ ချစ်ခင်မှု မကင်း၊ မွတ်သိပ်မှု မကင်း၊ ပူလောင်မှု မကင်း၊ တပ်မက်မှု မကင်း၊ ဤသို့လျှင် ကာမတို့မှ မကင်းဆိတ်သူဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် ကာမတို့မှ ကင်းဆိတ်သူ ဖြစ်သနည်း။ သူကြွယ်ဤသာသနာတော်၌ အချို့သူသည် ကာမတို့၌ စွဲမက်မှုကင်း၏၊ လိုချင်မှု ကင်း၏၊ ခင်တွယ်မှု ကင်း၏၊ မွတ်သိပ်မှု ကင်း၏၊ ပူလောင်မှုကင်း၏၊ တပ်မက်မှု ကင်း၏၊ သူကြွယ် ဤသို့လျှင် ကာမတို့မှ ကင်းဆိတ်သူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် (ဝဋ်ကို) ရှေ့သွားပြုသူ ဖြစ်သနည်း။ သူကြွယ် ဤလောက၌ အချို့သူအား အနာဂတ်ကာလ၌ ဤသို့ ရုပ်ရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ ခံစားမှုရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ မှတ်သားမှုရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ ပြုပြင်မှု သင်္ခါရရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ ဝိညာဏ်ရှိသူ ဖြစ်ရလို၏ဟု စိတ်ဖြစ်၏၊ သူကြွယ် ဤသို့လျှင် (ဝဋ်ကို) ရှေ့သွားပြုသူဖြစ်၏။

သူကြွယ် အဘယ်သို့လျှင်(ဝဋ်ကို)ရှေ့သွား မပြုသူ ဖြစ်သနည်း။ သူကြွယ် ဤသာသနာတော်၌ အချို့သူအား အနာဂတ်ကာလ၌ ဤသို့ ရုပ်ရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ခံစားမှုရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ မှတ်သားမှု 'သညာ' ရှိသူဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ ပြုပြင်မှု 'သင်္ခါရ' ရှိသူ ဖြစ်ရလို၏၊ အနာဂတ်ကာလ၌ ဤသို့ ဝိညာဏ်ရှိသူ ဖြစ်ရလို၏ဟု စိတ်မဖြစ်၊ သူကြွယ် ဤသို့လျှင် (ဝဋ်ကို) ရှေ့သွားမပြုသူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် လူတို့နှင့် ငြင်းခုံ၍ စကားပြောတတ်သူ ဖြစ်သနည်း။ သူကြွယ် ဤလောက၌ အချို့သူသည် ဤသို့သဘောရှိသော စကားကို ဆိုတတ်၏၊ သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယကို အသို့ သိနိုင်အံ့နည်း၊ သင်သည် မှားသောအကျင့်ရှိသူ ဖြစ်၏၊ ငါသည် မှန်သောအကျင့်ရှိသူ ဖြစ်၏၊ ရှေ့ဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေ့ဆို၏၊ ငါ၏ စကားသည် ပြေပြစ်၏၊ သင်၏ စကားသည် မပြေပြစ်၊ သင်၏ ကြာမြင့်စွာ လေ့လာထားသော စကားသည် သင့်ဆီသို့ ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ရှိသော အပြစ်ကို ငါတင်ပြပြီ၊သင် အရေးနိမ့်ပြီ၊ ငါတင်ပြသော အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ သင့်ကို နှိမ်အပ်ပြီ၊ စွမ်းနိုင်လျှင်လည်း ဖြေဦးလော့ဟု ဤသို့လျှင် လူတို့နှင့် ငြင်းခုံ၍ ဤသို့သဘောရှိသော စကားကို ပြောတတ်သူ ဖြစ်၏။

သူကြွယ် အဘယ်သို့လျှင် လူတို့နှင့် ငြင်းခုံ၍ စကားပြောတတ်သူ မဖြစ်သနည်း။ သူကြွယ် ဤသာသနာတော်၌ ရဟန်းသည် ဤသို့ သဘောရှိသော စကားကို မပြောတတ်၊ သင်သည် ဤဓမ္မဝိနယကို မသိ။ပ။ စွမ်းနိုင်လျှင်လည်း ဖြေဦးလော့၊ သူကြွယ် ဤသို့လျှင် လူတို့နှင့် ငြင်းခုံ၍ ဤသို့သဘောရှိသော စကားကို ပြောတတ်သူ မဖြစ်။

သူကြွယ် ဤသို့လျှင် အဋ္ဌကဝဂ်၌ လာသော မာဂဏ္ဍိယပြဿနာဝယ်—

> အမြဲနေရာ အိမ်ကိုပယ်၍ ယာယီအိမ်ဟူသော တည်ရာမရှိသော ရွာ၌ အကျွမ်းဝင်မှုတို့ကို မပြုသော ကာမတို့မှ ကင်းဆိတ်သော(ဝဋ်ကို)ရှေ့သွားမပြုသော ရဟန်းသည် လူတို့နှင့် ငြင်းခုံ၍ စကားပြောမှုကို မပြုရာ ဟု—

မြတ်စွာဘုရား အကျဉ်းဟောထားတော်မူသော ဤစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်အပ်၏ ဟု (မိန့်ဆို၏)။

တတိယသုတ်။

## ၄-ဒုတိယ ဟာလိဒ္ဒိကာနိသုတ်

၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်မဟာကစ္စည်းသည် အဝန္တိတိုင်း ကုလဃရမြို့ တောင်ကမ်းပါး ပြတ်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဟာလိဒ္ဒကာနိ သူကြွယ်သည် အသျှင်မဟာကစ္စည်းထံသို့။ပ။တခုသောနေရာ၌ ထိုင်ပြီးသော် ဤစကားကို လျှောက် ၏၊ အသျှင်ဘုရား သက္ကပဉှာသုတ်၌ တဏှာကုန်သဖြင့် ကိလေသာမှ လွတ်ကုန်သော သမဏဗြာဟ္မဏ တို့သည် စင်စစ် ပြီးဆုံးခြင်းသို့ ရောက်ကုန်၏၊ စင်စစ် ယောဂကုန်ခြင်း ရှိကုန်၏၊ စင်စစ် မြတ်သော အကျင့်ရှိကုန်၏၊ စင်စစ် သံသရာအဆုံး ရှိကုန်၏၊ နတ်လူတို့တွင် အမြတ်ဆုံး ဖြစ်ကုန်၏ ဟူသော ဤစကားကို မြတ်စွာဘုရား ဟောထားတော်မူပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်း ဟောထားသော ဤစကား၏ အကျယ်ဖြစ်သော အနက်ကို အဘယ်သို့ မှတ်ရပါမည်နည်း ဟု လျှောက်၏။

သူကြွယ် ရုပ်ဓာတ်၌ စိတ်တည်ရာ အမှားနှလုံးသွင်းရာ ကိန်းဝပ်ရာ ဖြစ်ကုန်သော လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်မှု စွဲလမ်းမှုတို့ ကုန်ခြင်းကြောင့် တပ်မက်ခြင်း ကင်းခြင်း ကြောင့် ချုပ်ခြင်းကြောင့် စွန့်ခြင်းကြောင့် မငြိကပ်ခြင်းကြောင့် စိတ်သည် ကိလေသာတို့မှ ကောင်းစွာလွတ်မြောက်၏ ဟု ဆိုရ၏။ သူကြွယ် ခံစားမှု 'ဝေဒနာ'ဓာတ်၌။ပ။ သူကြွယ် မှတ်သားမှု 'သညာ'ဓာတ်၌။ သူကြွယ် ပြုပြင်မှု 'သင်္ခါရ'ဓာတ်၌။ ဝိညာဏဓာတ်၌ စိတ်တည်ရာ အမှား နှလုံးသွင်းရာ ကိန်းဝပ်ရာ ဖြစ်ကုန်သော လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်မှု စွဲလမ်းမှုတို့ ကုန်ခြင်းကြောင့် တပ်မက်ခြင်း ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် စွန့်ခြင်းကြောင့် မငြိကပ်ခြင်းကြောင့် စိတ်သည် ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်၏ ဟု ဆိုရ၏။

သူကြွယ် ဤသို့လျှင် သက္ကပဉှာသုတ်၌ တဏှာကုန်သဖြင့် ကိလေသာမှ လွတ်ကုန်သော သမဏ ဗြာဟ္မဏတို့သည် စင်စစ် ပြီးဆုံးခြင်းသို့ ရောက်ကုန်၏၊ စင်စစ် ယောဂကုန်ခြင်း ရှိကုန်၏၊ စင်စစ် မြတ်သော အကျင့်ရှိကုန်၏၊ စင်စစ် သံသရာအဆုံးရှိကုန်၏၊ နတ် လူတို့တွင် အမြတ်ဆုံး ဖြစ်ကုန် ၏ ဟူသော စကားကို မြတ်စွာဘုရား ဟောထား၏၊ သူကြွယ် မြတ်စွာဘုရား အကျဉ်းဟောထား တော်မူသော ဤစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်အပ်၏ ဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-သမာဓိသုတ်

၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—သာဝတ္ထိပြည် ထိုအခါ။ပ။ ဤစကားကို မိန့်တော်မူ၏၊ ရဟန်းတို့ တည်ကြည်မှု 'သမာဓိ'ကို ပွါးကုန်လော့၊ ရဟန်းတို့ တည်ကြည်သော ရဟန်းသည် ဟုတ်မှန်သည့်အတိုင်း သိ၏၊ အဘယ်ကို ဟုတ်မှန်သည့်အတိုင်း သိသနည်း၊ ရုပ်၏ ဖြစ်ပုံ ချုပ်ပုံကိုရင်း ခံစားမှု 'ဝေဒနာ'၏ ဖြစ်ပုံ ချုပ်ပုံကိုရင်း မှတ်သားမှု 'သညာ'၏ ဖြစ်ပုံ ချုပ်ပုံ ကိုရင်း ပြုပြင်မှု 'သင်္ခါရ'တို့၏ ဖြစ်ပုံ ချုပ်ပုံကိုရင်း သိမှု 'ဝိညာဏ်'၏ ဖြစ်ပုံ ချုပ်ပုံကိုရင်း သိ၏။

ရဟန်းတို့ ရုပ်၏ ဖြစ်ပုံသည် အဘယ်နည်း၊ ခံစားမှု 'ဝေဒနာ'၏ ဖြစ်ပုံသည် အဘယ်နည်း၊ မှတ်သားမှု 'သညာ'၏ ဖြစ်ပုံသည် အဘယ်နည်း၊ ပြုပြင်မှု 'သင်္ခါရ'တို့၏ ဖြစ်ပုံသည် အဘယ်နည်း၊

သိမှု 'ဝိညာဏ်'၏ ဖြစ်ပုံသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ရဟန်းသည် နှစ်သက်၏၊ စွဲလမ်းပြောဆို၏၊ လွှမ်းမိုးဆုံးဖြတ်၍ တည်၏။

အဘယ်ကို နှစ်သက်သနည်း၊ စွဲလမ်းပြောဆိုသနည်း၊ လွှမ်းမိုးဆုံးဖြတ်၍ တည်သနည်း၊ ရုပ်ကို နှစ်သက်၏၊ စွဲလမ်းပြောဆို၏၊ လွှမ်းမိုး ဆုံးဖြတ်၍ တည်၏၊ ရုပ်ကို နှစ်သက်သော စွဲလမ်းပြောဆိုသော လွှမ်းမိုးဆုံးဖြတ်၍ တည်သော ထိုသူအား နှစ်သက်မှု သညာဖြစ်၏၊ ရုပ်၌ နှစ်သက်မှုသည် စွဲလမ်းမှုပင်ဖြစ်၏၊ စွဲလမ်းမှု ဟူသော အကြောင်းကြောင့် ထိုသူအား ဘဝဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ပဋိသန္ဓေ နေမှုဖြစ်၏၊ ပဋိသန္ဓေနေမှုဟူသော အကြောင်းကြောင့် အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု ဖြစ်ပွါး၏၊ခံစားမှု 'ဝေဒနာ'ကို နှစ်သက်၏။ပ။မှတ်သားမှု 'သညာ'ကို နှစ်သက်၏။ ပြုပြင်မှု 'သင်္ခါရ'တို့ကို နှစ်သက်၏။ ဝိညာဏ်ကို နှစ်သက်၏၊ စွဲလမ်းပြောဆို၏၊ လွှမ်းမိုး ဆုံးဖြတ်၍ တည်၏၊ ဝိညာဏ်ကို နှစ်သက်သော စွဲလမ်းပြောဆိုသော လွှမ်းမိုးဆုံးဖြတ်၍ တည်သော ထိုသူအား နှစ်သက်မှု ဖြစ်၏၊ ဝိညာဏ်၌ နှစ်သက်မှုသည် စွဲလမ်းမှုပင်ဖြစ်၏၊ စွဲလမ်းမှုဟူသော အကြောင်းကြောင့် ဘဝဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ပဋိသန္ဓေ နေမှုဖြစ်၏၊ ပဋိသန္ဓေ နေမှုဟူသော အကြောင်းကြောင့်။ပ။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုဖြစ်ပွါး၏၊ ရဟန်းတို့ ဤကား ရုပ်ဖြစ်ပုံတည်း။ ဤကား ခံစားမှု 'ဝေဒနာ' ဖြစ်ပုံတည်း။ ဤကား မှတ်သားမှု 'သညာ'ဖြစ်ပုံတည်း။ ဤကား ပြုပြင်မှု 'သင်္ခါရ'တို့ ဖြစ်ပုံတည်း။ ဤကား ဝိညာဏ်ဖြစ်ပုံတည်း။

ရဟန်းတို့ ရုပ်၏ ချုပ်ပုံသည် အဘယ်နည်း၊ ခံစားမှု 'ဝေဒနာ'၏။ မှတ်သားမှု 'သညာ'၏။ ပြုပြင်မှု 'သင်္ခါရ'တို့၏။ ဝိညာဏ်၏ ချုပ်ပုံသည် အဘယ်နည်း။ရဟန်းတို့ ဤလောက၌ မနှစ်သက်၊ စွဲလမ်း၍ မပြောဆို၊ လွှမ်းမိုးဆုံးဖြတ်၍ မတည်၊ အဘယ်ကို မနှစ်သက်သနည်း၊ စွဲလမ်း၍ မပြောဆိုသနည်း၊ လွှမ်းမိုးဆုံးဖြတ်၍ မတည်သနည်း။ ရုပ်ကို မနှစ်သက်၊ စွဲလမ်း၍ မပြောဆို၊ လွှမ်းမိုးဆုံးဖြတ်၍ မတည်၊ ရုပ်ကို မနှစ်သက်သော စွဲလမ်း၍ မပြောဆိုသော လွှမ်းမိုးဆုံးဖြတ်၍ မတည်သော ထိုသူအား ရုပ်၌ နှစ်သက်မှုသည် ချုပ်၏။ နှစ်သက်မှု ချုပ်ခြင်းကြောင့် ထိုသူအား စွဲလမ်းမှု ချုပ်၏၊ စွဲလမ်းမှု ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု ချုပ်မှုဖြစ်၏။

ခံစားမှု 'ဝေဒနာ'ကို မနှစ်သက်၊ စွဲလမ်း၍ မပြောဆို၊ လွှမ်းမိုးဆုံးဖြတ်၍ မတည်၊ ခံစားမှုကို မနှစ်သက်သော စွဲလမ်း၍ မပြောဆိုသော လွှမ်းမိုးဆုံးဖြတ်၍ မတည်သော ထိုသူအား ခံစားမှု 'ဝေဒနာ'၌ နှစ်သက်မှု ချုပ်၏။ နှစ်သက်မှု ချုပ်ခြင်းကြောင့် ထိုသူအား စွဲလမ်းမှု ချုပ်၏။ စွဲလမ်းမှု ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု ချုပ်မှု ဖြစ်၏။

မှတ်သားမှု 'သညာ'ကို မနှစ်သက်။ပ။ ပြုပြင်မှု 'သင်္ခါရ'တို့ကို မနှစ်သက်၊ စွဲလမ်း၍ မပြောဆို၊ လွှမ်းမိုးဆုံးဖြတ်၍ မတည်၊ ပြုပြင်မှု'သင်္ခါရ'တို့ကို မနှစ်သက်သော စွဲလမ်း၍ မပြောဆိုသော လွှမ်းမိုးဆုံးဖြတ်၍ မတည်သော ထိုသူအား ပြုပြင်မှု 'သင်္ခါရ'တို့၌ နှစ်သက်မှု ချုပ်၏။ နှစ်သက်မှု ချုပ်ခြင်းကြောင့် ထိုသူအား စွဲလမ်းမှု ချုပ်၏။ စွဲလမ်းမှု ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု ချုပ်မှုဖြစ်၏။

ဝိညာဏ်ကို မနှစ်သက်၊ စွဲလမ်း၍ မပြောဆို၊ လွှမ်းမိုးဆုံးဖြတ်၍ မတည်၊ ဝိညာဏ်ကို မနှစ်သက်သော စွဲလမ်း၍ မပြောဆိုသော လွှမ်းမိုးဆုံးဖြတ်၍ မတည်သော ထိုသူအား ဝိညာဏ်၌ နှစ်သက်မှု ချုပ်၏၊ နှစ်သက်မှု ချုပ်ခြင်းကြောင့် ထိုသူအား စွဲလမ်းမှု ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု ချုပ်မှု ဖြစ်၏။ ရဟန်းတို့ ဤကား ရုပ်၏ ချုပ်ပုံတည်း၊ ဤကား ခံစားမှု 'ဝေဒနာ' ချုပ်ပုံတည်း၊ ဤကား မှတ်သားမှု 'သညာ'၏ ချုပ်ပုံတည်း၊ ဤကား ပြုပြင်မှု 'သင်္ခါရ'တို့၏ ချုပ်ပုံတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ပုံတည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဋိသလ္လာဏသုတ်

၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ တပါးတည်း ကိန်းအောင်းမှု၌ အားထုတ်ခြင်းသို့ ရောက်ကုန်လော့၊ ရဟန်းတို့ တပါးတည်း ကိန်းအောင်းသော ရဟန်းသည် ဟုတ်မှန်သည့်အတိုင်း သိ၏၊အဘယ်ကို ဟုတ်မှန်သည့်အတိုင်း သိသနည်း၊ ရုပ်၏ ဖြစ်ပုံ ချုပ်ပုံကိုငင်း ခံစားမှု 'ဝေဒနာ'၏ ဖြစ်ပုံ ချုပ်ပုံကိုငင်း မှတ်သားမှု'သညာ'၏ ဖြစ်ပုံ ချုပ်ပုံကိုကိုငင်း ပြုပြင်မှု 'သင်္ခါရ'တို့၏ ဖြစ်ပုံ ချုပ်ပုံကိုငင်း ဝိညာဏ်၏ ဖြစ်ပုံ ချုပ်ပုံကိုငင်း (သိ၏)။ (ပဉ္စမသုတ်အတူ ချဲ့အပ်၏)။

ဆဋ္ဌသုတ်။

---

## ၇-ဥပါဒါပရိတဿနာသုတ်

၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်းကိုငင်း မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်းကိုငင်း သင်တို့အား ဟောကြားအံ့၊ နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ဟောပေအံ့ ဟု မိန့်တော်မူ၏။အသျှင်ဘုရား ကောင်းပါပြီဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အဘယ်သို့လျှင် စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်းဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏၊ရုပ်ရှိသော အတ္တဟူ၍သော်ငင်း အတ္တ၌ ရုပ်ဟူ၍သော်ငင်း ရုပ်၌ အတ္တဟူ၍ သော်ငင်း ရှု၏၊ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏ တမျိုးတဖုံဖြစ်၏၊ထိုသူအား ရုပ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် ရုပ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်ဖြစ်၏၊ ထိုသူအား ရုပ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရားအစုတို့သည် စိတ်ကို သိမ်းကျုံး၍ တည်ကုန်၏၊ စိတ်ကို သိမ်းကျုံး၍ တည်ခြင်းကြောင့် ထိတ်လန့်ခြင်း ရှိသည်လည်း ဖြစ်၏၊ ပင်ပန်းခြင်း ရှိသည်လည်း ဖြစ်၏၊ ငဲ့ကွက်ခြင်း ရှိသည်လည်း ဖြစ်၏၊ စွဲလမ်း၍လည်း တောင့်တ၏။

ခံစားမှု'ဝေဒနာ'ကို အတ္တဟူ၍ ရှု၏၊ ဝေဒနာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝေဒနာဟူ၍သော်၎င်း ဝေဒနာ၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ထိုသူ၏ ထိုခံစားမှု 'ဝေဒနာ'သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ထိုသူ၏ ထိုဝေဒနာသည် ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် ဖြစ်၏၊ ထိုသူအား ဝေဒနာဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရားအစုတို့သည် စိတ်ကို သိမ်းကျုံး၍ တည်ကုန်၏၊ စိတ်ကို သိမ်းကျုံး၍ တည်ခြင်းကြောင့် ထိတ်လန့်ခြင်းရှိသည်လည်း ဖြစ်၏၊ ပင်ပန်းခြင်းရှိသည်လည်း ဖြစ်၏၊ ငဲ့ကွက်ခြင်း ရှိသည်လည်း ဖြစ်၏၊ စွဲလမ်း၍လည်း တောင့်တ၏၊ မှတ်သားမှု'သညာ'ကို အတ္တဟူ၍ ရှု၏။ပ။ ပြုပြင်မှု'သင်္ခါရ'တို့ကို အတ္တဟူ၍ ရှု၏၊ ပြုပြင်မှု'သင်္ခါရ' ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ပြုပြင်မှု 'သင်္ခါရ'တို့ဟူ၍သော်၎င်း ပြုပြင်မှု'သင်္ခါရ'တို့၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ထိုသူ၏ ထိုပြုပြင်မှု 'သင်္ခါရ'တို့သည် ဖောက်ပြန်ကုန်၏၊ တမျိုးတဖုံဖြစ်ကုန်၏၊ ထိုသူ၏ ထိုပြုပြင်မှု 'သင်္ခါရ'တို့ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် ပြုပြင်မှု 'သင်္ခါရ' ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် ဖြစ်၏။ ထိုသူအား ပြုပြင်မှု 'သင်္ခါရ'တို့ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရားအစုတို့သည် စိတ်ကို သိမ်းကျုံး၍ တည်ကုန်၏၊ စိတ်ကို သိမ်းကျုံး၍ တည်ခြင်းကြောင့် ထိတ်လန့်ခြင်း ရှိသည်လည်း ဖြစ်၏၊ ပင်ပန်းခြင်း ရှိသည်လည်း ဖြစ်၏၊ ငဲ့ကွက်ခြင်း ရှိသည်လည်း ဖြစ်၏၊ စွဲလမ်း၍လည်း တောင့်တ၏။

ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝိညာဏ်ဟူ၍ သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍သော်၎င်း ရှု၏၊ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊တမျိုးတဖုံ ဖြစ်၏၊ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် ဖြစ်၏၊ ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်း ကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရားအစုတို့သည် စိတ်ကို သိမ်းကျုံး၍ တည်ကုန်၏၊ စိတ်ကို သိမ်းကျုံး၍ တည်ခြင်းကြောင့် ထိတ်လန့်ခြင်း ရှိသည်လည်း ဖြစ်၏၊ ပင်ပန်းခြင်းရှိသည်လည်း ဖြစ်၏၊ ငဲ့ကွက်ခြင်းရှိသည်လည်း ဖြစ်၏၊ စွဲလမ်း၍လည်း တောင့်တ၏၊ ရဟန်းတို့ ဤသို့လျှင် စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်း ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်း ဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ရုပ်ဟူ၍သော်၎င်း ရုပ်၌ အတ္တဟူ၍သော်၎င်း မရှု၊ ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ရုပ်ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် ရုပ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်မဖြစ်၊ ထိုသူအား ရုပ်ဖောက်ပြန် ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့်ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရားအစုတို့သည် စိတ်ကို သိမ်းကျုံး၍ မတည်ကုန်၊ စိတ်ကိုသိမ်းကျုံး၍ မတည်ခြင်းကြောင့် ထိတ်လန့်ခြင်း ရှိသည်လည်း မဖြစ်၊ ပင်ပန်းခြင်းရှိသည်လည်းမဖြစ်၊ ငဲ့ကွက်ခြင်း ရှိသည်လည်းမဖြစ်၊ မစွဲလမ်းမှု၍လည်း မတောင့်တ။

ခံစားမှု 'ဝေဒနာ'ကို အတ္တဟူ၍မရှု၊ ဝေဒနာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝေဒနာဟူ၍သော်၎င်း ဝေဒနာ၌ အတ္တဟူ၍သော်၎င်း မရှု၊ ထိုသူ၏ ထိုခံစားမှု 'ဝေဒနာ'သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ခံစားမှု 'ဝေဒနာ' ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် မဖြစ်၊ ထိုသူအား ခံစားမှု 'ဝေဒနာ'ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရား အစုတို့သည် စိတ်ကို သိမ်းကျုံး၍ မတည်ကုန်၊ စိတ်ကိုသိမ်းကျုံး၍ မတည်ခြင်းကြောင့် ထိတ်လန့်ခြင်း ရှိသည်လည်း မဖြစ်၊ ပင်ပန်းခြင်း ရှိသည်လည်း မဖြစ်၊ ငဲ့ကွက်ခြင်း ရှိသည်လည်း မဖြစ်၊ မစွဲလမ်းမှု၍လည်း မတောင့်တ။

• မှတ်သားမှု'သညာ'ကို။ပ။ ပြုပြင်မှု'သင်္ခါရ'တို့ကို အတ္တဟူ၍မရှု၊ ပြုပြင်မှု'သင်္ခါရ'ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ပြုပြင်မှု'သင်္ခါရ'တို့ဟူ၍သော်၎င်း ပြုပြင်မှု'သင်္ခါရ'တို့၌ အတ္တဟူ၍ သော်၎င်း မရှု၊ ထိုသူ၏ ထိုပြုပြင်မှု 'သင်္ခါရ'တို့သည် ဖောက်ပြန်ကုန်၏၊ တမျိုးတဖုံ ဖြစ်ကုန်၏၊ ထိုသူအား ပြုပြင်မှု 'သင်္ခါရ' ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် ပြုပြင်မှု 'သင်္ခါရ'တို့ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်မဖြစ်၊ ထိုသူအား ပြုပြင်မှု 'သင်္ခါရ'တို့ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ်တရား အစုတို့သည် စိတ်ကို သိမ်းကျုံး၍ မတည်ကုန်၊ စိတ်ကိုသိမ်းကျုံး၍ မတည်ခြင်းကြောင့် ထိတ်လန့်ခြင်း ရှိသည်လည်း မဖြစ်၊ ပင်ပန်းခြင်း ရှိသည်လည်း မဖြစ်၊ ငဲ့ကွက်ခြင်း ရှိသည်လည်း မဖြစ်၊ မစွဲလမ်းမှု၍လည်း မတောင့်တ။

ဝိညာဏ်ကို အတ္တဟူ၍မရှု၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း။ပ။ မရှု၊ ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် မဖြစ်၊ ထိုသူအား ဝိညာဏ် ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှု အကုသိုလ် တရားအစုတို့သည် စိတ်ကို သိမ်းကျုံး၍ မတည်ကုန်၊ စိတ်ကို သိမ်းကျုံး၍ မတည်ခြင်းကြောင့် ထိတ်လန့်ခြင်းရှိသည်လည်း မဖြစ်၊ ပင်ပန်းခြင်း ရှိသည်လည်း မဖြစ်၊ ငဲ့ကွက်ခြင်း ရှိသည်လည်း မဖြစ်၊ မစွဲလမ်းမှု၍လည်း မတောင့်တ၊ ရဟန်းတို့ ဤသို့လျှင် မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်း ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ဥပါဒါပရိတဿနာသုတ်

၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်းကို၎င်း မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်းကို၎င်း သင်တို့အား ဟောကြားအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အဘယ်သို့လျှင် စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်း ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို ဤရုပ်သည် ငါ၏ ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ ကိုယ်တည်းဟု ရှု၏၊ ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ရုပ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု

ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ ဖြစ်ကုန်၏၊ ခံစားမှု'ဝေဒနာ'ကို ဤဝေဒနာသည် ငါ၏ဥစ္စာဖြစ်၏။ပ။ မှတ်သားမှု'သညာ'ကို ဤသညာသည် ငါ၏ဥစ္စာဖြစ်၏။ပ။ ပြုပြင်မှု'သင်္ခါရ' တို့ကို ဤသင်္ခါရတို့သည် ငါ၏ဥစ္စာဖြစ်ကုန်၏။ပ။ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ်တည်းဟု ရှု၏၊ ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ဤသို့လျှင် စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်း ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်းဖြစ်သနည်း ၊ ရဟန်းတို့ ဤလောက၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်ကို ဤရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ်မဟုတ်ဟု ရှု၏၊ ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံ ဖြစ်၏၊ ထိုသူအား ရုပ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ မဖြစ်ကုန်၊ ခံစားမှု 'ဝေဒနာ'ကို ဤဝေဒနာသည် ငါ၏ဥစ္စာမဟုတ်။ပ။မှတ်သားမှု'သညာ'ကို ဤသညာသည် ငါ၏ဥစ္စာမဟုတ်။ ပြုပြင်မှု'သင်္ခါရ'တို့ကို ဤသင်္ခါရတို့သည် ငါ၏ဥစ္စာမဟုတ်ကုန်၊ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ်မဟုတ်ဟု ရှု၏၊ ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ မဖြစ်ကုန်၊ရဟန်းတို့ ဤသို့လျှင် မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်းဖြစ်၏ ဟု (မိန့်တော်မူ၏)။

**အဋ္ဌမသုတ်။**

---

## ၉-ကာလတ္တယအနိစ္စသုတ်

၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အတိတ် အနာဂတ်ဖြစ်သော ရုပ်သည် မမြဲ၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်၏ မမြဲခြင်း၌ကား အဘယ်ဆိုဖွယ်ရာရှိမည်နည်း။ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင် ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော ရုပ်၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော ရုပ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏၊ အတိတ် အနာဂတ်ဖြစ်သော ခံစားမှု'ဝေဒနာ'တို့သည် မမြဲကုန်။ပ။ မှတ်သားမှု'သညာ' တို့သည် မမြဲကုန်။ပ။ သင်္ခါရတို့သည် မမြဲကုန်၊ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတို့၌ အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း၊ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ဤသို့ရှု၍ အတိတ်ဖြစ်သော သင်္ခါရတို့၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော သင်္ခါရတို့ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏၊ အတိတ် အနာဂတ် ဖြစ်သော ဝိညာဏ်သည် မမြဲ၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၏ မမြဲခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း၊ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ဤသို့ရှု၍ အတိတ်ဖြစ်သော ဝိညာဏ်၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော ဝိညာဏ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏ ဟု **(မိန့်တော်မူ၏)**။

**နဝမသုတ်။**

## ၁၀-ကာလတ္တယဒုက္ခသုတ်

၁၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အတိတ်အနာဂတ်ဖြစ်သော ရုပ်သည် ဆင်းရဲ၏၊ ပစ္စုပ္ပန်ဖြစ်သောရုပ်၏ ဆင်းရဲခြင်း၌ အဘယ်ဆိုဖွယ်ရာရှိမည်နည်း၊ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော ရုပ်၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော ရုပ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏၊ အတိတ် အနာဂတ်ဖြစ်သော ဝေဒနာသည် ဆင်းရဲ၏။ မှတ်သားမှု 'သညာ' သည် ဆင်းရဲ၏။ ပြုပြင်မှု 'သင်္ခါရ' တို့သည် ဆင်းရဲကုန်၏။ ဝိညာဏ်သည် ဆင်းရဲ၏၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၏ ဆင်းရဲခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း၊ ရဟန်းတို့ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော ဝိညာဏ်၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော ဝိညာဏ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-ကာလတ္တယအနတ္တသုတ်

၁၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အတိတ် အနာဂတ်ဖြစ်သော ရုပ်သည် ကိုယ် 'အတ္တ' မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်၏ အတ္တမဟုတ်ရာ၌ အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း၊ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော ရုပ်၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော ရုပ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏၊ အတိတ်အနာဂတ်ဖြစ်သော ဝေဒနာသည် ကိုယ်'အတ္တ'မဟုတ်။ မှတ်သားမှု 'သညာ'သည် အတ္တမဟုတ်။ ပြုပြင်မှု 'သင်္ခါရ'တို့သည် အတ္တမဟုတ်ကုန်။ ဝိညာဏ်သည် 'အတ္တ' မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၏ အတ္တမဟုတ်ခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း၊ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော ဝိညာဏ်၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်ဖြစ်သော ဝိညာဏ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၌ ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏ ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

ရှေးဦးစွာသော နကုလပိတုဝဂ် ပြီး၏။

---

## ၂-အနိစ္စဝဂ် ၁-အနိစ္စသုတ်

၁၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—သာဝတ္ထိပြည်၌။ ထိုအခါ။ပ။ ရဟန်းတို့ ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲ၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ်သည် မမြဲ၊ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်မက်မှု ကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်၏၊

(ကိလေသာမှ) လွတ်သော် (ကိလေသာမှ) လွတ်ပြီဟု အသိဉာဏ်ဖြစ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုက္ခသုတ်

၁၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် ဆင်းရဲ၏၊ ဝေဒနာသည် ဆင်းရဲ၏၊ သညာသည် ဆင်းရဲ၏၊ သင်္ခါရတို့သည် ဆင်းရဲကုန်၏၊ ဝိညာဏ်သည် ဆင်းရဲ၏၊ ဤသို့ မြင်သော။ပ။ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အနတ္တသုတ်

၁၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်၊ ဝိညာဏ်သည် အတ္တမဟုတ်။ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်မက်မှု ကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်၏၊ (ကိလေသာမှ) လွတ်သော် (ကိလေသာမှ) လွတ်ပြီဟု အသိဉာဏ်ဖြစ်၏၊ ပဋိသန္ဓေ နေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ယဒနိစ္စသုတ်

၁၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဝေဒနာသည် မမြဲ၊ မမြဲသော ဝေဒနာသည် ဆင်းရဲ၏၊ ဆင်းရဲသော ဝေဒနာသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝေဒနာကို ဤဝေဒနာသည် ငါ့ဥစ္စာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ သညာသည် မမြဲ။ပ။ သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ်သည် မမြဲ။ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဏ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဤသို့ မြင်သော။ပ။ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ ဟု သိ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ယံ ဒုက္ခသုတ်

၁၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဝေဒနာသည် ဆင်းရဲ၏၊ သညာသည် ဆင်းရဲ၏။ သင်္ခါရတို့သည် ဆင်းရဲကုန်၏။ ဝိညာဏ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဏ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ် သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့် အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဤသို့ မြင်သော။ပ။ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါး သော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ယဒနတ္တာသုတ်

၁၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့် အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဝေဒနာသည် အတ္တမဟုတ်။ သညာသည် အတ္တမဟုတ်။ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်။ ဝိညာဏ်သည် အတ္တမဟုတ်။ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ် ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ရဟန်းတို့ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သဟေတုအနိစ္စသုတ်

၁၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ ရုပ်ဖြစ်ပေါ်ခြင်း၏ အကြောင်း အထောက် အပံ့သည်လည်း မမြဲ၊ ရဟန်းတို့ မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်သည်ကား အဘယ်မှာ မြဲလိမ့်မည်နည်း၊ ဝေဒနာသည် မမြဲ၊ ဝေဒနာဖြစ်ပေါ်ခြင်း၏ အကြောင်း အထောက် အပံ့သည်လည်း မမြဲ၊ ရဟန်းတို့ မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝေဒနာသည် အဘယ်မှာ မြဲလိမ့်မည်နည်း၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်၊ သင်္ခါရတို့ ဖြစ်ပေါ် ခြင်း၏ အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ရဟန်းတို့ မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်သော သင်္ခါရတို့သည်ကား အဘယ်မှာ မြဲကုန်လိမ့်မည်နည်း၊ ဝိညာဏ်သည် မမြဲ၊ ဝိညာဏ် ဖြစ်ပေါ်ခြင်း၏ အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ရဟန်းတို့ မမြဲသော

အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ်သည်ကား အဘယ်မှာ မြဲလိမ့်မည်နည်း၊ ဤသို့ မြင်သော။ပ။ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သဟေတုဒုက္ခသုတ်

၁၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် ဆင်းရဲ၏၊ ရုပ်ဖြစ်ပေါ်ခြင်း၏ အကြောင်းအထောက် အပံ့သည်လည်း ဆင်းရဲ၏၊ ရဟန်းတို့ ဆင်းရဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်သည် အဘယ်မှာ ချမ်းသာ နိုင်ပါအံ့နည်း၊ ဝေဒနာသည် ဆင်းရဲ၏။ သညာသည် ဆင်းရဲ၏။ သင်္ခါရ တို့သည် ဆင်းရဲကုန်၏။ ဝိညာဏ်သည် ဆင်းရဲ၏၊ ဝိညာဏ် ဖြစ်ပေါ်ခြင်း၏ အကြောင်းအထောက် အပံ့သည်လည်း ဆင်းရဲ၏၊ ရဟန်းတို့ ဆင်းရဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ် သည် အဘယ်မှာ ချမ်းသာနိုင်ပါအံ့နည်း၊ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သဟေတုအနတ္တသုတ်

၂၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ ရုပ်ဖြစ်ပေါ်ခြင်း၏ အကြောင်း အထောက်အပံ့သည်လည်း အတ္တမဟုတ်၊ ရဟန်းတို့ အတ္တမဟုတ်သော အကြောင်းကြောင့် ဖြစ်ပေါ် လာသော ရုပ်သည် အဘယ်မှာ အတ္တ ဖြစ်လိမ့်မည်နည်း။ ဝေဒနာသည် အတ္တမဟုတ်။ သညာသည် အတ္တမဟုတ်။ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်။ ဝိညာဏ်သည် အတ္တမဟုတ်၊ ဝိညာဏ် ဖြစ်ပေါ် ခြင်း၏ အကြောင်းအထောက်အပံ့သည်လည်း အတ္တမဟုတ်။ ရဟန်းတို့ အတ္တမဟုတ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ်သည် အဘယ်မှာ အတ္တဖြစ်လိမ့်မည်နည်း၊ ဤသို့ မြင်သော။ပ။ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-အာနန္ဒသုတ်

၂၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် "မြတ်စွာဘုရား 'ချုပ်မှု ချုပ်မှု' ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်တရားတို့၏ ချုပ်မှုကို ချုပ်မှုဟု ဆိုရပါသနည်း" ဟု ဤစကားကို လျှောက်၏။

အာနန္ဒာ ရုပ်သည် မမြဲ အပြုပြင်ခံရ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ ကင်းပြတ်ခြင်း သဘောရှိ၏၊ ချုပ်ခြင်းသဘော ရှိ၏၊ ထိုရုပ်၏ ချုပ်မှုကို ချုပ်မှုဟု ဆိုရ၏၊ ဝေဒနာသည် မမြဲ အပြုပြင် ခံရ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်း

သဘောရှိ၏၊ ပျက်ခြင်း သဘောရှိ၏၊ ကင်းပြတ်ခြင်း သဘောရှိ၏၊ ချုပ်ခြင်း သဘော ရှိ၏၊ ထိုဝေဒနာ၏ ချုပ်မှုကို ချုပ်မှုဟုဆိုရ၏၊ သညာသည်။ သင်္ခါရတို့သည် မမြဲကုန် အပြုပြင်ခံရကုန်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်၏၊ ကုန်ခြင်းသဘောရှိကုန်၏၊ ပျက်ခြင်းသဘောရှိကုန်၏၊ ကင်းပြတ်ခြင်း သဘောရှိကုန်၏၊ ချုပ်ခြင်း သဘောရှိကုန်၏၊ ထိုသင်္ခါရတို့၏ ချုပ်မှုကို ချုပ်မှုဟု ဆိုရ၏၊ ဝိညာဏ်သည် မမြဲ အပြုပြင်ခံရ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်း သဘောရှိ၏၊ ကင်းပြတ်ခြင်း သဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ထိုဝိညာဏ်၏ ချုပ်မှုကို ချုပ်မှု ဟု ဆိုရ၏၊ အာနန္ဒာ ဤတရားတို့၏ ချုပ်မှုကို ချုပ်မှုဟု ဆိုရ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် အနိစ္စဝဂ် ပြီး၏။

---

## ၃-ဘာရဝဂ် ၁-ဘာရသုတ်

၂၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ ရဟန်းတို့ ဝန်ကိုင်း ဝန်ဆောင်သမားကိုင်း ဝန်ယူရကြောင်းကိုင်း ဝန်ချထားခြင်းကိုင်း သင်တို့အား ဟောကြားအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ ဝန်ဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ ဟု ဆိုအပ်သည်ဖြစ်ရာ၏။ အဘယ်ငါးမျိုးတို့နည်း၊ ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ သညာဟူသော ဥပါဒါနက္ခန္ဓာ သင်္ခါရ ဟူသော ဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤသည်ကို ဝန်ဟု ဆိုအပ်သည်ဖြစ်ရာ၏။ ရဟန်းတို့ ဝန်ဆောင်သမားဟူသည် အဘယ်နည်း၊ ပုဂ္ဂိုလ်ဟု ဆိုအပ်သည် ဖြစ်ရာ၏၊ ဤအသျှင်ကား ဤသို့ အမည်ရှိ၏၊ ဤသို့ အနွယ်ရှိ၏ ဟု ဆိုရသော ပုဂ္ဂိုလ်ပင်တည်း၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ဝန်ဆောင်သမား ဟု ဆိုရ၏။ ရဟန်းတို့ ဝန်ယူကြောင်းဟူသည် အဘယ်နည်း၊ ကာမ၌ တပ်မက်မှု ဘဝ၌ တပ်မက်မှု ဘဝပြတ်ခြင်း၌ တပ်မက်မှုဟူသော ဘဝသစ်ကို ဖြစ်စေနိုင်သော နှစ်သက်စွဲမက်မှုနှင့်တကွဖြစ်သော ထိုထိုဖြစ်ရာ အာရုံတို့ကို နှစ်သက်တတ်သော တဏှာပင်တည်း၊ ရဟန်းတို့ ဤတဏှာကို ဝန်ယူရကြောင်းဟု ဆိုရ၏။ ရဟန်းတို့ ဝန်ချထားခြင်းဟူသည် အဘယ်နည်း၊ ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ ကင်းပြတ် ချုပ်ငြိမ်းခြင်း စွန့်ခြင်း မငြိုကပ်ခြင်း လွတ်ခြင်း မတွယ်တာခြင်းတည်း၊ ရဟန်းတို့ ဤသည်ကို ဝန်ချထားခြင်းဟု ဆိုရ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးနောက် တပါးသော ဤဂါထာကို မိန့်တော်မူပြန်၏—

"ခန္ဓာငါးမျိုးတို့သည် စင်စစ် ဝန်တို့တည်း၊ ပုဂ္ဂိုလ်ကား ဝန်ဆောင်သမားတည်း၊ ဝန်ကို ယူရခြင်းသည် လောက၌ ဆင်းရဲ၏၊ဝန်ကို ချထားခြင်းသည် ချမ်းသာ၏။

လေးသောဝန်ကို ချထားပြီးလျှင် တပါးသော ဝန်ကို မယူမူ၍ အမြစ်ရင်းနှင့်တကွ တဏှာကို နုတ်ပယ်ပြီးလျှင် ဆာလောင်မှု တဏှာကင်းသည်ဖြစ်၍ အေးငြိမ်းရ၏" ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပရိညသုတ်

၂၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပိုင်းခြားသိသင့်သော တရားတို့ကိုရင်း ပိုင်းခြားသိမှုကိုရင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ ပိုင်းခြားသိသင့်သော တရားတို့ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ရုပ်သည် ပိုင်းခြားသိသင့်သော တရားတည်း၊ ဝေဒနာသည် ပိုင်းခြားသိသင့်သော တရားတည်း၊ သညာသည် ပိုင်းခြားသိသင့်သော တရားတည်း၊ သင်္ခါရတို့သည် ပိုင်းခြားသိသင့်သော တရားတို့တည်း၊ ဝိညာဏ်သည် ပိုင်းခြားသိသင့်သော တရားတည်း၊ ရဟန်းတို့ ဤသည်တို့ကို ပိုင်းခြားသိသင့်သော တရားတို့ဟူ၍ ဆိုရ၏။ ရဟန်းတို့ ပိုင်းခြားသိမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ စွဲမက်မှု 'ရာဂ' ၏ကုန်ခြင်း အမျက်ထွက်မှု 'ဒေါသ'၏ ကုန်ခြင်း တွေဝေမှု 'မောဟ' ၏ ကုန်ခြင်းပင်တည်း၊ ရဟန်းတို့ ဤသည်ကို ပိုင်းခြားသိမှုဟု ဆိုရ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဘိဇာနသုတ်

၂၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်ကို အထူးမသိသည်ရှိသော် ပိုင်းခြားမသိသည်ရှိသော် စွဲမက်မှု မကင်းသည်ရှိသော် မပယ်သည်ရှိသော် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ဝေဒနာကို အထူးမသိသည်ရှိသော် ပိုင်းခြားမသိသည်ရှိသော် စွဲမက်မှု မကင်းသည်ရှိသော် မပယ်သည်ရှိသော် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ သညာကို အထူးမသိသည်ရှိသော်။ သင်္ခါရတို့ကို အထူးမသိသည်ရှိသော် ပိုင်းခြားမသိသည်ရှိသော် စွဲမက်မှု မကင်းသည်ရှိသော် မပယ်သည်ရှိသော် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ဝိညာဏ်ကို အထူးမသိသည်ရှိသော် ပိုင်းခြားမသိသည်ရှိသော် စွဲမက်မှု မကင်းသည်ရှိသော် မပယ်သည်ရှိသော် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ရဟန်းတို့ ရုပ်ကို အထူးသိသည်ရှိသော် ပိုင်းခြားသိသည် ရှိသော် စွဲမက်မှု ကင်းသည်ရှိသော် ပယ်စွန့်သည်ရှိသော် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဝေဒနာကို အထူးသိသည်ရှိသော်။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အထူးသိသည်ရှိသော် ပိုင်းခြားသိသည်ရှိသော် စွဲမက်မှုကင်းသည်ရှိသော် ပယ်စွန့်သည်ရှိသော် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဆန္ဒရာဂသုတ်

၂၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သည်ရှိသော် ထိုရုပ်သည် ပယ်ပြီးဖြစ်လတ္တံ့၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်လတ္တံ့၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်လတ္တံ့၊ နောက်ထပ်မဖြစ်အောင်ပြုပြီး ဖြစ်လတ္တံ့၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိသည်ဖြစ်လတ္တံ့။ 'ဝေဒနာ'၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သည်ရှိသော် ဝေဒနာသည် ပယ်ပြီး ဖြစ်လတ္တံ့၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်လတ္တံ့၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်လတ္တံ့၊ နောက်ထပ် မဖြစ်အောင်

ပွုပြီးဖြစ်လတ္တံ့၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိသည် ဖြစ်လတ္တံ့၊ သညာ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို။ သင်္ခါရတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ကြကုန်လော့၊ဤသို့ ပယ်သည်ရှိသော် ထိုသင်္ခါရတို့သည် ပယ်ပြီးဖြစ်ကုန်လတ္တံ့၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီး ဖြစ်ကုန်လတ္တံ့၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပွုပြီးဖြစ်ကုန်လတ္တံ့၊ နောက်ထပ်မဖြစ်အောင် ပွုပြီးဖြစ်ကုန်လတ္တံ့၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိသည် ဖြစ်ကုန်လတ္တံ့၊ ဝိညာဏ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်ဘည်ရှိသော် ထိုဝိညာဏ်သည် ပယ်ပြီးဖြစ်လတ္တံ့၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီး ဖြစ်လတ္တံ့၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပွုပြီးဖြစ်လတ္တံ့၊ နောက်ထပ် မဖြစ်အောင် ပွုပြီးဖြစ်လတ္တံ့၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘောမရှိသည် ဖြစ်လတ္တံ့ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အဿာဒသုတ်

၂၆။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ ငါသည်(သစ္စာလေးပါးကို)မသိမီ သစ္စာလေးပါးကို မသိသေးသော ဘုရားအလောင်း ဖြစ်စဉ် ဤသို့ အကြံဖြစ်၏— "ရုပ်၏သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း၊ သညာ၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း၊ သင်္ခါရတို့၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း၊ ဝိညာဏ်၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း" ဟု (ဤသို့ အကြံဖြစ်၏)။ရဟန်းတို့ ထိုငါ့အား ရုပ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုသည် ရုပ်၏ သာယာဖွယ်တည်း၊ ရုပ်၏ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောသည် ရုပ်၏ အပြစ်တည်း။ ရုပ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် ရုပ်၏ ထွက်မြောက်ရာတည်း။ ဝေဒနာကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုသည် ဝေဒနာ၏ သာယာဖွယ်တည်း၊ ဝေဒနာ၏ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောတရားသည် ဝေဒနာ၏ အပြစ်တည်း၊ ဝေဒနာ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် ဝေဒနာ၏ ထွက်မြောက်ရာတည်း။ သညာကို အစွဲပြု၍ ဖြစ်ပေါ်လာသော။ပ။ သင်္ခါရတို့ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုသည် သင်္ခါရတို့၏ သာယာဖွယ်တည်း၊ သင်္ခါရတို့၏ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောသည် သင်္ခါရတို့၏ အပြစ်တည်း၊ သင်္ခါရတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် သင်္ခါရတို့၏ ထွက်မြောက်ရာတည်း၊ ဝိညာဏ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုသည် ဝိညာဏ်၏ သာယာဖွယ်တည်း၊ ဝိညာဏ်၏ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောသည် ဝိညာဏ်၏ အပြစ်တည်း၊ ဝိညာဏ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် ဝိညာဏ်၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ ဤသို့သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ

မသိရသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ရပြီဟု ငါဝန်မခံ၊ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ သိပြီးသော အခါမှသာလျှင် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ရပြီ ဟု ငါဝန်ခံခဲ့၏၊ ငါ့အား ဉာဏ်အမြင်သည် ထင်ရှားဖြစ်၏၊ ငါ၏ အရဟတ္တဖိုလ်စိတ်သည် မပျက်စီး၊ ဤဘဝကား နောက်ဆုံးဘဝတည်း၊ နောက်တဖန် ဖြစ်ခြင်းမရှိတော့ပြီ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ အဿာဒသုတ်

၂၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ငါသည် ရုပ်၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ဘူးပြီ၊ ရုပ်၏သာယာဖွယ်ကို သိခဲ့ပြီ၊ ရုပ်၏သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါ ကောင်းစွာမြင်ခဲ့ပြီ၊ ရဟန်းတို့ ငါသည် ရုပ်၏ အပြစ်ကိုရှာမှီးလျက် လှည့်လည်ခဲ့ဘူးပြီ၊ ရုပ်၏အပြစ်ကို သိခဲ့ပြီ၊ ရုပ်၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်ခဲ့ပြီ၊ ရဟန်းတို့ ငါသည် ရုပ်၏ ထွက်မြောက်ရာကို ရှာမှီးလျက် လှည့်လည်ခဲ့ဘူးပြီ။ ရုပ်၏ ထွက်မြောက်ရာကို သိခဲ့ပြီ၊ ရုပ်၏ ထွက်မြောက်ရာ ရှိသမျှကို ပညာဖြင့် ငါကောင်းစွာမြင်ခဲ့ပြီ၊ ရဟန်းတို့ ငါသည် ဝေဒနာ၏။ပ။ ရဟန်းတို့ ငါသည် သညာ၏။ ရဟန်းတို့ ငါသည် သင်္ခါရတို့၏။ ရဟန်းတို့ ငါသည် ဝိညာဏ်၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ဘူးပြီ၊ ဝိညာဏ်၏သာယာဖွယ်ကို သိခဲ့ပြီ၊ ဝိညာဏ်၏ သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်ခဲ့ပြီ၊ ရဟန်းတို့ ငါသည် ဝိညာဏ်၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ ဝိညာဏ်၏ အပြစ်ကို သိခဲ့ပြီ၊ ဝိညာဏ်၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်ခဲ့ပြီ၊ ရဟန်းတို့ ငါသည် ဝိညာဏ်၏ ထွက်မြောက်ရာကို ရှာမှီးလျက် လှည့်လည်ခဲ့ဘူးပြီ၊ ဝိညာဏ်၏ ထွက်မြောက်ရာကို သိခဲ့ပြီ၊ ဝိညာဏ်၏ ထွက်မြောက်ရာ ရှိသမျှကို ပညာဖြင့် ငါ ကောင်းစွာ မြင်ခဲ့ပြီ။

ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ မသိရသေးသမျှ ကာလပတ်လုံး အတုမဲ့ သမ္မာသမ္ဗောဓိဉာဏ်ကို ရပြီဟု ငါ ဝန်မခံသေး။ပ။ ဝန်ခံပြီ။ပ။ ငါ့အား ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ၊ ငါ၏ အရဟတ္တဖိုလ်စိတ်သည် မပျက်စီး၊ ဤဘဝကား နောက်ဆုံးဘဝတည်း၊ နောက်ထပ်တဖန် ဖြစ်ခြင်းမရှိတော့ပြီဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-တတိယ အဿာဒသုတ်

၂၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၏ သာယာဖွယ် မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ရုပ်၌ မစွဲမက်ကုန်ရာ၊ ရဟန်းတို့ ရုပ်၏သာယာဖွယ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ရုပ်၌ စွဲမက်

ကုန်၏၊ရဟန်းတို့ ရုပ်၏ အပြစ် မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ရုပ်၌ မငြီးငွေ့ကုန်ရာ၊ရဟန်းတို့ ရုပ်၏ အပြစ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ရုပ်၌ ငြီးငွေ့ကုန်၏၊ ရဟန်းတို့ ရုပ်၏ ထွက်မြောက်ရာ မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ရုပ်မှ မထွက်မြောက်နိုင်ကုန်ရာ၊ ရဟန်းတို့ ရုပ်၏ ထွက်မြောက်ရာ ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ရုပ်မှ ထွက်မြောက်ကုန်၏။ ရဟန်းတို့ ဝေဒနာ၏။ ရဟန်းတို့ သညာ၏။ ရဟန်းတို့ သင်္ခါရတို့၏ ထွက်မြောက်ရာ မရှိခဲ့ပါလျှင် သတ္တဝါတို့သည် သင်္ခါရတို့မှ မထွက်မြောက်နိုင်ကုန်ရာ။ ရဟန်းတို့ သင်္ခါရတို့၏ ထွက်မြောက်ရာ ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် သင်္ခါရတို့မှ ထွက်မြောက်နိုင်ကုန်၏။ ရဟန်းတို့ ဝိညာဏ်၏ သာယာဖွယ် မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ဝိညာဏ်၌ မစွဲမက်ကုန်ရာ၊ ရဟန်းတို့ ဝိညာဏ်၏ သာယာဖွယ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ဝိညာဏ်၌ စွဲမက်ကုန်၏၊ ရဟန်းတို့ ဝိညာဏ်၏ အပြစ် မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ဝိညာဏ်၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ ဝိညာဏ်၏ အပြစ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ဝိညာဏ်၌ ငြီးငွေ့ ကုန်၏၊ ရဟန်းတို့ ဝိညာဏ်၏ ထွက်မြောက်ရာ မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ဝိညာဏ်မှ မထွက်မြောက်နိုင်ကုန်ရာ၊ ရဟန်းတို့ ဝိညာဏ်၏ ထွက်မြောက်ရာရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ဝိညာဏ်မှ ထွက်မြောက်နိုင်ကုန်၏။

ရဟန်းတို့ သတ္တဝါတို့သည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ မသိကြရသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ပြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏပြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကမှ ထွက်မြောက် ကွေကွင်း လွတ်ကင်းကုန်သည်ဖြစ်၍ အပိုင်းအခြား မရှိသောစိတ်ဖြင့် မနေရကုန်၊ ရဟန်းတို့ သတ္တဝါတို့သည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ သိကြသောအခါမှသာလျှင် နတ် မာရ်နတ် ပြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏပြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကမှ ထွက်မြောက် ကွေကွင်း လွတ်ကင်းကုန်သည်ဖြစ်၍ အပိုင်းအခြား မရှိသော စိတ်ဖြင့် နေနိုင်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အဘိနန္ဒနသုတ်

၂၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်ကိုနှစ်သက်သော သူသည် ဆင်းရဲကို နှစ်သက်၏၊ ဆင်းရဲကိုနှစ်သက်သော သူသည် ဆင်းရဲမှ မလွတ်သေးဟူ၍ (ငါ) ဆို၏၊ ဝေဒနာကို နှစ်သက်သော သူသည်။ သညာကို နှစ်သက်သောသူသည်။ သင်္ခါရတို့ကို နှစ်သက်သောသူသည်။ ဝိညာဏ်ကို နှစ်သက်သော သူသည် ဆင်းရဲကို နှစ်သက်၏၊ ဆင်းရဲကို နှစ်သက်သောသူသည် ဆင်းရဲမှ မလွတ်သေးဟူ၍ (ငါ)ဆို၏။ ရဟန်းတို့ ရုပ်ကို မနှစ်သက်သော သူသည် ဆင်းရဲကို မနှစ်သက်၊ ဆင်းရဲကို မနှစ်သက်သော သူသည် ဆင်းရဲမှ လွတ်၏ဟူ၍ (ငါ)ဆို၏၊ ဝေဒနာကို မနှစ်သက်သော သူသည်။သညာကို မနှစ်သက်သော သူသည်။သင်္ခါရတို့ကို မနှစ်သက်သော သူသည်။ ဝိညာဏ်ကို မနှစ်သက်သော သူသည် ဆင်းရဲကို မနှစ်သက်၊ ဆင်းရဲကို မနှစ်သက်သော သူသည် ဆင်းရဲမှ လွတ်၏ဟု (ငါ) ဆို၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဥပ္ပါဒသုတ်

၃၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၏ ဖြစ်ပေါ်မှု တည်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်မှုသည် ဆင်းရဲဖြစ်ပေါ်မှုပင်တည်း၊ ရောဂါတို့၏ တည်မှုပင်တည်း၊ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း၊ ဝေဒနာ၏။သညာ၏။သင်္ခါရတို့၏။ဝိညာဏ်၏ ဖြစ်ပေါ်မှု တည်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်မှုသည် ဆင်းရဲဖြစ်ပေါ်မှုပင်တည်း၊ ရောဂါတို့၏ တည်မှုပင်တည်း၊ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း။ ရဟန်းတို့ ရုပ်၏ချုပ်မှု ငြိမ်းမှု ကင်းမှုသည် ဆင်းရဲချုပ်မှုပင်တည်း၊ ရောဂါတို့၏ ငြိမ်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ကင်းမှုပင်တည်း၊ဝေဒနာ၏။သညာ၏။သင်္ခါရတို့၏။ဝိညာဏ်၏ ချုပ်မှု ငြိမ်းမှုကင်းမှုသည် ဆင်းရဲချုပ်မှုပင်တည်း၊ ရောဂါတို့၏ ငြိမ်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ကင်းမှုပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အဃမူလသုတ်

၃၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဆင်းရဲကိုင်း ဆင်းရဲ၏ အရင်းမူလကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ ဆင်းရဲဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရုပ်သည် ဆင်းရဲတည်း၊ ဝေဒနာသည် ဆင်းရဲတည်း၊ သညာသည် ဆင်းရဲတည်း၊သင်္ခါရတို့သည် ဆင်းရဲတို့တည်း၊ ဝိညာဏ်သည် ဆင်းရဲတည်း၊ရဟန်းတို့ ဤတရားကို ဆင်းရဲဟု ဆိုရ၏။ ရဟန်းတို့ ဆင်းရဲ၏ အရင်းမူလဟူသည် အဘယ်နည်း၊ ကာမ၌ တပ်မက်မှု ဘဝ၌ တပ်မက်မှု ဘဝပြတ်ခြင်း၌ တပ်မက်မှုဟူသော ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်မှု နန္ဒီရာဂနှင့်တကွဖြစ်သော ထိုထိုဘဝ အာရုံ၌ နှစ်သက်တတ်သော တဏှာတည်း၊ ရဟန်းတို့ ဤတရားကို ဆင်းရဲ၏ အရင်းမူလဟု ဆိုရ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-ပဘင်္ဂုသုတ်

၃၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပျက်စီးခြင်းတရားကိုင်း မပျက်စီးခြင်းတရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ ပျက်စီးခြင်းတရားဟူသည် အဘယ်နည်း၊ မပျက်စီးခြင်း တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရုပ်သည် ပျက်စီးခြင်းတရားမည်၏၊ထိုရုပ်၏ ချုပ်ခြင်း ငြိမ်းခြင်း ကင်းခြင်းသည် မပျက်စီးခြင်း တရားမည်၏၊ ခံစားမှု'ဝေဒနာ'သည် ပျက်စီးခြင်း တရားမည်၏၊ ထိုခံစားမှု ဝေဒနာ၏ ချုပ်ခြင်း ငြိမ်းခြင်း ကင်းခြင်းသည် မပျက်စီးခြင်းတရားမည်၏၊ မှတ်သားမှု 'သညာ'သည် ပျက်စီးခြင်း တရားမည်၏။ ပြုပြင်မှု'သင်္ခါရ'တို့သည် ပျက်စီးခြင်း တရားမည်ကုန်၏၊ ထိုပြုပြင်မှု သင်္ခါရတို့၏ ချုပ်ခြင်း ငြိမ်းခြင်း ကင်းခြင်းသည် မပျက်စီးခြင်း တရားမည်၏၊ ဝိညာဏ်သည် ပျက်စီးခြင်း တရားမည်၏၊ ထိုဝိညာဏ်၏ ချုပ်ခြင်း ငြိမ်းခြင်း ကင်းခြင်းသည် မပျက်စီးခြင်း တရားမည်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

သုံးခုမြောက် ဘာရဝဂ် ပြီး၏။

## ၄-နတုမှာကဝဂ် ၁-နတုမှာကသုတ်

၃၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်ကြကုန်လော့၊ ထိုတရားကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကြကုန်လော့၊ ထိုရုပ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ သညာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုသညာကို ပယ်ကြကုန်လော့၊ ထိုသညာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ သင်္ခါရတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ ထိုသင်္ခါရတို့ကို ပယ်ကြကုန်လော့၊ ထိုသင်္ခါရတို့ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ဝိညာဏ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

ရဟန်းတို့ ဥပမာသော်ကား ဤဇေတဝန်ကျောင်း၌ မြက် ထင်း သစ်ခက် သစ်ရွက်ကို လူအပေါင်းသည် ယူဆောင်လျှင် ဖြစ်စေ မီးရှို့လျှင် ဖြစ်စေ အလိုရှိတိုင်းပြုလျှင် ဖြစ်စေ ငါတို့ကို လူအပေါင်းသည် ယူဆောင်၏ဟူ၍ရှင်း မီးရှို့၏ဟူ၍ရှင်း အလိုရှိတိုင်း ပြု၏ဟူ၍ရှင်း သင်တို့အား ဤသို့သော အထင်သည် ဖြစ်ရာသလော။ မဖြစ်ရာပါ အသျှင်ဘုရား။ အဘယ်ကြောင့်ဆိုသော် ဤအရာသည် အကျွန်ုပ်တို့၏ ကိုယ်လည်း မဟုတ်ပါ၊ ကိုယ်ပိုင်လည်း မဟုတ်ပါဟု လျှောက်ကုန်၏၊ ရဟန်းတို့ ဤအတူ ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကြကုန်လော့၊ ထိုရုပ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ သညာသည် သင်တို့၏ ဥစ္စာမဟုတ်။ သင်္ခါရတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်။ ဝိညာဏ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါး ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ နတုမှာကသုတ်

၃၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်ကြကုန်လော့။ ထိုတရားကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကြကုန်လော့၊ ထိုရုပ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်။ သညာသည် သင်တို့၏ ဥစ္စာမဟုတ်။ သင်္ခါရတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်။ ဝိညာဏ်သည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်ကြကုန်လော့၊ ထိုတရားကို ပယ်သည် ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အညတရဘိက္ခုသုတ်

၃၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားကို နာရသည်ရှိသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ နေလိုပါ၏" ဟု (လျှောက်၏)၊ ရဟန်း အကြင်တရားကို အာရုံပြု၍ ကိန်းဝပ်၏၊ ထိုကိန်းဝပ်သော တရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ အကြင်တရားကို အာရုံပြု၍ မကိန်းဝပ်၊ ထိုမကိန်းဝပ်သော တရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်ဟု ဟောတော်မူ၏၊ မြတ်စွာဘုရား သိပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း သင်သည် ငါအကျဉ်းဟောထားသော တရား၏အကျယ်ဖြစ်သော အနက်ကို အဘယ်သို့ သိသနည်း။ အသျှင်ဘုရား ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ ဝေဒနာကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ သညာကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ သင်္ခါရတို့ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုအကိန်းတရားတို့ဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ ဝိညာဏ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ အသျှင်ဘုရား ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ ဝေဒနာကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ သညာကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ သင်္ခါရတို့ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ဝိညာဏ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်ဟု မြတ်စွာဘုရား အကျဉ်းဟောထားသော ဤတရား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ အကျွန်ုပ် သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း သင်သည် ငါအကျဉ်းဟောထားသော တရား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ် ပညတ်ခြင်းသို့ ရောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အာရုံပြု၍ အကိန်း

တရားသည် အကယ်၍ ကိန်းငြားအံ့၊ ထို အကိန်းတရားဖြင့်(တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ ရဟန်း ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုအကိန်းတရားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ ရဟန်း ငါ အကျဉ်း ဟောထားသော ဤတရား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်အပ်၏ဟု (မိန့်တော်မူ၏)။

ထို့နောက် ထိုရဟန်းသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ ထိုရဟန်းသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နေသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကုန်သော အမျိုးသားတို့ လိုလားတောင့်တကြသည့် အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မကြာမီ ယခု ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက် နေရ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ ထို ရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်၏။

တတိယသုတ်။

## ၄-ဒုတိယ အညတရဘိက္ခုသုတ်

၃၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားကို နာရသည်ရှိသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏" ဟု လျှောက်၏၊ ရဟန်း အကြင်တရားကို အာရုံပြု၍ အကိန်းတရား ကိန်းဝပ်၏၊ ထိုတရားသည် အကိန်းတရားနှင့်တကွ ပျက်စီး၏၊ ပျက်စီးသော ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ အကြင်တရားကို အာရုံပြု၍ အကိန်းတရားသည် မကိန်းဝပ်၊ ထိုတရားသည် အကိန်းတရားနှင့်တကွ မပျက်စီး၊ မပျက်စီးသော ထိုအကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက် ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား သိပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်း ဟောထားသည့် တရား၏ အကျယ်ဖြစ်သော အနက် အဓိပ္ပါယ်ကို သင် အဘယ်သို့ သိသနည်း။ အသျှင်ဘုရား ရုပ်ကိုအာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုရုပ်သည် အကိန်း တရားနှင့်တကွ ပျက်စီး၏၊ ထိုပျက်စီးသော အကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ရဟန်း ဝိညာဏ်ကို အာရုံ၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုဝိညာဏ်သည် အကိန်း တရားနှင့်တကွ ပျက်စီး၏၊ ထိုပျက်စီးသော အကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူ

ဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ အသျှင်ဘုရား ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုရုပ်သည် အကိန်းတရားနှင့်တကွ မပျက်စီး၊ ထိုမပျက်စီးသော ရုပ်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုဝိညာဏ်သည် အကိန်းတရားနှင့်တကွ မပျက်စီး၊ ထိုမပျက်စီးသော ဝိညာဏ်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ အသျှင်ဘုရား မြတ်စွာဘုရား အကျဉ်းဟောထားသော ဤတရား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ ဟု လျှောက်၏။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း ငါအကျဉ်း ဟောထားသော တရား၏ အကျယ်ဖြစ်သော အနက်ကို သင် ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုရုပ်သည် အကိန်းတရားနှင့်တကွ ပျက်စီး၏၊ ထိုပျက်စီးသော အကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏။ ရဟန်း ဝေဒနာကို။သညာကို။ သင်္ခါရတို့ကို။ ရဟန်း ဝိညာဏ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ ကိန်းငြားအံ့၊ ထိုဝိညာဏ်သည် အကိန်းတရားနှင့်တကွ ပျက်စီး၏၊ ထိုပျက်စီးသော အကိန်းတရားဖြင့် (တပ်မက်သူ ပြစ်မှားသူ တွေဝေသူဟူ၍) ခေါ်ဝေါ်ပညတ်ခြင်းသို့ ရောက်၏၊ ရဟန်း ရုပ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုရုပ်သည် အကိန်းတရားနှင့်တကွ မပျက်စီး၊ ထိုမပျက်စီးသော ရုပ်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အာရုံပြု၍ အကိန်းတရားသည် အကယ်၍ မကိန်းငြားအံ့၊ ထိုဝိညာဏ်သည် အကိန်းတရားနှင့်တကွ မပျက်စီး၊ ထိုမပျက်စီးသော ဝိညာဏ်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသို့ မရောက်၊ ရဟန်း ငါအကျဉ်း ဟောထားသော ဤတရား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်သင့်၏ ။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အာနန္ဒသုတ်

၃၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည်။ပ။ တခုသော နေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ အာနန္ဒာ သင့်ကို ငါ့သျှင် အာနန္ဒာ အဘယ်တရားတို့၏ ဖြစ်ပေါ်မှုသည် ထင်သနည်း၊ ပျက်မှုသည် ထင်သနည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်သနည်း ဟု အကယ်၍မေးလာကြကုန်မူ၊ အာနန္ဒာ ဤသို့ အမေး ခံရသော သင်သည် အဘယ်သို့ ဖြေမည်နည်း ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား အကယ်၍ ဝါပည့် တော်ကို ငါ့သျှင်အာနန္ဒာ အဘယ်တရားတို့၏ ဖြစ်ပေါ်မှုသည် ထင်သနည်း၊ ပျက်မှုသည် ထင် သနည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်သနည်း ဟု ဤသို့ မေးလာကြကုန်မူ အသျှင်ဘုရား ဤသို့ အမေးခံရသော အကျွန်ုပ်သည် ငါ့သျှင်တို့ ရုပ်၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊တည်သော ရုပ်၏ ဖောက်ပြန်မှုသည် ထင်၏၊ ခံစားမှု 'ဝေဒနာ' ၏။ မှတ်သားမှု 'သညာ' ၏။ ပြုပြင်မှု 'သင်္ခါရ' တို့၏။ ဝိညာဏ်၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော ဝိညာဏ်၏ ဖောက်ပြန်မှုသည် ထင်၏၊ ငါ့သျှင်တို့ ဤတရားတို့၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်ကုန်သော တရားတို့၏ ဖောက်ပြန်မှုသည် ထင်၏ဟု ဖြေပါအံ့၊ အသျှင် ဘုရား ဤသို့ အမေးခံရသော အကျွန်ုပ်သည် ဤသို့ ဖြေပါအံ့။

အာနန္ဒာ ကောင်းပေစွ ကောင်းပေစွ၊ အာနန္ဒာ ရုပ်၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သောရုပ်၏ ဖောက်ပြန်မှုသည် ထင်၏၊ ခံစားမှု 'ဝေဒနာ'၏။ မှတ်သားမှု 'သညာ'၏။ ပြုပြင်မှု 'သင်္ခါရ' တို့၏။ ဝိညာဏ်၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော ဝိညာဏ်၏ ဖောက်ပြန်မှုသည် ထင်၏၊ အာနန္ဒာ ဤတရားတို့၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သောတရားတို့၏ ဖောက်ပြန်မှုသည် ထင်၏၊ အာနန္ဒာ ဤသို့ အမေး ခံရသော သင်သည် ဤသို့ ဖြေရာ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ အာနန္ဒသုတ်

၃၈။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရား သည် ဤစကားကို မိန့်တော်မူ၏—အာနန္ဒာ သင့်ကို ငါ့သျှင်အာနန္ဒာ အဘယ်တရားတို့၏ ဖြစ်မှု သည် ထင်ခဲ့သနည်း၊ ပျက်မှုသည် ထင်ခဲ့သနည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်ခဲ့ သနည်း၊ အဘယ်တရားတို့၏ ဖြစ်မှုသည် ထင်လတ္တံ့နည်း၊ ပျက်မှုသည် ထင်လတ္တံ့နည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့နည်း၊ အဘယ်တရားတို့၏ ဖြစ်မှုသည် ထင်သနည်း၊ ပျက်မှု သည် ထင်သနည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်သနည်း ဟု မေးခဲ့ငြားအံ့၊ အာနန္ဒာ ဤသို့ အမေးခံရသော သင်သည် အဘယ်သို့ ဖြေမည်နည်း။ အသျှင်ဘုရား ငါ့သျှင် အာနန္ဒာ အဘယ်တရားတို့၏ ဖြစ်မှုသည် ထင်ခဲ့သနည်း၊ ပျက်မှုသည် ထင်ခဲ့သနည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်ခဲ့သနည်း၊ အဘယ်တရားတို့၏ ဖြစ်မှုသည် ထင်လတ္တံ့နည်း၊ ပျက်မှု သည် ထင်လတ္တံ့နည်း၊ တည်သောတရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့နည်း၊ အဘယ်တရား တို့၏ ဖြစ်မှုသည် ထင်သနည်း၊ ပျက်မှုသည် ထင်သနည်း၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်သနည်း ဟု အကျွန်ုပ်ကို ဤသို့ မေးခဲ့ငြားအံ့၊ အသျှင်ဘုရား ဤသို့ အမေးခံရသော တပည့်တော် သည် အကြင်ရုပ်သည် လွန်ခဲ့၏၊ ချုပ်ခဲ့၏၊ ပြောင်းလွှဲခဲ့၏၊ ထိုရုပ်၏ ဖြစ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှု သည် ထင်ခဲ့ပြီ၊ တည်သောရုပ်၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ အကြင်ဝေဒနာသည် လွန်ခဲ့၏၊ ချုပ်ခဲ့၏၊ ပြောင်းလွှဲခဲ့၏၊ ထိုဝေဒနာ၏ ဖြစ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှုသည် ထင်ခဲ့ပြီ၊ တည်သော ဝေဒနာ၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ အကြင်သညာသည်။ အကြင်သင်္ခါရတို့သည် လွန်ခဲ့ကုန် ၏၊ ချုပ်ခဲ့ကုန်၏၊ ပြောင်းလွှဲခဲ့ကုန်၏၊ ထိုသင်္ခါရတို့၏ ဖြစ်ပေါ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှုသည် ထင်ခဲ့ ပြီ၊ တည်သောသင်္ခါရ၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ အကြင်ဝိညာဏ်သည် လွန်ခဲ့၏၊ ချုပ်ခဲ့၏၊ ပြောင်းလွှဲခဲ့၏၊ ထိုဝိညာဏ်၏ ဖြစ်မှုသည် ထင်ခဲ့ပြီ၊ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ တည်သော ဝိညာဏ်၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ ငါ့သျှင်တို့ ဤတရားတို့၏ ဖြစ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှု သည် ထင်ခဲ့ပြီ၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ။

ငါ့သျှင်တို့ အကြင်ရုပ်သည် မဖြစ်ပေါ်သေး၊ မထင်ရှားသေး၊ ထိုရုပ်၏ ဖြစ်မှုသည် ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သောတရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့၊ အကြင်ဝေဒနာသည် မဖြစ်ပေါ်သေး၊ မထင်ရှားသေး၊ ထိုဝေဒနာ၏ ဖြစ်မှုသည် ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သောတရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့၊ အကြင်သညာသည်။ပ။ အကြင်သင်္ခါရတို့ သည် မဖြစ်ပေါ်ကုန်သေး၊ မထင်ရှားကုန်သေး၊ ထိုသင်္ခါရတို့၏ ဖြစ်ပေါ်မှုသည် ထင်လတ္တံ့၊

ပျက်မှုသည် ထင်လတ္တံ့၊ တည်သောတရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့၊ အကြင်ဝိညာဏ်သည် မဖြစ်ပေါ်သေး၊ မထင်ရှားသေး၊ ထိုဝိညာဏ်၏ ဖြစ်မှုလည်း ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သောတရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့၊ ငါ့သျှင်တို့ ဤတရားတို့၏ ဖြစ်မှုသည် ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့။

ငါ့သျှင်တို့ အကြင်ရုပ်သည် ဖြစ်ပေါ်၏၊ ထင်ရှားဖြစ်၏၊ ထိုရုပ်၏ ဖြစ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏၊ အကြင်ဝေဒနာသည် ဖြစ်ပေါ်၏၊ ထင်ရှားဖြစ်၏။ပ။ အကြင်သညာသည်။ အကြင်သင်္ခါရတို့သည် ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏၊ ထိုသင်္ခါရတို့၏ ဖြစ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏၊ အကြင်ဝိညာဏ်သည် ဖြစ်ပေါ်၏၊ ထင်ရှားဖြစ်၏၊ ထိုဝိညာဏ်၏ ဖြစ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏၊ ငါ့သျှင်တို့ ဤတရားတို့၏ ဖြစ်ပေါ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏ ဟု ဤသို့ ဖြေပါအံ့၊ မြတ်စွာဘုရား ဤသို့ အမေးခံရသော အကျွန်ုပ်သည် ဤသို့ ဖြေပါအံ့ ဟု လျှောက်၏။

အာနန္ဒာ ကောင်းပေစွ ကောင်းပေစွ၊ အာနန္ဒာ အကြင်ရုပ်သည် လွန်ခဲ့၏၊ ချုပ်ခဲ့၏၊ ပြောင်းလဲခဲ့၏၊ ထိုရုပ်၏ ဖြစ်ပေါ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှုသည် ထင်ခဲ့ပြီ၊ တည်သော ရုပ်၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ အကြင်ဝေဒနာသည်။ အကြင်သညာသည်။ အကြင်သင်္ခါရတို့သည်။ အကြင်ဝိညာဏ်သည် လွန်ခဲ့၏၊ ချုပ်ခဲ့၏၊ ပြောင်းလဲခဲ့၏၊ ထိုဝိညာဏ်၏ ဖြစ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှုသည် ထင်ခဲ့ပြီ၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ၊ အာနန္ဒာ ဤတရားတို့၏ ဖြစ်မှုသည် ထင်ခဲ့ပြီ၊ ပျက်မှုသည် ထင်ခဲ့ပြီ၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်ခဲ့ပြီ။

အာနန္ဒာ အကြင်ရုပ်သည် မဖြစ်ပေါ်သေး၊ မထင်ရှားသေး၊ ထိုရုပ်၏ ဖြစ်ပေါ်မှုသည် ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့။ အကြင်ဝေဒနာသည်။ အကြင်သညာသည်။ အကြင်သင်္ခါရတို့သည်။ အကြင်ဝိညာဏ်သည် မဖြစ်ပေါ်သေး၊ မထင်ရှားသေး၊ ထိုဝိညာဏ်၏ ဖြစ်မှုသည် ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့၊ အာနန္ဒာ ဤတရားတို့၏ ဖြစ်မှုသည် ထင်လတ္တံ့၊ ပျက်မှုသည် ထင်လတ္တံ့၊ တည်သောတရား၏ ဖောက်ပြန်မှုသည် ထင်လတ္တံ့။

အာနန္ဒာ အကြင်ရုပ်သည် ဖြစ်ပေါ်၏၊ ထင်ရှားဖြစ်၏၊ ထိုရုပ်၏ ဖြစ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏။ အကြင် ဝေဒနာသည်။ အကြင်သညာသည်။ အကြင်သင်္ခါရတို့သည်။ အကြင်ဝိညာဏ်သည် ဖြစ်ပေါ်၏၊ ထင်ရှားဖြစ်၏၊ ထိုဝိညာဏ်၏ ဖြစ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏၊ အာနန္ဒာ ဤတရားတို့၏ ဖြစ်မှုသည် ထင်၏၊ ပျက်မှုသည် ထင်၏၊ တည်သော တရား၏ ဖောက်ပြန်မှုသည် ထင်၏၊ အာနန္ဒာ ဤသို့ အမေးခံရသော သင်သည် ဤသို့ ဖြေရာ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အနုဓမ္မသုတ်

၃၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းအား ဤတရားစဉ်သည် ဖြစ်၏၊ ရုပ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေရာ၏၊ ခံစားမှု 'ဝေဒနာ'၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေရာ၏၊ မှတ်သားမှု 'သညာ'၌ ငြီးငွေ့ခြင်းများ သည် ဖြစ်၍ နေရာ၏၊ ပြုပြင်မှု 'သင်္ခါရ' တို့၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေရာ၏၊ ဝိညာဏ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေရာ၏၊ ရုပ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေသော ရဟန်းသည် ခံစားမှု'ဝေဒနာ'၌။ မှတ်သားမှု'သညာ'၌။ ပြုပြင်မှု 'သင်္ခါရ'တို့၌ ငြီးငွေ့ခြင်းများ၍ နေသော ရဟန်းသည်။ ဝိညာဏ်၌ငြီးငွေ့ခြင်းများ၍ နေသော ရဟန်းသည် ရုပ်ကို ပိုင်းခြားသိ၏။ ခံစားမှု 'ဝေဒနာ'ကို။ မှတ်သားမှု'သညာ'ကို။ ပြုပြင်မှု'သင်္ခါရ'တို့ကို။ ဝိညာဏ်ကို ပိုင်းခြားသိ၏၊ ထိုရဟန်း သည် ရုပ်ကို ပိုင်းခြားသိသော် ခံစားမှု 'ဝေဒနာ'ကို။ မှတ်သားမှု 'သညာ'ကို။ ပြုပြင်မှု 'သင်္ခါရ' တို့ကို။ဝိညာဏ်ကို ပိုင်းခြားသိသော် ရုပ်မှ လွတ်၏၊ ခံစားမှု'ဝေဒနာ'မှ လွတ်၏၊မှတ်သားမှု'သညာ'မှ လွတ်၏၊ ပြုပြင်မှု သင်္ခါရတို့မှ လွတ်၏၊ ဝိညာဏ်မှ လွတ်၏၊ ပဋိသန္ဓေနေမှုမှ အိုမှု သေမှုမှ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့မှ လွတ်၏၊ ဆင်းရဲအပေါင်းမှ လွတ်၏ ဟု (ငါ) ဟော၏။

သတ္တမသုတ်။

---

## ၈-ဒုတိယ အနုဓမ္မသုတ်

၄၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လောကုတ္တရာ တရားအားလျော်သောအကျင့်ကို ကျင့်လေ့ ရှိသော ရဟန်းအား ဤတရားစဉ်သည် ဖြစ်၏၊ ရုပ်၌ မမြဲဟု အစဉ်ရှုလေ့ရှိသည် ဖြစ်၍ နေရာ၏။ပ။ ဆင်းရဲအပေါင်းမှ လွတ်၏ဟု (ငါ) ဟော၏။

အဋ္ဌမသုတ်။

---

## ၉-တတိယ အနုဓမ္မသုတ်

၄၁။ သာဝတ္ထိနိဒါန်း။ လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်လေ့ရှိသော ရဟန်းအား ဤတရားစဉ်သည်ဖြစ်၏၊ ရုပ်၌ ဆင်းရဲတည်းဟု အစဉ်ရှုလေ့ရှိသည် ဖြစ်၍ နေရာ၏။ပ။ ဆင်းရဲအပေါင်းမှ လွတ်၏ဟု (ငါ) ဟော၏။

နဝမသုတ်။

---

## ၁၀-စတုတ္ထ အနုဓမ္မသုတ်

၄၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းအား ဤတရားစဉ်သည်ဖြစ်၏၊ ရုပ်၌ ကိုယ်'အတ္တ'မဟုတ်ဟု အစဉ်ရှုလေ့ရှိသည် ဖြစ်၍ နေရာ၏၊ ခံစားမှု 'ဝေဒနာ'၌။ မှတ်သားမှု 'သညာ'၌။ ပြုပြင်မှု 'သင်္ခါရ'တို့၌။ ဝိညာဏ်၌ ကိုယ် 'အတ္တ' မဟုတ်ဟု အစဉ်ရှုလေ့ရှိသည် ဖြစ်၍ နေရာ၏၊ ရုပ်၌ ကိုယ်'အတ္တ'မဟုတ်ဟု အစဉ်ရှုလေ့

ရှိသည်ဖြစ်၍ နေသော ရဟန်းသည်။ပ။ ရုပ်ကို ပိုင်းခြားသိ၏၊ ခံစားမှု'ဝေဒနာ'ကို။ မှတ်သားမှု 'သညာ'ကို။ ပြုပြင်မှု 'သင်္ခါရ'တို့ကို။ ဝိညာဏ်ကို ပိုင်းခြားသိ၏၊ ထိုရဟန်းသည် ရုပ်ကို ပိုင်းခြားသိသော်။ ခံစားမှု 'ဝေဒနာ'ကို။ မှတ်သားမှု 'သညာ'ကို။ ပြုပြင်မှု 'သင်္ခါရ'တို့ကို။ ဝိညာဏ်ကို ပိုင်းခြားသိသော် ရုပ်မှ လွတ်၏၊ ခံစားမှု 'ဝေဒနာ'မှလွတ်၏၊ မှတ်သားမှု 'သညာ'မှ လွတ်၏၊ ပြုပြင်မှု 'သင်္ခါရ'တို့မှ လွတ်၏၊ ဝိညာဏ်မှ လွတ်၏၊ ပဋိသန္ဓေနေမှုမှ အိုမှု သေမှုမှ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့မှ လွတ်၏၊ ဆင်းရဲအပေါင်းမှ လွတ်၏ဟု (ငါ) ဟော၏။

ဒသမသုတ်။

လေးခုမြောက် နတုမှာကဝဂ် ပြီး၏။

---

## ၅-အတ္တဒီပဝဂ် ၁-အတ္တဒီပသုတ်

၄၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မိမိကိုယ်ကိုသာ မှီခိုကြလျက် မိမိကိုယ်ကိုသာ အားထားကြလျက် အခြားတပါးကို အားမကိုးကြပဲ တရားကိုသာ မှီခိုကြလျက် တရားကိုသာ အားထားကြလျက် အခြားတပါးကို အားမထားကြပဲ နေကြကုန်လော့၊ ရဟန်းတို့ မိမိကိုယ်ကိုသာ မှီခိုကြလျက် မိမိကိုယ်ကိုသာ အားထားကြလျက် အခြားတပါးကို အားမထားကြပဲ တရားကိုသာ မှီခိုကြလျက် တရားကိုသာ အားထားကြလျက် အခြားတပါးကို အားမထားကြပဲ နေသူတို့သည် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း၊ အဘယ်လျှင် အမွန်အစရှိကုန်သနည်းဟု အကြောင်းကို စူးစမ်း ဆင်ခြင်အပ်၏။

ရဟန်းတို့ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ အဘယ်လျှင် အမွန်အစရှိကုန်သနည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ရှု၏၊ ရုပ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ရုပ်ဟူ၍သော်၎င်း ရုပ်၌အတ္တဟူ၍သော်၎င်း ရှု၏၊ ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ရုပ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ပေါ်ကုန်၏။ ဝေဒနာကို အတ္တဟူ၍ရှု၏၊ ဝေဒနာရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝေဒနာဟူ၍သော်၎င်း ဝေဒနာ၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ထိုသူ၏ ထိုဝေဒနာသည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝေဒနာ၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု။ပ။ ပင်ပန်းမှုတို့သည် ဖြစ်ပေါ်ကုန်၏။ သညာကို အတ္တဟူ၍ရှု၏။ သင်္ခါရတို့ကို အတ္တဟူ၍ ရှု၏။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝိညာဏ်ဟူ၍သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ထိုသူ၏ ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသူအား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ပေါ်ကုန်၏။

ရဟန်းတို့ ရုပ်၏သာလျှင် မမြဲသည့်အဖြစ်ကို၎င်း ဖောက်ပြန်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းကို၎င်း သိ၍ ရှေးကရုပ်သည်၎င်း ယခုရုပ်သည်၎င်း ရုပ်အားလုံးသည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ခြင်း

သဘောရှိ၏ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုသောသူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ပျောက်ကင်းကုန်၏၊ ထို(စိုးရိမ်မှုစသည်) တို့၏ ပျောက်ကင်းခြင်းကြောင့် မတောင့်တ၊ မတောင့်တသည် ရှိသော် ချမ်းသာစွာ နေရ၏၊ ချမ်းသာစွာနေရသော ရဟန်းကို တခဏ ငြိမ်းအေးသူဟု ဆိုအပ်၏။

ရဟန်းတို့ ဝေဒနာ၏သာလျှင် မမြဲသည့်အဖြစ်ကိုရင်း ဖောက်ပြန်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းကိုရင်း သိ၍ ရှေးကဝေဒနာသည်ရင်း ယခုဝေဒနာသည်ရင်း ဝေဒနာအားလုံးသည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ခြင်းသဘော ရှိ၏ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသော သူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ပျောက်ကင်း ကုန်၏၊ ထို(စိုးရိမ်မှုစသည်)တို့၏ပျောက်ကင်းခြင်းကြောင့် မတောင့်တ၊ မတောင့်တသည်ရှိသော် ချမ်းသာစွာနေရ၏၊ ချမ်းသာစွာနေရသော ရဟန်းကို တခဏငြိမ်းအေးသူဟု ဆိုအပ်၏။ သညာ ၏။ပ။ ရဟန်းတို့ သင်္ခါရတို့၏သာလျှင် မမြဲသည့်အဖြစ်ကိုရင်း ဖောက်ပြန်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းကိုရင်း သိ၍ ရှေးကသင်္ခါရတို့သည်ရင်း ယခုသင်္ခါရတို့သည်ရင်း သင်္ခါရအားလုံးတို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏ဟု သင်္ခါရတို့ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ပျောက်ကင်း ကုန်၏၊ ထို (စိုးရိမ်မှု စသည်)တို့၏ ပျောက်ကင်း ခြင်းကြောင့် မတောင့်တ၊ မတောင့်တသည် ရှိသော် ချမ်းသာစွာ နေရ၏၊ ချမ်းသာစွာ နေရသော ရဟန်းကို တခဏငြိမ်းအေးသူဟု ဆိုအပ်၏။

ရဟန်းတို့ ဝိညာဏ်၏သာလျှင် မမြဲသည့် အဖြစ်ကိုရင်း ဖောက်ပြန်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းကိုရင်း သိ၍ ရှေးကဝိညာဏ်သည်ရင်း ယခုဝိညာဏ်သည်ရင်း ဝိညာဏ်အားလုံးသည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ခြင်းသဘောရှိ၏ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုသော သူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ပျောက်ကင်း ကုန်၏၊ ထို(စိုးရိမ်မှုစသည်)တို့၏ ပျောက်ကင်းခြင်းကြောင့် မတောင့်တ၊ မတောင့်တသည်ရှိသော် ချမ်းသာစွာနေရ၏၊ ချမ်းသာစွာနေရသော ရဟန်းကို တခဏငြိမ်းအေးသူဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပဋိပဒါသုတ်

၄၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သက္ကာယ ဖြစ်ပေါ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ကို ရင်း သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ကိုရင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန် လော့။ ရဟန်းတို့ သက္ကာယဖြစ်ပေါ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အကြားအမြင်မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တဟူ၍သော်ရင်း အတ္တ၌ ရုပ်ဟူ၍သော်ရင်း ရုပ်၌ အတ္တ ဟူ၍သော်ရင်း ရှု၏။ ဝေဒနာကို အတ္တဟူ၍ ရှု၏။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍

ရှု၏၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝိညာဏ်ဟူ၍ သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍ သော်၎င်း ရှု၏၊ ရဟန်းတို့ ဤအကျင့်ကို သက္ကာယ ဖြစ်ပေါ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူ၍ ဆိုအပ်၏၊ ရဟန်းတို့ သက္ကာယဖြစ်ပေါ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူသော ဤစကားကို ဆင်းရဲဖြစ်ပေါ်ခြင်းသို့ ရောက်စေတတ်သော ရှုမှုဟု ဆိုအပ်၏၊ ဤသည်ပင်လျှင် ဤပုဒ်၌ အနက်တည်း။

ရဟန်းတို့ သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ရုပ်ဟူ၍သော်၎င်း ရုပ်၌ အတ္တဟူ၍သော်၎င်း မရှု။ ဝေဒနာကို အတ္တဟူ၍ မရှု။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ မရှု၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝိညာဏ်ဟူ၍သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍သော်၎င်း မရှု၊ ရဟန်းတို့ ဤအကျင့်ကို သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူ၍ ဆိုအပ်၏၊ ရဟန်းတို့ သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူသောစကားကို ဆင်းရဲချုပ်ခြင်းသို့ ရောက်စေတတ်သော ရှုမှုဟု ဆိုအပ်၏၊ ဤသည်ပင်လျှင် ဤပုဒ်၌ အနက်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အနိစ္စသုတ်

၄၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ် ဟု ဤသို့သာလျှင် ထိုရုပ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဤသို့ထိုရုပ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုသောသူ၏ စိတ်သည် တပ်မက်မှု ကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏၊ ဝေဒနာသည် မမြဲ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဏ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့သာလျှင် ထိုဝိညာဏ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဤသို့ ထိုဝိညာဏ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏ စိတ်သည် တပ်မက်မှု ကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏။

ရဟန်းတို့ ရုပ်ဓာတ်၌ ရဟန်း၏စိတ်သည် အကယ်၍ တပ်မက်မှု ကင်းငြားအံ့၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏၊ ဝေဒနာဓာတ်၌။ပ။ သညာဓာတ်၌။ သင်္ခါရဓာတ်၌။ ရဟန်းတို့ ဝိညာဏဓာတ်၌ ရဟန်း၏ စိတ်သည် အကယ်၍ တပ်မက်မှု ကင်းငြားအံ့၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏၊ လွတ်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသည်ရှိသော် မျက်မှောက်၌သာလျှင် ငြိမ်းအေး၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏"ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုတိယ အနိစ္စသုတ်

၄၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဝေဒနာသည် မမြဲ။ သညာသည် မမြဲ။ သင်္ခါရတို့သည် မမြဲကုန်။ ဝိညာဏ်သည် မမြဲ၊ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဏ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဤသို့ ထိုဝိညာဏ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူအား ရှေးအဘို့ကို စွဲယူသော အယူတို့သည် မဖြစ်နိုင်ကုန်၊ ရှေးအဘို့ကို စွဲယူသော အယူတို့ မရှိသော် နောက်အဘို့ကို စွဲယူသော အယူတို့သည် မဖြစ်နိုင်ကုန်၊ နောက်အဘို့ကို စွဲယူသောအယူတို့ မရှိသော် ဒိဋ္ဌိ အားအစွမ်းသည်၎င်း အမှားသုံးသပ်ခြင်းသည်၎င်း မဖြစ်နိုင်၊ ဒိဋ္ဌိ အားအစွမ်းသည်၎င်း အမှားသုံးသပ်ခြင်းသည်၎င်း မရှိခဲ့သော် ရုပ်၌။ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ စိတ်သည် တပ်မက်မှု ကင်း၍၊ မဖွဲ့လမ်းမူ၍ အာသဝေါတို့မှ လွတ်၏၊ လွတ်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသည်ရှိသော် မျက်မှောက်၌သာလျှင် ငြိမ်းအေး၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ"ဟု သိ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သမနုပဿနာသုတ်

၄၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အတ္တကို ရှုကြကုန်သော ခပ်သိမ်းသော သမဏဗြာဟ္မဏတို့သည် အတ္တကို အမျိုးမျိုး ရှုကြကုန်၏ ထိုသူအားလုံးတို့သည် ဥပါဒါနက္ခန္ဓာ ငါးမျိုးကိုသော်၎င်း ထိုငါးမျိုးတို့တွင် တမျိုးမျိုးကိုသော်၎င်း ရှုကုန်၏၊ အဘယ် ငါးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာ တရား၌ မလိမ္မာသော အရိယာ တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ရုပ်ဟူ၍သော်၎င်း ရုပ်၌ အတ္တဟူ၍သော်၎င်း ရှု၏။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်၎င်း အတ္တ၌ ဝိညာဏ်ဟူ၍သော်၎င်း ဝိညာဏ်၌ အတ္တဟူ၍သော်၎င်း ရှု၏၊ ဤသို့ ရှုမှုသည် ထိုသူအား ငါဖြစ်၏ဟူသော စွဲလမ်းမှု မကင်းခြင်း ဖြစ်၏၊ ရဟန်းတို့ ငါဖြစ်၏ဟူ၍ စွဲလမ်းမှု မကင်းလတ်သော် စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဟူသော ဣန္ဒြေငါးမျိုးတို့၏ သက်ရောက်မှု ဖြစ်၏၊ ရဟန်းတို့ စိတ်သည်ရှိ၏၊ အာရုံတရားတို့သည် ရှိကုန်၏၊ အဝိဇ္ဇာဓာတ်သည် ရှိ၏၊ ရဟန်းတို့ အဝိဇ္ဇာဓာတ်နှင့် ယှဉ်သည့် တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှုဖြင့် တွေ့ထိအပ်သော အကြားအမြင် မရှိသော ထိုပုထုဇဉ်အား ငါဖြစ်၏ ဟူ၍လည်း ဖြစ်၏၊ ဤအရာသည် ငါဖြစ်၏ ဟူ၍လည်း ဖြစ်၏၊ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း ဖြစ်၏၊ မဖြစ်ကုန်လတ္တံ့ ဟူ၍

လည်း ဖြစ်၏၊ ရုပ်ရှိသည်တို့ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း ဖြစ်၏၊ ရုပ်မရှိသည်တို့ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း ဖြစ်၏၊ သညာရှိသည်တို့ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း ဖြစ်၏၊ သညာမရှိသည်တို့ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း ဖြစ်၏၊ သညာရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သည်တို့ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း ဖြစ်၏။

ရဟန်းတို့ ထိုခန္ဓာတို့၌သာလျှင် ဤငါးမျိုးတို့ တည်ကုန်သည်သာတည်း၊ ဤသို့ တည်သော ဤငါးမျိုးတို့၌ အကြားအမြင်ရှိသော အရိယာတပည့်အား အဝိဇ္ဇာ ကင်းပျောက်၏၊ ဝိဇ္ဇာ ဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်အား အဝိဇ္ဇာချုပ်ခြင်း ဝိဇ္ဇာဖြစ်ပေါ်လာခြင်းကြောင့် ငါ ဖြစ်၏ ဟူ၍လည်း မဖြစ်တော့ချေ။ ဤအရာသည် ငါဖြစ်၏ဟူ၍လည်း မဖြစ်တော့ချေ၊ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း။ မဖြစ်ကုန်လတ္တံ့ ဟူ၍လည်း။ ရုပ်ရှိသည်တို့။ ရုပ်မရှိသည်တို့။ သညာရှိသည်တို့။ သညာမရှိသည်တို့၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည် မဟုတ်သည်တို့ ဖြစ်ကုန်လတ္တံ့ ဟူ၍လည်း မဖြစ်တော့ချေ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၆-ခန္ဓသုတ်

၄၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ခန္ဓာငါးမျိုးတို့ကိုလည်း ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ ခန္ဓာငါးမျိုးတို့ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ရူပက္ခန္ဓာဟု ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်း ဖြစ်သော။ပ။ ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးကို သင်္ခါရက္ခန္ဓာဟု ဆိုအပ်၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်း ဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဝိညာဏက္ခန္ဓာဟု ဆိုအပ်၏၊ ရဟန်းတို့ ဤတရားတို့ကို ခန္ဓာငါးမျိုးတို့ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—ရဟန်းတို့ အာသဝေါ၏ အာရုံဖြစ်၍ စွဲလမ်းအပ်သော အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော။ပ။ အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဥပါဒါနက္ခန္ဓာဟု ဆိုအပ်၏။အာသဝေါ၏အာရုံဖြစ်၍ စွဲလမ်းအပ်သော။ပ။ အဝေးအနီးလည်း ဖြစ်သော ဝေဒနာအားလုံးကို ဝေဒနုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။ အာသဝေါ၏ အာရုံဖြစ်၍ စွဲလမ်းအပ်သော။ပ။ အဝေးအနီးလည်းဖြစ်သော သညာအားလုံးကို သညုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။ အာသဝေါ၏ အာရုံဖြစ်၍ စွဲလမ်းအပ်သော။ပ။ သင်္ခါရအားလုံးကို သင်္ခါရုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။ အာသဝေါ၏ အာရုံဖြစ်၍ စွဲလမ်းအပ်သော အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဝိညာဏုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။ ရဟန်းတို့ ဤတရားတို့ကို ဥပါဒါနက္ခန္ဓာငါးမျိုးတို့ဟူ၍ ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သောဏသုတ်

၄၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ သူကြွယ်သား သောဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေသော သူကြွယ်သား သောဏအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

သောဏ သမဏဗြာဟ္မဏ အချို့တို့သည် မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ဖြင့် ငါသည် အမြတ်ဆုံးဖြစ်၏ဟူ၍လည်း ရှုကုန်၏၊ ငါသည် အတန်းအစားတူ ဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ငါသည် အောက်တန်းစားဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ထိုသမဏဗြာဟ္မဏတို့အား ဟုတ်မှန်တိုင်းကို မမြင်သည်မှတပါး အခြားဆိုဖွယ် မရှိနိုင်တော့ပြီ။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာဖြင့် ငါသည် အမြတ်ဆုံး ဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ငါသည် အတန်းအစားတူဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ငါသည် အောက်တန်းစားဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ထိုသမဏဗြာဟ္မဏတို့အား ဟုတ်မှန်တိုင်းကို မမြင်သည်မှတပါး အခြားဆိုဖွယ်မရှိတော့ပြီ။ မမြဲသောသညာဖြင့်။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိကုန်သော သင်္ခါရတို့ဖြင့် ငါသည် အမြတ်ဆုံးဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ငါသည် အတန်းအစားတူ ဖြစ်၏ဟူ၍လည်း ရှုကုန်၏၊ ငါသည် အောက်တန်းစားဖြစ်၏ ဟူ၍လည်း ရှုကုန်၏ ထိုသမဏဗြာဟ္မဏတို့အား ဟုတ်မှန်တိုင်းကို မမြင်သည်မှတပါး အခြားဆိုဖွယ် မရှိတော့ချေ။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ဖြင့် ငါသည် အမြတ်ဆုံးဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ငါသည် အတန်းအစားတူ ဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ငါသည် အောက်တန်းစားဖြစ်၏ ဟူ၍လည်း ရှုကုန်၏၊ ထိုသမဏဗြာဟ္မဏတို့အား ဟုတ်မှန်တိုင်း မမြင်သည်မှတပါး အခြားဆိုဖွယ် မရှိတော့ချေ။

သောဏ သမဏဗြာဟ္မဏအချို့တို့သည် မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ဖြင့် ငါသည် အမြတ်ဆုံးဖြစ်၏ ဟူ၍လည်း မရှုကုန်၊ ငါသည် အတန်းအစားတူ ဖြစ်၏ ဟူ၍လည်း မရှုကုန်၊ ငါသည် အောက်တန်းစားဖြစ်၏ ဟူ၍လည်း မရှုကုန်၊ ထိုသမဏဗြာဟ္မဏတို့အား ဟုတ်မှန်တိုင်းကို မြင်သည်မှတပါး အခြားဆိုဖွယ် မရှိတော့ချေ။ မမြဲသောဝေဒနာဖြင့်။ မမြဲသောသညာဖြင့်။ မမြဲကုန်သော သင်္ခါရတို့ဖြင့်။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ဖြင့် ငါသည် အမြတ်ဆုံးဖြစ်၏ ဟူ၍လည်း မရှုကုန်၊ ငါသည် အတန်းအစားတူ ဖြစ်၏ ဟူ၍လည်း မရှုကုန်၊ ငါသည် အောက်တန်းစားဖြစ်၏ ဟူ၍လည်း မရှုကုန်၊ ထိုသမဏဗြာဟ္မဏတို့အား ဟုတ်မှန်တိုင်းကို မြင်သည်မှတပါး အခြားဆိုဖွယ် မရှိတော့ချေ။

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏အတ္တတည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော

ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ အတ္တတည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

သောဏ ထို့ကြောင့်ပင် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော အတွင်းအပြင်လည်း ဖြစ်သော အကြမ်းအနုလည်း ဖြစ်သော အယုတ် အမြတ်လည်း ဖြစ်သော အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ ဝိညာဏ်အားလုံးကို ဤအားလုံးသောဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

သောဏ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်မက်မှုကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ သောဏသုတ်

၅၀။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ထိုအခါ သူကြွယ်သား သောဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော သူကြွယ်သား သောဏအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

သောဏ သမဏဗြာဟ္မဏအချို့တို့သည် ရုပ်ကို မသိကုန်၊ ရုပ်ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ရုပ်ချုပ်ရာကို မသိကုန်၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို မသိကုန်။ ဝေဒနာကို မသိကုန်၊ ဝေဒနာဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ဝေဒနာချုပ်ရာကို မသိကုန်၊ဝေဒနာချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိကုန်။ သညာကို မသိကုန်။ပ။ သင်္ခါရတို့ကို မသိကုန်၊ သင်္ခါရတို့ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ သင်္ခါရတို့ချုပ်ရာကို မသိကုန်၊ သင်္ခါရတို့ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိကုန်။ ဝိညာဏ်ကို မသိကုန်၊ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ဝိညာဏ်ချုပ်ရာကို မသိကုန်၊ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိကုန်။ သောဏ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု

မသမုတ်ရကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုး ပြာဟ္မဏဖြစ်ကျိုးကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်လျက် မနေရကုန်။

သောဏ သမဏပြာဟ္မဏအချို့တို့သည်ကား ရုပ်ကိုသိကုန်၏၊ ရုပ်ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ ရုပ်ချုပ်ရာကို သိကုန်၏၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏၊ ဝေဒနာကို သိကုန်၏။ပ။သညာကို သိကုန်၏။သင်္ခါရတို့ကို သိကုန်၏။ဝိညာဏ်ကို သိကုန်၏၊ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ ဝိညာဏ်ချုပ်ရာကို သိကုန်၏၊ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏၊သောဏ ထိုသမဏပြာဟ္မဏတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ပြာဟ္မဏတို့တွင်လည်း ပြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည်ကား သမဏဖြစ်ကျိုးကိုရင်း ပြာဟ္မဏဖြစ်ကျိုးကိုရင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်လျက် နေရကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-နန္ဒိက္ခယသုတ်

၅၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော ရုပ်ကို မမြဲဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏ ကောင်းသောအမြင်ဖြစ်၏၊ ကောင်းစွာမြင်သော် ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှု ကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော ဝေဒနာကို မမြဲဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏ ကောင်းသောအမြင်ဖြစ်၏၊ကောင်းစွာမြင်သော် ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော သညာကို မမြဲဟု ရှု၏။ပ။ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော သင်္ခါရတို့ကို မမြဲဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏ ကောင်းသောအမြင်ဖြစ်၏၊ ကောင်းစွာမြင်သော် ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော ဝိညာဏ်ကို မမြဲဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏ ကောင်းသော အမြင်ဖြစ်၏၊ ကောင်းစွာမြင်သော် ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ နန္ဒိက္ခယသုတ်

၅၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်ကို အသင့်အားဖြင့် နှလုံးသွင်းကြကုန်လော့၊ ရုပ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့၊ ရဟန်းတို့ ရုပ်ကို အသင့်အားဖြင့် နှလုံးသွင်းသော ရုပ်၏မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုသောရဟန်းသည် ရုပ်၌ ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်း

ကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ဝေဒနာကို အသင့်အားဖြင့် နှလုံးသွင်းကြကုန်လော့၊ ဝေဒနာ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့၊ ရဟန်းတို့ ဝေဒနာကို အသင့်အားဖြင့် နှလုံးသွင်းသော ဝေဒနာ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုသော ရဟန်းသည် ဝေဒနာ၌ ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ သညာကို။ ရဟန်းတို့ သင်္ခါရတို့ကို အသင့်အားဖြင့် နှလုံးသွင်းကြကုန်လော့၊ သင်္ခါရတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့၊ ရဟန်းတို့ သင်္ခါရတို့ကို အသင့်အားဖြင့် နှလုံးသွင်းသော သင်္ခါရတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုသော ရဟန်းသည် သင်္ခါရတို့၌ ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်ကို ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏။ရဟန်းတို့ ဝိညာဏ်ကို အသင့်အားဖြင့် နှလုံးသွင်းကြကုန်လော့၊ ဝိညာဏ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့၊ ရဟန်းတို့ ဝိညာဏ်ကို အသင့်အားဖြင့် နှလုံးသွင်းသော ဝိညာဏ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုသော ရဟန်းသည် ဝိညာဏ်၌ ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာ လွတ်မြောက်ပြီ ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် အတ္တဒီပဝဂ် ပြီး၏။

## (၆) ၁-ဥပယဝဂ် ၁-ဥပယသုတ်

၅၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ကပ်ရောက်သောသူသည် မလွတ်မြောက်၊ မကပ်ရောက်သောသူသည် လွတ်မြောက်၏၊ ရဟန်းတို့ ဝိညာဏ်တည်သည်ရှိသော် ရုပ်သို့ ကပ်ရောက်၍မူလည်း တည်ရာ၏၊ ရုပ်လျှင် အာရုံရှိသော ရုပ်လျှင် တည်ရာရှိသော ဝိညာဏ်သည် နှစ်သက်မှု တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ဝိညာဏ်တည်သည်ရှိသော် သင်္ခါရသို့ကပ်ရောက်၍မူလည်း တည်ရာ၏၊ သင်္ခါရလျှင် အာရုံရှိသော သင်္ခါရလျှင် တည်ရာရှိသော ဝိညာဏ်သည် နှစ်သက်မှု တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရာ၏။

ရဟန်းတို့ တစ်ဦးတယောက်က ငါသည် ရုပ်ကို ဖယ်ထား၍ ဝေဒနာကို ဖယ်ထား၍ သညာကို ဖယ်ထား၍ သင်္ခါရတို့ကို ဖယ်ထား၍ ဝိညာဏ်လာခြင်း သွားခြင်း သေခြင်း ဖြစ်ခြင်း ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းကို ပညတ်အံ့ဟု ဆိုရာ၏၊ ဤအကြောင်းမျိုးသည် မရှိနိုင်။

ရဟန်းတို့ ရဟန်းသည် ရုပ်ဓာတ်၌ စွဲမက်မှုကို အကယ်၍ ပယ်အပ်သည် ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည် ပြတ်၏၊ ဝိညာဏ်၏ တည်ရာမဖြစ်နိုင်။ ရဟန်းတို့ ဝေဒနာဓာတ်၌။ ရဟန်းတို့ သညာဓာတ်၌။ ရဟန်းတို့ သင်္ခါရဓာတ်၌။ ရဟန်းတို့ ရဟန်းသည် ဝိညာဏဓာတ်၌ စွဲမက်

မှုကို အကယ်၍ ပယ်အပ်သည် ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည် ပြတ်၏၊ ဝိညာဏ်၏ တည်ရာမဖြစ်နိုင်၊ တည်ရာမရှိသော ထိုဝိညာဏ်သည် စည်ပင်မှု ကင်းလျက် ပြုပြင်မှု ကင်းလျက် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသောသူသည် မျက်မှောက်ဘဝ၌သာလျှင် ငြိမ်းအေး၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဗီဇသုတ်

၅၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျိုးစေ့တို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်းဟူမူ— အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အညွန့်မျိုးစေ့ အဆစ်မျိုးစေ့ ငါးခုမြောက် အစေ့မျိုးစေ့တည်း။ ရဟန်းတို့ ဤမျိုးစေ့ငါးမျိုးတို့သည် မကျိုးကုန် မပုပ်ဆွေးကုန် လေပူ နေပူ အညှဉ်းမခံရကုန်၊ အနှစ်ရှိကုန် ကောင်းစွာ ထားအပ်ကုန်၏၊ သို့သော်လည်း မြေသည်၎င်း ရေသည်၎င်း မရှိခဲ့ရာ၊ ဤမျိုးစေ့ငါးမျိုးတို့သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာအံ့လော၊ မရောက်နိုင်ပါ အသျှင်ဘုရား။ ရဟန်းတို့ မျိုးစေ့ ငါးမျိုးတို့သည် မကျိုးကုန်။ပ။ ကောင်းစွာ ထားအပ်ကုန်၏။ မြေသည်၎င်း ရေသည်၎င်း ရှိခဲ့ရာ၏၊ ရဟန်းတို့ ဤမျိုးစေ့ ငါးမျိုးတို့သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာအံ့လော၊ ရောက်နိုင်ပါသည် အသျှင်ဘုရား။ ရဟန်းတို့ မြေဓာတ်ကဲ့သို့ ဤအတူ ဝိညာဏ်၏ တည်ရာလေးမျိုးတို့ကို မှတ်အပ်ကုန်၏၊ ရဟန်းတို့ ရေဓာတ်ကဲ့သို့ ဤအတူ နှစ်သက်စွဲမက်မှု 'နန္ဒိရာဂ'ကို မှတ်အပ်၏၊ ရဟန်းတို့ မျိုးစေ့ငါးမျိုးတို့ကဲ့သို့ ဤအတူ အကြောင်းနှင့်တကွသော ဝိညာဏ်ကိုမှတ်အပ်၏၊

ရဟန်းတို့ ဝိညာဏ်တည်သည်ရှိသော် ရုပ်သို့ ကပ်ရောက်၍မူလည်း တည်ရာ၏၊ ရုပ်လျှင် အာရုံရှိသော ရုပ်လျှင်တည်ရာရှိသော ဝိညာဏ်သည် နှစ်သက်မှုတဏှာဖြင့် သွန်းလောင်း အပ်သည်ဖြစ်၍ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ဝိညာဏ်တည်သည်ရှိသော် ဝေဒနာသို့ ကပ်ရောက်၍မူလည်း တည်ရာ၏။ပ။ နှစ်သက်မှု တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရာ၏။ သညာသို့ ကပ်ရောက်၍မူလည်း။ပ။ ရဟန်းတို့ ဝိညာဏ်တည်သည်ရှိသော် သင်္ခါရသို့ ကပ်ရောက်၍မူလည်း တည်ရာ၏။ သင်္ခါရလျှင် အာရုံရှိသော သင်္ခါရလျှင် တည်ရာရှိသော ဝိညာဏ်သည် နှစ်သက်မှု တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရာ၏၊

ရဟန်းတို့ တစ်ဦးတယောက်က ငါသည် ရုပ်ကို ဖယ်ထား၍ ဝေဒနာကိုဖယ်ထား၍ သညာကို ဖယ်ထား၍ သင်္ခါရတို့ကို ဖယ်ထား၍ ဝိညာဏ်၏လာခြင်း သွားခြင်း သေခြင်း ဖြစ်ခြင်း ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းကို ပညတ်၏ဟု ဆိုရာ၏၊ ဤအကြောင်းမျိုးသည် မရှိနိုင်။ ရဟန်းတို့ ရဟန်းသည် ရုပ်ဓာတ်၌ စွဲမက်မှုကို အကယ်၍ ပယ်အပ်သည်ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည် ပြတ်၏၊ ဝိညာဏ်၏ တည်ရာသည် မဖြစ်နိုင်။ ဝေဒနာဓာတ်၌ အကယ်၍။ သညာဓာတ်၌ အကယ်၍။ သင်္ခါရဓာတ်တို့၌ အကယ်၍။ ရဟန်းတို့ ရဟန်းသည် ဝိညာဏ

ခတ်၌ စွဲမက်မှုကို အကယ်၍ ပယ်အပ်သည်ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည် ပြတ်၏၊ ဝိညာဏ်၏တည်ရာသည် မဖြစ်နိုင်၊ တည်ရာမရှိသော ထိုဝိညာဏ်သည် စည်ပင်မှု ကင်းလျက် ပြုပြင်မှု ကင်းလျက် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသည် ရှိသော် မျက်မှောက်ဘဝ၌ ငြိမ်းအေး၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဥဒါနသုတ်

၅၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ဥဒါန်းကို ကျူးရင့်တော်မူ၏— "ငါမည်သော တရားသည် အကယ်၍မရှိငြားအံ့၊ ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ အကယ်၍ ပြုပြင်မှု ကမ္မာဘိသင်္ခါရ မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့"ဟု ဤသို့ နှလုံးသွင်းသော ရဟန်းသည် အောက်ပိုင်း သံယောဇဉ်တို့ကို ဖြတ်နိုင်ရာ၏"ဟု ကျူးရင့်တော်မူ၏။ ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အကယ်၍ ငါမဖြစ်ငြားအံ့၊ ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ အကယ်၍ ပြုပြင်မှု ကမ္မာဘိသင်္ခါရ မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့"ဟု ဤသို့ နှလုံးသွင်းသော ရဟန်းသည် အောက်ပိုင်း သံယောဇဉ်တို့ကို အဘယ်သို့ ဖြတ်နိုင်ရာသနည်း"ဟု လျှောက်၏။

ရဟန်း ဤလောက၌ အရိယာတို့ကို မဖူးမြင်ဘူးသော။ပ။သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တဟူ၍သော်လည်း အတ္တ၌ ရုပ်ဟူ၍ သော်လည်း ရုပ်၌ အတ္တဟူ၍သော်လည်း ရှု၏။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တဟူ၍သော်လည်း အတ္တ၌ ဝိညာဏ်ဟူ၍ သော်လည်း ဝိညာဏ်၌ အတ္တဟူ၍သော်လည်း ရှု၏။

ထိုသူသည် မမြဲသော ရုပ်ကို မမြဲသောရုပ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ မမြဲသော ဝေဒနာကို မမြဲသော ဝေဒနာဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ မမြဲသောသညာကို မမြဲသော သညာဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ မမြဲသော သင်္ခါရတို့ကို မမြဲသော သင်္ခါရတို့ဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ မမြဲသော ဝိညာဏ်ကို မမြဲသော ဝိညာဏ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ။

ဆင်းရဲသော ရုပ်ကို ဆင်းရဲသောရုပ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ ဆင်းရဲသော ဝေဒနာကို။ ဆင်းရဲသောသညာကို။ ဆင်းရဲသော သင်္ခါရတို့ကို။ ဆင်းရဲသော ဝိညာဏ်ကို ဆင်းရဲသောဝိညာဏ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ။

အတ္တမဟုတ်သော ရုပ်ကို အတ္တမဟုတ်သော ရုပ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ အတ္တမဟုတ်သော ဝေဒနာကို အတ္တမဟုတ်သောဝေဒနာဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ အတ္တမဟုတ်သော သညာကို အတ္တမဟုတ်သော သညာဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ အတ္တမဟုတ်သော သင်္ခါရ

တို့ကို အတ္တမဟုတ်သော သင်္ခါရတို့ဟု ဟုတ်မှန်သည့် အတိုင်း မသိ၊ အတ္တမဟုတ်သော ဝိညာဏ်ကို အတ္တမဟုတ်သော ဝိညာဏ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ။

အပြုခံရသော ရုပ်ကို အပြုခံရသော ရုပ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ။ အပြုခံရသော ဝေဒနာကို။ အပြုခံရသော သညာကို။ အပြုခံရသော သင်္ခါရတို့ကို။ အပြုခံရသော ဝိညာဏ်ကို အပြုခံရသော ဝိညာဏ်ဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ ရုပ်သည် ပျက်စီးလတ္တံ့ဟု ဟုတ်မှန်သည့်အတိုင်း မသိ၊ ခံစားမှု 'ဝေဒနာ'သည် ပျက်စီးလတ္တံ့။ မှတ်သားမှု 'သညာ'သည် ပျက်စီးလတ္တံ့။ ပြုပြင်မှု 'သင်္ခါရ'တို့သည် ပျက်စီးကုန်လတ္တံ့။ ဝိညာဏ်သည် ပျက်စီးလတ္တံ့ဟု ဟုတ်မှန်သည့်အတိုင်း မသိ။

ရဟန်း အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာ တရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍မရှု။ပ။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ မရှု၊ ဝိညာဏ်ရှိသော အတ္တဟူ၍ သော်ရင်း အတ္တ၌ ဝိညာဏ်ဟူ၍သော်ရင်း ဝိညာဏ်၌ အတ္တဟူ၍သော်ရင်း မရှု။

ထိုသူသည် မမြဲသောရုပ်ကို မမြဲသောရုပ်ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။မမြဲသောဝေဒနာကို။ မမြဲသောသညာကို။ မမြဲသောသင်္ခါရတို့ကို။ မမြဲသောဝိညာဏ်ကို မမြဲသောဝိညာဏ်ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ ဆင်းရဲသောရုပ်ကို။ပ။ ဆင်းရဲသောဝိညာဏ်ကို။ အတ္တမဟုတ်သောရုပ်ကို။ပ။ အတ္တမဟုတ်သော ဝိညာဏ်ကို။ အပြုခံရသော ရုပ်ကို။ အပြုခံရသော ဝိညာဏ်ကို အပြုခံရသော ဝိညာဏ်ဟု ဟုတ်မှန်သည့်အတိုင်း သိ၏၊ ရုပ်သည် ပျက်စီးလတ္တံ့ဟု ဟုတ်မှန်သည့်အတိုင်း သိ၏၊ ခံစားမှု 'ဝေဒနာ'သည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ပျက်စီးလတ္တံ့ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

ထိုသူသည် ရုပ်ပျက်စီးခြင်းကြောင့် ဝေဒနာပျက်စီးခြင်းကြောင့် သညာပျက်စီးခြင်းကြောင့် သင်္ခါရတို့ ပျက်စီးခြင်းကြောင့် ဝိညာဏ်ပျက်စီးခြင်းကြောင့် ငါမည်သော တရားသည် အကယ်၍ မရှိငြားအံ့၊ ငါ့ဉစ္စာဟူ၍ ရှိသည် မဖြစ်ရာဟု အကယ်၍ ပြုပြင်မှု ကမ္မာဘိသင်္ခါရ မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့ဟု ဤသို့ နှလုံးသွင်းသော ရဟန်းသည် အောက်ပိုင်း သံယောဇဉ်တို့ကို ဖြတ်နိုင်ရာ၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရား မှန်ပါ၏၊ ဤသို့ နှလုံးသွင်းသော ရဟန်းသည် အောက်ပိုင်း သံယောဇဉ်တို့ကို ဖြတ်နိုင်ရာသည်သာလျှင်တည်းဟု လျှောက်၏။

အသျှင်ဘုရား အဘယ်သို့ သိသော အဘယ်သို့ မြင်သောသူအား ကာလမခြားပဲ အာသဝေါ ကုန်မှု ဖြစ်ပါသနည်းဟု (လျှောက်၏)။ ရဟန်း လောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် မထိတ်လန့်ထိုက်သော အရာ၌ ထိတ်လန့်ခြင်းသို့ ရောက်၏။ ရဟန်း မှန်၏၊ အကယ်၍ ငါမည်သော တရားမရှိငြားအံ့၊ ငါ့ဉစ္စာဟု ရှိသည်မဖြစ်ရာ၊ အကယ်၍ ပြုပြင်မှု ကမ္မာဘိသင်္ခါရ မဖြစ်ခဲ့ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့ဟူသော (အားနည်းသော) ဤဝိပဿနာသည် အကြား အမြင်မရှိသော ပုထုဇဉ်အား ထိတ်လန့်ခြင်းပင် မည်၏။

ရဟန်း အကြားအမြင်ရှိသော အရိယာတပည့်သည် မထိတ်လန့်ထိုက်သော အရာ၌ ထိတ်လန့်ခြင်းသို့ မရောက်။ ရဟန်း မှန်၏၊ ငါမည်သောတရား အကယ်၍ မရှိခဲ့သော် ငါ့ဉစ္စာဟူ၍ ရှိသည် မဖြစ်ရာ။ အကယ်၍ ပြုပြင်မှု ကမ္မာဘိသင်္ခါရ မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့ဟူသော ဤဝိပဿနာသည် အကြားအမြင်ရှိသော အရိယာတပည့်အား ထိတ်လန့်ခြင်း

မမည်။ ရဟန်း ဝိညာဏ်တည်သည်ရှိသော် ရုပ်သို့ ကပ်ရောက်၍မှုလည်း တည်ရာ၏၊ ရုပ်လျှင် အာရုံရှိသော ရုပ်လျှင် တည်ရာရှိသော ဝိညာဏ်သည် နှစ်သက်မှုတဏှာဖြင့် သွန်းလောင်းအပ်သည် ဖြစ်၍ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရာ၏။ ရဟန်း ဝေဒနာသို့ ကပ်ရောက်၍မှုလည်း။ ရဟန်း သညာသို့ ကပ်ရောက်၍မှုလည်း။ ရဟန်း ဝိညာဏ်သည် တည်သည်ရှိသော် သင်္ခါရသို့ ကပ်ရောက်၍မှုလည်း တည်ရာ၏၊ သင်္ခါရလျှင် အာရုံရှိသော သင်္ခါရလျှင် တည်ရာရှိသော ဝိညာဏ်သည် နှစ်သက်မှု တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရာ၏။

ရဟန်း တဦးတယောက်က ငါသည် ရုပ်ကို ဖယ်ထား၍ ဝေဒနာကို ဖယ်ထား၍ သညာကို ဖယ်ထား၍ သင်္ခါရတို့ကို ဖယ်ထား၍ ဝိညာဏ်၏ လာခြင်း သွားခြင်း သေခြင်း ဖြစ်ခြင်း ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းကို ပညတ်အံ့ဟု ဆိုရာ၏၊ ဤအကြောင်းမျိုးသည် မရှိနိုင်။

ရဟန်း ရဟန်းသည် ရုပ်ဓာတ်၌ စွဲမက်မှုကို အကယ်၍ ပယ်အပ်သည် ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည် ပြတ်၏၊ ဝိညာဏ်၏တည်ရာ မဖြစ်နိုင်၊ ရဟန်း ရဟန်းသည် ဝေဒနာဓာတ်၌ အကယ်၍။ ရဟန်း ရဟန်းသည် သညာဓာတ်၌ အကယ်၍။ ရဟန်း ရဟန်းသည် သင်္ခါရဓာတ်၌ အကယ်၍။ ရဟန်း ရဟန်းသည် ဝိညာဏ်ဓာတ်၌ စွဲမက်မှုကို အကယ်၍ ပယ်အပ်သည် ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည် ပြတ်၏၊ ဝိညာဏ်၏ တည်ရာသည် မဖြစ်နိုင်၊ တည်ရာမရှိသော ထိုဝိညာဏ်သည် စည်ပင်မှု ကင်းလျက် ပြုပြင်မှု ကင်းလျက် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသော သူသည် မျက်မှောက်၌သာလျှင် ငြိမ်းအေး၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ ရဟန်း ဤသို့ သိသော ဤသို့ မြင်သောသူအား ကာလမခြားပဲ အာသဝေါကုန်မှုဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဥပါဒါနပရိပဝတ္တနသုတ်

၅၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို လေးပြန်အားဖြင့် ဟုတ်တိုင်းမှန်စွာ မသိရသေးသမျှကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိပြီဟု ငါဝန်မခံ၊ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို လေးပြန်အားဖြင့် ဟုတ်တိုင်းမှန်စွာသိသော အခါ၌သာလျှင် နတ်။ပ။ မင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ငါဝန်ခံ၏။

လေးပြန်ဟူသည် အဘယ်နည်း၊ ရုပ်ကို ထိုးထွင်း၍ သိပြီ၊ ရုပ်ဖြစ်ကြောင်းကို ထိုးထွင်း၍ သိပြီ၊ ရုပ်ချုပ်ရာကို ထိုးထွင်း၍ သိပြီ၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို ထိုးထွင်း၍ သိပြီ။ ဝေဒနာကို။သညာကို။သင်္ခါရတို့ကို။ဝိညာဏ်ကို ထိုးထွင်း၍ သိပြီ၊ ဝိညာဏ်ဖြစ်ကြောင်းကို ထိုးထွင်း၍

သိပြီ၊ ဝိညာဏ်ချုပ်ရာကို ထိုးထွင်း၍ သိပြီ၊ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို ထိုးထွင်း၍ သိပြီ။

ရဟန်းတို့ ရုပ်ဟူသည် အဘယ်နည်း၊ မဟာဘုတ်လေးမျိုးနှင့် မဟာဘုတ်လေးမျိုးတို့ကို မှီ၍ဖြစ်သော ရုပ်တည်း။ ရဟန်းတို့ ဤသည်ကို ရုပ်ဟု ဆိုရ၏၊ အာဟာရဖြစ်ပေါ်မှုကြောင့် ရုပ်ဖြစ်ပေါ်၏၊ အာဟာရ ချုပ်မှုကြောင့် ရုပ်ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှု ဟူသော အင်္ဂါရှစ်မျိုးရှိသော ဤအရိယမဂ်သည်ပင် ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့် မည်၏။ ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ ရုပ်ကို အထူးသိ၍ ဤသို့ ရုပ်ဖြစ်ကြောင်းကို အထူးသိ၍ ဤသို့ ရုပ်ချုပ်ရာကို အထူးသိ၍ ဤသို့ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ရုပ်၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထို သမဏ ဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ဖြစ်ကုန်၏၊ ထိုသူတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ထောက်တည်နိုင်ကုန်၏။ ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ ရုပ်ကို အထူးသိ၍။ပ။ ဤသို့ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ရုပ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှု ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် စွဲလမ်းခြင်းမရှိမှု၍ ကိလေသာမှ လွတ်မြောက်ကုန်၏၊ ထိုသူတို့သည် ကောင်းစွာ လွတ်မြောက်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ လွတ်မြောက်သူတို့သည် အလုံးစုံ ကိစ္စပြီးပြီး ဖြစ်ကုန်၏၊ ထိုအလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သောသူတို့အား ဝဋ်ဆင်းရဲဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ ဝေဒနာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဝေဒနာအပေါင်းတို့သည် ဤခြောက်ပါး တို့တည်း၊ မျက်စိအတွေ့ကြောင့် ဖြစ်သောခံစားမှု'ဝေဒနာ' နားအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ' လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု'ဝေဒနာ' စိတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'တို့တည်း။ ရဟန်းတို့ ဤသည်ကို ဝေဒနာဟု ဆိုအပ်၏၊ ဖဿ ဖြစ်ပေါ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်ပေါ်၏၊ ဖဿချုပ်ခြင်းကြောင့် ခံစားမှု'ဝေဒနာ' ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှု ဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဝေဒနာချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်၏။ ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ ဝေဒနာကို အထူးသိ၍ ဤသို့ဝေဒနာဖြစ်ကြောင်းကို အထူးသိ၍ ဤသို့ ဝေဒနာချုပ်ရာကို အထူးသိ၍ ဤသို့ ဝေဒနာချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ဝေဒနာ၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ဖြစ်ကုန်၏၊ ထိုကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ထောက်တည်နိုင်ကုန်၏။ ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ ဝေဒနာကို အထူးသိ၍။ပ။ ဤသို့ ဝေဒနာချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍။ပ။ အလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သောသူတို့အား ဝဋ်ဆင်းရဲ ဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ သညာဟူသည် အဘယ်နည်း၊ ရဟန်းတို့ သညာအပေါင်းတို့သည် ဤခြောက်ပါးတို့ တည်း၊ အဆင်း၌ မှတ်သားမှု'သညာ' အသံ၌ မှတ်သားမှု'သညာ' အနံ့၌ မှတ်သားမှု'သညာ' အရသာ၌ မှတ်သားမှု'သညာ' အတွေ့၌ မှတ်သားမှု'သညာ' ဓမ္မ၌ မှတ်သားမှု'သညာ'တို့တည်း။ ရဟန်းတို့ ဤသည်ကို သညာဟုဆိုအပ်၏၊ ဖဿဖြစ်ပေါ်ခြင်းကြောင့် မှတ်သားမှု'သညာ' ဖြစ်ပေါ်

၏၊ ဖဿချုပ်ခြင်းကြောင့် မှက်သားမှု 'သညာ'ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှု ဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် သညာချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်၏။ပ။အလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သောသူတို့အား ဝဋ်ဆင်းရဲဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ သင်္ခါရတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ စေ့ဆော်မှု စေတနာအပေါင်းတို့သည် ဤခြောက်ပါးတို့တည်း၊ အဆင်း၌ စေ့ဆော်မှု အသံ၌ စေ့ဆော်မှု အနံ့၌ စေ့ဆော်မှု အရသာ၌ စေ့ဆော်မှု အတွေ့အထိ၌ စေ့ဆော်မှု ဓမ္မ၌ စေ့ဆော်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို သင်္ခါရတို့ဟု ဆိုအပ်၏၊ ဖဿဖြစ်ပေါ်ခြင်းကြောင့် သင်္ခါရ ဖြစ်ပေါ်၏၊ ဖဿချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှု ဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် သင်္ခါရတို့ချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်၏။

ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ သင်္ခါရတို့ကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ချုပ်ရာကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို အထူးသိ၍ သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ထောက်တည်နိုင်ကုန်၏။

ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည်ကား ဤသို့ သင်္ခါရတို့ကို အထူးသိ၍ ဤသို့ သင်္ခါရတို့ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ချုပ်ရာကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို အထူးသိ၍ သင်္ခါရတို့၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာလွတ်မြောက်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ လွတ်မြောက်သူတို့သည် အလုံးစုံ ကိစ္စပြီးပြီး ဖြစ်ကုန်၏၊ ထိုအလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သော သူတို့အား ဝဋ်ဆင်းရဲဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ ဝိညာဏ်ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဝိညာဏ်အပေါင်းတို့သည် ဤခြောက်ပါးတို့တည်း၊စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဝိညာဏ်ဟု ဆိုရ၏၊ နာမ်ရုပ်ဖြစ်ပေါ်ခြင်းကြောင့် ဝိညာဏ်ဖြစ်ပေါ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှုဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်၏။

ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ ဝိညာဏ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ဝိညာဏ်၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ ဖြစ်ကုန်၏၊ ကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ထောက်တည်နိုင်ကုန်၏။

ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤသို့ ဝိညာဏ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာသို့ ရောက်

ကြောင်း အကျင့်ကို အထူးသိ၍ ဝိညာဏ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှု ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်ကုန်၏၊ ထိုသူတို့သည် ကောင်းစွာ လွတ်မြောက်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ လွတ်မြောက်ပြီးသူတို့သည် အလုံးစုံကိစ္စ ပြီးပြီးဖြစ်ကုန်၏၊ ထိုအလုံးစုံ ကိစ္စပြီးပြီး ဖြစ်ကုန်သော သူတို့အား ဝဋ်ဆင်းရဲဟူ၍ ပညတ်ရန် မရှိတော့ပြီ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သတ္တဋ္ဌာနသုတ်

၅၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ခုနစ်ဌာနတို့၌ လိမ်မာသော သုံးမျိုးအားဖြင့် ရှုသော ရဟန်းကို ဤသာသနာတော်၌ အလုံးစုံပြည့်စုံသူ ကျင့်သုံးပြီးသူ ယောကျ်ားမြတ်ဟု ဆိုအပ်၏၊ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ခုနစ်ဌာနတို့၌ လိမ်မာသနည်း၊ ရဟန်းတို့ ဤလောက၌ ရဟန်းသည် ရုပ်ကို သိ၏၊ ရုပ်ဖြစ်ကြောင်းကို သိ၏၊ ရုပ်ချုပ်ရာကို သိ၏၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ရုပ်၏သာယာဖွယ်ကို သိ၏၊ ရုပ်၏ အပြစ်ကို သိ၏၊ ရုပ်မှ လွတ်မြောက်မှုကို သိ၏။ ဝေဒနာကို သိ၏။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို သိ၏၊ ဝိညာဏ်ဖြစ်ကြောင်းကို သိ၏၊ ဝိညာဏ်ချုပ်ရာကို သိ၏၊ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ဝိညာဏ်၏ သာယာဖွယ်ကို သိ၏၊ ဝိညာဏ်၏ အပြစ်ကို သိ၏၊ ဝိညာဏ်မှ လွတ်မြောက်မှုကို သိ၏။

ရဟန်းတို့ ရုပ်ဟူသည် အဘယ်နည်း၊ မဟာဘုတ်လေးမျိုးနှင့် မဟာဘုတ်လေးမျိုးတို့ကို မှီ၍ ဖြစ်သော ရုပ်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ရုပ်ဟု ဆိုအပ်၏၊ အာဟာရဖြစ်ပေါ်မှုကြောင့် ရုပ်ဖြစ်ပေါ်၏၊ အာဟာရချုပ်မှုကြောင့် ရုပ်ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သောတည်ကြည်မှု ဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်၏၊ ရုပ်ကို စွဲ၍ ဖြစ်ပေါ်လာသော ကိုယ်၏ချမ်းသာမှု စိတ်၏ ချမ်းသာမှုသည် ရုပ်၏ သာယာဖွယ်မည်၏၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောသည် ရုပ်၏ အပြစ်မည်၏၊ ရုပ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် ရုပ်မှ လွတ်မြောက်မှု မည်၏။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤသို့ ရုပ်ကို အထူးသိ၍ ဤသို့ ရုပ်ဖြစ်ကြောင်းကို အထူးသိ၍ ဤသို့ ရုပ်ချုပ်ရာကို အထူးသိ၍ ဤသို့ ရုပ်ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ဤသို့ ရုပ်၏သာယာဖွယ်ကို အထူးသိ၍ ဤသို့ ရုပ်၏ အပြစ်ကို အထူးသိ၍ ဤသို့ ရုပ်မှ လွတ်မြောက်မှုကို အထူးသိ၍ ရုပ်၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ဖြစ်ကုန်၏၊ ထိုကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ထောက်တည်ရာ ရကုန်၏။

ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည်ကား ဤသို့ ရုပ်ကို အထူးသိ၍ ဤသို့ ရုပ်ဖြစ်ကြောင်းကို အထူးသိ၍ ဤသို့ ရုပ်ချုပ်ရာကို အထူးသိ၍ ဤသို့ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ဤသို့ ရုပ်၏သာယာဖွယ်ကို အထူးသိ၍ ဤသို့ ရုပ်၏ အပြစ်ကို အထူးသိ၍

ဤသို့ ရုပ်မှ လွတ်မြောက်မှုကို အထူးသိ၍ ရုပ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာ လွတ်မြောက်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ လွတ်မြောက်ပြီးသူတို့သည် အလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်၏၊ ထိုအလုံးစုံကိစ္စပြီးပြီးဖြစ်ကုန်သော သူတို့အား ဝဋ္ဋဆင်းရဲဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ ဝေဒနာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဝေဒနာအပေါင်းတို့သည် ဤခြောက်ပါးတို့တည်း၊ မျက်စိအတွေ့ကြောင့် ဖြစ်သော ဝေဒနာ။ပ။ စိတ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာတို့တည်း၊ ရဟန်းတို့ ဤသည်ကို ဝေဒနာဟု ဆိုအပ်၏၊ ဖဿဖြစ်ပေါ်ခြင်းကြောင့် ဝေဒနာ ဖြစ်ပေါ်၏၊ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သောတည်ကြည်မှုဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဝေဒနာချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်၏၊ ဝေဒနာကို စွဲ၍ ဖြစ်ပေါ်လာသော ကိုယ်၏ချမ်းသာမှု စိတ်၏ ချမ်းသာမှုသည် ဝေဒနာ၏ သာယာဖွယ်မည်၏၊ မမြဲသောဆင်းရဲသော ဖောက်ပြန်ခြင်း သဘောသည် ဝေဒနာ၏ အပြစ်မည်၏၊ ဝေဒနာ၌ လိုချင်စွဲမက်မှု ‘ဆန္ဒရာဂ’ ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု ‘ဆန္ဒရာဂ’ ကို ပယ်ခြင်းသည် ဝေဒနာမှ လွတ်မြောက်မှု မည်၏။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤသို့ ဝေဒနာကို အထူးသိ၍ ဤသို့ ဝေဒနာဖြစ်ကြောင်းကို အထူးသိ၍ ဤသို့ ဝေဒနာချုပ်ရာကို အထူးသိ၍ ဤသို့ ဝေဒနာချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ဤသို့ ဝေဒနာ၏ သာယာဖွယ်ကို အထူးသိ၍ ဤသို့ ဝေဒနာ၏ အပြစ်ကို အထူးသိ၍ ဤသို့ ဝေဒနာမှ လွတ်မြောက်မှုကို အထူးသိ၍ ဝေဒနာ၌ ငြီးငွေ့ခြင်းငှါ စွဲမက်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာကျင့်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ ‘သာသနာတော်’ ၌ ထောက်တည်ရာ ရကုန်၏၊ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည်ကား ဤသို့ ဝေဒနာကို အထူးသိ၍။ပ။ ထိုအလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သောသူတို့အား ဝဋ္ဋဆင်းဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ သညာဟူသည် အဘယ်နည်း၊ ရဟန်းတို့ သညာအပေါင်းတို့သည် ဤခြောက်ပါးတို့တည်း၊ အဆင်း၌ မှတ်သားမှု ‘သညာ’ အသံ၌ မှတ်သားမှု ‘သညာ’ အနံ့၌ မှတ်သားမှု ‘သညာ’ အရသာ၌ မှတ်သားမှု ‘သညာ’ အတွေ့အထိ၌ မှတ်သားမှု ‘သညာ’ ဓမ္မ၌ မှတ်သားမှု ‘သညာ’ တို့တည်း၊ ရဟန်းတို့ ဤသည်ကို သညာဟု ဆိုအပ်၏၊ ဖဿဖြစ်ပေါ်ခြင်းကြောင့် မှတ်သားမှု ‘သညာ’ ဖြစ်ပေါ်၏၊ ဖဿချုပ်ခြင်းကြောင့် မှတ်သားမှု ‘သညာ’ ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သောတည်ကြည်မှုဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် သညာချုပ်ရာသို့ ရောက်ကြောင်း အကျင့် မည်၏။ပ။ ထိုအလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သောသူတို့အား ဝဋ္ဋဆင်းရဲဟူ၍ ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ သင်္ခါရတို့ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ စေ့ဆော်မှု ‘စေတနာ’ အပေါင်းတို့သည် ဤခြောက်ပါးတို့တည်း၊အဆင်း၌ စေ့ဆော်မှု ‘စေတနာ’။ပ။ ဓမ္မ၌ စေ့ဆော်မှု ‘စေတနာ’ တို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို သင်္ခါရတို့ဟု ဆိုအပ်ကုန်၏၊ ဖဿဖြစ်ပေါ်ခြင်းကြောင့် သင်္ခါရ ဖြစ်ပေါ်၏၊ ဖဿချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှုဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ပြုပြင်မှု စေတနာချုပ်ရာသို့ ရောက်ကြောင်း

အကျင့် မည်၏၊ သင်္ခါရတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ကိုယ်၏ချမ်းသာမှု စိတ်၏ ချမ်းသာမှုသည် သင်္ခါရတို့၏ သာယာဖွယ်မည်၏၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောသည် သင်္ခါရတို့၏ အပြစ်မည်၏၊ သင်္ခါရတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင် စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ခြင်းသည် သင်္ခါရတို့မှ လွတ်မြောက်မှု မည်၏။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏ တို့သည် ဤသို့ သင်္ခါရတို့ကို အထူးသိ၍ ဤသို့ သင်္ခါရတို့ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ချုပ်ရာကို အထူးသိ၍ ဤသို့ သင်္ခါရတို့ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို အထူး သိ၍။ပ။သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ထောက်တည်ရာ ရကုန်၏။ပ။ ထိုအလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သော သူတို့အား ဝဋ်ဆင်းဟူ၍ပညတ်ရန် မရှိတော့ပြီ။

ရဟန်းတို့ ဝိညာဏ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဝိညာဏ်အပေါင်းတို့သည် ဤခြောက်ပါး တို့တည်း၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနော ဝိညာဏ်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ဝိညာဏ်ဟု ဆိုအပ်၏၊ နာမ်ရုပ်ဖြစ်ပေါ်ခြင်းကြောင့် ဝိညာဏ်ဖြစ်ပေါ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏၊ မှန်ကန်သော မြင်မှု။ပ။ မှန်ကန် သော တည်ကြည်မှုဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဝိညာဏ်ချုပ်ရာသို့ ရောက် ကြောင်း အကျင့်မည်၏၊ ဝိညာဏ်ကို စွဲ၍ ဖြစ်ပေါ်လာသော ကိုယ်၏ချမ်းသာမှု စိတ်၏ချမ်းသာ မှုသည် ဝိညာဏ်၏ သာယာဖွယ်မည်၏၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောသည် ဝိညာဏ်၏ အပြစ်မည်၏၊ ဝိညာဏ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် ဝိညာဏ်မှ လွတ်မြောက်မှု မည်၏၊ ရဟန်းတို့ အချို့သော သမဏ ဗြာဟ္မဏတို့သည် ဤသို့ ဝိညာဏ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူး သိ၍ ဤသို့ ဝိညာဏ်၏ သာယာဖွယ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်၏ အပြစ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်မှ လွတ်မြောက်မှုကို အထူးသိ၍ ဝိညာဏ်၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်း ငှါ ကျင့်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းစွာ ကျင့်သူတို့ ဖြစ်ကုန်၏၊ ထိုကောင်းစွာ ကျင့်သူတို့သည် ဤဓမ္မဝိနယ'သာသနာတော်'၌ ထောက်တည်ရာ ရကုန်၏။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည်ကား ဤသို့ ဝိညာဏ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာကို အထူးသိ၍ ဤသို့ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အထူးသိ၍ ဤသို့ ဝိညာဏ်၏ သာယာဖွယ်ကို အထူးသိ၍ ဤသို့ဝိညာဏ်၏ အပြစ်ကို အထူးသိ၍ ဤသို့ ဝိညာဏ်မှ လွတ်မြောက်မှုကို အထူးသိ၍ ဝိညာဏ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက် မှု ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်ကုန်၏၊ထိုသမဏ ဗြာဟ္မဏတို့သည် ကောင်းစွာ လွတ်မြောက်သူတို့ ဖြစ်ကုန်၏၊ ကောင်းစွာ လွတ်မြောက်ပြီးသော သူတို့သည် အလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်၏၊ထိုအလုံးစုံ ကိစ္စပြီးပြီးဖြစ်ကုန်သော သူတို့အား ဝဋ်ဆင်းရဲ ဟူ၍ ပညတ်ရန် မရှိတော့ပြီ၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခုနစ်ဌာနတို့၌ လိမ်မာ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် သုံးမျိုးအားဖြင့် ရှုဆင်ခြင်သူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဓာတ်အားဖြင့် ရှု၏၊ အာယတနအားဖြင့် ရှု၏၊ ပဋိစ္စသမုပ္ပါဒ် အားဖြင့် ရှု၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သုံးမျိုးအားဖြင့် ရှုဆင်ခြင်သူ ဖြစ်၏။ ရဟန်းတို့

ခုနစ်ဌာနတို့၌ လိမ္မာသော သုံးမျိုးအားဖြင့် ရှုသော ရဟန်းကို ဤဓမ္မဝိနယ 'သာသနာတော်'၌ အလုံးစုံပြည့်စုံသူ ကျင့်သုံးပြီးသူ ယောကျ်ားမြတ်ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-သမ္မာသမ္ဗုဒ္ဓသုတ်

၅၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ရုပ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှု ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော သမ္မာသမ္ဗုဒ္ဓဟု ဆိုအပ်၏၊ ရဟန်းတို့ ပညာအားဖြင့် ကိလေသာတို့မှ လွတ်မြောက်သော ရဟန်းကိုလည်း ရုပ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ပညာဝိမုတ္တရဟန်း ဟု ဆိုအပ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ဝေဒနာ၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော သမ္မာသမ္ဗုဒ္ဓဟု ဆိုအပ်၏၊ ရဟန်းတို့ ပညာအားဖြင့် ကိလေသာတို့မှ လွတ်မြောက်သော ရဟန်းကိုလည်း ဝေဒနာ၌ ငြီးငွေ့ခြင်းကြောင့်။ပ။ ပညာဝိမုတ္တရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို သညာ၌၊ သင်္ခါရတို့၌။ ဝိညာဏ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော သမ္မာသမ္ဗုဒ္ဓဟု ဆိုအပ်၏၊ ရဟန်းတို့ ပညာအားဖြင့် လွတ်မြောက်သော ရဟန်းကိုလည်း ဝိညာဏ်၌ ငြီးငွေ့ခြင်းကြောင့် စွဲမက်မှု ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်သော ပညာဝိမုတ္တရဟန်းဟု ဆိုအပ်၏။

ရဟန်းတို့ ထိုနှစ်ပါးတို့တွင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားနှင့် ပညာအားဖြင့် လွတ်မြောက်သော ပညာဝိမုတ္တ ရဟန်းနှစ်ပါးတို့၏ အထူးကား အဘယ်နည်း၊ ပိုလွန်သော အားထုတ်မှုကား အဘယ်နည်း၊ ခြားနားမှုကား အဘယ်နည်း ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား တပည့်တော်တို့အား တရားတော်တို့သည် မြတ်စွာဘုရားသာလျှင် အရင်းခံရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင် ရှေ့ဆောင်ဖြစ်ပါကုန်၏၊ မြတ်စွာဘုရားသာလျှင် ကိုးကွယ်ရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဤစကား၏ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားဉာဏ်၌သာ ထင်စေတော်မူပါလော့၊ မြတ်စွာဘုရားထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ သို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ကောင်းပါပြီ ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော လမ်းကို ဖြစ်ပေါ်စေ၏၊ မဖြစ်သေး

သောလမ်းကို ဖြစ်စေ၏၊ မပြောကြားဘူးသေးသော လမ်းကို ပြောကြားတော်မူ၏၊ လမ်းကို သိတော်မူ၏၊ လမ်း၌ ကျွမ်းကျင်တော်မူ၏၊ လမ်း၌ လိမ္မာတော်မူ၏၊ ရဟန်းတို့ ယခုအခါ တပည့်တို့သည် လမ်းသို့ အစဉ်လိုက်ကုန်လျက် နေကုန်၏၊ နောက်မှ ပြည့်စုံကုန်၏၊ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားနှင့် ပညာဖြင့် လွတ်မြောက်သော ရဟန်းတို့၏ အထူးကား ဤသည်ပင်တည်း၊ ပိုလွန်သောအားထုတ်မှုကား ဤသည်ပင်တည်း၊ ခြားနားမှုကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အနတ္တလက္ခဏသုတ်

၅၉။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို ရဟန်းတို့ဟု မိန့်တော်မူ၏၊အသျှင်ဘုရားဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏—

ရဟန်းတို့ ရုပ်သည် အတ္တ မဟုတ်၊ ရဟန်းတို့ ရုပ်သည် အတ္တဖြစ်ခဲ့ငြားအံ့၊ ဤရုပ်သည် နာကျင်ခြင်းငှါ မဖြစ်ရာ၊ ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်ဟု ရုပ်၌ တောင့်တမှုကို ရကောင်းရာ၏၊ ရဟန်းတို့ ရုပ်သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါ ဖြစ်၏၊ ငါ၏ရုပ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့် ဟု ရုပ်၌ တောင့်တမှုကို ရလည်း မရ။

ဝေဒနာသည် အတ္တ မဟုတ်၊ ရဟန်းတို့ ဝေဒနာသည် အတ္တ ဖြစ်ခဲ့ငြားအံ့၊ ဤဝေဒနာသည် နာကျင်ခြင်းငှါ မဖြစ်ရာ၊ ငါ၏ ဝေဒနာသည် ဤသို့ ဖြစ်စေ၊ ငါ၏ ဝေဒနာသည် ဤသို့ မဖြစ်စေလင့်ဟု ဝေဒနာ၌ တောင့်တမှုကို ရကောင်းရာ၏၊ ရဟန်းတို့ ဝေဒနာသည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါ ဖြစ်၏၊ ငါ၏ ဝေဒနာသည် ဤသို့ ဖြစ်စေ၊ ငါ၏ဝေဒနာသည် ဤသို့မဖြစ်စေလင့်ဟု ဝေဒနာ၌ တောင့်တမှုကို ရလည်း မရ။

သညာသည် အတ္တ မဟုတ်။ပ။ သင်္ခါရတို့သည် အတ္တ မဟုတ်ကုန်၊ ရဟန်းတို့ သင်္ခါရတို့သည် အတ္တဖြစ်ကုန်ငြားအံ့၊ နာကျင်ခြင်းငှါ မဖြစ်ကုန်ရာ၊ ငါ၏ သင်္ခါရတို့သည် ဤသို့ ဖြစ်စေကုန်သတည်း၊ ငါ၏ သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်သတည်းဟု သင်္ခါရတို့၌ တောင့်တမှုကို ရကောင်းရာ၏၊ ရဟန်းတို့ သင်္ခါရတို့သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါ ဖြစ်ကုန်၏၊ ငါ၏သင်္ခါရတို့သည် ဤသို့ ဖြစ်စေကုန်သတည်း၊ ငါ၏ သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်သတည်းဟု သင်္ခါရတို့၌ တောင့်တမှုကို ရလည်း မရ။

ဝိညာဏ်သည် အတ္တမဟုတ်၊ ရဟန်းတို့ ဝိညာဏ်သည် အတ္တ ဖြစ်ခဲ့ငြားအံ့၊ နာကျင်ခြင်းငှါ မဖြစ်ရာ၊ ငါ၏ ဝိညာဏ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ဝိညာဏ်သည် ဤသို့ မဖြစ်စေလင့်ဟု ဝိညာဏ်၌ တောင့်တမှုကို ရကောင်းရာ၏၊ ရဟန်းတို့ ဝိညာဏ်သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါ ဖြစ်၏၊ ငါ၏ ဝိညာဏ်သည် ဤသို့ဖြစ်စေ၊ ငါ၏ဝိညာဏ်သည် ဤသို့ မဖြစ်စေလင့်ဟု ဝိညာဏ်၌ တောင့်တမှုကို ရလည်း မရ။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ရုပ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ဝေဒနာသည်။သညာသည်။သင်္ခါရတို့သည်။ဝိညာဏ်သည်မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်း အနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော အလုံးစုံသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ ကိုယ် 'အတ္တ' မဟုတ် ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်၊ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော အလုံးစုံသော ဝေဒနာကို ဤဝေဒနာသည် ငါ့ဥစ္စာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏ကိုယ်'အတ္တ' မဟုတ် ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော အတွင်းအပြင်လည်းဖြစ်သော။ပ။ အဝေးအနီးလည်း ဖြစ်သော အလုံးစုံသောသညာကို။ သင်္ခါရတို့ကို ဤသင်္ခါရတို့သည် ငါ့ဥစ္စာမဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါမဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ကုန်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်၊ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်း အနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော အလုံးစုံသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ' မဟုတ် ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသို့ ရှုသော အကြား အမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့်(ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု ဟောတော်မူ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား မိန့်တော်မူသောစကားကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာခံယူကုန်ပြီ၊ ဤဂါထာမဖက် သက်သက်သော ဒေသနာကို ဟောတော်မူအပ်သည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းဘို့၏ စိတ်ဘို့သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်ကုန်၏။

သတ္တမသုတ်။

## ၈-မဟာလိသုတ်

၆၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မဟာလိလိစ္ဆဝီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်လျက် ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ပူရဏကဿပသည် သတ္တဝါတို့ ညစ်ညူးရန် အကြောင်းမရှိ၊ အထောက်အပံ့မရှိ၊ အကြောင်းမရှိပဲ အထောက်အပံ့မရှိပဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏၊ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းမရှိ၊ အထောက်အပံ့မရှိ၊ အကြောင်းမရှိပဲ အထောက်အပံ့မရှိပဲ သတ္တဝါတို့ စင်ကြယ်ကုန်၏ဟု ဆိုပါ၏၊မြတ်စွာဘုရားသည်ကား ဤအရာ၌ အဘယ်သို့ မိန့်ဆိုပါသနည်း"ဟု လျှောက်၏။

မဟာလိ သတ္တဝါတို့ ညစ်ညူးရန် အကြောင်းရှိ၏၊ အထောက်အပံ့ရှိ၏၊ သတ္တဝါတို့သည် အကြောင်းရှိကုန် အထောက်အပံ့ရှိကုန်သည်ဖြစ်၍ ညစ်ညူးကုန်၏၊ မဟာလိ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းရှိ၏၊ အထောက်အပံ့ရှိ၏၊ သတ္တဝါတို့သည် အကြောင်းရှိကုန်သည် အထောက်အပံ့ရှိကုန်သည်ဖြစ်၍ စင်ကြယ်ကုန်၏ ဟု မိန့်တော်မူ၏။

အသျှင်ဘုရား သတ္တဝါတို့ ညစ်ညူးရန် အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ သတ္တဝါတို့သည် အဘယ်အကြောင်း ရှိကုန်သည် အဘယ် အထောက်အပံ့ရှိကုန်သည်ဖြစ်၍ ညစ်ညူးပါကုန်သနည်း။

မဟာလိ ဤရုပ်သည် စင်စစ် ဆင်းရဲသာဖြစ်ငြားအံ့၊ ဆင်းရဲသို့သာ ကျရောက်ငြားအံ့၊ ဆင်းရဲသို့သာ သက်ဝင်ငြားအံ့၊ ချမ်းသာသို့ မသက်ဝင်ငြားအံ့၊ သတ္တဝါတို့သည် ရုပ်၌ မစွဲမက်ကုန်ရာ၊ မဟာလိ ရုပ်သည် ချမ်းသာ၏၊ ချမ်းသာသို့ ကျရောက်၏၊ ချမ်းသာသို့ သက်ဝင်၏၊ ဆင်းရဲသို့ မသက်ဝင်၊ ထို့ကြောင့် သတ္တဝါတို့သည် ရုပ်၌ စွဲမက်ကုန်၏၊ စွဲမက်ခြင်းကြောင့် ယှဉ်စပ်ကုန်၏၊ ယှဉ်စပ်ခြင်းကြောင့် ညစ်ညူးကုန်၏၊ မဟာလိ ဤသည်ကား သတ္တဝါတို့ ညစ်ညူးရန် အကြောင်းတည်း၊ ညစ်ညူးရန် အထောက်အပံ့တည်း။ဤသို့လည်း သတ္တဝါတို့သည် အကြောင်း ရှိကုန်သည် အထောက်အပံ့ရှိကုန်သည်ဖြစ်၍ ညစ်ညူးကုန်၏။

မဟာလိ ဤဝေဒနာသည် စင်စစ် ဆင်းရဲသာ ဖြစ်ငြားအံ့၊ ဆင်းရဲသို့သာ ကျရောက်ငြားအံ့၊ ဆင်းရဲသို့သာ သက်ဝင်ငြားအံ့၊ ချမ်းသာသို့ မသက်ဝင်ငြားအံ့၊ သတ္တဝါတို့သည် ဝေဒနာ၌ မစွဲမက်ကုန်ရာ၊ မဟာလိ ဧဝေဒနာသည် ချမ်းသာ၏၊ ချမ်းသာသို့ ကျရောက်၏၊ ချမ်းသာသို့ သက်ဝင်၏၊ ဆင်းရဲသို့ မသက်ဝင်၊ ထို့ကြောင့် သတ္တဝါတို့သည် ဝေဒနာ၌ စွဲမက်ကုန်၏၊ စွဲမက်ခြင်းကြောင့် ယှဉ်စပ်ကုန်၏၊ ယှဉ်စပ်ခြင်းကြောင့် ညစ်ညူးကုန်၏၊ မဟာလိ ဤသည်လည်း သတ္တဝါတို့ ညစ်ညူးရန် အကြောင်းတည်း၊ ညစ်ညူးရန် အထောက်အပံ့တည်း။ ဤသို့လည်း သတ္တဝါတို့သည် အကြောင်းရှိကုန်သည် အထောက်အပံ့ ရှိကုန်သည်ဖြစ်၍ ညစ်ညူးကုန်၏။

မဟာလိ သညာသည်။ပ။ မဟာလိ သင်္ခါရတို့သည် စင်စစ် ဆင်းရဲသာ ဖြစ်ကုန်ငြားအံ့၊ ဆင်းရဲသို့သာ ကျရောက်ကုန်ငြားအံ့၊ ဆင်းရဲသို့သာ သက်ဝင်ကုန်ငြားအံ့၊ ချမ်းသာသို့ မသက်ဝင်ကုန်ငြားအံ့၊သတ္တဝါတို့သည် သင်္ခါရတို့၌ မစွဲမက်ကုန်ရာ၊ မဟာလိ သင်္ခါရတို့သည် ချမ်းသာကုန်၏၊ ချမ်းသာသို့ ကျရောက်ကုန်၏၊ ချမ်းသာသို့ သက်ဝင်ကုန်၏၊ ဆင်းရဲသို့ မသက်ဝင်ကုန်၊ ထို့ကြောင့်

သတ္တဝါတို့သည် သင်္ခါရတို့၌ ပြင်းစွာ စွဲမက်ကုန်၏၊ ပြင်းစွာစွဲမက်ခြင်းကြောင့် ယှဉ်စပ်ကုန်၏၊ ယှဉ်စပ်ခြင်းကြောင့် ညစ်ညူးကုန်၏၊ မဟာလိ ဤသည်လည်း သတ္တဝါတို့ ညစ်ညူးရန် အကြောင်းတည်း၊ ညစ်ညူးရန် အထောက်အပံ့တည်း။ ဤသို့လည်း သတ္တဝါတို့သည် အကြောင်း ရှိကုန်သည် အထောက်အပံ့ရှိကုန်သည် ဖြစ်၍ ညစ်ညူးကုန်၏။

မဟာလိ ဝိညာဏ်သည် စင်စစ် ဆင်းရဲသာ ဖြစ်ငြားအံ့၊ ဆင်းရဲသို့သာ ကျရောက်ငြားအံ့၊ ဆင်းရဲသို့သာ သက်ဝင်ငြားအံ့၊ ချမ်းသာသို့ မသက်ဝင်ငြားအံ့၊ သတ္တဝါတို့သည် ဝိညာဏ်၌ မစွဲမက်ကုန်ရာ၊ မဟာလိ ဝိညာဏ်သည် ချမ်းသာ၏၊ ချမ်းသာသို့ ကျရောက်၏၊ ချမ်းသာသို့ သက်ဝင်၏၊ ဆင်းရဲသို့ မသက်ဝင်၊ ထို့ကြောင့် သတ္တဝါတို့သည် ဝိညာဏ်၌ ပြင်းစွာ စွဲမက်ကုန်၏၊ ပြင်းစွာစွဲမက်ခြင်းကြောင့် ယှဉ်စပ်ကုန်၏၊ ယှဉ်စပ်ခြင်းကြောင့် ညစ်ညူးကုန်၏။ မဟာလိ ဤသည်လည်း သတ္တဝါတို့ ညစ်ညူးရန် အကြောင်းတည်း၊ ညစ်ညူးရန် အထောက်အပံ့တည်း။ ဤသို့လည်း သတ္တဝါတို့သည် အကြောင်းရှိကုန်သည် အထောက်အပံ့ ရှိကုန်သည်ဖြစ်၍ ညစ်ညူးကုန်၏။

အသျှင်ဘုရား သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ သတ္တဝါတို့သည် အဘယ်အကြောင်း ရှိကုန်သည် အဘယ်အထောက်အပံ့ ရှိကုန်သည်ဖြစ်၍ စင်ကြယ်ပါကုန်သနည်း။ မဟာလိ ဤရုပ်သည် စင်စစ် ချမ်းသာ သာဖြစ်ငြားအံ့၊ ချမ်းသာသို့သာ ကျရောက်အံ့၊ ချမ်းသာသို့သာ သက်ဝင်အံ့၊ ဆင်းရဲသို့ မသက်ဝင်ငြားအံ့၊ သတ္တဝါတို့သည် ရုပ်၌ မငြီးငွေ့ကုန်ရာ၊ မဟာလိ ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသို့ ကျရောက်၏၊ ဆင်းရဲသို့ သက်ဝင်၏၊ ချမ်းသာသို့ မသက်ဝင်၊ ထို့ကြောင့် သတ္တဝါတို့သည် ရုပ်၌ ငြီးငွေ့ကုန်၏၊ ငြီးငွေ့သော် စွဲမက်မှုကင်းကုန်၏၊ စွဲမက်မှုကင်းခြင်းကြောင့် စင်ကြယ်ကုန်၏၊ မဟာလိ ဤသည်လျှင် သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းတည်း အထောက်အပံ့တည်း၊ သတ္တဝါတို့သည် ဤသို့ အကြောင်း ရှိကုန်သည် အထောက်အပံ့ ရှိကုန်သည်ဖြစ်၍ စင်ကြယ်ကုန်၏။

မဟာလိ ဝေဒနာသည် စင်စစ် ချမ်းသာ သာဖြစ်ခဲ့ငြားအံ့။ပ။မဟာလိ သညာသည်။ပ။ မဟာလိ သင်္ခါရတို့သည် စင်စစ် ချမ်းသာ သာဖြစ်ခဲ့ကုန်ငြားအံ့။ပ။မဟာလိ ဝိညာဏ်သည် စင်စစ် ချမ်းသာ သာဖြစ်ခဲ့ငြားအံ့၊ ချမ်းသာသို့သာ ရောက်ငြားအံ့၊ ချမ်းသာသို့သာ သက်ဝင်ငြားအံ့၊ ဆင်းရဲသို့ မသက်ဝင်ငြားအံ့၊ သတ္တဝါတို့သည် ဝိညာဏ်၌ မငြီးငွေ့ကုန်ရာ၊ မဟာလိ ဝိညာဏ်သည် ဆင်းရဲ၏၊ ဆင်းရဲသို့ ကျရောက်၏၊ ဆင်းရဲသို့ သက်ဝင်၏၊ ချမ်းသာသို့ မသက်ဝင်၊ ထို့ကြောင့် သတ္တဝါတို့သည် ဝိညာဏ်၌ ငြီးငွေ့ကုန်၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်းကုန်၏၊ စွဲမက်မှုကင်းခြင်းကြောင့် စင်ကြယ်ကုန်၏၊ မဟာလိ ဤသည်လျှင် သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းတည်း အထောက်အပံ့တည်း၊ သတ္တဝါတို့သည် ဤသို့ အကြောင်းရှိကုန်သည် အထောက်အပံ့ရှိကုန်သည်ဖြစ်၍ စင်ကြယ်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အာဒိတ္တသုတ်

၆၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် ပြောင်ပြောင်တောက်လောင်၏၊ ဝေဒနာသည် ပြောင်ပြောင်တောက်လောင်၏၊ သညာသည် ပြောင်ပြောင်တောက်လောင်၏၊ သင်္ခါရတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ ဝိညာဏ်သည် ပြောင်ပြောင်တောက်လောင်၏၊ ရဟန်းတို့

ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-နိရုတ္တိပထသုတ်

၆၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပညာရှိ သမဏဗြာဟ္မဏတို့သည် မတားမြစ်အပ်ကုန်သော မစွန့်အပ်ကုန်သော မစွန့်ဘူးကုန်သော သဒ္ဒါ အမည် ပညတ် ဤသုံးမျိုးတို့ကို ယခုလည်း မစွန့်အပ်ကုန်၊ နောင်လည်း စွန့်အပ်လိမ့်မည်မဟုတ်ကုန်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ လွန်ပြီးချုပ်ပြီး ဖောက်ပြန်ပြီးသော ရုပ်အား ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ လွန်ပြီးချုပ်ပြီး ဖောက်ပြန်ပြီးသော ဝေဒနာအား ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ လွန်ပြီး ချုပ်ပြီး ဖောက်ပြန်ပြီးသော သညာအား။ သင်္ခါရတို့အား ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ လွန်ပြီး ချုပ်ပြီး ဖောက်ပြန်ပြီးသော ဝိညာဏ်အား ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။

ရဟန်းတို့ မဖြစ်သေး မထင်ရှားသေးသော ရုပ်အား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ မဖြစ်သေး မထင်ရှားသေးသော ဝေဒနာအား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော• အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ မဖြစ်သေး မထင်ရှားသေးသော သညာအား။ သင်္ခါရတို့အား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ မဖြစ်သေး မထင်ရှားသေးသော ဝိညာဏ်အား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီး ဟူသော အရေအတွက်ကို မရ။

ရဟန်းတို့ ဖြစ်နေသော ထင်ရှားနေသော ရုပ်အား ဖြစ်ဆဲဟူသော အရေအတွက်ကို ဖြစ်ဆဲဟူသော အမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ ဖြစ်နေသော ထင်ရှားနေသော ဝေဒနာအား ဖြစ်ဆဲဟူသော အရေ

အတွက်ကို ဖြစ်ဆဲဟူသော အမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ ဖြစ်နေသော ထင်ရှားနေသော သညာအား။ သင်္ခါရတို့အား ဖြစ်ဆဲဟူသော အရေအတွက်ကို ဖြစ်ဆဲဟူသော အမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ ဖြစ်နေသော ထင်ရှားနေသော ဝိညာဏ်အား ဖြစ်ဆဲဟူသော အရေအတွက်ကို ဖြစ်ဆဲဟူသော အမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။

ရဟန်းတို့ ပညာရှိ သမဏဗြာဟ္မဏတို့သည် မတားမြစ်အပ်ကုန်သော မစွန့်အပ်ကုန်သော မစွန့်ဘူးကုန်သော သဒ္ဒါ အမည် ပညတ် ဤသုံးမျိုးတို့ကို ယခုလည်း မစွန့်အပ်ကုန်၊ နောင်လည်း စွန့်အပ်လိမ့်မည် မဟုတ်ကုန်၊ ရဟန်းတို့ အကြောင်းမရှိဟု အယူရှိသော ပူရဏလည်း ပြုသည် မမည်ဟု အယူရှိကုန်သော အကျိုးမရှိဟု အယူရှိကုန်သော ဥက္ကလဇနပုဒ်သား ဝဿနှင့် ဘညတို့သော်မှလည်း ကဲ့ရဲ့ ပုတ်ခတ် ဖြစ်တင် စွပ်စွဲမည်ကို ကြောက်သောကြောင့် ဤသဒ္ဒါ အမည် ပညတ် သုံးမျိုးတို့ကို ကဲ့ရဲ့ဖွယ် တားမြစ်ဖွယ်ဟု မထင်ခဲ့ကုန်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

မဇ္ဈိမပဏ္ဏာသက၏ ရှေးဦးစွာသော ဥပယဝဂ် ပြီး၏။

---

## (၇) ၂-အရဟန္တဝဂ် ၁-ဥပါဒိယမာနသုတ်

၆၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားကို ကြားနာရသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု လျှောက်၏။ ရဟန်း စွဲလမ်းသော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မစွဲလမ်းသော် မာရ်မှ လွတ်မြောက်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း ငါသည် အကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို သင်အဘယ်သို့ သိသနည်း။ အသျှင်ဘုရား ရုပ်ကို စွဲလမ်းသော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မစွဲလမ်းသော် မာရ်မှ လွတ်မြောက်၏၊ ဝေဒနာကို စွဲလမ်းသော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မစွဲလမ်းသော် မာရ်မှ လွတ်မြောက်၏၊ သညာကို။ သင်္ခါရတို့ကို၊ ဝိညာဏ်ကို စွဲလမ်းသော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မစွဲလမ်းသော် မာရ်မှ လွတ်မြောက်၏။ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောသော ဤစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု(လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါဘုရား အကျဉ်းအားဖြင့် ဟောကြားအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာသိပေ၏၊ ရဟန်း ရုပ်ကို စွဲလမ်းသော်

မာရ်သည် နှောင်ဖွဲ့အပ်၏၊ မစွဲလမ်းသော် မာရ်မှ လွတ်မြောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို စွဲလမ်းသော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မစွဲလမ်းသော် မာရ်မှ လွတ်မြောက်၏၊ ရဟန်း ငါအကျဉ်းအားဖြင့် ဟောအပ်သောစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်ဟု မိန့်တော်မူ၏။

ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရား၏စကားကို အလွန်နှစ်သက်ဝမ်းမြောက်၍နေရာမှ ထကာ ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏၊ ထို့နောက် ထိုရဟန်းသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ နေလတ်သော် မကြာမီပင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကြသော အမျိုးသားတို့ လိုလားတောင့်တအပ်သော အကျင့်မြတ်ကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်လျက် နေ၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏၊ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်လေ၏။

ပဌမသုတ်။

## ၂-မညမာနသုတ်

၆၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။ တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့။ပ။ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်လျက် နေလိုပါ၏"ဟု လျှောက်၏။ ရဟန်း ငါဟု ထင်မှတ်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ ငါဟု မထင်မှတ်သော် မာရ်မှလွတ်မြောက်၏ဟုမိန့်တော်မူ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို သင်အဘယ်သို့ သိသနည်း။ အသျှင်ဘုရား ရုပ်ကို ငါဟု ထင်မှတ်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မထင်မှတ်သော် မာရ်မှလွတ်မြောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါဟု ထင်မှတ်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မထင်မှတ်သော် မာရ်မှ လွတ်မြောက်၏၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းအားဖြင့်ဟောအပ်သော ဤစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်ကို ငါဟု ထင်မှတ်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မထင်မှတ်သော် မာရ်မှ လွတ်မြောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါဟု ထင်မှတ်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မထင်မှတ်သော် မာရ်မှ လွတ်မြောက်၏၊ ရဟန်း ငါအကျဉ်းအားဖြင့်ဟောအပ်သော စကား၏အကျယ်ဖြစ်သော အနက်ကို ဤသို့မှတ်ရမည်။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ဒုတိယသုတ်။

## ၃-အဘိနန္ဒမာနသုတ်

၆၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။ တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့။ပ။လုံ့လပြု၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ နေလိုပါ၏" ဟု လျှောက်၏။ ရဟန်း အလွန်နှစ်သက်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မနှစ်သက်သော် မာရ်မှ လွတ်မြောက်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို သင်အဘယ်သို့ သိသနည်းဟု မိန့်တော်မူ၏။ မြတ်စွာဘုရား ရုပ်ကို နှစ်သက်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မနှစ်သက်သော် မာရ်မှ လွတ်မြောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို နှစ်သက်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မနှစ်သက်သော် မာရ်မှ လွတ်မြောက်၏၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာသိပေ၏၊ ရဟန်း ရုပ်ကို နှစ်သက်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မနှစ်သက်သော် မာရ်မှ လွတ်မြောက်၏၊ ရဟန်း ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို နှစ်သက်သော် မာရ်သည် နှောင်ဖွဲ့အပ်၏၊ မနှစ်သက်သော် မာရ်မှ လွတ်မြောက်၏၊ ရဟန်း ငါအကျဉ်းဟောအပ်သောစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်။ ။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

တတိယသုတ်။

---

## ၄-အနိစ္စသုတ်

၆၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့။ပ။လုံ့လပြု၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ နေလိုပါ၏ဟု လျှောက်၏။ ရဟန်း အကြင်သဘောတရားသည် မမြဲ၊ ထိုမမြဲသောသဘောတရား၌ သင်သည် လိုချင်မှုကို ပယ်ရမည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏အကျယ်ဖြစ်သော အနက်ကို သင်သည် အဘယ်သို့ သိသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ရုပ်သည် မမြဲပါ၊ တပည့်တော်သည် ထိုမမြဲသောရုပ်၌ လိုချင်မှုကို ပယ်ရပါမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲပါ၊

တပည့်တော်သည် ထိုမမြဲသောဝိညာဏ်၌ လိုချင်မှုကို ပယ်ရပါမည်၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်သည် မမြဲ၊ သင်သည် ထိုမမြဲသောရုပ်၌ လိုချင်မှုကို ပယ်ရမည်၊ ဝေဒနာသည် မမြဲ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ သင်သည် ထိုမမြဲသောဝိညာဏ်၌ လိုချင်မှုကို ပယ်ရမည်၊ ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

စတုတ္ထသုတ်။

## ၅-ဒုက္ခသုတ်

၆၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့။ပ။ လုံ့လပြုကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု လျှောက်၏။ ရဟန်း အကြင်သဘော တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော သဘောတရား၌ သင်သည် လိုချင်မှုကို ပယ်ရမည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို သင်အဘယ်သို့ သိသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ရုပ်သည် ဆင်းရဲ၏၊တပည့်တော်သည် ထိုဆင်းရဲသော ရုပ်၌ လိုချင်မှုကို ပယ်ရပါမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ဆင်းရဲ၏၊ တပည့်တော်သည် ထိုဆင်းရဲသော ဝိညာဏ်၌ လိုချင်မှုကို ပယ်ရပါမည်၊ အသျှင်ဘုရား မြတ်စွာဘုရား အကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်သည် ဆင်းရဲ၏၊ သင်သည် ထိုဆင်းရဲသော ရုပ်၌ လိုချင်မှုကို ပယ်ရမည်၊ ဝေဒနာသည်။သညာသည်။သင်္ခါရတို့သည်။ဝိညာဏ်သည် ဆင်းရဲ၏၊ သင်သည် ထိုဆင်းရဲသောဝိညာဏ်၌ လိုချင်မှုကို ပယ်ရမည်၊ ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်။ပ။ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ပဉ္စမသုတ်။

## ၆-အနတ္တသုတ်

၆၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့။ပ။လုံ့လပြုကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု လျှောက်၏။ ရဟန်း အကြင်သဘောတရားသည် ကိုယ်'အတ္တ'မဟုတ်၊ သင်သည် ထိုအတ္တမဟုတ်သော သဘောတရား၌ လိုချင်မှုကို ပယ်ရမည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သောစကား၏ အကျယ်ဖြစ်သော အနက်ကို သင်သည် အဘယ်သို့ သိသနည်း။ အသျှင်ဘုရား ရုပ်သည် ကိုယ်'အတ္တ'မဟုတ်ပါ၊ တပည့်တော်သည် ထိုကိုယ်'အတ္တ' မဟုတ်သောရုပ်၌ လိုချင်မှုကို ပယ်ရပါမည်။ ဝေဒနာသည်။သညာသည်။သင်္ခါရတို့သည်။ဝိညာဏ် သည် ကိုယ်'အတ္တ'မဟုတ်ပါ၊ တပည့်တော်သည် ကိုယ်'အတ္တ'မဟုတ်သော ဝိညာဏ်၌ လိုချင်မှုကို ပယ်ရပါမည်၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ရဟန်း ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊သင်သည် ထိုကိုယ်'အတ္တ'မဟုတ်သော ရုပ်၌ လိုချင်မှုကို ပယ်ရမည်၊ ဝေဒနာသည်။သညာသည်။ သင်္ခါရတို့ သည်။ဝိညာဏ်သည် ကိုယ်'အတ္တ'မဟုတ်၊သင်သည် ထိုကိုယ်'အတ္တ'မဟုတ်သော ဝိညာဏ်၌ လိုချင်မှုကို ပယ်ရမည်၊ ရဟန်း ငါအကျဉ်းဟောအပ်သောစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ဆဋ္ဌသုတ်။

---

## ၇-အနတ္တနိယသုတ်

၆၈။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား အကျဉ်းအားဖြင့် တရားဟော တော်မူပါလော့။ပ။ နေလိုပါ၏ဟု လျှောက်၏။ ရဟန်း အကြင်သဘောတရားသည် ကိုယ်ပိုင်ဥစ္စာမဟုတ်၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သော သဘောတရား၌ သင်သည် လိုချင်မှုကို ပယ်ရမည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ"ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို သင်အဘယ်သို့ သိသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ရုပ်သည် ကိုယ်ပိုင်ဥစ္စာမဟုတ်ပါ၊ တပည့်တော်သည် ကိုယ်ပိုင်ဥစ္စာ မဟုတ်သောရုပ်၌ လိုချင်မှုကို ပယ်ရပါမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရ တို့သည်။ ဝိညာဏ်သည် ကိုယ်ပိုင်ဥစ္စာမဟုတ်ပါ၊ တပည့်တော်သည် ကိုယ်ပိုင်ဥစ္စာမဟုတ်သော ထိုဝိညာဏ်၌ လိုချင်မှုကို ပယ်ရပါမည်၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်း ဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်သည် ကိုယ်ပိုင်ဥစ္စာမဟုတ်၊ သင်သည် ထိုကိုယ်ပိုင်ဥစ္စာမဟုတ်သော ရုပ်၌ လိုချင်မှုကိုပယ်ရမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်ပိုင်ဥစ္စာမဟုတ်၊ သင်သည် ထိုကိုယ်ပိုင်ဥစ္စာမဟုတ်သော ဝိညာဏ်၌ လိုချင်မှုကို ပယ်ရမည်၊ ရဟန်း ငါအကျဉ်းဟောအပ်သောစကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

သတ္တမသုတ်။

## ၈-ရဇနီယသဏ္ဌိတသုတ်

၇၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည်။ပ။တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ တရားကိုနာရ၍။ပ။နေလိုပါ၏ဟု လျှောက်၏။ ရဟန်း အကြင်သဘောတရားသည် စွဲမက်ဖွယ် အခြင်းအရာအားဖြင့် တည်၏၊ ထိုစွဲမက်ဖွယ် အခြင်းအရာအားဖြင့်တည်သော သဘောတရား၌ လိုချင်မှုကို ပယ်ရမည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သိပါပြီ"ဟု (လျှောက်၏)။

ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို သင်အဘယ်သို့ သိသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ရုပ်သည် စွဲမက်ဖွယ် အခြင်းအရာအားဖြင့် တည်ပါ၏၊ တပည့်တော်သည် ထိုစွဲမက်ဖွယ် အခြင်းအရာအားဖြင့်တည်သော ရုပ်၌ လိုချင်မှုကို ပယ်ရပါမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် စွဲမက်ဖွယ် အခြင်းအရာအားဖြင့် တည်ပါ၏၊တပည့်တော်သည် ထိုစွဲမက်ဖွယ် အခြင်းအရာအားဖြင့်တည်သော ဝိညာဏ်၌ လိုချင်မှုကို ပယ်ရပါမည်၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ဤသို့ သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ သင်သည် ငါအကျဉ်းဟောအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို ကောင်းစွာ သိပေ၏၊ ရဟန်း ရုပ်သည် စွဲမက်ဖွယ် အခြင်းအရာအားဖြင့် တည်၏၊ သင်သည် ထိုစွဲမက်ဖွယ် အခြင်းအရာအားဖြင့်တည်သော ရုပ်၌ လိုချင်မှုကို ပယ်ရမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ဝိညာဏ်သည် စွဲမက်ဖွယ် အခြင်းအရာအားဖြင့် တည်၏၊ သင်သည် ထိုစွဲမက်ဖွယ် အခြင်းအရာအားဖြင့်တည်သော ဝိညာဏ်၌ လိုချင်မှုကို ပယ်ရမည်၊ရဟန်း ငါအကျဉ်းဟောအပ်သော စကား၏အကျယ်ဖြစ်သော အနက်ကို ဤသို့ မှတ်ရမည်။ပ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

အဋ္ဌမသုတ်။

## ၉-ရာဓသုတ်

၇၁။ သာဝတ္ထိနိဒါန်း။ထိုအခါ အသျှင်ရာဓသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤစကားကို လျှောက်၏—"အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူအား ဝိညာဏ်ရှိသော ဤကိုယ်၌

ၡင်း အပဖြစ်သော အာရုံအားလုံးတို့၌ၡင်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါဉစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' တို့သည် မဖြစ်ပါကုန်သနည်း" ဟု လျှောက်၏။ ရာဓ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါဉစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှု၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်းဖြစ်သော ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါဉစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ်အတ္တမဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှု၏၊ ရာဓ ဤသို့သိသူ ဤသို့မြင်သူအား ဝိညာဏ်ရှိသော ဤကိုယ်၌ၡင်း အပဖြစ်သော အာရုံအားလုံးတို့၌ၡင်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါဉစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' တို့သည် မဖြစ်ကုန်။ပ။ အသျှင်ရာဓသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

နဝမသုတ်။

---

## ၁၀-သုရာဓသုတ်

၇၂။ ထိုအခါ အသျှင်သုရာဓသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူအား ဝိညာဏ်ရှိသော ဤကိုယ်၌ၡင်း အပဖြစ်သော အာရုံအားလုံးတို့၌ၡင်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါဉစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာန' မှ ကင်းသော ထောင်လွှားခြင်းအဘို့ကို ကောင်းစွာလွန်သော (ကိလေသာပူပန်မှုမှ) ငြိမ်းသော (ကိလေသာမှ) ကောင်းစွာလွတ်မြောက်သော စိတ်ဖြစ်ပါသနည်း" ဟု လျှောက်၏။ သုရာဓ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါဉစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့်ရှု၍ မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါဉစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှု၍ မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်၏၊ သုရာဓ ဤသို့သိသူ ဤသို့မြင်သူအား ဝိညာဏ်ရှိသော ဤကိုယ်၌ၡင်း အပဖြစ်သော အာရုံအားလုံးတို့၌ၡင်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါဉစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာန' မှကင်းသော ထောင်လွှားခြင်း အဘို့ကို ကောင်းစွာ လွန်သော (ကိလေသာ ပူပန်မှုမှ) ငြိမ်းသော (ကိလေသာမှ) ကောင်းစွာ လွတ်မြောက်သော စိတ်ဖြစ်၏။ပ။ အသျှင်သုရာဓသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ဒသမသုတ်။

နှစ်ခုမြောက် အရဟန္တဝဂ် ပြီး၏။

## (ဂ) ၃-ခန္ဓနိယဝဂ် ၁-အဿာဒသုတ်

၇၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်ဘိုင်းမှန်စွာ မသိ၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်ဘိုင်းမှန်စွာ သိ၏။ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-သမုဒယသုတ်

၇၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်ဘိုင်းမှန်စွာ သိ၏။ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဒုတိယ သမုဒယသုတ်

၇၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း လွတ်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အရဟန္တသုတ်

၇၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ ကိုယ်'အတ္တ'မဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ၏ ဥစ္စာမဟုတ်၊

ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ ကိုယ်'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏၊ဆင်းရဲသော ဝိညာဏ်သည် ကိုယ်'အတ္တ'မဟုတ်၊ ကိုယ် 'အတ္တ' မဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသို့ ရှုသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။ ရဟန်းတို့ ထိုရဟန္တာတို့သည် သတ္တဝါတို့၏ နေရာရှိသမျှ ဘဝဂ်တိုင်အောင် လောက၌ အမြတ်ဆုံး ဖြစ်ကုန်၏၊ အချီးမွမ်းထိုက်ဆုံး ဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူ၏—

"ရဟန္တာတို့သည် ချမ်းသာ ကုန်စွတကား၊ ထိုရဟန္တာတို့အား တဏှာသည် မရှိ၊ငါဖြစ်၏ ဟူသော မာနကို ကောင်းစွာ ဖြတ်အပ်ပြီ၊ မောဟတည်းဟူသော ကွန်ရက်ကို ဖျက်ဆီးအပ်ပြီ။

ထိုရဟန္တာတို့သည် တဏှာမရှိရာသို့ ရောက်ကုန်ပြီ၊ ထိုရဟန္တာတို့၏စိတ်သည် နောက်ကျုခြင်း မရှိ၊ ထိုရဟန္တာတို့သည် လောက၌ ကိလေသာတို့ဖြင့် မလိမ်းကျံကုန်၊ မြတ်သော သူတို့ဖြစ်ကုန်၏၊ အာသဝကုန်ခန်းကုန်ပြီ။

(ထိုရဟန္တာတို့သည်) ခန္ဓာငါးမျိုးတို့ကို ပိုင်းခြားသိ၍ သူတော်ကောင်းတရား ခုနစ်ပါး လျှင် အာရုံရှိကုန်၏၊ ချီးမွမ်းထိုက်ကုန်၏၊ သူတော်ကောင်းဖြစ်ကုန်၏ မြတ်စွာဘုရား၏ ရင်၌ဖြစ်သော သားတော်တို့ဖြစ်ကုန်၏။

ကြီးသော လုံ့လရှိသော ထိုရဟန္တာတို့သည် ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်၏၊ ကျင့်ဖွယ်သုံးမျိုးတို့၌ ကျင့်ပြီးဖြစ်ကုန်၏၊ ဘေးငယ်ဘေးကြီးတို့ကို ပယ်ပြီးဖြစ်ကုန်၍ လှည့်လည်ကုန်၏။

ထိုရဟန္တာတို့သည် အင်္ဂါဆယ်ပါးတို့နှင့်ပြည့်စုံကုန်၏၊ ဆင်ပြောင်ကြီးသဖွယ်ကြီးကျယ် မြင့်မြတ်ကုန်၏၊ တည်ကြည်ကုန်၏၊ လောက၌မြတ်ကုန်၏၊ ထိုရဟန္တာတို့အား တဏှာ သည် မရှိ။

ထိုရဟန္တာပုဂ္ဂိုလ်တို့အား အသေက္ခပုဂ္ဂိုလ်တို့၏ ဉာဏ်သည် ဖြစ်ပေါ်ပြီ၊ ဤခန္ဓာကိုယ် သည် နောက်ဆုံးဖြစ်၏၊ အကျင့်မြတ်၏ အနှစ်ဖြစ်သောအရိယာဖိုလ်၌ သူတပါးကို အားထားဖွယ် မရှိပြီ။

သုံးပါးသော မာနအဘို့တို့ကြောင့် မတုန်လှုပ်ကုန်၊ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမှ လွတ်ကုန်၏၊ ယဉ်ကျေးသော ဘုံ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ထိုရဟန္တာတို့သည် လောက၌ ရန်အပေါင်းတို့ကို အောင်ပြီးသူတို့ ဖြစ်ကုန်၏။

ထိုရဟန္တာတို့အား အတိတ် အနာဂတ် ပစ္စုပ္ပန်ဘဝတို့၌ နှစ်သက်မှု တဏှာသည် မရှိ၊ လောက၌ မြတ်စွာဘုရားတို့သည် အတုမရှိကုန်ဟု ထိုရဟန္တာတို့သည် ရဲရဲရင့်ရင့် စကားကို ကြုံးဝါးကုန်၏'' ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုတိယ အရဟန္တသုတ်

၇၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် ကိုယ်'အတ္တ' မဟုတ်၊ ကိုယ်'အတ္တ' မဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု။ပ။ ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း။ သင်္ခါရတို့၌လည်း။ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့်(ကိလေသာမှ)လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်သည် ဖြစ်၏၊ ''ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ'' ဟုသိ၏။ ရဟန်းတို့ ထိုရဟန္တာတို့သည် သတ္တဝါတို့၏ နေရာ ရှိသမျှ ဘဝဂ်တိုင်အောင် လောက၌ အမြတ်ဆုံးဖြစ်ကုန်၏၊ အချီးမွမ်းထိုက်ဆုံး ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-သီဟသုတ်

၇၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် ညချမ်းအခါ နေရာမှ ထွက်၍ စမွှယ်ပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို ကြည့်၍ သုံးကြိမ် ခြင်္သေ့သံကို ဟောက်လျက် ကျက်စားရာ အရပ်သို့ သွား၏၊ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်း၏ ဟောက်သံကို ကြားရသော တိရစ္ဆာန်သတ္တဝါအားလုံးတို့သည် များသောအားဖြင့် ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်းသို့ ရောက်ကုန်၏။ တွင်းနေသတ္တဝါတို့သည် တွင်းသို့ဝင်ကုန်၏၊ ရေနေသတ္တဝါတို့သည် ရေသို့ ဝင်ကုန်၏၊တောနေသတ္တဝါတို့သည် တောသို့ ဝင်ကုန်၏၊ ငှက်တို့သည် ကောင်းကင်သို့ ပျံကုန်၏၊ ရဟန်းတို့ ရွာနိဂုံး မင်းနေပြည်တို့၌ ခိုင်ခံ့သော ကြိုးတို့ဖြင့် ချည်ထားအပ်ကုန်သော မင်း၏ ဆင်ဟုံ့သော်မှလည်း ထိုကြိုးတို့ကို ဖြတ်ကုန်လျက် ချိုးဖဲ့ပြီးလျှင် ကြောက်သဖြင့် ကျင်ငယ် ကျင်ကြီးတို့ကို စွန့်ကြကာ ထိုမှဤမှ ပြေးသွားကုန်၏၊ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် တိရစ္ဆာန်သတ္တဝါတို့တွင် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အစိုးရ၏၊ ဤသို့ အာနုဘော်ကြီး၏။

ရဟန်းတို့ ဤအတူ အကြင်အခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့်ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူဘတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို

ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ရုပ်ကား ဤသို့ ရုပ်ဖြစ်ကြောင်းကား ဤသို့ ရုပ်ချုပ်ရာကား ဤသို့တည်း။ ဝေဒနာကား ဤသို့။ သညာကား ဤသို့။ သင်္ခါရတို့ကား ဤသို့။ ဝိညာဏ်ကား ဤသို့ ဝိညာဏ်ဖြစ်ကြောင်းကား ဤသို့ ဝိညာဏ်ချုပ်ကြောင်းကား ဤသို့တည်းဟု တရားကို ဟော၏။ ရဟန်းတို့ ထိုအခါ အသက်ရှည်ကုန်သော အဆင်းလှကုန်သော ချမ်းသာများကုန်သော မြင့်သောဗိမာန်တို့၌ ကြာမြင့်စွာ တည်ကုန်သော နတ်တို့သော်မှလည်း မြတ်စွာဘုရား၏ တရားသံကို ကြားနာရ၍ အချင်းတို့ ငါတို့သည် မမြဲသူတို့သာ ဖြစ်ကုန်လျက် မြဲကြကုန်၏ဟု ထင်မိခဲ့ကုန်၏၊ အချင်းတို့ ငါတို့သည် မခိုင်ခံ့သူတို့သာ ဖြစ်ကုန်လျက် ခိုင်ခံ့ကုန်၏ဟု ထင်မိခဲ့ကုန်၏၊ အချင်းတို့ ငါတို့သည် မတည်တံ့သူတို့သာ ဖြစ်ကုန်လျက် တည်တံ့ကုန်၏ဟု ထင်မိခဲ့ကုန်၏၊ အချင်းတို့ ငါတို့သည်လည်း မမြဲကြဘူးတဲ့ မခိုင်ခံ့ ကြဘူးတဲ့ မတည်တံ့ကြဘူးတဲ့ သက္ကာယ၌ အကျုံးဝင်ကုန်သတဲ့ဟု အများအားဖြင့် ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အစိုးရ၏၊ ဤသို့ အာနုဘော်ကြီး၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ တဖန် ဤဂါထာကို မိန့်ဆိုပြန်၏—

"နတ်နှင့်တကွသော လောက၏ဆရာဖြစ်သော ပြိုင်ဖက်မရှိသော မြတ်စွာဘုရားသည် အကြင်အခါ၌ သက္ကာယကိုင်း သက္ကာယ၏ ချုပ်ရာကိုင်း သက္ကာယ၏ ဖြစ်ရာကိုင်း ဆင်းရဲငြိမ်းရာသို့ ရောက်စေနိုင်သော အင်္ဂါရှစ်မျိုးရှိသော အရိယမဂ်ကိုင်း အထူးသိ၍ တရားစကြာကို လည်စေတော်မူ၏။

ထိုအခါ၌ အခြား သားကောင်တို့သည် ခြင်္သေ့ကို ကြောက်ကြသကဲ့သို့ အသက်ရှည်ကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော နတ်တို့သော်မှလည်း ပူဇော်အထူးကို ခံထိုက်သော ကိလေသာမှ လွတ်ပြီးသော တာဒိဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ စကားကို ကြားနာကြရ၍ ကြောက်ရွံ့ကုန်ရကား အချင်းတို့ ငါတို့သည် သက္ကာယခန္ဓာကိုယ်ကို မလွန်ကြသေးဘူးသတဲ့ မမြဲကြဘူးသတဲ့ ဟု ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏" ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ခဇ္ဇနီယသုတ်

၇၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ များပြားစွာသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့ကုန်သော သမဏဗြာဟ္မဏအချို့တို့သည် စွဲလမ်းမှု ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို ဖြစ်စေ ထိုငါးမျိုးတို့တွင် တခုခုကိုဖြစ်စေ အောက်မေ့ကုန်၏၊ အဘယ်ငါးမျိုးတို့နည်း၊ ရဟန်းတို့ အတိတ်ကာလ၌ ဤသို့သော ရုပ်ရှိသူဖြစ်ဘူးပြီဟု ဤသို့အောက်မေ့သော် ရုပ်ကိုသာ အောက်မေ့၏၊ ရဟန်းတို့ အတိတ်ကာလ၌ ဤသို့သော ဝေဒနာရှိသူ ဖြစ်ဘူးပြီဟု ဤသို့ အောက်မေ့သော် ဝေဒနာကိုသာ အောက်မေ့၏၊ အတိတ်ကာလ၌ ဤသို့သော သညာရှိသူ ဖြစ်ဘူးပြီဟု။ အတိတ်ကာလ၌ ဤသို့သော သင်္ခါရ ရှိသူတို့ဖြစ်ဘူးကုန်ပြီဟု။ အတိတ်ကာလ၌ ဤသို့သော ဝိညာဏ်ရှိသူဖြစ်ဘူးပြီဟု ဤသို့ အောက်မေ့သော် ဝိညာဏ်ကိုသာ အောက်မေ့၏။

ရဟန်းတို့ အဘယ်အကြောင်းကြောင့် ရုပ်ဟု ဆိုကုန်သနည်း၊ ရဟန်းတို့ ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟု ဆိုအပ်၏၊အဘယ်တရားကြောင့် ဖောက်ပြန်သနည်း၊ အေးကြောင့်လည်း ဖောက်ပြန်၏၊ အပူကြောင့်လည်း ဖောက်ပြန်၏၊ ဆာလောင်ခြင်းကြောင့်လည်း ဖောက်ပြန်၏၊ မွတ်သိပ်ခြင်းကြောင့်လည်း ဖောက်ပြန်၏၊ မှက် ခြင် လေ နေပူ မြွေ ကင်းသန် တို့နှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်၏၊ ရဟန်းတို့ ဤသို့ ဖောက်ပြန် တတ်သောကြောင့် ရုပ်ဟုဆိုအပ်၏၊ ရဟန်းတို့ အဘယ်အကြောင်းကြောင့် ဝေဒနာဟု ဆိုကုန်သနည်း၊ ရဟန်းတို့ ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုအပ်၏။ အဘယ်ကို ခံစားတတ်သနည်း၊ ချမ်းသာကိုလည်း ခံစားတတ်၏၊ ဆင်းရဲကိုလည်း ခံစားတတ်၏၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုလည်း ခံစားတတ်၏၊ ရဟန်းတို့ ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်အကြောင်းကြောင့် သညာဟု ဆိုကုန်သနည်း၊ ရဟန်းတို့ မှတ်သားတတ်သောကြောင့် သညာဟု ဆိုအပ်၏၊ အဘယ်ကို မှတ်သားတတ်သနည်း၊ အညိုကိုလည်း မှတ်သားတတ်၏၊ အဝါကိုလည်း မှတ်သားတတ်၏၊ အနီကိုလည်း မှတ်သားတတ်၏၊ အဖြူကိုလည်း မှတ်သားတတ်၏၊ ရဟန်းတို့ မှတ်သားတတ်သောကြောင့် သညာဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်အကြောင်းကြောင့် သင်္ခါရတို့ဟု ဆိုကုန်သနည်း၊ရဟန်းတို့ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်သောကြောင့် သင်္ခါရတို့ဟု ဆိုအပ်၏၊ အဘယ်ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်သနည်း၊ ရုပ်ကို ရုပ်အဖြစ်အကျိုးငှါ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်၏။ ဝေဒနာကို ဝေဒနာ အဖြစ်အကျိုးငှါ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်၏၊ သညာကို သညာအဖြစ်အကျိုးငှါ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်၏၊ သင်္ခါရတို့ကို သင်္ခါရ အဖြစ်အကျိုးငှါ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်၏။ ဝိညာဏ်ကို ဝိညာဏ်အဖြစ် အကျိုးငှါ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်၏၊ ရဟန်းတို့ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်သောကြောင့် သင်္ခါရတို့ဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်အကြောင်းကြောင့် ဝိညာဏ်ဟု ဆိုကုန်သနည်း၊ ရဟန်းတို့ သိတတ်သောကြောင့် ဝိညာဏ်ဟုဆိုအပ်၏၊ အဘယ်ကို သိတတ်သနည်း။အချဉ်ကိုလည်း သိတတ်၏၊ အခါးကိုလည်း သိတတ်၏၊ အစပ်ကိုလည်း သိတတ်၏၊ အချိုကိုလည်း သိတတ်၏၊ အငန်ကိုလည်း သိတတ်၏၊ အငန်မဟုတ်သည်ကိုလည်း သိတတ်၏၊ဆားအရသာကိုလည်း သိတတ်၏၊ ဆားမှတပါး အရသာကိုလည်း သိတတ်၏၊ ရဟန်းတို့ သိတတ်သောကြောင့် ဝိညာဏ်ဟု ဆိုအပ်၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာ တပည့်သည် ထိုခန္ဓာငါးမျိုးတို့၌ ဤသို့ ဆင်ခြင်၏၊ ယခု ငါ့ကို ရုပ်သည် ကိုက်ခဲအပ်၏၊ ငါ့ကို ယခုအခါ ပစ္စုပ္ပန် ရုပ်သည် ကိုက်ခဲအပ်သကဲ့သို့ အတိတ်ကာလ၌လည်း ဤအတူ ငါ့ကို ရုပ်သည် ကိုက်ခဲအပ်ဘူးပြီ၊ ငါသည် အနာဂတ်အခါ၌ ရုပ်ကို နှစ်သက်ငြားအံ့၊ ငါ့ကို ယခုပစ္စုပ္ပန်ရုပ်သည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ်ကာလ၌လည်း ဤအတူ ငါ့ကို ရုပ်သည် ကိုက်ခဲရာ၏ဟု ဤသို့ ဆင်ခြင်၍ အတိတ်ရုပ်၌ ငဲ့ကွက်ခြင်းကင်း၏၊ အနာဂတ်ရုပ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ရုပ်၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏။

ယခု ငါ့ကို ဝေဒနာသည် ကိုက်ခဲအပ်၏၊ယခု ငါ့ကို ပစ္စုပ္ပန် ဝေဒနာသည် ကိုက်ခဲအပ်သကဲ့သို့ အတိတ်ကာလ၌လည်း ဤအတူ ငါ့ကို ဝေဒနာသည် ကိုက်ခဲအပ်ဘူး၏၊ ငါသည် အနာဂတ်အခါ၌ ဝေဒနာကို နှစ်သက်ငြားအံ့၊ ယခုအခါ ငါ့ကို ပစ္စုပ္ပန်ဝေဒနာသည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ်

ကာလ၌လည်း ငါ့ကို ဝေဒနာသည် ကိုက်ခဲရာ၏ဟု ဆင်ခြင်၍အတိတ်ဝေဒနာ၌ ငဲ့ကွက်ခြင်းကင်း၏၊ အနာဂတ်ဝေဒနာကို မနှစ်သက်၊ ပစ္စုပ္ပန်ဝေဒနာ၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏။

ယခု ငါ့ကို သညာသည် ကိုက်ခဲအပ်၏။ပ။ယခု ငါ့ကို သင်္ခါရတို့သည် ကိုက်ခဲအပ်၏၊ ယခု ငါ့ကို ပစ္စုပ္ပန် သင်္ခါရတို့သည် ကိုက်ခဲအပ်သကဲ့သို့ အတိတ်ကာလ၌လည်း ဤအတူ ငါ့ကို သင်္ခါရတို့သည် ကိုက်ခဲအပ်ဘူးပြီ၊ ငါသည် အနာဂတ်အခါ၌ သင်္ခါရတို့ကို နှစ်သက်ငြားအံ့၊ ယခု ငါ့ကို ပစ္စုပ္ပန် သင်္ခါရတို့သည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ်ကာလ၌လည်း ဤအတူ ငါ့ကို သင်္ခါရတို့သည် ကိုက်ခဲကုန်ရာ၏ဟု ဤသို့ ဆင်ခြင်၍ အတိတ်သင်္ခါရတို့၌ ငဲ့ကွက်ခြင်း ကင်း၏၊ အနာဂတ်သင်္ခါရတို့ကို မနှစ်သက်၊ ပစ္စုပ္ပန် သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏။

ယခု ငါ့ကို ဝိညာဏ်သည် ကိုက်ခဲအပ်၏၊ ယခု ငါ့ကို ပစ္စုပ္ပန်ဝိညာဏ်သည် ကိုက်ခဲအပ်သကဲ့သို့ အတိတ်ကာလ၌လည်း ဤအတူ ဝိညာဏ်သည် ငါ့ကိုကိုက်ခဲအပ်ဘူးပြီ၊ငါသည် အနာဂတ်ဝိညာဏ်ကို နှစ်သက်ငြားအံ့၊ ယခု ငါ့ကို ပစ္စုပ္ပန်ဝိညာဏ်သည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ် ကာလ၌လည်း၊ ဤအတူ ဝိညာဏ်သည် ငါ့ကို ကိုက်ခဲရာ၏ဟု ဆင်ခြင်၍ အတိတ်ဝိညာဏ်၌ ငဲ့ကွက်ခြင်းကင်း၏၊ အနာဂတ်ဝိညာဏ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဝိညာဏ်ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ရုပ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်းတို့ ထို့ကြောင့် အတိတ်အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ်'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဝေဒနာအားလုံးကို။ သညာအားလုံးတို့ကို။ သင်္ခါရအားလုံးကို။ အတိတ်အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသူကို အရိယာတပည့်သည် ဖျက်ဆီးတတ်၏၊ မပွါးစီးစေတတ်။ပယ်စွန့်တတ်၏၊ စွဲလမ်း၍ မယူတတ်။ဖရိုဖရဲ ဖြန့်ကြဲတတ်၏၊မပေါင်းစုတတ်။ငြိမ်းစေ၏၊မတောက်လောင်စေတတ်ဟု ဆိုအပ်၏၊ အဘယ်ကို ဖျက်ဆီးသနည်း၊ မပွါးစီးစေတတ်သနည်း၊ ရုပ်ကို ဖျက်ဆီးတတ်၏၊

မပွါးစီးစေတတ်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဖျက်ဆီးတတ်၏၊ မပွါးစီးစေတတ်။ အဘယ်ကို ပယ်စွန့်သနည်း၊ စွဲလမ်းမယူသနည်း၊ ရုပ်ကို ပယ်စွန့်၏၊ စွဲလမ်းမယူ။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ပယ်စွန့်၏၊ စွဲလမ်းမယူ။ အဘယ်ကို ဖရိုဖရဲ ဖြန့်ကြဲသနည်း၊ မပေါင်းစုသနည်း၊ ရုပ်ကို ဖရိုဖရဲဖြန့်ကြဲ၏၊ မပေါင်းစု။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဖရိုဖရဲဖြန့်ကြဲ၏၊ မပေါင်းစု။ အဘယ်ကို ငြိမ်းစေသနည်း၊ မတောက်လောင်စေသနည်း၊ ရုပ်ကို ငြိမ်းစေ၏၊ မတောက်လောင်စေ။ ဝေဒနာကို။ သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကို ငြိမ်းစေ၏၊ မတောက်လောင်စေ။

ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း။ သညာ၌လည်း။ သင်္ခါရတို့၌လည်း။ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟုသိ၏။

ရဟန်းတို့ ဤသူကို ရဟန်းသည် မဖျက်ဆီးတတ်၊ မပွါးစီးစေတတ်၊ ဖျက်ဆီးပြီး၍ တည်၏။ မပယ်စွန့်တတ်၊ စွဲလမ်းမယူတတ်၊ပယ်စွန့်ပြီး၍တည်၏၊ ဖရိုဖရဲ မဖြန့်ကြဲတတ်၊မပေါင်းစုတတ်၊ဖရိုဖရဲ ဖြန့်ကြဲပြီး၍တည်၏၊ မငြိမ်းစေတတ်၊မတောက်လောင်စေတတ်၊ငြိမ်းစေပြီး၍ တည်၏ဟု ဆိုအပ်၏။ အဘယ်ကို မဖျက်ဆီးတတ်၊ မပွါးစီးစေတတ်သနည်း၊ ဖျက်ဆီး ပြီး၍ကား တည်သနည်း၊ ရုပ်ကို မဖျက်ဆီးတတ်၊ မပွါးစီးစေတတ်၊ ဖျက်ဆီးပြီး၍ကား တည်၏။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို မဖျက်ဆီးတတ်၊ မပွါးစီးစေတတ်၊ ဖျက်ဆီးပြီး၍ကား တည်၏။ အဘယ်ကို မပယ်စွန့်သနည်း၊ စွဲလမ်းမယူသနည်း၊ ပယ်စွန့်ပြီး၍ကား တည်သနည်း၊ ရုပ်ကို မပယ်စွန့် စွဲလမ်းမယူ၊ ပယ်စွန့်ပြီး၍ကား တည်၏၊ ဝေဒနာကို။သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကို မပယ်စွန့်၊ စွဲလမ်းမယူ၊ ပယ်စွန့်ပြီး၍ကား တည်၏။ အဘယ်ကို ဖရိုဖရဲ မဖြန့်ကြဲသနည်း၊ မပေါင်းစုသနည်း၊ ဖရိုဖရဲဖြန့်ကြဲပြီး၍ကား တည်သနည်း၊ ရုပ်ကို ဖရိုဖရဲ မဖြန့်ကြဲ၊ မပေါင်းစု၊ ဖရိုဖရဲ ဖြန့်ကြဲပြီး၍ကား တည်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဖရိုဖရဲ မဖြန့်ကြဲ၊ မပေါင်းစု၊ဖရိုဖရဲ ဖြန့်ကြဲပြီး၍ကား တည်၏။အဘယ်ကို မငြိမ်းစေသနည်း၊မတောက်လောင်စေသနည်း၊ငြိမ်းစေပြီး၍ကား တည်သနည်း၊ရုပ်ကို မငြိမ်းစေ၊မတောက်လောင်စေ ငြိမ်းစေပြီး၍ကား တည်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို မငြိမ်းစေ၊ မတောက်လောင်စေ၊ ငြိမ်းစေပြီး၍ကား တည်၏။ ဤသို့ လွတ်မြောက်သောစိတ်ရှိသော ရဟန်းကို သိကြား ဗြဟ္မာ ပဇာပတိနတ်မင်းနှင့် တကွသော နတ်တို့သည် အဝေးမှပင်လျှင် ရှိခိုးကုန်၏—

"ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးပါ၏။ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးပါ၏၊ အသျှင်ဘုရားနှင့် အသျှင်ဘုရားကိုမှီ၍ ရှုသောတရားကိုကား မသိပါကုန်"ဟု (ရှိခိုးကုန်၏)။

သတ္တမသုတ်။

## ၈-ပိဏ္ဍောလျသုတ်

၈၀။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် တစုံတခုသော အကြောင်းကြောင့် ရဟန်းသံဃာကို နှင်ထုတ်တော်မူ၍ နံနက်အခါ သင်္ကန်းကိုပြင်ဝတ်တော်မူပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်လျက် ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ကပိလဝတ်ပြည်၌ ဆွမ်းခံ လှည့်လည် တော်မူပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါတော်မူ၍ မဟာဝုန်တောသို့ နေ့သန့်စင်ရန် ချဉ်းကပ်ပြီးလျှင် မဟာဝုန်တောသို့ ဝင်ရောက်၍ ဥသျှစ်ပင်ရင်း၌ နေ့သန့်စင်ရန် ထိုင်တော်မူ၏။

ထိုအခါ ဆိတ်ငြိမ်ရာ၌ တပါးတည်း ကိန်းအောင်းသော မြတ်စွာဘုရားအား ဤသို့စိတ်အကြံ သည်ဖြစ်၏— "ငါသည် ရဟန်းသံဃာကို နှင်ထုတ်အပ်၏၊ ဤရဟန်းသံဃာ၌ ငယ်ကုန်သော ရဟန်း ပြု၍မကြာသေးကုန်သော ဤသာသနာသို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ထိုရဟန်းတို့သည် ငါဘုရားကို မမြင်ကြရသော် တမျိုးတမည်ဖြစ်ရာ၏၊ ဖောက်ပြန်ခြင်းဖြစ်ရာ၏၊ ဥပမာသော်ကား နုနယ်သော နွားကလေးသည် မိခင်ကို မမြင်ရသော် တမျိုးတမည် ဖြစ်ရာသကဲ့သို့ ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ ဤအတူ ဤရဟန်းသံဃာ၌ ငယ်ကုန်သော ရဟန်းပြု၍မကြာသေး ကုန်သော ဤဓမ္မဝိနယ 'သာသနာတော်' သို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့သည် ရှိသေး ကုန်၏၊ ထိုရဟန်းတို့သည် ငါ့ကို မမြင်ကြရသော် တမျိုးတမည် ဖြစ်ရာ၏၊ ဖောက်ပြန်ခြင်း ဖြစ်ရာ၏။ ဥပမာ တမျိုးသော်ကား နုသော မျိုးစေ့တို့သည် ရေကို မရကြသော် တမျိုးတမည် ဖြစ်ရာ သကဲ့သို့ ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ ဤအတူ ဤရဟန်းသံဃာ၌။ပ။ ရှိသေးကုန်၏၊ ထိုရဟန်း တို့သည် ငါ့ကို မမြင်ကြရသော် တမျိုးတမည် ဖြစ်ရာ၏၊ ဖောက်ပြန်ခြင်း ဖြစ်ရာ၏၊ ငါသည် ရှေးအခါ ရဟန်းသံဃာကို ချီးမြှောက်သကဲ့သို့ ဤအတူ ယခုအခါ ချီးမြှောက်ရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ အားရှိ သော ယောကျ်ားသည် ကွေးသောလက်ရုံးကို ဆန့်သကဲ့သို့ ဆန့်ထားသောလက်ရုံးကို ကွေးသကဲ့သို့ ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားဖြစ်၏၊ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ပခုံးတဖက်၌ အပေါ်ရုံကိုတင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် ဤစကားကိုလျှောက်၏— "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအတိုင်းပင် မှန်ပါ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအတိုင်းပင် မှန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းသံဃာကို နှင်ထုတ်အပ်၏၊ ဤရဟန်းသံဃာ၌ ငယ်ကုန်သော ရဟန်းပြု၍ မကြာသေးကုန်သော ဤဓမ္မဝိနယ 'သာသနာတော်' သို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့သည် ရှိသေးကုန်၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားကို မမြင်ကြရသော် တမျိုးတမည် ဖြစ်ရာ၏၊ ဖောက်ပြန်ခြင်း ဖြစ်ရာ၏၊ ဥပမာ သော်ကား နုနယ်သော နွားကလေးသည် မိခင်ကို မမြင်ကြရသော် တမျိုးတမည် ဖြစ်ရာသကဲ့သို့ ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ ဤအတူ ဤရဟန်းသံဃာ၌ ငယ်ကုန်သော ရဟန်းပြု၍ မကြာသေး ကုန်သော ဤဓမ္မဝိနယ 'သာသနာတော်' သို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့သည် ရှိသေး ကုန်၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားကို မမြင်ကြရသော် တမျိုးတမည် ဖြစ်ရာပါ၏၊ ဖောက်ပြန် ခြင်း ဖြစ်ရာပါ၏၊ ဥပမာတမျိုးသော်ကား နုသောမျိုးစေ့တို့သည် ရေကိုမရကြသော် တမျိုးတမည် ဖြစ်ရာသကဲ့သို့ ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ ဤအတူ ဤရဟန်းသံဃာ၌ ငယ်ကုန်သော

ရဟန်းပြု၍ မကြာသေးကုန်သော ဤဓမ္မဝိနယ 'သာသနာတော်' သို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့သည် ရှိသေးကုန်၏၊ထိုရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရသော် တမျိုးတမည် ဖြစ်ရာပါ၏၊ ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာကို နှစ်သက်တော်မူပါ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာကို ဆုံးမတော်မူပါ၊ မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းသံဃာကို ချီးမြှောက်တော်မူသကဲ့သို့ ယခုအခါ၌လည်း ချီးမြှောက်တော်မူပါ"ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏၊ ထိုအခါ သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရား လက်ခံကြောင်းကိုသိ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုနေရာ၌ပင် ကွယ်ပျောက်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထပြီးလျှင် နိဂြောဓာရုံကျောင်းသို့ ချဉ်းကပ်တော်မူ၍ ခင်းထားသော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့သည် တပါးစီရင်း နှစ်ပါးစီရင်း ကြောက်ရွံ့သော သဘောရှိကုန်လျက် ငါ့ထံသို့ ချဉ်းကပ်ကြစေဟူသော တန်ခိုးဖန်ဆင်းမှုကို ပြုတော်မူ၏၊ ထိုရဟန်းတို့သည်လည်း တပါးစီရင်း နှစ်ပါးစီရင်း ကြောက်ရွံ့သော သဘောရှိကုန်လျက် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ကြပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကြကုန်၏၊ တခုသော နေရာ၌ ထိုင်နေကုန်သော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အသက်မွေးမှုတို့တွင် ဤထမင်းတောင်း၍ အသက်မွေးခြင်းသည် အယုတ်ဆုံးဖြစ်၏။ ရဟန်းတို့ လောက၌ ဤသူတောင်းစား ခွက်လက်စွဲသည် လှည့်လည်၏ ဟု ဆဲရေးခြင်းရှိ၏။ ရဟန်းတို့ ဤသို့ပင်ဖြစ်သော်လည်း အကျိုးထူးကို လိုလားကုန်သော အမျိုးသားတို့သည် အကျိုးထူးကိုအစွဲပြု၍ ထိုထမင်းတောင်းမှုသို့ ချဉ်းကပ်ကုန်၏၊ မင်းနှိပ်စက်၍လည်း မဟုတ်ကုန်၊ ခိုးသူနှိပ်စက်၍လည်း မဟုတ်ကုန်၊ ကြွေးမြီနှိပ်စက်၍လည်း မဟုတ်ကုန်၊ ဘေးနှိပ်စက်၍လည်း မဟုတ်ကုန်၊ အသက်မွေးမှု နှိပ်စက်၍လည်း မဟုတ်ကုန်။ စင်စစ်သော်ကား ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် သက်ဝင်အပ်ကုန်သည် ဖြစ်၍ ဆင်းရဲခြင်းတို့သည် သက်ဝင်အပ်ကုန်၏၊ ဆင်းရဲတို့သည် နှိပ်စက်အပ်ကုန်၏၊ ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးပြုမှုသည် ထင်ကောင်းတန်ရာ၏ဟု (နှလုံးပြု၍ ချဉ်းကပ်ကုန်၏)။

ရဟန်းတို့ ဤသို့ရဟန်းပြုသောအမျိုးသားသည်လည်း မက်မောခြင်း'အဘိဇ္ဈာ'များသူ ကာမတို့၌ ထက်သော စွဲမက်မှုရှိသူ ဖျက်ဆီးလိုသော စိတ်ရှိသူ ပြစ်မှားလိုသော စိတ်အကြံရှိသူ သတိမေ့လျော့သူ ပညာဆင်ခြင်တုံ မရှိသူ မတည်ကြည်သူ တုန်လှုပ်သောစိတ်ရှိသူ ဣန္ဒြေတို့ကို မစောင့်စည်းသူဖြစ်ခဲ့အံ့၊ ရဟန်းတို့ နှစ်ဖက်မှ ရဲရဲလောင်နေသော အလယ်မှ မစင်ပေနေသော သူကောင်မြိုက် ထင်းကုလားတုံး မီးစသည် ရွာ၌လည်း ထင်းကိစ္စကို မပြီးစေနိုင်၊ တော၌လည်း ထင်းကိစ္စကို မပြီးစေနိုင်သကဲ့သို့ ထိုနည်းတူစွာ ဤပုဂ္ဂိုလ်ကို လူ့စည်းစိမ်မှုလည်းယုတ်သူ ရဟန်းပြုကျိုးကိုလည်း မပြီးစေနိုင်သူဟု ငါဆို၏။

ရဟန်းတို့ အကုသိုလ်အကြံအစည်တို့သည် ဤသုံးမျိုးတို့တည်း၊ ကာမ၌ ကြံစည်မှု 'ကာမဝိတက်' ဖျက်ဆီးခြင်း၌ ကြံစည်မှု 'ဗျာပါဒဝိတက်' ညှဉ်းဆဲခြင်း၌ ကြံစည်မှု 'ဝိဟိံသာဝိတက်' တို့တည်း၊ ရဟန်းတို့ ဤအကုသိုလ် အကြံအစည် သုံးမျိုးတို့သည် အဘယ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း၊ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သောစိတ်ရှိသည်ဖြစ်၍ နေသော

သူအားရှင်း နိစ္စနိမိတ်စသည်မရှိသော အနိမိတ္တသမာဓိကို ပွါး၍နေသောသူအားရှင်း(ချုပ်ကုန်၏)၊ ရဟန်းတို့ ဤအနိမိတ္တသမာဓိကို ပွါးခြင်းငှါ အလွန်သင့်သည်သာတည်း၊ ရဟန်းတို့ နိစ္စနိမိတ်မရှိသော အနိမိတ္တသမာဓိကို ပွါးသော် ကြီးမြန်များစွာပြုသော် အကျိုးများ၏၊ အာနိသင်များ၏။

ရဟန်းတို့ ဒိဋ္ဌိတို့သည် ဤနှစ်မျိုးတို့တည်း၊ ဘဝရှိ၏ဟု စွဲယူသောဒိဋ္ဌိရှင်း ဘဝမရှိဟု စွဲယူသော ဒိဋ္ဌိရှင်း တို့တည်း။ ရဟန်းတို့ ထိုနှစ်မျိုးတို့တွင် အကြားအမြင်ရှိသော အရိယာ တပည့်သည် ငါဟုစွဲလမ်းသော် အပြစ်မရှိနိုင်ရာသော တစုံတခုသော တရားမျိုးသည် လောက၌ ရှိသလောဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ ငါဟုစွဲလမ်းသော် အပြစ်မရှိနိုင်ရာသော တစုံတခုသော တရားမျိုးသည် လောက၌ မရှိ။ မှန်၏၊ ငါသည် စွဲလမ်းသော် ရုပ်ကိုသာလျှင် စွဲလမ်းရာ၏၊ ဝေဒနာကိုသာလျှင်။ သညာကိုသာလျှင်။ သင်္ခါရတို့ကိုသာလျှင်။ ဝိညာဏ်ကိုသာလျှင် စွဲလမ်းရာ၏၊ ထိုငါ့အား ဤစွဲလမ်းမှု အကြောင်းကြောင့် ဘဝဖြစ်ရာ၏။ ဘဝအကြောင်းကြောင့် ပဋိသန္ဓေနေမှု ဖြစ်ရာ၏၊ ပဋိသန္ဓေနေမှု အကြောင်းကြောင့် အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ ဖြစ်ကုန်ရာ၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ ဖြစ်ပေါ်မှုသည် ဖြစ်ရာ၏ဟု သိ၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ပ။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသို့ ရှုသော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပါလိလေယျသုတ်

၈၁။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူဆောင်လျက် ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ကောသမ္ဗီပြည်၌ ဆွမ်းခံ လှည့်လည်တော်မူပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါတော်မူ၍ ကိုယ်တော်တိုင် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် အလုပ်အကျွေးတို့ကို မပန်ကြားပဲ ရဟန်းသံဃာကို မပြောကြားပဲ တပါးတည်း အဖော်မပါပဲ ဒေသစာရီ ကြွချီတော်မူ၏။

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားကြွ၍ မကြာမီ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏ "ငါ့သျှင်အာနန္ဒာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် အလုပ်အကျွေးတို့ကို မပန်ကြားပဲ ရဟန်းသံဃာကို မပြောကြားပဲ တပါးတည်း အဖော်မပါပဲ ဒေသစာရီ

ကြွချီတော်မူ၏”ဟု လျှောက်၏၊ ငါ့သျှင် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် အလုပ်အကျွေးဟိုကို မပန်ကြားပဲ ရဟန်းသံဃာကို မပြောကြားပဲ တပါးတည်း အဖော်မပါပဲ ဒေသစာရီကြွချီတော်မူသော အခါမျိုး၌ မြတ်စွာဘုရားသည် တပါးတည်းသာ နေတော်မူလို၏၊ ထိုအခါမျိုး၌ မည်သူမျှ မြတ်စွာဘုရားထံသို့ မလိုက်အပ်ဟု (ဆို၏)။

ထို့နောက် မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူရာ ပါလိလေယျကတောသို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုပါလိလေယျကတောဝယ် တင့်တယ်သော အင်ကြင်းပင်ရင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ များစွာသော ရဟန်းတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် နှစ်လိုဖွယ်စကားကို ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေကြပြီးလျှင် ဤစကားကို ပြောဆိုကုန်၏—“ငါ့သျှင်အာနန္ဒာ ငါတို့သည် မြတ်စွာဘုရား၏ အထံတော်မှ တရားစကားကို မနာကြားရသည်ကား ကြာမြင့်လှပါပြီ၊ မြတ်စွာဘုရား၏ အထံတော်မှ တရားစကားကို ကြားနာခြင်းငှါ အလိုရှိပါကုန်၏”ဟု (လျှောက်ကုန်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် ထိုရဟန်းတို့နှင့်အတူ ပါလိလေယျကတောဝယ် တင့်တယ်သော အင်ကြင်းပင်ရင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေကြသော ရဟန်းတို့ကို မြတ်စွာဘုရားသည် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေတော်မူ၏။ ထိုအခါ ရဟန်းတပါးအား“အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား ကာလမခြားမူ၍ အာသဝေါတရားတို့ ကုန်ခန်းပါသနည်း” ဟူသော အကြံဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်း၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—“ရဟန်းတို့ ငါသည် စူးစမ်းပြီးမှ တရားကို ဟောအပ်၏၊ စူးစမ်းပြီးမှ သတိပဋ္ဌာန်လေးမျိုးတို့ကို ဟောအပ်ကုန်၏၊ စူးစမ်းပြီးမှ သမ္မပ္ပဓာန်လေးမျိုးတို့ကို ဟောအပ်ကုန်၏၊ စူးစမ်းပြီးမှ ဣဒ္ဓိပါဒ်လေးမျိုးတို့ကို ဟောအပ်ကုန်၏၊ စူးစမ်းပြီးမှ ဣန္ဒြေငါးမျိုးတို့ကို ဟောအပ်ကုန်၏၊ စူးစမ်းပြီးမှ ဗိုလ်ငါးမျိုးတို့ကို ဟောအပ်ကုန်၏။ စူးစမ်းပြီးမှ ဗောဇ္ဈင်ခုနစ်မျိုးတို့ကို ဟောအပ်ကုန်၏၊ စူးစမ်းပြီးမှ အင်္ဂါရှစ်ပါး ရှိသော အရိယာမဂ်ကို ဟောအပ်၏။ ဤသို့ ငါသည် စူးစမ်းပြီးမှ တရားကို ဟောအပ်၏။ ရဟန်းတို့ ငါသည် ဤသို့ စူးစမ်းပြီးမှ တရားကို ဟောအပ်ပါလျက် အဘယ့်ကြောင့် အချို့သောရဟန်းအား “အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား ကာလမခြားမူ၍ အာသဝေါတရားတို့ ကုန်ပါသနည်း”ဟု ဤသို့ စိတ်အကြံဖြစ်ပေါ်လေဘိသနည်း ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အဘယ်သို့ သိသူ အဘယ်သို့မြင်သူအား ကာလမခြားပဲ အာသဝေါတို့ ကုန်သနည်းဟူမူ—ရဟန်းတို့ ဤလောက၌ အကြားအမြင်မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ ရဟန်းတို့ ထိုရှုမှုသည် သင်္ခါရဖြစ်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ပေါ်မှု ရှိသနည်း၊ အဘယ်လျှင်ဖြစ်ခြင်း ရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ ရဟန်းတို့ အဝိဇ္ဇာနှင့် ယှဉ်သော တွေ့ထိမှု ‘ဖဿ’ကြောင့်

ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားမမြင်မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ ထိုသင်္ခါရသည် ထိုတဏှာကြောင့် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ထိုသင်္ခါရသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ထိုတဏှာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ဖြစ်ပေါ်၏။ ထိုဝေဒနာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ထိုဖဿသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ထိုအဝိဇ္ဇာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ရဟန်းတို့ ဤသို့သိသူ ဤသို့မြင်သူအား ကာလမခြားပဲ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍ကား မရှု၊ သို့သော် ရုပ်ရှိသောအတ္တကို ရှု၏။ ရဟန်းတို့ ထိုရှုမှုသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ပေါ်မှု ရှိသနည်း၊ အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ ရဟန်းတို့ အဝိဇ္ဇာနှင့်ယှဉ်သော တွေ့ထိမှု ဖဿကြောင့်ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားအမြင် မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ ထိုသင်္ခါရသည် တဏှာကြောင့်ဖြစ်ပေါ်၏။ ရဟန်းတို့ ဤသို့လျှင် ထိုသင်္ခါရသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ထိုတဏှာသည်လည်း၊ ထိုဝေဒနာသည်လည်း၊ ထိုဖဿသည်လည်း၊ ထိုအဝိဇ္ဇာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ရဟန်းတို့ ဤသို့သိသူ ဤသို့မြင်သူအားလည်း ကာလမခြားပဲ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍လည်း မရှု၊ ရုပ်ရှိသော အတ္တကို မရှု၊ သို့သော် အတ္တ၌ရုပ်ကို ရှု၏။ ရဟန်းတို့ ထိုရှုမှုသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်းရှိသနည်း၊ အဘယ်ဖြစ်ပေါ်မှု ရှိသနည်း၊ အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ ရဟန်းတို့ အဝိဇ္ဇာနှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားအမြင်မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ သင်္ခါရသည် ထိုတဏှာကြောင့် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ထိုသင်္ခါရသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ထိုတဏှာသည်လည်း၊ ထိုဝေဒနာသည်လည်း၊ ထိုဖဿသည်လည်း၊ ထိုအဝိဇ္ဇာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ရဟန်းတို့ ဤသို့ သိသူ ဤသို့ မြင်သူအားလည်း ကာလမခြားပဲ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တကို မရှု၊ အတ္တ၌ ရုပ်ကို မရှု၊ သို့သော် ရုပ်၌ အတ္တကို ရှု၏။ ရဟန်းတို့ ထိုရှုမှုသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်းရှိသနည်း၊ အဘယ်ဖြစ်ပေါ်မှုရှိသနည်း၊ အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ ရဟန်းတို့ အဝိဇ္ဇာနှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားအမြင်မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ ထိုသင်္ခါရသည် တဏှာကြောင့် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ထိုသင်္ခါရသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ထိုတဏှာသည်လည်း၊ ထိုဝေဒနာသည်လည်း၊ ထိုဖဿသည်လည်း၊ ထိုအဝိဇ္ဇာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ ရဟန်းတို့ ဤသို့ သိသူအား။ပ။ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍လည်း မရှု၊ ရုပ်ရှိသောအတ္တကို မရှု၊ အတ္တ၌ ရုပ်ကို မရှု၊ ရုပ်၌ အတ္တကို မရှု၊ သို့သော် ဝေဒနာကို အတ္တဟုရှု၏။ သို့သော် ဝေဒနာရှိသော အတ္တကို ရှု၏။ သို့သော် အတ္တ၌ ဝေဒနာကို ရှု၏။ သို့သော် ဝေဒနာ၌ အတ္တကို ရှု၏။ သို့သော် သညာကို။ သင်္ခါရတို့ကို အတ္တဟု ရှု၏၊ သို့သော် သင်္ခါရတို့ရှိသော အတ္တကို ရှု၏၊ အတ္တ၌ သင်္ခါရတို့ကို ရှု၏၊ သို့သော် သင်္ခါရတို့၌ အတ္တကို ရှု၏။ သို့သော် ဝိညာဏ်၌ အတ္တဟု ရှု၏၊ သို့သော် ဝိညာဏ်ရှိသော အတ္တကို ရှု၏၊ သို့သော်အတ္တ၌ ဝိညာဏ်ကို ရှု၏၊ သို့သော် ဝိညာဏ်၌ အတ္တကို ရှု၏။ ရဟန်းတို့ ထိုရှုမှုသည် သင်္ခါရမည်၏၊ ထိုသင်္ခါရတို့သည် အဘယ်အကြောင်း ရှိသနည်း။ပ။အဘယ်ဖြစ်ပေါ်မှု ရှိသနည်း၊ အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားအမြင်မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ ထိုသင်္ခါရသည် ထိုတဏှာကြောင့် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် သင်္ခါရသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ထိုတဏှာသည်လည်း၊ ထိုဝေဒနာသည်လည်း၊ ထိုဖဿသည်လည်း၊ ထိုအဝိဇ္ဇာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်၏၊ ရဟန်းတို့ ဤသို့ သိသူ ဤသို့ မြင်သူအားလည်း ကာလ မခြားပဲ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍လည်း မရှု။ ဝေဒနာကို အတ္တဟူ၍လည်း မရှု။ သညာကို အတ္တဟူ၍လည်း မရှု။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍လည်း မရှု၊ သို့သော် ထိုတရားသည် အတ္တမည်၏၊ ထိုတရားသည် လောကမည်၏၊ ထိုအတ္တလောကသည် တမလွန်ဘဝ၌ ငါဖြစ်လတ္တံ့၊ မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ မဖောက်ပြန်သော သဘောရှိ၏ဟု ဤသို့ အယူရှိ၏။ ရဟန်းတို့ ထိုမြဲ၏ဟူသော အယူသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်း ရှိသနည်း။ပ။ရဟန်းတို့ ဤသို့ သိသူ ဤသို့ မြင်သူအားလည်း ကာလမခြားပဲ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍လည်း မရှု၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍လည်း မရှု။ သို့သော် ထိုတရားသည် အတ္တမည်၏၊ ထိုတရားသည် လောကမည်၏၊ ထိုအတ္တလောကသည် တမလွန်ဘဝ၌ ငါဖြစ်လတ္တံ့၊ မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ မဖောက်ပြန်သော သဘောရှိ၏ ဟူ၍ ဤသို့လည်း အယူမရှိ၊ သို့သော် ငါဟူ၍ မဖြစ်ခဲ့သော် ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့ဟု ဆိုလျှင် ငါ့ဥစ္စာဟူ၍ ရှိတော့မည် မဟုတ်ဟု ဤသို့ အယူရှိ၏၊ ရဟန်းတို့ ထိုပြတ်၏ဟူသော အယူသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်းရှိသနည်း၊ အဘယ်ဖြစ်ပေါ်မှုရှိသနည်း၊ အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း၊ ရဟန်းတို့ အဝိဇ္ဇာနှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားအမြင်မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ ထိုသင်္ခါရသည် ထိုတဏှာကြောင့် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ထိုသင်္ခါရသည်လည်း မမြဲ။ပ။ရဟန်းတို့ ဤသို့ သိသူ ဤသို့ မြင်သူအားလည်း ကာလမခြားပဲ အာသဝေါတို့ ကုန်မှုဖြစ်၏။

ရုပ်ကို အတ္တဟူ၍လည်း မရှု၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍လည်း မရှု။ပ။ ဝိညာဏ်၌ အတ္တဟူ၍လည်း မရှု၊ထိုတရားသည် အတ္တမည်၏၊ ထိုတရားသည် လောကမည်၏၊ ထိုအတ္တလောကသည် တမလွန်ဘဝ၌ ငါဖြစ်လတ္တံ့၊ မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ မဖောက်ပြန်သောသဘောရှိ၏ဟူ၍ ဤသို့လည်း အယူမရှိ၊ ငါဟူ၍မဖြစ်ခဲ့သော် ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့ဟုဆိုလျှင် ငါ့ဥစ္စာဟူ၍ ရှိတော့မည် မဟုတ်ဟူ၍ ဤသို့လည်း အယူမရှိ၊ သို့သော်

တွေးတောမှုရှိ၏၊ ယုံမှားမှုရှိ၏၊ သူတော်ကောင်းတရား၌ ဆုံးဖြတ်ခြင်းသို့ မရောက်၊ ရဟန်းတို့ ထိုတွေးတောယုံမှားခြင်း သူတော်ကောင်းတရား၌ ဆုံးဖြတ်ခြင်းသို့ မရောက်ခြင်းသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည် အဘယ်အကြောင်းရှိသနည်း၊ အဘယ်ဖြစ်ပေါ်မှု ရှိသနည်း၊ အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အမွန်အမြတ်ရှိသနည်း၊ ရဟန်းတို့ အဝိဇ္ဇာနှင့်ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာဖြင့် တွေ့ထိအပ်သော အကြားအမြင်မရှိသော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်၏၊ ထိုသင်္ခါရသည် ထိုတဏှာကြောင့် ဖြစ်၏၊ ရဟန်းတို့ ထိုသင်္ခါရသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ထိုတဏှာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကို စွဲ၍ဖြစ်ပေါ်၏၊ ထိုဝေဒနာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ထိုဖဿသည်လည်း မမြဲ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ထိုအဝိဇ္ဇာသည်လည်း မမြဲ၊ ပြုပြင်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ရဟန်းတို့ ဤသို့သိသူ ဤသို့မြင်သူအားလည်း ကာလမခြားပဲ အာသဝေါတို့ ကုန်မှု ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ပုဏ္ဏမသုတ်

၈၂။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက်ဝယ် မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်ကျောင်း၌ များစွာသော ရဟန်းသံဃာနှင့် အတူ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုတဆယ့်ငါးရက် ဥပုသ်လပြည့်နေ့ ညဉ့်အခါ၌ ရဟန်းသံဃာ ခြံရံလျက် လွင်တီးခေါင်၌ နေတော်မူ၏။

ထိုအခါ ရဟန်းတပါးသည် နေရာမှထကာ ပခုံးတဖက်၌ အပေါ်ရုံကိုတင်၍ မြတ်စွာဘုရား ရှိရာသို့ လက်အုပ်ချီလျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား ပြဿနာမေးရန် တပည့်တော်အား အကယ်၍ မြတ်စွာဘုရား ခွင့်ပြုပါလျှင် တပည့်တော်သည် အနည်းငယ်မေးလိုပါ၏" ဟု ဤစကားကို လျှောက်၏။ ရဟန်း သို့ဖြစ်လျှင် သင်သည် မိမိနေရာ၌ ထိုင်လျက် အလိုရှိရာကို မေးလော့ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံ၍ မိမိနေရာ၌ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "မြတ်စွာဘုရား ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ ဟူကုန်သော ဉပါဒါနက္ခန္ဓာငါးမျိုးတို့ဟူသည် ဤသည်တို့ပင်လော" ဟု (လျှောက်၏)။ ရဟန်း ရူပုပါဒါနက္ခန္ဓာ။ပ။ ဝိညာဏုပါဒါနက္ခန္ဓာဟူသော ဉပါဒါနက္ခန္ဓာ ငါးမျိုးတို့ဟူသည် ဤသည်တို့ ပင်တည်းဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည် မြတ်စွာဘုရားစကားကို အလွန် နှစ်သက် ဝမ်းမြောက်၍ ထို့ထက်အလွန် ပြဿနာကို မေးလျှောက် ပြန်၏။

အသျှင်ဘုရား ဤဉပါဒါနက္ခန္ဓာငါးမျိုးတို့သည် အဘယ်လျှင်အမြစ်အရင်း ရှိပါကုန်သနည်း ဟု (လျှောက်၏)။ ရဟန်း ဤဉပါဒါနက္ခန္ဓာ ငါးမျိုးတို့သည် လိုချင်မှု 'ဆန္ဒ'လျှင် အမြစ်အရင်း ရှိကုန်၏။ပ။ အသျှင်ဘုရား ထိုစွဲလမ်းမှုသည်ပင် ထိုဉပါဒါနက္ခန္ဓာငါးမျိုးတို့လော၊ သို့မဟုတ် စွဲလမ်းမှုသည် ဉပါဒါနက္ခန္ဓာ ငါးမျိုးတို့မှ တခြားလော။ ရဟန်း ထိုစွဲလမ်းမှုသည်ပင် ဉပါဒါနက္ခန္ဓာ ငါးမျိုးတို့လည်း မဟုတ်၊ စွဲလမ်းမှုသည် ဉပါဒါနက္ခန္ဓာငါးမျိုးတို့မှ တခြားလည်း မဟုတ်၊ စင်စစ်

သော်ကား ထိုဥပါဒါနက္ခန္ဓာငါးမျိုး၌ လိုချင်စွဲမက်မှုသည် စွဲလမ်းမှုမည်၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည်။ပ။ ထိုထက်အလွန် ပြဿနာကို မေးလျှောက်ပြန်၏။

အသျှင်ဘုရား ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'၏ ထူးခြားခြင်းသည် ဖြစ်နိုင်ပါသလောဟု လျှောက်၏။ ရဟန်း ဖြစ်နိုင်၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်း ဤလောက၌ အချို့သူအား အနာဂတ်ကာလ၌ ဤသို့ ရုပ်ရှိသူ ဖြစ်လို၏၊ အနာဂတ်ကာလ၌ ဤသို့ ဝေဒနာ ရှိသူဖြစ်လို၏၊ အနာဂတ်ကာလ၌ ဤသို့ သညာရှိသူ ဖြစ်လို၏၊ အနာဂတ်ကာလ၌ ဤသို့ သင်္ခါရရှိသူ ဖြစ်လို၏၊ အနာဂတ်ကာလ၌ ဤသို့ ဝိညာဏ် ရှိသူဖြစ်လို၏ ဟု ဤသို့ဖြစ်၏၊ ရဟန်း ဤသို့လျှင် ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'၏ ထူးခြားခြင်းသည် ဖြစ်နိုင်၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည်။ပ။ ထိုထက်အလွန် ပြဿနာကို မေးလျှောက်ပြန်၏။

အသျှင်ဘုရား ခန္ဓာတို့၏ ခန္ဓာဟူသောအမည်သည် အဘယ်မျှလောက် ရှိပါသနည်း၊ ရဟန်း အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်း ဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ရူပက္ခန္ဓာဟု ဆိုအပ်၏၊ ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဝိညာဏက္ခန္ဓာဟု ဆိုအပ်၏၊ ရဟန်း ခန္ဓာတို့၏ ခန္ဓာဟူသော အမည်သည် ဤမျှလောက် ရှိ၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည်။ပ။ မေးလျှောက်ပြန်၏။

အသျှင်ဘုရား ရူပက္ခန္ဓာကို ပညတ်ခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ ဝေဒနာက္ခန္ဓာကို ပညတ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက် အပံ့ကား အဘယ်ပါနည်း၊ သညာက္ခန္ဓာကို ပညတ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကားအဘယ်ပါနည်း၊ သင်္ခါရက္ခန္ဓာကို ပညတ်ခြင်း၏ အကြောင်းကား အဘယ် ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ ဝိညာဏက္ခန္ဓာကို ပညတ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်းဟု လျှောက်၏။ ရဟန်း ရူပက္ခန္ဓာကို ပညတ်ရန် မဟာဘုတ်လေးခုတို့သည် အကြောင်းတည်း၊ မဟာဘုတ်လေးခုတို့သည် အထောက် အပံ့တည်း၊ ဝေဒနာက္ခန္ဓာကို ပညတ်ရန် ဖဿသည် အကြောင်းတည်း၊ ဖဿသည် အထောက် အပံ့တည်း၊ သညာက္ခန္ဓာကို ပညတ်ရန် ဖဿသည် အကြောင်းတည်း၊ ဖဿသည် အထောက် အပံ့တည်း၊ သင်္ခါရက္ခန္ဓာကို ပညတ်ရန် ဖဿသည် အကြောင်းတည်း၊ ဖဿသည် အထောက် အပံ့တည်း၊ ဝိညာဏက္ခန္ဓာကို ပညတ်ရန် နာမ်ရုပ်သည် အကြောင်းတည်း၊ နာမ်ရုပ်သည် အထောက်အပံ့တည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည်။ပ။ မေးလျှောက်ပြန်၏။

အသျှင်ဘုရား အဘယ်သို့လျှင် (သက္ကာယဒိဋ္ဌိ) ဖြစ်ပါသနည်းဟု လျှောက်၏။ ရဟန်း ဤလောက၌ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော

သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တ ဟူ၍ရှု၏၊ ရုပ်ရှိသောအတ္တကို၊ အတ္တ၌ရုပ်ကို၊ ရုပ်၌အတ္တကို၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တကို၊ အတ္တ၌ ဝိညာဏ်ကို၊ ဝိညာဏ်၌ အတ္တကို ရှု၏၊ ရဟန်း ဤသို့လျှင် (သက္ကာယဒိဋ္ဌိ)သည် ဖြစ်၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည်။ပ။ မေးလျှောက်ပြန်၏။

အသျှင်ဘုရား အဘယ်သို့လျှင် (သက္ကာယဒိဋ္ဌိ) မဖြစ်ပါသနည်းဟု လျှောက်၏၊ ရဟန်း ဤလောက၌ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တကို၊ အတ္တ၌ ရုပ်ကို၊ ရုပ်၌ အတ္တကို မရှု၊ ဝေဒနာကို။ သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကိုအတ္တဟူ၍ မရှု၊ ဝိညာဏ်ရှိသော အတ္တကို၊ အတ္တ၌ ဝိညာဏ်ကို၊ ဝိညာဏ်၌အတ္တကို မရှု၊ ရဟန်း ဤသို့လျှင် (သက္ကာယဒိဋ္ဌိ)သည် မဖြစ်ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည်။ပ။ မေးလျှောက်ပြန်၏။

အသျှင်ဘုရား အဘယ်သည် ရုပ်၏သာယာဖွယ်ပါနည်း၊ အဘယ်သည် အပြစ်ပါနည်း၊အဘယ်သည် လွတ်မြောက်မှုပါနည်း၊ အဘယ်သည် ဝေဒနာ၏။ အဘယ်သည် သညာ၏။ အဘယ်သည် သင်္ခါရတို့၏။ အဘယ်သည် ဝိညာဏ်၏သာယာဖွယ်ပါနည်း၊ အဘယ်သည် အပြစ်ပါနည်း၊ အဘယ်သည် လွတ်မြောက်မှုပါနည်းဟု လျှောက်၏၊ ရဟန်း ရုပ်ကိုစွဲ၍ဖြစ်သော ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းသည် ရုပ်၏ သာယာဖွယ်တည်း၊ ရုပ်၏မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောသည် ရုပ်၏အပြစ်တည်း၊ ရုပ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကိုပျောက်ခြင်းသည် (ရုပ်မှ) လွတ်မြောက်မှုတည်း၊ ဝေဒနာကို စွဲ၍၊ သညာကို စွဲ၍၊ သင်္ခါရတို့ကို စွဲ၍၊ ဝိညာဏ်ကို စွဲ၍ဖြစ်သော ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းသည် ဝိညာဏ်၏ သာယာဖွယ်တည်း၊ ဝိညာဏ်၏ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောသည် ဝိညာဏ်၏ အပြစ်တည်း၊ ဝိညာဏ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကိုပယ်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပျောက်ခြင်းသည် (ဝိညာဏ်မှ) လွတ်မြောက်မှုတည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းလှပါပြီဟု ထိုရဟန်းသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ ထို့ထက်အလွန် ပြဿနာကို မေးလျှောက်ပြန်၏။

မြတ်စွာဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌လည်းကောင်း အပဖြစ်သော နိမိတ်အားလုံးတို့၌လည်းကောင်း ငါဟုစွဲယူသော 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ'တို့သည် မဖြစ်ပါကုန်သနည်းဟု လျှောက်၏။ ရဟန်း အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည်ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှု၏။

ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်

လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှု၏၊ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌ ၎င်း အပဖြစ်သော နိမိတ်အားလုံးတို့၌၎င်း ငါဟုစွဲယူသော 'ဒိဋ္ဌိ' ငါ့ဥစ္စာဟုတပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' တို့သည် မဖြစ်ကုန်ဟု ဟောတော်မူ၏။

ထိုအခါ ရဟန်းတပါးအား အချင်းတို့ ဤသို့ ရုပ်သည် အတ္တမဟုတ်သတတ်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် အတ္တ မဟုတ်သတတ်၊ အတ္တမဟုတ်ပဲ ပြုအပ်သော ကံမှုတို့သည် အဘယ်အတ္တသို့ ရောက်နိုင် ကုန်လိမ့်မည်နည်း ဟု ဤသို့သော စိတ်အကြံ ဖြစ်ပေါ်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်း၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ဤလောက၌ မလိမ္မာသော ဘွဲ့ဝေခြင်းသို့ ရောက်သော အချည်းနှီးသော ယောကျ်ားအချို့သည် အချင်းတို့ ဤသို့ရုပ်သည် အတ္တမဟုတ်သတတ်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ဝိညာဏ်သည် အတ္တမဟုတ်သတတ်၊ အတ္တမဟုတ်ပဲ ပြုအပ်သောအမှုတို့သည် အဘယ် အတ္တသို့ ရောက်နိုင် ကုန်လိမ့်မည်နည်းဟု တဏှာကြီးစိုး နေသောစိတ်ဖြင့် ဘုရားသာသနာကို ကျော်လွန်သင့်သည်ဟု ထင်ရှားသော အကြောင်းသည် ရှိ၏၊ ရဟန်းတို့ ငါသည် ထိုထိုအရာ ထိုထိုတရားတို့၌ တဖန်မေးခြင်းဖြင့် သင်တို့ကို ဆုံးမခဲ့ကုန်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။မမြဲပါအသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာ ဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။မသင့်လျော်ပါ အသျှင်ဘုရား။ ထိုသို့ ဖြစ်သောကြောင့် ။ပ။ ဤသို့ ရှုသော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏"ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ခဇ္ဇနီယဝဂ် ပြီး၏။

---

## (၉) ၄-ထေရဝဂ် ၁-အာနန္ဒသုတ်

၈၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် ငါ့သျှင်ရဟန်းတို့ဟု ရဟန်းတို့ကို ခေါ်၏။ ငါ့သျှင် ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ကြကုန်၏။ အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏမည်သော အသျှင်သည် သီတင်းငယ် ဖြစ်ကြသော ငါတို့အား ကျေးဇူးများလှ၏၊ ထိုအသျှင်သည် ငါတို့ကို ဤအဆုံးအမဖြင့် ဆုံးမ၏။ ငါ့သျှင်

အာနန္ဒာ အစွဲပြုရှ၍သာလျှင် ငါဖြစ်၏ ဟူသော ပပဉ္စတရားသုံးပါး ဖြစ်၏၊ အစွဲမပြုမူ၍ မဖြစ်။ အဘယ်ကို အစွဲပြု၍သာလျှင် ငါဖြစ်၏ဟူသော ပပဉ္စတရားဖြစ်သနည်း၊ အစွဲမပြုမူ၍ကား မဖြစ်သနည်း၊ ရုပ်ကို အစွဲပြု၍ ငါဖြစ်၏ ဟူသော ပပဉ္စတရား ဖြစ်၏၊ အစွဲမပြုမူ၍ မဖြစ်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အစွဲပြု၍သာလျှင် ငါဖြစ်၏ဟူသော ပပဉ္စတရား ဖြစ်၏၊ အစွဲမပြုမူ၍ကား မဖြစ်။

ငါ့သျှင်အာနန္ဒာ ဥပမာသော်ကား တန်ဆာဆင်ခြင်းသဘောရှိသော ငယ်ရွယ်ပျိုနုသော မိန်းမသော်၎င်း ယောကျာ်းသော်၎င်း စင်ကြယ်တောက်ပသော မှန်၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် အစွဲပြု၍သာ မြင်ရာ၏၊ အစွဲမပြုမူ၍ကား မမြင်ရာ၊ ငါ့သျှင်အာနန္ဒာ ဤအတူပင် ရုပ်ကို အစွဲပြု၍သာ ငါဖြစ်၏ဟူသော ပပဉ္စတရား ဖြစ်၏၊ အစွဲမပြုမူ၍ကား မဖြစ်၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အစွဲပြု၍သာ ငါဖြစ်၏ ဟူသော ပပဉ္စတရား ဖြစ်၏၊ အစွဲမပြုမူ၍ကား မဖြစ်။

ငါ့သျှင်အာနန္ဒာ ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ ငါ့သျှင်။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ ငါ့သျှင်။ ထိုသို့ ဖြစ်သောကြောင့်။ပ။ ဤသို့ရှုသော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိပြီဟု သိ၏ဟု ဆုံးမ၏။ ငါ့သျှင်တို့ မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်သော ပုဏ္ဏမည်သော အသျှင်သည် သီတင်းငယ် ဖြစ်ကြသော ငါတို့အား ကျေးဇူးများလှ၏၊ ထိုအသျှင်သည် ငါတို့ကို ဤအဆုံးအမဖြင့် ဆုံးမ၏၊ မန္တာဏီပုဏ္ဏေးမ၏သား အသျှင်ပုဏ္ဏ၏ ဤတရားဒေသနာကို ကြားနာရ၍ ငါသည် တရားကို သိရ၏ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၂-တိဿသုတ်

၈၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရား၏ဘထွေးတော်သားဖြစ်သော အသျှင်တိဿသည် များစွာသော ရဟန်းတို့ကို ဤသို့ ပြောကြား၏– "ငါ့သျှင်တို့ ငါ၏ ကိုယ်သည် စင်စစ် လေးလံသကဲ့သို့ ဖြစ်၏၊ ငါ့အား အရပ်မျက်နှာတို့သည်လည်း မထင်ကုန်၊ ငါ့အား တရားတို့သည်လည်း မထင်ကုန်၊ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း ငါ၏စိတ်ကို သိမ်းကျုံးလျက် တည်၏၊ မပျော်မွေ့ပဲလျက် အကျင့်မြတ်ကို ကျင့်ရ၏၊ ငါ့အား တရားတို့၌ ယုံမှားမှုသည်လည်း ဖြစ်၏" ဟု ပြောဆို၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကုန်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏– "အသျှင်ဘုရား မြတ်စွာဘုရား၏ ဘထွေးတော်သားဖြစ်သော အသျှင်တိဿသည် များစွာသော ရဟန်းတို့ကို ငါ့သျှင်တို့ ငါ၏ကိုယ်သည် စင်စစ် လေးလံသကဲ့သို့ ဖြစ်၏၊ ငါ့အား အရပ်မျက်နှာတို့သည်လည်း မထင်ကုန်၊ ငါ့အား တရားတို့သည်လည်း မထင်ကုန်၊ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း ငါ၏ စိတ်ကို သိမ်းကျုံးလျက် တည်၏၊ မပျော်မွေ့ပဲလျက် အကျင့်မြတ်ကို ကျင့်ရ၏၊ ငါ့အား တရားတို့၌ ယုံမှားမှုသည်လည်း ဖြစ်၏ ဟု ပြောကြားပါ၏" ဟု ဆိုပါသည်ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း သွားလော့၊ သင်သည် ငါ့စကားဖြင့် ရဟန်းတိဿကို ခေါ်ခဲ့လော့"ဟု မိန့်တော်မူ၏၊ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံ၍ အသျှင်တိဿထံသို့ ချဉ်းကပ်လျက် "ငါ့သျှင်တိဿ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူသည်"ဟု ပြော၏၊ "ငါ့သျှင် ကောင်းပါပြီ" ဟု အသျှင်တိဿသည် ထိုရဟန်းအား ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်တိဿအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏"တိဿ သင်သည် များစွာသော ရဟန်းတို့ကို ငါ့သျှင်တို့ ငါ၏ ကိုယ်သည် စင်စစ် လေးလံသကဲ့သို့ ဖြင်၏။ပ။ ငါ့အား တရားတို့၌ ဘွေးတော မူသည်လည်း ရှိ၏ဟု ဤသို့ပြောသည်မှာ မှန်သလော"ဟု(မိန့်တော်မူ၏)၊ မှန်ပါ၏အသျှင်ဘုရား ဟုလျှောက်၏။ တိဿ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်၌ စွဲမက်မှု မကင်းသူ လိုချင်မှု မကင်းသူ ခင်တွယ်မှု မကင်းသူ မွတ်သိပ်မှု မကင်းသူ ပူလောင်မှု မကင်းသူ တဏှာမကင်းသူအား ထိုရုပ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်သည် မဟုတ်ပါလော ဟုမိန့်တော်မူ၏။ မှန်ပါ၏ အသျှင်ဘုရားဟု လျှောက်၏။ တိဿ ကောင်းပေစွ ကောင်းပေစွ၊ ရုပ်၌ စွဲမက်မှု မကင်းသူအား ဖြစ်ရမြဲအတိုင်း ဤသို့သာဖြစ်၏၊ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ စွဲမက်မှု မကင်းသူအား။ပ။ ထိုသင်္ခါရတို့၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်သည် မဟုတ်လောဟု မိန့်တော်မူ၏။ ဖြစ်ပါ၏ အသျှင်ဘုရားဟု လျှောက်၏။ တိဿ ကောင်းပေစွ ကောင်းပေစွ၊ သင်္ခါရတို့၌ စွဲမက်မှုမကင်းသူအား ဖြစ်ရမြဲအတိုင်း ဤသို့သာ ဖြစ်၏။

ဝိညာဏ်၌ စွဲမက်မှုမကင်းသူ လိုချင်မှုမကင်းသူ ခင်တွယ်မှုမကင်းသူ မွတ်သိပ်မှု မကင်းသူ ပူလောင်မှုမကင်းသူ တဏှာမကင်းသူအား ထိုဝိညာဏ်၏ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်သည် မဟုတ်လောဟု မိန့်တော်မူ၏။ ဖြစ်ပါ၏ အသျှင်ဘုရားဟု လျှောက်၏။ တိဿ ကောင်းပေစွ ကောင်းပေစွ၊ ဝိညာဏ်၌ စွဲမက်မှု မကင်းသူအား ဖြစ်ရမြဲအတိုင်း ဤသို့သာ ဖြစ်၏။

တိဿ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်၌ စွဲမက်မှုကင်းသူ လိုချင်မှုကင်းသူ ခင်တွယ်မှုကင်းသူ မွတ်သိပ်မှုကင်းသူ ပူလောင်မှုကင်းသူ တဏှာကင်းသူအား ထိုရုပ်၏ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်သလောဟု မိန့်တော်မူ၏။ မဖြစ်ပါ အသျှင်ဘုရားဟု လျှောက်၏။ တိဿ ကောင်းပေစွ ကောင်းပေစွ၊ ရုပ်၌ စွဲမက်မှုကင်းသူအား ဖြစ်ရမြဲအတိုင်း ဤသို့သာ ဖြစ်၏၊ ဝေဒနာ၌။ သညာ၌။သင်္ခါရတို့၌ စွဲမက်မှုကင်းသူအား။ ဝိညာဏ်၌ စွဲမက်မှုကင်းသူ လိုချင်မှုကင်းသူ ခင်တွယ်မှုကင်းသူ မွတ်သိပ်မှုကင်းသူ ပူလောင်မှုကင်းသူ တဏှာကင်းသူအား ထိုဝိညာဏ်၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်သလော။ မဖြစ်ပါ အသျှင်ဘုရား။ တိဿ ကောင်းပေစွ ကောင်းပေစွ၊ ဝိညာဏ်၌ စွဲမက်မှုကင်းသူအား ဖြစ်ရမြဲအတိုင်း ဤသို့သာ ဖြစ်၏။

တိဿ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ဝေဒနာသည်၊ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲ

သလော။ မမြဲပါ အသျှင်ဘုရား။ ထို့ကြောင့်ပင် ။ပ။ ဤသို့ ရှုသော။ပ။ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏။

တိဿ ဥပမာသော်ကား ယောကျ်ားနှစ်ယောက်တို့ရှိရာ တယောက်ကား လမ်း၌ မကျွမ်းကျင်၊ တယောက်ကား လမ်း၌ ကျွမ်းကျင်၏၊ လမ်း၌ မကျွမ်းကျင်သော ယောကျ်ားသည် ထိုလမ်း၌ ကျွမ်းကျင်သော ယောကျ်ားအား လမ်းကို မေးရာ၏။ ထိုလမ်း၌ ကျွမ်းကျင်သူသည် ဤသို့ ပြောရာ၏ "အို ယောကျ်ား လာခဲ့လော့၊ ဤကား လမ်းတည်း၊ ထိုလမ်းဖြင့် အနည်းငယ် သွားလော့၊ တခဏမျှ သွားမိလျှင် လမ်းနှစ်ခွကို တွေ့ရလိမ့်မည်၊ လမ်းနှစ်ခွတွင် လက်ဝဲလမ်းကို လွှတ်၍ လက်ျာလမ်းကို ယူလော့၊ ထိုလက်ျာလမ်းဖြင့် တခဏမျှ သွားလော့၊ တခဏမျှ သွားမိလျှင် ထူထပ်သော တောအုပ်ကို တွေ့ရလိမ့်မည်၊ ထိုတောအုပ်ဖြင့် တခဏမျှ သွားလော့၊ တခဏမျှ သွားမိလျှင် နိမ့်ဝှမ်းသော ညွန်ပြင်ကြီးကို တွေ့ရလိမ့်မည်၊ ထိုညွန်ပြင်ကြီးဖြင့် တခဏမျှ သွားလော့၊ တခဏမျှ သွားမိလျှင် အိုင်နှင့် ကမ်းပါးစောက်ကို တွေ့ရလိမ့်မည်၊ ထိုအိုင်နှင့် ကမ်းပါးစောက်ဖြင့် တခဏမျှ သွားလော့၊ တခဏမျှ သွားမိလျှင် မွေ့လျော်ဖွယ်ရှိသော မြေညီကို တွေ့ရလိမ့်မည်" ဟု ပြောရာ၏။

တိဿ အနက်အဓိပ္ပါယ်သိစေရန် ဤဥပမာကို ငါပြု၏၊ ဤအရာ၌ ဤသည်လျှင် အနက်အဓိပ္ပါယ်တည်း။ တိဿ လမ်း၌ မကျွမ်းကျင်သော ယောကျ်ားဟူသည် ပုထုဇဉ်၏အမည်တည်း၊ လမ်း၌ ကျွမ်းကျင်သော ယောကျ်ားဟူသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရား၏ အမည်တည်း၊ လမ်းနှစ်ခွဟူသော အမည်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ အမည်တည်း၊ လက်ဝဲလမ်းဟူသော အမည်သည် မှားသောမြင်ခြင်း။ပ။ မှားသော တည်ကြည်ခြင်း ဟူသော အင်္ဂါရှစ်မျိုးရှိသော လမ်းမှား၏ အမည်တည်း၊ လက်ျာလမ်းဟူသော အမည်သည် မှန်ကန်သော မြင်ခြင်း။ပ။ မှန်ကန်သော တည်ကြည်ခြင်းဟူသော အင်္ဂါရှစ်မျိုးရှိသော အရိယာမဂ်၏ အမည်တည်း၊ ထူထပ်သော တောအုပ်ဟူသော အမည်သည် ဖုံးလွှမ်းမှု 'အဝိဇ္ဇာ'၏ အမည်တည်း၊ နိမ့်ဝှမ်းသော ညွန်ပြင်ကြီးဟူသော အမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ အိုင်နှင့်ကမ်းပါးစောက်ဟူသော အမည်သည် အမျက်ထွက်ခြင်း ပင်ပန်းခြင်း၏ အမည်တည်း၊ မွေ့လျော်ဖွယ်ရှိသော မြေညီ ဟူသောအမည်သည် နိဗ္ဗာန်၏အမည်တည်း၊ တိဿ မွေ့လျော်ပါလော့၊ တိဿ မွေ့လျော်ပါလော့၊ ငါသည် အဆုံးအမဖြင့် ဆုံးမ၏၊ ငါသည် အနုဂ္ဂဟနှစ်ပါးဖြင့် ချီးမြှောက်၏၊ ငါသည် ကယ်မြစ်ခြင်းဖြင့် ကယ်မြစ်၏ ဟု မိန့်တော်မူ၏။ အသျှင်တိဿသည် မြတ်စွာဘုရား၏ စကားတော်ကို နှစ်သက် ဝမ်းမြောက်လေပြီ။

ဒုတိယသုတ်။

---

## ၃-ယမကသုတ်

၈၅။ အခါတပါး၌ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ယမကမည်သော ရဟန်းအား ဤသို့ သဘောရှိသော ယုတ်မာသော အယူသည် ဖြစ်ပေါ်၏—အာသဝေါကုန်ပြီးသော ရဟန်း

သည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်၊ ထိုသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသောတရားကို ငါသိ၏ဟု ယုတ်မာသော အယူ ဖြစ်ပေါ်၏။

များစွာသော ရဟန်းတို့သည် "ယမကမည်သော ရဟန်းအား အာသဝေါ ကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်၊ ထိုသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသောတရားကို ငါသိ၏ဟု ဤသို့ သဘောရှိသော ယုတ်မာသောအယူသည် ဖြစ်ပေါ်၏"ဟု ကြားကြကုန်၏၊ ထိုအခါ ရဟန်းတို့သည် အသျှင်ယမကထံသို့ ချဉ်းကပ်၍ အသျှင်ယမကနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် နှစ်လိုဖွယ်စကားကို ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်ကုန်လျက် ဤစကားကို ပြောဆို ကြကုန်၏—

ငါ့သျှင်ယမက သင့်အား အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ထိုသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို ငါသိ၏ ဟု ဤသို့ သဘောရှိသော ယုတ်မာသောအယူ ဖြစ်ပေါ်သည် ဆိုသည်မှာ မှန်သလောဟု မေးမြန်းကြကုန်၏။ ငါ့သျှင်တို့ မှန်၏၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ဤသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို သိ၏ ဟု (ပြောဆို၏)။

ငါ့သျှင်ယမက ဤသို့ မပြောပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ဤသို့ မဟောတန်ရာဟုပြောဆိုကြကုန်၏။ အသျှင်ယမကသည် ဤသို့ပင် ထိုရဟန်းများက ပြောဆိုကြသော်လည်း အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ဤသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို ငါသိ၏ ဟု ထိုအတိုင်းသာ ယုတ်မာသောအယူကို အခိုင်အမာအားဖြင့် အမှားသုံးသပ်သောအားဖြင့် နှလုံးသွင်း၍ ပြောဆို၏။ ယင်း အကြောင်းကြောင့် ထိုရဟန်းတို့သည် အသျှင်ယမကကို ထိုသို့ ယုတ်မာသော အယူမှ ကင်းလွတ်စေရန် မစွမ်းနိုင်ကုန်။ ထိုအခါ ထိုရဟန်းတို့သည် နေမှထ၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်ကုန်၏— ငါ့သျှင်သာရိပုတြာ ယမကမည်သောရဟန်းအား အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ထိုသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို ငါသိ၏ဟု ဤသို့ သဘောရှိသော ယုတ်မာသော အယူသည် ဖြစ်ပေါ်၏။ တောင်းပန်ပါ၏၊ အသျှင်သာရိပုတြာသည် သနားသည်ကို အကြောင်းပြု၍ ယမကရဟန်းထံသို့ ချဉ်းကပ်ပါလော့ဟု လျှောက်ကုန်၏။ အသျှင်သာရိပုတြာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထို့နောက် အသျှင်သာရိပုတြာသည် ညချမ်းအခါ တပါးဘည်း ကိန်းအောင်းရာမှထ၍ အသျှင်ယမကထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ယမကနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ ဝမ်းမြောက်ဖွယ် နှစ်လိုဖွယ်သော

စကားကို ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်ကာ အသျှင်ယမကအား ဤစကားကို ပြောဆို မေးမြန်း၏—

ငါ့သျှင်ယမက သင့်အား အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်း ကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ထိုသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရားအား ဟောတော်မူသောတရားကို ငါသိ၏ဟု ဤသို့ သဘောရှိသော ယုတ်မာ သော အယူ ဖြစ်ပေါ်သည် ဆိုသည်မှာ မှန်သလောဟု မေးတော်မူ၏၊ ငါ့သျှင် မှန်ပါ၏၊ အာသဝေါ ကုန်ပြီးသော ရဟန်းသည် ကိုယ်ခန္ဓာပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ဤသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော် မူသောတရားကို ငါသိပါ၏ဟု ဆို၏။

ငါ့သျှင်ယမက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ ငါ့သျှင်။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ ငါ့သျှင်။ ငါ့သျှင်ယမက ထိုကြောင့် အတိတ် အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင် လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဝေဒနာ အားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ်အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်း ဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် အတ္တ မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌ လည်း ငြီးငွေ့၏၊ သညာ၌သည် ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိ တော့ပြီ"ဟု သိ၏။

ငါ့သျှင်ယမက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်။ ဝေဒနာကို သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်။ ငါ့သျှင်ယမက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်၌ သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်၊ ရုပ်မှ တခြား၌ သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်။ ဝေဒနာ၌။ ဝေဒနာမှ တခြား၌။ သညာ၌။ သညာမှ တခြား၌။ သင်္ခါရတို့၌။ သင်္ခါရတို့မှ တခြား၌။ ဝိညာဏ်၌ သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်။ ဝိညာဏ်မှ တခြား၌ သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်။ ငါ့သျှင်ယမက ထိုအရာကို အဘယ်သို့မှတ်ထင် သနည်း၊ ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ ငါ့သျှင်၊ ငါ့သျှင်ယမက ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ဤသတ္တဝါသည် ရုပ်မရှိ၊ ဝေဒနာမရှိ။ သညာမရှိ။ သင်္ခါရမရှိ။ ဝိညာဏ်မရှိဟု ရှုသလော။ မရှုပါ ငါ့သျှင်။

ငါ့သျှင်ယမက သင်သည် ဤမျက်မှောက်ဘဝ၌ပင် အမှန်အားဖြင့် အဟုတ်အားဖြင့် သတ္တဝါဟု မရအပ်ပါပဲလျက် အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ထိုသို့သောအခြင်းအရာအားဖြင့် မြတ်စွာဘုရားဟောတော်မူသော တရားကို ငါသိ၏ဟု ပြောခြင်းသည် သင့်လျော်ပါမည်လော။

ငါ့သျှင်သာရိပုတြာ တရားမနာရမီ ရှေးအခါက မသိသည်ဖြစ်၍ ငါ့အား ထိုယုတ်မာသော အယူသည် ဖြစ်ခဲ့ပါ၏၊ အသျှင်သာရိပုတြာ၏ ဤတရားဒေသနာကို ကြားနာရသောကြောင့် ထိုယုတ်မာသောအယူသည် ပျောက်ပါပြီ၊ အကျွန်ုပ်သည် တရားကိုလည်း ထိုးထွင်း၍ သိပါပြီဟု (လျှောက်၏)။

ငါ့သျှင်ယမက အာသဝေါကုန်ပြီးသော ရဟန္တာရဟန်းသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ အဘယ်သို့ ဖြစ်သနည်းဟု သင့်ကို အကယ်၍ မေးကြလျှင် ဤသို့ အမေးခံရသော သင်သည် အဘယ်သို့ ဖြေမည်နည်းဟု မိန့်တော်မူ၏၊ ငါ့သျှင် ငါ့ကို ငါ့သျှင်ယမက အာသဝေါ ကုန်ပြီးသော ရဟန္တာရဟန်းသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ အဘယ်သို့ ဖြစ်သနည်းဟု အကယ်၍ မေးကြလျှင် ဤသို့ အမေးခံရသောငါသည် ဤသို့ ဖြေပါအံ့—ငါ့သျှင်တို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသောရုပ်သည် ချုပ်၏၊ ပျောက်၏၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ မမြဲသောဝိညာဏ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဏ်သည် ချုပ်၏၊ ပျောက်၏။ ငါ့သျှင် ဤသို့ အမေးခံရသော ငါသည် ဤသို့ ဖြေပါအံ့ဟု (လျှောက်၏)။

ငါ့သျှင်ယမက ကောင်းပေစွ ကောင်းပေစွ၊ ငါ့သျှင်ယမက ထိုသို့ ဖြစ်သောကြောင့် ဤအနက်သဘောကိုပင် အတိုင်းထက်လွန်သောဉာဏ် အလို့ငှါ သင့်အား ဥပမာပြုဦးမည်၊ ငါ့သျှင်ယမက ဥပမာသော်ကား သူကြွယ်သည်ရှင်း သူကြွယ်သားသည်ရှင်း ကြွယ်ဝ၏၊ ဥစ္စာများ၏၊ စည်းစိမ်များ၏၊ (အတွင်းအပ) အစောင့်အရှောက်နှင့်လည်း ပြည့်စုံ၏၊ ထိုသူအား အကျိုးမဲ့ကို လိုလားသော စီးပွါးမဲ့ကို လိုလားသော ဘေးမကင်းမှုကို လိုလားသော သတ်လိုသော ယောက်ျားတယောက် ဖြစ်ပေါ်ရာ၏၊ ထိုသူအား ဤသူကြွယ်သည်ရှင်း သူကြွယ်သားသည်ရှင်း ကြွယ်ဝ၏၊ ဥစ္စာများ၏၊ စည်းစိမ်များ၏။ (အတွင်းအပ) အစောင့်အရှောက်နှင့်လည်း ပြည့်စုံ၏၊ ဤသူကို နိုင်ထက်စီးနင်း သတ်ချန် မလွယ်ကူလှ၊ ငါသည် အတွင်း သို့ဝင်၍ သတ်ရမူ ကောင်းလေစွဟု အကြံဖြစ်၏။ ထိုသူသည် ထိုသူကြွယ်သို့ရှင်း သူကြွယ်သားသို့ရှင်း ချဉ်းကပ်၍ အသျှင် အသျှင့်ကို ခစား လုပ်ကျွေးပါရစေဟု ပြောဆိုရာ၏၊ ထိုသူကို ထိုသူကြွယ်သည်ရှင်း သူကြွယ်သားသည်ရှင်း ခစားလုပ်ကျွေးစေရာ၏၊ ထိုသူသည် ရှေးဦးစွာထလျက် နောက်မှအိပ်လျက် အဘယ်ကိုပြုရမည်နည်းဟု နာခံလျက် စိတ်တိုင်းကျ ပြုမူလျက် ချစ်ဖွယ်ရာကိုပြောလျက် ခစားလုပ်ကျွေးရာ၏၊ ထိုသူ့ကို ထိုသူကြွယ်သည်ရှင်း သူကြွယ်သားသည်ရှင်း အဆွေခင်ပွန်း အဖြစ်အားဖြင့်လည်း ယုံကြည်ရာ၏၊ စိတ်ကောင်းရှိသူ အဖြစ်အားဖြင့်လည်း ယုံကြည်ရာ၏၊ ထိုသူ၌လည်း အကျွမ်းဝင်ခြင်းသို့ ရောက်ရာ၏၊ ငါ့သျှင် ထိုယောက်ျားသည် ဤ သူကြွယ်သည်ရှင်း သူကြွယ်သားသည်ရှင်း ငါနှင့် အကျွမ်းဝင်ပြီဟု ဤသို့ အထင်ဖြစ်သောအခါ ထိုသူကြွယ် သို့မဟုတ် သူကြွယ်သား ဆိတ်ကွယ်ရာ ရောက်နေသည်ကို သိလျှင် ထက်လှစွာသော ဓားဖြင့် သတ်ရာ၏။

ငါ့သျှင်ယမက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောက်ျားသည် ဤသူကြွယ်သို့ရှင်း သူကြွယ်သားသို့ရှင်း ချဉ်းကပ်၍ အသျှင် အသျှင့်ကို ခစားပါရစေဟု ဤသို့ပြောသော အခါ၌

လည်း ထိုသူသည် သူသတ်သမားပင်ဖြစ်၏၊ သူသတ်သမားဖြစ်လျက်လည်း ငါ့ကို သတ်မည့်သူဟု မသိသည် မဟုတ်ပါလော၊ ရှေးဦးစွာထလျက် နောက်မှအိပ်လျက် အဘယ်ကိုပြုရမည်နည်းဟု နာခံလျက် စိတ်တိုင်းကျပြုမူလျက် ချစ်ဖွယ်ရာကိုပြောလျက် ခစားသောအခါ၌လည်း ထိုသူသည် သူသတ်သမားပင် ဖြစ်၏၊ သူသတ်သမားပင်ဖြစ်လျက်လည်း ငါ့ကို သတ်မည့်သူဟု မသိသည် မဟုတ်ပါလော၊ ဆိတ်ကွယ်ရာသို့ ရောက်နေသည်ကို သိလျှင် ထက်လှသောဓားဖြင့် သတ်သော အခါ၌လည်း ထိုသူသည် သူသတ်သမားပင် ဖြစ်၏၊ သူသတ်သမားဖြစ်လျက်လည်း ငါ့ကို သတ်မည့် သူဟု မသိသည် မဟုတ်ပါလောဟု မိန့်တော်မူ၏၊ ငါ့သျှင် ဟုတ်ပါ၏၊ ငါ့သျှင် ဤအတူပင် အကြားအမြင်မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာ တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကိုအတ္တ ဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တကိုငှင်း အတ္တ၌ ရုပ်ကိုငှင်း ရုပ်၌ အတ္တကိုငှင်း ရှု၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တကိုငှင်း အတ္တ၌ ဝိညာဏ်ကိုငှင်း ဝိညာဏ်၌ အတ္တကိုငှင်း ရှု၏။

ထိုသူသည် မမြဲသောရုပ်ကို မမြဲသောရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ မမြဲသောဝေဒနာကို မမြဲသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ မသိ၊မမြဲသောသညာကို မမြဲသော သညာဟု ဟုတ်တိုင်းမှန်စွာ မသိ၊ မမြဲသောသင်္ခါရတို့ကို မမြဲသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ မမြဲသော ဝိညာဏ်ကို မမြဲသောဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။

ဆင်းရဲသောရုပ်ကို ဆင်းရဲသောရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဆင်းရဲသော ဝေဒနာကို ဆင်းရဲသောဝေဒနာဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဆင်းရဲသောသညာကို။ ဆင်းရဲသောသင်္ခါရတို့ကို။ ဆင်းရဲသောဝိညာဏ်ကို ဆင်းရဲသောဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။

ကိုယ်'အတ္တ' မဟုတ်သောရုပ်ကို ကိုယ်'အတ္တ' မဟုတ်သောရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ကိုယ်'အတ္တ'မဟုတ်သော ဝေဒနာကို။ကိုယ်'အတ္တ'မဟုတ်သော သညာကို။ကိုယ်'အတ္တ'မဟုတ်သော သင်္ခါရတို့ကို။ ကိုယ်'အတ္တ' မဟုတ်သော ဝိညာဏ်ကို ကိုယ် 'အတ္တ' မဟုတ်သော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။

ပြုပြင်အပ်သောရုပ်ကို ပြုပြင်အပ်သောရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ပြုပြင်အပ်သော ဝေဒနာကို။ ပြုပြင်အပ်သောသညာကို။ ပြုပြင်အပ်သောသင်္ခါရတို့ကို။ပြုပြင်အပ်သော ဝိညာဏ်ကို ပြုပြင်အပ်သောဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။

သူသတ်သမားဖြစ်သောရုပ်ကို သူသတ်သမားဖြစ်သောရုပ်ဟု ဟုတ်တိုင်းမှန်စွာမသိ၊ သူသတ် သမားဖြစ်သော ဝေဒနာကို။ သူသတ်သမားဖြစ်သော သညာကို။ သူသတ်သမားဖြစ်သော သင်္ခါရတို့ကို။ သူသတ်သမားဖြစ်သော ဝိညာဏ်ကို သူသတ်သမားဖြစ်သော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။

ထိုသူသည် ရုပ်ကို ငါ၏ကိုယ် 'အတ္တ'ဟု ကပ်ရောက်၏၊ စွဲယူ၏၊ ဆောက်တည်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါ၏ကိုယ်'အတ္တ'ဟု ကပ်ရောက်၏၊စွဲယူ၏၊ ဆောက်တည်၏၊ ကပ်ရောက်စွဲယူအပ်ကုန်သော ဤဥပါဒါနက္ခန္ဓာငါးပါးတို့သည် ထိုသူအား ကြာမြင့်စွာ စီးပွါးမဲ့ ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏။

ငါ့သျှင် အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးသော။ပ။သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တကိုလည်း အတ္တ၌ ရုပ်ကိုလည်း ရုပ်၌ အတ္တကိုလည်း မရှု၊ ဝေဒနာကို။သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ မရှု၊ ဝိညာဏ်ရှိသောအတ္တကိုလည်း အတ္တ၌ ဝိညာဏ်ကိုလည်း ဝိညာဏ်၌ အတ္တကိုလည်း မရှု။

ထိုအရိယာတပည့်သည် မမြဲသောရုပ်ကို မမြဲသောရုပ် ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ မမြဲသော ဝေဒနာကို။ မမြဲသော သညာကို။ မမြဲသော သင်္ခါရတို့ကို။ မမြဲသော ဝိညာဏ်ကို။ မမြဲသောဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ဆင်းရဲသော ရုပ်ကို ဆင်းရဲသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဆင်းရဲသော ဝေဒနာကို။ ဆင်းရဲသော သညာကို။ဆင်းရဲသော သင်္ခါရတို့ကို။ ဆင်းရဲသောဝိညာဏ်ကို ဆင်းရဲသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ကိုယ် 'အတ္တ' မဟုတ်သောရုပ်ကို ကိုယ် 'အတ္တ' မဟုတ် သော ရုပ်ဟု ဟုတ်တိုင်း မှန်စွာသိ၏၊ ကိုယ်'အတ္တ'မဟုတ်သော ဝေဒနာကို။ကိုယ်'အတ္တ'မဟုတ်သော သညာကို။ကိုယ်'အတ္တ'မဟုတ်သော သင်္ခါရတို့ကို။ ကိုယ် 'အတ္တ' မဟုတ်သော ဝိညာဏ်ကို ကိုယ်'အတ္တ' မဟုတ်သော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ပြုပြင်အပ်သောရုပ်ကို ပြုပြင်အပ်သောရုပ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ပြုပြင်အပ်သော ဝေဒနာကို။ ပြုပြင်အပ်သောသညာကို။ ပြုပြင်အပ်သောသင်္ခါရတို့ကို။ ပြုပြင်အပ်သော ဝိညာဏ်ကို ပြုပြင်အပ်သော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

သူသတ်သမားဖြစ်သော ရုပ်ကို သူသတ်သမားဖြစ်သော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ သူသတ်သမားဖြစ်သော ဝေဒနာကို။ သူသတ်သမားဖြစ်သော သညာကို။ သူသတ်သမားဖြစ်သော သင်္ခါရတို့ကို။ သူသတ်သမားဖြစ်သော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ သူသတ်သမားဖြစ်သော ဝိညာဏ်ကို သူသတ်သမားဖြစ်သော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ထိုသူသည် ရုပ်ကို ငါ၏ကိုယ် 'အတ္တ' ဟု မကပ်ရောက်၊ မစွဲယူ၊ မဆောက်တည်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါ၏ကိုယ် 'အတ္တ' ဟု မကပ်ရောက်၊ မစွဲယူ၊မဆောက်တည်။ မကပ်ရောက် မစွဲယူအပ်ကုန်သော ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ထိုသူအား ကြာမြင့်စွာ စီးပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏ဟု မိန့်တော်မူ၏။ ငါ့သျှင်သာရိပုတြာ အကြင် အသျှင်တို့အား အသျှင်ကဲ့သို့ သဘောရှိကုန်သော စောင့်ရှောက်တတ်ကုန်သော အကျိုးလိုလားကုန်သော ဆုံးမတတ်ကုန်သော ကြံမြစ်တတ်ကုန်သော သီတင်းသုံးဖော်တို့ ရှိကုန်၏၊ ထိုအသျှင်တို့ကဲ့သို့ပင် အကျွန်ုပ်အား ဤအတိုင်းပင် ဖြစ်ပါ၏၊ အကျွန်ုပ်သည် အသျှင်သာရိပုတြာ၏ ဤတရားဒေသနာကို ကြားနာရသောကြောင့် အကျွန်ုပ်၏ စိတ်သည် တစုံတခုကို မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်ပါပြီဟု (လျှောက်၏)။

တတိယသုတ်။

---

## ၄-အနုရာဓသုတ်

၈၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အနုရာဓသည် မြတ်စွာဘုရားနှင့်

မနီးမဝေးဖြစ်သော တောကျောင်း၌ နေ၏၊ ထိုအခါ သာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့သည် အသျှင်အနုရာဓထံသို့ ချဉ်းကပ်၍ အသျှင်အနုရာဓနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးနောက် တခုသော နေရာ၌ ထိုင်နေကြကာ အသျှင်အနုရာဓအား ဤစကားကို ဆိုကုန်၏—ငါ့သျှင်အနုရာဓ ယောကျ်ားမြတ်ဖြစ်သော လွန်ကဲသော ယောကျ်ားမြတ်ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော သင်တို့၏ဆရာ မြတ်စွာဘုရားသည် ပညတ်သည်ရှိသော် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏ မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်သည်း မဟုတ်ဟူ၍ရင်း ဤလေးဌာနတို့၌ ပညတ်တော်မူ၏ဟု ဆိုကုန်၏။

ဤသို့ ဆိုသော် အသျှင်အနုရာဓသည် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့အား ဤစကားကို မိန့်ဆို၏—"ငါ့သျှင်တို့ ယောကျ်ားမြတ်ဖြစ်သော လွန်ကဲသော ယောကျ်ားမြတ်ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော ငါတို့ဆရာ မြတ်စွာဘုရားသည် ပညတ်သည်ရှိတော် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏ မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် ဟူ၍ရင်း ဤလေးဌာနတို့ကို ကြဉ်၍ ပညတ်တော်မူ၏" ဟု ဆို၏၊ ဤသို့ဆိုသော် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့သည် ဤရဟန်းကား ရဟန်းပြု၍ မကြာသေးသော သီတင်းငယ် ဖြစ်လိမ့်မည်၊ မထေရ်ဖြစ်လျှင်လည်း မိုက်သူ မလိမ္မာသူ ဖြစ်လိမ့်မည်ဟု ပြောဆိုကုန်၏၊ ထို့နောက် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့သည် အသျှင်အနုရာဓကို သီတင်းငယ်ဟူသော ဝါဒဖြင့်ရင်း မိုက်သူဟူသော ဝါဒဖြင့်ရင်း မောင်းမဲကြပြီးလျှင် နေရာမှထကာ ဖဲသွားကြကုန်၏။

ထိုအခါ သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့ ဖဲသွား၍ မကြာမီ အသျှင်အနုရာဓအား ဤသို့ အကြံဖြစ်၏ "သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့သည် ဤထက်အလွန် ငါ့ကို မေးကြပါလျှင် ငါသည် သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့အား အဘယ်သို့ ဖြေက မြတ်စွာဘုရား စကားတော်အတိုင်း ဆိုသူလည်း ဖြစ်မည်နည်း၊ မြတ်စွာဘုရားကို မဟုတ်မမှန်သဖြင့် မစွပ်စွဲပဲလည်း ရှိရာအံ့နည်း၊ တရားတော်အား လျော်သော တရားကိုလည်း ဖြေသည် ဖြစ်ရာအံ့နည်း၊ မြတ်စွာဘုရား၏ ဝါဒအနုဝါဒသည် အကြောင်းနှင့် တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပဲလည်း ရှိအံ့နည်း"ဟု အကြံဖြစ်၏။

ထို့နောက် အသျှင်အနုရာဓသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရားနှင့် မနီးမဝေးဖြစ်သော တောကျောင်း၌ နေပါ၏၊ အသျှင်ဘုရား ထိုအခါ သာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့သည် တပည့်တော်ထံသို့ ချဉ်းကပ်ကြ၍ တပည့်တော်အား ဤသို့ဆိုကုန်၏။ပ။ငါ့သျှင်အနုရာဓ ယောကျ်ားမြတ်ဖြစ်သော လွန်ကဲသော ယောကျ်ားမြတ်ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော သင်တို့၏ဆရာ မြတ်စွာဘုရားသည် ပညတ်သည်ရှိသော် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍

ငှင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏ မဖြစ်လည်း မဖြစ်ဟူ၍ငှင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငှင်း ဤလေးဌာနတို့၌ ပညတ်၏၊ ဟု ဆိုပါကုန်၏၊ အသျှင်ဘုရား ဤသို့ဆိုသော် တပည့်တော်သည် သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့အား ဤသို့ဆိုပါ၏—ငါ့သျှင်တို့ ယောကျ်ားမြတ်ဖြစ်သော လွန်ကဲသော ယောကျ်ားမြတ်ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော ငါတို့ဆရာ မြတ်စွာဘုရားသည် ပညတ်သည်ရှိသော် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ ဟူ၍ငှင်း ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် ဟူ၍ငှင်း ဤလေးဌာနတို့ကို ကြဉ်၍ ပညတ်၏ ဟု ဆိုပါ၏၊ အသျှင်ဘုရား ဤသို့ဆိုသော် သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့သည် တပည့်တော်အား ဤရဟန်းကား ရဟန်းပြု၍ မကြာသေးသော သီတင်းငယ် ဖြစ်လိမ့်မည်၊ မထေရ်ဖြစ်လျှင်လည်း မိုက်သူ မလိမ္မာသူ ဖြစ်လိမ့်မည်ဟု ဤစကားကို ပြောဆိုပါကုန်၏၊ အသျှင်ဘုရား ထို့နောက် သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့သည် တပည့်တော်ကို သီတင်းငယ်ဟူသောဝါဒဖြင့်ငှင်း မိုက်သူဟူသောဝါဒဖြင့်ငှင်း မောင်းမဲကြပြီးလျှင် နေရာမှထကာ ဖဲသွားကြပါကုန်၏။

အသျှင်ဘုရား သာသနာ့ပြင်ပအယူရှိကြသည့် ထိုပရိဗိုဇ်တို့ ဖဲသွား၍ မကြာမီ တပည့်တော်အား ဤသို့ အကြံဖြစ်ပါ၏—"သာသနာ့ပြင်ပအယူရှိကြသည့် ထိုပရိဗိုဇ်တို့သည် ငါ့ကို ဤထက်အလွန် မေးကြပါလျှင် ငါအဘယ်သို့ ဖြေက မြတ်စွာဘုရား၏ စကားတော်အတိုင်း ဆိုသူသည်လည်း ဖြစ်မည်နည်း၊ မြတ်စွာဘုရားကို မဟုတ်မမှန်သဖြင့် မစွပ်စွဲပဲသည်လည်း ရှိရာအံ့နည်း၊ တရားတော်အား လျော်သော တရားကိုလည်း ဖြေဆိုသည် မည်ရာအံ့နည်း၊ မြတ်စွာဘုရား၏ ဝါဒ အနုဝါဒသည် အကြောင်းနှင့် တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပဲလည်း ရှိအံ့နည်းဟု အကြံဖြစ်ပါ၏" ဟု လျှောက်၏။

အနုရာဓ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာ ဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏ ဤရုပ်သည် ငါ၏ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ထိုသို့ဖြစ်သော။ပ။ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိပြီဟု သိ၏။

အနုရာဓ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။

အနုရာဓ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်၌ သတ္တဝါဟု ရှုသလော၊ မရှုပါ အသျှင်ဘုရား။ ရုပ်မှ တခြား၌ သတ္တဝါဟု ရှုသလော၊ မရှုပါ အသျှင်ဘုရား။ ဝေဒနာ၌။ပ။ ဝေဒနာမှ တခြား၌။ပ။ သညာ၌။ သညာမှ တခြား၌။ သင်္ခါရတို့၌။ သင်္ခါရတို့မှ တခြား၌။ ဝိညာဏ်၌။ ဝိညာဏ်မှ တခြား၌ သတ္တဝါဟု ရှုသလော၊ မရှုပါ အသျှင်ဘုရား။

အနုရာဓ ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ရုပ်သည်။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် သတ္တဝါဟု ရှုသလော၊ မရှုပါ အသျှင်ဘုရား။

အနုရာဓ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤသတ္တဝါသည် ရုပ်မရှိ ဝေဒနာမရှိ သညာမရှိ သင်္ခါရတို့မရှိ ဝိညာဏ်မရှိဟု ရှုသလော၊ မရှုပါ အသျှင်ဘုရား။

အနုရာဓ ဤမျက်မှောက်ဘဝ၌ပင် အမှန်အားဖြင့် အဟုတ်အားဖြင့် သတ္တဝါဟု မရအပ်ပဲလျက် ငါ့သျှင်တို့ ယောကျ်ားမြတ်ဖြစ်သော လွန်ကဲသော ယောကျ်ားမြတ်ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော ငါတို့ဆရာ မြတ်စွာဘုရားသည် ပညတ်သည်ရှိသော် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း မဖြစ်ဟူ၍ရင်း ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤလေးဌာနတို့ကို ကြဉ်၍ မြတ်စွာဘုရား ပညတ်၏ ဟု သင်ဖြေခြင်းသည် သင့်လျော်ပါသည်လော၊ မသင့်လျော်ပါ အသျှင်ဘုရား။

အနုရာဓ ကောင်းပေစွ ကောင်းပေစွ၊ အနုရာဓ ငါသည် ရှေးကဖြစ်စေ ယခုဖြစ်စေ ဒုက္ခသစ္စာကိုရင်း ဆင်းရဲ၏ ချုပ်ရာ (နိဗ္ဗာန်)ကိုရင်း ပညတ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဝက္ကလိသုတ်

၈၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ဝက္ကလိသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်၍ အိုးထိန်းသည် အိမ်၌ နေ၏၊ ထိုအခါ အသျှင်ဝက္ကလိသည် အလုပ်အကျွေးတို့ကို မိန့်တော်မူ၏-"အသျှင်တို့ လာကြကုန်လော့၊ သင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၍ ဝက္ကလိရဟန်းသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေပါ၏၊ ထိုအသျှင်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပါ၏ဟု ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ကြကုန်လော့၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ဝက္ကလိရဟန်းထံသို့ သနားသည်ကို အကြောင်းပြု၍ ကြွတော်မူစေလိုပါသတဲ့" ဟု ဤသို့လည်း လျှောက်ကြကုန်လော့ ဟု မိန့်ဆို၏။ ငါ့သျှင် ကောင်းပါပြီဟု ထိုရဟန်းတို့သည် အသျှင်ဝက္ကလိအား ဝန်ခံကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြကာ ဤသို့ လျှောက်ကြကုန်၏—"အသျှင်ဘုရား ဝက္ကလိရဟန်းသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေပါ၏၊ ထိုအသျှင်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ဝက္ကလိရဟန်းထံသို့ အစဉ်သနားသည်ကို အကြောင်းပြု၍ ကြွတော်မူစေလိုပါသတဲ့ဟု ဤသို့လည်း လျှောက်လိုက်ပါ၏ ဟု လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် သက်နိုးကို ပြင်ဝတ်တော်မူပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်လျက် အသျှင်ဝက္ကလိထံသို့ ချဉ်းကပ်တော်မူ၏၊ အသျှင်ဝက္ကလိသည် မြတ်စွာဘုရား ကြွလာသည်ကို အဝေးမှပင် မြင်၍ ညောင်စောင်းမှ အောက်သို့ ဆင်းမည့်အယောင်ပြုလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဝက္ကလိကို ဝက္ကလိ မသင့်၊ သင်သည် ညောင်စောင်းပေါ်မှ မဆင်းလင့်၊ ခင်းထားပြီးသော ဤနေရာတို့သည် ရှိကုန်၏၊ ထိုနေရာတို့၌ ငါထိုင်အံ့ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ခင်းထားပြီးသော နေရာ၌ ထိုင်ပြီးသော် အသျှင်ဝက္ကလိအား ဤစကား ကို မိန့်တော်မူ၏—ဝက္ကလိ ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့ ဆုတ်ယုတ်ကုန်၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့ ဆုတ်ယုတ်မှုသည် ထင်ပါ၏လော၊ တိုးပွါးမှုသည် မထင်ပဲ ရှိပါ၏လော ဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော် မခန့်ကျန်းပါ၊ မမျှတပါ၊ တပည့်တော်အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့၏ တိုးပွါးမှုသည် ထင်ပါ၏၊ ဆုတ်ယုတ်မှုသည် မထင်ပါဟု လျှောက်၏။ဝက္ကလိ သင့်အား တစုံတခုသော ပူပန်မှု နှလုံးမသာမှုသည်မရှိပါသလော။ အသျှင်ဘုရား စင်စစ်အားဖြင့် တပည့်တော်အား ပူပန်မှု နှလုံးမသာမှုသည် မနည်းလှပါ။ ဝက္ကလိ သင့်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိပါ၏လော။ အသျှင်ဘုရား တပည့် တော်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲပဲ ရှိပါ၏။ ဝက္ကလိ သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲပဲ ရှိခဲ့မူ သင်၏ ပူပန်မှု နှလုံးမသာမှုကား အဘယ်နည်း၊ အသျှင်ဘုရား တပည့်တော် သည် ကြာမြင့်စွာကပင် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်လိုခဲ့ပါ၏၊ သို့ရာတွင် တပည့်တော် ၏ ကိုယ်၌ မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်နိုင်လောက်သော ခွန်အားမျှပင် မရှိခဲ့ပါ။

ဝက္ကလိ မသင့်လျော်၊ ဤအပုပ်ကောင်ကို သင် ဖူးမြင်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ ဝက္ကလိ တရားကို မြင်သောသူသည် ငါဘုရားကို မြင်သည်မည်၏၊ ငါဘုရားကို မြင်သူသည် တရားကို မြင်သည် မည်၏။ ဝက္ကလိ မှန်၏၊ တရားကို မြင်လျှင် ငါ့ကို မြင်၏၊ ငါ့ကို မြင်လျှင် တရားကို မြင်၏။

ဝက္ကလိ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင် ဘုရား။မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာ တည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည် လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ် သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော၊ မသင့်လျော်ပါ အသျှင်ဘုရား။ ထိုသို့ ဖြစ်သော ကြောင့်။ပ။ ထိုသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် အသျှင်ဝက္ကလိကို ဤအဆုံးအမဖြင့် ဆုံးမ၍ နေရာမှ ထကာ ဂိဇ္ဈကုဋ်တောင်သို့ ဖဲသွားတော်မူ၏၊ ထို့နောက် အသျှင်ဝက္ကလိသည် မြတ်စွာဘုရား ကြွသွား၍ မကြာမီ အလုပ်အကျွေးတို့ကို မိန့်တော်မူ၏ "ငါ့သျှင်တို့ လာကြကုန်လော့၊ ငါ့ကို ညောင်စောင်း ပေါ်တင်ပြီးလျှင် ဣသိဂိလိတောင်နံပါး ကာဠသိလာကျောင်းသို့ ချဉ်းကပ်ကုန်လော့၊ 'ငါကဲ့သို့

သော သူသည် အဘယ့်ကြောင့် ရွာတွင်းမှာ သေမှုကို ပြုသင့်သည်ဟု ထင်ရာအံ့နည်း'ဟု"(ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ရဟန်းတို့သည် အသျှင်ဝက္ကလိအား ဝန်ခံကုန်၍ အသျှင်ဝက္ကလိကို ညောင်စောင်းပေါ်တင်ပြီးလျှင် ဣသိဂိလိတောင်နံပါး ကာဠသိလာကျောင်းသို့ ချဉ်းကပ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်နှင့် ကျန်သေးသောနေ့ အချိန်ပတ်လုံး ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အလွန်နှစ်သက်ဖွယ်သော ညဉ့်(သန်ကောင်ယံ)၌ နှစ်သက်ဖွယ် အဆင်းရှိကြသော နတ်နှစ်ဦးတို့သည် ဂိဇ္ဈကုဋ်တတောင်လုံးကို ထွန်းလင်းစေ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင်။ပ။ တခုသော နေရာ၌ ရပ်ကုန်လျက် နတ်တဦးက မြတ်စွာဘုရားအား "အသျှင်ဘုရား ဝက္ကလိရဟန်းသည် လွတ်မြောက်ခြင်းငှါ အားထုတ်နေပါ၏"ဟု လျှောက်လေ၏၊ နောက်တဦးက မြတ်စွာဘုရားအား "အသျှင်ဘုရား ထိုအသျှင်သည် စေန် ကောင်းစွာ လွတ်မြောက်ခြင်းဖြင့် လွတ်မြောက်ပါလိမ့်မည်"ဟု လျှောက်၏။ ထိုနတ်တို့သည် ဤ၊ စကားကို လျှောက်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကြ၍ အရိုအသေပြုကာ ထိုနေရာ၌ပင် ကွယ်ပျောက်ကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သောအခါ ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ လာကြကုန်လော့၊ သင်တို့သည် ဝက္ကလိရဟန်းထံသို့ ချဉ်းကပ်ကြပြီးလျှင် ဝက္ကလိရဟန်းကို ဤသို့ ဆိုကြကုန်လော့၊ ငါ့သျှင်ဝက္ကလိ သင်သည် မြတ်စွာဘုရား၏စကားနှင့် နတ်နှစ်ဦးတို့၏ စကားကို နားထောင်လော့၊ ငါ့သျှင် ဤညဉ့် (သန်ကောင်ယံ) ၌ နှစ်သက်ဖွယ် အဆင်းရှိကြသော နတ်နှစ်ဦးတို့သည် ဂိဇ္ဈကုဋ်တတောင်လုံးကို ထွန်းလင်းစေ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ရပ်ကုန်လျက် နတ်တဦးက မြတ်စွာဘုရားအား ဤသို့ လျှောက်၏ 'အသျှင်ဘုရား ဝက္ကလိရဟန်းသည် လွတ်မြောက်ခြင်းငှါ အားထုတ်နေပါ၏'ဟု လျှောက်၏၊ နောက်အခြားနတ်တဦးက မြတ်စွာဘုရားအား ဤသို့ လျှောက်၏ 'အသျှင်ဘုရား ထိုရဟန်းသည် စေန် ကောင်းစွာ လွတ်မြောက်ခြင်းဖြင့် လွတ်မြောက်ပါလိမ့်မည်' ဟု လျှောက်၏၊ မြတ်စွာဘုရားသည်လည်း သင့်ကို ဤသို့ ဆို၏၊ ဝက္ကလိ မကြောက်လင့်၊ ဝက္ကလိ မကြောက်လင့်၊ သင့်အား မယုတ်မာသော သေမှုဖြစ်လတ္တံ့၊ မယုတ်မာသော သေခြင်းကို ပြုမှု ဖြစ်လတ္တံ့"ဟုမိန့်တော်မူလိုက်သည်ဟု ဆိုကြကုန်လော့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်ပြီးလျှင် အသျှင်ဝက္ကလိထံသို့ ချဉ်းကပ်၍ အသျှင်ဝက္ကလိကို ငါ့သျှင်ဝက္ကလိ မြတ်စွာဘုရား၏စကားနှင့် နတ်နှစ်ဦးတို့၏ စကားကို နားထောင်လော့ဟု ဤစကားကို ဆိုကုန်၏။

ထိုအခါ အသျှင်ဝက္ကလိသည် အလုပ်အကျွေးတို့ကို "ငါ့သျှင်တို့ လာကြကုန်လော့၊ ငါ့ကို ညောင်စောင်းပေါ်မှ ချကြကုန်လော့၊ 'ငါကဲ့သို့သောသူသည် မြင့်သောနေရာ၌ ထိုင်၍ ထိုမြတ်စွာဘုရား၏ အဆုံးအမကို နာဆိုက်သည်ဟု အဘယ့်ကြောင့် မှတ်ထင်ရာအံ့နည်း'ဟု" မိန့်ဆို၏၊ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်ဝက္ကလိအား ဝန်ခံပြီးလျှင် အသျှင်ဝက္ကလိကို ညောင်စောင်းပေါ်မှ ချကြကုန်၏၊ ငါ့သျှင် ဤညဉ့်(သန်ကောင်ယံ)၌ နတ်နှစ်ဦးတို့သည်။ပ။ တခုသော နေရာ၌ ရပ်ကုန်လျက် နတ်တဦးက မြတ်စွာဘုရားအား ဤသို့ လျှောက်၏၊— "အသျှင်ဘုရား ဝက္ကလိရဟန်းသည် လွတ်မြောက်ခြင်းငှါ အားထုတ်နေပါ၏"ဟု လျှောက်၏။ နောက်အခြားနတ်တဦးက မြတ်စွာဘုရားအား ဤသို့ လျှောက်၏၊ "မြတ်စွာဘုရား ထိုအသျှင်သည်

ကေန် ကောင်းစွာ လွတ်မြောက်ခြင်းဖြင့် လွတ်မြောက်ပါလိမ့်မည်"ဟု လျှောက်၏။ မြတ်စွာဘုရားသည်လည်း သင့်ကို ဝက္ကလိ မကြောက်လင့်၊ ဝက္ကလိ မကြောက်လင့်၊ သင့်အား မယုတ်မာသော သေမှုဖြစ်လတ္တံ့၊ မယုတ်မာသော သေခြင်းကို ပြုမှုဖြစ်လတ္တံ့ဟု မိန့်တော်မူလိုက်၏ဟု ပြောဆိုကုန်၏၊ ငါ့သျှင်တို့ သို့ဖြစ်လျှင် အသျှင်ဘုရား ဝက္ကလိရဟန်းသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ထိုအသျှင်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပါ၏ဟု ငါ၏ စကားဖြင့် မြတ်စွာဘုရားခြေတော်တို့ကို ဦးခိုက်ကြကုန်လော့၊ ဤသို့လည်း လျှောက်ကုန်လော့ "အသျှင်ဘုရား ရုပ်သည် မမြဲ၊ ထိုသဘောကို တပည့်တော် မယုံမှားပါ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဤအရာ၌ ယုံမှားမရှိပါ၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်၌ ငါ့အား လိုချင်မှု တပ်မက်မှု တွယ်တာမှု မရှိ၊ ဤအရာ၌ ယုံမှား မရှိတော့ပါ။ အသျှင်ဘုရား ဝေဒနာသည် မမြဲ၊ ထိုသဘောကို တပည့်တော် မယုံမှားပါ၊ မမြဲသော ဝေဒနာသည် ဆင်းရဲ၏၊ ဤအရာ၌ ယုံမှားမရှိပါ၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာ၌ ငါ့အား လိုချင်မှု တပ်မက်မှု တွယ်တာမှုမရှိ၊ ဤအရာ၌ ယုံမှား မရှိတော့ပါ။ အသျှင်ဘုရား သညာသည်။ သင်္ခါရတို့သည် မမြဲ၊ ထိုသဘောကို တပည့်တော် မယုံမှားပါ၊ မမြဲသောတရားသည် ဆင်းရဲ၏၊ ဤအရာ၌ ယုံမှားမရှိပါ၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော တရား၌ ငါ့အား လိုချင်မှု တပ်မက်မှု တွယ်တာမှု မရှိ၊ ဤ အရာ၌ ယုံမှား မရှိတော့ပါ။ အသျှင်ဘုရား ဝိညာဏ်သည် မမြဲ၊ ထိုသဘောကို မယုံမှားပါ၊ မမြဲသောဝိညာဏ်သည် ဆင်းရဲ၏၊ ဤအရာ၌ ယုံမှားမရှိပါ၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘော ရှိသော ဝိညာဏ်၌ ငါ့အား လိုချင်မှု တပ်မက်မှု တွယ်တာမှု မရှိ၊ ဤအရာ၌ ယုံမှားမရှိတော့ပါဟုလည်း လျှောက်ကုန်လော့"ဟု ဆို၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်ဝက္ကလိအား ဝန်ခံကုန်ပြီးလျှင် ပြန်သွားကြကုန်၏။ ထို့နောက် ထိုရဟန်းတို့ ပြန်သွား၍ မကြာမီ အသျှင်ဝက္ကလိသည် ဓားဖြင့် လည်ကို ဖြတ်လေ၏။

ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် တခုသော နေရာ၌ ထိုင်ကုန်၍ ဤစကားကို လျှောက်ကုန်၏—"အသျှင်ဘုရား ဝက္ကလိသည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ထိုအသျှင်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပါ၏၊ဤသို့လည်း လျှောက်လိုက်ပါ၏ 'အသျှင်ဘုရား ရုပ်သည် မမြဲ၊ ထိုသဘောကို တပည့်တော် မယုံမှားပါ၊မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဤအရာ၌ ယုံမှားမရှိပါ၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်၌ ငါ့အား လိုချင်မှု တပ်မက်မှု တွယ်တာမှု မရှိ၊ ဤအရာ၌ ယုံမှားမရှိတော့ပါ။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ ထိုသဘောကို တပည့်တော် မယုံမှားပါ၊ မမြဲသောတရားသည် ဆင်းရဲ၏၊ ဤအရာ၌ ယုံမှားမရှိပါ၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော တရား၌ ငါ့အား လိုချင်မှု တပ်မက်မှု တွယ်တာမှု မရှိ၊ ဤအရာ၌ ယုံမှားမရှိတော့ပါ' ဟု" ပြောလိုက်ပါသည်ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ လာ သွားကြကုန်အံ့၊ ဣသိဂိလိတောင်နံပါး ကာဠသိလာ ကျောင်းသို့ ချဉ်းကပ်ကြကုန်အံ့၊ ယင်းကျောင်း၌ ဝက္ကလိမည်သော အမျိုးသားသည် ဓားဖြင့် လည်ကို ဖြတ်လေပြီ"ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ ထို့နောက် မြတ်စွာဘုရား

သည် များစွာကုန်သော ရဟန်းတို့နှင့်အတူ ဣသိဂိလိတောင်နံပါး ကာဠသိလာကျောင်းသို့ ချဉ်းကပ်တော်မူလေ၏၊ မြတ်စွာဘုရားသည် ညောင်စောင်းပေါ်၌ အသျှင်ဂေါဓိက လည်ပင်း လည်၍ လဲနေသည်ကို အဝေးမှပင် မြင်တော်မူ၏။

ထိုအခါ၌ အခိုးအကြောင်း အမိုက်မှောင် အကြောင်းသည် အရှေ့အရပ်သို့လည်း သွား၏၊ အနောက်အရပ်သို့လည်း သွား၏၊ မြောက်အရပ်သို့လည်း သွား၏ တောင်အရပ်သို့လည်း သွား၏၊ အထက်အရပ်သို့လည်း သွား၏၊အောက်အရပ်သို့လည်း သွား၏၊အထောင့်အရပ်သို့လည်း သွား၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ သင်တို့သည် ဤသို့ အခိုး အကြောင်း အမိုက်မှောင် အကြောင်း အရှေ့အရပ်သို့။ပ။အထောင့် အရပ်သို့ သွားနေသည်ကို မြင်ကြကုန်၏ လော"ဟု (မိန့်တော်မူ၏)။ မြင်ပါ၏ အသျှင်ဘုရား။ ရဟန်းတို့ ထိုအရာသည် ယုတ်မာသော မာရ်နတ်ဖြစ်၏။ "ဝက္ကလိအမျိုးသား၏ ဝိညာဏ်သည် အဘယ်မှာ တည်သနည်း"ဟု ဝက္ကလိအမျိုးသား၏ ဝိညာဏ်ကို လိုက်ရှာနေ၏၊ ရဟန်းတို့ ဝက္ကလိအမျိုးသားကား ဝိညာဏ်တည်မှု မရှိတော့ပဲ ပရိနိဗ္ဗာန်ပြုလေပြီ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆–အဿဇိသုတ်

၈၈။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှင့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်အဿဇိသည် ကဿပသူဌေး ဆောက်လုပ်သော ကျောင်း၌ အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်သည်ဖြစ်၍ ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏၊ ထိုအခါ အသျှင်အဿဇိသည် အလုပ်အကျွေးတို့ကို မိန့်ဆို၏" ငါ့သျှင်တို့ လာကြကုန်လော့၊ သင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အသျှင်ဘုရား အဿဇိရဟန်းသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ထိုအသျှင်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပါ၏ ဟု ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ကြကုန်လော့၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အစဉ်သနားသည်ကို အကြောင်းပြု၍ အဿဇိရဟန်းထံသို့ ချဉ်းကပ်တော်မူစေလိုပါသတဲ့ "ဟု ဤသို့လည်း လျှောက်ကြကုန်လော့ ဟုဆို၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အဿဇိအား ဝန်ခံကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးကြပြီးလျှင် တခုသော နေရာ၌ ထိုင်ကုန်လျက် ဤသို့ လျှောက်ကုန်၏ "အသျှင်ဘုရား အဿဇိရဟန်းသည် အနာရောဂါ နှိပ်စက်ရကား။ပ။ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အစဉ်သနားသည်ကို အကြောင်းပြု၍ အဿဇိရဟန်းထံသို့ ချဉ်းကပ်တော်မူစေလိုပါသတဲ့ ဟု လျှောက်လိုက်ပါသည်"ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ အသျှင်အဿဇိထံသို့ ချဉ်းကပ်တော်မူ၏၊ အသျှင်အဿဇိသည် မြတ်စွာဘုရား ကြွတော်မူလာသည်ကို အဝေးမှပင်မြင်၍ ညောင်စောင်းပေါ်မှ အောက်သို့ ဆင်းမည့်အယောင် ပြုလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အဿဇိကို အဿဇိ မသင့်၊ ညောင်စောင်းမှ အောက်သို့

မဆင်းလင့်၊ ဤခင်းထားသော နေရာဘို့သည် ရှိကုန်၏၊ ထိုနေရာတို့၌ ငါထိုင်အံ့ ဟုမိန့်တော်မူ၏။ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးသော် ဤစကားကို မိန့်တော်မူ၏။ အဿဇိ သင် ခန့်ကျန်း၏လော၊ မျှတ၏လော ။ပ။ ဆင်းရဲဝေဒနာတို့၏ ဆုတ်ယုတ်မှုသည် ထင်ပါသလော၊ တိုးပွါးမှုသည် မထင်ပဲရှိပါ၏လောဟု မိန့်တော်မူ၏။

အသျှင်ဘုရား တပည့်တော် မခန့်ကျန်းပါ။ပ။ဆင်းရဲဝေဒနာတို့၏ တိုးပွါးမှုသည် ထင်ပါ၏။ ဆုတ်ယုတ်မှုသည် မထင်ပါဟု လျှောက်၏။ အဿဇိ သင့်အား တစုံတခု ပူပန်မှု နှလုံးမသာမှု မရှိပါသလော။ အသျှင်ဘုရား စင်စစ်အားဖြင့် တပည့်တော်အား ပူပန်မှု နှလုံးမသာမှုသည် မနည်းလှပါ။ အဿဇိ သင့်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိပါ၏လော၊ အသျှင်ဘုရား တပည့်တော်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲပဲ ရှိပါ၏။ အဿဇိ သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲပဲ ရှိခဲ့မူ သင်၏ ပူပန်မှု နှလုံးမသာမှုကား အဘယ်နည်း၊ အသျှင်ဘုရား တပည့်တော်သည် မနာမီ ရှေးအခါက ထွက်သက် ဝင်သက်တို့ကို ငြိမ်းစေ၍ ငြိမ်းစေ၍ နေထိုင်ပါ၏၊ ထိုတပည့်တော်သည် ယခုအခါ တည်ကြည်မှု 'သမာဓိ'ကို မရပါ၊ အသျှင်ဘုရား ထိုတည်ကြည်မှု 'သမာဓိ' ကို မရသဖြင့် ထိုတပည့်တော်အား ငါသည် (သာသနာမှ) မဆုတ်ယုတ်သလော ဟု ဤသို့ အကြံဖြစ်ပါ၏ဟု လျှောက်၏။ အဿဇိ တည်ကြည်မှု 'သမာဓိ' အနှစ်သာရ တည်ကြည်မှု 'သမာဓိ'ကို ရဟန်း အဖြစ်ဟု ထင်ကြကုန်သော သမဏဗြာဟ္မဏတို့သည် ထိုတည်ကြည်မှု 'သမာဓိ' ကို မရကြသဖြင့် ငါတို့သည် (သာသနာမှ) မဆုတ်ယုတ် ကုန်သလောဟု ဤသို့ အကြံဖြစ်တတ်၏။

အဿဇိ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဝိညာဏ်သည်။ပ။ ထိုသို့ဖြစ်သောကြောင့်။ပ။ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိပြီဟုသိ၏၊ ထိုသူသည် သုခဝေဒနာကို ခံစားလျှင် ထိုဝေဒနာသည် မမြဲ ဟု သိ၏၊ ဒုက္ခဝေဒနာကို ခံစားလျှင် ထိုဝေဒနာသည် မမြဲ ဟု သိ၏၊ တောင့်တဖွယ် မဟုတ်ဟု သိ၏၊ နှစ်သက်ဖွယ် မဟုတ်ဟု သိ၏။ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစားလျှင် ထိုဝေဒနာသည် မမြဲဟု သိ၏။ပ။ နှစ်သက်ဖွယ် မဟုတ်ဟု သိ၏၊ ထိုသူသည် သုခဝေဒနာကို ခံစားလျှင် တွယ်တာခြင်းကင်းလျက် ခံစား၏၊ ဒုက္ခဝေဒနာကိုခံစားလျှင် တွယ်တာခြင်း ကင်းလျက် ခံစား၏၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ဥပေက္ခာဝေဒနာကို ခံစားလျှင် တွယ်တာခြင်းကင်းလျက် ခံစား၏၊ ထိုသူသည် ခန္ဓာကိုယ် အဆုံးရှိသော ဝေဒနာကို ခံစားလျှင် ခန္ဓာကိုယ် အဆုံးရှိသော ဝေဒနာကို ခံစား၏ ဟု သိ၏၊ အသက်အဆုံးရှိသော ဝေဒနာကို ခံစားလျှင် အသက်အဆုံးရှိသော ဝေဒနာကို ခံစား၏ ဟု သိ၏၊ ခန္ဓာကိုယ်ပျက်၍ အသက်ကုန်သည်မှ အထက်၌ ဤဘဝ၌ပင် ဝေဒနာအားလုံးတို့သည် နှစ်သက်ဖွယ်မရှိကုန်သည် ဖြစ်၍ အေးငြိမ်းကုန်လတ္တံ့ဟု သိ၏။

အဿဇိ ဥပမာသော်ကား ဆီနှင့်မီးစာကို စွဲ၍ ဆီမီးသည် တောက်လောင်ရာ၏၊ ထိုဆီနှင့် မီးစာကုန်ခြင်းကြောင့် လောင်စာမရှိသည်ဖြစ်၍ ငြိမ်းသကဲ့သို့ အဿဇိ ဤအတူပင် ရဟန်းသည် ခန္ဓာကိုယ် အဆုံးရှိသော ဝေဒနာကို ခံစားလျှင် ခန္ဓာကိုယ် အဆုံးရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ အသက်အဆုံးရှိသော ဝေဒနာကို ခံစားလျှင် အသက်အဆုံးရှိသော ဝေဒနာကို ခံစား၏

ဟု သိ၏၊ ခန္ဓာကိုယ် ပျက်၍ အသက်ကုန်သည်မှ အထက်၌ ဤဘဝ၌ပင် ဝေဒနာအားလုံးကိုသည် နှစ်သက်ဖွယ်မရှိကုန်သည်ဖြစ်၍ အေးငြိမ်း ကုန်လတ္တံ့ ဟု သိ၏ဟု (မိန့်တော်မူ၏)။ *ချင်အသေဒိတရား ရသွားသည်၊မရသည်၊ မည်သို့ကွယ်လွန်သည်အဆုံးမသတ်ဘဲရပ်ထားလိုပင်—*

ဆဋ္ဌသုတ်။

---

## ၇ ခေမကသုတ်

၈၉။ အခါတပါး၌ မထေရ်ဖြစ်သော ရဟန်းများစွာတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ (သီတင်းသုံး) နေတော်မူကုန်၏၊ ထိုအခါ အသျှင်ခေမကသည် ဗဒရိကာရုံကျောင်း၌ အနာရောဂါနှိပ်စက်ရကား ဆင်းရဲသို့ ရောက်သည်ဖြစ်၍ ပြင်းထန်စွာ မကျန်း မမာဖြစ်နေ၏၊ ထိုအခါ မထေရ်ရဟန်းတို့သည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထပြီးလျှင် အသျှင် ဒါသကကို မိန့်ဆိုကြကုန်၏—"ငါ့သျှင်ဒါသက သင်သွားချေ၊ ခေမက ရဟန်းထံသို့ ချဉ်းကပ်၍ ငါ့သျှင် သင့်ကို မထေရ်များက ခန့်ကျန်း၏ လော၊ မျှတ၏လော၊ ဆင်းရဲဝေဒနာတို့ဆုတ်ယုတ်ကြ ပါ၏လော၊ မတိုးပွါးပဲ ရှိကြပါ၏လော၊ ဆင်းရဲဝေဒနာတို့၏ ဆုတ်ယုတ်မှုသည် ထင်ပါ၏လော၊ တိုးပွါးမှုသည် မထင်ပဲ ရှိပါ၏လော ဟု ဤသို့မေးကြပါသည် ဟု ပြောဆိုချေလော့"ဟု မိန့်ဆိုကြ ကုန်၏။ "ငါ့သျှင်တို့ ကောင်းပါပြီ"ဟု အသျှင်ဒါသကသည် မထေရ်ရဟန်းတို့အား ဝန်ခံ၍ အသျှင် ခေမကထံသို့ချဉ်းကပ်ပြီးလျှင်"ငါ့သျှင်ခေမက သင့်ကို မထေရ်တို့က ခန့်ကျန်း၏လော၊မျှတ၏လော။ ဆင်းရဲဝေဒနာတို့ ဆုတ်ယုတ်ကြပါ၏လော၊ မတိုးပွါးပဲ ရှိပါ၏လော၊ ဆင်းရဲဝေဒနာတို့၏ ဆုတ်ယုတ် မှုသည် ထင်ပါ၏လော၊ တိုးပွါးမှုသည် မထင်ပဲရှိပါ၏ လော" ဟု မေးကြပါသည် ဟု ပြောလေ၏။ ငါ့သျှင် ငါ မခန့်ကျန်းပါ၊ မမျှတပါ။ပ။ ဆင်းရဲဝေဒနာတို့၏ တိုးပွါးမှုသည် ထင်ပါသည်၊ ဆုတ် ယုတ်မှုသည် မထင်ပါဟု လျှောက်၏။

ထိုအခါ အသျှင်ဒါသကသည် မထေရ်ရဟန်းများထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ခေမက ရဟန်းသည် ငါ့သျှင် ငါသည် မခန့်ကျန်းပါ။ပ။ တိုးပွါးမှု ထင်ပါ၏၊ဆုတ်ယုတ်မှု မထင်ပါ ဟု ဤသို့ ပြောဆိုပါသည်"ဟု လျှောက်၏။ ငါ့သျှင်ဒါသက လာပါဦးလော့၊ ခေမကရဟန်းထံသို့ ချဉ်းကပ် ပြီးလျှင် ဤသို့ ပြောပါလော့။ ငါ့သျှင်ခေမက သင့်ကို မထေရ်တို့က ဤသို့ပြောကြပါ၏" ငါ့သျှင် ရုပ်ဥပါဒါနက္ခန္ဓာ ဝေဒနာဥပါဒါနက္ခန္ဓာ သညာဥပါဒါနက္ခန္ဓာ သင်္ခါရဥပါဒါနက္ခန္ဓာ ဝိညာဏ် ဥပါဒါနက္ခန္ဓာ ဟူသော ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏၊ အသျှင် ခေမက ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍၎င်း ငါ၏ဥစ္စာဟူ၍၎င်း ရှုသလော့ ဟု ပြောပါလော့ဟု" မိန့်ဆိုကြကုန်၏။ "ငါ့သျှင်တို့ ကောင်းပါပြီ"ဟု အသျှင်ဒါသကသည် မထေရ် ရဟန်းတို့အား ဝန်ခံပြီးလျှင် အသျှင်ခေမကထံသို့ ချဉ်းကပ်၍။ပ။ ငါ့သျှင်ခေမက သင့်ကို မထေရ် တို့က ရုပ်ဥပါဒါနက္ခန္ဓာ။ပ။ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို မြတ်စွာ ဘုရား ဟောတော်မူအပ်ကုန်၏။ အသျှင်ခေမကသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍၎င်း ငါ၏ဥစ္စာဟူ၍၎င်း ရှုသလောဟု ဤသို့မေးကြပါသည် ဟု ဆို၏။ ငါ့သျှင် ရုပ်ဥပါဒါ- နက္ခန္ဓာ။ပ။ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော် မူအပ်ကုန်၏။ ငါသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍၎င်း ငါ့ဥစ္စာဟူ၍၎င်း မရှုပါဟုဆို၏။

ထိုအခါ အသျှင်ဒါသကသည် မထေရ်ရဟန်းတို့သို့ ချဉ်းကပ်ပြီးလျှင် ဤစကားကို ပြောလေ၏ "ငါ့သျှင်တို့ ခေမကရဟန်းသည် ဤရုပ်ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏။ ငါသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍ရှင်း ငါ့ဥစ္စာဟူ၍ရှင်း မရှုပါ"ဟု ဤသို့ ပြောဆိုပါသည် ပြော၏။ ငါ့သျှင်ဒါသက လာပါဦးလော့၊ ခေမကရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့သျှင်ခေမကသင့်ကို မထေရ်တို့က ရုပ်ဥပါဒါနက္ခန္ဓာ။ပ။ဝိညာဏ်ဥပါဒါနက္ခန္ဓာ ဟူသော ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏၊ အသျှင်ခေမကသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌တစုံတခုကိုငါဟူ၍ရှင်း ငါ၏ဥစ္စာဟူ၍ရှင်း မရှုခဲ့မူ အသျှင်ခေမကသည် အာသဝေါကုန်ပြီးသော ရဟန္တာလောဟု ဤသို့ မေးကြပါသည်ဟု ဤသို့ပြောပါလော့ ဟု ဆိုကြကုန်၏။

"ငါ့သျှင်တို့ ကောင်းပါပြီ"ဟု အသျှင်ဒါသကသည် မထေရ်ရဟန်းတို့အား ဝန်ခံ၍ အသျှင်ခေမကထံသို့။ပ။ ငါ့သျှင်ခေမက သင့်ကို မထေရ်တို့က ရုပ်ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏၊ အသျှင်ခေမကသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍ရှင်း ငါ၏ ဥစ္စာဟူ၍ရှင်း မရှုခဲ့မူ အသျှင်ခေမကသည် အာသဝေါကုန်ပြီးသော ရဟန္တာလော ဟု မေးကြပါသည် ဟု ပြောဆို၏။ ငါ့သျှင် ရုပ်ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏။ ငါသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍ရှင်း ငါ၏ဥစ္စာဟူ၍ရှင်း မရှုပါ၊ အာသဝေါကုန်ပြီးသော ရဟန္တာလည်း မဟုတ်ပါ၊ ငါ့သျှင် ထိုသို့ မဟုတ်သော်လည်း ငါ့အား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ ငါဖြစ်၏ ဟု (ခေါ် ဝေါ်မှုကို) ရအပ်ပါ၏။ ဤအရာသည် ငါဖြစ်၏ဟူ၍ကား မရှုပါဟု ဆို၏။

ထိုအခါ အသျှင်ဒါသကသည် မထေရ်ရဟန်းတို့အား။ပ။ ဤစကားကို ပြောလေ၏။ ငါ့သျှင်တို့ ခေမကရဟန်းသည် ဤသို့ပြောပါသည်၊ ရုပ်ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏။ ငါသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစုံတခုကို ငါဟူ၍ရှင်း ငါ၏ ဥစ္စာဟူ၍ရှင်း မရှုပါ၊ အာသဝေါကုန်ပြီးသော ရဟန္တာလည်း မဟုတ်ပါ၊ ထိုသို့မဟုတ်သော်လည်း ငါ့အား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ ငါဖြစ်၏ဟူ၍ (ခေါ် ဝေါ်မှုကို)ရအပ်၏၊ ဤအရာသည် ငါဖြစ်၏ ဟူ၍ကား မရှုပါ ဟု ပြောလိုက်ပါသည် ဟု ဆို၏။

ငါ့သျှင်ဒါသက သင် လာပါဦးလော့၊ ခေမကရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့သျှင်ခေမက သင့်ကို မထေရ်တို့က ငါဖြစ်၏ဟူသော စကားကို ဆို၏။ အဘယ်ကို ငါဖြစ်၏ဟု ဆိုပါသနည်း၊ ရုပ်ကို ငါဖြစ်၏ဟု ဆိုပါသလော၊ ရုပ်မှတပါး ငါဖြစ်၏ဟု ဆိုပါသလော၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါဖြစ်၏ဟု ဆိုပါသလော၊ ဝိညာဏ်မှတပါး ငါဖြစ်၏ဟု ဆိုပါသလော၊ ငါဖြစ်၏ဟူသော စကားကို ဆို၏၊ အဘယ်ကို ငါဖြစ်၏ဟု ဆိုသနည်းဟု ဤသို့ မေးကြပါသည်ဟု ပြောချေလော့ဟု ဆိုကြကုန်၏။ "ငါ့သျှင်တို့ ကောင်းပါပြီ"ဟု အသျှင်ဒါသကသည် မထေရ်တို့အား ဝန်ခံ၍ အသျှင်ခေမကထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့သျှင်ခေမက သင့်ကို မထေရ်တို့က ဤသို့ မေးကြပါသည်—ငါဖြစ်၏ ဟူသောစကားကိုဆို၏၊ အဘယ်ကို ငါဖြစ်၏ဟု ဆိုပါသနည်း၊ ရုပ်ကို ငါဖြစ်၏ဟု ဆိုပါသလော၊ရုပ်မှတပါး ငါဖြစ်၏ဟု ဆိုပါသလော၊ဝေဒနာကို။သညာကို။သင်္ခါရတို့ကို။ဝိညာဏ်ကို ငါဖြစ်၏ဟု ဆိုပါသလော၊ဝိညာဏ်မှတပါး ငါဖြစ်၏ဟု ဆိုပါသလော၊ ငါဖြစ်၏ ဟူသော စကားကို ဆို၏၊ အဘယ်ကို ငါဖြစ်၏ဟု ဆိုသနည်းဟု ဤသို့ ပြောလေ၏။ ငါ့သျှင်ဒါသက ဤအခေါက်

ခေါက် ပြေးနေရခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း၊ မသင့်တော်လှပါ၊ ငါ့သျှင် တောင်ဝှေးကို ယူချေ၊ ငါကိုယ်တိုင် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်အံ့ဟု (ဆို၏)။

ထိုနောက် အသျှင်ခေမကသည် တောင်ဝှေးထောက်၍ မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမထေရ်ရဟန်းတို့နှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးနောက် တခုသော နေရာ၌ ထိုင်၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်ခေမကအား မထေရ်ရဟန်းတို့သည် ဤစကားကို ပြောကြကုန်၏ “ငါ့သျှင် ခေမက ငါဖြစ်၏ဟူသော စကားကို ဆို၏၊ အဘယ်ကို ငါဖြစ်၏ဟု ဆိုပါသနည်း၊ ရုပ်ကို ငါဖြစ်၏ဟု ဆိုသလော၊ ရုပ်မှတပါး ငါဖြစ်၏ဟု ဆိုသလော၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါဖြစ်၏ဟု ဆိုသလော၊ ဝိညာဏ်မှတပါး ငါဖြစ်၏ဟု ဆိုသလော၊ ငါ့သျှင်ခေမက ငါဖြစ်၏ဟူသော စကားကို ဆို၏၊ အဘယ်ကို ငါဖြစ်၏”ဟု ဆိုပါသနည်းဟု ပြောဆိုကြကုန်၏၊ ငါ့သျှင်တို့ ငါသည် ရုပ်ကို ငါဖြစ်၏ ဟု မဆို၊ ရုပ်မှတပါး ငါဖြစ်၏ဟု မဆို၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါဖြစ်၏ဟု မဆို၊ ဝိညာဏ်မှတပါး ငါဖြစ်၏ဟု မဆို၊ ငါ့သျှင်တို့ သို့သော် ငါ့အား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ ငါဖြစ်၏ဟု (ခေါ်ဝေါ်မှုကို) ရအပ်၏၊ ဤအရာသည် ငါဖြစ်၏ဟူ၍ကား မရှုပါ။

ငါ့သျှင်တို့ ဥပမာသော်ကား ကြာညိုနံ့ သို့မဟုတ် ပဒုမ္မာကြာနံ့ သို့မဟုတ် ပုဏ္ဍရိက်ကြာနံ့ရှိရာ၏၊ တစ်ဦးတယောက်သည် ပွင့်ချပ်၏အနံ့ဟူ၍သော်ငြား အဆင်း၏အနံ့ဟူ၍ငြား ဝတ်ဆံ၏အနံ့ဟူ၍သော်ငြား ဤသို့ ဆိုလျှင် ထိုသူသည် ကောင်းစွာ ဆိုသည် မည်ရာသလော၊ ငါ့သျှင် မမည်နိုင်ပါ။ ငါ့သျှင်တို့ အဘယ်သို့ ဖြေသော် ကောင်းစွာ ဖြေသည် မည်ရာသနည်း၊ ငါ့သျှင်တို့ အပွင့်၏ အနံ့ဟူ၍ ဖြေသော် ကောင်းစွာ ဖြေသည် မည်ရာ၏။ ငါ့သျှင်တို့ ဤအတူပင် ရုပ်ကို ငါဖြစ်၏ဟူ၍ မဆို၊ ရုပ်မှတပါး ငါဖြစ်၏ဟု မဆို၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငါဖြစ်၏ဟု မဆို၊ ဝိညာဏ်မှတပါး ငါဖြစ်၏ဟု မဆို၊ ငါ့သျှင်တို့ သို့သော်လည်း ငါ့အား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ ငါဖြစ်၏ဟု (ခေါ်ဝေါ်မှုကို) ရအပ်ပါ၏၊ ဤအရာသည် ငါဖြစ်၏ဟူ၍ကား မရှုပါ။

ငါ့သျှင်တို့ အရိယာတပည့်အား အောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့ကို ပယ်ထားပြီးဖြစ်ကြစေကာမူ ထိုအရိယာတပည့်အား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ အသိမ်မွေ့ဆုံးဖြစ်သော ငါဖြစ်၏ဟူသော အထင် ငါဖြစ်၏ဟူသော အလို ငါဖြစ်၏ဟူသော အနုသယတို့ကို မပယ်ရသေး၊ ထိုသူသည် နောက်အခါ၌ ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ ဤကားရုပ် ဤကား ရုပ်ဖြစ်ပေါ်ခြင်း ဤကား ရုပ်ချုပ်ခြင်း ဤကား ဝေဒနာ ဤကား သညာ ဤကား သင်္ခါရ ဤကား ဝိညာဏ် ဤကား ဝိညာဏ်ဖြစ်ပေါ်ခြင်း ဤကား ဝိညာဏ်ချုပ်ခြင်းဟု အဖြစ်အပျက်ကို ရှုလျက်နေ၏၊ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ အဖြစ်အပျက်ကို ရှုလျက် နေသောသူအား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ မပယ်ရသေးသော အသိမ်မွေ့ဆုံးဖြစ်သော ငါဖြစ်၏ဟူသော အထင် ငါဖြစ်ဟူသော အလို၊ ငါဖြစ်၏ဟူသော အနုသယသည်လည်း ကွာခြင်းသို့ ရောက်၏။

ငါ့သျှင်တို့ ဥပမာသော်ကား ညစ်၍ ကြေးကပ်နေသော အဝတ်ကို ပိုင်ရှင်တို့သည် ကဝါသည်အား ပေးအပ်ကုန်၏ ကဝါသည်သည် ထိုအဝတ်ကို ဆပ်ပြာနှင့် ဖြစ်စေ ပြာနှင့်ဖြစ်စေ နွားချေးနှင့် ဖြစ်စေ ပွတ်တိုက်၍ ရေကြည်နှင့်လျှော်ဖွပ်၏။ ထိုအဝတ်သည် စင်ကြယ်ဖြူဖွေးစေကာမူ အသိမ်မွေ့ဆုံး ဖြစ်သော ဆပ်ပြာနံ့ ပြာနံ့ နွားချေးနံ့တို့ကား မကုန်သေး၊ ကဝါသည်သည် ထိုအဝတ်ကို ပိုင်ရှင်တို့အား ပြန်ပေးအပ်၏၊ ပိုင်ရှင်တို့သည် ထိုအဝတ်ကို အနံ့ထုံထားသော ပချုပ်၌ ထည့်ကြ

ကုန်၏၊ တိုအဝတ်၌ မကုန်သေးသော အသိမ်မွေ့ဆုံးဖြစ်သော ဆပ်ပြာနံ့ ပြာနံ့ နွားချေးနံ့တို့သည်လည်း ကုန်ခြင်းသို့ ရောက်ကုန်၏၊ ငါ့သျှင်တို့ ဤဥပမာအတူ အရိယာတပည့်အား အောက်ပိုင်းသံယောဇဉ်ငါးမျိုးတို့ကို ပယ်ထားပြီးဖြစ်ကြစေကာမူ ထိုသူအား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ အသိမ်မွေ့ဆုံးဖြစ်သော ငါဖြစ်၏ဟူသော အထင် ငါဖြစ်၏ဟူသော အလို ငါဖြစ်၏ဟူသော အနုသယကို မပယ်အပ်သေး။ ထိုသူသည် နောက်အခါ၌ ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ ဤကား ရုပ် ဤကား ရုပ်ဖြစ်ပေါ်ခြင်း ဤကား ရုပ်ချုပ်ခြင်း ဤကား ဝေဒနာ ဤကား သညာ ဤကား သင်္ခါရ ဤကား ဝိညာဏ် ဤကားဝိညာဏ်ဖြစ်ပေါ်ခြင်း ဤကား ဝိညာဏ်ချုပ်ခြင်းဟု အဖြစ်အပျက်ကို ရှုလျက် နေ၏၊ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ အဖြစ်အပျက်ကို ရှုလျက် နေသူအား ထိုဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ မပယ်ရသေးသော အသိမ်မွေ့ဆုံးဖြစ်သော ငါဖြစ်၏ဟူသော အထင်၊ ငါဖြစ်၏ဟူသော အလို ငါဖြစ်၏ဟူသော အနုသယသည်လည်း ကွာခြင်းသို့ ရောက်၏ဟု ပြောဆို၏။

ဤသို့ ဆိုသော် မထေရ်ရဟန်းတို့သည် အသျှင်ခေမကအား ဤသို့ ဆိုကုန်၏ "ငါတို့သည် အသျှင်ခေမကကို ညှဉ်းဆဲလို၍ မေးကြသည် မဟုတ်ပါ၊ စင်စစ်မှာ အသျှင်ခေမကသည် ထိုမြတ်စွာဘုရား၏ အဆုံးအမတော်ကို အကျယ်ပြောရန် ဟောရန် ပညတ်ရန် ထားရန် ဖွင့်ရန် ခွဲခြမ်းရန် ပေါ်လွင်အောင်ပြုရန် စွမ်းနိုင်ပါ၏၊ အသျှင်ခေမကသည် ထိုမြတ်စွာဘုရား အဆုံးအမတော်ကို အကျယ်ပြောအပ်ပါပြီ၊ ဟောအပ်ပါပြီ၊ ပညတ်အပ်ပါပြီ၊ ထားအပ်ပါပြီ၊ ဖွင့်အပ်ပါပြီ၊ ပေါ်လွင်အောင် ပြုအပ်ပါပြီ"ဟု မိန့်ဆိုကြကုန်၏၊ အသျှင်ခေမကသည် ဤစကားကို ဆိုလေ၏၊ မထေရ်ရဟန်းတို့သည် ဝမ်းမြောက်ကုန်လျက် အသျှင်ခေမက၏ စကားကို အလွန်နှစ်သက်စွာ လက်ခံကုန်၏။ ထိုတရားကိုဟောနေစဉ်ပင် ခြောက်ကျိပ်သော မထေရ်ရဟန်းတို့နှင့် အသျှင်ခေမက၏ စိတ်တို့သည် မစွဲလမ်းတော့ပဲ အာသဝေါတို့မှ လွတ်မြောက်ကြကုန်၏။

သတ္တမသုတ်။

---

## ၈-ဆန္နသုတ်

၉၀။ အခါတပါး၌ မထေရ်ဖြစ်သော ရဟန်းများစွာတို့သည် ဗာရာဏသီပြည် ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌ (သီတင်းသုံး)နေကုန်၏၊ ထိုအခါ အသျှင်ဆန္နသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ သော့ကောက်ကို ယူပြီးလျှင် တကျောင်းမှ တကျောင်းသို့ ချဉ်းကပ်ကာ "အသျှင်မထေရ်တို့သည် တပည့်တော်ကို ဆုံးမကြပါလော့၊ အသျှင်မထေရ်တို့သည် တပည့်တော်ကို ကံမြင်ကြပါလော့၊ တပည့်တော်သိမြင်နိုင်မည့် အခြင်းအရာအားဖြင့် အသျှင်မထေရ်တို့သည် တပည့်တော်အား တရားစကားကို ပြကြပါကုန်လော့"ဟု လျှောက်၏။

ဤသို့ လျှောက်သော် မထေရ်ရဟန်းတို့သည် အသျှင်ဆန္နအား ဤသို့ ဆိုကြကုန်၏ "ငါ့သျှင်ဆန္န ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲ၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ် မမြဲ၊ ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်'အတ္တ'မဟုတ်၊ သင်္ခါရတရားအားလုံးတို့သည် မမြဲကုန်၊ သဘောတရားအားလုံးတို့သည် ကိုယ်'အတ္တ'မဟုတ်ကုန်"ဟု ဆိုကြကုန်၏။

ထိုအခါ အသျှင်ဆန္နအား ဤသို့ အကြံဖြစ်၏ “ငါ့အားလည်း ရုပ်သည် မမြဲ၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ရုပ်သည် ကိုယ်‘အတ္တ’မဟုတ်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်‘အတ္တ’မဟုတ်၊ သင်္ခါရတရားအားလုံးတို့သည် မမြဲကုန်၊ သဘောတရားအားလုံးတို့သည် ကိုယ် ‘အတ္တ’ မဟုတ်ကုန်ဟု ဤသို့အသိဉာဏ်ဖြစ်၏၊ ထိုသို့ဖြစ်လျက် ငါ၏ စိတ်သည် သင်္ခါရတရား အားလုံးငြိမ်းရာ ဥပဓိအားလုံး ကင်းလွတ်ရာ တဏှာ ကုန်ရာ စွဲမက်မှုကင်းရာ ချုပ်ရာ နိဗ္ဗာန်၌ မသက်ဝင် မကြည်လင် မတည် လွတ်လွတ်မဆုံးဖြတ်နိုင်၊ တောင့်တခြင်း စွဲလမ်းခြင်းသည်ဖြစ်၏၊ ဤသို့ဖြစ်လျှင် ငါ၏ကိုယ်ကား အဘယ်နည်းဟု စိတ်သည် ပြန်၍လည်၏၊ တရားကို သိမြင်သောသူအား ဤသို့ မဖြစ်နိုင်၊ငါတရားကို သိမြင်နိုင်မည့် အခြင်း အရာအားဖြင့် ငါ့ကို အဘယ်သူသည် တရားဟောနိုင်ပါမည်နည်း” ဟု အကြံဖြစ်၏။

ထို့နောက် အသျှင်ဆန္နအား ဤသို့ အကြံဖြစ်ပြန်၏“ဤအသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊မြတ်စွာဘုရား အချီးမွမ်းလည်း ခံရ၏၊ပညာရှိ သီတင်း သုံးဖော်တို့ ချီးမြှင့်မြှောက်စားခြင်းကိုလည်း ခံရ၏၊ ငါသိမြင်နိုင်မည့် အခြင်းအရာဖြင့် ငါ့ကို တရားဟောရန်လည်း စွမ်းနိုင်၏၊ အသျှင်အာနန္ဒာနှင့် ထိုမျှလောက် အကျွမ်းဝင်မှုလည်း ငါ့အားရှိ၏၊ ငါသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ” ဟု အကြံ ဖြစ်ပြန်၏၊ ထို့နောက် အသျှင်ဆန္နသည် ကျောင်း အိပ်ရာ နေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်လျက် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးလျှင်။ပ။ တခုသော နေရာ၌ ထိုင်ကာ ဤစကားကို လျှောက်၏—

ငါ့သျှင်အာနန္ဒာ ငါသည် ဗာရာဏသီပြည် ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌ နေ၏၊ ထိုအခါ ငါသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ သံကောက်ကို ယူပြီးလျှင် တကျောင်းမှ တကျောင်းသို့ ချဉ်းကပ်ကာ မထေရ်ရဟန်းတို့အား အသျှင်မထေရ်တို့သည် တပည့်တော်ကို ဆုံးမကြပါလော့၊ အသျှင်မထေရ်တို့သည် တပည့်တော်ကို ကံမြစ်ကြပါလော့၊ တပည့်တော် သိမြင်နိုင်မည့် အခြင်းအရာအားဖြင့် အသျှင်မထေရ်တို့သည် တပည့်တော်အား တရား စကားကို ပြကြပါကုန်လော့ဟု ဆို၏၊ ဤသို့ဆိုသော် မထေရ်ရဟန်းတို့သည် ငါ့အား ဤသို့ ပြောကြပါကုန်၏။ ငါ့သျှင်ဆန္န ရုပ်သည် မမြဲ၊ ဝေဒနာသည်။သညာသည်။သင်္ခါရတို့သည်။ဝိညာဏ် သည် မမြဲ၊ ရုပ်သည် ကိုယ်‘အတ္တ’မဟုတ်။ပ။ဝိညာဏ်သည် ကိုယ်‘အတ္တ’မဟုတ်။ သင်္ခါရတရား အားလုံးတို့သည် မမြဲကုန်၊ သဘောတရားအားလုံးတို့သည် ကိုယ်‘အတ္တ’မဟုတ်ကုန်ဟု ဆိုကြကုန်၏။

ငါ့သျှင် ထိုငါ့အား ဤသို့အကြံဖြစ်၏ “ငါ့အားလည်း ရုပ်သည် မမြဲ။ပ။ ဝိညာဏ်သည် မမြဲ၊ ရုပ်သည် ကိုယ်‘အတ္တ’မဟုတ်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်‘အတ္တ’မဟုတ်၊ သင်္ခါရတရား အားလုံးတို့သည် မမြဲကုန်၊ သဘောတရားအားလုံးတို့သည် ကိုယ် ‘အတ္တ’မဟုတ်ကုန်ဟု ဤသို့အသိဉာဏ်ဖြစ်ပါ၏၊ ထိုသို့ဖြစ်လျက် ငါ၏ စိတ်သည် သင်္ခါရတရား အားလုံးငြိမ်းရာ ဥပဓိအားလုံးကင်းရာ တဏှာကုန်ရာ စွဲမက်မှုကင်းရာ ချုပ်ရာ နိဗ္ဗာန်၌ မသက်ဝင် မကြည်လင် လွတ်လွတ် မဆုံးဖြတ်နိုင်၊ တောင့်တခြင်း စွဲလမ်းခြင်းဖြစ်၏၊ ဤသို့ဖြစ် လျှင် ငါ၏ကိုယ်‘အတ္တ’ကား အဘယ်နည်း ဟု စိတ်သည် ပြန်၍လည်၏၊ တရားကို သိမြင်သော သူအား ဤသို့မဖြစ်နိုင်၊ ငါသိမြင်နိုင်မည့် အခြင်းအရာအားဖြင့် ငါ့ကို အဘယ်သူသည် တရား ဟောနိုင်ပါမည်နည်း”ဟု ဤသို့အကြံဖြစ်၏။

ငါ့သျှင် ထိုငါ့အား ဤသို့အကြံဖြစ်ပြန်ပါ၏— "ဤအသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေ၏၊ မြတ်စွာဘုရား အချီးမွမ်းလည်း ခံရ၏၊ ပညာရှိ သီတင်းသုံးဖော်တို့ ချီးမြှင့် မြှောက်စားခြင်းကိုလည်း ခံရ၏၊ ငါသိမြင်နိုင်မည့် အခြင်းအရာ အားဖြင့် ငါ့ကို တရားဟောရန်လည်း စွမ်းနိုင်၏၊ထိုအသျှင်နှင့် ထိုမျှလောက် အကျွမ်းဝင်မှုလည်း ငါ့အား ရှိ၏၊ ထို အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏။)အသျှင် အာနန္ဒာသည် တပည့်တော်အား ဆုံးမတော်မူပါ၊ အသျှင်အာနန္ဒာသည် တပည့်တော်ကို ကံမြစ် တော်မူပါ၊ တပည့်တော် သိမြင်နိုင်မည့် အခြင်းအရာအားဖြင့် အသျှင်အာနန္ဒာသည် တပည့် တော်အား တရားစကားကို ပြပါလော့ဟု လျှောက်၏။

အသျှင်ဆန္နသည် ထိုအကြောင်းကို ထင်စွာပြုနိုင်ဘိ၏၊ ငြောင့်ကို ဖြတ်နိုင်ဘိ၏၊ ဤမျှလောက် နှင့်ပင် အသျှင်ဆန္နကို တပည့်ဘော်ဘို့ ဝမ်းမြောက်လှပါကုန်၏၊ ငါ့သျှင်ဆန္န သင်နားထောင်လော့၊ သင်သည် တရားကို သိရန် ထိုက်ပါ၏ဟု မိန့်ဆို၏၊ထိုအခါ အသျှင်ဆန္နအား တရားသိရန် ထိုက်သူ ဖြစ်သတဲ့ဟူသော စကားမျှဖြင့်ပင် များစွာသော နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၏။

ငါ့သျှင်ဆန္န ကစ္စာနအနွယ်ဖြစ်သော ရဟန်းကို ဩဝါဒပေးတော်မူစဉ် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ငါကြားနာခဲ့ရ၏။မြတ်စွာဘုရားမျက်မှောက်တော်မှ ခံယူခဲ့ရ၏၊ ကစ္စာန ဤလောကသည် များသောအားဖြင့် ရှိသည်၏အဖြစ် မရှိသည်၏အဖြစ်ဟူသော နှစ်ဖက် ကို မှီနေ၏၊ ကစ္စာန လောကဖြစ်ပေါ်ပုံကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ဝိပဿနာပညာဖြင့် မြင်သောသူအား လောက၌မရှိခြင်းသည် မဖြစ်နိုင်၊ ကစ္စာန လောကချုပ်ပုံကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် မြင်သောသူအား လောက၌ရှိခြင်းဟူသည် မဖြစ်နိုင်၊ကစ္စာန ဤလောကကို များသောအားဖြင့် ကပ်ရောက်ခြင်း စွဲလမ်းခြင်း အမှားနှစ်လုံးသွင်းခြင်းတို့က နှောင်ဖွဲ့ထား၏၊ ထိုကပ်ရောက်ခြင်း စွဲလမ်းခြင်းသည် စိတ်၏ဆောက်တည်ခြင်း အမှား နှလုံးသွင်းခြင်း အနုသယ သို့ မကပ်ရောက် မစွဲလမ်း၊ ငါ၏ကိုယ်'အတ္တ'ဟု စွဲ၍ မတည်၊ ဖြစ်သည်ရှိသော် ဆင်းရဲမှုသည် သာ ဖြစ်၏၊ ချုပ်သည်ရှိသော် ဆင်းရဲမှုသည်သာ ချုပ်၏၊ မယုံမှား၊ တွေးတောခြင်း မရှိ၊ တပါးသောယုံကြည်မှု မရှိသောကြောင့် ဤအရာ၌ ထိုသူအား အသိဉာဏ်သည်သာလျှင် ဖြစ်၏၊ ကစ္စာန ဤမျှဖြင့် မှန်ကန်သောအယူဖြစ်၏။ ကစ္စာန အားလုံးရှိ၏ဟူသော ဤအယူသည် အစွန်းတဖက်တည်း၊ အားလုံးမရှိဟူသော ဤအယူသည် အစွန်းတဖက်တည်း၊ ဤအစွန်း နှစ်ဖက်ဘို့သို့ မကပ်ရောက်မူ၍ အလယ် အလပ်အားဖြင့် မြတ်စွာဘုရားသည် တရားကို ဟော တော်မူ၏၊ အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။ပ။ ဤသို့လျှင် ဤအလုံးစုံသော ဆင်းရဲအစု၏ဖြစ်ပေါ်မှုဖြစ်၏။ အဝိဇ္ဇာ၏ အကြွင်းမဲ့ ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရတို့ချုပ်၏။ပ။ဤသို့လျှင် ဤအလုံးစုံသော ဆင်းရဲအစု၏ ချုပ်ခြင်းဖြစ်၏ ဟု (ကြားနာခဲ့ရ၏ ခံယူခဲ့ရ၏ ဟု မိန့်တော်မူ၏)။

ငါ့သျှင်အာနန္ဒာ အကြင်အသျှင်တို့အား အသျှင်ကဲ့သို့ သဘောရှိကုန်သော စောင့်ရှောက် တတ်ကုန်သော အကျိုးလိုလားကုန်သော ဆုံးမတတ်ကုန်သော ကံမြစ်တတ်ကုန်သော သီတင်း သုံးဖော်တို့ ရှိကုန်၏။ ထိုအသျှင်ကဲ့သို့ အကျွန်ုပ်တို့အား ဤအတိုင်းပင်ဖြစ်ပါ၏။ အကျွန်ုပ် သည် အသျှင်အာနန္ဒာ၏ ဤတရားတော်ကို ကြားနာရ၍ တရားကို ထိုးထွင်း သိရပါပြီဟု (လျှောက်၏)။

အဋ္ဌမသုတ်။

## ၉-ရာဟုလသုတ်

၉၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏“အဘယ်သို့ သိသူ အဘယ်သို့မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌၎င်း အပဖြစ်သော နိမိတ်အားလုံးတို့၌၎င်း ငါဟု စွဲယူမှု ‘ဒိဋ္ဌိ’ ငါ့ဥစ္စာဟု တပ်မက်မှု ‘တဏှာ’ ထောင်လွှားမှု ‘မာနာနုသယ’တို့မဖြစ်ပါကုန်သနည်း”ဟု (လျှောက်၏)။

ရာဟုလာ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်း ဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ ကိုယ်‘အတ္တ’ မဟုတ်ဟု ဟုတ်တိုင်းမှန်စွာမှန်ကန်သော ပညာဖြင့် ရှု၏။ ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ်အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော။ပ။ ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ဤဝိညာဏ်သည် ငါမဟုတ်၊ဤဝိညာဏ်သည် ငါ၏ ကိုယ်‘အတ္တ’မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှု၏။ ရာဟုလာ ဤသို့သိသူ ဤသို့မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌၎င်း အပဖြစ်သော နိမိတ်အားလုံးတို့၌၎င်း ငါဟု စွဲယူမှု ‘ဒိဋ္ဌိ’ ငါ့ဥစ္စာဟု တပ်မက်မှု‘တဏှာ’ ထောင်လွှားမှု ‘မာနာနုသယ’တို့ မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ရာဟုလသုတ်

၉၂။ သာဝတ္ထိနိဒါန်း။ အသျှင်ရာဟုလာသည် တခုသော နေရာ၌ ထိုင်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌၎င်း အပဖြစ်သောနိမိတ်အားလုံးတို့၌၎င်း ငါဟု စွဲယူမှု‘ဒိဋ္ဌိ’ ငါ့ဥစ္စာဟု တပ်မက်မှု ‘တဏှာ’ထောင်လွှားမှု ‘မာန’မှကင်းသော ထောင်လွှားခြင်းအဘို့ကို ကောင်းစွာလွန်သောကိလေသာပူပန်မှုမှ ငြိမ်းသော ကိလေသာမှကောင်းစွာလွတ်မြောက်သော စိတ်ဖြစ်သနည်း”ဟု(လျှောက်၏)။ရာဟုလာ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော။ပ။အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် ‘အတ္တ’မဟုတ် ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် မြင်၍ မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်၏။ ဝေဒနာအားလုံးကို။သညာအားလုံးကို။သင်္ခါရအားလုံးတို့ကို။အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်း ဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ ကိုယ်‘အတ္တ’ မဟုတ် ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် မြင်၍ မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်၏၊ ရာဟုလာ ဤသို့သိသူ ဤသို့မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌၎င်း အပဖြစ်သော

နိမိတ်အားလုံးတို့၌ရင်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု'တဏှာ' ထောင်လွှားမှု 'မာန'မှ ကင်းသော ထောင်လွှားခြင်းအဘို့ကို ကောင်းစွာလွန်သော ကိလေသာ ငြိမ်းသော ကိလေသာမှ ကောင်းစွာလွတ်မြောက်သော စိတ်ဖြစ်နိုင်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ထေရဝဂ် ပြီး၏။

---

## (၁၀) ၅-ပုပ္ဖဝဂ် ၁-နဒီသုတ်

၉၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပမာသော်ကား တောင်မှ အစဖြစ်၍ အောက်သို့ စီးဆင်းသော အဝေးသို့ရောက်သော ရေစီးသန်သော မြစ်သည် ရှိရာ၏၊ ဖောင်းခါးမြက် သမန်းမြက် ဖြူဆံမြက် ပြိတ်မြက်နှင့် သစ်ပင်တို့သည် ထိုမြစ်၏ ကမ်းပါးနှစ်ဖက်တို့၌ ပေါက်ရောက်ကြစေကာမူ ထိုမြစ်ရေ အယဉ်သို့ (ရေစုန်အလိုက် အဖျားညွတ်လျက်) တွဲရရွဲကျကာ တည်နေကုန်ရာ၏၊ ထိုမြစ်ရေယဉ်ဖြင့် မျောလာသော ယောကျ်ားသည် ဖောင်းခါးမြက်တို့ကို ဖမ်းကိုင်စေကာမူ ထိုမြက်တို့သည် အမြစ်မြေစိုင်နှင့်တကွ ပြုတ်ကျကုန်ရာ၏၊ ထိုယောကျ်ားသည် ထိုအကြောင်းကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရာ၏၊ သမန်းမြက်တို့ကို ဖမ်းကိုင်စေကာမူ၊ ဖြူဆံမြက်တို့ကို ဖမ်းကိုင်စေကာမူ၊ ပြိတ်မြက်တို့ကို ဖမ်းကိုင်စေကာမူ၊ သစ်ပင်တို့ကို ဖမ်းကိုင်စေကာမူ၊ ထိုသစ်ပင်တို့သည် အမြစ်မြေစိုင်နှင့်တကွ ပြုတ်ကျကုန်ရာ၏၊ ထိုယောကျ်ားသည် ထိုအကြောင်းကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ဤအဘူ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တကိုရင်း အတ္တ၌ ရုပ်ကိုရင်း ရုပ်၌ အတ္တကိုရင်း ရှု၏၊ ထိုသူ၏ ထိုရုပ်သည် ပျက်စီး၏၊ ထိုသူသည် ထိုအကြောင်းကြောင့် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏၊ ဝိညာဏ်ရှိသော အတ္တကိုရင်း အတ္တ၌ဝိညာဏ်ကိုရင်း ဝိညာဏ်၌ အတ္တကိုရင်း ရှု၏၊ ထိုသူ၏ ထိုဝိညာဏ်သည် ပျက်စီး၏၊ ထိုသူသည် ထိုအကြောင်းကြောင့် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ထို့သို့ဖြစ်သောကြောင့်။ ပ။ ဤသို့ မြင်သော။ ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပုပ္ဖသုတ်

၉၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ငါသည် လောကနှင့် မငြင်းခုံ၊ လောက ကသာ ငါနှင့် ငြင်းခုံ၏ ရဟန်းတို့ တရားအတိုင်း ပြောတတ်သူသည် လောက၌ တစုံ တယောက်နှင့်မျှ မငြင်းခုံ၊ ရဟန်းတို့ လောက၌ ပညာရှိတို့က မရှိဟု သမုတ်အပ်သည်ကို ငါဘုရားကလည်း မရှိဟုပင် ဆို၏၊

ရဟန်းတို့ လောက၌ ပညာရှိတို့က ရှိ၏ဟု သမုတ်အပ်သည်ကို ငါဘုရားကလည်း ရှိ၏ဟုပင် ဆို၏၊

ရဟန်းတို့ လောက၌ ပညာရှိတို့က မရှိဟု သမုတ်အပ်၍ ငါဘုရားကလည်း မရှိဟုပင် ဆိုသောအရာကား အဘယ်နည်း၊ ရဟန်းတို့ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘော မရှိသောရုပ်ကို လောက၌ မရှိဟု ပညာရှိတို့ သမုတ်အပ်၏၊ ထိုရုပ်မျိုးကို ငါဘုရားကလည်း မရှိဟုပင် ဆို၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော ဝိညာဏ်ကို လောက၌ မရှိဟု ပညာရှိတို့ သမုတ်အပ်၏၊ထိုဝိညာဏ်မျိုးကို ငါဘုရားကလည်း မရှိဟုပင် ဆို၏၊ရဟန်းတို့ လောက၌ ပညာရှိဘို့က မရှိဟု သမုတ်အပ်၍ ငါကလည်း မရှိဟုပင်ဆိုသောအရာကား ဤသည်ပင်တည်း။

ရဟန်းတို့ လောက၌ ပညာရှိတို့က ရှိ၏ဟု သမုတ်အပ်၍ ငါဘုရားကလည်း ရှိ၏ဟု ဆိုသော အရာကား အဘယ်နည်း၊ ရဟန်းတို့ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်မျိုးကို လောက၌ ရှိ၏ဟု ပညာရှိတို့ သမုတ်အပ်၏၊ ထိုရုပ်မျိုးကို ငါဘုရားကလည်း ရှိ၏ဟုပင် ဆို၏၊မမြဲသောဝေဒနာ။ပ။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို လောက၌ ရှိ၏ဟု ပညာရှိတို့ သမုတ်အပ်၏၊ ထိုဝိညာဏ်မျိုးကို ငါဘုရားကလည်း ရှိ၏ဟုပင်ဆို၏၊ ရဟန်းတို့ လောက၌ ပညာရှိတို့က ရှိ၏ဟု သမုတ်အပ်၍ ငါဘုရားကလည်း ရှိ၏ဟုဆိုသော အရာကား ဤသည်ပင်တည်း။

ရဟန်းတို့ လောက၌ပျက်စီးတတ်သော တရားဟူ၍ ရှိ၏၊ထိုတရားကို ငါဘုရားသည် ကိုယ်တိုင် သိ၏၊ ထိုးထွင်း၍သိ၏၊ ကိုယ်တိုင်သိပြီးလျှင် ထိုးထွင်း၍ သိပြီးလျှင် ထိုတရားကို ပြော၏၊ ဟော၏၊ ပညတ်၏၊ တည်ထား၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင်ပြု၏။ ရဟန်းတို့ မြတ်စွာ ဘုရားသည် ကိုယ်တိုင်သိ ထိုးထွင်း၍သိပြီးလျှင် ပြောအပ် ဟောအပ် ပညတ်အပ် တည်ထားအပ် ဖွင့်ပြအပ် ဝေဖန်အပ် ပေါ်လွင်အောင် ပြုအပ်သော လောက၌ ပျက်စီးတတ်သောတရားဟူသည် အဘယ်နည်း၊ရဟန်းတို့ ရုပ်သည် လောက၌ ပျက်စီးတတ်သော တရားတည်း၊ထိုတရားကို ငါဘုရား သည် ကိုယ်တိုင်သိ၏၊ ထိုးထွင်း၍ သိ၏၊ ကိုယ်တိုင်သိ ထိုးထွင်း၍ သိပြီးလျှင် ပြော၏၊ ဟော၏၊ ပညတ်၏၊တည်ထား၏၊ ဖွင့်ပြ၏၊ဝေဖန်၏၊ပေါ်လွင်အောင်ပြု၏။ရဟန်းတို့ အကြင်သူသည် ဤသို့ ငါဘုရားကပြောသော်လည်း ဟောသော်လည်း ပညတ်သော်လည်း တည်ထားသော်လည်း ဖွင့်ပြ သော်လည်း ဝေဖန်သော်လည်း ပေါ်လွင်အောင်ပြုသော်လည်း မသိမမြင်၊ ရဟန်းတို့ ကန်းသည် ဉာဏ်မျက်စိ မပါသည်ဖြစ်၍ မသိမမြင်သော ထိုပုထုဇဉ်သူမိုက်ကို ငါဘုရား အဘယ်သို့ ပြုနိုင် မည်နည်း။

ရဟန်းတို့ ဝေဒနာသည် လောက၌ပျက်စီးတတ်သော တရားတည်း။ပ။သညာသည်။ သင်္ခါရ တို့သည်။ ရဟန်းတို့ ဝိညာဏ်သည် လောက၌ ပျက်စီးတတ်သော တရားတည်း၊ ထိုတရားကို ငါဘုရားသည် ကိုယ်တိုင်သိ၏၊ ထိုးထွင်း၍သိ၏၊ကိုယ်တိုင်သိ ထိုးထွင်း၍ သိပြီးလျှင် ပြော၏၊ဟော ၏၊ ပညတ်၏၊တည်ထား၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင် ပြု၏။ ရဟန်းတို့ အကြင်သူသည် ဤသို့ ငါဘုရားကပြောသော်လည်း ဟောသော်လည်း ပညတ်သော်လည်း တည်ထားသော်လည်း ဖွင့်ပြသော်လည်း ဝေဖန်သော်လည်း ပေါ်လွင်အောင် ပြုသော်လည်း မသိမမြင်၊ ရဟန်းတို့ ကန်းသည် ဉာဏ်မျက်စိမပါသည်ဖြစ်၍ မသိမမြင်သော ထိုပုထုဇဉ် သူမိုက်ကို ငါဘုရား အဘယ်သို့ ပြုနိုင်မည်နည်း၊ ရဟန်းတို့ ဥပမာသော်ကား ကြာညိုဖြစ်စေ ကြာပဒုမ္မာဖြစ်စေ ကြာပုဏ္ဍရိက်

ဖြစ်စေ ရေ၌ ပေါက်၏၊ ရေ၌ ကြီးပွါး၏၊ ရေမှ တက်၍ တည်၏၊ ရေနှင့် မလိမ်းကျံ။ ရဟန်းတို့ ဤအတူ မြတ်စွာဘုရားသည် လောက၌ ဖြစ်၏၊ လောက၌ ကြီးပွါး၏၊ လောကကို လွှမ်းမိုး၍ နေ၏၊ လောကနှင့် မလိမ်းကျံ ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဖေဏပိဏ္ဍူပမသုတ်

၉၅။ အခါတပါး၌ မြတ်စွာဘုရားသည် အယုဇ္ဈမြို့ ဂင်္ဂါမြစ်ကမ်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ ဥပမာသော်ကား ဤဂင်္ဂါမြစ်သည် ကြီးစွာသောရေမြှုပ်စိုင်ကို ဆောင်လာရာ၏—ထိုရေမြှုပ်စိုင်ကြီးကို မျက်စိအမြင်ရှိသောယောကျ်ားသည် ကြည့်ရာ၏၊ တစိမ့်စိမ့် ရှုရာ၏၊ အသင့်အားဖြင့် ဆင်ခြင်ရာ၏၊ ထိုယောကျ်ားသည် ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ရေမြှုပ်စိုင်ကြီးသည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ရေမြှုပ်စိုင်၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။ ရဟန်းတို့ ဤအတူပင် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ရဟန်းသည် ကြည့်၏၊ တစိမ့်စိမ့် ရှု၏၊ အသင့်အားဖြင့် ဆင်ခြင်၏၊ ထိုရဟန်းသည် ထိုကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုရုပ်သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ရုပ်၌ အနှစ်ဟူ၍ အဘယ်မှာရှိနိုင်မည်နည်း။

ရဟန်းတို့ ဥပမာသော်ကား တန်ဆောင်မုန်းလ အခါ၌ မိုးကြီး သည်းထန်စွာ ရွာသွန်းလတ်သော် ရေ၌ ရေပွက်သည် ဖြစ်လည်းဖြစ်၏၊ ချုပ်လည်း ချုပ်၏၊ ထိုရေပွက်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်ရာ၏၊ တစိမ့်စိမ့် ရှုရာ၏၊ အသင့်အားဖြင့် ဆင်ခြင်ရာ၏၊ ထို ယောကျ်ားသည် ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုရေပွက်သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ရေပွက်၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။ ရဟန်းတို့ ဤအတူ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်းဖြစ်သော ဝေဒနာအားလုံးကို ရဟန်းသည် ကြည့်၏၊ တစိမ့်စိမ့် ရှု၏၊ အသင့်အားဖြင့် ဆင်ခြင်၏၊ ထိုရဟန်းသည် ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုဝေဒနာသည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ဝေဒနာ၌ အနှစ်ဟူ၍ အဘယ်မှာရှိနိုင်မည်နည်း။

ရဟန်းတို့ ဥပမာသော်ကား နွေဥတုတို့၏ နောက်ဆုံးလဝယ် မွန်းတည့်အချိန်၌ တံလျှပ်သည် တဖြတ်ဖြတ် တုန်လှုပ်၏၊ ထိုတံလျှပ်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်ရာ၏၊ တစိမ့်စိမ့် ရှုရာ၏၊ အသင့်အားဖြင့် ဆင်ခြင်ရာ၏၊ ထိုယောကျ်ားသည် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုတံလျှပ်သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ပ။ ရဟန်းတို့ တံလျှပ်၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။ ရဟန်းတို့ ဤအတူ သညာအားလုံး။ပ။

ရဟန်းတို့ ဥပမာသော်ကား အနှစ်ကို အလိုရှိ၍ အနှစ်ကိုရှာလေ့ရှိသော အနှစ်ရှာမှီးရန် လှည့်လည်နေသော ယောကျ်ားသည် ထက်လှသော ဓားမကို ယူ၍ တောသို့ ဝင်ရာ၏၊ ထိုယောကျ်ားသည် ထိုတော၌ ဖြောင့်မတ်သော လတ်ဆတ်သော အတွင်း၌ သီးခိုင်တံ မရောက်သေးသော ငှက်ပျောတုံးကြီးကို မြင်ရာ၏၊ ထိုငှက်ပျောတုံးကို အရင်း၌ ဖြတ်ရာ၏၊ အရင်း၌ဖြတ်ပြီးလျှင် အဖျား၌ ဖြတ်ရာ၏၊ အဖျား၌ဖြတ်ပြီးလျှင် အထပ်ထပ်သော အပပ်ကို ခွါရာ၏၊ ထိုယောကျ်ားသည် ငှက်ပျောတုံး၏ အထပ်ထပ်သောအပပ်ကို ခွါသော် အကာကိုမျှ မရရာ၊ အနှစ်ကို အဘယ်မှာရမည်နည်း၊ ထိုငှက်ပျောတုံးကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်ရာ၏၊ တစိမ့်စိမ့်ရှုရာ၏၊ အသင့်အားဖြင့် ဆင်ခြင်ရာ၏၊ ထိုယောကျ်ားသည် ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုငှက်ပျောတုံးသည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ငှက်ပျောတုံး၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။ ရဟန်းတို့ ဤအတူပင် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော၊ပ။အဝေးအနီးလည်းဖြစ်သော သင်္ခါရအားလုံးတို့ကို ရဟန်းသည် ကြည့်၏၊ တစိမ့်စိမ့်ရှု၏၊ အသင့်အားဖြင့် ဆင်ခြင်၏၊ ထိုရဟန်းသည် ကြည့်နေစဉ် တစိမ့်စိမ့်ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုသင်္ခါရတို့သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ သင်္ခါရတို့၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။

ရဟန်းတို့ ဥပမာသော်ကား မျက်လှည့်သမားဖြစ်စေ မျက်လှည့်သမား၏တပည့် ဖြစ်စေ လမ်းဆုံလမ်းမ၌ မျက်လှည့်ပြရာ၏၊ ထိုမျက်လှည့်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်ရာ၏၊ တစိမ့်စိမ့် ရှုရာ၏၊ အသင့်အားဖြင့် ဆင်ခြင်ရာ၏၊ ထိုယောကျ်ားသည် ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုမျက်လှည့်သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ရဟန်းတို့ မျက်လှည့်၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။ ရဟန်းတို့ ဤအတူပင် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော။ပ။အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ရဟန်းသည် ကြည့်၏၊ တစိမ့်စိမ့် ရှု၏၊ အသင့်အားဖြင့် ဆင်ခြင်၏။ ထိုရဟန်းသည် ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ဝိညာဏ်၌အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။

ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်သည် ဖြစ်၏။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏။

မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ထို့မှတပါးသော ဤဂါထာကို ဟောတော်မူပြန်၏—

ရုပ်ကို ရေမြှုပ်စိုင်နှင့်တူ၏ဟူ၍၎င်း ဝေဒနာကို ရေပွက်နှင့်တူ၏ဟူ၍၎င်း သညာကို တံလျှပ်နှင့် တူ၏ဟူ၍၎င်း သင်္ခါရတို့ကို ငှက်ပျောတုံးနှင့် တူ၏ဟူ၍၎င်း ဝိညာဏ်ကို

မျက်လှည့်နှင့်တူ၏ဟူ၍ရင်း နေမင်းအဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

အကြင်ပညာရှိသည် ထိုခန္ဓာငါးပါးကို အကြောင် အကြောင် အခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ တစိမ့်စိမ့်ရှု၏။ အသင့်အားဖြင့် ဆင်ခြင်၏၊ ထိုထို အခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ကြည့်ရှု ဆင်ခြင်သော် ထိုပညာရှိအား ထိုခန္ဓာငါးပါးသည် အသုံးမဝင်မူ၍သာ ထင်၏၊ အချည်းအနှီးဟူ၍သာ ထင်၏။

ဤခန္ဓာကိုယ်ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူ၏။ တရားသုံးပါးတို့၏ ကင်းပျောက်ခြင်းကြောင့် စွန့်ပစ်အပ်သောရုပ်ကို ရှုကြကုန်လော့။

ဇီဝိတိန္ဒြေဟူသော အသက် ကမ္မဇတေဇော ဟူသော အခိုးအငွေ့ ဝိညာဏ် (ဤတရားသုံးပါးတို့သည်) ဤကိုယ်ကို စွန့်သွားကြသောအခါ ဤခန္ဓာကိုယ်သည် စွန့်ပစ်အပ်သည် ဖြစ်၍ စိတ်စေတနာ စေ့ဆော်မှုမရှိပဲ ပိုးလောက်စသည်တို့၏ အစာဖြစ်၍ အိပ်နေရ၏။

ဤခန္ဓာကိုယ်သည် ဤသို့ သဘောရှိ၏၊ ဤဝိညာဏက္ခန္ဓာသည် လူမိုက်တို့ကို ယောင်မှားပြောဆိုစေသော မျက်လှည့်သည် ဖြစ်၏၊ ဤခန္ဓာကိုယ်ကို သူသတ်သမားဟု ဆိုရ၏၊ ဤခန္ဓာတို့၌ အနှစ်ဟူ၍ မရှိ။

ထက်သန်သော လုံ့လရှိသော ရဟန်းသည် နေ့၌ဖြစ်စေ ညဉ့်၌ဖြစ်စေ ဆင်ခြင်ဉာဏ်ရှိသည် အောက်မေ့မှု သတိရှိသည် ဖြစ်၍ ခန္ဓာတို့ကို ဤသို့ ရှုဆင်ခြင်ရာ၏။

သေခြင်းမရှိသော နိဗ္ဗာန်ကို တောင့်တသော ရဟန်းသည် အနှောင်အဖွဲ့ သံယောဇဉ်အားလုံးကို ပယ်စွန့်ရာ၏၊ မိမိ၏ ကိုးကွယ်ရာ အားထားရာကို ပြုရာ၏၊ ဦးထိပ်၌ မီးလောင်နေသော သူကဲ့သို့ ကျင့်ရာ၏ဟု (မိန့်တော်မူ၏)

တတိယသုတ်။

## ၄-ဂေါမယပိဏ္ဍသုတ်

၉၆။ သာဝတ္ထိနိဒါန်း။ ထိုရဟန်းသည် တခုသော နေရာ၌ ထိုင်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏"အသျှင်ဘုရား မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော နေလ စသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ရုပ်သည် ရှိပါ၏လော။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလစသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ဝေဒနာသည် ရှိပါ၏လော။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော နေလ စသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော သညာသည် ရှိပါ၏လော။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလ စသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော သင်္ခါရတို့သည် ရှိပါကုန်၏လော။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလစသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ဝိညာဏ်သည် ရှိပါ၏လော။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလ စသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ရုပ်သည် မရှိ။ တစုံတခုသော ဝေဒနာသည်။ တစုံတခုသော သညာသည်။ တစုံတခုသော သင်္ခါရတို့သည် မရှိကုန်။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော

မရှိသော နေလ စသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ဝိညာဏ်သည် မရှိဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် သေးငယ်သော နွားချေးစိုင်ခဲကို လက်ဖြင့်ကိုင်ယူ၍ ထိုရဟန်းအား ဤစကားကို မိန့်တော်မူ၏—ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော နေလစသည်တို့ကဲ့သို့ ထိုအတိုင်းမြဲသော ဤ(နွားချေးစိုင်ခဲ) မျှလောက်သော အတ္တဘောကို ရခြင်းဟူ၍ မရှိနိုင်။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလ စသည်တို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော ဤ (နွားချေးစိုင်ခဲ) မျှလောက်သော အတ္တဘောကို ရခြင်းဟူ၍ ရှိခဲ့ပါလျှင် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့် မြတ်ကို ကျင့်သုံးမှုဟူ၍ မထင်ရှားရာ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘော မရှိသော ဤ (နွားချေးစိုင်ခဲ) မျှလောက်သော အတ္တဘောကို ရခြင်းဟူ၍ မရှိနိုင် သောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤ အကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ ထင်ရှား၏။

ရဟန်း ရှေး၌ ဖြစ်ဘူးသည်ကား ငါသည် မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်ဘူးပြီ၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ထို ငါ့အား ကုသဝတီမည်သော နေပြည်တော် အမှူးရှိသော မြို့ပေါင်း ရှစ်သောင်းလေးထောင် တို့သည် ရှိကုန်၏၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား ဓမ္မပါသာဒအမှူးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်း လေးထောင်တို့သည် ရှိကုန်၏၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား မဟာဗျူဟ ကူဋာဂါရအမှူးရှိသော အထွတ်တပ်သော အိမ်တော်ပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား ဆင်စွယ်ဖြင့် ပြီးသော စန္ဒကူးနှစ်ဖြင့် ပြီးသော ရွှေဖြင့်ပြီးသော မွေးရှည် ကော်ဇောကြီးအခင်း ဖြူသော သားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း ဝံပိုင့်ရေ အခင်းမြတ် နီသော မျက်နှာကြက် နှင့်တကွ အုံးနီ နှစ်ဖက်ရှိသော ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏၊ ရဟန်း မင်းမျိုး ဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား ရွှေတန်းဆာရှိသော ရွှေတံခွန်ရှိသော ရွှေကွန်ယက် ဖုံးလွှမ်း အပ်သော ဥပေါသထဆင်မင်း အမှူးရှိသော ဆင်ပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား ရွှေတန်းဆာ ရှိသော ရွှေတံခွန်ရှိသော ရွှေကွန်ယက်ဖုံးလွှမ်းအပ်သော ဝလာဟကမြင်းမင်း အမှူးရှိသော မြင်းပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား ရွှေတန်းဆာ ရှိသော ရွှေတံခွန်ရှိသော ရွှေကွန်ယက် ဖုံးလွှမ်းအပ်သော ဝေဇယန္တရထားအမှူးရှိသော ရထားပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏၊ ရဟန်း မင်းမျိုးဖြစ်၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော ဘုရင်ဖြစ်သော ငါ့အား ကျောက်မျက်ရတနာ အမှူးရှိသော ကျောက်မျက်ပေါင်း ရှစ်သောင်း လေးထောင်တို့ ရှိကုန်၏၊ ရဟန်း။ပ။ ငါ့အား သုဘဒ္ဒါဒေဝီအမှူးရှိသော မိဖုရားပေါင်း ရှစ်သောင်း လေးထောင်တို့ ရှိကုန်၏။ ရဟန်း။ပ။ ငါ့အား သားကြီးရတနာအမှူးရှိသော နောက်လိုက် မင်းပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏။ ရဟန်း။ပ။ ငါ့အား ဘွဲ့ဖြူပုဆိုးခင်း၍ ငွေဖြင့် ပြီးသော နို့ညှစ်ခွက်ရှိသော နွားမပေါင်း ရှစ်သောင်းလေးထောင်တို့ ရှိကုန်၏၊ ရဟန်း။ပ။ ငါ့အား နူးညံ့သော ခေါမချည်ပုဆိုး နူးညံ့သော ပိုးချည်ပုဆိုး နူးညံ့သော ကမ္ဗလာချည်ပုဆိုး

နှူးညံ့သော ဝါချည်ပုဆိုးဟူသော ပုဆိုးကုဋေပေါင်း ရှစ်သောင်း လေးထောင်တို့ ရှိကုန်၏။ ရဟန်း။ပ။ ငါ့အား ညဉ့်နံနက်တိုင်း ပို့ဆောင်အပ်သော ထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင် တို့ ရှိကုန်၏၊ ရဟန်း ထိုအခါက ထိုမြို့ပေါင်း ရှစ်သောင်းလေးထောင်အနက် ကုသဝတီ နေပြည် တော်ဟူသော မြို့တမြို့၌သာ ငါနေ၏။ ရဟန်း ထိုအခါက ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင် အနက် ဓမ္မပါသာဒဟူသော ပြာသာဒ်တဆောင်၌သာ ငါနေ၏။ ရဟန်း ထိုအခါက အထွတ်တပ် အိမ်တော်ပေါင်း ရှစ်သောင်းလေးထောင်အနက် မဟာဗျူဟမည်သော အထွတ်တပ် အိမ်တော် ၌သာ ငါနေ၏။ ရဟန်း ထိုအခါက ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင်အနက် ဆင်စွယ်ပလ္လင် ဖြစ်စေ စန္ဒကူးနှစ်ပလ္လင်ဖြစ်စေ ရွှေပလ္လင်ဖြစ်စေ ငွေပလ္လင်ဖြစ်စေ ပလ္လင်တခုကိုသာ ငါအသုံးပြု၏။ ရဟန်း ထိုအခါက ဆင်ပေါင်းရှစ်သောင်းလေးထောင်အနက် ဥပေါသထဆင်မင်းဟူသော ဆင်တစီး ကိုသာ ငါစီး၏။ ရဟန်း ထိုအခါက မြင်းပေါင်း ရှစ်သောင်း လေးထောင်အနက် ဝလာဟကမြင်း မင်းဟူသော မြင်းတစီး ကိုသာ ငါစီး၏။ ရဟန်း ထိုအခါက ရထားပေါင်း ရှစ်သောင်းလေးထောင် အနက် ဝေဇယန္တာရထားဟူသော ရထားတစီးကိုသာ ငါစီး၏။ ရဟန်း ထိုအခါက မိဖုရားပေါင်း ရှစ်သောင်းလေးထောင်အနက် မင်းမျိုးစစ်ဖြစ်စေ ဝေလာမအမျိုးဖြစ်စေ[၁] မိဖုရားတဦးတည်းသာ ငါ့ကို ပြုစုလုပ်ကျွေးရ၏။ ရဟန်း ထိုအခါက ပုဆိုး ကုဋေပေါင်းရှစ်သောင်းလေးထောင်အနက် နှူးညံ့သော ခေါမချည်ပုဆိုးဖြစ်စေ နှူးညံ့သော ပိုးချည်ပုဆိုးဖြစ်စေ နှူးညံ့သော ကမ္ဗလာချည် ပုဆိုးဖြစ်စေ နှူးညံ့သော ဝါချည်ပုဆိုးဖြစ်စေ ပုဆိုးတခုကိုသာ ငါဝတ်၏။ ရဟန်း ထိုထမင်း အိုးပေါင်း ရှစ်သောင်းလေးထောင်အနက် တအိုးကိုသာ အလွန်ဆုံး တစလယ်ချက်ထမင်းနှင့် ထိုအားလျော်သော ဟင်းကိုသာ ငါစား၏။

ရဟန်း ဤသို့ ထိုသင်္ခါရအားလုံးတို့ကား လွန်ပြီးကုန်ပြီ၊ ချုပ်ပြီးကုန်ပြီ၊ ဖောက်ပြန်ပြောင်း လဲပြီးကုန်ပြီ၊ ရဟန်း သင်္ခါရတရားတို့ကား ဤသို့ မမြဲကုန်၊ ရဟန်း သင်္ခါရတရားတို့ကား ဤသို့ မခိုင်ခံ့ကုန်၊ ရဟန်း သင်္ခါရတရားတို့ကား ဤသို့ သာယာဖွယ်မရှိကုန်၊ ရဟန်း သင်္ခါရတရား တို့၌ ငြီးငွေ့ရန် အလွန်သင့်လှ၏၊ စွဲမက်ခြင်း ကင်းရန် အလွန်သင့်လှ၏၊ လွတ်မြောက်ရန် အလွန် သင့်လှ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-နခသိခါ သုတ်

၉၇။ သာဝတ္ထိနိဒါန်း။ ထိုရဟန်းသည် တခုသောနေရာ၌ထိုင်၍ မြတ်စွာဘုရားအား ဤစကား ကို လျှောက်၏— "အသျှင်ဘုရား မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော နေလတ္တံ့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ရုပ်သည် ရှိပါ၏လော။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော နေလတ္တံ့ကဲ့သို့ ထိုအတိုင်း တည်မြဲ သော တစုံတခုသော ဝေဒနာသည်။ တစုံတခုသော သညာသည်။ပ။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော နေလတ္တံ့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံ တခုသော သင်္ခါရတို့သည်။ အသျှင်ဘုရား မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလတ္တံ့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ဝိညာဏ်သည် ရှိပါ၏ လော"ဟု လျှောက်၏။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘော

---

၁-မင်းမျိုးနှင့် ပုဏ္ဏားမျိုးစပ်၍ မွေးဖွားသော မိန်းမကို ဝေလာမအမျိုးဟု ဆိုသည်။

မရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ရုပ်သည် မရှိ။ တစုံတခုသော ဝေဒနာသည်။ တစုံတခုသော သညာသည်။ တစုံတခုသော သင်္ခါရတို့သည်။ပ။ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ဝိညာဏ်သည် မရှိဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် လက်သည်းဖျား၌ မြေမှုန့်အနည်းငယ်ကို တင်ထား၍ ထိုရဟန်းအား ဤစကားကို မိန့်တော်မူ၏—ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော ရုပ်ဟူ၍ ဤမြေမှုန့်မျှလောက်ပင် မရှိ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော ရုပ်ဟူ၍ ဤမြေမှုန့်မျှလောက်ပင် ရှိခဲ့ငြားအံ့ အကြွင်းမဲ့ဆင်းရဲ ကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ မထင်ရှားရာ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော ရုပ်ဟူ၍ ဤမြေမှုန့်မျှလောက်ပင် မရှိသောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ အကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ ထင်ရှား၏။

ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော ဝေဒနာဟူ၍ ဤမြေမှုန့်မျှလောက်ပင် မရှိ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော ဝေဒနာဟူ၍ ဤမျှလောက်ပင်ရှိခဲ့ငြားအံ့ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံး၏ဟူ၍ မထင်ရှားရာ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော ဝေဒနာဟူ၍ ဤမျှလောက်ပင် မရှိသောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ အကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ ထင်ရှား၏။ ရဟန်း သညာဟူ၍ ဤမျှလောက်ပင် မရှိ ။ပ။ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော သင်္ခါရတို့ဟူ၍ ဤမျှလောက်ပင် မရှိ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော သင်္ခါရတို့ဟူ၍ ဤမျှလောက်ပင် ရှိခဲ့ငြားအံ့၊ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ မထင်ရှားရာ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော သင်္ခါရတို့ဟူ၍ ဤမျှလောက်ပင် မရှိသောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ အကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ ထင်ရှား၏။

ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော ဝိညာဏ်ဟူ၍ ဤမျှလောက်ပင် မရှိ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော ဝိညာဏ်ဟူ၍ ဤမျှလောက်ပင် ရှိခဲ့ငြားအံ့၊ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ အကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ မထင်ရှားရာ။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော ဝိညာဏ်ဟူ၍ ဤမျှလောက်ပင် မရှိသောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ အကျင့်မြတ်ကို ကျင့်သုံး၏ဟူ၍ ထင်ရှား၏။ ရဟန်း ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော။ မမြဲသလော။မမြဲပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော၊ မမြဲပါ အသျှင်ဘုရား။ပ။ထိုသို့ဖြစ်သောကြောင့် ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-သုဒ္ဓိကသုတ်

၉၇။ သာဝတ္ထိနိဒါန်း။ ထိုရဟန်းသည် တခုသော နေရာ၌ ထိုင်နေ၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ရုပ်ဟူ၍ ရှိပါ၏လော၊ တစုံတခုသော ဝေဒနာဟူ၍ ရှိပါ၏လော။ပ။ တစုံတခုသော သညာဟူ၍ ရှိပါ၏လော၊ တစုံတခု သော သင်္ခါရတို့ဟူ၍ ရှိပါ၏လော၊ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘော မရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ဝိညာဏ်ဟူ၍ ရှိပါ၏လော"ဟု (လျှောက်၏)။ ရဟန်း မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း တည်မြဲသော တစုံတခုသော ရုပ်ဟူ၍ မရှိ။ တစုံတခုသော ဝေဒနာ ဟူ၍ မရှိ။ပ။ တစုံတခုသော သညာဟူ၍ မရှိ။ တစုံတခုသော သင်္ခါရတို့ဟူ၍ မရှိ။ မြဲသော ခိုင်ခံ့ သော တည်တံ့သော ဖောက်ပြန်ခြင်း သဘောမရှိသော နေလတို့ကဲ့သို့ ထိုအတိုင်း မြဲသော တစုံတခုသော ဝိညာဏ်ဟူ၍ မရှိဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဂဒ္ဒုလဗဒ္ဓသုတ်

၉၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဤသံသရာသည်ကား အစ မရှိ၊ အဝိဇ္ဇာဟူသော အပိတ် အပင် တဏှာဟူသော သံယောဇဉ်ရှိသည်ဖြစ်၍ ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ရှေ့အစွန်းကား မထင်။ ရဟန်းတို့ မဟာသမုဒ္ဒရာခြောက်ခန်းရသော အလွန်ခြောက်ခန်းရသော မဖြစ်ပေါ်နိုင်တော့သော အခါမျိုးကား ရှိသေး၏၊ အဝိဇ္ဇာဟူသော အပိတ်အပင် တဏှာဟူသော သံယောဇဉ်ရှိသည် ဖြစ်၍ ပြေးသွားကျင်လည် နေကြရသော သတ္တဝါတို့၏ ဆင်းရဲ၏ အဆုံး ပြုမှုကို ငါဘုရားသည် မဟော နိုင်သည်သာတည်း။ရဟန်းတို့ မြင်းမိုရ်တောင်မင်းသည် မီးလောင်ပျက်စီး၍ မဖြစ်ပေါ်နိုင်တော့သော အခါမျိုးကား ရှိသေး၏၊ အဝိဇ္ဇာဟူသော အပိတ်အပင် တဏှာဟူသော သံယောဇဉ်ရှိသည်ဖြစ်၍ ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ဆင်းရဲ၏ အဆုံးပြုမှုကို ငါဘုရားသည် မဟောနိုင်သည်သာတည်း။ ရဟန်းတို့ ဤမြေကြီးသည် မီးလောင်ပျက်စီး၍ မဖြစ် ပေါ်နိုင်တော့သော အခါမျိုးကား ရှိသေး၏၊ အဝိဇ္ဇာဟူသော အပိတ်အပင် တဏှာဟူသော သံယောဇဉ်ရှိသည်ဖြစ်၍ ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ဆင်းရဲ၏ အဆုံး ပြုမှုကို ငါဘုရားသည် မဟောနိုင်သည်သာတည်း။

ရဟန်းတို့ ဥပမာသော်ကား တောက်ဖြင့် နှောင်ဖွဲ့၍ မြဲသော ငုတ်၌ ဖြစ်စေ တိုင်၌ဖြစ်စေ ကပ်ချည်ထားသောခွေးသည် ထိုငုတ်ကိုဖြစ်စေ တိုင်ကို ဖြစ်စေ ရစ်ပတ်၍ ပြေးရာ၏၊လှည့်လည်ရာ၏၊ ရဟန်းတို့ ဤအတူပင် အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ရဘူးသော။ပ။ သူတော် ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏။ပ။ဝေဒနာကို အတ္တဟူ၍ ရှု၏။ သညာကို အတ္တဟူ၍ ရှု၏။ သင်္ခါရ တို့ကို အတ္တဟူ၍ ရှု၏။ ဝိညာဏ်ကို အတ္တဟူ၍ရှု၏၊ ဝိညာဏ် ရှိသော် အတ္တကိုလည်းကောင်း အတ္တ၌ ဝိညာဏ်ကိုလည်းကောင်း ဝိညာဏ်၌ အတ္တကိုလည်းကောင်း ရှု၏၊ ထိုပုထုဇဉ်သည် ရုပ်ကိုသာ ရစ်ပတ်၍ ပြေးရ၏၊ လှည့်လည်ရ၏။ ဝေဒနာကိုသာ။ပ။ သညာကိုသာ။ သင်္ခါရတို့ကိုသာ။

ဝိညာဏ်ကိုသာ ရစ်ပတ်၍ပြေးရ၏၊လှည့်လည်ရ၏၊ ထိုပုထုဇဉ်သည် ရုပ်ကိုသာ ရစ်ပတ်၍ ပြေးလျက် လှည့်လည်လျက် ဝေဒနာကို။ပ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ရစ်ပတ်၍ ပြေးလျက် လှည့်လည်လျက် ရုပ်မှ မလွတ်နိုင်၊ ဝေဒနာမှ မလွတ်နိုင်၊သညာမှ မလွတ်နိုင်၊ သင်္ခါရတို့မှ မလွတ်နိုင်၊ဝိညာဏ်မှ မလွတ်နိုင်၊ပဋိသန္ဓေနေမှု အိုမှု သေမှုမှ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့မှ မလွတ်နိုင်၊ ဆင်းရဲအပေါင်းမှ မလွတ်နိုင်ဟု ငါဆို၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော။ပ။ သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု။ပ။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ မရှု၊ ဝိညာဏ်ရှိသော အတ္တကိုငင်း အတ္တ၌ ဝိညာဏ်ကိုငင်း ဝိညာဏ်၌ အတ္တကိုငင်း မရှု၊ ထိုအရိယာတပည့်သည် ရုပ်ကို လှည့်ပတ်၍ မပြေးရ၊ မလှည့်လည်ရ၊ ဝေဒနာကို။ သညာကို။သင်္ခါရတို့ကို။ဝိညာဏ်ကို လှည့်ပတ်၍ မပြေးရ၊ မလှည့်လည်ရ။ ထိုအရိယာဖြစ်သော တပည့်သည် ရုပ်ကို လှည့်ပတ်မပြေးမူ၍ မလှည့်လည်မူ၍။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ဝိညာဏ်ကို လှည့်ပတ်မပြေးမူ၍ ရုပ်မှ လွတ်၏၊ဝေဒနာမှ လွတ်၏၊သညာမှ လွတ်၏၊ သင်္ခါရတို့မှ လွတ်၏၊ ဝိညာဏ်မှ လွတ်၏၊ ပဋိသန္ဓေနေမှု အိုမှု သေမှုမှ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်၏၊ ဆင်းရဲအပေါင်းမှ လွတ်၏ဟူ၍ ငါဆို၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ဂဒ္ဒုလဗဒ္ဓသုတ်

၁၀၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဤသံသရာသည်ကား အစမရှိ၊ အဝိဇ္ဇာဟူသော အပိတ်အပင် တဏှာဟူသော သံယောဇဉ်ရှိသည်ဖြစ်၍ ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ရှေ့အစွန်းကား မထင်၊ ရဟန်းတို့ ဥပမာသော်ကား တောက်ဖြင့် နှောင်ဖွဲ့၍ မြဲသော ငုတ်၌ဖြစ်စေ တိုင်၌ဖြစ်စေ ကပ်ချည်ထားသော ခွေးသည် သွားသော်လည်း ထိုငုတ်ကို ဖြစ်စေ ထိုတိုင်ကိုဖြစ်စေ ကပ်၍ သွားရ၏၊ ရပ်သော်လည်း ထိုငုတ်ကို ဖြစ်စေ ထိုတိုင်ကို ဖြစ်စေ ကပ်၍ ရပ်ရ၏၊ ထိုင်သော်လည်း ထိုငုတ်ကိုဖြစ်စေ ထိုတိုင်ကိုဖြစ်စေ ကပ်၍ ထိုင်ရ၏၊ ဝပ်သော်လည်း ထိုငုတ်ကို ဖြစ်စေ ထိုတိုင်ကို ဖြစ်စေ ကပ်၍ ဝပ်ရ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှု၏။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ ကိုယ်'အတ္တ'တည်း"ဟု ရှု၏။ ထိုပုထုဇဉ်သည် သွားသော်လည်း ဤ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို ကပ်၍ သွားရ၏၊ ရပ်သော်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို ကပ်၍ ရပ်ရ၏၊ ထိုင်သော်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို ကပ်၍ ထိုင်ရ၏၊ အိပ်သော်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို ကပ်၍ အိပ်ရ၏၊ ရဟန်းတို့ ထိုသို့ ဖြစ်သောကြောင့်"ဤစိတ်ကို စွဲမက်မှု'ရာဂ' အမျက်ထွက်မှု'ဒေါသ' တွေဝေမှု 'မောဟ'တို့က ညစ်ညူးအောင် ပြုထားသည်မှာ အချိန်ကြာလှပြီ"ဟု မိမိစိတ်ကို မပြတ် ဆင်ခြင်ရမည်၊ရဟန်းတို့ ထိုစိတ်ညစ်ညူးခြင်းကြောင့် သတ္တဝါတို့ ညစ်ညူးကုန်၏၊ ထိုစိတ်ဖြူစင်ခြင်းကြောင့် သတ္တဝါတို့ ဖြူစင်ကုန်၏။

ရဟန်းတို့ လက်စွမ်းပြ ပန်းချီကားကို သင်တို့ မြင်ဘူးကြ၏လော။ အသျှင်ဘုရား မြင်ဘူးပါ၏။ ရဟန်းတို့ ထိုလက်စွမ်းပြ ပန်းချီကားမည်သည်ကိုလည်း စိတ်ဖြင့်သာ ကြံစည်သား၏။ ရဟန်းတို့ ထိုလက်စွမ်းပြ ပန်းချီကားထက်လည်း စိတ်သည်သာ သာ၍ ဆန်းကြယ်၏၊ ရဟန်းတို့ ထို့သို့ဖြစ်သောကြောင့် ဤစိတ်ကို စဲ့မက်မှု အမျက်ထွက်မှု တွေဝေမှုတို့က ညစ်ညူးအောင် ပြုထားသည်မှာ အချိန်ကြာလှပြီဟု မိမိစိတ်ကို မပြတ် ဆင်ခြင်ရမည်။ ရဟန်းတို့ စိတ်ညစ်ညူးခြင်းကြောင့် သတ္တဝါတို့ ညစ်ညူးကုန်၏။ စိတ်ဖြူစင်ခြင်းကြောင့် သတ္တဝါတို့ ဖြူစင်ကုန်၏။

ရဟန်းတို့ တိရစ္ဆာန်သတ္တဝါတို့သည် ဆန်းကြယ်သကဲ့သို့ ဆန်းကြယ်သော အခြားသော အပေါင်းအစည်းတခုကိုမျှ ငါမမြင်၊ ရဟန်းတို့ ထိုတိရစ္ဆာန်သတ္တဝါတို့ကိုလည်း စိတ်ဖြင့်သာ ဆန်းကြယ်အောင် ပြုထား၏၊ ရဟန်းတို့ ထိုတိရစ္ဆာန်သတ္တဝါတို့ထက်လည်း စိတ်သည်သာလျှင် သာ၍ ဆန်းကြယ်၏၊ ထို့သို့ ဖြစ်သောကြောင့် ဤစိတ်ကို စဲ့မက်မှု အမျက်ထွက်မှု တွေဝေမှုတို့က ညစ်ညူးအောင် ပြုထားသည်မှာ အချိန်ကြာလှပြီဟု မိမိစိတ်ကို မပြတ်ဆင်ခြင်ရမည်။ ရဟန်းတို့ စိတ်ညစ်ညူးခြင်းကြောင့် သတ္တဝါတို့ ညစ်ညူးကုန်၏၊ စိတ်ဖြူစင်ခြင်းကြောင့် သတ္တဝါတို့ ဖြူစင်ကုန်၏။

ရဟန်းတို့ ဥပမာသော်ကား ပန်းဆိုးသမားဖြစ်စေ ပန်းချီသမားဖြစ်စေ ဆိုးရည်ဖြင့်သော်၎င်း ချိပ်ရောင်ဖြင့်သော်၎င်း နနွင်းရောင်ဖြင့်သော်၎င်း အညိုရောင်ဖြင့်သော်၎င်း ထန်းကျင့်ရောင်ဖြင့်သော်၎င်း ပြုပြင်ထားသော ပျဉ်ချပ်၌ဖြစ်စေ နံရံ၌ဖြစ်စေ ပုဆိုးကားချပ်၌ ဖြစ်စေ မိန်းမရုပ်ကိုသော်၎င်း ယောကျ်ားရုပ်ကိုသော်၎င်း ကိုယ်အင်္ဂါအပြည့်အစုံ ရေးချယ်ရာ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်မရှိသော ပုထုဇဉ်သည် ဖြစ်စေသည်ရှိသော် ရုပ်ကိုသာ ဖြစ်စေ၏။ ဝေဒနာကိုသာ။ပ။ သညာကိုသာ။ သင်္ခါရတို့ကိုသာ။ ဝိညာဏ်ကိုသာ ဖြစ်စေ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ရဟန်းတို့ ထို့သို့ ဖြစ်သောကြောင့်။ပ။ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝါသိဇဋသုတ်

၁၀၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သိသူ မြင်သူအားသာ အာသဝေါကုန်၏ဟု ငါဆို၏၊ မသိသူ မမြင်သူအား ငါမဆို။ ရဟန်းတို့ အဘယ်ကို သိသူ အဘယ်ကို မြင်သူအား အာသဝေါကုန်မှု ဖြစ်နိုင်သနည်း၊ "ဤကား ရုပ်၊ ဤကား ရုပ်ဖြစ်ပေါ်ခြင်း၊ ဤကား ရုပ်ချုပ်ခြင်း။ ဤကား ဝေဒနာ။ပ။ ဤကား သညာ။ ဤကား သင်္ခါရတို့။ ဤကား ဝိညာဏ်၊ ဤကား ဝိညာဏ်ဖြစ်ပေါ်ခြင်း၊ ဤကား ဝိညာဏ်ချုပ်ခြင်း"ဟု ဤသို့ သိမြင်သူအား အာသဝေါကုန်မှု ဖြစ်နိုင်၏။

ရဟန်းတို့ ပွါးများအားထုတ်မှုကို အားမထုတ်ပဲ နေသော ရဟန်းအား ငါ၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်မှု ကောင်းလေစွဟု ဤသို့ အလိုဖြစ်ပေါ်စေကာမူ ထိုသူ၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ မလွတ်မြောက်နိုင်၊ ထိုအရာသည် အဘယ်ကြောင့်နည်း

ဟူမူ—မပွါးများသောကြောင့်ဟု ဆိုရမည်။ အဘယ်ကို မပွါးများသောကြောင့်နည်း၊ သတိပဋ္ဌာန်လေးမျိုးတို့ကို မပွါးများသောကြောင့်၊ သမ္မပ္ပဓာန်လေးမျိုးတို့ကို မပွါးများသောကြောင့်၊ ဣဒ္ဓိပါဒ်လေးမျိုးတို့ကို မပွါးများသောကြောင့်၊ ဣန္ဒြေငါးမျိုးတို့ကို မပွါးများသောကြောင့်၊ ဗိုလ်ငါးမျိုးတို့ကို မပွါးများသောကြောင့်၊ ဗောဇ္ဈင်ခုနစ်မျိုးတို့ကို မပွါးများသောကြောင့်၊ အင်္ဂါရှစ်မျိုးရှိသော အရိယမဂ်ကို မပွါးများသောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ကြက်မ၌ ဥတို့သည် ရှစ်လုံးသော်ငင်း ဆယ်လုံးသော်ငင်း ဆယ့်နှစ်လုံးသော်ငင်း ရှိကုန်ရာ၏၊ ထိုဥတို့ကို ကြက်မသည် ကောင်းစွာ မဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့မပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက်နံ့ကို) မထုံစေအပ်ကုန်၊ ထိုကြက်မအား "ငါ၏ ကြက်ကလေးတို့သည် ခြေသည်းဖျားဖြင့် ဖြစ်စေ နှုတ်သီးဖျားဖြင့် ဖြစ်စေ ဥခွံကို ဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာကြမူ ကောင်းလေစွ"ဟု ဤသို့ အလိုဖြစ်ပေါ်စေကာမူ ထိုကြက်ကလေးတို့သည် ခြေသည်းဖျားဖြင့် ဖြစ်စေ နှုတ်သည်းဖျားဖြင့် ဖြစ်စေ ဥခွံကို ဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာရန် မထိုက်ကုန်သည်သာတည်း။ ထိုအရာသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ ရှစ်လုံး ဆယ်လုံး ဆယ့်နှစ်လုံးသော ဥတို့ ရှိသော်လည်း ကြက်မသည် ထိုဥတို့ကို ကောင်းစွာမဝပ်၊ ကောင်းစွာ ထက်ဝန်းကျင်မှ အငွေ့မပေး၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက်နံ့ကို)မသုံစေသောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ပွါးများအားထုတ်မှုကို အားမထုတ်ပဲနေသောရဟန်းအား "ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်မူ ကောင်းလေစွ"ဟု ဤအလိုဖြစ်ပေါ်စေကာမူ ထိုသူ၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ မလွတ်မြောက်၊ ထိုအရာသည် အဘယ့်ကြောင့်နည်း ဟူမူ—မပွါးများသောကြောင့်ဟု ဆိုရမည်။ အဘယ်ကို မပွါးများသောကြောင့်နည်း၊ သတိပဋ္ဌာန်လေးမျိုးတို့ကို မပွါးများသောကြောင့်။ပ။ အင်္ဂါရှစ်မျိုးရှိသော အရိယ မဂ်ကို မပွါးများသောကြောင့်တည်း။

ရဟန်းတို့ ပွါးများအားထုတ်မှုကို အားထုတ်၍ နေသော ရဟန်းအား "ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှလွတ်မြောက်မူ ကောင်းလေစွ" ဟု ဤသို့ အလိုမဖြစ်ပေါ်စေကာမူ ထိုသူ၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏၊ ထိုအရာသည် အဘယ့်ကြောင့်နည်း ဟူမူ—ပွါးများပြီးဖြစ်သောကြောင့်ဟု ဆိုရမည်၊ အဘယ်ကို ပွါးများပြီးဖြစ်သနည်း။ သတိပဋ္ဌာန်လေးမျိုးတို့ကို ပွါးများပြီးဖြစ်သောကြောင့်၊ သမ္မပ္ပဓာန်လေးမျိုးတို့ကို ပွါးများပြီး ဖြစ်သောကြောင့်၊ ဣဒ္ဓိပါဒ်လေးမျိုးတို့ကို ပွါးများပြီးဖြစ်သောကြောင့်၊ ဣန္ဒြေငါးမျိုးတို့ကို ပွါးများပြီး ဖြစ်သောကြောင့်၊ ဗိုလ်ငါးမျိုးတို့ကို ပွါးများပြီးဖြစ်သောကြောင့်၊ ဗောဇ္ဈင်ခုနစ်မျိုးတို့ကို ပွါးများပြီးဖြစ်သောကြောင့်၊ အင်္ဂါရှစ်မျိုးရှိသော အရိယမဂ်ကို ပွါးများပြီးဖြစ်သောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ကြက်မ၌ ဥတို့သည် ရှစ်လုံးသော်ငင်း ဆယ်လုံးသော်ငင်း ဆယ့်နှစ်လုံးသော်ငင်း ရှိကုန်ရာ၏။ ထိုဥတို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက်နံ့ကို) ထုံစေအပ်ကုန်၏၊ ထိုကြက်မအား "ငါ၏ကြက်ကလေးတို့သည် ခြေသည်းဖျားဖြင့် ဖြစ်စေ နှုတ်သီးဖျားဖြင့် ဖြစ်စေ ဥခွံကို ဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာကြမူ ကောင်းလေစွ"ဟု ဤသို့ အလိုမဖြစ်ပေါ်စေကာမူ ထိုကြက်ကလေးတို့သည် ခြေသည်းဖျားဖြင့် ဖြစ်စေ နှုတ်သီးဖျားဖြင့် ဖြစ်စေ

ဥဒ္ဓံကိုဖောက်ခွဲ၍ ချမ်းချမ်း သာသာ ပေါက်ဖွားရန် ထိုက်ကုန်သည်သာတည်း၊ ထိုအရာသည် အဘယ့်ကြောင့်နည်း ဟူမူ–ရဟန်းတို့ ကြက်မသည် ထိုရှစ်လုံး ဆယ်လုံး ဆယ့်နှစ်လုံးသော ဥတို့ကို ကောင်းစွာဝပ်အပ် ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ် ထက်ဝန်းကျင်မှ ကောင်းစွာ(ကြက်နံ့ကို)ထုံစေအပ်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူ ပွါးများ အားထုတ်မှုကို အားထုတ်၍နေသော ရဟန်းအား "ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်မူ ကောင်းလေစွ"ဟု ဤသို့ အလိုမဖြစ်ပေါ်စေကာမူ ထိုသူ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏၊ ထိုအရာသည် အဘယ့်ကြောင့်နည်း ဟူမူ–ပွါးများပြီး ဖြစ်သောကြောင့်ဟု ဆိုရမည်။ အဘယ်ကို ပွါးများပြီးဖြစ်သောကြောင့်နည်း ဟူမူ–သတိပဋ္ဌာန် လေးမျိုးတို့ကို ပွါးများပြီးဖြစ်သောကြောင့်။ပ။ အင်္ဂါရှစ်မျိုးရှိသော အရိယမဂ်ကို ပွါးများပြီး ဖြစ်သောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား လက်သမားဆရာ၏ဖြစ်စေ လက်သမားဆရာ့တပည့်၏ဖြစ်စေ ပဲခွပ်ရိုး ဆုပ်ကိုင်ရာကို ကြည့်လျှင် လက်ချောင်းရာတို့နှင့် လက်မရာတို့သည် ထင်ကုန်၏ "ထိုသူအား ငါ၏ပဲခွပ်ရိုးကို ဆုပ်ကိုင်ရာ၌ ယနေ့ ဤမျှလောက်ကုန်ပြီ၊ နက်ဖြန် ဤမျှလောက် ကုန်လတ္တံ့၊ နောက်နေ့တို့၌ ဤမျှလောက် ကုန်လတ္တံ့"ဟု ဤသို့ အသိဉာဏ် မဖြစ်။ ရဟန်းတို့ ဤအတူ ပွါးများအားထုတ်မှုကို အားထုတ်၍နေသော ရဟန်းအား "ငါ့အား အာသဝေါတို့ ယနေ့ ဤမျှလောက် ကုန်ပြီ၊ နက်ဖြန် ဤမျှလောက် ကုန်လတ္တံ့၊ နောက်နေ့တို့၌ ဤမျှလောက် ကုန်လတ္တံ့"ဟု ဤအသိဉာဏ်မျိုးကား မဖြစ်၊ စင်စစ် ထိုသူအား ကုန်သောအခါ ကုန်ပြီဟူသာ အသိဉာဏ်ဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား ကြိမ်အဖွဲ့ဖြင့် ဖွဲ့ထားသော သမုဒ္ဒရာကူးလှေကို မိုးလတို့ ပတ်လုံး ရေ၌ကုန်စေပြီးနောက် ဆောင်းအခါ ကုန်းပေါ်သို့ တင်ထား၏၊ ကြိမ်အဖွဲ့တို့ကို လေပူ နေပူတို့ နှိပ်စက်အပ်ကုန်၏။ ကြိမ်အဖွဲ့တို့သည် မိုးအခါ မိုးရွာအပ်သည်ရှိသော် မိုးရေစိုစွတ် ကုန်၍ လွယ်လွယ် ကူကူပင် ချုပ်ငြိမ်းကုန်၏၊ ဆွေးမြည့်ကုန်၏၊ ရဟန်းတို့ ဤအတူ ပွါးများ အားထုတ်မှုကို အားထုတ်၍နေသော ရဟန်းအား အနှောင်အဖွဲ့ သံယောဇဉ်တို့သည် လွယ်လွယ် ကူကူပင် ငြိမ်းကုန်၏၊ ဆွေးမြည့်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀–အနိစ္စသညာသုတ်

၁၀၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မမြဲဟူသောအမှတ် 'အနိစ္စသညာ'ကို ပွါးများအပ် လေ့လာအပ်သော် ကာမဂုဏ်တို့၌ စွဲမက်မှု 'ရာဂ' အားလုံးကို ကုန်စေနိုင်၏၊ ရုပ်၌ စွဲမက်မှု 'ရူပရာဂ' အားလုံးကို ကုန်စေနိုင်၏၊ ဘဝ၌ စွဲမက်မှု 'ဘဝရာဂ' အားလုံးကို ကုန်စေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့—ဥပမာသော်ကား တန်ဆောင်မုန်းလအခါ လယ်သမားသည် ကြီးစွာသော ထွန်ဖြင့် ထွန်လတ်သော် ဖွဲ့ယှက်တည်နေသော အမြစ်အားလုံးတို့ကို ခွဲ၍ ချက် ထွန်၏၊ ရဟန်းတို့ ဤအတူ မမြဲဟူသောအမှတ် 'အနိစ္စသညာ'ကို ပွါးများအပ် လေ့လာအပ်သော် ကာမဂုဏ်တို့၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ ရုပ်၌ တပ်မက်မှုအားလုံးကို ကုန်စေနိုင်၏၊ ဘဝ၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား ဖြူဆံမြက်ရိတ်သမားသည် ဖြူဆံမြက်ကို ရိတ်၍ အဖျားမှ ကိုင်လျက် ခါချ၏၊ ခါယမ်း၏၊ ခါပစ်၏။ ရဟန်းတို့ ဤအတူ မမြဲဟူသောအမှတ် 'အနိစ္စသညာ' ကို ပွားများအပ် လေ့လာအပ်သော် ကာမတို့၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏။ပ။ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား သရက်သီးခိုင်သည် အညှာပြတ်ကျသော် အညှာ၌ဘွဲ့နေသော သရက်သီးအားလုံးတို့သည် အညှာနောက်သို့ ပါကုန်၏။ ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို ပွါးများအပ်လေ့လာအပ်သော်။ပ။ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား အထွတ်တပ်သောအိမ်၏ အခြင်ရနယ် အားလုံးတို့သည် အထွတ်သို့ သက်ဝင်ကုန်၏၊ အထွတ်၌ ညွတ်ကုန်၏၊ အထွတ်၌ ဆုံကြကုန်၏၊ အထွတ်ကို ထိုအလုံးစုံတို့၏ ထိပ်ဖျားဟု ဆိုရ၏။ ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ်'အနိစ္စသညာ'ကို ပွါးများအပ် လေ့လာအပ်သော်။ပ။ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား အမြစ်နံ့သာအားလုံးတို့တွင် အကျော်နံ့သာကို အမြတ်ဆုံးဟု ဆိုရ၏။ ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို။ပ။ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား အနှံ့ နံ့သာအားလုံးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံး ဟု ဆိုရ၏၊ ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို။ပ။ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား အပွင့်နံ့သာ အားလုံးတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုရ၏။ ရဟန်းတို့ ဤအတူပင် မမြဲဟူသောအမှတ် 'အနိစ္စသညာ'ကို။ပ။ငါဟူသောမာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား အရံမင်းငယ် အားလုံးတို့သည် စကြဝတေးမင်း၏ နောက်လိုက်များ ဖြစ်ကြကုန်၏၊ စကြဝတေးမင်းကို ထိုမင်းငယ်တို့ထက် အမြတ်ဆုံးဟု ဆိုရ၏၊ ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို။ပ။ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား ကြယ်တာရာအပေါင်းတို့၏ အရောင်အားလုံးသည် လရောင်၏ တဆယ့်ခြောက်စိတ် တစိတ်မျှ တန်ဘိုးမရှိ၊ လရောင်ကို ထိုအရောင်တို့ထက် အမြတ်ဆုံးဟု ဆိုရ၏။ ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို။ပ။ ငါဟူသော မာနကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား တန်ဆောင်မုန်းလအခါ၌ ကောင်းကင်သည် တိမ်ကင်းသဖြင့် မြင့်လတ်သော် နေသည် ကောင်းကင်သို့တက်လျက် ကောင်းကင်၌ရှိသော အမှောင်အားလုံးကို ပယ်ခွင်း၍ တောက်ပလည်း တောက်ပ၏၊ ပူလည်း ပူ၏၊ တင့်တယ်လည်း တင့်တယ်၏၊ ရဟန်းတို့

ဤအတူပင် မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို ပွါးများလေ့လာအပ်သော် ကာမတို့၌ စွဲမက်မှု 'ကာမရာဂ' အားလုံးကို ကုန်စေနိုင်၏၊ရုပ်၌ စွဲမက်မှု 'ရူပရာဂ' အားလုံးကို ကုန်စေနိုင်၏၊ ဘဝ၌ စွဲမက်မှု 'ဘဝရာဂ'အားလုံးကို ကုန်စေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ ငါဟူသော မာန အားလုံးကို နုတ်ပယ်နိုင်၏။

ရဟန်းတို့ မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို အဘယ်သို့ ပွါးများလေ့လာအပ်သော် ကာမ တို့၌ စွဲမက်မှုအာ လုံးကို ကုန်စေနိုင်သနည်း။ပ။ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်သနည်း၊ ဤကား ရုပ် ဤကား ရုပ်ဖြစ်ပေါ်ခြင်း ဤကား ရုပ်ချုပ်ခြင်း၊ ဤကား ဝေဒနာ၊ ဤကား သညာ၊ ဤကား သင်္ခါရတို့ ဤကား ဝိညာဏ် ဤကား ဝိညာဏ်ဖြစ်ပေါ်ခြင်း ဤကား ဝိညာဏ်ချုပ်ခြင်းဟု မမြဲဟူသော အမှတ် 'အနိစ္စသညာ'ကို ဤသို့ ပွါးများလေ့လာအပ်သော် ကာမတို့၌ စွဲမက်မှု အားလုံးကို ကုန်စေနိုင်၏၊ ရုပ်၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ ဘဝ၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ပုပ္ဖဝဂ် ပြီး၏။

---

## (၁၁) ၁-အန္တဝဂ် ၁-အန္တသုတ်

၁၀၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘိုအစုတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုး တို့နည်းဟူမူ—သက္ကာယ အဘိုအစု သက္ကာယဖြစ်ပေါ်ကြောင်းအဘိုအစု သက္ကာယချုပ်ရာ အဘိုအစု သက္ကာယချုပ်ရာသို့ ရောက်ကြောင်းအကျင့် အဘိုအစုတို့တည်း။ ရဟန်းတို့ သက္ကာယ အဘိုအစု ဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ဟု ဆိုအပ်သည်ဖြစ်ရာ၏၊ အဘယ် ငါးမျိုးတို့နည်း၊ ရုပ်ဟူသောဥပါဒါနက္ခန္ဓာ ဝေဒနာဟူသောဥပါဒါနက္ခန္ဓာ သညာဟူသောဥပါဒါနက္ခန္ဓာ သင်္ခါရတို့ ဟူသောဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း၊ ရဟန်းတို့ ဤသည်ကို သက္ကာယ အဘိုအစုဟု ဆိုအပ်၏။ ရဟန်းတို့ သက္ကာယဖြစ်ပေါ်ကြောင်း အဘိုအစုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကာမ၌ဘပ်မက်မှု ဘဝ၌တပ်မက်မှု ဘဝပြတ်ခြင်း၌ တပ်မက်မှုဟူသော တဖန်ဘဝသစ်ကို ဖြစ်စေနိုင်သော နှစ်သက် တပ်မက်မှုနှင့်တကွဖြစ်သော ထိုထိုအာရုံ ထိုထိုဘဝတို့၌ နှစ်သက်တတ် သော တဏှာတည်း။ ရဟန်းတို့ ဤတဏှာကို သက္ကာယ ဖြစ်ပေါ်ကြောင်း အဘိုအစုဟု ဆိုအပ်၏၊ ရဟန်းတို့ သက္ကာယချုပ်ရာ အဘိုအစုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ထိုတဏှာ၏သာ အကြွင်းမဲ့ ကင်းပြတ် ချုပ်ငြိမ်းမှု စွန့်မှု မကပ်ငြိမှု လွတ်မြောက်မှု မတွယ်တာမှုဘည်း၊ ရဟန်းတို့ ဤသည်ကို သက္ကာယချုပ်ရာ အဘိုအစုဟု ဆိုအပ်၏။ ရဟန်းတို့ သက္ကာယချုပ်ရာသို့ ရောက်ကြောင်းအကျင့် အဘိုအစုဟူသည် အဘယ်နည်း၊ ရဟန်းတို့ မှန်ကန်သော မြင်မှု။ပ။ မှန်ကန်သောတည်ကြည်မှုဟူ သော အင်္ဂါရှစ်မျိုးရှိသော ဤအရိယမဂ်တည်း၊ ရဟန်းတို့ ဤသည်ကို သက္ကာယချုပ်ရာသို့ ရောက်ကြောင်း အကျင့်အဘိုအစုဟု ဆိုအပ်၏၊ ရဟန်းတို့ ဤသည့်လျှင် အဘိုအစု လေးမျိုးတို့ တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုက္ခသုတ်

၁၀၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား ဆင်းရဲကိုင်း ဆင်းရဲဖြစ်ပေါ်ကြောင်းကိုင်း ဆင်းရဲချုပ်ရာကိုင်း ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဆင်းရဲဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ဟု ဆိုအပ်သည်ဖြစ်ရာ၏၊ အဘယ်ငါးမျိုးတို့နည်း ဟူမူ— ရုပ်ဟူသောဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း၊ ရဟန်းတို့ ဤသည်ကို ဆင်းရဲဟု ဆိုအပ်၏။ ရဟန်းတို့ ဆင်းရဲဖြစ်ပေါ် ကြောင်းဟူသည် အဘယ်နည်း။ပ။ ဘဝပြတ်ခြင်း၌ စွဲမက်မှုဟူသော တဖန်ဘဝသစ်ကို ဖြစ်စေနိုင် သော တဏှာတည်း၊ ရဟန်းတို့ ဤသည်ကို ဆင်းရဲဖြစ်ပေါ်ကြောင်းဟု ဆိုအပ်၏။ ရဟန်းတို့ ဆင်းရဲချုပ်ရာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ထိုတဏှာ၏သာ အကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်းမှု စွန့်မှု မကပ်ငြိမှု လွတ်မြောက်မှု မတွယ်တာမှုတည်း၊ ရဟန်းတို့ ဤသည်ကို ဆင်းရဲချုပ်ရာဟု ဆိုအပ်၏။ ရဟန်းတို့ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။ ရဟန်းတို့ မှန်ကန်သောမြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှုဟူသော အင်္ဂါရှစ်မျိုးရှိသော ဤအရိယမဂ် တည်း။ ရဟန်းတို့ ဤသည်ကို ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဟု ဆိုအပ်၏ဟု (မိန့် တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သက္ကာယသုတ်

၁၀၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား သက္ကာယကိုင်း သက္ကာယဖြစ်ပေါ်ကြောင်း ကိုင်း သက္ကာယချုပ်ရာကိုင်း သက္ကာယချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ သက္ကာယဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ဟု ဆိုအပ်သည်ဖြစ်ရာ၏၊ အဘယ်ငါးမျိုးတို့နည်း ဟူမူ— ရုပ်ဟူသောဥပါဒါနက္ခန္ဓာ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ သညာဟူသောဥပါဒါနက္ခန္ဓာ သင်္ခါရတို့ဟူသောဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း၊ ရဟန်းတို့ ဤသည်ကို သက္ကာယဟု ဆိုအပ်၏။ ရဟန်းတို့ သက္ကာယဖြစ်ပေါ် ကြောင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော တဏှာတည်း။ပ။ ရဟန်းတို့ ဤသည်ကို သက္ကာယဖြစ်ပေါ်ကြောင်း ဟု ဆိုအပ်၏။ ရဟန်းတို့ သက္ကာယချုပ်ရာဟူ သည် အဘယ်နည်း၊ ရဟန်းတို့ ထိုတဏှာ၏သာ။ပ။ ရဟန်းတို့ ဤသည်ကို သက္ကာယချုပ်ရာဟု ဆိုအပ်၏။ ရဟန်းတို့ သက္ကာယချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်း တို့ မှန်ကန်သောမြင်မှု။ပ။ မှန်ကန်သော တည်ကြည်မှုဟူသော အင်္ဂါရှစ်မျိုးရှိသော ဤအရိယ မဂ်တည်း၊ ရဟန်းတို့ ဤသည်ကို သက္ကာယချုပ်ရာသို့ ရောက်ကြောင်းအကျင့် ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပရိညေယျသုတ်

၁၀၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပိုင်းခြား၍ သိအပ်သော တရားတို့ကိုင်း ပိုင်းခြား၍ သိခြင်းကိုင်း ပိုင်းခြား၍သိသော ပုဂ္ဂိုလ်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ပိုင်းခြား၍ သိအပ်သော တရားတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရုပ်သည် ပိုင်းခြား၍ သိအပ်သော တရားတည်း၊ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ပိုင်းခြား၍ သိအပ်သော တရားတည်း၊ ရဟန်းတို့ ဤသည်တို့ကို ပိုင်းခြား၍ သိအပ်သော တရားတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ ပိုင်းခြား၍ သိခြင်းဟူသည် အဘယ်နည်း၊ ရာဂကုန်ခြင်း ဒေါသကုန်ခြင်း မောဟကုန်ခြင်းတို့တည်း၊ ရဟန်းတို့ ဤသည်ကို ပိုင်းခြား၍ သိခြင်း ဟု ဆိုအပ်၏။ ရဟန်းတို့ ပိုင်းခြား၍သိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန္တာဟု ဆိုအပ်၏၊ ဤရဟန္တာ ပုဂ္ဂိုလ်သည် ဤသို့ အမည်ရှိ၏၊ ဤသို့ အနွယ်ရှိ၏။ ရဟန်းတို့ ဤသည်ကို ပိုင်းခြား၍ သိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သမဏသုတ်

၁၀၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—ရုပ်ဟူသောဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ မသိကုန်။ပ။ သိကုန်၏။ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုတိယ သမဏသုတ်

၁၀၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ငါးမျိုးတို့တည်း၊ အဘယ် ငါးမျိုးတို့နည်း ဟူမူ—ရုပ်ဟူသောဥပါဒါနက္ခန္ဓာ ဝေဒနာဟူသောဥပါဒါနက္ခန္ဓာ သညာဟူသော ဥပါဒါနက္ခန္ဓာ သင်္ခါရတို့ဟူသောဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကိုင်း ကွယ်ပျောက်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်မှုကိုင်း ဟုတ်တိုင်း မှန်စွာ မသိကုန်။ပ။ သိကုန်၏။ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍နေကုန် ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သောတာပန္နသုတ်

၁၀၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရုပ်ဟူသောဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကိုင်း ကွယ်ပျောက်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ သိသောကြောင့် ဤအရိယာတပည့်ကို ဖရိုဖရဲကျခြင်းသဘော မရှိသော ကိန်းသေမြဲသော အထက်မင်္ဂလျှင် လည်းလျောင်းရာရှိသော သောတာပန်ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အရဟန္တသုတ်

၁၁၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရုပ်ဟူသောဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကိုင်း ကွယ်ပျောက်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ သိပြီးလျှင် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်သောကြောင့် ဤရဟန်းကို အာသဝေါကုန်ပြီးသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုဖွယ်ကိစ္စကို ပြုပြီးသူ ခန္ဓာဝန်ကို ချပြီးသူ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ပြီးသူ ကောင်းစွာ သိ၍ လွတ်မြောက်သူ ရဟန္တာဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဆန္ဒပ္ပဟာနသုတ်

၁၁၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှုကို ပယ်ကုန်လော့၊ ဤသို့ ပယ်သည်ရှိသော် ထိုရုပ်သည် ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီး နှုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး နောင်တဖန် မဖြစ်အောင် ပြုအပ်ပြီး နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိပြီး ဖြစ်လတ္တံ့၊ ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှုကို ပယ်ကုန်လော့၊ ဤသို့ ပယ်သည်ရှိသော် ထိုဝိညာဏ်သည် ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီး ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး နောင်တဖန် မဖြစ်အောင် ပြုအပ်ပြီး နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိပြီး ဖြစ်လတ္တံ့ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဆန္ဒပ္ပဟာနသုတ်

၁၁၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက် စွဲလမ်းမှု စိတ်၏ဆောက်တည်မှု အမှားနှလုံးသွင်းမှု အနုသယတို့ကို ပယ်ကြကုန်လော့။ ဤသို့

ပယ်သည်ရှိသော် ထိုရုပ်သည် ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီး။ပ။ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌ လိုချင်မှု။ပ။ ဤသို့ ပယ်သည်ရှိသော် ထိုသင်္ခါရတို့သည် ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး နောင်တဖန် မဖြစ်အောင် ပြုအပ်ပြီး နောင်အခါ ဖြစ်ပေါ်ခြင်းသဘောမရှိပြီး ဖြစ်ကုန်လတ္တံ့။ ဝိညာဏ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်စွဲလမ်းမှု စိတ်၏ ဆောက်တည်မှု အမှားနှလုံးသွင်းမှု အနုသယတို့ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သည်ရှိသော် ထိုဝိညာဏ်သည် ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး နောင်တဖန် မဖြစ်အောင် ပြုအပ်ပြီး နောင်တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိပြီး ဖြစ်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော အန္တဝဂ် ပြီး၏။

## (၁၂) ၂-ဓမ္မကထိကဝဂ် ၁-အဝိဇ္ဇာသုတ်

၁၁၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ဒဲဝိဇ္ဇာ အဝိဇ္ဇာဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် အဝိဇ္ဇာပါနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း" ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်ကို မသိ၊ ရုပ်ဖြစ်ပေါ်ကြောင်းကို မသိ၊ ရုပ်ချုပ်ရာကို မသိ၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို မသိ၊ ဝေဒနာကို မသိ။ သညာကို မသိ။ သင်္ခါရတို့ကို မသိ။ပ။ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို မသိ။ ရဟန်း ဤသို့ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့် အဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဝိဇ္ဇာသုတ်

၁၁၄။ သာဝတ္ထိနိဒါန်း။ ထိုရဟန်းသည် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ဝိဇ္ဇာ ဝိဇ္ဇာဟု ဆိုအပ်ပါ၏၊ အဘယ်သည် ဝိဇ္ဇာပါနည်း၊ အသျှင်ဘုရား အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်ကို သိ၏၊ ရုပ်ဖြစ်ပေါ်ကြောင်းကို သိ၏၊ ရုပ်ချုပ်ရာကို သိ၏၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို သိ၏။ပ။ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏။ ရဟန်း ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏။ ဤမျှဖြင့် ဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဓမ္မကထိကသုတ်

၁၁၅။ သာဝတ္ထိနိဒါန်း။ ထိုရဟန်းသည် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ဓမ္မကထိက ဓမ္မကထိက ဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် ဓမ္မကထိက ဖြစ်ပါသနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ရုပ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် တရားကိုဟောခဲ့မူ "ဓမ္မကထိကရဟန်း"ဟုဆိုထိုက်၏၊ ရဟန်း ရုပ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် ကျင့်ခဲ့မူ "တရားအားလျော်စွာ အကျင့်ကို ကျင့်သောရဟန်း"ဟုဆိုထိုက်၏၊ ရဟန်း ရုပ်ကို ငြီးငွေ့၍ စွဲမက်မှုကင်းလျက် ချုပ်စေပြီးလျှင် မစွဲလမ်းမူ၍ ကိလေသာမှလွတ်မြောက်ခဲ့မူ "မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်း"ဟု ဆိုထိုက်၏။ရဟန်း ဝေဒနာကို။ပ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် တရားကို ဟောခဲ့မူ "ဓမ္မကထိက ရဟန်း" ဟု ဆိုထိုက်၏။ရဟန်း ဝိညာဏ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် ကျင့်ခဲ့မူ "တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်း" ဟု ဆိုထိုက်၏၊ရဟန်း ဝိညာဏ်ကို ငြီးငွေ့၍ စွဲမက်မှုကင်းလျက် ချုပ်စေပြီးလျှင် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်ခဲ့မူ "မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်း"ဟု ဆိုထိုက်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ ဓမ္မကထိကသုတ်

၁၁၆။ သာဝတ္ထိနိဒါန်း။ ထိုရဟန်းသည် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ဓမ္မကထိက ဓမ္မကထိကဟု ဆိုအပ်၏။အဘယ်မျှဖြင့် ဓမ္မကထိက ဖြစ်ပါသနည်း၊ အဘယ်မျှဖြင့် တရားအားလျော်သော အကျင့်ကို ကျင့်သူဖြစ်ပါသနည်း၊ အဘယ်မျှဖြင့် မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သူ ဖြစ်ပါသနည်း" ဟု ဤစကားကို လျှောက်၏။ ရဟန်း ရုပ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် တရားကိုဟောခဲ့မူ "ဓမ္မကထိက ရဟန်း"ဟု ဆိုထိုက်၏၊ ရဟန်း ရုပ်ကိုငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် ကျင့်ခဲ့မူ "တရားအား လျော်သော အကျင့်ကို ကျင့်သော ရဟန်း" ဟု ဆိုထိုက်၏။ ရဟန်း ရုပ်ကို ငြီးငွေ့၍ စွဲမက်မှု ကင်းလျက် ချုပ်စေပြီးလျှင် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်ခဲ့မူ"မျက်မှောက်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်း" ဟု ဆိုထိုက်၏။ ရဟန်း ဝေဒနာကို။ပ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် တရားကိုဟောခဲ့မူ"ဓမ္မကထိကရဟန်း"ဟု ဆိုထိုက်၏၊ရဟန်း ဝိညာဏ်ကို ငြီးငွေ့ရန် စွဲမက်မှုကင်းရန် ချုပ်စေရန် ကျင့်ခဲ့မူ "တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်း"ဟု ဆိုထိုက်၏။ ဝိညာဏ်ကို ငြီးငွေ့၍ စွဲမက်မှုကင်းလျက် ချုပ်စေပြီးလျှင် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်ခဲ့မူ "မျက်မှောက်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်း"ဟု ဆိုထိုက်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဗန္ဓနသုတ်

၁၁၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဤလောက၌ အကြားအမြင်မရှိသော အရိယာတို့ကို မဖူး မြင်ဘူးသော။ပ။သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏၊ ရုပ်ရှိသော အတ္တဟူ၍ရင်း အတ္တ၌ ရုပ်ဟူ၍ရင်း ရုပ်၌ အတ္တဟူ၍ရင်း ရှု၏၊ ရဟန်းတို့ ဤအကြား အမြင်မရှိသော ပုထုဇဉ်ကို ရုပ်အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရသူ အတွင်းအပြင်နှင့်တကွ အနှောင် အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရသူ ဤမှာဘက်ကမ်းကိုလည်း မမြင်သူ ထိုမှာဘက်ကမ်းကိုလည်း မမြင်သူ အနှောင်အဖွဲ့ခံရလျက် အိုရသူ အနှောင်အဖွဲ့ခံရလျက် သေရသူ အနှောင်အဖွဲ့ခံရလျက် ဤလောက မှ တပါးသော လောကသို့ သွားရသူဟု ဆိုအပ်၏။ ဝေဒနာကို အတ္တဟူ၍ ရှု၏။ပ။ ဝေဒနာ၌ အတ္တဟူ၍ရင်း ရှု၏၊ ရဟန်းတို့ ဤအကြားအမြင် မရှိသော ပုထုဇဉ်ကို ဝေဒနာအနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့ ခံရသူ အတွင်းအပြင်နှင့်တကွ အနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့ခံရသူ ဤမှာဘက် ကမ်းကိုလည်း မမြင်သူ ထိုမှာဘက်ကမ်းကိုလည်း မမြင်သူ အနှောင်အဖွဲ့ခံရလျက် အိုရသူ အနှောင် အဖွဲ့ခံရလျက် သေရသူ အနှောင်အဖွဲ့ခံရလျက် ဤလောကမှ တပါးသော လောကသို့ သွားရသူဟု ဆိုအပ်၏။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏။ပ။ ရဟန်းတို့ ဤအကြား အမြင်မရှိသော ပုထုဇဉ်ကို ဝိညာဏ်အနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့ခံရသူ အတွင်းအပြင်နှင့်တကွ အနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့ခံရသူ ဤမှာဘက်ကမ်းကိုလည်း မမြင်သူ ထိုမှာဘက်ကမ်းကို လည်း မမြင်သူ အနှောင်အဖွဲ့ ခံရလျက် အိုရသူ အနှောင်အဖွဲ့ခံရလျက် သေရသူ အနှောင်အဖွဲ့ ခံရလျက် ဤလောကမှ တပါးသော လောကသို့ သွားရသူဟု ဆိုအပ်၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော။ပ။ သူတော်ကောင်းတရား ၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ ရုပ်ရှိသော အတ္တဟူ၍ရင်း အတ္တ၌ ရုပ်ဟူ၍ရင်း ရုပ်၌အတ္တဟူ၍ရင်း မရှု။ ရဟန်းတို့ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို ရုပ် အနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့မခံရသူ အတွင်းအပြင်နှင့်တကွသော အနှောင်အဖွဲ့ဖြင့် အနှောင် အဖွဲ့မခံရသူ ဤမှာဘက်ကမ်းကိုလည်းမြင်သူ ထိုမှာဘက်ကမ်းကိုလည်း မြင်သူဟု ဆိုအပ်၏၊ ထိုသူ သည် ဆင်းရဲမှ လွတ်မြောက်ပြီဟု ငါဆို၏။ ဝေဒနာကို အတ္တဟူ၍ မရှု။ပ။ သညာကို အတ္တဟူ၍ မရှု။ပ။ သင်္ခါရတို့ကို အတ္တဟူ၍ မရှု။ပ။ ဝိညာဏ်ကို အတ္တဟူ၍ မရှု။ပ။ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို ဝိညာဏ်အနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့မခံရသူ အတွင်းအပြင်နှင့်တကွ သော အနှောင်အဖွဲ့ဖြင့် အနှောင်အဖွဲ့မခံရသူ ဤမှာဘက်ကမ်းကိုလည်းမြင်သူ ထိုမှာဘက်ကမ်းကို လည်း မြင်သူ ဟု ဆိုအပ်၏။ ထိုသူသည် ဆင်းရဲမှလွတ်မြောက်ပြီဟု ငါဆို၏ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပရိပုစ္ဆိတသုတ်

၁၁၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်ကို ဤရုပ် သည် ငါ၏ ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုကြကုန်

သလော။ မရှုကြပါ အသျှင်ဘုရား။ ရဟန်းတို့ ကောင်းပေစွ၊ ရဟန်းတို့ ရုပ်ကို ဤရုပ်သည် ငါ့ဉစ္စာမဟုတ်၊ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ ကိုယ် 'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ ဉစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ'တည်းဟု ရှုကြကုန်သလော။ မရှုကြပါ အသျှင်ဘုရား။ ရဟန်းတို့ ကောင်းပေစွ၊ ရဟန်းတို့ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဉစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ' မဟုတ် ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ဤသို့ မြင်သော။ပ။ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ ပရိပုဏ္ဏသုတ်

၁၁၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်ကို ဤရုပ်သည် ငါ၏ ဉစ္စာမဟုတ်၊ဤရုပ်သည် ငါမဟုတ်၊ဤရုပ်သည် ငါ၏ ကိုယ် 'အတ္တ'မဟုတ်ဟု ရှုကြကုန်သလော။ ရှုကြပါ၏ အသျှင်ဘုရား။ ရဟန်းတို့ ကောင်းပေစွ၊ ရဟန်းတို့ ရုပ်ကို ဤရုပ်သည် ငါ့ဉစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ဤရုပ်သည် ငါ၏ ကိုယ် 'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့်ရှုရမည်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ ဉစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန် ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ မြင်သော။ပ။ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သံယောဇနိယသုတ်

၁၂၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ နှောင်ဖွဲ့အပ်သောတရားတို့ကိုရင်း အနှောင်အဖွဲ့ သံယောဇဉ်ကိုရင်း ဟောပေအံ့၊ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ နှောင်ဖွဲ့အပ်သော တရားဟူသည် အဘယ်နည်း၊ အနှောင်အဖွဲ့သံယောဇဉ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ရုပ်သည် နှောင်ဖွဲ့ အပ်သော တရားမည်၏၊ ထိုရုပ်၌ လိုချင်မှု စွဲမက်မှုသည် အနှောင်အဖွဲ့သံယောဇဉ်မည်၏၊ ဝေဒနာ သည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် နှောင်ဖွဲ့အပ်သော တရားမည်၏၊ ထိုဝိညာဏ် ၌ လိုချင်မှု စွဲမက်မှုသည် အနှောင်အဖွဲ့သံယောဇဉ် မည်၏၊ ရဟန်းတို့ ဤသည်တို့ကို နှောင်ဖွဲ့အပ် သောတရားတို့ဟူ၍ရင်း အနှောင်အဖွဲ့သံယောဇဉ်ဟူ၍ရင်း ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဉပဒါနိယသုတ်

၁၂၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ စွဲလမ်းအပ်သော တရားတို့ကိုရင်း စွဲလမ်းမှု ဉပါဒါန်ကိုရင်း ဟောပေအံ့၊ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ စွဲလမ်းအပ်သော တရားတို့ဟူသည် အဘယ်တို့

နည်း၊ စွဲလမ်းမှု ဥပါဒါန်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရုပ်သည် စွဲလမ်းအပ်သော တရား မည်၏၊ ရုပ်၌ လိုချင်မှု စွဲမက်မှုသည် စွဲလမ်းမှုဥပါဒါန် မည်၏၊ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် စွဲလမ်းအပ်သော တရားမည်၏၊ ထိုဝိညာဏ်၌ လိုချင်မှု စွဲမက်မှုသည် စွဲလမ်းမှု ဥပါဒါန်မည်၏။ ရဟန်းတို့ ဤသည်တို့ကို စွဲလမ်းအပ်သော တရားတို့ဟူ၍၎င်း စွဲလမ်းမှု ဥပါဒါန်ဟူ၍၎င်း ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သီလဝန္တသုတ်

၁၂၂။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး)နေတော်မူကုန်၏၊ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းနေရာမှ ထပြီးလျှင် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍။ပ။ "ငါ့သျှင်သာရိပုတြာ သီလရှိသောရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါသနည်း" ဟု ပြောဆို၏။ ငါ့သျှင်ကောဋ္ဌိက သီလရှိသောရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို မမြဲဟူ၍ ဆင်းရဲဟူ၍ ရောဂါဟူ၍ အနာဟူ၍ ငြောင့်ဟူ၍ ပင်ပန်းမှုဟူ၍ နာကျင်မှုဟူ၍ သူစိမ်းပြင်ပဟူ၍ အပျက်တရားဟူ၍ ဆိတ်သုဉ်းသောတရားဟူ၍ အတ္တအနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရုပ်ဟူသောဥပါဒါနက္ခန္ဓာ ဝေဒနာဟူသောဥပါဒါနက္ခန္ဓာ သညာဟူသောဥပါဒါနက္ခန္ဓာ သင်္ခါရတို့ဟူသောဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း။ ငါ့သျှင်ကောဋ္ဌိက သီလရှိသောရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို မမြဲဟူ၍ ဆင်းရဲဟူ၍ ရောဂါဟူ၍ အနာဟူ၍ ငြောင့်ဟူ၍ ပင်ပန်းမှုဟူ၍ နာကျင်မှု ဟူ၍ သူစိမ်းပြင်ပဟူ၍ အပျက်တရားဟူ၍ ဆိတ်သုဉ်းသောတရားဟူ၍ အတ္တအနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ ငါ့သျှင် သီလရှိသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုနိုင်ရာသောအကြောင်းသည် ရှိ၏။

ငါ့သျှင်သာရိပုတြာ သောတာပန်ရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်သနည်း၊ ငါ့သျှင်ကောဋ္ဌိက သောတာပန်ရဟန်းသည်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ ငါ့သျှင် သောတာပန် အဖြစ်သို့ ရောက်သောရဟန်းသည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုနိုင်ရာသော အကြောင်းသည် ရှိ၏။

ငါ့သျှင်သာရိပုတြာ သကဒါဂါမ်ရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်း အပ်ပါကုန်သနည်း၊ ငါ့သျှင်ကောဋ္ဌိက သကဒါဂါမ်ရဟန်းသည်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုး တို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏၊ ငါ့သျှင် သကဒါဂါမ်

ရဟန်းသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် အနာဂါမိဖိုလ်ကို မျက်မှောက် ပြုနိုင်ရာသော အကြောင်းသည် ရှိ၏။

ငါ့သျှင်သာရိပုတြာ အနာဂါမ်ရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်း အပ်ပါကုန်သနည်း၊ ငါ့သျှင်ကောဋ္ဌိက အနာဂါမ်ရဟန်းသည်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုး တို့ကို မမြဲဟူ၍။ပ။ အနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ ငါ့သျှင် အနာဂါမ် ရဟန်းသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသော အကြောင်းသည် ရှိ၏။

ငါ့သျှင်သာရိပုတြာ ရဟန္တာသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန် သနည်း၊ ငါ့သျှင်ကောဋ္ဌိက ရဟန္တာသည်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍ ဆင်းရဲ ဟူ၍ ရောဂါဟူ၍ အနာဟူ၍ ငြောင့်ဟူ၍ ပင်ပန်းမှုဟူ၍ နာကျင်မှုဟူ၍ သူစိမ်းပြင်ပဟူ၍ အပျက် တရားဟူ၍ ဆိတ်သုဉ်းသောတရားဟူ၍ အတ္တအနှစ်သာရမရှိဟူ၍ အသင့်အားဖြင့်နှလုံးသွင်းအပ် ကုန်၏။ ငါ့သျှင် ရဟန္တာအား တစုံတခုသောရဟန်းကိစ္စကို နောက်ထပ်ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ ပွါးများဖွယ် မရှိတော့ပြီ၊ စင်စစ်သော်ကား ဤတရားတို့ကို လေ့လာအပ် ပွါးများအပ်ကုန်သည်ရှိသော် မျက်မှောက် ဘဝ၌ချမ်းသာစွာနေရခြင်းငှါလည်း သတိ သမ္ပဇဉ်အလို့ငှါလည်း ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

၁၁-သုတဝန္တသုတ်။(အထက် သီလဝန္တသုတ်နှင့် ထပ်တူ။)

၁၂၃။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏၊ ထိုအခါ အသျှင်မဟာကောဋ္ဌိက သည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီး လျှင်။ပ။ ငါ့သျှင်သာရိပုတြာ အကြားအမြင်ရှိသောရဟန်းသည် အဘယ်တရားတို့ကို အသင့်အား ဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း ဟု ဤစကားကို ပြောဆို၏။ ငါ့သျှင်ကောဋ္ဌိက အကြားအမြင် ရှိသော ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရ မရှိဟူ၍ အသင့်အား ဖြင့် နှလုံးသွင်းအပ်ကုန်၏၊ အဘယ် ငါးမျိုးတို့နည်း ဟူမူ—ရုပ်ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဥပါဒါ နက္ခန္ဓာတို့တည်း၊ ငါ့သျှင်ကောဋ္ဌိက အကြားအမြင်ရှိသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာငါးမျိုး တို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ ငါ့သျှင် အကြား အမြင်ရှိသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။ အနှစ်သာရမရှိဟူ၍ အသင့် အားဖြင့် နှလုံးသွင်းသည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသော အကြောင်း သည် ရှိ၏။

ငါ့သျှင်သာရိပုတြာ သောတာပန်ရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း၊ ငါ့သျှင်ကောဋ္ဌိက သောတာပန်ရဟန်းသည်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။အနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏၊ ငါ့သျှင် သောတာပန်ရဟန်းသည် ဤ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍။ပ။အနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသော အကြောင်းသည် ရှိ၏။ပ။ အနာဂါမိဖိုလ်ကို။ပ။အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်ရာသော အကြောင်းသည် ရှိ၏။

ငါ့သျှင်သာရိပုတြာ ရဟန္တာသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်းဟု (လျှောက်၏)။ ငါ့သျှင်ကောဋ္ဌိက ရဟန္တာသည်လည်း ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍ ဆင်းရဲဟူ၍ ရောဂါဟူ၍ အနာဟူ၍ ငြောင့်ဟူ၍ ပင်ပန်းမှုဟူ၍ နာကျင်မှုဟူ၍ သူစိမ်းပြင်ပဟူ၍ အပျက်တရားဟူ၍ ဆိတ်သုဉ်းသောတရားဟူ၍ အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ငါ့သျှင် ရဟန္တာအား တစ်ဖန်ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ပွါးများဖွယ် မရှိတော့ပြီ၊ စင်စစ်သော်ကား ဤတရားတို့ကို လေ့လာအပ် ပွါးများအပ်ကုန်သည်ရှိသော် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းငှါလည်း သတိသမ္ပဇဉ် အလို့ငှါလည်း ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

---

## ၁၂-ကပ္ပသုတ်

၁၂၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ကပ္ပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော နေရာ၌ ထိုင်၍ ဤစကားကို လျှောက်၏—"အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌လည်း အပြင်ပဖြစ်သော နိမိတ်အားလုံးတို့၌လည်း ငါဟုစွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' တို့ မဖြစ်ပါကုန်သနည်း" ဟု (လျှောက်၏)။

ကပ္ပ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သောပညာဖြင့်ရှု၏။ ဝေဒနာအားလုံးကို။ပ။ သညာအားလုံးကို ။ပ။ သင်္ခါရအားလုံးတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်း ဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်း ဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့်ရှု၏။ ကပ္ပ ဤသို့ သိသူ ဤသို့ မြင်သူအား ဤဝိညာဏ်ရှိသောကိုယ်၌လည်း အပြင်ပဖြစ်သော နိမိတ် အားလုံးတို့၌လည်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ၁၃-ဒုတိယ ကပ္ပသုတ်

၁၂၇။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေသော အသျှင်ကပ္ပသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌၎င်း အပြင်ပ ဖြစ်သော နိမိတ်အားလုံးတို့၌၎င်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာ ဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' ကင်း၍ မာန်အဘို့ အစုကို လွန်မြောက်သော ငြိမ်သက်သော (ကိလေသာမှ) လွတ်မြောက်သောစိတ်ဖြစ်ပါသနည်း" ဟု (ဤစကားကို လျှောက်၏)။

ကပ္ပ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် မြင်သည် ရှိသော် မစွဲလမ်းမူ၍ (ကိလေသာမှ) လွတ်မြောက်၏။ဝေဒနာ အားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်း အနုလည်းဖြစ်သော အယုတ်အမြတ်လည်း ဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့် မြင်သည် ရှိသော် မစွဲလမ်းမူ၍ (ကိလေသာမှ) လွတ်မြောက်၏။ ကပ္ပ ဤသို့ သိသူ ဤသို့ မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌၎င်း အပြင်ပဖြစ်သော နိမိတ် အားလုံးတို့၌၎င်း ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' ကင်း၍ မာန်အဘို့အစုကို လွန်မြောက်သော ငြိမ်သက်သော(ကိလေသာမှ) လွတ်မြောက်သော စိတ်သည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ထေရသမသုတ်။

နှစ်ခုမြောက် ဓမ္မကထိကဝဂ် ပြီး၏။

---

## (၁၃) ၃-အဝိဇ္ဇာဝဂ် ၁-သမုဒယဓမ္မသုတ်

၁၂၈။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား အဝိဇ္ဇာ အဝိဇ္ဇာဟု ဆိုအပ်ပါ၏၊ အဘယ်သည် အဝိဇ္ဇာ ပါနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ ရောက်သူဖြစ်ပါသနည်း" ဟု (ဤစကားကို လျှောက်၏)။

ရဟန်း ဤလောက၌ အကြား အမြင်မရှိသော ပုထုဇဉ်သည် ဖြစ်ခြင်းသဘောရှိသောရုပ်ကို ဖြစ်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ပျက်ခြင်းသဘောရှိသော ရုပ်ကို ပျက်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ဖြစ်ခြင်းသဘောရှိသော ဝေဒနာကို ဖြစ်ခြင်းသဘောရှိသော ဝေဒနာဟု ဟုတ်တိုင်း မှန်စွာ မသိ၊ ပျက်ခြင်းသဘော ရှိသောဝေဒနာကို ပျက်ခြင်းသဘောရှိသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝေဒနာကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ

မသိ၊ ဖြစ်ခြင်း သဘောရှိသော သညာကို ။ပ။ ဖြစ်ခြင်းသဘောရှိသော သင်္ခါရတို့ကို ဖြစ်ခြင်း သဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ကို ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိသော သင်္ခါရတို့ကို ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ဖြစ်ခြင်း သဘောရှိသော ဝိညာဏ်ကို ဖြစ်ခြင်းသဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ပျက်ခြင်းသဘောရှိသော ဝိညာဏ်ကို ပျက်ခြင်းသဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ဝိညာဏ်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ရဟန်း ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့် အဝိဇ္ဇာသို့ ရောက် သူဖြစ်၏။

ဤသို့ မိန့်တော်မူသည်ရှိသော် ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဝိဇ္ဇာ ဝိဇ္ဇာ ဟု ဆိုအပ်ပါ၏၊ အဘယ်သည် ဝိဇ္ဇာပါနည်း၊အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း" ဟု (လျှောက်၏)။

ရဟန်း ဤလောက၌ အကြား အမြင်ရှိသော အရိယာတပည့်သည် ဖြစ်ခြင်း သဘော ရှိသော ရုပ်ကို ဖြစ်ခြင်းသဘော ရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ပျက်ခြင်းသဘော ရှိသော ရုပ်ကို ပျက်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဖြစ်ခြင်းသဘောရှိသော ဝေဒနာကို ဖြစ်ခြင်းသဘောရှိသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ပျက်ခြင်းသဘော ရှိသော ဝေဒနာကို ပျက်ခြင်းသဘောရှိသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝေဒနာကို ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဖြစ်ခြင်းသဘောရှိသော သညာကို။ ဖြစ်ခြင်းသဘောရှိသော သင်္ခါရတို့ကို ဖြစ်ခြင်းသဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ပျက်ခြင်း သဘောရှိသော သင်္ခါရတို့ကို ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ကို ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ဖြစ်ခြင်းသဘောရှိသော ဝိညာဏ်ကို ဖြစ်ခြင်းသဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်း မှန်စွာ သိ၏၊ ပျက်ခြင်းသဘောရှိသော ဝိညာဏ်ကို ပျက်ခြင်းသဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝိညာဏ်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်း ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ သမုဒယဓမ္မသုတ်

၁၂၇။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏၊ ထိုအခါ အသျှင်မဟာကောဋ္ဌိက

သည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထ၍။ပ။တခုသောနေရာ၌ ထိုင်နေပြီးလျှင် အသျှင်သာရိပုတြာအား—"ငါ့သျှင်သာရိပုတြာ အဝိဇ္ဇာ အဝိဇ္ဇာ ဟု ဆိုအပ်၏၊ အဘယ်သည် အဝိဇ္ဇာ မည်ပါသနည်း၊ အဘယ်မျှလောက်ဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (ဤစကားကို လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဖြစ်ခြင်းသဘောရှိသော ရုပ်ကို ဖြစ်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ပျက်ခြင်းသဘောရှိသော ရုပ်ကို။ပ။ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်ဟု ဟုတ်တိုင်း မှန်စွာ မသိ၊ ဖြစ်ခြင်းသဘောရှိသော ဝေဒနာကို။ပ။ ပျက်ခြင်း သဘောရှိသော ဝေဒနာကို။ပ။ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ဝေဒနာဟု ဟုတ်တိုင်းမှန်စွာ မသိ၊ဖြစ်ခြင်းသဘောရှိသော သညာကို။ပ။ ဖြစ်ခြင်းသဘောရှိသော သင်္ခါရတို့ကို။ပ။ ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ကို။ပ။ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ကို ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ ဖြစ်ခြင်း သဘောရှိသော ဝိညာဏ်ကို။ပ။ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝိညာဏ်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ငါ့သျှင် ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-တတိယ သမုဒယဓမ္မသုတ်

၁၂၈။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး)နေတော်မူကုန်၏။ပ။ တခုသော နေရာ၌ ထိုင်နေသော အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာအား—"ငါ့သျှင်သာရိပုတြာ ဝိဇ္ဇာ ဝိဇ္ဇာ ဟု ဆိုအပ်၏၊ အဘယ်သည် ဝိဇ္ဇာမည်ပါနည်း၊ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ရောက်သူဖြစ်ပါသနည်း" ဟု (လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ဖြစ်ခြင်း သဘောရှိသော ရုပ်ကို ဖြစ်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ပျက်ခြင်းသဘောရှိသော ရုပ်ကို။ပ။ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ရုပ်ကို ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်း မှန်စွာ သိ၏၊ ဖြစ်ခြင်းသဘောရှိသော ဝေဒနာကို။ပ။ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝေဒနာကို။ပ။ ဖြစ်ခြင်းသဘောရှိသော သညာကို။ပ။ ဖြစ်ခြင်းသဘောရှိသော သင်္ခါရတို့ကို။ ပျက်ခြင်း သဘောရှိသော သင်္ခါရတို့ကို။ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော သင်္ခါရတို့ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဖြစ်ခြင်းသဘောရှိသော ဝိညာဏ်ကို။ ပျက်ခြင်းသဘောရှိသော ဝိညာဏ်ကို။ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝိညာဏ်ကို ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော ဝိညာဏ်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ငါ့သျှင် ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အဿာဒသုတ်

၁၂၉။ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏။ ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာအား—"ငါ့သျှင် သာရိပုတြာ အဝိဇ္ဇာ အဝိဇ္ဇာဟု ဆိုအပ်၏၊ အဘယ်သည် အဝိဇ္ဇာ မည်ပါသနည်း၊ အဘယ်မျှဖြင့် လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ငါ့သျှင် ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ အဿာဒသုတ်

၁၃၀။ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏။ ပ။ "ငါ့သျှင်သာရိပုတြာ ဝိဇ္ဇာ ဝိဇ္ဇာ ဟု ဆိုအပ်၏၊ အဘယ်သည် ဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြား အမြင်ရှိသော အရိယာတပည့်သည် ရုပ်၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ငါ့သျှင် ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမ သုတ်။

---

## ၆-သမုဒယ သုတ်

၁၃၁။ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏။ ပ။ "ငါ့သျှင်သာရိပုတြာ အဝိဇ္ဇာ အဝိဇ္ဇာ ဟု ဆိုအပ်၏၊ အဘယ်သည် အဝိဇ္ဇာမည်ပါသနည်း၊ အဘယ် မျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (ဤစကားကို လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်၏ ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ။ ငါ့သျှင် ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ သမုဒယသုတ်

၁၃၂။ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာအား— "ငါ့သျှင်သာရိပုတြာ ဝိဇ္ဇာ ဝိဇ္ဇာဟု ဆိုအပ်၏။ အဘယ်သည် ဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၏ဖြစ်ပေါ်ခြင်း ကိုလည်းကောင်း ချုပ်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း ချုပ်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ငါ့သျှင် ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ကောဋ္ဌိကသုတ်

၁၃၃။ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏၊ ထို အခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ။ပ။တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်သာရိ ပုတြာသည် အသျှင်မဟာကောဋ္ဌိကအား— "ငါ့သျှင်ကောဋ္ဌိက အဝိဇ္ဇာ အဝိဇ္ဇာ ဟု ဆိုအပ်၏၊ အဘယ်သည်အဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်၏သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိ။ဝေဒနာ၏။သညာ၏။သင်္ခါရတို့၏။ဝိညာဏ်၏သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိ။ ငါ့သျှင် ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏။

ဤသို့ ဆိုသည်ရှိသော် အသျှင်သာရိပုတြာသည် အသျှင်မဟာကောဋ္ဌိကအား —"ငါ့သျှင် ကောဋ္ဌိက ဝိဇ္ဇာ ဝိဇ္ဇာဟု ဆိုအပ်၏။ ငါ့သျှင် ဝိဇ္ဇာဟူသည် အဘယ်နည်း၊ အဘယ်မျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (မိန့်ဆို၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင် ရှိသော အရိယာတပည့်သည် ရုပ်၏ သာယာဖွယ်ကို လည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိ၏။ဝေဒနာ၏။သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ငါ့သျှင် ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ ကောဋ္ဌိကသုတ်

၁၃၄။ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ (သီတင်းသုံး) နေတော်မူကုန်၏။ပ။ "ငါ့သျှင်ကောဋ္ဌိက အဝိဇ္ဇာ အဝိဇ္ဇာဟု ဆိုအပ်၏၊ အဘယ်သည် အဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူဖြစ်ပါသနည်း" ဟု (လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်၏ ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ၊ငါ့သျှင် ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏။

ဤသို့ ဆိုသည် ရှိသော် အသျှင်သာရိပုတြာသည် အသျှင်မဟာကောဋ္ဌိကအား "ငါ့သျှင် ကောဋ္ဌိက ဝိဇ္ဇာ ဝိဇ္ဇာဟု ဆိုအပ်၏၊ အဘယ်သည် ဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (ဤစကားကို လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၏ ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ငါ့သျှင် ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-တတိယ ကောဋ္ဌိကသုတ်

၁၃၅။ ထို(ဗာရာဏသီပြည်)ပင်လျှင် နိဒါန်းတည်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်သာရိပုတြာသည်အသျှင်ကောဋ္ဌိကအား—"ငါ့သျှင်ကောဋ္ဌိက အဝိဇ္ဇာ အဝိဇ္ဇာဟုဆိုအပ်၏၊ အဘယ်သည် အဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု (ဤစကားကို လျှောက်၏)။

ငါ့သျှင် ဤလောက၌ အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်ကို မသိ၊ ရုပ်ဖြစ်ပေါ်ကြောင်းကို မသိ၊ ရုပ်ချုပ်ရာကို မသိ၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို မသိ၊ ဝေဒနာကို မသိ၊ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို မသိ၊ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို မသိ၊ ဝိညာဏ်ချုပ်ရာကို မသိ၊ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို မသိ၊ ငါ့သျှင် ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏။

ဤသို့ ဆိုသည်ရှိသော် အသျှင်သာရိပုတြာသည် အသျှင်မဟာကောဋ္ဌိကအား "ငါ့သျှင် ကောဋ္ဌိက ဝိဇ္ဇာ ဝိဇ္ဇာဟု ဆိုအပ်၏၊ အဘယ်သည် ဝိဇ္ဇာမည်ပါသနည်း၊ အဘယ်မျှဖြင့်လည်း

ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း”ဟု ဤစကားကို လျှောက်၏။ ငါ့သျှင် ဤလောက၌ ဒကြား အမြင်ရှိသောအရိယာတပည့်သည် ရုပ်ကို သိ၏၊ ရုပ်ဖြစ်ပေါ်ကြောင်းကို သိ၏၊ ရုပ်ချုပ်ရာကို သိ၏၊ ရုပ်ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို သိ၏၊ ဝိညာဏ်ဖြစ်ပေါ်ကြောင်းကို သိ၏၊ဝိညာဏ်ချုပ်ရာကို သိ၏၊ ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ငါ့သျှင် ဤသို့ သိခြင်းကို ဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ ရောက်သူဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် အဝိဇ္ဇာဝဂ် ပြီး၏။

## (၁၄) ၄-ကုက္ကုဠဝဂ် ၁-ကုက္ကုဠသုတ်

၁၃၆။ သာဝတ္ထိနိဒါန်း။ ရုပ်သည် ပြာပူနှင့် တူ၏၊ ဝေဒနာသည် ပြာပူနှင့် တူ၏၊ သညာသည် ပြာပူနှင့် တူ၏၊သင်္ခါရတို့သည် ပြာပူနှင့် တူကုန်၏၊ ဝိညာဏ်သည် ပြာပူနှင့် တူ၏။ရဟန်းတို့ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏။ (ကိလေသာမှ) လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်သည် ဖြစ်၏၊ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ”ဟု သိ၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-အနိစ္စသုတ်

၁၃၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် မမြဲသော တရား၌ လိုချင်မှု ‘ဆန္ဒ’ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်သည် မမြဲသနည်း၊ ရဟန်းတို့ ရုပ်သည် မမြဲ၊ သင်တို့သည် ထိုရုပ်၌ လိုချင်မှု ‘ဆန္ဒ’ကို ပယ်ရမည်၊ ဝေဒနာသည် မမြဲ။ သညာသည်။ သင်္ခါရတို့သည်။ဝိညာဏ်သည် မမြဲ။ပ။ သင်တို့သည် ထိုဝိညာဏ်၌ လိုချင်မှု ‘ဆန္ဒ’ကို ပယ်ရမည်။ ရဟန်းတို့ သင်တို့သည် မမြဲသော တရား၌ လိုချင်မှု‘ဆန္ဒ’ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဒုတိယ အနိစ္စသုတ်

၁၃၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် မမြဲသောတရား၌ စွဲမက်မှု ‘ရာဂ’ ကို ပယ်ရမည်၊ ရဟန်းတို့ အဘယ်သည် မမြဲသနည်း၊ ရဟန်းတို့ ရုပ်သည် မမြဲ၊ သင်တို့သည် ထိုရုပ်၌

စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ ဝေဒနာသည်မမြဲ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ သင်တို့သည် ထိုဝိညာဏ်၌ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-တတိယ အနိစ္စသုတ်

၁၃၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် မမြဲသောတရား၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည်၊ ရဟန်းတို့ အဘယ်သည် မမြဲသနည်း၊ ရဟန်းတို့ ရုပ်သည် မမြဲ၊ သင်တို့သည် ထိုရုပ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်၊ ဝေဒနာသည် မမြဲ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲ၊ သင်တို့သည် ထိုဝိညာဏ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည်။ ရဟန်းတို့ သင်တို့သည် မမြဲသောတရား၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုက္ခသုတ်

၁၄၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဆင်းရဲသော ဒုက္ခတရား၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ပ။ ရဟန်းတို့ သင်တို့သည် ဆင်းရဲသော ဒုက္ခတရား၌ လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ ဒုက္ခသုတ်

၁၄၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဆင်းရဲသော ဒုက္ခတရား၌ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်။ပ။ ရဟန်းတို့ ဆင်းရဲသော ဒုက္ခတရား၌ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-တတိယ ဒုက္ခသုတ်

၁၄၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဆင်းရဲသောဒုက္ခတရား၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကိုပယ်ရမည်။ပ။ရဟန်းတို့ ဆင်းရဲသောဒုက္ခတရား၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အနတ္တသုတ်

၁၄၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် ကိုယ်'အတ္တ'မဟုတ်သော တရား၌ လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်သည် ကိုယ်'အတ္တ' မဟုတ်သနည်း၊ ရဟန်းတို့ ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ သင်တို့သည် ထိုရုပ်၌ လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ ဝေဒနာသည် ကိုယ်'အတ္တ' မဟုတ်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်'အတ္တ'မဟုတ်၊ သင်တို့သည် ထိုဝိညာဏ်၌ လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ ရဟန်းတို့ သင်တို့သည် ကိုယ် 'အတ္တ' မဟုတ်သောတရား၌ လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ အနတ္တသုတ်

၁၄၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် ကိုယ်'အတ္တ'မဟုတ်သော တရား၌ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ ရဟန်းတို့ အဘယ်သည် ကိုယ်'အတ္တ'မဟုတ်သနည်း၊ ရဟန်းတို့ ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ သင်တို့သည် ထိုရုပ်၌ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်။ ဝေဒနာသည် ကိုယ်'အတ္တ' မဟုတ်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်'အတ္တ'မဟုတ်၊ သင်တို့သည် ထိုဝိညာဏ်၌ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်။ရဟန်းတို့ သင်တို့သည် ကိုယ်'အတ္တ'မဟုတ်သောတရား၌ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-တတိယ အနတ္တသုတ်

၁၄၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် ကိုယ်'အတ္တ'မဟုတ်သောတရား၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်သည် ကိုယ်'အတ္တ'မဟုတ်သနည်း၊ ရဟန်းတို့ ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ သင်တို့သည် ထိုရုပ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ဝေဒနာသည် ကိုယ်'အတ္တ'မဟုတ်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ်'အတ္တ'မဟုတ်။ သင်တို့သည် ထိုဝိညာဏ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ သင်တို့သည် ကိုယ် 'အတ္တ' မဟုတ်သောတရား၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-နိဗ္ဗိဒါ ဗဟုလသုတ်

၁၄၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားအား ဤတရားအစဉ်သည် ဖြစ်၏၊ ရုပ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေရာ၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေရာ၏။ ရုပ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေလျှင် ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေလျှင်

ရုပ်ကို ပိုင်းခြား သိ၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ပိုင်းခြားသိ၏၊ ထိုသူသည် ရုပ်ကိုပိုင်းခြားသိလျှင်။ ဝေဒနာကိုပိုင်းခြားသိလျှင်။ သညာကိုပိုင်းခြားသိလျှင်။ သင်္ခါရတို့ကိုပိုင်းခြားသိလျှင်။ ဝိညာဏ်ကိုပိုင်းခြားသိလျှင် ထိုသူသည် ရုပ်မှ လွတ်၏၊ ဝေဒနာမှ လွတ်၏၊ သညာမှ လွတ်၏၊ သင်္ခါရတို့မှ လွတ်၏၊ဝိညာဏ်မှ လွတ်၏၊ "ပဋိသန္ဓေနေမှု အိုမှု သေမှုမှ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့မှ လွတ်၏။ ဆင်းရဲအပေါင်းမှ လွတ်၏"ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

## ၁၂-အနိစ္စာနုပဿီသုတ်

၁၄၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားအား ဤတရားအစဉ်သည် ဖြစ်၏၊ ရုပ်၌ မမြဲဟု အစဉ်ရှု၍ နေရာ၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ မမြဲဟု အစဉ်ရှု၍နေရာ၏။ပ။ ဆင်းရဲအပေါင်းမှ လွတ်၏ဟု ငါဆို၏ဟု(မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ၁၃-ဒုက္ခာနုပဿီသုတ်

၁၄၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားအား ဤတရားအစဉ်သည် ဖြစ်၏၊ ရုပ်၌ ဆင်းရဲ၏ဟု အစဉ်ရှု၍ နေရာ၏။ ဝေဒနာ၌။သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ ဆင်းရဲ၏ဟု အစဉ်ရှု၍ နေရာ၏။ပ။ ဆင်းရဲအပေါင်းမှ လွတ်၏ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

## ၁၄-အနတ္တာနုပဿီသုတ်

၁၄၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားအား ဤတရားအစဉ်သည် ဖြစ်၏။ ရုပ်၌ ကိုယ်'အတ္တ'မဟုတ်ဟု အစဉ်ရှု၍ နေရာ၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ ကိုယ်'အတ္တ'မဟုတ်ဟု အစဉ်ရှု၍ နေရာ၏။ရုပ်၌ ကိုယ်'အတ္တ'မဟုတ်ဟု အစဉ်ရှု၍နေလျှင် ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ ကိုယ်'အတ္တ'မဟုတ်ဟု အစဉ်ရှု၍နေလျှင် ရုပ်ကို ပိုင်းခြားသိ၏၊ ဝေဒနာကို။ပ။သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကို ပိုင်းခြားသိ၏၊ထိုသူသည် ရုပ်ကို ပိုင်းခြားသိလျှင်၊ ဝေဒနာကို ပိုင်းခြားသိလျှင်။သညာကို ပိုင်းခြားသိလျှင်။ သင်္ခါရတို့ကို ပိုင်းခြားသိလျှင်။ ဝိညာဏ်ကို ပိုင်းခြားသိလျှင် ရုပ်မှ လွတ်၏၊ ဝေဒနာမှ လွတ်၏၊ သညာမှလွတ်၏၊ သင်္ခါရတို့မှ လွတ်၏၊ ဝိညာဏ်မှ လွတ်၏။"ပဋိသန္ဓေနေမှု အိုမှု သေမှုမှ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့မှ လွတ်၏။ဆင်းရဲအပေါင်းမှ လွတ်၏"ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

လေးခုမြောက် ကုက္ကုဠဝဂ် ပြီး၏။

## (၁၅) ၅-ဒိဋ္ဌိဝဂ် ၁-အဇ္ဈတ္တသုတ်

၁၅၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲ ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုစွဲ၍ မိမိသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်၏၊ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကိုစွဲ၍ မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲ ဖြစ်၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း။ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘော ရှိသော ရုပ်ကို အစွဲမပြုလျှင် မိမိသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်နိုင်ရာသေးသလော။ မဖြစ်နိုင်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝိညာဏ်သည် ချမ်းသာလော၊ ဆင်းရဲလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုလျှင် မိမိသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်နိုင်ရာသေးသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဧတံမမသုတ်

၁၅၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ဤကား ငါ့ဥစ္စာဖြစ်၏၊ ဤကား ငါဖြစ်၏၊ ဤကား ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုသနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကိုအမှားနှလုံးသွင်း၍။ပ။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှု၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အရှင်ဘုရား ။ပ။ ဖောက်ပြန်ခြင်းသဘော ရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုရာသလော။ မရှုရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုလျှင် ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုရာသလော။ မရှုရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သောအတ္တာသုတ်

၁၅၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ထိုအတ္တာသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘော မရှိသည် ဖြစ်ရအံ့ဟူသော အယူဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကိုအမှားနှလုံးသွင်း၍ ထိုအတ္တာသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘော မရှိသည် ဖြစ်ရအံ့ဟု ဤသို့သောအယူဖြစ်ပေါ်၏၊ ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ ထိုအတ္တာသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘော မရှိသည် ဖြစ်ရအံ့ဟု ဤသို့သော အယူဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင် သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို အစွဲမပြုလျှင် ထိုအတ္တာသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘော မရှိသည် ဖြစ်ရအံ့ဟု ဤသို့သောအယူ ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုလျှင် ထိုအတ္တာသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်း သဘော မရှိသည် ဖြစ်ရအံ့ဟု ဤသို့သောအယူဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-နေ၀စမေသိယာသုတ်

၁၅၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ငါမဖြစ်ခဲ့မူ ငါ့ဥစ္စာဟူ၍မဖြစ်ရာ၊ ငါသည် မဖြစ်တော့ဆိုလျှင် ငါ့ဥစ္စာဟူ၍ မဖြစ်လတ္တံ့ဟု ဤသို့သော အယူဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတော်တို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ ငါမဖြစ်ခဲ့လျှင် ငါ့ဥစ္စာဟူ၍မဖြစ်ရာ၊ ငါမဖြစ်တော့ဆိုလျှင် ငါ့ဥစ္စာဟူ၍ မဖြစ်လတ္တံ့ဟု ဤသို့သောအယူဖြစ်၏။ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ ငါမဖြစ်ခဲ့မူ ငါ့ဥစ္စာ ဟူ၍

မဖြစ်ရာ၊ ငါမဖြစ်တော့ဆိုလျှင် ငါ့ဥစ္စာဟူ၍ မဖြစ်တော့လတ္တံ့ဟု ဤသို့သော အယူဖြစ်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ ရုပ်သည်မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသောရုပ်ကို အစွဲမပြုခဲ့မူ ငါမဖြစ်ခဲ့မူ ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့ဟုဆိုလျှင် ငါ့ဥစ္စာဟု မဖြစ်တော့လတ္တံ့ဟု ဤသို့သော အယူဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘော ရှိသော ဝိညာဏ်ကို အစွဲမပြုလျှင် ငါမဖြစ်ခဲ့လျှင် ငါ့ဥစ္စာဟု မဖြစ်ရာ၊ ငါမဖြစ်တော့ဟုဆိုလျှင် ငါ့ဥစ္စာဟု မဖြစ်တော့လတ္တံ့ဟု ဤသို့သောအယူဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မိစ္ဆာဒိဋ္ဌိသုတ်

၁၅၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရား ရှိလျှင် အဘယ်တရားကို အစွဲပြု၍အဘယ်တရားကို အမှားနှလုံးသွင်း၍ မှားသောအယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ မှားသောအယူသည် ဖြစ်၏။ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကိုအစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ မှားသောအယူသည် ဖြစ်၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်ကို။ပ။ အစွဲမပြုလျှင် မှားသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုလျှင် မှားသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သက္ကာယဒိဋ္ဌိသုတ်

၁၅၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ထင်ရှားသော ခန္ဓာကိုယ်၌ မှားသောအယူ 'သက္ကာယဒိဋ္ဌိ'သည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ

ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ ထင်ရှားရှိသော ခန္ဓာကိုယ်၌ မှားသော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။သညာရှိလျှင်။သင်္ခါရတို့ရှိလျှင်။ဝိညာဏ် ရှိလျှင် ဝိညာဏ်ကိုအစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ ထင်ရှားရှိသော ခန္ဓာကိုယ်၌ မှားသော အယူသည် ဖြစ်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည်။ပ။ ရုပ်ကို အစွဲမပြုလျှင် ထင်ရှားရှိသော ခန္ဓာကိုယ်၌ မှာ သောအယူ ဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော။ပ။ ထိုဝိညာဏ်ကို အစွဲမပြုလျှင် ထင်ရှားရှိသော ခန္ဓာကိုယ်၌ မှားသော အယူဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အတ္တာနုဒိဋ္ဌိသုတ်

၁၅၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ အတ္တဟု စွဲလမ်းသောအယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကိုအမှားနှလုံးသွင်း၍ အတ္တဟု စွဲလမ်းသောအယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ အတ္တဟု စွဲလမ်းသော အယူသည်ဖြစ်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း။ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော။ပ။ ထိုရုပ်ကို အစွဲမပြုလျှင် အတ္တဟု စွဲလမ်းသောအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော။ပ။ ထိုဝိညာဏ်ကို အစွဲမပြုလျှင် အတ္တဟု စွဲလမ်းသောအယူသည် ဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အဘိနိဝေသသုတ်

၁၅၇။ သာဝတ္ထိနိဒါန်း။ ရဟန်းကို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း အနှောင်အဖွဲ့တို့

ဖြစ်ပေါ်ကုန်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း အနှောင်အဖွဲ့တို့ ဖြစ်ပေါ်ကုန်၏။ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း အနှောင်အဖွဲ့တို့ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော။ပ။ ထိုဝိညာဏ်ကို အစွဲမပြုလျှင် နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း အနှောင်အဖွဲ့တို့ ဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ အဘိနိဝေသသုတ်

၁၅၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ် တရားကို အစွဲပြု၍ အဘယ် တရားကို အမှားနှလုံးသွင်း၍ နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း ပိတ်ပင်ဘားမြစ်ကြောင်း တရားတို့ ဖြစ်ပေါ်ကုန်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း ပိတ်ပင်တားမြစ်ကြောင်း တရားတို့ ဖြစ်ကုန်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကိုအစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း ပိတ်ပင်တားမြစ်ကြောင်း တရားတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော။ပ။ထိုဝိညာဏ်ကို အစွဲမပြုလျှင် နှောင်ဖွဲ့ကြောင်း အမှားနှလုံးသွင်းကြောင်း ပိတ်ပင်တားမြစ်ကြောင်း တရားတို့ ဖြစ်ပေါ်နိုင်ကုန်သလော။ မဖြစ်ပေါ်နိုင်ကုန်ပါ အသျှင်ဘုရား။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာနန္ဒသုတ်

၁၅၈။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားကို နာရ၍ တယောက်တည်း ကိန်းအောင်းပြီးလျှင် မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏" ဟု (လျှောက်၏)။

အာနန္ဒာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား၊ မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာ ဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ ကိုယ် 'အတ္တတည်း' ဟု ရှုခြင်းငှါ သင့်လျော် ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' တည်း ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။မသင့်လျော်ပါ အသျှင်ဘုရား။ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟုသိ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဒိဋ္ဌိဝဂ် ပြီး၏။

ဥပရိပဏ္ဏာသက ပြီး၏။

**ခန္ဓသံယုတ် ပြီး၏။**

# ၂-ရာဓသံယုတ်

## ၁-ပဌမဝဂ် ၁-မာရသုတ်

၁၆၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ရာဓသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍တခုသောနေရာ၌ထိုင်နေပြီးသော် မြတ်စွာဘုရားအား အသျှင်ဘုရား"သေခြင်း သေခြင်း"ဟု ဆိုအပ်၏၊ အဘယ်မျှဖြင့် သေခြင်းဖြစ်ပါသနည်း ဟု လျှောက်၏။

ရာဓ ရုပ်ရှိလျှင် သေခြင်းသည်၎င်း သေစေသူသည်၎င်း သေသူသည်၎င်း ရှိရာ၏၊ ရာဓ ထိုသို့ဖြစ်သောကြောင့် သင်သည် ရုပ်ကို သေခြင်းတရားဟု ရှုလော့၊ သေစေသူဟုရှုလော့၊ သေသူဟု ရှုလော့၊ ရောဂါဟု ရှုလော့၊ အနာဟု ရှုလော့၊ ငြောင့်ဟု ရှုလော့၊ ဆင်းရဲဟု ရှုလော့၊ ဆင်းရဲကြောင်းဖြစ်၏ ဟု ရှုလော့၊ ထိုရုပ်ကို ဤသို့ ရှုသူတို့သည် ကောင်းစွာ ရှုသူတို့ မည်ကုန်၏၊ ဝေဒနာရှိလျှင်။ပ။သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် သေခြင်းတရားသည်၎င်း သေစေသူသည်၎င်း သေသူသည်၎င်း ရှိ၏၊ ရာဓ ထိုသို့ဖြစ်သောကြောင့် သင်သည် ဝိညာဏ်ကို သေခြင်း တရားဟု ရှုလော့၊သေစေသူဟု ရှုလော့၊ သေသူဟု ရှုလော့၊ ရောဂါဟုရှုလော့၊ အနာဟု ရှုလော့၊ ငြောင့်ဟု ရှုလော့၊ ဆင်းရဲဟု ရှုလော့၊ ဆင်းရဲကြောင်း ဖြစ်၏ ဟု ရှုလော့၊ ထိုဝိညာဏ်ကို ဤသို့ ရှုသူတို့သည် ကောင်းစွာ ရှုသူတို့ မည်ကုန်၏။

အသျှင်ဘုရား ကောင်းစွာရှုခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။ ရာဓ ကောင်းစွာရှုခြင်းသည် ငြီးငွေ့ခြင်းအကျိုးရှိ၏။ အသျှင်ဘုရား ငြီးငွေ့ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။ ရာဓ ငြီးငွေ့ခြင်းသည် စွဲမက်မှုကင်းခြင်း အကျိုးရှိ၏။ အသျှင်ဘုရား စွဲမက်မှုကင်းခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။ ရာဓ စွဲမက်မှုကင်းခြင်းသည် လွတ်မြောက်ခြင်း အကျိုးရှိ၏။ အသျှင်ဘုရား လွတ်မြောက်ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။ လွတ်မြောက်ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျိုးရှိ၏။အသျှင်ဘုရား နိဗ္ဗာန်သို့ရောက်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း။ ရာဓ ပြဿနာ လွန်သွားပြီ၊ ပြဿနာ၏ အဆုံးကိုယူရန် မစွမ်းနိုင်၊ မြတ်သောအကျင့်ကိုကျင့်သုံးခြင်းသည် နိဗ္ဗာန်သို့ သက်ဝင်၏၊ နိဗ္ဗာန်လျှင် လည်းလျှောင်းရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သတ္တသုတ်

၁၆၁။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ကပ်ငြိမှု ကပ်ငြိမှု"ဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် "ကပ်ငြိမှု"ဟု ဆိုအပ်ပါသနည်း ဟု လျှောက်၏။ ရာဓ ရုပ်၌ လိုချင်မှု 'ဆန္ဒ' စွဲမက်မှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ'ကို ထိုရုပ်၌ ကပ်ငြိတတ် အလွန်ကပ်ငြိသောကြောင့် ကပ်ငြိမှု ဟု ဆိုအပ်၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်မှု'ဆန္ဒ' စွဲမက်မှု'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု'တဏှာ'ကို ထိုဝိညာဏ်၌ ကပ်ငြိတတ် အလွန် ကပ်ငြိတတ်သောကြောင့် "ကပ်ငြိမှု"ဟု ဆိုအပ်၏။

ရာဓ ဥပမာသော်ကား သူငယ်တို့သည်ရင်း သူငယ်မတို့သည်ရင်း မြေမှုန့်အိမ်ငယ်တို့ဖြင့် ကစားကုန်၏၊ ထိုမြေမှုန့်အိမ်ငယ်တို့၌ စွဲမက်မှုကင်းခြင်း လိုချင်မှုကင်းခြင်း ခင်တွယ်မှုကင်းခြင်း မွတ်သိပ်မှုကင်းခြင်း ပူလောင်မှုကင်းခြင်း တပ်မက်မှုကင်းခြင်း မဖြစ်ကြသေးသမျှ ထိုမြေမှုန့်အိမ်ငယ်တို့ကို တွယ်တာကုန်၏၊ ကစားကုန်၏၊ လိုလားကုန်၏၊ မြတ်နိုးကုန်၏၊ ရာဓ သူငယ်တို့သည်ရင်း သူငယ်မတို့သည်ရင်း ထိုမြေမှုန့်အိမ်ငယ်တို့၌ စွဲမက်မှုကင်းခြင်း လိုချင်မှုကင်းခြင်း ခင်တွယ်မှုကင်းခြင်း မွတ်သိပ်မှုကင်းခြင်း ပူလောင်မှုကင်းခြင်း တပ်မက်မှုကင်းခြင်း ဖြစ်လာကြသောအခါ ထိုမြေမှုန့်အိမ်ငယ်တို့ကို လက်တို့ဖြင့်ရင်း ခြေတို့ဖြင့်ရင်း ကြဲဖြန့်ကုန်၏၊ လွင့်ပစ်ကုန်၏၊ ဖျက်ဆီးကုန်၏၊ ကစားမှု ပြီးဆုံးသည်ကို ပြုကုန်၏၊ ရာဓ ဤအတူ သင်တို့လည်း ရုပ်ကို ကြဲဖြန့်ကုန်လော့၊ လွင့်ပစ်ကုန်လော့၊ ဖျက်ဆီး ကုန်လော့၊ ကစားမှု ပြီးဆုံးသည်ကို ပြုကုန်လော့၊ တဏှာကုန်အောင် ကျင့်ကုန်လော့၊ ဝေဒနာကို ကြဲဖြန့်ကုန်လော့၊ လွင့်ပစ်ကုန်လော့၊ ဖျက်ဆီးကုန်လော့၊ ကစားမှု ပြီးဆုံးသည်ကို ပြုကုန်လော့၊ တဏှာကုန်အောင် ကျင့်ကုန်လော့၊ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ကြဲဖြန့်ကုန်လော့၊ လွင့်ပစ် ကုန်လော့၊ ဖျက်ဆီးကုန်လော့၊ ကစားမှု ပြီးဆုံးသည်ကို ပြုကုန်လော့၊ တဏှာကုန်အောင် ကျင့်ကုန်လော့၊ ရာဓ မှန်၏၊ တဏှာကုန်ခြင်းသည် နိဗ္ဗာန်မည်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယ သုတ်။

---

## ၃-ဘဝနေတ္တိသုတ်

၁၆၂။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ဘဝနှောင်ကြိုး၏ ချုပ်ငြိမ်းရာ ဘဝနှောင်ကြိုး၏ ချုပ်ငြိမ်းရာ" ဟုဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် ဘဝနှောင်ကြိုးပါနည်း၊ အဘယ်သည် ဘဝနှောင်ကြိုး၏ ချုပ်ငြိမ်းရာပါနည်းဟု ဤစကားကို လျှောက်၏။ ရာဓ ရုပ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်စွဲလမ်းမှု စိတ်၏ဆောက်တည်ကြောင်း အမှားနှလုံးသွင်းကြောင်း အနုသယတို့ကို ဘဝနှောင်ကြိုးဟု ဆိုအပ်၏၊ ထိုလိုချင်မှုစသည်တို့၏ ချုပ်ငြိမ်းရာကို ဘဝနှောင်ကြိုး၏ ချုပ်ငြိမ်းရာဟုဆိုအပ်၏၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ လိုချင်မှု။ပ။ စိတ်၏ဆောက်တည်ကြောင်း အမှားနှလုံးသွင်းကြောင်း အနုသယတို့ကို ဘဝနှောင်ကြိုးဟု ဆိုအပ်၏၊ ထိုလိုချင်မှုစသည်တို့၏ ချုပ်ငြိမ်းရာကို ဘဝနှောင်ကြိုး၏ ချုပ်ရာ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပရိဉေယျသုတ်

၁၆၃။ သာဝတ္ထိနိဒါန်း။ အသျှင်ရာဓသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော်နေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရာဓ ပိုင်းခြားသိသင့်သော တရားတို့ကိုရင်း ပိုင်းခြားသိခြင်းကိုရင်း ပိုင်းခြားသိပြီးသော ပုဂ္ဂိုလ်ကိုရင်း ဟောပြအံ့၊ ထိုတရားကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟုအသျှင်ရာဓသည် မြတ်စွာဘုရားအား ဝန်ခံ၏၊မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရာဓ ပိုင်းခြားသိသင့်သော တရားတို့ဟူသည် အဘယ်နည်း၊ ရာဓ ရုပ်သည် ပိုင်းခြား သိသင့်သော တရားတည်း၊ ဝေဒနာသည် ပိုင်းခြားသိသင့်သော တရားတည်း၊ သညာသည်။သင်္ခါရတို့သည်။ဝိညာဏ်သည် ပိုင်းခြား သိသင့်သောတရားတည်း၊ ဤတရားတို့ကို ပိုင်းခြားသိသင့်သောတရားတို့ ဟု ဆိုအပ်ကုန်၏။ ရာဓ ပိုင်းခြားသိခြင်းဟူသည် အဘယ်နည်း၊ စွဲမက်မှုကုန်ခြင်း အမျက်ထွက်မှုကုန်ခြင်း တွေဝေမှုကုန်ခြင်းကို ပိုင်းခြားသိခြင်း ဟု ဆိုအပ်၏။ ရာဓ ပိုင်းခြားသိပြီးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ "ရဟန္တာ" ဟု ဆိုအပ်၏၊ ထိုအသျှင်ကား ဤသို့ အမည်ရှိ၏ ဤသို့ အနွယ် ရှိ၏၊ ရာဓ ဤအသျှင်ကို ပိုင်းခြားသိပြီးသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သမဏသုတ်

၁၆၄။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရာဓ ဥပါဒါနက္ခန္ဓာတို့သည် ဤငါးမျိုးတို့တည်း၊အဘယ်ငါးမျိုးတို့နည်း၊ ရုပ်ဟူသောဥပါဒါနက္ခန္ဓာ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ သညာဟူသော ဥပါဒါနက္ခန္ဓာ သင်္ခါရတို့ဟူသောဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း။

ရာဓ အချို့သော သမဏဗြာဟ္မဏတို့သည် ဤ ဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိကြကုန်။ ရာဓ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏအဖြစ်အကျိုးငှါရင်း ဗြာဟ္မဏအဖြစ် အကျိုးငှါရင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ မနေကြရကုန်။ ရာဓ အချို့သော သမဏဗြာဟ္မဏတို့သည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိကြကုန်၏၊ထိုအသျှင်တို့ကို သမဏတို့၌လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏ အဖြစ်အကျိုးငှါရင်း ဗြာဟ္မဏအဖြစ်အကျိုးငှါရင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေကြရကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ သမဏသုတ်

၁၆၅။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရာဓ ဥပါဒါနက္ခန္ဓာတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်

ငါးမျိုးတို့နည်း၊ ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်း အချို့သော သမဏဗြာဟ္မဏတို့သည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကိုရှင်း ချုပ်ခြင်းကိုရှင်း သာယာဖွယ်ကိုရှင်း အပြစ်ကိုရှင်း ထွက်မြောက်မှုကိုရှင်း ဟုတ်တိုင်းမှန်စွာ မသိကြကုန်။ပ။ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေကြရကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သောတာပန္နသုတ်

၁၆၆။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရဟန်းအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— ရဟန်း ဥပါဒါနက္ခန္ဓာတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ် ငါးမျိုးတို့နည်း၊ ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း၊ ရဟန်း အရိယာ တပည့်သည် ဤ ဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကိုရှင်း ချုပ်ခြင်းကိုရှင်း သာယာဖွယ်ကိုရှင်း အပြစ်ကိုရှင်း ထွက်မြောက်မှုကိုရှင်း ဟုတ်တိုင်းမှန်စွာ သိခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အရဟန္တသုတ်

၁၆၇။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရဟန်းအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်း ဥပါဒါနက္ခန္ဓာတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ် ငါးမျိုးတို့နည်း၊ ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ။ပ။ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်း ဤ ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကိုရှင်း ချုပ်ခြင်းကိုရှင်း သာယာဖွယ်ကိုရှင်း အပြစ်ကိုရှင်း ထွက်မြောက်မှုကိုရှင်း ဟုတ်တိုင်းမှန်စွာသိလျက် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်သောကြောင့် ဤရဟန်းကို အာသဝေါကုန်ပြီးသူ ကျင့်သုံးပြီးသူ ပြုဖွယ်ကိစ္စကို ပြုပြီးသူ ဝန်ကိုချပြီးသူ အရဟတ္တဖိုလ်ဟူသော ကိုယ်ကျိုးသို့ ရောက်ပြီးသူ ဘဝနှောင်ကြိုး သံယောဇဉ် ကုန်ပြီးသူ ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်သူ ရဟန္တာဟု ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဆန္ဒရာဂသုတ်

၁၆၈။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရဟန်းအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်း လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှုကို ပယ်ကြကုန်လော့၊ ဤသို့ပယ်သော် ထိုရုပ်သည် ပယ်အပ်ပြီး အမြစ်ရင်းကိုအကြွင်းမဲ့ ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင် ရာကဲ့သို့ ပြုအပ်ပြီး တဖန် မဖြစ်အောင်ပြုအပ်ပြီး နောင်အခါထပ်၍ဖြစ်ပေါ်ခြင်း သဘော မရှိသည် ဖြစ်လတ္တံ့။ ဝေဒနာ၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှုကို ပယ်ကြကုန်လော့၊

ဤသို့ ပယ်သော် ထိုဝေဒနာသည် ပယ်အပ်ပြီး အမြစ်ရင်းကိုအကြွင်းမဲ့ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ပြုအပ်ပြီး တဖန်မဖြစ်အောင်ပြုပြီး နောင်အခါထပ်၍ ဖြစ်ပေါ်ခြင်းသဘော မရှိသည်ဖြစ်လတ္တံ့။ သညာ၌။ သင်္ခါရတို့၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှုကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သော် ထို သင်္ခါရတို့ကို ပယ်အပ်ပြီး အမြစ်ရင်းကိုအကြွင်းမဲ့ ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ပြုအပ်ပြီ၊ တဖန်မဖြစ်အောင်ပြုပြီး နောင်အခါထပ်၍ ဖြစ်ပေါ်ခြင်း သဘောမရှိကုန်သည် ဖြစ်လတ္တံ့။ ဝိညာဏ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှုကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သော် ထိုဝိညာဏ်ကို ပယ်အပ်ပြီး။ပ။သဘောမရှိကုန်သည် ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဆန္ဒရာဂသုတ်

၁၆၉။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရာဓ ရုပ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက် စွဲလမ်းမှု စိတ်၏ ဆောက်တည်ကြောင်း အမှားနှလုံးသွင်းကြောင်း အနုသယတို့ကို ပယ်ကြကုန်လော့။ ဤသို့ ပယ်သော် ထိုရုပ်သည် ပယ်အပ်ပြီး အမြစ်ရင်းကိုအကြွင်းမဲ့ဖြတ်အပ်ပြီး နုတ်ပြီးသောထန်းပင်ရာကဲ့သို့ပြုအပ်ပြီး တဖန်မဖြစ်အောင်ပြုပြီး နောင်အခါ ထပ်၍ဖြစ်ပေါ်ခြင်း သဘောမရှိသည် ဖြစ်လတ္တံ့။ ဝေဒနာ၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက် စွဲလမ်းမှု စိတ်၏ဆောက်တည်ကြောင်း အမှားနှလုံးသွင်းကြောင်း အနုသယတို့ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သော် ထိုဝေဒနာသည် ပယ်အပ်ပြီး အမြစ်ရင်းကိုအကြွင်းမဲ့ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး။ပ။တဖန်မဖြစ်အောင်ပြုအပ်ပြီး နောင်အခါထပ်၍ ဖြစ်ပေါ်ခြင်း သဘောမရှိသည်ဖြစ်လတ္တံ့။ သညာ၌။ သင်္ခါရတို့၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်စွဲလမ်းမှု စိတ်၏ ဆောက်တည်ကြောင်း အမှားနှလုံးသွင်းကြောင်း အနုသယတို့ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သော် ထိုသင်္ခါရတို့ကို ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီး။ပ။နောင်အခါ ထပ်၍ဖြစ်ပေါ်ခြင်း သဘောမရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ဝိညာဏ်၌ လိုချင်မှု စွဲမက်မှု နှစ်သက်မှု တပ်မက်မှု ကပ်ရောက်စွဲလမ်းမှု စိတ်၏ဆောက်တည်ကြောင်း အမှားနှလုံးသွင်းကြောင်း အနုသယတို့ကို ပယ်ကြကုန်လော့၊ ဤသို့ ပယ်သော် ထို ဝိညာဏ်ကို ပယ်အပ်ပြီး အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ပြုအပ်ပြီး တဖန် မဖြစ်အောင်ပြုပြီး နောင်အခါထပ်၍ ဖြစ်ပေါ်ခြင်း သဘော မရှိသည် ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ပဌမဝဂ် ပြီး၏။

---

## ၂-ဒုတိယဝဂ် ၁-မာရသုတ်

၁၇၀။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား "သေခြင်း သေခြင်း"ဟု ဆိုအပ်ပါ၏၊ အသျှင်

ဘုရား အဘယ်သည် သေခြင်းပါနည်း ဟု (လျှောက်၏)။ ရာဓ ရုပ်သည် သေခြင်းတရားတည်း၊ ဝေဒနာသည် သေခြင်း တရားတည်း၊သညာသည် သေခြင်းတရားတည်း၊ သင်္ခါရတို့သည် သေခြင်းတရားတို့တည်း။ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာ တပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊စွဲမက်မှုကင်းခြင်းကြောင့်(ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-မာရဓမ္မသုတ်

၁၇၁။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "သေခြင်းသဘော သေခြင်းသဘော" ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် သေခြင်း သဘောပါနည်းဟု ဤစကားကို လျှောက်၏။ ရာဓ ရုပ်သည် သေခြင်းသဘောတည်း၊ ဝေဒနာသည် သေခြင်းသဘောတည်း၊ သညာသည် သေခြင်း သဘောတည်း၊ သင်္ခါရတို့သည် သေခြင်း သဘောတို့တည်း၊ဝိညာဏ်သည် သေခြင်းသဘောတည်း။ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အနိစ္စသုတ်

၁၇၂။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "မမြဲ မမြဲ"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် မမြဲပါသနည်းဟု ဤစကားကို လျှောက်၏။ ရာဓ ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲ၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ်သည် မမြဲ။ ဤသို့ မြင်သော။ပ။ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အနိစ္စဓမ္မသုတ်

၁၇၃။ သာဝတ္ထိနိဒါန်း။တခုသော နေရာ၌ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "မမြဲခြင်း သဘော မမြဲခြင်း သဘော" ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် မမြဲခြင်းသဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် မမြဲခြင်းသဘောတည်း၊ ဝေဒနာသည် မမြဲခြင်းသဘောတည်း၊ သညာသည် မမြဲခြင်း သဘောတည်း၊ သင်္ခါရတို့သည် မမြဲခြင်းသဘောတို့တည်း၊ ဝိညာဏ်သည် မမြဲခြင်းသဘောတည်း၊ ဤသို့ မြင်သော။ပ။ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုက္ခသုတ်

၁၇၄။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား"ဆင်းရဲ ဆင်းရဲ"ဟု ဆိုအပ်ပါ၏။အသျှင်ဘုရား အဘယ်သည် ဆင်းရဲပါနည်းဟု ဤစကားကို လျှောက်၏။ ရာဓ ရုပ်သည် ဆင်းရဲတည်း၊ ဝေဒနာသည် ဆင်းရဲတည်း၊ သညာသည် ဆင်းရဲတည်း၊ သင်္ခါရတို့သည် ဆင်းရဲတို့တည်း၊ ဝိညာဏ်သည် ဆင်းရဲတည်း။ ဤသို့ မြင်သော။ပ။ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏ ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုက္ခဓမ္မသုတ်

၁၇၅။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ဆင်းရဲခြင်းသဘော ဆင်းရဲခြင်း သဘော"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် ဆင်းရဲခြင်းသဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ဆင်းရဲခြင်းသဘောတည်း၊ ဝေဒနာသည် ဆင်းရဲခြင်းသဘောတည်း၊ သညာသည် ဆင်းရဲခြင်း သဘောတည်း၊ သင်္ခါရတို့သည် ဆင်းရဲခြင်း သဘောတို့တည်း၊ ဝိညာဏ်သည် ဆင်းရဲခြင်း သဘောတည်း။ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အနတ္တသုတ်

၁၇၆။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ကိုယ်'အတ္တ'မဟုတ် ကိုယ်'အတ္တ' မဟုတ်"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် ကိုယ်'အတ္တ' မဟုတ်ပါသနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ ဝေဒနာသည် ကိုယ်'အတ္တ'မဟုတ်၊ သညာသည် ကိုယ်'အတ္တ'မဟုတ်၊ သင်္ခါရတို့သည် ကိုယ်'အတ္တ' မဟုတ်ကုန်၊ ဝိညာဏ်သည် ကိုယ်'အတ္တ' မဟုတ်။ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အနတ္တဓမ္မသုတ်

၁၇၇။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ကိုယ်'အတ္တ'မဟုတ်သော သဘော ကိုယ်'အတ္တ'မဟုတ်သော သဘော"

ဟု ဆိုပါ၏၊ အသျှင်ဘုရား အဘယ်သည် ကိုယ်'အတ္တ'မဟုတ်သော သဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ကိုယ်'အတ္တ' မဟုတ်သော သဘောတည်း၊ ဝေဒနာသည် ကိုယ်'အတ္တ' မဟုတ်သော သဘောတည်း၊ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကိုယ် 'အတ္တ' မဟုတ်သော သဘောတည်း၊ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ခယဓမ္မသုတ်

၁၇၈။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ကုန်ခြင်းသဘော ကုန်ခြင်းသဘော"ဟု ဆိုအပ်ပါ၏။ အသျှင်ဘုရား အဘယ်သည် ကုန်ခြင်းသဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ကုန်ခြင်းသဘောတည်း၊ ဝေဒနာသည် ကုန်ခြင်းသဘောတည်း၊ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ကုန်ခြင်းသဘောတည်း၊ ဤသို့ မြင်သော။ပ။ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟုသိ၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဝယဓမ္မသုတ်

၁၇၉။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ပျက်ခြင်းသဘော ပျက်ခြင်းသဘော"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် ပျက်ခြင်းသဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ပျက်ခြင်းသဘောတည်း။ ဝေဒနာသည် ပျက်ခြင်း သဘောတည်း၊ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ပျက်ခြင်း သဘောတည်း၊ ဤသို့ မြင်သော။ပ။ ဤ မဂ်ကိစ္စအလို့ငှါတပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-သမုဒယဓမ္မသုတ်

၁၈၀။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ဖြစ်ပေါ်ခြင်း သဘော ဖြစ်ပေါ်ခြင်း သဘော"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်သည် ဖြစ်ပေါ်ခြင်း သဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ဖြစ်ပေါ်ခြင်းသဘောတည်း၊ ဝေဒနာသည် ဖြစ်ပေါ်ခြင်း သဘောတည်း၊ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ဖြစ်ပေါ်ခြင်း သဘောတည်း။ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

## ၁၂-နိရောဓဓမ္မသုတ်

၁၈၁။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား "ချုပ်ခြင်းသဘော ချုပ်ခြင်းသဘော" ဟု ဆိုအပ်ပါ၏၊ အဘယ်သည် ချုပ်ခြင်းသဘောပါနည်းဟု လျှောက်၏။ ရာဓ ရုပ်သည် ချုပ်ခြင်းသဘောတည်း၊ ဝေဒနာသည် ချုပ်ခြင်းသဘောတည်း၊ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ချုပ်ခြင်းသဘောတည်း၊ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်

ဒုတိယဝဂ် ပြီး၏။

---

## ၃-အာယာစနဝဂ် ၁-မာရာဒိသုတ္တကောဒသကသုတ်

၁၈၂။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားကို ကြားနာပြီးလျှင် တယောက်ဘည်း ကိန်းအောင်းလျက် မမေ့မလျော့ လုံ့လပြုကာ နိဗ္ဗာန်သို့ စေလွှတ်သောစိတ် ရှိသည်ဖြစ်၍ နေလိုပါ၏" ဟု (ဤစကားကို လျှောက်၏)။

ရာဓ သေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကိုပယ်ရမည်၊ ရာဓ အဘယ်သည် သေခြင်းနည်း။ ရုပ်သည် သေခြင်းတည်း၊ ထိုသေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်'မှုဆန္ဒရာဂ'ကို ပယ်ရမည်၊ ဝေဒနာသည် သေခြင်းတည်း၊ ထိုသေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ပ။ သညာသည် သေခြင်းတည်း၊ ထိုသေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ပ။ သင်္ခါရတို့သည် သေခြင်းတည်း၊ ထိုသေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ပ။ ဝိညာဏ်သည် သေခြင်းတည်း၊ ထိုသေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ ရာဓ သေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု 'ရာဂ'ကို လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို သင်ပယ်ရမည်။

၁၈၃။ ရာဓ သေခြင်းသဘောရှိသောတရား၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည်။

၁၈၄။ ရာဓ မမြဲသောတရား၌။ပ။

၁၈၅။ ရာဓ မမြဲသောသဘောတရား၌။ပ။

၁၈၆။ ရာဓ ဆင်းရဲသောတရား၌။ပ။

၁၈၇။ ရာဓ ဆင်းရဲသောသဘောတရား၌။ပ။

၁၈၈။ ရာဓ ကိုယ်'အတ္တ'မဟုတ်သော တရား၌။ပ။

၁၈၉။ ရာဓ ကိုယ်'အတ္တ'မဟုတ်သော သဘောတရား၌။ပ။

၁၉၀။ ရာဓ ကုန်ခြင်းသဘော၌။ပ။

၁၉၁။ ရာဓ ပျက်ခြင်းသဘောတရား၌။ပ။

၁၉၂။ ရာဓ ဖြစ်ပေါ်ခြင်း သဘောတရား၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည်။ပ။

## ၁၂-နိရောဓဓမ္မသုတ်

၁၉၃။ သာဝတ္ထိနိဒါန်း။ အသျှင်ရာဓသည် မြတ်စွာဘုရား အား "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားကို ကြားနာပြီးလျှင် တယောက်တည်း ကိန်းအောင်းလျက် မမေ့မလျော့ လုံ့လပြုကာ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု (ဤစကားကို လျှောက်၏)။

ရာဓ ချုပ်ခြင်းသဘောတရား၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည်၊ ရာဓ အဘယ်သည် ချုပ်ခြင်းသဘောနည်း၊ ရာဓ ရုပ်သည် ချုပ်ခြင်းသဘောတည်း၊ ထိုရုပ်၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်၊ပ။ဝေဒနာသည် ချုပ်ခြင်းသဘောတည်း၊ ထိုဝေဒနာ၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်၊ သညာသည် ချုပ်ခြင်းသဘောတည်း၊ ထိုချုပ်ခြင်းသဘော၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ သင်္ခါရတို့သည် ချုပ်ခြင်းသဘောတည်း၊ ထိုသင်္ခါရတို့၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ပ။ဝိညာဏ်သည် ချုပ်ခြင်းသဘောတည်း၊ ထိုဝိညာဏ်၌ လိုချင်မှု 'ဆန္ဒ'ကို သင်ပယ်ရမည်၊ပ။ ရာဓ ချုပ်ခြင်းသဘော၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင် စွဲမက်မှု'ဆန္ဒရာဂ'ကို သင်ပယ်ရမည် ဟု (မိန့်တော်မူ၏)။

သုံးခုမြောက် အာယာစနဝဂ် ပြီး၏။

---

## ၄-ဥပနိသိန္နဝဂ် ၁-၁၁-မာရာဒိသုတ္တကောဒသကသုတ်

၁၉၄။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— ရာဓ သေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင် စွဲမက်မှု'ဆန္ဒရာဂ'ကို သင်ပယ်ရမည်၊ ရာဓ အဘယ်သည် သေခြင်းနည်း၊ ရာဓ ရုပ်သည် သေခြင်းတည်း။ ထိုသေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ပ။ ဝိညာဏ်သည် သေခြင်းတည်း၊ ထို သေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်။ပ။ရာဓ သေခြင်း၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု 'ရာဂ'ကို လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို သင်ပယ်ရမည် ဟု မိန့်တော်မူ၏။

၁၉၅။ ရာဓ သေခြင်းသဘောတရား၌ လိုချင်မှု'ဆန္ဒ'ကို သင်ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို သင် ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည်။ပ။

၁၉၆။ ရာဓ မမြဲသော တရား၌။ပ။

၁၉၇။ ရာဓ မမြဲခြင်းသဘောတရား၌။ပ။

၁၉၈။ ရာဓ ဆင်းရဲသောတရား၌။ပ။

၁၉၉။ ရာဓ ဆင်းရဲခြင်းသဘောတရား၌။ပ။

၂၀၀။ ရာဓ ကိုယ်'အတ္တ' မဟုတ်သော တရား၌။ပ။

၂၀၁။ ရာဓ ကိုယ်'အတ္တ'မဟုတ်သော သဘောတရား၌။ပ။

၂၀၂။ ရာဓ ကုန်ခြင်းသဘောတရား၌။ပ။

၂၀၃။ ရာဓ ပျက်ခြင်းသဘောတရား၌။ပ။

၂၀၄။ ရာဓ ဖြစ်ပေါ်ခြင်း သဘောတရား၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၂-နိရောဓဓမ္မသုတ်

၂၀၅။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဓအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရာဓ ချုပ်ခြင်းသဘောတရား၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို သင်ပယ်ရမည်။ ရာဓ အဘယ်သည် ချုပ်ခြင်း သဘောနည်း၊ ရာဓ ရုပ်သည် ချုပ်ခြင်းသဘောတည်း၊ ထိုရုပ်၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည်၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ချုပ်ခြင်းသဘောတည်း၊ထိုချုပ်ခြင်းသဘော၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို သင်ပယ်ရမည်။ ရာဓ ချုပ်ခြင်းသဘော၌ လိုချင်မှု'ဆန္ဒ'ကို စွဲမက်မှု'ရာဂ'ကို လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို သင်ပယ်ရမည် ဟု (မိန့်တော်မူ၏)။

လေးခုမြောက် ဥပနိသိန္နဝဂ် ပြီး၏။

ရာဓသံယုတ် ပြီး၏။

# ၃-ဒိဋ္ဌိသံယုတ်

## ၁-သောတာပတ္တိဝဂ် ၁-ဝါတသုတ်

၂၀၆။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ "လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လ နေတို့သည် မထွက်ကုန်၊မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏" ဟု ဤသို့သော အယူဖြစ်သနည်း။

အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏၊ မြတ်စွာဘုရားသာ ရှေ့ဆောင် ဖြစ်ပါကုန်၏၊ မြတ်စွာဘုရားသာ အားထားရာ ရှိပါကုန်၏၊ "အသျှင်ဘုရား တောင်းပန်ပါ၏၊ ထိုစကား၏အနက်ကို မြတ်စွာဘုရားဉာဏ်၌ ထင်ပါစေလော့၊ မြတ်စွာဘုရားအထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့"ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ သို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပြအံ့ဟု (မိန့်တော်မူ၏)။"ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ "လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လ နေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏"ဟု ဤသို့သော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ "လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လ နေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏"ဟု ဤသို့သော အယူ ဖြစ်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ချမ်းသာလော၊ ဆင်းရဲလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသောရုပ်ကို အစွဲမပြုခဲ့မူ "လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လနေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏"ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ဝေဒနာသည် မြဲသလော၊မမြဲသလော။သညာသည်။သင်္ခါရတို့သည်။ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။မမြဲပါ အသျှင်ဘုရား။မမြဲသော ဝိညာဏ်သည် ချမ်းသာလော၊ဆင်းရဲလော။ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ "လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လနေတို့ သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏"ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့ အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့် တွေးဆ အပ်သောအရာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော အရာသည်

ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော အရာကို အစွဲမပြုခဲ့မူ "လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လနေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏"ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲချုပ်ရာ၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယသုတ်

၂၀၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ "ဤတရားသည် ငါ့ဥစ္စာဖြစ်၏၊ ဤတရားသည် ငါဖြစ်၏၊ ဤတရားသည် ငါ၏ကိုယ် 'အတ္တ' တည်း"ဟု ဤသို့သော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်း ဟု ဤသို့သော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ "ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု ဤသို့သော အယူသည်ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ပ။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ဝိညာဏ်ကို အစွဲမပြုခဲ့မူ "ဤဝိညာဏ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' တည်း"ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သော အရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့် တွေးဆအပ်သောအရာသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော အရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော အရာကို အစွဲမပြုခဲ့မူ "ဤတရားသည် ငါ့ဥစ္စာဖြစ်၏၊ ဤတရားသည်ငါဖြစ်၏၊ ဤတရားသည် ငါ၏ကိုယ် 'အတ္တ'တည်း"ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို

ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သောအတ္တာသုတ်

၂၀၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ "ထိုအတ္တသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်း သဘောမရှိသည် ဖြစ်လတ္တံ့"ဟူသော ဤအယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။

ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ "ထိုအတ္တသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘောမရှိသည် ဖြစ်လတ္တံ့"ဟူသော ဤအယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ "ထိုအတ္တသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘော မရှိသည် ဖြစ်လတ္တံ့"ဟူသော ဤအယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ဝိညာဏ်ကို အကယ်၍ "အစွဲမပြုခဲ့မူ ထိုအတ္တသည်။ပ။ ဖောက်ပြန်ခြင်း သဘောမရှိသည်ဖြစ်လတ္တံ့"ဟူသောဤအယူသည် ဖြစ်နိုင်ရာသလော၊မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။မမြဲပါ အသျှင်ဘုရား။ ဤဝိညာဏ်ကို အစွဲမပြုခဲ့မူ "ထိုအတ္တသည်။ပ။ဖောက်ပြန်ခြင်းသဘောမရှိသည် ဖြစ်လတ္တံ့" ဟူသော ဤအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့် တွေးဆအပ်သောအရာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ထိုမမြဲသော တရားကို အစွဲမပြုခဲ့မူ ထိုအတ္တသည် ထိုလောကသည် ထိုငါသည် တမလွန်ဘဝ၌ မြဲသည် ခိုင်ခံ့သည် တည်တံ့သည် ဖောက်ပြန်ခြင်းသဘောမရှိသည် ဖြစ်လတ္တံ့ ဟူသော ဤအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-နောသောမေ (သိယာ) သုတ်

၂၀၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကိုအစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ "ငါဟူ၍ မဖြစ်ခဲ့လျှင် ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့လတ္တံ့ ဟု ဆိုလျှင် ငါ့ဥစ္စာဟူ၍ မဖြစ်တော့လတ္တံ့" ဟု ဤသို့သော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏ ။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ "ငါဟူ၍မဖြစ်ခဲ့လျှင် ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့ဟု ဆိုလျှင် ငါ့ဥစ္စာဟူ၍ မဖြစ်တော့လတ္တံ့" ဟု ဤသို့သော အယူသည်ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အပြုစွဲ၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ "ငါဟူ၍မဖြစ်ခဲ့လျှင် ငါ့ဥစ္စာဟူ၍မဖြစ်ရာ၊ ငါမဖြစ်တော့လတ္တံ့ ဟု ဆိုလျှင် ငါ့ဥစ္စာဟူ၍မဖြစ်တော့လတ္တံ့" ဟု ဤသို့သော အယူသည်ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ထိုရုပ်ကို အစွဲမပြုခဲ့မူ "ငါဟူ၍ မဖြစ်ခဲ့လျှင်၊ ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့လတ္တံ့ ဟု ဆိုလျှင် ငါ့ဥစ္စာဟု မဖြစ်တော့လတ္တံ့" ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ စိတ်ဖြင့်တွေးဆအပ်သောအရာသည်လည်း မြဲသလော၊ မမြဲသလော၊ မမြဲပါ အသျှင်ဘုရား။ပ။ ထိုတရားကို အစွဲမပြုခဲ့မူ "ငါဟူ၍ မဖြစ်ခဲ့လျှင် ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ ငါမဖြစ်တော့လတ္တံ့ ဟု ဆိုလျှင် ငါ့ဥစ္စာဟု မဖြစ်တော့လတ္တံ့" ဟု ဤသို့သောအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-နတ္ထိဒိန္နသုတ်

၂၀၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ဤသို့သော အယူသည် ဖြစ်သနည်း။ ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုန်းပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသော လောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း

ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယာမဂ်သို့ရောက်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် လောက၌ မရှိကုန်၊ ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏။ ရေဓာတ်သည် ရေဓာတ်အစုသို့ဆိုက်၏၊ ရောက်၏။ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏၊ရောက်၏။ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏။နာမ်ဣန္ဒြေ တို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက်ရှိသော ယောကျ်ားတို့သည် သူသေကောင်ကို ယူ၍ သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏၊ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည် (ပေးလှူခြင်းစသည်)ရှိ၏ ဟူသော ဝါဒကို ပြောဟောကုန်၏၊ ထိုသူတို့၏စကားသည် အချည်းနှီးဖြစ်ကုန်၏၊ မှားယွင်းကုန်၏၊ ယောင်ယမ်း ပြောဆိုသော စကားဖြစ်၏၊ လူမိုက် ဖြစ်စေ ပညာရှိဖြစ်စေ ခန္ဓာကိုယ် ပျက်စီးလျှင် ပြတ်စဲကုန်၏၊ ပျက်စီးကုန်၏၊ သေသည်မှနောက်၌ မရှိကုန် ဟု ဤသို့သော အယူဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ ပေးလှူခြင်းမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ။ပ။ ခန္ဓာကိုယ် ပျက်စီးသော် အသက်ပြတ်ကုန်၏၊ ပျောက်ပျက်ကုန်၏၊ သေပြီးသည်မှ နောက်၌ မဖြစ်ကုန်ဟု ဤသို့သော အယူသည်ဖြစ်၏၊ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ ပေးလှူခြင်းမရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ။ပ။ ခန္ဓာကိုယ် ပျက်စီးသော် အသက် ပြတ်ကုန်၏၊ ပျောက်ပျက်ကုန်၏၊ သေပြီးသည်မှ နောက်၌ မဖြစ်ကုန်ဟု ဤသို့သော အယူသည် ဖြစ်၏။

ရဟန်းတို့ ထို အရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ထိုရုပ်ကို အစွဲမပြုခဲ့လျှင် ပေးလှူခြင်းသည်မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ။ပ။ ခန္ဓာကိုယ် ပျက်စီးသော် အသက်ပြတ်ကုန်၏၊ ပျောက်ပျက်ကုန်၏၊သေပြီးသည်မှ နောက်၌ မဖြစ်ကုန်ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ထိုဝိညာဏ်ကို အစွဲမပြုခဲ့မူ ပေးလှူခြင်းသည်မရှိ၊ ယဇ်ပူဇော်ခြင်းသည်မရှိ။ပ။ခန္ဓာကိုယ် ပျက်စီးသော် အသက်ပြတ်ကုန်၏၊ ပျောက်ပျက်ကုန်၏၊ သေပြီးသည်မှ နောက်၌ မဖြစ်ကုန်ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့် တွေးဆအပ်သောအရာသည်လည်း မြဲသလော၊မမြဲသလော။မမြဲပါ အသျှင်ဘုရား။ပ။ ထိုတရားကို အစွဲမပြုခဲ့လျှင် ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ။ပ။ ခန္ဓာကိုယ် ပျက်စီးသော် အသက် ပြတ်ကုန်၏၊ ပျောက်ပျက်ကုန်၏၊ သေပြီးသည်မှ နောက်၌ မဖြစ်ကုန်ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို

ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေ မြဲသော အထက်မဂ်သုံးပါးလျှင် လားရာ ရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆--ကရောတောသုတ်

၂၁၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ဤသို့သော အယူဖြစ်ပေါ်နိုင်သနည်း "ပြုသူ ပြုစေသူ ဖြတ်သူ ဖြတ်စေသူ နှိပ်စက်သူ နှိပ်စက်စေသူ ပူဆွေးအောင် ပြုသူ ပြုစေသူ ပင်ပန်းအောင်ပြုသူ ပြုစေသူ တုန်လှုပ်သူ တုန်လှုပ်စေသူ အသက်ကို သတ်သူ (သတ်စေသူ) ခိုးယူသူ (ခိုးယူစေသူ) အိမ်ကို ဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ)(ရွာကို)တိုက်ခိုက်လုယူသူ (တိုက်ခိုက်လုယူစေသူ) တအိမ်တည်းကို တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ)ခရီးလမ်း၌ စောင့်၍ လုယက်သူ (လုယက်စေသူ) သူ့မယားကို သွားလာသူ (သွားလာစေသူ) မမှန်စကားကို ပြောသူ (ပြောစေသူ)တို့သည် မကောင်းမှုကို ပြုအပ်သော်လည်း ပြုအပ်သည် မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တစုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှု ဖြစ်ခြင်း မရှိ၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသောသူသည်လည်း အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ်စက်စေလျက် သွားစေကာမူ ထို(သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှု ဖြစ်ခြင်း မရှိ၊ ဂင်္ဂါမြစ်၏ မြောက်ဖက်ကမ်း၌ နေသောသူသည်လည်း လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားစေကာမူ ထိုလှူခြင်း (စသော အကြောင်း) ကြောင့် ကောင်းမှု မရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ၊ အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှု မရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ" ဟု ဤသို့သော အယူဖြစ်သနည်း။ မြတ်စွာဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ "ပြုသူ ပြုစေသူ။ပ။ ကောင်းမှုသည် မရှိ၊ ကောင်းမှုဖြစ်ပေါ်ခြင်း မရှိ" ဟု ဤသို့သောအယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ "ပြုသူ ပြုစေသူ။ပ။ ကောင်းမှုသည် မရှိ၊ ကောင်းမှု ဖြစ်ပေါ်ခြင်းသည် မရှိ" ဟု ဤသို့သော အယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ထိုရုပ်ကို အစွဲမပြုခဲ့မူ "ပြုသူ ပြုစေသူ။ပ။ ကောင်းမှုသည် မရှိ၊ ကောင်းမှု ဖြစ်ပေါ်ခြင်းသည် မရှိ" ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဝိညာဏ်ကို အစွဲမပြုခဲ့မူ "ပြုသူ။ပ။ ကောင်းမှုသည် မရှိ၊ ကောင်းမှု ဖြစ်ပေါ်ခြင်းသည် မရှိ" ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်

အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့် တွေးဆအပ်သောအရာသည်လည်း မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ထိုဘရားကို အစွဲမပြုခဲ့မူ "ပြုသူ ပြုစေသူ။ပ။ကောင်းမှုသည်မရှိ၊ ကောင်းမှုဖြစ်ပေါ်ခြင်းသည် မရှိ"ဟု ဤသို့သောအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာဘပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဟေတုသုတ်

၂၁၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကိုအစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ဤသို့သော အယူသည်ဖြစ်သနည်း "သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်းမရှိ အထောက်အပံ့မရှိပဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏၊ သတ္တဝါတို့စင်ကြယ်ရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်းမရှိ၊ အထောက်အပံ့မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ [မိမိပြုလုပ်မှုသည် မရှိ၊ သူတပါးကို ပြုလုပ်ပေးမှုသည် မရှိ၊ ယောကျ်ားတို့ ပြုလုပ်မှုသည် မရှိ][1] ခွန်အားသည် မရှိ၊ လုံ့လသည် မရှိ၊ ယောကျ်ားတို့ ခွန်အားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည် မရှိ၊ အလုံးစုံသောသတ္တဝါ အလုံးစုံသော သက်ရှိသတ္တဝါ အလုံးစုံသော ထင်ရှားဖြစ်သောသတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်း မရှိကုန်၊ ခွန်အားမရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူး ခြောက်မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏"ဟူသော အယူဖြစ်သနည်း။ မြတ်စွာဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ အကြောင်း မရှိ၊ အထောက်အပံ့ မရှိ။ပ။ချမ်းသာဆင်းရဲကို ခံစားရကုန်၏ဟု ဤသို့သော အယူသည် ဖြစ်၏။ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကိုအစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ အကြောင်း မရှိ၊ အထောက်အပံ့ မရှိ။ပ။ ချမ်းသာဆင်းရဲကို ခံစားရကုန်၏ဟု ဤသို့သော အယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ "အကြောင်း မရှိ၊ အထောက်အပံ့ မရှိ။ပ။ ချမ်းသာဆင်းရဲကို ခံစားရကုန်၏"ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဝိညာဏ်ကို အစွဲမပြုခဲ့မူ "အကြောင်း မရှိ၊

---

[1] ၁-ဤသံ သုတ်ပါဠိတော်၌ ကွင်းအတွင်း[ ]စကားရပ်မပါ၊ သီလက္ခန္ဓဝဂ္ဂပါဠိ သာမညဖလသုတ်၌ ဒုပြည့်အစုံ ပါရှိသည်။

အထောက်အပံ့ မရှိ။ပ။ ချမ်းသာဆင်းရဲကို ခံစားရကုန်၏”ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။မဖြစ်နိုင်ရာပါ အသျှင်ဘုရား။မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့်တွေးဆအပ်သောအရာသည်လည်း မြဲသလော၊ မမြဲသလော။မမြဲပါ အသျှင်ဘုရား။ပ။ဤတရားကို အစွဲမပြုခဲ့မူ “အကြောင်း မရှိ၊ အထောက်အပံ့ မရှိ။ပ။ ချမ်းသာဆင်းရဲကို ခံစားရကုန်၏”ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-မဟာဒိဋ္ဌိသုတ်

၂၁၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်ဘရားရှိလျှင် အဘယ်တရားကိုအစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ဤသို့သော အယူသည် ဖြစ်သနည်း။ ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ် ထားအပ်သည် မဟုတ်ကုန်၊ ပြုလုပ် ထားစေအပ်သည် မဟုတ်ကုန်၊ဖန်ဆင်း ထားအပ်သည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေအပ်သည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထို အစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှင်း ဆင်းရဲရန်ငှင်း ချမ်းသာဆင်းရဲရန်ငှင်း မတတ်နိုင်ကုန်။ ခုနစ်ပါးတို့ ဟူသည် အဘယ်နည်း၊ မြေအစု ရေအစု မီးအစု လေအစု ချမ်းသာဆင်းရဲ ခုနစ်ခုမြောက် အသက်တို့တည်း၊ ဤ ခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားအပ်သည် မဟုတ်ကုန်၊ ပြုလုပ်ထားစေအပ်သည် မဟုတ်ကုန်၊ ဖန်ဆင်းထားအပ်သည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေအပ်သည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊အချင်းချင်း ချမ်းသာရန်ငှင်း ဆင်းရဲရန်ငှင်း ချမ်းသာဆင်းရဲရန်ငှင်း မတတ်နိုင်ကုန်၊ [ထိုအစုတို့၌ သတ်သူ သတ်စေသူ ကြားသူ ကြားစေသူ သိသူ သိစေသူများ မရှိကုန်၊][၁] အကြင်သူသည် ထက်စွာသောလက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ ထိုသူသည်လည်း တဦးတယောက်ကိုမျှ သတ်သည် မမည်၊လက်နက်သည် ခုနစ်ပါးသော အစုတို့၏အကြား ဟင်းလင်းသို့ ကျရောက်၏ဟု အယူရှိ၏၊ ဤတသန်း လေးသိန်း ခြောက်ထောင် ခြောက်ရာသော အဓိက သတ္တဝါမျိုးများ ငါးရာသောကံများ ငါးပါးသောကံများ သုံးပါးသောကံများ (ပြည့်သော)ကံများ ထက်ဝက်သောကံများ ခြောက်ဆယ့်နှစ်ပါးသောအကျင့်များ ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်များ ခြောက်မျိုးသောဇာတ်အထူးများ ရှစ်ပါးသောယောကျ်ားတို့၏အရွယ်များ လေးထောင့်

---

၁-[ ]ကွင်းအတွင်း စကားရပ်များ ဤသံယုတ်ပါဠိတော်၌ မပါ၊ သီလက္ခန္ဓဝဂ္ဂပါဠိ သာမညဖလသုတ်၌ အပြည့်အစုံ ပါရှိသည်။

ကိုးရာသော အသက်မွေးမှုများ လေးထောင့်ကိုးရာသောပရိဗိုဇ်များ လေးထောင့်ကိုးရာသောနဂါးတို့နေရာများ နှစ်ထောင်သော ဣန္ဒြေများ သုံးထောင်သောငရဲများ သုံးဆယ့်ခြောက်မျိုးသော မြူဓာတ် (တည်ရာ)များ ခုနစ်မျိုးသောသညာရှိပဋိသန္ဓေများ ခုနစ်မျိုးသောသညာမဲ့ပဋိသန္ဓေများ ခုနစ်မျိုးသော အဆစ်ပဋိသန္ဓေများ ခုနစ်မျိုးသောနတ်များ ခုနစ်မျိုးသောလူများ ခုနစ်မျိုးသော မြေဘုတ်ဘီလူးများ ခုနစ်ခုသောအိုင်ကြီးများ ခုနစ်ခုသောအဖုကြီးများ ခုနစ်ရာသော အဖုငယ်များ ခုနစ်ခုသော ချောက်ကြီးများ ခုနစ်ရာသောချောက်ငယ်များ ခုနစ်ခုသော အိပ်မက်ကြီးများ ခုနစ်ရာသော အိပ်မက်ငယ်များ ရှစ်သန်းလေးသိန်းသောမဟာကပ်များ ရှိကုန်၏၊ ယင်း (မဟာကပ်တို့)ပတ်လုံး လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့၊ ထိုအတွင်း (ဆင်းရဲကုန်ဆုံးခြင်း) မရှိ၊ ငါသည် ဤသီလဖြင့်သော်၎င်း ဤကျင့်ဝတ်ဖြင့်သော်၎င်း ဤခြိုးခြံမှုဖြင့်သော်၎င်း ဤအကျင့်မြတ်ဖြင့်သော်၎င်း မရင့်သေးသောကံကိုမူလည်း ရင့်စေမည်၊ ရင့်ပြီးသော ကံကိုမူလည်း တွေ့၍တွေ့၍ ပျက်စီးစေမည်ဟု ဤသို့ ပြုပြင်နိုင်ခြင်း မရှိ၊ ချမ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ဖြစ်၏၊ သံသရာသည် အပိုင်းအခြား ပြုထားပြီးဖြစ်၏ အတိုးအဆုတ်မရှိ၊ အလွန်အယုတ်မရှိ၊ ချည်လုံးကိုပစ်လိုက်သော်(ချည်ရှိသရွေ့)သာ ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွား ကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုလတ္တံ့ဟု ဤသို့သော အယူဖြစ်သနည်း။

အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ ဤ ကိုယ်ခုနစ်မျိုးတို့ကို ပြုပြင်၍ မရကုန်၊ စီရင်၍ မရကုန်။ပ။ ကုန်ဆုံး လတ္တံ့ဟု ဤသို့သော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်၊ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ ဤကိုယ်ခုနစ်မျိုးတို့ကို ပြုပြင်၍ မရကုန်၊ စီရင်၍ မရကုန်။ပ။ကုန်ဆုံးလတ္တံ့ဟု ဤသို့သော အယူသည်ဖြစ်၏။ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင် ကြသနည်း၊ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ ဤကိုယ်ခုနစ်မျိုးတို့ကို ပြုပြင်၍ မရကုန်၊ စီရင်၍ မရကုန်။ပ။ ကုန်ဆုံးလတ္တံ့ ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သော အရာ စိတ်ဖြင့် တွေးဆအပ်သောအရာသည်လည်း မြဲသလော၊မမြဲသလော။မမြဲပါ အသျှင်ဘုရား။ ။ပ။ ထိုတရားကို အစွဲမပြုခဲ့မူ ဤ ကိုယ်ခုနစ်မျိုးတို့ကို ပြုပြင်၍ မရကုန်၊ စီရင်၍ မရကုန်။ပ။ ချမ်းသာဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်လတ္တံ့ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသောအရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသောကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သဿတဒိဋ္ဌိသုတ်

၂၁၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လောကသည် မြဲ၏ဟု ဤသို့သော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ လောကသည် မြဲ၏ ဟု ဤသို့သော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ သင်္ခါရတို့ ရှိလျှင်။ ဝိညာဏ်ရှိလျှင်။ ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ လောကသည် မြဲ၏ ဟု ဤသို့သောအယူသည် ဖြစ်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို အစွဲမပြုခဲ့လျှင် လောကသည် မြဲ၏ ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဝိညာဏ်ကို အစွဲမပြုခဲ့လျှင် လောကသည် မြဲ၏ဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့်တွေးဆအပ်သော အရာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောအရာသည် ဆင်းရဲလော၊ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဤတရားကိုအစွဲမပြုခဲ့လျှင် လောကသည် မြဲ၏ဟု ဤသို့သောအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အသဿတဒိဋ္ဌိသုတ်

၂၁၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လောကသည် မမြဲဟု ဤသို့သော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍။ပ။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဝိညာဏ်ကို အစွဲမပြုခဲ့လျှင် လောကသည် မမြဲဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်

သောအရာ စိတ်ဖြင့်တွေးဆအပ်သော အရာသည်လည်း မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဤတရားကိုအစွဲမပြုခဲ့လျှင် လောကသည် မမြဲဟု ဤသို့သော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ပ။ ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-အန္တဝါသုတ်

၂၁၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လောကသည် အဆုံးရှိ၏ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

## ၁၂-အနန္တဝါသုတ်

၂၁၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လောကသည် အဆုံးမရှိဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ၁၃-တံဇီဝံ တံသရီရံသုတ်

၂၁၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ် တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ထိုအသက်သည် ထိုကိုယ်တည်းဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

## ၁၄-အညံဇီဝံ အညံသရီရံသုတ်

၂၁၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ အသက်တခြား ကိုယ်တခြားဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

---

## ၁၅-ဟောတိတထာဂတောသုတ်

၂၂၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်၏ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပန္နရသမသုတ်။

---

## ၁၆-နဟောတိတထာဂတောသုတ်

၂၂၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှနောက်၌ မဖြစ်ဟူသောအယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သောဠသမသုတ်။

---

## ၁၇-ဟောတိစ နစဟောတိတထာဂတောသုတ်

၂၂၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ် ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တရသမသုတ်။

## ၁၈-နေဝ ဟောတိ န နဟောတိ တထာဂတောသုတ်

၂၂၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်သနည်း။အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်၏။ပ။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်သည်း မဟုတ်ဟူသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ မြင်အပ်သောအရာ ကြားအပ်သောအရာ တွေ့အပ်သောအရာ သိအပ်သောအရာ ရောက်အပ်သောအရာ ရှာအပ်သောအရာ စိတ်ဖြင့် တွေးအပ်သောအရာသည်လည်း မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော အရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော တရားကို အစွဲမပြုခဲ့မူ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤဆိုအပ်ခဲ့ပြီးသော အရာတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ (ထိုအခါ) ထိုအရိယာတပည့်သည် ဆင်းရဲခြင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်း၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲချုပ်ရာ၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏၊ ရဟန်းတို့ ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌာရသမသုတ်။

သောတာပတ္တိဝဂ် ပြီး၏။

အဋ္ဌာရသ ဝေယျာကရဏ ပြီး၏။

---

## ၂-ဒုတိယဂမနဝဂ် ၁-ဝါတသုတ်

၂၂၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လ နေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာ

ဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ဟူသော အယူသည် ဖြစ်၏။ ဝေဒနာ ရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ လေတို့သည် မတိုက်ကုန်။ပ။ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား ။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ လေတို့သည် မတိုက်ကုန်။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်နိုင်ရာသလော။မဖြစ်နိုင်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ ဤသို့ ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ လေတို့ သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လ နေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၂၂၅-၂၄၀။ [ရှေ့ဝဂ်၌ကဲ့သို့ ဖြေပုံ တဆယ့်ရှစ်မျိုးတို့ကို ချဲ့ရမည်]။

သတ္တရသမသုတ်။

### ၁၈-နေဝ ဟောတိ န နဟောတိသုတ်

၂၄၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ် တရားကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ် သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည်

ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ ။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အယူသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌာရသမသုတ်။

---

## ၁၉-ရူပီအတ္တာသုတ်

၂၄၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ အတ္တသည် ရုပ်ရှိ၏၊ သေပြီးသည်မှ နောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ရုပ်ရှိ၏၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသောအယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ရုပ်ရှိ၏၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ အတ္တသည် ရုပ်ရှိ၏၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသောအယူသည် ဖြစ်နိုင်ရာသလော။မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှား နှလုံးသွင်း၍ အတ္တသည်ရုပ်ရှိ၏၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသောအယူသည် ဖြစ်၏၊ ဝေဒနာ။ပ။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ အတ္တသည် ရုပ်ရှိ၏၊ သေပြီးသည်မှ နောက်၌မြဲ၏ဟူသော အယူသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဧကူနဝီသတိမသုတ်။

---

## ၂၀-အရူပီအတ္တာသုတ်

၂၄၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ် တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ အတ္တသည် ရုပ်မရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်သနည်း။ (ပေယျာလ)။

ဝီသတိမသုတ်။

## ၂၁-ရူပီစ အရူပီစအတ္တာသုတ်

၂၄၄။ သာဝတ္ထိနိဒါန်း။ အတ္တသည် ရုပ်ရှိသည်လည်း ဟုတ်၏၊ ရုပ်မရှိသည်လည်း ဟုတ်၏၊ သေပြီးသည်မှ နောက်၌ မြဲ၏။

ကေဝီသတိမသုတ်။

## ၂၂-နေဝရူပီ နာရူပီအတ္တာသုတ်

၂၄၅။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်းမဟုတ် သေပြီးသည်မှနောက်၌ မြဲ၏။

ဗာဝီသတိမသုတ်။

## ၂၃-ဧကန္တသုခီသုတ်

၂၄၆။ အတ္တသည် စင်စစ် ချမ်းသာရှိ၏၊ သေပြီးသည်မှနောက်၌ မြဲ၏။

တေဝီသတိမသုတ်။

## ၂၄-ဧကန္တဒုက္ခီသုတ်

၂၄၇။ အတ္တသည် စင်စစ် ဆင်းရဲရှိ၏၊ သေပြီးသည်မှနောက်၌ မြဲ၏။

စတုဝီသတိမသုတ်။

## ၂၅-သုခဒုက္ခီသုတ်

၂၄၈။ အတ္တသည် ချမ်းသာဆင်းရဲရှိ၏၊ သေပြီးသည်မှ နောက်၌ မြဲ၏။

ပဉ္စဝီသတိမသုတ်။

## ၂၆-အဒုက္ခမသုခီသုတ်

၂၄၉။ အတ္တသည် ချမ်းသာဆင်းရဲ မရှိ၊သေပြီးသည်မှနောက်၌ မြဲ၏ ဟု ။ပ။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာ ဆင်းရဲမရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ ဟူသော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကိုအမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာဆင်းရဲ မရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ဟူသောအယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ အတ္တသည်

ချမ်းသာ ဆင်းရဲမရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသောအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ ဆင်းရဲရှိလျှင် ဆင်းရဲကို အစွဲပြု၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာဆင်းရဲ မရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်၏၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊သေပြီးသည်မှနောက်၌ မြဲ၏ဟူသောအယူသည် ဖြစ်နိုင်ရာသလော။မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ ဆင်းရဲရှိလျှင် ဆင်းရဲကို စွဲလမ်း၍ ဆင်းရဲကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာဆင်းရဲမရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဗ္ဗိသတိမသုတ်။

ဒုတိယပေယျာလ ပြီး၏။

---

## ၃-တတိယဂမနဝဂ် ၁-နဝါတသုတ်

၂၅၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန် မြစ်တို့သည် မစီးကုန် ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန် လနေတို့သည် မထွက်ကုန် မဝင်ကုန် ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံ ရှိပါကုန်၏။ပ။

ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်။ပ။ ဟူသော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ဟူသော အယူသည် ဖြစ်၏၊

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ လေတို့သည် မတိုက်ကုန်။ပ။တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသောအယူသည် ဖြစ်နိုင်ရာသလော။မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲရှိလျှင် ထိုဆင်းရဲကို အစွဲပြု၍ လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လနေတို့သည် မထွက်ကုန်၊ မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏ဟူသော အယူသည် ဖြစ်၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ လေတို့သည် မတိုက်ကုန်။ပ။ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲရှိလျှင် ထို

ဆင်းရဲကို အစွဲပြု၍ လေတို့သည် မတိုက်ကုန်။ပ။ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၂၅၁-၂၇၄။ [ဒုတိယဝဂ်၌ကဲ့သို့ နှစ်ဆယ့်လေးသုတ်တို့ကို ဖြည့်အပ်ကုန်၏]။

ပဥ္စဝီသတိမသုတ်။

## ၂၆-အဒုက္ခမသုခီသုတ်

၂၇၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။

ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာဆင်းရဲ မရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ ဟူသော အယူသည်ဖြစ်၏။ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို အစွဲမပြုခဲ့မူ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ ဟူသောအယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲရှိလျှင် ထိုဆင်းရဲကို အစွဲပြု၍ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို အစွဲမပြုခဲ့မူ အတ္တသည် ချမ်းသာ ဆင်းရဲမရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ဟူသော အယူသည် ဖြစ်နိုင်ရာသလော။ မဖြစ်နိုင်ရာပါ အသျှင်ဘုရား။ ရဟန်းတို့ ဤသို့ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲရှိလျှင် ထိုဆင်းရဲကို အစွဲပြု၍ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊ သေပြီးသည်မှနောက်၌ မြဲ၏ ဟူသော အယူသည် ဖြစ်နိုင်၏ ဟု (မိန့်တော်မူ၏)။

ဆဗ္ဗီသတိမသုတ်

တတိယပေယျာလ ပြီး၏။

## ၄-စတုတ္ထဂမနဝဂ် ၁-နဝါတသုတ်

၂၇၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန် မြစ်တို့သည် မစီးကုန် ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန် လနေတို့သည် မယွက်ကုန် မဝင်ကုန် တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။

ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန်။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ ဟူသော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ လေတို့သည် မတိုက်ကုန် ။ပ။ တံခါးတိုင်ကဲ့သို့ တည်ကုန်၏ဟူသော အယူသည် ဖြစ်၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ချမ်းသာလော၊ ဆင်းရဲလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ်'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်းတို့ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်း ဖြစ်သော အယုတ်အမြတ်လည်း ဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ် ဟု ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ် ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ရဟန်းတို့ ဤသို့ မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

၂၇၇-၃၀၀။ [ဒုတိယဝဂ်၌ကဲ့သို့ နှစ်ဆယ့်လေးသုတ်တို့ကို ဖြည့်အပ်ကုန်၏]။

ပဥ္စဝီသတိမသုတ်။

---

## ၂၆-အဒုက္ခမသုခီသုတ်

၃၀၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာ ဆင်းရဲမရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏

ဟူသော အယူသည် ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။

ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကို အစွဲပြု၍ ရုပ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာဆင်းရဲမရှိ၊ သေပြီးသည်မှ နောက်၌ မြဲ၏ ဟူသော အယူသည် ဖြစ်၏၊ ဝေဒနာရှိလျှင်။ သညာရှိလျှင်။ သင်္ခါရတို့ရှိလျှင်။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ အတ္တသည် ချမ်းသာဆင်းရဲမရှိ သေပြီးသည်မှ နောက်၌ မြဲ၏ ဟူသောအယူသည် ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော၊ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို မစွဲလမ်းခဲ့မူ ဤရုပ်သည် ငါ့ဥစ္စာ ဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား၊ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော၊ ဆင်းရဲပါ အသျှင်ဘုရား၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာ ဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် 'အတ္တ'တည်း ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်းတို့ ထို့ကြောင့်ဖြစ်သောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်း ဖြစ်သော အကြမ်းအနုလည်း ဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်၊ ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်း အပြင်လည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီး လည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသို့ မြင်သော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ)လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် လွတ်မြောက်ပြီ ဟူသော အသိဉာဏ်သည် ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ ဟု (မိန့်တော်မူ၏)။

[ရှေးဦးစွာသော ဂမနဝဂ်၌ တဆယ့်ရှစ်သုတ်တည်း၊ ဒုတိယဂမနဝဂ်၌ နှစ်ဆယ့်ခြောက်သုတ်၊ တတိယဂမနဝဂ်၌ နှစ်ဆယ့်ခြောက်သုတ်၊ စတုတ္ထဂမနဝဂ်၌ နှစ်ဆယ့်ခြောက်သုတ်တို့ကို ချုံးအပ်ကုန်၏။]

**ဒိဋ္ဌိသံယုတ် ပြီး၏။**

# ၄-ဩက္ကန္တသံယုတ်

## ၁-စက္ခုသုတ်

၃၀၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံဖြစ်တတ်၏၊ နားသည် မမြဲ၊ ဖောက်ပြန်တတ်၏၊တမျိုးတဖုံဖြစ်တတ်၏၊နှာခေါင်းသည် မမြဲ၊ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ လျှာသည် မမြဲ၊ ဖောက်ပြန်တတ်၏၊တမျိုးတဖုံ ဖြစ်တတ်၏၊ ကိုယ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ စိတ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ ငရဲတိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူဟု ဆိုအပ်၏။

ရဟန်းတို့ ဤတရားတို့ကို ဤသို့ ပညာ၏ အတိုင်းအရှည်အားဖြင့် ကပ်ရောက်ရှုနိုင်သူကို ပညာသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ ပုထုဇဉ်တို့ ဖြစ်ရာဘုံကို လွန်မြောက်သူ ငရဲတိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ဖြစ်ခြင်းငှါ မထိုက်သူ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူဟု ဆိုအပ်၏။ရဟန်းတို့ ဤတရားတို့ကို ဤသို့ သိသူ ဤသို့ မြင်သူကို အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ရူပသုတ်

၃၀၃။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ အဆင်းတို့သည် မမြဲကုန်၊ဖောက်ပြန်တတ်ကုန်၏၊တမျိုးတဖုံ ဖြစ်တတ်ကုန်၏၊ အသံတို့သည်မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊တမျိုးတဖုံ ဖြစ်တတ်ကုန်၏၊ အနံ့တို့သည် မမြဲကုန်၊ဖောက်ပြန်တတ်ကုန်၏၊တမျိုးတဖုံဖြစ်တတ်ကုန်၏၊အရသာတို့သည် မမြဲကုန်၊ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏၊ အတွေ့တို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏၊ သဘောတရားတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။ ရဟန်းတို့ ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ ပုထုဇဉ်တို့ ဖြစ်ရာဘုံကို လွန်မြောက်သူ ငရဲတိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကိုပြုခြင်းငှါ မထိုက်သူ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူဟု ဆိုအပ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ပညာ၏အတိုင်းအရှည်အားဖြင့် ကပ်ရောက်ရှုနိုင်သူကိုပညာသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ ငရဲတိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ

မထိုက်သူ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူဟု ဆိုအပ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ သိသူ ဤသို့ မြင်သူကို အပါယ်သို့ ကျခြင်းသဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဝိညာဏသုတ်

၁၀၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ စက္ခုဝိညာဏ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ သောတဝိညာဏ်သည်။ ဃာနဝိညာဏ်သည်။ ဇိဝှါဝိညာဏ်သည်။ ကာယဝိညာဏ်သည်။ မနောဝိညာဏ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးဘဖုံ ဖြစ်တတ်၏။ ရဟန်းတို့။ပ။ အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သမ္ဖဿသုတ်

၁၀၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိအတွေ့သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ နားအတွေ့သည်။ နှာခေါင်းအတွေ့သည်။ လျှာအတွေ့သည်။ ကိုယ်အတွေ့သည်။ စိတ် အတွေ့သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျောက်၍။ပ။ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သမ္ဖဿဇာသုတ်

၁၀၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာသည် မမြဲ။ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ နားအတွေ့ကြောင့်ဖြစ်သော ဝေဒနာသည်။ပ။ နှာခေါင်းအတွေ့ကြောင့် ဖြစ်သော ဝေဒနာသည်။ပ။ လျှာအတွေ့ကြောင့် ဖြစ်သော ဝေဒနာ သည်။ပ။ကိုယ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာသည်။ပ။ စိတ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာ သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည် သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျောက်၍။ပ။ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ရူပသညာသုတ်

၁၀၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်း၌ ဖြစ်သော မှတ်သားမှု'သညာ'သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ အသံ၌ဖြစ်သော မှတ်သားမှု'သညာ'သည်။အနံ့၌ ဖြစ်သော မှတ်သားမှု'သညာ'သည်။အရသာ၌ ဖြစ်သော မှတ်သားမှု'သညာ'သည်။ အတွေ့၌ ဖြစ်သော မှတ်သားမှု'သညာ'သည်။ သဘောတရား၌ဖြစ်သော မှတ်သားမှု'သညာ'သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျောက်၍။ပ။ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ရူပသဉ္စေတနာသုတ်

၁၀၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်း၌ စေ့ဆော်မှု 'စေတနာ'သည် မမြဲ၊ ဖောက်ပြန်တတ်၏၊တမျိုးတဖုံ ဖြစ်တတ်၏။ အသံ၌ စေ့ဆော်မှု'စေတနာ'သည်။အနံ့၌ စေ့ဆော်မှု 'စေတနာ' သည်။အရသာ၌ စေ့ဆော်မှု'စေတနာ'သည်။အတွေ့၌ စေ့ဆော်မှု'စေတနာ'သည်။ သဘောတရား၌ စေ့ဆော်မှု'စေတနာ'သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့အစဉ်လျောက်၍။ပ။ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ရူပတဏှာသုတ်

၁၀၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်း၌ တပ်မက်မှု'တဏှာ'သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ အသံ၌ တပ်မက်မှု 'တဏှာ'သည်။ အနံ့၌ တပ်မက်မှု 'တဏှာ'သည်။ အရသာ၌ တပ်မက်မှု 'တဏှာ'သည်။ အတွေ့၌ တပ်မက်မှု'တဏှာ'သည်။ သဘောတရား၌ တပ်မက်မှု 'တဏှာ'သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျောက်၍။ပ။ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပထဝီဓာတုသုတ်

၁၁၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မြေဓာတ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏၊ ရေဓာတ်သည်။ မီးဓာတ်သည်။ လေဓာတ်သည်။ ကောင်းကင်ဓာတ်သည်။ ဝိညာဏ်ဓာတ်

သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည် သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျှောက်၍။ပ။ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ခန္ဓသုတ်

၃၁၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ် ၏။ ဝေဒနာသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ သညာသည်။ သင်္ခါရတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏၊ ဝိညာဏ်သည် မမြဲ၊ ဖောက်ပြန် တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ သူတော်ကောင်းတို့ဖြစ် ရာဘုံသို့ သက်ဝင်သူ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ ငရဲ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ် ရမည့်ကံကို ပြုခြင်းငှါမထိုက်သူ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်းမထိုက် သူဟု ဆိုအပ်၏။

ရဟန်းတို့ ဤတရားတို့ကို ဤသို့ ပညာ၏အတိုင်းအရှည်အားဖြင့် ကပ်ရောက်ရှုနိုင်သူကို ပညာ သို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ ငရဲ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ် ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ သောတာပတ္တိဖိုလ်ကိုမျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက် သူဟုဆိုအပ်၏။ ရဟန်းတို့ ဤတရားတို့ကို ဤသို့ သိသူ ဤသို့မြင်သူကို အပါယ်သို့ ကျခြင်းသဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ဩက္ကန္တသံယုတ် ပြီး၏။

# ၅-ဥပ္ပါဒသံယုတ်

## ၁-စက္ခုသုတ်

၃၁၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိ၏စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ နား၏စ၍ဖြစ်မှု တည်တံ့မှု။ပ။ နှာခေါင်း၏ စ၍ဖြစ်မှု တည်တံ့မှု။ပ။ လျှာ၏စ၍ဖြစ်မှု တည်တံ့မှု။ပ။ ကိုယ်၏စ၍ဖြစ်မှု တည်တံ့မှု။ပ။စိတ်၏စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ရဟန်းတို့ မျက်စိ၏ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ နား၏ချုပ်မှု။ပ။ နှာခေါင်း၏ချုပ်မှု။ပ။ လျှာ၏ချုပ်မှု။ပ။ ကိုယ်၏ချုပ်မှု။ပ။ စိတ်၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-ရူပသုတ်

၃၁၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်းတို့၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။အသံတို့၏။အနံ့တို့၏။အရသာတို့၏။အတွေ့တို့၏။ သဘောတရားတို့၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ထင်ရှား ဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ အဆင်းတို့၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။အသံတို့၏။အနံ့တို့၏။ အရသာတို့၏။ အတွေ့တို့၏။ သဘောတရားတို့၏ ချုပ်မှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-ဝိညာဏသုတ်

၃၁၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ စက္ခုဝိညာဏ်၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ပ။ မနောဝိညာဏ်၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ စက္ခုဝိညာဏ်၏ ချုပ်မှုသည်။ပ။ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ပ။ မနောဝိညာဏ်၏ ချုပ်မှုသည်။ပ။ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

တတိယသုတ်။

## ၄-သမ္ဖဿသုတ်

၃၁၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိအတွေ့၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ပ။ စိတ်အတွေ့၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း

သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ မျက်စိအတွေ့၏ ချုပ်မှု။ပ။ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ပ။ စိတ်အတွေ့၏ ချုပ်မှု။ပ။အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅-သမ္ဘဿဇာသုတ်

၃၁၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာ၏စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ပ။ စိတ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာ၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာ၏ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှု။ပ။ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ပ။ စိတ်အတွေ့ကြောင့်ဖြစ်သော ဝေဒနာ၏ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ချုပ်မှု ရောဂါတို့၏ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

## ၆-သညာသုတ်

၃၁၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်း၌ မှတ်သားမှု 'သညာ'၏စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှုမည်၏။ပ။ သဘောတရား၌ မှတ်သားမှု 'သညာ'၏စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ရဟန်းတို့ အဆင်း၌ မှတ်သားမှု 'သညာ'၏ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ချုပ်မှု ရောဂါတို့၏ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ သဘောတရားတို့၌ မှတ်သားမှု 'သညာ'၏ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သဉ္စေတနာသုတ်

၃၁၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်း၌ စေ့ဆော်မှု 'စေတနာ'၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ အဆင်း၌ စေ့ဆော်မှု 'စေတနာ'၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ပ။ သဘောတရား၌ စေ့ဆော်မှု 'စေတနာ'၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုမည်၏ ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-တဏှာသုတ်

၃၁၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်း၌ တပ်မက်မှု 'တဏှာ'၏ စ၍ဖြစ်မှု တည်တံ့မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှုမည်၏။ပ။သဘောတရား၌ တပ်မက်မှု 'တဏှာ'၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ အဆင်း၌ တပ်မက်မှု 'တဏှာ'၏ ချုပ်မှုသည်။ပ။ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုမည်၏။ပ။ သဘောတရား၌ တပ်မက်မှု 'တဏှာ'၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဓာတုသုတ်

၃၂၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မြေဓာတ်၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည်။ပ။ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှုမည်၏။ ရေဓာတ်။ မီးဓာတ်။ လေဓာတ်။ ကောင်းကင်ဓာတ်။ ဝိညာဏ်ဓာတ်၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ မြေဓာတ်၏ ချုပ်မှု။ပ။ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုမည်၏၊ ရေဓာတ်။ မီးဓာတ်။ လေဓာတ်။ ကောင်းကင်ဓာတ်။ ဝိညာဏ်ဓာတ်၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

နဝမသုတ်။

---

## ၁၀-ခန္ဓသုတ်

၃၂၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏ စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏၊ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ စ၍ဖြစ်မှု တည်တံ့မှု အသစ်ဖြစ်ပေါ်မှု ထင်ရှားဖြစ်ပေါ်မှုသည် ဆင်းရဲ၏စ၍ဖြစ်မှု ရောဂါတို့၏ တည်တံ့မှု အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု မည်၏။ ရဟန်းတို့ ရုပ်၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏။ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှု ရောဂါတို့၏ ငြိမ်းမှု အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှု မည်၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

**ဥပ္ပါဒသံယုတ် ပြီး၏။**

# ၆–ကိလေသသံယုတ်

## ၁-စက္ခုသုတ်

၃၂၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိ၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏၊ နား၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏၊ နှာခေါင်း၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှု မည်၏၊ လျှာ၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှု မည်၏၊ ကိုယ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏၊ စိတ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည် ဤခြောက်ဌာနတို့၌ စိတ်ညစ်ညူးမှုကို ပယ်အပ်ပြီးဖြစ်၏။ ထိုအခါ ထိုရဟန်း၏ စိတ်သည် ထွက်မြောက်ခြင်းသို့ ညွတ်၏၊ ထွက်မြောက်ခြင်း၌ အထုံပြီး သော စိတ်သည် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုရန် သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ရူပသုတ်

၃၂၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်းတို့၌ လိုချင်တပ်မက်မှု'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ အသံတို့၌။ အနံ့တို့၌။ အရသာတို့၌။ အတွေ့တို့၌။ သဘောတရားတို့၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည် ဤခြောက်ဌာနတို့၌ စိတ်၏ ညစ်ညူးမှုကို ပယ်အပ်ပြီးဖြစ်၏။ ထိုအခါ ထိုရဟန်း၏ စိတ်သည် ထွက်မြောက်ခြင်းသို့ ညွတ်၏၊ ထွက်မြောက်ခြင်း၌ အထုံရပြီးသော စိတ်သည် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုအပ်သော တရားတို့၌ ပြုရန် သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဝိညာဏသုတ်

၃၂၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ စက္ခုဝိညာဏ်၌ လိုချင်တပ်မက်မှု'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏၊ သောတဝိညာဏ်၌။ ဃာနဝိညာဏ်၌။ ဇိဝှါဝိညာဏ်၌။ ကာယဝိညာဏ်၌။ မနောဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည် ဤခြောက်ဌာနတို့၌ စိတ်ညစ်ညူးမှုကို ပယ်အပ်ပြီးဖြစ်၏။ ထိုအခါ ထိုရဟန်း၏ စိတ်သည် ထွက်မြောက်ခြင်းသို့ ညွတ်၏၊ ထွက်မြောက်ခြင်း၌ အထုံရပြီးသော စိတ်သည် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုရန် သင့်လျော်သည်ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

တတိယသုတ်။

## ၄--သမ္ဖဿသုတ်

၃၂၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိအတွေ့၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှု မည်၏၊ နားအတွေ့၌။ နှာခေါင်းအတွေ့၌။ လျှာအတွေ့၌။ ကိုယ်အတွေ့၌။ စိတ်အတွေ့၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည်။ပ။ ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုရန် သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

●တုတ္ထသုတ်။

---

## ၅-သမ္ဖဿဇာသုတ်

၃၂၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မျက်စိအတွေ့ကြောင့် ဖြစ်သော ဝေဒနာ၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှုမည်၏၊ နားအတွေ့ကြောင့် ဖြစ်သော ဝေဒနာ၌။ နှာခေါင်းအတွေ့ကြောင့် ဖြစ်သော ဝေဒနာ၌။ လျှာအတွေ့ကြောင့် ဖြစ်သော ဝေဒနာ၌။ ကိုယ်အတွေ့ကြောင့်ဖြစ်သော ဝေဒနာ၌။ စိတ်အတွေ့ကြောင့်ဖြစ်သော ဝေဒနာ၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည်။ပ။ ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုရန် သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သညာသုတ်

၃၂၇။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ အဆင်းမှတ်သားမှု'သညာ'၌လိုချင်တပ်မက်မှု'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှုမည်၏။ အသံမှတ်သားမှု'သညာ'၌။ အနံ့မှတ်သားမှု'သညာ'၌။ အရသာမှတ်သားမှု 'သညာ'၌။ အတွေ့မှတ်သားမှု'သညာ'၌။ သဘောတရားကို မှတ်သားမှု'သညာ'၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည် စိတ်၏ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည်။ပ။ ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုရန်သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သဉ္စေတနာသုတ်

၃၂၈။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ အဆင်းကိုစေ့ဆော်မှု'စေတနာ'၌လိုချင်တပ်မက်မှု'ဆန္ဒရာဂ' သည် စိတ်၏ညစ်ညူးမှုမည်၏၊ အသံကိုစေ့ဆော်မှု 'စေတနာ'၌။ အနံ့ကိုစေ့ဆော်မှု 'စေတနာ'၌။ အရသာကို စေ့ဆော်မှု စေတနာ၌။ အတွေ့ကိုစေ့ဆော်မှု 'စေတနာ'၌။သဘောတရားကို စေ့ဆော်မှု

'စေတနာ'၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည်။ပ။ ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုခြင်းငှါ သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-တဏှာသုတ်

၃၂၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အဆင်းကိုတပ်မက်မှု၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏၊ အသံကို တပ်မက်မှု၌။ အနံ့ကို တပ်မက်မှု၌။ အရသာကို တပ်မက်မှု၌။ အတွေ့ကို တပ်မက်မှု၌။ သဘောတရားကို တပ်မက်မှု၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည်။ပ။ ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုအပ်သော တရားတို့၌ ပြုခြင်းငှါ သင့်လျော်သည်ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဓာတုသုတ်

၃၃၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မြေဓာတ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏၊ ရေဓာတ်၌။ မီးဓာတ်၌။ လေဓာတ်၌။ ကောင်းကင်ဓာတ်၌။ ဝိညာဏ်ဓာတ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည် ဤခြောက်ဌာနတို့၌ စိတ်ညစ်ညူးခြင်းကို ပယ်အပ်ပြီးဖြစ်၏၊ ထိုအခါ ထိုရဟန်း၏ စိတ်သည် ထွက်မြောက်ခြင်းသို့ ညွတ်၏၊ ထွက်မြောက်ခြင်း၌ အထုံရပြီးသော စိတ်သည် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုရန် သင့်လျော်သည် ဖြစ်၍ ထင်၏ ဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-ခန္ဓသုတ်

၃၃၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရုပ်၌လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ညစ်ညူးမှု မည်၏။ပ။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စိတ်၏ ညစ်ညူးမှုမည်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းသည် ဤငါးဌာနတို့၌ စိတ်ညစ်ညူးမှုကို ပယ်အပ်ပြီးဖြစ်၏၊ ထိုအခါ ထိုရဟန်း၏စိတ်သည် ထွက်မြောက်ခြင်းသို့ ညွတ်၏။ ထွက်မြောက်ခြင်း၌ အထုံရပြီးသော စိတ်သည် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သောတရားတို့၌ ပြုရန် သင့်လျော်သည်ဖြစ်၍ ထင်၏ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

**ကိလေသသံယုတ် ပြီး၏။**

# ၇-သာရိပုတ္တသံယုတ်

## ၁-ဝိဝေကဇသုတ်

၃၃၂။ အခါတပါး၌ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် နံနက်အချိန် သင်းပိုင်ကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံအလို့ငှါ လှည့်လည်တော်မူပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲခဲ့၍ နေ့သန့်စင်ရန် အန္ဓဝန်တောသို့ ချဉ်းကပ်၍ တခုသောသစ်ပင်ရင်း၌ ထိုင်တော်မူလေ၏။

ထို့နောက် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထပြီးလျှင် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းသို့ ချဉ်းကပ်တော်မူလေ၏၊ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာ ကြွလာသည်ကို အဝေးမှပင်မြင်၍ အသျှင်သာရိပုတြာအား ငါ့သျှင်သာရိပုတြာ သင်၏ ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် အလွန်စင်ကြယ်၏၊ အလွန်ဖြူစင်တောက်ပ၏၊ ယနေ့ အဘယ်နေခြင်းဖြင့် နေခဲ့ပါသနည်း ဟု လျှောက်၏။

ငါသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော 'နီဝရဏ'ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ငါ့သျှင် ထိုငါ့အား ဤသို့ ပဌမဈာန်ကို ငါဝင်စား၏ ဟူ၍ရင်း ပဌမဈာန်ကို ငါဝင်စားခဲ့ပြီဟူ၍ရင်း ပဌမဈာန်မှ ငါထခဲ့ပြီဟူ၍ရင်း ဤသို့ စိတ်အကြံမဖြစ်ဟု မိန့်တော်မူ၏၊ ထိုသို့ စိတ်အကြံမဖြစ်သောကြောင့်သာလျှင် အသျှင်သာရိပုတြာသည် ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ'တို့ကို အချိန်ကြာမြင့်စွာကပင် ကောင်းစွာ ပယ်နုတ်အပ်ခဲ့လေပြီ၊ ထို့ကြောင့် အသျှင်သာရိပုတြာအား ပဌမဈာန်ကို ငါဝင်စားနေ၏ဟူ၍ရင်း ပဌမဈာန်ကို ငါဝင်စားခဲ့ပြီဟူ၍ရင်း ပဌမဈာန်မှ ငါထခဲ့ပြီဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်နိုင်တော့ချေ ဟု (မိန့်ဆို၏)။

ပဌမသုတ်။

---

## ၂-အဝိတက္ကသုတ်

၃၃၃။ သာဝတ္ထိနိဒါန်း။ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာကို မြင်၍။ပ။ အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—"ငါ့သျှင်သာရိပုတြာ သင်၏ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် အလွန်စင်ကြယ်၏၊ အလွန် ဖြူစင်တောက်ပ၏။ အသျှင်သည် ယနေ့အဘယ်နေခြင်းဖြင့် နေခဲ့ပါသနည်း"ဟု လျှောက်၏။

ငါ့သျှင် ငါသည် ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော

သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင် ထိုငါ့အား ဒုတိယစျာန်ကို ငါဝင်စားနေ၏ ဟူ၍ရင်း ဒုတိယစျာန်ကို ငါဝင်စားခဲ့ပြီ ဟူ၍ရင်း ဒုတိယစျာန်မှ ငါထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်ဟု မိန့်တော်မူ၏။ ထိုသို့ စိတ်အကြံ မဖြစ်သောကြောင့် သာလျှင် အသျှင်သာရိပုတြာသည် ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဉစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ'တို့ကို အချိန်ကြာမြင့်စွာကပင် ကောင်းစွာ ပယ်နုတ်အပ်ခဲ့လေပြီ၊ ထို့ကြောင့် အသျှင်သာရိပုတြာအား ဒုတိယစျာန်ကို ငါဝင်စားနေ၏ဟူ၍ရင်း ဒုတိယစျာန်ကို ငါဝင်စားခဲ့ပြီဟူ၍ရင်း ဒုတိယစျာန်မှ ငါထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်နိုင်တော့ချေဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

## ၃-ပီတိသုတ်

၃၃၄။ သာဝတ္ထိနိဒါန်း။ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာကို မြင်၍။ပ။ ငါ့သျှင် သာရိပုတြာ သင်၏ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် အလွန်စင်ကြယ်၏၊ အလွန်ဖြူစင် တောက်ပ၏၊ အသျှင်သည် ယနေ့ အဘယ်နေခြင်းဖြင့် နေခဲ့ပါသနည်း ဟု လျှောက်၏။

ငါ့သျှင် ငါသည် နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစားရ၏၊ အကြင် (တတိယစျာန်)ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ ဟု အရိယာ ပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍နေ၏။ငါ့သျှင် ထိုငါ့အား တတိယ စျာန်ကို ငါဝင်စားနေ၏ ဟူ၍ရင်း တတိယစျာန်ကို ငါဝင်စားခဲ့ပြီဟူ၍ရင်း တတိယစျာန်မှ ငါထခဲ့၏ ဟူ၍ရင်း ဤသို့စိတ်အကြံ မဖြစ်ဟု မိန့်တော်မူ၏။ ဤသို့ စိတ်အကြံ မဖြစ်သောကြောင့် သာလျှင် အသျှင်သာရိပုတြာသည် ငါဟု စွဲယူမှု'ဒိဋ္ဌိ' ငါ့ဉစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ' တို့ကို အချိန် ကြာမြင့်စွာကပင် ကောင်းစွာ ပယ်နုတ်အပ်ခဲ့လေပြီ၊ ထို့ကြောင့် အသျှင်သာရိပုတြာအား တတိယစျာန်ကို ငါဝင်စား နေ၏ ဟူ၍ရင်း တတိယစျာန်ကို ငါဝင်စားခဲ့ပြီ ဟူ၍ရင်း တတိယစျာန်မှ ငါထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်နိုင်တော့ချေဟု (မိန့်ဆို၏)။

တတိယသုတ်။

## ၄-ဥပေက္ခာသုတ်

၃၃၅။ သာဝတ္ထိနိဒါန်း။အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာကို မြင်၍ ငါ့သျှင်သာရိပုတြာ သင်၏ ဣန္ဒြေတို့သည်အလွန် ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် အလွန်စင်ကြယ်၏၊ အလွန် ဖြူစင် တောက်ပ၏၊ အသျှင်သည် ယနေ့ အဘယ်နေခြင်းဖြင့် နေခဲ့ပါသနည်း ဟု လျှောက်၏။

ငါ့သျှင် ငါသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ဝမ်းမြောက်ခြင်း နှလုံးမသာခြင်း တို့၏ ရှေးဦးကပင် ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော 'ဥပေက္ခာ'ကြောင့်ဖြစ်သည့်

စိတ်၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ငါ့သျှင် ထိုငါ့အား စတုတ္ထဈာန်ကို ငါဝင်စား၏ဟူ၍ရင်း စတုတ္ထဈာန်ကို ငါဝင်စားခဲ့ပြီ ဟူ၍ရင်း စတုတ္ထဈာန်မှ ငါထခဲ့၏ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်ဟု မိန့်တော်မူ၏၊ ဤသို့စိတ်အကြံ မဖြစ်သောကြောင့်သာလျှင် အသျှင်သာရိပုတြာသည် ငါဟုစွဲယူမှု 'ဒိဋ္ဌိ' ငါဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ'တို့ကို အချိန် ကြာမြင့်စွာကပင် ကောင်းစွာ ပယ်နုတ်အပ်ခဲ့လေပြီ၊ ထို့ကြောင့် အသျှင် သာရိပုတြာအား စတုတ္ထဈာန်ကို ငါဝင်စားနေ၏ ဟူ၍ရင်း စတုတ္ထဈာန်ကို ငါဝင်စားပြီဟူ၍ရင်း စတုတ္ထဈာန်မှ ငါထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်တော့ချေဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-အာကာသာနဉ္စာယတနသုတ်

၃၃၆။ သာဝတ္ထိနိဒါန်း။ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာကို မြင်၍။ပ။ ငါ့သျှင် ငါသည် ရူပသညာအားလုံးကို လွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိဟု စီးဖြန်း၍ ရသော အာကာသာနဉ္စာယတနဈာန်ကို ပြည့်စုံစေ၍နေ၏။ပ။ထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်နိုင် တော့ချေဟု (မိန့်ဆို၏)။

ပဥ္စမသုတ်။

---

## ၆-ဝိညာဏဉ္စာယတနသုတ်

၃၃၇။ သာဝတ္ထိနိဒါန်း။ အသျှင်အာနန္ဒာသည်။ပ။ ငါ့သျှင် ငါသည် အာကာသာနဉ္စာယတန ဈာန်ကို အကြွင်းမဲ့လွန်မြောက်၍ ဝိညာဏဉ္စာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။ပ။ ထခဲ့၏ ဟူ၍ ရင်း ဤသို့ စိတ်အကြံ မဖြစ်နိုင်တော့ချေဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-အာကိဉ္စညာယတနသုတ်

၃၃၈။ သာဝတ္ထိနိဒါန်း၊ ထိုအခါ အသျှင်သာရိပုတြာသည်။ပ။ ငါ့သျှင် ငါသည် ဝိညာဏဉ္စာ ယတနဈာန်ကို အကြွင်းမဲ့လွန်မြောက်၍ တစုံတခုမျှမရှိဟု စီးဖြန်းသော အာကိဉ္စညာယတန ဈာန်ကို ပြည့်စုံစေ၍နေ၏။ပ။ ထခဲ့၏ ဟူ၍ရင်း ဤသို့စိတ်အကြံမဖြစ်နိုင်တော့ချေဟု (မိန့်ဆို၏)။

သတ္တမသုတ်။

## ၈-နေဝသညာ နာသညာယတနသုတ်

၃၃၉။ သာဝတ္ထိနိ ဒါန်း။ပ။ ထိုအခါ အသျှင်သာရိပုတြာသည်။ပ။ ငါ့သျှင် ငါသည် အာကိဉ္စညာယတနစျာန်ကို လွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်နှင့် ပြည့်စုံစေ၍ နေ၏။ပ။ ထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်နိုင်တော့ချေဟု (မိန့်ဆို၏)။

အဋ္ဌမသုတ်။

---

## ၉-နိရောဓသမာပတ္တိသုတ်

၃၄၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်သာရိပုတြာသည်။ပ။ ငါ့သျှင် ငါသည် နေဝသညာနာသညာယတနစျာန်ကို အကြွင်းမဲ့လွန်မြောက်လျက် သညာဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်ကို ပြည့်စုံစေ၍ နေ၏၊ ငါ့သျှင် ထိုငါ့အား ငါသည် သညာဝေဒနာတို့၏ချုပ်ရာ (နိရောဓသမာပတ်)ကို ဝင်စား၏ဟူ၍ရင်း သညာဝေဒနာတို့၏ချုပ်ရာ (နိရောဓသမာပတ်)ကို ဝင်စားခဲ့ပြီ ဟူ၍ ၊င်း သညာဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)မှ ထခဲ့၏ဟူ၍ရင်း ဤသို့ စိတ်အကြံ မဖြစ်ဟု မိန့်တော်မူ၏၊ ဤသို့စိတ်အကြံ မဖြစ်သောကြောင့်သာလျှင် အသျှင်သာရိပုတြာသည် ငါဟု စွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာနာနုသယ'တို့ကို အချိန်ကြာမြင့်စွာကပင် ကောင်းစွာ ပယ်နုတ်အပ်ခဲ့လေပြီ၊ ထို့ကြောင့် အသျှင်သာရိပုတြာအား ငါသည် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားနေ၏ ဟူ၍ရင်း သညာဝေဒနာ တို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားခဲ့ပြီဟူ၍ရင်း သညာဝေဒနာတို့၏ ချုပ်ရာနိရောဓသမာပတ်မှ ထခဲ့၏ ဟူ၍ရင်း ဤသို့ စိတ်အကြံမဖြစ်နိုင်တော့ချေဟု (မိန့်ဆို၏)။

နဝမသုတ်။

---

## ၁၀-သုစိမုခီသုတ်

၃၄၁။ အခါတပါး၌ အသျှင်သာရိပုတြာသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ထိုအခါ အသျှင်သာရိပုတြာသည် နံနက်အချိန် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလို့ငှါ ဝင်လေ၏၊ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ပြီးသော် နံရံတခုကိုမှီကာ ထိုဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထိုအခါ သုစိမုခီပရိဗိုဇ်မသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—

အသျှင်ရဟန်း အောက်သို့ငုံ၍ စားပါသလော။နှမ ငါသည် အောက်သို့ငုံ၍ မစားပါ။ အသျှင်ရဟန်း သို့ဖြစ်လျှင် အထက်သို့ မော့၍ စားပါသလော။နှမ ငါသည် အထက်သို့ မော့၍ မစားပါ။ အသျှင်ရဟန်း သို့ဖြစ်လျှင် အရပ်လေးမျက်နှာသို့ လှည့်၍ စားပါသလော။နှမ ငါသည် အရပ်

လေးမျက်နှာသို့ လှည့်၍မစားပါ။ အသျှင်ရဟန်း သို့ဖြစ်လျှင် အထောင့်အရပ်လေးမျက်နှာသို့ လှည့်၍ စားပါသလော။နှမ ငါသည် အထောင့် အရပ်လေးမျက်နှာသို့ လှည့်၍မစားပါဟု မိန့်တော်မူ၏။

အသျှင်ရဟန်း အောက်သို့ ငုံ၍စားပါသလောဟု ဤသို့မေးလတ်သော် နှမ ငါသည် အောက်သို့ ငုံ၍မစားဟု ဆို၏၊ အသျှင်ရဟန်း သို့ဖြစ်လျှင် အထက်သို့မော့၍ စားပါသလောဟု ဤသို့မေးသော် နှမ ငါသည် အထက်သို့မော့၍ မစား ဟု ဆို၏၊ အသျှင်ရဟန်း သို့ဖြစ်လျှင် အရပ် လေးမျက်နှာသို့ လှည့်၍စားပါသလော ဟု ဤသို့မေးသော် နှမ ငါသည် အရပ်လေးမျက်နှာသို့ လှည့်၍ မစားဟု ဆို၏၊ အသျှင်ရဟန်း သို့ဖြစ်လျှင်အထောင့်လေးမျက်နှာသို့ လှည့်၍ စားပါသလောဟု ဤသို့မေးသော် နှမငါသည် အထောင့်လေးမျက်နှာသို့ လှည့်၍ မစားပါဟု ဆို၏။ အသျှင်ရဟန်း သို့ဖြစ်လျှင် အဘယ်သို့ စားပါသနည်းဟု လျှောက်၏။

နှမ မြေကြွန်အတတ်ဟူသော (မဂ်ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏ အားလုံးတို့ကို အောက်သို့ ငုံ၍ စားသူတို့ဟု ဆိုအပ်ကုန်၏။ နက္ခတ်အတတ်ဟူသော (မဂ်ဖိုလ်မှ) ဖီလာ အတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏ အားလုံးတို့ကို အထက်သို့ မော့၍ စားသူတို့ဟူ၍ ဆိုအပ်ကုန်၏။ တမန်အမှု အစေအပါးအမှုဖြင့် သွားခြင်းကို အားထုတ်ခြင်းဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏအားလုံးတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟု ဆိုအပ်ကုန်၏။ အင်္ဂဝိဇ္ဇာအတတ်ဟူသော (မဂ်ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏအားလုံးတို့ကို အထောင့်အရပ် လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟု ဆိုအပ်ကုန်၏။

နှမ ငါကား မြေကြွန် အတတ်ဟူသော အတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မမွေး၊ နက္ခတ်အတတ်ဟူသော (မဂ်ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မမွေး၊ တမန်အမှု အစေအပါး အမှုဖြင့် သွားခြင်းကို အားထုတ်ခြင်းဖြင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မမွေး၊ အင်္ဂဝိဇ္ဇာ အတတ်ဟူသော(မဂ်ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မမွေး၊ တရားသဖြင့် ဆွမ်းကို ရှာ၏၊ တရားသဖြင့် ဆွမ်းရှာ၍ စား၏ဟု မိန့်ဆို၏။

ထိုအခါ သုစိမုခီပရိဗိုဇ်မသည် ရာဇဂြိုဟ်ပြည်ဝယ် လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်ပြီးလျှင် သာကီဝင်မင်းသား ဘုရားသားတော်ရဟန်းတို့သည် တရားနှင့် လျော်စွာ အစာကို စားကုန်၏၊ သာကီဝင်မင်းသား ဘုရားသားတော်ရဟန်းတို့သည် အပြစ်မရှိသော အားဖြင့် အစာကို စားကုန်၏၊ သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့အား ဆွမ်းလှူကြကုန်လော့ဟု ဤသို့ ပြောကြားလေ၏။

ဒသမသုတ်။

**သာရိပုတ္တသံယုတ် ပြီး၏။**

# ၈-နာဂသံယုတ်

## ၁--သုဒ္ဓိကသုတ်

၃၄၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ နဂါးမျိုးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း—ဥ၌ ဖြစ်သော 'အဏ္ဍဇ' နဂါး သားအိမ်၌ ဖြစ်သော 'ဇလာဗုဇ' နဂါး အညစ်အကြေးတို့၌ ဖြစ်သော 'သံသေဒဇ' နဂါး ကိုယ်ထင်ရှားဖြစ်သော 'ဩပပါတိက' နဂါးတို့တည်း။ ရဟန်းတို့ နဂါးမျိုးတို့သည် ဤလေးမျိုးတို့တည်းဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂--ပဏီတတရသုတ်

၃၄၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ နဂါးမျိုးတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း—အဏ္ဍဇနဂါး ဇလာဗုဇနဂါး သံသေဒဇနဂါး ဩပပါတိကနဂါးတို့တည်း၊ ရဟန်းတို့ ထိုလေးမျိုးတို့တွင် အဏ္ဍဇနဂါးတို့ထက် ဇလာဗုဇနဂါး သံသေဒဇနဂါး ဩပပါတိကနဂါးတို့သည် သာ၍ မြတ်ကုန်၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် အဏ္ဍဇနဂါး ဇလာဗုဇနဂါးတို့ထက် သံသေဒဇနဂါး ဩပပါတိကနဂါးတို့သည် သာ၍ မြတ်ကုန်၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် အဏ္ဍဇနဂါး ဇလာဗုဇနဂါး သံသေဒဇနဂါးတို့ထက် ဩပပါတိကနဂါးတို့သည် သာ၍ မြတ်ကုန်၏။ ရဟန်းတို့ နဂါးမျိုးတို့သည် ဤလေးမျိုးတို့တည်း ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဥပေါသထသုတ်

၃၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၍ မြတ်စွာဘုရားအား—"အသျှင်ဘုရား ဤလောက၌ အချို့သော အဏ္ဍဇနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။

ရဟန်း ဤလောက၌ အချို့သော အဏ္ဍဇနဂါးတို့အား ဤသို့ အကြံဖြစ်ပေါ်၏ "ငါတို့သည် ရှေးက ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြုခဲ့ကြ၏၊ နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြ၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြ၏၊ ထိုငါတို့သည် ကိုယ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်သည်

နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်သည် စိတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်သည်ဖြစ်၍ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဏဇနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ခဲ့ကြရကုန်၏၊ ငါတို့သည် ယနေ့ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို အကယ်၍ ကျင့်ကြရလျှင် နှုတ်ဖြင့် ကောင်းသော အကျင့်ကို အကယ်၍ ကျင့်ကြရလျှင် စိတ်ဖြင့် ကောင်းသော အကျင့်ကို အကယ်၍ ကျင့်ကြရလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရာ နတ်ရွာလောကသို့ ရောက်ကြရပေကုန်အံ့။ ယခုအခါ ငါတို့သည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်အံ့၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်အံ့၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်အံ့"ဟု အကြံဖြစ်၏။ ရဟန်း ဤလောက၌ အချို့သော အဏ္ဏဇနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ ဥပေါသထသုတ်

၃၄၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့။ပ။တခုသော နေရာ၌ ထိုင်နေပြီး၍ မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သော ဇလာဗုဇနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ [အားလုံးကို ချဲ့ရမည်]။ ရဟန်း ဤလောက၌ အချို့သော ဇလာဗုဇနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကိုစွန့်ထားခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-တတိယ ဥပေါသထသုတ်

၃၄၆။ သာဝတ္ထိနိဒါန်း။တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သော သံသေဒဇနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ [အားလုံးကို ချဲ့ရမည်]။ ရဟန်း ဤလောက၌ အချို့သော သံသေဒဇနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-စတုတ္ထ ဥပေါသထသုတ်

၃၄၇။ သာဝတ္ထိနိဒါန်း။တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သော ဩပပါတိကနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို

စွန့်ထားခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း”ဟု ဤစကားကို လျှောက်၏။

ရဟန်း ဤလောက၌ အချို့သော ဩပပါတိကနဂါးတို့အား ဤသို့ အကြံဖြစ်၏ “ငါတို့သည် ရှေးက ကိုယ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်၏၊ နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်၏၊ ထိုငါတို့သည် ကိုယ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်သည် နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်သည် စိတ်ဖြင့် နှစ်မျိုးသောကံကို ပြုခဲ့ကြကုန်သည်ဖြစ်၍ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဩပပါတိကနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ခဲ့ကြ၏။ ငါတို့သည် ယခုအခါ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို အကယ်၍ ကျင့်ကြရလျှင် နှုတ်ဖြင့် ကောင်းသောအကျင့်ကို အကယ်၍ ကျင့်ကြရလျှင် စိတ်ဖြင့် ကောင်းသော အကျင့်ကို အကယ်၍ ကျင့်ကြရလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော သူတို့၏ လားရာနတ်ရွာ လောကသို့ ရောက်ကြရပေကုန်အံ့။ ယခုအခါ ငါတို့သည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်အံ့၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်အံ့၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်အံ့” ဟု အကြံဖြစ်၏။ ရဟန်း ဤလောက၌ အချို့သော ဩပပါတိကနဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကိုစွန့်ထားခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သုတသုတ်

၃၄၈။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား “အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း” ဟု ဤစကားကို လျှောက်၏။

ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ နှုတ်ဖြင့် နှစ်မျိုးသော ကံကိုပြု၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကိုပြု၏၊ ထိုသူသည် အဏ္ဍဇနဂါးတို့ကား အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာ များကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား “ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့ အကြံဖြစ်၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဍဇ နဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ သုတသုတ်

၃၄၉။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဇလာဗုဇနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤစကားကို လျှောက်၏။ပ။ ရဟန်း ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဇလာဗုဇနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင် တည်း ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-တတိယ သုတသုတ်

၃၅၀။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ သံသေဒဇနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤစကားကို လျှောက်၏။ပ။ ရဟန်း ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ သံသေဒဇနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင် တည်း ဟု (ဟောတော်မူ၏)။

နဝမသုတ်။

---

## ၁၀-စတုတ္ထ သုတသုတ်

၃၅၁။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဩပပါတိကနဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤစကားကို လျှောက်၏။

ရဟန်း ဤလောက၌ အချို့သော သူသည် ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ နှုတ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ ထိုသူသည် ဩပပါတိက နဂါးတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏ ဟု ဤသို့ ကြားအပ်ဘူး၏၊ ထိုသူအား "ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိက နဂါးတို့၏ အသင်းဝင်အဖြစ်သို့

ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့ အကြံဖြစ်၏။ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိကနဂါးတို့၏။ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိက နဂါးတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင် တည်းဟု (ဟောတော်မူ၏)။

ဒသမသုတ်။

## ၁၁-၂၀-အဏ္ဍဇဒါနူပကာရသုတ် ဆယ်သုတ်

၃၅၂-၃၆၁။ တခုသော နေ့ရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား “အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇ နဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း” ဟု ဤစကားကို လျှောက်၏။

ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ နှုတ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ စိတ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ ထိုသူသည် အဏ္ဍဇနဂါးတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏ ဟု ကြားအပ်ဘူး၏၊ ထိုသူအား “ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့ အကြံဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤသည်ပင် အကြောင်းတည်း။ပ။ထိုသူသည် အဖျော်ကို ပေးလှူ၏။ပ။အဝတ်ကို ပေးလှူ၏။ပ။ ယာဉ်ကို ပေးလှူ၏။ပ။ ပန်းကို ပေးလှူ၏။ပ။ နံ့သာကို ပေးလှူ၏။ပ။ နံ့သာပျောင်းကို ပေးလှူ၏။ပ။အိပ်ရာကို ပေးလှူ၏။ပ။ နေရာကျောင်းကို ပေးလှူ၏။ပ။ ဆီမီးကို ပေးလှူ၏။ပ။ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဍဇနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

ဝီသတိမသုတ်။

## ၂၁-၅၀-ဇလာဗုဇာဒိဒါနူပကာရသုတ် သုံးဆယ်

၃၆၂-၃၉၁။ သာဝတ္ထိနိဒါန်း။ တခုသော နေ့ရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား “အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဇလာဗုဇနဂါးတို့၏။ပ။ သံသေဒဇနဂါးတို့၏။ပ။ ဩပပါတိကနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း”ဟု ဤစကားကို လျှောက်၏။

ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှင်မျိုးသော ကံကို ပြု၏၊နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ ထိုသူသည် ဩပပါတိကနဂါးတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏ ဟု ကြားအပ်ဘူး၏ "ထိုသူအား ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဩပပါတိကနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။ အဖျော်ကို ပေးလှူ၏။ပ။ ဆီမီးကို ပေးလှူ၏။ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိကနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိကနဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

[ဤပေယျာလဖြင့် ဆယ်သုတ် ဆယ်သုတ်တို့ကို ပြုအပ်ကုန်၏၊ ဤသို့လျှင် ယောနိလေးပါးတို့၌ အပြေလေးဆယ်တို့ ဖြစ်ကုန်၏၊ ရှေ့ဆယ်သုတ်တို့နှင့်တကွ သုတ်ပေါင်း ငါးဆယ် ဖြစ်၏။]

## နာဂသံယုတ် ပြီး၏။

# ၉-သုပဏ္ဏသံယုတ်

## ၁-သုဒ္ဓိကသုတ်

၃၉၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဂဠုန်မျိုးတို့သည် ဤလေးမျိုးတည်း။ အဘယ် လေးမျိုးတို့နည်းဟူမူ—ဥ၌ဖြစ်သော'အဏ္ဍဇ'ဂဠုန် သားအိမ်၌ဖြစ်သော 'ဇလာဗုဇ'ဂဠုန် အညစ်အကြေးတို့၌ဖြစ်သော'သံသေဒဇ'ဂဠုန် ကိုယ်ထင်ရှားဖြစ်သော 'ဩပပါတိက'ဂဠုန်တို့တည်း။ ရဟန်းတို့ ဂဠုန်တို့သည် ဤလေးမျိုး တို့တည်းဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ဟရန္တိသုတ်

၃၉၃။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ ဂဠုန်မျိုးတို့သည် ဤလေးမျိုးတို့တည်း။အဘယ်လေးမျိုးတို့နည်းဟူမူ— အဏ္ဍဇဂဠုန်။ပ။ ရဟန်းတို့ ဂဠုန်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် အဏ္ဍဇဂဠုန်တို့သည် အဏ္ဍဇနဂါးတို့ကိုသာ သုတ်ချီ နိုင်ကုန်၏၊ ဇလာဗုဇနဂါး သံသေဒဇနဂါး ဩပပါတိကနဂါးတို့ကို မသုတ်ချီနိုင်ကုန်၊ ရဟန်းတို့ ဇလာဗုဇဂဠုန်တို့သည် အဏ္ဍဇနဂါး ဇလာဗုဇနဂါးတို့ကိုသာ သုတ်ချီနိုင်ကုန်၏၊ သံသေဒဇနဂါး ဩပပါတိကနဂါးတို့ကို မသုတ်ချီနိုင်ကုန်၊ ရဟန်းတို့ သံသေဒဇဂဠုန်တို့သည် အဏ္ဍဇနဂါး ဇလာဗုဇနဂါး သံသေဒဇနဂါးတို့ကိုသာ သုတ်ချီနိုင်ကုန်၏၊ ဩပပါတိကနဂါးတို့ကို မသုတ်ချီနိုင်ကုန်၊ ရဟန်းတို့ ဩပပါတိကဂဠုန်တို့သည် အဏ္ဍဇနဂါး ဇလာဗုဇနဂါး သံသေဒဇနဂါး ဩပပါတိကနဂါးတို့ကို သုတ်ချီနိုင်ကုန်၏။ ရဟန်းတို့ ဂဠုန်တို့သည် ဤလေးမျိုးတို့တည်းဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒွယကာရီသုတ်

၃၉၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဍဇဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ နှုတ်ဖြင့်နှစ်မျိုးသော ကံကို ပြု၏၊စိတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ ထိုသူသည် အဏ္ဍဇဂဠုန်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာ များကြ၏ ဟု

ကြားအပ်ဘူး၏၊ ထိုသူအား "ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဏဇ ဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံဖြစ်၏။ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဏဇဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဏဇ ဂဠုန်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (ဟောတော်မူ၏)။

တတိယသုတ်။

## ၄-၆-ဒုတိယာဒိ ဒွယကာရီသုတ် သုံးသုတ်

၃၉၅-၃၉၇။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဇလာဗုဇဂဠုန်။ပ။ သံသေဒဇဂဠုန်။ပ။ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ ထိုသူသည် ဩပပါတိကဂဠုန်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား "ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိက ဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံဖြစ်၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-၁၆-အဏ္ဏဇဒါနူပကာရသုတ် ဆယ်သုတ်

၃၉၈-၄၀၇။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အဏ္ဏဇဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှစ်မျိုးသော ကံကို ပြု၏၊ နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ ထိုသူသည် အဏ္ဏဇဂဠုန်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏။ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဏဇဂဠုန်တို့၏ အသင်းဝင် အဖြစ်သို့ရောက်ရမူ ကောင်းလေစွ"ဟု

ဤသို့သောအကြံဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။အဖျော်ကို ပေးလှူ၏။ အဝတ်ကို ပေးလှူ၏။ ယာဉ်ကို ပေးလှူ၏။ ပန်းကို ပေးလှူ၏။ နံ့သာကို ပေးလှူ၏။ နံ့သာပျောင်းကို ပေးလှူ၏။ အိပ်ရာကို ပေးလှူ၏။ပ။ နေရာကျောင်းကို ပေးလှူ၏။ ဆီမီးကို ပေးလှူ၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဍဇဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ အဏ္ဍဇဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

သောဠသမသုတ်။

## ၁၇-၄၆-ဇလာဗုဇဒါနူပကာရသုတ်

၄၀၈-၄၃၇။ သာဝတ္ထိနိဒါန်း။တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဇလာဗုဇဂဠုန်တို့၏။ပ။ သံသေဒဇဂဠုန်တို့၏။ပ။ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ နှုတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ စိတ်ဖြင့် နှစ်မျိုးသောကံကို ပြု၏၊ ထိုသူသည် ဩပပါတိကဂဠုန်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏။ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ရောက်ရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။ အဖျော်ကို ပေးလှူ၏။ပ။ ဆီမီးကို ပေးလှူ၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဩပပါတိကဂဠုန်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (ဟောတော်မူ၏)။

ဆစတ္တာလီသမသုတ်။

[ဤသို့ အပေါင်းအားဖြင့် လေးဆယ့်ခြောက်သုတ်တို့ ဖြစ်ကုန်၏။]

**သုပဏ္ဏသံယုတ် ပြီး၏။**

# ၁၀—ဂန္ဓဗ္ဗကာယသံယုတ်

## ၁-သုဒ္ဓိကသုတ်

၄၃၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ပ။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏"ရဟန်းတို့ သင်တို့အား ဂန္ဓဗ္ဗနတ်မျိုးတို့ကို ဟောအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဂန္ဓဗ္ဗနတ်မျိုးတို့ဟူသည် အဘယ်တို့နည်းဟူမူ—ရဟန်းတို့ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အနှစ်နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အကာနံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အခေါက်နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အပွေးနံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အရွက်နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အပွင့်နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အသီးနံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အရည်နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏၊ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့ရှိကုန်၏။ ရဟန်းတို့ ဤနတ်တို့ကို ဂန္ဓဗ္ဗနတ်မျိုးတို့" ဟူ၍ ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သုစရိတသုတ်

၄၃၉။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဂန္ဓဗ္ဗနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ဂန္ဓဗ္ဗနတ်မျိုးတို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဂန္ဓဗ္ဗနတ်မျိုးတို့၏ အသင်းဝင်အဖြစ်သို့ရောက်ရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံဖြစ်၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဂန္ဓဗ္ဗနတ်မျိုးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဂန္ဓဗ္ဗနတ်မျိုးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မူလဂန္ဓဒါတာသုတ်

၄၄၀။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ

နောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏အကြောင်း ကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း”ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ထိုသူသည် အမြစ်နံ့သာ၌ အစိုးရသော နတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများ ကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား “ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့ သော အကြံဖြစ်၏။ ထိုသူသည် အမြစ်နံ့သာတို့ကို ပေးလှူ၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အမြစ်နံ့သာ၌ အစိုးရသောနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-၁၂-သာရဂန္ဓာဒိဒါတာသုတ် ကိုးသုတ်

၄၄၁-၄၄၉။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာ ဘုရားအား “အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီး သည်မှနောက်၌ အနှစ်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အကာနံ့သာ၌ အစိုးရသော နတ်တို့ ၏။ပ။ အခေါက်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အပွေးနံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အရွက်နံ့သာ၌ အစိုးရသော နတ်တို့၏ ပ။ အပွင့်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အသီးနံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အရည်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အနံ့နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက် အပံ့ကား အဘယ်ပါနည်း”ဟု လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် အနှစ်နံ့သာ၌ အစိုးရသော နတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ ဟု ကြားဘူး၏၊ ထိုသူအား “ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အနှစ်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အကာနံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အခေါက်နံ့သာ၌ အစိုးရသောနတ်တို့၏။ပ။ အပွေးနံ့သာ၌ အစိုးရသောနတ်တို့၏။ပ။ အရွက်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အပွင့်နံ့သာ၌ အစိုးရသောနတ်တို့၏။ပ။ အသီးနံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အရည်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အနံ့နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ” ဟု ဤသို့ အကြံဖြစ်၏။ ထိုသူသည် အနှစ်နံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အကာနံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အခေါက် နံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အပွေးနံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အရွက်နံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အပွင့်နံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အသီးနံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အရည်နံ့သာတို့ကို ပေးလှူ၏။ ထိုသူသည် အနံ့ နံ့သာတို့ကို ပေးလှူ၏၊ ထိုသူသည်

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း။ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ၁၃-၂၂-မူလဂန္ဓဒါနူပကာရသုတ်ဆယ်သုတ်

၄၅၀-၄၅၉။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သော သူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏။ ထိုသူသည် အမြစ်နံ့သာ၌ အစိုးရသော နတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံ ဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။ အဖျော်ကို ပေးလှူ၏။ အဝတ်ကို ပေးလှူ၏။ ယာဉ်ကို ပေးလှူ၏။ ပန်းကို ပေးလှူ၏၊ နံ့သာကို ပေးလှူ၏။ နံ့သာပျောင်းကို ပေးလှူ၏။ အိပ်ရာကို ပေးလှူ၏။ နေရာ ကျောင်းကို ပေးလှူ၏။ ဆီမီးကို ပေးလှူ၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အမြစ်နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဗာဝီသတိမသုတ်။

## ၂၃-၁၁၂-သာရဂန္ဓာဒိဒါနူပကာရသုတ်ကိုးဆယ်

၄၆၀-၅၄၉။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အနှစ်နံ့သာ၌ အစိုးရသော နတ်တို့၏။ပ။ အနံ့ နံ့သာ၌အစိုးရသော နတ်တို့၏။ အကာနံ့သာ၌ အစိုးရသော နတ်တို့၏။ အခေါက်နံ့သာ၌ အစိုးရသော နတ်တို့၏။ အပွေးနံ့သာ၌ အစိုးရသော နတ်တို့၏။ အရွက်နံ့သာ၌ အစိုးရသော နတ်တို့၏။ အပွင့်နံ့သာ၌ အစိုးရသော နတ်တို့၏။ အသီးနံ့သာ၌ အစိုးရသော နတ်တို့၏။ အရည်နံ့သာ၌ အစိုးရသော နတ်တို့၏။ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊

အထောက်အပံ့ကား အဘယ်ပါနည်း” ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သော သူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် အနံ့ နံ့သာ၌ အစိုးရသော နတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား “ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့သော အကြံသည် ဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။ အဖျော်ကို ပေးလှူ၏။ အဝတ်ကို ပေးလှူ၏။ ယာဉ်ကို ပေးလှူ၏။ ပန်းကို ပေးလှူ၏။ နံ့သာကို ပေးလှူ၏။ နံ့သာပျောင်းကို ပေးလှူ၏။ အိပ်ရာကို ပေးလှူ၏။ နေရာ ကျောင်းကို ပေးလှူ၏။ ဆီမီးကို ပေးလှူ၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အနံ့ နံ့သာ၌ အစိုးရသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒွါဒသ သတ္တမသုတ်။

[ဤသို့ အပေါင်းအားဖြင့် တရာ့တဆယ့်နှစ်သုတ်တို့ ဖြစ်ကုန်၏။]

**ဂန္ဓဗ္ဗကာယသံယုတ် ပြီး၏။**

# ၁၁-ဝလာဟကသံယုတ်

## ၁-သုဒ္ဓိကသုတ်

၅၅၀။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ သင်တို့အား ဝလာဟကနတ်မျိုးတို့ကို ဟောပြအံ့၊ထိုတရားကို နာကြကုန်လော့။ရဟန်းတို့ ဝလာဟကနတ်မျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ အအေးကို ပြုတတ်သော ဝလာဟကနတ်၊ အပူကိုပြုတတ်သော ဝလာဟကနတ်၊ ဆီးနှင်းကျစေတတ်သော ဝလာဟကနတ်၊ လေတိုက်ခတ်စေတတ်သော ဝလာဟကနတ်၊ မိုးရွာစေတတ်သော ဝလာဟကနတ်တို့သည် ရှိကြကုန်၏။ ရဟန်းတို့ ဤနတ်တို့ကို ဝလာဟကနတ်မျိုးတို့ဟု ဆိုအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သုစရိတသုတ်

၅၅၁။ သာဝတ္ထိနိဒါန်း။တခုသောနေရာ၌ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဝလာဟကနတ်မျိုးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ဝလာဟကနတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏။ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု ဤသို့သော အကြံဖြစ်၏။ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-၁၂-သီတဝလာဟကဒါနူပကာရဆယ်သုတ်

၅၅၂-၅၆၁။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ

နောက်၌ အအေးကိုပြုတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက် အပံ့ကား အဘယ်ပါနည်း”ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏။ ထိုသူသည် အအေးကို ပြုတတ်သော ဝလာဟကနတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ ဟု ကြားအပ်ဘူး၏။ ထိုသူအား “ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အအေးကို ပြုတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့သော အကြံဖြစ်၏၊ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။ ဆီမီးကို ပေးလှူ၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အအေးကို ပြုတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အအေးကို ပြုတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

---

## ၁၃-၅၂-ဥဏှဝလာဟကဒါနူပကာရသုတ်

၅၆၂-၆၀၁။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ အပူကိုပြုတတ်သော ဝလာဟကနတ်တို့၏။ပ။ ဆီးနှင်းကျစေတတ်သော ဝလာဟကနတ်တို့၏။ပ။ လေတိုက်ခတ်စေတတ်သော ဝလာဟကနတ်တို့၏။ပ။ မိုးရွာစေတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း” ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် မိုးရွာစေတတ်သော ဝလာဟကနတ်တို့သည် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ချမ်းသာများကြ၏ဟု ကြားအပ်ဘူး၏၊ ထိုသူအား “ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ မိုးရွာစေတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့သော အကြံဖြစ်၏။ ထိုသူသည် ထမင်းကို ပေးလှူ၏။ပ။ ဆီမီးကို ပေးလှူ၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မိုးရွာစေတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏။ ရဟန်း ဤလောက၌ အချို့သောသူ၏ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မိုးရွာစေတတ်သော ဝလာဟကနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒွေပညာသမသုတ်။

## ၅၃-သီတဝလာဟကသုတ်

၆၀၂။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား တရံတခါ အေးခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း အအေးကို ပြုတတ်သော ဝလာဟကနတ်တို့ဟူ၍ ရှိကုန်၏၊ အကြင်အခါ၌ ထိုနတ်တို့အား "ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံဖြစ်ပေါ်လာ၏။ ထိုအခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ အအေးဖြစ်၏။ ရဟန်း တရံတခါ အေးခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

တေပဉ္စာသမသုတ်။

---

## ၅၄-ဥဏှဝလာဟကသုတ်

၆၀၃။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရံတခါ ပူခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း အပူကို ပြုတတ်သော ဝလာဟကနတ်တို့ဟူ၍ ရှိကုန်၏၊ အကြင်အခါ ထိုနတ်တို့အား "ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ" ဟု ဤသို့သော အကြံဖြစ်ပေါ်လာ၏။ ထိုအခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ အပူဖြစ်၏။ ရဟန်း တရံတခါ ပူခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

စတုပဉ္စာသမသုတ်။

---

## ၅၅-အဗ္ဘဝလာဟကသုတ်

၆၀၄။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရံတခါ ဆီးနှင်းကျခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤစကားကို လျှောက်၏။ရဟန်း ဆီးနှင်းကျစေတတ်သော ဝလာဟကနတ်တို့ဟူ၍ ရှိကုန်၏၊ အကြင်အခါ ထိုနတ်တို့အား "ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ" ဟု ဤသို့သောအကြံ ဖြစ်ပေါ်လာ၏။ ထိုအခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ ဆီးနှင်းကျမှု ဖြစ်၏။ ရဟန်း တရံတခါ ဆီးနှင်းကျခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စပဉ္စာသမသုတ်။

## ၅၆-ဝါတဝလာဟကသုတ်

၆၀၅။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရံတခါ လေတိုက်ခတ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤစကားကို လျှောက်၏၊ ရဟန်း လေတိုက်ခတ်စေတတ်သော ဝလာဟကနတ်တို့ဟူ၍ ရှိကုန်၏၊ အကြင်အခါ ထိုနတ်တို့အား "ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ" ဟု ဤသို့သော အကြံ ဖြစ်ပေါ်လာ၏။ ထိုအခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ လေတိုက်ခတ်၏။ ရဟန်း တရံတခါ လေတိုက်ခတ်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၅၇-ဝဿဝလာဟကသုတ်

၆၀၆။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရံတခါ မိုးရွာခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်၏။ ရဟန်း မိုးရွာစေတတ်သော ဝလာဟကနတ်တို့ဟူ၍ ရှိကုန်၏၊ အကြင်အခါ ထိုနတ်တို့အား "ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံ ဖြစ်ပေါ်လာ၏။ ထိုအခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ မိုးရွာ၏။ ရဟန်း တရံတခါ မိုးရွာခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

ဆတ္တမသုတ္တန် ပြီး၏။

**ဝလာဟကသံယုတ် ပြီး၏။**

# ၁၂-ဝစ္ဆဂေါတ္တသံယုတ်

## ၁-ရူပအညာဏသုတ်

၆၀၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင် ဂေါတမ လောကသည် မြဲ၏ဟူ၍ရှင်း လောကသည် မမြဲဟူ၍ရှင်း လောကသည် အဆုံးရှိ၏ ဟူ၍ရှင်း လောကသည် အဆုံးမရှိဟူ၍ရှင်း ထိုအသက်သည် ထိုကိုယ်တည်းဟူ၍ရှင်း အသက်သည် တခြား ကိုယ်သည်တခြားဟူ၍ရှင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရှင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ရှင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရှင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ် သည်လည်းမဟုတ်ဟူ၍ရှင်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။ ဝစ္ဆ ရုပ်၌ မသိခြင်းကြောင့် ရုပ်ဖြစ်ကြောင်း၌ မသိခြင်းကြောင့် ရုပ်ချုပ်ရာ၌ မသိခြင်းကြောင့် ရုပ်ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မသိခြင်းကြောင့် လောကသည် မြဲ၏ ဟူ၍ရှင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍ရှင်း လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ကုန်၏။ ဝစ္ဆ လောကသည် မြဲ၏ဟူ၍ရှင်း လောကသည် မမြဲဟူ၍ရှင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ရှင်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဝေဒနာအညာဏသုတ်

၆၀၈။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာ ဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား လောကသည် မြဲ၏ဟူ၍ရှင်း လောကသည် မမြဲဟူ၍ရှင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရှင်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ကြရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု(လျှောက်၏)။ ဝစ္ဆ ခံစားမှု 'ဝေဒနာ'၌ မသိခြင်းကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်ကြောင်း၌ မသိခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ချုပ်ရာ၌ မသိခြင်းကြောင့် ခံစားမှု'ဝေဒနာ'ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မသိခြင်းကြောင့် လောကသည် မြဲ၏ဟူ၍ရှင်း လောကသည် မမြဲဟူ၍ရှင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ရှင်း လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုး

ကုန်သော အယူတို့ ဖြစ်ပေါ်ကုန်၏။ ဝစ္ဆ လောကသည် မြဲ၏ဟူ၍၎င်း လောကသည် မမြဲ ဟူ၍၎င်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍၎င်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား ဤသည် ပင်တည်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သညာအညာဏသုတ်

၆၀၉။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာ ဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ လောကသည် မြဲ၏ဟူ၍၎င်း လောက သည် မမြဲဟူ၍၎င်း။ပ။သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍၎င်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။ ဝစ္ဆ မှတ်သားမှု 'သညာ'၌ မသိခြင်းကြောင့် မှတ်သားမှု 'သညာ'ဖြစ်ကြောင်း၌ မသိခြင်းကြောင့် မှတ်သားမှု 'သညာ' ချုပ်ရာ၌ မသိခြင်းကြောင့် မှတ်သားမှု 'သညာ'ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မသိခြင်း ကြောင့် လောကသည် မြဲ၏ဟူ၍၎င်း လောကသည် မမြဲဟူ၍၎င်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍၎င်း လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ကုန်၏။ ဝစ္ဆ လောကသည် မြဲ၏ ဟူ၍၎င်း လောကသည် မမြဲဟူ၍၎င်း။ပ။သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍၎င်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သင်္ခါရအညာဏသုတ်

၆၁၀။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာ ဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ လောကသည် မြဲ၏ဟူ၍၎င်း လောက သည် မမြဲဟူ၍၎င်း။ပ။သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍၎င်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်းဟု(လျှောက်၏)။ ဝစ္ဆ ပြုပြင်မှု 'သင်္ခါရ'တို့၌ မသိခြင်းကြောင့် ပြုပြင်မှု 'သင်္ခါရ'တို့ ဖြစ်ပေါ်ကြောင်း၌ မသိခြင်းကြောင့် ပြုပြင်မှု 'သင်္ခါရ'တို့ ချုပ်ရာ၌မသိခြင်းကြောင့် ပြုပြင်မှု 'သင်္ခါရ'တို့ ချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်၌ မသိခြင်းကြောင့် လောကသည်မြဲ၏ဟူ၍၎င်း လောကသည် မမြဲဟူ၍၎င်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍၎င်း လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ကုန်၏၊ဝစ္ဆ လောကသည် မြဲ၏ဟူ၍၎င်း

လောကသည် မမြဲဟူ၍ရှိငင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဝိညာဏအညာဏသုတ်

၆၁၁။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု(လျှောက်၏)။ ဝစ္ဆ ဝိညာဏ်၌ မသိခြင်းကြောင့် ဝိညာဏ်ဖြစ်ကြောင်း၌ မသိခြင်းကြောင့် ဝိညာဏ်ချုပ်ရာ၌ မသိခြင်းကြောင့် ဝိညာဏ်ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မသိခြင်းကြောင့် လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင် လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ကုန်၏၊ ဝစ္ဆ လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း လောက၌ ဤအမျိုးမျိုးကုန်သောအယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-၁၀-ရူပအဒဿနစသောငါးသုတ်

၆၁၂-၆၁၆။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်း ဟု" (လျှောက်၏)။ ဝစ္ဆ ရုပ်၌ မမြင်ခြင်းကြောင့်။ပ။ရုပ်ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မမြင်ခြင်းကြောင့်။ပ။ ခံစားမှု'ဝေဒနာ'၌ မမြင်ခြင်းကြောင့်။ မှတ်သားမှု 'သညာ'၌။ ပြုပြင်မှု 'သင်္ခါရ'တို့၌။ ဝိညာဏ်၌ မမြင်ခြင်းကြောင့်။ဝိညာဏ်ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မမြင်ခြင်းကြောင့်။ပ။

ဒသမသုတ်။

## ၁၁-၁၅-ရူပအနဘိသမယစသောငါးသုတ်

၆၁၇-၆၂၁။ သာဝတ္ထိနိဒါန်း။ဝစ္ဆ ရုပ်၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။ရုပ်ချုပ်ရာ(နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ခံစားမှု'ဝေဒနာ'၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ မှတ်သားမှု'သညာ'၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ပြုပြင်မှု'သင်္ခါရ'တို့၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ဝိညာဏ်၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။

ပန္နရသမသုတ်။

---

## ၁၆-၂၀-ရူပအနနုဗောဓစသောငါးသုတ်

၆၂၂-၆၂၆။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဂေါတမ။ပ။ အကြောင်းကား အဘယ် ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။ ဝစ္ဆ ရုပ်၌ လျော်စွာ မသိခြင်း ကြောင့်။ပ။ ရုပ်ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ လျော်စွာမသိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ခံစားမှု'ဝေဒနာ'၌။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ မှတ်သားမှု'သညာ'၌။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ပြုပြင်မှု'သင်္ခါရ'တို့၌။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ဝိညာဏ်၌ လျော်စွာ မသိခြင်းကြောင့်။ပ။ ဝိညာဏ်ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ လျော်စွာ မသိခြင်းကြောင့်။ပ။

ဝီသတိမသုတ်။

---

## ၂၁-၂၅-ရူပအပ္ပဋိဝေဓစသောငါးသုတ်

၆၂၇-၆၃၁။ သာဝတ္ထိနိဒါန်း။ အသျှင်ဂေါတမ။ အကြောင်းကား အဘယ်ပါနည်း အထောက် အပံ့ကား အဘယ်ပါနည်း။ပ။ ဝစ္ဆ ရုပ်၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။ ဝစ္ဆ ဝိညာဏ်၌ ထိုးထွင်း၍ မသိခြင်းကြောင့်။ပ။

ပဉ္စဝီသတိမသုတ်။

---

## ၂၆-၃၀-ရူပအသလ္လက္ခဏစသောငါးသုတ်

၆၃၂-၆၃၆။ သာဝတ္ထိနိဒါန်း။ ဝစ္ဆ ရုပ်၌ မမှတ်ခြင်းကြောင့်။ပ။ ဝစ္ဆ ဝိညာဏ်၌ မမှတ်ခြင်း ကြောင့်။ပ။

တိံသတိမသုတ်။

## ၃၁-၃၅-ရူပအနုပလက္ခဏစသောငါးသုတ်

၆၃၇-၆၄၁။ သာဝတ္ထိနိဒါန်း။ ဝစ္ဆ ရုပ်၌ လျော်စွာ မမှတ်ခြင်းကြောင့်။ပ။ ဝစ္ဆ ဝိညာဏ်၌ လျော်စွာ မမှတ်ခြင်းကြောင့်။ပ။

ပဉ္စတိံသတိမသုတ်။

---

## ၃၆-၄၀-ရူပအပ္ပစ္စုပလက္ခဏစသောငါးသုတ်

၆၄၂-၆၄၆။ သာဝတ္ထိနိဒါန်း။ ဝစ္ဆ ရုပ်၌ စွဲမြဲစွာ မမှတ်ခြင်းကြောင့်။ပ။ ဝစ္ဆ ဝိညာဏ်၌ စွဲမြဲစွာ မမှတ်ခြင်းကြောင့်။ပ။

စတ္တာလီသမသုတ်။

---

## ၄၁-၄၅-ရူပအသမပေက္ခဏစသောငါးသုတ်

၆၄၇-၆၅၁။ သာဝတ္ထိနိဒါန်း။ ဝစ္ဆ ရုပ်၌ ညီညွတ်စွာ မငဲ့ကွက်ခြင်းကြောင့်။ပ။ ဝစ္ဆ ဝိညာဏ်၌ ညီညွတ်စွာ မငဲ့ကွက်ခြင်းကြောင့်။ပ။

ပဉ္စစတ္တာလီသမသုတ်။

---

## ၄၆-၅၀-ရူပအပ္ပစ္စုပေက္ခဏစသောငါးသုတ်

၆၅၂-၆၅၆။ သာဝတ္ထိနိဒါန်း။ ဝစ္ဆ ရုပ်၌ စွဲမြဲစွာ မငဲ့ကွက်ခြင်းကြောင့်။ပ။ ဝစ္ဆ ဝိညာဏ်၌ စွဲမြဲစွာ မငဲ့ကွက်ခြင်းကြောင့်။ပ။

ပညာသမသုတ်။

---

## ၅၁-၅၄-ရူပအပ္ပစ္စက္ခကမ္မစသောလေးသုတ်

၆၅၇-၆၆၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာနှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—“အသျှင်ဂေါတမ လောကသည် မြဲ၏ဟူ၍ငင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်သည်းဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုးသော အယူတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်း”ဟု(လျှောက်၏)။ ဝစ္ဆ ရုပ်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ ရုပ်ဖြစ်ကြောင်း၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ ရုပ်ချုပ်ရာ၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ ရုပ်ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ဝစ္ဆ ခံစားမှု'ဝေဒနာ'၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။ ခံစားမှု'ဝေဒနာ' ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ မှတ်သားမှု'သညာ'၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။ မှတ်သားမှု 'သညာ'ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။

သာဝတ္ထိနိဒါန်း။ ဝစ္ဆ ပြုပြင်မှု 'သင်္ခါရ'တို့၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။ ပြုပြင်မှု 'သင်္ခါရ'တို့ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့်။ပ။

စတုပညာသမသုတ်။

## ၅၅-ဝိညာဏအပ္ပစ္စက္ခကမ္မသုတ်

၆၆၁။ သာဝတ္ထိနိဒါန်း။ ဝစ္ဆ ဝိညာဏ်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့် ဝိညာဏ်ဖြစ်ကြောင်း၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့် ဝိညာဏ်ချုပ်ရာ၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့် ဝိညာဏ်ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မျက်မှောက်ပြုမှု မရှိခြင်းကြောင့် လောကသည် မြဲ၏ဟူ၍လည်း လောကသည် မမြဲဟူ၍လည်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍လည်း လောက၌ ဤသို့အားဖြင့် ဤအမျိုးမျိုးကုန်သော အယူတို့ ဖြစ်ပေါ်ကုန်၏။ ဝစ္ဆ လောကသည် မြဲ၏ဟူ၍လည်း လောကသည် မမြဲဟူ၍လည်း လောကသည် အဆုံးရှိ၏ဟူ၍လည်း လောကသည် အဆုံးမရှိဟူ၍လည်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍လည်း အသက်တခြား ကိုယ်တခြားဟူ၍လည်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍လည်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ် ဟူ၍လည်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍လည်း လောက၌ ဤအမျိုးမျိုးကုန်သော အယူတို့ဖြစ်ပေါ်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စပညာသမသုတ်။

**ဝစ္ဆဂေါတ္တသံယုတ် ပြီး၏။**

# ၁၃—ဈာနသံယုတ်

## ၁-သမာဓိမူလကသမာပတ္တိသုတ်

၆၆၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ။ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ဈာန်၌မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်း မလိမ္မာ။ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ကား ဈာန်၌လည်း လိမ္မာ၏၊ ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်ဝင်စားမှု၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ကို နို့ထက် နို့ဓမ်းကို နို့ဓမ်းထက် ဆီဦးကို ဆီဦးထက် ထောပတ်ကို ထောပတ်ထက် ထောပတ်ကြည်ကို အမြတ်ဆုံးဖြစ်၏ဟု ဆိုရသကဲ့သို့ ဤအတူ ဤလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်ဝင်စားမှု၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမာဓိမူလကဌိတိသုတ်

၆၆၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်ကို တည်တံ့ရန် (ထားမှု)၌ မလိမ္မာ။ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကို တည်တံ့ရန် (ထားမှု)၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ။ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်ကို တည်တံ့ရန် (ထားမှု)၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်ကို တည်တံ့ရန် (ထားမှု)၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်ကိုတည်တံ့ရန် (ထားမှု)၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံး ဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ကို နို့ထက် နို့ဓမ်းကို နို့ဓမ်းထက် ဆီဦးကို ဆီဦးထက် ထောပတ်ကို ထောပတ်ထက် ထောပတ်ကြည်ကို အထက်ဆုံးဖြစ်၏ဟု ဆိုရသကဲ့သို့ ဤအတူ ဤလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်ကို တည်တံ့ရန် (ထားမှု)၌လည်း လိမ္မာသော သူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သမာဓိမူလကဝုဋ္ဌာနသုတ်

၆၆၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်မှ ထမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်မှ ထမှု၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်မှ ထမှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်မှ ထမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်မှထမှု၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သမာဓိမူလကကလ္လိတသုတ်

၆၆၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်ကိုခံ့အောင်ပြုမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကို ခံ့အောင် ပြုမှု၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်ကို ခံ့အောင် ပြုမှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်ကို ခံ့အောင် ပြုမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်ကိုခံ့အောင် ပြုမှု၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ကို။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏။)

စတုတ္ထသုတ်။

## ၅-သမာဓိမူလကအာရမ္မဏသုတ်

၆၆၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်၏ ကသိုဏ်းအာရုံတို့၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၏ကသိုဏ်းအာရုံတို့၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်၏ကသိုဏ်းအာရုံတို့၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်၏ ကသိုဏ်းအာရုံတို့၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်၏ ကသိုဏ်း

အာရုံတို့၌လည်း လိမ္မာသော သူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံး ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သမာဓိမူလကဂေါစရသုတ်

၆၆၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်၏ ကျက်စားရာ (အာရုံ)တို့၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၏ ကျက်စားရာ (အာရုံ)တို့၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်၏ကျက်စားရာ (အာရုံ) တို့၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်၏ကျက်စားရာ (အာရုံ)တို့၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်းလိမ္မာ ဈာန်၏ကျက်စားရာ (အာရုံ)တို့၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံး ဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံး ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သမာဓိမူလကအဘိနီဟာရသုတ်

၆၆၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ–ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်ကို ရှေးရှုဆောင်မှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကို ရှေးရှုဆောင်မှု၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း လိမ္မာသောသူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သမာဓိမူလကသက္ကစ္စကာရီသုတ်

၆၆၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ— ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်၌ အရိုအသေ ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ အရိုအသေ ပြုလေ့ရှိ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်၌ အရိုအသေလည်း ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်၌ အရိုအသေလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ဤလေးမျိုးတို့တွင် ဈာန်၌လည်းလိမ္မာ ဈာန်၌ အရိုအသေလည်း ပြုလေ့ရှိသောသူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံး ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သမာဓိမူလကသာတစ္စကာရီသုတ်

၆၇၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်၌ အမြဲမပြတ် ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ အမြဲမပြတ်ပြုလေ့ရှိ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်၌ အမြဲမပြတ်လည်း ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်၌ အမြဲမပြတ်လည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်းလိမ္မာ ဈာန်၌ အမြဲမပြတ်လည်း ပြုလေ့ရှိသောသူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံး ဖြစ်၏၊ အကြီးဆုံး ဖြစ်၏၊ အလွန်ဆုံး ဖြစ်၏၊ အမွန်ဆုံး ဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံး ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သမာဓိမူလကသပ္ပါယကာရီသုတ်

၆၇၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်အား လျောက်ပတ်သည်ကို ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်အား လျောက်ပတ်သည်ကိုသာ ပြုလေ့ရှိ၏၊ ဈာန်၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိသော သူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံး

ဖြစ်၏၊ အကြီးဆုံး ဖြစ်၏၊ အလွန်ဆုံးဖြစ်၏။ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

[သမာဓိမူလက ပြီး၏]။

## ၁၁-သမာပတ္တိမူလကဌိတိသုတ်

၆၇၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်ကို တည်တံ့ရန် ထားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကို တည်တံ့ရန် ထားမှု၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်ကို တည်တံ့ရန်ထားမှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်ကို တည်တံ့ရန် ထားမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်ဝင်စားမှု၌လည်း လိမ္မာ ဈာန်ကို တည်တံ့ရန် ထားမှု၌လည်း လိမ္မာသော သူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံး ဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ကို။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

## ၁၂-သမာပတ္တိမူလကဝုဋ္ဌာနသုတ်

၆၇၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်မှထမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်မှထမှု၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်မှ ထမှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်မှ ထမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ ဈာန်ရသူသည်။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ၁၃-သမာပတ္တိမူလကကလ္လိတသုတ်

၆၇၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊

ဈာန်ကို ခံ့အောင် ပြုမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကို ခံ့အောင် ပြုမှု၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်ကို ခံ့အောင် ပြုမှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်ကို ခံ့အောင် ပြုမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

## ၁၄-သမာပတ္တိမူလက အာရမ္မဏသုတ်

၆၇၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်၏ (ကသိုဏ်း) အာရုံတို့၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၏ (ကသိုဏ်း)အာရုံတို့၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်၏ (ကသိုဏ်း)အာရုံတို့၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်၏ (ကသိုဏ်း) အာရုံတို့၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

## ၁၅-သမာပတ္တိမူလကဂေါစရသုတ်

၆၇၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်၏ကျက်စားရာ (အာရုံ)တို့၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၏ ကျက်စားရာ (အာရုံ)တို့၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ။ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်၏ ကျက်စားရာ (အာရုံ)တို့၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်၏ကျက်စားရာ (အာရုံ)တို့၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ပန္နရသမသုတ်။

## ၁၆-သမာပတ္တိမူလကအဘိနီဟာရသုတ်

၆၇၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလော၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊

ဈာန်ကို ရှေးရှုဆောင်မှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကို ရှေးရှုဆောင်မှု၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

သောဠသမသုတ်။

## ၁၇-သမာပတ္တိမူလကသက္ကစ္စသုတ်

၆၇၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏ ဈာန်ကို အရိုအသေပြု၍ လေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ကိုသာ အရိုအသေပြုလေ့ရှိ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်ကို အရိုအသေလည်း ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်ကို အရိုအသေလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တရသမသုတ်။

## ၁၈-သမာပတ္တိမူလကသာတစ္စသုတ်

၆၇၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်၌ အမြဲမပြတ်ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ အမြဲမပြတ်ပြုလေ့ရှိ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်ကို အမြဲမပြတ်လည်း ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏၊ ဈာန်ကို အမြဲမပြတ်လည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌာရသမသုတ်။

## ၁၉-သမာပတ္တိမူလကသပ္ပါယကာရီသုတ်

၆၈၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်အား လျောက်ပတ်သည်ကို ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်အား လျောက်ပတ်သည်ကိုသာ ပြုလေ့ရှိ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း မလိမ္မာ၊ ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့မရှိ၊ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌လည်း လိမ္မာ

၏၊ ချာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ချာန်ဝင်စား မှု၌လည်းလိမ္မာ ချာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိသောသူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏၊ ရဟန်းတို့ ဥပမာ သော်ကား နွားမထက် နို့ကို နို့ထက် နို့ဓမ်းကို နို့ဓမ်းထက် ဆီဦးကို ဆီဦးထက် ထောပတ်ကို ထောပတ်ထက် ထောပတ်ကြည်ကို အထက်ဆုံးဖြစ်၏ဟု ဆိုရသကဲ့သို့ ဤအတူ ဤလေးမျိုးတို့ တွင် ချာန်ဝင်စားမှု၌လည်း လိမ္မာ ချာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိသော သူသည် အထက်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏။ အမွန်ဆုံး ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ကေနဝိသတိမသုတ်

[သမာပတ္တိမူလက ပြီး၏]။

## ၂၀-၂၇-ဌိတိမူလကဝဋ္ဋာနသုတ်စသော ရှစ်သုတ်

၆၇၁-၆၇၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ချာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ် လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ချာန်ရသူသည် ချာန်ကို တည်တံ့ရန် ထားမှု၌သာ လိမ္မာ၏၊ ချာန်မှထမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ချာန်ရသူသည် ချာန်မှထမှု၌သာ လိမ္မာ၏ ချာန်ကို တည်တံ့ရန် ထားမှု၌ မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သော ချာန်ရသူသည် ချာန်ကို တည်တံ့ရန် ထားမှု၌လည်း မလိမ္မာ၊ ချာန်မှထမှု၌လည်း မလိမ္မာ၊ ရဟန်းတို့ ဤလောက၌ အချို့သောချာန်ရသူသည် ချာန်ကို တည်တံ့ရန်ထားမှု၌လည်း လိမ္မာ၏၊ ချာန်မှထမှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အလွန်ဆုံး ဖြစ်၏၊ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဝီသတိမသုတ်။

[ရှေ့မူလကတို့ကဲ့သို့ နှစ်ဆယ့်ခုနစ်သုတ်မြောက် ဌိတိမူလကသပ္ပါယကာရီသုတ် တိုင်အောင် ရှစ်သုတ်တို့ကို ဖြည့်စွက်အပ်ကုန်၏။ ဌိတိမူလက ပြီး၏]။

## ၂၈-၃၄-ဝုဋ္ဌာနမူလကကလ္လိတသုတ်စသောခုနစ်သုတ်

၆၇၈-၆၈၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ချာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ် လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ချာန်ရသူသည် ချာန်မှထမှု၌သာ လိမ္မာ၏၊ ချာန်ကို ခံ့အောင်ပြုမှု၌ မလိမ္မာ၊ ချာန်ကို ခံ့အောင်ပြုမှု၌သာ လိမ္မာ၏၊ ချာန်မှထမှု၌ မလိမ္မာ။ ချာန်မှထမှု၌လည်း မလိမ္မာ၊ ချာန်ကိုခံ့အောင်ပြုမှု၌လည်း မလိမ္မာ၊ ချာန်မှ ထမှု၌လည်း လိမ္မာ၏။ ချာန်ကိုခံ့အောင်ပြုမှု၌လည်း လိမ္မာ၏၊ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အလွန်ဆုံး ဖြစ်၏၊ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌဝီသတိမသုတ်။

[ရှေ့မူလကတို့ကဲ့သို့ သုံးဆယ့်လေးသုတ်မြောက် ဝုဋ္ဌာနမူလကသပ္ပါယကာရီသုတ် တိုင်အောင် ခုနစ်သုတ်တို့ကို ဖြည့်စွက်အပ်ကုန်၏။ ဝုဋ္ဌာနမူလက ပြီး၏]။

## ၃၅-၄၀- ကလ္လိတမူလကအာရမ္မဏသုတ်စသော ခြောက်သုတ်

၆၉၆-၇၀၁။ သာဝတ္ထိနိဒါန်း။ ချာန်ကို ခံ့အောင်ပြုမှု၌သာ လိမ္မာ၏၊ ချာန်၏ကသိုဏ်း (အာရုံ)တို့၌ မလိမ္မာ၊ ချာန်၏ ကသိုဏ်း (အာရုံ) တို့၌သာ လိမ္မာ၏။ ချာန်ကို ခံ့အောင်ပြုမှု၌ မလိမ္မာ၊ ချာန်ကိုခံ့အောင်ပြုမှု၌လည်း မလိမ္မာ၏။ ဈာန်၏ ကသိုဏ်း (အာရုံ) တို့၌လည်း မလိမ္မာ၊ ချာန်ကိုခံ့အောင်ပြုမှု၌လည်း လိမ္မာ၏၊ ချာန်၏ ကသိုဏ်း (အာရုံ)တို့၌လည်း လိမ္မာ၏၊ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စတိံသတိမသုတ်။

[ရှေ့မူလကတို့ကဲ့သို့ လေးဆယ်မြောက် ကလ္လိတမူလကသပ္ပါယကာရီသုတ်တိုင်အောင် ခြောက်သုတ်တို့ကို ဖြည့်စွက်အပ်ကုန်၏။ ကလ္လိတမူလက ပြီး၏]။

---

## ၄၁-၄၅- အာရမ္မဏမူလကဂေါစရသုတ်စသော ငါးသုတ်

၇၀၂-၇၀၆။ သာဝတ္ထိနိဒါန်း။ ချာန်၏ကသိုဏ်းအာရုံတို့၌သာ လိမ္မာ၏၊ ချာန်၏ ကျက်စားရာ (အာရုံ)တို့၌ မလိမ္မာ။ ချာန်၏ကျက်စားရာ (အာရုံ)တို့၌သာ လိမ္မာ၏၊ ချာန်၏ ကသိုဏ်း (အာရုံ)တို့၌ မလိမ္မာ။ ချာန်၏ ကသိုဏ်း (အာရုံ) တို့၌လည်း မလိမ္မာ၊ ချာန်၏ကျက်စားရာ (အာရုံ) တို့၌လည်း မလိမ္မာ။ ချာန်၏ ကသိုဏ်း (အာရုံ) တို့၌လည်း လိမ္မာ၏၊ ချာန်၏ ကျက်စားရာ (အာရုံ)တို့၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ဧကစတ္တာလီသမသုတ်။

[ရှေ့မူလကတို့ကဲ့သို့ လေးဆယ့်ငါးသုတ်မြောက် အာရမ္မဏမူလကသပ္ပါယကာရီသုတ်တိုင်အောင် ငါးသုတ်တို့ကို ဖြည့်စွက်အပ်ကုန်၏။ အာရမ္မဏမူလက ပြီး၏]။

---

## ၄၆-၄၉-ဂေါစရမူလကအဘိနီဟာရသုတ်စသောလေးသုတ်

၇၀၇။ သာဝတ္ထိနိဒါန်း။ ချာန်၏ကျက်စားရာ (အာရုံ)တို့၌သာ လိမ္မာ၏၊ ချာန်ကို ရှေးရှု ဆောင်မှု၌ မလိမ္မာ။ ချာန်ကိုရှေးရှုဆောင်မှု၌သာ လိမ္မာ၏၊ ချာန်၏ကျက်စားရာ (အာရုံ) တို့၌ မလိမ္မာ။ ချာန်၏ ကျက်စားရာ (အာရုံ) တို့၌လည်း မလိမ္မာ၊ ချာန်ကိုရှေးရှုဆောင်မှု၌လည်း မလိမ္မာ။ ချာန်၏ ကျက်စားရာ (အာရုံ) တို့၌လည်း လိမ္မာ၏၊ ချာန်ကိုရှေးရှုဆောင်မှု၌လည်း လိမ္မာ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏။ ရဟန်းတို့ ဥပမာ သော်ကား နွားမထက် နို့ကို နို့ထက် နို့ဓမ်းကို နို့ဓမ်းထက် ဆီဦးကို ဆီဦးထက် ထောပတ်ကို ထောပတ်ထက် ထောပတ်ကြည်ကို အထက်ဆုံးဖြစ်၏ဟု ဆိုရသကဲ့သို့ ဤအတူ ဤလေးမျိုးတို့

တွင် ဈာန်၏ ကျက်စားရာ (အာရုံ) တို့၌လည်းလိမ္မာ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း လိမ္မာသောသူသည်။ပ။ အလွန်ဆုံး ဖြစ်၏၊ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆစတ္တာလီသမသုတ်။

၇၀၀။ ဈာန်၏ ကျက်စားရာ (အာရုံ) တို့၌သာ လိမ္မာ၏၊ ဈာန်ကို အရိုအသေ ပြုလေ့မရှိ။ပ။ [ချဲ့အပ်၏]။

သတ္တစတ္တာလီသမသုတ်။

၇၀၉။ ဈာန်၏ကျက်စားရာ (အာရုံ)တို့၌သာ လိမ္မာ၏၊ ဈာန်၌ အမြဲမပြတ်ပြုလေ့မရှိ။ပ။

အဋ္ဌစတ္တာလီသမသုတ်။

၇၁၀။ ဈာန်၏ကျက်စားရာ (အာရုံ)တို့၌သာ လိမ္မာ၏၊ ဈာန်အား လျော်ကပ်သည်ကို ပြုလေ့မရှိ။ပ။

ဧကူနပညာသမသုတ်။

[ဂေါစရမူလက ပြီး၏]။

## ၅၀-၅၂- အဘိနီဟာရမူလကသက္ကစ္စသောသုံးသုတ်

၇၁၁။ သာဝတ္ထိနိဒါန်း။ ဈာန်ကို ရှေးရှုဆောင်မှု၌သာ လိမ္မာ၏၊ ဈာန်၌ အရိုအသေပြုလေ့မရှိ။ ဈာန်၌သာ အရိုအသေပြုလေ့ရှိ၏၊ ဈာန်ကိုရှေးရှုဆောင်မှု၌ မလိမ္မာ၊ ဈာန်ကိုရှေးရှုဆောင်မှု၌လည်း မလိမ္မာ၊ ဈာန်၌အရိုအသေလည်း ပြုလေ့မရှိ၊ ဈာန်ကို ရှေးရှုဆောင်မှု၌လည်း လိမ္မာ၏၊ ဈာန်၌အရိုအသေလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။ အလွန်ဆုံး ဖြစ်၏၊ အမွန်ဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ပညာသမသုတ်။

၇၁၂။ ဈာန်ကို ရှေးရှုဆောင်မှု၌သာ လိမ္မာ၏၊ ဈာန်၌ အမြဲမပြတ်ပြုလေ့မရှိ။ပ။

ဧကပညာသမသုတ်။

၇၁၃။ ဈာန်ကို ရှေးရှုဆောင်မှု၌သာ လိမ္မာ၏၊ ဈာန်အား လျော်ကပ်သည်ကို ပြုလေ့မရှိ။ပ။

ဒွေပညာသမသုတ်။

[အဘိနီဟာရမူလက ပြီး၏]။

## ၅၃-၅၄-သက္ကစ္စမူလကသာတစ္စကာရိစသော နှစ်သုတ်

၇၁၄။ သာဝတ္ထိနိဒါန်း။ ဈာန်၌ အရှိအသေသာ ပြုလေ့ရှိ၏၊ ဈာန်၌ အမြဲမပြတ်ပြုလေ့မရှိ။ ဈာန်၌ အမြဲမပြတ်သာ ပြုလေ့ရှိ၏၊ ဈာန်၌ အရှိအသေပြုလေ့မရှိ။ ဈာန်၌ အရှိအသေလည်း ပြုလေ့မရှိ၊ ဈာန်၌ အမြဲမပြတ်လည်း ပြုလေ့မရှိ။ ဈာန်၌ အရှိအသေလည်း ပြုလေ့ရှိ၏၊ ဈာန်၌ အမြဲမပြတ်လည်းပြုလေ့ရှိ၏။ရဟန်းတို့ ထိုလေးမျိုးတို့တွင်။ပ။အလွန်ဆုံးဖြစ်၏၊အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)။

တေပညာသမသုတ်။

၇၁၅။ ဈာန်၌ အရှိအသေသာ ပြုလေ့ရှိ၏၊ ဈာန်၌ လျောက်ပတ်သည်ကို ပြုလေ့မရှိ။ပ။

စတုပညာသမသုတ်။

---

## ၅၅-သာတစ္စမူလကသပ္ပါယကာရီသုတ်

၇၁၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဈာန်ရသူတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌ အမြဲမပြတ်သာ ပြုလေ့ရှိ၏၊ ဈာန်အား လျောက်ပတ်သည်ကို ပြုလေ့မရှိ။ ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်အား လျောက်ပတ်သည်ကိုသာ ပြုလေ့ရှိ၏၊ ဈာန်၌ အမြဲမပြတ်ပြုလေ့မရှိ။ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌ အမြဲမပြတ်လည်း ပြုလေ့မရှိ၊ ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့မရှိ။ ရဟန်းတို့ ဤလောက၌ အချို့သောဈာန်ရသူသည် ဈာန်၌ အမြဲမပြတ်လည်း ပြုလေ့ရှိ၏၊ ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိ၏၊ ရဟန်းတို့ ထိုလေးမျိုးတို့တွင် ဈာန်၌ အမြဲမပြတ်လည်းပြု ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိသော ဈာန်ရသူသည် အထက်ဆုံးဖြစ်၏၊ အကြီးဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အလွန်ဆုံးဖြစ်၏၊ အမွန်ဆုံးဖြစ်၏၊ရဟန်းတို့ ဥပမာသော်ကား နွားမထက် နို့ ရည်၊နို့ ရည်ထက် နို့ ဓမ်း၊နို့ ဓမ်းထက် ဆီဦး၊ ဆီဦးထက် ထောပတ်၊ ထောပတ်ထက် ထောပတ်ကြည်ကို ထိုအားလုံးတို့တွင် အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ထိုလေးမျိုးတို့တွင် ဈာန်၌ အမြဲမပြတ်လည်းပြု ဈာန်အား လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိသော ဈာန်ရသူသည် အထက်ဆုံးဖြစ်၏၊ အကြီးဆုံး ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ အလွန်ဆုံ ဖြစ်၏၊ အမွန်ဆုံးဖြစ်၏ ဟု (မိန့်တော်မူ၏)၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို လွန်စွာနှစ်သက်ဝမ်းမြောက်ကြလေကုန်ပြီ။

ပဥ္စပညာသမသုတ်။

[စုဣယသုတ် ငါးဆယ့်ငါးသုတ်တို့ကဲ့သို့ ထို့အတူ ချဲ့အပ်ကုန်၏]။

ဈာနသံယုတ် ပြီး၏။

# ခန္ဓဝဂ္ဂသံယုတ် ပြီး၏။

## သံယုတ္တနိကာယ်

### သဠာယတနဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-သဠာယတနသံယုတ်

### ၁-အနိစ္စဝဂ် ၁-အဇ္ဈတ္တာနိစ္စသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို“ရဟန်းတို့”ဟု ခေါ်တော်မူ၏၊ “အသျှင်ဘုရား”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ မျက်စိသည် မမြဲ၊ မမြဲသောမျက်စိသည် ဆင်းရဲ၏၊ ဆင်းရဲသောမျက်စိသည် ကိုယ်‘အတ္တ’မဟုတ်၊ ကိုယ်‘အတ္တ’မဟုတ်သော မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ကိုယ်‘အတ္တ’မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ နားသည် မမြဲ၊ မမြဲသောနားသည်။ပ။နှာခေါင်းသည် မမြဲ၊ မမြဲသောနှာခေါင်းသည်။ပ။လျှာသည် မမြဲ၊ မမြဲသောလျှာသည် ဆင်းရဲ၏၊ ဆင်းရဲသောလျှာသည် ကိုယ်‘အတ္တ’မဟုတ်၊ကိုယ်‘အတ္တ’မဟုတ်သောလျှာကို ဤလျှာသည် ငါ့ဥစ္စာမဟုတ်၊ဤလျှာသည် ငါမဟုတ်၊ဤလျှာသည် ငါ၏ကိုယ်‘အတ္တ’မဟုတ်ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ကိုယ်သည် မမြဲ၊ မမြဲသောကိုယ်သည်။ပ။ စိတ်သည် မမြဲ၊ မမြဲသောစိတ်သည် ဆင်းရဲ၏၊ ဆင်းရဲသော

စိတ်သည် ကိုယ်‘အတ္တ’ မဟုတ်၊ ကိုယ် ‘အတ္တ’ မဟုတ်သောစိတ်ကို ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ကိုယ်‘အတ္တ’မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်းငြီးငွေ့၏၊ နား၌လည်း ငြီးငွေ့၏၊ နှာခေါင်း၌လည်း ငြီးငွေ့၏၊ လျှာ၌လည်း ငြီးငွေ့၏၊ ကိုယ်၌လည်း ငြီးငွေ့၏၊ စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းသောကြောင့်(ကိလေသာမှ)လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော်(ကိလေသာမှ)လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီ”ဟုသိ၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အဇ္ဈတ္တဒုက္ခသုတ်

၂။ ရဟန်းတို့ မျက်စိသည် ဆင်းရဲ၏၊ ဆင်းရဲသောမျက်စိသည် ကိုယ်‘အတ္တ’မဟုတ်၊ ကိုယ် ‘အတ္တ’ မဟုတ်သောမျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ကိုယ်‘အတ္တ’မဟုတ်ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့်ရှုရမည်။ နားသည် ဆင်းရဲ၏။ပ။ နှာခေါင်းသည် ဆင်းရဲ၏။ပ။လျှာသည် ဆင်းရဲ၏။ပ။ကိုယ်သည် ဆင်းရဲ၏။ပ။ စိတ်သည် ဆင်းရဲ၏၊ ဆင်းရဲသောစိတ်သည် ကိုယ်‘အတ္တ’မဟုတ်၊ ကိုယ်‘အတ္တ’မဟုတ်သောစိတ်ကို ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ကိုယ်‘အတ္တ’ မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့ ရှုသော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဇ္ဈတ္တာနတ္တသုတ်

၃။ ရဟန်းတို့ မျက်စိသည် ကိုယ်‘အတ္တ’ မဟုတ်၊ ကိုယ်‘အတ္တ’ မဟုတ်သောမျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ကိုယ် ‘အတ္တ’ မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ နားသည် ကိုယ်‘အတ္တ’ မဟုတ်။ပ။နှာခေါင်းသည် ကိုယ်‘အတ္တ’ မဟုတ်။ပ။လျှာသည် ကိုယ်‘အတ္တ’ မဟုတ်။ပ။ ကိုယ်သည် ကိုယ်‘အတ္တ’ မဟုတ်။ပ။ စိတ်သည် ကိုယ်‘အတ္တ’မဟုတ်၊ ကိုယ် ‘အတ္တ’ မဟုတ်သောစိတ်ကို ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ကိုယ်‘အတ္တ’မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့ ရှုသော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဗာဟိရာနိစ္စသုတ်

၄။ ရဟန်းတို့ အဆင်းတို့သည် မမြဲကုန်၊ မမြဲသောအဆင်းသည် ဆင်းရဲ၏၊ ဆင်းရဲသော အဆင်းသည် ကိုယ်'အတ္တ'မဟုတ်၊ ကိုယ်'အတ္တ'မဟုတ်သောအဆင်းကို ဤအဆင်းသည် ငါ့ဉစ္စာ မဟုတ်၊ ဤအဆင်းသည် ငါမဟုတ်၊ ဤအဆင်းသည် ငါ၏ကိုယ်'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် မမြဲကုန်။ မမြဲသောသဘောတရားသည် ဆင်းရဲ၏၊ ဆင်းရဲသောသဘောတရားသည် ကိုယ်'အတ္တ' မဟုတ်၊ ကိုယ်'အတ္တ' မဟုတ်သော သဘောတရားကို ဤသဘောတရားသည် ငါ့ဉစ္စာမဟုတ်၊ ဤသဘောတရားသည် ငါမဟုတ်၊ ဤသဘောတရားသည် ငါ၏ကိုယ် 'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အဆင်းတို့၌လည်း ငြီးငွေ့၏၊ အသံတို့၌လည်း ငြီးငွေ့၏၊ အနံ့တို့၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းသော် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီ" ဟု သိ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဗာဟိရဒုက္ခသုတ်

၅။ ရဟန်းတို့ အဆင်းတို့သည် ဆင်းရဲကုန်၏၊ ဆင်းရဲသောအဆင်းသည် ကိုယ်'အတ္တ'မဟုတ်၊ ကိုယ်'အတ္တ'မဟုတ်သောအဆင်းကို ဤအဆင်းသည် ငါ့ဉစ္စာမဟုတ်၊ ဤ အဆင်းသည် ငါမဟုတ်၊ ဤအဆင်းသည် ငါ၏ကိုယ်'အတ္တ'မဟုတ်ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သော (မဂ်) ပညာဖြင့် ရှုရမည်။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် ဆင်းရဲကုန်၏။ ဆင်းရဲသောသဘောတရားသည် ကိုယ်'အတ္တ'မဟုတ်၊ ကိုယ်'အတ္တ'မဟုတ် သော သဘောတရားကို ဤသဘောတရားသည် ငါ့ဉစ္စာမဟုတ်၊ ဤသဘောတရားသည် ငါမဟုတ်၊ ဤသဘောတရားသည် ငါ၏ကိုယ်'အတ္တ'မဟုတ်ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့ရှုသော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဗာဟိရာနတ္တသုတ်

၆။ ရဟန်းတို့ အဆင်းတို့သည် ကိုယ်'အတ္တ'မဟုတ်ကုန်၊ ကိုယ်'အတ္တ'မဟုတ်သော အဆင်းကို ဤအဆင်းသည် ငါ့ဉစ္စာမဟုတ်၊ ဤအဆင်းသည် ငါမဟုတ်၊ ဤအဆင်းသည် ငါ၏ကိုယ် 'အတ္တ'

မဟုတ်ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ပ။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် ကိုယ် 'အတ္တ' မဟုတ်ကုန်၊ ကိုယ် 'အတ္တ' မဟုတ်သောသဘောတရားကို ဤသဘောတရားသည် ငါ့ဥစ္စာမဟုတ်၊ ဤသဘောတရားသည် ငါမဟုတ်၊ ဤသဘောတရားသည် ငါ၏ ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ရှုသော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အဇ္ဈတ္တာနိစ္စာတီတာနာဂတသုတ်

၇။ ရဟန်းတို့ အတိတ် အနာဂတ်ဖြစ်သော မျက်စိသည် မမြဲ၊ ပစ္စုပ္ပန်မျက်စိ၏ မမြဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သောမျက်စိ၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သောမျက်စိကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော မျက်စိကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ နားသည် မမြဲ။ နှာခေါင်းသည် မမြဲ။ အတိတ် အနာဂတ်ဖြစ်သော လျှာသည် မမြဲ၊ ပစ္စုပ္ပန်လျှာ၏ မမြဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သောလျှာ၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သော လျှာကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော လျှာကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ ကိုယ်သည် မမြဲ။ပ။ အတိတ် အနာဂတ်ဖြစ်သောစိတ်သည် မမြဲ၊ ပစ္စုပ္ပန်စိတ်၏ မမြဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော စိတ်၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သောစိတ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သောစိတ်ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အဇ္ဈတ္တဒုက္ခာတီတာနာဂတသုတ်

၈။ ရဟန်းတို့ အတိတ် အနာဂတ်ဖြစ်သော မျက်စိသည် ဆင်းရဲ၏၊ ပစ္စုပ္ပန်မျက်စိ၏ ဆင်းရဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော မျက်စိ၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သော မျက်စိကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သောမျက်စိကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ နားသည်။ပ။ နှာခေါင်းသည်။ပ။ အတိတ် အနာဂတ်ဖြစ်သော လျှာသည် ဆင်းရဲ၏၊ ပစ္စုပ္ပန်ဖြစ်သောလျှာ၏ ဆင်းရဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော လျှာ၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သော လျှာကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော လျှာကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ ကိုယ်သည် ဆင်းရဲ၏။ပ။အတိတ် အနာဂတ် ဖြစ်သောစိတ်သည် ဆင်းရဲ၏၊ ပစ္စုပ္ပန်စိတ်၏ ဆင်းရဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော

အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သောစိတ်၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သော စိတ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သောစိတ်ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အဇ္ဈတ္တာနတ္တာတီတာနာဂတသုတ်

၉။ ရဟန်းတို့ အတိတ် အနာဂတ် ဖြစ်သော မျက်စိသည် ကိုယ် 'အတ္တ' မဟုတ်၊ ပစ္စုပ္ပန်မျက်စိ၏ ကိုယ်'အတ္တ'မဟုတ်မှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော မျက်စိ၌လည်း ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်သော မျက်စိကိုလည်း မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော မျက်စိကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။နားသည် ကိုယ်'အတ္တ'မဟုတ်။ပ။နှာခေါင်းသည် ကိုယ်'အတ္တ' မဟုတ်။ပ။အတိတ် အနာဂတ်ဖြစ်သော လျှာသည် ကိုယ်'အတ္တ'မဟုတ်၊ ပစ္စုပ္ပန်လျှာ၏ ကိုယ်'အတ္တ' မဟုတ်မှု၌ကား အဘယ်ဆိုဖွယ်ရာရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သောလျှာ၌ ငဲ့ကွက်မှု ကင်း၏၊ အနာဂတ်ဖြစ်သောလျှာကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သောလျှာကို ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ ကိုယ်သည် ကိုယ်'အတ္တ'မဟုတ်။ပ။ အတိတ် အနာဂတ်ဖြစ်သော စိတ်သည် ကိုယ် 'အတ္တ'မဟုတ်၊ ပစ္စုပ္ပန်စိတ်၏ ကိုယ်'အတ္တ'မဟုတ်မှု၌ကား အဘယ်ဆိုဖွယ်ရာရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော စိတ်၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ် ဖြစ်သောစိတ်ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော စိတ်ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဗာဟိရာနိစ္စာတီတာနာဂတသုတ်

၁၀။ ရဟန်းတို့ အတိတ်အနာဂတ် ဖြစ်ကုန်သော အဆင်းတို့သည် မမြဲကုန်၊ ပစ္စုပ္ပန်အဆင်းတို့၏ မမြဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း၊ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်ကုန်သော အဆင်းတို့၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်ကုန်သော အဆင်းတို့ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော အဆင်းတို့ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ အတိတ် အနာဂတ် ဖြစ်ကုန်သော သဘောတရားတို့သည် မမြဲကုန်၊ ပစ္စုပ္ပန်သဘောတရားတို့၏ မမြဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်ကုန်သော သဘောတရားတို့၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်ကုန်သော သဘောတရားတို့ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်ကုန်သော သဘောတရားတို့ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-ဗာဟိရဒုက္ခာတီတာနာဂတသုတ်

၁၁။ ရဟန်းတို့ အတိတ် အနာဂတ်ဖြစ်ကုန်သော အဆင်းတို့သည် ဆင်းရဲကုန်၏၊ ပစ္စုပ္ပန် အဆင်းတို့၏ ဆင်းရဲမှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြား အမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်ကုန်သော အဆင်းတို့၌ ငဲ့ကွက်မှုကင်း၏၊ အနာဂတ်ဖြစ်ကုန်သော အဆင်းတို့ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်ကုန်သော အဆင်းတို့ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ပ။

ကောဒသမသုတ်။

## ၁၂-ဗာဟိရာနတ္တာတီတာနာဂတသုတ်

၁၂။ ရဟန်းတို့ အတိတ် အနာဂတ်ဖြစ်ကုန်သော အဆင်းတို့သည် ကိုယ် 'အတ္တ' မဟုတ်ကုန်၊ ပစ္စုပ္ပန်အဆင်းတို့၏ ကိုယ် 'အတ္တ' မဟုတ်မှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်ကုန်သော အဆင်းတို့၌ ငဲ့ကွက်မှု ကင်း၏၊ အနာဂတ်ဖြစ်ကုန်သော အဆင်းတို့ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်ကုန်သော အဆင်းတို့ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ အတိတ် အနာဂတ်ဖြစ်ကုန်သော သဘောတရားတို့သည် ကိုယ်'အတ္တ' မဟုတ်ကုန်၊ ပစ္စုပ္ပန်သဘောတရားတို့၏ ကိုယ်'အတ္တ' မဟုတ်မှု၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော သဘောတရားတို့၌ ငဲ့ကွက်မှု ကင်း၏၊ အနာဂတ်ဖြစ်သော သဘောတရားတို့ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော သဘောတရားတို့ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ရှေးဦးစွာသော အနိစ္စဝဂ် ပြီး၏။

## ၂-ယမကဝဂ် ၁-ပဌမ ပုဗ္ဗေသမ္ဗောဓသုတ်

၁၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဘုရားမဖြစ်မီ သစ္စာလေးပါးကို မသိသေးသော ဘုရားအလောင်းဖြစ်စဉ် ငါ့အား ဤသို့ အကြံဖြစ်၏—"အဘယ်သည် မျက်စိ၏ သာယာဖွယ်ဖြစ်သနည်း၊ အဘယ်သည် အပြစ်ဖြစ်သနည်း၊ အဘယ်သည် ထွက်မြောက်ရာဖြစ်သနည်း။ အဘယ်သည် နား၏။ အဘယ်သည် နှာခေါင်း၏။ အဘယ်သည် လျှာ၏။ အဘယ်သည် ကိုယ်၏။ အဘယ်သည် စိတ်၏ သာယာဖွယ် ဖြစ်သနည်း၊အဘယ်သည် အပြစ်ဖြစ်သနည်း၊ အဘယ်သည် ထွက်မြောက်ရာ ဖြစ်သနည်း"ဟု အကြံဖြစ်၏။ ရဟန်းတို့ ထိုသို့ (အကြံဖြစ်ပေါ်သော) ငါ့အား ဤသို့ အကြံဖြစ်ပြန်၏—မျက်စိကို စွဲ၍ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် မျက်စိ၏ သာယာဖွယ်တည်း၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိသည် မျက်စိ၏ အပြစ်

တည်း၊ မျက်စိ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း ပယ်ခြင်းသည် မျက်စိ၏ ထွက်မြောက်ရာတည်း။ နားကိုစွဲ၍ ဖြစ်ပေါ်လာသော။ပ။ နှာခေါင်းကိုစွဲ၍ ဖြစ်ပေါ်လာသော။ပ။ လျှာကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် လျှာ၏ သာယာဖွယ်တည်း၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော လျှာသည် လျှာ၏ အပြစ်တည်း၊ လျှာ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း ပယ်ခြင်းသည် လျှာ၏ ထွက်မြောက်ရာတည်း။ ကိုယ်ကို စွဲ၍ ဖြစ်ပေါ်လာသော။ပ။ စိတ်ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် စိတ်၏ သာယာဖွယ်တည်း၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော စိတ်သည် စိတ်၏ အပြစ်တည်း၊ စိတ်၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း ပယ်ခြင်းသည် စိတ်၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ ငါသည် ဤခြောက်ပါးကုန်သော ကိုယ်တွင်းဖြစ် တည်ရာ 'အဇ္ဈတ္တိကာယတန' တို့၏ ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိရသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်မခံ။ ရဟန်းတို့ ငါသည် ဤခြောက်ပါးကုန်သော ကိုယ်တွင်း ဖြစ်တည်ရာ 'အဇ္ဈတ္တိကာယတန'တို့၏ ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိပြီးသော အခါ၌သာလျှင် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံ၏။ ငါ့အား ဉာဏ်အမြင်သည်လည်း ဖြစ်ပေါ်ခဲ့ပြီ၊ ငါ၏ အရဟတ္တဖိုလ်စိတ်သည်လည်း မပျက်စီးနိုင်၊ ဤဘဝကား နောက်ဆုံးဖြစ်သော ဘဝတည်း၊ ယခုအခါ နောက်ထပ် ပဋိသန္ဓေနေမှု မရှိတော့ပြီဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ပုဗ္ဗေသမ္ဗောဓ သုတ်

၁၄။ ရဟန်းတို့ ဘုရားမဖြစ်မီ သစ္စာလေးပါးကို မသိသေးသော ဘုရားအလောင်းဖြစ်စဉ် ငါ့အား ဤသို့ အကြံဖြစ်၏—"အဘယ်သည် အဆင်းတို့၏ သာယာဖွယ်ဖြစ်သနည်း၊ အဘယ်သည် အပြစ်ဖြစ်သနည်း၊ အဘယ်သည် ထွက်မြောက်ရာ ဖြစ်သနည်း။ အဘယ်သည် အသံတို့၏။ အဘယ်သည် အနံ့တို့၏။ အဘယ်သည် အရသာတို့၏။ အဘယ်သည် အတွေ့အထိတို့၏။ အဘယ်သည် သဘောတရားတို့၏ သာယာဖွယ်ဖြစ်သနည်း၊ အဘယ်သည် အပြစ်ဖြစ်သနည်း၊ အဘယ်သည် ထွက်မြောက်ရာ ဖြစ်သနည်း" ဟု အကြံဖြစ်၏။ ရဟန်းတို့ ထိုသို့ (အကြံဖြစ်ပေါ်သော) ငါ့အား ဤသို့ အကြံ ဖြစ်ပေါ်ပြန်၏—အဆင်းတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် အဆင်းတို့၏ သာယာဖွယ်တည်း၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော အဆင်းတို့သည် အဆင်းတို့၏ အပြစ်တည်း၊ အဆင်းတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း ပယ်ခြင်းသည် အဆင်းတို့၏ ထွက်မြောက်ရာတည်း။ အသံတို့ကို။ အနံ့တို့ကို။ အရသာတို့ကို။ အတွေ့အထိတို့ကို။ သဘောတရားတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် သဘောတရား

တို့၏ သာယာဖွယ်တည်း၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော သဘောတရားတို့သည် သဘောတရားတို့၏ အပြစ်တည်း၊ သဘောတရားတို့၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း ပယ်ခြင်းသည် သဘောတရားတို့၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ ငါသည် ဤခြောက်ပါးကုန်သော ကိုယ်ပြစ်တည်ရာ 'ဗာဟိရာယတန' တို့၏ ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိရသေးသမျှ ကာလပတ်လုံး နတ်မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်မခံ။ ရဟန်းတို့ ငါသည် ဤခြောက်ပါးကုန်သော ကိုယ်ပြစ်တည်ရာ 'ဗာဟိရာယတန' တို့၏ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိပြီးသောအခါ၌သာလျှင် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံ၏။ ငါ့အား ဉာဏ်အမြင်သည်လည်း ဖြစ်ပေါ်ခဲ့၏၊ ငါ၏ ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်သည်လည်း မပျက်စီးနိုင်၊ ဤဘဝကား နောက်ဆုံးဖြစ်သောဘဝတည်း၊ ယခုအခါ နောက်ထပ် ပဋိသန္ဓေနေမှု မရှိတော့ပြီဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဌမ အဿာဒပရိယေသနသုတ်

၁၅။ ရဟန်းတို့ ငါဘုရားသည် မျက်စိ၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ မျက်စိ၏ သာယာဖွယ်ကို သိခဲ့ပြီ၊ မျက်စိ၏ သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် မျက်စိ၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ မျက်စိ၏ အပြစ်ကို သိခဲ့ပြီ၊ မျက်စိ၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် မျက်စိ၏ ထွက်မြောက်ရာကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ မျက်စိ၏ ထွက်မြောက်ရာကို သိခဲ့ပြီ၊ မျက်စိ၏ ထွက်မြောက်ရာ ရှိသမျှကို ပညာဖြင့် ငါကောင်းစွာမြင်အပ်ပြီ။ ရဟန်းတို့ ငါသည် နား၏။ နှာခေါင်း၏။ လျှာ၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ လျှာ၏သာယာဖွယ်ကို သိခဲ့ပြီ၊ လျှာ၏ သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် လျှာ၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ လျှာ၏ အပြစ်ကို သိခဲ့ပြီ၊ လျှာ၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် လျှာ၏ ထွက်မြောက်ရာကို ရှာမှီး လျက် လှည့်လည်ဘူးပြီ၊ လျှာ၏ ထွက်မြောက်ရာကို သိခဲ့ပြီ၊ လျှာ၏ ထွက်မြောက်ရာ ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ပ။ ကိုယ်၏။ပ။ ရဟန်းတို့ ငါသည် စိတ်၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ စိတ်၏သာယာဖွယ်ကို သိခဲ့ပြီ၊ စိတ်၏ သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် စိတ်၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ စိတ်၏ အပြစ်ကို သိခဲ့ပြီ၊ စိတ်၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ရဟန်းတို့ ငါသည် စိတ်၏

ထွက်မြောက်ရာကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ စိတ်၏ ထွက်မြောက်ရာကို သိခဲ့ပြီ၊ စိတ်၏ ထွက်မြောက်ရာ ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။

ရဟန်းတို့ ငါသည် ဤခြောက်ပါးကုန်သော ကိုယ်တွင်းဖြစ် တည်ရာ 'အဇ္ဈတ္တိကာယတန' တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိရသေးသမျှ ကာလပတ်လုံး။ပ။ သိပြီးသော အခါ၌ သာလျှင်။ပ။ ဝန်ခံ၏။ ငါ့အား ဉာဏ်အမြင်သည်လည်း ဖြစ်ပေါ်ခဲ့ပြီ၊ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်သည်လည်း မပျက်စီးနိုင်၊ ဤဘဝကား နောက်ဆုံး ဖြစ်သော ဘဝတည်း၊ ယခုအခါ နောက်ထပ် ပဋိသန္ဓေနေမှုမရှိတော့ပြီဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ အဿာဒပရိယေသနသုတ်

၁၆။ ရဟန်းတို့ ငါသည် အဆင်းတို့၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ အဆင်းတို့၏ သာယာဖွယ်ကို သိခဲ့ပြီ၊ အဆင်းတို့၏ သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် အဆင်းတို့၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ အဆင်းတို့၏ အပြစ်ကို သိခဲ့ပြီ၊ အဆင်းတို့၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် အဆင်းတို့၏ ထွက်မြောက်ရာကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊အဆင်းတို့၏ ထွက်မြောက်ရာရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် အသံတို့၏။ အနံ့တို့၏။ အရသာတို့၏။ အတွေ့အထိတို့၏။ ရဟန်းတို့ ငါသည် သဘောတရားတို့၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ သဘောတရားတို့၏ သာယာဖွယ်ကို သိခဲ့ပြီ၊ သဘောတရားတို့၏ သာယာဖွယ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် သဘောတရားတို့၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ သဘောတရားတို့၏ အပြစ်ကို သိခဲ့ပြီ၊ သဘောတရားတို့၏ အပြစ်ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။ ရဟန်းတို့ ငါသည် သဘောတရားတို့၏ ထွက်မြောက်ရာကို ရှာမှီးလျက် လှည့်လည်ဘူးပြီ၊ သဘောတရားတို့၏ ထွက်မြောက်ရာကို သိခဲ့ပြီ၊ သဘောတရားတို့၏ ထွက်မြောက်ရာ ရှိသမျှကို ပညာဖြင့် ငါကောင်းစွာ မြင်အပ်ပြီ။

ရဟန်းတို့ ငါသည် ဤခြောက်ပါးကုန်သော ကိုယ်ပဖြစ်တည်ရာ 'ဗာဟိရာယတန' တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိရသေးသမျှ ကာလပတ်လုံး။ပ။ သိပြီးသော အခါ၌သာလျှင်။ပ။ ဝန်ခံ၏။ ငါ့အား ဉာဏ်အမြင်သည်လည်း ဖြစ်ပေါ်ခဲ့ပြီ၊ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်သည်လည်း မပျက်စီးနိုင်၊ ဤဘဝကား နောက်ဆုံးဖြစ်သော ဘဝတည်း၊ ယခုအခါ နောက်ထပ် ပဋိသန္ဓေ နေမှု မရှိတော့ပြီဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဉ္စမ နောစေအဿာဒသုတ်

၁၇။ ရဟန်းတို့ အကယ်၍ မျက်စိ၏ သာယာဖွယ်မရှိခဲ့ပါမူ သတ္တဝါတို့သည် မျက်စိ၌ မစွဲလမ်းကုန်ရာ၊ ရဟန်းတို့ မျက်စိ၏ သာယာဖွယ် ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် မျက်စိ၌ စွဲလမ်းကုန်၏။ ရဟန်းတို့ အကယ်၍ မျက်စိ၏ အပြစ်မရှိခဲ့ပါမူ သတ္တဝါတို့သည် မျက်စိ၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ မျက်စိ၏ အပြစ်ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် မျက်စိ၌ ငြီးငွေ့ကုန်၏။ ရဟန်းတို့ အကယ်၍ မျက်စိ၏ ထွက်မြောက်ရာ မရှိခဲ့ပါမူ သတ္တဝါတို့သည် မျက်စိမှ မထွက်မြောက်နိုင်ကုန်ရာ၊ ရဟန်းတို့ မျက်စိ၏ ထွက်မြောက်ရာ ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် မျက်စိမှ ထွက်မြောက်နိုင်ကုန်၏။ ရဟန်းတို့ အကယ်၍ နား၏ သာယာဖွယ် မရှိခဲ့ပါမူ။ ရဟန်းတို့ အကယ်၍ နှာခေါင်း၏ သာယာဖွယ်မရှိခဲ့ပါမူ။ ရဟန်းတို့ အကယ်၍ လျှာ၏ သာယာဖွယ် မရှိခဲ့ပါမူ သတ္တဝါတို့သည် လျှာ၌ မစွဲလမ်းကုန်ရာ၊ ရဟန်းတို့ လျှာ၏ သာယာဖွယ် ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် လျှာ၌ စွဲလမ်းကုန်၏။ ရဟန်းတို့ အကယ်၍ လျှာ၏ အပြစ်မရှိခဲ့ပါမူ သတ္တဝါတို့သည် လျှာ၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ လျှာ၏ အပြစ်ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် လျှာ၌ ငြီးငွေ့ကုန်၏။ ရဟန်းတို့ အကယ်၍ လျှာ၏ ထွက်မြောက်ရာ မရှိခဲ့ပါမူ သတ္တဝါတို့သည် လျှာမှ မထွက်မြောက်နိုင်ကုန်ရာ၊ ရဟန်းတို့ လျှာ၏ ထွက်မြောက်ရာ ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် လျှာမှ ထွက်မြောက်နိုင်ကုန်၏။ ရဟန်းတို့ အကယ်၍ ကိုယ်၏ သာယာဖွယ် မရှိခဲ့ပါမူ။ ရဟန်းတို့ အကယ်၍ စိတ်၏ သာယာဖွယ် မရှိခဲ့ပါမူ သတ္တဝါတို့သည် စိတ်၌ မစွဲလမ်းကုန်ရာ၊ ရဟန်းတို့ စိတ်၏ သာယာဖွယ် ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် စိတ်၌ စွဲလမ်းကုန်၏။ ရဟန်းတို့ အကယ်၍ စိတ်၏ အပြစ်မရှိခဲ့ပါမူ သတ္တဝါတို့သည် စိတ်၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ စိတ်၏ အပြစ်ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် စိတ်၌ ငြီးငွေ့ကုန်၏၊ ရဟန်းတို့ အကယ်၍ စိတ်၏ ထွက်မြောက်ရာ မရှိခဲ့ပါမူ သတ္တဝါတို့သည် စိတ်မှ မထွက်မြောက်နိုင်ကုန်ရာ၊ ရဟန်းတို့ စိတ်၏ ထွက်မြောက်ရာ ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည်စိတ်မှ ထွက်မြောက်နိုင်ကုန်၏။

ရဟန်းတို့ သတ္တဝါတို့သည် ဤခြောက်ပါးကုန်သော ကိုယ်တွင်းဖြစ်တည်ရာ 'အဇ္ဈတ္တိကာယတန' တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိကုန်သေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောကမှ ကျွတ်လွတ် ကွေကွင်း လွတ်ကင်းကြကုန်သည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြားကင်းသောစိတ်ဖြင့် မနေကြရကုန်။ ရဟန်းတို့ သတ္တဝါတို့သည် ဤခြောက်ပါးကုန်သော ကိုယ်တွင်းဖြစ်တည်ရာ 'အဇ္ဈတ္တိကာယတန'တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိပြီးသော အခါ၌သာလျှင် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောကမှ ကျွတ်လွတ် ကွေကွင်း လွတ်ကင်း ကြကုန်သည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြားကင်းသောစိတ်ဖြင့် နေကြရကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ နော စေအဿာဒသုတ်

၁၈။ ရဟန်းတို့ အကယ်၍ အဆင်းတို့၏ သာယာဖွယ်မရှိခဲ့ပါမူ သတ္တဝါတို့သည် အဆင်းတို့၌ မစွဲလမ်းကုန်ရာ။ ရဟန်းတို့ အဆင်းတို့၌ သာယာဖွယ် ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် အဆင်းတို့၌ စွဲလမ်းကုန်၏။ ရဟန်းတို့ အကယ်၍အဆင်းတို့၏ ဤအပြစ်မရှိခဲ့ပါမူ သတ္တဝါတို့သည် အဆင်းတို့၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ အဆင်းတို့၏ အပြစ်ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် အဆင်းတို့၌ ငြီးငွေ့ကုန်၏။ ရဟန်းတို့ အကယ်၍ အဆင်းတို့၏ ထွက်မြောက်ရာ မရှိခဲ့ပါမူ သတ္တဝါတို့သည် အဆင်းတို့မှ မထွက်မြောက်နိုင်ကုန်ရာ၊ ရဟန်းတို့အဆင်းတို့၏ ထွက်မြောက်ရာ ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် အဆင်းတို့မှ ထွက်မြောက်နိုင်ကုန်၏။ ရဟန်းတို့ အကယ်၍ အသံတို့၏။ အနံ့တို့၏။ အရသာတို့၏။ အတွေ့အထိတို့၏။ သဘောတရားတို့၏ သာယာဖွယ်သည် မရှိခဲ့ပါမူ သတ္တဝါတို့သည် သဘောတရားတို့၌ မစွဲလမ်းကုန်ရာ၊ ရဟန်းတို့ သဘောတရားတို့၏ သာယာဖွယ် ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် သဘောတရားတို့၌ စွဲလမ်းကုန်၏။ ရဟန်းတို့ အကယ်၍ သဘောတရားတို့၏ ဤအပြစ်ရှိခဲ့ပါမူ သတ္တဝါတို့သည် သဘောတရားတို့၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ သဘောတရားတို့၏ အပြစ်ရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် သဘောတရားတို့၌ ငြီးငွေ့ကုန်၏။ ရဟန်းတို့ အကယ်၍ သဘောတရားတို့၏ ထွက်မြောက်ရာ မရှိခဲ့ပါမူ သတ္တဝါတို့သည် သဘောတရားတို့မှ မထွက်မြောက်နိုင်ကုန်ရာ။ ရဟန်းတို့ သဘောတရားတို့၏ ထွက်မြောက်ရာရှိနေခြင်းကြောင့်သာလျှင် သတ္တဝါတို့သည် သဘောတရားတို့မှ ထွက်မြောက်နိုင်ကုန်၏။

ရဟန်းတို့ သတ္တဝါတို့သည် ဤခြောက်ပါးကုန်သော ကိုယ်ပဖြစ်တည်ရာ 'ဗာဟိရာယတန' တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိကြသေးသမျှကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကမှ ကျွတ်လွတ်ကွေကွင်း လွတ်ကင်းကြကုန်သည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြား ကင်းသောစိတ်ဖြင့် မနေကြရကုန်။ ရဟန်းတို့ သတ္တဝါတို့သည် ဤခြောက်ပါးကုန်သော ကိုယ်ပဖြစ်တည်ရာ 'ဗာဟိရာယတန' တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိပြီးသောအခါ၌သာလျှင် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကမှ ကျွတ်လွတ် ကွေကွင်း လွတ်ကင်းကြကုန်သည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြား ကင်းသောစိတ်ဖြင့် နေကြရကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမာဘိနန္ဒသုတ်

၁၉။ ရဟန်းတို့ အကြင်သူသည် မျက်စိကို နှစ်သက်၏၊ ထိုသူသည် ဆင်းရဲကို နှစ်သက်၏၊ အကြင်သူသည် ဆင်းရဲကို နှစ်သက်၏၊ ထိုသူသည် ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏။ နားကို။ပ။ နှာခေါင်းကို။ပ။ အကြင်သူသည် လျှာကို နှစ်သက်၏၊ ထိုသူသည် ဆင်းရဲကို နှစ်သက်၏၊ အကြင်သူသည်

ဆင်းရဲကို နှစ်သက်၏၊ ထိုသူသည် ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏။ ကိုယ်ကို။ပ။အကြင်သူသည် စိတ်ကို နှစ်သက်၏၊ ထိုသူသည် ဆင်းရဲကို နှစ်သက်၏၊ အကြင်သူသည် ဆင်းရဲကို နှစ်သက်၏၊ ထိုသူသည် ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏။

ရဟန်းတို့ အကြင်သူသည်ကား မျက်စိကို မနှစ်သက်၊ထိုသူသည် ဆင်းရဲကို မနှစ်သက်၊အကြင်သူသည် ဆင်းရဲကို မနှစ်သက်၊ထိုသူသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏။ နားကို။ပ။ နှာခေါင်းကို။ပ။ အကြင်သူသည် လျှာကို မနှစ်သက်၊ ထိုသူသည် ဆင်းရဲကို မနှစ်သက်၊ အကြင်သူသည် ဆင်းရဲကို မနှစ်သက်၊ ထိုသူသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏။ ကိုယ်ကို။ပ။ အကြင်သူသည် စိတ်ကို မနှစ်သက်၊ ထိုသူသည် ဆင်းရဲကို မနှစ်သက်၊ အကြင်သူသည် ဆင်းရဲကို မနှစ်သက်၊ ထိုသူသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယာဘိနန္ဒသုတ်

၂၀။ ရဟန်းတို့ အကြင်သူသည် အဆင်းတို့ကို နှစ်သက်၏၊ထိုသူသည် ဆင်းရဲကို နှစ်သက်၏၊ အကြင်သူသည် ဆင်းရဲကို နှစ်သက်၏၊ ထိုသူသည် ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏။ အကြင်သူသည် အသံတို့ကို။ပ။ အနံ့တို့ကို။ အရသာတို့ကို။ အတွေ့အထိတို့ကို။ သဘောတရားတို့ကို နှစ်သက်၏၊ ထိုသူသည် ဆင်းရဲကို နှစ်သက်၏၊ အကြင်သူသည် ဆင်းရဲကို နှစ်သက်၏၊ ထိုသူသည် ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏။

ရဟန်းတို့ အကြင်သူသည်ကား အဆင်းတို့ကို မနှစ်သက်၊ ထိုသူသည် ဆင်းရဲကို မနှစ်သက်၊ အကြင်သူသည် ဆင်းရဲကို မနှစ်သက် ထိုသူသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏။ အကြင်သူသည် အသံတို့ကို။ပ။ အနံ့တို့ကို။ အရသာတို့ကို။ အတွေ့အထိတို့ကို။ သဘောတရားတို့ကို မနှစ်သက်၊ ထိုသူသည် ဆင်းရဲကို မနှစ်သက်၊ အကြင်သူသည် ဆင်းရဲကို မနှစ်သက်၊ ထိုသူသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ဒုက္ခုပ္ပါဒသုတ်

၂၁။ ရဟန်းတို့ မျက်စိ၏ ဖြစ်ပေါ်မှု တည်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်မှုသည် ဆင်းရဲဖြစ်မှုပင်တည်း၊ ရောဂါတို့၏တည်ကြောင်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှု ပင်တည်း။ နား၏။ပ။ နှာခေါင်း၏။လျှာ၏။ကိုယ်၏။စိတ်၏ ဖြစ်ပေါ်မှု တည်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်မှုသည် ဆင်းရဲ၏ ဖြစ်မှုပင်တည်း၊ ရောဂါတို့၏တည်ကြောင်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း။

ရဟန်းတို့ မျက်စိ၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည်ကား ဆင်းရဲ၏ချုပ်မှုပင်တည်း၊ ရောဂါတို့၏ ငြိမ်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုပင်တည်း။ နား၏။ နှာခေါင်း၏။

လျှာ၏။ ကိုယ်၏။ စိတ်၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှုပင်တည်း၊ ရောဂါတို့၏ ငြိမ်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုပင်တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဒုက္ခုပ္ပါဒသုတ်

၂၂။ ရဟန်းတို့ အဆင်းတို့၏ ဖြစ်ပေါ်မှု တည်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်မှုသည် ဆင်းရဲ၏ ဖြစ်မှုပင်တည်း၊ ရောဂါတို့၏ တည်မှုပင်တည်း၊ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း။ အသံတို့၏။ပ။ အနံ့တို့၏။ အရသာတို့၏။ အတွေ့အထိတို့၏။ သဘောတရားတို့၏ ဖြစ်ပေါ်မှု တည်မှု အသစ်ဖြစ်မှု ထင်ရှားဖြစ်မှုသည် ဆင်းရဲ၏ ဖြစ်မှုပင်တည်း၊ ရောဂါတို့၏ တည်မှုပင်တည်း၊ အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း။

ရဟန်းတို့ အဆင်းတို့၏ ချုပ်မှု ငြိမ်းမှု ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှုပင်တည်း၊ ရောဂါတို့၏ငြိမ်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုပင်တည်း။ အသံတို့၏။ပ။ အနံ့တို့၏။ အရသာတို့၏။ အတွေ့အထိတို့၏။ သဘောတရားတို့၏ ချုပ်မှု ငြိမ်းမှုကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်မှုပင်တည်း၊ ရောဂါတို့၏ ငြိမ်းမှုပင်တည်း၊ အိုခြင်း သေခြင်း၏ ကွယ်ပျောက်မှုပင်တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ယမကဝဂ် ပြီး၏။

---

## ၃-သဗ္ဗဝဂ် ၁-သဗ္ဗသုတ်

၂၃။ သာဝတ္ထိနိဒါန်း။ရဟန်းတို့အလုံးစုံကို သင်တို့အား ဟောကြားပေအံ့၊ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အလုံးစုံဟူသည် အဘယ်နည်း။ မျက်စိနှင့် အဆင်းတို့ငှင်း နားနှင့်အသံတို့ငှင်း နှာခေါင်းနှင့် အနံ့တို့ငှင်း လျှာနှင့် အရသာတို့ငှင်း ကိုယ်နှင့်အတွေ့အထိတို့ငှင်း စိတ်နှင့် သဘောတရားတို့ငှင်းတည်း။ ရဟန်းတို့ ဤသည်ကို အလုံးစုံဟု ဆိုအပ်၏။ ရဟန်းတို့ ငါသည် ဤအလုံးစုံကို ပယ်စွန့်၍ တပါးသော အလုံးစုံကို ပညတ်မည်ဟု တဦးတယောက်က ဆိုခဲ့ပါလျှင် ထိုသူ၏စကားသည် အပြောမျှသာ ဖြစ်ရာ၏၊ မေးသည်ရှိသော်ကား အပြည့်အစုံ မဖြေဆိုနိုင်ရုံသာမက ပင်ပန်းခြင်းသို့လည်း ရောက်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အရာမဟုတ်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဟာနသုတ်

၂၄။ ရဟန်းတို့ အလုံးစုံကို ပယ်ခြင်းငှါ သင်တို့အား တရားကို ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အလုံးစုံကို ပယ်ခြင်းငှါ ဟောမည့် တရားဟူသည် အဘယ်နည်း။

ရဟန်းတို့ မျက်စိကို ပယ်ရမည်၊ အဆင်းတို့ကို ပယ်ရမည်၊ စက္ခုဝိညာဏ်ကို ပယ်ရမည်၊ စက္ခုသမ္ဖဿကို ပယ်ရမည်၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း ပယ်ရမည်။ နားကို။ပ။ နှာခေါင်းကို။ပ။ လျှာကိုပယ်ရမည်။ အရသာတို့ကို ပယ်ရမည်။ ဇိဝှါဝိညာဏ်ကို ပယ်ရမည်၊ ဇိဝှါသမ္ဖဿကို ပယ်ရမည်၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း ပယ်ရမည်။ ကိုယ်ကို ပယ်ရမည်၊ စိတ်ကို ပယ်ရမည်၊ သဘောတရားတို့ကို ပယ်ရမည်၊ မနောဝိညာဏ်ကို ပယ်ရမည်၊ မနောသမ္ဖဿကို ပယ်ရမည်၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း ပယ်ရမည်။ ရဟန်းတို့ ဤသည်လျှင် အလုံးစုံကို ပယ်ခြင်းငှါ ဟောပြအပ်သောတရားတည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဘိညာပရိညာပဟာနသုတ်

၂၅။ ရဟန်းတို့ အလုံးစုံကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ခြင်းငှါ သင်တို့အား တရားကို ဟောကြားအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အလုံးစုံကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ခြင်းငှါ ဟောမည့် တရားဟူသည် အဘယ်နည်း။ ရဟန်းတို့ မျက်စိကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ အဆင်းတို့ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ စက္ခုဝိညာဏ်ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ စက္ခုသမ္ဖဿကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်။ နားကို။ပ။ နှာခေါင်းကို။ပ။ လျှာကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ အရသာကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ ဇိဝှါဝိညာဏ်ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ ကိုယ်ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်။ပ။ စိတ်ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ သဘောတရားတို့ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ မနောဝိညာဏ်ကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ မနောသမ္ဖဿကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်၊ မနောသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်။ ရဟန်းတို့ ဤသည်လျှင် အလုံးစုံကို အထူးသိ၍ ပိုင်းခြားသိ၍ ပယ်ခြင်းငှါ ဟောပြအပ်သော တရားတည်းဟု (မိန့်တော်မူ၏)

တတိယသုတ်။

---

## ၄-ပဌမ အပရိဇာနနသုတ်

၂၆။ ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါမထိုက် ဟူသည်

အဘယ်နည်း။ ရဟန်းတို့ မျက်စိကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ အဆင်းတို့ကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ စက္ခုဝိညာဏ်ကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ စက္ခုသမ္ဖဿကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါမထိုက် ။ပ။ လျှာကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ အရသာတို့ကို။ပ။ ဇိဝှါဝိညာဏ်ကို။ပ။ ဇိဝှါသမ္ဖဿကို။ပ။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဒုက္ခ ဥပေက္ခာကိုလည်း အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ကိုယ်ကို။ပ။ စိတ်ကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါမထိုက်။ သဘောတရားတို့ကို။ပ။ မနောဝိညာဏ်ကို။ပ။ မနောသမ္ဖဿကို။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်ဟူသည် ဤသည်ပင်တည်း။

ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏ဟူသည် အဘယ်နည်း၊ ရဟန်းတို့ မျက်စိကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ အဆင်းတို့ကို အထူးသိလျှင် ပိုင်းခြား၍ သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ စက္ခုဝိညာဏ်ကို အထူးသိလျှင် ပိုင်းခြား၍ သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ စက္ခုသမ္ဖဿကို အထူးသိလျှင် ပိုင်းခြား၍ သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။နားကို။ပ။ နှာခေါင်းကို။ပ။ လျှာကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ အရသာတို့ကို ။ပ။ ဇိဝှါဝိညာဏ်ကို ။ပ။ ဇိဝှါသမ္ဖဿကို။ပ။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ ကိုယ်ကို။ပ။ စိတ်ကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါထိုက်၏။ သဘောတရားတို့ကို။ပ။မနောဝိညာဏ်ကို။ပ။ မနောသမ္ဖဿကို။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏ ဟူသည် ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုတိယ အပရိဇာနနသုတ်

၂၇။ ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်း၌ မထိုက်။ ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်း၌ မထိုက်ဟူသည် အဘယ်နည်း။ ရဟန်းတို့ မျက်စိရင်း အဆင်းတို့ရင်း စက္ခုဝိညာဏ်ရင်း စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရင်း။ပ။ လျှာရင်း အရသာတို့ရင်း ဇိဝှါဝိညာဏ်ရင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်သောတရားတို့ရင်း။ ကိုယ်ရင်း အတွေ့အထိတို့ရင်း ကာယဝိညာဏ်ရင်း ကာယဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရင်း။ စိတ်ရင်း သဘောတရားတို့ရင်း မနောဝိညာဏ်ရင်း မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရားတို့ရင်းတည်း။ ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်း၌ မထိုက်ဟူသည် ဤသည်ပင်တည်း။

ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်း၌ ထိုက်၏။ ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်း၌ ထိုက်၏ဟူသည် အဘယ်နည်း။ ရဟန်းတို့ မျက်စိရင်း အဆင်းတို့ရင်း စက္ခုဝိညာဏ်ရင်း စက္ခုဝိညာဏ်ဖြင့် သိအပ်သောတရားတို့ရင်း။ပ။ လျှာရင်း အရသာတို့ရင်း ဇိဝှါဝိညာဏ်ရင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရင်း။ ကိုယ်ရင်း အတွေ့အထိတို့ရင်း ကာယဝိညာဏ်ရင်း ကာယဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရင်း။ စိတ်ရင်း သဘောတရားတို့ရင်း မနောဝိညာဏ်ရင်း မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရားတို့ရင်းတည်း။ ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်း၌ ထိုက်၏ဟူသည် ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အာဒိတ္တသုတ်

၂၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဂယာရွာ၏အနီး ဂယာသီသအရပ်၌ တထောင်သော ရဟန်းသံဃာနှင့်အတူ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏— ရဟန်းတို့ အလုံးစုံသည် ပြောင်ပြောင်တောက်လောင်၏။ ရဟန်းတို့ အဘယ်မည်သော အလုံးစုံသည် ပြောင်ပြောင်တောက်လောင်သနည်း။ မျက်စိသည် ပြောင်ပြောင်တောက်လောင်၏၊ အဆင်းတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ စက္ခုဝိညာဏ်သည် ပြောင်ပြောင်တောက်လောင်၏၊ စက္ခုသမ္ဖဿသည် ပြောင်ပြောင်တောက်လောင်၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း ပြောင်ပြောင် တောက်လောင်၏။ အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း၊ စွဲမက်မှု 'ရာဂ' မီးဖြင့် အမျက်ထွက်မှု 'ဒေါသ' မီးဖြင့် တွေဝေမှု 'မောဟ' မီးဖြင့် ပြောင်ပြောင်တောက်လောင်၏၊ ပဋိသန္ဓေ နေမှု 'ဇာတိ' အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ' တို့

ဖြင့် ပြောင်ပြောင်တောက်လောင်၏ဟု ငါဆို၏။ပ။ လျှာသည် ပြောင်ပြောင်တောက်လောင်၏၊ အရသာတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ ဇိဝှါဝိညာဏ်သည် ပြောင်ပြောင်တောက်လောင်၏၊ ဇိဝှါသမ္ဖဿသည် ပြောင်ပြောင်တောက်လောင်၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း ပြောင်ပြောင်တောက်လောင်၏၊ အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း၊ စွဲမက်မှု 'ရာဂ'မီးဖြင့် အမျက်ထွက်မှု'ဒေါသ' မီးဖြင့် တွေဝေမှု'မောဟ'မီးဖြင့် ပြောင်ပြောင်တောက်လောင်၏၊ပဋိသန္ဓေနေမှု'ဇာတိ' အိုမှု 'ဇရာ' သေမှု'မရဏ' စိုးရိမ်မှု 'သောက'ငိုကြွေးမှု'ပရိဒေဝ' ကိုယ်ဆင်းရဲမှု'ဒုက္ခ'စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ'တို့ဖြင့် ပြောင်ပြောင်တောက်လောင်၏ဟု ငါဆို၏။ပ။ စိတ်သည် ပြောင်ပြောင်တောက်လောင်၏၊သဘောတရားတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊မနော ဝိညာဏ်သည် ပြောင်ပြောင်တောက်လောင်၏၊မနောသမ္ဖဿသည်ပြောင်ပြောင်တောက်လောင်၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည် လည်း ပြောင်ပြောင်တောက်လောင်၏၊ အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း၊ စွဲမက်မှု 'ရာဂ'မီးဖြင့် အမျက်ထွက်မှု'ဒေါသ'မီးဖြင့် တွေဝေမှု'မောဟ'မီးဖြင့် ပြောင်ပြောင်တောက်လောင်၏၊ ပဋိသန္ဓေနေမှု'ဇာတိ' အိုမှု'ဇရာ' သေမှု'မရဏ' စိုးရိမ်မှု'သောက' ငိုကြွေးမှု'ပရိဒေဝ' ကိုယ်ဆင်းရဲမှု'ဒုက္ခ' စိတ်ဆင်းရဲမှု'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု'ဥပါယာသ'တို့ဖြင့် ပြောင်ပြောင် တောက်လောင်၏ဟု ငါဆို၏။

ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌ လည်း ငြီးငွေ့၏။ပ။ မနောသမ္ဖဿ ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏၊ (ငြီးငွေ့သည်ရှိသော်) မစွဲမက်၊မစွဲမက်ခြင်းကြောင့်(ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ)လွတ်မြောက်သော် (ကိလေသာမှ)လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏"ဟု (ဟောတော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ခံယူကြလေကုန်၏။ဤစကားပြေသက်သက် ဒေသနာကို ဟောဆဲကာလမှာပင် ထိုရဟန်း တထောင်တို့၏ စိတ်တို့သည် (တဏှာ ဒိဋ္ဌိတို့ဖြင့်) တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်ကြလေကုန်ပြီ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇ အဒ္ဓဘူတသုတ်

၂၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထို

အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏— ရဟန်းတို့ အလုံးစုံသည် အနှိပ်စက်ခံရ၏။ ရဟန်းတို့ အဘယ် အလုံးစုံသည် အနှိပ်စက်ခံရသနည်း၊ ရဟန်းတို့ မျက်စိသည် အနှိပ်စက်ခံရ၏၊ အဆင်းတို့သည် အနှိပ်စက်ခံရကုန်၏၊ စက္ခုဝိညာဏ်သည် အနှိပ်စက်ခံရ၏၊ စက္ခုသမ္ဖဿသည် အနှိပ်စက်ခံရ၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း အနှိပ်စက်ခံရ၏။ အဘယ်တရားက နှိပ်စက်အပ်သနည်း၊ ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့က နှိပ်စက်အပ်၏ ဟု ငါဆို၏။ပ။ လျှာသည် အနှိပ်စက်ခံရ၏၊ အရသာတို့သည် အနှိပ်စက်ခံရကုန်၏၊ ဇိဝှါဝိညာဏ်သည် အနှိပ်စက်ခံရ၏၊ ဇိဝှါသမ္ဖဿသည် အနှိပ်စက်ခံရ၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း အနှိပ်စက်ခံရ၏။ အဘယ်တရားက နှိပ်စက်အပ်သနည်း၊ ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့က နှိပ်စက်အပ်၏ဟု ငါဆို၏။ ကိုယ်သည် အနှိပ်စက်ခံရ၏။ပ။ စိတ်သည် အနှိပ်စက်ခံရ၏၊ သဘောတရားတို့သည် အနှိပ်စက်ခံရကုန်၏၊ မနောဝိညာဏ်သည် အနှိပ်စက်ခံရ၏၊ မနောသမ္ဖဿသည် အနှိပ်စက်ခံရ၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း အနှိပ်စက်ခံရ၏။ အဘယ်တရားက နှိပ်စက်သနည်း၊ ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့က နှိပ်စက်အပ်၏ ဟု ငါ ဆို၏။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ “ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ”ဟု ပိုင်းခြား၍ သိ၏ ဟု (မိန့်တော်မူ၏)။

**သတ္တမသုတ်။**

---

## ၈-သမုဂ္ဃာတသာရုပ္ပသုတ်

၃၀။ ရဟန်းတို့ သင်တို့အား အထင်မှားမှု အားလုံးကို ပယ်ခွါရန် သင့်လျော်သော အကျင့်ကို ဟောပြပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့။ ရဟန်းတို့ အထင်မှားမှု အားလုံးကို ပယ်ခွါရန် သင့်လျော်သော ထိုအကျင့်သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကို အထင်မမှား၊ မျက်စိ၌ အထင်မမှား၊ မျက်စိမှ အထင်မမှား၊ ငါ၏ မျက်စိဟု အထင်မမှား၊ အဆင်းတို့ကို အထင်မမှား၊ အဆင်းတို့၌ အထင်မမှား၊ အဆင်းတို့မှ အထင်မမှား၊ ငါ၏ အဆင်းတို့ဟု အထင်မမှား။ စက္ခုဝိညာဏ်ကို အထင်မမှား၊ စက္ခုဝိညာဏ်၌ အထင်မမှား၊ စက္ခုဝိညာဏ်မှ အထင်မမှား၊ ငါ၏ စက္ခုဝိညာဏ်ဟု အထင်မမှား၊ စက္ခုသမ္ဖဿကို အထင်မမှား၊ စက္ခုသမ္ဖဿ၌ အထင်မမှား၊ စက္ခုသမ္ဖဿမှ အထင်မမှား၊ ငါ၏ စက္ခုသမ္ဖဿဟု အထင်မမှား၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထင်မမှား၊ ထိုခံစားမှု၌လည်း အထင်မမှား

ထိုခံစားမှုမှလည်း အထင်မမှား၊ ငါ၏ ခံစားမှု ဟု အထင်မမှား။ပ။ လျှာကို အထင်မမှား၊ လျှာ၌ အထင်မမှား၊ လျှာမှ အထင်မမှား၊ ငါ၏ လျှာဟု အထင်မမှား။ အရသာတို့ကို အထင်မမှား၊ အရသာတို့၌ အထင်မမှား၊ အရသာတို့မှ အထင်မမှား၊ ငါ၏ အရသာတို့ ဟု အထင်မမှား။ ဇိဝှါဝိညာဏ်ကို အထင်မမှား၊ ဇိဝှါဝိညာဏ်၌ အထင်မမှား၊ ဇိဝှါဝိညာဏ်မှ အထင်မမှား၊ ငါ၏ဇိဝှါဝိညာဏ် ဟု အထင်မမှား။ ဇိဝှါသမ္ဖဿကို အထင်မမှား၊ ဇိဝှါသမ္ဖဿ၌ အထင်မမှား၊ ဇိဝှါသမ္ဖဿမှ အထင်မမှား၊ ငါ၏ဇိဝှါသမ္ဖဿဟု အထင်မမှား။ ဇိဝှါသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ ဒုက္ခ ဥပေက္ခာကိုလည်း အထင်မမှား။ ထိုခံစားမှု၌လည်း အထင်မမှား၊ ထိုခံစားမှုမှလည်း အထင်မမှား၊ ငါ၏ ခံစားမှု ဟု အထင်မမှား။ပ။ စိတ်ကိုအထင်မမှား၊ စိတ်၌ အထင်မမှား၊ စိတ်မှ အထင်မမှား၊ ငါ၏ စိတ်ဟု အထင်မမှား။ သဘောတရားတို့ကို အထင်မမှား၊ သဘောတရားတို့၌ အထင်မမှား၊ သဘောတရားတို့မှ အထင်မမှား၊ ငါ၏ သဘောတရားတို့ဟု အထင်မမှား။ မနောဝိညာဏ်ကို အထင်မမှား၊ မနောဝိညာဏ်၌ အထင်မမှား၊ မနောဝိညာဏ်မှ အထင်မမှား၊ ငါ၏ မနောဝိညာဏ်ဟု အထင်မမှား။မနောသမ္ဖဿကို အထင်မမှား၊ မနောသမ္ဖဿ၌ အထင်မမှား၊ မနောသမ္ဖဿမှ အထင်မမှား၊ ငါ၏ မနောသမ္ဖဿဟု အထင်မမှား။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထင်မမှား၊ ထိုခံစားမှု၌လည်း အထင်မမှား၊ ထိုခံစားမှုမှလည်း အထင်မမှား၊ ငါ၏ခံစားမှုဟု အထင်မမှား၊ အလုံးစုံကို အထင်မမှား၊ အလုံးစုံ၌ အထင်မမှား၊အလုံးစုံမှ အထင်မမှား၊ ငါ၏ အလုံးစုံ ဟု အထင်မမှား။

ထိုရဟန်းသည် ဤသို့ အထင်မမှားသည်ဖြစ်၍ လောက၌ အဘယ်အရာကိုမျှ မစွဲလမ်း၊မစွဲလမ်းသော် မတောင့်တ၊ မတောင့်တသော် မျက်မှောက်ဘဝ၌ပင် ငြိမ်းအေး၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု ပိုင်းခြား၍သိ၏။ ရဟန်းတို့ အထင်မှားမှုအားလုံးကို ပယ်ခွါရန် သင့်လျော်သော အကျင့်ဟူသည် ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ သမုဂ္ဃာတသပ္ပါယသုတ်

၃၁။ ရဟန်းတို့ အထင်မှားမှု အားလုံးကို ပယ်ခွါရန် ကျေးဇူးများသော အကျင့်ကို သင်တို့အား ဟောပြပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အထင်မှားမှု အားလုံးကို ပယ်ခွါရန် ကျေးဇူးများသော ထိုအကျင့်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကို အထင်မမှား၊ မျက်စိ၌ အထင်မမှား၊ မျက်စိမှ အထင်မမှား၊ ငါ၏ မျက်စိဟု အထင်မမှား။ အဆင်းတို့ကို အထင်မမှား။ပ။စက္ခုဝိညာဏ်ကို အထင်မမှား။ စက္ခုသမ္ဖဿကို အထင်မမှား။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထင်မမှား၊ ထိုခံစားမှု၌လည်း အထင်မမှား၊ ထိုခံစားမှုမှလည်း အထင်မမှား၊ ငါ၏ ခံစားမှုဟုလည်း အထင်မမှား။

ရဟန်းတို့ အကြင်သဘောကို အထင်မှား၏၊ အကြင်သဘော၌ အထင်မှား၏၊ အကြင်သဘောမှ အထင်မှား၏၊ အကြင်သဘောသည် ငါဟု အထင်မှား၏၊ ထိုသဘောတရားသည် ထိုအထင်မှားမှုမှ တမျိုးတဖုံအားဖြင့် ဖြစ်တတ်၏၊ တမျိုးတဖုံအားဖြင့် ဖြစ်၍ ဘဝတို့၌ ကပ်ငြိတတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာ နှစ်သက်တတ်၏။ပ။ လျှာကို အထင်မမှား၊ လျှာ၌ အထင်မမှား၊ လျှာမှ အထင်မမှား၊ ငါ၏လျှာဟု အထင်မမှား။ အရသာတို့ကို အထင်မမှား။ပ။ ဇိဝှါဝိညာဏ်ကို အထင်မမှား၊ ဇိဝှါသမ္ဖဿကို အထင်မမှား၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထင်မမှား၊ ထိုခံစားမှု၌လည်း အထင်မမှား၊ ထိုခံစားမှုမှလည်း အထင်မမှား၊ ငါ၏ ခံစားမှုဟုလည်း အထင်မမှား။

ရဟန်းတို့ အကြင်သဘောကို အထင်မှား၏၊ အကြင်သဘော၌ အထင်မှား၏၊ အကြင်သဘောမှ အထင်မှား၏၊ အကြင်သဘောသည် ငါဟု အထင်မှား၏၊ ထိုသဘောတရားသည် ထိုအထင်မှားမှုမှ တမျိုးတဖုံအားဖြင့် ဖြစ်တတ်၏၊ တမျိုးတဖုံအားဖြင့် ဖြစ်၍ ဘဝတို့၌ ကပ်ငြိတတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာ နှစ်သက်တတ်၏။ပ။ စိတ်ကို အထင်မမှား၊ စိတ်၌ အထင်မမှား၊ စိတ်မှ အထင်မမှား၊ ငါ၏စိတ်ဟု အထင်မမှား။ သဘောတရားတို့ကို အထင်မမှား။ပ။ မနောဝိညာဏ်ကို အထင်မမှား၊မနောသမ္ဖဿကိုအထင်မမှား၊မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကိုလည်း အထင်မမှား၊ ထိုခံစားမှု၌လည်း အထင်မမှား၊ ထိုခံစားမှုမှလည်း အထင်မမှား၊ ငါ၏ ခံစားမှုဟု အထင်မမှား။

ရဟန်းတို့ အကြင်သဘောကို အထင်မှား၏၊ အကြင်သဘော၌ အထင်မှား၏၊ အကြင်သဘောမှ အထင်မှား၏၊ အကြင်သဘောသည် ငါဟု အထင်မှား၏၊ ထိုသဘောတရားသည် ထိုအထင်မှားမှုမှ တမျိုးတဖုံအားဖြင့် ဖြစ်တတ်၏၊ တမျိုးတဖုံအားဖြင့် ဖြစ်၍ ဘဝတို့၌ ကပ်ငြိတတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာ နှစ်သက်တတ်၏။

ရဟန်းတို့ ခန္ဓာ ဓာတ် အာယတနရှိသမျှကိုလည်း အထင်မမှား၊ ထိုခန္ဓာ ဓာတ် အာယတနရှိသမျှ၌လည်း အထင်မမှား၊ ထိုခန္ဓာ ဓာတ် အာယတနရှိသမျှမှလည်း အထင်မမှား၊ ငါ၏ ခန္ဓာ ဓာတ် အာယတနဟုလည်း အထင်မမှား။ထိုရဟန်းသည် ဤသို့ အထင်မမှားသည်ဖြစ်၍ လောက၌ အဘယ်အရာကိုမျှ မစွဲလမ်း၊ မစွဲလမ်းသော် မတောင့်တ၊ မတောင့်တသော် မျက်မှောက်ဘဝ၌ ပင် ကိလေသာမှ ငြိမ်း၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့"ဟု ပိုင်းခြား၍ သိ၏။ ရဟန်းတို့ အထင်မှားမှု အားလုံးကို ပယ်ခွါရန် ကျေးဇူးများသော ထိုအကျင့်ဟူသည် ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ သမုဂ္ဃါတသပ္ပါယသုတ်

၃၂။ ရဟန်းတို့ အထင်မှားမှု အားလုံးကို ပယ်ခွါရန် ကျေးဇူးများသော အကျင့်ကို သင်တို့အား ဟောပြပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အထင်မှားမှု အားလုံးကို ပယ်ခွါ

ရန် ကျေးဇူးများသော ထိုအကျင့်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စေ့သည် မြဲသလော၊ မမြဲသလော၊ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အဆင်းတို့သည်။ပ။ စက္ခုဝိညာဏ်သည်၊ စက္ခုသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ခံစားမှုသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ခံစားမှုကို ဤခံစားမှုသည် ငါ့ဥစ္စာဖြစ်၏၊ ဤခံစားမှုသည် ငါဖြစ်၏၊ ဤခံစားမှုသည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော၊ မသင့်လျော်ပါ အသျှင်ဘုရား။ပ။ လျှာသည် မြဲသလော၊ မမြဲသလော၊ မမြဲပါ အသျှင်ဘုရား။ပ။ အရသာတို့သည်။ ဇိဝှါဝိညာဏ်သည်၊ ဇိဝှါသမ္ဖဿသည်။ပ။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ စိတ်သည်။ သဘောတရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ခံစားမှုသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ခံစားမှုကို ဤခံစားမှုသည် ငါ့ဥစ္စာဖြစ်၏၊ ဤခံစားမှုသည် ငါဖြစ်၏၊ ဤခံစားမှုသည် ငါ၏ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ပ။ လျှာ၌လည်း ငြီးငွေ့၏၊ အရသာတို့၌လည်း ငြီးငွေ့၏။ပ။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ စိတ်၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့"ဟု ပိုင်းခြား၍သိ၏။ ရဟန်းတို့ အထင်မှားမှုအားလုံးကို ပယ်ခွါရန် ကျေးဇူးများသော ထိုအကျင့်ဟူသည် ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် သဗ္ဗဝဂ် ပြီး၏။

## ၄-ဇာတိဓမ္မဝဂ် ၁-၁၀-ဇာတိဓမ္မစသော ဆယ်သုတ်

၃၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ပ။ ရဟန်းတို့ အလုံးစုံသည် ပဋိသန္ဓေနေမှု သဘောရှိ၏။ ရဟန်းတို့ အဘယ်သို့လျှင် အလုံးစုံသည် ပဋိသန္ဓေနေမှု သဘောရှိသနည်း။ မျက်စိသည် ပဋိသန္ဓေနေမှု သဘောရှိ၏၊ အဆင်းတို့သည်။ စက္ခုဝိညာဏ်သည်။ စက္ခုသမ္ဖဿသည် ပဋိသန္ဓေနေမှုသဘောရှိ၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း ပဋိသန္ဓေနေမှု သဘောရှိ၏။ပ။ လျှာသည်။ အရသာတို့သည်။ ဇိဝှါဝိညာဏ်သည်။ ဇိဝှါသမ္ဖဿသည်။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း ပဋိသန္ဓေနေမှုသဘောရှိ၏၊ ကိုယ်သည်။ပ။ စိတ်သည် ပဋိသန္ဓေနေမှု သဘောရှိ၏၊ သဘောတရားတို့သည် ပဋိသန္ဓေနေမှု သဘောရှိကုန်၏၊ မနောဝိညာဏ်သည် ပဋိသန္ဓေနေမှု သဘောရှိ၏၊ မနောသမ္ဖဿသည် ပဋိသန္ဓေနေမှု သဘောရှိ၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း ပဋိသန္ဓေနေမှု သဘောရှိ၏။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏။ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏။ပ။ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ပိုင်းခြား၍သိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

၃၄။ ရဟန်းတို့ အလုံးစုံသည် အိုခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၃၅။ ရဟန်းတို့ အလုံးစုံသည် နာခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၃၆။ ရဟန်းတို့ အလုံးစုံသည် သေခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၃၇။ ရဟန်းတို့ အလုံးစုံသည် စိုးရိမ်ခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၃၈။ ရဟန်းတို့ အလုံးစုံသည် ညစ်ညူးခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၃၉။ ရဟန်းတို့ အလုံးစုံသည် ကုန်ခန်းခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၄၀။ ရဟန်းတို့ အလုံးစုံသည် ပျက်စီးခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၄၁။ ရဟန်းတို့ အလုံးစုံသည် ဖြစ်ခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]
၄၂။ ရဟန်းတို့ အလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏။ [ချဲ့အပ်၏။]

ဒသမသုတ်။

လေးခုမြောက် ဇာတိဓမ္မဝဂ် ပြီး၏။

---

## ၅-သဗ္ဗအနိစ္စဝဂ် ၁-၉-အနိစ္စစသော ကိုးသုတ်

၄၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ပ။ ရဟန်းတို့ အလုံးစုံသည် မမြဲ၊ ရဟန်းတို့ အဘယ် အလုံးစုံသည် မမြဲသနည်း။ ရဟန်းတို့ မျက်စိသည် မမြဲ၊ အဆင်းတို့သည် မမြဲကုန်၊ စက္ခုဝိညာဏ်

စိတ်သည် မမြဲ၊ စက္ခုသမ္ဖဿသည် မမြဲ၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မမြဲ။ပ။ လျှာသည် မမြဲ၊ အရသာတို့သည် မမြဲကုန်၊ ဇိဝှါဝိညာဏ်သည် မမြဲ၊ ဇိဝှါသမ္ဖဿသည် မမြဲ၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မမြဲ၊ ကိုယ်သည် မမြဲ။ပ။ စိတ်သည် မမြဲ၊ သဘောတရားတို့သည် မမြဲကုန်၊ မနောဝိညာဏ်သည် မမြဲ၊ မနောသမ္ဖဿသည် မမြဲ၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မမြဲ။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်မက်မှုကင်း၏၊ တပ်မက်မှုကင်းသော် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု ပိုင်းခြား၍ သိ၏ဟု (မိန့်တော်မူ၏)။

**ပဌမသုတ်။**

---

၄၄။ ရဟန်းတို့ အလုံးစုံသည် ဆင်းရဲ၏။ပ။

**ဒုတိယသုတ်။**

---

၄၅။ ရဟန်းတို့ အလုံးစုံသည် ကိုယ်'အတ္တ'မဟုတ်။ပ။

**တတိယသုတ်။**

---

၄၆။ ရဟန်းတို့ အလုံးစုံသည် သိအပ်သော တရားတည်း။ပ။

**စတုတ္ထသုတ်။**

---

၄၇။ ရဟန်းတို့ အလုံးစုံသည် ပိုင်းခြား၍သိအပ်သော တရားတည်း။ပ။

**ပဥ္စမသုတ်။**

---

၄၈။ ရဟန်းတို့ အလုံးစုံသည် ပယ်အပ်သော တရားတည်း။ပ။

**ဆဋ္ဌသုတ်။**

---

၄၉။ ရဟန်းတို့ အလုံးစုံသည် မျက်မှောက်ပြုအပ်သော တရားတည်း။ပ။

**သတ္တမသုတ်။**

၅၀။ ရဟန်းတို့ အလုံးစုံသည် ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သော တရားတည်း။ပ။

အဋ္ဌမသုတ်။

---

၅၁။ ရဟန်းတို့ အလုံးစုံသည် အနှိပ်စက်ခံရသော တရားတည်း။ပ။

နဝမသုတ်။

---

## ၁၀-ဥပဿဋ္ဌ သုတ်

၅၂။ ရဟန်းတို့ အလုံးစုံသည် အညှဥ်းဆဲခံရသော တရားတည်း။ ရဟန်းတို့ အဘယ်အလုံးစုံသည် အညှဥ်းဆဲခံရသနည်း။ ရဟန်းတို့ မျက်စိသည် အညှဥ်းဆဲ ခံရ၏၊ အဆင်းတို့သည် အညှဥ်းဆဲခံရကုန်၏၊ စက္ခုဝိညာဏ်သည် အညှဥ်းဆဲ ခံရ၏၊ စက္ခုသမ္ဖဿသည် အညှဥ်းဆဲ ခံရ၏၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း အညှဥ်းဆဲ ခံရ၏။ပ။ လျှာသည် အညှဥ်းဆဲ ခံရ၏၊ အရသာတို့သည် အညှဥ်းဆဲ ခံရကုန်၏၊ ဇိဝှါဝိညာဏ်သည် အညှဥ်းဆဲ ခံရ၏၊ ဇိဝှါသမ္ဖဿသည် အညှဥ်းဆဲ ခံရ၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း အညှဥ်းဆဲ ခံရ၏။ ကိုယ်သည် အညှဥ်းဆဲ ခံရ၏။ပ။ စိတ်သည် အညှဥ်းဆဲ ခံရ၏၊ သဘောတရားတို့သည် အညှဥ်းဆဲ ခံရကုန်၏၊ မနောဝိညာဏ်သည် အညှဥ်းဆဲ ခံရ၏၊ မနောသမ္ဖဿသည် အညှဥ်းဆဲ ခံရ၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း အညှဥ်းဆဲ ခံရ၏။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှု ကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေ နေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု ပိုင်းခြား၍ သိ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် သဗ္ဗအနိစ္စဝဂ် ပြီး၏။

---

## (၆) ၁-အဝိဇ္ဇာဝဂ် ၁-အဝိဇ္ဇာပဟာနသုတ်

၅၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို

လျှောက်၏ "မြတ်စွာဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်ကင်းနိုင်ပါသနည်း၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်ပါသနည်း" ဟု (လျှောက်၏)။

ရဟန်း မျက်စိကို မမြဲဟူ၍ သိသူ မြင်သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်ကင်းနိုင်၏၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်၏။ အဆင်းတို့ကို မမြဲဟူ၍ သိသူ မြင်သူအား မသိမှု 'အဝိဇ္ဇာ'ပျောက်ကင်းနိုင်၏၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်၏။ စက္ခုဝိညာဏ်ကို။ စက္ခုသမ္ဖဿကို။ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို မမြဲဟု သိသူ မြင်သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်ကင်းနိုင်၏၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်၏။ နားကို။ နှာခေါင်းကို။ လျှာကို။ ကိုယ်ကို။ စိတ်ကို မမြဲဟူ၍ သိသူ မြင်သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်ကင်းနိုင်၏၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်၏။ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို မမြဲဟု သိသူ မြင်သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်ကင်းနိုင်၏၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်၏။ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်ကင်းနိုင်၏၊ သိမှု 'ဝိဇ္ဇာ' ပေါ်ပေါက်နိုင်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သံယောဇနပဟာနသုတ်

၅၄။ အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့ ပျောက်ကင်းနိုင်ကြပါသနည်း။ ရဟန်း မျက်စိကို မမြဲဟု သိသူ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့ ပျောက်ကင်းနိုင်ကုန်၏။ အဆင်းတို့ကို။ စက္ခုဝိညာဏ်ကို။ စက္ခုသမ္ဖဿကို။ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို မမြဲဟု သိသူ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့ ပျောက်ကင်းနိုင်ကုန်၏။ နားကို။ နှာခေါင်းကို။ လျှာကို။ ကိုယ်ကို။ စိတ်ကို။ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို မမြဲဟု သိသူ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့ ပျောက်ကင်းနိုင်ကုန်၏။ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့ ပျောက်ကင်းနိုင်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သံယောဇနသမုဂ္ဃါတသုတ်

၅၅။ အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်သနည်း။ ရဟန်း မျက်စိကို ကိုယ် 'အတ္တ' မဟုတ်ဟု သိသူ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏။

အဆင်းတို့ကို ကိုယ် 'အတ္တ' မဟုတ်ဟု။ စက္ခုဝိညာဏ်ကို။ စက္ခုသမ္ဖဿကို။ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို ကိုယ် 'အတ္တ' မဟုတ်ဟု သိသူ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏။ နားကို။ နှာခေါင်းကို။ လျှာကို။ ကိုယ်ကို။ စိတ်ကို။ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို ကိုယ် 'အတ္တ' မဟုတ်ဟု သိသူ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏။ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူအား သံယောဇဉ် 'အနှောင်အဖွဲ့' တရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အာသဝပဟာနသုတ်

၅၆။ အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား အာသဝေါတရားတို့ ပျောက်ကင်းပါကုန်သနည်း။ပ။

စတုတ္ထသုတ်။

## ၅-အာသဝသမုဂ္ဃါတသုတ်

၅၇။ အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား အာသဝေါတရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ပါကုန်သနည်း။ပ။

ပဉ္စမသုတ်။

## ၆-အနုသယပဟာနသုတ်

၅၈။ အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူအား အနုသယတရားတို့ ပျောက်ကင်းပါကုန်သနည်း။ပ။

ဆဋ္ဌသုတ်။

## ၇-အနုသယသမုဂ္ဃါတသုတ်

၅၉။ အဘယ်သို့။ပ။ အနုသယတရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ပါကုန်သနည်း။ ရဟန်း မျက်စိကို ကိုယ်'အတ္တ' မဟုတ်ဟု သိသူ မြင်သူအား အနုသယတရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏။ပ။ နားကို။ နှာခေါင်းကို။ လျှာကို။ ကိုယ်ကို။ စိတ်ကို။ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿ ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို ကိုယ်'အတ္တ'မဟုတ် ဟု သိသူ မြင်သူအား အနုသယတရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏။ ရဟန်း ဤသို့သိသူ ဤသို့မြင်သူအား အနုသယတရားတို့သည် ပယ်ခွါခြင်းသို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သဗ္ဗုပါဒါနပရိညာသုတ်

၆၀။ ရဟန်းတို့ စွဲလမ်းမှု 'ဉပါဒါန်' အားလုံးကို ပိုင်းခြား၍ သိခြင်းငှါ သင်တို့အား တရား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ စွဲလမ်းမှု 'ဉပါဒါန်' အားလုံးကို ပိုင်းခြား၍ သိခြင်းငှါ ငါဟောကြားမည့်တရားဟူသည် အဘယ်နည်း။ မျက်စိကိုငှဲ အဆင်းတို့ကိုငှဲ စွဲ၍ စက္ခုဝိညာဏ်ဖြစ်၏၊ မျက်စိ အဆင်း စက္ခုဝိညာဏ်သုံးမျိုးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ခံစားမှု၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် ငါသည် စွဲလမ်းမှု 'ဉပါဒါန်' ကို ပိုင်းခြား၍သိအပ်ပြီဟု ပိုင်းခြား၍သိ၏၊ နားကိုငှဲ အသံတို့ကိုငှဲ စွဲ၍။ နှာခေါင်းကိုငှဲ အနံ့တို့ကိုငှဲ စွဲ၍။ လျှာကိုငှဲ အရသာတို့ကိုငှဲ စွဲ၍။ ကိုယ်ကိုငှဲ အတွေ့အထိတို့ကိုငှဲ စွဲ၍။ စိတ်ကိုငှဲ သဘောတရားတို့ကိုငှဲ စွဲ၍ မနောဝိညာဏ် ဖြစ်ပေါ်၏၊ စိတ် သဘောတရား မနောဝိညာဏ်သုံးမျိုးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု 'ဖဿ'သည်ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် စိတ်၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် ငါသည် စွဲလမ်းမှု 'ဉပါဒါန်' ကို ပိုင်းခြား၍ သိအပ်ပြီ ဟု ပိုင်းခြား၍ သိ၏။ ရဟန်းတို့ ဤသည်လျှင် စွဲလမ်းမှု 'ဉပါဒါန်' အားလုံး ကို ပိုင်းခြား၍သိခြင်းငှါ ဟောကြားအပ်သော တရားတည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ သဗ္ဗုပါဒါနပရိယာဒါနသုတ်

၆၁။ ရဟန်းတို့ စွဲလမ်းမှု 'ဉပါဒါန်' အားလုံးကို ကုန်ခန်းစေရန် သင်တို့အား တရားဟော ပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ စွဲလမ်းမှု 'ဉပါဒါန်' အားလုံးကို ကုန်ခန်းစေရန် ငါဟောမည့် တရားဟူသည် အဘယ်နည်း။ မျက်စိကိုငှဲ အဆင်းတို့ကိုငှဲ စွဲ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်၏၊ မျက်စိ အဆင်း စက္ခုဝိညာဏ်သုံးမျိုးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု 'ဖဿ'ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ရဟန်းတို့ ဤသို့ရှုသော အကြား အမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် ငါသည် စွဲလမ်းမှု 'ဉပါဒါန်'ကို ကုန်ခန်းစေအပ်ပြီဟု ပိုင်းခြား၍ သိ၏။ လျှာကိုငှဲ အရသာတို့ကိုငှဲ စွဲ၍ ဇိဝှါဝိညာဏ်ဖြစ်ပေါ်၏။ပ။ စိတ်ကိုငှဲ သဘောတရားတို့ကို

ငင်း စွဲ၍ မနောဝိညာဏ် ဖြစ်ပေါ်၏၊ စိတ် သဘောတရား မနောဝိညာဏ်သုံးမျိုးတို့၏ ပေါင်းဆုံမှု ကြောင့်တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် စိတ်၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် ငါသည် စွဲလမ်းမှု 'ဥပါဒါန်'ကို ကုန်ခန်းစေအပ်ပြီ ဟု ပိုင်းခြား၍ သိ၏။ ရဟန်းတို့ ဤသည်လျှင် စွဲလမ်းမှု 'ဥပါဒါန်'အားလုံးကို ကုန်ခန်းစေရန် ငါဟောကြားအပ်သော တရားတည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ သဗ္ဗုပါဒါနပရိယာဒါနသုတ်

၆၂။ ရဟန်းတို့ စွဲလမ်းမှု 'ဥပါဒါန်' အားလုံးကို ကုန်ခန်းစေရန် သင်တို့အား တရားဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ စွဲလမ်းမှု 'ဥပါဒါန်' အားလုံးကို ကုန်ခန်းစေရန် ငါဟောကြားမည့်တရားဟူသည် အဘယ်နည်း။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ မျက်စိသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ကိုယ် 'အတ္တ' တည်း ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အဆင်းတို့သည်။ပ။ စက္ခုဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ စက္ခုသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ နားသည်။ နှာခေါင်းသည်။ လျှာသည်။ ကိုယ်သည်။ စိတ်သည်။ သဘောတရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ခံစားမှုသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ့ဥစ္စာဖြစ်၏၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြီးငွေ့၏။ပ။ လျှာ၌လည်း ငြီးငွေ့၏၊ အရသာတို့၌လည်း ငြီးငွေ့၏၊ ဇိဝှါဝိညာဏ်၌လည်း ငြီးငွေ့၏၊ ဇိဝှါသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့်။ပ။

စိတ်၌လည်း ငြိငွေ၏၊ သဘောတရားတို့၌လည်း ငြိငွေ၏၊ မနောဝိညာဏ်၌လည်း ငြိငွေ၏။ မနော သမ္ဖဿ၌လည်း ငြိငွေ၏၊ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ၌လည်း ငြိငွေ၏။ ငြိငွေသော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက် ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ် ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု ပိုင်းခြား၍ သိ၏။ ရဟန်းတို့ ဤသည်လျှင် စွဲလန်းမှု 'ဥပါဒါန်' အားလုံးကို ကုန်ခန်းစေရန် ဟောအပ်သော တရား တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော အဝိဇ္ဇာဝဂ် ပြီး၏။

---

## (၇) ၂-မိဂဇာလဝဂ် ၁-ပဌမ မိဂဇာလသုတ်

၆၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်မိဂဇာလသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက်။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင် ဘုရား တယောက်တည်းနေသူ တယောက်တည်းနေသူ" ဟု ဆိုအပ်၏၊ အဘယ်သို့ နေခြင်းဖြင့် တယောက်တည်းနေသူ ဖြစ်နိုင်ပါသနည်း၊ အဘယ်သို့ နေခြင်းဖြင့်ကား အဖော်နှင့်အတူနေသူ ဖြစ်ပါသနည်းဟု (လျှောက်၏)။

မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင် ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ် ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အကယ်၍ အလွန်နှစ်သက်အံ့၊ အလွန်ပြောဆိုအံ့၊ လွှမ်းမိုး၍ တည်အံ့၊ ထိုအဆင်းကို အလွန်နှစ်သက် အလွန်ပြောဆို လွှမ်းမိုး၍ တည်သော ထိုရဟန်းအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်မှုရှိသော် ပြင်းစွာစွဲမက်မှု ဖြစ်၏၊ ပြင်းစွာ စွဲမက်မှုရှိသော် စပ်ယှဉ်'နှောင်ဖွဲ့'မှု ဖြစ်၏၊ မိဂဇာလ နှစ်သက်မှု သံယောဇဉ်ကြိုး အချည်ခံရသော ရဟန်းကို အဖော်နှင့်အတူ နေသူဟု ဆိုအပ်၏။ပ။ မိဂဇာလ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ တို့သည် ရှိကုန်၏။ပ။ မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရားတို့သည် ရှိကုန်၏။ ထိုသဘောတရားကို ရဟန်းသည် အကယ်၍ အလွန်နှစ်သက်အံ့၊ အလွန်ပြောဆိုအံ့၊ လွှမ်းမိုး၍ တည်အံ့၊ ထိုသဘောတရားကို အလွန်နှစ်သက် အလွန်ပြောဆို လွှမ်းမိုး၍ တည်သော ထိုရဟန်းအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်မှု ရှိသော် ပြင်းစွာ စွဲမက်မှုဖြစ်၏၊ ပြင်းစွာစွဲမက်မှုရှိသော် စပ်ယှဉ် 'နှောင်ဖွဲ့'မှု ဖြစ်၏၊ မိဂဇာလ နှစ်သက်မှု သံယောဇဉ် ကြိုးအချည်ခံရသော ရဟန်းကို အဖော်နှင့်အတူ နေသူဟု ဆိုအပ်၏။ မိဂဇာလ ဤသို့ နေသော ရဟန်းသည် လူသံမရှိကုန်သော ကျယ်လောင်သော အသံမရှိကုန်သော လူနံ့မရှိကုန်သော

လူတို့ လျှို့ဝှက်မှုကို ပြုရန်ထိုက်ကုန်သော ကိန်းအောင်းခြင်းငှါ လျောက်ပတ်ကုန်သော အလွန် ဝေးကုန်သော တော တောအုပ်ဖြစ်ကုန်သော ကျောင်းတို့ကို အကယ်၍ မှီဝဲနေစေကာမူ ထိုရဟန်းကို အဖော်နှင့်အတူ နေသူဟုပင် ဆိုအပ်၏။ ထိုသို့ ဆိုခြင်းသည် အဘယ့်ကြောင့်နည်း၊ တဏှာသည် ထိုရဟန်း၏ အဖော်မည်၏။ ထိုအဖော်တဏှာကို ထိုရဟန်းသည် မပယ်အပ်သေး၊ ထို့ကြောင့် အဖော်နှင့်အတူ နေသူဟု ဆိုအပ်၏။

မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အကယ်၍ အလွန်မနှစ်သက်အံ့၊ အလွန်မပြောဆိုအံ့၊ လွှမ်းမိုး၍ မတည်အံ့၊ ထိုအဆင်းကို အလွန်မနှစ်သက် အလွန်မပြောဆို လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား နှစ်သက်မှုသည် ချုပ်ငြိမ်း၏၊ နှစ်သက်မှု မရှိသော် ပြင်းစွာ တပ်မက်မှု မဖြစ်နိုင်၊ ပြင်းစွာ တပ်မက်မှု မရှိသော် စပ်ယှဉ် 'နှောင်ဖွဲ့'မှု မဖြစ်၊ မိဂဇာလ နှစ်သက်မှု သံယောဇဉ်ကြိုး အချည်မခံရသော ရဟန်းကို တယောက်တည်း နေသူဟု ဆိုအပ်၏။ပ။ မိဂဇာလ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အကယ်၍ အလွန်မနှစ်သက်အံ့၊ အလွန်မပြောဆိုအံ့၊ လွှမ်းမိုး၍ မတည်အံ့၊ ထိုသဘောတရားကို မနှစ်သက် မပြောဆို လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား နှစ်သက်မှု ချုပ်ငြိမ်း၏၊ နှစ်သက်မှု မရှိသော် ပြင်းစွာ တပ်မက်မှု မဖြစ်နိုင်၊ ပြင်းစွာ တပ်မက်မှု မရှိသော် စပ်ယှဉ် 'နှောင်ဖွဲ့'မှု မဖြစ်၊ မိဂဇာလ နှစ်သက်မှု သံယောဇဉ်ကြိုး အချည်မခံရသော ရဟန်းကို တယောက်တည်း နေသူဟု ဆိုအပ်၏။ မိဂဇာလ ဤသို့နေသော ရဟန်းသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ မင်း မင်းအမတ်ကြီး တိတ္ထိ တိတ္ထိတပည့်တို့နှင့်ရောကာ ရွာနီးကျောင်း၌ အကယ်၍ နေစေကာမူ တယောက်တည်း နေသူဟုပင် ဆိုအပ်၏။ ထိုသို့ ဆိုရခြင်းသည် အဘယ့်ကြောင့်နည်း၊ တဏှာသည် ထိုရဟန်း၏ အဖော်မည်၏၊ ထိုအဖော်တဏှာကို ထိုရဟန်းသည် ပယ်အပ်၏၊ ထို့ကြောင့် တယောက်တည်း နေသူဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမ သုတ်။

---

## ၂-ဒုတိယ မိဂဇာလသုတ်

၆၄။ ထိုအခါ အသျှင်မိဂဇာလသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏။ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို နာကြားပြီးလျှင် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏" ဟု (လျှောက်၏)။

မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အကယ်၍ အလွန်နှစ်သက်အံ့၊ အလွန် ပြောဆိုအံ့၊ လွှမ်းမိုး၍ တည်အံ့၊ ထိုအဆင်းကို အလွန်နှစ်သက် အလွန်ပြောဆို လွှမ်းမိုး၍ တည်သော ထိုရဟန်းအား နှစ်သက်မှုဖြစ်၏၊ မိဂဇာလ နှစ်သက်မှုဖြစ်ပေါ်လာခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်၏ဟု ငါဆို၏။ပ။ မိဂဇာလ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာတို့သည် ရှိကုန်၏။ပ။ မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အကယ်၍ အလွန်နှစ်သက်အံ့၊ အလွန်ပြောဆိုအံ့၊ လွှမ်းမိုး၍တည်အံ့၊ ထိုသဘောတရားကို အလွန်နှစ်သက် အလွန်ပြောဆို လွှမ်းမိုး၍တည်သော ထိုရဟန်းအား နှစ်သက်မှုဖြစ်၏၊ မိဂဇာလ နှစ်သက်မှုဖြစ်ပေါ်လာခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်၏ဟု ငါဆို၏။

မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အကယ်၍ အလွန်မနှစ်သက်အံ့၊ အလွန်မပြောဆိုအံ့၊ လွှမ်းမိုး၍မတည်အံ့၊ထိုအဆင်းကို အလွန်မနှစ်သက် အလွန်မပြောဆို လွှမ်းမိုး၍မတည်သော ထိုရဟန်းအား နှစ်သက်မှုချုပ်ငြိမ်း၏၊မိဂဇာလ နှစ်သက်မှု ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲချုပ်ငြိမ်း၏ ဟု ငါဆို၏။ပ။ မိဂဇာလ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ မိဂဇာလ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အကယ်၍ အလွန်မနှစ်သက် အလွန်မပြောဆို လွှမ်းမိုး၍မတည်အံ့၊ ထိုသဘောတရားကို အလွန်မနှစ်သက် အလွန်မပြောဆို လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား နှစ်သက်မှုချုပ်ငြိမ်း၏၊ မိဂဇာလ နှစ်သက်မှု ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲချုပ်ငြိမ်း၏ဟု ငါဆို၏ ဟု မိန့်တော်မူ၏။

ထိုအခါ အသျှင်မိဂဇာလသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏။ ထို့နောက် အသျှင်မိဂဇာလသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည့် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် မကြာမီပင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသော အမျိုးသားတို့ သို့လားတောင့်တအပ်သော အတုမဲ့ဖြစ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက်နေရ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ"ဟု သိလေ၏၊ အသျှင်မိဂဇာလသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ဒုတိယသုတ်။

## ၃-ပဌမ သမိဒ္ဓိမာရပဉှာသုတ်

၆၅။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်သမိဒ္ဓိသည် မြတ်စွာဘုရား ထံသို့။ပ။ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား“မာရ် မာရ်” ဟူ၍ ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် မာရ်သည်၎င်း မာရ်ဟူသော အခေါ် အဝေါ် ပညတ်သည်၎င်း ဖြစ်ပါသနည်းဟု (ဤ စကားကို လျှောက်၏)။

သမိဒ္ဓိ မျက်စိရှိရာ အဆင်းတို့ရှိရာ စက္ခုဝိညာဏ်ရှိရာ စက္ခုဝိညာဏ်ဖြင့်သိအပ်သော တရားတို့ ရှိရာ အရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ်ပညတ်သည်၎င်း ရှိ၏။ နားရှိရာ အသံတို့ရှိရာ သောတဝိညာဏ်ရှိရာ သောတဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရှိရာ အရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ် ပညတ်သည်၎င်း ရှိ၏။ နှာခေါင်းရှိရာ အနံ့တို့ရှိရာ ဃာနဝိညာဏ်ရှိရာ ဃာနဝိညာဏ်ဖြင့် သိအပ်သောတရားတို့ရှိရာ အရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ် ပညတ်သည်၎င်း ရှိ၏။ လျှာရှိရာ အရသာတို့ရှိရာ ဇိဝှါဝိညာဏ်ရှိရာ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရှိရာအရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ် ပညတ်သည်၎င်း ရှိ၏။ ကိုယ်ရှိရာ အတွေ့အထိတို့ရှိရာ ကာယဝိညာဏ်ရှိရာ ကာယဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရှိရာ အရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ် ပညတ်သည်၎င်း ရှိ၏။ စိတ်ရှိရာ သဘောတရားတို့ရှိရာ မနောဝိညာဏ်ရှိရာ မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရားတို့ရှိရာ အရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ်ပညတ်သည်၎င်း ရှိ၏။

သမိဒ္ဓိ မျက်စိမရှိရာ အဆင်းတို့မရှိရာ စက္ခုဝိညာဏ်မရှိရာ စက္ခုဝိညာဏ်ဖြင့်သိအပ်သောတရားတို့ မရှိရာအရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ် ပညတ်သည်၎င်း မရှိ။ နားမရှိရာ။ပ။ နှာခေါင်းမရှိရာ။ပ။လျှာမရှိရာ။အရသာတို့ မရှိရာ။ဇိဝှါဝိညာဏ် မရှိရာ။ဇိဝှါဝိညာဏ်ဖြင့်သိအပ်သော တရားတို့မရှိရာအရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ်ပညတ်သည်၎င်း မရှိနိုင်။ ကိုယ်မရှိရာ။ပ။ စိတ်မရှိရာ သဘောတရားတို့မရှိရာ မနောဝိညာဏ်မရှိရာ မနောဝိညာဏ်ဖြင့် သိအပ်သောတရားတို့ မရှိရာအရပ်၌ မာရ်သည်၎င်း မာရ်ဟူသော အခေါ်အဝေါ် ပညတ်သည် ၎င်း မရှိဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သမိဒ္ဓိသတ္တပဉှာသုတ်

၆၆။ အသျှင်ဘုရား“သတ္တဝါ သတ္တဝါ”ဟူ၍ ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် သတ္တဝါသည်၎င်း သတ္တဝါဟူသော အခေါ်အဝေါ် ပညတ်သည်၎င်း ဖြစ်ရာပါသနည်းဟု (ဤစကားကို လျှောက်၏)။ပ။

စတုတ္ထသုတ်။

## ၅-သမိဒ္ဓိဒုက္ခပဉှာသုတ်

၆၇။ အသျှင်ဘုရား"ဆင်းရဲ ဆင်းရဲ"ဟူ၍ ဆိုအပ်၏၊ အဘယ်မျှလောက်ဖြင့် ဆင်းရဲသည်ရှင်း ဆင်းရဲဟူသော အခေါ်အဝေါ် ပညတ်သည်ရှင်း ဖြစ်ရာပါသနည်းဟု (ဤစကားကို လျှောက်၏)။ပ။

ပဉ္စမသုတ်။

---

## ၆-သမိဒ္ဓိလောကပဉှာသုတ်

၆၈။ အသျှင်ဘုရား"လောက လောက"ဟူ၍ ဆိုအပ်၏၊အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် လောကသည်ရှင်း လောကဟူသော အခေါ်အဝေါ် ပညတ်သည်ရှင်း ဖြစ်ရာပါသနည်းဟု (ဤစကားကို လျှောက်၏)။သမိဒ္ဓိ မျက်စိရှိရာ အဆင်းတို့ရှိရာ စက္ခုဝိညာဏ်ရှိရာ စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့ရှိရာအရပ်၌ လောကသည်ရှင်း လောကဟူသော အခေါ်အဝေါ် ပညတ်သည်ရှင်း ရှိ၏၊ လျှာရှိရာ။ပ။စိတ်ရှိရာ သဘောတရားတို့ရှိရာ မနောဝိညာဏ်ရှိရာ မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရားတို့ ရှိရာအရပ်၌ လောကသည်ရှင်း လောကဟူသော အခေါ်အဝေါ် ပညတ်သည်ရှင်း ရှိ၏။

သမိဒ္ဓိ မျက်စိမရှိရာ အဆင်းတို့မရှိရာ စက္ခုဝိညာဏ်မရှိရာ စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့မရှိရာအရပ်၌ လောကသည်ရှင်း လောကဟူသော အခေါ်အဝေါ်ပညတ်သည်ရှင်း မရှိ။ပ။ လျှာမရှိရာ။ပ။ စိတ်မရှိရာ သဘောတရားတို့မရှိရာ မနောဝိညာဏ်မရှိရာ မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရားတို့ မရှိရာအရပ်၌ လောကသည်ရှင်း လောကဟူသော အခေါ်အဝေါ် ပညတ်သည်ရှင်း မရှိ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဥပသေနအာသီဝိသသုတ်

၆၉။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်ဥပသေနတို့သည် ရာဇဂြိုဟ်ပြည် ယင်းတိုက်တော သပ္ပသောဏ္ဍိကလိုဏ်ဂူ၌(သီတင်းသုံး)နေကုန်၏၊ ထိုအခါ အသျှင်ဥပသေန၏ကိုယ်ပေါ်၌ မြွေဆိုး(တကောင်) ကျလာ၏၊ ထိုအခါ အသျှင်ဥပသေနသည် ရဟန်းတို့ကို "ငါ့သျှင်တို့ လာကြကုန်၊ ဤကိုယ်သည် ဤနေရာ၌ ဖွဲ့ဆုပ်ကဲ့သို့ ဖရိုဖရဲ ကျဲမသွားမီ ငါ၏ ဤကိုယ်ကို ညောင်စောင်းငယ်ပေါ်သို့တင်ပြီးလျှင် အပြင်သို့ ထုတ်ကြပါကုန်"ဟု မိန့်ဆို၏။

ဤသို့ မိန့်ဆိုသော် အသျှင်သာရိပုတြာသည် အသျှင်ဥပသေနအား ဤစကားကို မိန့်ဆို၏— "အသျှင်ဥပသေန ကိုယ်၏ဖောက်ပြန်ခြင်း ဣန္ဒြေတို့ဖောက်ပြန်ခြင်းကို ငါတို့မတွေ့မြင်ကြရကုန်၊ ထိုသို့ဖြစ်ပါလျက် အသျှင်ဥပသေနသည် 'ငါ့သျှင်တို့ လာကြကုန်၊ ဤကိုယ်သည် ဤနေရာ၌ ဖွဲ့ဆုပ်ကဲ့သို့ ဖရိုဖရဲ ကျဲမသွားမီ ငါ၏ကိုယ်ကို ညောင်စောင်းငယ်ပေါ်သို့တင်ပြီးလျှင် အပြင်သို့ထုတ်ကြ

ပါကုန်’ဟု” ဤသို့ပြောဆိုနေဘိ၏။ ငါ့သျှင်သာရိပုတြာ အမှန်အားဖြင့် ငါသည် မျက်စိဟူ၍ရှင်း ငါ၏မျက်စိဟူ၍ရှင်း။ပ။ ငါသည် လျှာဟူ၍ရှင်း ငါ၏လျှာဟူ၍ရှင်း။ပ။ ငါသည် စိတ်ဟူ၍ရှင်း ငါ၏စိတ်ဟူ၍ရှင်း ဤကဲ့သို့ထင်မြင်နေသူအားသာ ကိုယ်ဖောက်ပြန်ခြင်း ဥာဏ်ဖောက်ပြန်ခြင်း ဖြစ်ရာ၏။ ငါ့သျှင်သာရိပုတြာ ငါသည် မျက်စိဟူ၍ရှင်း ငါ၏မျက်စိဟူ၍ရှင်း။ပ။ ငါသည် လျှာဟူ၍ရှင်း ငါ၏လျှာဟူ၍ရှင်း။ပ။ ငါသည် စိတ်ဟူ၍ရှင်း ငါ၏စိတ်ဟူ၍ရှင်း ငါ့အား ဤကဲ့သို့ထင်မြင်မှုမျိုး မရှိ။ ငါ့သျှင်သာရိပုတြာ ထိုထင်မြင်မှုမျိုးမရှိသောငါ့အား ကိုယ်ဖောက်ပြန်ခြင်းသည်ရှင်း ဥာဏ်တို့ ဖောက်ပြန်ခြင်းသည်ရှင်း အဘယ်မှာ ဖြစ်နိုင်မည်နည်း ဟု (မိန့်တော်မူ၏)။

ထို သို့မဖြစ်နိုင်သောကြောင့်သာလျှင် အသျှင်ဥပသေနသည် အချိန်ကြာမြင့်စွာကပင် ငါဟုစွဲယူမှု ‘ဒိဋ္ဌိ’ ငါ့ဥစ္စာဟုတပ်မက်မှု ‘တဏှာ’ ငါဟု ထောင်လွှားမှု ‘မာနာနုသယ’ကို ကောင်းစွာနုတ်ပယ်ပြီး ဖြစ်၏။ ထို့ကြောင့် ငါသည် မျက်စိဟူ၍ရှင်း ငါ၏မျက်စိဟူ၍ရှင်း။ပ။ ငါသည် လျှာဟူ၍ရှင်း ငါ၏ လျှာဟူ၍ရှင်း။ပ။ငါသည်စိတ်ဟူ၍ရှင်း ငါ၏စိတ်ဟူ၍ရှင်း အသျှင်ဥပသေနအား ဤသို့ထင်မြင်မှုမျိုး မဖြစ်နိုင်ဟု (သျှင်သာရိပုတြာ) မိန့်ဆို၏။ ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဥပသေန၏ကိုယ်ကို ညောင်စောင်းငယ်ပေါ် သို့တင်ပြီးလျှင် အပြင်သို့ ထုတ်ကြကုန်၏။ ထိုအခါ အသျှင်ဥပသေန၏ ကိုယ်သည် ထိုနေရာ၌ပင် ဖွဲဆုပ်ကဲ့သို့ ဖရိုဖရဲ ကျဲသွားလေ၏။

သတ္တမသုတ်။

---

## ၈-ဥပဝါဏသန္ဒိဋ္ဌိကသုတ်

၇၀။ ထိုအခါ အသျှင်ဥပဝါဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား “ကိုယ်တိုင် သိမြင်နိုင်သောတရား ကိုယ်တိုင်သိမြင်နိုင်သောတရား”ဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှ လောက်ဖြင့် ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သောတရားဖြစ်ပါသနည်း ဟု (လျှောက်၏)။

ဥပဝါဏ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့်အဆင်းကိုမြင်၍ အဆင်းကိုသိသူလည်း ဖြစ်၏၊ အဆင်း၌စွဲမက်သည်ကို သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသောအဆင်းတို့၌ စွဲမက်မှု‘ရာဂ’ကို ငါ၏သန္တာန်ဝယ် အဆင်းတို့၌စွဲမက်မှု ‘ရာဂ’ရှိ၏ဟုလည်း ပိုင်းခြား၍ သိ၏၊ ဥပဝါဏ ယင်းသို့ရဟန်းသည် မျက်စိဖြင့်အဆင်းကိုမြင်၍ အဆင်းကို သိသူလည်းဖြစ်၏၊ အဆင်း၌စွဲမက်မှု ‘ရာဂ’ကို သိသူလည်းဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော အဆင်းတို့၌ စွဲမက်မှု‘ရာဂ’ကို ငါ၏သန္တာန်ဝယ် အဆင်းတို့၌ စွဲမက်မှု ‘ရာဂ’ ရှိ၏ဟုလည်း ပိုင်းခြား၍သိ၏။ ဥပဝါဏ ဤသို့လည်း ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့်အကျိုးပေးနိုင်သော လာလှည့် ရှုလှည့် ဟု ပြထိုက်သော မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားဖြစ်၏။ပ။

ဥပဝါဏ နောက်တမျိုးကား ရဟန်းသည် လျှာဖြင့်အရသာကိုလျက်၍ အရသာကိုသိသူလည်း ဖြစ်၏၊ အရသာတို့၌စွဲမက်မှု 'ရာဂ'ကို သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော အရသာတို့၌ စွဲမက်မှု'ရာဂ'ကို ငါ၏သန္တာန်ဝယ် အရသာတို့၌ စွဲမက်မှု'ရာဂ'ရှိ၏ဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ ယင်းသို့ရဟန်းသည် လျှာဖြင့်အရသာကိုလျက်၍ အရသာဟုသိသူလည်း ဖြစ်၏၊ အရသာတို့၌ စွဲမက်မှု'ရာဂ'ကို သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသောအရသာတို့၌ စွဲမက်မှု 'ရာဂ'ကို ငါ၏သန္တာန်ဝယ် အရသာတို့၌ စွဲမက်မှု'ရာဂ'ရှိ၏ဟုလည်း ပိုင်းခြင်း၍သိ၏။ ဥပဝါဏ ဤသို့လည်း ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့် ရှုလှည့်ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားဖြစ်၏။ ပ။

ဥပဝါဏ နောက်တမျိုးကား ရဟန်းသည် စိတ်ဖြင့်သဘောတရားကိုသိ၍ သဘောတရားကို သိသူလည်းဖြစ်၏၊ သဘောဘရားတို့၌ စွဲမက်မှု'ရာဂ'ကို သိသူလည်းဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသောသဘောတရားတို့၌ စွဲမက်မှု'ရာဂ'ကို ငါ၏သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု'ရာဂ' ရှိ၏ဟုလည်း ပိုင်းခြား၍သိ၏။ ဥပဝါဏ ယင်းသို့ရဟန်းသည် စိတ်ဖြင့် သဘောတရားကိုသိ၍ သဘောတရားကို သိသူလည်းဖြစ်၏၊သဘောတရားတို့၌ စွဲမက်မှု'ရာဂ'ကို သိသူလည်းဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော သဘောတရားတို့၌ စွဲမက်မှု'ရာဂ'ကို ငါ၏သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု 'ရာဂ'ရှိ၏ဟုလည်း ပိုင်းခြား၍သိ၏။ ဥပဝါဏ ဤသို့လည်း ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားဖြစ်၏။ ပ။

ဥပဝါဏ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်၍ အဆင်းကိုသိသူကား ဖြစ်၏ အဆင်း၌ စွဲမက်မှု'ရာဂ'ကိုသိသူကား မဟုတ်ပေ၊မိမိသန္တာန်ဝယ် ထင်ရှားမရှိသော အဆင်းတို့၌ စွဲမက်မှု'ရာဂ'ကိုလည်း ငါ၏သန္တာန်ဝယ် အဆင်းတို့၌ စွဲမက်မှု'ရာဂ'မရှိဟု ပိုင်းခြား၍သိ၏။ ဥပဝါဏ ယင်းသို့ရဟန်းသည် မျက်စိဖြင့်အဆင်းကိုမြင်၍ အဆင်းကို သိသူကားဖြစ်၏၊ အဆင်းတို့၌ စွဲမက်မှု 'ရာဂ'ကို သိသူကား မဟုတ်ပေ၊မိမိသန္တာန်ဝယ် ထင်ရှားမရှိသောအဆင်းတို့၌ စွဲမက်မှု'ရာဂ'ကိုလည်း ငါ၏သန္တာန်ဝယ် အဆင်းတို့၌ စွဲမက်မှု'ရာဂ'မရှိဟုလည်း ပိုင်းခြား၍သိ၏။ ဥပဝါဏ ဤသို့လည်း ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားဖြစ်၏။ ပ။

ဥပဝါဏ နောက်တမျိုးကား လျှာဖြင့် အရသာကို လျက်၍ အရသာကို သိသူကား ဖြစ်၏၊ အရသာတို့၌ စွဲမက်မှု'ရာဂ'ကိုသိသူကား မဟုတ်ပေ၊မိမိသန္တာန်ဝယ် ထင်ရှားမရှိသော အရသာတို့၌ စွဲမက်မှု'ရာဂ'ကိုလည်း ငါ၏သန္တာန်ဝယ် အရသာတို့၌ စွဲမက်မှု'ရာဂ'မရှိဟု ပိုင်းခြား၍ သိ၏။ ပ။

ဥပဝါဏ နောက်တမျိုးကား ရဟန်းသည် စိတ်ဖြင့် သဘောတရားကို သိ၍ သဘောတရားကို သိသူကား ဖြစ်၏၊ သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' ကို သိသူကား မဟုတ်ပေ၊ မိမိသန္တာန်ဝယ် ထင်ရှားမရှိသော သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' ကိုလည်း ငါ၏ သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု'ရာဂ' မရှိဟု ပိုင်းခြား၍ သိ၏။ ဥပဝါဏ ယင်းသို့ ရဟန်းသည် စိတ်ဖြင့် သဘောတရားကို

သိ၍ သဘောတရားကို သိသူကား ဖြစ်၏၊ သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' ကို သိသူကား မဟုတ်ပေ၊ မိမိသန္တာန်ဝယ် ထင်ရှားမရှိသော သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' ကိုလည်း ငါ၏ သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' မရှိဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ ဤသို့လည်း ကိုယ်တိုင် သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်၌ သိနိုင် ခံစားနိုင်သော တရားဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ဆဖဿာယတနသုတ်

၇၁။ ရဟန်းတို့ တဦးတယောက်သော ရဟန်းသည် တွေ့ထိမှု 'ဖဿ' ၏ တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထို မသိသောရဟန်းသည် မြတ်သော အကျင့်ကို မကျင့်သုံးရသေး၊ ထိုရဟန်းသည် ဤဓမ္မဝိနယ 'သာသနာတော်' မှ ဝေး၏။ ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်း တပါးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား သာသနာတော်၌ တပည့်တော်သည် ပျက်စီးနေပါ၏၊ အသျှင်ဘုရား တပည့်တော်သည် တွေ့ထိမှု၏တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိပါ" ဟု လျှောက်၏။

ရဟန်း ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ရဟန်း ကောင်းပေစွ၊ သင်သည် ဤတည်ရာ ခြောက်မျိုးတို့တွင် မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ'မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်လတ္တံ့၊ ဤမြင်မှုသည်ပင် ဝဋ္ဋဆင်းရဲ၏ အဆုံး (နိဗ္ဗာန်) ဖြစ်ပေ၏။ပ။ လျှာကို ဤလျှာသည် ငါ့ဥစ္စာဖြစ်၏၊ ဤလျှာသည် ငါဖြစ်၏၊ ဤလျှာသည် ငါ၏ကိုယ် 'အတ္တ'တည်းဟု ရှုသလော မရှုပါ အသျှင်ဘုရား။ ရဟန်း ကောင်းပေစွ၊ သင်သည် ဤတရားခြောက်မျိုးတို့တွင် လျှာကိုလည်း ဤလျှာသည် ငါ့ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်လတ္တံ့၊ ဤမြင်မှုသည်ပင် ဝဋ္ဋဆင်းရဲ၏ အဆုံး(နိဗ္ဗာန်)ဖြစ်ပေ၏။ပ။စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာဖြစ်၏၊ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ရဟန်း ကောင်းပေစွ၊ သင်သည် ဤတည်ရာ ခြောက်မျိုးတို့တွင် စိတ်ကိုလည်း ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်လတ္တံ့၊ ဤမြင်မှုသည်ပင် ဝဋ္ဋဆင်းရဲ၏ အဆုံး (နိဗ္ဗာန်) ဖြစ်ပေ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ဆဖဿာယတနသုတ်

၇၂။ ရဟန်းတို့ တဦးတယောက်သော ရဟန်းသည် တွေ့ထိမှု 'ဖဿ' ၏ တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုရဟန်းသည် မြတ်သော အကျင့်ကို မကျင့်သုံးရသေး၊ ထိုရဟန်းသည် ဤဓမ္မဝိနယ 'သာသနာတော်' မှ ဝေး၏။ ဤသို့ မိန့်တော်မူသည် ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား ဤသာသနာတော်၌ တပည့်တော်သည် ပျက်စီးနေပါ၏၊ အလွန်ပျက်စီးနေပါ၏၊ အသျှင်ဘုရား တပည့်တော်သည် တွေ့ထိမှု၏ တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ မသိပါ"ဟု လျှောက်၏။

ရဟန်း ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ရှုသလော။ ရှုပါသည် အသျှင်ဘုရား။ ရဟန်း ကောင်းပေစွ၊ သင်သည် ဤတည်ရာ ခြောက်မျိုးတို့တွင် မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်လတ္တံ့၊ ဤသို့မြင်သော် သင်သည် ရှေးဦးစွာသော တွေ့ထိမှု၏တည်ရာကို နောင်အခါ၌ ထပ်၍ မဖြစ်ရန် ပယ်ပြီး ဖြစ်လတ္တံ့ ။ပ။ လျှာကို ဤလျှာသည် ငါ့ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ရှုသလော။ ရှုပါသည် အသျှင်ဘုရား။ ရဟန်း ကောင်းပေစွ၊ ရဟန်း သင်သည် ဤတည်ရာ ခြောက်မျိုးတို့တွင် လျှာကိုလည်း ဤလျှာသည် ငါ့ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်လတ္တံ့၊ ဤသို့ မြင်သော် သင်သည် ဤလေးခုမြောက်ဖြစ်သော တွေ့ထိမှု၏ တည်ရာကို နောင်အခါ၌ ထပ်၍ မဖြစ်ရန် ပယ်ပြီး ဖြစ်လတ္တံ့ ။ပ။ စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ရှုသလော။ ရှုပါသည် အသျှင်ဘုရား။ ရဟန်း ကောင်းပေစွ၊ ရဟန်း သင်သည် ဤတည်ရာ ခြောက်မျိုးတို့တွင် စိတ်ကိုလည်း ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ ကိုယ်'အတ္တ' မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်လတ္တံ့၊ ဤသို့ မြင်သော် သင်သည် ဤခြောက်ခုမြောက်ဖြစ်သော တွေ့ထိမှု၏ တည်ရာကို နောင်အခါ၌ ထပ်၍ မဖြစ်ရန် ပယ်ပြီး ဖြစ်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-တတိယ ဆဖဿာယတနသုတ်

၇၃။ ရဟန်းတို့ တဦးတယောက်သော ရဟန်းသည် တွေ့ထိမှု 'ဖဿ' ၏ တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်မှုကိုင်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုရဟန်းသည် မြတ်သော အကျင့်ကို မကျင့်သုံးရသေး၊ ဤဓမ္မဝိနယ 'သာသနာတော်' မှ ဝေး၏။ ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဤသာသနာတော်၌ တပည့်တော်သည် ပျက်စီးနေပါ၏၊ အလွန်ပျက်စီး နေပါ၏၊ အသျှင်ဘုရား တပည့်တော်သည် တွေ့ထိမှု၏ တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိပါ"ဟု လျှောက်၏။

ရဟန်း ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော မမြဲသလော။မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော၊ ချမ်းသာလော။ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါ မည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ နားသည်။ နှာခေါင်းသည်။ လျှာသည်။ ကိုယ်သည်။ စိတ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော စိတ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဤစိတ်ကို ဤစိတ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ရဟန်း ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ နား၌လည်း ငြီးငွေ့၏၊ နှာခေါင်း၌လည်း ငြီးငွေ့၏၊ လျှာ၌လည်း ငြီးငွေ့၏၊ ကိုယ်၌လည်း ငြီးငွေ့၏၊ စိတ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

နှစ်ခုမြောက် မိဂဇာလဝဂ် ပြီး၏။

---

## (၈) ၃-ဂိလာနဝဂ် ၁-ပဌမ ဂိလာနသုတ်

၇၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"မြတ်စွာ ဘုရား ဤမည်သောကျောင်း၌ မထင်ရှားသော ရဟန်းငယ်တပါးသည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် သည်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းထံသို့ သနားသည်ကို အကြောင်းပြု၍ ကြွတော်မူစေလိုပါ၏"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အငယ်ဟူသော စကားကိုရင်း သူနာဟူသော စကားကိုရင်း ကြားရသဖြင့် "သူနာရဟန်းသည် မထင်ရှားသောရဟန်း"ဟု သိတော်မူ၍ ထိုရဟန်းထံသို့ ကြွ တော်မူ၏။ ထိုသူနာရဟန်းသည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင်မြင်ရ၍ ညောင်စောင်းမှ အောက်သို့ ဆင်းမည့်အယောင်ပြု၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား ရဟန်း မသင့်၊ သင်သည် ညောင်စောင်းမှ အောက်သို့ မဆင်းလင့်၊ ခင်းထား

ပြီးသော ဤနေရာတို့သည် ရှိကုန်၏၊ ထိုနေရာတို့၌ ငါထိုင်အံ့ဟု ဤစကားကို မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ခင်းထားပြီးသော နေရာ၌ ထိုင်နေတော်မူ၏။ ထိုင်နေတော်မူပြီးနောက် မြတ်စွာဘုရားသည် ထိုသူနာရဟန်းအား ရဟန်း သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ကုန်ပါ၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲ ဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲရှိပါ၏လောဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော်အား မခန့်ကျန်းပါ မမျှတပါ၊ တပည့်တော်အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါဟု (လျှောက်၏)။ ရဟန်း သင့်အား တစုံတခုသော စိုးရိမ်မှု နှလုံးမသာမှုသည် ရှိသလော။ အသျှင်ဘုရား စင်စစ်အားဖြင့် တပည့်တော်အား စိုးရိမ်မှု နှလုံးမသာမှုသည် မနည်းလှပါ။ ရဟန်း သင့်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲရှိပါ၏လော။ အသျှင်ဘုရား တပည့်တော်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိပါ၏။ရဟန်း သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိခဲ့မူ သင်၏ စိုးရိမ်မှု နှလုံးမသာမှုကား အဘယ်နည်း၊အသျှင်ဘုရား သီလစင်ကြယ်ခြင်း အကျိုးငှါ မြတ်စွာဘုရားသည် တရားကို ဟော၏ဟု တပည့်တော် မသိပါ။ ရဟန်း သီလစင်ကြယ်ခြင်းအကျိုးငှါ ငါဘုရားသည် တရားကို ဟော၏ဟု မသိခဲ့မူ အဘယ်အကျိုးငှါ ငါသည် တရားတော်ကို ဟော၏ဟု သင်သိသနည်း။ အသျှင်ဘုရား တပ်မက်မှု 'ရာဂ'ကင်းခြင်း အကျိုးငှါ မြတ်စွာဘုရားသည် တရားတော်ကို ဟော၏ဟု တပည့်တော် သိပါ၏ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း တပ်မက်မှု 'ရာဂ' ကင်းခြင်း အကျိုးငှါ ငါဘုရားသည် တရားကို ဟောထားသည်ကို သင်ကောင်းစွာသိ၏၊ ရဟန်း ငါဘုရားသည် တပ်မက်မှု 'ရာဂ' ကင်းခြင်းအကျိုးရှိသော တရားတော်ကို ဟောအပ်၏၊ ရဟန်း ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ နားသည်။ နှာခေါင်းသည်။လျှာသည်။ကိုယ်သည်။ စိတ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော စိတ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော စိတ်ကို ဤစိတ်သည် ငါ့ဉစ္စာဖြစ်၏၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ရဟန်း ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ နား၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ။ပ" ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ထိုသူနာရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်လေပြီ။ ဤဗုဒ္ဓဿ စကားပြေကို ဟောပြသည်ရှိသော် ထိုသူနာရဟန်းအား "ဖြစ်ပေါ်ခြင်းသဘောရှိသော တရားမှန်သမျှသည် ချုပ်ခြင်း ပျောက်ခြင်း သဘောရှိ၏"ဟု ကိလေသာမြူကင်းသော အညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။

ပဉ္စမသုတ်။

## ၂-ဒုတိယ ဂိလာနသုတ်

၇၅။ ထိုအခါ ရဟန်းတပါးသည်။ပ။ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား ဤမည်သောကျောင်း၌ မထင်ရှားသော ရဟန်းငယ်တပါးသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် သည်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းထံသို့ သနားသည်ကို အကြောင်းပြု၍ ကြွတော်မူ စေလိုပါ၏"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အငယ်ဟူသော စကားကိုရင်း သူနာဟူသော စကားကိုရင်း ကြားရသဖြင့် "သူနာရဟန်းသည် မထင်ရှားသော ရဟန်း"ဟု သိတော်မူ၍ ထိုရဟန်းထံသို့ ကြွ တော်မူ၏၊ ထိုသူနာရဟန်းသည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ရ၍ ညောင်စောင်းမှ အောက်သို့ ဆင်းမည့်အယောင်ပြု၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား ရဟန်း မသင့်၊ သင်သည် ညောင်စောင်းမှ အောက်သို့ မဆင်းလင့်၊ ခင်းထားပြီးသော ဤနေရာတို့ သည် ရှိကုန်၏၊ ထိုနေရာတို့၌ ငါထိုင်အံ့ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ခင်းထားပြီးသော နေရာ၌ ထိုင်နေတော်မူ၏၊ ထိုင်နေတော်မူပြီးနောက် မြတ်စွာဘုရားသည် ထိုသူနာရဟန်းအား ရဟန်း သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ပါကုန် ၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲရှိပါ၏လောဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော်အား မခန့်ကျန်းပါ၊ မမျှတပါ။ပ။ အသျှင်ဘုရား စင်စစ်အားဖြင့် တပည့်တော်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲ နိုင်ပဲ ရှိပါ၏။

ရဟန်း သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိခဲ့မူ သင်၏ စိုးရိမ်မှု နှလုံးမသာမှုကား အဘယ်နည်း၊ အသျှင်ဘုရား သီလစင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားသည် တရားတော်ကို ဟော၏ဟု တပည့်တော် မသိပါ။ ရဟန်း သီလစင်ကြယ်ခြင်း အကျိုးငှါ ငါဘုရားသည် တရားကို ဟော၏ဟု မသိခဲ့မူ အဘယ်အကျိုးငှါ ငါသည် တရားဟော၏ဟု သင်သိသနည်း။ အသျှင်ဘုရား စွဲလမ်းမှု မရှိသည်ဖြစ်၍ ချုပ်ငြိမ်းခြင်းငှါ မြတ်စွာဘုရားသည် တရားတော်ကို ဟော၏ဟု တပည့် တော်သိပါ၏၊ ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း စွဲလမ်းမှု မရှိသည်ဖြစ်၍ ချုပ်ငြိမ်းခြင်း အကျိုးငှါ ငါဘုရားသည် တရားကို ဟော၏ဟု သင် ကောင်းစွာ သိပေ၏၊ ရဟန်း ငါဘုရားသည် စွဲလမ်းမှု မရှိသည်ဖြစ်၍ ချုပ်ငြိမ်းခြင်းအကျိုးရှိသော တရားတော်ကို ဟောအပ်၏။

ရဟန်း ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော မမြဲသလော၊ မမြဲပါ အသျှင်ဘုရား။ပ။ နားသည်။ နှာခေါင်းသည်။ လျှာသည်။ ကိုယ်သည်။ စိတ်သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ သည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝေဒနာသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင် ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ့ဥစ္စာဖြစ်၏၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရဟန်း ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာ) မှ လွတ်မြောက်၏၊ (ကိလေသာ) မှ လွတ်မြောက်သော် (ကိလေသာ) မှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ထိုသူနာရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်လေပြီ၊ ဤစုတ္တိယစကားပြေတရားကို ဟောပြသည်ရှိသော် ထိုသူနာရဟန်း၏ စိတ်သည် စွဲလမ်းမှု မရှိမူ၍ အာသဝေါတရားတို့မှ လွတ်၏။

ဒုတိယသုတ်။

---

## ၃-ရာဓအနိစ္စသုတ်

၇၆။ ထိုအခါ အသျှင်ရာဓသည်။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်ရာဓသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရား၏ အထံမှ ယင်းတရားကို နာကြားပြီးလျှင် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက် နေလိုပါ၏" ဟု လျှောက်၏။ ရာဓ အကြင်တရားသည် မမြဲ၊ ထိုမမြဲသော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ရာဓ ထိုတရား၌ လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်ဟူသော မမြဲသော တရားကား အဘယ်နည်း။ ရာဓ မျက်စိသည် မမြဲ၊ အဆင်းတို့သည် မမြဲကုန်။ စက္ခုဝိညာဏ်သည်။ စက္ခုသမ္ဖဿသည်။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ နားသည်။ နှာခေါင်းသည်။ လျှာသည်။ ကိုယ်သည်။ စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ သဘောတရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မမြဲ၊ ထိုမမြဲသော ခံစားမှု 'ဝေဒနာ'၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ရာဓ အကြင်တရားကား မမြဲ၊ ထိုမမြဲသော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ရာဓဒုက္ခသုတ်

၇၇။ ရာဓ အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်ရမည်။ ရာဓ ထိုတရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟူသော

ဆင်းရဲသော တရားကား အဘယ်နည်း။ ရာဓ မျက်စိသည် ဆင်းရဲ၏၊ ထိုမျက်စိ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ အဆင်းတို့သည်။ စက္ခုဝိညာဏ်သည်။ စက္ခုသမ္ဖဿသည်။ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့်။ပ။ ဥပေက္ခာ ဝေဒနာသည် ဆင်းရဲ၏၊ထိုခံစားမှု'ဝေဒနာ'၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ပ။ ရာဓ စိတ်သည် ဆင်းရဲ၏၊ သဘောတရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် ဆင်းရဲ၏၊ ထိုခံစားမှု ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ရာဓ အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ရာဓ အနတ္တသုတ်

၇၀။ ရာဓ အကြင်တရားသည် ကိုယ် 'အတ္တ' မဟုတ်၊ ထိုကိုယ် 'အတ္တ'မဟုတ်သော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်၊ ရာဓ ထိုတရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟူသော ကိုယ် 'အတ္တ' မဟုတ်သော တရားကား အဘယ်နည်း။ ရာဓ မျက်စိသည် ကိုယ်'အတ္တ'မဟုတ်၊ ထိုမျက်စိ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ အဆင်းတို့သည်။ စက္ခုဝိညာဏ်သည်။ စက္ခုသမ္ဖဿသည်။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့်။ပ။ စိတ်သည်။ ကိုယ် 'အတ္တ' မဟုတ်။သဘော တရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနော သမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် ကိုယ် 'အတ္တ' မဟုတ်၊ ထိုခံစားမှု 'ဝေဒနာ'၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ ရာဓ အကြင်တရားသည် ကိုယ် 'အတ္တ' မဟုတ်၊ ထိုကိုယ် 'အတ္တ' မဟုတ်သောတရား၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပဌမ အဝိဇ္ဇာပဟာနသုတ်

၇၉။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား— အသျှင်ဘုရား အကြင်တရားကို ပယ်ခြင်းကြောင့် ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ ထိုပယ်အပ်သော တခုသော တရားကား ရှိပါသလောဟု ဤစကားကို လျှောက်၏။ ရဟန်း အကြင်တရားကို ပယ်ခြင်းကြောင့် ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ ထိုပယ်အပ်သော တခုသော တရားဟူသည် ရှိ၏။ အသျှင်ဘုရား အကြင်တရားကို ပယ်ခြင်း ကြောင့် ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ ထိုပယ်အပ် သော တခုသော တရားဟူသည် အဘယ်ပါနည်း။ ရဟန်း အကြင်တရားကို ပယ်ခြင်းကြောင့်

ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ထိုပယ်အပ်သော တခုသော တရားဟူသည် မသိမှု 'အဝိဇ္ဇာ'ပင်တည်း။ အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူ ရဟန်းအား မသိမှု'အဝိဇ္ဇာ'ပျောက်၍ သိမှု'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်ပါသနည်း။ ရဟန်း မျက်စိကို မမြဲဟူ၍ သိသူ မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏။ အဆင်းတို့ကို။ စက္ခုဝိညာဏ်ကို။ စက္ခုသမ္ဖဿကို။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာကို မမြဲဟူ၍ သိသူ မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏။ပ။ စိတ်ကို မမြဲဟူ၍ သိသူ မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏။ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း မမြဲဟူ၍ သိသူ မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ အဝိဇ္ဇာပဟာနသုတ်

၈၀။ ထိုအခါ ရဟန်းတပါးသည်။ပ။ ဤစကားကို လျှောက်၏— "အသျှင်ဘုရား အကြင်တရားကို ပယ်ခြင်းကြောင့် ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏။ ထိုပယ်အပ်သော တခုသော တရားဟူသည် ရှိပါသလော။ ရဟန်း အကြင်တရားကို ပယ်ခြင်းကြောင့် ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ ထိုပယ်အပ်သော တခုသော တရားဟူသည် ရှိ၏။ အသျှင်ဘုရား အကြင်တရားကို ပယ်ခြင်းကြောင့် ရဟန်းအား မသိမှု အဝိဇ္ဇာ' ပျောက်၍ သိမှု'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏။ ထိုပယ်အပ်သော တခုသော တရားဟူသည် အဘယ်ပါနည်း။ ရဟန်း အကြင်တရားကို ပယ်ခြင်းကြောင့် ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်၏၊ ထိုပယ်အပ်သော တခုသော တရားဟူသည် မသိမှု 'အဝိဇ္ဇာ'ပင်တည်း။ အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်လာနိုင်သနည်း။ ရဟန်း ဤသာသနာတော်၌ ရဟန်းအား တရားအားလုံးတို့သည် အမှားနှလုံးသွင်းရန် မသင့်ဟု ကြားဘူး၏။ ရဟန်း ရဟန်းအား တရားအားလုံးတို့သည် အမှားနှလုံးသွင်းရန် မသင့်ဟူသော ဤစကားကို ကြားဘူးခဲ့မူ ထိုရဟန်းသည် တရားအားလုံးကို အထူးသိ၏၊ တရားအားလုံးကို အထူးသိသော် တရားအားလုံးကို ပိုင်းခြား၍သိ၏၊ တရားအားလုံးကို ပိုင်းခြား၍ သိသော် နိမိတ်အားလုံးတို့ကို တပါးသော (အနတ္တ) အားဖြင့် မြင်၏။ မျက်စိကို တပါးသော (အနတ္တ)အားဖြင့် မြင်၏။ အဆင်းတို့ကို။ စက္ခုဝိညာဏ်ကို။ စက္ခုသမ္ဖဿကို။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကို တပါးသော (အနတ္တ) အားဖြင့် မြင်၏။ပ။ စိတ်ကို တပါးသော (အနတ္တ) အားဖြင့် မြင်၏၊ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကို တပါးသော (အနတ္တ)

အားဖြင့် မြင်၏။ ရဟန်း ဤသို့သိသူ ဤသို့မြင်သူ ရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ သိမှု 'ဝိဇ္ဇာ'ဖြစ်ပေါ်လာနိုင်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သမ္ဗဟုလဘိက္ခုသုတ်

၈၁။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။တခုသော နေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏—"အသျှင်ဘုရား သာသနာ့ပြင်ပ အယူရှိကြသည့်များစွာသော ပရိဗိုဇ်တို့သည် တပည့်တော်တို့အား ငါ့သျှင်တို့ ရဟန်းဂေါတမအထံ၌ အဘယ်အကျိုးရှိသော အကျင့်မြတ်ကို ကျင့်သုံးသနည်း ဟု မေးမြန်းကြပါကုန်၏။ အသျှင်ဘုရား ဤသို့ အမေးခံကြရသော တပည့်တော်တို့သည် ထိုသာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့အား ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍ သိခြင်းအကျိုးငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏"ဟု ဖြေဆိုကြပါကုန်၏။ အသျှင်ဘုရား ဤသို့ အမေးခံကြရသော တပည့်တော်တို့သည် ဤသို့ ဖြေဆိုကြသော် မြတ်စွာဘုရား၏ စကားကိုပင် အတုလိုက်၍ဆိုသည် မည်ပါကုန်၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲနိုင်ပဲ ရှိကြပါကုန်၏လော၊ (မြတ်စွာဘုရားဟောသော) တရားအား လျော်သောအကြောင်းကို ပြောဆိုမိပါကုန်၏လော၊ အကြောင်းနှင့်တကွဖြစ်၍ ဝါဒဖြစ်ခြင်းသည် တစုံတရာကဲ့ရဲ့ဖွယ် အကြောင်းသို့ မရောက်ပဲ ရှိပါကုန်၏လောဟု (လျှောက်ကုန်၏)။ ရဟန်းတို့ စင်စစ် ဤသို့ အမေးခံကြရသော သင်တို့သည် ဤသို့ ဖြေဆိုကြသော် ငါဘုရား၏စကားကိုပင် အတုလိုက်၍ ဆိုသည်မည်ကုန်၏။ ငါဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲနိုင်ပဲရှိကုန်၏။ (ငါဟောသော) တရားအားလျော်သော အကြောင်းကို ပြောဆိုကုန်၏၊ အကြောင်းနှင့်တကွဖြစ်၍ ဝါဒဖြစ်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ် အကြောင်းသို့ မရောက်ပဲ ရှိကြကုန်၏။ ရဟန်းတို့ ဆင်းရဲကို ပိုင်းခြား၍ သိခြင်းအကျိုးငှါ ငါဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏။ ရဟန်းတို့ အကယ်၍သာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့သည် သင်တို့အား ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှါ ရဟန်းဂေါတမအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏ဟု သင်တို့ပြောသော ထိုဆင်းရဲကား အဘယ်နည်းဟု ဤသို့ မေးမြန်းကြမူ ရဟန်းတို့ ဤသို့ အမေးခံကြရသော သင်တို့သည် ထိုသာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့အား ဤသို့ ဖြေဆိုကုန်ရာ၏။—ငါ့သျှင်တို့ မျက်စိသည် ဆင်းရဲတည်း၊ ထိုဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏။ အဆင်းတို့သည်။ပ။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်ဆင်းရဲ၏၊ ထိုဆင်းရဲသော ဝေဒနာကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရား အထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏။ စိတ်သည် ဆင်းရဲတည်း။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် ဆင်းရဲ၏၊ ထိုဆင်းရဲသောဝေဒနာကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏။ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏ဟု (ငါတို့ပြောအပ်သော) ထိုဆင်းရဲကား ဤသည်ပင်တည်း။ ရဟန်းတို့ ဤသို့ အမေးခံကြရသော သင်တို့သည် ထိုသာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့အား ဤသို့ ဖြေဆိုကြကုန်ရာ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-လောကပဉှာသုတ်

၇၂။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့။ပ။တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား “လောက လောက” ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှသောအကြောင်းကြောင့် လောကဟု ဆိုအပ်ပါသနည်း။ ရဟန်း ပျက်စီးတတ်သောကြောင့် လောကဟု ဆိုအပ်၏။ အဘယ်သည် ပျက်စီးတတ်သနည်း။ ရဟန်း မျက်စိသည် ပျက်စီးတတ်၏၊ အဆင်းတို့သည် ပျက်စီးတတ်ကုန်၏၊ စက္ခုဝိညာဏ်သည် ပျက်စီးတတ်၏၊ စက္ခုသမ္ဖဿသည် ပျက်စီးတတ်၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် ပျက်စီးတတ်၏။ပ။ လျှာသည် ပျက်စီးတတ်၏။ပ။ စိတ်သည် ပျက်စီးတတ်၏။ သဘောတရားတို့သည် ပျက်စီးတတ်ကုန်၏။ မနောဝိညာဏ်သည် ပျက်စီးတတ်၏။ မနောသမ္ဖဿသည် ပျက်စီးတတ်၏။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် ပျက်စီးတတ်၏။ ရဟန်း ထိုသို့ပျက်စီးတတ်သောကြောင့် လောကဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဖဂ္ဂုနပဉှာသုတ်

၇၃။ ထိုအခါ အသျှင်ဖဂ္ဂုနသည်။ပ။တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား အခြံ ‘ပပဉ္စ’ တရားတို့ကို ဖြတ်ပြီးကုန်သော သံသရာခရီးလမ်းကို ဖြတ်ပြီးကုန်သော ဝဋ္ဋတရားတို့ကို ကုန်ခန်းစေပြီးကုန်သော ဆင်းရဲအားလုံးကို လွန်ပြီးကုန်သော ပရိနိဗ္ဗာန်စံလွန်ပြီးကုန်သော လွန်လေပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသောသူသည် အကြင်မျက်စိဖြင့် ပညတ်ရာ၏၊ ထိုမျက်စိသည် ရှိပါသလော။ပ။ အသျှင်ဘုရား အခြံ ‘ပပဉ္စ’ တရားတို့ကို ဖြတ်ပြီးကုန်သော သံသရာခရီးလမ်းကို ဖြတ်ပြီးကုန်သော ဝဋ္ဋတရားတို့ကို ကုန်ခန်းစေပြီးကုန်သော ဆင်းရဲအားလုံးကို လွန်ပြီးကုန်သော ပရိနိဗ္ဗာန်စံလွန်ပြီးကုန်သော လွန်လေပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသောသူသည် အကြင်လျှာဖြင့် ပညတ်ရာ၏၊ ထိုလျှာသည် ရှိပါသလော။ပ။ အသျှင်ဘုရား အခြံ ‘ပပဉ္စ’ တရားတို့ကိုဖြတ်ပြီးကုန်သော သံသရာခရီးလမ်းကို ဖြတ်ပြီးကုန်သော ဝဋ္ဋတရားတို့ကို ကုန်ခန်းစေပြီးကုန်သော ဆင်းရဲအားလုံးကို လွန်ပြီးကုန်သော ပရိနိဗ္ဗာန်စံလွန်ပြီးကုန်သော လွန်လေပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသောသူသည် အကြင်စိတ်ဖြင့် ပညတ်ရာ၏။ ထိုစိတ်သည် ရှိပါသလောဟု လျှောက်၏။

ဖဂ္ဂုန အခြံ ‘ပပဉ္စ’ တရားတို့ကို ဖြတ်ပြီးကုန်သော သံသရာခရီးလမ်းကို ဖြတ်ပြီးကုန်သော ဝဋ္ဋတရားတို့ကို ကုန်ခန်းစေပြီးကုန်သော ဆင်းရဲအားလုံးကို လွန်ပြီးကုန်သော ပရိနိဗ္ဗာန်စံလွန်ပြီးကုန်သော လွန်လေပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသောသူသည် အကြင်မျက်စိဖြင့် ပညတ်ရာ၏၊ ထိုမျက်စိသည်မရှိ။ပ။ ဖဂ္ဂုန အခြံ ‘ပပဉ္စ’ တရားတို့ကို ဖြတ်ကုန်ပြီးသော သံသရာခရီးလမ်းကို ဖြတ်ပြီးကုန်သော ဝဋ္ဋတရားတို့ကို ကုန်ခန်းစေပြီးကုန်သော ဝဋ္ဋဆင်းရဲအားလုံးကို လွန်ပြီးကုန်သော ပရိနိဗ္ဗာန်စံလွန်ပြီးကုန်သော လွန်လေပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသော

သူသည် အကြင်လျှာဖြင့် ပညတ်ရာ၏၊ ထိုလျှာသည် မရှိ။ပ။ ဖဂ္ဂုန အချုပ်ပဥ္စတရားတို့ကို ဖြတ်ပြီး ကုန်သော သံသရာရေးလမ်းကို ဖြတ်ပြီးကုန်သော ဝဋ္ဋတရားတို့ကို ကုန်ခန်းစေပြီးကုန်သော ဆင်းရဲအားလုံးကို လွန်ပြီးကုန်သော ပရိနိဗ္ဗာန်စံလွန်ပြီးကုန်သော လွန်လေပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသောသူသည် အကြင်စိတ်ဖြင့် ပညတ်ရာ၏၊ ထိုစိတ်သည် မရှိဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဂိလာနဝဂ် ပြီး၏။

## (၉) ၄-ဆန္နဝဂ် ၁-ပလောကဓမ္မသုတ်

၈၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား "လောက လောက"ဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှသောအကြောင်းဖြင့် လောကဟု ဆိုအပ်ပါသနည်း။ အာနန္ဒာ အကြင်တရားသည် ပျက်စီးတတ်သော သဘောရှိ၏။ ဤပျက်စီးတတ်သော သဘောရှိသော တရားကို (အရိယာ) မြတ်စွာဘုရား၏ အဆုံးအမ၌ လောကဟု ဆိုအပ်၏။ အာနန္ဒာ ပျက်စီးတတ်သော သဘောရှိသော တရားသည် အဘယ်နည်း။ အာနန္ဒာ မျက်စိသည် ပျက်စီးတတ်သောသဘောရှိ၏၊ အဆင်းတို့သည် ပျက်စီးတတ်သောသဘောရှိကုန်၏၊ စက္ခုဝိညာဏ်သည် ပျက်စီးတတ်သော သဘောရှိ၏၊ စက္ခုသမ္ဖဿသည် ပျက်စီးတတ်သော သဘောရှိ၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့်။ပ။ ထိုဝေဒနာသည်လည်း ပျက်စီးတတ်သောသဘောရှိ၏။ပ။ လျှာသည် ပျက်စီးတတ်သောသဘောရှိ၏၊ အရသာတို့သည် ပျက်စီးတတ်သောသဘောရှိကုန်၏၊ ဇိဝှါဝိညာဏ်သည် ပျက်စီးတတ်သောသဘောရှိ၏၊ ဇိဝှါသမ္ဖဿသည် ပျက်စီးတတ်သောသဘောရှိ၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့်။ပ။ ထိုဝေဒနာသည်လည်း ပျက်စီးတတ်သော သဘောရှိ၏။ပ။ စိတ်သည် ပျက်စီးတတ်သောသဘောရှိ၏၊ သဘောတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏၊ မနောဝိညာဏ်သည် ပျက်စီးတတ်သော သဘောရှိ၏၊ မနောသမ္ဖဿသည် ပျက်စီးတတ်သောသဘောရှိ၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း ပျက်စီးတတ်သော သဘောရှိ၏။ အာနန္ဒာ အကြင်တရားသည် ပျက်စီးတတ်သော သဘောရှိ၏၊ ဤပျက်စီးတတ်သော သဘောရှိသော တရားကို (အရိယာ)မြတ်စွာဘုရား၏ အဆုံးအမ၌ လောကဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-သုညတလောကသုတ်

၈၅။ ထိုအခါ အသျှင်အာနန္ဒာသည်။ပ။ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— အသျှင်ဘုရား "လောကသည် (ဆိတ်) သုဉ်း၏၊ လောကသည် (ဆိတ်) သုဉ်း၏"ဟု ဆိုအပ်ပါ၏၊

အသျှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် လောကသည် (ဆိတ်) သုဉ်း၏ဟု ဆိုအပ်ပါသနည်း၊ အာနန္ဒာ ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်းသောကြောင့် လောကသည် (ဆိတ်) သုဉ်း၏ဟု ဆိုအပ်၏။ အာနန္ဒာ အဘယ်အရာသည် ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်းသနည်း။ အာနန္ဒာ မျက်စိသည် ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်း၏၊ အဆင်းတို့သည် ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်းကုန်၏၊ စက္ခုဝိညာဏ်သည် ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်း၏၊ စက္ခုသမ္ဖဿသည် ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်း၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်း၏။ အာနန္ဒာ ငါမှုရင်း ငါ့ဥစ္စာမှုရင်း (ဆိတ်) သုဉ်းသောကြောင့် လောကသည် (ဆိတ်) သုဉ်း၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သံခိတ္တဓမ္မသုတ်

၈၆။ တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူစေလိုပါ၏၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို နာကြားပြီးလျှင် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ လုံ့လရှိလျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု လျှောက်၏။

အာနန္ဒာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောမျက်စိသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အဆင်းတို့သည် မြဲကုန်သလော မမြဲကုန်သလော။ မမြဲကုန်ပါ အသျှင်ဘုရား။ စက္ခုဝိညာဏ်သည်။ပ။ စက္ခုသမ္ဖဿသည်။ပ။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝေဒနာသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ့ဥစ္စာဖြစ်၏၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ လျှာသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ အရသာ သည်။ပ။ ဇိဝှါဝိညာဏ်သည်။ပ။ ဇိဝှါသမ္ဖဿသည်။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝေဒနာသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာကို "ဤဝေဒနာသည် ငါ့ဥစ္စာဖြစ်၏၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ကိုယ် 'အတ္တ'တည်း"ဟု ရှုခြင်းငှါ သင့်လျော်ပါ မည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အာနန္ဒာ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ပ။

စက္ခုသမ္ဖဿဉ်လည်း ငြီးငွေ၏။ပ။ စိတ်၌လည်း။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ၌လည်း ငြီးငွေ၏၊ ငြီးငွေသော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာ)မှ လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏"ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဆန္နသုတ်

၈၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာ အသျှင်မဟာစုန္ဒနှင့် အသျှင်ဆန္နတို့သည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေကြကုန်၏၊ ထိုအခါ အသျှင်ဆန္နသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ အသျှင်မဟာစုန္ဒထံသို့ ချဉ်းကပ်ပြီးသော် "ငါ့သျှင်စုန္ဒ လာ သွားကြကုန်စို့၊ အသျှင်ဆန္နထံသို့ သူနာမေးရန် ချဉ်းကပ်ကြကုန်အံ့"ဟု အသျှင်မဟာစုန္ဒအား ဤစကားကို ဆို၏။ "ကောင်းပါပြီ ငါ့သျှင်"ဟု အသျှင်မဟာစုန္ဒသည် အသျှင်သာရိပုတြာအား ဝန်ခံလေ၏။

ထို့နောက် အသျှင်သာရိပုတြာနှင့် အသျှင်မဟာစုန္ဒတို့သည် အသျှင်ဆန္နထံသို့ ချဉ်းကပ်ကြကုန်၍ ခင်းထားပြီးသော နေရာတို့၌ ထိုင်နေကြပြီးသော် အသျှင်သာရိပုတြာသည် အသျှင်ဆန္နအား "ငါ့သျှင်ဆန္န သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ပါကုန်၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ကုန်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲ ရှိပါ၏လော"ဟု မိန့်တော်မူ၏။

ငါ့သျှင်သာရိပုတြာ ငါ့အား မခန့်ကျန်းပါ၊ မမျှတပါ၊ ငါ့အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါ။ ငါ့သျှင် အားကောင်းသော ယောကျ်ားသည် ထက်လှစွာသော သန်လျက်ဦးဖြင့် ဦးထိပ်၌ ထိုးသကဲ့သို့ ဤအတူ လွန်ကဲသော လေတို့သည် ဦးထိပ်၌ ထိုးကုန်၏။ ငါ့သျှင် ငါ့အား မခန့်ကျန်းပါ၊ မမျှတပါ။ပ။ ဆုတ်ယုတ်၏ဟု မထင်ပါ။ ငါ့သျှင် အားကောင်းသော ယောကျ်ားသည် ခိုင်မြဲသော သားရေကြိုးပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်ရာသကဲ့သို့ ဤအတူ ဦးခေါင်း၌ လွန်ကဲသောဝေဒနာ ဖြစ်နေပါ၏။ ငါ့သျှင် ငါ့အား မခန့်ကျန်းပါ၊ မမျှတပါ။ပ။ ဆုတ်ယုတ်၏ဟု မထင်ပါ။ ငါ့သျှင် ကျွမ်းကျင်သော နွားသတ်သမားဖြစ်စေ နွားသတ်သမား၏ တပည့်ဖြစ်စေ ထက်လှစွာသော သားလှီးဓားဦးဖြင့် ဝမ်းပိုက်ကို ထိုးဖောက်ဆွဲငင်ရာသကဲ့သို့ ဤအတူ လွန်ကဲသော လေတို့သည် ဝမ်းပိုက်ကို ထိုးဖောက်ဆွဲငင်ပါကုန်၏။ ငါ့သျှင် ငါ့အား မခန့်ကျန်းပါ၊ မမျှတပါ။ပ။ ဆုတ်ယုတ်၏ဟု မထင်ပါ၊ ငါ့သျှင် အားကောင်းသော ယောကျ်ား နှစ်ယောက်တို့သည် အားနည်းသော ယောကျ်ားကို လက်မောင်းတဖက်စီတို့၌ ဆွဲကိုင်ပြီးလျှင် မီးကျီးတွင်း၌ ကင်ကုန်သကဲ့သို့ ဤအတူ ခန္ဓာကိုယ်၌ အလွန်ပူလောင်နေပါ၏။ ငါ့သျှင် ငါ့အား

မခန့်ကျန်းပါ၊ မမျှတပါ၊ ငါ့အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏။ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါ။ ငါ့ သျှင်သာရိပုတြာ ဓားဖြင့် (အသက်ကို) ဆောင်တော့အံ့၊ အသက်ရှင်မှုကို အလိုမရှိတော့ပါဟု လျှောက်၏။

အသျှင်ဆန္နသည် ဓားဖြင့် (အသက်ကို) မဆောင်ပါလင့်၊ အသျှင်ဆန္နသည် မျှတပါစေလော့၊ အသျှင်ဆန္န မျှတနေသည်ကို အကျွန်ုပ်တို့ လိုလားပါကုန်၏၊ အသျှင်ဆန္နအား လျောက်ပတ်သော ဘောဇဉ်များ မရှိခဲ့ပါမူ အကျွန်ုပ်သည် အသျှင်ဆန္နအတွက် လျောက်ပတ်သော ဘောဇဉ်များကို ရှာပေးပါအံ့၊ အသျှင်ဆန္နအား လျောက်ပတ်သော ဆေးတို့မရှိခဲ့ပါမူ အကျွန်ုပ်သည် အသျှင်ဆန္န အတွက် လျောက်ပတ်သော ဆေးတို့ကို ရှာပေးပါအံ့။အကယ်၍ အသျှင်ဆန္နအား သင့်လျော်သော အလုပ်အကျွေးများ မရှိခဲ့ပါမူ အကျွန်ုပ်သည် အသျှင်ဆန္နကို လုပ်ကျွေးပါအံ့၊ အသျှင်ဆန္နသည် ဓားဖြင့် (အသက်ကို) မဆောင်ပါလင့်၊ အသျှင်ဆန္နသည် မျှတပါစေလော့၊ အသျှင်ဆန္န မျှတ နေသည်ကို အကျွန်ုပ်တို့ လိုလားပါကုန်၏ဟု ဆို၏။

ငါ့သျှင်သာရိပုတြာ ငါ့အား လျောက်ပတ်သော ဘောဇဉ်များ မရှိကုန်သည်မဟုတ်၊ လျောက်ပတ်သော ဘောဇဉ်များ ရှိပါကုန်၏၊ ငါ့အား လျောက်ပတ်သော ဆေးတို့လည်း မရှိကုန်သည်မဟုတ်၊ လျောက်ပတ်သော ဆေးတို့ ရှိပါကုန်၏၊ ငါ့အား သင့်လျော်သော အလုပ်အကျွေးတို့လည်း မရှိကုန်သည်မဟုတ်၊ သင့်လျော်သော အလုပ်အကျွေးတို့ ရှိပါကုန်၏။ စင်စစ်အားဖြင့် ငါသည် မြတ်စွာဘုရားကို အချိန်ကြာမြင့်စွာ နှစ်လိုဖွယ်သော အမှုအရာဖြင့် လုပ်ကျွေးခဲ့ပြီ၊ မနှစ်လိုဖွယ်သော အမှုအရာဖြင့် မလုပ်ကျွေးပါ၊ ငါ့သျှင် မြတ်စွာဘုရားကို နှစ်လိုဖွယ်သော အမှုအရာဖြင့် လုပ်ကျွေး၍ မနှစ်လိုဖွယ်သောအမှုအရာဖြင့် မလုပ်ကျွေးခြင်းသည် တပည့်ဖြစ်သူအား သင့်လျော်၏၊ (ပဋိသန္ဓေနေမှုသို့) ချဉ်းကပ်ထိုက်သူ မဟုတ်သော ဆန္နရဟန်းသည် ဓားဖြင့်(အသက်ကို)ဆောင်လတ္တံ့ဟု ဤအတိုင်းမှတ်လေလော့ဟု လျှောက်၏။

အသျှင်ဆန္နသည် ပြဿနာကိုဖြေရန် အကယ်၍အခွင့်ပြုပါမူ အကျွန်ုပ်တို့သည် အသျှင်ဆန္နအား အနည်းငယ်မျှ မေးလိုပါကုန်၏ဟု (ဆို၏)။ငါ့သျှင်သာရိပုတြာ မေးပါလော့၊ ကြားရသည်ရှိသော် (ဖြေနိုင် မဖြေနိုင်) သိရပါလိမ့်မည်ဟု လျှောက်၏။ ငါ့သျှင်ဆန္န မျက်စိကို စက္ခုဝိညာဏ်ကို စက္ခုဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤကား ငါ၏ ဥစ္စာဖြစ်၏၊ ဤကား ငါဖြစ်၏၊ ဤကား ငါ၏ကိုယ်'အတ္တ'တည်း"ဟု ရှုသလော။ပ။ ငါ့သျှင်ဆန္န လျှာကို ဇိဝှါဝိညာဏ်ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤကား ငါ၏ဥစ္စာဖြစ်၏၊ ဤကား ငါဖြစ်၏၊ ဤကား ငါ၏ကိုယ် 'အတ္တ'တည်း"ဟု ရှုသလော။ပ။ ငါ့သျှင်ဆန္န စိတ်ကို မနောဝိညာဏ်ကို မနောဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤကား ငါ၏ဥစ္စာဖြစ်၏၊ ဤကား ငါဖြစ်၏၊ ဤကား ငါ၏ကိုယ်'အတ္တ' တည်း"ဟု ရှုသလောဟု (မေး၏)။

ငါ့သျှင်သာရိပုတြာ မျက်စိကို စက္ခုဝိညာဏ်ကို စက္ခုဝိညာဏ်ဖြင့်သိအပ်သော တရားတို့ကို "ဤကား ငါ့ဥစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ် 'အတ္တ'မဟုတ်"ဟု ရှုပါ၏။ပ။ ငါ့သျှင်သာရိပုတြာ လျှာကို ဇိဝှါဝိညာဏ်ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤကား ငါ့ဥစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ်'အတ္တ'မဟုတ်"ဟု ရှုပါ၏။ပ။ငါ့သျှင်သာရိပုတြာ စိတ်ကို မနောဝိညာဏ်ကို မနောဝိညာဏ်ဖြင့်သိအပ်သော တရားတို့ကို "ဤကား ငါ့ဥစ္စာ မဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ်'အတ္တ'မဟုတ်"ဟု ရှုပါ၏ဟု (လျှောက်၏)။

ငါ့သျှင်ဆန္န မျက်စိ၌ စက္ခုဝိညာဏ်၌ စက္ခုဝိညာဏ်ဖြင့် သိအပ်သောတရားတို့၌ အဘယ်ကို မြင်၍ အဘယ်ကို အထူးသိ၍ မျက်စိကို စက္ခုဝိညာဏ်ကို စက္ခုဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤကား ငါ့ဉစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ် 'အတ္တ' မဟုတ်"ဟု ရှုသနည်း။ပ။ ငါ့သျှင်ဆန္န လျှာ၌ ဇိဝှါဝိညာဏ်၌ ဇိဝှါဝိညာဏ်ဖြင့်သိအပ်သော တရားတို့၌ အဘယ်ကို မြင်၍ အဘယ်ကို အထူးသိ၍ လျှာကို ဇိဝှါဝိညာဏ်ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤကား ငါ့ဉစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ်'အတ္တ'မဟုတ်"ဟု ရှုသနည်း။ပ။ ငါ့သျှင်ဆန္န စိတ်၌ မနောဝိညာဏ်၌ မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ အဘယ်ကိုမြင်၍ အဘယ်ကို အထူးသိ၍ စိတ်ကို မနောဝိညာဏ်ကို မနောဝိညာဏ်ဖြင့်သိအပ်သော တရားတို့ကို "ဤကား ငါ့ဉစ္စာ မဟုတ်၊ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ် 'အတ္တ'မဟုတ်"ဟု ရှုသနည်းဟု (မေး၏)။

ငါ့သျှင်သာရိပုတြာ မျက်စိ၌ စက္ခုဝိညာဏ်၌ စက္ခုဝိညာဏ်ဖြင့်သိအပ်သောတရားတို့၌ ချုပ်မှုကိုမြင်၍ ချုပ်မှုကို အထူးသိ၍ မျက်စိကို စက္ခုဝိညာဏ်ကို စက္ခုဝိညာဏ်ဖြင့်သိအပ်သောတရားတို့ကို "ဤကား ငါ့ဉစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ် 'အတ္တ' မဟုတ်"ဟု ရှုပါ၏။ပ။ ငါ့သျှင်သာရိပုတြာ လျှာ၌ ဇိဝှါဝိညာဏ်၌ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်မှုကိုမြင်၍ ချုပ်မှုကိုအထူးသိ၍ လျှာကို ဇိဝှါဝိညာဏ်ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤကား ငါ့ဉစ္စာမဟုတ်၊ဤကား ငါမဟုတ်၊ဤကား ငါ၏ကိုယ်'အတ္တ'မဟုတ်"ဟု ရှုပါ၏။ပ။ ငါ့သျှင်သာရိပုတြာ စိတ်၌ မနောဝိညာဏ်၌ မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်မှုကို မြင်၍ ချုပ်မှုကို အထူးသိ၍စိတ်ကို မနောဝိညာဏ်ကို မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤကား ငါ့ဉစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ကိုယ် 'အတ္တ'မဟုတ်"ဟု ရှုပါ၏ဟု (လျှောက်၏)။

ဤသို့ ပြောဆိုအပ်သည်ရှိသော် အသျှင်မဟာစုန္ဒသည် အသျှင်ဆန္နအား ဤစကားကို ပြောဆို၏—"ငါ့သျှင်ဆန္န ထိုသို့ဖြစ်သောကြောင့်ပင် (တဏှာ မာန ဒိဋ္ဌိတို့) အမှီခံရသူအား တုန်လှုပ်၏။ အမှီ မခံရသူအား တုန်လှုပ်မှုမရှိ။ တုန်လှုပ်မှု မရှိသော် ငြိမ်းအေးမှု ဖြစ်၏၊ငြိမ်းအေးမှု ဖြစ်သော် (တဏှာ)ညွတ်မှု မဖြစ်နိုင်၊ (တဏှာ)ညွတ်မှု မရှိသော် လာမှု သွားမှု မရှိ၊ လာမှု သွားမှုမရှိသော် သေမှု ပဋိသန္ဓေနေမှု မရှိ၊ သေမှုပဋိသန္ဓေနေမှုမရှိသော် ဤဘဝ၌ မဖြစ်၊တမလွန်ဘဝ၌ မဖြစ်၊ နှစ်ဘဝလုံး၌ မဖြစ်၊ဤမဖြစ်မှုသည်ပင် ဆင်းရဲဒုက္ခ၏ အဆုံး(နိဗ္ဗာန်)မည်၏" ဟူသော ထိုမြတ်စွာဘုရား၏ အဆုံးအမတော်ကိုသည်း အမြဲ ကောင်းစွာ နှလုံးသွင်းအပ်၏"ဟု မိန့်ဆို၏။ ထို့နောက် အသျှင်သာရိပုတြာနှင့် အသျှင်မဟာစုန္ဒတို့သည် အသျှင်ဆန္နအား ဤ ဩဝါဒစကားဖြင့် ဆုံးမ၍ နေရာမှထကာ ဖဲသွားကုန်၏၊ ထို့နောက် အသျှင်ဆန္နသည် ထိုအသျှင်တို့ ဖဲသွား၍ မကြာမီ ဓားဖြင့် (အသက်ကို) ဆောင်လေ၏။

ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဆန္နသည် ဓားဖြင့် (အသက်ကို) ဆောင်အပ်၏၊အသျှင်ဆန္န၏ လားရာကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း"ဟု လျှောက်ထား၏။ သာရိပုတြာ ဆန္နရဟန်းသည် ပဋိသန္ဓေနေမှုသို့ မချဉ်းကပ်ထိုက်သည်၏ အဖြစ်ကို မျက်မှောက်၌ပင် သင့်အား ပြောကြားခဲ့သည်မဟုတ်လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ပုဗ္ဗဝိဇ္ဇနမည်သော ဝဇ္ဇီရွာ ရှိပါ၏၊ ထိုရွာ၌ အသျှင်ဆန္နအား မိတ်ဆွေဒါယကာ ချစ်ခင်အပ်သော

ဒါယကာ ချဉ်းကပ်ထိုက်သော ဒါယကာတို့ ရှိကုန်၏ဟု (လျှောက်၏)။ သာရိပုတြာ ဆန္ဒအား မိတ်ဆွေဒါယကာ ချစ်ခင်အပ်သော ဒါယကာ ချဉ်းကပ်ထိုက်သောဒါယကာတို့ ရှိကုန်သည်သာ တည်း၊သာရိပုတြာ ဤမျှလောက်ဖြင့်"ပဋိသန္ဓေနေမှုသို့ ချဉ်းကပ်ထိုက်သူ"ဟု ငါမဆို၊သာရိပုတြာ အကြင်သူသည် ကိုယ်ကိုလည်း ပစ်ချလိုက်၏၊ တပါးသော ကိုယ်ကိုလည်း စွဲယူ၏၊ ထိုသူကို "ပဋိသန္ဓေနေမှုသို့ ချဉ်းကပ်ထိုက်သူ"ဟု ငါဆို၏၊ ပဋိသန္ဓေသို့ ချဉ်းကပ်မှုသည် ဆန္နရဟန်းအား မရှိ၊ သာရိပုတြာ ဆန္နရဟန်းသည် ပဋိသန္ဓေသို့ ချဉ်းကပ်ခြင်းမရှိပဲ (အသက်ကို) ဆောင်လေပြီဟု မှတ်လေလော့ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်၊

## ၅-ပုဏ္ဏသုတ်

၈၈။ ထိုအခါ အသျှင်ပုဏ္ဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်ပုဏ္ဏသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကိုဟော တော်မူပါလော့၊ တပည့်တော်သည် မြတ်စွာဘုရားထံမှ ယင်းတရားကို နာကြားပြီးလျှင် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ (နိဗ္ဗာန်)သို့စေလွှတ် အပ်သော စိတ်ရှိလျက် နေလိုပါ၏"ဟု (လျှောက်၏)။

ပုဏ္ဏ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မျက်စိဖြင့် သိအပ်သော အဆင်းတို့သည် ရှိကုန်၏။ပုဏ္ဏ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ထိုအဆင်းကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား နှစ်သက်မှု 'တဏှာ'သည် ဖြစ်၏၊ နှစ်သက်မှု'တဏှာ' ဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်၏ဟု (ငါဘုရား) ဟော၏။ပ။ပုဏ္ဏ လျှာဖြင့်သိအပ်သော အရသာတို့သည် ရှိကုန်၏။ပ။ပုဏ္ဏ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံကိုပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စိတ်ဖြင့်သိအပ်သော သဘောတရားတို့သည် ရှိကုန်၏၊ ပုဏ္ဏ ထိုသဘော တရားတို့ကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ထိုသဘောတရားကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား နှစ်သက်မှု'တဏှာ'ဖြစ်၏။ နှစ်သက်မှု 'တဏှာ' ဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်၏ဟု ငါဟော၏။

ပုဏ္ဏ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မျက်စိဖြင့် သိအပ်သော အဆင်း တို့သည် ရှိကုန်၏။ ပုဏ္ဏ ထိုအဆင်းကို ရဟန်းသည် မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ ထိုအဆင်းကို မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား နှစ်သက်မှု 'တဏှာ'ချုပ်ငြိမ်း၏၊နှစ်သက်မှု'တဏှာ'ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲချုပ်ငြိမ်း၏ဟု ငါဟော၏။ပ။ ပုဏ္ဏ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စိတ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ပုဏ္ဏ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ် ခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ထိုသဘောတရားကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍မတည်သော

ထိုရဟန်းအား နှစ်သက်မှု 'တဏှာ' ချုပ်ငြိမ်း၏၊ နှစ်သက်မှု 'တဏှာ' ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲ ချုပ်ငြိမ်း၏ ဟု ငါဟော၏။

ပုဏ္ဏ ဤအကျဉ်းဖြစ်သော အဆုံးအမဖြင့် ငါဘုရားဆုံးမအပ်ပြီးသော သင်သည် အဘယ် ဇနပုဒ်၌ နေမည်နည်းဟု (မေးတော်မူ၏)၊အသျှင်ဘုရား သုနာပရန္တမည်သော ဇနပုဒ်သည် ရှိပါ၏၊ ထိုဇနပုဒ်၌ တပည့်တော်နေပါမည်ဟု (လျှောက်၏)။

ပုဏ္ဏ သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ကြမ်းထမ်းကုန်၏၊ ခက်ထန်ကုန်၏။ ပုဏ္ဏ သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် သင့်ကို ဆဲရေးကြကုန်မူ ရေရွတ်ကြကုန်မူ သင်၏ စိတ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ဆဲရေးကြကုန်မူ ရေရွတ်ကြကုန်မူ တပည့်တော်၏ စိတ်သည် ဤသို့ ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ကောင်းကြပေစွ တကား၊ ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် အလွန် ကောင်းကြပေစွတကား။ ယင်းသို့ ကောင်းကြပေသောကြောင့် ငါ့အား ဤလူတို့သည် လက်ဖြင့် ပုတ်ခတ်မှုကို မပေးကြကုန်သေး" ဟု ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအခါ၌ ဤသို့စိတ်ဖြစ်ပါလတ္တံ့ ဟု (လျှောက်၏)။

ပုဏ္ဏ သင့်အား သုနာပရန္တတိုင်းသားဖြစ်သောလူတို့သည် လက်ဖြင့် ပုတ်ခတ်ကြကုန်မူ သင်၏ စိတ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် လက်ဖြင့် ပုတ်ခတ်ကြကုန်မူ တပည့်တော်၏စိတ်သည် ဤသို့ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ကောင်းကြပေစွတကား၊ ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် အလွန် ကောင်းကြပေစွတကား၊ ယင်းသို့ ကောင်းကြပေသောကြောင့် ငါ့အား ဤလူတို့သည် ခဲဖြင့် မပစ်ခတ်ကြကုန်"။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့ ဟု (လျှောက်၏)။

ပုဏ္ဏ သင့်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ခဲဖြင့် ပစ်ခတ်ကြကုန်မူ သင်၏ စိတ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သောလူတို့သည် ခဲဖြင့် ပစ်ခတ်ကြကုန်မူ တပည့်တော်၏ စိတ်သည် ဤသို့ ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ကောင်းကြပေစွတကား၊ ဤသုနာ ပရန္တတိုင်းဖြစ်သော လူတို့သည် အလွန်ကောင်းကြပေစွတကား၊ ယင်းသို့ ကောင်းကြပေသော ကြောင့် ငါ့အား ဤလူတို့သည် တုတ်ဖြင့် မရိုက်နှက်ကြကုန်"။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့ ဟု (လျှောက်၏)။

ပုဏ္ဏ သင့်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် တုတ်ဖြင့် ရိုက်နှက်ကြကုန်မူ သင်၏ စိတ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည် ဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် တုတ်ဖြင့် ရိုက်နှက်ကြကုန်မူ တပည့်တော်အား ဤသို့ စိတ် ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ကောင်းကြပေစွတကား၊ ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် အလွန်ကောင်းကြပေစွတကား။ ယင်းသို့ ကောင်းကြပေသောကြောင့် ငါ့အား ဤလူတို့သည် ဓားဖြင့် မခုတ်ကြကုန်"။ ဘုန်းတော်ကြီးတော်

မူသော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ် ဖြစ်ပါလတ္တံ့။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့ဟု (လျှောက်၏)။

ပုဏ္ဏ သင့်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ဓားဖြင့် ခုတ်ကြကုန်မူ သင်၏ စိတ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ဓားဖြင့် ခုတ်ကြကုန်မူ တပည့်တော်အား ဤသို့ စိတ် ဖြစ်ပါလတ္တံ့. "ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ကောင်းကြပေစွတကား၊ ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် အလွန် ကောင်းကြပေစွတကား။ ယင်းသို့ ကောင်းကြပေသောကြောင့် ငါ့အား ဤလူတို့သည် ထက်လှစွာသော ဓားဖြင့် အသက်မှ မချကြကုန်"။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့။ ကောင်းသော စကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့ဟု(လျှောက်၏)။

ပုဏ္ဏ သင့်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ထက်လှစွာသော ဓားဖြင့် အသက်မှ ချကြကုန်မူ သင်၏စိတ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ထက်လှစွာသော ဓားဖြင့် အသက်မှ ချကြကုန်မူ တပည့်တော်အား ဤသို့ စိတ်ဖြစ်ပါလတ္တံ့. "ခန္ဓာကိုယ်မှငြင်း အသက်မှငြင်း ငြီးငွေ့ကုန်သည် ရှက်နိုးကုန်သည် စက်ဆုပ်ကုန်သည်ဖြစ်၍ အသက်ကို ဆောင်တတ်သော ဓားလက်နက်ကို ရှာကြကုန်သော ထိုမြတ်စွာဘုရား၏ တပည့်သားသာဝကတို့သည် ရှိကုန်၏။ ထိုအသက်ကို ဆောင်တတ်သော ဓားလက်နက်ကို ငါသည် မရှာဖွေပဲသာလျှင် ရအပ်၏" ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအခါ၌ ဤသို့ စိတ်ဖြစ်ပါလတ္တံ့ဟု လျှောက်၏။

ပုဏ္ဏ ကောင်းပေစွ၊ ကောင်းပေစွ၊ ပုဏ္ဏ သင်သည် ဤသည်းခံမှု အအေးဓာတ်နှင့် ပြည့်စုံသည်ရှိသော် သုနာပရန္တဇနပုဒ်၌ နေခြင်းငှါ စွမ်းနိုင်လတ္တံ့။ ပုဏ္ဏ သင်သည် ယခု သွားရန် အချိန်ကို သိ၏၊ သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏ဟု မိန့်တော်မူ၏။

ထိုအခါ၌ အသျှင်ပုဏ္ဏသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုလျက် အိပ်ရာနေရာကို သိမ်းဆည်းပြီးနောက် သပိတ်သင်္ကန်းကို ယူဆောင်၍ သုနာပရန္တဇနပုဒ်သို့ ဒေသစာရီ ကြွချီခဲ့၏၊ အစဉ်အတိုင်း ဒေသစာရီလှည့်လည်သည်ရှိသော် သုနာပရန္တဇနပုဒ်သို့ ဆိုက်ရောက်၏၊ ထိုသုနာပရန္တဇနပုဒ်၌ အသျှင်ပုဏ္ဏသည် (သီတင်းသုံး) နေတော်မူ၏၊ ထို့နောက် အသျှင်ပုဏ္ဏသည် ထိုဝါတွင်း၌ပင်လျှင် ဥပါသကငါးရာတို့အား သရဏဂုံတည်သူ၏ အဖြစ်ကို ပြောကြားစေ၏။ ထိုဝါတွင်း၌ပင်လျှင် ဥပါသိကာငါးရာတို့အား သရဏဂုံတည်သူ၏ အဖြစ်ကို ပြောကြားစေ၏၊ ထိုဝါတွင်း၌ပင်လျှင် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြု၏၊ ထိုဝါတွင်း၌ပင်လျှင် ပရိနိဗ္ဗာန်ပြု၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍။ပ။ တခုသော နေရာ၌ ထိုင်နေကြပြီးသော်—"အသျှင်ဘုရား ပုဏ္ဏမည်သော အမျိုးသားကို မြတ်စွာဘုရားသည် အကျဉ်းဖြစ်သော အဆုံးအမဖြင့် ဆုံးမတော်မူအပ်၏၊ ထိုပုဏ္ဏသည် သေဆုံးပါပြီ။ ထိုပုဏ္ဏ၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်းဟု လျှောက်ကုန်၏။ ရဟန်းတို့ ပုဏ္ဏအမျိုးသားသည် ပညာရှိ၏၊ အမှန်ကို ဆိုလေ့ရှိ၏၊ တရားတော်အား လျော်သော အကျင့်ကို

လည်း ကျင့်လေ့ရှိ၏၊ တရားဟူသော အကြောင်းကြောင့်လည်း ငါဘုရားကို မပင်ပန်းစေခဲ့။ ရဟန်းတို့ ပုဏ္ဏအမျိုးသားသည် ပရိနိဗ္ဗာန် ပြုလေပြီဟု (မိန့်တော်မူ၏)။

ပဉ္စမ သုတ်။

## ၆-ဗာဟိယသုတ်

၈၉။ ထိုအခါ အသျှင်ဗာဟိယသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—"အသျှင်ဘုရား မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူစေလိုပါ၏။ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို နာကြားပြီးလျှင် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိလျက် နေလိုပါ၏"ဟု လျှောက်၏။

ဗာဟိယ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို "ဤမျက်စိသည် ငါ၏ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ကိုယ် 'အတ္တ' တည်း"ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အဆင်းတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မမြဲပါ အသျှင်ဘုရား။ပ။ စက္ခုဝိညာဏ်သည်။ စက္ခုသမ္ဖဿသည်။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝေဒနာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ့ဥစ္စာ ဖြစ်၏၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဗာဟိယ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ (ကိလေသာ)မှ လွတ်မြောက်သော် (ကိလေသာ)မှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏"ဟု မိန့်တော်မူ၏။

ထိုအခါ အသျှင်ဗာဟိယသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှထကာ မြတ်စွာဘုရားကို အရိုအသေပြုလျက် ဖဲသွားလေ၏။ ထို့နောက် အသျှင်ဗာဟိယသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိလျက်နေသော် မကြာမီပင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော အမျိုးသားတို့ လိုလားတောင့်တအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို

ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ”ဟု သိ၏၊ အသျှင်ဗာဟိယသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်လေ၏။

ဆဋ္ဌသုတ်။

## ၇-ပဉ္စမ ဇောသုတ်

၉၀။ ရဟန်းတို့ တဏှာသည်ကား ရောဂါတည်း၊ တဏှာသည် အိုင်းအမာတည်း၊ တဏှာသည် ငြောင့်တံသင်းတည်း၊ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့် ငါဘုရားသည် တဏှာမရှိသည်ဖြစ်၍ ငြောင့်တံသင်း ကင်းသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ထိုသို့ ဖြစ်သောကြောင့် ရဟန်းသည်လည်း တဏှာမရှိသည်ဖြစ်၍ ငြောင့်တံသင်းကင်းသည်ဖြစ်၍ နေလိုခဲ့မူ မျက်စိကို အထင် မမှားရာ၊ မျက်စိ၌ အထင်မမှားရာ၊ မျက်စိမှ အထင်မမှားရာ၊ မျက်စိကို ငါ့ဥစ္စာဟု အထင်မမှားရာ။ အဆင်းတို့ကို အထင်မမှားရာ၊ အဆင်းတို့၌ အထင်မမှားရာ၊ အဆင်းတို့မှ အထင်မမှားရာ၊ အဆင်းတို့ကို ငါ့ဥစ္စာဟု အထင်မမှားရာ။ စက္ခုဝိညာဏ်ကို အထင်မမှားရာ၊ စက္ခုဝိညာဏ်၌ အထင်မမှားရာ၊ စက္ခုဝိညာဏ်မှ အထင်မမှားရာ၊ စက္ခုဝိညာဏ်ကို ငါ့ဥစ္စာဟု အထင်မမှားရာ။ စက္ခုသမ္ဖဿကို အထင်မမှားရာ၊ စက္ခုသမ္ဖဿ၌ အထင်မမှားရာ၊ စက္ခုသမ္ဖဿမှ အထင်မမှားရာ၊ စက္ခုသမ္ဖဿကို ငါ့ဥစ္စာဟု အထင်မမှားရာ။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း အထင်မမှားရာ၊ ထိုဝေဒနာ၌လည်း အထင်မမှားရာ၊ ထိုဝေဒနာမှလည်း အထင်မမှားရာ၊ ထိုဝေဒနာကို ငါ့ဥစ္စာဟုလည်း အထင်မမှားရာ။

နားကို အထင်မမှားရာ။ နှာခေါင်းကို အထင်မမှားရာ။ လျှာကို အထင်မမှားရာ။ လျှာ၌ အထင်မမှားရာ၊ လျှာမှ အထင်မမှားရာ၊ လျှာကို ငါ့ဥစ္စာဟု အထင်မမှားရာ။ အရသာတို့ကို အထင်မမှားရာ၊ ဇိဝှါဝိညာဏ်ကို အထင်မမှားရာ။ပ။ ဇိဝှါသမ္ဖဿကို အထင်မမှားရာ။ပ။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း အထင်မမှားရာ၊ ထိုဝေဒနာ၌လည်း အထင်မမှားရာ၊ ထိုဝေဒနာမှလည်း အထင်မမှားရာ၊ ထိုဝေဒနာကို ငါ့ဥစ္စာဟုလည်း အထင်မမှားရာ။

ကိုယ်ကို အထင်မမှားရာ။ စိတ်ကို အထင်မမှားရာ၊ စိတ်၌ အထင်မမှားရာ၊ စိတ်မှ အထင်မမှားရာ၊ စိတ်ကို ငါ့ဥစ္စာဟု အထင်မမှားရာ။ သဘောတရားတို့ကို အထင်မမှားရာ။ မနောဝိညာဏ်ကို အထင်မမှားရာ၊ မနောသမ္ဖဿကို အထင်မမှားရာ။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း အထင်မမှားရာ၊ ထိုဝေဒနာ၌လည်း အထင်မမှားရာ၊ ထိုဝေဒနာမှလည်း အထင်မမှားရာ၊ ထိုဝေဒနာကို ငါ့ဥစ္စာဟုလည်း အထင်မမှားရာ။ အလုံးစုံကို အထင်မမှားရာ၊ အလုံးစုံ၌ အထင်မမှားရာ၊ အလုံးစုံမှ အထင်မမှားရာ၊ အလုံးစုံကို ငါ့ဥစ္စာဟု အထင်မမှားရာ။

ဤသို့ အထင်မမှားသော ထိုရဟန်းသည် လောက၌ အဘယ်အရာကိုမျှ မစွဲလမ်း၊ မစွဲလမ်းသည်ရှိသော် မတောင့်တ၊ မတောင့်တသော် ယခုဘဝ၌ပင် ငြိမ်းအေး၏၊ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏”ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ ဇောသုတ်

၉၁။ ရဟန်းတို့ တဏှာသည် ရောဂါတည်း၊ တဏှာသည် အိုင်းအမာတည်း၊ တဏှာသည် ငြောင့်တံသင်းတည်း။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့် ငါဘုရားသည် တဏှာမရှိသည် ငြောင့်တံသင်း ကင်းသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့် ရဟန်းသည်လည်း "တဏှာမရှိသည် ငြောင့်တံသင်း ကင်းသည်ဖြစ်၍ နေလိုခဲ့မူ" မျက်စိကို အထင်မမှားရာ၊ မျက်စိ၌ အထင်မမှားရာ၊ မျက်စိမှ အထင်မမှားရာ၊ မျက်စိကို ငါ့ဥစ္စာဟု အထင်မမှားရာ။ အဆင်းတို့ကို အထင်မမှားရာ၊ စက္ခုဝိညာဏ်ကို အထင်မမှားရာ၊ စက္ခုသမ္ဖဿကို အထင်မမှားရာ၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း အထင်မမှားရာ၊ ထိုဝေဒနာ၌လည်း အထင်မမှားရာ၊ ထိုဝေဒနာမှလည်း အထင်မမှားရာ၊ ထို ဝေဒနာကို ငါ့ဥစ္စာဟုလည်း အထင်မမှားရာ။ ရဟန်းတို့ အကြင်မျက်စိစသည်ကို အထင်မှား၏၊ အကြင် မျက်စိစသည်၌ အထင်မှား၏၊ အကြင်မျက်စိစသည်မှ အထင်မှား၏၊ အကြင်မျက်စိ စသည်ကို ငါ့ဥစ္စာဟု အထင်မှား၏၊ ထိုအထင်မှားခံရသော မျက်စိစသည်သည် ထိုထင်မြင်ယူဆ ချက်မှ တမျိုးတဖုံအားဖြင့် ဖြစ်တတ်၏။ တမျိုးတဖုံအားဖြင့် ဖြစ်လေ့ရှိသည်ဖြစ်၍ ဘဝတို့၌ ငြိကပ်တတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာလျှင် နှစ်သက်၏။ပ။

လျှာကို အထင်မမှားရာ၊ လျှာ၌ အထင်မမှားရာ၊ လျှာမှ အထင်မမှားရာ၊ လျှာကို ငါ့ဥစ္စာဟု အထင်မမှားရာ။ အရသာတို့ကို အထင်မမှားရာ၊ ဇိဝှါဝိညာဏ်ကို အထင်မမှားရာ၊ ဇိဝှါသမ္ဖဿကို အထင်မမှားရာ၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း အထင်မမှားရာ၊ ထိုဝေဒနာ၌လည်း အထင်မမှားရာ၊ ထိုဝေဒနာမှလည်း အထင်မမှားရာ၊ ထိုဝေဒနာကို ငါ့ဥစ္စာဟုလည်း အထင်မမှားရာ။ ရဟန်းတို့ အကြင်လျှာစသည်ကို အထင်မှား၏၊ အကြင်လျှာစသည်၌ အထင်မှား၏၊ အကြင်လျှာစသည်မှ အထင်မှား၏၊ အကြင်လျှာစသည်ကို ငါ၏ဥစ္စာဟု အထင်မှား၏။ ထိုအထင်မှားခံရသော လျှာစသည်သည် ထင်မြင်ယူဆချက်မှ တမျိုးတဖုံအားဖြင့် ဖြစ်တတ်၏။ တမျိုးတဖုံအားဖြင့် ဖြစ်လေ့ရှိသည်ဖြစ်၍ ဘဝတို့၌ ငြိကပ်တတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာလျှင် နှစ်သက်၏။ပ။

စိတ်ကို အထင်မမှားရာ၊ စိတ်၌ အထင်မမှားရာ၊ စိတ်မှ အထင်မမှားရာ၊ စိတ်ကို ငါ့ဥစ္စာဟု အထင်မမှားရာ။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုလည်း အထင်မမှားရာ၊ ထိုဝေဒနာ၌ လည်း အထင်မမှားရာ၊ ထိုဝေဒနာမှလည်း အထင်မမှားရာ၊ ထို ဝေဒနာကို ငါ့ဥစ္စာဟုလည်း အထင် မမှားရာ။ ရဟန်းတို့ အကြင်စိတ်စသည်ကို အထင်မှား၏၊ အကြင်စိတ်စသည်၌ အထင်မှား၏၊ အကြင်စိတ်စသည်မှ အထင်မှား၏၊ အကြင်စိတ်စသည်ကို ငါ့ဥစ္စာဟု အထင်မှား၏။ ထိုအထင်မှား ခံရသော အကြင်စိတ်စသည်သည် ထိုထင်မြင်ယူဆချက်မှ တမျိုးတဖုံအားဖြင့် ဖြစ်တတ်၏၊ တမျိုးတဖုံအားဖြင့် ဖြစ်လေ့ရှိသည်ဖြစ်၍ ဘဝတို့၌ ငြိကပ်တတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာလျှင် နှစ်သက်၏။

ရဟန်းတို့ ခန္ဓာ ဓာတ် အာယတနရှိသမျှကိုလည်း အထင်မမှားရာ၊ ခန္ဓာ ဓာတ် အာယတနရှိ သမျှ၌လည်း အထင်မမှားရာ၊ ခန္ဓာ ဓာတ် အာယတနရှိသမျှမှလည်း အထင်မမှားရာ၊ ခန္ဓာ ဓာတ် အာယတနကို ငါ့ဥစ္စာဟုလည်း အထင်မမှားရာ။ ဤသို့အထင်မမှားသော ထိုရဟန်းသည်

လောကဌ် အဘယ်အရာကိုမျှ မစွဲလမ်း၊ မစွဲလမ်းသော် မတောင့်တ၊ မတောင့်တသော် ယခုဘဝဌ်ပင် ငြိမ်းအေး၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဉ္စမ ဒွယသုတ်

၉၂။ ရဟန်းတို့ သင်တို့အား နှစ်ခု နှစ်ခုသော အစုတရားကို ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ နှစ်ခု နှစ်ခုသော အစုတရားဟူသည် အဘယ်နည်း၊ မျက်စိနှင့် အဆင်းတို့ပေါင်း၊ နားနှင့် အသံတို့ပေါင်း၊ နှာခေါင်းနှင့် အနံ့တို့ပေါင်း၊ လျှာနှင့် အရသာတို့ပေါင်း၊ ကိုယ်နှင့် အတွေ့အထိတို့ပေါင်း၊ စိတ်နှင့် သဘောတရားတို့ပေါင်းတည်း။ ရဟန်းတို့ ဤဆိုအပ်ပြီးသည်ကို နှစ်ခု နှစ်ခုသော အစုတရားဟု ဆိုအပ်၏။

ရဟန်းတို့ "ဤနှစ်ခု နှစ်ခုသော အစုတရားကို ဖယ်ထား၍ အခြားသော နှစ်ခုနှစ်ခု အစုတရားကို ငါပညတ်မည်" ဟု တဦးတယောက်သောသူသည် ဤသို့ဆိုခဲ့ပါမူ ထိုသူ၏ ထိုစကားသည် စကားမျှသာ ဖြစ်ရာ၏၊ မေးသည်ရှိသော် မဖြေဆိုနိုင်ရှိသာမက ပင်ပန်းခြင်းသို့ ရောက်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ရဟန်းတို့ အရာမဟုတ်သောကြောင့်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ဒွယသုတ်

၉၃။ ရဟန်းတို့ နှစ်ခု နှစ်ခုသော အစုတရားကိုစွဲ၍ ဝိညာဏ်ဖြစ်၏၊ ရဟန်းတို့ အဘယ်သို့လျှင် နှစ်ခု နှစ်ခုသော အစုတရားကိုစွဲ၍ ဝိညာဏ်ဖြစ်သနည်း။ မျက်စိနှင့်အဆင်းတို့ကိုစွဲ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်၏၊ မျက်စိသည် မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏၊ အဆင်းတို့သည် မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံဖြစ်လေ့ရှိကုန်၏၊ ဤသို့ သဘောရှိသော တရားနှစ်ခုအစုသည် တုန်လှုပ်လည်း တုန်လှုပ်တတ်၏၊ ပျက်စီးလည်း ပျက်စီးတတ်၏၊ မမြဲ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ စက္ခုဝိညာဏ်သည် မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ စက္ခုဝိညာဏ် ဖြစ်ပေါ်လာရန်အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ ရဟန်းတို့ မမြဲသောအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်သည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။ ရဟန်းတို့ မျက်စိ အဆင်း စက္ခုဝိညာဏ် ဤသုံးပါးတို့၏ ပေါင်းဆုံစုဝေး အညီအညွတ်ဖြစ်မှုကို စက္ခုသမ္ဖဿဟု ဆိုအပ်၏။စက္ခုသမ္ဖဿသည်လည်း မမြဲ၊ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏၊ စက္ခုသမ္ဖဿဖြစ်ပေါ်လာရန် အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏၊ ရဟန်းတို့ မမြဲသောအကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော စက္ခုသမ္ဖဿသည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။ ရဟန်းတို့ တွေ့ထိမှုရှိသောသူသည် ခံစား၏၊ တွေ့ထိမှုရှိသောသူသည် စေ့ဆော်၏၊ တွေ့ထိမှုရှိသောသူသည် မှတ်သား၏၊ ဤသို့သဘောရှိသော တရားတို့သည် တုန်လှုပ်လည်း တုန်လှုပ်တတ်ကုန်၏၊ ပျက်စီးလည်း ပျက်စီးတတ်ကုန်၏၊ မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိကုန်၏။ပ။

လျှာနှင့် အရသာတို့ကိုစွဲ၍ ဇိဝှါဝိညာဏ် ဖြစ်ပေါ်၏။ လျှာသည် မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏။ အရသာတို့သည် မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံဖြစ်လေ့ ရှိကုန်၏။ ဤသို့ သဘောရှိသော တရားနှစ်ခု အစုသည် တုန်လှုပ်လည်း တုန်လှုပ်တတ်၏၊ ပျက်စီး လည်း ပျက်စီးတတ်၏၊ မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏။ ဇိဝှါဝိညာဏ်သည် မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ ရှိ၏။ ဇိဝှါဝိညာဏ် ဖြစ်ပေါ်လာရန် အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိ၏။ ရဟန်းတို့ မမြဲသော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော ဇိဝှါဝိညာဏ်သည်ကား အဘယ်မှာ မြဲနိုင်လိမ့် မည်နည်း။ ရဟန်းတို့ လျှာ အရသာ ဇိဝှါဝိညာဏ် ဤတရားသုံးမျိုးတို့၏ ပေါင်းဆုံစုဝေး အညီ အညွတ်ဖြစ်မှုကို ဇိဝှါသမ္ဖဿဟု ဆိုအပ်၏။ ဇိဝှါသမ္ဖဿသည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ ရှိ၏။ ဇိဝှါသမ္ဖဿ ဖြစ်ပေါ်လာရန် အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိ၏၊ ရဟန်းတို့ မမြဲသော အကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော ဇိဝှါသမ္ဖဿသည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။ ရဟန်းတို့ တွေ့ထိမှု ရှိသောသူသည် ခံစား၏၊ တွေ့ထိမှု ရှိသောသူသည် စေ့ဆော်၏၊ တွေ့ထိမှု ရှိသောသူသည် မှတ်သား၏။ ဤသို့သဘောရှိသော တရားတို့သည် တုန်လှုပ်လည်း တုန်လှုပ်တတ်ကုန်၏၊ ပျက်စီး လည်း ပျက်စီးတတ်ကုန်၏၊ မမြဲကုန်၊ ဖောက်ပြန်လေ့ ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိကုန်၏။ပ။

စိတ်နှင့်သဘောတရားတို့စွဲ၍ မနောဝိညာဏ်ဖြစ်ပေါ်၏၊ စိတ်သည် မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏။ သဘောတရားတို့သည် မမြဲကုန်၊ ဖောက်ပြန်လေ့ ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိကုန်၏။ ဤသို့ သဘောရှိသော တရားအစုသည် တုန်လှုပ်လည်း တုန်လှုပ်တတ်၏၊ ပျက်စီး လည်း ပျက်စီးတတ်၏၊ မမြဲ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ မနောဝိညာဏ်သည် မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏။ မနောဝိညာဏ်ဖြစ်ပေါ်လာရန် အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ ရဟန်းတို့ မမြဲသော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော မနောဝိညာဏ်သည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။ ရဟန်းတို့ စိတ် သဘောတရား မနောဝိညာဏ် ဤတရားသုံးပါးတို့၏ ပေါင်းဆုံစုဝေး အညီအညွတ် ဖြစ်မှုကို မနောသမ္ဖဿဟု ဆိုအပ်၏။ မနောသမ္ဖဿသည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုး တဖုံဖြစ်လေ့ရှိ၏။ မနောသမ္ဖဿဖြစ်ပေါ်လာရန် အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏။ ရဟန်းတို့ မမြဲသော အကြောင်းကို စွဲ၍ဖြစ်ပေါ် လာသော မနောသမ္ဖဿသည် အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့ တွေ့ထိမှုရှိသောသူသည် ခံစား၏၊ တွေ့ထိမှုရှိသောသူသည် စေ့ဆော်၏၊ တွေ့ထိမှု ရှိသောသူသည် မှတ်သား၏။ ဤသို့သဘောရှိသောတရားတို့သည် တုန်လှုပ်လည်း တုန်လှုပ်တတ် ကုန်၏၊ ပျက်စီးလည်း ပျက်စီးတတ်ကုန်၏၊ မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိကုန်၏။ ရဟန်းတို့ ဤသို့နှစ်ခု နှစ်ခု အစုကို စွဲ၍ ဝိညာဏ်ဖြစ်ပေါ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ဆန္နဝဂ် ပြီး၏။

## (၁၀) ၅-သင္ဂဝဂ် ၁-အဒန္တအဂုတ္တသုတ်

၉၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ တွေ့ထိမှု၏တည်ရာ ခြောက်မျိုးတို့ကို မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မပိတ်ဆို့အပ်ကုန်သော် လွန်ကဲသောဆင်းရဲကို ဆောင်တတ်ကုန်၏၊ အဘယ်ခြောက်မျိုးတို့နည်း။ ရဟန်းတို့ မျက်စိတည်းဟူသော တွေ့ထိမှု၏တည်ရာ ဖဿာယတနကို မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မပိတ်ဆို့အပ်သော် လွန်ကဲသောဆင်းရဲကို ဆောင်တတ်၏။ပ။ လျှာတည်းဟူသော တွေ့ထိမှု၏တည်ရာ ဖဿာယတနကို မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မပိတ်ဆို့အပ်သော် လွန်ကဲသောဆင်းရဲကို ဆောင်တတ်၏။ပ။ ရဟန်းတို့ စိတ်တည်းဟူသော တွေ့ထိမှု၏တည်ရာ ဖဿာယတနကို မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မပိတ်ဆို့အပ်သော် လွန်ကဲသောဆင်းရဲကို ဆောင်တတ်၏။ ရဟန်းတို့ တွေ့ထိမှု၏တည်ရာ ဤဖဿာယတနတရား ခြောက်မျိုးတို့ကို မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မပိတ်ဆို့အပ်ကုန်သော် လွန်ကဲသောဆင်းရဲကို ဆောင်တတ်ကုန်၏။

ရဟန်းတို့ ဤတွေ့ထိမှု၏တည်ရာ ဖဿာယတနခြောက်မျိုးတို့ကို ကောင်းစွာဆုံးမအပ် ကောင်းစွာ လုံခြုံစေအပ် ကောင်းစွာ စောင့်ရှောက်အပ် ကောင်းစွာ ပိတ်ဆို့အပ်ကုန်သော် လွန်ကဲသော ချမ်းသာကို ဆောင်တတ်ကုန်၏။ အဘယ်ခြောက်မျိုးတို့နည်း။ ရဟန်းတို့ မျက်စိတည်းဟူသော တွေ့ထိမှု၏တည်ရာ ဖဿာယတနကို ကောင်းစွာဆုံးမအပ် ကောင်းစွာလုံခြုံစေအပ် ကောင်းစွာ စောင့်ရှောက်အပ် ကောင်းစွာ ပိတ်ဆို့အပ်သော် လွန်ကဲသောချမ်းသာကို ဆောင်တတ်၏။ပ။ ရဟန်းတို့ လျှာတည်းဟူသော တွေ့ထိမှု၏တည်ရာ ဖဿာယတနကို ကောင်းစွာဆုံးမအပ် ကောင်းစွာ လုံခြုံစေအပ် ကောင်းစွာစောင့်ရှောက်အပ် ကောင်းစွာပိတ်ဆို့အပ်သော် လွန်ကဲသော ချမ်းသာကို ဆောင်တတ်၏။ပ။ ရဟန်းတို့ စိတ်တည်းဟူသော တွေ့ထိမှု၏တည်ရာ ဖဿာယတနကို ကောင်းစွာ ဆုံးမအပ် ကောင်းစွာ လုံခြုံစေအပ် ကောင်းစွာ စောင့်ရှောက်အပ် ကောင်းစွာ ပိတ်ဆို့အပ်သော် လွန်ကဲသောချမ်းသာကို ဆောင်တတ်၏။ ရဟန်းတို့ ဤတွေ့ထိမှု၏တည်ရာ ဖဿာယတနတရား ခြောက်မျိုးတို့ကို ကောင်းစွာ ဆုံးမအပ် ကောင်းစွာ လုံခြုံစေအပ် ကောင်းစွာ စောင့်ရှောက်အပ် ကောင်းစွာပိတ်ဆို့အပ်ကုန်သော် လွန်ကဲသောချမ်းသာကို ဆောင်တတ်ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။ မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူပြန်၏—

ရဟန်းတို့ တွေ့ထိမှု၏တည်ရာ ဖဿာယတနတို့ကား ခြောက်မျိုးတို့တည်း၊ ယင်းတရား ခြောက်မျိုးတို့၌ မစောင့်စည်းသောသူသည် ဆင်းရဲသို့ ရောက်ရ၏၊ အကြင်သူတို့သည် ထိုတရားခြောက်မျိုးတို့၏ စောင့်ရှောက်မှုကို ရကုန်၏၊ သဒ္ဓါတည်းဟူသော အဖော်ရှိကုန်သော ထိုသူတို့သည် (ကိလေသာမိုး) မစိုစွတ်ကုန်သည်ဖြစ်၍ နေရကုန်၏။

နှလုံးမွေ့လျော်ဖွယ်သော အဆင်းတို့ကို မြင်ရသော်၎င်း သို့မဟုတ် နှလုံးမွေ့လျော်ဖွယ် မရှိသော အဆင်းတို့ကိုမြင်ရသော်၎င်း နှလုံးမွေ့လျော်ဖွယ်သောအဆင်း၌ စွဲမက်မှု 'တဏှာ' လမ်းကြောင်းကို ပယ်ဖျောက်ရာ၏၊ (နှလုံးမွေ့လျော်ဖွယ်မရှိသော အဆင်း၌) ငါသည် မနှစ်သက်အပ်ဟုလည်း စိတ်ကို မပျက်စီးစေရာ။

နှစ်သက်ဖွယ် မနှစ်သက်ဖွယ် နှစ်ပါးစုံဖြစ်သော အသံကိုကြားသော် နှစ်သက်ဖွယ် ဖြစ်သောအသံ၌ အလွန်တပ်မက်ခြင်း မဖြစ်ရာ၊ သို့မဟုတ် မနှစ်သက်ဖွယ်ဖြစ်သောအသံ၌

အမျက်ထွက်ခြင်းသို့ ရောက်မှုကို ပယ်ဖျောက်ရာ၏၊ ငါသည် မနှစ်သက်အပ်ဘူလည်း စိတ်ကို မပျက်စီးစေရာ။

နှလုံးမွေ့လျော်ဖွယ်ကောင်းသော အနံ့ကို နမ်းရှူရသော်ငြားး သို့မဟုတ် မနှစ်သက်ဖွယ် မစင်ကြယ်သော အနံ့ကို နမ်းရှူရသော်ငြား မနှစ်သက်ဖွယ်သောအနံ့၌ အမျက်ထွက်မှုကို ပယ်ဖျောက်ရာ၏၊ နှစ်သက်ဖွယ်သော အနံ့၌လည်း အလို 'ဆန္ဒ' နောက်သို့ လိုက်သည် မဖြစ်ရာ။

ကောင်းသော အရသာကို စားရသော်ငြား သာယာဖွယ်သော သို့မဟုတ် တရံတခါ မကောင်းသော အရသာကို စားရသော်ငြား ကောင်းသောအရသာကို လွန်သော အာသာဖြင့် မစားရာ၊ ဆန့်ကျင်ဖက်ဖြစ်သော မကောင်းသောအရသာကို (စားရာ၌) စိတ်ကို မပျက်စီးစေရာ။

ချမ်းသာသောအတွေ့ဖြင့် တွေ့ထိသော်လည်း မမွေ့လျော်ရာ၊ ဆင်းရဲသောအတွေ့ဖြင့် တွေ့ထိသော်သည်း မတုန်လှုပ်ရာ၊ ချမ်းသာဆင်းရဲဖြစ်သော အတွေ့နှစ်မျိုးကို လျစ်လျူရှုရာ၏၊ တစုံတခုနှင့်မျှ မလိုက်လျောရာ၊ မဆန့်ကျင်ရာ။

သညာရှိကုန်သော ယုတ်ညံ့သောသူတို့သည် သံသရာ၌ချွတတ်သော သညာရှိကုန်သည် ဖြစ်၍ သံသရာကို ချဲ့ကုန်လျက် ဝဋ်ဆင်းရဲသို့ ကပ်ရောက်ရကုန်၏။ သညာရှိသောသူသည် စိတ်ဖြင့်ပြီးသော ကာမဂုဏ်၌ မှီသော အကြံအစည်အားလုံးကို ပယ်နုတ်၍ ကာမဂုဏ်မှ ထွက်မြောက်မှု၌မှီသော အကြံအစည်ကို ဖြစ်စေ၏။

ဤကဲ့သို့ စိတ်ကို အာရုံခြောက်ပါးတို့၌ ပွါးများပြီးသောအခါ တစုံတခုသောအာရုံ၌ တွေ့ထိအပ်သောသူ၏စိတ်သည် မတုန်လှုပ်။ ရဟန်းတို့ ထိုသူတို့သည် ရာဂဒေါသတို့ကို လွှမ်းမိုးဖိနှိပ်ကုန်၍ ပဋိသန္ဓေနေခြင်း သေခြင်း၏ တဖက်ကမ်း (နိဗ္ဗာန်) သို့ ရောက်ကြရကုန်၏။

ပဌမသုတ်။

## ၂-မာလုကျပုတ္တသုတ်

၉၅။ ထိုအခါ အသျှင်မာလုကျပုတ္တသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်မာလုကျပုတ္တသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါ၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို နာကြားပြီးလျှင် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ (နိဗ္ဗာန်သို့)စေလွှတ်သောစိတ်ရှိလျက် နေလိုပါ၏" ဟု လျှောက်၏။

ရဟန်း "သင်သည် အိုမင်းသည် ကြီးသည် ရင့်ရော်သည် အရွယ်လွန်သည် နောက်ဆုံးအရွယ်သို့ ရောက်နေပြီးသည် ဖြစ်ပါလျက် အကျဉ်းအားဖြင့် အဆုံးအမကို တောင်းဘိ၏။ မာလုကျပုတ္တ ဤသို့ အဆုံးအမတောင်းရာ ယခုအခါ၌ ရဟန်းငယ်များကို အဘယ်သို့ဆိုရပါအံ့နည်း" ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား တပည့်တော်သည် အိုမင်းသည် ကြီးသည် ရင့်ရော်သည် အရွယ်လွန်သည် နောက်ဆုံးအရွယ်သို့ ရောက်နေပြီးသည်ကား မှန်ပါ၏၊ သို့ပါသော်လည်း တပည့်တော်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားကို ဟောတော်မူစေလို

ပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါ၊ တပည့်တော်သည် မြတ်စွာဘုရား စကားတော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်ကောင်းတန်ရာပါ၏၊ တပည့်တော်သည် မြတ်စွာဘုရားစကားတော်၏ အမွေခံ ဖြစ်နိုင်ကောင်းတန်ရာပါ၏ ဟု (လျှောက်၏)။

မာလုကျပုတ္တ ဆိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် မမြင်အပ်ကုန်သော မမြင်ဘူးကုန်သော မြင်ဆဲမဟုတ်ကုန်သော မြင်ရလို၏ဟုနှလုံးသွင်းလည်း မရှိကုန်သော (စက္ခုဝိညာဏ်ဖြင့်) သိအပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းတို့၌ လိုချင်မှုသော်၎င်း စွဲမက်မှုသော်၎င်း ခင်မင်မှုသော်၎င်း သင့်အား ရှိပါသလော။ မရှိပါ အသျှင်ဘုရား။

သင်သည် မကြားနာအပ်ကုန်သော မကြားနာဘူးကုန်သော ကြားနာဆဲမဟုတ်ကုန်သော ကြားနာရလို၏ဟု နှလုံးသွင်းလည်းမရှိကုန်သော (သောတဝိညာဏ်ဖြင့်) သိအပ်ကုန်သော အသံတို့သည် ရှိကုန်၏၊ ထိုအသံတို့၌ လိုချင်မှုသော်၎င်း စွဲမက်မှုသော်၎င်း ခင်မင်မှုသော်၎င်း သင့်အား ရှိပါသလော။ မရှိပါ အသျှင်ဘုရား။

သင်သည် မနမ်းရှူအပ်ကုန်သော မနမ်းရှူဘူးကုန်သော နမ်းရှူဆဲမဟုတ်ကုန်သော နမ်းရှူရလို၏ဟု နှလုံးသွင်းလည်း မရှိကုန်သော (ဃာနဝိညာဏ်ဖြင့်) သိအပ်ကုန်သော အနံ့တို့သည် ရှိကုန်၏၊ ထိုအနံ့တို့၌ လိုချင်မှုသော်၎င်း စွဲမက်မှုသော်၎င်း ခင်မင်မှုသော်၎င်း သင့်အား ရှိပါသလော။ မရှိပါ အသျှင်ဘုရား။

သင်သည် မလျက်အပ်ကုန်သော မလျက်ဘူးကုန်သော လျက်ဆဲမဟုတ်ကုန်သော လျက်ရလို၏ဟု နှလုံးသွင်းလည်းမရှိကုန်သော (ဇိဝှါဝိညာဏ်ဖြင့်) သိအပ်ကုန်သော အရသာတို့သည် ရှိကုန်၏၊ ထိုအရသာတို့၌ လိုချင်မှုသော်၎င်း စွဲမက်မှုသော်၎င်း ခင်မင်မှုသော်၎င်း သင့်အား ရှိပါသလော။ မရှိပါ အသျှင်ဘုရား။

သင်သည် မတွေ့ထိအပ်ကုန်သော မတွေ့ထိဘူးကုန်သော တွေ့ထိဆဲ မဟုတ်ကုန်သော တွေ့ထိရလို၏ဟု နှလုံးသွင်းလည်း မရှိကုန်သော (ကာယဝိညာဏ်ဖြင့်) သိအပ်ကုန်သော အတွေ့အထိတို့သည် ရှိကုန်၏၊ ထိုအတွေ့အထိတို့၌ လိုချင်မှုသော်၎င်း စွဲမက်မှုသော်၎င်း ခင်မင်မှုသော်၎င်း သင့်အား ရှိပါသလော။ မရှိပါ အသျှင်ဘုရား။

သင်သည် မသိအပ်ကုန်သော မသိဘူးကုန်သော သိဆဲမဟုတ်ကုန်သော သိရလို၏ ဟု နှလုံးသွင်းလည်း မရှိကုန်သော (မနောဝိညာဏ်ဖြင့်) သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားတို့၌ လိုချင်မှုသော်၎င်း စွဲမက်မှုသော်၎င်း ခင်မင်မှုသော်၎င်း သင့်အား ရှိပါသလော။ မရှိပါ အသျှင်ဘုရား။

မာလုကျပုတ္တ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ်ကုန်သော ဤအာရုံခြောက်မျိုးတို့၌ သင့်အား မြင်လျှင် မြင်ကာမျှဖြစ်လတ္တံ့၊ ကြားလျှင် ကြားကာမျှဖြစ်လတ္တံ့၊ တွေ့ထိလျှင် တွေ့ထိကာမျှဖြစ်လတ္တံ့၊ သိလျှင် သိကာမျှဖြစ်လတ္တံ့။

မာလုကျပုတ္တ အကြင်အခါ မြင်အပ်ကြားအပ် တွေ့ထိအပ် သိအပ်ကုန်သော အာရုံခြောက်မျိုးတို့၌ သင့်အား မြင်လျှင် မြင်ကာမျှဖြစ်လတ္တံ့၊ ကြားလျှင် ကြားကာမျှဖြစ်လတ္တံ့၊ တွေ့ထိလျှင် တွေ့ထိကာမျှဖြစ်လတ္တံ့၊ သိလျှင် သိကာမျှဖြစ်လတ္တံ့။ မာလုကျပုတ္တ ထိုအခါ သင်သည် ထို(စွဲမက်ခြင်း အမျက်ထွက်ခြင်း တွေဝေခြင်းဖြင့်) မဖြစ်လတ္တံ့။ မာလုကျပုတ္တ အကြင်အခါ သင်သည်

ထို (စွဲမက်ခြင်း အမျက်ထွက်ခြင်း တွေဝေခြင်းဖြင့်) မဖြစ်လတ္တံ့၊ မာလုကျပုတ္တ ထိုအခါ သင်သည် ထိုအာရုံ၌ခြောက်ပါးတို့၌ မတည်လတ္တံ့။ မာလုကျပုတ္တ အကြင်အခါ သင်သည် ထိုအာရုံခြောက်ပါး တို့၌ မတည်လတ္တံ့၊ မာလုကျပုတ္တ ထိုအခါ သင်သည် ဤဘဝ၌လည်း မဖြစ်လတ္တံ့၊ တမလွန်ဘဝ၌ လည်း မဖြစ်လတ္တံ့၊ နှစ်ဘဝလုံး၌လည်း မဖြစ်လတ္တံ့၊ မဖြစ်မှုသည်ပင် ဆင်းရဲ၏ အဆုံး (နိဗ္ဗာန်) မည်၏ ဟု မိန့်တော်မူ၏။

အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောအပ်သော ဤတရား စကား၏ အနက်အဓိပ္ပါယ်ကို ဤသို့အကျယ်အားဖြင့် သိနားလည်ပါ၏—

အဆင်းကို မြင်သော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိမေ့ပျောက် သည်ဖြစ်၍ ပြင်းစွာ စွဲလမ်းသော စိတ်ရှိလျက် ခံစား၏၊ ထိုအဆင်း အာရုံကိုလည်း လွှမ်းမိုး၍ တည်၏။ ထိုသူအား အဆင်းအာရုံကြောင့် ဖြစ်ကုန်သော များစွာသော ဝေဒနာတို့သည် တိုးပွါးကုန်၏၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း စိတ်ပင်ပန်းမှုသည် ၎င်း ထိုသူ၏ စိတ်ကိုကပ်၍ ညှဉ်းဆဲအပ်၏၊ ဤသို့ ဆင်းရဲကို ဆည်းပူးနေသောသူအား နိဗ္ဗာန် မှ ဝေးလှ၏ ဟု ဆိုအပ်၏။

အသံကိုကြားသော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသော သူအား သတိမေ့ပျောက်သည် ဖြစ်၍ ပြင်းစွာစွဲလမ်းသော စိတ်ရှိလျက် ခံစား၏၊ ထိုအသံအာရုံကိုလည်း လွှမ်းမိုး၍တည်၏။ ထိုသူအား အသံအာရုံကြောင့်ဖြစ်ကုန်သော များစွာသော ဝေဒနာတို့သည် တိုးပွါးကုန်၏။ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း စိတ်ပင်ပန်းမှုသည်၎င်း ထိုသူ၏ စိတ်ကိုကပ်၍ ညှဉ်းဆဲအပ်၏၊ ဤသို့ ဆင်းရဲကို ဆည်းပူးနေသောသူအား နိဗ္ဗာန်မှ ဝေးလှ၏ ဟု ဆိုအပ်၏။

အနံ့ကို နမ်းရှူသော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိမေ့ပျောက် သည်ဖြစ်၍ ပြင်းစွာစွဲလမ်းသော စိတ်ရှိလျက် ခံစား၏၊ ထိုအနံ့အာရုံကိုလည်း လွှမ်းမိုး၍ တည်၏။ ထိုသူအား အနံ့အာရုံကြောင့်ဖြစ်ကုန်သော များစွာသော ဝေဒနာတို့သည် တိုးပွါး ကုန်၏၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း စိတ်ပင်ပန်းမှုသည်၎င်း ထိုသူ၏စိတ်ကို ကပ်၍ညှဉ်းဆဲအပ်၏၊ ဤသို့ ဆင်းရဲကို ဆည်းပူးနေသောသူအား နိဗ္ဗာန်မှ ဝေး လှ၏ ဟု ဆိုအပ်၏။

အရသာကို စားသောက်သော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိ မေ့ပျောက်သည်ဖြစ်၍ ပြင်းစွာစွဲလမ်းသော စိတ်ရှိလျက် ခံစား၏၊ ထိုအရသာအာရုံကိုလည်း လွှမ်းမိုး၍ တည်၏။ ထိုသူအား အရသာအာရုံကြောင့် ဖြစ်ကုန်သော များစွာသောဝေဒနာ တို့သည် တိုးပွါးကုန်၏။ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း စိတ်ပင် ပန်းမှုသည်၎င်း ထိုသူ၏ စိတ်ကို ကပ်၍ညှဉ်းဆဲအပ်၏၊ ဤသို့ဆင်းရဲကို ဆည်းပူးနေသော သူအား နိဗ္ဗာန်မှဝေးလှ၏ ဟု ဆိုအပ်၏။

အတွေ့အထိကို တွေ့ထိရသော် နှစ်သက်ဖွယ် အာရုံဟု နှလုံးသွင်းသောသူအား သတိမေ့ ပျောက်သည်ဖြစ်၍ ပြင်းစွာစွဲလမ်းသော စိတ်ရှိလျက် ခံစား၏၊ ထိုအတွေ့အထိ အာရုံကိုလည်း

လွှမ်းမိုး၍တည်၏။ ထိုသူအား အတွေ့အထိကြောင့်ဖြစ်ကုန်သော များစွာသော ဝေဒနာတို့သည် တိုးပွါးကုန်၏၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း စိတ်ပင်ပန်းမှုသည်၎င်း ထိုသူ၏စိတ်ကို ကပ်၍ ညှဉ်းဆဲအပ်၏၊ ဤသို့ဆင်းရဲကို ဆည်းပူးနေသောသူအား နိဗ္ဗာန်မှ ဝေးလှ၏ဟု ဆိုအပ်၏။

သဘောတရားကို သိသော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိ မေ့ပျောက်သည်ဖြစ်၍ ပြင်းစွာစွဲလမ်းသော စိတ်ရှိလျက် ခံစား၏၊ ထိုသဘောတရားကိုလည်း လွှမ်းမိုး၍ တည်၏။

ထိုသူအား သဘောတရားကြောင့်ဖြစ်ကုန်သော များစွာသော ဝေဒနာတို့သည် တိုးပွါးကုန်၏၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း စိတ်ပင်ပန်းမှုသည်၎င်း ထိုသူ၏ စိတ်ကို ကပ်၍ ညှဉ်းဆဲအပ်၏၊ ဤသို့ဆင်းရဲကို ဆည်းပူးနေသောသူအား နိဗ္ဗာန်မှ ဝေးလှ၏ ဟု ဆိုအပ်၏။

ထိုသူသည် အဆင်းကို မြင်လတ်သော် ထင်သော သတိရှိသည်ဖြစ်၍ အဆင်းတို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုအဆင်းကို လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့် အဆင်းကိုရှုသော်၎င်း ဝေဒနာကိုမှီဝဲသော်၎င်း ထိုသူအား ဆင်းရဲကုန်ခန်း၏၊ မတိုးပွါး။ ဤသို့သော*အခြင်းအရာအားဖြင့် ထိုသူသည် သတိရှိသည်ဖြစ်၍ ကျင့်၏၊ ဤသို့ ဆင်းရဲကို ဖျက်ဆီးသူအား နိဗ္ဗာန်နှင့် နီး၏ ဟု ဆိုအပ်၏။

ထိုသူသည် အသံကို ကြားလတ်သော် ထင်သောသတိရှိသည်ဖြစ်၍ အသံတို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုအသံကိုလည်း လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့် အသံကို နားထောင်သော်၎င်း ဝေဒနာကို မှီဝဲသော်၎င်း ထိုသူအား ဆင်းရဲကုန်ခန်း၏၊ မတိုးပွါး။ ဤသို့သောအခြင်းအရာအားဖြင့် ထိုသူသည် သတိရှိသည်ဖြစ်၍ ကျင့်၏၊ ဤသို့ ဆင်းရဲကို ဖျက်ဆီးသူအား နိဗ္ဗာန်နှင့် နီး၏ ဟု ဆိုအပ်၏။

ထိုသူသည် အနံ့ကို နမ်းရှုလတ်သော် ထင်သောသတိရှိသည်ဖြစ်၍ အနံ့တို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ထိုအနံ့ကိုလည်း လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့် အနံ့ကို နမ်းရှုသော်၎င်း ဝေဒနာကို မှီဝဲသော်၎င်း ထိုသူအား ဆင်းရဲကုန်ခန်း၏၊ မတိုးပွါး။ ဤသို့သော အခြင်းအရာအားဖြင့် ထိုသူသည် သတိရှိသည်ဖြစ်၍ ကျင့်၏၊ ဤသို့ဆင်းရဲကို ဖျက်ဆီးသောသူအား နိဗ္ဗာန်နှင့် နီး၏ ဟု ဆိုအပ်၏။

ထိုသူသည် အရသာကို စားသောက်ရသော် ထင်သော သတိရှိသည်ဖြစ်၍ အရသာတို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုအရသာကိုလည်း လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့်အရသာကို စားသောက်သော်၎င်း ဝေဒနာကို မှီဝဲသော်၎င်း ထိုသူအား ဆင်းရဲကုန်ခန်း၏၊မတိုးပွါး။ ဤသို့သော အခြင်းအရာအားဖြင့် ထိုသူသည် သတိ

ရှိသည်ဖြစ်၍ ကျင့်၏၊ ဤသို့ဆင်းရဲကို ဖျက်ဆီးသောသူအား နိဗ္ဗာန်နှင့် နီး၏ ဟု ဆိုအပ်၏။

ထိုသူသည် အတွေ့အထိကို တွေ့ထိရသော် ထင်သောသတိရှိသည်ဖြစ်၍ အတွေ့အထိတို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုအတွေ့အထိကိုလည်း လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့် အတွေ့အထိကို တွေ့ထိသော်ငြား ဝေဒနာကို မှီဝဲသော်ငြား ထိုသူအား ဆင်းရဲကုန်ခန်း၏၊ မတိုးပွါး။ ဤသို့သော အခြင်းအရာအားဖြင့် ထိုသူသည် သတိရှိသည်ဖြစ်၍ ကျင့်၏၊ ဤသို့ဆင်းရဲကို ဖျက်ဆီးသူအား နိဗ္ဗာန်နှင့် နီး၏ဟု ဆိုအပ်၏။

ထိုသူသည် သဘောတရားကို သိရသော် ထင်သောသတိရှိသည်ဖြစ်၍ သဘောတရားတို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုသဘောတရားကိုလည်း လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့် သဘောတရားကို သိသော်ငြား ဝေဒနာကို မှီဝဲသော်ငြား ထိုသူအား ဆင်းရဲကုန်ခန်း၏၊ မတိုးပွါး။ ဤသို့သော အခြင်းအရာအားဖြင့် ထိုသူသည် သတိရှိသည်ဖြစ်၍ကျင့်၏၊ ဤသို့ဆင်းရဲကို ဖျက်ဆီးသူအား နိဗ္ဗာန်နှင့် နီး၏ ဟု ဆိုအပ်၏။

အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောအပ်သော ဤစကားတော်၏ အနက်အဓိပ္ပါယ်ကို ဤသို့အကျယ်အားဖြင့် နားလည်ပါ၏ဟု လျှောက်၏၊ မာလုကျပုတ္တ ကောင်းပေစွ ကောင်းပေစွ၊ မာလုကျပုတ္တ သင်သည် ငါဘုရား အကျဉ်းအားဖြင့် ဟောကြားအပ်သော စကားတော်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ကောင်းစွာသိပေ၏—

အဆင်းကို မြင်သော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိမေ့ပျောက်သည် ဖြစ်၍ ပြင်းစွာစွဲလမ်းသောစိတ်ရှိလျက် ခံစား၏၊ ထိုအဆင်းကိုလည်း လွှမ်းမိုး၍ တည်၏။

ထိုသူအား အဆင်းကြောင့်ဖြစ်ကုန်သော များစွာသော ဝေဒနာတို့သည် တိုးပွါးကုန်၏၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'သည်ငြား စိတ်ပင်ပန်းမှုသည်ငြား ထိုသူ၏ စိတ်ကို ကပ်၍ ညှဉ်းဆဲအပ်၏၊ဤသို့ ဆင်းရဲကို ဆည်းပူးနေသောသူအား နိဗ္ဗာန်မှ ဝေးလှ၏ ဟု ဆိုအပ်၏။ပ။

ထိုသူသည် သဘောတရားကိုသိသော် ထင်သော သတိရှိသည်ဖြစ်၍ သဘောတရားတို့၌ မစွဲမက်၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုသဘောတရားကိုလည်း လွှမ်းမိုး၍ မတည်။

အကြင်အခြင်းအရာအားဖြင့် သဘောတရားကို သိသော်ငြား ဝေဒနာကို မှီဝဲသော်ငြား ထိုသူအား ဆင်းရဲကုန်ခန်း၏၊ မတိုးပွါး။ ဤသို့သော အခြင်းအရာအားဖြင့် ထိုသူသည် သတိရှိသည်ဖြစ်၍ ကျင့်၏၊ဤသို့ ဆင်းရဲကို ဖျက်ဆီးသောသူအား နိဗ္ဗာန်နှင့် နီး၏ ဟု ဆိုအပ်၏။

မာလုကျပုတ္တ ငါဘုရားအကျဉ်းအားဖြင့် ဟောကြားအပ်သော ဤစကားတော်၏ အနက်အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် မှတ်အပ်၏ဟု မိန့်တော်မူ၏။

ထိုအခါ အသျှင်မာလုကျပုတ္တသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲသွားလေ၏။ ထို့နောက် အသျှင်မာလုကျပုတ္တသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လ ရှိသည်ဖြစ်၍ (နိဗ္ဗာန်) သို့ စေလွှတ်သောစိတ်ရှိလျက် နေလတ်သော် မကြာမီပင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်ကြသော အမျိုးသားတို့ လိုလားတောင့်တအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။ အသျှင်မာလုကျပုတ္တသည်လည်း ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်လေ၏။

ဒုတိယသုတ်။

---

## ၃-ပရိဟာနဓမ္မသုတ်

၉၆။ ရဟန်းတို့ သင်တို့အား ယုတ်လျော့မှုသဘောကိုရင်း မယုတ်လျော့မှုသဘောကိုရင်း လွှမ်းမိုးကြောင်းတရား ခြောက်ပါးတို့ကိုရင်း ဟောပေအံ့၊ ထိုတရားတို့ကို နာကြကုန်လော့။ ရဟန်းတို့ အဘယ်သို့လျှင် ယုတ်လျော့မှု သဘောဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော် ပြေးသွား ကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုဖြစ်ပေါ်လာသော အကုသိုလ်တရားကို ရဟန်းသည် လက်ခံနေခဲ့မူ မပယ်စွန့်ခဲ့မူ မဖျောက်ဖျက်ခဲ့မူ ကင်းအောင် မပြုခဲ့မူ နောက်ထပ်မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်မှုကို ရဟန်းသည် "(ငါသည်) ကုသိုလ်တရားတို့မှ ယုတ်လျော့နေ၏၊ အကြောင်းသော်ကား ဤသို့ ဖြစ်မှုကို ယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း"ဟု သိသင့် သိထိုက်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား လျှာဖြင့် အရသာကို လျက်သော်။ပ။ ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွား ကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကို ရဟန်းသည် အကယ်၍ လက်ခံနေခဲ့မူ မပယ်စွန့်ခဲ့မူ မဖျောက်ဖျက်ခဲ့မူ ကင်းအောင် မပြုခဲ့မူ နောက်ထပ် မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်မှုကို ရဟန်းသည် "(ငါသည်) ကုသိုလ်တရားတို့မှ ယုတ်လျော့နေ၏၊ အကြောင်းသော်ကား ဤသို့ ဖြစ်မှုကို ယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း"ဟု သိသင့် သိထိုက်၏။ ရဟန်းတို့ ဤသို့လျှင် ယုတ်လျော့မှု သဘောဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မယုတ်လျော့မှု သဘောဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော် ပြေးသွား ကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုအကုသိုလ်တရားတို့ကို ရဟန်းသည် လက်မခံခဲ့မူ ပယ်စွန့်ခဲ့မူ ဖျောက်ဖျက်ခဲ့မူ ကင်းအောင်ပြုခဲ့မူ နောက်ထပ် မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်မှုကို ရဟန်းသည် "(ငါသည်) ကုသိုလ်တရားတို့မှ

မယုတ်လျော့၊ အကြောင်းသော်ကား ဤသို့ ဖြစ်မှုကို မယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း”ဟု သိသင့် သိထိုက်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား လျှာဖြင့် အရသာကို လျက်သော်။ပ။ ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင် ဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုအကုသိုလ်တရားတို့ကို ရဟန်းသည် လက်မခံခဲ့မူ ပယ်စွန့်ခဲ့မူ ဖျောက်ဖျက်ခဲ့မူ ကင်းအောင်ပြုခဲ့မူ နောက်ထပ်မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်မှုကို ရဟန်းသည် “(ငါကား) ကုသိုလ်တရားတို့မှ မယုတ်လျော့၊ အကြောင်းသော်ကား ဤသို့ ဖြစ်မှုကို မယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း”ဟု သိသင့် သိထိုက်၏။ ရဟန်းတို့ ဤသို့လျှင် မယုတ်လျော့မှု သဘောဖြစ်၏။

ရဟန်းတို့ လွှမ်းမိုးကြောင်းတရား ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင် ဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် မဖြစ်ပေါ်လာကုန်။ ရဟန်းတို့ ဤသို့ မဖြစ်ပေါ်မှုကို ရဟန်းသည် “ဤအကြောင်းတရားကို လွှမ်းမိုးအပ်၏၊ အကြောင်းသော်ကား ဤသို့ ဖြစ်ပေါ်မှုကို လွှမ်းမိုးကြောင်းတရားဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း”ဟု သိသင့် သိထိုက်၏။ပ။ ရဟန်းတို့ နောက်တမျိုးကား “ရဟန်းအား စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် မဖြစ်ပေါ်လာကုန်။ ရဟန်းတို့ ဤသို့ မဖြစ်ပေါ်မှုကို ရဟန်းသည် ဤအကြောင်းတရားကို လွှမ်းမိုးအပ်၏၊ အကြောင်းသော်ကား ဤသို့ မဖြစ်ပေါ်မှုကို လွှမ်းမိုးကြောင်းတရားဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း”ဟု သိသင့် သိထိုက်၏။ ရဟန်းတို့ ဤတရားတို့ကို လွှမ်းမိုးကြောင်းတရား ခြောက်ပါးတို့ဟူ၍ ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

**တတိယသုတ်။**

---

## ၄-ပမာဒဝိဟာရီသုတ်

၉၇။ ရဟန်းတို့ မေ့မေ့လျော့လျော့နေတတ်သူကိုငင်း မမေ့မလျော့နေတတ်သူကိုငင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အဘယ်သို့လျှင် မေ့မေ့လျော့လျော့ နေတတ်သူဖြစ်သနည်း၊ ရဟန်းတို့ စက္ခုန္ဒြေကို မပိတ်ဆို့သည်ဖြစ်၍ နေသော သူ၏စိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စိုစွတ်လျက်ဖြစ်၏၊ ထိုစိုစွတ်လျက်ဖြစ်သော စိတ်ရှိသူအား ဝမ်းမြောက်မှု မဖြစ်နိုင်၊ ဝမ်းမြောက်မှုမရှိသော် နှစ်သက်မှုမဖြစ်နိုင်၊ နှစ်သက်မှုမရှိသော် ငြိမ်းချမ်းမှုမဖြစ်နိုင်၊ ငြိမ်းချမ်းမှုမရှိသော် ဆင်းရဲ၏၊ ဆင်းရဲသောသူ၏ စိတ်သည် မတည်ငြိမ်၊ စိတ်မတည်ငြိမ်သော် တရားတို့သည် ထင်စွာ မဖြစ်ပေါ်နိုင်ကြကုန်၊ တရားတို့ ထင်စွာ မဖြစ်ပေါ်ခြင်းကြောင့် မေ့မေ့လျော့လျော့ နေတတ်သူဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ပ။

ရဟန်းတို့ ဇိဝှါဒွါရကို မပိတ်ဆို့သည်ဖြစ်၍ နေသောသူ၏စိတ်သည် ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့၌ စိုစွတ်လျက်ဖြစ်၏၊ ထိုစိုစွတ်လျက်ဖြစ်သော စိတ်ရှိသူအား။ပ။ မေ့မေ့လျော့လျော့နေတတ်သူဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ပ။ ရဟန်းတို့ မနိန္ဒြေကို မပိတ်ဆို့သည်ဖြစ်၍ နေသော သူ၏စိတ်သည် မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ စိုစွတ်လျက်ဖြစ်၏၊ ထိုစိုစွတ်လျက်ဖြစ်သော စိတ်ရှိသူအား ဝမ်းမြောက်မှု မဖြစ်နိုင်၊ ဝမ်းမြောက်မှုမရှိသော် နှစ်သက်မှု မဖြစ်နိုင်၊ နှစ်သက်မှု မရှိသော် ငြိမ်းချမ်းမှုမဖြစ်နိုင်၊ ငြိမ်းချမ်းမှု မရှိသော် ဆင်းရဲ၏၊ ဆင်းရဲသောသူ၏စိတ်သည် မတည်ငြိမ်၊ စိတ်မတည်ငြိမ်သော် တရားတို့သည် ထင်စွာမဖြစ်ပေါ်နိုင်ကုန်၊ တရားတို့ ထင်စွာမဖြစ်ပေါ်ခြင်းကြောင့် မေ့မေ့လျော့လျော့နေတတ်သူဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် မေ့မေ့လျော့လျော့နေတတ်သူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မမေ့မလျော့နေတတ်သူ ဖြစ်သနည်း။ ရဟန်းတို့ စက္ခုန္ဒြေကို ပိတ်ဆို့သည်ဖြစ်၍ နေသောသူ၏ စိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စိုစွတ်လျက် မဖြစ်၊ စိုစွတ်လျက် မဖြစ်သော စိတ်ရှိသူအား ဝမ်းမြောက်မှု ဖြစ်၏၊ ဝမ်းမြောက်မှုရှိသောသူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်မှုရှိသော သူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ကိုယ်ငြိမ်းချမ်းသောသူသည် ချမ်းသာစွာ နေရ၏၊ ချမ်းသာသောသူ၏စိတ်သည် တည်ငြိမ်၏၊ စိတ်တည်ငြိမ်သော် တရားတို့သည် ထင်စွာ ဖြစ်ပေါ်ကုန်၏၊ တရားတို့ ထင်စွာဖြစ်ပေါ်ခြင်းကြောင့် မမေ့မလျော့နေတတ်သူဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ပ။ ရဟန်းတို့ ဇိဝှိန္ဒြေကို ပိတ်ဆို့သည်ဖြစ်၍ နေသောသူ၏ စိတ်သည် စိုစွတ်လျက် မဖြစ်။ပ။ မမေ့မလျော့ နေတတ်သူ ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ မနိန္ဒြေကို ပိတ်ဆို့သည်ဖြစ်၍ နေသောသူ၏ စိတ်သည် မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ စိုစွတ်လျက်မဖြစ်၊ ထိုစိုစွတ်လျက်မဖြစ်သော စိတ်ရှိသူအား ဝမ်းမြောက်မှုဖြစ်၏၊ ဝမ်းမြောက်မှု ရှိသောသူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်မှုရှိသောသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ကိုယ်ငြိမ်းချမ်းသောသူသည် ချမ်းသာစွာနေရ၏၊ ချမ်းသာသောသူ၏ စိတ်သည် တည်ငြိမ်၏၊ စိတ်တည်ငြိမ်သော် တရားတို့သည် ထင်စွာဖြစ်ပေါ်ကုန်၏၊ တရားတို့ ထင်စွာဖြစ်ပေါ်ခြင်းကြောင့် မမေ့မလျော့ နေတတ်သူဟူ၍သာ ရေတွက်ခြင်းသို့ရောက်၏။ ရဟန်းတို့ ဤသို့လျှင် မမေ့မလျော့ နေတတ်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)

စတုတ္ထသုတ်။

---

## ၅-သံဝရသုတ်

၉၇။ ရဟန်းတို့ စောင့်စည်းမှုကိုလည်း မစောင့်စည်းမှုကိုလည်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အဘယ်သို့လျှင် မစောင့်စည်းမှု ဖြစ်သနည်း၊ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်

သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ရဟန်းတို့ ဤသို့ဖြစ်နေမှုကို ရဟန်းသည် "ကုသိုလ်တရားတို့မှ ယုတ်လျော့နေ၏၊ အကြောင်းသော်ကား ဤသို့ဖြစ်နေမှုကို ယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသော ကြောင့်တည်း"ဟု သိသင့် သိထိုက်၏။ပ။ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ရဟန်းတို့ ဤသို့ဖြစ်နေမှုကို ရဟန်းသည် "အကုသိုလ်တရားတို့မှ ယုတ်လျော့နေ၏၊ အကြောင်းသော်ကား ဤသို့ဖြစ်နေမှုကို ယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း"ဟု သိသင့် သိထိုက်၏။ ရဟန်းတို့ ဤသို့လျှင် မစောင့်စည်းမှု ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် စောင့်စည်းမှုဖြစ်သနည်း။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန် မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ ရဟန်းတို့ ထိုသို့ဖြစ်နေမှုကို ရဟန်းသည် "ကုသိုလ်တရားတို့မှ မယုတ်လျော့၊ အကြောင်းသော်ကား ဤသို့ဖြစ်နေမှုကို မယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း"ဟု သိသင့်သိထိုက်၏။ပ။ ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားတို့ကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ရဟန်းတို့ ထိုသို့ဖြစ်နေမှုကို ရဟန်းသည် "ကုသိုလ်တရားတို့မှ မယုတ်လျော့၊ အကြောင်းသော်ကား ဤသို့ဖြစ်နေမှုကို မယုတ်လျော့မှုဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း"ဟု သိသင့် သိထိုက်၏။ ရဟန်းတို့ ဤသို့လျှင် မစောင့်စည်းမှုဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-သမာဓိသုတ်

၉၉။ ရဟန်းတို့ စိတ်တည်ကြည်မှု 'သမာဓိ'ကို ပွါးများကြကုန်လော့၊ ရဟန်းတို့ စိတ်တည်ကြည်သော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိနိုင်၏။ အဘယ်သို့လျှင် ဟုတ်တိုင်းမှန်စွာ သိနိုင်သနည်း၊ မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ အဆင်းတို့သည် မမြဲကုန်ဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ စက္ခုဝိညာဏ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာသိနိုင်၏၊ စက္ခုသမ္ဖဿသည် မမြဲဟု ဟုတ်တိုင်းမှန်စွာသိနိုင်၏၊ စက္ခုသမ္ဖဿ ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏။ပ။ စိတ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ သဘောတရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿဟူသော

အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မမြဲဟု ဟုတ်တိုင်း မှန်စွာ သိနိုင်၏။ ရဟန်းတို့ စိတ်တည်ကြည်မှု 'သမာဓိ'ကို ပွါးများကြကုန်လော့၊ ရဟန်းတို့ စိတ်တည်ကြည်သော ရဟန်းသည် ဟုတ်တိုင်း မှန်စွာသိနိုင်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဋိသလ္လာနသုတ်

၁၀၀။ ရဟန်းတို့ တယောက်တည်း ကိန်းအောင်းခြင်း၌ အားထုတ်မှုသို့ ရောက်ကြကုန်လော့၊ ရဟန်းတို့ တယောက်တည်း ကိန်းအောင်းသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာသိနိုင်၏။ အဘယ်သို့လျှင် ဟုတ်တိုင်းမှန်စွာ သိနိုင်သနည်း၊ မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ အဆင်းတို့သည် မမြဲကုန်ဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ စက္ခုဝိညာဏ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ စက္ခုသမ္ဖဿသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မမြဲဟု ဟုတ်တိုင်း မှန်စွာ သိနိုင်၏။ ရဟန်းတို့ တယောက်တည်း ကိန်းအောင်းခြင်း၌ အားထုတ်မှုသို့ ရောက်ကြကုန်လော့။ ရဟန်းတို့ တယောက်တည်း ကိန်းအောင်းသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိနိုင်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပဉ္စမ နတုမှာကသုတ်

၁၀၁။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်ကြကုန်လော့၊ ထိုတရားကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ အဘယ်တရားသည် သင်တို့၏ ဥစ္စာမဟုတ်သနည်း၊ ရဟန်းတို့ မျက်စိသည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုမျက်စိကို ပယ်ကြကုန်လော့၊ ထိုမျက်စိကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ အဆင်းတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ ထိုအဆင်းတို့ကို ပယ်ကြကုန်လော့၊ ထိုအဆင်းတို့ကို ပယ်ကြကုန်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်လတ္တံ့။ စက္ခုဝိညာဏ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုစက္ခုဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုစက္ခုဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ စက္ခုသမ္ဖဿသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုစက္ခုသမ္ဖဿကို ပယ်ကြကုန်လော့၊ စက္ခုသမ္ဖဿကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ပ။

လျှာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုလျှာကို ပယ်ကြကုန်လော့၊ ထိုလျှာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ အရသာတို့သည် သင်တို့၏ ဥစ္စာ

မဟုတ်ကုန်၊ ထိုအရသာတို့ကို ပယ်ကြကုန်လော့၊ ထိုအရသာတို့ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်လတ္တံ့။ ဇိဝှါဝိညာဏ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဇိဝှါဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုဇိဝှါဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ဇိဝှါသမ္ဖဿသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဇိဝှါသမ္ဖဿကို ပယ်ကြကုန်လော့၊ ထိုဇိဝှါသမ္ဖဿကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ပ။

စိတ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုစိတ်ကို ပယ်ကြကုန်လော့၊ ထိုစိတ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ သဘောတရားတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ ထိုသဘောတရားတို့ကို ပယ်ကြကုန်လော့၊ ထိုသဘောတရားတို့ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ မနောဝိညာဏ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုမနောဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုမနောဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ မနောသမ္ဖဿသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုမနောသမ္ဖဿကို ပယ်ကြကုန်လော့၊ ထိုမနောသမ္ဖဿကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

ရဟန်းတို့ ဥပမာသော်ကား ဤဇေတဝန်ကျောင်းတိုက်၌ အကြင် မြက် ထင်း သစ်ခက် သစ်ရွက်သည် ရှိ၏၊ ထိုမြက် ထင်း သစ်ခက် သစ်ရွက်ကို လူအပေါင်းသည် ယူသွားသော်၎င်း မီးရှို့သော်၎င်း အလိုရှိတိုင်း ပြုသော်၎င်း ငါတို့ကို လူအပေါင်းသည် ယူသွား၏ဟူ၍၎င်း မီးရှို့၏ဟူ၍၎င်း အလိုရှိတိုင်း ပြု၏ဟူ၍၎င်း သင်တို့အား ဤသို့ စိတ်အကြံဖြစ်ရာသလော။ မဖြစ်ရာပါ အသျှင်ဘုရား။ ထိုမဖြစ်မှုသည် အဘယ့်ကြောင့်နည်း၊ အသျှင်ဘုရား ဤ (မြက်စသော)အရာသည် တပည့်တော်တို့၏ ကိုယ်သော်၎င်း ကိုယ်ပိုင် ဥစ္စာသော်၎င်း မဟုတ်သောကြောင့်ပါတည်း။ ရဟန်းတို့ ဤအတူ မျက်စိသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုမျက်စိကို ပယ်ကြကုန်လော့၊ ထိုမျက်စိကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ အဆင်းတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ စက္ခုဝိညာဏ်သည်။ပ။ စက္ခုသမ္ဖဿသည်။ပ။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ နတုမှာကသုတ်

၁၀၂။ ရဟန်းတို့ သင်တို့၏ဥစ္စာမဟုတ်သော တရားကို ပယ်ကြကုန်လော့၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ

ဖြစ်လတ္တံ့။ ရဟန်းတို့ အဘယ်တရားသည် သင်တို့၏ ဥစ္စာမဟုတ်သနည်း၊ ရဟန်းတို့ မျက်စိသည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုမျက်စိကို ပယ်ကြကုန်လော့၊ ထိုမျက်စိကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ အဆင်းတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ ထို အဆင်းတို့ကို ပယ်ကြကုန်လော့၊ ထိုအဆင်းတို့ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်လတ္တံ့။ စက္ခုဝိညာဏ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုစက္ခုဝိညာဏ်ကို ပယ်ကြကုန်လော့၊ ထိုစက္ခုဝိညာဏ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ စက္ခုသမ္ဖဿသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုစက္ခုသမ္ဖဿကို ပယ်ကြကုန်လော့၊ ထိုစက္ခုသမ္ဖဿကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်ကြကုန်လော့၊ ထိုဝေဒနာကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်ကြကုန်လော့၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော တရားကို ပယ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဥဒကသုတ်

၁၀၃။ ရဟန်းတို့ ရာမ၏သား ဥဒကသည် “ငါသည် ပညာရှိ အစစ်တည်း၊အလုံးစုံသော ဝဋ်ဆင်းရဲကို စင်စစ် အောင်ပြီးသူတည်း၊ မတူးအပ်သေးသော ဆင်းရဲအမြစ်ကို စင်စစ်တူးပြီးသူတည်း”ဟု ဤသို့သော စကားကို ပြောဆို၏။ ရဟန်းတို့ ရာမ၏သား ဥဒကသည် ပညာရှိ မဟုတ်သူသာ ဖြစ်လျက် ငါပညာရှိဟု ပြောဆို၏၊ အလုံးစုံသော ဝဋ်ဆင်းရဲကို မအောင်သူသာဖြစ်လျက် အောင်ပြီးသူဟု ပြောဆို၏၊ ဆင်းရဲအမြစ်ကို မတူးအပ်သေးပဲလျက် ငါသည် ဆင်းရဲအမြစ်ကို တူးပြီးသူဟု ပြောဆို၏။ ရဟန်းတို့ စင်စစ်သော်ကား ဤသာသနာတော်၌ရှိသော ရဟန်းက သာလျှင် “ငါသည် ပညာရှိအစစ်တည်း၊ အလုံးစုံသော ဝဋ်ဆင်းရဲကို စင်စစ်အောင်ပြီးသူတည်း၊ မတူးအပ်သေးသော ဆင်းရဲအမြစ်ကို စင်စစ် တူးပြီးသူတည်း”ဟူသော ထိုစကားကို ပြောဆိုလိုသော် ကောင်းစွာ ပြောဆိုနိုင်ရာ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပညာရှိဖြစ်သနည်း၊ ရဟန်းတို့ ရဟန်းသည် တွေ့ထိမှုတည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုလည်းကောင်း ချုပ်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ပညာရှိဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် အလုံးစုံသောဝဋ်ဆင်းရဲကို အောင်ပြီးသူဖြစ်သနည်း၊ ရဟန်းတို့ ရဟန်းသည် တွေ့ထိမှုတည်ရာခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုလည်းကောင်း ချုပ်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိသောကြောင့် အဘယ်အရာကိုမျှ မစွဲလမ်းတော့ပဲ ကိလေသာမှ လွတ်မြောက်၏။ ရဟန်းတို့ ဤသို့လျှင် အလုံးစုံသောဝဋ်ဆင်းရဲကို အောင်ပြီး သူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မတူးအပ်သေးသော ဆင်းရဲအမြစ်ကို တူးပြီးသူဖြစ်သနည်း၊ ရဟန်းတို့ ဝဋ္ဋဆင်းရဲဟူသော ဤအမည်ကား မဟာဘုတ် လေးပါးကိုမှီ၍ဖြစ်သော မိဖတို့ သုက်သွေးကို မှီ၍ဖြစ်သော ထမင်း မုယော မုံ့တို့ကြောင့် ကြီးပွါးရသော မမြဲခြင်း လိမ်းကျံရခြင်း ဆုပ်နယ်ရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိသော ဤခန္ဓာကိုယ်၏ အမည်တည်း။ ရဟန်းတို့ ဆင်းရဲအမြစ် ဟူသော ဤအမည်ကား တပ်မက်မှု 'တဏှာ'၏ အမည်တည်း။ ရဟန်းတို့ ရဟန်းအား တပ်မက်မှု 'တဏှာ'ကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် မဖြစ်ပေါ်အောင် ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိတော့ချေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မတူးအပ်သေးသော ဆင်းရဲအမြစ်ကို တူးပြီးသူဖြစ်၏။

ရဟန်းတို့ ရာမ၏သား ဥဒကသည် "ငါသည် ပညာရှိအစစ်တည်း၊ အလုံးစုံသော ဝဋ္ဋဆင်းရဲကို အောင်ပြီးသူတည်း၊ မတူးအပ်သေးသော ဆင်းရဲအမြစ်ကို စင်စစ်တူးပြီးသူဘည်း"ဟု ဤသို့သော စကားကို ပြောဆို၏။ ရဟန်းတို့ ရာမ၏သား ဥဒကသည် ပညာရှိမဟုတ်သူသာ ဖြစ်လျက် ငါပညာရှိဟု ပြောဆို၏၊ အလုံးစုံသောဝဋ္ဋဆင်းရဲကို အောင်ပြီးသူ မဟုတ်ပါပဲလျက် အောင်ပြီ သူဟု ပြောဆို၏၊ ဆင်းရဲအမြစ်ကို စင်စစ်မတူးအပ်သေးပါပဲလျက် ငါသည် ဆင်းရဲအမြစ်ကို စင်စစ် တူးပြီးသူဟု ပြောဆို၏။ ရဟန်းတို့ စင်စစ်သော်ကား ဤသာသနာတော်၌ရှိသော ရဟန်းကသာလျှင် "ငါသည် ပညာရှိအစစ်ဘည်း၊ အလုံးစုံသောဝဋ္ဋဆင်းရဲကို အောင်ပြီးသူတည်း၊ မတူးအပ်သေးသော ဆင်းရဲအမြစ်ကို စင်စစ်တူးပြီးသူတည်းဟူသော ထိုစကားကို ပြောဆိုလိုသော် ကောင်းစွာ ပြောဆိုနိုင်ရာ၏ဟု (မိန့်တော်မူ၏)။

ဒသမ သုတ်။

ငါးခုမြောက် သဠဝဂ် ပြီး၏။

## (၁၁) ၁-ယောဂက္ခေမိဝဂ် ၁-ယောဂက္ခေမိသုတ်

၁၀၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ယောဂကို ကုန်စေသောသူ၏ အကြောင်းဖြစ်သော တရားကို သင်တို့အား ဟောပြအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ယောဂကို ကုန်စေနိုင်သူ၏ အကြောင်းဖြစ်သော တရားဟူသည် အဘယ်နည်း။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းတို့ကို မြတ်စွာဘုရားသည် ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ နောင်တဖန်မဖြစ်အောင် ပြုအပ်ကုန်ပြီ၊ နောင်အခါဖြစ်ခြင်း သဘောမရှိကုန်၊ ထိုအဆင်းတို့ကို ပယ်ခြင်းငှါ အားထုတ်မှုကို ဟောကြားတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရားကို ယောဂကုန်ပြီးသူဟု ဆိုအပ်၏။ ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားတို့ကို မြတ်စွာ

ဘုရားသည် ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ နောင်တဖန် မဖြစ်အောင် ပြုအပ်ကုန်ပြီ၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိကုန်၊ ထိုသဘောတရားတို့ကို ပယ်ခြင်းငှါ အားထုတ်မှုကို ဟောကြားတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားကို ယောဂကုန်ပြီးသူ ဟု ဆိုအပ်၏။ ရဟန်းတို့ ဤသည်လျှင် ယောဂကို ကုန်စေနိုင်သူ၏ အကြောင်းဖြစ်သော တရားတည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဥပါဒါယသုတ်

၁၀၇။ ရဟန်းတို့ အဘယ်တရားရှိလျှင် အဘယ်တရားကို စွဲလမ်း၍ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်ပေါ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အမွန်အစရှိပါကုန်၏။ ရဟန်းတို့ မျက်စိရှိလျှင် မျက်စိကို စွဲလမ်း၍ ကိုယ်တွင်းသန္တာန်၌ ချမ်းသာ ဆင်းရဲ ဖြစ်ပေါ်လာ၏။ပ။ စိတ်ရှိလျှင် စိတ်ကို စွဲလမ်း၍ ကိုယ်တွင်းသန္တာန်၌ ချမ်းသာ ဆင်းရဲဖြစ်ပေါ်လာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကုန်သနည်း၊ မျက်စိသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို မစွဲလမ်းလျှင် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ပ။ လျှာသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောလျှာသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော လျှာကို မစွဲလမ်းလျှင် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ပ။ စိတ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော စိတ်သည် ချမ်းသာလော၊ ဆင်းရဲလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော စိတ်ကို မစွဲလမ်းလျှင် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်ပေါ်နိုင်ရာသလော။ မဖြစ်ပေါ်နိုင်ရာပါ အသျှင်ဘုရား။ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ပ။စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့်(ကိလေသာမှ)လွတ်မြောက်၏၊(ကိလေသာမှ)လွတ်မြောက်သော်(ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ" ဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒုက္ခသမုဒယသုတ်

၁၀၈။ ရဟန်းတို့ ဆင်းရဲ၏ဖြစ်ခြင်းကိုငှါ ချုပ်ခြင်းကိုငှါ ဟောပြပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဆင်းရဲ၏ဖြစ်ခြင်းကား အဘယ်နည်း၊ မျက်စိကိုငှါ အဆင်းတို့ကိုငှါ စွဲ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။ (မျက်စိ အဆင်း စက္ခုဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံ

မှုသည် တွေ့ထိမှု'ဖဿ'ဖြစ်၏၊ တွေ့ထိမှု'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု'ဝေဒနာ' ဖြစ်၏၊ ခံစားမှု'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပေါ်လာ၏၊ ဤတပ်မက်မှု 'တဏှာ'သည် ဆင်းရဲ၏ဖြစ်ကြောင်းတည်း။ပ။ လျှာကိုရင်း အရသာတို့ကိုရင်း စွဲ၍ ဇိဝှါဝိညာဏ် ဖြစ်ပေါ်လာ၏၊ (လျှာ ရသာရုံ ဇိဝှါဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု'ဖဿ'ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပေါ်လာ၏၊ တပ်မက်မှု 'တဏှာ' သည် ဆင်းရဲ၏ ဖြစ်ကြောင်းပေတည်း။ပ။စိတ်ကိုရင်း သဘောတရားတို့ကိုရင်း စွဲ၍ မနောဝိညာဏ် ဖြစ်ပေါ်လာ၏၊ (စိတ် သဘောတရား မနောဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု'ဖဿ'ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်၏၊ ခံစားမှု'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပေါ်လာ၏။ ရဟန်းတို့ ဤတပ်မက်မှု 'တဏှာ' သည် ဆင်းရဲ၏ ဖြစ်ကြောင်းပေတည်း။

ရဟန်းတို့ ဆင်းရဲ၏ ချုပ်ခြင်းကား အဘယ်နည်း၊ မျက်စိကိုရင်း အဆင်းတို့ကိုရင်း စွဲ၍စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏၊ (မျက်စိ အဆင်း စက္ခုဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ'ဖြစ်၏၊တွေ့ထိမှု'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်၏၊ခံစားမှု'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပေါ်လာ၏၊ ထိုတပ်မက်မှု'တဏှာ'၏သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းမှု'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်ခြင်းကြောင့် အိုမှု'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ ချုပ်မှုသည်ဖြစ်၏။ ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ခြင်းတည်း။ပ။ လျှာကိုရင်း အရသာတို့ကိုရင်း စွဲ၍ ဇိဝှါဝိညာဏ်ဖြစ်ပေါ်လာ၏။ပ။ စိတ်ကိုရင်း သဘောတရားတို့ကိုရင်း စွဲ၍ မနောဝိညာဏ်ဖြစ်ပေါ်လာ၏၊ (စိတ် သဘောတရား မနောဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု'ဖဿ'ဖြစ်၏၊ တွေ့ထိမှု'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်၏၊ ခံစားမှု'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပေါ်လာ၏၊ ထိုတပ်မက်မှု 'တဏှာ'၏ သာလျှင် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏။ စွဲလမ်းမှု ဥပါဒါန်' ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်ခြင်းကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ ချုပ်ခြင်းဖြစ်၏။ ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ချုပ်ခြင်းတည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-လောကသမုဒယသုတ်

၁၀၇။ ရဟန်းတို့ လောက၏ ဖြစ်ပေါ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟောပြပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ လောက၏ဖြစ်ပေါ်ကြောင်းကား အဘယ်နည်း၊ မျက်စိ

ကိုရင်း အဆင်းတို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏၊ (မျက်စိ အဆင်း စက္ခုဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ဟူသော အကြောင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဘဝဖြစ်၏၊ ဘဝဟူသောအကြောင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ' တို့ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ဤသည်ကား လောက၏ဖြစ်ပေါ်ခြင်းတည်း။ပ။

လျှာကိုရင်း အရသာတို့ကိုရင်း စွဲ၍ ဇိဝှါဝိညာဏ်ဖြစ်ပေါ်လာ၏။ပ။စိတ်ကိုရင်း သဘောတရားတို့ကိုရင်း စွဲ၍ မနောဝိညာဏ်ဖြစ်ပေါ်လာ၏၊ (စိတ် သဘောတရား မနောဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ဟူသောအကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ဟူသော အကြောင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ဟူသောအကြောင်းကြောင့် ဘဝ ဖြစ်၏၊ ဘဝ ဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းမှု 'ဥပါယာသ' တို့ ဖြစ်ပေါ်လာကုန်၏။ ရဟန်းတို့ ဤသည်ကား လောက၏ ဖြစ်ပေါ်ခြင်းတည်း။

ရဟန်းတို့ လောက၏ချုပ်ခြင်းဟူသည် အဘယ်နည်း၊ မျက်စိကိုရင်း အဆင်းတို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏၊ (မျက်စိ အဆင်း စက္ခုဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏၊ တပ်မက်မှု 'တဏှာ'၏ သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်ခြင်းကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ' တို့ ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ ချုပ်မှုသည် ဖြစ်၏။ ရဟန်းတို့ ဤသည်ကား လောက၏ ချုပ်ခြင်းတည်း။ပ။ လျှာကိုရင်း အရသာတို့ကိုရင်း စွဲ၍ ဇိဝှါဝိညာဏ်ဖြစ်ပေါ်လာ၏။ပ။ စိတ်ကိုရင်း သဘောတရားတို့ကိုရင်းစွဲ၍ မနောဝိညာဏ် ဖြစ်ပေါ်လာ၏၊ (စိတ် သဘောတရား မနောဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပေါ်လာ၏၊ ထိုတပ်မက်မှု 'တဏှာ'၏ သာလျှင် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ချုပ်ခြင်းကြောင့်။ပ။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ချုပ်မှု ဖြစ်၏။ ရဟန်းတို့ ဤသည်ကား လောက၏ ချုပ်ခြင်းတည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သေယျောဟမသ္မိသုတ်

၁၀၇။ ရဟန်းတို့ အဘယ်တရားရှိနေလျှင် အဘယ်တရားကို စွဲလမ်း၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ ငါမြင့်မြတ်သူဟူ၍ရင်း ငါတန်းတူသူဟူ၍ရင်း ငါယုတ်ညံ့သူဟူ၍ရင်း ဖြစ်သနည်း။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာလျှင် အမြစ်အစ ရှိပါကုန်၏။ ရဟန်းတို့ မျက်စိရှိလျှင် မျက်စိကို အကြောင်းပြု၍ မျက်စိကို အမှားနှလုံးသွင်း၍ ငါမြင့်မြတ်သူဟူ၍ရင်း ငါတန်းတူသူဟူ၍ရင်း ငါယုတ်ညံ့သူဟူ၍ရင်း ဖြစ်၏။ပ။လျှာရှိလျှင်။ပ။စိတ်ရှိလျှင် စိတ်ကို အကြောင်းပြု၍ စိတ်ကို အမှားနှလုံးသွင်း၍ ငါမြင့်မြတ်သူဟူ၍ရင်း ငါတန်းတူသူဟူ၍ရင်း ငါယုတ်ညံ့သူဟူ၍ရင်း ဖြစ်၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲသလော၊ ချမ်းသာသလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော မျက်စိကို မစွဲလမ်းခဲ့လျှင် ငါမြင့်မြတ်သူဟူ၍ရင်း ငါတန်းတူသူဟူ၍ရင်း ငါယုတ်ညံ့သူဟူ၍ရင်း ဖြစ်ရာသလော။ မဖြစ်ရာပါ အသျှင်ဘုရား။ပ။ လျှာသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ စိတ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော စိတ်သည် ဆင်းရဲသလော၊ ချမ်းသာသလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော စိတ်ကို မစွဲလမ်းခဲ့လျှင် ငါမြင့်မြတ်သူဟူ၍ရင်း ငါတန်းတူသူဟူ၍ရင်း ငါယုတ်ညံ့သူဟူ၍ရင်း ဖြစ်ရာသလော။ မဖြစ်ရာပါ အသျှင်ဘုရား။

ရဟန်းတို့ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ပ။စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီ ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၆-သံယောဇနိယသုတ်

၁၀၈။ ရဟန်းတို့ နှောင်ဖွဲ့ကြောင်းတရားတို့ကိုရင်း အနှောင်အဖွဲ့ 'သံယောဇဉ်'တရားကိုရင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ နှောင်ဖွဲ့ကြောင်း တရားတို့ဟူသည် အဘယ်တို့နည်း၊ အနှောင်အဖွဲ့တရားကား အဘယ်နည်း၊ ရဟန်းတို့ မျက်စိသည် နှောင်ဖွဲ့ကြောင်းတရားတည်း၊ ထိုမျက်စိ၌ လိုချင်စွဲမက်မှုသည် ထိုမျက်စိ၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ပ။ လျှာသည် နှောင်ဖွဲ့ကြောင်းတရားတည်း။ပ။ စိတ်သည် နှောင်ဖွဲ့ကြောင်းတရားတည်း၊ ထိုစိတ်၌ လိုချင်စွဲမက်မှုသည် ထိုစိတ်၌ အနှောင်အဖွဲ့ 'သံယောဇဉ်'မည်၏။ ရဟန်းတို့ ဤတရားတို့ကို နှောင်ဖွဲ့ကြောင်းတရားတို့ဟူ၍ ဤတရားကို အနှောင်အဖွဲ့ 'သံယောဇဉ်' တရားဟူ၍ ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဥပါဒါနိယသုတ်

၁၁၀။ ရဟန်းတို့ စွဲလမ်းကြောင်းတရားတို့ကိုင်း စွဲလမ်းမှု ဥပါဒါန် တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ စွဲလမ်းကြောင်းတရားတို့ကား အဘယ်တို့နည်း၊ စွဲလမ်းမှုတရားကား အဘယ်နည်း၊ ရဟန်းတို့ မျက်စိသည် စွဲလမ်းကြောင်းတရားတည်း၊ ထို မျက်စိ၌ လိုချင်စွဲမက်မှုသည် ထိုမျက်စိ၌ စွဲလမ်းမှု တရားမည်၏။ပ။ လျှာသည် စွဲလမ်းကြောင်း တရားတည်း ပ။ စိတ်သည် စွဲလမ်းကြောင်းတရားတည်း၊ ထိုစိတ်၌ လိုချင်စွဲမက်မှုသည် ထိုစိတ်၌ စွဲလမ်းမှုတရားမည်၏။ ရဟန်းတို့ ဤတရားတို့ကို စွဲလမ်းကြောင်းတရားတို့ဟူ၍ ဤတရားကို စွဲလမ်းမှု တရားဟူ၍ ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အဇ္ဈတ္တိကာယတနပရိဇာနနသုတ်

၁၁၁။ ရဟန်းတို့ မျက်စိကို အထူးမသိလျှင် ပိုင်းခြား၍ မသိလျှင် မခွါနိုင်လျှင် မပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ပ။ နားကို။ နှာခေါင်းကို။ လျှာကို။ ကိုယ်ကို။ စိတ်ကို အထူးမသိလျှင် ပိုင်းခြား၍ မသိလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ရဟန်းတို့ မျက်စိကို အထူးသိလျှင် ပိုင်းခြား၍ သိလျှင် ခွါနိုင်လျှင် ပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ပ။ လျှာကို။ကိုယ်ကို။ စိတ်ကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဗာဟိရာယတနပရိဇာနနသုတ်

၁၁၂။ ရဟန်းတို့ အဆင်းတို့ကို အထူးမသိလျှင် ပိုင်းခြား၍ မသိလျှင် မခွါနိုင်လျှင် မပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ အသံတို့ကို။ အနံ့တို့ကို။ အရသာတို့ကို။ အတွေ့အထိတို့ကို။ သဘောတရားတို့ကို အထူးမသိလျှင် ပိုင်းခြား၍ မသိလျှင် မခွါနိုင်လျှင် မပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်။ ရဟန်းတို့ အဆင်းတို့ကို အထူးသိလျှင် ပိုင်းခြား၍ သိလျှင် ခွါနိုင်လျှင် ပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏။ အသံတို့ကို။ အနံ့တို့ကို။ အရသာတို့ကို။ အတွေ့အထိတို့ကို။ သဘောတရားတို့ကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်စွန့်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဥပဿုတိသုတ်

၁၁၃။ အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာသို့ ကပ်၍ တပါးတည်း ကိန်းအောင်းတော်

မူလျက် ဤတရားကို ရွတ်ဆိုတော်မူ၏—"မျက်စိကိုင်း အဆင်းတို့ကိုင်း စွဲ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏။ (မျက်စိ အဆင်း စက္ခုဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ဟူသောအကြောင်းကြောင့် တပ်မက်မှု'တဏှာ'ဖြစ်၏၊ တပ်မက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းမှု 'ဉပါဒါန်' ဖြစ်၏၊ စွဲလမ်းမှု 'ဉပါဒါန်'ဟူသော အကြောင်းကြောင့် ဘဝ ဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုမှု'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ'စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းမှု 'ဉပါယာသ'တို့ ဖြစ်ပေါ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုသည် ဖြစ်ပေါ်၏။ လျှာကိုင်း အရသာတို့ကိုင်း။ပ။ စိတ်ကိုင်း သဘောတရားတို့ကိုင်း စွဲ၍ မနောဝိညာဏ်ဖြစ်ပေါ်လာ၏။ (စိတ် သဘောတရား မနောဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု 'ဖဿ'ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ဟူသော သော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ခံစားမှု'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ'ဖြစ်၏၊ တပ်မက်မှု'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းမှု 'ဉပါဒါန်' ဖြစ်၏၊ စွဲလမ်းမှု 'ဉပါဒါန်' ဟူသော အကြောင်းကြောင့် ဘဝဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုမှု 'ဇရာ' သေမှု'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဉပါယာသ'တို့ ဖြစ်ပေါ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲ အစုသည် ဖြစ်ပေါ်၏။

မျက်စိကိုင်း အဆင်းတို့ကိုင်း စွဲ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏၊ (မျက်စိ အဆင်း စက္ခုဝိညာဏ်) သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု'ဖဿ'ဖြစ်၏၊တွေ့ထိမှု'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ'ဖြစ်၏၊ ထိုတပ်မက်မှု 'တဏှာ'၏သာလျှင် အကြွင်းမဲ့ချုပ်ခြင်း ကြောင့် စွဲလမ်းမှု 'ဉပါဒါန်' ချုပ်၏၊ စွဲလမ်းမှု'ဉပါဒါန်'ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ချုပ်၏၊ ပဋိသန္ဓေနေမှု'ဇာတိ'ချုပ်ခြင်းကြောင့် အိုမှု'ဇရာ'သေမှု'မရဏ'စိုးရိမ်မှု'သောက' ငိုကြွေးမှု'ပရိဒေဝ' ကိုယ်ဆင်းရဲမှု'ဒုက္ခ' စိတ်ဆင်းရဲမှု'ဒေါမနဿ' ပြင်းစွာ ပင်ပန်းမှု'ဉပါယာသ'တို့ ချုပ်ကုန်၏၊ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏။ပ။လျှာကိုင်း အရသာတို့ကိုင်း စွဲ၍။ပ။ စိတ်ကိုင်း သဘောတရားတို့ကိုင်း စွဲ၍ မနောဝိညာဏ်ဖြစ်ပေါ်လာ၏၊ (စိတ် သဘောတရား မနောဝိညာဏ်)သုံးမျိုးတို့၏ ပေါင်းဆုံမှုသည် တွေ့ထိမှု'ဖဿ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်၏၊ ခံစားမှု'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ'ဖြစ်၏၊ တပ်မက်မှု 'တဏှာ'၏ သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဉပါဒါန်'ချုပ်၏၊ စွဲလမ်းမှု'ဉပါဒါန်' ချုပ်ခြင်းကြောင့်။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏"ဟု ရွတ်ဆို၏။

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရား၏ အသံတော်ကို ကြားနိုင်လောက်ရာ၌ ရပ်လျက် ရှိ၏။ မြတ်စွာဘုရားသည် အသံကြားလောက်ရာ၌ ရပ်နေသော ထိုရဟန်းကို မြင်တော်မူ၍ ထိုရဟန်းအား "ရဟန်း သင်သည် ဤတရားဒေသနာကို ကြားလိုက်ရ၏လော"ဟု(မိန့်တော်မူ၏)၊ ကြားလိုက်ရပါ၏ အသျှင်ဘုရား။ ရဟန်း သင်သည် ဤတရားဒေသနာကို သင်ယူလေလော၊

ရဟန်း သင်သည် ဤဘုရားဒေသနာကို အထပ်ထပ်လေ့လာလော့၊ ရဟန်း သင်သည် ဤဘုရား ဒေသနာကို ဆောင်လေလော့၊ ရဟန်း ဤတရားဒေသနာကား အကျိုးစီးပွါးနှင့် စပ်လျက် မြတ်၏၊ အဦးအစဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ယောဂက္ခေမိဝဂ် ပြီး၏။

## (၁၂) ၂-လောကကာမဂုဏဝဂ် ၁-ပဌမ မာရပါသသုတ်

၁၁၄။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ် ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်၏ နေရာအိမ်သို့ ရောက်နေသူ မာရ်၏ အလိုသို့ လိုက်နေသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်း၌)စွပ်ထားသူဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံနေရ၏၊ ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုခံနေရ၏။ ပ။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ ထိုအရသာကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်၏ နေရာအိမ် ို့ ရောက်နေသူ မာရ်၏ အလိုသို့ လိုက်နေရသူ မာရ်၏ကျော့ကွင်းကို(လည်ပင်း၌) စွပ်ထားသူဟု ဆိုအပ်၏။ထိုရဟန်းသည် မာရ်၏အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံနေရ၏၊ ယုတ်မာသော မာရ်၏အလိုရှိတိုင်း အပြုခံနေရ၏။ ပ။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သ ဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန် သော သဘောတရားတို့သည် ရှိကုန်၏။ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်၏ နေရာအိမ်သို့ ရောက်နေသူ မာရ်၏ အလိုသို့လိုက်နေရသူ မာရ်၏ကျော့ကွင်းကို (လည်ပင်း၌)စွပ်ထားသူဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံနေရ၏၊ ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုခံနေရ၏။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ထိုအဆင်းကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး မတည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်၏ နေရာအိမ်သို့ ရောက်မနေသူ မာရ်၏ အလိုသို့ လိုက်မနေရသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်းမှ)ချွတ်ထားပြီးသူ ဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုမခံရတော့ပြီ။ ပ။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်

ကုန်သော အရသာတို့သည် ရှိကုန်၏။ ထိုအရသာကို ရဟန်းသည်အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်၏ နေရာအိမ်သို့ ရောက်မနေသူ မာရ်၏ အလိုသို့လိုက်မနေရသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်းမှ) ချွတ်ထားပြီးသူ ဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ယုတ်မာသောမာရ်၏ အလိုရှိတိုင်း အပြုမခံရတော့ပြီ။ပ။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်၏ နေရာ အိမ်သို့ ရောက်မနေသူ မာရ်၏ အလိုသို့ လိုက်မနေရသူ မာရ်၏ကျော့ကွင်းကို (လည်ပင်းမှ) ချွတ်ထားပြီးသူဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုမခံရတော့ပြီ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ မာရပါသသုတ်

၁၁၅။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ အနှောင်အဖွဲ့ခံရသူ မာရ်၏ နေရာအိမ်သို့ ရောက်နေရသူ မာရ်၏ အလိုသို့ လိုက်နေရသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်း၌) စွပ်ထားသူဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံနေရပြီ၊ ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုခံနေရပြီ။ပ။

ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မနောဝိညာဏ်ဖြင့် သိအပ်ကုန်သောတရားတို့၌ အနှောင်အဖွဲ့ခံရသူ မာရ်၏ နေရာအိမ်သို့ ရောက်နေရသူ မာရ်၏အလိုသို့ လိုက်နေရသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်း၌)စွပ်ထားသူ ဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရပြီ၊ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုခံ နေရပြီ။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ထိုအဆင်းကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့မှ လွတ်မြောက်သူ

မာရ်၏ နေရာအိမ်သို့ ရောက်မနေသူ မာရ်၏ အလိုသို့ လိုက်မနေရသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်းမှ) ချွတ်ထားပြီးသူ ဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ယုတ်မာသော မာရ်၏ အလိုရှိတိုင်း အပြုမခံရတော့ပြီ။ပ။

ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့မှ လွတ်မြောက်သူ မာရ်၏ နေရာအိမ်သို့ ရောက်မနေသူ မာရ်၏ အလိုသို့လိုက်မနေရသူ မာရ်၏ ကျော့ကွင်းကို (လည်ပင်းမှ) ချွတ်ထားပြီးသူဟု ဆိုအပ်၏။ ထိုရဟန်းသည် မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ယုတ်မာသောမာရ်၏ အလိုရှိတိုင်း အပြုမခံရတော့ပြီ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-လောကန္တဂမနသုတ်

၁၁၆။ ရဟန်းတို့ သွားခြင်းဖြင့် လောက၏အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟူ၍ ငါမဆို။ ရဟန်းတို့ လောက၏ အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါ မဆို။ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ဝင်တော်မူ၏၊ ထို့နောက် မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီ ထိုရဟန်းတို့အား— "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ရဟန်းတို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟူ၍ ငါမဆို၊ 'ရဟန်းတို့ လောက၏ အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆို'ဟု ဤအကျဉ်းအားဖြင့် ညွှန်ပြချက်ကို ငါတို့အား ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူခဲ့၏၊ မြတ်စွာဘုရားသည် အကျယ်အားဖြင့် အနက်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အဘယ်သူ ဝေဖန်နိုင်ရာ သနည်း"ဟု အကြံဖြစ်၏။ ထို့နောက် ထိုရဟန်းတို့အား "ဤအသျှင်အာနန္ဒာကား မြတ်စွာဘုရားသည်လည်း ချီးမွမ်းအပ်၏၊ ပညာရှိ သီတင်းသုံးဖော်တို့သည်လည်း မြှောက်စားအပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါလည်း စွမ်းနိုင်၏ ငါတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်အာနန္ဒာနှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးနောက် တခုသော နေရာ၌ ထိုင်ကြပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို ဆိုကြကုန်၏၊ ငါ့သျှင်အာနန္ဒာ ငါတို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏

ဟူ၍ ငါမဆို၊ ရဟန်းတို့ လောက၏ အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆို”ဟု ဤအကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ် ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူခဲ့ပါ၏။ ငါ့သျှင်အာနန္ဒာ မြတ်စွာဘုရားကြွသွား၍ မကြာမြင့်မီ ငါတို့အား ဤသို့ အကြံဖြစ်ပါ၏ “မြတ်စွာဘုရားသည် ရဟန်းတို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟူ၍ ငါမဆို ရဟန်းတို့ လောက၏ အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆို” ဟု ဤအကျဉ်း အားဖြင့် ညွှန်ပြချက်ကို ငါတို့အား ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူခဲ့ပါ၏။ “မြတ်စွာဘုရားသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤ ညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အဘယ်သူ ဝေဖန်နိုင်ရာသနည်း”ဟု အကြံဖြစ်ပါ၏၊ ငါ့သျှင်တို့ ငါတို့အား ဤသို့ အကြံဖြစ်ပေါ်ခဲ့ပြန်ပါ၏ “ငါ့သျှင်တို့ ဤအသျှင်အာနန္ဒာကား မြတ်စွာဘုရား သည်လည်း ချီးမွမ်းအပ်၏၊ ပညာရှိ သီတင်းသုံးဖော်တို့လည်း မြှောက်စားအပ်၏၊ အသျှင် အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် ညွှန်ပြအပ်သော အနက်အဓိပ္ပါယ်ကို မဝေဖန် အပ်သေးသော အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ် အားဖြင့် ဝေဖန်ခြင်းငှါလည်း စွမ်းနိုင်ပါ၏၊ ငါတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင် အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြရမူ ကောင်းလေစွ”ဟု အကြံဖြစ်ပေါ်ခဲ့ပါ၏။ အသျှင် အာနန္ဒာသည် ဝေဖန်ဟောကြားတော်မူပါဟု ဆိုကြကုန်၏။

ငါ့သျှင်တို့ ယောကျ်ားသည် အနှစ်ကို အလိုရှိသည်ဖြစ်၍ အနှစ်ကို ရှာလေ့ရှိသည်ဖြစ်၍ အနှစ်ရှာရန် သွားသည်ရှိသော် အနှစ်ရှိသည်ဖြစ်၍ တည်နေသော သစ်ပင်ကြီး၏ အမြစ်ကို ကျော်လွန်၍သာလျှင် ပင်စည်ကို ကျော်လွန်၍သာလျှင် အခက်အရွက်၌ အနှစ်ကို ရှာသင့်၏ဟု ထင်သကဲ့သို့ ဤအတူ မြတ်စွာဘုရားသည် အသျှင်တို့၏ မျက်မှောက်၌ ရှိသည်ဖြစ်ပါလျက် ထိုမြတ်စွာဘုရားကို ကျော်လွန်၍ အကျွန်ုပ်တို့အား ဤအနက်အဓိပ္ပါယ်ကို မေးသင့်သည်ဟု မှတ်ထင်ကြကုန်ဘိ၏။ ငါ့သျှင်တို့ ထိုမြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့် သည်ကို မြင်တော်မူ၏၊ မျက်လုံးသဖွယ်ဖြစ်တော်မူ၏၊ ဉာဏ်တုံး ဉာဏ်ခဲဖြစ်တော်မူ၏၊ တရားတုံး တရားခဲ ဖြစ်တော်မူ၏၊ ဗြဟ္မာဖြစ်တော်မူ၏၊ ဟောပြတော်မူတတ်၏၊ တရားကို ဖြစ်စေတော် မူတတ်၏၊ အကျိုးစီးပွါးကို ထုတ်ဆောင်တော်မူတတ်၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ် ၏၊ တရားရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူ၏၊ ယခုအခါသည်ကား မြတ်စွာဘုရားအားသာလျှင် ဤအနက်အဓိပ္ပါယ်ကို မေးမြန်းကြရန် အခါဖြစ်ခဲ့၏၊ မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း သင်တို့ မှတ်ကြကုန်လော့ဟု ဤစကားကို ဆို၏။

ငါ့သျှင်အာနန္ဒာ မြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူပါ၏၊ မြင်သင့်သည်ကို မြင် တော်မူပါ၏၊ မျက်လုံးသဖွယ်ဖြစ်တော်မူပါ၏၊ ဉာဏ်တုံးဉာဏ်ခဲဖြစ်တော်မူပါ၏၊ တရားတုံး တရားခဲ ဖြစ်တော်မူပါ၏၊ ဗြဟ္မာဖြစ်တော်မူပါ၏၊ ဟောပြတော်မူတတ်ပါ၏၊ တရားကို ဖြစ်စေတော်မူတတ် ပါ၏၊ အကျိုးစီးပွါးကို ထုတ်ဆောင်တော်မူတတ်ပါ၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်ပါ၏၊ တရားရှင်ဖြစ်တော်မူပါပေ၏၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူပါ၏၊ယခုအခါသည်ကား မြတ်စွာဘုရားအားသာလျှင် ဤအနက်အဓိပ္ပါယ်ကို မေးမြန်းကြရန် အခါဖြစ်ခဲ့ပါ၏၊ မြတ်စွာ ဘုရား ဖြေကြားတော်မူသည့်အတိုင်း ငါတို့ မှတ်ကြပါကုန်အံ့။ သို့သော်လည်း အသျှင်အာနန္ဒာ

ကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်ပါ၏၊ ပညာရှိသီတင်းသုံးဖော်တို့သည်လည်း မြှောက်စားအပ်ပါ၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်အပ်သေးသော အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခြင်ငှါလည်း စွမ်းနိုင်ပါ၏၊ အသျှင်အာနန္ဒာသည် ဝန်မလေးမူ၍ ဝေဖန်ဟောကြားတော်မူပါလော့ဟု ပြောဆိုကုန်၏။ သို့ဖြစ်လျှင် ငါ့သျှင်တို့ နားထောင်ကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကြကုန်လော့၊ ဟောပြအံ့ဟု မိန့်ဆို၏။ "ငါ့သျှင်အာနန္ဒာ ကောင်း ါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ကြကုန်၏။ အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—

ငါ့ ျှင်တို့ သင်တို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ သွားခြင်းဖြင့် လောက၏အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟူ၍ ငါမဆို။ ရဟန်းတို့ လောက၏ အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆို"ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီး၍ အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှ ထကာ ကျောင်းတော်သို့ ဝင်တော်မူခဲ့၏၊ ငါ့သျှင်တို့ မြတ်စွာဘုရားသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်အပ်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် သိပါ၏—"ငါ့သျှင်တို့ သတ္တလောက၌ အကြင်အရာကြောင့် လောကဟု အမှတ်ရှိ၏၊ လောကဟု အထင်ရှိ၏၊ ဤအရာကို မြတ်စွာဘုရား၏ အဆုံးအမ၌ လောကဟု ဆိုအပ်၏။ ငါ့သျှင်တို့ သတ္တလောက၌ အဘယ်အရာကြောင့် လောကဟု အမှတ်ရှိသနည်း၊ လောကဟု အထင်ရှိသနည်း။ ငါ့သျှင်တို့ သတ္တလောက၌ မျက်စိကြောင့် လောကဟု အမှတ်ရှိ၏ဟု အထင်ရှိ၏။ ငါ့သျှင်တို့ နားကြောင့်။ ငါ့သျှင်တို့ နှာခေါင်းကြောင့်။ ငါ့သျှင်တို့ လျှာကြောင့် ငါ့သျှင်တို့ ကိုယ်ကြောင့်။ ငါ့သျှင်တို့ သတ္တလောက၌ စိတ်ကြောင့် လောကဟု အမှတ်ရှိ၏၊ လောကဟု အထင်ရှိ၏။ ငါ့သျှင်တို့ လောက၌ အကြင်အရာကြောင့် လောကဟု အမှတ်ရှိ၏၊ လောကဟု အထင်ရှိ၏၊ ဤအရာကို မြတ်စွာဘုရား၏ အဆုံးအမ၌ လောကဟု ဆိုအပ်၏။ ငါ့သျှင်တို့ သင်တို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟု ငါမဆို၊ ရဟန်းတို့ လောက၏ အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆို"ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှ ထကာ ကျောင်းတော်သို့ ဝင်ခဲ့၏။ ငါ့သျှင်တို့ မြတ်စွာဘုရားသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်အပ်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် သိရပါ၏၊ အသျှင်တို့သည် အလိုရှိကြပါမူ မြတ်စွာဘုရားသို့သာ ချဉ်းကပ်ကြပြီးလျှင် ဤအနက်အဓိပ္ပါယ်ကို မေးလျှောက်ကြပါကုန်။ သင်တို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်အဓိပ္ပါယ်ကို မှတ်သားကြပါကုန်ဟု မိန့်ဆို၏။

"ငါ့သျှင်အာနန္ဒာ ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာ၏ စကားကို ဝန်ခံကြပြီးလျှင် နေရာမှ ထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးနောက် မြတ်စွာဘုရားကို ရှိခိုးကြကုန်၍ တခုသော နေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားကြကုန်၏— "အသျှင်ဘုရား မြတ်စွာဘုရားသည် တပည့်တော်တို့အား 'ရဟန်းတို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟု ငါမဆို၊ ရဟန်းတို့ လောက၏

အဆုံးသို့ မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆို’ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှ ထကာ ကျောင်းတော်သို့ ဝင်ခဲ့ပါ၏။ အသျှင်ဘုရား တပည့်တော်တို့အား မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီ ဤသို့ အကြံဖြစ်ပါ၏၊ ‘ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် ရဟန်းတို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ ရောက်အပ်၏ဟု ငါမဆို၊ ရဟန်းတို့ လောက၏ အဆုံးကို မရောက်ပဲလည်း ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုအပ်၏ဟု ငါမဆိုဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှ ထကာ ကျောင်းတော်သို့ ဝင်တော်မူခဲ့ပါ၏၊ မြတ်စွာဘုရားသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အဘယ်သူ ဝေဖန်နိုင်ရာသနည်း’ဟု အကြံဖြစ်ပေါ်ခဲ့ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်တို့အား ဤသို့ အကြံဖြစ်ပြန်ပါ၏၊ ‘ဤအသျှင်အာနန္ဒာကို မြတ်စွာဘုရားလည်း ချီးမွမ်းအပ်ပါ၏၊ ပညာရှိသီတင်းသုံးဖော်တို့လည်း မြှောက်စားအပ်ပါ၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤအကျဉ်းဥဒ္ဒေသ၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါလည်း စွမ်းနိုင်ပါ၏၊ ငါတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြရမူ ကောင်းလေစွ’ဟု အကြံဖြစ်ပြန်ပါ၏။ အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးမြန်းကြပါကုန်၏၊ အသျှင်ဘုရား တပည့်တော်တို့အား အသျှင်အာနန္ဒာသည် ဤအကြောင်းအခြင်းအရာတို့ဖြင့် ဤပုဒ်တို့ဖြင့် ဤသဒ္ဒါတို့ဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်ပြအပ်ပါ၏”ဟု ဤစကားကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေ၏၊ ရဟန်းတို့ အာနန္ဒာသည် ပညာကြီးပေ၏။ ရဟန်းတို့ သင်တို့သည် ငါဘုရားကိုလည်း ဤအနက်အဓိပ္ပါယ်ကို မေလျှောက်ခဲ့မူ ငါဘုရားသည်လည်း အာနန္ဒာဖြေဆိုသည့် အတိုင်းသာလျှင် ထိုအနက်အဓိပ္ပါယ်ကို ဖြေဆိုရာ၏။ ဤသည်ပင် ထိုအကျဉ်းညွှန်ပြချက်၏ အနက်အဓိပ္ပါယ်တည်း၊ ဤသို့သာ ထိုအနက်အဓိပ္ပါယ်ကို မှတ်ကြကုန်ရာ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ကာမဂုဏသုတ်

၁၁၇။ ရဟန်းတို့ ဘုရားမဖြစ်မီ သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းဖြစ်စဉ် ငါ့အား ဤသို့အကြံဖြစ်၏“ငါ၏စိတ်ဖြင့် ကောင်းစွာ တွေ့ထိဘူးကုန် လွန်ပြီးကုန် ချုပ်ပြီးကုန် ဖောက်ပြန်ပြီးဖြစ်ကုန်သော အကြင်ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ အကြိမ်များစွာ အတိတ်ကာမဂုဏ်ငါးပါးတို့၌ဗုင်း ပစ္စုပ္ပန်ကာမဂုဏ်ငါးပါးတို့၌ရင်း အကြိမ်အနည်းငယ်သာ အနာဂတ်ကာမဂုဏ်တို့၌ရင်း ငါ၏စိတ်သည် သွားရောက်လိုသော် သွားရောက်ရာ၏”၊ ရဟန်းတို့ ထိုငါ့အား ဤသို့ အကြံဖြစ်၏— “ငါ၏စိတ်ဖြင့် ကောင်းစွာ တွေ့ထိဘူးကုန် လွန်ပြီးကုန် ချုပ်ပြီးကုန် ဖောက်ပြန်ပြီးဖြစ်ကုန်သော အကြင်ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ထိုကာမဂုဏ်တို့၌ ငါသည် ကိုယ်ကျိုး ကိုယ်စီးပွါးကို

လိုလားသော သဘောဖြင့် မမေ့လျော့မှု သတိထားမှုဟူသော စိတ်၏ အစောင့်အရှောက်ကို ပြုအပ်၏”ဟု အကြံဖြစ်၏၊ ရဟန်းတို့ ထို့ကြောင့် သင်တို့အားလည်း စိတ်ဖြင့် တွေ့ထိဘူးကုန် လွန်ပြီးကုန် ချုပ်ပြီးကုန် ဖောက်ပြန်ပြီးဖြစ်ကုန်သော အကြင်ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ အကြိမ်များစွာ ထိုအတိတ်ကာမဂုဏ်တို့၌ရှင်း ပစ္စုပ္ပန်ကာမဂုဏ်တို့၌ရှင်း အကြိမ်အနည်းငယ် အနာဂတ်ကာမဂုဏ်တို့၌ရှင်း သင်တို့၏ စိတ်သည် သွားရောက်လိုသော် သွားရောက်ရာ၏၊ ရဟန်းတို့ ထို့ကြောင့် သင်တို့သည်လည်း စိတ်ဖြင့် တွေ့ထိဘူးကုန် လွန်ပြီးကုန် ချုပ်ပြီးကုန် ဖောက်ပြန်ပြီး ဖြစ်ကုန်သော အကြင်ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ထိုကာမဂုဏ်ငါးပါးတို့၌ သင်တို့သည် ကိုယ်ကျိုး ကိုယ်စီးပွါးကို လိုလားသော သဘောတို့ဖြင့် မမေ့လျော့မှု သတိထားမှုဟူသော စိတ်၏ အစောင့်အရှောက်ကို ပြုရမည်၊ ရဟန်းတို့ ထို့ကြောင့် ထိုအကြောင်းကို သိအပ်၏။ရဟန်းတို့ အကြင် အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထို အကြောင်းကို သိအပ်၏။ပ။အကြင်အကြောင်း၌ လျှာသည်လည်း ချုပ်၏၊ အရသာ၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏ဟု ဤစကားကို မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီ ထိုရဟန်းတို့အား ဤသို့ အကြံဖြစ်၏— “ငါ့ရှင်တို့ ငါတို့အား မြတ်စွာဘုရားသည် ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင် အကြောင်း၌ လျှာသည်လည်း ချုပ်၏၊ အရသာ၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထို အကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏၊ ထိုသို့ ဖြစ်သောကြောင့် ထို အကြောင်းကို သိအပ်၏ဟု ဤအကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အနက် အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူ၏၊ မြတ်စွာဘုရားသည် အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန် ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အဘယ်သူသည် ဝေဖန်နိုင်ရာ အံ့နည်းဟု အကြံဖြစ်၏။ထို့နောက် ထိုရဟန်းတို့အား ဤသို့ အကြံဖြစ်ပြန်၏—ဤအသျှင်အာနန္ဒာ ကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းအပ်၏၊ ပညာရှိ သီတင်းသုံးဖော်တို့သည်လည်း မြှောက်စား အပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင် အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြရမူ ကောင်းလေစွ”ဟု အကြံဖြစ်ပြန်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်အာနန္ဒာနှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးနောက် တခုသောနေရာ၌ ထိုင်နေ ကြပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို ဆိုကုန်၏—

ငါ့သျှင်အာနန္ဒာ ငါတို့အား မြတ်စွာဘုရားသည် ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည် လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု ‘သညာ’သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။

အကြင်အကြောင်း၌ လျှာသည်လည်း ချုပ်၏၊ အရသာ၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏။ သဘောတရား၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏၊ ထိုသို့ ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟု ဤအကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူခဲ့ပါ၏။ ငါ့သျှင် ငါတို့အား မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီ ဤသို့ အကြံဖြစ်၏— "ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။အကြင်အကြောင်း၌ လျှာသည်လည်း ချုပ်၏၊ အရသာ၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊သဘောတရား၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ထိုအကြောင်းကို သိအပ်၏၊ ထိုသို့ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟူ၍ အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီး၍ အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူ၏၊ မြတ်စွာဘုရားသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အဘယ်သူသည် ဝေဖန်နိုင်ရာအံ့နည်း" ဟု အကြံ ဖြစ်ပါ၏။ ငါ့သျှင် အာနန္ဒာ ထိုငါတို့အား ဤသို့ အကြံဖြစ်ပြန်၏— "ငါ့သျှင်တို့ ဤအသျှင်အာနန္ဒာကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းအပ်၏၊ ပညာရှိ သီတင်းသုံးဖော်တို့သည်လည်း မြှောက်စားအပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြရမူ ကောင်းလေစွ ဟု အကြံဖြစ်ပြန်ပါ၏၊ အသျှင်အာနန္ဒာသည် ဝေဖန်ဟောပြတော်မူပါ" ဟု ဤစကားကို ဆိုကြကုန်၏။

ငါ့သျှင်တို့ ယောကျ်ားသည် အနှစ်ကို အလိုရှိသည်ဖြစ်၍ အနှစ်ကို ရှာလေ့ရှိသည်ဖြစ်၍ အနှစ်ရှာရန် သွားသည်ရှိသော် အနှစ်ရှိသည်ဖြစ်၍ တည်သော သစ်ပင်ကြီး၏ အမြစ်ကို ကျော်လွန်၍သာလျှင် ပင်စည်ကို ကျော်လွန်၍သာလျှင် အခက်အရွက်၌ အနှစ်ကို ရှာသင့်၏ဟု ထင်သကဲ့သို့ ဤအတူ။ပ။ အသျှင်အာနန္ဒာသည် ဝန်မလေးမူ၍ ဝေဖန်ဟောပြတော်မူပါလော့ဟု လျှောက်ကုန်၏။ သို့ဖြစ်လျှင် ငါ့သျှင်တို့ နားထောင်ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပြအံ့ဟု (မိန့်ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ကြကုန်၏၊ အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—

"ငါ့သျှင်တို့ သင်တို့အား မြတ်စွာဘုရားသည် ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ ထိုသို့ ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူ၏။ ငါ့သျှင်တို့ မြတ်စွာဘုရား

အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် သိပါ၏။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် တည်ရာအကြောင်း ခြောက်ပါး 'သဠာယတန'တို့ ချုပ်ရာ နိဗ္ဗာန်ကို ရည်ရွယ်တော်မူ၍ ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏၊ ထိုသို့ ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟူသော ဤစကားကို ဟောတော်မူအပ်၏။ ငါ့သျှင်တို့ သင်တို့အား မြတ်စွာဘုရားသည် ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု 'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ ထိုသို့ ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူ၏၊ ငါ့သျှင်တို့ မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ ညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် သိပါ၏၊ အသျှင်တို့သည် အလိုရှိကြပါမူ မြတ်စွာဘုရားထံသို့သာ ချဉ်းကပ်ကြပြီးလျှင် ဤအနက်အဓိပ္ပါယ်ကို မေးလျှောက်ကြပါကုန်၊ သင်တို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်အဓိပ္ပါယ်ကို မှတ်သားကြပါကုန်ဟု အသျှင်အာနန္ဒာသည် မိန့်ဆို၏။

"ငါ့သျှင်အာနန္ဒာ ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည်အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ကြပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏— "အသျှင်ဘုရား မြတ်စွာဘုရားသည် တပည့်တော်တို့အား ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ လျှာသည်လည်း ချုပ်၏၊ အရသာ၌ မှတ်သားမှု 'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု 'သညာ'သည်လည်း ချုပ်၏၊ ထိုအကြောင်းကို သိအပ်၏၊ ထိုသို့ ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူပါ၏။ အသျှင်ဘုရား တပည့်တော်တို့အား မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီ ဤသို့ အကြံဖြစ်ပါ၏ "ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် ရဟန်းတို့ အကြင်အကြောင်း၌ မျက်စိသည်လည်း ချုပ်၏၊ အဆင်း၌ မှတ်သားမှု 'သညာ' သည်လည်း ချုပ်၏၊ထိုအကြောင်းကို သိအပ်၏။ပ။ အကြင်အကြောင်း၌ စိတ်သည်လည်း ချုပ်၏၊ သဘောတရား၌ မှတ်သားမှု 'သညာ'သည်လည်း ချုပ်၏၊ထိုအကြောင်းကို သိအပ်၏၊ ထိုသို့ဖြစ်သောကြောင့် ထိုအကြောင်းကို သိအပ်၏ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူပြီးလျှင် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းတော်သို့ ဝင်တော်မူပါ၏။ မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်ကို

အကျယ်အားဖြင့် အဘယ်သူ ဝေဖန်နိုင်ရာသနည်း”ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်တို့အား ဤသို့အကြံဖြစ်ပါ၏“ဤအသျှင်အာနန္ဒာကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းအပ်၏၊ ပညာရှိ သီတင်းသုံးဖော်တို့သည်လည်း မြှောက်စားအပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော ဤညွှန်ပြချက်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြရမူ ကောင်းလေစွ”ဟု အကြံဖြစ်ပြန်ပါ၏။

အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြကုန်၍ အသျှင်အာနန္ဒာအား ဤအနက်အဓိပ္ပါယ်ကို မေးကြပါကုန်၏၊ အသျှင်ဘုရား ထိုတပည့်တော်တို့အား အသျှင်အာနန္ဒာသည် ဤအခြင်းအရာတို့ဖြင့် ဤပုဒ်တို့ဖြင့် ဤသဒ္ဒါတို့ဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်ပြပါ၏ ဟု ဤစကားကို လျှောက်ကြကုန်၏။ ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေ၏၊ ရဟန်းတို့ အာနန္ဒာသည် ပညာကြီးပေ၏၊ ရဟန်းတို့ သင်တို့သည် ငါဘုရားအား ဤအနက်အဓိပ္ပါယ်ကို မေးကြကုန်မူ ငါဘုရားသည်လည်း အာနန္ဒာဖြေကြားသကဲ့သို့ ထိုအနက်အဓိပ္ပါယ်ကို ဖြေဆိုရာ၏၊ ဤသည်ပင် ညွှန်ပြချက်၏ အနက်အဓိပ္ပါယ်တည်း၊ ထိုအနက်အဓိပ္ပါယ်ကို မှတ်ကြကုန်ရာ၏ ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သက္ကပဉှသုတ်

၁၁၈။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်နေပြီးသော် မြတ်စွာဘုရားအား “အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤလောက၌ အချို့သောသတ္တဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း” ဟု မေးလျှောက်၏။ နတ်တို့အရှင် သိကြားမင်း အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ထိုအဆင်းကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသောဝိညာဏ်သည် ဖြစ်၏၊ နတ်တို့အရှင် သိကြားမင်း စွဲလမ်းမှုရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်။ပ။

နတ်တို့အရှင် သိကြားမင်း ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ နတ်တို့အရှင် သိကြားမင်းအလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ

စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ သဘောတရားကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍ တည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကို မှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် ဖြစ်၏၊ နတ်တို့အရှင် သိကြားမင်း စွဲလမ်းမှုရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်။ နတ်တို့အရှင် သိကြားမင်း ဤလောက၌ အချို့သောသတ္တဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း။

နတ်တို့အရှင် သိကြားမင်း အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ ထိုအဆင်းကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကို မှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်၊ နတ်တို့အရှင် သိကြားမင်း စွဲလမ်းမှုမရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏။ပ။

နတ်တို့အရှင် သိကြားမင်း ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ နတ်တို့အရှင် သိကြားမင်း အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်၊ နတ်တို့အရှင် သိကြားမင်း စွဲလမ်းမှုမရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏။ နတ်တို့အရှင် သိကြားမင်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပဉ္စသိခသုတ်

၁၁၉။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ပဉ္စသိခမည်သော ဂန္ဓဗ္ဗနတ်သားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်နေပြီးသော် မြတ်စွာဘုရားအား—"အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်၏၊ ပဉ္စသိခ စက္ခုဝိညာဏ်ဖြင့်မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ပ။ ပဉ္စသိခ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ထိုသဘောတရားကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍

တည်သူ ထိုရဟန်းအား နှစ်သက်မှုကိုမှီသော နှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် ဖြစ်၏။ ပဉ္စသိခ စွဲလမ်းမှုရှိနေသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်။ ပဉ္စသိခ ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာမှမငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း။

ပဉ္စသိခ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ပ။ ပဉ္စသိခ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ထိုသဘောတရားကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်၊ ပဉ္စသိခ စွဲလမ်းမှုမရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏၊ ပဉ္စသိခ ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သာရိပုတ္တသဒ္ဓိဝိဟာရိကသုတ်

၁၂၀။ အခါတပါး၌ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—"ငါ့သျှင်သာရိပုတြာ (သင်၏) အတူနေ တပည့်ရဟန်းသည် ကျင့်ဝတ် သိက္ခာကို ပယ်စွန့်၍ ယုတ်သော (လူ့) ဘောင်သို့ ပြန်လည်လေ၏"ဟု ဆို၏။ ငါ့သျှင် ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသည်ဖြစ်၍ အစားအစာ၌ ပမာဏကို မသိပဲ နိုးကြားမှု၌ အားမထုတ်သောသူအား ဤအတိုင်းပင် ဖြစ်တတ်၏။ ငါ့သျှင် ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသည်ဖြစ်၍ အစားအစာ၌ ပမာဏကို မသိပဲ နိုးကြားမှု၌ အားမထုတ်သော ထိုရဟန်းအား အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို အားထုတ်နိုင်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။ ငါ့သျှင် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည်ဖြစ်၍ အစားအစာ၌ ပမာဏကို သိလျက် နိုးကြားမှု၌ အားထုတ်သော ထိုရဟန်းအားသာ အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို အားထုတ်နိုင်လတ္တံ့ဟူသော ဤအကြောင်းသည် ရှိ၏။

ငါ့သျှင် အဘယ်သို့လျှင် ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူ ဖြစ်သနည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း ရူပါရုံကို မြင်သော် မိန်းမ ယောကျ်ား စသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမှုအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ (အကယ်၍) စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (စက္ခုန္ဒြေ

ဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ နားဖြင့် အသံသဒ္ဒါရုံကို ကြားသော်။ နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို နမ်းရှူသော်။ လျှာဖြင့်အရသာ ရသာရုံကို လျက်သော်။ ကိုယ်ဖြင့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့သိသော်။ စိတ်ဖြင့် သဘောတရား ဓမ္မာရုံကို သိသော် မိန်းမ ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက် ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ)အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (မနိန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထို့ကြောင့် ရဟန်းသည်) မနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ငါ့သျှင် ဤသို့လျှင် ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူဖြစ်၏။

ငါ့သျှင် အဘယ်သို့လျှင် အစားအစာ၌ အတိုင်းအရှည်ပမာဏကို သိသူဖြစ်သနည်း—ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ပညာဖြင့် ဆင်ခြင်၍ အစားအစာကို မှီဝဲ၏၊ မြူးတူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် အရေအဆင်းဖွံ့ဖြိုးတိုးပွါးရန် ဆမ်းကို မှီဝဲသည်မဟုတ်၊ ဤကိုယ် တည်တံ့ရန်မျှသာ မျှတရန်မျှသာ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သော အကျင့်ကို ချီးမြှောက်ရန်မျှသာ အစားအစာကို မှီဝဲ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာနေရခြင်း ဖြစ်လတ္တံ့ ဟု နှလုံးသွင်း၍ အစားအစာကို မှီဝဲ၏။ ငါ့သျှင် ဤသို့လျှင် အစားအစာ၌ အတိုင်းအရှည်ပမာဏကို သိသူဖြစ်၏။

ငါ့သျှင် အဘယ်သို့လျှင် နိုးကြားမှု၌ အားထုတ်သူဖြစ်သနည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် နေ့အခါ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သောတရားတို့မှ စိတ်ကို သန့်ရှင်းစေ၏။ ညဉ့်၏ပဌမယံ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သောတရားတို့မှ စိတ်ကို သန့်ရှင်းစေ၏။ ညဉ့်၏ မဇ္ဈိမယံ၌ ခြေတဖက်၌ ခြေတဖက်ကို စဉ်းငယ်လွန်ကာ တင်ထား၍ အောက်မေ့မှု သတိ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့်ပြည့်စုံသည်ဖြစ်၍ ထအံ့ဟူသောအမှတ်ကို နှလုံးသွင်းလျက် လက်ျာနံတောင်းဖြင့် မြတ်သော အိပ်ခြင်းကို ပြု၏။ ညဉ့်၏ ပစ္ဆိမယံ၌ အိပ်ရာမှ ထပြီးသော် စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သော တရားတို့မှ စိတ်ကို သန့်ရှင်းစေ၏။ ငါ့သျှင် ဤသို့လျှင် နိုးကြားမှု၌ အားထုတ်သူဖြစ်၏။ ငါ့သျှင် ထိုသို့ဖြစ်သောကြောင့် "ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည်ဖြစ်ကုန်အံ့၊ အစားအစာ၌ အတိုင်းအရှည် ပမာဏကို သိကုန်အံ့၊ နိုးကြားမှု၌ အားထုတ်ကုန်အံ့"ဟု ဤသို့ ကျင့်အပ်၏။ ငါ့သျှင် သင်သည် ဤသို့သာ ကျင့်အပ်၏ ဟု (မိန့်ဆို၏)။

သတ္တမသုတ်။

---

## ၈-ရာဟုလောဝါဒသုတ်

၁၂၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာအရပ်၌ တပါးတည်း

ကိန်းအောင်းနေတော်မူသော မြတ်စွာဘုရားအား—"ရာဟုလာအား (ကိလေသာမှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်)ကို ရင့်ကျက်စေနိုင်သော တရားတို့သည် ရင့်ကျက်ကုန်ပြီ၊ ငါသည် ရာဟုလာကို ထို့ထက်အလွန် အာသဝေါတရား ကုန်ခြင်း၌ ဆုံးမရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏၊ ထို့နောက် မြတ်စွာဘုရားသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲခွါတော်မူပြီးလျှင် အသျှင်ရာဟုလာကို "ရာဟုလာ နိသီဒိုင်အခင်းကို ယူလော့၊ အန္ဓဝန်တောအုပ်သို့ နေ့သန့်စင်ရန် ချဉ်းကပ်ကုန်အံ့" ဟု မိန့်တော်မူ၏၊ "ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်ရာဟုလာသည် မြတ်စွာဘုရားအား ပြန်လျှောက်၍ နိသီဒိုင်အခင်းကို ယူပြီးလျှင် မြတ်စွာဘုရားသို့ နောက်မှ နောက်မှ ထက်ကြပ်မကွာ လိုက်လေ၏။

ထိုအခါ အထောင်မကများစွာသော နတ်တို့သည် "ယနေ့မြတ်စွာဘုရားသည် အသျှင်ရာဟုလာကို အထက်ဖြစ်သော အာသဝေါတရားကုန်ခြင်း၌ ဆုံးမလတ္တံ့" ဟု မြတ်စွာဘုရားနောက်သို့ ထက်ကြပ်မကွာ လိုက်ကြကုန်၏။ ထို့နောက် မြတ်စွာဘုရားသည် အန္ဓဝန်တောအုပ်သို့ ဝင်တော်မူ၍ တခုသော သစ်ပင်ရင်းဝယ် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏၊ အသျှင်ရာဟုလာသည်လည်း မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်ရာဟုလာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို ဤမျက်စိသည် ငါ၏ ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ကိုယ် 'အတ္တ' တည်း ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အဆင်းအာရုံတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မမြဲပါကုန် အသျှင်ဘုရား။ စက္ခုဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ စက္ခုသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု 'ဝိညာဏ်' သည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသောအရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော အရာကို ဤအရာသည် ငါ့ဥစ္စာ ဖြစ်၏၊ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါ၏ ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ပ။ လျှာသည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဇိဝှါဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဇိဝှါသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု 'ဝိညာဏ်သည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော အရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော အရာကို ဤအရာသည် ငါ့ဥစ္စာဖြစ်၏၊ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါ၏ကိုယ် 'အတ္တ' တည်း ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ပ။ စိတ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော စိတ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်

ခြင်းသဘောရှိသော စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ကိုယ် 'အတ္တ' တည်း ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ သဘောတရားတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မမြဲပါကုန် အသျှင်ဘုရား။ပ။ မနောဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ မနောသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မနောသမ္ဖဿဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု 'ဝိညာဏ်' သည် မြဲသလော၊ မမြဲသလော။ မမြဲပါ၊ အသျှင်ဘုရား။ မမြဲသောအရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော အရာကို ဤအရာသည် ငါ့ဥစ္စာဖြစ်၏၊ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါ၏ ကိုယ် 'အတ္တ' တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။

ရာဟုလာ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းအာရုံတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု 'ဝိညာဏ်' ၌လည်း ငြီးငွေ့၏။ပ။ လျှာ၌လည်း ငြီးငွေ့၏၊ အရသာတို့၌လည်း ငြီးငွေ့၏၊ ဇိဝှါဝိညာဏ်၌လည်း ငြီးငွေ့၏၊ ဇိဝှါသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု 'ဝိညာဏ်' ၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ မနောဝိညာဏ်၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿ၌လည်း ငြီးငွေ့၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု 'ဝိညာဏ်' ၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှု 'တဏှာ' ကင်း၏။ စွဲမက်မှု 'တဏှာ' ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ အသျှင်ရာဟုလာသည် အလွန်နှစ်သက်ဝမ်းမြောက်လေ၏။ ဤတရားဒေသနာတော်ကို ဟောနေဆဲအခါ၌ အသျှင်ရာဟုလာ၏ စိတ်သည် အဘယ်အရာကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်၏၊ အထောင်မက များစွာသော နတ်တို့အားလည်း "ဖြစ်ခြင်းသဘော ရှိသော အရာမှန်သမျှသည် ချုပ်ခြင်းသဘောရှိ၏" ဟု ကိလေသာ မြူ အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်လေ၏။

အဋ္ဌမသုတ်။

---

## ၉-သံယောဇနိယဓမ္မသုတ်

၁၂၂။ ရဟန်းတို့ နှောင်ဖွဲ့ကြောင်းတရားတို့ကိုင်း နှောင်ဖွဲ့မှု 'သံယောဇဉ်' ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ နှောင်ဖွဲ့ကြောင်းတရားတို့ကား အဘယ်တို့နည်း၊ နှောင်ဖွဲ့

မှ'သံယောဇဉ်'တရားကား အဘယ်နည်း၊ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤအဆင်းတို့ကို နှောင်ဖွဲ့ကြောင်းတရားတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုအဆင်းတို့၌ လိုချင်စွဲမက်မှုသည် ထိုအဆင်းတို့၌ နှောင်ဖွဲ့မှု 'သံယောဇဉ်'တရားမည်၏။ပ။ ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စိတ်ဖြင့်သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤသဘောတရားတို့ကို နှောင်ဖွဲ့ကြောင်း တရားတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုတရားတို့၌ လိုချင်စွဲမက်မှုသည် ထိုတရားတို့၌ နှောင်ဖွဲ့မှု 'သံယောဇဉ်'တရားမည်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဥပါဒါနိယစမ္မသုတ်

၁၂၃။ ရဟန်းတို့ စွဲလမ်းကြောင်း တရားတို့ကိုလည်း စွဲလမ်းမှု'ဥပါဒါန်'တရားကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ စွဲလမ်းကြောင်းတရားတို့ကား အဘယ်တို့နည်း၊ စွဲလမ်းမှု 'ဥပါဒါန်'တရားကား အဘယ်နည်း၊ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤအဆင်းတို့ကို စွဲလမ်းကြောင်းတရားတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုအဆင်းတို့၌ လိုချင်စွဲမက်မှုသည် ထိုအဆင်းတို့၌ စွဲလမ်းမှု 'ဥပါဒါန်'တရား မည်၏။ပ။ ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤသဘောတရားတို့ကို စွဲလမ်းကြောင်း တရားတို့ ဟူ၍ ဆိုအပ်ကုန်၏။ ထိုတရားတို့၌ လိုချင်စွဲမက်မှုသည် ထိုတရားတို့၌ စွဲလမ်းမှု'ဥပါဒါန်' တရားမည်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် လောကကာမဂုဏဝဂ် ပြီး၏။

---

## (၁၃) ၃-ဂဟပတိဝဂ် ၁-ဝေသာလီသုတ်

၁၂၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်

ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ ဤလောက၌ အချို့သောသတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း”ဟု (လျှောက်၏)။

သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ထိုအဆင်းကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် ဖြစ်၏။ သူကြွယ် စွဲလမ်းမှုရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်။ပ။ သူကြွယ် ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ထိုသဘောတရားကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် ဖြစ်၏။ သူကြွယ် စွဲလမ်းမှုရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်။ သူကြွယ် ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း။

သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ထိုအဆင်းကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်။ သူကြွယ် စွဲလမ်းမှုမရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏။ပ။ သူကြွယ် ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ ထိုသဘောတရားကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်။ သူကြွယ် စွဲလမ်းမှုမရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏။ သူကြွယ် ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဝဇ္ဇီသုတ်

၁၂၅။ အခါတပါး၌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ဟတ္ထိရွာ၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—“အသျှင်ဘုရား ဤလောက၌ အချို့သောသတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း”ဟု လျှောက်၏။ [ရှေးသုတ်ကဲ့သို့ ချဲ့အပ်၏]။ သူကြွယ် ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နာဠန္ဒသုတ်

၁၂၆။ အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒရွာ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဥပါလိသူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—“အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း”ဟု လျှောက်၏။ [ရှေးသုတ်ကဲ့သို့ ချဲ့အပ်၏]။ သူကြွယ် ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဘာရဒွါဇသုတ်

၁၂၇။ အခါတပါး၌ အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဥဒေနမင်းသည် အသျှင်ပိဏ္ဍောလဘာရဒွါဇထံသို့ ချဉ်းကပ်၍ အသျှင်ပိဏ္ဍောလဘာရဒွါဇနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်ပိဏ္ဍောလဘာရဒွါဇအား ဤစကားကို လျှောက်ထား၏— “အသျှင်ဘာရဒွါဇ ဤပျိုမျစ်နုနယ် ရဟန်းငယ်တို့သည် မည်းနက်သောဆံပင်ရှိကုန်လျက် ကောင်းသော အရွယ်နှင့် ပြည့်စုံကုန်လျက် ပဌမအရွယ်နှင့် ပြည့်စုံကုန်လျက် ကာမဂုဏ်တို့၌ မပျော်မွေ့ကြဘူးကုန်ပဲလျက် အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို ကျင့်ကုန်၍ အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း”ဟု လျှောက်၏။ မင်းမြတ် သိတော်မူမြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံ

သော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် "ရဟန်းတို့ လာကြကုန်လော့၊ သင်တို့သည် အမိအရွယ်ရှိသူတို့၌ အမိဟူသောစိတ်ကို ထားကြကုန်လော့၊ နှမအရွယ်ရှိသူတို့၌ နှမဟူသောစိတ်ကို ထားကြကုန်လော့၊ သမီးအရွယ်ရှိသူတို့၌ သမီးဟူသောစိတ်ကို ထားကြကုန်လော့" ဟူသော ဤစကားကို ဟောတော်မူ၏။ မင်းမြတ် ဤပျိုမျစ်နုနယ် ရဟန်းငယ်တို့သည် မည်းနက်သောဆံပင်ရှိကုန်သျက် ကောင်းသောအရွယ်နှင့် ပြည့်စုံကုန်လျက် ပဌမအရွယ်နှင့်ပြည့်စုံကုန်လျက် ကာမဂုဏ်တို့၌ မပျော်မွေ့ကြဘူးကုန်ပဲလျက် အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို ကျင့်ကုန်၍ အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်ဆို၏)။

အသျှင်ဘာရဒွါဇ စိတ်ဟူသည် လေ်လည် ဖောက်ပြားတတ်၏၊ တရံတခါ အမိအရွယ်ရှိသူတို့၌သော်လည်း တပ်မက်မှုတရားတို့သည် ဖြစ်တတ်ကုန်၏၊ နှမအရွယ်ရှိသူတို့၌သော်လည်း တပ်မက်မှုတရားတို့သည် ဖြစ်တတ်ကုန်၏၊ သမီးအရွယ်ရှိသူတို့၌သော်လည်း တပ်မက်မှုတရားတို့သည် ဖြစ်တတ်ကုန်၏၊ အသျှင်ဘာရဒွါဇ ဤပျိုမျစ်နုနယ်သော ရဟန်းတို့သည် မည်းနက်သောဆံပင်ရှိကုန်လျက် ပ။ အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော တပါးသော အကြောင်း အထောက်အပံ့သည်လည်း ရှိပါသေးသလောဟု (လျှောက်၏)။

မင်းမြတ် သိတော်မူ မြင်တော်မူသော ပုဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်းတို့ လာကြကုန်လော့၊ သင်တို့သည် ခြေဖဝါးမှအထက် ဆံဖျားမှအောက်ဖြစ်သော အရေအပိုင်းအခြားရှိသော မစင်ကြယ်သော ဝတ္ထုအမျိုးမျိုးတို့နှင့်ပြည့်သော ဤခန္ဓာကိုယ်ကိုသာလျှင် ဆင်ခြင်ကြကုန်လော့။ ဤခန္ဓာကိုယ်၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းချင်ဆီ အညှိ နှလုံး အသည်း အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ် ဟူ၍ရှိ၏။ ဤသို့ ရှုဆင်ခြင်ကြကုန်လော့ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏။ မင်းမြတ် ပျိုမျစ်နုနယ် ရဟန်းငယ်တို့သည် မည်းနက်သော ဆံပင်ရှိကုန်လျက်။ပ။အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း။ အသျှင်ဘာရဒွါဇ ပွါးအပ်ပြီးသော ခန္ဓာကိုယ် ပွါးအပ်ပြီးသော ကိုယ်ကျင့်တရား ပွါးအပ်ပြီးသောစိတ် ပွါးအပ်ပြီးသော ပညာရှိကုန်သော ရဟန်းတို့အား ထိုအမှုသည် ပြုလွယ်ပါ၏။ အသျှင်ဘာရဒွါဇ မပွါးအပ်သေးသော ခန္ဓာကိုယ် မပွါးအပ်သေးသော ကိုယ်ကျင့်တရား မပွါးအပ်သေးသောစိတ် မပွါးအပ်သေးသော ပညာရှိကုန်သော ရဟန်းတို့အားကား ထိုအမှုသည် ခဲယဉ်း၏။ အသျှင်ဘာရဒွါဇ တရံတခါ အသုဘဟု နှလုံးသွင်းမည် ကြံသော်လည်း သုဘအားဖြင့်သာ ရောက်လာ၏။ အသျှင်ဘာရဒွါဇ ဤပျိုမျစ်နုနယ် ရဟန်းငယ်တို့သည် မည်းနက်သောဆံပင်ရှိကုန်လျက်။ပ။အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော တပါးသော အကြောင်း အထောက်အပံ့သည် ရှိပါသေးသလော ဟု (လျှောက်၏)။

မင်းမြတ် သိတော်မူ မြင်တော်မူသော ပုဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်းတို့ လာကြကုန်လော့၊ သင်တို့သည် ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိလျက် နေကြကုန်လော့၊ စက္ခုဝိညာဏ်ဖြင့် အဆင်းရူပါရုံ (မိန်းမ ယောကျ်ားစသော) သဏ္ဌာန် နိမိတ်ကိုမြင်သော် မမှတ်ယူကြကုန်လင့်၊ (လက်ခြေ

စသော အင်္ဂါ ပြုံးဟန်ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို မမှတ်ယူကြကုန်လင့်၊စက္ခုန္ဒြေကို မစောင့်စည်းပဲ နေသော ထိုရဟန်းအား မက်မောခြင်း ‘အဘိဇ္ဈာ’ နှလုံးမသာခြင်း ‘ဒေါမနဿ’ ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် လိုက်၍နှိပ်စက်ကုန်ရာ၏၊ ထိုကြောင့် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကြကုန်လော့၊ စက္ခုန္ဒြေကို စောင့်စည်းကြကုန်လော့၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။ နားဖြင့် အသံ ‘သဒ္ဒါရုံ’ကို ကြားသော်။ပ။နှာခေါင်းဖြင့် အနံ့ ‘ဂန္ဓာရုံ’ကို နမ်းရှူသော်။လျှာဖြင့် အရသာ ‘ရသာရုံ’ကိုလျက်သော်။ ကိုယ်ဖြင့် အတွေ့အထိ ‘ဖောဋ္ဌဗ္ဗာရုံ’ကိုတွေ့ထိသော်။စိတ်ဖြင့် သဘောတရား‘ဓမ္မာရုံ’ကိုသိသော်(မိန်းမယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို မမှတ်ယူကြကုန်လင့် (လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို မမှတ်ယူကြကုန်လင့်၊ မနိန္ဒြေကို မစောင့်စည်းပဲနေသော ထိုရဟန်းအား မက်မောခြင်း ‘အဘိဇ္ဈာ’ နှလုံးမသာခြင်း ‘ဒေါမနဿ’ ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် လိုက်၍ နှိပ်စက်ကုန်ရာ၏။ထိုကြောင့် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကြကုန်လော့၊ မနိန္ဒြေကို စောင့်စည်းကြကုန်လော့၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။မင် မြတ် ဤပျိုမျစ်နုနယ် ရဟန်းငယ်တို့သည် မည်းနက်သောဆံပင်ရှိကုန်လျက် ကောင်းသော အရွယ်နှင့် ပြည့်စုံကုန်လျက် ပဌမအရွယ်နှင့်ပြည့်စုံကုန်လျက် ကာမဂုဏ်တို့၌ မပျော်မွေ့ကြဘူးကုန်ပဲလျက် အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို ကျင့်ကုန်၍ အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်ဆို၏)။

အသျှင်ဘာရဒွါဇ အံ့ဩဖွယ်ရှိပေစွ၊အသျှင်ဘာရဒွါဇ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။အသျှင်ဘာရဒွါဇ သိတော်မူ မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤစကားတော်ကို အလွန်ပင် ကောင်းစွာ ဟောတော်မူအပ်ပါပေ၏။ အသျှင်ဘာရဒွါဇ ဤပျိုမျစ်နုနယ် ရဟန်းငယ်တို့သည် မည်းနက်သော ဆံပင်ရှိကုန်လျက် ကောင်းသောအရွယ်နှင့် ပြည့်စုံကုန်လျက် ပဌမအရွယ်နှင့် ပြည့်စုံကုန်လျက် ကာမဂုဏ်တို့၌ မပျော်မွေ့ကြဘူးကုန်ပဲလျက် အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို ကျင့်ကုန်သော အစဉ်အဆက်ကိုလည်း ပြီးစေကုန်သော အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်း။ အသျှင်ဘာရဒွါဇ တပည့်တော်သည်လည်း မစောင့်ထိန်းအပ်သော ကိုယ်ဖြင့် မစောင့်ထိန်းအပ်သော နှုတ်ဖြင့် မစောင့်ထိန်းအပ်သော စိတ်ဖြင့် မထင်စေအပ်သော သတိဖြင့် မစောင့်စည်းအပ်သော ဣန္ဒြေတို့ဖြင့် (နန်းတော်တွင်းသို့)ဝင်သောအခါ တပည့်တော်ကို တပ်မက်မှုတရားတို့သည် အလွန် နှိပ်စက်ပါကုန်၏။အသျှင်ဘာရဒွါဇ တပည့်တော်သည် စောင့်ထိန်းအပ်သော ကိုယ်ဖြင့် စောင့်ထိန်းအပ်သော နှုတ်ဖြင့် စောင့်ထိန်းအပ်သော စိတ်ဖြင့် ထင်စေအပ်သော သတိဖြင့် စောင့်စည်းအပ်သော ဣန္ဒြေတို့ဖြင့် (နန်းတော်တွင်းသို့)ဝင်သောအခါ တပည့်တော်ကို တပ်မက်မှုတရားတို့သည် ထိုကဲ့သို့ မနှိပ်စက်ပါကုန်။ အသျှင်ဘာရဒွါဇ အလွန်နှစ်သက်ဖွယ်ရှိပေစွ၊ အသျှင်ဘာရဒွါဇ အလွန်နှစ်သက်ဖွယ်ရှိပေစွ။ အသျှင်ဘာရဒွါဇ မှောက်ထားသော ဝတ္ထုကို လှန်ပြဘိသကဲ့သို့၎င်း ဖုံးထားအပ်သောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း “မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်”ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဘာရဒွါဇသည် အကြောင်း အမျိုးမျိုးဖြင့် တရားကိုပြတော်မူအပ်ပါ၏။ အသျှင်ဘာရဒွါဇ အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို၎င်း တရားတော်ကို၎င်း ရဟန်းသံဃာတော်ကို၎င်း ဆည်းကပ်ခြင်းသို့ ရောက်ပါ၏၊ အသျှင်

ဘာရဒွါဇသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

စတုတ္ထသုတ်။

## ၅-သောဏသုတ်

၁၂၈။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ သူကြွယ်သား သောဏသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— "အသျှင်ဘုရား ဤလောက၌ အချို့သောသတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။ [ရှေးသုတ်ကဲ့သို့ချဲ့အပ်၏]။ သောဏ ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဃောသိတသုတ်

၁၂၉။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏ ထိုအခါ ဃောသိတသူကြွယ်သည် အသျှင်အာနန္ဒာထံသို့ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်ထား၏— "အသျှင်အာနန္ဒာ ဓာတ်တို့၏ထူးခြားမှု ဓာတ်တို့၏ထူးခြားမှုဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောကြားအပ်ပါသနည်း" ဟု (လျှောက်၏)။ သူကြွယ် စက္ခုဓာတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို ပွါးစေတတ်သော အဆင်းတို့သည်လည်း ရှိကုန်၏၊ စက္ခုဝိညာဏ်သည်လည်း ရှိ၏၊ သုခဝေဒနာ၏အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ သုခဝေဒနာသည် ဖြစ်၏။ သူကြွယ် စက္ခုဓာတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို မပွါးစေတတ်သော အဆင်းတို့သည်လည်း ရှိကုန်၏၊ စက္ခုဝိညာဏ်သည်လည်း ရှိ၏၊ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ ဒုက္ခဝေဒနာဖြစ်၏။ သူကြွယ် စက္ခုဓာတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို ပွါးစေတတ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်ကုန်သော အဆင်းတို့သည်လည်း ရှိကုန်၏။ စက္ခုဝိညာဏ်သည်လည်း ရှိ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍ ဥပေက္ခာဝေဒနာသည် ဖြစ်၏။ပ။ သူကြွယ် ဇိဝှါဓာတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို ပွါးစေတတ်သော အရသာတို့သည်လည်း ရှိကုန်၏၊ ဇိဝှါဝိညာဏ်သည်လည်း ရှိ၏၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍ သုခဝေဒနာသည် ဖြစ်၏။ သူကြွယ် ဇိဝှါဓာတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို မပွါးစေတတ်သော အရသာတို့သည်လည်း ရှိကုန်၏၊

ဇိဝှါဝိညာဏ်သည်လည်း ရှိ၏၊ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏။ သူကြွယ် ဇိဝှါခတ်သည်လည်း ရှိ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော အရသာတို့သည်လည်း ရှိကုန်၏၊ ဇိဝှါဝိညာဏ်သည်လည်း ရှိ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍ ဥပေက္ခာဝေဒနာသည် ဖြစ်၏။ပ။ သူကြွယ် မနောခတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို ပွါးစေတတ်သော သဘောတရားတို့သည်လည်း ရှိကုန်၏၊ မနောဝိညာဏ်သည်လည်း ရှိ၏၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍ သုခဝေဒနာသည် ဖြစ်၏။ သူကြွယ် မနောခတ်သည်လည်း ရှိ၏၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောတရားတို့သည်လည်း ရှိကုန်၏၊ မနောဝိညာဏ်သည်လည်း ရှိ၏၊ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏။ သူကြွယ် မနောခတ်သည်လည်း ရှိ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော သဘောတရားတို့သည်၎င်း မနောဝိညာဏ်သည်၎င်း ရှိ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်း ဖြစ်သော တွေ့ထိမှု 'ဖဿ'ကို စွဲ၍ ဥပေက္ခာဝေဒနာသည် ဖြစ်၏။ သူကြွယ် ဤမျှလောက်ဖြင့် ခတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောကြားတော်မူအပ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဟာလိဒ္ဒိကာနိသုတ်

၁၃၀။ အခါတပါး၌ အသျှင်မဟာကစ္စည်းသည် အဝန္တိတိုင်း ကုလဃရရွာ ပပါတတောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဟာလိဒ္ဒိကာနိသူကြွယ်သည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်မဟာကစ္စည်းအား ဤစကားကို လျှောက်ထား၏—"အသျှင်ဘုရား မြတ်စွာဘုရားသည် 'ခတ်တို့၏ ထူးခြားမှုကို စွဲ၍ အတွေ့အထိထူးခြားမှု ဖြစ်ပေါ်၏ အတွေ့အထိ ထူးခြားမှုကို စွဲ၍ ခံစားမှု'ဝေဒနာ'ထူးခြားမှု ဖြစ်ပေါ်၏'ဟူသော ဤစကားကို ဟောကြားတော်မူအပ်ပါ၏၊အသျှင်ဘုရား အဘယ်သို့လျှင် ခတ်တို့၏ ထူးခြားမှုကို စွဲ၍ အတွေ့အထိထူးခြားမှုဖြစ်ပေါ် ပါသနည်း၊အတွေ့အထိထူးခြားမှုကိုစွဲ၍ ခံစားမှု'ဝေဒနာ'ထူးခြားမှုဖြစ်ပေါ်ပါသနည်း"ဟု လျှောက်၏။ သူကြွယ် ဤသာသနာတော်၌ ရဟန်းသည် နှလုံးကို ပွါးစေတတ်သော အဆင်းကို မြင်သော် ဤအဆင်းသည် ဤသို့ သဘောရှိ၏ဟု သိ၏၊ စက္ခုဝိညာဏ်ကိုရင်း သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုရင်း စွဲ၍ သုခဝေဒနာသည် ဖြစ်၏။ မျက်စိဖြင့် စိတ်နှလုံးကို မပွါးစေတတ်သော အဆင်းကိုပင် မြင်သော် ဤအဆင်းသည် ဤသို့ သဘောရှိ၏ဟု သိ၏၊ စက္ခုဝိညာဏ်ကိုရင်း ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုရင်း စွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏။မျက်စိဖြင့် ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော အဆင်းကိုပင် မြင်သော် ဤအဆင်းသည် ဤသို့ သဘောရှိ၏ဟု သိ၏၊ စက္ခုဝိညာဏ်ကိုရင်း ဥပေက္ခာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုရင်း စွဲ၍ ဥပေက္ခာဝေဒနာ ဖြစ်၏။

သူကြွယ် နောက်တမျိုးကား ရဟန်းသည် နားဖြင့် အသံကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှူသော်။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်။ပ။ စိတ်ဖြင့် စိတ်နှလုံးကို ပွါးစေတတ်သော သဘောတရားကို သိသော် ဤသဘောတရားသည် ဤသို့သဘောရှိ၏ဟု သိ၏၊ မနောဝိညာဏ်ကိုရင်း သုခဝေဒနာ၏ အကြောင်းဖြစ်သော

တွေ့ထိမှု 'ဖဿ'ကိုရင်း စွဲ၍ သုခဝေဒနာသည် ဖြစ်၏။ စိတ်ဖြင့် စိတ်နှလုံးကို မပွါးစေတတ်သော သဘောတရားကိုပင်သိသော် ဤသဘောတရားသည် ဤသို့ သဘောရှိ၏ဟု သိ၏၊ မနောဝိညာဏ်ကိုရင်း ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုရင်း စွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏။ စိတ်ဖြင့် ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော သဘောတရားကိုပင် သိသော် ဤသဘောတရားသည် ဤသို့ သဘောရှိ၏ဟု သိ၏၊ မနောဝိညာဏ်ကိုရင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုရင်း စွဲ၍ ဥပေက္ခာဝေဒနာသည် ဖြစ်၏။ သူကြွယ် ဤသို့လျှင် ဓာတ်တို့၏ ထူးခြားမှုကို စွဲ၍ အတွေ့အထိ ထူးခြားမှု ဖြစ်၏၊ အတွေ့အထိထူးခြားမှုကို စွဲ၍ ခံစားမှု 'ဝေဒနာ' ထူးခြားမှုဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ဂ-နကုလပိတုသုတ်

၁၃၁။ အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ နကုလပိတာသူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား— "အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။ သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ထိုအဆင်းကို အလွန်နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကို မှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် ဖြစ်၏။ သူကြွယ် စွဲလမ်းမှုရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်။ပ။ သူကြွယ် ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ထိုသဘောတရားကို အလွန် နှစ်သက်သော စွဲလမ်းသော လွှမ်းမိုး၍တည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကို မှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် ဖြစ်၏။ သူကြွယ် စွဲလမ်းမှုရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေးနိုင်၊ သူကြွယ် ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက် အပံ့ကား ဤသည်ပင်တည်း။

သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ် ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ

လွှမ်းမိုး၍ မတည်ခဲ့မူ ထိုအဆင်းကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်။ သူကြွယ် စွဲလမ်းမှု မရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏။ပ။သူကြွယ် ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ သူကြွယ် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ထိုသဘောတရားကို အလွန်မနှစ်သက်သော မစွဲလမ်းသော လွှမ်းမိုး၍ မတည်သော ထိုရဟန်းအား ထိုနှစ်သက်မှုကိုမှီသော ထိုနှစ်သက်မှုဖြင့် စွဲလမ်းသော ဝိညာဏ်သည် မဖြစ်။ သူကြွယ် စွဲလမ်းမှု မရှိသော ရဟန်းသည် ကိလေသာမှ ငြိမ်းအေးနိုင်၏။သူကြွယ် ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-လောဟိစ္စသုတ်

၁၃၂။ အခါတပါး၌ အသျှင်မဟာကစ္စည်းသည် အဝန္တိတိုင်း မက္ကရကတမြို့ဝယ် တောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ လောဟိစ္စပုဏ္ဏား၏ မျှားစွာကုန်သော ထင်းခွေသမား တပည့်လုလင်တို့သည် အသျှင်မဟာကစ္စည်း၏ တောကျောင်းသို့ ချဉ်းကပ်ကြကုန်၍ ကျောင်း၏ ပတ်ဝန်းကျင်၌ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်ကြကုန်၏၊ လှည့်ပတ်ကြကုန်၏၊ အချို့အချို့သောသူတို့သည် ကျယ်လောင်ဆူညံသော အသံရှိကြကုန်သည်ဖြစ်၍ အချင်းချင်း ခုန်ကျော်ပြေးလွှားသော ကစားမျိုးတို့ကို ပြုလုပ်ကြကုန်၏၊ "ဤသူတို့ကား ဦးပြည်းရဟန်းညံ့တို့ ဖြစ်ကုန်၏၊ ဇာတ်နိမ့်တို့ဖြစ်ကုန်၏၊ မည်းညစ်ကုန်၏၊ ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်၏။ ဤဇာတ်နိမ့်ရဟန်းညံ့တို့အား (လူတို့သည်) အရိုအသေ ပြုကြကုန်၏၊ အလေးပြုကြကုန်၏၊ မြတ်နိုးကြကုန်၏၊ ပူဇော်ကြကုန်၏၊ တုပ်ပေပ်ကြကုန်၏" ဟု (ပြောဆိုကြကုန်၏)။ ထိုအခါ အသျှင်မဟာကစ္စည်းသည် ကျောင်းမှ ထွက်၍ ထိုလုလင်တို့ကို "လုလင်တို့ အသံ မပြုကြကုန်လင့်၊ ငါသည် သင်တို့အား တရားကို ဟောအံ့"ဟု ဤစကားကို ဆိုလေ၏။ ဤသို့ ဆိုသော် ထိုလုလင်တို့သည် ဆိတ်ဆိတ်နေကုန်၏၊ ထိုအခါ အသျှင်မဟာကစ္စည်းသည် ထိုလုလင်တို့ကို ဂါထာတို့ဖြင့် ဟောပြလေ၏—

> "ရှေးပုဏ္ဏားတို့၏ ကျင့်ဝတ်ကို အောက်မေ့ကုန်သော ရှေး၌ ဖြစ်ကုန်သော ပုဏ္ဏားတို့သည် သီလကိုသာလျှင် အမြတ်ထားကုန်၏၊ ထိုပုဏ္ဏားတို့သည် အမျက်ဒေါသကို ဖိနှိပ်၍ ပိတ်ဆို့အပ်သော တံခါးတို့ကို ကောင်းစွာ စောင့်ရှောက်ကြကုန်၏။
>
> ရှေးပုဏ္ဏားတို့၏ ကျင့်ဝတ်ကို အောက်မေ့ကုန်သော ပုဏ္ဏားတို့သည် ကုသိုလ်တရား၌၎င်း ဈာန်တရား၌၎င်း မွေ့လျော်ပျော်ပိုက်ကြကုန်၏။ ဤ (ယခုကာလ) ပုဏ္ဏားတို့သည်ကား (ထိုတရားတို့မှ) ဖဲထွက်ကြကုန်ပြီးလျှင် (ငါတို့သည်) ဗေဒင်ကို ရွတ်တတ်ကုန်၏ဟု အမျိုးအနွယ်အားမြင့် မာန်ယစ်ကြကုန်လျက် မညီမျှ မသင့်တင့်သော အမှုကို ပြုကျင့်ကြ

ကုန်၏၊ ဤပုဏ္ဏာ တို့သည် အမျက်ဒေါသ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ အထူးထူး အပြား ပြားသော တုတ်တို့ကို စွဲကိုင်ကုန်လျက် တဏှာရှိသူ တဏှာမဲ့သူတို့၌ ဆန့်ကျင်ကြကုန်၏။

(ဤလွန်ခဲ့တို့၌) လုံခြုံသော တံခါးမရှိသူအား အိပ်မက်၌ ရသော ယောကျ်ား၏ ဥစ္စာတို့ ကဲ့သို့ အလုံးစုံသော အကျင့်တို့သည် အချည်းနှီးသာ ဖြစ်ကုန်၏၊ အစာမစာ ခြင်းငှင်း မြက်စိမ်းခင်းသောမြေ၌ အိပ်ခြင်းငှင်း နံနက်စောစော ရေချိုးခြင်းငှင်း ဗေဒင်သုံးပုံ သင်ခြင်းငှင်း။

ကြမ်းထမ်းသော သစ်နက်ရေရှိခြင်းငှင်း ဆံကျစ်ရှိခြင်းငှင်း သွားချေးရှိခြင်းငှင်း မန္တာန်ရွတ်ခြင်းငှင်း နွား၏ အလေ့ နွား၏ အကျင့်ဖြစ်သော ပုဏ္ဏားအကျင့်ငှင်း အပြစ်ကို ဖုံးကွယ်ခြင်းငှင်း ကောက်ကွေးသောတုတ်ကို ကိုင်ခြင်းငှင်း ရေဖြင့် မျက်နှာကို ဆေး ခြင်းငှင်း ဤအကျင့်တို့သည် အာမိသဘဏ္ဍာ တိုးပွါးခြင်း၌ ပြုအပ်သော ဘဏ္ဍာတို့၏ ဂုဏ်တို့တည်း။

(ရှေးဟောင်းပုဏ္ဏားတို့၏) စိတ်သည်ကား ကောင်းစွာ တည်ကြည်၏၊ အလွန်ကြည် လင်၏၊ နောက်ကျုခြင်းကင်း၏၊ သတ္တဝါအားလုံးတို့၌ ဆူးငြောင့်ဟူ၍ မရှိ၊ (နူးညံ့၏) ထိုအကျင့်သည် မြတ်သော ဘုံသို့ ရောက်ခြင်း၌ လမ်းကြောင်းဖြစ်၏”ဟု ရွတ်ဆို၏။

ထိုအခါ ထိုလုလင်တို့သည် အမျက်ထွက်ကုန် နှလုံးမသာယာကုန်သည်ဖြစ်၍ လောဟိစ္စပုဏ္ဏား ထံသို့ ချဉ်းကပ်လျက် “ဆရာကြီး သိတော်မူပါလော့၊ မဟာကစ္စည်းရဟန်းသည် ပုဏ္ဏားတို့၏ မန္တာန်ကို တဖက်သတ် ကဲ့ရဲ့ပါ၏၊ ဆဲရေးတားမြစ်ပါ၏”ဟု ပြောဆိုကုန်၏၊ ဤသို့ ပြောဆိုကြ သော် လောဟိစ္စပုဏ္ဏားသည် အမျက်ထွက်သော်လည်း နှလုံးမသာယာဖြစ်သော်လည်း ငါသည် လုလင်တို့၏ စကားကိုသာကြား၍ မဟာကစ္စည်းရဟန်းကို ဆဲရေးငြားအံ့၊ ဆန့်ကျင်ငြားအံ့၊ ရေရွတ်ငြားအံ့၊စင်စစ် မသင့်လျော်“ငါသည် မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ မေးရမူ ကောင်းလေ စွ”ဟု အကြံဖြစ်၏။

ထိုနောက် လောဟိစ္စပုဏ္ဏားသည် ထိုလုလင်တို့နှင့် အတူ အသျှင်မဟာကစ္စည်းထံသို့ ချဉ်း ကပ်၍ အသျှင်မဟာကစ္စည်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်မဟာကစ္စည်းအား—“အသျှင်ကစ္စည်း အကျွန်ုပ်ဘို့၏ များစွာ ကုန်သော ထင်းခွေသမား တပည့်လုလင်တို့သည် ဤအရပ်သို့ လာရောက်ကြပါကုန်သလော” ဟု ဤစကားကို ဆို၏။ ပုဏ္ဏား သင်၏ များစွာကုန်သော ထင်းခွေသမား တပည့်လုလင်တို့သည် ဤအရပ်သို့ ရောက်လာကုန်၏ဟု မိန့်တော်မူ၏၊ အသျှင်ကစ္စည်းသည် ထိုလုလင်တို့နှင့်အတူ တစုံ တရာ စကားပြောဆိုမှု ဖြစ်ပါသလော။ ပုဏ္ဏား ငါသည် ထိုလုလင်တို့နှင့်အတူ စကားပြောဆိုမှု ဖြစ်၏။ အသျှင်ကစ္စည်းသည် ထိုလုလင်တို့နှင့်အတူ အဘယ်သို့ စကားပြောဆိုမှု ဖြစ်ပါသနည်း၊ ပုဏ္ဏား ငါသည် ထိုလုလင်တို့နှင့်အတူ ဤသို့စကားပြောဆိုမှုဖြစ်၏—

ရှေး ပုဏ္ဏားတို့၏ ကျင့်ဝတ်ကို အောက်မေ့ကုန်သော ရှေး၌ဖြစ်ကုန်သော ပုဏ္ဏား တို့သည် သီလကိုသာလျှင် အမြတ်ထားကုန်၏။ပ။ သတ္တဝါအားလုံးတို့၌ ဆူးငြောင့် ဟူ၍မရှိ၊ (နူးညံ့၏)၊ထိုအကျင့်သည် မြတ်သောဘုံသို့ ရောက်ခြင်း၌ လမ်းကြောင်းဖြစ်၏။

ပုဏ္ဏား ငါသည် ထိုလုလင်တို့နှင့်အတူ ဤသို့ စကားပြောဆိုမှု ဖြစ်၏ဟု (မိန့်ဆို၏)။

"(ဝဋ္ဋဒွေတို့၌) မလုံခြုံသော တံခါးရှိသူ"ဟု အသျှင်ကစ္စည်းဆို၏၊ အဘယ်မျှလောက်ဖြင့် မလုံခြုံသော တံခါးရှိသူ ဖြစ်ပါသနည်းဟု လျှောက်၏၊ ပုဏ္ဏား ဤလောက၌ တစုံတယောက်သော သူသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ တပ်မက်၏၊ မချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ အမျက်ထွက်၏၊ မထင်သောသတိရှိရကား ကျဉ်းမြောင်းသော စိတ်ရှိသည်ဖြစ်၍နေ၏၊ ထိုသူအား အကြင်ဝိမုတ္တိတရား၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ ထိုကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာ မသိ။ နားဖြင့် အသံကိုကြားသော်။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှူသော်။ လျှာဖြင့် အရသာကို လျက်သော်။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်။ စိတ်ဖြင့် သဘောတရားကို သိသော် ချစ်ခင်ဖွယ်သဘောရှိသော တရား၌ တပ်မက်၏၊ မချစ်ခင်ဖွယ်သဘောရှိသော တရား၌ အမျက်ထွက်၏၊ မထင်သော သတိရှိရကား ကျဉ်းမြောင်းသောစိတ် ရှိသည်ဖြစ်၍နေ၏၊ ထိုသူအား အကြင်ဝိမုတ္တိအရာ၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ ထိုကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာ မသိ။ ပုဏ္ဏား ဤသို့လျှင် (ဝဋ္ဋဒွေတို့၌) မလုံခြုံသော တံခါးရှိသူဖြစ်၏ ဟု မိန့်တော်မူ၏။ အသျှင်ကစ္စည်း အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ကစ္စည်း မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ကစ္စည်းသည် အမှန်အတိုင်း (ဝဋ္ဋဒွေတို့၌) မလုံခြုံသော တံခါးရှိသူကိုသာ မလုံခြုံသော တံခါးရှိသူဟု ဆိုအပ်ပါ၏။

အသျှင်ကစ္စည်းသည် "(ဝဋ္ဋဒွေတို့၌) လုံခြုံသော တံခါးရှိသူ"ဟု ဆို၏၊ အသျှင်ကစ္စည်း အဘယ်မျှလောက်ဖြင့် (ဝဋ္ဋဒွေတို့၌) လုံခြုံသော တံခါးရှိသူ ဖြစ်ပါသနည်း ဟု လျှောက်၏၊ ပုဏ္ဏား ဤလောက၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ် သဘောရှိသော အဆင်း၌ မတပ်မက်၊ မချစ်ခင်ဖွယ် သဘောရှိသော အဆင်း၌ အမျက်မထွက်၊ ထင်သောသတိရှိရကား ကျယ်ပြန့်သောစိတ် ရှိသည်ဖြစ်၍နေ၏၊ ထိုသူအား အကြင် ဝိမုတ္တိတရား၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ ထိုကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာသိ၏။ နားဖြင့် အသံကိုကြားသော်။ နှာခေါင်းဖြင့်အနံ့ကို နမ်းရှူသော်။ လျှာဖြင့် အရသာကို လျက်သော်။ ကိုယ်ဖြင့် အတွေ့အထိကိုတွေ့ထိသော်။ စိတ်ဖြင့် သဘောတရားကို သိသော် ချစ်ခင်ဖွယ် သဘောရှိသော သဘောတရား၌ မတပ်မက်၊ မချစ်ခင်ဖွယ် သဘောရှိသော သဘောတရား၌ အမျက်မထွက်၊ ထင်သော သတိရှိရကား ကျယ်ပြန့်သောစိတ် ရှိသည်ဖြစ်၍နေ၏၊ ထိုသူအား အကြင်ဝိမုတ္တိတရား၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ ထိုကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာ သိ၏၊ ပုဏ္ဏား ဤသို့လျှင် (ဝဋ္ဋဒွေတို့၌) လုံခြုံသော တံခါးရှိသူဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ကစ္စည်း အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ကစ္စည်း မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ကစ္စည်းသည် အမှန်အတိုင်း (ဝဋ္ဋဒွေတို့၌) လုံခြုံသော တံခါးရှိသူကိုသာ (ဝဋ္ဋဒွေတို့၌) လုံခြုံသော တံခါးရှိသူဟု ဆိုအပ်ပါ၏။ အသျှင်ကစ္စည်း နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ကစ္စည်း နှစ်သက်ဖွယ် ရှိပါပေစွ။ အသျှင်ကစ္စည်း မှောက်ထားသော ဝတ္ထုကို လှန်ပြဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်

ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိအမြင် ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူ အသျှင်ကစ္စည်းသည် အကြောင်းအမျိုးမျိုးဖြင့် တရားကို ပြတော်မူပေ၏။ အသျှင်ကစ္စည်း ထိုအကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို၎င်း တရားတော်ကို၎င်း ရဟန်းသံဃာတော်ကို၎င်း ဆည်းကပ်ခြင်းသို့ ရောက်ပါ၏၊ အသျှင်ကစ္စည်းသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟု မှတ်တော်မူပါ။ အသျှင်ကစ္စည်းသည် မက္ကရကတမြို့ဝယ် ဥပါသကာ အမျိုးတို့သို့ ချဉ်းကပ်သကဲ့သို့ ဤအတူ လောဟိစ္စအမျိုးသို့လည်း ချဉ်းကပ်တော်မူပါ၊ ထိုအမျိုး၌ အကြင်လုလင်ပျို လုလင်ပျိုမတို့သည် အသျှင်ကစ္စည်းကို ရှိခိုးကြကုန်လတ္တံ့၊ ခရီးဦး ကြိုဆိုကုန်လတ္တံ့၊ နေရာကို၎င်း ရေကို၎င်း ပေးလှူကြကုန်လတ္တံ့၊ ထိုလုလင်ပျို လုလင်ပျိုမတို့အား ထိုရှိခိုးခြင်းစသော အမှုသည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ပါလတ္တံ့ဟု (လျှောက်၏)။

နဝမသုတ်။

---

## ၁၀-ဝေရဟစ္စာနိသုတ်

၁၃၃။ အခါတပါး၌ အသျှင်ဥဒါယီသည် ကာမဏ္ဍမြို့ဝယ် တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဝေရဟစ္စာနိအနွယ်ဖြစ်သော ပုဏ္ဏေးမ၏ တပည့်လုလင်ငယ်သည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ထိုင်နေ၏၊တခုသောနေရာ၌ထိုင်နေပြီးသော် ထိုလုလင်ငယ်ကို အသျှင်ဥဒါယီသည် တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေတော်မူ၏။ ထိုအခါ ထိုလုလင်ငယ်သည် အသျှင်ဥဒါယီက တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်း စေတော်မူပြီးသော် နေရာမှထကာ ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမထံသို့ ချဉ်းကပ်လျက် ဤစကားကို ပြောဆို၏—"အရှင်မ သိတော်မူပါလော့၊ ရဟန်းဥဒါယီသည် အစ၌ ကောင်းခြင်းရှိသော အလယ်၌ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၏"ဟု ဆို၏။ လုလင်ငယ် သို့ဖြစ်လျှင် သင်သည် ငါ၏စကားဖြင့် ရဟန်းဥဒါယီကို နက်ဖြန်အလို့ငှါ ဆွမ်းဖြင့် ဖိတ်ချေလော့ဟု ဆို၏။ "အရှင်မ ကောင်းပါပြီ"ဟု လုလင်ငယ်သည် ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမအား ပြန်ကြားပြောဆိုပြီးလျှင် အသျှင်ဥဒါယီထံသို့ချဉ်းကပ်၍ အသျှင်ဥဒါယီအား—"အသျှင်ဥဒါယီသည် အကျွန်ုပ်တို့၏ ဆရာကတော်ဖြစ်သော ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမ၏ နက်ဖြန်အလို့ငှါ ဖိတ်အပ်သောဆွမ်းကို လက်ခံတော်မူပါ" ဟု (လျှောက်ထား၏)။ အသျှင်ဥဒါယီသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထို့နောက် အသျှင်ဥဒါယီသည် ထိုညဉ့်လွန်သဖြင့် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမ၏အိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုအခါ ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမသည် အသျှင်ဥဒါယီကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ အသျှင်ဥဒါယီသည် ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ ဝေရဟစ္စာနိအနွယ်ဖြစ်သော ပုဏ္ဏေးမသည် မြင့်

စီးလျက် နေရာမြင့်၌ ထိုင်ကာ ဦးခေါင်းကို ခြုံပြီးလျှင် "အသျှင်ရဟန်း တရားကို ရွတ်ဆိုတော်မူပါလော့" ဟု ဤစကားကို ပြောဆို၏။ "နှမ တရားဟောရန်အခါသည် ဖြစ်လတ္တံ့"ဟု ဆို၍ နေရာမှ ထကာ ပြန်သွားလေ၏။

ဒုတိယအကြိမ်လည်း ထိုလုလင်ငယ်သည် အသျှင်ဥဒါယီထံသို့ချဉ်းကပ်၍ အသျှင်ဥဒါယီနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ထိုင်နေပြီးသော် ထိုလုလင်ငယ်ကို အသျှင်ဥဒါယီသည် တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူ၏။ ဒုတိယအကြိမ်လည်း ထိုလုလင်ငယ်သည် အသျှင်ဥဒါယီက တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူပြီးသော် နေရာမှထကာ ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမထံသို့ချဉ်းကပ်၍ ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမအား "အရှင်မ သိတော်မူပါလော့၊ ရဟန်းဥဒါယီသည် အစ၌ကောင်းခြင်း ရှိသော အလယ်၌ ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသောထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၏"ဟု ပြောဆို၏။ လုလင်ငယ် သင်သည် ရဟန်းဥဒါယီ၏ ကျေးဇူးကို ဤသို့ပြောဆို၏၊ ထိုရဟန်းဥဒါယီသည်ကား "ရဟန်း တရားကို ရွတ်ဆိုတော်မူပါလော့"ဟု ဆိုသော် "နှမ တရားဟောရန် အချိန်အခါသည် ဖြစ်လတ္တံ့"ဟု ဆို၍ နေရာမှထကာ ပြန်သွားလေ၏ဟု ဆို၏။ အရှင်မ သင်သည် ခြေနင်းကိုစီးလျက် နေရာမြင့်၌ထိုင်ကာ ဦးခေါင်းခြုံပြီးလျှင် "ရဟန်း တရားကို ရွတ်ဆိုတော်မူပါလော့" ဟု ဤသို့ဆိုသောကြောင့်သာ ဖြစ်၏၊ ထိုအသျှင်တို့သည် တရားကို လေးစားကုန်၏၊ တရားကို ရိုသေခြင်း ရှိကုန်၏ဟု ဆို၏၊ လုလင်ငယ် သို့ဖြစ်လျှင် သင်သည် ငါ၏စကားဖြင့် ရဟန်းဥဒါယီကို နက်ဖြန်အလို့ငှါ ဆွမ်းဖြင့် ဖိတ်ချေဦးလော့ ဟု ဆို၏၊ "အရှင်မ ကောင်းပါပြီ"ဟု ထိုလုလင်ငယ်သည် ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမအား ပြောကြားပြီးလျှင် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီအား—"အသျှင်ဥဒါယီသည် အကျွန်ုပ်တို့၏ ဆရာကတော် ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမ၏ နက်ဖြန်အလို့ငှါ ဖိတ်အပ်သောဆွမ်းကို လက်ခံတော်မူပါလော့"ဟု လျှောက်ထား၏၊ အသျှင်ဥဒါယီသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် အသျှင်ဥဒါယီသည် ထိုညဉ့်လွန်သဖြင့် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူလျက် ဝေရဟစ္စာနိအနွယ်ပုဏ္ဏေးမ၏အိမ်သို့ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေ၏၊ ထိုအခါ ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမသည် အသျှင်ဥဒါယီကို မွန်မြတ်သောခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ အသျှင်ဥဒါယီသည် ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမသည် ခြေနင်းကိုချွတ်လျက် နေရာနိမ့်၌ထိုင်ကာ ဦးခေါင်းဖွင့်ပြီးလျှင် "အသျှင်ဘုရား ရဟန္တာတို့သည် အဘယ်တရားရှိသော် ချမ်းသာဆင်းရဲကို ပညတ်ပါကုန်သနည်း၊ အဘယ်တရားမရှိသော် ချမ်းသာဆင်းရဲကို မပညတ်ပါကုန်သနည်း"ဟု လျှောက်၏။ နှမ မျက်စိရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို ပညတ်ကုန်၏၊ မျက်စိမရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို မပညတ်ကုန်။ပ။ လျှာရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို ပညတ်ကုန်၏၊ လျှာမရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို မပညတ်ကုန်။ပ။ စိတ်ရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို ပညတ်ကုန်၏၊ စိတ်မရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို မပညတ်ကုန်ဟု မိန့်ဆို၏။

ဤသို့ဟောတော်မူသော် ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမသည် အသျှင်ဥဒါယီအား ဤစကားကို လျှောက်ထား၏ “အသျှင်ဘုရား အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဘုရား မှောက်ထားအပ်သောဝတ္ထုကို လှန်ပြဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားအပ် သောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ ၎င်း ‘မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်’ ဟု အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူ အသျှင်ဥဒါယီသည် အကြောင်းအမျိုးမျိုးဖြင့် တရားကိုပြတော်မူပါပေ၏၊ အသျှင်ဥဒါယီ ထိုတပည့်တော်မသည် ထိုမြတ်စွာဘုရားကို၎င်း တရား တော်ကို၎င်း ရဟန်းသံဃာတော်ကို၎င်း ဆည်းကပ်ခြင်းသို့ ရောက်ပါ၏၊ အသျှင်ဥဒါယီသည် တပည့်တော်မကို ယနေ့မှစ၍ အသက်ထက်ဆုံး ဆည်းကပ်ခြင်းသို့ရောက်သော ဥပါသိကာမ”ဟု အမှတ်ပြုတော်မူပါဟု လျှောက်၏။

ဒသမသုတ်။

သုံးခုမြောက် ဂဟပတိဝဂ် ပြီး၏။

---

## (၁၄) ၄-ဒေဝဒဟဝဂ် ၁-ဒေဝဒဟသုတ်

၁၃၄။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ဒေဝဒဟမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏— ရဟန်းတို့ ရဟန်းအားလုံးတို့သည်ပင် တွေ့ထိမှု၏တည်ရာ ‘ဖဿာယတန’ခြောက်မျိုးတို့၌ မမေ့မ လျော့ပြုရမည်ဟု ငါမဆို၊ ရဟန်းအားလုံးတို့သည်ပင် တွေ့ထိမှု၏တည်ရာ‘ဖဿာယတန’ခြောက်မျိုး တို့၌ မမေ့မလျော့ မပြုရဟုလည်း ငါမဆို။ ရဟန်းတို့ ရဟန္တာဖြစ်ကုန်သော အာသဝေါကုန်ခန်း ပြီးကုန်သော အကျင့်မြတ်ကို ကျင့်သုံးပြီးကုန်သော ပြုဖွယ်အားလုံးကို ပြုပြီးကုန်သော သံသရာ ဝန်ကို ချပြီးကုန်သော ကိုယ်ကျိုးစီးပွါးသို့ ရောက်ပြီးကုန်သော ကုန်ပြီးသော ဘဝနှောင်ကြိုး ရှိကုန် သော (ကိလေသာမှ) ကောင်းစွာလွတ်ပြီးကုန်သော ရဟန်းတို့သည် တွေ့ထိမှု၏တည်ရာ ‘ဖဿာ ယတန’ခြောက်မျိုးတို့၌ မမေ့မလျော့ပြုရမည် ဟု ငါမဆို။ ထိုသို့မဆိုခြင်းသည် အဘယ့်ကြောင့် နည်း၊ ထိုရဟန်းတို့အား မမေ့မလျော့ခြင်းသည် အဘယ်မှာရှိအံ့နည်း၊ ထိုရဟန်းတို့သည် မေ့လျော့ခြင်းငှါ မထိုက်ကုန်။ ရဟန်းတို့ ကျင့်ဆဲဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေး ကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ နိဗ္ဗာန်ကိုတောင့်တလျက် နေကုန်သော ရဟန်းတို့ သည်ကား တွေ့ထိမှု၏တည်ရာ ‘ဖဿာယတန’ခြောက်မျိုးတို့၌ မမေ့မလျော့ မပြုရဟု ငါမဆို။ ထိုသို့ မဆိုခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်နှလုံးမွေ့လျော်ဖွယ်လည်း ဖြစ်ကုန်သော စိတ်နှလုံး မမွေ့လျော်ဖွယ်လည်းဖြစ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ထိုအဆင်းတို့သည် ထိုရဟန်း၏ စိတ်ကို တွေ့၍တွေ့၍ သိမ်းကျုံးဆွဲဆောင်ကာ မတည် နိုင်ကုန်၊ စိတ်ကို မသိမ်းကျုံး မဆွဲဆောင်နိုင်ခြင်းကြောင့် မတွန့်တိုသော လုံ့လကို အားထုတ်အပ်၏၊ မေ့လျော့ခြင်းမရှိသော သတိသည် ထင်၏၊ ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်၏။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို မြင်သည်ဖြစ်၍ ထိုရဟန်းတို့အားသာ တွေ့ထိမှု၏တည်ရာ ‘ဖဿာယတန’ခြောက်မျိုးတို့၌ မမေ့မလျော့ ပြုရမည်ဟု ငါဆို၏။ပ။ ရဟန်းတို့ နှလုံးမွေ့လျော်ဖွယ်လည်းဖြစ်ကုန်သော နှလုံးမမွေ့

လျော်ဖွယ်လည်းဖြစ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားတို့သည် ထိုရဟန်း၏စိတ်ကို တွေ့၍တွေ့၍ သိမ်းကျုံးဆွဲဆောင်ကာ မတည်နိုင်ကုန်၊ စိတ်ကို မသိမ်းကျုံး မဆွဲဆောင်နိုင်ခြင်းကြောင့် မတွန့်ဝိုသော လုံ့လကို အားထုတ်အပ်၏၊ မေ့လျော့ခြင်းမရှိသော သတိသည် ထင်၏၊ ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်၏။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို မြင်သည်ဖြစ်၍ ထိုရဟန်းတို့သည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်မျိုးတို့၌ မမေ့မလျော့ ပြုရမည်ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယသုတ်

၁၃၅။ ရဟန်းတို့ သင်တို့သည် အရတော်ကြကုန်၏၊ ရဟန်းတို့ သင်တို့သည် ကောင်းစွာ ရအပ်ကုန်၏၊ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှါ အခွင့်ကို ရအပ်၏။ ရဟန်းတို့ တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်မျိုး ရှိသော 'ဆဖဿာယတနိက' ငရဲတို့ကို ငါဘုရား မြင်အပ်ကုန်၏၊ ထိုငရဲ၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်သော် မလိုလားအပ်သော သဘောကိုသာ မြင်၏၊ လိုလားအပ်သော သဘောကို မမြင်၊ မနှစ်သက်အပ်သော သဘောကိုသာ မြင်၏၊ နှစ်သက်အပ်သော သဘောကို မမြင်၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောကိုသာ မြင်၏၊ စိတ်နှလုံးကို ပွါးစေတတ်သော သဘောကို မမြင်။ နားဖြင့် အသံအားလုံးကို နားထောင်သည် ရှိသော်။ပ။ နှာခေါင်းဖြင့် အနံ့အားလုံးကို နမ်းရှုသည်ရှိသော်။ လျှာဖြင့် အရသာအားလုံးကို လျက်သည်ရှိသော်။ ကိုယ်ဖြင့် အတွေ့အထိ အားလုံးကို တွေ့ထိသည်ရှိသော်။ စိတ်ဖြင့် သဘောတရား အားလုံးကို သိသည်ရှိသော် မလိုလားအပ်သော သဘောကိုသာ သိ၏၊ လိုလားအပ်သော သဘောကို မသိ၊ မနှစ်သက်အပ်သော သဘောကိုသာ သိ၏၊ နှစ်သက်အပ်သော သဘောကို မသိ၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောကိုသာ သိ၏၊ စိတ်နှလုံးကို ပွါးစေတတ်သော သဘောကို မသိ။ ရဟန်းတို့ သင်တို့သည် အရတော်ကုန်၏၊ ရဟန်းတို့ သင်တို့သည် ကောင်းစွာ ရအပ်ကုန်၏။ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှါ အခွင့်ကို ရအပ်၏။ ရဟန်းတို့ တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်မျိုးရှိသော 'ဆဖဿာယတနိက' နတ်ပြည်တို့ကို ငါဘုရား မြင်အပ်ကုန်၏၊ ထိုနတ်ပြည်တို့၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်သည်ရှိသော် လိုလားအပ်သော သဘောကိုသာ မြင်၏၊ မလိုလားအပ်သော သဘောကို မမြင်၊ နှစ်သက်အပ်သော သဘောကိုသာ မြင်၏၊ မနှစ်သက်အပ်သော သဘောကို မမြင်၊ စိတ်နှလုံးကို ပွါးစေတတ်သော သဘောကိုသာ မြင်၏၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောကို မမြင်။ပ။ လျှာဖြင့် အရသာအားလုံးကို လျက်သည်ရှိသော်။ပ။ စိတ်ဖြင့် သဘောတရားအားလုံးကို သိသည်ရှိသော် လိုလားအပ်သော သဘောကိုသာ သိ၏၊ မလိုလားအပ်သော သဘောကို မသိ၊ နှစ်သက်အပ်သော သဘောကိုသာ သိ၏၊ မနှစ်သက်အပ်သော သဘောကို မသိ၊ စိတ်နှလုံးကို ပွါးစေတတ်သော သဘောကိုသာ သိ၏၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောကို မသိ။ ရဟန်းတို့ သင်တို့သည် အရတော်ကုန်၏၊ ရဟန်းတို့ သင်တို့သည် ကောင်းစွာ ရအပ်ကုန်၏၊ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှါ အခွင့်ကို ရအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဌမ ရူပါရာမသုတ်

၁၃၆။ ရဟန်းတို့ နတ်လူတို့သည် အဆင်းလျှင် ပျော်မွေ့ရာရှိကုန်၏၊ အဆင်း၌ ပျော်ပိုက်ကုန်၏၊ အဆင်း၌ ဝမ်းမြောက်ကုန်၏၊ ရဟန်းတို့ နတ်လူတို့သည် အဆင်း၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်း ကြောင့် ဆင်းရဲစွာ နေရကုန်၏၊ ရဟန်းတို့ နတ်လူတို့သည် အသံလျှင် ပျော်မွေ့ရာရှိကုန်၏၊ အသံ၌ ပျော်ပိုက်ကုန်၏၊ အသံ၌ ဝမ်းမြောက်ကုန်၏။ ရဟန်းတို့ နတ်လူတို့သည် အသံ၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲစွာ နေရကုန်၏။ အနံ့လျှင် ပျော်မွေ့ရာရှိကုန်၏၊ အရသာလျှင် ပျော်မွေ့ရာရှိကုန်၏။ အတွေ့အထိလျှင် ပျော်မွေ့ရာ ရှိကုန်၏။ ရဟန်းတို့ နတ်လူတို့သည် သဘောတရားလျှင် ပျော်မွေ့ရာရှိကုန်၏၊ သဘောတရား၌ ပျော်ပိုက်ကုန်၏၊ သဘောတရား၌ ဝမ်းမြောက်ကုန်၏။ ရဟန်းတို့ နတ်လူတို့သည် သဘောတရား၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲစွာနေရကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား အဆင်းတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာသိသောကြောင့် အဆင်းလျှင် ပျော်မွေ့ရာ မရှိ၊ အဆင်း၌ ပျော်ပိုက်ခြင်း မရှိ၊ အဆင်း၌ ဝမ်းမြောက်ခြင်း မရှိ၊ ရဟန်းတို့ မြတ်စွာဘုရားသည် အဆင်း၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ချမ်းသာစွာ နေရ၏။ အသံတို့၏။ အနံ့တို့၏။ အရသာတို့၏။ အတွေ့အထိတို့၏။ သဘောတရားတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိသောကြောင့် သဘောတရားလျှင် ပျော်မွေ့ရာ မရှိ၊ သဘောတရား၌ ပျော်ပိုက်ခြင်း မရှိ၊ သဘောတရား၌ ဝမ်းမြောက်ခြင်း မရှိ။ ရဟန်းတို့ မြတ်စွာဘုရားသည် သဘောတရားတို့၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ချမ်းသာစွာနေရ၏ဟု (မိန့်တော်မူ၏)။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးနောက် လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူပြန်၏—

အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော အကြင်မျှလောက်သော အဆင်း အသံ အနံ့ အရသာ အတွေ့အထိ သဘောတရားအားလုံးတို့သည် ရှိကုန်၏ဟု ဆိုအပ်၏။

ထိုအာရုံတို့ကို နတ်နှင့်တကွသော လူအပေါင်းသည် ချမ်းသာ 'သုခ' ဟု သမုတ်အပ်ကုန်၏၊ ထိုအာရုံတို့ ချုပ်ရာကို ထိုနတ်နှင့်တကွသော လူတို့သည် ဆင်းရဲ 'ဒုက္ခ' ဟု သမုတ်အပ်၏။

အရိယာတို့သည် သက္ကာယချုပ်ခြင်းကို ချမ်းသာဟု မြင်အပ်၏၊ ချမ်းသာဟု မြင်သော ပညာရှိတို့၏ ဤမြင်မှုသည် တလောကလုံးနှင့် ဆန့်ကျင်၏။

သူတပါးတို့ ချမ်းသာဟု ဆိုအပ်သော အရာကို အရိယာတို့သည် ဆင်းရဲ၏ဟု ဆိုကုန်၏၊ သူတပါးတို့ ဆင်းရဲဟုဆိုအပ်သော အရာကို အရိယာတို့သည် ချမ်းသာဟု သိကုန်၏။

သိနိုင်ခဲသောတရားကို ရှုစမ်းပါလော့၊ ဤနိဗ္ဗာန်တရား၌ ပညာမဲ့သူတို့သည် တွေဝေကုန်၏၊ ကိလေသာပိတ်ဖုံးအပ်ကုန်သောသူတို့အား အမိုက်တိုက်ဖြစ်နေ၏၊ မမြင်နိုင်သူ ပညာမဲ့သူတို့အား အမိုက်မှောင်ဖြစ်နေ၏။

ပညာရှိကုန်သော သူတော်ကောင်းတို့အား နိဗ္ဗာန်သည် အလင်းရောင်ကဲ့သို့ ပွင့်နေ၏၊ သစ္စာလေးပါးတရား၌ မလိမ္မာကုန်သောသူတို့သည် နိဗ္ဗာန်တရားကို မသိနိုင်ကုန်။

ဘဝတို့၌ စွဲမက်သောတဏှာသည် နှိပ်စက်အပ်ကုန်သော ဘဝတို့၌ စွဲမက်သော တဏှာသို့ အစဉ်လိုက်ကုန်သော မာရ်၏နိုင်ငံသို့ ရောက်ကုန်သောသူတို့သည် ဤတရားကို အလွယ်တကူ မသိနိုင်ကုန်။

အရိယာပုဂ္ဂိုလ်တို့ကို ချန်ထား၍ အဘယ်သူသည် နိဗ္ဗာန်ကို ကောင်းစွာ သိခြင်းငှါ ထိုက်ပါအံ့နည်း၊ အရိယာတို့သည် ယင်းနိဗ္ဗာန်ကို ကောင်းစွာသိ၍ အာသဝေါကင်းကုန်လျက် ပရိနိဗ္ဗာန်ပြုကုန်၏။

တတိယသုတ်။

## ၄-ဒုတိယ ရူပါရာမသုတ်

၁၃၇။ ရဟန်းတို့ နတ်လူတို့သည် အဆင်းလျှင် ပျော်မွေ့ရာ ရှိကုန်၏၊ အဆင်း၌ ပျော်ပိုက်ကုန်၏၊ အဆင်း၌ ဝမ်းမြောက်ကုန်၏၊ ရဟန်းတို့ နတ်လူတို့သည် အဆင်း၏ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲစွာနေရကုန်၏။ အသံလျှင် ပျော်မွေ့ရာ ရှိကုန်၏။ အနံ့လျှင် ပျော်မွေ့ရာ ရှိကုန်၏။ အရသာလျှင် ပျော်မွေ့ရာ ရှိကုန်၏။ အတွေ့အထိလျှင် ပျော်မွေ့ရာ ရှိကုန်၏။ ရဟန်းတို့ နတ်လူတို့သည် သဘောတရားလျှင် ပျော်မွေ့ရာ ရှိကုန်၏၊ သဘောတရား၌ ပျော်ပိုက်ကုန်၏၊ သဘောတရား၌ ဝမ်းမြောက်ကုန်၏။ ရဟန်းတို့ နတ်လူတို့သည် သဘောတရား၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲစွာ နေရကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် အဆင်းတို့၏ဖြစ်ခြင်းကို၎င်း ချုပ်ခြင်းကို၎င်း သာယာဖွယ်ကို၎င်း အပြစ်ကို၎င်း ထွက်မြောက်ရာကို၎င်း ဟုတ်တိုင်းမှန်စွာ သိသောကြောင့် အဆင်းလျှင် ပျော်မွေ့ရာ မရှိ၊ အဆင်း၌ မပျော်ပိုက်၊ အဆင်း၌ ဝမ်းမမြောက်။ ရဟန်းတို့ မြတ်စွာဘုရားသည် အဆင်း၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ချမ်းသာစွာ နေရ၏။ အသံတို့၏။ အနံ့တို့၏။ အရသာတို့၏။ အတွေ့အထိတို့၏။ သဘောတရားတို့၏ ဖြစ်ခြင်းကို၎င်း ချုပ်ခြင်းကို၎င်း သာယာဖွယ်ကို၎င်း အပြစ်ကို၎င်း ထွက်မြောက်ရာကို၎င်း ဟုတ်တိုင်းမှန်စွာသိသောကြောင့် သဘောတရားလျှင် ပျော်မွေ့ရာ မရှိ၊ သဘောတရား၌ မပျော်ပိုက်၊ သဘောတရား၌ ဝမ်းမမြောက်။ ရဟန်းတို့ မြတ်စွာဘုရားသည် သဘောတရား၏ ဖောက်ပြန်ခြင်း ကင်းပြတ် ချုပ်ငြိမ်းခြင်းကြောင့် ချမ်းသာစွာ နေရ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဌမ နတုမှာကသုတ်

၁၃၈။ ရဟန်းတို့ အကြင်တရားသည် သင်တို့၏ ဥစ္စာမဟုတ်၊ သင်တို့၏ ဥစ္စာမဟုတ်သော ထိုတရားကို ပယ်ကြကုန်လော့၊ ထိုတရားကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ

ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ မျက်စိသည် သင်တို့၏ ဥစ္စာမဟုတ်၊ သင်တို့၏ ဥစ္စာမဟုတ်သော ထိုမျက်စိကို ပယ်ကြကုန်လော့၊ ထိုမျက်စိကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ပ။ လျှာသည် သင်တို့၏ ဥစ္စာမဟုတ်၊ သင်တို့၏ ဥစ္စာမဟုတ်သော ထိုလျှာကို ပယ်ကြကုန်လော့၊ ထိုလျှာကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ပ။ စိတ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ သင်တို့၏ ဥစ္စာမဟုတ်သော ထိုစိတ်ကို ပယ်ကြကုန်လော့၊ ထိုစိတ်ကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ ဥပမာသော်ကား ဤဇေတဝန်ကျောင်းတိုက်၌ မြက် ထင်း သစ်ခက် သစ်ရွက်ကို လူအပေါင်းသည် ယူဆောင်သွားသော်၎င်း မီးရှို့သော်၎င်း အလိုရှိတိုင်းပြုသော်၎င်း သင်တို့အား ငါတို့ကို လူအပေါင်းသည် ယူဆောင်သွား၏ဟု သော်၎င်း မီးရှို့၏ဟု သော်၎င်း အလိုရှိတိုင်း ပြု၏ဟု သော်၎င်း ဤသို့ဖြစ်ရာသလော။ မဖြစ်ရာပါ အသျှင်ဘုရား။ အဘယ့်ကြောင့်ဆိုသော် အသျှင်ဘုရား ဤမြက်စသော အရာသည် တပည့်တော်တို့၏ကိုယ်သည်၎င်း ကိုယ်ပိုင်ဥစ္စာသည်၎င်း မဟုတ်သောကြောင့်ပါတည်း။ ရဟန်းတို့ ဤအတူ မျက်စိသည် သင်တို့၏ဥစ္စာမဟုတ်၊ သင်တို့၏ ဥစ္စာမဟုတ်သော ထိုမျက်စိကို ပယ်ကြကုန်လော့၊ ထိုမျက်စိကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ လျှာသည် သင်တို့၏ဥစ္စာမဟုတ်၊ သင်တို့၏ဥစ္စာ မဟုတ်သော ထိုလျှာကို ပယ်ကြကုန်လော့၊ ထိုလျှာကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ စိတ်သည် သင်တို့၏ဥစ္စာမဟုတ်၊ သင်တို့၏ဥစ္စာ မဟုတ်သော ထိုစိတ်ကို ပယ်ကြကုန်လော့၊ ထိုစိတ်ကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ နတုမှာကသုတ်

၁၃၉။ ရဟန်းတို့ အကြင်တရားသည် သင်တို့၏ဥစ္စာမဟုတ်၊ သင်တို့၏ဥစ္စာမဟုတ်သော ထိုတရားကို ပယ်ကြကုန်လော့၊ ထိုတရားကို ပယ်အပ်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ သင်တို့၏ ဥစ္စာမဟုတ်သော တရားဟူသည် အဘယ်နည်း။ ရဟန်းတို့ အဆင်းတို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ သင်တို့၏ ဥစ္စာမဟုတ်သော ထိုအဆင်းတို့ကို ပယ်ကြကုန်လော့၊ ထိုအဆင်းတို့ကို ပယ်အပ်ကုန်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်လတ္တံ့။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် သင်တို့၏ဥစ္စာမဟုတ်ကုန်၊ သင်တို့၏ဥစ္စာမဟုတ်သော ထိုသဘောတရားတို့ကို ပယ်ကြကုန်လော့၊ ထိုသဘောတရားတို့ကို ပယ်အပ်ကုန်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ ဥပမာသော်ကား ဤဇေတဝန်ကျောင်းတိုက်၌ မြက် ထင်း။ပ။ ရဟန်းတို့ ဤအတူ သဘောတရားတို့သည် သင်တို့၏ဥစ္စာမဟုတ်ကုန်၊ ထိုသဘောတရားတို့ကို ပယ်ကြကုန်လော့၊ ထိုသဘောတရားတို့ကို ပယ်အပ်ကုန်သည်ရှိသော် သင်တို့အား စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၇-အဇ္ဈတ္တာနိစ္စဟေတုသုတ်

၁၄၁။ ရဟန်းတို့ မျက်စိသည် မမြဲ၊ မျက်စိဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း မမြဲ။ ရဟန်းတို့ မမြဲသောအကြောင်း အထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော မျက်စိသည် အဘယ်မှာမြဲလိမ့်မည်နည်း။ပ။ လျှာသည် မမြဲ၊ လျှာဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း မမြဲ။ ရဟန်းတို့ မမြဲသော အကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော လျှာသည် အဘယ်မှာ မြဲလိမ့်မည်နည်း။ပ။ စိတ်သည် မမြဲ၊ စိတ်ဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း မမြဲ။ ရဟန်းတို့ မမြဲသောအကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော စိတ်သည် အဘယ်မှာ မြဲလိမ့်မည်နည်း။ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ပ။ လျှာ၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အဇ္ဈတ္တဒုက္ခဟေတုသုတ်

၁၄၁။ ရဟန်းတို့ မျက်စိသည် ဆင်းရဲ၏၊ မျက်စိဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း ဆင်းရဲ၏။ ရဟန်းတို့ ဆင်းရဲသော အကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော မျက်စိသည် အဘယ်မှာ ချမ်းသာလိမ့်မည်နည်း။ပ။ လျှာသည် ဆင်းရဲ၏၊ လျှာဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း ဆင်းရဲ၏။ ရဟန်းတို့ ဆင်းရဲသောအကြောင်းအထောက်အပံ့ကြောင့်ဖြစ်ပေါ်လာသော စိတ်သည် အဘယ်မှာ ချမ်းသာလိမ့်မည်နည်း။ပ။ စိတ်သည် ဆင်းရဲ၏၊ စိတ်ဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း ဆင်းရဲ၏။ ရဟန်းတို့ ဆင်းရဲသော အကြောင်းအထောက်အပံ့ကြောင့်ဖြစ်ပေါ်လာသော စိတ်သည် အဘယ်မှာ ချမ်းသာလိမ့်မည်နည်း။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု သိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အဇ္ဈတ္တာနတ္တဟေတုသုတ်

၁၄၂။ ရဟန်းတို့ မျက်စိသည် အတ္တမဟုတ်၊ မျက်စိဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း အတ္တမဟုတ်။ ရဟန်းတို့ အတ္တမဟုတ်သောအကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော မျက်စိသည် အဘယ်မှာ အတ္တဖြစ်လိမ့်မည်နည်း။ပ။ လျှာသည် အတ္တမဟုတ်၊ လျှာဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း အထောက်အပံ့သည်လည်း အတ္တမဟုတ်။ ရဟန်းတို့ အတ္တမဟုတ်သောအကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော လျှာသည် အဘယ်မှာ အတ္တဖြစ်လိမ့်မည်နည်း။ပ။ စိတ်သည် အတ္တမဟုတ်၊ စိတ်ဖြစ်ပေါ်ခြင်း၏အကြောင်း

သည်၎င်း အထောက်အပံ့သည်၎င်း အတ္တမဟုတ်။ ရဟန်းတို့ အတ္တမဟုတ်သောအကြောင်း အထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသောစိတ်သည် အဘယ်မှာ အတ္တဖြစ်လိမ့်မည်နည်း၊ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဗာဟိရာနိစ္စဟေတုသုတ်

၁၄၃။ ရဟန်းတို့ အဆင်းတို့သည် မမြဲကုန်၊ အဆင်းတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းသည်၎င်း အထောက်အပံ့သည်၎င်း မမြဲ၊ မမြဲသောအကြောင်းအထောက်အပံ့ကြောင့်ဖြစ်ပေါ်လာသည့် အဆင်းတို့သည် အဘယ်မှာ မြဲကုန်လိမ့်မည်နည်း။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။သဘောတရားတို့သည် မမြဲကုန်၊သဘောတရားတို့ဖြစ်ပေါ်ခြင်း၏အကြောင်း သည်၎င်း အထောက်အပံ့သည်၎င်း မမြဲ။ ရဟန်းတို့ မမြဲသော အကြောင်း အထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသည့် သဘောတရားတို့သည် အဘယ်မှာ မြဲကုန်လိမ့်မည်နည်း၊ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-ဗာဟိရဒုက္ခဟေတုသုတ်

၁၄၄။ ရဟန်းတို့ အဆင်းတို့သည် ဆင်းရဲကုန်၏၊ အဆင်းတို့ ဖြစ်ပေါ်ခြင်း၏အကြောင်း သည်၎င်း အထောက်အပံ့သည်၎င်း ဆင်းရဲ၏၊ ရဟန်းတို့ ဆင်းရဲသော အကြောင်းအထောက်အပံ့ ကြောင့် ဖြစ်ပေါ်လာသည့် အဆင်းတို့သည် အဘယ်မှာ ချမ်းသာကုန်လိမ့်မည်နည်း။အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် ဆင်းရဲကုန်၏၊ သဘောတရားတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းသည်၎င်း အထောက်အပံ့သည်၎င်း ဆင်းရဲ၏။ ရဟန်းတို့ ဆင်းရဲသော အကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသည့် သဘောတရား တို့သည် အဘယ်မှာ ချမ်းသာကုန်လိမ့်မည်နည်း။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

---

## ၁၂-ဗာဟိရာနတ္တဟေတုသုတ်

၁၄၅။ ရဟန်းတို့ အဆင်းတို့သည် အတ္တမဟုတ်ကုန်၊ အဆင်းတို့ဖြစ်ပေါ်ခြင်း၏ အကြောင်း သည်၎င်း အထောက်အပံ့သည်၎င်း အတ္တမဟုတ်။ ရဟန်းတို့ အတ္တမဟုတ်သော အကြောင်း

အထောက်အပံ့ကြောင့်ဖြစ်ပေါ်လာသည့် အဆင်းတို့သည် အဘယ်မှာ အတ္တဖြစ်ကုန်လိမ့်မည်နည်း။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် အတ္တမဟုတ်ကုန်၊ သဘောတရားတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းသည်ငှင်း အထောက်အပံ့သည်ငှင်း အတ္တမဟုတ်။ ရဟန်းတို့ အတ္တမဟုတ်သော အကြောင်း အထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသည့် သဘောတရားတို့သည် အဘယ်မှာ အတ္တ ဖြစ်ကုန်လိမ့်မည်နည်း။

ရဟန်းတို့ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အဆင်းတို့၌လည်း ငြီးငွေ့၏၊ အသံတို့၌လည်း။ အနံ့တို့၌လည်း။ အရသာတို့၌လည်း။ အတွေ့အထိတို့၌လည်း။ သဘောတရားတို့၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

လေးခုမြောက် ဒေဝဒဟဝဂ် ပြီး၏။

---

## (၁၅) ၅-နဝပုရာဏဝဂ် ၁-ကမ္မနိရောဓသုတ်

၁၄၆။ ရဟန်းတို့ အသစ်အဟောင်းဖြစ်သောကံတို့ကိုငှင်း ကံ၏ချုပ်ရာကိုငှင်း ကံ၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုငှင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့။ ရဟန်းတို့ အဘယ်သည် ကံဟောင်းမည်သနည်း၊ ရဟန်းတို့ မျက်စိသည် ကံဟောင်းမည်၏၊ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှု၏အကြောင်းဟု ရှုရမည်။ပ။လျှာသည် ကံဟောင်းမည်၏။ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှု၏အကြောင်းဟု ရှုရမည်။ပ။စိတ်သည် ကံဟောင်းမည်၏၊ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှု၏အကြောင်းဟု ရှုရမည်။ ရဟန်းတို့ ဤ(အလုံးစုံ)ကို ကံဟောင်းဟု ဆိုအပ်၏။ ရဟန်းတို့ အဘယ်သည် ကံသစ်မည်သနည်း၊ ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ အကြင် (တစုံတခု) အမှုကို ကိုယ်ဖြင့်ငှင်း နှုတ်ဖြင့်ငှင်း စိတ်ဖြင့်ငှင်း ပြု၏။ ရဟန်းတို့ ကိုယ်နှုတ်စိတ်ဖြင့် ယခုပြုအပ်သော ဤအမှုကို ကံသစ်ဟု ဆိုအပ်၏။ ရဟန်းတို့ အဘယ်သည် ကံ၏ချုပ်ရာမည်သနည်း။ ရဟန်းတို့ အကြင် နိဗ္ဗာန်သည် ကာယကံ ဝစီကံ မနောကံ၏ ချုပ်ခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်မှု အရဟတ္တဖိုလ်သို့ အာရုံ၏အဖြစ်ဖြင့် ရောက်၏။ ရဟန်းတို့ ဤ နိဗ္ဗာန်ကို ကံ၏ချုပ်ရာဟု ဆိုအပ်၏။ ရဟန်းတို့ အဘယ်သည် ကံ၏ချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်သနည်း။ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာမြင်ခြင်း မှန်ကန်စွာကြံခြင်း မှန်ကန်စွာဆိုခြင်း မှန်ကန်စွာပြုလုပ်ခြင်း မှန်ကန်စွာအသက်မွေးခြင်း မှန်ကန်စွာအားထုတ်ခြင်း မှန်ကန်စွာ အောက်မေ့ခြင်း မှန်ကန်စွာ တည်ကြည်ခြင်းတည်း။ ရဟန်းတို့ ဤမဂ်ကို ကံချုပ်ရာသို့ရောက်ကြောင်း အကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤသို့လျှင် ငါသည် ကံဟောင်းကို ဟောအပ်ပြီ၊ ကံသစ်ကို ဟောအပ်ပြီ၊ ကံ၏ချုပ်ရာကို ဟောအပ်ပြီ၊ ကံချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို ဟောအပ်ပြီ။ ရဟန်းတို့ တပည့်သာဝကတို့၏

အစီးအပွါးကို လိုလားသော သနားတတ်သော ဆရာဖြစ်သော ငါသည် သနားခြင်းကို စွဲ၍ သင်တို့အတွက် ပြုသင့်သည်ကို ပြုအပ်ပြီ။ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာ ကျောင်းတို့တည်း။ ရဟန်းတို့ (ကိလေသာကို) ရှို့မြိုက်ကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောင်အခါ နှလုံးမသာယာ မဖြစ်ကြကုန်လင့်၊ ဤသည်လျှင် သင်တို့အတွက် ငါတို့၏ အဆုံးအမတည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-အနိစ္စနိဗ္ဗာနသပ္ပါယသုတ်

၁၄၇။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော အကျင့်ကို သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ပ။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော ထိုအကျင့်သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိသည် မမြဲဟု ရှု၏၊ အဆင်းတို့သည် မမြဲကုန်ဟု ရှု၏၊ စက္ခုဝိညာဏ်သည် မမြဲဟု ရှု၏၊ စက္ခုသမ္ဖဿသည် မမြဲဟု ရှု၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ရှု၏။ပ။ လျှာသည် မမြဲဟု ရှု၏၊ အရသာတို့သည် မမြဲကုန်ဟု ရှု၏၊ ဇိဝှါဝိညာဏ်သည် မမြဲဟု ရှု၏၊ ဇိဝှါသမ္ဖဿသည် မမြဲဟု ရှု၏၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲဟု ရှု၏။ပ။ စိတ်သည် မမြဲဟု ရှု၏၊ သဘောတရားတို့သည် မမြဲကုန်ဟု ရှု၏၊ မနောဝိညာဏ်သည် မမြဲဟုရှု၏၊ မနောသမ္ဖဿသည် မမြဲဟု ရှု၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲဟု ရှု၏။ ရဟန်းတို့ ဤသည်လျှင် နိဗ္ဗာန်အား လျော်ကပ်သော အကျင့်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဒုက္ခနိဗ္ဗာနသပ္ပါယသုတ်

၁၄၈။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သောအကျင့်ကို သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ပ။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော ထိုအကျင့်သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိသည် ဆင်းရဲဟု ရှု၏၊ အဆင်းတို့သည် ဆင်းရဲကုန်၏ဟု ရှု၏၊ စက္ခုဝိညာဏ်သည် ဆင်းရဲဟု ရှု၏၊ စက္ခုသမ္ဖဿသည် ဆင်းရဲဟု ရှု၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း ဆင်းရဲဟု ရှု၏။ပ။ လျှာသည် ဆင်းရဲဟု ရှု၏။ပ။ စိတ်သည် ဆင်းရဲဟု ရှု၏၊ သဘောတရားတို့သည် ဆင်းရဲကုန်၏ဟု ရှု၏၊ မနောဝိညာဏ်သည် ဆင်းရဲဟု ရှု၏၊ မနောသမ္ဖဿသည် ဆင်းရဲဟု ရှု၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့်

ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း ဆင်းရဲဟု ရှု၏။ ရဟန်းတို့ ဤသည်လျှင် နိဗ္ဗာန်အား လျော်ကပ်သော အကျင့်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အနတ္တနိဗ္ဗာနသပ္ပါယသုတ်

၁၄၉။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော အကျင့်ကို သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ပ။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော ထိုအကျင့်သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိသည် အတ္တ မဟုတ်ဟု ရှု၏၊ အဆင်းတို့သည် အတ္တ မဟုတ်ကုန်ဟု ရှု၏၊ စက္ခုဝိညာဏ်သည် အတ္တ မဟုတ်ဟု ရှု၏၊ စက္ခုသမ္ဖဿသည် အတ္တ မဟုတ်ဟု ရှု၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း အတ္တ မဟုတ်ဟု ရှု၏။ပ။ စိတ်သည် အတ္တ မဟုတ်ဟု ရှု၏၊ သဘောတရားတို့သည် အတ္တ မဟုတ်ကုန်ဟု ရှု၏၊ မနောဝိညာဏ်သည် အတ္တ မဟုတ်ဟု ရှု၏၊ မနောသမ္ဖဿသည် အတ္တ မဟုတ်ဟု ရှု၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခဥပေက္ခာ ဝေဒနာသည်လည်း အတ္တ မဟုတ်ဟု ရှု၏။ ရဟန်းတို့ ဤသည်လျှင် နိဗ္ဗာန်အား လျော်ကပ်သော အကျင့်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-နိဗ္ဗာနသပ္ပါယပဋိပဒါသုတ်

၁၅၀။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော အကျင့်ကို သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ပ။ ရဟန်းတို့ နိဗ္ဗာန်အား လျော်ကပ်သော ထိုအကျင့်သည် အဘယ်နည်း။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ မျက်စိသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို ဤမျက်စိသည် ငါ၏ ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည်ငါ၏ အတ္တ တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အဆင်းတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မမြဲကုန်ပါ အသျှင်ဘုရား။ မမြဲသော အဆင်းသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ စက္ခုဝိညာဏ်သည်။ စက္ခုသမ္ဖဿသည်။ပ။မနောသမ္ဖဿဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝေဒနာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ၏ ဥစ္စာဖြစ်၏၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ အတ္တ တည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ရဟန်းတို့

ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏ ။ပ။ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏၊ ရဟန်းတို့ ဤသည်လျှင် နိဗ္ဗာန်အား လျောက်ပတ်သော အကျင့်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အန္တေဝါသိကသုတ်

၁၅၁။ ရဟန်းတို့ အတွင်းနေ တပည့်မရှိပဲ ဆရာမရှိပဲ ဤအကျင့်မြတ်ကို ကျင့်သုံးနေအပ်၏၊ ရဟန်းတို့ အတွင်းနေတပည့်ရှိသော ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲ နေရ၏၊ ရဟန်းတို့ အတွင်းနေတပည့်မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းချမ်းသာသာ နေရ၏။ ရဟန်းတို့ အဘယ်သို့လျှင် အတွင်းနေ တပည့်ရှိသော ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲ နေရသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌နေကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်သောကြောင့် အတွင်းနေ တပည့်ရှိသူဟု ဆိုအပ်၏။ အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်သောကြောင့် ဆရာရှိသူဟု ဆိုအပ်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား လျှာဖြင့် အရသာကို လျက်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ နေကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်သောကြောင့် အတွင်းနေတပည့်ရှိသူဟု ဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်သောကြောင့် ဆရာရှိသူဟု ဆိုအပ်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုအကုသိုလ် တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်သောကြောင့် အတွင်းနေတပည့်ရှိသူဟု ဆိုအပ်ကုန်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်သောကြောင့် ဆရာရှိသူဟု ဆိုအပ်၏။ ရဟန်းတို့ ဤသို့လျှင် အတွင်းနေတပည့်ရှိသော ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲ နေရ၏။

ရဟန်းတို့ အဘယ်သို့လျှင် အတွင်းနေတပည့်မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းချမ်း သာသာ နေရသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် မဖြစ်ကုန်၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ မနေကုန်၊ ယုတ်ညံ့ သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ မနေကုန်သောကြောင့် အတွင်းနေတပည့် မရှိသူဟု ဆိုအပ်၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို မလွှမ်းမိုးကုန်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို မလွှမ်းမိုးကုန်သောကြောင့် ဆရာမရှိသူဟု ဆိုအပ်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား လျှာဖြင့် အရသာကို လျက်သော် ပြေးသွား ကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်း ဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် မဖြစ်ကုန်၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ မနေကုန်၊ ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ထိုရဟန်း၏ အတွင်း၌ မနေကုန်သောကြောင့် အတွင်းနေ တပည့်မရှိသူဟု ဆိုအပ် ၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို မလွှမ်းမိုးကုန်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို မလွှမ်းမိုးကုန်သောကြောင့် ဆရာမရှိသူဟု ဆိုအပ်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွား ကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် မဖြစ်ကုန်၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ မနေကုန်၊ ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ထိုရဟန်း၏အတွင်း၌ မနေကုန်သောကြောင့် အတွင်းနေတပည့်မရှိသူဟု ဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို မလွှမ်းမိုးကုန်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို မလွှမ်းမိုးကုန်သောကြောင့် ဆရာမရှိသူဟု ဆိုအပ်၏။ ရဟန်းတို့ ဤသို့လျှင် အတွင်း နေ တပည့်မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းချမ်းသာသာနေရ၏၊ ရဟန်းတို့ အတွင်း နေ တပည့်မရှိပဲ ဆရာမရှိပဲ ဤအကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ ရဟန်းတို့ အတွင်းနေ တပည့် ရှိသော ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲနေရ၏၊ ရဟန်းတို့ အတွင်းနေ တပည့်မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းချမ်းသာသာ နေရ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ကိမတ္ထိယပြဟ္မစရိယသုတ်

၁၅၂။ ရဟန်းတို့ သာသနာ့ ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ အဘယ်အကျိုးငှါ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံး အပ်သနည်း"ဟု သင်တို့အား မေးကုန်မူ ရဟန်းတို့ ဤသို့မေးအပ်ကုန်သည်ရှိသော် ထိုသာသနာ့ပြင်ပ အယူရှိကြသည့် များစွာ သော ပရိဗိုဇ်တို့အား "ငါ့သျှင်တို့ ဆင်းရဲကိုပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားထံ၌ အကျင့် မြတ်ကို ကျင့်သုံးအပ်၏"ဟု သင်တို့ ဖြေကုန်ရာ၏။ ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှါ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ ထိုဆင်းရဲကား အဘယ်နည်း"ဟု ဤသို့ သင်တို့အား မေးကုန်မူ ရဟန်းတို့ ဤသို့မေးအပ်ကုန်သည်ရှိသော် ထိုသာသနာ့ပြင်ပ အယူရှိကြသည့်များစွာသော ပရိဗိုဇ် တို့အား သင်တို့သည် ဤသို့ ဖြေကုန်ရာ၏—

ငါ့သျှင်တို့ မျက်စိသည် ဆင်းရဲတည်း၊ ထိုမျက်စိကို ပိုင်းခြား၍သိခြင်းငှါ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ အဆင်းတို့သည် ဆင်းရဲတို့တည်း၊ ထိုအဆင်းတို့ကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ စက္ခုဝိညာဏ်သည် ဆင်းရဲတည်း၊ ထိုစက္ခုဝိညာဏ်ကို ပိုင်းခြား၍သိခြင်းငှါ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ စက္ခုသမ္ဖဿသည် ဆင်းရဲတည်း၊ ထိုစက္ခုသမ္ဖဿကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း ဆင်းရဲတည်း၊ ထိုဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏ ။ပ။ လျှာသည် ဆင်းရဲတည်း။ပ။ စိတ်သည် ဆင်းရဲတည်း၊ ထိုစိတ်ကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ် လာသည့်ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း ဆင်းရဲတည်း၊ ထိုဆင်းရဲကို ပိုင်းခြား၍သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏။ ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ ထိုဆင်းရဲကား ဤသည်ပင်တည်း။ ရဟန်းတို့ ဤသို့မေးအပ်ကုန်သည်ရှိသော် ထိုသာသနာ့ပြင်ပ အယူရှိကြသည့် များစွာသော ပရိဗိုဇ်တို့အား သင်တို့သည် ဤသို့ ဖြေကုန်ရာ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အတ္ထိနုခေါပရိယာယသုတ်

၁၅၃။ ရဟန်းတို့ ရဟန်းသည် အကြင်အကြောင်းကိုစွဲ၍ ယုံကြည်စေမှုကို ဖယ်ထား၍ နှစ်သက်စေမှုကို ဖယ်ထား၍ တဆင့်ကြားကို ဖယ်ထား၍ အကြောင်းအရာ ကြံဆမှုကို ဖယ်ထား၍ မှားသောအယူ၌ နှစ်သက်မှုကို ဖယ်ထား၍ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏ ဟု အရဟတ္တဖိုလ်ကို ပြောကြားရာသော အကြောင်းသည် ရှိပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အမြန် အစရှိပါကုန်၏၊မြတ်စွာဘုရားသာ ရှေ့ဆောင်ရှိပါကုန်၏၊ မြတ်စွာဘုရားသာ ကိုးကွယ်ရာရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ထိုစကား၏ အနက်အဓိပ္ပါယ်သည် မြတ်စွာဘုရား၏ ဉာဏ်တော်၌သာ ထင်ပါစေလော့၊ မြတ်စွာဘုရား၏ အထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ ဟု(လျှောက်ကုန်၏)။ ရဟန်းတို့ သို့ဖြစ်လျှင် နားထောင်ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ရဟန်းသည် အကြင် အကြောင်းကို စွဲ၍ ယုံကြည်စေမှုကို ဖယ်ထား၍ နှစ်သက်စေမှုကို ဖယ်ထား၍ တဆင့်ကြားကို ဖယ်ထား၍ အကြောင်းအရာကြံဆမှုကို ဖယ်ထား၍ မှားသောအယူ၌ နှစ်သက်မှုကို ဖယ်ထား၍ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏ ဟု အရဟတ္တဖိုလ်ကို ပြောကြားရာသော အကြောင်းသည် ရှိ၏။

ရဟန်းတို့ ရဟန်းသည် အကြင်အကြောင်းကို စွဲ၍ ယုံကြည်စေမှုကို ဖယ်ထား၍။ပ။ မှားသော အယူ၌ နှစ်သက်မှုကို ဖယ်ထား၍ "ပဋိသန္ဓေ နေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏ဟု အရဟတ္တဖိုလ်ကို ပြောကြားရာသော အကြောင်းသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်သော် အတွင်းသန္တာန်၌ ထင်ရှားရှိသော တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ' ကိုလည်း ငါ၏ အတွင်းသန္တာန်၌ တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ' သည် ရှိ၏ဟု သိ၏။ အတွင်းသန္တာန်၌ ထင်ရှားမရှိသော တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ' ကိုလည်း ငါ၏ အတွင်း သန္တာန်၌ တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ'သည် မရှိဟု သိ၏။ရဟန်းတို့ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် အတွင်းသန္တာန်၌ ထင်ရှားရှိသော တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ' ကိုလည်း ငါ၏ အတွင်းသန္တာန်၌ တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ' သည် ရှိ၏ဟုသိ၏၊ အတွင်းသန္တာန်၌ ထင်ရှားမရှိသော တပ်မက်မှု အမျက်ထွက်မှု တွေဝေမှု 'ရာဂ ဒေါသ မောဟ' ကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟသည် မရှိဟု သိ၏။ ရဟန်းတို့ ဤတရားတို့ကို ယုံကြည်စေမှုဖြင့်လည်း သိအပ်ကုန်သလော၊ နှစ်သက်စေမှုဖြင့်လည်း သိအပ်ကုန်သလော၊ တဆင့်ကြားဖြင့်လည်း သိအပ်ကုန်သလော၊ အကြောင်းအရာ ကြံဆမှုဖြင့်လည်း သိအပ်ကုန်သလော၊ မှားသော အယူကို နှစ်သက်မှုဖြင့်လည်း သိအပ်ကုန်သလော။ မဟုတ်ပါ အသျှင်ဘုရား။ ရဟန်းတို့ ဤတရားတို့ကို ပညာဖြင့် မြင်၍ သိအပ်ကုန်သည် မဟုတ်လော။ မှန်ပါသည် အသျှင်ဘုရား။ ရဟန်းတို့ ရဟန်းသည် အကြင် အကြောင်းကို စွဲ၍ ယုံကြည်စေမှုကို ဖယ်ထား၍ နှစ်သက်စေမှုကို ဖယ်ထား၍ တဆင့်ကြားကို ဖယ်ထား၍ အကြောင်းအရာ ကြံဆမှုကို ဖယ်ထား၍ မှားသောအယူ နှစ်သက်မှုကို ဖယ်ထား၍ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု အရဟတ္တဖိုလ်ကို ပြောကြားရာသော ထို အကြောင်းကား ဤသည်ပင်တည်း။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် လျှာဖြင့် အရသာကို လျက်သော် အတွင်းသန္တာန်၌ ထင်ရှားရှိသော။ပ။ ရာဂဒေါသမောဟကို။ပ။ သိ၏။ အတွင်းသန္တာန်၌ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟ ကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟ သည် မရှိဟု သိ၏။ ရဟန်းတို့ ရဟန်းသည် လျှာဖြင့် အရသာကို လျက်၍ အတွင်း သန္တာန်၌ ထင်ရှား ရှိသော ရာဂ ဒေါသ မောဟ ကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟ သည်ရှိ၏ ဟု သိ၏၊ အတွင်း သန္တာန်၌ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟ ကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟသည် မရှိဟု သိ၏။ ရဟန်းတို့ ဤတရားတို့ကို ယုံကြည်စေမှုဖြင့်လည်း သိအပ်ကုန်သလော၊ နှစ်သက်စေမှုဖြင့်လည်း သိအပ်ကုန်သလော၊ တဆင့်ကြားဖြင့်လည်း သိအပ်ကုန်သလော၊ အကြောင်းအရာ ကြံဆမှုဖြင့်လည်း သိအပ်ကုန်သလော၊ မှားသောအယူကို နှစ်သက်မှုဖြင့်လည်း သိအပ်ကုန်သလော။ မဟုတ်ပါ အသျှင်ဘုရား။ ရဟန်းတို့ ဤတရားတို့ကို ပညာဖြင့်မြင်၍ သိအပ်ကုန်သည် မဟုတ်လော။ မှန်ပါသည် အသျှင်ဘုရား။ ရဟန်းတို့ ရဟန်းသည် အကြင်အကြောင်းကို စွဲ၍ ယုံကြည်စေမှုကို ဖယ်ထား၍ နှစ်သက်စေမှုကို ဖယ်ထား၍ တဆင့်ကြားကို ဖယ်ထား၍ အကြောင်းအရာကြံဆမှုကို ဖယ်ထား၍ မှားသောအယူ၌ နှစ်သက်မှုကို ဖယ်ထား၍ "ပဋိသန္ဓေ

နေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ”ဟု သိ၏ဟု အရဟတ္တဖိုလ်ကို ပြောကြားရသော အကြောင်းကား ဤသည်ပင်တည်း။ပ။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် စိတ်ဖြင့်သဘောတရားကိုသိသော် အတွင်းသန္တာန်၌ ထင်ရှားရှိသော ရာဂ ဒေါသ မောဟကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟသည် ရှိ၏ဟု သိ၏၊ အတွင်းသန္တာန်၌ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟသည် မရှိဟု သိ၏။ ရဟန်းတို့ ရဟန်းသည် စိတ်ဖြင့် သဘောတရားကို သိသော် အတွင်းသန္တာန်၌ ထင်ရှားရှိသော ရာဂ ဒေါသ မောဟကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂ ဒေါသ မောဟသည် ရှိ၏ဟု သိ၏၊ အတွင်းသန္တာန်၌ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟကိုလည်း ငါ၏ အတွင်းသန္တာန်၌ ရာဂဒေါသ မောဟသည် မရှိဟု သိ၏။ ရဟန်းတို့ ဤတရားတို့ကို ယုံကြည်စေမှုဖြင့်လည်း သိအပ်ကုန်သလော၊ နှစ်သက်စေမှုဖြင့်လည်း သိအပ်ကုန်သလော၊ တဆင့်ကြားဖြင့်လည်း သိအပ်ကုန်သလော၊ အကြောင်းအရာ ကြံဆမှုဖြင့်လည်း သိအပ်ကုန်သလော၊ မှားသောအယူကို နှစ်သက်မှုဖြင့်လည်း သိအပ်ကုန်သလော။ မဟုတ်ပါ အသျှင်ဘုရား။ ရဟန်းတို့ ဤတရားကို ပညာဖြင့်မြင်၍ သိအပ်ကုန်သည် မဟုတ်လော။ မှန်ပါသည် အသျှင်ဘုရား။ ရဟန်းတို့ ရဟန်းသည် အကြင်အကြောင်းကို အစွဲပြု၍ ယုံကြည်စေမှုကို ဖယ်ထား၍ နှစ်သက်စေမှုကို ဖယ်ထား၍ တဆင့်ကြားကို ဖယ်ထား၍ အကြောင်းအရာကြံဆမှုကို ဖယ်ထား၍ မှားသောအယူ၌ နှစ်သက်မှုကို ဖယ်ထား၍ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ”ဟု သိ၏ဟု အရဟတ္တဖိုလ်ကို ပြောကြားရသောအကြောင်းကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဣန္ဒြိယသမ္ပန္နသုတ်

၁၅၄။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—“အသျှင်ဘုရား ဣန္ဒြေနှင့်ပြည့်စုံသူ ဣန္ဒြေနှင့်ပြည့်စုံသူဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှလောက်သောအကြောင်းဖြင့် ဣန္ဒြေနှင့်ပြည့်စုံသူဖြစ်ပါသနည်း” ဟု ဤစကားကို လျှောက်၏။

ရဟန်းသည် စက္ခုန္ဒြေ၌ အဖြစ်အပျက်ကို အဖန်ဖန်ရှု၍နေခဲ့မူ စက္ခုန္ဒြေ၌ ငြီးငွေ့၏။ပ။ ရဟန်းသည် ဇိဝှိန္ဒြေ၌ အဖြစ်အပျက်ကို အဖန်ဖန်ရှုလျက် နေခဲ့မူ ဇိဝှိန္ဒြေ၌ ငြီးငွေ့၏။ပ။ ရဟန်းသည် မနိန္ဒြေ၌ အဖြစ်အပျက်ကို အဖန်ဖန်ရှုလျက် နေခဲ့မူ မနိန္ဒြေ၌ ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ပ။ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏၊ “ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ

တပါးသောပြုဖွယ် မရှိတော့ပြီ” ဟု သိ၏။ ရဟန်းသည် ဤမျှသော အကြောင်းဖြင့် ဝူနြေနှင့် ပြည့်စုံသူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဓမ္မကထိကပုစ္ဆသုတ်

၁၅၅။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား “အသျှင်ဘုရား ဓမ္မကထိကပုဂ္ဂိုလ် ဓမ္မကထိကပုဂ္ဂိုလ် ဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် ဓမ္မကထိက ပုဂ္ဂိုလ် ဖြစ်ပါသနည်း”ဟု ဤစကားကို လျှောက်၏။

ရဟန်းသည် မျက်စိကို ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ တရားကိုဟောခဲ့မူ ဓမ္မကထိကရဟန်း ဟု ဆိုခြင်းငှါ ထိုက်၏။ ရဟန်းသည် မျက်စိကို ငြီးငွေ့ခြင်းငှါ စွဲမက်မှု ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်သည်ဖြစ်ခဲ့မူ တရားတော်အား လျော်သော အကျင့်ကို ကျင့်သော ရဟန်းဟု ဆိုခြင်းငှါ ထိုက်၏။ ရဟန်းသည် မျက်စိကို ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ (ကိလေသာမှ) လွတ်မြောက်သည်ဖြစ်ခဲ့မူ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟုဆိုခြင်းငှါ ထိုက်၏။ပ။ ရဟန်းသည် လျှာကိုငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ တရားကိုဟောခဲ့မူ ဓမ္မကထိကရဟန်းဟု ဆိုခြင်းငှါ ထိုက်၏။ပ။ ရဟန်းသည် စိတ်ကို ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ တရားကို ဟောခဲ့မူ ဓမ္မကထိက ရဟန်းဟု ဆိုခြင်းငှါ ထိုက်၏။ ရဟန်းသည် စိတ်ကိုငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်သည် ဖြစ်ခဲ့မူ တရားတော်အား လျော်သောအကျင့်ကို ကျင့်သော ရဟန်းဟု ဆိုခြင်းငှါ ထိုက်၏။ ရဟန်းသည် စိတ်ကို ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလမ်းမူ၍ (ကိလေသာမှ) လွတ်မြောက်သည်ဖြစ်ခဲ့မူ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟု ဆိုခြင်းငှါ ထိုက်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် နဝပုရာဏဝဂ် ပြီး၏။

---

## (၁၆) ၁-နန္ဒိက္ခယဝဂ် ၁-အဇ္ဈတ္တနန္ဒိက္ခယသုတ်

၁၅၆။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော မျက်စိကို မမြဲဟုရှု၏၊ ထိုရဟန်း၏ ထိုသို့ရှုခြင်းသည် မှန်ကန်စွာမြင်ခြင်း‘သမ္မာဒိဋ္ဌိ’ဖြစ်၏၊ မှန်ကန်စွာမြင်သူသည် ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏။ နှစ်သက်မှု စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ပ။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော လျှာကို မမြဲဟုရှု၏၊ ထိုရဟန်း၏ ထိုသို့ရှုခြင်းသည် မှန်ကန်စွာ မြင်ခြင်း ‘သမ္မာဒိဋ္ဌိ’ ဖြစ်၏၊ မှန်ကန်စွာမြင်သူသည် ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊

စွဲမက်မှု ကုန်ခြင်းကြောင့်။ပ။ စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာဖြစ်သော စိတ်ကို မမြဲဟုရှု၏၊ ထိုရဟန်း၏ ထိုသို့ရှုခြင်းသည် မှန်ကန်စွာမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြစ်၏၊ မှန်ကန်စွာမြင်သူသည် ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဗာဟိရနန္ဒိက္ခယသုတ်

၁၅၇။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော အဆင်းတို့ကို မမြဲကုန်ဟု ရှု၏၊ ထိုရဟန်း၏ ထိုသို့ရှုခြင်းသည် မှန်ကန်စွာမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြစ်၏၊ မှန်ကန်စွာမြင်သူသည် ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော အသံတို့ကို။ အနံ့တို့ကို။ အရသာတို့ကို၊ အတွေ့အထိတို့ကို။ သဘောတရားတို့ကို မမြဲကုန်ဟု ရှု၏၊ ထိုရဟန်း၏ ထိုသို့ရှုခြင်းသည် မှန်ကန်စွာ မြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြစ်၏၊ မှန်ကန်စွာ မြင်သူသည် ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အဇ္ဈတ္တအနိစ္စနန္ဒိက္ခယသုတ်

၁၅၈။ ရဟန်းတို့ မျက်စိကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့၊ မျက်စိ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန် ရှုကုန်လော့၊ ရဟန်းတို့ ရဟန်းသည် မျက်စိကို အသင့်အားဖြင့် နှလုံးသွင်းသော် မျက်စိ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် မျက်စိ၌လည်း ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှုစွဲမက်မှု ကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ နားကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့။ ရဟန်းတို့ နှာခေါင်းကို။ လျှာကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့၊ လျှာ၏မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုကုန်လော့။ ရဟန်းတို့ ရဟန်းသည် လျှာကို အသင့်အားဖြင့် နှလုံးသွင်းသော် လျှာ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် လျှာ၌လည်း ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏။ ရဟန်းတို့ ကိုယ်ကို။ပ။စိတ်ကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့၊ စိတ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန် ရှုကုန်လော့။ ရဟန်းတို့

ရဟန်းသည် စိတ်ကို အသင့်အားဖြင့် နှလုံးသွင်းသော် စိတ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် စိတ်၌လည်း ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှု စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဗာဟိရအနိစ္စနန္ဒိက္ခယသုတ်

၁၅၉။ ရဟန်းတို့ အဆင်းတို့ကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့၊ အဆင်းတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုကုန်လော့။ ရဟန်းတို့ ရဟန်းသည် အဆင်းတို့ကို အသင့်အားဖြင့် နှလုံးသွင်းသော် အဆင်းတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် အဆင်းတို့၌လည်း ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့်စွဲမက်မှု ကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏၊ အသံတို့ကို။ အနံ့တို့ကို။ အရသာတို့ကို။ အတွေ့အထိတို့ကို။ ရဟန်းတို့ သဘောတရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့၊ သဘောတရားတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန် ရှုကုန်လော့။ ရဟန်းတို့ ရဟန်းသည် သဘောတရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းသော် သဘောတရားတို့၏ မမြဲမှုကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် သဘောတရားတို့၌လည်း ငြီးငွေ့၏၊ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏၊ နှစ်သက်မှု စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဇီဝကမ္ဗဝနသမာဓိသုတ်

၁၆၀။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့' ဟု မိန့်တော်မူ၏။ပ။ရဟန်းတို့ တည်ကြည်မှု 'သမာဓိ'ကို ပွါးကြကုန်လော့၊ ရဟန်းတို့ တည်ကြည်သောရဟန်းအား ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ အဘယ်သို့လျှင် ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်သနည်း၊ မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ အဆင်းတို့သည် မမြဲကုန်ဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ စက္ခုဝိညာဏ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ စက္ခုသမ္ဖဿသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲဟု ဟုတ်တိုင်းမှန်စွာထင်မြင်နိုင်၏၊ လျှာသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ စိတ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ သဘောတရားတို့သည် မမြဲကုန်ဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ပ။ မနောသမ္ဖဿဟူသော

အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာ သည်လည်း မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ ရဟန်းတို့ တည်ကြည်မှု 'သမာဓိ'ကို ပွါးကုန်လော့။ ရဟန်းတို့ တည်ကြည်သော ရဟန်းအား ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-ဇီဝကမ္ဗဝနပဋိသလ္လာနသုတ်

၁၆၁။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏။ပ။ ရဟန်းတို့ တပါးတည်း ကိန်းအောင်းမှု၌ အားထုတ်ခြင်းသို့ ရောက်ကြကုန်လော့၊ ရဟန်းတို့ တပါးတည်း ကိန်းအောင်းနေသော ရဟန်းအား ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ အဘယ်သို့လျှင် ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်သနည်း၊ မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ အဆင်းတို့သည် မမြဲကုန်ဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ စက္ခုဝိညာဏ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ စက္ခုသမ္ဖဿသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ပ။ စိတ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏၊ သဘောတရားတို့သည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏။ ရဟန်းတို့ တပါးတည်း ကိန်းအောင်းမှု၌ အားထုတ်ခြင်းသို့ ရောက်ကြကုန်လော့၊ ရဟန်းတို့ တပါးတည်း ကိန်းအောင်းနေသော ရဟန်းအား ဟုတ်တိုင်းမှန်စွာ ထင်မြင်နိုင်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ကောဋ္ဌိကအနိစ္စသုတ်

၁၆၂။ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို နာကြားပြီးသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိလျက် နေလိုပါ၏"ဟု လျှောက်၏။

ကောဋ္ဌိက အကြင်တရားသည် မမြဲ၊ ထိုတရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ကောဋ္ဌိက မမြဲသော တရားဟူသည် အဘယ်နည်း၊ ကောဋ္ဌိက မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ အဆင်းတို့သည် မမြဲကုန်၊ ထိုမမြဲသော

အဆင်းတို့၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ စက္ခုဝိညာဏ်သည် မမြဲ၊ ထိုမမြဲသော စက္ခုဝိညာဏ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုသမ္ဖဿသည် မမြဲ၊ ထိုမမြဲသော စက္ခုသမ္ဖဿ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ပ။ လျှာသည် မမြဲ၊ ထိုမမြဲသော လျှာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ အရသာတို့သည် မမြဲကုန်၊ ထိုမမြဲသော အရသာတို့၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ဇိဝှါဝိညာဏ်သည် မမြဲ၊ ထိုမမြဲသော ဇိဝှါဝိညာဏ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ဇိဝှါသမ္ဖဿသည် မမြဲ၊ ထိုမမြဲသော ဇိဝှါသမ္ဖဿ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ပ။ စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ သဘောတရားတို့သည် မမြဲကုန်၊ ထိုမမြဲသော သဘောတရားတို့၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ မနောဝိညာဏ်သည် မမြဲ၊ ထိုမမြဲသော မနောဝိညာဏ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ မနောသမ္ဖဿသည် မမြဲ၊ ထိုမမြဲသော မနောသမ္ဖဿ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ကောဋ္ဌိက အကြင်တရားသည် မမြဲ၊ ထိုမမြဲသော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ကောဋ္ဌိကဒုက္ခသုတ်

၁၆၃။ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည်။ပ။မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား တောင်းပန်ပါ၏။ပ။ နေလိုပါ၏"ဟု လျှောက်၏။ ကောဋ္ဌိက အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ကောဋ္ဌိက ဆင်းရဲသော တရားဟူသည် အဘယ်နည်း၊ ကောဋ္ဌိက မျက်စိသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော မျက်စိ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ အဆင်းတို့သည် ဆင်းရဲကုန်၏၊ ထိုဆင်းရဲသော အဆင်းတို့၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုဝိညာဏ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲသော စက္ခုဝိညာဏ်၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ စက္ခုသမ္ဖဿသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော စက္ခုသမ္ဖဿ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း ဆင်းရဲ၏၊ ထိုဆင်းရဲသော ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ လျှာသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော လျှာ၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်။ပ။ စိတ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲသော စိတ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ သဘောတရားတို့သည် ဆင်းရဲကုန်၏၊ ထိုဆင်းရဲသော သဘောတရားတို့၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ မနောဝိညာဏ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲသော မနော

ဝိညာဏ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ မနောသမ္ဖဿသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော မနောသမ္ဖဿ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း ဆင်းရဲ၏၊ ထိုဆင်းရဲသော ဝေဒနာ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ကောဋ္ဌိက အကြင်တရားကား ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည် ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ကောဋ္ဌိကအနတ္တသုတ်

၁၆၄။ အခါတပါး၌။ပ။ နေလိုပါ၏ဟု လျှောက်၏။ ကောဋ္ဌိက အကြင်တရားကား အတ္တ မဟုတ်၊ ထို အတ္တ မဟုတ်သော တရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ကောဋ္ဌိက အတ္တမဟုတ်သော တရားဟူသည် အဘယ်နည်း၊ ကောဋ္ဌိက မျက်စိသည် အတ္တ မဟုတ်၊ ထို အတ္တ မဟုတ်သော မျက်စိ၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ အဆင်းတို့သည် အတ္တမဟုတ်ကုန်၊ ထို အတ္တမဟုတ်သော တရား၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုဝိညာဏ်သည် အတ္တ မဟုတ်၊ ထို အတ္တမဟုတ်သော စက္ခုဝိညာဏ်၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုသမ္ဖဿသည် အတ္တမဟုတ်၊ ထိုအတ္တ မဟုတ်သော စက္ခုသမ္ဖဿ၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း အတ္တ မဟုတ်၊ ထို အတ္တ မဟုတ်သော ဝေဒနာ၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ပ။ လျှာသည် အတ္တ မဟုတ်၊ ထို အတ္တ မဟုတ်သော လျှာ၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ပ။ စိတ်သည်။ ကိုယ်'အတ္တ'မဟုတ်၊ ထိုအတ္တ မဟုတ်သော စိတ်၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ သဘောတရားတို့သည် အတ္တ မဟုတ်ကုန်၊ ထို အတ္တ မဟုတ်သော သဘောတရားတို့၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ မနောဝိညာဏ်သည်။ မနောသမ္ဖဿသည်။ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း အတ္တ မဟုတ်၊ ထို အတ္တ မဟုတ်သော ဝေဒနာ၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ ကောဋ္ဌိက အကြင်တရားကား အတ္တ မဟုတ်၊ ထို အတ္တ မဟုတ်သော တရား၌ သင်သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-မိစ္ဆာဒိဋ္ဌိပဟာနသုတ်

၁၆၅။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'ပျောက်ကင်းပါသနည်း"ဟု လျှောက်၏။

ရဟန်း မျက်စိကို မမြဲဟု သိသူ မြင်သူအား မှားသောအယူ ပျောက်ကင်း၏။ အဆင်းတို့ကို မမြဲဟု သိသူ မြင်သူအား မှားသောအယူ ပျောက်ကင်း၏။ စက္ခုဝိညာဏ်ကို မမြဲဟု သိသူ မြင်သူအား မှားသောအယူ ပျောက်ကင်း၏။ စက္ခုသမ္ဖဿကို မမြဲဟု သိသူ မြင်သူအား မှားသောအယူ ပျောက်ကင်း၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာကိုလည်း မမြဲဟု သိသူ မြင်သူအား မှားသောအယူ ပျောက်ကင်း၏။ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူအား မှားသောအယူ ပျောက်ကင်း၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-သက္ကာယဒိဋ္ဌိပဟာနသုတ်

၁၆၆။ ထိုအခါ ရဟန်းတပါးသည်။ပ။ ဤစကားကို လျှောက်၏—"အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား ခန္ဓာကိုယ်၌ အယူမှား'သက္ကာယဒိဋ္ဌိ'ပျောက်ကင်းပါသနည်း"ဟု လျှောက်၏။ ရဟန်း မျက်စိကိုဆင်းရဲဟု သိသူမြင်သူအား ခန္ဓာကိုယ်၌အယူမှား 'သက္ကာယဒိဋ္ဌိ' ပျောက်ကင်း၏။ အဆင်းတို့ကို ဆင်းရဲဟု သိသူ မြင်သူအား ခန္ဓာကိုယ်၌ အယူမှား 'သက္ကာယဒိဋ္ဌိ' ပျောက်ကင်း၏။ စက္ခုဝိညာဏ်ကို ဆင်းရဲဟု သိသူ မြင်သူအား ခန္ဓာကိုယ်၌ အယူမှား 'သက္ကာယဒိဋ္ဌိ' ပျောက်ကင်း၏။ စက္ခုသမ္ဖဿကို ဆင်းရဲဟု သိသူ မြင်သူအား ခန္ဓာကိုယ်၌ အယူမှား 'သက္ကာယဒိဋ္ဌိ' ပျောက်ကင်း၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာကိုလည်း ဆင်းရဲဟု သိသူ မြင်သူအား ခန္ဓာကိုယ်၌ အယူမှား 'သက္ကာယဒိဋ္ဌိ' ပျောက်ကင်း၏။ ရဟန်း ဤသို့ သိသူ ဤသို့ မြင်သူအား ခန္ဓာကိုယ်၌ အယူမှား 'သက္ကာယဒိဋ္ဌိ' ပျောက်ကင်း၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

## ၁၂-အတ္တာနုဒိဋ္ဌိပဟာနသုတ်

၁၆၇။ ထိုအခါ ရဟန်းတပါးသည်။ပ။ ဤစကားကို လျှောက်၏—"အသျှင်ဘုရား အဘယ်သို့ သိသူ အဘယ်သို့မြင်သူအား အတ္တသို့ အစဉ်လိုက်သောအယူမှား 'အတ္တာနုဒိဋ္ဌိ' ပျောက်ကင်းပါသနည်း"ဟု လျှောက်၏။

ရဟန်း မျက်စိကို အတ္တ မဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ' ပျောက်ကင်း၏။ အဆင်းတို့ကို အတ္တ မဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ' ပျောက်ကင်း၏။ စက္ခုဝိညာဏ်ကို အတ္တ မဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ'ပျောက်ကင်း၏။ စက္ခုသမ္ဖဿကို အတ္တ မဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ'ပျောက်ကင်း၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာကိုလည်း အတ္တ မဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ' ပျောက်ကင်း၏။ပ။ လျှာကို အတ္တ မဟုတ်ဟု သိသူ မြင်သူ

အား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ' ပျောက်ကင်း၏။ပ။ စိတ်ကို အတ္တမဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ'ပျောက်ကင်း၏။ သဘောတရားတို့ကို။ မနောဝိညာဏ်ကို။ မနောသမ္ဖဿကို။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာကိုလည်း အတ္တမဟုတ်ဟု သိသူ မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ' ပျောက်ကင်း၏။ ရဟန်း ဤသို့ သိသူ ဤသို့မြင်သူအား အတ္တသို့ အစဉ်လိုက်သော အယူမှား 'အတ္တာနုဒိဋ္ဌိ'ပျောက်ကင်း၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ရှေးဦးစွာသော နန္ဒိက္ခယဝဂ် ပြီး၏။

---

## (၁၇) ၂-သဠာယတနဝဂ် ၁-အဇ္ဈတ္တအနိစ္စဆန္ဒသုတ်

၁၆၈။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်တရားသည် မမြဲသနည်း၊ ရဟန်းတို့ မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိ၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ပ။ လျှာသည် မမြဲ၊ ထိုမမြဲသော လျှာ၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ပ။ စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

## ၂-အဇ္ဈတ္တအနိစ္စရာဂသုတ်

၁၆၉။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသောတရား၌ သင်တို့သည် စွဲမက်မှု'ရာဂ' ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်တရားသည် မမြဲသနည်း၊ ရဟန်းတို့ မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိ၌ သင်တို့သည် စွဲမက်မှု'ရာဂ'ကို ပယ်ရမည်။ပ။ လျှာသည် မမြဲ၊ ထိုမမြဲသော လျှာ၌ သင်တို့သည် စွဲမက်မှု'ရာဂ'ကို ပယ်ရမည်။ပ။ စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်၌ သင်တို့သည် စွဲမက်မှု'ရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသောတရား၌ သင်တို့သည် စွဲမက်မှု'ရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

## ၃-အဇ္ဈတ္တအနိစ္စဆန္ဒရာဂသုတ်

၁၇၀။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသောတရား၌ သင်တို့သည် လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်တရားသည် မမြဲသနည်း၊ ရဟန်းတို့ မျက်စိသည် မမြဲ၊ ထိုမမြဲသောမျက်စိ၌ သင်တို့သည် လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ပ။ လျှာသည် မမြဲ၊ ထိုမမြဲသောလျှာ၌ သင်တို့သည် လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ပ။ စိတ်သည် မမြဲ၊ ထိုမမြဲသောစိတ်၌ သင်တို့သည် လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသောတရား၌ သင်တို့သည် လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည် ဟု (မိန့်တော်မူ၏)။

## ၄-၆-ဒုက္ခဆန္ဒာဒိသုတ်

၁၇၁-၁၇၃။ ရဟန်းတို့ အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်တရားသည် ဆင်းရဲသနည်း၊ ရဟန်းတို့ မျက်စိသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော မျက်စိ၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ပ။ လျှာသည် ဆင်းရဲ၏။ပ။ စိတ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲသော စိတ်၌ သင်တို့သည် လိုချင်မှု'ဆန္ဒကို' ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ' ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ' ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည် ဟု (မိန့်တော်မူ၏)။

## ၇-၉-အနတ္တဆန္ဒာဒိသုတ်

၁၇၄-၁၇၆။ ရဟန်းတို့ အကြင်တရားသည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော တရား၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်၊ ရဟန်းတို့ အဘယ်တရားသည် အတ္တမဟုတ်သနည်း၊ ရဟန်းတို့ မျက်စိသည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော မျက်စိ၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ပ။ လျှာသည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော လျှာ၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ပ။ စိတ်သည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော စိတ်၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၀-၁၂-ဗာဟိရာနိစ္စဆန္ဒာဒိသုတ်

၁၇၇-၁၇၉။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသောတရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂကို' ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အဘယ်တရားသည် မမြဲသနည်း၊ ရဟန်းတို့ အဆင်းတို့သည် မမြဲကုန်၊ ထိုမမြဲသော အဆင်းတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ အသံတို့သည် မမြဲကုန်၊ ထိုမမြဲသော အသံတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ အနံ့တို့သည် မမြဲကုန်၊ ထိုမမြဲသော အနံ့တို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ရမည်။ အရသာတို့သည် မမြဲကုန်၊ ထိုမမြဲသော အရသာတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ အတွေ့အထိတို့သည် မမြဲကုန်၊ ထိုမမြဲသော အတွေ့

အထိတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။သဘောတရားတို့သည် မမြဲကုန်၊ ထိုမမြဲသော သဘောတရားတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် မမြဲ၊ ထိုမမြဲသော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ'ကို ပယ်ရမည်၊ လိုချင် စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၃-၁၅-ဗာဟိရဒုက္ခဆန္ဒာဒိသုတ်

၁၀၀-၁၀၂။ ရဟန်းတို့ အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ' ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်၊ ရဟန်းတို့ အဘယ်တရားသည် ဆင်းရဲသနည်း၊ ရဟန်းတို့ အဆင်းတို့သည် ဆင်းရဲကုန်၏၊ ထိုဆင်းရဲသော အဆင်းတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ' ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် ဆင်းရဲကုန်၏၊ ထိုဆင်းရဲသော သဘောတရားတို့၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ' ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရား၌ သင်တို့သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု 'ရာဂ' ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည် ဟု(မိန့်တော်မူ၏)။

## ၁၆-၁၈-ဗာဟိရာနတ္တဆန္ဒာဒိသုတ်

၁၀၃-၁၀၅။ ရဟန်းတို့ အကြင်တရားသည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော တရား၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အတ္တမဟုတ်သော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ အဆင်းတို့သည် အတ္တမဟုတ်ကုန်၊ ထိုအတ္တမဟုတ်သော အဆင်းတို့၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် အတ္တမဟုတ်ကုန်၊ ထိုအတ္တမဟုတ်သော သဘောတရားတို့၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊ စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်ရမည်။ ရဟန်းတို့ အကြင်တရားသည် အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သောတရား၌ သင်တို့သည် လိုချင်မှု'ဆန္ဒ'ကို ပယ်ရမည်၊စွဲမက်မှု'ရာဂ'ကို ပယ်ရမည်၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ရမည်ဟု (မိန့်တော်မူ၏)။

## ၁၉-အဇ္ဈတ္တာတီတာနိစ္စသုတ်

၁၀၆။ ရဟန်းတို့ အတိတ်ဖြစ်သော မျက်စိသည် မမြဲ။ပ။ အတိတ်ဖြစ်သော လျှာသည် မမြဲ။ပ။ အတိတ်ဖြစ်သော စိတ်သည် မမြဲ။ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ပ။ လျှာ၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏။ပ။ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့်(ကိလေသာမှ)လွတ်မြောက်၏၊

(ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီ ဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၂၀-အဇ္ဈတ္တာနာဂတာနိစ္စသုတ်

၁၈၇။ ရဟန်းတို့ အနာဂတ်ဖြစ်သော မျက်စိသည် မမြဲ။ပ။အနာဂတ်ဖြစ်သော လျှာသည် မမြဲ။ပ။အနာဂတ်ဖြစ်သောစိတ်သည် မမြဲ။ ရဟန်းတို့ ဤသို့မြင်သော။ပ။ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၂၁-အဇ္ဈတ္တပစ္စုပ္ပန္နာနိစ္စသုတ်

၁၈၈။ ရဟန်းတို့ ပစ္စုပ္ပန်ဖြစ်သော မျက်စိသည် မမြဲ။ပ။ပစ္စုပ္ပန်ဖြစ်သော လျှာသည် မမြဲ။ပ။ပစ္စုပ္ပန်ဖြစ်သော စိတ်သည် မမြဲ။ ရဟန်းတို့ ဤသို့မြင်သော။ပ။ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၂၂-၂၄-အဇ္ဈတ္တာတီတာဒိဒုက္ခသုတ်

၁၈၉-၁၉၁။ ရဟန်းတို့ အတိတ်ဖြစ်သော မျက်စိသည် ဆင်းရဲတည်း။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ပ။ အတိတ်ဖြစ်သော လျှာသည် ဆင်းရဲတည်း။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ပ။ အတိတ်ဖြစ်သော စိတ်သည် ဆင်းရဲတည်း။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ ရဟန်းတို့ ဤသို့မြင်သော။ပ။ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၂၅-၂၇-အဇ္ဈတ္တာတီတာဒိအနတ္တသုတ်

၁၉၂-၁၉၄။ ရဟန်းတို့ အတိတ်ဖြစ်သော မျက်စိသည် အတ္တမဟုတ်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ပ။ အတိတ်ဖြစ်သော လျှာသည် အတ္တမဟုတ်။ပ။ အတိတ်ဖြစ်သောစိတ်သည် အတ္တမဟုတ်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ရဟန်းတို့ ဤသို့ မြင်သော။ပ။ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၂၈-၃၀-ဗာဟိရာတီတာဒိအနိစ္စသုတ်

၁၉၅-၁၉၇။ ရဟန်းတို့ အတိတ်ဖြစ်သော အဆင်းတို့သည် မမြဲကုန်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ အတိတ်ဖြစ်သော သဘောတရားတို့သည် မမြဲကုန်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ ဤသို့မြင်သော။ပ။ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၃၁-၃၃-ဗာဟိရာတီတာဒိဒုက္ခသုတ်

၁၉ဂ-၂၀၀။ ရဟန်းတို့ အတိတ်ဖြစ်သော အဆင်းတို့သည် မမြဲကုန်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည် အတိတ်ဖြစ်သော သဘောတရားတို့သည် ဆင်းရဲဖြစ်ကုန်၏။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၃၄-၃၆-ဗာဟိရာတီတာဒိအနတ္တသုတ်

၂၀၁-၂၀၃။ ရဟန်းတို့ အတိတ်ဖြစ်သော အဆင်းတို့သည် အတ္တမဟုတ်ကုန်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ အတိတ်ဖြစ်သော သဘောတရားတို့သည် အတ္တ မဟုတ်ကုန်။ အနာဂတ်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သော။ ဤသို့မြင်သော၊ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၃၇-အဇ္ဈတ္တာတီတယဒနိစ္စသုတ်

၂၀၄။ ရဟန်းတို့ အတိတ်ဖြစ်သော မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော မျက်စိသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော မျက်စိကို ဤမျက်စိသည် ငါ၏ဥစ္စာ မဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုမျက်စိကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ အတိတ်ဖြစ်သော လျှာသည် မမြဲ၊ မမြဲသော လျှာသည် ဆင်းရဲ၏၊ ဆင်းရဲသောလျှာသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော လျှာကို ဤလျှာသည် ငါ၏ ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊၊ ဤလျှာသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုလျှာကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့်ရှုရမည်။ပ။ အတိတ်ဖြစ်သောစိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်သည် ဆင်းရဲ၏၊ ဆင်းရဲသောစိတ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သောစိတ်ကို ဤစိတ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုစိတ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၃ဂ-အဇ္ဈတ္တာနာဂတယဒနိစ္စသုတ်

၂၀၅။ ရဟန်းတို့ အနာဂတ်ဖြစ်သော မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိသည် ဆင်းရဲ၏၊ ဆင်းရဲသော မျက်စိသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော မျက်စိကို ဤမျက်စိသည် ငါ၏ဥစ္စာ မဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုမျက်စိကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ပ။ အနာဂတ်ဖြစ်သောလျှာသည် မမြဲ၊ ထိုမမြဲသော လျှာသည် ဆင်းရဲ၏၊ ဆင်းရဲသောလျှာသည် အတ္တမဟုတ်၊ အတ္တမဟုတ်သောလျှာကို ဤလျှာသည် ငါ၏ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုလျှာကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ အနာဂတ်ဖြစ်သော စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်သည် ဆင်းရဲ၏၊ ဆင်းရဲသော စိတ်သည် အတ္တမဟုတ်၊ အတ္တမ

ဟုတ်သော စိတ်ကို ဤစိတ်သည်ငါ၏ ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုစိတ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ရဟန်းတို့ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၃၉-အဇ္ဈတ္တပစ္စုပ္ပန္နယဒနိစ္စသုတ်

၂၀၆။ ရဟန်းတို့ ပစ္စုပ္ပန်ဖြစ်သော မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိသည် ဆင်းရဲ၏၊ ဆင်းရဲသော မျက်စိသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော မျက်စိကို ဤမျက်စိသည် ငါ၏ ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထို မျက်စိကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ ပစ္စုပ္ပန်ဖြစ်သော လျှာသည် မမြဲ၊ ထိုမမြဲသော လျှာသည် ဆင်းရဲ၏၊ ဆင်းရဲသော လျှာသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော လျှာကို ဤလျှာသည်ငါ၏ ဥစ္စာမဟုတ်၊ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုလျှာကို ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ ပစ္စုပ္ပန်ဖြစ်သော စိတ်သည် မမြဲ၊ထိုမမြဲသော စိတ်သည် ဆင်းရဲ၏၊ ဆင်းရဲသော စိတ်သည် အတ္တမဟုတ် အတ္တမဟုတ်သော စိတ်ကို ဤစိတ်သည် ငါ၏ ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုစိတ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## [အဇ္ဈတ္တာတီတာဒိယဒနိစ္စသုတ်

ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော မျက်စိသည် အမြဲမရှိ၊ ထိုအမြဲမရှိသော မျက်စိသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော မျက်စိကို ဤမျက်စိသည် ငါ၏ဥစ္စာ မဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုမျက်စိကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ လျှာသည် အမြဲမရှိ။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော စိတ်သည် အမြဲမရှိ၊ ထိုအမြဲမရှိသော စိတ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော စိတ်ကို ဤစိတ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့ ထိုစိတ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။][၁]

## ၄၀-၄၂-အဇ္ဈတ္တာတီတာဒိယံဒုက္ခသုတ်

၂၀၇-၂၀၉။ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော မျက်စိသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော မျက်စိသည် အတ္တမဟုတ်၊ အတ္တ မဟုတ်သော မျက်စိကို ဤမျက်စိသည် ငါ၏ ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုမျက်စိကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ပ။ လျှာသည် ဆင်းရဲ၏။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော စိတ်သည် ဆင်းရဲ၏၊ ထိုဆင်းရဲသော စိတ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော စိတ်ကို ဤစိတ်သည် ငါ၏ ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုစိတ်

---

၁-ဤနေရာ၌ အဇ္ဈတ္တာတီတာဒိယဒနိစ္စသုတ်သည် ရှိသင့်သောကြောင့် ထည့်ထားသည် ပါဠိတော်၌ မပါ။

ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။ ဤသို့မြင်သော။ပ။ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (မိန့်တော်မူ၏)။

## ၄၃-၄၅-အဇ္ဈတ္တာတီတာဒိယဒုက္ခသုတ်

၂၁၀-၂၁၂။ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော မျက်စိသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ထိုမျက်စိကို ဤမျက်စိသည် ငါ၏ ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုမျက်စိကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ပ။ လျှာသည် အတ္တမဟုတ်။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော စိတ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ထိုစိတ်ကို ဤစိတ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုစိတ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၄၆-၄၈-ဗာဟိရာတီတာဒိယအနိစ္စသုတ်

၂၁၃-၂၁၅။ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အဆင်းတို့သည် မမြဲကုန်၊ မမြဲသော ထိုအဆင်းတို့သည် ဆင်းရဲဖြစ်ကုန်၏၊ ဆင်းရဲသော အဆင်းသည် အတ္တမဟုတ်၊အတ္တမဟုတ်သော အဆင်းကို ဤအဆင်းသည် ငါ၏ ဥစ္စာမဟုတ်၊ ဤအဆင်းသည် ငါမဟုတ်၊ ဤအဆင်းသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုအဆင်းကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၄၉-၅၁-ဗာဟိရာတီတာဒိယဒုက္ခသုတ်

၂၁၆-၂၁၈။ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အဆင်းတို့သည် ဆင်းရဲဖြစ်ကုန်၏၊ ဆင်းရဲသော အဆင်းသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော အဆင်းကို ဤအဆင်းသည် ငါ၏ ဥစ္စာမဟုတ်၊ ဤအဆင်းသည် ငါမဟုတ်၊ ဤအဆင်းသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုအဆင်းကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် ဆင်းရဲဖြစ်ကုန်၏၊ ဆင်းရဲဖြစ်သော တရားသည် အတ္တမဟုတ်၊ အတ္တမဟုတ်သော တရားကို ဤတရားသည် ငါ၏ ဥစ္စာမဟုတ်၊ ဤတရားသည် ငါမဟုတ်၊ ဤတရားသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ထိုတရားကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၅၂-၅၄-ဗာဟိရာတီတာဒိယဒုက္ခသုတ်

၂၁၉-၂၂၁။ ရဟန်းတို့ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အဆင်းတို့သည် အတ္တမဟုတ်ကုန်၊ အတ္တမဟုတ်သော အဆင်းကို ဤအဆင်းသည် ငါ၏ ဥစ္စာမဟုတ်၊ ဤအဆင်းသည် ငါမဟုတ်၊ ဤအဆင်းသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ပ။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိ တို့သည်။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော သဘောတရားတို့သည် အတ္တမဟုတ်ကုန်၊ အတ္တ မဟုတ်သော သဘောတရားကို ဤသဘောတရားသည် ငါ၏ ဥစ္စာမဟုတ်၊ ဤသဘောတရားသည် ငါမဟုတ်၊ ဤသဘောတရားသည် ငါ၏ ဥစ္စာမဟုတ်ဟု ဤသို့ ထိုသဘောတရားကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၃၇-အဇ္ဈတ္တာယတနအနိစ္စသုတ်

၂၂၂။ ရဟန်းတို့ မျက်စိသည် မမြဲ။ပ။ လျှာသည် မမြဲ။ပ။ စိတ်သည်မမြဲ။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟု(မိန့်တော်မူ၏)။

## ၃၈-အဇ္ဈတ္တာယတနဒုက္ခသုတ်

၂၂၃။ ရဟန်းတို့ မျက်စိသည် ဆင်းရဲ၏။ပ။လျှာသည် ဆင်းရဲ၏။ပ။စိတ်သည် ဆင်းရဲ၏၊ဤ သို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟု(မိန့်တော်မူ၏)။

## ၃၉-အဇ္ဈတ္တာယတနအနတ္တသုတ်

၂၂၄။ ရဟန်းတို့ မျက်စိသည် အတ္တမဟုတ်။ပ။ လျှာသည် အတ္တမဟုတ်။ပ။ စိတ်သည် အတ္တ မဟုတ်။ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၃၀- ဗာဟိရာယတနအနိစ္စသုတ်

၂၂၅။ ရဟန်းတို့ အဆင်းတို့သည် မမြဲကုန်။ အသံတို့သည်။ အနံ့တို့သည်။ အရသာတို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် မမြဲကုန်။ ဤသို့ မြင်သော။ပ။ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၃၉-ဗာဟိရာယတနဒုက္ခသုတ်

၂၂၆။ ရဟန်းတို့ အဆင်းတို့သည် ဆင်းရဲဖြစ်ကုန်၏။ အသံတို့သည်။ အနံ့တို့သည်။ အရသာ တို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် ဆင်းရဲဖြစ်ကုန်၏။ ဤသို့ မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)။

## ၆၀-ဗာဟိရာယတန အနတ္တသုတ်

၂၂၇။ ရဟန်းတို့ အဆင်းတို့သည် အတ္တမဟုတ်ကုန်။ အသံတို့သည်။ အနံ့တို့သည်။ အရသာ တို့သည်။ အတွေ့အထိတို့သည်။ သဘောတရားတို့သည် အတ္တမဟုတ်ကုန်။ ဤသို့မြင်သော။ပ။ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (မိန့်တော်မူ၏)

**သဠာယတနပေယျာလဝဂ် ပြီး၏။**

## (၁၈) ၃-သမုဒ္ဒဝဂ် ၃-ပဌမ သမုဒ္ဒသုတ်

၂၂၈။ ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် "သမုဒ္ဒ သမုဒ္ဒ"ဟု ပြောဆို၏၊ ရဟန်းတို့ ဤသို့ ပြောဆိုအပ်သော အရာသည် မြတ်စွာဘုရား၏ အဆုံးအမ၌ သမုဒ္ဒ မဟုတ်။ ရဟန်းတို့ ဤသို့ ပြောဆိုအပ်သော အရာသည် ကြီးကျယ်များပြားသော ရေအစုသာ ဖြစ်၏၊ ကြီးကျယ်များပြားသော ရေပြင်သာ ဖြစ်၏။ ရဟန်းတို့ မျက်စိသည် သတ္တဝါ၏ သမုဒ္ဒမည်၏၊ ထိုမျက်စိသမုဒ္ဒအား အဆင်းတည်းဟူသော အဟုန်သည် ရှိ၏၊ အကြင်သူသည် ထိုအဆင်းတည်းဟူသော အဟုန်ကို သည်းခံနိုင်၏၊ ရဟန်းတို့ ဤသူကို လှိုင်းနှင့် တကွသော ဝဲနှင့် တကွသော ဖမ်းယူတတ်သော ရေသတ္တဝါအထူးနှင့် တကွသော ရေစောင့်ဘီလူးနှင့် တကွသော မျက်စိသမုဒ္ဒကို ကူးမြောက်ပြီးဖြစ်၍ တဖက်ကမ်းသို့ ရောက်သူ ကြည်းကုန်း၌ တည်သူ ရဟန္တာဟု ဆိုအပ်၏။ပ။ ရဟန်းတို့ လျှာသည် သတ္တဝါ၏ သမုဒ္ဒမည်၏၊ ထိုလျှာသမုဒ္ဒအား အရသာတည်းဟူသော အဟုန်သည် ရှိ၏၊ အကြင်သူသည် ထိုအရသာတည်းဟူသော အဟုန်ကို သည်းခံနိုင်၏။ ရဟန်းတို့ ဤသူကို လှိုင်းနှင့် တကွသော ဝဲနှင့်တကွသော ဖမ်းယူတတ်သော ရေသတ္တဝါအထူးနှင့် တကွသော ရေစောင့်ဘီလူးနှင့် တကွသော လျှာသမုဒ္ဒကို ကူးမြောက်ပြီး ဖြစ်၍ တဖက်ကမ်းသို့ ရောက်သူ ကြည်းကုန်း၌ တည်သူ ရဟန္တာဟု ဆိုအပ်၏။ပ။ ရဟန်းတို့ စိတ်သည် သတ္တဝါ၏ သမုဒ္ဒမည်၏၊ ထိုစိတ်သမုဒ္ဒအား သဘောတရားတည်းဟူသော အဟုန်သည် ရှိ၏၊ အကြင်သူသည် ထိုသဘောတရား တည်းဟူသော အဟုန်ကို သည်းခံနိုင်၏။ ရဟန်းတို့ ဤသူကို လှိုင်းနှင့်တကွသော ဝဲနှင့်တကွသော ဖမ်းယူတတ်သော ရေသတ္တဝါအထူးနှင့် တကွသော ရေစောင့်ဘီလူးနှင့် တကွသော စိတ်သမုဒ္ဒကို ကူးမြောက်ပြီးဖြစ်၍ တဖက်ကမ်းသို့ ရောက်သူ ကြည်းကုန်း၌ တည်သူ ရဟန္တာဟု ဆိုအပ်၏။ ဤစကားကို မိန့်တော်မူ၏။ပ။ လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

> "အကြင်သူသည် ဖမ်းယူတတ်သော ရေသတ္တဝါအထူးနှင့်တကွသော ရေစောင့်ဘီလူးနှင့်တကွ လှိုင်းနှင့်တကွ ဝဲနှင့်တကွ ဘေးဘျမ်းနှင့်တကွဖြစ်၍ ကူးခပ်နိုင်ခဲသော ဤသမုဒ္ဒကို ကူးမြောက်ပြီ၊ ထိုသူကို ပညာရှိသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ လောက၏ အဆုံးသို့ ရောက်ပြီးသူ တဖက်ကမ်းသို့ ရောက်ပြီးသူဟု ဆိုအပ်၏" ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ သမုဒ္ဒသုတ်

၂၂၉။ ရဟန်းတို့ အကြားအမြင် မရှိသော ပုထုဇဉ်သည် "သမုဒ္ဒ သမုဒ္ဒ"ဟု ပြောဆို၏။ ရဟန်းတို့ ဤသို့ပြောဆိုအပ်သော အရာသည် မြတ်စွာဘုရား၏ အဆုံးအမ၌ သမုဒ္ဒ မဟုတ်။ ရဟန်းတို့ ဤပြောဆိုအပ်သော အရာသည် ကြီးကျယ်များပြားသော ရေအစုသာ ဖြစ်၏၊ ကြီးကျယ်များပြားသော ရေအပြင်သာ ဖြစ်၏။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤအဆင်းကို မြတ်စွာဘုရား၏ အဆုံးအမ၌ သမုဒ္ဒဟု ဆိုအပ်၏။ ဤအဆင်းသမုဒ္ဒ၌ နတ်

မာရ်နတ် ပြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ပြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကဟူသော ဤသတ္တဝါအပေါင်းတို့သည် များသောအားဖြင့် နစ်မြုပ်လျက် ချည်ခင်ထွေးကဲ့သို့ ရှုပ်ထွေးလျက် စာပေါင်းသိုက်ကဲ့သို့ဖြစ်လျက် ဖြူဆံမြက် ပြိတ်မြက်ကဲ့သို့ ဖြစ်လျက် ချမ်းသာကင်းသော မကောင်းသောသူတို့၏ လားရာ ပျက်စီးကျရောက်ရာဖြစ်သော သံသရာကို မလွန်နိုင်။ပ။

ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤသဘောတရားကို မြတ်စွာဘုရား၏ အဆုံးအမ၌ သမုဒ္ဒရာဟု ဆိုအပ်၏၊ ဤသဘောတရား သမုဒ္ဒရာ၌ နတ် မာရ်နတ် ပြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏပြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကဟူသော ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် နစ်မြုပ်လျက် ချည်ခင်ထွေးကဲ့သို့ ရှုပ်ထွေးလျက် စာပေါင်းသိုက်ကဲ့သို့ ဖြစ်လျက် ဖြူဆံမြက် ပြိတ်မြက်ကဲ့သို့ ဖြစ်လျက် ချမ်းသာကင်းသော မကောင်းသောသူတို့ လားရာ ပျက်စီးကျရောက်ရာဖြစ်သော သံသရာကို မလွန်နိုင်။

အကြင်သူသည် စွဲမက်မှု 'ရာဂ' ကိုငင်း ပြစ်မှားမှု 'ဒေါသ' ကိုငင်း မသိမှု 'အဝိဇ္ဇာ' ကိုငင်း ကင်းကွာစေအပ်၏၊ ထိုသူသည် ဖမ်းယူတတ်သော ရေသတ္တဝါ အထူးနှင့်တကွ ရေစောင့်ဘီလူးနှင့်တကွ လှိုင်းနှင့်တကွ ဘေးဘျမ်းနှင့်တကွ ဖြစ်၍ ကူးခပ်နိုင်ခဲသော ဤသမုဒ္ဒရာကို ကူးမြောက်နိုင်၏။

ထိုသူသည် (ကိလေသာ) အငြိအတွယ်ကို လွန်မြောက်၏၊ သေမင်းကို စွန့်လွှတ်၏၊ ဥပဓိသုံးမျိုး မရှိ၊ တဖန်မဖြစ်ခြင်းငှါ ဆင်းရဲကို ပယ်ပြီ၊ ချုပ်ခြင်းသို့ ရောက်သည်ဖြစ်၍ တဖန်ပြန်မဖြစ်နိုင်၊ သေမင်းကို တွေဝေစေပြီးသောသူဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဗာဠိသိကောပမသုတ်

၂၃၀။ ရဟန်းတို့ ဥပမာသော်ကား တံငါသည်သည် အစာတပ်ထားသော ငါးများချိတ်ကို နက်သောရေအိုင်၌ ချရာ၏၊ထိုငါးများချိတ်ကို အစာ၌သာ မျက်စိရှိသော ငါးတကောင်သည် မျိုရာ၏။ ရဟန်းတို့ ဤသို့လျှင် ထိုငါးသည် တံငါသည်၏ ငါးများချိတ်ကို မျိုမိသည်ဖြစ်၍ အကျိုးမဲ့သို့ ရောက်၏၊ ပျက်စီးခြင်းသို့ ရောက်၏၊ တံငါသည်၏ အလိုရှိတိုင်း အပြုခံရ၏။

ရဟန်းတို့ ဤအတူပင် လောက၌ သတ္တဝါတို့ အကျိုးမဲ့ရန် သတ္တဝါတို့ကို သတ်ဖြတ်ရန် ငါးများချိတ်တို့သည် ခြောက်မျိုးတို့တည်း။ ခြောက်မျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ရဟန်းတို့ ဤရဟန်းကို မာရ်နတ်၏ ငါးများချိတ်ကို မျိုမိသည်ဖြစ်၍ အကျိုးမဲ့သို့ရောက်သူ ပျက်စီးခြင်းသို့ ရောက်သူ မာရ်မင်း၏ အလိုရှိတိုင်း အပြုခံရသူဟု ဆိုအပ်၏။ပ။ ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍ တည်ခဲ့မူ ဤရဟန်းကို မာရ်၏ငါးမျှားချိတ်ကို မျိုမိသည်ဖြစ်၍ အကျိုးမဲ့သို့ ရောက်သူ ပျက်စီးခြင်းသို့ရောက်သူ မာရ်မင်း၏ အလိုရှိတိုင်း အပြုခံရသူဟု ဆိုအပ်၏။

ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ် သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍ မတည်ခဲ့မူ ဤရဟန်း ကို မာရ်၏ ငါးမျှားချိတ်ကို မမျိုသူ ငါးမျှားချိတ်ကို ချိုးဖဲ့သူ ငါးမျှားချိတ်ကို ဖျက်ဆီးသူ အကျိုးမဲ့သို့ မရောက်သူ ပျက်စီးခြင်းသို့ မရောက်သူ မာရ်မင်း၏ အလိုရှိတိုင်း အပြုမခံရသူဟု ဆိုအပ်၏။ပ။

ရဟန်းတို့ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့သည် ရှိကုန်၏။ပ။ ရဟန်းတို့ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားကို ရဟန်းသည် အလွန်မနှစ်သက်ခဲ့မူ မစွဲလမ်းခဲ့မူ လွှမ်းမိုး၍မတည်ခဲ့မူ ဤရဟန်းကို မာရ်၏ ငါးမျှားချိတ်ကို မမျိုသူ ငါးမျှားချိတ်ကို ချိုးဖဲ့သူ ငါးမျှားချိတ်ကို ဖျက်ဆီးသူ အကျိုးမဲ့သို့ မရောက်သူ ပျက်စီးခြင်းသို့ မရောက်သူ မာရ်မင်း၏ အလိုရှိတိုင်း အပြုမခံရသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ခီရရုက္ခောပမသုတ်

၂၃၁။ ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏၊ စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်အပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေး၊ ထိုသူ၏မျက်စိအား စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အနည်းငယ်မျှဖြစ်သော အဆင်းအာရုံတို့ပင် ထိခိုက်လာစေကုန်မူ ထိုသူ၏ စိတ်ကို ဆွဲဆောင်နိုင်ကုန်သည်သာလျှင်တည်း၊ များပြားသော အဆင်းတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ထိုဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူအား စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏၊ ထိုသူသည် စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်ဒ ပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေးသောကြောင့်ပင်တည်း။ပ။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့၌ စွဲမက်မှု 'ရာဂ' ရှိနေ၏။ပ။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏၊ စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်အပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေး။ ထိုသူ၏စိတ်အား အနည်းငယ်မျှသော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ပင် ထိခိုက်လာစေကုန်မူ ထိုသူ၏စိတ်ကို ဆွဲဆောင်နိုင်ကုန်သည်သာလျှင်တည်း၊ များပြားသော သဘောတရားတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာရှိမည်နည်း။ ထိုဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူအား စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏၊ စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်အပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေးသောကြောင့်ပင်တည်း။

ရဟန်းတို့ ဥပမာသော်ကား ပျိုမြစ်နုနယ် ငယ်ရွယ်သော ညောင်ဗုဒ္ဓဟေပင်ဖြစ်စေ ပညောင်ပင်ဖြစ်စေ ညောင်ကြပ်ပင်ဖြစ်စေ ရေသဖန်းပင်ဖြစ်စေ အစေးထွက်သော သစ်ပင်သည် ရှိရာ၏။ ထိုသစ်ပင်ကို ယောကျ်ားသည် ထက်လှစွာသော ဓားဖြင့် ခုတ်ထစ်ရာ၏၊ ခုတ်လေရာရာ အရပ်မှ အစေးယိုထွက်ရာသလော။ ယိုထွက်ရာပါ၏ အသျှင်ဘုရား။ ထိုယိုထွက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အစေးရှိသောကြောင့်ပင်တည်း။

ရဟန်းတို့ ဤအတူ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏။ စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်အပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေး။ ထိုသူ၏မျက်စိအား အနည်းငယ်မျှသော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့ပင် ထိခိုက်လာစေကုန်မူ ထိုသူ၏စိတ်ကို ဆွဲဆောင်နိုင်ကုန်သည်သာလျှင်တည်း၊ များပြားသော အဆင်းတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ထိုဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူ အား စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏။ စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်အပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေးသောကြောင့်ပင်တည်း။ပ။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့၌ စွဲမက်မှု 'ရာဂ' ရှိနေ၏။ပ။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း မနောဝိညာဏ်ဖြင့် လျက်အပ်ကုန်သော သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏။ စွဲမက်မှု 'ရာဂ' ကို မပယ်အပ်သေး၊ အမျက်ထွက်မှု 'ဒေါသ' ကို မပယ်အပ်သေး၊ တွေဝေမှု 'မောဟ' ကို မပယ်အပ်သေး။ ထိုသူ၏စိတ်အား အနည်းငယ်မျှသော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ပင် ထိခိုက်လာစေကုန်မူ ထိုသူ၏ စိတ်ကို ဆွဲဆောင်နိုင်ကုန်သည်သာလျှင်တည်း၊ များပြားသော သဘောတရားတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ထိုဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူ အားစွဲမက်မှု 'ရာဂ' ရှိနေ၏၊ အမျက်ထွက်မှု 'ဒေါသ' ရှိနေ၏၊ တွေဝေမှု 'မောဟ' ရှိနေ၏။ စွဲမက်မှု 'ရာဂ'

ကို မပယ်အပ်သေး၊ အမျက်ထွက်မှု‘ဒေါသ’ကို မပယ်အပ်သေး၊တွေဝေမှု ‘မောဟ’ကို မပယ်အပ်သေးသောကြောင့်ပင်တည်း။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စွဲမက်မှု‘ရာဂ’မရှိ၊အမျက်ထွက်မှု‘ဒေါသ’မရှိ၊တွေဝေမှု ‘မောဟ’မရှိ၊စွဲမက်မှု‘ရာဂ’ကို ပယ်အပ်၏ အမျက်ထွက်မှု‘ဒေါသ’ကို ပယ်အပ်၏၊တွေဝေမှု‘မောဟ’ကို ပယ်အပ်၏။ ထိုသူ၏ မျက်စိအား ကောင်းမြတ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့ ထိခိုက်လာစေကုန်မူ ထိုသူ၏စိတ်ကို မဆွဲဆောင်နိုင်ကုန်၊ ယုတ်ညံ့ကုန်သော အဆင်းတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာရှိမည်နည်း။ ထိုမဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း ရဟန်းတို့ ထိုသူအား စွဲမက်မှု‘ရာဂ’မရှိ၊ အမျက်ထွက်မှု ‘ဒေါသ’မရှိ၊ တွေဝေမှု ‘မောဟ’မရှိ။ စွဲမက်မှု ‘ရာဂ’ ကို ပယ်အပ်၏၊ အမျက်ထွက်မှု ‘ဒေါသ’ကို ပယ်အပ်၏၊ တွေဝေမှု ‘မောဟ’ကို ပယ်အပ်၏၊ ထို့ကြောင့်ပင်တည်း။ပ။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့၌။ပ။မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ စွဲမက်မှု ‘ရာဂ’ မရှိ အမျက်ထွက်မှု ‘ဒေါသ’ မရှိ၊ တွေဝေမှု ‘မောဟ’မရှိ။ စွဲမက်မှု ‘ရာဂ’ကို ပယ်အပ်၏၊ အမျက်ထွက်မှု ‘ဒေါသ’ကို ပယ်အပ်၏၊ တွေဝေမှု ‘မောဟ’ကို ပယ်အပ်၏။ ထိုသူ၏ စိတ်အား ကောင်းမြတ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ ထိခိုက်လာစေကုန်မူ ထိုသူ၏စိတ်ကို မဆွဲဆောင်နိုင်ကုန်၊ ယုတ်ညံ့ကုန်သော သဘောတရားတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ထိုမဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူအား စွဲမက်မှု‘ရာဂ’မရှိ၊အမျက်ထွက်မှု‘ဒေါသ’မရှိ၊ တွေဝေမှု‘မောဟ’မရှိ။ စွဲမက်မှု ‘ရာဂ’ကို ပယ်အပ်၏၊ အမျက်ထွက်မှု ‘ဒေါသ’ကို ပယ်အပ်၏၊ တွေဝေမှု ‘မောဟ’ကို ပယ်အပ်၏၊ ထို့ကြောင့်ပင်တည်း။ ရဟန်းတို့ ခြောက်သွေ့ပုပ်ဆွေး၍ မိုးစွတ်ပြီးသော ညောင်ဗုဒ္ဓဟပင်ဖြစ်စေ, ပညောင်ပင်ဖြစ်စေ, ညောင်ကြပ်ပင်ဖြစ်စေ, ရေသဖန်းပင်ဖြစ်စေ အစေးယိုထွက်သောသစ်ပင်သည် ရှိရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် ထက်လှစွာသော ဓားဖြင့် ခုတ်ထစ်ရာ၏၊ ခုတ်လေရာရာ အရပ်မှ အစေးယိုထွက်ရာသလော။ မယိုထွက်ရာပါ အသျှင်ဘုရား၊ ထိုမယိုထွက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အစေးမရှိသောကြောင့်ပင်တည်း။

ရဟန်းတို့ ဤအတူ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စွဲမက်မှု‘ရာဂ’မရှိ၊ အမျက်ထွက်မှု ‘ဒေါသ’ မရှိ၊ တွေဝေမှု‘မောဟ’မရှိ၊ စွဲမက်မှု‘ရာဂ’ကို ပယ်အပ်၏၊ အမျက်ထွက်မှု‘ဒေါသ’ကို ပယ်အပ်၏၊ တွေဝေမှု‘မောဟ’ကို ပယ်အပ်၏။ ထိုသူ၏ မျက်စိအား ကောင်းမြတ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့ ထိခိုက်လာစေကုန်မူ ထိုသူ၏စိတ်ကို မဆွဲဆောင်နိုင်ကုန်၊ ယုတ်ညံ့ကုန်သော အဆင်းတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ထိုမဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း ရဟန်းတို့ ထိုသူအား စွဲမက်မှု‘ရာဂ’မရှိ၊ အမျက်ထွက်မှု‘ဒေါသ’မရှိ၊ တွေဝေမှု ‘မောဟ’မရှိ။ စွဲမက်မှု ‘ရာဂ’ ကို ပယ်အပ်၏၊ အမျက်ထွက်မှု‘ဒေါသ’ကို ပယ်အပ်၏၊ တွေဝေမှု ‘မောဟ’ကို ပယ်အပ်၏၊ ထို့ကြောင့်ပင်တည်း။ပ။

ရဟန်းတို့ တဦးတယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့၌။ပ။

ရဟန်းတို့ တဦးဘယောက်သော ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ စွဲမက်မှု 'ရာဂ' မရှိ၊ အမျက်ထွက်မှု 'ဒေါသ' မရှိ၊ တွေဝေမှု 'မောဟ' မရှိ။ စွဲမက်မှု 'ရာဂ' ကို ပယ်အပ်၏၊ အမျက်ထွက်မှု 'ဒေါသ' ကို ပယ်အပ်၏၊ တွေဝေမှု 'မောဟ' ကို ပယ်အပ်၏။ ထိုသူ၏စိတ်အား ကောင်းမြတ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ ထိခိုက်လာစေကုန်မူ ထိုသူ၏စိတ်ကို မဆွဲဆောင်နိုင်ကုန်၊ ယုတ်ညံ့ကုန်သော သဘောတရားတို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ ထိုမဆွဲဆောင်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းကို ထိုသူအား စွဲမက်မှု 'ရာဂ' မရှိ၊ အမျက်ထွက်မှု 'ဒေါသ' မရှိ၊ တွေဝေမှု 'မောဟ' မရှိ။ စွဲမက်မှု 'ရာဂ' ကို ပယ်အပ်၏၊ အမျက်ထွက်မှု 'ဒေါသ' ကို ပယ်အပ်၏၊ တွေဝေမှု 'မောဟ' ကို ပယ်အပ်၏။ ထို့ကြောင့်ပင်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ကောဋ္ဌိကသုတ်

၂၃၂။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော်၌ (သီတင်းသုံး) နေတော်မူကြကုန်၏၊ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထ၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—

ငါ့သျှင်သာရိပုတြာ မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော။ပ။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော၊ အရသာတို့သည် လျှာ၏အနှောင်အဖွဲ့ 'သံယောဇဉ်' လော။ပ။ စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော၊ သဘောတရားတို့သည် စိတ်၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လောဟု လျှောက်၏။

ငါ့သျှင်ကောဋ္ဌိက မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်။ အမှန်အားဖြင့်သော်ကား ထိုမျက်စိအဆင်း နှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ပ။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အရသာတို့သည် လျှာ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုလျှာ အရသာ နှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ပ။ စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုစိတ်သဘောတရား နှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။

ငါ့သျှင် ဥပမာသော်ကား နွားနက်နှင့် နွားဖြူတို့ကို တချောင်းတည်းသော လျှော်ကြိုးဖြင့်ရင်း လွန်ကြိုးဖြင့်ရင်း ချည်ထားကုန်ရာ၏၊ တစုံတယောက်သောသူသည် "နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့တည်း၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့တည်း" ဟု ပြောဆိုရာ၏၊ ထိုသို့ပြောဆိုသူသည် အမှန်ကို ပြောဆိုသည် မည်ရာသလော။ ငါ့သျှင် မမည်နိုင်ပါ။ ငါ့သျှင် နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနွားနှစ်ကောင်တို့ကို တချောင်းတည်းသော လျှော်ကြိုးဖြင့်ရင်း လွန်ကြိုးဖြင့်ရင်း ချည်ထားအပ်ကုန်၏၊ ထိုကြိုးသည် ထိုနွားနှစ်ကောင်၌ အနှောင်အဖွဲ့မည်ပါ၏။

ငါ့သျှင် ဤအတူ မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့'သံယောဇဉ်' မည်၏။ပ။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်'မဟုတ်။ပ။စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့'သံယောဇဉ်' မည်၏။

ငါ့သျှင် မျက်စိသည်မူလည်း အဆင်းတို့၏အနှောင်အဖွဲ့'သံယောဇဉ်' ဖြစ်ခဲ့မူ အဆင်းတို့သည်မူလည်း မျက်စိ၏အနှောင်အဖွဲ့'သံယောဇဉ်'ဖြစ်ခဲ့မူ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် မထင်ရှားနိုင်ရာ၊ ငါ့သျှင် မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့'သံယောဇဉ်' မဟုတ်၊ အဆင်းတို့သည် မျက်စိ၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' ဖြစ်သောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် ထင်ရှား၏။ပ။

ငါ့သျှင် လျှာသည်မူလည်း အရသာတို့၏ အနှောင်အဖွဲ့ဖြစ်ခဲ့မူ အရသာတို့သည်မူလည်း လျှာ၏ အနှောင်အဖွဲ့ဖြစ်ခဲ့မူ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် မထင်ရှားနိုင်ရာ။ ငါ့သျှင် လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊အရသာတို့သည် လျှာ၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်'ဖြစ်သောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် ထင်ရှား၏။ပ။

ငါ့သျှင် စိတ်သည်မူလည်း သဘောတရားတို့၏ အနှောင်အဖွဲ့ဖြစ်ခဲ့မူ သဘောတရားတို့သည်မူလည်း စိတ်၏အနှောင်အဖွဲ့ဖြစ်ခဲ့မူ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် မထင်ရှားနိုင်ရာ။ ငါ့သျှင် စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်'မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ 'သံယောဇဉ်'မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့'သံယောဇဉ်' ဖြစ်သောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် ထင်ရှား၏။

ငါ့သျှင် မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ပ။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အရသာတို့သည် လျှာ၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား။ပ။ စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကိုစွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏ဟူသော အကြောင်းကို ဤပရိယာယ်တမျိုးဖြင့်လည်း သိအပ်၏။

ငါ့သျှင် မြတ်စွာဘုရားအား မျက်စိတော်ရှိ၏၊ မြတ်စွာဘုရားသည် မျက်စိဖြင့် အဆင်းကို ရှုကြည့်တော်မူ၏၊ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' မရှိ၊ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာလွတ်မြောက်သော စိတ်ရှိတော်မူ၏။ ငါ့သျှင် မြတ်စွာဘုရားအား နားတော်ရှိ၏၊ မြတ်စွာဘုရားသည် နားဖြင့် အသံကို နားထောင်တော်မူ၏၊ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် မရှိ၊ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာလွတ်မြောက်သော စိတ်ရှိတော်မူ၏။ ငါ့သျှင် မြတ်စွာဘုရားအား နှာခေါင်းတော်ရှိ၏၊ မြတ်စွာဘုရားသည် နှာခေါင်းတော်ဖြင့် အနံ့ကို ရှူတော်မူ၏၊ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် မရှိ၊ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာလွတ်မြောက်သော စိတ်ရှိတော်မူ၏။ ငါ့သျှင် မြတ်စွာဘုရားအား လျှာတော်ရှိ၏၊ မြတ်စွာဘုရားသည် လျှာတော်ဖြင့် အရသာကို လျက်တော်မူ၏၊ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် မရှိ၊ မြတ်စွာဘုရားသည် ကိလေသာမှကောင်းစွာလွတ်မြောက်သော စိတ်ရှိတော်မူ၏။ ငါ့သျှင် မြတ်စွာဘုရားအား ကိုယ်ရှိတော်မူ၏၊ မြတ်စွာဘုရားသည် ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိတော်မူ၏၊ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် မရှိ၊ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာလွတ်မြောက်သော စိတ်ရှိတော်မူ၏။ ငါ့သျှင် မြတ်စွာဘုရားအား စိတ်ရှိတော်မူ၏၊ မြတ်စွာဘုရားသည် စိတ်တော်ဖြင့် သဘောတရားကို သိတော်မူ၏၊ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် မရှိ၊ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာလွတ်မြောက်သော စိတ်ရှိတော်မူ၏။

ငါ့သျှင် မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အဆင်းတို့သည် မျက်စိ၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကိုစွဲ၍ ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ နားသည်။ နှာခေါင်းသည်။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်။ အရသာတို့သည် လျှာ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ ကိုယ်သည်။ စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်။ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်။ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏ ဟူသော အကြောင်းကို ဤပရိယာယ်တမျိုးဖြင့် သိအပ်၏ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

## ၆-ကာမဘူသုတ်

၂၃၃။ တခါတပါး၌ အသျှင်အာနန္ဒာနှင့်အသျှင်ကာမဘူသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌(သီတင်းသုံး)နေတော်မူကုန်၏၊ ထိုအခါ အသျှင်ကာမဘူသည် ညနေချမ်းအခါ တပါးတည်းကိန်းအောင်းရာမှ ထ၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

ငါ့သျှင်အာနန္ဒာ မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော။ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော။ပ။လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' လော၊ အရသာတို့သည် လျှာ၏အနှောင်အဖွဲ့ 'သံယောဇဉ်' လော။ပ။စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်'လော၊ သဘောတရားတို့သည် စိတ်၏ အနှောင်အဖွဲ့ 'သံယောဇဉ်'လောဟု လျှောက်၏။

ငါ့သျှင်ကာမဘူ မျက်စိသည် အဆင်းတို့၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အဆင်းတို့သည် မျက်စိ၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်။ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏။ပ။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အရသာတို့သည် လျှာ၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်။ပ။စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ 'သံယောဇဉ်' မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကိုစွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်'မည်၏။

ငါ့သျှင် ဥပမာသော်ကား နွားနက်နှင့် နွားဖြူတို့ကို တချောင်းတည်းသော လျှော်ကြိုးဖြင့်၎င်း လွန်ကြိုးဖြင့်၎င်း ချည်ထားကုန်ရာ၏၊ တစုံတယောက်သောသူသည် "နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့တည်း၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့တည်း"ဟု ပြောဆိုရာ၏၊ ထိုသို့ပြောဆိုသူသည် အမှန်ပြောဆိုသည် မည်ရာသလော။ ငါ့သျှင် မမည်နိုင်ပါ။ ငါ့သျှင် နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့မဟုတ်။ အမှန်အားဖြင့်သော်ကား ထိုနွားနှစ်ကောင်တို့ကို တချောင်းတည်းသော လျှော်ကြိုးဖြင့်၎င်း လွန်ကြိုးဖြင့်၎င်း ချည်ထားကုန်၏၊ ထိုကြိုးသည် ထိုနွားနှစ်ကောင်၌ အနှောင်အဖွဲ့မည်ပါ၏။ ငါ့သျှင် ဤအတူ မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့'သံယောဇဉ်'မဟုတ်၊အဆင်းတို့သည် မျက်စိ၏အနှောင်အဖွဲ့'သံယောဇဉ်' မဟုတ်။ပ။ လျှာသည်။ပ။ စိတ်သည်။ပ။ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ 'သံယောဇဉ်' မည်၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

## ၇-ဥဒါယီသုတ်

၂၃၄။ အခါတပါး၌ အသျှင်အာနန္ဒာနှင့် အသျှင်ဥဒါယီတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ (သီတင်းသုံး) နေတော်မူကုန်၏၊ ထိုအခါ အသျှင်ဥဒါယီသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထခဲ့၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင် အာနန္ဒာအား ဤစကားကို လျှောက်၏—

ငါ့သျှင်အာနန္ဒာ ဤကိုယ်ကောင်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟု ဤကိုယ် ကောင်ကို မြတ်စွာဘုရားသည် အကြောင်း (နည်းပရိယာယ်) အမျိုးမျိုးဖြင့် ဟောတော်မူ ဖွင့်တော်မူ ပြတော်မူသကဲ့သို့ ဤအတူ ဝိညာဏ်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟု ဤဝိညာဏ်ကို ပြောကြားရန် ဟောပြောရန် ပညတ်ရန် ဖြစ်စေရန် ဖွင့်ပြရန် ခွဲခြားဝေဖန်ရန် ပေါ်လွင်အောင်ပြုရန် တတ်ကောင်းပါမည်လောဟု လျှောက်၏။

ငါ့သျှင်ဥဒါယီ ဤကိုယ်ကောင်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟု ဤကိုယ် ကောင်ကို မြတ်စွာဘုရားသည် အကြောင်း (နည်းပရိယာယ်) အမျိုးမျိုးဖြင့် ဟောတော်မူ ဖွင့်တော်မူ ပြတော်မူသကဲ့သို့ ဤအတူ ဤဝိညာဏ်သည် ဤအကြောင်းကြောင့်လည်း အတ္တ မဟုတ်ဟု ဤဝိညာဏ်ကို ပြောကြားရန် ဟောပြောရန် ပညတ်ရန် ဖြစ်စေရန် ဖွင့်ပြရန် ခွဲခြား ဝေဖန်ရန် ပေါ်လွင်အောင်ပြုရန် တတ်ကောင်း၏။

ငါ့သျှင် မျက်စိကိုရင်း အဆင်းတို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ်ဖြစ်သည် မဟုတ်လော။ ငါ့သျှင် ဟုတ်ပါ၏။ ငါ့သျှင် စက္ခုဝိညာဏ်ဖြစ်ပေါ်မှု၏ အကြောင်း အထောက်အပံ့သည် ရှိ၏၊ ထိုအကြောင်း အထောက်အပံ့သည်ပင် အလုံးစုံ အချင်းခပ်သိမ်း အကြွင်းမဲ့ ချုပ်ငြိမ်းခဲ့မူ စက္ခုဝိညာဏ်သည် ထင်ရှားနိုင်ပါဦးမည်လော။ ငါ့သျှင် မထင်ရှားနိုင်ပါ။ ငါ့သျှင် ဤသို့သော ပရိယာယ်အားဖြင့်လည်း ဤဝိညာဏ်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟု မြတ်စွာ ဘုရားသည် ဟောတော်မူ ဖွင့်တော်မူ ပြတော်မူအပ်ပေ၏။ပ။

ငါ့သျှင် လျှာကိုရင်း အရသာတို့ကိုရင်း စွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်သည် မဟုတ်လော။ ငါ့သျှင် ဟုတ်ပါ၏။ ငါ့သျှင် ဇိဝှါဝိညာဏ် ဖြစ်ပေါ်မှု၏ အကြောင်းအထောက်အပံ့သည် ရှိ၏၊ ထို အကြောင်းအထောက်အပံ့သည် အလုံးစုံ အချင်းခပ်သိမ်း အကြွင်းမဲ့ ချုပ်ငြိမ်းခဲ့မူ ဇိဝှါဝိညာဏ် သည် ထင်ရှားနိုင်ပါဦးမည်လော။ ငါ့သျှင် မထင်ရှားနိုင်ပါ။ ငါ့သျှင် ဤသို့သော ပရိယာယ်အား ဖြင့်လည်း ဤဝိညာဏ်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟု မြတ်စွာဘုရားသည် ဟောတော်မူ ဖွင့်တော်မူ ပြတော်မူအပ်ပေ၏။ပ။

ငါ့သျှင် စိတ်ကိုရင်း သဘောတရားတို့ကိုရင်း စွဲ၍ မနောဝိညာဏ်သည် ဖြစ်သည် မဟုတ်လော။ ငါ့သျှင် ဟုတ်ပါ၏။ ငါ့သျှင် မနောဝိညာဏ်ဖြစ်ပေါ်မှု၏ အကြောင်းအထောက်အပံ့သည် ရှိ၏။ ထိုအကြောင်းအထောက်အပံ့သည် အလုံးစုံအချင်းခပ်သိမ်း အကြွင်းမဲ့ ချုပ်ငြိမ်းခဲ့မူ မနောဝိညာဏ် သည် ထင်ရှားနိုင်ပါဦးမည်လော။ ငါ့သျှင် မထင်ရှားနိုင်ပါ။ ငါ့သျှင် ဤသို့သော ပရိယာယ်အား ဖြင့်လည်း ဤဝိညာဏ်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟု မြတ်စွာဘုရားသည်

ဟောတော်မူ ဖွင့်တော်မူ ပြတော်မူအပ်ပေ၏။ငါ့သျှင် ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကို ရှာလေ့ရှိသော ယောကျ်ားသည် အနှစ်ရှာသွားသည်ရှိသော် ထက်လှစွာသော ဓားကိုယူပြီးလျှင် တောသို့ဝင်ရာ၏၊ ထိုယောကျ်ားသည် ထိုတော၌ ဖြောင့်သော သစ်လွင်သော အနှစ်မရှိသော ငှက်ပျောတုံးကြီးကို တွေ့လေရာ၏၊ ငှက်ပျောတုံးကို အရင်း၌ ဖြတ်ရာ၏၊ အရင်း၌ ဖြတ်ပြီးလျှင် အဖျား၌ ဖြတ်ရာ၏၊ အဖျား၌ ဖြတ်ပြီးလျှင် ငှက်ပျောပတ်ကို ခွါရာ၏၊ ထိုသူသည် ငှက်ပျောဘုံး၌ အကာမျှကိုလည်း မရရာ၊ အဘယ်မှာ အနှစ်ကိုရမည်နည်း။ ငါ့သျှင် ဤအတူ ရဟန်းသည် တွေ့ထိမှု၏တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၌ အတ္တဟုလည်း *ရှု၏၊ အတ္တနှင့်စပ်သော အရာဟုလည်း မရှု၊ ဤသို့ မရှုသည်ရှိသော် ထိုရဟန်းသည် လောက၌ အဘယ်အရာကိုမျှ မစွဲလမ်း၊ မစွဲလမ်းသော် မတောင့်တ၊ မတောင့်တသော် ယခုဘဝ၌ပင် ငြိမ်းအေး၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်ဆို၏)။

သတ္တမသုတ်။

---

## ၈-အာဒိတ္တပရိယာယသုတ်

၂၃၅။ ရဟန်းတို့ သင်တို့အား အာဒိတ္တပရိယာယမည်သော တရားဒေသနာကို ဟောပေအံ့၊ ထိုတရားဒေသနာကို နာကြကုန်လော့၊ ရဟန်းတို့ အာဒိတ္တပရိယာယမည်သော တရားဒေသနာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ လောလောပူသော ရဲရဲညီသော ပြောင်ပြောင်တောက်ပသော အလျှံနှင့်တကွသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်ခြင်းသည် မြတ်သေး၏၊ စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကိုယူခြင်းသည် မမြတ် သည်သာလျှင်တည်း။ ရဟန်းတို့ တည်ဆဲဝိညာဏ်သည် သဏ္ဌာန်နိမိတ်ကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်ငြား အမှတ်လက္ခဏာကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်ငြား တည်ရာ၏။ ထိုအခါဝယ် သေခဲ့မူ ငရဲသို့ဖြစ်စေ တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာ 'ဂတိ'နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ'ဂတိ'သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤအပြစ်ကို မြင်၍ ဤသို့ ငါဟော၏။

ရဟန်းတို့ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော ချွန်ထက်သော သံချွန်ဖြင့် နားကို ထိုးဖောက်ခြင်းသည် မြတ်သေး၏၊ သောတဝိညာဏ်ဖြင့် ကြားအပ်ကုန်သော အသံတို့၌ အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည် မမြတ်သည်သာလျှင်တည်း။ ရဟန်းတို့ တည်ဆဲဝိညာဏ်သည် သဏ္ဌာန်နိမိတ်ကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍ သော်ငြား အမှတ်လက္ခဏာကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်ငြား တည်ရာ၏။ ထိုအခါဝယ် သေခဲ့မူ ငရဲသို့ဖြစ်စေ တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာ'ဂတိ'နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ 'ဂတိ'သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤအပြစ်ကို မြင်၍ ဤသို့ ငါဟော၏။

ရဟန်းတို့ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖောက်ခြင်းသည် မြတ်သေး၏။ ဃာနဝိညာဏ်ဖြင့်

နှမ်းရှုအပ်ကုန်သော အနံ့တို့၌ အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည် မမြတ်သည်သာလျှင်တည်း။ ရဟန်းတို့ တည်ဆဲ ပိညာဏ်သည် သဏ္ဌာန်နိမိတ်ကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်၎င်း အမှတ်လက္ခဏာကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်၎င်း တည်ရာ၏။ ထိုအခါဝယ် သေခဲ့မူ ငရဲသို့ ဖြစ်စေ တိရစ္ဆာန်မျိုးသို့ ဖြစ်စေ လားရာ 'ဂတိ'နှစ်မျိုး တို့တွင် ဘမျိုးမျိုးသော လားရာ 'ဂတိ'သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤအပြစ်ကို မြင်၍ ဤသို့ ငါဟော၏။

ရဟန်းတို့ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော သင်ဓုန်းဓားဖြင့် လျှာကို လှီးဖြတ်ခြင်းသည် မြတ်သေး၏၊ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာတို့၌ အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည် မမြတ်သည်သာလျှင်တည်း။ ရဟန်းတို့ တည်ဆဲဝိညာဏ်သည် သဏ္ဌာန်နိမိတ်ကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍ သော်၎င်း အမှတ်လက္ခဏာကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်၎င်း တည်ရာ၏၊ ထိုအခါဝယ် သေခဲ့မူ ငရဲသို့ ဖြစ်စေ တိရစ္ဆာန်မျိုးသို့ ဖြစ်စေ လားရာ 'ဂတိ' နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ'ဂတိ'သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤအပြစ်ကို မြင်၍ ဤသို့ ငါဟော၏။

ရဟန်းတို့ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော လှံဖြင့်ကိုယ်ကို ထိုးသွင်းခြင်းသည် မြတ်သေး၏၊ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော အတွေ့အထိ တို့၌ အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည် မမြတ်သည်သာလျှင်တည်း။ရဟန်းတို့ တည်ဆဲဝိညာဏ်သည် သဏ္ဌာန်နိမိတ်ကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်၎င်း အမှတ်လက္ခဏာကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်၎င်း တည်ရာ၏၊ ထိုအခါဝယ် အကယ်၍ သေခဲ့မူ ငရဲသို့ဖြစ်စေ တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာ'ဂတိ'နှစ်မျိုးတို့တွင် တမျိုးမျိုး သော လားရာ'ဂတိ'သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ရဟန်းတို့ ဤအပြစ်ကို မြင်၍ ဤသို့ ငါဟော၏။

ရဟန်းတို့ အိပ်ပျော်နေခြင်းသည် မြတ်သေး၏၊ ရဟန်းတို့ အမှန်အားဖြင့်သော်ကား အိပ်ပျော်နေခြင်းကို အသက်ရှင်နေသူတို့၏ မြုံခြင်းဟူ၍ ငါဟော၏။ အသက်ရှင်နေသူတို့၏ အကျိုးမရှိခြင်းဟူ၍ ငါဟော၏၊ အသက်ရှင်နေသူတို့၏ တွေဝေခြင်းဟူ၍ ငါဟော၏၊ အကြင်သို့ သဘောရှိသော အကြံအစည်တို့၏ အလိုသို့ လိုက်ပါသောသူသည် သံဃာကို သင်းခွဲရာ၏၊ ထိုသို့ သဘောရှိသော အကြံအစည်တို့ကို မကြံစည်ရာ။ ရဟန်းတို့ ငါဘုရားသည် အသက်ရှင်နေသူ တို့၏ အပြစ်ကို မြင်၍ ဤသို့ ငါဟော၏။

ရဟန်းတို့ ထိုတရားတို့၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏— လောလောပူသော ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော သံချောင်း ဖြင့် မျက်စိကို ထိုးဖောက်ခြင်းကို ထားဘိဦး မျက်စိသည် မမြဲ၊ အဆင်းတို့သည် မမြဲကုန်၊ စက္ခု ဝိညာဏ်သည် မမြဲ၊ စက္ခုသမ္ဖဿသည် မမြဲ၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ် လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခု အခါ ငါနှလုံးသွင်းနေတော့အံ့။

ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော သံချွန်ဖြင့် နားကို ထိုးဖောက်ခြင်းကို ထားဘိဦး၊ နားသည် မမြဲ၊ အသံတို့သည် မမြဲကုန်၊ သောတဝိညာဏ်သည် မမြဲ၊ သောတသမ္ဖဿသည် မမြဲ၊ သောတသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖောက်ခြင်းကို ထားဘိဦး၊ နှာခေါင်းသည် မမြဲ၊ အနံ့တို့သည် မမြဲကုန်၊ ဃာနဝိညာဏ်သည် မမြဲ၊ ဃာနသမ္ဖဿသည် မမြဲ၊ ဃာနသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော သင်ဓုန်းဓားဖြင့် လျှာကို လှီးဖြတ်ခြင်းကို ထားဘိဦး၊ လျှာသည် မမြဲ၊ အရသာတို့သည် မမြဲကုန်၊ ဇိဝှါဝိညာဏ်သည် မမြဲ၊ ဇိဝှါသမ္ဖဿသည် မမြဲ၊ ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော ထက်လှစွာသော လှံဖြင့် ကိုယ်ကို ထိုးဆွခြင်းကို ထားဘိဦး၊ ကိုယ်သည် မမြဲ၊ အတွေ့အထိတို့သည် မမြဲကုန်၊ ကာယဝိညာဏ်သည် မမြဲ၊ ကာယသမ္ဖဿသည် မမြဲ၊ ကာယသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါ နှလုံးသွင်းနေတော့အံ့။

အိပ်ပျော်နေခြင်းကို ထားဘိဦး စိတ်သည် မမြဲ၊ သဘောတရားတို့သည် မမြဲကုန်၊ မနောဝိညာဏ်သည် မမြဲ၊ မနောသမ္ဖဿသည် မမြဲ၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါ နှလုံးသွင်းနေတော့အံ့ဟု ဆင်ခြင်၏။

ရဟန်းတို့ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ) လွတ်မြောက်သော် (ကိလေသာမှ) လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်၏၊ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ”ဟု သိ၏။ ရဟန်းတို့ ဤကား အာဒိတ္တပရိယာယမည်သော တရားဒေသနာတည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဌမ ဟတ္ထပါဒေါပမသုတ်

၂၃၆။ ရဟန်းတို့ လက်တို့ရှိကုန်သော် ယူမှု ချထားမှုသည် ထင်ရှား၏၊ ခြေတို့ရှိကုန်သော် ရှေ့သို့ တက်မှု နောက်သို့ ဆုတ်မှုသည် ထင်ရှား၏၊ အဆစ်တို့ ရှိကုန်သော် ကွေးမှု ဆန့်မှုသည် ထင်ရှား၏၊ ဝမ်းပိုက်ရှိသော် ဆာလောင်မှု မွတ်သိပ်မှုသည် ထင်ရှား၏။ ရဟန်းတို့ ဤအတူ စက္ခုရှိသော် စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏။ပ။ ဇိဝှါရှိသော် ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏။ပ။ မနောရှိသော် မနောသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏။

ရဟန်းတို့ လက်တို့ မရှိကုန်သော် ယူမှု ချထားမှုသည် မထင်ရှား၊ ခြေတို့ မရှိကုန်သော် ရှေ့သို့ တက်မှု နောက်သို့ ဆုတ်မှုသည် မထင်ရှား၊ အဆစ်တို့ မရှိကုန်သော် ကွေးမှုဆန့်မှုသည် မထင်ရှား၊ ဝမ်းပိုက်မရှိသော် ဆာလောင်မှု မွတ်သိပ်မှုသည် မထင်ရှား။ရဟန်းတို့ ဤအတူ စက္ခုမရှိသော် စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် မဖြစ်နိုင်။ပ။ဇိဝှါမရှိသော် ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် မဖြစ်နိုင်။ပ။ မနောမရှိသော် မနောသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် မဖြစ်နိုင် ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဟတ္ထပါဒေါပမသုတ်

၂၃၇။ ရဟန်းတို့ လက်တို့ရှိကုန်သော် ယူမှု ချထားမှုသည် ဖြစ်၏၊ ခြေတို့ရှိကုန်သော် ရှေ့သို့ တက်မှု နောက်သို့ဆုတ်မှုသည် ဖြစ်၏၊ အဆစ်တို့ရှိကုန်သော် ကွေးမှု ဆန့်မှုသည် ဖြစ်၏၊ ဝမ်းပိုက်ရှိသော် ဆာလောင်မှု မွတ်သိပ်မှုသည် ဖြစ်၏။ ရဟန်းတို့ ဤအတူ စက္ခုရှိသော် စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်၏။ပ။ဇိဝှါရှိသော်။ပ။မနောရှိသော် မနောသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ ဖြစ်၏။

ရဟန်းတို့ လက်တို့မရှိကုန်သော် ယူမှု ချထားမှု မဖြစ်နိုင်၊ ခြေတို့မရှိကုန်သော် ရှေ့သို့တက်မှု နောက်သို့ဆုတ်မှုသည် မဖြစ်နိုင်၊ အဆစ်တို့မရှိကုန်သော် ကွေးမှုဆန့်မှု မဖြစ်နိုင်၊ ဝမ်းပိုက်မရှိသော် ဆာလောင်မှု မွတ်သိပ်မှု မဖြစ်နိုင်။ ရဟန်းတို့ ဤအတူ စက္ခုမရှိသော် စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ မဖြစ်နိုင်။ပ။ဇိဝှါမရှိသော် ဇိဝှါသမ္ဖဿဟူသောအကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ မဖြစ်နိုင်။ပ။မနောမရှိသော် မနောသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာဆင်းရဲ မဖြစ်နိုင် ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သမုဒ္ဒဝဂ် ပြီး၏။

## (၁၉) ၄-အာသီဝိသဝဂ် ၁-အာသီဝိသောပမသုတ်

၂၃၈။ ရဟန်းတို့ ဥပမာသော်ကား လျင်သော အဆိပ်ရှိကုန်သော ထက်သောအစိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့သည် ရှိကုန်၏၊ ထိုအခါ အသက်ရှင်လိုသော မသေလိုသော ချမ်းသာကို လိုလားသော ဆင်းရဲကို စက်ဆုပ်သောယောကျ်ားသည် လာရောက်ရာ၏၊ ထိုယောကျ်ားကို ဤသို့ ဆိုကုန်ရာ၏ "အချင်းယောကျ်ား သင်သည် လျင်သော အဆိပ်ရှိကုန်သော ထက်သောအစိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော ဤမြွေလေးကောင်တို့ကို အချိန်မှန်မှန် ထစေရမည်၊အချိန်မှန်မှန် ရေချိုးပေးရမည်၊ အချိန်မှန်မှန် အစာကျွေးရမည်၊ အချိန်မှန်မှန် အိပ်စေရမည်။ အချင်းယောကျ်ား သင့်အား လျင်သော အဆိပ်ရှိကုန်သော ထက်သောအစိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့တွင် တကောင်ကောင်သည် အမျက်ထွက်သောအခါ သင်သည် သေခြင်းသို့ဖြစ်စေ သေလောက်နီးပါး ဆင်းရဲသို့ဖြစ်စေ ရောက်လတ္တံ့။ အချင်းယောကျ်ား သင်သည် ပြုသင့်ပြုထိုက်သည်ကို ပြုလေလော့"ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် လျင်သောအဆိပ်ရှိကုန်သော ထက်သောအစိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့မှ ကြောက်လန့်သည်ဖြစ်၍ ထိုထို ဤဤ ခြေဦးတည့်ရာ အရပ်သို့ ပြေးလေရာ၏၊ ထိုယောကျ်ားကို ဤသို့ ဆိုကုန်ရာ၏ "အချင်းယောကျ်ား သင့်ကို တွေ့မြင်ရာအရပ်၌ သတ်ဖြတ်ကုန်အံ့ဟု ဤရန်သူလူသတ်သမား ငါးဦးတို့သည် နောက်မှ နောက်မှ ထက်ချပ်မကွာ လိုက်ပါနေကုန်၏။ အချင်းယောကျ်ား သင်ပြုသင့်ပြုထိုက်သည်ကို ပြုလေလော့"ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် လျင်သောအဆိပ်ရှိကုန်သော ထက်သောအစိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့မှ ကြောက်လန့်သည်ဖြစ်၍ ရန်သူလူသတ်သမား ငါးဦးတို့မှ ကြောက်လန့်သည်ဖြစ်၍ ထိုထို ဤဤ ခြေဦးတည့်ရာအရပ်သို့ ပြေးလေရာ၏၊ ထိုယောကျ်ားကို ဤသို့ ဆိုကုန်ရာ၏ "အချင်းယောကျ်ား သင့်ကို တွေ့မြင်ရာအရပ်၌ ဦးခေါင်းကိုဖြတ်အံ့ဟု သင်၏ အတွင်းသူလျှိုဖြစ်သော ဤခြောက်ယောက်မြောက် လူသတ်သမားသည် သန်လျက်ကို မြှောက်မိုးလျက် နောက်မှ နောက်မှ ထက်ချပ်မကွာ လိုက်ပါနေ၏၊ အချင်းယောကျ်ား သင်ပြုသင့်ပြုထိုက်သည်ကို ပြုလေလော့"ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် လျင်သောအဆိပ်ရှိကုန်သော ထက်သောအစိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့မှ ကြောက်လန့်သည်ဖြစ်၍ ရန်သူလူသတ်သမားငါးဦးတို့မှ ကြောက်လန့်သည်ဖြစ်၍ ခြောက်ယောက်မြောက် အတွင်းသူလျှိုသန်လျက်မိုးထားသော လူသတ်သမားမှ ကြောက်လန့်သည်ဖြစ်၍ ထိုထို ဤဤ ခြေဦးတည့်ရာအရပ်သို့ ပြေးလေရာ၏၊ ထိုသူသည် လူသူဆိတ်သုံးသော ရွာကိုမြင်၍ အကြင် အကြင်အိမ်သို့ ဝင်ငြားအံ့၊ တစုံတခုမျှ မရှိသော အိမ်သို့သာ ဝင်မိရာ၏၊ အချည်းနှီးသော အိမ်သို့သာ ဝင်မိရာ၏၊ ဆိတ်သုံးသော အိမ်သို့သာ ဝင်မိရာ၏၊ အကြင်အကြင် အိုးခွက်ကို ကိုင်တွယ်ငြားအံ့၊ တစုံတခုမျှ မရှိသော အိုးခွက်ကိုသာ ကိုင်မိရာ၏၊ အချည်းနှီးသော အိုးခွက်ကိုသာ ကိုင်မိရာ၏၊ ဆိတ်သုံးသော အိုးခွက်ကိုသာ ကိုင်မိရာ၏။ ထိုယောကျ်ားကို ဤသို့ ဆိုကုန်ရာ၏ "အချင်းယောကျ်ား ယခုအခါ

ရွာကိုနှိပ်စက်ဖျက်ဆီးတတ်သော ခိုးသူတို့သည် ဤလူသူဆိတ်သုံးသောရွာသို့ ဝင်လာကြကုန်၏၊ အချင်းယောကျာ်း သင်ပြုသင့်ပြုထိုက်သည်ကို ပြုလေလော့”ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျာ်းသည် လျင်သောအဆိပ်ရှိကုန်သော ထက်သောအခိုးရှိကုန်သော ပြင်းထန်သောအဆိပ်ရှိကုန်သော မြွေလေးကောင်တို့မှ ကြောက်လန့်သည်ဖြစ်၍ ရန်သူလူသတ်သမားငါးဦးတို့မှ ကြောက်လန့်သည်ဖြစ်၍ ခြောက်ယောက်မြောက် အတွင်းသူလျှိုသန်လျက်မိုးထားသော လူသတ်သမားမှ ကြောက်လန့်သည်ဖြစ်၍ ရွာကို နှိပ်စက်ဖျက်ဆီးတတ်သော ခိုးသူတို့မှ ကြောက်လန့်သည်ဖြစ်၍ ထိုထို ဤဤ ခြေဦးတည့်ရာ အရပ်သို့ ပြေးလေရာ၏၊ ထိုသူသည် ဤမှာဖက်ကမ်းသည် စိုးရိမ်ဖွယ်နှင့်တကွ ဘေးဘျမ်းနှင့်တကွဖြစ်၍ ထိုမှာဖက်ကမ်းကား စိုးရိမ်ဖွယ်မရှိ ဘေးဘျမ်းမရှိသော နက်ကျယ်သော ရေပြင်လယ်ကြီးကို မြင်လေရာ၏၊ သို့သော်လည်း ဤဖက်မှ ထိုဖက်သို့သွားရောက်ရန် ကူးခပ်နိုင်သော လှေလည်း မရှိ၊ တံတားလည်း မရှိ။ ရဟန်းတို့ ထိုအခါ ထိုယောကျာ်းအား ဤသို့ အကြံဖြစ်၏— “ဤကား နက်ကျယ်သော ရေပြင်လယ်ကြီးတည်း၊ ဤဖက်ကမ်းသည် စိုးရိမ်ဖွယ်နှင့်တကွဖြစ်၏၊ ဘေးဘျမ်းနှင့်တကွဖြစ်၏၊ ထိုဖက်ကမ်းကား စိုးရိမ်ဖွယ်မရှိ၊ ဘေးဘျမ်းမရှိ၊ ဤဖက်မှ ထိုဖက်သို့ သွားရောက်ရန် ကူးခပ်နိုင်သောလှေလည်း မရှိ၊ တံတားလည်း မရှိ၊ ငါသည် မြက် ထင်း သစ်ခက် သစ်ရွက်ကိုစုဆောင်း၍ ဖောင်ဖွဲ့ပြီးလျှင် ထိုဖောင်ကိုအမှီပြုကာ လက်ခြေတို့ဖြင့် လှုံ့လပြုလျက် ချမ်းသာစွာ တဖက်ကမ်းသို့ သွားရမူ ကောင်းလေစွ”ဟု အကြံဖြစ်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျာ်းသည် မြက် ထင်း သစ်ခက် သစ်ရွက်ကိုစုဆောင်း၍ ဖောင်ဖွဲ့ပြီးလျှင် ထိုဖောင်ကိုအမှီပြုကာ လက်ခြေတို့ဖြင့် လှုံ့လပြုလျက် ချမ်းသာစွာ တဖက်ကမ်းသို့သွားရာ၏၊ ကူးမြောက်ပြီးဖြစ်၍ တဖက်ကမ်းသို့ရောက်ပြီးသော ဘေးရန်တို့ကို အပပြုပြီးသော သူမြတ်သည် ကုန်းထက်၌ တည်၏။

ရဟန်းတို့ ငါဘုရားသည် အနက်အဓိပ္ပါယ်ကို သိလွယ်စေရန် ဤဥပမာကိုပြုအပ်ပြီ၊ ဤဆိုလတ္တံ့သည်ကား ဤဆိုအပ်ပြီးသော ဥပမာစကား၌ အနက်အဓိပ္ပါယ်တည်း။ ရဟန်းတို့ “လျင်သော အဆိပ်ရှိကုန်သော ထက်သောအခိုးရှိကုန်သော ပြင်းထန်သောအဆိပ်ရှိကုန်သော မြွေလေးကောင်တို့” ဟူသော ဤအမည်သည်ကား ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူသော မဟာဘုတ်လေးပါးတို့၏ အမည်တည်း။

ရဟန်းတို့“ရန်သူလူသတ်သမားငါးဦးတို့”ဟူသောအမည်သည်ကား ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာဟူသော ဥပါဒါနက္ခန္ဓ ၁ ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့ “ခြောက်ယောက်မြောက် အတွင်းသူလျှိုသန်လျက်မိုးထားသော လူသတ်သမား” ဟူသော ဤအမည်သည်ကား နှစ်သက်စွဲလမ်းမှု ‘နန္ဒီရာဂ’ ၏အမည်တည်း။

ရဟန်းတို့ “လူသူဆိတ်သုံးသော ရွာဟူသော” ဤအမည်သည်ကား အတွင်းဖြစ်သော တည်ရာ ‘အဇ္ဈတ္တိကာယတန’ တို့၏ အမည်တည်း။ ရဟန်းတို့ လိမ္မာသော ထက်မြက်သော ပညာရှိသူသည် ထိုခန္ဓာ ကောင်ကြီးကို မျက်စိအားဖြင့်လည်း ဆင်ခြင်ခဲ့မူ တစုံတခုမျှမရှိသည်ဖြစ်၍သာ ထင်၏၊ အချည်းနှီးဖြစ်၍သာ ထင်၏၊ ဆိတ်သုံးသည်ဖြစ်၍သာ ထင်၏။ပ။ ရဟန်းတို့ ထိုခန္ဓာကောင်ကြီးကို လျှာအားဖြင့်လည်း။ပ။ ရဟန်းတို့ လိမ္မာသော ထက်မြက်သော ပညာရှိသူသည် ထိုခန္ဓာကောင်

ကြီးကို စိတ်အားဖြင့်လည်း ဆင်ခြင်ခဲ့မှု တစုံတခုမျှမရှိသည်ဖြစ်၍သာ ထင်၏၊ အချည်းနှီးဖြစ်၍သာ ထင်၏၊ ဆိတ်သုံးသည်ဖြစ်၍သာ ထင်၏။

ရဟန်းတို့ "ရွာကိုနှိပ်စက်ဖျက်ဆီးသော ခိုးသူ"ဟူသော ဤအမည်သည် အပဖြစ်သော တည်ရာ 'ဗာဟိရာယတန' တရားခြောက်ပါးတို့၏ အမည်တည်း။ ရဟန်းတို့ နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အဆင်းတို့သည် မျက်စိကို နှိပ်စက်အပ်၏၊ ရဟန်းတို့ နားကို။ပ။ရဟန်းတို့ နှာခေါင်းကို။ပ။ ရဟန်းတို့ နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အရသာတို့သည် လျှာကို နှိပ်စက်အပ်၏။ ရဟန်းတို့ ကိုယ်ကို။ပ။ရဟန်းတို့ နှစ်သက်ဖွယ် မနှစ်သက်ဖွယ် သဘောတရားတို့သည် စိတ်ကို နှိပ်စက်အပ်၏။

ရဟန်းတို့ "ရေပင်လယ်ကြီး" ဟူသော ဤအမည်ကား ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃဟူသော ဩဃလေးပါးတို့၏ အမည်တည်း။

ရဟန်းတို့ "စိုးရိမ်ဖွယ်နှင့်တကွ ဘေးဘျမ်းနှင့်တကွဖြစ်သော ဤဖက်ကမ်း"ဟူသော ဤအမည်သည်ကား ထင်ရှားရှိသော ခန္ဓာကောင်'သက္ကာယ'၏ အမည်တည်း။

ရဟန်းတို့ "စိုးရိမ်ဖွယ်ကင်းရာ ဘေးမရှိရာ ထိုဖက်ကမ်း"ဟူသော ဤအမည်သည်(နိဗ္ဗာန်)၏ အမည်တည်း။ ရဟန်းတို့ "ဖောင်" ဟူသော ဤအမည်သည် မှန်ကန်စွာမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာတည်ကြည်ခြင်း'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်၏အမည်တည်း။

ရဟန်းတို့ "လက်ခြေတို့ဖြင့် ထိုသူ၏ ကြိုးစားမှု" ဟူသော ဤအမည်သည် လုံ့လကြိုးကုတ်အားထုတ်မှု၏ အမည်တည်း။

ရဟန်းတို့ "ကူးမြောက်ပြီးသည် ဖြစ်၍ တဖက်ကမ်းသို့ရောက်သော ကြည်းကုန်းထက်၌ တည်သော သူမြတ်" ဟူသော ဤအမည်သည်ကား ရဟန္တာ၏ အမည်ပေတည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-ရထောပမသုတ်

၂၃၉။ ရဟန်းတို့ တရားသုံးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ချမ်းသာ စိတ်ချမ်းသာများသည်ဖြစ်၍ နေရ၏၊ ထိုရဟန်းသည် ယိုစီးတတ်သော 'အာသဝေါ' တရားတို့ ကုန်ခန်းရန် အကြောင်းကိုလည်း အားထုတ်အပ်၏။ အဘယ်သုံးပါးတို့နည်း၊ ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိ၏၊ အစားအစာ၌ အတိုင်းအရှည်ပမာဏကို သိ၏၊နိုးကြားမှုနှင့် ယှဉ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့်အဆင်း 'ရူပါရုံ' ကိုမြင်သော် မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေစသော အင်္ဂါပြုံးဟန်ရယ်ဟန်စသော အမူအရာအမှတ်လက္ခဏာကိုစွဲယူလေ့မရှိ၊ စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်းစက္ခုန္ဒြေဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ရဟန်းသည် ထိုစက္ခုန္ဒြေကို

စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။နှာခေါင်းဖြင့်အနံ့'ဂန္ဓာရုံ'ကို နမ်းရှူသော်။လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ ကိုယ်ဖြင့် အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ စိတ်ဖြင့် သဘောတရား'ဓမ္မာရုံ'ကို သိသော် မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကိုစွဲယူလေ့မရှိ၊ လက်ခြေစသော အင်္ဂါပြုံးပ:န် ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်းမနိန္ဒြေဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဥပမာသော်ကား ညီညာသောမြေ လမ်းလေးခွဆုံဝယ် ရထားအလယ်၌ ဖီလာထားအပ်သော နှင်တံရှိသော အာဇာနည်မြင်းကသောရထားသည် တည်ရှိရာ၏၊ မြင်းတို့ကို ဆုံးမနိုင်သော လိမ္မာသော ရထားထိန်းသည် ထိုရထားကို တက်စီး၍ လက်ဝဲလက်ဖြင့် ကြိုးတို့ကိုကိုင်ကာ လက်ယာလက်ဖြင့် နှင်တံကိုကိုင်ပြီးလျှင် အလိုရှိရာအရပ်သို့ အလိုရှိတိုင်း မောင်းလည်း မောင်းနိုင်ရာ၏၊ဆုတ်လည်း ဆုတ်နိုင်ရာ၏။ ရဟန်းတို့ ဤအတူ ရဟန်းသည် ဤဣန္ဒြေ ခြောက်ပါးတို့ကို စောင့်ရှောက်ရန် ကျင့်၏၊ စောင့်စည်းရန် ကျင့်၏၊ ဆုံးမရန် ကျင့်၏၊ ငြိမ်းအေးရန် ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည် ပမာဏကို သိသူဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ပညာဖြင့် ဆင်ခြင်၍ အစားအစာကိုမှီဝဲ၏၊ "မြူးတူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် အရေအဆင်း ဖွံ့ဖြိုးတိုးပွါးရန် အစားအစာကို မှီဝဲသည်မဟုတ်၊ ဤကိုယ် တည်တံ့ရန်မျှသာ မျှတရန်မျှသာ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သော အကျင့်ကို ချီးမြှောက်ရန်မျှသာ အစားအစာကို မှီဝဲ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်နိုင်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာနေရခြင်း ဖြစ်လတ္တံ့" ဟု နှလုံးသွင်းဖြင့် အစားအစာကိုမှီဝဲ၏။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် အနာကို အသားနုတက်စေရန်သာ ဆေးလိမ်းသကဲ့သို့ တနည်းသော်ကား ဝန်ကိုဆောင်နိုင်ရန်သာ ဝင်ရိုးကိုဆီလိမ်းသကဲ့သို့ ရဟန်းတို့ ဤအတူ ရဟန်းသည် အသင့်အားဖြင့် ပညာဖြင့် ဆင်ခြင်၍ အစားအစာကို မှီဝဲ၏။ "မြူးတူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် အရေအဆင်း ဖွံ့ဖြိုးတိုးပွါးရန် အစားအစာကို မှီဝဲသည်မဟုတ်၊ ဤကိုယ်တည်တံ့ရန်မျှသာ မျှတရန်မျှသာ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သောအကျင့်ကို ချီးမြှောက်ရန်မျှသာ အစားအစာကို မှီဝဲ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာ နေရခြင်း ဖြစ်လတ္တံ့" ဟု နှလုံးသွင်းဖြင့် အစားအစာကို မှီဝဲ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည် ပမာဏကို သိသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နိုးကြားမှုနှင့် ယှဉ်သူဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နေ့အခါ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သော တရားတို့မှ စိတ်ကို သန့်ရှင်းစေ၏၊ ညဉ့်၏ ပဌမယံ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သော တရားတို့မှ စိတ်ကို သန့်ရှင်းစေ၏၊ ညဉ့်၏ မဇ္ဈိမယံဝယ် ခြေတဖက်၌ ခြေတဖက်ကို စဉ်းငယ်လွန်ကာ

တင်ထား၍ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဥာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟု အမှတ်ကို နှလုံးသွင်းလျက် လက်ျာဘက်နံတောင်းဖြင့် မြတ်သော အိပ်ခြင်းကိုပြု၏၊ညဉ့်၏ပစ္ဆိမယာမ၌ အိပ်ရာမှထပြီးသော် စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သောတရားတို့မှ စိတ်ကို သန့်ရှင်းစေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နိုးကြားမှုနှင့် ယှဉ်သူ ဖြစ်၏။ ရဟန်းတို့ ဤတရားသုံးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ချမ်းသာ စိတ်ချမ်းသာများသည်ဖြစ်၍ နေရ၏၊ ထိုရဟန်းသည် အာသဝေါ တရားတို့ ကုန်ခန်းရန်အကြောင်းကိုလည်း အားထုတ်အပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ကုမ္မောပမသုတ်

၂၄၀။ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား အခွံရှိလိပ်သည် ညနေချမ်းအခါ မြစ်ကမ်းအနီး၌ လှည့်လည် ကျက်စား၏၊ ရဟန်းတို့ မြေခွေးသည်လည်း ညနေချမ်းအခါ မြစ်ကမ်းအနီး၌ လှည့်လည် ကျက်စား၏၊ ရဟန်းတို့ အခွံရှိလိပ်သည် လှည့်လည် ကျက်စားသော မြေခွေးကို အဝေးမှ မြင်လေလျှင် ခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့ကို မိမိပိုင် အခွံတွင်းသို့ ထည့်သွင်းပြီးလျှင် ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေ၏။ ရဟန်းတို့ မြေခွေးသည်လည်း လှည့်လည်ကျက်စားသော အခွံရှိလိပ်ကို အဝေးမှပင်မြင်လေလျှင် အခွံရှိလိပ်ထံသို့ ချဉ်းကပ်၍ ဤအခွံရှိလိပ်သည် ခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့တွင် တခုခုသော အင်္ဂါကို ထုတ်သောအခါ ထိုလိပ်ကို ဖမ်းယူပြီးလျှင် ခွါ၍ စားအံ့ဟု အခွံရှိ လိပ်၏အနီးသို့ ကပ်၍ ရပ်လေ၏။ ရဟန်းတို့ အခွံရှိလိပ်သည် ခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့တွင် တခုခုသောအင်္ဂါကိုမျှ မထုတ်သောအခါ မြေခွေးသည် အခွင့် မရမူ၍ မငြီးငွေ့ဆဲနိုင်ပဲ လိပ်ထံမှ ဖဲသွားလေ၏။

ရဟန်းတို့ ဤအတူ ငါသည် ဤရဟန်းတို့၏ မျက်စိမှသော်လည်း အခွင့်ရရာ၏။ပ။ လျှာမှသော်လည်း အခွင့်ရရာ၏။ပ။စိတ်မှသော်လည်း အခွင့်ရရာ၏ဟု မာရ်ယုတ်သည် အမြဲမပြတ် သင်တို့၏ အနီး၌ ရပ်တည်လျက်ရှိ၏။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည်ဖြစ်၍ နေကြကုန်လော့။ မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သော် မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို မစွဲယူကြကုန်လင့်၊ လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို မစွဲယူကြကုန်လင့်၊ စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်းစက္ခုန္ဒြေဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာသောကြောင့် သင်တို့သည် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကြကုန်လော့၊ စက္ခုန္ဒြေကို စောင့်စည်းကြကုန်လော့၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းရှူသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ပ။ စိတ်ဖြင့် သဘောတရား 'ဓမ္မာရုံ' ကို သိသော် မိန်းမ ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို မစွဲယူကြကုန်လင့်၊ လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို မစွဲယူကုန်လင့်၊ မနိန္ဒြေကို

မစောင့်စည်းပဲနေလျှင် ယင်းမနိန္ဒြေဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာသောကြောင့် သင်တို့သည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကြကုန်လော့၊ မနိန္ဒြေကို စောင့်စည်းကြကုန်လော့၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။ ရဟန်းတို့ သင်တို့သည် အကြင်အခါ ဣန္ဒြေတရားတို့၌ လုံခြုံသော တံခါးရှိကုန်သည်ဖြစ်၍ နေကုန်လတ္တံ့၊ ထိုအခါ လိပ်ထံမှ မြေခွေးဖဲသွားသကဲ့သို့ သင်တို့အထံမှလည်း မာရ်ယုတ်သည် အခွင့်မရသည်ဖြစ်၍ မညှဉ်းဆဲနိုင်ပဲ ဖဲသွားလတ္တံ့ဟု ဟောတော်မူ၏။

လိပ်သည် အင်္ဂါတို့ကို မိမိပိုင်အခွံတွင်း၌ သွတ်သွင်းထားသကဲ့သို့ ရဟန်းသည် စိတ်အကြံအစည်တို့ကို ကောင်းစွာ ထိန်းထားပါလျှင် တဏှာဒိဋ္ဌိ အမှီမခိုရပဲ တပါးပုဂ္ဂိုလ်ကို မထိခိုက်မညှဉ်းဆဲမူ၍ ချုပ်ငြိမ်းရာ၏၊ တစုံတယောက်ကိုမျှ မစွပ်စွဲ မပြောဆိုရာ။

တတိယသုတ်။

---

## ၄-ပဌမ ဒါရုက္ခန္ဓောပမသုတ်

၂၄၁။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏၊ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်ရေအယဉ်ဖြင့် မျော၍လာသော ကြီးစွာသော သစ်တုံးကိုမြင်တော်မူသော် "ရဟန်းတို့ ဂင်္ဂါမြစ် ရေအယဉ်ဖြင့် မျော၍လာသော ကြီးစွာသော သစ်တုံးကို သင်တို့ မြင်ကြကုန်၏လော"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ အသျှင်ဘုရား မြင်ကြပါကုန်၏။ ရဟန်းတို့ အကယ်၍ သစ်တုံးသည် ဤမှာဖက်ကမ်းသို့ မရောက်ခဲ့ပါလျှင် ထိုမှာဖက်ကမ်းသို့ မရောက်ခဲ့ပါလျှင် အလယ်၌ မနစ်မြုပ်ခဲ့ပါလျှင် ကြည်းကုန်း၌ မတင်ခဲ့ပါလျှင် လူတို့ မဆယ်ယူခဲ့ပါလျှင် နတ်တို့ မဆယ်ယူခဲ့ပါလျှင် ဝဲမစုပ်ယူခဲ့ပါလျှင် အတွင်း၌ မဆွေးမပုပ်ခဲ့ပါလျှင် ထိုသစ်တုံးသည် သမုဒ္ဒရာသို့ညွတ်သည် သမုဒ္ဒရာသို့ကိုင်းသည် သမုဒ္ဒရာသို့ ရှိုင်းသည်ဖြစ်လတ္တံ့။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဂင်္ဂါမြစ်၏ ရေအယဉ်သည် သမုဒ္ဒရာသို့ ညွတ်သည် သမုဒ္ဒရာသို့ ကိုင်းသည် သမုဒ္ဒရာသို့ ရှိုင်းသည်ဖြစ်သောကြောင့်တည်း။

ရဟန်းတို့ ဤအတူ သင်တို့သည်လည်း ဤမှာဖက်ကမ်းသို့ မကပ်ရောက်ကြပါလျှင် ထိုမှာဖက်ကမ်းသို့ မကပ်ရောက်ကြပါလျှင် အလယ်၌ မနစ်မြုပ်ကြပါလျှင် ကြည်းကုန်း၌ မတင်ခဲ့ကြပါလျှင် လူတို့မဆယ်ယူကြပါလျှင် နတ်တို့မဆယ်ယူကြပါလျှင် ဝဲစုပ်မယူကြပါလျှင် အတွင်း၌မပုပ်မဆွေးကြပါလျှင် သင်တို့သည် နိဗ္ဗာန်သို့ညွတ်ကုန်သည် နိဗ္ဗာန်သို့ကိုင်းကုန်သည် နိဗ္ဗာန်သို့ ရှိုင်းကုန်သည်ဖြစ်လတ္တံ့။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ကောင်းစွာမြင်ခြင်း 'သမ္မာဒိဋ္ဌိ'သည် နိဗ္ဗာန်သို့ ညွတ်သည် နိဗ္ဗာန်သို့ကိုင်းသည် နိဗ္ဗာန်သို့ ရှိုင်းသည် ဖြစ်သောကြောင့်တည်း။ ဤသို့ မိန့်တော်မူလျှင် ရဟန်းတပါးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "မြတ်စွာဘုရား ဤမှာဖက်ကမ်းဟူသည် အဘယ်ပါနည်း၊ ထိုမှာဖက်ကမ်းဟူသည် အဘယ်ပါနည်း၊ အလယ်၌ နစ်မြုပ်ခြင်း ဟူသည် အဘယ်ပါနည်း၊ ကြည်းကုန်း၌တင်မှုဟူသည် အဘယ်ပါနည်း၊ လူတို့ဆယ်ယူမှုဟူသည် အဘယ်ပါနည်း၊ နတ်တို့ဆယ်ယူမှုဟူသည် အဘယ်ပါနည်း၊ ဝဲစုပ်ယူမှုဟူသည် အဘယ်ပါနည်း၊ အတွင်း၌ ပုပ်ဆွေးမှုဟူသည် အဘယ်ပါနည်း"ဟု (လျှောက်၏)။

ရဟန်း "ဤမှာဖက်ကမ်း"ဟူသော ဤအမည်သည် အတွင်းဖြစ်သောတည်ရာ 'အဇ္ဈတ္တိကာယတန' ခြောက်ပါးတို့၏ အမည်တည်း။ ရဟန်း "ထိုမှာဖက်ကမ်း"ဟူသော ဤအမည်သည် အပဖြစ်သောတည်ရာ 'ဗာဟိရာယတန'ခြောက်ပါးတို့၏ အမည်တည်း။ ရဟန်း "အလယ်၌ နစ်မြုပ်ခြင်း" ဟူသော ဤအမည်သည် နှစ်သက်စွဲမက်မှု'နန္ဒီရာဂ'၏အမည်တည်း။ရဟန်း "ကြည်းကုန်း၌တင်မှု" ဟူသော ဤအမည်သည် ငါဟူသော မာန်၏ အမည်တည်း။

ရဟန်း လူတို့ ဆယ်ယူမှု ဟူသည် အဘယ်နည်း၊ရဟန်း ဤသာသနာတော်၌ ရဟန်းသည် လူတို့နှင့် ရောနှောသည်ဖြစ်၍ နေ၏၊အတူတကွ နှစ်သက်မှု ရှိ၏၊ အတူတကွစိုးရိမ်မှုရှိ၏၊လူတို့ ချမ်းသာသည်ရှိသော် ချမ်းသာ၏၊ လူတို့ဆင်းရဲသည်ရှိသော် ဆင်းရဲ၏၊ ပြုဖွယ်ကိစ္စတို့ ပေါ်ပေါက်လာကုန်သည်ရှိသော် မိမိသည်ပင် ထိုကိစ္စတို့၌ အားထုတ်ခြင်းသို့ရောက်၏၊ ရဟန်း ဤသို့ဖြစ်မှုကို 'လူတို့ဆယ်ယူမှု'ဟု ဆိုအပ်၏။

ရဟန်း နတ်တို့ဆယ်ယူမှုဟူသည် အဘယ်နည်း၊ ရဟန်း ဤသာသနာတော်၌ အချို့သော ရဟန်းသည် ငါသည် ဤသီလအားဖြင့်၎င်း ဤကျင့်ဝတ်အားဖြင့်၎င်း ဤခြိုးခြံမှုအကျင့်အားဖြင့်၎င်း ဤအကျင့်မြတ်အားဖြင့်၎င်း ထင်ရှားသောနတ်သော်၎င်း မထင်ရှားသောနတ်သော်၎င်း ဖြစ်ရလိမ့်မည်ဟု တခုခုသော နတ်အဖြစ်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်သုံး၏၊ ရဟန်း ဤသို့ တောင့်တမှုကို 'နတ်တို့ဆယ်ယူမှု' ဟု ဆိုအပ်၏။ ရဟန်း "ဝဲစုပ်မှု" ဟူသော ဤအမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်း အတွင်း၌ ပုပ်ဆွေးမှုဟူသည် အဘယ်နည်း၊ ရဟန်း ဤသာသနာတော်၌ အချို့သော ရဟန်းသည် သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ မစင်ကြယ်သည်ဖြစ်၍ ယုံမှားအပ်သော အကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သောအမှုရှိ၏၊ ရဟန်းမဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံ၏၊ အကျင့်မြတ်ကို ကျင့်သုံးသူ မဟုတ်ပဲလျက် အကျင့်မြတ်ကို ကျင့်သုံးသူဟု ဝန်ခံ၏၊ အတွင်းပုပ်၏၊ ကိလေသာဖြင့် စိုစွတ်၏၊ အမှိုက်သရိုက်ကဲ့သို့ဖြစ်၏။ ရဟန်း ဤသည်ကို 'အတွင်း၌ပုပ်ဆွေးမှု'ဟု ဆိုအပ်၏။

ထိုအခါ နန္ဒမည်သော နွားကျောင်းသားသည် မြတ်စွာဘုရား၏အနီး၌ရပ်လျက် ရှိ၏၊ ထိုအခါ နန္ဒမည်သော နွားကျောင်းသားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— "အသျှင်ဘုရား တပည့်တော်သည် ဤမှာဖက်ကမ်းသို့ ကပ်ရောက်သည် မဟုတ်ပါ၊ ထိုမှာဖက်ကမ်းသို့လည်း ကပ်ရောက်သည် မဟုတ်ပါ၊ အလယ်၌လည်း နစ်မြုပ်လိမ့်မည်မဟုတ်ပါ၊ ကြည်းကုန်း၌လည်း တင်လိမ့်မည် မဟုတ်ပါ၊ တပည့်တော်ကို လူတို့လည်း ဆယ်ယူလိမ့်မည် မဟုတ်ပါ၊ နတ်တို့လည်း ဆယ်ယူလိမ့်မည် မဟုတ်ပါ၊ဝဲသည်လည်း စုပ်ယူနိုင်လိမ့်မည် မဟုတ်ပါ၊အတွင်း၌လည်း မပုပ်ဆွေးပါ။ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်ထား၏။ နန္ဒ သို့ဖြစ်လျှင် သင်သည် နွားရှင်တို့အား နွားတို့ကိုအပ်ချေဦးလော့ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား နွားမတို့သည် နွားကလေးတို့ကို ခင်တွယ်ကြသည်ဖြစ်၍ အလိုအလျောက် ပြန်သွားကြပါကုန်လတ္တံ့ဟု လျှောက်၏၊ နန္ဒ သင်သည် နွားရှင်တို့အား နွားတို့ကို အပ်ရမည်သာတည်းဟု မိန့်တော်မူ၏၊ ထိုအခါ နန္ဒမည်သော နွားကျောင်းသားသည် နွားရှင်တို့အား နွားတို့ကိုအပ်ခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား နွားရှင်တို့အား နွားတို့ကိုအပ်ခဲ့ပါပြီ၊ တပည့်တော်သည် မြတ်စွာဘုရား၏ အထံ၌

ရှင်အဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏”ဟု ဤစကားကို လျှောက်၏။ နန္ဒမည်သော နွားကျောင်းသားသည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလေ၏။ ပဉ္စင်းအဖြစ်ကို ရလေ၏။ အသျှင်နန္ဒသည် ပဉ္စင်းဖြစ်၍ မကြာမြင့်မီ တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက်။ပ။ အသျှင်နန္ဒ သည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ ဒါရုက္ခန္ဓောပမသုတ်

၂၄၂။ အခါတပါး၌ မြတ်စွာဘုရားသည် ကိမိလမြို့ ဂင်္ဂါမြစ်ကမ်း၌ (သီတင်းသုံး) နေတော်မူ၏၊ မြတ်စွာဘုရားသည် ဂင်္ဂါမြစ် ရေအယဉ်ဖြင့် မျော၍လာသော ကြီးစွာသောသစ်တုံးကို မြင်တော်မူသော် ရဟန်းတို့ ဂင်္ဂါမြစ် ရေအယဉ်ဖြင့် မျော၍လာသော ထိုကြီးစွာသောသစ်တုံးကို သင်တို့မြင်ကြကုန်၏လောဟု မိန့်တော်မူ၏။ အသျှင်ဘုရား မြင်ကြပါကုန်၏။ပ။ ဤသို့ မိန့်တော်မူလေလျှင် အသျှင်ကိမိလသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏။ အသျှင်ဘုရား ဤမှာဖက်ကမ်းဟူသည် အဘယ်ပါနည်း။ပ။ ကိမိလ အတွင်း၌ ပုပ်ဆွေးမှုသည် အဘယ်ပါနည်း၊ ကိမိလ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော အာပတ်သို့ရောက်လျက်ရှိ၏၊ ယင်းသို့ သဘောရှိသော အာပတ်မှ ထမြောက်ခြင်းသည် မထင်။ ကိမိလ ဤအမှုကို အတွင်း၌ ပုပ်ဆွေးမှုဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အဝဿုတပရိယာယသုတ်

၂၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့အား ပြုလုပ်ပြီးခါစဖြစ်၍ ရဟန်းသော်၎င်း ပုဏ္ဏားသော်၎င်း တဦးတယောက်သောလူသော်၎င်း မနေဘူးသေးသော အသစ် ဖြစ်သော မင်းကွန်းသည် ရှိ၏၊ ထိုအခါ ကပိလဝတ်မြို့သား သာကီဝင်မင်းတို့သည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကား ကို လျှောက်ထားကုန်၏— “အသျှင်ဘုရား ဤကပိလဝတ်ပြည်သား သာကီဝင်မင်းတို့အား ပြုလုပ် ပြီးခါစဖြစ်၍ ရဟန်းသော်၎င်း ပုဏ္ဏားသော်၎င်း တဦးတယောက်သောလူသော်၎င်း မနေဘူးသေး သောအသစ်ဖြစ်သော မင်းကွန်းသည် ရှိပါ၏၊အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုမင်းကွန်းကို ရှေး ဦးစွာ သုံးဆောင်တော်မူပါ၊ မြတ်စွာဘုရား ရှေးဦးစွာ သုံးဆောင်ပြီးသည်ကိုနောက်မှ ကပိလဝတ် ပြည်သား သာကီဝင်မင်းတို့သည် သုံးဆောင်ကုန်လတ္တံ့၊ ထိုသို့သုံးဆောင်ခြင်းသည် ကပိလဝတ်ပြည် သား သာကီဝင်မင်းတို့အား ကြာမြင့်စွာ စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏”ဟု (လျှောက် ကုန်၏)။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့သည် မြတ်စွာဘုရား၏လက်ခံခြင်းကို သိရှိကုန်၍ နေရာမှထကြကာ မြတ်စွာဘုရားကို ရှိခိုးကြပြီးလျှင် အရိုအသေပြုကာ မင်းကွန်းသို့ ချဉ်းကပ်ပြီးနောက် မင်းကွန်းကို အခင်းပြည့် ခင်းသည့်ပြင် နေရာတို့ကို ကောင်းစွာပြင်ဆင်၍ ရေအိုးကြီးကို တည်ထားကာ ဆီမီးကို ထွန်းညှိကြပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏ "အသျှင်ဘုရား မင်းကွန်းကို အခင်းပြည့် ခင်းပြီးပါပြီ၊ နေရာတို့ကို ပြင်ဆင်ပြီးပါပြီ၊ ရေအိုးကြီးကိုလည်း တည်ထားပြီးပါပြီ၊ ဆီမီးကိုလည်း ညှိထွန်းပြီးပါပြီ၊ မြတ်စွာဘုရားသည် ယခုကြွရန်အချိန်ကို သိတော်မူပါ၏၊ (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်)"ဟု လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် ရဟန်းသံဃာနှင့်အတူ အသစ်ဖြစ်သော မင်းကွန်းသို့ချဉ်းကပ်ကာ ခြေတော်တို့ကို ဆေးကြော၍ မင်းကွန်းသို့ဝင်တော်မူပြီးလျှင် အလယ်တိုင်ကိုမှီပြီးနောက် အရှေ့အရပ်သို့ မျက်နှာမူလျက် ထိုင်နေတော်မူ၏၊ ရဟန်းသံဃာသည်လည်း ခြေတို့ကိုဆေးကြောကာ မင်းကွန်းသို့ ဝင်ကြပြီးလျှင် အနောက်နံရံကိုမှီကုန်၍ အရှေ့အရပ်သို့မျက်နှာမူလျက် မြတ်စွာဘုရားကိုသာ ရှေးရှုမူလျက် ထိုင်နေကုန်၏၊ ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့သည်လည်း ခြေတို့ကို ဆေးကြော၍ မင်းကွန်းသို့ ဝင်ကြပြီးလျှင် အရှေ့နံရံကို မှီကုန်၍ အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာ ရှေးရှုမူလျက် ထိုင်နေကုန်၏။ ထို့နောက် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့ကို ညဉ့်နက်သည့်တိုင်အောင် တရားစကားဖြင့် အကျိုးစီးပွါးကိုပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၍ "ဂေါတမနွယ်ဖွား သာကီဝင်မင်းများတို့ ညဉ့်သန်းခေါင်လွန်လေပြီ၊ ယခုသွားရန်အချိန်ကို သင်တို့ သိကုန်၏၊ (သွားရန်မှာ သင်တို့အလိုအတိုင်းပင် ဖြစ်သည်)"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝန်ခံကြပြီးလျှင် နေရာမှထကြကာ မြတ်စွာဘုရားကို ရှိခိုးကုန်၍ အရိုအသေပြုကာ ဖဲခွါသွားကြကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့ ဖဲသွား၍ မကြာမီ အသျှင်မဟာမောဂ္ဂလာန်အား "မောဂ္ဂလာန် ရဟန်းသံဃာသည် ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကင်းလျက်ရှိ၏၊ မောဂ္ဂလာန် သင်သည် ရဟန်းတို့အား တရားနှင့်စပ်သော စကားကို ဟောကြားလော့၊ ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏၊ ငါသည် ထိုကျောက်ကုန်းကို ဆန့်ဦးအံ့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား၏စကားကို ဝန်ခံ၏။ ထို့နောက် မြတ်စွာဘုရားသည် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခင်းစေပြီးလျှင် ခြေတဖက်၌ ခြေတဖက်ကို စဉ်းငယ်လွန်ကာ တင်ထား၍ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့်ပြည့်စုံသည်ဖြစ်၍ ထအံ့ဟု နှလုံးသွင်းလျက် လက်ျာနံတောင်းဖြင့် မြတ်သော အိပ်ခြင်းကို ပြုတော်မူ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား တုံ့ပြန်ကြကုန်၏။ အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်တော်မူ၏ – ငါ့သျှင်တို့ သင်တို့အား ကိလေသာ စိုစွတ်ကြောင်းကိုဋ်ငြင်း ကိလေသာ မစိုစွတ်ကြောင်းကိုငြင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား ဝန်ခံကြကုန်၏။ အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကိုမိန့်တော်မူ၏ –

သံ မြန် ၂–၂၇—၈–၃–ဿ

ငါ့သျှင်တို့ အဘယ်သို့လျှင် ကိလေသာ စိုစွတ်သူဖြစ်သနည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် နှစ်သက်ဖွယ် သဘောရှိသော အဆင်း၌ တပ်မက်၏၊ မနှစ်သက်ဖွယ်သဘောရှိသောအဆင်း၌ အမျက်ထွက်၏၊ ခန္ဓာကိုယ်၌ မထင်သော သတိ ရှိသည်ဖြစ်ရကား ယုတ်ညံ့သော စိတ် ရှိလျက်နေ၏၊ဖြစ်ဆဲဖြစ်ပြီးဖြစ်ကုန်သော ထိုယုတ်ညံ့သော အကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ငြိမ်းရာ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။စိတ်ဖြင့် သဘောတရားကိုသိသော် နှစ်သက်ဖွယ်သဘောရှိသော သဘောတရား၌ တပ်မက်၏၊မနှစ်သက်ဖွယ်သဘောရှိသော သဘောတရား၌အမျက်ထွက်၏၊ခန္ဓာကိုယ်၌မထင်သော သတိရှိသည်ဖြစ်ရကား ယုတ်ညံ့သော စိတ်ရှိလျက်နေ၏၊ ထိုဖြစ်ဆဲဖြစ်ပြီးဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ငြိမ်းရာ(ကိလေသာမှ)လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာ မသိ။ ငါ့သျှင်တို့ ဤရဟန်းကို မျက်စိဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ ကိလေသာစိုစွတ်သူ။ပ။ လျှာဖြင့် လျက်အပ်ကုန်သော အရသာတို့၌ ကိလေသာစိုစွတ်သူ။ပ။ စိတ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ ကိလေသာစိုစွတ်သူဟု ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့နေလေ့ရှိသော ရဟန်းကို မာရ်သည် မျက်စိမှလည်း ကပ်ရောက်ခဲ့မူ မာရ်သည် အခွင့်ကိုရပေရာ၏၊ မာရ်သည် အကြောင်းကို ရပေရာ၏။ပ။ ထိုရဟန်းကို မာရ်သည် လျှာမှလည်း ကပ်ရောက်ခဲ့မူ မာရ်သည် အခွင့်ကိုရပေရာ၏၊ မာရ်သည် အကြောင်းကိုရပေရာ၏။ပ။ ထိုရဟန်းကို မာရ်သည် စိတ်မှလည်း ကပ်ရောက်ခဲ့မူ မာရ်သည် အခွင့်ကိုရပေရာ၏၊ မာရ်သည် အကြောင်းကိုရပေရာ၏။

ငါ့သျှင်တို့ ဥပမာသော်ကား သွေ့ခြောက်နေသော မိုးစွတ်သည်ဖြစ်၍ ဆွေးမြည့်သော ကျူအိမ်သည်၄င်း မြက်မိုးအိမ်သည်၄င်း ရှိ၏၊ ယောကျ်ားသည် ထိုအိမ်သို့ ရဲရဲတောက်သော မြက်မီးရှူးဖြင့် အရှေ့အရပ်မှလည်း ကပ်ရောက်ခဲ့မူ မီးသည် လောင်ရန်အခွင့်ကို ရပေရာ၏၊ မီးသည် လောင်ရန်အကြောင်းကို ရပေရာ၏၊ ယောကျ်ားသည် ထိုအိမ်သို့ ရဲရဲတောက်သော မြက်မီးရှူးဖြင့် အနောက်အရပ်မှလည်း ကပ်ရောက်ခဲ့မူ။ပ။ထိုအိမ်သို့ မြောက်အရပ်မှလည်း ကပ်ရောက်ခဲ့မူ။ ထိုအိမ်သို့ တောင်အရပ်မှလည်း ကပ်ရောက်ခဲ့မူ။ ထိုအိမ်သို့ အောက်အရပ်မှလည်း ကပ်ရောက်ခဲ့မူ။ ထိုအိမ်သို့ အထက်အရပ်မှလည်း ကပ်ရောက်ခဲ့မူ။ယောကျ်ားသည် ထိုအိမ်သို့ ရဲရဲတောက်သော မြက်မီးရှူးဖြင့် တနေရာရာမှလည်း ကပ်ရောက်ခဲ့မူ မီးသည် လောင်ရန်အခွင့်ကို ရပေရာ၏၊မီးသည် လောင်ရန်အကြောင်းကို ရပေရာ၏။ ငါ့သျှင်တို့ ဤအတူ ဤသို့နေလေ့ရှိသော ထိုရဟန်းကို မာရ်သည် မျက်စိမှလည်း ကပ်ရောက်ခဲ့မူ မာရ်သည် အခွင့်ကိုရပေရာ၏၊ မာရ်သည် အကြောင်းကို ရပေရာ၏။ပ။ ထိုရဟန်းကို မာရ်သည် လျှာမှလည်း ကပ်ရောက်ခဲ့မူ မာရ်သည် အခွင့်ကိုရပေရာ၏၊ မာရ်သည်အကြောင်းကိုရပေရာ၏။ပ။ထိုရဟန်းကို မာရ်သည် စိတ်မှလည်း ကပ်ရောက်ခဲ့မူ မာရ်သည် အခွင့်ကိုရပေရာ၏၊ မာရ်သည် အကြောင်းကို ရပေရာ၏။ ငါ့သျှင်တို့ ဤသို့ နေလေ့ရှိသော ရဟန်းကို အဆင်းတို့သည် ဖိနှိပ်လွှမ်းမိုးကုန်၏၊ ရဟန်းသည် အဆင်းတို့ကို မဖိနှိပ် မလွှမ်းမိုးနိုင်၊ ရဟန်းကို အသံတို့သည် ဖိနှိပ်လွှမ်းမိုးကုန်၏၊ ရဟန်းသည် အသံတို့ကို မဖိနှိပ် မလွှမ်းမိုးနိုင်၊ရဟန်းကို အနံ့တို့သည် ဖိနှိပ်လွှမ်းမိုးကုန်၏၊ ရဟန်းသည် အနံ့တို့ကို မဖိနှိပ် မလွှမ်းမိုးနိုင်၊ ရဟန်းကို အရသာတို့သည် ဖိနှိပ်လွှမ်းမိုးကုန်၏၊ ရဟန်းသည် အရသာတို့ကို မဖိနှိပ် မလွှမ်းမိုးနိုင်၊ ရဟန်းကို အတွေ့အထိတို့သည် ဖိနှိပ်လွှမ်းမိုးကုန်၏၊ ရဟန်းသည် အတွေ့အထိတို့ကို မဖိနှိပ်မလွှမ်းမိုးနိုင်၊ ရဟန်းကို

သဘောတရားတို့သည် ဖိနှိပ် လွှမ်းမိုးကုန်၏၊ ရဟန်းသည် သဘောတရားတို့ကို မဖိနှိပ် မလွှမ်းမိုးနိုင်။ ငါ့သျှင်တို့ ဤရဟန်းကို အဆင်းတို့ လွှမ်းမိုးခံရသည်ဖြစ်၍ အသံတို့ လွှမ်းမိုးခံရသည် ဖြစ်၍ အနံ့တို့ လွှမ်းမိုးခံရသည်ဖြစ်၍ အရသာတို့ လွှမ်းမိုးခံရသည်ဖြစ်၍ အတွေ့အထိတို့ လွှမ်းမိုးခံရသည် ဖြစ်၍ သဘောတရားတို့ လွှမ်းမိုးခံရသည်ဖြစ်၍ အလွှမ်းမိုးခံရသူဟု ဆိုအပ်၏၊ (မိမိက) မလွှမ်းမိုးနိုင်သူဟု ဆိုအပ်၏။ ညစ်ညူးစေတတ်ကုန်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူပန်ခြင်းနှင့်တကွဖြစ်ကုန်သော နှောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုတို့ကို ဖြစ်စေနိုင်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို ဖိနှိပ်လွှမ်းမိုးကုန်၏။ ငါ့သျှင်တို့ ဤသို့လျှင် ကိလေသာ စိုစွတ်သူဖြစ်ပေ၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် ကိလေသာ မစိုစွတ်သူဖြစ်သနည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် နှစ်သက်ဖွယ် သဘောရှိသော အဆင်းတို့၌ မတပ်မက်၊ မနှစ်သက်ဖွယ်သဘောရှိသော အဆင်းတို့၌ အမျက်မထွက်၊ ခန္ဓာကိုယ်၌ ထင်သော သတိရှိသည်ဖြစ်ရကား မြင့်မြတ်သော စိတ်ဖြင့်နေ၏။ ထိုပုဂ္ဂိုလ်အား ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ငြိမ်းရာ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။ စိတ်ဖြင့် သဘောတရားကို သိသော် နှစ်သက်ဖွယ် သဘောတရား၌ မတပ်မက်၊ မနှစ်သက်ဖွယ်သဘောတရား၌ အမျက်မထွက်၊ ခန္ဓာကိုယ်၌ ထင်သော သတိရှိသည်ဖြစ်ရကား မြင့်မြတ်သော စိတ်ဖြင့်နေ၏။ ထိုပုဂ္ဂိုလ်အား ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ငြိမ်းရာ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ ငါ့သျှင်တို့ ဤရဟန်းကို မျက်စိဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ ကိလေသာမစိုစွတ်သူ။ပ။ လျှာဖြင့် လျက်အပ်ကုန်သော အရသာတို့၌ ကိလေသာ မစိုစွတ်သူ။ပ။ စိတ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ ကိလေသာ မစိုစွတ်သူဟု ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့ နေလေ့ရှိသော ထိုရဟန်းကို မာရ်သည် မျက်စိမှလည်း အကယ်၍ ကပ်ရောက်ငြားအံ့၊ မာရ်သည် အခွင့်ကို မရနိုင်၊ မာရ်သည် အကြောင်းကို မရနိုင်။ပ။ ထိုရဟန်းကို မာရ်သည် လျှာမှလည်း အကယ်၍ ကပ်ရောက်ငြားအံ့။ပ။ ထိုရဟန်းကို မာရ်သည် စိတ်မှလည်း အကယ်၍ ကပ်ရောက်ငြားအံ့၊ မာရ်သည် အခွင့်ကိုမရနိုင်၊ မာရ်သည် အကြောင်းကို မရနိုင်။

ငါ့သျှင်တို့ ဥပမာအားဖြင့် ထူထဲသောမြေစိုင်ရှိသော အင်္ဂတေဖြင့်လိမ်းကျံအပ်သော အထွတ်တပ်ကာ ကျောင်းသော်၎င်း စရပ်သော်၎င်း ရှိ၏။ ယောကျ်ားသည် ထိုကျောင်းသို့ ရဲရဲတောက်သော မြက်မီးရှူးဖြင့် အရှေ့အရပ်မှလည်း အကယ်၍ ကပ်ရောက်ငြားအံ့၊ မီးသည် အခွင့်ကိုမရရာ၊ မီးသည် အကြောင်းကို မရရာ။ပ။ ထိုကျောင်းစရပ်သို့ အနောက်အရပ်မှ။ မြောက်အရပ်မှ။ တောင်အရပ်မှ။ အောက်အရပ်မှ။ အထက်အရပ်မှ ယောကျ်ားသည် ထိုကျောင်းစရပ်သို့ ရဲရဲတောက်သော မြက်မီးရှူးဖြင့် တနေရာရာမှ အကယ်၍ ကပ်ရောက်ငြားအံ့၊ မီးသည် အခွင့်ကို မရရာ၊ မီးသည် အကြောင်းကို မရရာ။ ငါ့သျှင်တို့ ဤအတူ ဤသို့နေလေ့ရှိသော ထိုရဟန်းကို မာရ်သည် မျက်စိမှလည်း အကယ်၍ ကပ်ရောက်ငြားအံ့၊ မာရ်သည် အခွင့်ကို မရနိုင်၊ မာရ်သည် အကြောင်းကို မရနိုင်။ပ။ ထိုရဟန်းကို မာရ်သည် စိတ်မှလည်း အကယ်၍ ကပ်ရောက်ငြားအံ့၊ မာရ်သည် အခွင့်ကို မရနိုင်၊ မာရ်သည် အကြောင်းကို မရနိုင်။ ငါ့သျှင်တို့ ဤသို့နေလေ့ရှိသောရဟန်းသည် အဆင်းတို့ကို

ဖိနှိပ်လွှမ်းမိုးနိုင်၏၊ ရဟန်းကို အဆင်းတို့သည် မဖိနှိပ် မလွှမ်းမိုးနိုင်ကုန်။ ရဟန်းသည် အသံတို့ကို ဖိနှိပ်လွှမ်းမိုးနိုင်၏၊ ရဟန်းကို အသံတို့သည် မဖိနှိပ် မလွှမ်းမိုးနိုင်ကုန်။ ရဟန်းသည် အနံ့တို့ကို ဖိနှိပ်လွှမ်းမိုးနိုင်၏၊ ရဟန်းကို အနံ့တို့သည် မဖိနှိပ် မလွှမ်းမိုးနိုင်ကုန်။ ရဟန်းသည် အရသာတို့ကို ဖိနှိပ်လွှမ်းမိုးနိုင်၏၊ ရဟန်းကို အရသာတို့သည် မဖိနှိပ် မလွှမ်းမိုးနိုင်ကုန်။ ရဟန်းသည် အတွေ့အထိတို့ကို ဖိနှိပ်လွှမ်းမိုးနိုင်၏၊ ရဟန်းကို အရသာတို့သည် မဖိနှိပ် မလွှမ်းမိုးနိုင်ကုန်။ ရဟန်းသည် သဘောတရားတို့ကို ဖိနှိပ်လွှမ်းမိုးနိုင်၏။ ရဟန်းကို သဘောတရားတို့သည် မဖိနှိပ် မလွှမ်းမိုးနိုင်ကုန်။ ငါ့သျှင်တို့ ဤရဟန်းကို အဆင်းတို့ကို လွှမ်းမိုးနိုင်သူဖြစ်၍ အသံတို့ကို လွှမ်းမိုးနိုင်သူဖြစ်၍ အနံ့တို့ကို လွှမ်းမိုးနိုင်သူဖြစ်၍ အရသာတို့ကို လွှမ်းမိုးနိုင်သူဖြစ်၍ အတွေ့အထိတို့ကို လွှမ်းမိုးနိုင်သူဖြစ်၍ သဘောတရားတို့ကို လွှမ်းမိုးနိုင်သူဖြစ်၍ လွှမ်းမိုးနိုင်သူဟု ဆိုအပ်၏။ ထိုရဟန်းကို တစုံတခုသော ကိလေသာတို့သည် မလွှမ်းမိုးနိုင်။ ထိုရဟန်းသည် ညစ်ညူးစေတတ်ကုန်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲသောအကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုကို ဖြစ်စေနိုင်ကုန်သော ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖိနှိပ်လွှမ်းမိုးနိုင်၏။ ငါ့သျှင်တို့ ဤသို့လျှင် ကိလေသာမစိုးစွတ်သူဖြစ်၏ဟု (မိန့်ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် (ကျိန်းစက်ရာမှ) ထတော်မူ၍ "မောဂ္ဂလာန် ကောင်းပေစွ၊ ကောင်းပေစွ။ မောဂ္ဂလာန် သင်သည် ရဟန်းတို့အား ကိလေသာစိုစွတ်ကြောင်းကိုရင်း ကိလေသာမစိုစွတ်ကြောင်းကိုရင်း ကောင်းစွာဟော၏"ဟု အသျှင်မဟာမောဂ္ဂလာန်ကို မိန့်တော်မူ၏။ အသျှင်မဟာမောဂ္ဂလာန်သည် ဤတရားဒေသနာကို ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ခွင့်ပြု လက်ခံတော်မူ၏၊ ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်၏တရားကို နှစ်သက်ဝမ်းမြောက်ကြကုန်ပြီ။

ဆဋ္ဌသုတ်။

---

## ၇-ဒုက္ခဓမ္မသုတ်

၂၄၄။ ရဟန်းတို့ ဒုက္ခဖြစ်ကြောင်းတရားအားလုံးတို့၏သာလျှင် ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာသိသော ရဟန်းသည် ကာမတို့ကို မြင်ကုန်၏၊ ယင်းသို့ကာမတို့ကို မြင်သော ရဟန်းအား ကာမတို့၌ လိုချင်မှု ငြိကပ်မှု မိန်းမောမှု ပူပန်မှုတရားသည် မကိန်းအောင်းနိုင်၊ ထိုသို့မကိန်းအောင်းနိုင်သော ထိုရဟန်းသည် သွားခြင်းကိုရင်း နေခြင်းကိုရင်း လျော်စွာသိ၏၊ ယင်းသို့ လျော်စွာသိ၍ သွားသော နေသော ရဟန်းအား မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာမှု 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် မကိန်းအောင်းနိုင်ကုန်။

ရဟန်းတို့ အဘယ်သို့လျှင် ဒုက္ခဖြစ်ကြောင်း တရားအားလုံးတို့၏ သာလျှင် ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာသိသနည်း၊ ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ခြင်းတည်း၊ ဤကား ခံစားမှု 'ဝေဒနာ'တည်း။ပ။ ဤကား မှတ်သားမှု 'သညာ' တည်း။ ဤကား ပြုပြင်မှု 'သင်္ခါရ' တို့တည်း။ ဤကား သိမှု 'ဝိညာဏ်'တည်း၊ ဤကား သိမှု 'ဝိညာဏ်'ဖြစ်ကြောင်းတည်း၊ ဤကား သိမှု'ဝိညာဏ်'၏ ချုပ်ခြင်းတည်း။ ရဟန်းတို့ ဤသို့လျှင်

ရဟန်းသည် ဒုက္ခဖြစ်ကြောင်း တရားအားလုံးတို့၏သာလျှင် ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာသိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကာမတို့ကို မြင်ကုန်သနည်း၊ ယင်းသို့မြင်သော ရဟန်းအား ကာမတို့၌ လိုချင်မှု ငြိကပ်မှု မိန်းမောမှု ပူပန်မှုတရားသည် မကိန်းအောင်းနိုင်။ ရဟန်းတို့ ဥပမာသော်ကား အလျှံကင်းသော အခိုးကင်းသော မီးကျီးတို့ဖြင့် ပြည့်လျက်ရှိသော တသူထက်လွန်သော မီးကျီးတွင်းသည် ရှိရာ၏၊ ထို့နောက် အသက်ရှင်လိုသော မသေလိုသော ချမ်းသာကိုအလိုရှိသော ဆင်းရဲကို စက်ဆုပ်သောယောကျ်ားသည် ရောက်လာရာ၏၊ ထိုယောကျ်ားကို အားကောင်းသော ယောကျ်ားနှစ်ယောက်တို့သည် လက်ရုံးတဖက်စီကိုင်၍ ထိုမီးကျီးတွင်းသို့ ဆွဲငင်ကုန်ရာ၏၊ ထိုယောကျ်ားသည် ဤသို့ ထိုသို့လည်း ကိုယ်ကို ရုံးဖယ်ရာ၏၊ထိုသို့ရုံးဖယ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုယောကျ်ားသည် ဤမီးကျီးတွင်းသို့ ငါ ကျရောက်ရတော့အံ့၊ ထိုကျရောက်မှု အကြောင်းကြောင့် သေခြင်းသို့သော်ရင်း သေလောက်နီးပါးဖြစ်သော ဆင်းရဲဒုက္ခသို့သော်ရင်း ရောက်ရအံ့ဟု သိပြီးဖြစ်သောကြောင့်တည်း။

ရဟန်းတို့ ဤအတူပင် ရဟန်းသည် ကာမတို့ကို မီးကျီးတွင်းနှင့်တစ္စာ မြင်ကုန်၏၊ ကာမတို့ကို ယင်းသို့မြင်နေသော ရဟန်းအား ကာမတို့၌ လိုချင်မှု ငြိကပ်မှု မိန်းမောမှု ပူပန်မှုတရားသည် မကိန်းအောင်းနိုင်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သွားခြင်းကိုရင်း နေခြင်းကိုရင်း လျော်စွာသိသနည်း၊ ယင်းသို့လျော်စွာသိ၍နေသောရဟန်းသို့ ယုတ်ညံ့သောအကုသိုလ်တရားတို့သည် လိုက်၍ မနှိပ်စက်နိုင်ကုန်။ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ဆူးများစွာရှိသောတောသို့ ဝင်ရာ၏၊ ယောကျ်ား၏ အရှေ့မှလည်း ဆူးရှိ၏၊ အနောက်မှလည်း ဆူးရှိ၏၊မြောက်မှလည်း ဆူးရှိ၏၊တောင်မှလည်း ဆူးရှိ၏၊အောက်မှလည်း ဆူးရှိ၏၊အထက်မှလည်း ဆူးရှိ၏၊ထိုသူသည် ငါ့ကို ဆူးမစူးပါစေနှင့်ဟုသတိရှိလျက်သာလျှင် ရှေ့သို့လည်း တက်ရာ၏၊ သတိရှိလျက်သာလျှင် နောက်သို့လည်း ဆုတ်ရာ၏။ရဟန်းတို့ ဤအတူ လောက၌ ဤချစ်ခင်ဖွယ်သဘော သာယာဖွယ်သဘောကို အရိယာဖြစ်သော မြတ်စွာဘုရား၏ အဆုံးအမတော်၌ ဆူးဟု ဆိုအပ်၏၊ ဤသို့ဆူးဟုသိ၍ စောင့်စည်းမှုကိုရင်း မစောင့်စည်းမှုကိုရင်း သိအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မစောင့်စည်းမှုဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ တပ်မက်၏၊ မချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ အမျက်ထွက်၏၊ ခန္ဓာကိုယ်၌ မထင်သောသတိရှိသည် ဖြစ်ရကား ယုတ်ညံ့သောစိတ်ရှိသည်ဖြစ်၍ နေ၏၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ပ။လျှာဖြင့် အရသာကို လျက်သော် ။ပ။ စိတ်ဖြင့်သဘောတရားကို သိသော် ချစ်ခင်ဖွယ်သဘောရှိသော သဘောတရား၌ တပ်မက်၏၊ မချစ်ခင်ဖွယ်သဘောရှိသော သဘောတရား၌ အမျက်ထွက်၏၊ ခန္ဓာကိုယ်၌ မထင်သော သတိရှိသည် ဖြစ်ရကား ယုတ်ညံ့သော စိတ်ရှိသည်ဖြစ်၍ နေ၏၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ

(ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့်(ကိလေသာမှ)လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ရဟန်းတို့ ဤသို့လျှင် မစောင့်စည်းမှု ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင်စောင့်စည်းမှုဖြစ်သနည်း၊ရဟန်းတို့ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ မတပ်မက်၊ မချစ်ခင်ဖွယ် သဘောရှိသောအဆင်း၌ အမျက်မထွက်၊ ခန္ဓာကိုယ်၌ ထင်သော သတိရှိသည် ဖြစ်ရကား မြင့်မြတ်သော စိတ်ရှိသည်ဖြစ်၍ နေ၏၊ ဖြစ်ပြီးဖြစ်ဆဲဖြစ်ကုန်သော ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ငြိမ်းရာ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။စိတ်ဖြင့် သဘောတရားကို သိသော် ချစ်ခင်ဖွယ်သဘောရှိသော သဘောတရား၌ မတပ်မက်၊ မချစ်ခင်ဖွယ်သဘောရှိသော သဘောတရား၌ အမျက်မထွက်၊ ခန္ဓာကိုယ်၌ ထင်သော သတိရှိသည်ဖြစ်ရကား မြင့်မြတ်သော စိတ်ရှိသည်ဖြစ်၍ နေ၏။ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့်(ကိလေသာမှ)လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏၊ ရဟန်းတို့ ဤသို့လျှင် စောင့်စည်းမှု ဖြစ်၏။

ရဟန်းတို့ ဤသို့ သွားသော ဤသို့ နေသော ထိုရဟန်းအား တရံတခါ သတိမေ့လျော့သဖြင့် ပြေးသွားတတ်သော အကြံအစည် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ပေါ်ပေါက်လာတတ်စေကာမူ ရဟန်းတို့ သတိတရား ဖြစ်ပေါ်မှုကား နှေးသေး၏၊ စင်စစ်အားဖြင့် ထိုအကုသိုလ်တရားကို ပယ်စွန့်နိုင်ခြင်း ဖျောက်ဖျက်နိုင်ခြင်း ကင်းအောင် ပြုနိုင်ခြင်း မရှိမှုသို့ ရောက်စေနိုင်ခြင်းကား လျင်မြန်လှစွာ၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် တနေ့ပတ်လုံး ခြစ်ခြစ်ပူသော သံဒယ်အိုး၌ နှစ်ပေါက် သုံးပေါက်သော ရေစက်တို့ကို ချရာ၏၊ ရဟန်းတို့ ရေစက်တို့၏ ကျခြင်းသည် နှေးသေး ၏၊ အမှန်အားဖြင့် ထိုရေစက်၏ ကုန်ခန်းခြင်းသို့ ရောက်ခြင်းကား လျင်မြန်လှစွာ၏။ ရဟန်းတို့ ဤအတူ ဤသို့ သွားသော ဤသို့ နေသော ထိုရဟန်းအား တရံတခါ သတိမေ့လျော့သဖြင့် ပြေးသွားတတ်သော အကြံအစည် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ပေါ်ပေါက်လာတတ်ကြစေကာမူ ရဟန်းတို့ သတိတရားဖြစ်ပေါ်မှုကား နှေးသေး၏၊ စင်စစ်အားဖြင့် ထိုအကုသိုလ်တရားကို ပယ်စွန့်နိုင်ခြင်း ဖျောက်ဖျက်နိုင်ခြင်း ကင်းအောင် ပြုနိုင်ခြင်း မရှိမှုသို့ ရောက်စေနိုင်ခြင်းကား လျင်မြန်လှစွာ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းအား သွားခြင်းကိုရင်း နေခြင်းကိုရင်း လျော်စွာ သိ၏၊ ယင်းသို့ လျော်စွာ သိ၍ သွားသော နေသော ရဟန်းကို မက်မောမှု နှလုံးမသာမှုတည်းဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် လိုက်၍ မနှိပ်စက်နိုင်ကုန်။ ရဟန်းတို့ ဤသို့ သွားသော ဤသို့နေသော ထိုရဟန်းကို မင်းကဖြစ်စေ မင်းအ မတ်ကဖြစ်စေ မိတ်ဆွေခင်ပွန်းတို့ကဖြစ်စေ ဆွေမျိုးသားချင်းတို့ကဖြစ်စေ "အို ယောကျ်ား လာ လော့၊ ဤ သင်္ကန်းတို့သည် သင့်အား ပူလောင်ကုန်သည် မဟုတ်လော၊ အဘယ့်ကြောင့် ဦးပြည်းက တုံးဖြင့် ခွက်စွဲကာ လှည့်လည်နေဘိသနည်း၊ လာလော့ လူအဖြစ်သို့ ပြန်လည်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလော့"ဟု စည်းစိမ်တို့ဖြင့် ရွေးရှုဆောင်၍ ဖိတ်ကုန်

စေကာမူ ရဟန်းတို့ စင်စစ် ဤသို့ သွားသော ဤသို့ နေသော ထိုရဟန်းသည် အကျင့်သိက္ခာကို စွန့်ခွါပြီးလျှင် လူအဖြစ်သို့ ပြန်လည်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

ရဟန်းတို့ ဥပမာသော်ကား အရှေ့သို့ ညွတ်သော အရှေ့သို့ ကိုင်းသော အရှေ့သို့ ရှိုင်းသော ဂင်္ဂါမြစ်သည် ရှိရာ၏၊ထိုအခါ များစွာသော လူအပေါင်းသည် ပေါက်တူးခြင်းတောင်းကို ယူ၍ ဤ ဂင်္ဂါမြစ်ကို အနောက်သို့ ညွတ်အောင် အနောက်သို့ ကိုင်းအောင် အနောက်သို့ ရှိုင်းအောင် ငါတို့ ပြုကုန်အံ့ဟု လာရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ စင်စစ် ထိုများစွာ သော လူအပေါင်းသည် ဂင်္ဂါမြစ်ကို အနောက်သို့ညွတ်အောင် အနောက်သို့ ကိုင်းအောင် အနောက် သို့ ရှိုင်းအောင် ပြုနိုင်ရာအံ့လော၊မပြုနိုင်ရာပါ အသျှင်ဘုရား။ထိုသို့မပြုနိုင်ခြင်းသည် အဘယ့်ကြောင့် နည်း၊ အသျှင်ဘုရား ဂင်္ဂါမြစ်သည် အရှေ့သို့ ညွတ်လျက်ရှိပါ၏၊ အရှေ့သို့ ကိုင်းလျက်ရှိပါ၏၊ အရှေ့သို့ ရှိုင်းလျက်ရှိပါ၏။ ထိုသို့သော ဂင်္ဂါမြစ်ကို အနောက်သို့ ညွတ်အောင် အနောက်သို့ ကိုင်းအောင် အနောက်သို့ ရှိုင်းအောင် ပြုလုပ်ရန် မလွယ်ကူပါ၊အမှန်အားဖြင့် ထိုလူအပေါင်းသည် ပင်ပန်းဆင်းရဲခြင်းအဘို့ရှိသည်သာ ဖြစ်ရာသောကြောင့်တည်း။ ရဟန်းတို့ ဤအတူ ဤသို့ သွားသော ဤသို့ နေသော ထိုရဟန်းကို မင်းကဖြစ်စေ မင်းအမတ်ကဖြစ်စေ မိတ်ဆွေခင်ပွန်းက ဖြစ်စေ ဆွေမျိုးသားချင်းတို့ကဖြစ်စေ "အိုယောကျ်ား လာလော့၊ ဤသင်္ကန်းတို့သည် သင့်အား ပူလောင်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဦးပြည်းကတုံးဖြင့် ခွက်စွဲကာ လှည့်လည်နေဘိ သနည်း၊ လာလော့၊ လူ့အဖြစ်သို့ ပြန်လည်ပြီး၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကုသိုလ် ကောင်းမှုတို့ကိုလည်း ပြုလော့"ဟု စည်းစိမ်တို့ဖြင့် ရွေးရှုဆောင်၍ ဖိတ်စေကာမူ ရဟန်းတို့ စင်စစ် ဤသို့ သွားသော ဤသို့နေသော ထိုရဟန်းသည် အကျင့်သိက္ခာကို စွန့်ခွါပြီးလျှင် လူအဖြစ်သို့ ပြန်လည်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်၊ ထိုသို့ မရှိခြင်းသည် အဘယ့်ကြောင့် နည်း၊ ရဟန်းတို့ ကြာမြင့်စွာ ဆိတ်ငြိမ်ရာသို့ ကိုင်းပြီးသော ဆိတ်ငြိမ်ရာသို့ ရှိုင်းပြီးသော စိတ်မျိုးသည် လူ့အဖြစ်သို့ ပြန်လည်လိမ့်မည်ဟူသော ဤအကြောင်းမျိုး မရှိနိုင်သောကြောင့် တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ကိ ံသုကောပမသုတ်

၂၄၅။ ထိုအခါ ရဟန်းတပါးသည် အခြားရဟန်းတပါးထံသို့ ချဉ်းကပ်၍ ထိုရဟန်းကို ငါ့သျှင် အဘယ်မျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်ပါသနည်းဟူသော ဤစကား ကို ပြောဆို၏။ ငါ့သျှင် ရဟန်းသည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ငါ့သျှင် ဤမျှလောက်ဖြင့် ရဟန်းအား အမြင် သန့်ရှင်းမှု ဖြစ်ပါ၏ဟု (ဤသို့ ဖြေဆို၏)။

ထိုအခါ ထိုရဟန်းသည် ထိုရဟန်း၏ ပြဿနာဖြေဆိုခြင်းဖြင့် မရောင့်ရဲသေးသည်ဖြစ်၍ အခြား ရဟန်းတပါးထံသို့ ချဉ်းကပ်၍ ထိုရဟန်းကို ငါ့သျှင် အဘယ်မျှလောက်ဖြင့် ရဟန်းအား အမြင် သန့်ရှင်းမှု ဖြစ်ပါသနည်းဟု ဤစကားကို ပြောဆိုပြန်၏။ ငါ့သျှင် ရဟန်းသည် (ဥပါဒါနက္ခန္ဓာ)

ငါးမျိုးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ငါ့သျှင် ဤမျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်နိုင်၏ဟု ဤသို့ ဖြေဆို၏။

ထိုအခါ ရဟန်းသည် ထိုရဟန်း၏ ပြဿနာဖြေဆိုခြင်းဖြင့်လည်း မရောင့်ရဲသေးသည်ဖြစ်၍ အခြားရဟန်းတပါးထံသို့ ချဉ်းကပ်ပြန်၍ ထိုရဟန်းကို "ငါ့သျှင် အဘယ်မျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်ပါသနည်း"ဟူသော ဤစကားကို ပြောဆိုပြန်၏။ ငါ့သျှင် ရဟန်းသည် မဟာဘုတ်လေးပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာသိ၏၊ ငါ့သျှင် ဤမျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်နိုင်ရာ၏ဟု ဤသို့ဖြေဆို၏။

ထိုအခါ ရဟန်းသည် ထိုရဟန်း၏ ပြဿနာဖြေဆိုခြင်းဖြင့်လည်း မရောင့်ရဲသေးသည်ဖြစ်၍ အခြား ရဟန်းတပါးထံသို့ ချဉ်းကပ်ပြန်၍ ထိုရဟန်းကို "ငါ့သျှင် အဘယ်မျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်ပါသနည်း" ဟူသော ဤစကားကို ပြောဆိုပြန်၏။ ငါ့သျှင် "ရဟန်းသည် ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ငါ့သျှင် ဤမျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှုဖြစ်နိုင်၏"ဟု ဤသို့ ဖြေဆို၏။

ထိုအခါ ရဟန်းသည် ထိုရဟန်း၏ ပြဿနာဖြေဆိုခြင်းဖြင့်လည်း မရောင့်ရဲသေးသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— "အသျှင်ဘုရား တပည့်တော်သည် အခြားရဟန်းတပါးထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို ငါ့သျှင် အဘယ်မျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှုဖြစ်ပါသနည်းဟု ဤစကားကို မေးမြန်းပါ၏။ အသျှင်ဘုရား ဤသို့ မေးမြန်းသော် ထိုရဟန်းသည် တပည့်တော်အား ငါ့သျှင် ရဟန်းသည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာသိ၏၊ ငါ့သျှင် ဤမျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်၏ဟု ဤစကားကို ဖြေဆိုပါ၏၊ အသျှင်ဘုရား ထိုအခါ တပည့်တော်သည် ထိုရဟန်း၏ ပြဿနာဖြေဆိုခြင်းဖြင့် မရောင့်ရဲသေးသည်ဖြစ်၍ အခြားရဟန်း တပါးထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို ငါ့သျှင် အဘယ်မျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်ပါသနည်းဟု ဤစကားကို မေးမြန်းပြန်ပါ၏။ အသျှင်ဘုရား ဤသို့မေးမြန်းသော် ထိုရဟန်းသည် တပည့်တော်အား ငါ့သျှင် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ။ပ။ မဟာဘုတ်လေးပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏ ။ပ။ ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ငါ့သျှင် ဤမျှလောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှုဖြစ်၏ဟု ဤစကားကို ဖြေဆိုပါ၏။ အသျှင်ဘုရား ထိုအခါ တပည့်တော်သည် ထိုရဟန်း၏ ပြဿနာဖြေဆိုခြင်းဖြင့် မရောင့်ရဲသေးသည် ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား အသျှင်ဘုရား အဘယ်မျှ လောက်ဖြင့် ရဟန်းအား အမြင်သန့်ရှင်းမှု ဖြစ်ပါသနည်း"ဟု ဤစကားကို လျှောက်ထားပါ၏ဟု လျှောက်၏။

ရဟန်း ဥပမာသော်ကား ပေါက်ပင်ကိုမမြင်ဘူးသော ယောကျ်ားတယောက်ရှိရာ၏၊ထိုသူသည် ပေါက်ပင်ကိုမြင်ဘူးသော အခြားယောကျ်ား တယောက်ထံသို့ချဉ်းကပ်ပြီးလျှင် ထိုယောကျ်ား ကို "အိုယောကျ်ား ပေါက်ပင်သည် အဘယ်သို့ သဘောရှိသနည်း" ဟု မေးမြန်းရာ၏။ အို ယောကျ်ား ပေါက်ပင်သည် မီးလောင်ငုတ်ကဲ့သို့ မည်းနက်လျက်ရှိ၏ဟု ထိုအမေးခံရသူသည် ဖြေဆိုရာ၏။ ရဟန်း ထိုအချိန်အခါ ပေါက်ပင်သည် ထိုယောကျ်ား မြင်သည့်အတိုင်းပင် မည်းနက်

သောသဘောရှိ၏၊ ရဟန်း ထိုအခါ ထိုမေးသော ယောကျ်ားသည် ထိုဖြေဆိုသူယောကျ်ား၏ ပြဿနာ ဖြေဆိုခြင်းဖြင့် မရောင့်ရဲသေးသည်ဖြစ်၍ ပေါက်ပင်မြင်ဘူးသော အခြားယောကျ်ား တယောက်ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုယောကျ်ားကို "အိုယောကျ်ား ပေါက်ပင်သည် အဘယ်သို့ သဘောရှိသနည်း"ဟု မေးမြန်းပြန်ရာ၏။ အိုယောကျ်ား ပေါက်ပင်ဟူသည် သားတစ်ကဲ့သို့ ခြင်းခြင်းနီလျက် ရှိ၏ဟု ထိုအမေးခံရသူသည် ဖြေဆိုရာ၏။ ရဟန်း ထိုအချိန်အခါ ပေါက်ပင်သည် ထိုယောကျ်ား မြင်သည့်အတိုင်းပင် ခြင်းခြင်းနီသော သဘောရှိ၏။ ရဟန်း ထိုအခါ မေးသော ယောကျ်ားသည် ထိုဖြေသူယောကျ်ား၏ ပြဿနာဖြေဆိုခြင်းဖြင့် မရောင့်ရဲသေးသည်ဖြစ်၍ ပေါက်ပင် မြင်ဘူးသော အခြားယောကျ်ား တယောက်ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုယောကျ်ားကို အိုယောကျ်ား ပေါက်ပင်သည် အဘယ်သို့ သဘောရှိသနည်းဟု မေးမြန်းပြန်၏။ အိုယောကျ်ား ပေါက်ပင်သည် ကုက္ကိုပင်ကဲ့သို့ သန်လျက်အိမ်သဖွယ် တွဲရရွဲကျသော အသီးရှိ၏ဟု ထိုအမေးခံရသူသည် ဖြေဆိုရာ၏။ ရဟန်း ထိုအချိန်အခါ ပေါက်ပင်သည် ထိုယောကျ်ား မြင်သည့်အတိုင်း တွဲရရွဲကျနေသော အသီးရှိ၏။ ရဟန်း ထိုအခါ ထိုမေးသော ယောကျ်ားသည် ထိုဖြေသူ ယောကျ်ား ၏ ပြဿနာဖြေဆိုခြင်းဖြင့် မရောင့်ရဲသေးသည်ဖြစ်၍ ပေါက်ပင်မြင်ဘူးသော အခြားယောကျ်ား တယောက်ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုယောကျ်ားကို "အိုယောကျ်ား ပေါက်ပင်ဟူသည် အဘယ်သို့ သဘောရှိသနည်း"ဟု မေးမြန်းပြန်ရာ၏။ အိုယောကျ်ား ပေါက်ပင်သည် ပညောင်ပင်ကဲ့သို့ ထူထပ်သော ရွက်နု ရွက်ရင့်ရှိ၏၊ စပ်နေသော အရိပ်ရှိ၏ဟု ထိုအမေးခံရသူသည် ဖြေဆိုရာ၏။ ရဟန်း ထိုအချိန်အခါ ပေါက်ပင်သည် ထိုယောကျ်ားမြင်သည့်အတိုင်းပင် ထူထပ်သော ရွက်နု ရွက်ရင့်ရှိ၍ စပ်နေသော အရိပ်ရှိ၏။ ရဟန်း ဤအတူ အကြင်အကြင် အခြင်းအရာဖြင့် နှလုံးသွင်းကုန်သော ထိုသူတော်ကောင်းတို့အား အမြင်သန့်ရှင်း စင်ကြယ်၏၊ ထိုထိုအခြင်းအရာအားဖြင့်သာ ထိုသူတော်ကောင်းတို့သည် ဖြေဆိုအပ်၏။

ရဟန်း ဥပမာသော်ကား မင်းအား ခိုင်ခံ့သော တံတိုင်းခြေရှိသော ခိုင်ခံ့သော မြို့ရိုးတုရိုဏ် တိုင်ရှိသော တံခါးခြောက်ပေါက် ရှိသော အစွန်အဖျား မြို့သည် ရှိရာ၏၊ ထိုမြို့၌ လိမ္မာသော ထက်မြက်သော အသိဉာဏ်ရှိသော မသိသူတို့ကို တားမြစ်၍ သိသူတို့ကိုသာ ဝင်ခွင့်ပြုသော တံခါး စောင့်ယောကျ်ားရှိရာ၏၊ အရှေ့အရပ်မှ လျင်မြန်သော သံတမန်အစုံသည် လာလတ်၍ ထိုတံခါး စောင့်ကို "အိုယောကျ်ား ဤမြို့၏ ပိုင်ရှင်ကား အဘယ်မှာနည်း"ဟု မေးရာ၏။ ထိုတံခါးစောင့် သည် အသျှင် ဤမြို့ ပိုင်ရှင်ကား အလယ်လမ်းဆုံ၌ နေ၏ဟု ဤသို့ဖြေဆိုရာ၏။ ထိုအခါ လျင်မြန် သော သံတမန်အစုံသည် ပိုင်ရှင်အား ဟုတ်မှန်သည့်အတိုင်း သီတင်းစကား ပြောကြားခဲ့ပြီ လျှင် လာခဲ့သည့်အတိုင်း လမ်းသို့ လျှောက်လေရာ၏။ အနောက်အရပ်မှ လျင်မြန်သော သံတမန်အစုံသည် လာလတ်၍။ပ။ မြောက်အရပ်မှ။ တောင်အရပ်မှ လျင်မြန်သော သံတမန်အစုံသည် လာလတ်၍ ထိုတံခါးစောင့်ကို အိုယောကျ်ား ဤမြို့၏ ပိုင်ရှင်ကား အဘယ်မှာနည်းဟု မေးမြန်းရာ၏။ ထိုတံခါး စောင့်သည် အသျှင် ဤမြို့ ပိုင်ရှင်ကား အလယ်လမ်းဆုံ၌ နေပါ၏ဟု ဖြေဆိုရာ၏။ ထိုအခါ လျင်မြန် သော ထိုသံတမန်အစုံသည် ပိုင်ရှင်အား ဟုတ်မှန်သည့်အတိုင်း သီတင်းစကား ပြောကြားပြီးလျှင် လာခဲ့သည့်အတိုင်း လမ်းသို့ လျှောက်လေရာ၏။

ရဟန်း အနက်အဓိပ္ပါယ်ကို သိလွယ်စေရန် ဤဥပမာကို ငါပြုအပ်၏၊ ဤဥပမာ၌ အနက်အဓိပ္ပါယ် ကား ဤသည်ပင်တည်း။ ရဟန်း "မြို့"ဟူသော ဤအမည်သည် အမိအဖတို့၏ သုက်သွေးကိုမှီ၍ ဖြစ်

သော ထမင်း မုယောမှုန့်ဖြင့် ကြီးပွါးရသော မမြဲခြင်း လိမ်းကျံရခြင်း ဆုပ်နယ်ရခြင်း ပြိုကွဲပျက်စီးခြင်း သဘောရှိသော မဟာဘုတ်လေးပါးကိုမှီ၍ဖြစ်သော ဤကိုယ်၏ အမည်တည်း။ ရဟန်း "တံခါးခြောက်ပေါက်" ဟူသော ဤအမည်သည် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အမည်တည်း။ ရဟန်း "တံခါးစောင့်" ဟူသော ဤအမည်သည် အောက်မေ့မှု 'သတိ' ၏ အမည်တည်း။ ရဟန်း "လျင်မြန်သော သံတမန်အစုံ" ဟူသော ဤအမည်သည် သမထဝိပဿနာတို့၏ အမည်တည်း။ ရဟန်း "မြို့ပိုင်ရှင်" ဟူသော ဤအမည်သည် ဝိညာဏ်၏အမည်တည်း။ ရဟန်း "အလယ်လမ်းဆုံ" ဟူသော ဤအမည်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူသော မဟာဘုတ် လေးပါးတို့၏ အမည်တည်း။ ရဟန်း "ဟုတ်မှန်တိုင်းသော စကား" ဟူသော ဤအမည်သည် နိဗ္ဗာန်၏ အမည်တည်း။ ရဟန်း "လာခဲ့တိုင်းသောလမ်း" ဟူသော ဤအမည်သည် 'သမ္မာဒိဋ္ဌိ'။ပ။ 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်၏ အမည်တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဝီဏောပမသုတ်

၂၄၆။ ရဟန်းတို့ ရဟန်းအားရင်း ရဟန်းမအားရင်း မျက်စိဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ လိုချင်မှုသည်ရင်း စွဲမက်မှုသည်ရင်း အမျက်ထွက်မှုသည်ရင်း တွေဝေမှုသည်ရင်း စိတ်၏ ထိခိုက်မှု သည်ရင်း ဖြစ်ရာ၏၊ အဆင်းတို့မှ စိတ်ကို တားမြစ်ရာ၏၊ "ဤလမ်းခရီးသည် ဘေးလည်း ရှိ၏၊ ကြောက်လန့်ဖွယ်လည်း ရှိ၏၊ ဆူးငြောင့်လည်း ရှိ၏၊ ခြုံနွယ်ပိတ်ပေါင်းလည်း ရှိ၏၊ အထက်သို့ သွားရန် လမ်းခရီးလည်း မဟုတ်၊ စက်ဆုပ်ဖွယ် လမ်းခရီးလည်း ဖြစ်၏၊ ဆင်းရဲစွာ သွားရသော လမ်းခရီးလည်း ဖြစ်၏၊ ဤလမ်းခရီးသည် မသူတော်တို့ မှီဝဲအပ်သော လမ်းခရီးလည်း ဖြစ်၏၊ သူတော်ကောင်းတို့ မှီဝဲအပ်သော လမ်းခရီး မဟုတ်၊ သင်သည် ဤလမ်းခရီးနှင့် မထိုက်ဘန်" ဤသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ထိုမျက်စိဖြင့် မြင်အပ်ကုန်သော အဆင်းတို့မှ စိတ်ကို တားမြစ်ရာ၏။ပ။ ရဟန်းတို့ ရဟန်းသည်ရင်း ရဟန်းမသည်ရင်း လျှာဖြင့် လျက်အပ်ကုန်သော အရသာတို့၌။ပ။ စိတ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ လိုချင်မှုသည်ရင်း စွဲမက်မှုသည်ရင်း အမျက်ထွက်မှုသည်ရင်း တွေဝေမှုသည်ရင်း စိတ်၏ထိခိုက်မှုသည်ရင်း ဖြစ်ရာ၏၊ သဘောတရားတို့မှ စိတ်ကို တားမြစ်ရာ၏။ "ဤလမ်းခရီးသည် ဘေးလည်း ရှိ၏၊ ကြောက်လန့်ဖွယ်လည်း ရှိ၏၊ ဆူးငြောင့်လည်း ရှိ၏၊ ခြုံနွယ်ပိတ်ပေါင်းလည်း ရှိ၏၊ အထက်သို့သွားရန် လမ်းခရီးလည်း မဟုတ်၊ စက်ဆုပ်ဖွယ် လမ်းခရီးလည်း ဖြစ်၏၊ ဆင်းရဲစွာ သွားရသော လမ်းခရီးလည်း ဖြစ်၏၊ ဤလမ်းခရီးသည် မသူတော်တို့ မှီဝဲအပ်သော လမ်းခရီးလည်းဖြစ်၏၊ သူတော်ကောင်းတို့ မှီဝဲအပ်သော လမ်းခရီး မဟုတ်၊ သင်သည် ဤလမ်းခရီးနှင့် မထိုက်တန်" ဤသို့ စဉ်းစား ဆင်ခြင်ပြီးလျှင် ထိုစိတ်ဖြင့် သိအပ်သော သဘောတရားတို့မှ စိတ်ကို တားမြစ်ရာ၏။

ရဟန်းတို့ ဥပမာသော်ကား ကောက်ပင်သည် ပြည့်စုံ၏၊ ကောက်ပင်စောင့်လည်း မေ့လျော့နေ၏၊ ကောက်ပင်ကို စားတတ်သော နွားသည်လည်း ထိုကောက်ခင်းသို့ သက်ဆင်းပြီးလျှင် အလို

ရှိတိုင်းစား၍ ယစ်ခြင်းသို့ ရောက်ရာ၏၊ မေ့လျော့ခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်မရှိသော ပုထုဇဉ်သည် တွေ့ထိမှု၏တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၌ စောင့်ရှောက်မှုကို မပြုလုပ်ပဲ ကာမဂုဏ်ငါးပါးတို့၌ အလိုရှိတိုင်း ခံစား၍ ယစ်ခြင်းသို့ ရောက်၏၊ မေ့လျော့ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဥပမာသော်ကား ကောက်ပင်သည် ပြည့်စုံ၏၊ ကောက်ပင်စောင့်သည်လည်း မမေ့မလျော့၊ ကောက်ပင်စားတတ်သော နွားသည်လည်း ထိုကောက်ခင်းသို့ သက်ဆင်းခဲ့ပါလျှင် ထိုနွားကို ကောက်ပင်စောင့်သည် နှာခေါင်းကို မြဲစွာ ကိုင်ဖမ်းရာ၏၊ နှာခေါင်းကို ကောင်းစွာ ကိုင်ဖမ်းပြီး၍ ချိုကြားကို ကောင်းစွာ ဖိနှိပ်ရာ၏၊ ချိုကြားကို ကောင်းစွာဖိနှိပ်ပြီး၍ တုတ်ဖြင့် ပြင်းထန်စွာ ရိုက်နှက်ရာ၏၊ တုတ်ဖြင့် ပြင်းထန်စွာ ရိုက်နှက်ပြီး၍ လွှတ်လိုက်ရာ၏။ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း။ပ။ရဟန်းတို့ သုံးကြိမ်မြောက်လည်း ကောက်ပင်စားတတ်သောနွားသည် ထိုကောက်ခင်းသို့ သက်ဆင်းခဲ့ပြန်လျှင် ထိုနွားကို ကောက်ပင်စောင့်သည် နှာခေါင်းကို မြဲစွာ ကိုင်ဖမ်းရာ၏၊ နှာခေါင်းကို မြဲစွာကိုင်ဖမ်းပြီး၍ ချိုကြားကို ကောင်းစွာ ဖိနှိပ်ရာ၏၊ ချိုကြားကို ကောင်းစွာဖိနှိပ်ပြီး၍ တုတ်ဖြင့် ပြင်းထန်စွာ ရိုက်နှက်ရာ၏၊ တုတ်ဖြင့် ပြင်းထန်စွာ ရိုက်နှက်ပြီး၍ လွှတ်လိုက်ရာ၏။ ရဟန်းတို့ ဤသို့လျှင် ထိုကောက်ပင်စားတတ်သော နွားသည် ရွာသို့ သွားသော်၎င်း တောသို့ သွားသော်၎င်း ရပ်တည်နေခြင်းသာ များရာ၏၊ ဝပ်နေခြင်းသာ များရာ၏၊ ထိုရှေး၌ တုတ်ရိုက်ခံရသည်ကို အမှတ်ရသည်ဖြစ်၍ ထိုကောက်ခင်းသို့ တဖန် မသက်ဆင်းရာ။ ရဟန်းတို့ ဤအတူ ရဟန်း၏ စိတ်သည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၌ ခြိမ်းခြောက်ပြီး ကောင်းစွာ ခြိမ်းခြောက်ပြီးဖြစ်သော အခါမှစ၍ ကိုယ်တွင်း သန္တာန်၌သာလျှင် ကောင်းစွာ တည်၏။ ကောင်းစွာ နစ်မြုပ်၏၊ တခုတည်းသောအဖြစ်သို့ ရောက်၍ တည်ကြည်၏။

ရဟန်းတို့ ဥပမာသော်ကား စောင်းသံကို မကြားဘူးသော မင်းအားရင်း မင်းအမတ်အားရင်း စောင်းသံကို ကြားလေရာ၏၊ ထိုမင်းသည် "အချင်းတို့ ဤသို့ စွဲမက်ဖွယ်ရှိသော ဤသို့နှစ်သက်ဖွယ်ရှိသော ဤသို့ ယစ်မူးဖွယ်ရှိသော ဤသို့တွေဝေဖွယ်ရှိသော ဤသို့ဖွဲ့ချည်တတ်သော ဤအသံကား အဘယ်အရာ၏ အသံ ဖြစ်လေသနည်း" ဟု ဤသို့ မေးမြန်းရာ၏။ ထိုမင်းကို "အသျှင် ဤအရာကား စောင်းမည်ပါ၏၊ ဤသို့ စွဲမက်ဖွယ်ရှိသော ဤသို့ နှစ်သက်ဖွယ်ရှိသော ဤသို့ ယစ်မူးဖွယ်ရှိသော ဤသို့ တွေဝေဖွယ်ရှိသော ဤသို့ ဖွဲ့ချည်တတ်သော အသံသည် ယင်းစောင်း၏ အသံပင် ဖြစ်ပါ၏"ဟု ပြောဆိုကုန်ရာ၏။ ထိုမင်းသည် အချင်းတို့ သွားကြကုန်၊ ငါ၏ထံသို့ ထိုစောင်းကို ယူခဲ့ကြကုန်ဟု ပြောဆိုရာ၏၊ ထိုမင်းထံသို့ ထိုစောင်းကို ယူခဲ့ကုန်၍ ထိုမင်းကို "အသျှင် ဤသည်ပင် ထို (အသျှင် အလိုရှိသော) စောင်းဖြစ်ပါ၏၊ ဤသို့ စွဲမက်ဖွယ်ရှိသော ဤသို့ နှစ်သက်ဖွယ်ရှိသော ဤသို့ယစ်မူးဖွယ်ရှိသော ဤသို့ တွေဝေဖွယ်ရှိသော ဤသို့ ဖွဲ့ချည်တတ်သော ဤအသံကား ယင်း စောင်း၏ အသံပင် ဖြစ်ပါ၏" ဟု ပြောဆိုကုန်ရာ၏။ ထိုမင်းသည် "အချင်းတို့ ငါ့အား ထိုစောင်းဖြင့် အလိုမရှိ၊ ထိုအသံကိုသာ ငါ၏ထံသို့ ယူခဲ့ကြကုန်" ဟု ပြောဆိုရာ၏။ ထိုမင်းကို "အသျှင် ဤစောင်းမည်သည်ကား များပြားသော အဆောက်အဦရှိ၏၊ ကြီးကျယ်သော အဆောက်အဦရှိ၏၊ များပြားသော အဆောက်အဦတို့ဖြင့် ကောင်းစွာ တီးခတ်အပ်သည်ဖြစ်၍ မြည်ပါ၏၊ များပြားကြီးကျယ်သော အဆောက်အဦဟူသည် အဘယ်နည်း၊ စောင်းခွက်ကိုစွဲ၍၎င်း သားရေကိုစွဲ၍၎င်း စောင်းလက်တံရိုးကို စွဲ၍၎င်း စောင်းကြိုး အလျှော့အတင်း ခလုတ်များကို

စွဲ၍ရင်း စောင်းကြိုးတို့ကို စွဲ၍ရင်း လက်ခတ်ကို စွဲ၍ရင်း ယောကျ်ား၏ ထိုစောင်းအားလျော်သော လုံ့လကို စွဲ၍ရင်း မြည်ပါ၏၊ အသျှင် ဤစောင်းမည်သည်ကား ဤသို့ များပြားသော အဆောက်အဦ ရှိပါ၏၊ ကြီးကျယ်သော အဆောက်အဦ ရှိပါ၏၊ များပြားသော အဆောက်အဦ တို့ဖြင့် ကောင်းစွာ တီးခတ်အပ်သည်ဖြစ်၍ မြည်ပါ၏”ဟု ပြောဆိုကုန်၏။ ထိုမင်းသည် ထိုစောင်းကို ဆယ်စိတ်သော်၎င်း အစိတ်တရာသော်၎င်း ခွဲရာ၏၊ ဆယ်စိတ်သော်၎င်း အစိတ်တရာသော်၎င်း ခွဲပြီးလျှင် အစိတ်အစိတ် အမှုန့်မှုန့်ပြုလုပ်ရာ၏၊ အစိတ်အစိတ်အမှုန့်မှုန့်ပြုလုပ်ပြီး၍ မီးဖြင့် တိုက်ရာ၏၊ မီးတိုက်ပြီးလျှင် ပြာဖြစ်အောင် ပြုရာ၏၊ ပြာဖြစ်အောင်ပြုပြီးလျှင် လေပြင်း၌သော်လည်း လွင့်ရာ၏၊ လျင်မြန်သော အယဉ်ရှိသော မြစ်၌သော်လည်း မျှောလေရာ၏။ ထိုမင်းသည် “အချင်းတို့ ဤစောင်းမည်သည်ကား ယုတ်မာလေစွ၊ ဤစောင်းကဲ့သို့ပင် အခြားကြိုးတပ် အရာဟူသမျှ အားလုံးသည် ယုတ်မာလှ၏၊ ယင်းသို့ ယုတ်မာပါလျက် ဤစောင်း၌ လူအများသည် လွန်စွာ မေ့လျော့ဘိ၏၊ မြူးတူးဘိ၏” ဟု ပြောဆိုရာ၏။

ရဟန်းတို့ ဤအတူ ရဟန်းသည် ရုပ်၏ဖြစ်ရာ ‘ဂတိ’ကို စူးစမ်းရှာဖွေရာ၏၊ခံစားမှု ‘ဝေဒနာ’ ၏ ဖြစ်ရာ ‘ဂတိ’ကို စူးစမ်းရှာဖွေရာ၏၊ မှတ်သားမှု ‘သညာ’ ၏ ဖြစ်ရာ ဂတိကို စူးစမ်း ရှာဖွေရာ၏၊ ပြုပြင်မှု‘သင်္ခါရ’တို့၏ ဖြစ်ရာ‘ဂတိ’ကို စူးစမ်းရှာဖွေရာ၏၊ ဝိညာဏ်၏ ဖြစ်ရာ‘ဂတိ’ကို စူးစမ်းရှာဖွေရာ၏။ ရုပ်၏ဖြစ်ရာ ‘ဂတိ’ကို စူးစမ်းရှာဖွေသော ခံစားမှု ‘ဝေဒနာ’ကို။ပ။ မှတ်သားမှု ‘သညာ’ကို။ ပြုပြင်မှု ‘သင်္ခါရ’တို့ကို။ ဝိညာဏ်၏ ဖြစ်ရာ‘ဂတိ’ကို စူးစမ်းရှာဖွေသော ထိုရဟန်းအား ငါဟူ၍ရင်း ငါ၏ဥစ္စာဟူ၍ရင်း စွဲလမ်းမှုသည် မဖြစ်နိုင်တော့ချေဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဆပ္ပါဏကောပမသုတ်

၂၄၇။ ရဟန်းတို့ ဥပမာသော်ကား ကိုယ်၌အနာရှိ၍ ကိုယ်အနာမည့်နေသော ယောကျ်ားသည် ဆူးငြောင့်တောသို့ ဝင်ရာ၏၊ ထိုယောကျ်ား၏ခြေတို့ကို သမန်းဆူးတို့သည် စူးကုန်ရာ၏၊ မည့်သော အနာရှိသော ကိုယ်တို့ကို ခြစ်မိကုန်ရာ၏။ ရဟန်းတို့ ဤသို့လျှင် ထိုယောကျ်ားသည် အတိုင်းထက်အလွန် ထိုဆူးစူးမှုဟူသောအကြောင်းကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရရာ၏။ ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ ရဟန်းအချို့သည် ရွာသို့သွားသော်၎င်း တောသို့ သွားသော်၎င်း ဤအသျှင်သည်ကား ဤသို့ပြုလေ့ရှိ၏၊ဤသို့သော အကျင့်ရှိ၏၊မစင်ကြယ်သော ရွာသူတို့၏ ဆူးငြောင့်ဖြစ်၏ဟု ကဲ့ရဲ့ခြင်းကိုခံရ၏၊ ထိုရဟန်းကို ဆူးငြောင့်ဟူ၍ သိပြီးလျှင် စောင့်စည်းမှုကို၎င်း မစောင့်စည်းမှုကို၎င်း သိအပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် မစောင့်စည်းမှု ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ် သဘောရှိသော အဆင်း၌ တပ်မက်၏၊ မချစ်ခင်ဖွယ်သဘောရှိသောအဆင်း၌ အမျက်ထွက်၏၊ ခန္ဓာကိုယ်၌ မထင်သော သတိရှိသည်ဖြစ်ရကား ယုတ်ညံ့သောစိတ် ရှိသည်ဖြစ်၍ နေ၏၊ ဖြစ်ပြီး ဖြစ်ဆဲသော ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ငြိမ်းရာ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကိုလည်း

ဟုတ်တိုင်းမှန်စွာ မသိ။ နားဖြင့် အသံကို ကြားသော်။ နှာခေါင်းဖြင့်အနံ့ကို နမ်းရှူသော်။လျှာဖြင့် အရသာကို လျက်သော်။ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်။စိတ်ဖြင့် သဘောတရားကိုသိသော် ချစ်ခင်ဖွယ် သဘောရှိသော သဘောတရား၌ တပ်မက်၏၊ မချစ်ခင်ဖွယ် သဘောရှိသော သဘော တရား၌ အမျက်ထွက်၏၊ ခန္ဓာကိုယ်၌ မထင်သော သတိရှိသည်ဖြစ်ရကား ယုတ်ညံ့သောစိတ်ရှိသည် ဖြစ်၍ နေ၏၊ ဖြစ်ပြီး ဖြစ်ဆဲသော ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ငြိမ်းရာ(ကိလေ သာမှ)လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တ ဖိုလ် ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် နယ်ပယ်တမျိုးစီ စားကျက်တမျိုးစီ ဖြစ်ကုန် သော သတ္တဝါခြောက်ကောင်တို့ကို ဖမ်းယူပြီးလျှင် ခိုင်ခံ့သော ကြိုးဖြင့် ချည်ထားရာ၏၊ မြွေကို ဖမ်းပြီးလျှင် ခိုင်ခံ့သော ကြိုးဖြင့် ချည်ထားရာ၏၊ မိကျောင်းကို ဖမ်းပြီးလျှင် ခိုင်ခံ့သော ကြိုးဖြင့် ချည်ထားရာ၏၊ ငှက်ကိုဖမ်းပြီးလျှင် ခိုင်ခံ့သော ကြိုးဖြင့် ချည်ထားရာ၏၊ အိမ်ခွေးကိုဖမ်းပြီးလျှင် ခိုင်ခံ့သောကြိုးဖြင့် ချည်ထားရာ၏၊ တောခွေးကိုဖမ်းပြီးလျှင် ခိုင်ခံ့သောကြိုးဖြင့် ချည်ထားရာ၏၊ မျောက်ကိုဖမ်းပြီးလျှင် ခိုင်ခံ့သောကြိုးဖြင့် ချည်ထားရာ၏၊ ခိုင်ခံ့သော ကြိုးဖြင့် ချည်ပြီးလျှင် အလယ်၌ အထုံးအဖွဲ့ကိုပြုကာ လွတ်လိုက်ရာ၏။ ရဟန်းတို့ ထိုအခါ နယ်ပယ်တမျိုးစီ စားကျက် တမျိုးစီဖြစ်ကုန်သော ထိုသတ္တဝါ ခြောက်ကောင်တို့သည် မိမိ မိမိတို့၏ စားကျက်နယ်ပယ်သို့ ရုန်းကြကုန်ရာ၏၊မြွေသည်"တောင်ပို့သို့ ဝင်မည်"ဟု ရုန်းရာ၏ မိကျောင်းသည် "ရေသို့ဆင်းမည်" ဟု ရုန်းရာ၏၊ငှက်သည် "ကောင်းကင်သို့ ပျံမည်"ဟု ရုန်းရာ၏၊ အိမ်ခွေးသည် "ရွာသို့ဝင်မည်"ဟု ရုန်းရာ၏၊ တောခွေးသည် "သုသာန်သို့ဝင်မည်"ဟု ရုန်းရာ၏၊ မျောက်သည်"တောသို့ဝင်မည်"ဟု ရုန်းရာ၏။ ရဟန်းတို့ ထိုသတ္တဝါ ခြောက်ကောင်တို့သည် ဆာလောင် မွတ်သိပ် ပင်ပန်းလျက် ရှိကြသောအခါ ထိုသတ္တဝါတို့တွင် အားအကောင်းဆုံး သတ္တဝါ၏နောက်သို့ အားလုံး လိုက်ပါကြ ရကုန်၏၊ အစဉ်တစိုက် လိုက်ကြရကုန်၏၊ အလိုသို့ လိုက်ကြရကုန်၏။ ရဟန်းတို့ ဤအတူပင် မည်သည့်ရဟန်းမဆို ကာယဂတာသတိကို မပွါးများအပ်ကုန်၊ ကြိမ်ဖန်များစွာ မပြုအပ်ကုန်၊ ထိုရဟန်းကို မျက်စိသည် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော အဆင်းတို့သို့ ဆွဲငင်၏၊ စိတ်နှလုံးကို မပွါးစေတတ်ကုန်သော အဆင်းတို့သည် စက်ဆုပ်ဖွယ် ဖြစ်ကုန်၏။ပ။ စိတ်သည် စိတ်နှလုံးကို ပွါးစေတတ်သော သဘောတရားတို့သို့ ဆွဲငင်၏၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောတရား တို့သည် စက်ဆုပ်ဖွယ်ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် မစောင့်စည်းမှုဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် စောင့်စည်းမှုဖြစ်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ မတပ်မက်၊ မချစ်ခင်ဖွယ် သဘောရှိသော အဆင်း၌ အမျက်မထွက်၊ ခန္ဓာကိုယ်၌ထင်သောသတိရှိသည်ဖြစ်ရကား မြင့်မြတ် သော စိတ်ဖြင့်နေ၏၊ ဖြစ်ပြီးဖြစ်ဆဲဖြစ်ကုန်သော ယုတ်ညံ့သောအကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ(ကိလေသာမှ)လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့်(ကိလေသာမှ) လွတ်မြောက် သော အရဟတ္တဖိုလ် ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။ စိတ်ဖြင့် သဘောတရားကို သိသော် ချစ်ခင်ဖွယ်သဘောရှိသော သဘောတရား၌ မတပ်မက်၊ မချစ်ခင်ဖွယ်သဘောရှိသော သဘောတရား၌ အမျက်မထွက်၊ ခန္ဓာကိုယ်၌ ထင်သော သတိရှိသည်ဖြစ်ရကား မြင့်မြတ်သောစိတ်ဖြင့်နေ၏။ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ညံ့သော

အကုသိုလ်တရားဘို အကြွင်းမဲ့ချုပ်ငြိမ်းရာ (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် နယ်ပယ်တမျိုးစီ စားကျက်တမျိုးစီ ဖြစ်ကုန်သော သတ္တဝါခြောက်ကောင်တို့ကို ဖမ်းယူပြီးလျှင် ခိုင်ခံ့သောကြိုးဖြင့် ချည်ထားရာ၏၊ မြွေကို ဖမ်းပြီးလျှင် ခိုင်ခံ့သောကြိုးဖြင့် ချည်ထားရာ၏၊ မိကျောင်းကို ဖမ်းပြီးလျှင် ခိုင်ခံ့သော ကြိုးဖြင့် ချည်ထားရာ၏၊ ငှက်ကိုဖမ်းပြီးလျှင်။ပ။ အိမ်ခွေးကို ဖမ်းပြီးလျှင်။ တောခွေးကို ဖမ်းပြီးလျှင်။ မျောက်ကို ဖမ်းပြီးလျှင် ခိုင်ခံ့သောကြိုးဖြင့် ချည်ထားရာ၏၊ ခိုင်ခံ့သောကြိုးဖြင့် ချည်ပြီးလျှင် ခိုင်ခံ့သော ငုတ်၌ဖြစ်စေ တိုင်၌ဖြစ်စေ ပူး၍ချည်ထားရာ၏။ ရဟန်းတို့ ထိုအခါ နယ်ပယ်တမျိုးစီ စားကျက်တမျိုးစီ ဖြစ်ကုန်သော ထိုသတ္တဝါခြောက်ကောင်တို့သည် မိမိ မိမိတို့၏ စားကျက် နယ်ပယ်သို့ ရုန်းကြကုန်ရာ၏၊ မြွေသည် "တောင်ပို့သို့ဝင်မည်" ဟု ရုန်းရာ၏၊ မိကျောင်းသည် "ရေသို့ ဆင်းမည်"ဟု ရုန်းရာ၏၊ ငှက်သည် "ကောင်းကင်သို့ ပျံမည်"ဟု ရုန်းရာ၏၊ အိမ်ခွေးသည် "ရွာသို့ ဝင်မည်"ဟု ရုန်းရာ၏၊ တောခွေးသည် "သုသာန်သို့ဝင်မည်"ဟု ရုန်းရာ၏၊ မျောက်သည် "တောသို့ ဝင်မည်"ဟု ရုန်းရာ၏။ ရဟန်းတို့ ထိုသတ္တဝါ ခြောက်ကောင်တို့သည် ဆာလောင်မွတ်သိပ် ပင်ပန်းလျက် ရှိကြသောအခါ ထိုငုတ်၌ ဖြစ်စေ တိုင်၌ဖြစ်စေ အနီး၌ ရပ်ကုန်ရာ၏၊ အနီး၌ ဝပ်ကုန်ရာ၏၊ အနီး၌ အိပ်ကုန်ရာ၏။ ရဟန်းတို့ ဤဥပမာ အတူပင် မည်သည့် ရဟန်းမဆို ကာယဂတာသတိကို ပွါးများလေ့လာ အပ်၏၊ကြိမ်ဖန်များစွာ ပြုအပ်၏။ ထိုရဟန်းကို မျက်စိသည် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော အဆင်းတို့သို့ မဆွဲငင်နိုင်၊ စိတ်နှလုံးကို မပွါးစေတတ်သော အဆင်းတို့သည် စက်ဆုပ်ဖွယ် မဖြစ်ကုန်။ပ။ လျှာသည် စိတ်နှလုံးကို ပွါးစေတတ်သော အရသာတို့သို့ မဆွဲငင်နိုင်၊ စိတ်သည် စိတ်နှလုံးကို ပွါးစေတတ်သော သဘောတရားတို့သို့ မဆွဲငင်နိုင်၊ စိတ်နှလုံးကို မပွါးစေတတ်သော သဘောတရားတို့သည် စက်ဆုပ်ဖွယ် မဖြစ်ကုန်။ ရဟန်းတို့ ဤသို့လျှင် စောင့်စည်းမှု ဖြစ်၏။

ရဟန်းတို့ "ခိုင်ခံ့သောငုတ်နှင့်တိုင်" ဟူသော ဤအမည်သည် ကာယဂတာသတိ၏ အမည် တည်း။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့်ပင်လျှင် "ကာယဂတာသတိကို ငါတို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာကဲ့သို့ပြုအပ် မပြတ်ဖြစ်စေအပ် လေ့လာအပ် ကောင်းစွာ အားထုတ်အပ်သည် ဖြစ်လတ္တံ့"ဟု သင်တို့ ကျင့်ရမည်။ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-ယဝကလာပိသုတ်

၂၄၈။ ရဟန်းတို့ ဥပမာသော်ကား မုယော ကောက်လှိုင်းကို လမ်းလေးခွ၌ ချထားရာ၏၊ ထို့နောက် ယောကျ်ားခြောက်ယောက်တို့သည် ထမ်းပိုးများကို ကိုင်ဆောင်လျက် ရောက်လာကြကုန်ရာ၏၊ ထိုသူတို့သည် မုယော ကောက်လှိုင်းကို ထမ်းပိုးခြောက်ချောင်းတို့ဖြင့် ရိုက်ပုတ်ကုန်ရာ၏၊ ရဟန်းတို့ ဤသို့လျှင် ထိုမုယော ကောက်လှိုင်းသည် ထမ်းပိုးခြောက်ချောင်းဖြင့် ရိုက်ပုတ် အပ်သည်ဖြစ်ရကား ကောင်းစွာရိုက်ပုတ်ပြီး ဖြစ်ရာ၏၊ ထို့နောက် ခုနစ်ယောက်မြောက်ယောကျ်ားသည် ထမ်းပိုးကိုကိုင်ဆောင်လျက် ရောက်လာပြန်ရာ၏၊ ထိုသူသည် ထိုမုယော ကောက်လှိုင်းကို

ထိုခုနစ်ခုမြောက်ထမ်းပိုးဖြင့် ရိုက်ပုတ်ပြန်ရာ၏၊ ရဟန်းတို့ ဤသို့လျှင် ထိုမုယောကောက်လှိုင်းသည် ခုနစ်ခုမြောက် ထမ်းပိုးဖြင့် ရိုက်ပုတ်အပ်သည်ဖြစ်ရကား အတိုင်းထက်အလွန် ရိုက်ပုတ်ပြီးဖြစ်ရာ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်မရှိသော ပုထုဇဉ်ကို နှစ်သက်ဖွယ် မနှစ်သက်ဖွယ်သော အဆင်းတို့သည် မျက်စိ၌ ရိုက်ပုတ်အပ်၏။ပ။ နှစ်သက်ဖွယ် မနှစ်သက်ဖွယ်သော အရသာတို့သည် လျှာ၌ ရိုက်ပုတ်အပ်၏။ပ။နှစ်သက်ဖွယ် မနှစ်သက်ဖွယ်သော သဘောတရားတို့သည် စိတ်၌ ရိုက်ပုတ်အပ်၏။ပ။ ရဟန်းတို့ ထိုအကြားအမြင်မရှိသော ပုထုဇဉ်သည် နောက်အခါ ဘဝသစ်အတွက် အားထုတ်ခဲ့ပါမူ ရဟန်းတို့ ဤသို့အားထုတ်သည်ရှိသော် ခုနစ်ခုမြောက်ထမ်းပိုးဖြင့် ရိုက်ပုတ်အပ်သော ထိုမုယောကောက်လှိုင်းကဲ့သို့ ထိုအချည်းနှီးယောကျ်ားသည် အတိုင်းထက်အလွန် ရိုက်ပုတ်အပ်ပြီးဖြစ်တော့၏။

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်ချီတက်ဘူးပြီ။ ရဟန်းတို့ ထိုအခါ ဝေပစိတ္တိအသုရိန်သည် အသုရာတို့ကို မိန့်ဆို၏—"အချင်းတို့ နတ်နှင့်အသုရာတို့ စစ်ပွဲသည် ရင်ဆိုင်မိသည်ရှိသော် အသုရာတို့နိုင်၍ နတ်တို့ရှုံးခဲ့ကုန်မူ ထိုနတ်တို့အရှင် သိကြားမင်းကို လည်ပင်းလျှင် ငါးခုမြောက်အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့၍ အသုရာပြည် ငါ့ထံသို့ ဆောင်နဲ့ကြကုန်လော့"ဟု ဆို၏။ ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည်လည်း တာဝတိံသာနတ်တို့ကို မိန့်ဆို၏—"အချင်းတို့ နတ်အသုရာတို့စစ်ပွဲသည် ရင်ဆိုင်မိသည်ရှိသော် နတ်တို့နိုင်၍ အသုရာတို့ ရှုံးကုန်မူ ထိုဝေပစိတ္တိအသုရိန်ကို လည်ပင်းလျှင် ငါးခုမြောက်အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့၍ သုဓမ္မာနတ်သဘင် ငါ့ထံသို့ ဆောင်ခဲ့ကြကုန်လော့"ဟု ဆို၏။ရဟန်းတို့ ထိုစစ်ပွဲ၌ နတ်တို့နိုင်ကုန်၍ အသုရာတို့ ရှုံးကုန်၏၊ ရဟန်းတို့ ထိုအခါ တာဝတိံသာနတ်တို့သည် ဝေပစိတ္တိအသုရိန်ကို လည်ပင်းလျှင် ငါးခုမြောက် အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့၍ သုဓမ္မာနတ်သဘင်ဝယ် နတ်တို့အရှင် သိကြားမင်းထံသို့ ဆောင်ယူလာကြကုန်၏။ ရဟန်းတို့ ထိုအခါ သုဓမ္မာနတ်သဘင်ဝယ် ဝေပစိတ္တိ အသုရိန်သည် လည်ပင်းလျှင် ငါးခုမြောက် အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခံနေရ၏။ ရဟန်းတို့ အကြင်အခါ ဝေပစိတ္တိအသုရိန်အား "နတ်တို့ကား တရားကုန်၏၊အသုရာတို့ကား မတရားကုန်၊ ယခု ငါသည် နတ်ပြည်သို့ရောက်ရပေ၏"ဟု ဤသို့သောအကြံအစည်ဖြစ်၏။ ထိုအခါ လည်ပင်းလျှင် ငါးခုမြောက် အနှောင်အဖွဲ့တို့မှ မိမိလွတ်မြောက်နေသည်ကို တွေ့မြင်ရ၏၊ နတ်၌ဖြစ်သော ငါးမျိုးသောကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ ပျော်ရပေ၏၊ ခံစားရ၏။ ရဟန်းတို့ အကြင်အခါ၌ ဝေပစိတ္တိအသုရိန်အား "အသုရာတို့ကား တရားကုန်၏၊ နတ်တို့ကား မတရားကုန်၊ ယခု ငါသည် ထိုအသုရာပြည်သို့သာ သွားအံ့"ဟု ဤသို့သောအကြံအစည်ဖြစ်၏၊ ထိုအခါ လည်ပင်းလျှင် ငါးခုမြောက် အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ထားသောမိမိကိုယ်ကို တွေ့မြင်ရ၏၊ နတ်၌ဖြစ်သော ငါးမျိုးသောကာမဂုဏ်တို့မှလည်း ယုတ်လျော့သွား၏။ ရဟန်းတို့ ဝေပစိတ္တိခံနေရသော အနှောင်အဖွဲ့သည် ထိုမျှလောက် သိမ်မွေ့လှ၏၊ မာရ်၏ အနှောင်အဖွဲ့ကား ထို့ထက်ပင် သာလွန်သိမ်မွေ့သေး၏။ ရဟန်းတို့ အထင်မှားသူသည် မာရ်၏ အနှောင်အဖွဲ့ခံရ၏၊ အထင်မမှားသူသည် မာရ်မှလွတ်မြောက်၏။

ရဟန်းတို့ "ငါဖြစ်ဘူး၏"ဟူသော ဤအထင်သည် အထင်မှားတည်း၊ "ဤကား ငါဖြစ်၏" ဟူသော ဤအထင်သည် အထင်မှားတည်း၊ "ငါ ဖြစ်ရလိမ့်ဦးမည်"ဟူသော ဤအထင်သည် အထင်မှားတည်း၊"ငါ ဖြစ်ရလိမ့်မည်မဟုတ်"ဟူသော ဤအထင်သည် အထင်မှားတည်း၊"ရုပ်ရှိသူ ဖြစ်ရလိမ့်မည်" ဟူသော ဤအထင်သည် အထင်မှားတည်း၊ "ရုပ် မရှိသူ ဖြစ်ရလိမ့်မည်"ဟူသော

ဤအထင်သည် အထင်မှားတည်း၊ "သညာရှိသူဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် အထင်မှားတည်း၊ "သညာမရှိသူဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် အထင်မှားတည်း၊ "သညာရှိသူလည်း မဟုတ် မရှိသူလည်းမဟုတ်သူဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် အထင်မှားတည်း။ ရဟန်းတို့ အထင်မှားမှုသည် ရောဂါတည်း၊ အထင်မှားမှုသည် အနာဆိုးတည်း၊ အထင်မှားမှုသည် ဆူးငြောင့်တည်း။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့်ပင်လျှင် အထင်မမှားသော စိတ်ဖြင့် နေကုန်အံ့ဟု ဤသို့သာ သင်တို့ ကျင့်ရမည်။

ရဟန်းတို့ "ငါဖြစ်၏"ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "ဤကား ငါဖြစ်၏"ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "ငါဖြစ်ရလိမ့်ဦးမည်"ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "ငါဖြစ်ရလိမ့်မည်မဟုတ်"ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "ရုပ်ရှိသူဖြစ်ရလိမ့်မည်" ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "ရုပ်မရှိသူဖြစ်ရလိမ့်မည်" ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "သညာရှိသူဖြစ်ရလိမ့်မည်" ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "သညာ မရှိသူ ဖြစ်ရလိမ့်မည်" ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း၊ "သညာရှိသူလည်းမဟုတ် မရှိသူလည်း မဟုတ်သူ ဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် တုန်လှုပ်မှုတည်း။ ရဟန်းတို့ တုန်လှုပ်မှုသည် ရောဂါတည်း၊ တုန်လှုပ်မှုသည် အနာဆိုးတည်း၊ တုန်လှုပ်မှုသည် ဆူးငြောင့်တည်း။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့်ပင်လျှင် မတုန်လှုပ်သောစိတ်ဖြင့် နေကုန်အံ့ဟု ဤသို့သာ သင်တို့ကျင့်ရမည်။

ရဟန်းတို့ "ငါဖြစ်၏"ဟူသော ဤအထင်သည် လှုပ်ရှားမှုတည်း၊ "ဤကား ငါဖြစ်၏"ဟူသော ဤအထင်သည် လှုပ်ရှားမှုတည်း၊ "ငါဖြစ်ရလိမ့်ဦးမည်"ဟူသော။ပ။ "ငါဖြစ်ရလိမ့်မည်မဟုတ်" ဟူသော။ပ။ "ရုပ်ရှိသူဖြစ်ရလိမ့်မည်"ဟူသော။ပ။ "ရုပ်မရှိသူဖြစ်ရလိမ့်မည်"ဟူသော။ပ။ "သညာရှိသူ ဖြစ်ရလိမ့်မည်"ဟူသော။ပ။ "သညာမရှိသူဖြစ်ရလိမ့်မည်"ဟူသော။ပ။ "သညာရှိသူလည်း မဟုတ် မရှိသူလည်း မဟုတ်သူဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် လှုပ်ရှားမှုတည်း။ ရဟန်းတို့ လှုပ်ရှားမှုသည် ရောဂါတည်း၊ လှုပ်ရှားမှုသည် အနာဆိုးတည်း၊ လှုပ်ရှားမှုသည် ဆူးငြောင့်တည်း။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့်ပင်လျှင် မလှုပ်ရှားသောစိတ်ဖြင့် နေကုန်အံ့ဟု ဤသို့သာ သင်တို့ ကျင့်ရမည်။

ရဟန်းတို့ "ငါဖြစ်၏"ဟူသော ဤအထင်သည် ချဲ့ထွင်မှုတည်း၊ "ဤကား ငါဖြစ်၏"ဟူသော ဤအထင်သည် ချဲ့ထွင်မှုတည်း၊ "ငါဖြစ်ရလိမ့်မည်"ဟူသော။ပ။ "ငါဖြစ်ရလိမ့်မည်မဟုတ်" ဟူသော။ပ။ "ရုပ်ရှိသူဖြစ်ရလိမ့်မည်"ဟူသော။ပ။ "ရုပ်မရှိသူ ဖြစ်ရလိမ့်မည်"ဟူသော။ပ။ "သညာ ရှိသူ ဖြစ်ရလိမ့်မည်"ဟူသော။ပ။ "သညာမရှိသူဖြစ်ရလိမ့်မည်"ဟူသော။ပ။ "သညာရှိသူလည်း မဟုတ် မရှိသူလည်း မဟုတ်သူ ဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် ချဲ့ထွင်မှုတည်း။ ရဟန်းတို့ ချဲ့ထွင်မှုသည် ရောဂါတည်း၊ ချဲ့ထွင်မှုသည် အနာဆိုးတည်း၊ ချဲ့ထွင်မှုသည် ဆူးငြောင့်တည်း။ ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့်ပင်လျှင် ချဲ့ထွင်မှု မရှိသော စိတ်ဖြင့် နေကုန်အံ့ဟု ဤသို့သာ သင်တို့ ကျင့်ရမည်။

ရဟန်းတို့ "ငါဖြစ်၏"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "ဤကား ငါဖြစ်၏"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "ငါဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် မာန်တက်မှု

တည်း၊ "ငါဖြစ်ရလိမ့်မည်မဟုတ်"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "ရုပ်ရှိသူ ဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "ရုပ်မရှိသူဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "သညာရှိသူ ဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "သညာမရှိသူ ဖြစ်ရလိမ့်မည်"ဟူသော ဤအထင်သည် မာန်တက်မှုတည်း၊ "သညာရှိသူလည်း မဟုတ် မရှိသူလည်း မဟုတ်သူဖြစ်ရလိမ့်မည်" ဟူသော ဤအထင်သည် မာန်တက်မှုတည်း။ ရဟန်းတို့ မာန်တက်မှုသည် ရောဂါတည်း၊ မာန်တက်မှုသည် အနာဆိုးတည်း၊ မာန်တက်မှုသည် ဆူးငြောင့်တည်း။ ရဟန်းတို့ ထိုသို့ ဖြစ်သောကြောင့်ပင်လျှင် မာနကို ချိုးနှိမ်ပြီးသော စိတ်ဖြင့် နေကုန်အံ့ဟု ဤသို့သာ သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

လေးခုမြောက် အာသီဝိသဝဂ် ပြီး၏။

**သဠာယတနသံယုတ် ပြီး၏။**

# ၂-ဝေဒနာသံယုတ်

## ၁-သဂါထာဝဂ် ၁-သမာဓိသုတ်

၂၄၉။ ရဟန်းတို့ ခံစားမှု 'ဝေဒနာ'တို့ကား ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တည်ကြည်မှု 'သမာဓိ' ဆင်ခြင်မှု 'ပညာ' အောက်မေ့မှု 'သတိ' ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ဝေဒနာတို့ကိုင်း ဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ဝေဒနာတို့၏ ချုပ်ငြိမ်းရာကိုင်း ဝေဒနာတို့၏ ချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်း မဂ်ကိုင်း သိ၍ ဝေဒနာတို့၏ ကုန်ခြင်းကြောင့် ရဟန်းသည် တဏှာဟူသော ဆာလောင်မှု ကင်းသည်ဖြစ်၍ ချုပ်ငြိမ်းနိုင်၏။

ပဌမသုတ်။

## ၂-သုခသုတ်

၂၅၀။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ကိုယ်တွင်းသန္တာန်၌ ဖြစ်စေ ကိုယ်ပသန္တာန်၌ ဖြစ်စေ သုခဝေဒနာသည်ငင်း သို့မဟုတ် ဒုက္ခဝေဒနာသည်ငင်း (ချမ်းသာ ဆင်းရဲ နှစ်မျိုးလုံးတို့နှင့်) အတူတကွဖြစ်သော ဥပေက္ခာ ဝေဒနာသည်ငင်း အလုံးစုံသော ခံစားမှုမျိုးသည် ရှိ၏။

ထိုခံစားမှုမျိုးကို ဖျောက်ဖျက်ခြင်းသဘော ပျက်စီးခြင်းသဘောရှိသည့် ဆင်းရဲဒုက္ခပါတကားဟု သိပြီးလျှင် (ဉာဏ်ဖြင့်) တွေ့ထိ၍ တွေ့ထိ၍ ပျက်ခြင်းသဘောကို ဤသို့ မြင်နိုင်သောသူသည် ထိုခံစားမှု'ဝေဒနာ'၌ စွဲမက်မှု ကင်းတော့၏။

ဒုတိယသုတ်။

## ၃-ပဟာနသုတ်

၂၅၁။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ သုခဝေဒနာ၌ စွဲမက်မှု 'ရာဂါနုသယ'ကို ပယ်အပ်၏။ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု 'ပဋိဃာနုသယ'ကို ပယ်အပ်၏။ ဥပေက္ခာ

ဝေဒနာ၌ မသိမှု 'အဝိဇ္ဇာနုသယ'ကို ပယ်အပ်၏။ ရဟန်းတို့ အကြင်အခါ ရဟန်းအား သုခဝေဒနာ၌ စွဲမက်မှု 'ရာဂါနုသယ'ကို ပယ်ပြီးဖြစ်၏။ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု 'ပဋိဃာနုသယ'ကို ပယ်ပြီး ဖြစ်၏။ ဥပေက္ခာဝေဒနာ၌ မသိမှု 'အဝိဇ္ဇာနုသယ'ကို ပယ်ပြီး ဖြစ်၏။ ရဟန်းတို့ ထိုအခါ ဤရဟန်းကို (အနုသယ)ကင်းကွာသူ ကောင်းစွာ မြင်ပြီးသူဟု ဆိုရ၏၊ (ထိုရဟန်းသည်) တပ်မက်မှု 'တဏှာ'ကို ဖြတ်တောက်လေပြီ၊ အနှောင်အဖွဲ့ 'သံယောဇဉ်'ကို ဖြေချွတ်လေပြီ၊ မာနကို အကြွင်းမဲ့ ပယ်ခြင်းကြောင့် ဆင်းရဲ၏ အဆုံးကို ပြုလေပြီဟု (မိန့်တော်မူ၏)။

ခံစားမှု 'ဝေဒနာ'ကို မသိသည်ဖြစ်၍ သုခဝေဒနာကို ခံစားသော ထွက်မြောက်ရာလမ်းကို မတွေ့မြင်သောသူအား ထိုစွဲမက်မှု 'ရာဂါနုသယ' ဖြစ်၏။

ခံစားမှု 'ဝေဒနာ'ကို မသိသည်ဖြစ်၍ ဒုက္ခဝေဒနာကို ခံစားသော ထွက်မြောက်ရာလမ်းကို မတွေ့မြင်သောသူအား အမျက်ထွက်မှု 'ပဋိဃာနုသယ' ဖြစ်၏။

ငြိမ်သက်ကောင်းမြတ်လှ၏ဟု မြတ်စွာဘုရား ဟောထားတော်မူအပ်သော ဥပေက္ခာကိုပင် အလွန်နှစ်သက်နေပါလျှင် ဆင်းရဲဒုက္ခမှ မလွတ်နိုင်။

လုံ့လရှိသော ရဟန်းသည် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ကို မစွန့်ခဲ့သော် ထိုပညာရှိရဟန်းသည် ခံစားမှု 'ဝေဒနာ' အားလုံးတို့ကို ပိုင်းခြားသိနိုင်၏။

ထိုရဟန်းသည် ဝေဒနာတို့ကို ပိုင်းခြားသိသော် ယခုဘဝ၌ပင် အာသဝေါ ကင်းကွာနိုင်၏၊ လောကုတ္တရာဓမ္မ၌ တည်သော ရဟန္တာဖြစ်၍ ခန္ဓာကိုယ် ပျက်စီးသော် ဘဝသုံးပါး၌ ဖြစ်သူဟူသော အရေအတွက်သို့ မရောက်ရတော့ချေ။

တတိယသုတ်။

---

## ၄-ပါတာလသုတ်

၂၅၂။ ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် "မဟာသမုဒ္ဒရာ၌ ဝဲသြဃ ရှိ၏" ဟူသော ဤစကားကို ပြောဆို၏။ ရဟန်းတို့ ဝဲသြဃဟူသော ဤအမည်သည် ကိုယ်၌ ကျရောက်လျက်ရှိသော ဒုက္ခဝေဒနာတို့၏ အမည်တည်း။ ရဟန်းတို့ အကြားအမြင် မရှိသော ပုထုဇဉ်သည် ကိုယ်၌ ကျရောက်လျက်ရှိသော ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသော် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်ထုလျက် မြည်တမ်းရ၏၊ မိန်းမောခြင်းသို့ ရောက်ရ၏။ ရဟန်းတို့ အကြားအမြင်မရှိသော ဤပုထုဇဉ်ကို ဝဲသြဃ၌ မတည်တံ့နိုင်သူ ထောက်တည်ရာကို မရနိုင်သူ ဟု ဆိုရ၏။ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည်ကား ကိုယ်၌ ကျရောက်လျက်ရှိသော ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသော် မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ထုလျက် မမြည်တမ်းရ၊ မိန်းမောခြင်းသို့ မရောက်ရ။ ရဟန်းတို့ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို ဝဲသြဃ၌ တည်တံ့နိုင်သူ ထောက်တည်ရာကို ရနိုင်သူဟု ဆိုရ၏ဟု (မိန့်တော်မူ၏)။

ဉာဏ်အားနည်းသော စွမ်းအားနည်းသော အကြင်သူသည် ကိုယ်၌ကျရောက်လျက်
ရှိသော အသက်ကိုပင် ဆောင်ယူသွားနိုင်လောက်သော ပေါ်ပေါက်လာသော ထိုဒုက္ခ

ဝေဒနာတို့ကို သည်းမခံနိုင်၊ ဝေဒနာတို့ဖြင့် တွေ့ထိခံရသော် တုန်လှုပ်၏၊ မြည်တမ်းငိုကြွေးရ၏၊ ထိုသူသည် ဝဲသြဃ၌ မတည်တံ့နိုင်သည်သာမက ထောက်တည်ရာမျှကိုလည်း မရနိုင်။

အကြင်သူသည်ကား ကိုယ်၌ကျရောက်လျက်ရှိသော အသက်ကိုပင် ဆောင်ယူသွားနိုင်လောက်သော ပေါ်ပေါက်လာသော ထိုဒုက္ခဝေဒနာတို့ကို သည်းခံနိုင်၏၊ ဝေဒနာတို့ဖြင့် တွေ့ထိခံရသော် မတုန်လှုပ်၊ ထိုသူသည် ဝဲသြဃ၌ တည်တံ့နိုင်သည်သာမက ထောက်တည်ရာကိုလည်း ရနိုင်၏။

စတုတ္ထသုတ်။

## ၅-ဒဋ္ဌဗ္ဗသုတ်

၂၅၃။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ သုခဝေဒနာကို ဒုက္ခအားဖြင့် ရှုရမည်၊ ဒုက္ခဝေဒနာကို ဆူးငြောင့်အားဖြင့် ရှုရမည်၊ ဥပေက္ခာဝေဒနာကို မမြဲသောအားဖြင့် ရှုရမည်။ ရဟန်းတို့ ရဟန်းအား သုခဝေဒနာကို ဆင်းရဲအားဖြင့် ရှုမြင်ပြီးသောအခါ ဒုက္ခဝေဒနာကို ဆူးငြောင့်အားဖြင့် ရှုမြင်ပြီးသောအခါ ဥပေက္ခာဝေဒနာကို မမြဲသောအားဖြင့်ရှုမြင်ပြီးသောအခါ ဤရဟန်းကို ကောင်းစွာမြင်ပြီးသူဟု ဆိုရ၏၊ တပ်မက်မှုကို ဖြတ်တောက် နိုင်လေပြီ၊ အနှောင်အဖွဲ့ကို ဖြေချွတ်နိုင်လေပြီ၊ မာနကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ဆင်းရဲ၏အဆုံးကို ပြုလေပြီဟု (မိန့်တော်မူ၏)။

အကြင်အခါ ရဟန်းသည် သုခဝေဒနာကို ဆင်းရဲအားဖြင့် ရှုမြင်ပြီး ဒုက္ခဝေဒနာကို ဆူးငြောင့်အားဖြင့် ရှုမြင်ပြီး ငြိမ်သက်သော ဥပေက္ခာဝေဒနာကို မမြဲသော အားဖြင့် ရှုမြင်ပြီးဖြစ်၍ ဝေဒနာတို့ကို စင်စစ် ပိုင်းခြား၍ သိ၏။

ထိုရဟန်းသည် ဝေဒနာတို့ကို ပိုင်းခြား၍သိသော် ယခုဘဝ၌ပင် အာသဝေါကင်းကွာနိုင်၏၊လောကုတ္တရာဓမ္မ၌တည်သော ရဟန္တာဖြစ်၍ ခန္ဓာကိုယ်ပျက်စီးသော် ဘဝသုံးပါး၌ ဖြစ်သူဟူသော အရေအတွက်သို့ မရောက်ရတော့ချေ။

ပဉ္စမသုတ်။

## ၆-သလ္လသုတ်

၂၅၄။ ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် သုခဝေဒနာကိုလည်း ခံစားရ၏၊ ဒုက္ခဝေဒနာကိုလည်း ခံစားရ၏၊ ဥပေက္ခာဝေဒနာကိုလည်း ခံစားရ၏။ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် သုခဝေဒနာကိုလည်း ခံစားရ၏၊ ဒုက္ခဝေဒနာကိုလည်း ခံစားရ၏၊ ဥပေက္ခာဝေဒနာကိုလည်း ခံစားရ၏။ ရဟန်းတို့ ထိုသူနှစ်ဦးတို့တွင် အကြားအမြင် မရှိသော

ပုထုဇဉ်နှင့် အကြားအမြင်ရှိသော အရိယာတပည့်၏ ထူးခြားမှုကား အဘယ်နည်း၊ လွန်ကဲမှုကား အဘယ်နည်း၊ ကွဲပြားမှုကား အဘယ်နည်း၊ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းခံရှိပါကုန်၏။ပ။ ရဟန်းတို့ အကြားအမြင်မရှိသောပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်ထုလျက် မြည်တမ်းရ၏၊ မိန်းမောခြင်းသို့ ရောက်ရ၏၊ ကိုယ်၌လည်းဖြစ်သော စိတ်၌လည်းဖြစ်သော နှစ်မျိုးသော ဝေဒနာတို့ကို ခံစားရ၏။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားကို မြားဖြင့်စူးမိရာ၏၊ ထိုသူကို ဒုတိယ မြားဖြင့်သည် ပဌမမြားဖြင့်စူးရာ အနီး၌ စူးပြန်ရာ၏၊ ရဟန်းတို့ ဤသို့လျှင် ထိုယောကျ်ားသည် မြားနှစ်ချောင်းဖြင့် ဝေဒနာခံစားနေရ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်ထုလျက် မြည်တမ်းရ၏၊ မိန်းမောခြင်းသို့ ရောက်ရ၏။ ထိုသူသည် ကိုယ်၌လည်းဖြစ်သော စိတ်၌လည်း ဖြစ်သော နှစ်မျိုးသော ဝေဒနာတို့ကို ခံစားရ၏၊ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် အမျက်ထွက်၏၊ ဒုက္ခဝေဒနာဖြင့် အမျက်ထွက်သူအား ဒုက္ခဝေဒနာကြောင့်ဖြစ်သော ပဋိဃာနု သယသည် ကိန်း၏၊ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိရသော် ကာမချမ်းသာကို *နှစ်သက်၏၊ ထိုသို့နှစ်သက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုအကြားအမြင်မရှိသော ပုထုဇဉ်သည် ကာမချမ်းသာမှတပါး ဒုက္ခဝေဒနာမှထွက်မြောက်ရာကို မသိသောကြောင့်တည်း။ ကာမချမ်းသာကို နှစ်သက်သော ထိုသူအား သုခဝေဒနာကြောင့်ဖြစ်သော ရာဂါနုသယသည် ကိန်း၏။ ထိုသူသည် ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ကြောင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ကြောင်း ကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ မသိသော ထိုသူအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် ကိန်း၏။ ထိုသူသည် သုခဝေဒနာကို ခံစားအံ့၊ (ကိလေသာနှင့်) ယှဉ်သည်ဖြစ်၍ ထိုသုခဝေဒနာကို ခံစား၏၊ ဒုက္ခဝေဒနာကို ခံစားအံ့၊ (ကိလေသာနှင့်) ယှဉ်သည်ဖြစ်၍ ထိုဒုက္ခဝေဒနာကို ခံစား၏၊ ဥပေက္ခာဝေဒနာကို ခံစားအံ့၊ (ကိလေသာနှင့်) ယှဉ်သည်ဖြစ်၍ ထိုဥပေက္ခာဝေဒနာကို ခံစား၏။ ရဟန်းတို့ အကြား အမြင်မရှိသော ဤပုထုဇဉ်ကို ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပူပန်မှုတို့နှင့် ယှဉ်စပ်နေသူဟု ဆိုရ၏။ ဆင်းရဲဒုက္ခနှင့် ယှဉ်စပ်နေသူ ဟု ငါဆို၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည်ကား ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ထုလျက်မမြည်တမ်း၊ မိန်းမောခြင်းသို့ မရောက်။ ထိုသူသည် ကိုယ်၌ ဖြစ်သော ဝေဒနာတမျိုးကိုသာ ခံစားရ၏၊ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားကို မြားဖြင့်စူးမိရာ၏၊ ထိုသူကို ဒုတိယမြားဖြင့်သည် နောက်ထပ် မစူးရာ။ ရဟန်းတို့ ဤသို့လျှင် ထိုယောကျ်ားသည် မြားဖြင့်တချောင်းဖြင့် ဝေဒနာ ခံစားရ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်ရှိသော အရိယာတပည့်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ထုလျက် မမြည်တမ်းရ၊ မိန်းမောခြင်းသို့ မရောက်ရ။ ထိုသူသည် ကိုယ်၌ဖြစ်သော ဝေဒနာတမျိုးကိုသာ ခံစားရ၏၊ စိတ်၌ ဖြစ်သောဝေဒနာကို မခံစားရ၊ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် အမျက်မထွက်၊ ဒုက္ခဝေဒနာဖြင့် အမျက်မထွက်သူအား ဒုက္ခဝေဒနာကြောင့်ဖြစ်သော ပဋိဃာနုသယသည် မကိန်း၊ ထိုသူသည် ဒုက္ခ

ဝေဒနာဖြင့် တွေ့ထိခံရသော် ကာမချမ်းသာကို မနှစ်သက်၊ ထိုမနှစ်သက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ကာမချမ်းသာမှတပါး ဒုက္ခဝေဒနာမှ ထွက်မြောက်ရာကို သိသောကြောင့်တည်း။ ကာမချမ်းသာကို မနှစ်သက်သော ထိုသူအား သုခဝေဒနာကြောင့်ဖြစ်သော ရာဂါနုသယသည် မကိန်း။ ထိုသူသည် ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ကြောင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ကြောင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိသော ထိုသူအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် မကိန်း။ ထိုသူသည် သုခဝေဒနာကို ခံစားအံ့၊ (ကိလေသာနှင့်) မယှဉ်သည်ဖြစ်၍ ထိုသုခဝေဒနာကို ခံစား၏။ ဒုက္ခဝေဒနာကို ခံစားအံ့၊ (ကိလေသာနှင့်) မယှဉ်သည်ဖြစ်၍ ထိုဒုက္ခဝေဒနာကို ခံစား၏။ ဥပေက္ခာဝေဒနာကို ခံစားအံ့၊ (ကိလေသာနှင့်) မယှဉ်သည်ဖြစ်၍ ထိုဥပေက္ခာဝေဒနာကို ခံစား၏။ ရဟန်းတို့ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပူပန်မှုတို့နှင့် မယှဉ်စပ်သူဟု ဆိုရ၏၊ ဆင်းရဲဒုက္ခနှင့် မယှဉ်စပ်သူဟု ငါဆို၏။ ရဟန်းတို့ ဤကား အကြားအမြင်ရှိသော အရိယာတပည့်၏ အကြားအမြင်မရှိသော ပုထုဇဉ်နှင့် ထူးခြားမှု လွန်ကဲမှု ကွဲပြားမှုတည်းဟု (မိန့်တော်မူ၏)။

အသိဉာဏ်ရှိသော အကြားအမြင်ရှိသော သူသည် သုခဝေဒနာကိုင်း ဒုက္ခဝေဒနာကိုင်း (ကိလေသာနှင့်ယှဉ်သည်ဖြစ်၍) မခံစား၊ ဤသည်ကား ပုထုဇဉ်နှင့် အသိဉာဏ်ပညာရှိ၍ လိမ္မာသောသူ၏ ကြီးမားသော ထူးခြားချက်တည်း။

တရားသဘောကို နှိုင်းချိန်နိုင်သော အကြားအမြင်များသော ဤလောကနှင့် တမလွန်လောကကို ရှုမြင်နိုင်သော ထိုအရိယာသာဝက၏ စိတ်ကို ဣဋ္ဌာရုံတရားတို့သည် မနှိပ်စက်နိုင်ကုန်၊ အနိဋ္ဌတရားတို့ကြောင့်လည်း အမျက်ထွက်ခြင်းသို့ မရောက်။

ထိုအရိယာသာဝကအား လိုက်လျောမှု ရာဂနှင့်ဆန့်ကျင်မှု ဒေါသတို့သည် ခါတွက်အပ်ပြီး ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်ပြီး ဖြစ်ရကား မရှိကြကုန်၊ ထိုသူသည် ကိလေသာမြူကင်းသော စိုးရိမ်ခြင်းမရှိသော နိဗ္ဗာန်ကိုသိသောကြောင့် ဘဝ၏တဖက်ကမ်းသို့ ရောက်သူဖြစ်၍ ကောင်းစွာသိ၏။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ဂေလညသုတ်

၂၅၅။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါတပါးတည်း ကိန်းအောင်းရာမှ ထတော်မူလျက် သူနာကျောင်းရှိရာသို့ ကပ်ရောက်တော်မူပြီး၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးသော် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု ‘သတိ’ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ရှိသည်ဖြစ်၍ အချိန်အခါကို စောင့်မြော်နေရာ၏၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမတည်း။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အောက်မေ့မှု 'သတိ' ရှိသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက် ပြင်းစွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်၍ နေထိုင်၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ' ရှိသည်ဖြစ်၍ လောက၌ မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်၍ နေထိုင်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတိရှိသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ကွေးရာဆန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာ၌ သိလျက်ပြုလေ့ရှိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆင်ခြင် ဉာဏ်'သမ္ပဇဉ်' ရှိသူဖြစ်၏။ ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ အချိန်အခါကို စောင့်မြော်နေရာ၏၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမ တည်း။

ရဟန်းတို့ ဤသို့အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား သုခဝေဒနာ ဖြစ်ပေါ်လာခဲ့မူ ထိုသူသည် "ငါ့အား ဤ သုခဝေဒနာ ဖြစ်ပေါ်လာခဲ့ပေပြီ၊ ထို သုခဝေဒနာကား အစွဲပြု၍သာဖြစ်ပေါ်လာခဲ့၏၊ အစွဲမပြုပဲ ဖြစ်ပေါ်လာသည်မဟုတ်၊ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ် လာသနည်း၊ ဤခန္ဓာကိုယ်ကိုပင် အစွဲပြု၍ဖြစ်ပေါ်လာ၏၊ ဤခန္ဓာကိုယ်သည်ကား မမြဲသောသ ဘော ပြုပြင်အပ်သောသဘော အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိ၏၊ မမြဲသော သဘော ပြုပြင်အပ်သောသဘော အကြောင်းကိုအစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိသော ခန္ဓာကိုယ် ကို အစွဲပြု၍ ဖြစ်ပေါ်လာသော သုခဝေဒနာကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း"ဟု သိ၏။ ထိုသူသည် ခန္ဓာကိုယ်၌၎င်း သုခဝေဒနာ၌၎င်း မမြဲခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ ပျက်စီး ခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ စွဲမက်မှုကင်းကွာခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ ချုပ်ငြိမ်းခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ ခန္ဓာကိုယ်၌၎င်း သုခဝေဒနာ၌၎င်း မမြဲခြင်းသဘောကို မပြတ်ရှုလျက်နေသော ပျက်စီးခြင်း သဘောကို မပြတ်ရှုလျက်နေသော စွဲမက်မှုကင်းကွာခြင်းသဘောကို မပြတ်ရှုလျက်နေသော ချုပ်ငြိမ်းခြင်းသဘောကို မပြတ်ရှုလျက်နေသော စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေသော ထိုရဟန်းအား ခန္ဓာကိုယ်၌၎င်း သုခဝေဒနာ၌၎င်း ရာဂါနုသယသည် ပျောက်ကင်း၏။

ရဟန်းတို့ ဤသို့အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ရှိသည်ဖြစ်၍ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော ထိုရဟန်းအား ဒုက္ခဝေဒနာ ဖြစ်ပေါ် လာခဲ့မူ ထိုသူသည် "ငါ့အား ဤဒုက္ခဝေဒနာ ဖြစ်ပေါ်လာခဲ့ပေပြီ၊ ထိုဒုက္ခဝေဒနာကား အစွဲပြု၍ သာ ဖြစ်ပေါ်လာခဲ့၏၊ အစွဲမပြုပဲ ဖြစ်ပေါ်လာသည် မဟုတ်၊ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာ

သနည်း၊ ဤခန္ဓာကိုယ်ကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာ၏။ ဤခန္ဓာကိုယ်သည်ကား မမြဲသောသဘော ပြုပြင်အပ်သောသဘော အကြောင်းကိုအစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိ၏။ မမြဲသောသဘော ပြုပြင်အပ်သောသဘော အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိသော ခန္ဓာကိုယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသည့် ဒုက္ခဝေဒနာကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း''ဟု သိ၏။ ထိုသူသည် ခန္ဓာကိုယ်၌ရင်း ဒုက္ခဝေဒနာ၌ရင်း မမြဲခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ ပျက်စီးခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ စွဲမက်မှုကင်းကွာခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ ချုပ်ငြိမ်းခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေ၏။ ခန္ဓာကိုယ်၌ရင်း ဒုက္ခဝေဒနာ၌ရင်း မမြဲခြင်းသဘောကို မပြတ်ရှုလျက်နေသော။ပ။ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေသော ထိုရဟန်းအား ခန္ဓာကိုယ်၌ရင်း ဒုက္ခဝေဒနာ၌ရင်း ပဋိဃာနုသယသည် ပျောက်ကင်း၏။

ရဟန်းတို့ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော ထိုရဟန်းအား ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာခဲ့မူ ထိုသူသည် ''ငါ့အား ဤဥပေက္ခာဝေဒနာ ဖြစ်ပေါ်ခဲ့ပေပြီ၊ ထိုဥပေက္ခာဝေဒနာကား အစွဲပြု၍သာ ဖြစ်ပေါ်ခဲ့၏၊ အစွဲမပြုပဲ ဖြစ်ပေါ်လာသည် မဟုတ်၊ အဘယ်ကိုအစွဲပြု၍ ဖြစ်ပေါ်လာသနည်း၊ ဤခန္ဓာကိုယ်ကိုပင် အစွဲပြု၍ဖြစ်ပေါ်လာ၏၊ ဤခန္ဓာကိုယ်သည်ကား မမြဲသောသဘော ပြုပြင်အပ်သောသဘော အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘော ရှိ၏။ မမြဲသောသဘော ပြုပြင်အပ်သောသဘော အကြောင်းကိုအစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိသော ခန္ဓာကိုယ်ကို အစွဲပြု၍ဖြစ်ပေါ်လာသည့် ဥပေက္ခာဝေဒနာကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း''ဟု သိ၏။ထိုသူသည် ခန္ဓာကိုယ်၌ရင်း ဥပေက္ခာဝေဒနာ၌ရင်း မမြဲခြင်းသဘောကို မပြတ်ရှုလျက် နေ၏၊ ပျက်စီးခြင်းသဘောကို မပြတ်ရှုလျက် နေ၏၊ စွဲမက်မှု ကင်းကွာခြင်းသဘောကို မပြတ်ရှုလျက် နေ၏၊ ချုပ်ငြိမ်းခြင်းသဘောကို မပြတ်ရှုလျက် နေ၏၊ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက် နေ၏၊ ခန္ဓာကိုယ်၌ရင်း ဥပေက္ခာဝေဒနာ၌ရင်း မမြဲခြင်းသဘောကို မပြတ်ရှုလျက်နေသော။ပ။ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေသော ထိုရဟန်းအား ခန္ဓာကိုယ်၌ရင်း ဥပေက္ခာဝေဒနာ၌ရင်း အဝိဇ္ဇာနုသယသည် ပျောက်ကင်း၏။

ထိုသူသည် သုခဝေဒနာကို ခံစားခဲ့မူ ထိုဝေဒနာကား မမြဲဟု သိ၏၊ လွှမ်းမိုး၍ မဖြစ်သော တရားဟု သိ၏၊ မနှစ်သက်အပ်သော တရားဟု သိ၏။ ဒုက္ခဝေဒနာကို ခံစားခဲ့မူ။ပ။ ဥပေက္ခာဝေဒနာကို ခံစားခဲ့မူ ထိုဝေဒနာကား မမြဲဟု သိ၏၊ လွှမ်းမိုး၍ မဖြစ်သောတရားဟု သိ၏၊ မနှစ်သက်အပ်သောတရားဟု သိ၏။ ထိုသူသည် သုခဝေဒနာကို ခံစားခဲ့မူ (ကိလေသာနှင့်)မယှဉ်စပ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။ ဒုက္ခဝေဒနာကို ခံစားခဲ့မူ (ကိလေသာနှင့်) မယှဉ်စပ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။ ဥပေက္ခာဝေဒနာကို ခံစားခဲ့မူ (ကိလေသာနှင့်) မယှဉ်စပ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။ ထိုသူသည် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ ဟူ၍ သိ၏၊ အသက် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟူ၍ သိ၏။ ခန္ဓာကိုယ် ပျက်စီး၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ ဤဘဝ၌ပင်လျှင် ခံစားမှုဟူသမျှတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟု သိ၏။ ရဟန်းတို့ ဥပမာသော်ကား ဆီကိုစွဲ၍ရင်း မီးစာကိုစွဲ၍ရင်း ဆီမီးသည် တောက်ရာ၏၊ ထိုဆီ၏ရင်း ထိုမီးစာ၏ရင်း ကုန်ခန်းခြင်း

ကြောင့်ပင်လျှင် လောင်စာမရှိသည်ဖြစ်၍ ငြိမ်းလေရာ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟူ၍ သိ၏။အသက် အပိုင်းအခြားရှိသော ဝေဒနာကိုခံစားသည်ရှိသော် အသက် အပိုင်းအခြားရှိသော ဝေဒနာကိုခံစား၏ ဟူ၍ သိ၏၊ ခန္ဓာကိုယ်ပျက်စီး၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ ဤဘဝ၌ပင်လျှင် ခံစားမှုဟူသမျှတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေး ကုန်လတ္တံ့ဟု သိ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ဒုတိယ ဂေလညသုတ်

၂၁၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ တပါးတည်းကိန်းအောင်းရာမှ ထတော်မူလျက် သူနာကျောင်းသို့ ကပ်ရောက်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးသော် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ အချိန်အခါကို စောင့်မြော် နေရာ၏၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမတည်းဟု မိန့်တော်မူ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အောက်မေ့မှု 'သတိ'ရှိသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ ခန္ဓာကိုယ်ဟု မပြတ်ရှုလျက် ပြင်းစွာ အားထုတ် အပ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ကို ပယ်ဖျောက်၍ နေထိုင်၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားဟု မပြတ်ရှုလျက် ပြင်းစွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ အောက်မေ့မှု'သတိ'ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိသည်ဖြစ်၍ လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ကို ပယ်ဖျောက်၍ နေထိုင်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်း သည် သတိရှိသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ပညာရှိသူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်ဉာဏ်ပညာဖြင့် ပြုလေ့ရှိ၏ ။ပ။ ပြောဆိုရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်ဉာဏ် ပညာဖြင့် ပြုလေ့ရှိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ဖြင့် ပြုလေ့ရှိသူဖြစ်၏။

ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ အချိန်အခါ ကို စောင့်မြော်နေရာ၏၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမတည်း။ ရဟန်းတို့ ဤသို့ အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ မမေ့မလျော့ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား သုခဝေဒနာ ဖြစ်ပေါ်လာ ခဲ့မူ ထိုသူသည် "ငါ့အား ဤ သုခဝေဒနာ ဖြစ်ပေါ်ခဲ့၏၊ ထိုသုခဝေဒနာကား အစွဲပြု၍သာ ဖြစ်ပေါ် လာခဲ့၏၊ အစွဲမပြုပဲ ဖြစ်ပေါ်လာသည်မဟုတ်၊ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသနည်း၊ ဤတွေ့ ထိမှုကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာ၏။ ဤတွေ့ထိမှုသည်ကား မမြဲသောသဘော ပြုပြင်အပ်သော

သဘောအကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိ၏။ မမြဲသောသဘော ပြုပြင်အပ်သော သဘောအကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိသော တွေ့ထိမှုကို အစွဲပြု၍ဖြစ်ပေါ်လာသည့် သုခဝေဒနာကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း”ဟု သိ၏။ ထိုရဟန်းသည် တွေ့ထိမှု၌၎င်း ချမ်းသာမှု သုခဝေဒနာ၌၎င်း မမြဲခြင်းသဘောကို မပြတ်ရှုလျက် နေ၏၊ ပျက်စီးခြင်း စွဲမက်မှုကင်းကွာခြင်း ချုပ်ခြင်း စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ တွေ့ထိမှု၌၎င်း သုခဝေဒနာ၌၎င်း မမြဲခြင်းသဘောကို မပြတ်ရှုလျက်နေသော ပျက်စီးခြင်း စွဲမက်မှုကင်းကွာခြင်း ချုပ်ခြင်း စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေသော ထိုရဟန်းအား တွေ့ထိမှု၌၎င်း သုခဝေဒနာ၌၎င်း ရာဂါနုသယသည် ပျောက်ကင်း၏။

ရဟန်းတို့ ဤသို့ အောက်မေ့မှု ‘သတိ’ရှိလျက်။ပ။နေသော ထိုရဟန်းအား ဒုက္ခဝေဒနာ ဖြစ်ပေါ်လာခဲ့မူ။ပ။ ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာခဲ့မူ ထိုသူသည် ငါ၏သန္တာန်၌ ဤဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာ၏၊ ထိုဝေဒနာကား အစွဲပြု၍ ဖြစ်ပေါ်လာ၏၊ အစွဲမပြုပဲ ဖြစ်ပေါ်လာသည်မဟုတ်၊ အဘယ်ကို အစွဲပြု၍ဖြစ်ပေါ်လာသနည်း၊ ဤတွေ့ထိမှုကိုပင်လျှင် အစွဲပြု၍ဖြစ်ပေါ်လာ၏ဟု သိ၏။ [ရှေ့သုတ်၌ အကျယ်ချဲ့သကဲ့သို့ ထိုအတူချဲ့ရမည်]။ ခန္ဓာကိုယ်ပျက်စီး၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ ဤဘဝ၌ပင်လျှင် ခံစားမှုဟူသမျှတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟု သိ၏။ ရဟန်းတို့ ဥပမာသော်ကား ဆီကို အစွဲပြု၍၎င်း မီးစာကို အစွဲပြု၍၎င်း ဆီမီးသည် တောက်နေရာ၏၊ ထိုဆီ၏၎င်း ယိုမီးစာ၏၎င်း ကုန်ခန်းခြင်းကြောင့်ပင်လျှင် လောင်စာ မရှိသည် ဖြစ်၍ ငြိမ်းရာ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟူ၍ သိ၏။ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟူ၍ သိ၏၊ ခန္ဓာကိုယ်ပျက်စီး၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ ဤဘဝ၌ပင်လျှင်ခံစားမှု ဟူသမျှတို့သည် မနှစ်သက်အပ်ကုန်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟု သိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အနိစ္စသုတ်

၂၅၇။ ရဟန်းတို့ မမြဲခြင်းသဘော ပြုပြင်အပ်သောသဘော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ခြင်း သဘော ကုန်ခြင်းသဘော ပျက်စီးခြင်းသဘော စွဲမက်မှုကင်းကွာခြင်းသဘော ချုပ်ခြင်း သဘော ရှိကြသော ဤဝေဒနာတို့ကား သုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ မမြဲခြင်းသဘော ပြုပြင်အပ်သော သဘော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ခြင်းသဘော ကုန်ခြင်းသဘော ပျက်ခြင်းသဘော စွဲမက်မှု ကင်းကွာခြင်းသဘော ချုပ်ခြင်းသဘောရှိကြသော ဝေဒနာသုံးမျိုးတို့ဟူသည် ဤသည်တို့ပင်တည်း ဟု (မိန့်တော်မူ၏)။

နဝမ သုတ်။

## ၁၀-ဖဿမူလကသုတ်

၂၅၈။ ရဟန်းတို့ တွေ့ထိမှုကြောင့်ဖြစ်ကုန်သော တွေ့ထိမှုလျှင် အရင်းမူလရှိကုန်သော တွေ့ထိမှုဟူသော အကြောင်းရှိကုန်သော တွေ့ထိမှုဟူသော အဆောက်အအုံ ရှိကုန်သော ဤဝေဒနာတို့ကား သုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ တို့တည်း။ ရဟန်းတို့ ခံစားမှု၏အကြောင်းဖြစ်သော တွေ့ထိမှုကိုအစွဲပြု၍ သုခဝေဒနာသည် ဖြစ်ပေါ်လာ၏၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုတွေ့ထိမှု၏ ပင်လျှင် ချုပ်ငြိမ်းခြင်းကြောင့် ထိုအားလျော်စွာဖြစ်သော ခံစားအပ်သော သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကို အစွဲပြု၍ ဖြစ်ပေါ်လာသော သုခဝေဒနာသည် ချုပ်၏၊ ငြိမ်း၏။ ရဟန်းတို့ ခံစားမှု၏အကြောင်း ဖြစ်သော တွေ့ထိမှုကိုအစွဲပြု၍ ဒုက္ခဝေဒနာသည် ဖြစ်ပေါ်လာ၏၊ ဒုက္ခဝေဒနာ၏ အကြောင်း ဖြစ်သော ထိုတွေ့ထိမှု၏ ပင်လျှင် ချုပ်ငြိမ်းခြင်းကြောင့် ထိုအားလျော်စွာဖြစ်သော ခံစားအပ် သော ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကိုအစွဲပြု၍ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာ သည် ချုပ်၏၊ ငြိမ်း၏။ ရဟန်းတို့ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကိုအစွဲပြု၍ ဥပေက္ခာဝေဒနာသည် ဖြစ်ပေါ်လာ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ထိုတွေ့ထိမှု၏ ပင်လျှင် ချုပ်ငြိမ်းခြင်းကြောင့် ထိုအားလျော်စွာဖြစ်သော ခံစားအပ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကိုအစွဲပြု၍ ဖြစ်ပေါ်လာသော ဥပေက္ခာဝေဒနာသည် ချုပ်၏၊ ငြိမ်း၏။ ရဟန်းတို့ ဥပမာသော်ကား ထင်းချောင်းနှစ်ခုတို့၏ ထိခိုက်မှုကြောင့် ထိုထင်းချောင်းနှစ်ခု တို့၏ ပေါင်းဆုံမှုကြောင့် အပူဟူ၍ ဖြစ်ပေါ်လာ၏၊ မီးဟူ၍ဖြစ်ပေါ်လာ၏၊ ထိုထင်းချောင်းတို့၏ ပင်လျှင် တခြားစီဖြစ်နေခြင်း ခွဲထားခြင်းကြောင့် ထိုအားလျော်စွာ ဖြစ်သောအပူသည် ချုပ်၏၊ ငြိမ်း၏။ ရဟန်းတို့ ဤအတူပင် ဤဝေဒနာသုံးမျိုးတို့သည် တွေ့ထိမှုကြောင့် ဖြစ်ကုန်၏၊ တွေ့ထိမှု လျှင် အရင်းမူလရှိကုန်၏၊ တွေ့ထိမှုဟူသော အကြောင်းရှိကုန်၏၊ တွေ့ထိမှုဟူသော အဆောက် အအုံ ရှိကုန်၏။ ထိုအားလျော်သော တွေ့ထိမှုကိုအစွဲပြု၍ ထိုအားလျော်သော ဝေဒနာသည်ဖြစ်၏၊ ထိုအားလျော်သော တွေ့ထိမှု၏ ချုပ်ငြိမ်းခြင်းကြောင့် ထိုအားလျော်သော ဝေဒနာသည် ချုပ်ငြိမ်း၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ဝေဒနာသံယုတ်၏ ရှေးဦးစွာသော ဂါထာပါသောဝဂ် ပြီး၏။

---

## ၂-ရဟောဂတဝဂ်　၁-ရဟောဂတသုတ်

၂၅၉။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး ပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— အသျှင်ဘုရား ဆိတ်ငြိမ်ရာအရပ်၌ တယောက်တည်း ကိန်းအောင်းနေသော တပည့်တော်အား ဤသို့ စိတ်အကြံ ဖြစ်ပါ၏—"သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဟူ၍ ဝေဒနာ သုံးမျိုး တို့ကို မြတ်စွာဘုရား ဟောအပ်ကုန်၏၊ ဤဝေဒနာသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောပါလျက် ဝေဒနာဟူသမျှသည် ဆင်းရဲ'ဒုက္ခ'မည်၏ဟူသော ဤစကားကို(လည်း)မြတ်စွာဘုရား ဟောတော် မူပြန်၏၊ ဝေဒနာဟူသမျှသည် ဆင်းရဲ'ဒုက္ခ'မည်၏ ဟူသော ဤစကားကို အဘယ်ကို ရည်ရွယ်၍ မြတ်စွာဘုရား ဟောတော်မူလေသနည်း" ဟု စိတ်အကြံ ဖြစ်ပါသည် ဟု လျှောက်၏။

ရဟန်း ကောင်းပေစွ၊ ကောင်းပေစွ။ ရဟန်း သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဟူ၍ ဝေဒနာသုံးမျိုးတို့ကို ငါဟောထားအပ်ကုန်၏။ ဤဝေဒနာသုံးမျိုးတို့ကို ငါဟောပြီး၍ ဝေဒနာဟူသမျှသည် ဆင်းရဲ'ဒုက္ခ'မည်၏ ဟူသော ဤစကားကို(လည်း) ငါဘုရား ဟောတော်မူပြန်၏။ ရဟန်း ဝေဒနာဟူသမျှသည် ဆင်းရဲ 'ဒုက္ခ'မည်၏ ဟူသော ထိုစကားကို ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ အမြဲမရှိခြင်းကိုသာလျှင် ရည်ရွယ်၍ ငါဟောတော်မူ၏။ ရဟန်း ဝေဒနာဟူသမျှသည် ဆင်းရဲ 'ဒုက္ခ'တည်း ဟူသော ဤစကားကို ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ကုန်ခြင်း သဘောရှိခြင်း။ ပျက်ခြင်းသဘောရှိခြင်း။ စွဲမက်မှုကင်းခြင်း သဘောရှိခြင်း။ ချုပ်ခြင်းသဘော ရှိခြင်း။ ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိခြင်းကို ရည်ရွယ်၍ ငါဘုရား ဟောတော်မူ၏။

ရဟန်း အမှန်အားဖြင့် အစဉ်အတိုင်းဖြစ်သော ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကို ငါဘုရားဟောတော်မူ၏။ ပဌမဈာန်ကို ဝင်စားသောသူအား စကားပြောမှု ချုပ်ငြိမ်း၏၊ ဒုတိယဈာန်ကို ဝင်စားသောသူအား ဆင်ခြင်သုံးသပ်မှု 'ဝိတက်ဝိစာရ' တို့ ချုပ်ငြိမ်းကုန်၏၊ တတိယဈာန်ကို ဝင်စားသောသူအား နှစ်သိမ့်မှု'ပီတိ' ချုပ်ငြိမ်း၏၊ စတုတ္ထဈာန်ကို ဝင်စားသော သူအား ထွက်သက်ဝင်သက်တို့ ချုပ်ငြိမ်းကုန်၏၊ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသော သူအား ရုပ်ဟူသော အမှတ် 'ရူပသညာ' ချုပ်ငြိမ်း၏၊ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားသော သူအား အာကာသာနဉ္စာယတနသညာချုပ်ငြိမ်း၏၊ အာကိဉ္စညာယတနဈာန်ကို ဝင်စားသော သူအား ဝိညာဏဉ္စာယတနသညာ ချုပ်ငြိမ်း၏၊ နေဝသညာနာသညာယတနဈာန်ကို ဝင်စားသော သူအား အာကိဉ္စညာယဘနသညာ ချုပ်ငြိမ်း၏၊ သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ နိရောဓသမာ ပတ်ကို ဝင်စားသောသူအား သညာဝေဒနာတို့ ချုပ်ငြိမ်းကုန်၏၊ အာသဝေါကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား စွဲမက်မှု 'ရာဂ' ချုပ်ငြိမ်း၏၊ အမျက်ထွက်မှု 'ဒေါသ' ချုပ်ငြိမ်း၏၊ တွေဝေမှု 'မောဟ' ချုပ်ငြိမ်း၏။ ရဟန်း အမှန်အားဖြင့် အစဉ်အတိုင်းဖြစ်သော ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ငြိမ်းအေးမှုကို ငါဘုရားဟောတော်မူ၏။ပဌမဈာန်ကို ဝင်စားသောသူအား စကားပြောမှု ငြိမ်းအေး ၏၊ ဒုတိယဈာန်ကို ဝင်စားသောသူအား ဆင်ခြင်သုံးသပ်မှု 'ဝိတက်ဝိစာရ'တို့ ငြိမ်းအေးကုန် ၏။ပ။နိရောဓသမာပတ်ကို ဝင်စားသောသူအား သညာဝေဒနာတို့ ငြိမ်းအေးကုန်၏၊ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု'ရာဂ' ငြိမ်းအေး၏၊ အမျက်ထွက်မှု 'ဒေါသ' ငြိမ်းအေး ၏၊ တွေဝေမှု 'မောဟ' ငြိမ်းအေး၏။ ရဟန်း ငြိမ်းချမ်းမှုတို့ကား ဤခြောက်ပါးတို့တည်း၊ ပဌမဈာန်ကို ဝင်စားသောသူအား စကားပြောမှု ငြိမ်းချမ်း၏၊ ဒုတိယဈာန်ကို ဝင်စားသော သူအား ဆင်ခြင်သုံးသပ်မှု 'ဝိတက်ဝိစာရ'တို့ ငြိမ်းချမ်းကုန်၏၊ တတိယဈာန်ကို ဝင်စားသော သူအား နှစ်သိမ့်မှု 'ပီတိ'ငြိမ်းချမ်း၏၊ စတုတ္ထဈာန်ကို ဝင်စားသောသူအား ထွက်သက်ဝင်သက်တို့ ငြိမ်းချမ်းကုန်၏။ နိရောဓသမာပတ်ကို ဝင်စားသောသူအား သညာဝေဒနာတို့ ငြိမ်းချမ်းကုန်၏။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု'ရာဂ' ငြိမ်းချမ်း၏။ အမျက်ထွက်မှု 'ဒေါသ' ငြိမ်းချမ်း၏။ တွေဝေမှု'မောဟ' ငြိမ်းချမ်း၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပဌမ အာကာသသုတ်

၂၆၀။ ရဟန်းတို့ ဥပမာသော်ကား ကောင်းကင်၌ အမျိုးမျိုးသော လေတို့သည် တိုက်ခတ် ကုန်၏၊ အရှေ့မှ လာသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ အနောက်မှ လာသော လေတို့

သည်လည်း တိုက်ခတ်ကုန်၏၊ မြောက်မှ လာသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ တောင်မှ လာသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ မြူမှုန်ပါသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ မြူမှုန်မပါသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ အေးမြသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ ပူသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ အားနည်းသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ လွန်ကဲပြင်းထန်သော လေတို့သည်လည်း တိုက်ခတ်ကုန်၏။ ရဟန်းတို့ ဤအတူပင် ဤခန္ဓာကိုယ်၌ အမျိုးမျိုးသော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ သုခဝေဒနာသည်လည်း ဖြစ်၏၊ ဒုက္ခဝေဒနာသည်လည်း ဖြစ်၏၊ ဥပေက္ခာဝေဒနာသည်လည်းဖြစ်၏ဟု (ဟောတော်မူ၏)။

ကောင်းကင်၌ အထူးထူးအပြားပြား များစွာသော လေတို့သည် တိုက်ခတ်ကုန်သကဲ့သို့ ဧင်း၊ အရှေ့မှ လာသောလေ အနောက်မှ လာသောလေ မြောက်မှ လာသောလေ ထို့မှ တပါး တောင်မှ လာသောလေ မြူမှုန်ပါသောလေ မြူမှုန်မပါသောလေ အေးမြသောလေ တခါ တရံ ပူသောလေ လွန်ကဲပြင်းထန်သောလေ အားနည်းသောလေဟု ဆိုအပ်သော များစွာသော လေတို့ တိုက်ခတ်ကုန်သကဲ့သို့ဧင်း၊ ထို့အတူပင် ဤခန္ဓာကိုယ်၌ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့သည် ဖြစ်ကုန်၏။

အကြင်အခါ ရဟန်းသည် ထက်သန်သော လုံ့လရှိ၏၊ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' မဆိတ်သုဉ်း၊ ထိုအခါ ထိုပညာရှိရဟန်းသည် ဝေဒနာအားလုံးတို့ကို ပိုင်းခြား၍ သိ၏။

ထိုရဟန်းသည် ဝေဒနာတို့ကို ပိုင်းခြား၍သိသော် ယခုဘဝ၌ပင် အာသဝေါ ကင်းကွာ နိုင်၏၊လောကုတ္တရာဓမ္မ၌ တည်သော ရဟန္တာဖြစ်၍ ခန္ဓာကိုယ် ပျက်စီးသော် ဘဝသုံးပါး၌ ဖြစ်သူ ဟူသော အရေအတွက်သို့ မရောက်ရတော့ချေ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒုတိယ အာကာသသုတ်

၂၆၁။ ရဟန်းတို့ ဥပမာသော်ကား ကောင်းကင်၌ အမျိုးမျိုးသော လေတို့သည် တိုတ်ခတ် နေကုန်၏၊ အရှေ့မှ လာသော လေတို့သည်လည်း တိုက်ခတ်ကုန်၏။ပ။ လွန်ကဲပြင်းထန်သော လေတို့သည်လည်း တိုက်ခတ်ကုန်၏။ ရဟန်းတို့ ဤအတူပင် ဤခန္ဓာကိုယ်၌ အမျိုးမျိုးသော ဝေဒနာတို့သည် ဖြစ်ကြကုန်၏၊ သုခဝေဒနာသည်လည်း ဖြစ်၏၊ ဒုက္ခဝေဒနာသည်လည်း ဖြစ်၏၊ ဥပေက္ခာဝေဒနာသည်လည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အဂါရသုတ်

၂၆၂။ ရဟန်းတို့ ဥပမာသော်ကား ဧည့်သည်များ တည်းခိုနေထိုင်ရာ အဆောက်အဦသည် ရှိ၏၊ ထိုအဆောက်အဦ၌ အရှေ့အရပ်မှလည်း လာရောက်နေထိုင်ကုန်၏၊ အနောက်အရပ်မှလည်း

လာရောက်နေထိုင်ကုန်၏၊ မြောက်အရပ်မှလည်း လာရောက်နေထိုင်ကုန်၏၊ တောင်အရပ်မှလည်း လာရောက်နေထိုင်ကုန်၏၊ မင်းတို့သည်လည်း လာရောက်နေထိုင်ကုန်၏၊ ပုဏ္ဏားတို့သည်လည်း လာရောက်နေထိုင်ကုန်၏၊ ကုန်သည်တို့သည်လည်း လာရောက်နေထိုင်ကုန်၏၊ ဆင်းရဲသားတို့သည် လည်း လာရောက်နေထိုင်ကုန်၏။ ရဟန်းတို့ ဤအတူပင် ဤခန္ဓာကိုယ်၌ အမျိုးမျိုးသော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ သုခဝေဒနာသည်လည်း ဖြစ်၏၊ ဒုက္ခဝေဒနာသည်လည်း ဖြစ်၏၊ ဥပေက္ခာဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ် 'အာမိသ'နှင့် တကွသော သုခဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ် 'အာမိသ'နှင့် တကွသော ဒုက္ခဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ် 'အာမိသ'နှင့် တကွသော ဥပေက္ခာဝေဒနာသည်လည်း ဖြစ်၏။ ကာမဂုဏ် 'အာမိသ' မရှိသော သုခဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ်'အာမိသ' မရှိသော ဒုက္ခဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ် 'အာမိသ' မရှိသော ဥပေက္ခာဝေဒနာသည်လည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ အာနန္ဒသုတ်

၂၆၃။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော်မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—"အသျှင်ဘုရား ဤဝေဒနာတို့ကား အဘယ်ပါနည်း၊ ဝေဒနာ၏ ဖြစ်ကြောင်းကား အဘယ်ပါနည်း၊ ဝေဒနာ၏ ချုပ်ငြိမ်းရာကား အဘယ်ပါနည်း၊ ဝေဒနာ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကား အဘယ်ပါနည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်ပါနည်း၊ အပြစ်ကား အဘယ်ပါနည်း၊ ထွက်မြောက်ရာကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်ထား၏။ အာနန္ဒာ ဝေဒနာတို့ကား သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဤသုံးမျိုးတို့တည်း။ အာနန္ဒာ ဤသဘောတို့ကို ဝေဒနာတို့ဟု ဆိုအပ်ကုန်၏။ တွေ့ထိမှု ဖြစ်ခြင်းကြောင့် ခံစားမှုဖြစ်၏။ တွေ့ထိမှု ချုပ်ခြင်းကြောင့် ခံစားမှု ချုပ်၏။ မှန်ကန်သော အမြင်။ပ။ မှန်ကန်သော တည်ကြည်ခြင်းဟူသော ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင် ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်း။ ဝေဒနာကို အစွဲပြု၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်၏၊ ဤကား ဝေဒနာ၏ သာယာဖွယ်တည်း။ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာသည် ရှိ၏၊ ဤကား ဝေဒနာ၏ အပြစ်တည်း။ ဝေဒနာ၌ လိုချင်မှု စွဲမက်မှုကို ဖျောက်ခြင်း လိုချင်မှု စွဲမက်မှုကို ပယ်ခြင်းသည် ရှိ၏၊ ဤကား ဝေဒနာ၏ ထွက်မြောက်ရာတည်း။

အာနန္ဒာ အမှန်အားဖြင့် အစဉ်အတိုင်းဖြစ်သော ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကို ငါဘုရား ဟောတော်မူအပ်၏၊ ပဌမဈာန်ကို ဝင်စားသောသူအား စကားပြောမှု ချုပ်ငြိမ်း၏။ပ။ သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'ကို ဝင်စားသောသူအား သညာ ဝေဒနာတို့ ချုပ်ငြိမ်းကုန်၏၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု 'ရာဂ' ချုပ်ငြိမ်း၏၊ အမျက်ထွက်မှု 'ဒေါသ' ချုပ်ငြိမ်း၏၊ တွေဝေမှု 'မောဟ' ချုပ်ငြိမ်း၏။ အာနန္ဒာ အမှန်အားဖြင့် အစဉ်အတိုင်းဖြစ်သော ပြုပြင်ဖန်တီးအပ်သော 'သင်္ခါရ' တို့၏

ငြိမ်းအေးခြင်းကို ငါဘုရား ဟောတော်မူအပ်ပေ၏၊ ပဌမစျာန်ကို ဝင်စားသောသူအား စကား ပြောမှု ငြိမ်းအေး၏။ပ။ နိရောဓသမာပတ်ကို ဝင်စားသောသူအား သညာ ဝေဒနာတို့ ငြိမ်းအေး ကုန်၏၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု 'ရာဂ' ငြိမ်းအေး၏၊ အမျက်ထွက်မှု 'ဒေါသ'ငြိမ်းအေး၏၊ တွေဝေမှု'မောဟ' ငြိမ်းအေး၏။ပ။ အာနန္ဒာ အမှန်အားဖြင့် ဒုစဉ်အတိုင်း ဖြစ်သော ပူပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ငြိမ်းချမ်းမှုကို ငါဘုရား ဟောတော်မူအပ်၏။ ပဌမစျာန်ကို ဝင်စားသောသူအား စကားပြောမှု ငြိမ်းချမ်း၏။ပ။ အာကာသာနဉ္စာယတန စျာန်ကို ဝင်စားသောသူအား ရုပ်ဟူသော အမှတ် 'ရူပသညာ'ငြိမ်းချမ်း၏၊ ဝိညာဏဉ္စာယတန စျာန်ကို ဝင်စားသောသူအား အာကာသာနဉ္စာယတနသညာ ငြိမ်းချမ်း၏၊ အာကိဉ္စညာယတန စျာန်ကို ဝင်စားသောသူအားဝိညာဏဉ္စာယတနသညာ ငြိမ်းချမ်း၏၊ နေဝသညာနာသညာယတန စျာန်ကို ဝင်စားသောသူအား အာကိဉ္စညာယတနသညာ ငြိမ်းချမ်း၏၊နိရောဓသမာပတ်ကို ဝင်စား သောသူအား သညာဝေဒနာတို့ ငြိမ်းချမ်းကုန်၏၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု'ရာဂ'ငြိမ်းချမ်း၏၊ အမျက်ထွက်မှု'ဒေါသ'ငြိမ်းချမ်း၏၊ တွေဝေမှု 'မောဟ'ငြိမ်းချမ်း၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၆-ဒုတိယ အာနန္ဒသုတ်

၂၆၄။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍မြတ်စွာဘုရားကို ရှိခိုးပြီး လျှင် တခုသောနေရာ၌ ထိုင်နေ၏၊တခုသောနေရာ၌ထိုင်နေပြီးသော အသျှင်အာနန္ဒာအား မြတ်စွာ ဘုရားသည် ဤစကားကို မိန့်တော်မူ၏—"အာနန္ဒာ ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ဝေဒနာ၏ ဖြစ်ပေါ်ကြောင်းကား အဘယ်နည်း၊ ဝေဒနာ၏ ချုပ်ငြိမ်းရာကား အဘယ်နည်း၊ဝေဒနာချုပ်ငြိမ်း ရာသို့ ရောက်ကြောင်းအကျင့်ကား အဘယ်နည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကားအဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း"ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းမူလရှိပါကုန်၏၊ မြတ်စွာဘုရားသာ ရှေ့ဆောင်ဖြစ်ပါကုန်၏၊ မြတ်စွာဘုရားသာ အားထားရာရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန် ပါ၏၊ ထိုစကား၏ အနက်အဓိပ္ပါယ်သည် မြတ်စွာဘုရား ဉာဏ်၌သာ ထင်တော်မူစေပါလော့၊ မြတ်စွာဘုရား၏ အထံမှကြားနာကြ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ဟု လျှောက်၏။ အာနန္ဒာ သို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာနှလုံးသွင်းလော့၊ ဟောပေအံ့ဟု (မိန့်တော် မူ၏)။ အသျှင်ဘုရား ကောင်းပါပြီဟူ၍ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—"အာနန္ဒာ ဝေဒနာတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဤသုံးပါးတို့တည်း။ အာနန္ဒာ ဤတရားတို့ကို ဝေဒနာတို့ဟူ၍ ဆိုအပ်ကုန်၏။ပ။ တွေ့ထိမှုဖြစ်ပေါ်ခြင်းကြောင့်။ပ။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု'ရာဂ' ငြိမ်းချမ်း၏၊ အမျက်ထွက်မှု'ဒေါသ' ငြိမ်းချမ်း၏၊ တွေဝေမှု'မောဟ'ငြိမ်းချမ်း၏"ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ သမ္ဗဟုလသုတ်

၂၆၅။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်ကုန်၏—"အသျှင်ဘုရား ဝေဒနာတို့ဟူသည် အဘယ်တို့ပါနည်း၊ ဝေဒနာ၏ ဖြစ်ပေါ်ကြောင်းကား အဘယ်ပါနည်း၊ဝေဒနာချုပ်ငြိမ်းရာကား အဘယ်ပါနည်း၊ ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကား အဘယ်ပါနည်း၊ ဝေဒနာ၏သာယာဖွယ်ကား အဘယ်ပါနည်း၊ အပြစ်ကား အဘယ်ပါနည်း၊ထွက်မြောက်ရာကား အဘယ်ပါနည်း"ဟု လျှောက်ကုန်၏။ရဟန်းတို့ ဝေဒနာတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဤသုံးပါးတို့တည်း။ရဟန်းတို့ ဤတရားတို့ကို ဝေဒနာတို့ဟူ၍ ဆိုအပ်ကုန်၏။ တွေ့ထိမှုဖြစ်ပေါ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊တွေ့ထိမှုချုပ်ခြင်းကြောင့်ဝေဒနာချုပ်ငြိမ်း၏၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော တည်ကြည်မှုဟူသော ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင် ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်မည်၏၊ ဝေဒနာကို အစွဲပြု၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်၏၊ ဤသည်ကား ဝေဒနာ၏ သာယာဖွယ်တည်း၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာသည် ရှိ၏၊ ဤကား ဝေဒနာ၏ အပြစ်တည်း၊ ဝေဒနာ၌ လိုချင်စွဲမက်မှုကို ဖျောက်ခြင်း လိုချင်စွဲမက်မှုကို ပယ်ခြင်းသည်ရှိ၏၊ ဤကား ဝေဒနာ၏ ထွက်မြောက်ရာမည်၏။

ရဟန်းတို့ အမှန်အားဖြင့် အစဉ်အတိုင်းဖြစ်သော ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကို ငါဟော၏၊ ပဌမဈာန်ကို ဝင်စားသောသူအားစကားပြောမှု ချုပ်ငြိမ်း၏ ။ပ။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု'ရာဂ'ချုပ်ငြိမ်း၏၊ အမျက်ထွက်မှု'ဒေါသ' ချုပ်ငြိမ်း၏၊ တွေဝေမှု'မောဟ'ချုပ်ငြိမ်း၏။ ရဟန်းတို့ အမှန်အားဖြင့် အစဉ်အတိုင်းဖြစ်သော ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏ ငြိမ်းချမ်းခြင်းကို ငါဟော၏၊ ပဌမဈာန်ကို ဝင်စားသော သူအား စကားပြောမှု ချုပ်ငြိမ်း၏။ပ။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု'ရာဂ' ငြိမ်းချမ်း၏၊ အမျက်ထွက်မှု 'ဒေါသ' ငြိမ်းချမ်း၏၊ တွေဝေမှု 'မောဟ' ငြိမ်းချမ်း၏။ ရဟန်းတို့ ငြိမ်းချမ်းမှုတို့ကား ဤခြောက်ပါးတို့တည်း၊ ပဌမဈာန်ကိုဝင်စားသောသူအား စကားပြောမှု ငြိမ်းချမ်း၏၊ ဒုတိယဈာန်ကိုဝင်စားသောသူအား ဆင်ခြင်သုံးသပ်မှု'ဝိတက်ဝိစာရ'တို့ ငြိမ်းချမ်းကုန်၏၊ တတိယဈာန်ကို ဝင်စားသောသူအား နှစ်သက်မှု 'ပီတိ' ငြိမ်းချမ်း၏၊ စတုတ္ထဈာန်ကို ဝင်စားသောသူအား ထွက်သက်ဝင်သက်တို့ ငြိမ်းချမ်းကုန်၏၊ သညာဝေဒနာတို့ ချုပ်ငြိမ်းရာ နိရောဓသမာပတ်ကို ဝင်စားသောသူအား သညာဝေဒနာတို့ငြိမ်းချမ်းကုန်၏၊ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စွဲမက်မှု 'ရာဂ'ငြိမ်းချမ်း၏၊ အမျက်ထွက်မှု'ဒေါသ' ငြိမ်းချမ်း၏၊ တွေဝေမှု'မောဟ'ငြိမ်းချမ်း၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ သမ္ဗဟုလသုတ်

၂၆၆။ ထိုအခါ များစွာသောရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၏။ပ။တခုသော နေရာ၌ထိုင်နေကြပြီးသော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "ရဟန်းတို့ ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ ဝေဒနာ၏ဖြစ်ပေါ်ကြောင်းကားအဘယ်နည်း၊

ဝေဒနာချုပ်ငြိမ်းရာကား အဘယ်နည်း၊ ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကား အဘယ်နည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်နည်း၊အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အရင်းမူလ ရှိပါကုန်၏ ။ပ။ ရဟန်းတို့ ဝေဒနာတို့ကား သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဤသုံးပါးတို့ပေတည်း။ ရဟန်းတို့ ဤသည်ကို ခံစားမှု'ဝေဒနာ'တို့ဟူ၍ ဆိုအပ်ကုန်၏၊ တွေ့ထိမှုဖြစ်ပေါ်ခြင်းကြောင့်။ [ရှေ့သုတ်၌ကဲ့သို့ ထိုအတူ ချဲ့ရမည်]။

အဋ္ဌမသုတ်။

---

## ၉-ပဥ္စကင်္ဂသုတ်

၂၆၇။ ထိုအခါ ပဉ္စကင်္ဂမည်သော လက်သမားဆရာကြီး 'ထပတိ' သည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်ဥဒါယီအား "အသျှင်ဥဒါယီ အဘယ်မျှလောက်သော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်ပါကုန်သနည်း"ဟု လျှောက်၏။ ထပတိ ဝေဒနာတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ဟူ၍ ဝေဒနာသုံးမျိုးတို့ကို မြတ်စွာဘုရားဟောထားအပ်ကုန်၏ဟု မိန့်ဆို၏၊ဤသို့ဆိုသော် ပဉ္စကင်္ဂမည်သော လက်သမားဆရာကြီး'ထပတိ'သည် အသျှင်ဥဒါယီအား ဤစကားကို လျှောက်၏— "အသျှင်ဥဒါယီ သုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်သည် မဟုတ်၊ သုခဝေဒနာ ဒုက္ခဝေဒနာဟူ၍ နှစ်မျိုးသော ဝေဒနာတို့ကိုသာ မြတ်စွာဘုရား ဟောထားအပ်ပါ၏၊ အသျှင်ဘုရား ဥပေက္ခာဝေဒနာကို ငြိမ်သက် ကောင်းမြတ်သော သုခ၌ (သွင်း၍) မြတ်စွာဘုရား ဟောထားတော်မူအပ်ပါ၏"ဟု (လျှောက်၏)၊ဒုတိယအကြိမ်လည်း "အသျှင်ဥဒါယီသည် ပဉ္စကင်္ဂထပတိအား ဤစကားကို ပြောဆို၏၊ ထပတိ နှစ်မျိုးသော ဝေဒနာတို့ကိုသာ မြတ်စွာဘုရား ဟောထားအပ်သည်မဟုတ်၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဟူ၍ သုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်ကုန်၏၊ ဤသုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်ကုန်၏။ ဒုတိယအကြိမ်လည်း ပဉ္စကင်္ဂထပတိသည် အသျှင်ဥဒါယီအား ဤစကားကို လျှောက်၏၊ အသျှင်ဥဒါယီ သုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်သည် မဟုတ်၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဟူ၍ နှစ်မျိုးသော ဝေဒနာတို့ကိုသာ မြတ်စွာဘုရား ဟောထားအပ်၏၊ အသျှင်ဘုရား ဥပေက္ခာဝေဒနာကို ငြိမ်သက်ကောင်းမြတ်သော သုခ၌ (သွင်း၍) မြတ်စွာဘုရား ဟောထားအပ်ပါ၏ဟု လျှောက်၏။ တတိယအကြိမ်လည်း အသျှင်ဥဒါယီသည် ပဉ္စကင်္ဂထပတိအား ဤစကားကို ပြောဆို၏—"ထပတိ နှစ်မျိုးသော ဝေဒနာတို့ကိုသာ မြတ်စွာဘုရား ဟောထားအပ်သည်မဟုတ် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဟူ၍ သုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်ကုန်၏၊ ဤသုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်ကုန်၏"ဟု ဤစကားကို မိန့်ဆို၏။ တတိယ အကြိမ်လည်း ပဉ္စကင်္ဂထပတိသည် အသျှင်ဥဒါယီအား ဤစကားကို လျှောက်ထား၏၊ အသျှင်ဥဒါယီ သုံးမျိုးသော ဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်သည်မဟုတ်၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဟူ၍ နှစ်မျိုးသောဝေဒနာတို့ကို မြတ်စွာဘုရား ဟောထားအပ်ပါ၏၊ အသျှင်ဘုရား ဥပေက္ခာဝေဒနာကို ငြိမ်သက် ကောင်းမြတ်သော သုခ၌ (သွင်း၍) မြတ်စွာဘုရား ဟောထားအပ်ပါ၏ဟု လျှောက်၏။ အသျှင်

ဥဒါယီသည် ပဉ္စကင်္ဂထပတိကို သိနားလည်စေရန် မစွမ်းနိုင်၊ ပဉ္စကင်္ဂထပတိသည်လည်း အသျှင် ဥဒါယီကို သိနားလည်စေရန် မစွမ်းနိုင်။ အသျှင်အာနန္ဒာသည် ပဉ္စကင်္ဂထပတိနှင့်တကွ အသျှင် ဥဒါယီ၏ ဤသို့သောစကား ပြောဆိုပုံကို ကြားလေ၏။

ထို့နောက် အသျှင် အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေပြီးသော် ပဉ္စကင်္ဂထပတိနှင့် အသျှင်ဥဒါယီ ပြောဆိုသမျှစကား အလုံးစုံကို မြတ်စွာဘုရားအား လျှောက်၏။ အာနန္ဒာ ထင်ရှားရှိသော အကြောင်းကိုပင်လျှင် ပဉ္စကင်္ဂထပတိသည် ဥဒါယီရဟန်းအား ဝမ်းမမြောက်စေနိုင်၊ အာနန္ဒာ ဥဒါယီရဟန်းသည်လည်း ထင်ရှားရှိသောအကြောင်းကိုပင်လျှင် ပဉ္စကင်္ဂထပတိအား ဝမ်းမမြောက်စေနိုင်။ အာနန္ဒာ နှစ်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ သုံးပါးသော ဝေဒနာ တို့ကိုလည်း အကြောင်း ပရိယာယ် အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ ငါးပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ ခြောက်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ တဆယ့်ရှစ်ပါးသော ဝေဒနာ တို့ကိုလည်း အကြောင်း ပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ သုံးဆယ့်ခြောက်ပါးသော ဝေဒနာ တို့ကိုလည်း အကြောင်း ပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ တရာ့ရှစ်ပါးသော ဝေဒနာ တို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏။ အာနန္ဒာ ငါဘုရား တရားဓမ္မကို ဤသို့ အကြောင်း ပရိယာယ်အားဖြင့် ဟောအပ်၏။ အာနန္ဒာ ငါဘုရားသည် တရားဓမ္မကို ဤသို့အကြောင်း ပရိယာယ်အားဖြင့် ဟောထား အပ်ပါလျက် အချင်းချင်း ကောင်းစွာ ဆိုအပ် ကောင်းစွာ ပြောအပ်သည်ဟု မမှတ်ထင်ကြကုန် ခွင့်မလွှတ်နိုင်ကြကုန် ဝမ်းမမြောက်နိုင်ကြကုန် သော သူတို့အား ခိုက်ရန် ငြင်းခုံ ဖြစ်ကြကုန်လျက် ဝါဒကွဲခြင်းသို့ ရောက်ကြ ပြီးလျှင် အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်လိမ့်မည် ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ အာနန္ဒာ ငါဘုရားကား တရားဓမ္မကို ဤသို့ အကြောင်း ပရိယာယ်အားဖြင့် ဟောအပ်၏၊ အာနန္ဒာ ဤသို့အကြောင်း ပရိယာယ်အားဖြင့် ငါဘုရားဟောအပ်သော တရားဓမ္မ၌ အချင်းချင်း ကောင်းစွာ ဆိုအပ် ကောင်းစွာ ပြောအပ်သည်ဟု မှတ်ထင်ကြကုန် ခွင့်လွှတ်ကြကုန် ဝမ်းမြောက်ကြကုန်သော သူတို့အား ညီညွတ်ဝမ်းမြောက်ကြ ကုန်လျက် မငြင်းခုံပဲ နို့နှင့်ရေအလား တသားတည်း ဖြစ်ကြပြီးလျှင် အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်ရှု ကြကုန်လျက် နေကြလိမ့်မည်ဟူသော ဤအဖြစ်မျိုးကို(မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အာနန္ဒာ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ် ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်လျက် ကာမနှင့်စပ်သဖြင့်စွဲမက်အပ်ကုန်သော မျက်စိဖြင့်မြင်အပ်သည့် ရူပါရုံတို့ပေတည်း။ပ။အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိလျက် ကာမနှင့်စပ်သဖြင့် စွဲမက်အပ်ကုန်သောကိုယ်ဖြင့် တွေ့ထိအပ်သည့် ဖောဋ္ဌဗ္ဗာရုံတို့ပေတည်း၊ အာနန္ဒာ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။အာနန္ဒာ ကာမဂုဏ်ငါးပါးတို့ကိုစွဲ၍ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည်ဖြစ်၏၊ဤသည်ကို ကာမချမ်းသာဟု ဆိုအပ်၏၊ အာနန္ဒာ အကြင်ကာမဂုဏ် ငါးပါးကို စွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူတို့၏ စကားကို ငါဘုရားခွင့်မပြုနိုင်၊ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ

ထိုကာမချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်း ဖြစ်သော အလွန် မွန်မြတ်သည်လည်း ဖြစ်သော ချမ်းသာသည် ရှိသေး၏။

အာနန္ဒာ ဤချမ်းသာမှတပါး အလွန် နှစ်သက်အပ်သည်လည်းဖြစ်သော အလွန် မွန်မြတ်သည် လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ကာမဘို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ကင်းဆိတ်၍သာလျှင် ဆင်ခြင်မှု သုံးသပ် မှုနှင့်တကွသော နိဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ပဌမစျာန်သို့ ရောက်လျက်နေ၏၊ အာနန္ဒာ ဤကား ထိုကာမ ချမ်းသာမှတပါး အလွန် နှစ်သက် အပ်သည်လည်း ဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာတည်း။အာနန္ဒာ အကြင် ပဌမစျာန်ကို စွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူတို့၏ စကားကို ငါဘုရား ခွင့်မပြုနိုင်၊ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ထိုပဌမစျာန်ချမ်းသာမှတပါး အလွန် နှစ်သက် အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏။

အာနန္ဒာ ဤ(ပဌမစျာန်)ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်း ဖြစ်သော အလွန် မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ဆင်ခြင်မှု သုံးသပ်မှုတို့၏ ချုပ်ခြင်းကြောင့် ကိုယ်တွင်းသန္တာန်၌ စိတ်ကို ကြည်လင် စေတတ်သော တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ဆင်ခြင်မှု သုံးသပ်မှု မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ'ချမ်းသာမှု'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်လျက်နေ၏၊ အာနန္ဒာ ဤကား ထို(ပဌမစျာန်)ချမ်းသာမှတပါး အလွန်နှစ်သက် အပ်သည် လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်း ဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ အကြင် ဒုတိယစျာန်ကိုစွဲ၍ ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစား ကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူ တို့၏စကားကို ငါဘုရားခွင့်မပြုနိုင်၊ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤဒုတိယစျာန်ချမ်းသာမှ တပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာ သည်ရှိသေး၏။

အာနန္ဒာ ဤ (ဒုတိယစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာ တော်၌ ရဟန်းသည် နှစ်သိမ့်မှု'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့်ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာ'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယစျာန် ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်လျက်နေ၏။ အာနန္ဒာ ဤကား ထို(ဒုတိယစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်း ဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ အကြင်တတိယစျာန်ကိုစွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူတို့၏ စကားကို ငါဘုရား ခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤတတိယစျာန် ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏။ အာနန္ဒာ ဤ(တတိယစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်း ဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်း တို့၏ ရှေးဦးကပင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှုဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက်၍ နေ၏။ အာနန္ဒာ ဤကား ထို(တတိယစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ အကြင်စတုတ္ထစျာန်ကိုစွဲ၍ ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူတို့၏ စကားကို ငါဘုရား ခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤစတုတ္ထစျာန် ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏။ အာနန္ဒာ ဤ(စတုတ္ထစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်း ဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ရုပ်ရှိ၏ဟူသော 'ရူပသညာ' တို့ကို လွန်မြောက်ခြင်းကြောင့် ထိပါးမှုရှိ၏ဟူသော 'ပဋိဃသညာ' တို့၏ ချုပ်ခြင်းကြောင့် အမျိုးမျိုးသော အတ္တဘောရှိ၏ဟူသော 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိဟု စီးဖြန်း၍ အာကာသာနဉ္စာယတနစျာန်သို့ရောက်၍နေ၏။ အာနန္ဒာ ဤကား ထို(စတုတ္ထစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ ဤ(အာကာသာနဉ္စာယတန)စျာန်ကို စွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကိုခံစား ကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူတို့၏စကားကို ငါဘုရား ခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤ (အာကာသာနဉ္စာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏။ အာနန္ဒာ ဤ (အာကာသာနဉ္စာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အကြွင်းမဲ့အားဖြင့် အာကာသာနဉ္စာယတနစျာန်ကို ကောင်းစွာလွန်မြောက်ပြီးလျှင် ဝိညာဏ်သည် အဆုံးမရှိဟု စီးဖြန်းလျက်(ဝိညာဏဉ္စာယတနစျာန်)သို့ရောက်၍နေ၏။ အာနန္ဒာ ဤကား ထို(အာကာသာနဉ္စာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည် လည်းဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ ဤ (ဝိညာဏဉ္စာယတနစျာန်)ကို စွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟု ပြောဆိုကြသူတို့၏ စကားကို ငါဘုရားခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤ (ဝိညာဏဉ္စာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏။ အာနန္ဒာ ဤ (ဝိညာဏဉ္စာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အကြွင်းမဲ့အားဖြင့် ဝိညာဏဉ္စာယတနစျာန်ကို ကောင်းစွာ လွန်မြောက်ပြီးလျှင် စိုးစဉ်းမျှမရှိ-ဟု စီးဖြန်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ဤကား (ဝိညာဏဉ္စာယတနစျာန်) ချမ်းသာမှအပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ ဤ (အာကိဉ္စညာယတနစျာန်) ကိုစွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟုပြောဆိုကြသူတို့၏စကားကို ငါဘုရား ခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤ (အာကိဉ္စညာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏။

အာနန္ဒာ ဤ (အာကိဉ္စညာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်း ဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အကြွင်းမဲ့အားဖြင့် (အာကိဉ္စညာယတနစျာန်) ကို လွန်မြောက်ပြီးလျှင် (နေဝသညာ နာသညာယတနစျာန်) သို့ ရောက်၍နေ၏၊ အာနန္ဒာ ဤကား (အာကိဉ္စညာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်း ဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ (နေဝသညာ နာသညာယတနစျာန်) ကိုစွဲ၍ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြကုန်၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၍ ငြိမ်သက်၏ဟုပြောဆိုကြသူတို့၏ စကားကို ငါဘုရား ခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤ (နေဝသညာ နာသညာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် ရှိသေး၏၊ အာနန္ဒာ ဤ (နေဝသညာ နာသညာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အကြွင်းမဲ့အားဖြင့် (နေဝသညာနာသညာယတနစျာန်) ကို လွန်မြောက်ပြီးလျှင် သညာဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍ နေ၏၊ အာနန္ဒာ ဤကား ထို (နေဝသညာ နာသညာယတနစျာန်) ချမ်းသာမှတပါး အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော အလွန်မွန်မြတ်သည်လည်းဖြစ်သော ချမ်းသာတည်း။

အာနန္ဒာ အယူတပါးရှိကြသော ပရိဗိုဇ်တို့သည် သညာဝေဒနာတို့ ချုပ်ခြင်းကို ရဟန်းဂေါတမသည် ဆို၏၊ ထိုသညာဝေဒနာတို့ချုပ်ငြိမ်းခြင်းကို ချမ်းသာဟူ၍လည်း ပညတ်၏၊

ဤပညတ်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ ဤပညတ်မှုသည် အဘယ့်ကြောင့်နည်းဟု ပြောဆိုရာသော အကြောင်းသည်ရှိ၏၊ အာနန္ဒာ ဤပြောဆိုကုန်သော အယူတပါးရှိသော ပရိဗိုဇ်တို့ကို ငါသျှင်တို့ မြတ်စွာဘုရားသည် ချမ်းသာခံစားမှုကိုသာလျှင် ရည်ရွယ်၍ ချမ်းသာဟု ပညတ်သည် မဟုတ်၊ ငါ့သျှင်တို့ အကြင်အကြင်ဌာနဌ ချမ်းသာကို ရအပ်၏၊ အကြင်အကြင်ဌာနဌ ချမ်းသာသည် ရှိ၏၊ ထိုအလုံးစုံကို မြတ်စွာဘုရားသည် ချမ်းသာ'သုခ'ဟု ပညတ်၏ဟု ဤသို့ ပြောဆိုကုန်ရာ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဘိက္ခုသုတ်

၂၆၇။ ရဟန်းတို့ နှစ်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ သုံးပါးသောဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရားဟော အပ်ကုန်၏၊ ငါးပါးသောဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရားဟောအပ် ကုန်၏၊ ခြောက်ပါးသောဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရားဟောအပ် ကုန်၏၊ တဆယ့်ရှစ်ပါးသောဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရားဟောအပ် ကုန်၏၊ သုံးဆယ့်ခြောက်ပါးသောဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရားဟော အပ်ကုန်၏၊ တရာ့ရှစ်ပါးသောဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရားဟော အပ်ကုန်၏။ ရဟန်းတို့ ငါဘုရားသည် တရားဓမ္မကို ဤသို့ အကြောင်းပရိယာယ်အားဖြင့် ဟော အပ်၏၊ ရဟန်းတို့ ငါဘုရားသည် တရားဓမ္မကို ဤသို့ အကြောင်းပရိယာယ်အားဖြင့် ဟောအပ် ပါလျက် အချင်းချင်း ကောင်းစွာဆိုအပ် ကောင်းစွာပြောအပ်သည်ဟု မမှတ်ထင်ကြကုန် ခွင့် မလွှတ်နိုင်ကြကုန် ဝမ်းမမြောက်နိုင်ကြကုန်သောသူတို့အား ခိုက်ရန်ငြင်းခုံကြကုန်လျက် ဝါဒကွဲပြား ခြင်းသို့ရောက်ကြပြီးလျှင် အချင်းချင်းနှုတ်လှံထိုးကုန်လျက် နေကုန်လိမ့်မည်ဟူသော ဤအဖြစ် မျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ ငါဘုရားသည် တရားဓမ္မကို ဤသို့ အကြောင်းပရိယာယ်အားဖြင့် ဟောအပ်ပေ၏၊ ရဟန်းတို့ ငါဘုရား ဤသို့ အကြောင်းပရိယာယ် အားဖြင့် ဟောအပ်သောတရားဓမ္မဌ အချင်းချင်း ကောင်းစွာဆိုအပ် ကောင်းစွာပြောအပ်သည်ဟု မှတ်ထင်ကြကုန် ခွင့်လွှတ်ကြကုန် ဝမ်းမြောက်ကြကုန်သောသူတို့အား ညီညွတ်ဝမ်းမြောက်ကြကုန် လျက် မငြင်းခုံကြပဲ နို့နှင့်ရေအလား တသားတည်းဖြစ်ကြပြီးလျှင် အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်ရှုကြကုန်လျက် နေကြလိမ့်မည်ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ပ။ ရဟန်းတို့ အယူတပါးရှိကြကုန်သော ပရိဗိုဇ်တို့သည် သညာဝေဒနာတို့ ချုပ်ငြိမ်းခြင်းကို ရဟန်းဂေါတမသည် ဆို၏၊ ထိုသညာ ဝေဒနာတို့ ချုပ်ငြိမ်းခြင်းကို ချမ်းသာဟူ၍လည်း ပညတ်၏၊ ဤပညတ်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ ဤပညတ်မှုသည် အဘယ့်ကြောင့်နည်းဟု ပြောဆိုကြရာသော အကြောင်းသည် ရှိ၏။ အာနန္ဒာ ဤသို့ ပြောဆိုကုန်သော အယူတပါးရှိသော ပရိဗိုဇ်တို့ကို ငါသျှင်တို့ မြတ်စွာဘုရားသည် ချမ်းသာခံစားမှုကိုသာလျှင် ရည်ရွယ်၍ ချမ်းသာဟု ပညတ်သည်

မဟုတ်၊ ငါသျှင်တို့ အကြင်အကြင်ဌာနၝ ချမ်းသာကို ရအပ်၏၊ အကြင်အကြင်ဌာနၝ ချမ်းသာသည်ရှိ၏၊ ထိုအလုံးစုံကို မြတ်စွာဘုရားသည် ချမ်းသာ'သုခ'ဟု ပညတ်၏ဟု ဤသို့ ပြောဆိုကြကုန်ရာ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ရဟောဂတဝဂ် ပြီး၏။

---

## ၃-အဗျာကတသံယုတ် ၁-သီဝကသုတ်

၂၆၉။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မောဠိယသီဝကမည်သော ပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—"အသျှင်ဂေါတမ ဤသတ္တဝါပုဂ္ဂိုလ်သည် တစုံတခုသော သုခကိုဖြစ်စေ ဒုက္ခကိုဖြစ်စေ ဥပေက္ခာကိုဖြစ်စေ ခံစား၏၊ ထိုအားလုံးသည် ရှေးကံအကြောင်းကြောင့်ဖြစ်၏ဟု ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကြကုန်၏၊ ဤအရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ ဆိုပါသနည်း"ဟု လျှောက်၏။

သီဝက ဤလောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ သီဝက ဤလောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သောဝေဒနာတို့သည် ဖြစ်ကုန်၏ဟူသော ဤအကြောင်းကို ကိုယ်တိုင်လည်း ဤသို့ သိအပ်၏။ သီဝက ဤလောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ဟူသော ဤအကြောင်းကို လောကသည်လည်း အမှန်ဟု သမုတ်အပ်၏၊ သီဝက ထိုသို့ဖြစ်ရာ ဤသတ္တဝါပုဂ္ဂိုလ်သည် တစုံတခုသော သုခကိုဖြစ်စေ ဒုက္ခကိုဖြစ်စေ ဥပေက္ခာကိုဖြစ်စေ ခံစား၏။ ထိုအားလုံးသည် ရှေးကံကြောင့်ဖြစ်၏ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ကိုယ်တိုင်သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ လောက၌ အမှန်ဟု သမုတ်အပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ ထိုသို့ဖြစ်သောကြောင့် သမဏဗြာဟ္မဏတို့၏ စကားကို အမှားဟု ငါဆို၏။

သီဝက ဤလောက၌ သလိပ်လျှင် ဖြစ်ကြောင်းလည်း ရှိကုန်သော။ပ။ သီဝက လေလျှင်ဖြစ်ကြောင်းလည်း ရှိကုန်သော။ပ။ သီဝက သည်းခြေသလိပ်လေသုံးပါး ပေါင်းဆုံခြင်းကြောင့်လည်း။ပ။ သီဝက ဥတုဖောက်ပြန်ခြင်းကြောင့်လည်း ။ပ။ သီဝက မညီမညွတ် ဆောင်ရွက်ခြင်းကြောင့်လည်း ။ပ။ သီဝက (သူတပါးတို့) လုံ့လပယောဂကြောင့်လည်း ။ပ။ သီဝက ကံ၏အကျိုးကြောင့်လည်း ဖြစ်ကုန်သော အချို့သောဝေဒနာတို့သည် ဖြစ်ကုန်၏။ သီဝက ဤလောက၌ ကံ၏အကျိုးကြောင့်လည်းဖြစ်ကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ ဟူသော ဤအကြောင်းကို ဤသို့ ကိုယ်တိုင်လည်း သိအပ်၏။ သီဝက ဤလောက၌ ကံ၏အကျိုးကြောင့်ဖြစ်ကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ဟူသော ဤအကြောင်းကို လောကသည်လည်း အမှန်ဟု သမုတ်

အပ်၏။ သီဝက ထိုသို့ဖြစ်ရာ ဤသတ္တဝါပုဂ္ဂိုလ်သည် တစုံတခုသော သုခကိုဖြစ်စေ ဒုက္ခကိုဖြစ်စေ ဥပေက္ခာကိုဖြစ်စေ ခံစား၏။ ထိုအားလုံးသည် ရှေးကံကြောင့် ဖြစ်၏ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ကိုယ်တိုင် သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ လောက၌ အမှန်ဟုသမုတ်အပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ ထို့သို့ဖြစ်သောကြောင့် ထိုသမဏဗြာဟ္မဏတို့၏ စကားကို အမှားဟု ငါဆို၏ဟု မိန့်တော်မူ၏၊ ဤသို့မိန့်တော်မူသော် မောဠိယသီဝကပရိဗိုဇ်သည် "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု လျှောက်၏။

သည်းခြေရင်း သလိပ်ရင်း လေရင်း ထိုသုံးပါးအပေါင်းရင်း ဥတုဖောက်ပြန်ခြင်းရင်း မညီမညွတ် ဆောင်ရွက်ခြင်းရင်း(သူတပါးတို့၏) လုံ့လပယောဂရင်း ကံ၏အကျိုးနှင့်တကွ ရှစ်မျိုးသော ဝေဒနာဖြစ်ကြောင်းတို့သည် ရှိကုန်၏။

ပဌမသုတ်။

---

## ၂-အဋ္ဌသတပရိယာယသုတ်

၂၇၀။ ရဟန်းတို့ သင်တို့အား အကြောင်းပရိယာယ်တရာ့ရှစ်မျိုးဟူသော တရားဒေသနာကို ဟောပြပေအံ့၊ ထိုတရားဒေသနာကို နာကြကုန်လော့။ ရဟန်းတို့ အကြောင်းပရိယာယ် တရာ့ရှစ်မျိုးဟူသော တရားဒေသနာကား အဘယ်နည်း၊ ရဟန်းတို့ နှစ်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ သုံးပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ ငါးပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ ခြောက်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ တဆယ့်ရှစ်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ သုံးဆယ့်ခြောက်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏၊ တရာ့ရှစ်ပါးသော ဝေဒနာတို့ကိုလည်း အကြောင်းပရိယာယ်အားဖြင့် ငါဘုရား ဟောအပ်ကုန်၏။ ရဟန်းတို့ နှစ်ပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ ကိုယ်၌ဖြစ်သော ဝေဒနာ စိတ်၌ဖြစ်သောဝေဒနာတို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ သုံးပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း၊ ရဟန်းတို့ ဤသည်ကို ဝေဒနာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ ငါးပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ တို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာငါးပါးတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ ခြောက်ပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ စက္ခုသမ္ဖဿဇာဝေဒနာ။ပ။ မနောသမ္ဖဿဇာဝေဒနာတို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာခြောက်ပါးတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ တဆယ့်ရှစ်ပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ သောမနဿဝေဒနာနှင့်တကွသော သုံးသပ်မှုခြောက်ပါး၊ ဒေါမနဿ

ဝေဒနာနှင့်တကွသော သုံးသပ်မှုခြောက်ပါး၊ ဥပေက္ခာဝေဒနာနှင့်တကွသော သုံးသပ်မှုခြောက်ပါးတို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာ တဆယ့်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ သုံးဆယ့်ခြောက်ပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ ကာမဂုဏ်၌မှီသော သောမနဿဝေဒနာခြောက်ပါး၊ ကာမဂုဏ်မှ ထွက်မြောက်မှု၌မှီသော သောမနဿဝေဒနာ ခြောက်ပါး၊ ကာမဂုဏ်၌မှီသော ဒေါမနဿဝေဒနာခြောက်ပါး၊ ကာမဂုဏ်မှ ထွက်မြောက်မှု၌မှီသော ဒေါမနဿဝေဒနာ ခြောက်ပါး၊ ကာမဂုဏ်၌မှီသော ဥပေက္ခာဝေဒနာ ခြောက်ပါး၊ ကာမဂုဏ်မှ ထွက်မြောက်မှု၌မှီသော ဥပေက္ခာဝေဒနာခြောက်ပါးတို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာ သုံးဆယ့်ခြောက်ပါးတို့ဟု ဆိုအပ်ကုန်၏။ရဟန်းတို့ တရာ့ရှစ်ပါးသော ဝေဒနာတို့ဟူသည် အဘယ်တို့နည်း၊ အတိတ်ဝေဒနာ သုံးဆယ့်ခြောက်ပါး အနာဂတ်ဝေဒနာသုံးဆယ့်ခြောက်ပါး ပစ္စုပ္ပန်ဝေဒနာ သုံးဆယ့်ခြောက်ပါး တို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာတရာ့ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ ဤသည်ကား အကြောင်းပရိယာယ် တရာ့ရှစ်မျိုးဟူသော တရားဒေသနာပေတည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အညတရဘိက္ခုသုတ်

၂၇၁။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် "အသျှင်ဘုရား ဝေဒနာတို့ကား အဘယ်တို့ပါနည်း၊ ဝေဒနာ၏ဖြစ်ကြောင်းကား အဘယ်ပါနည်း၊ဝေဒနာဖြစ်ကြောင်းသို့ ရောက်စေတတ်သော အကျင့်ကား အဘယ်ပါနည်း၊ ဝေဒနာချုပ်ငြိမ်းရာကား အဘယ်ပါနည်း၊ ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကား အဘယ်ပါနည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်ပါနည်း၊ အပြစ်ကား အဘယ်ပါနည်း၊ ထွက်မြောက်ရာကား အဘယ်ပါနည်း" ဟူသော ဤစကားကို လျှောက်ထား၏။

ရဟန်း ဝေဒနာတို့ကား ဤသုံးပါးတို့တည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်း ဤသည်တို့ကို ဝေဒနာတို့ဟု ဆိုအပ်ကုန်၏။ တွေ့ထိမှု ဖြစ်ပေါ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ တပ်မက်မှု 'တဏှာ'သည် ဝေဒနာဖြစ်ပေါ်ကြောင်းသို့ ရောက်စေတတ်သောအကျင့်မည်၏၊ တွေ့ထိမှု ချုပ်ငြိမ်းခြင်းကြောင့် ဝေဒနာချုပ်ငြိမ်း၏၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော တည်ကြည်ခြင်းဟူသော ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ် သည်ပင်လျှင် ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်မည်၏၊ ဝေဒနာကိုစွဲ၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာသည် ဖြစ်၏၊ ဤကား ဝေဒနာ၏ သာယာဖွယ်တည်း၊ ဝေဒနာသည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊ ဤသည်ကား ဝေဒနာ၏အပြစ်တည်း။ ဝေဒနာ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' ကို ပယ်ခြင်းသည် ဝေဒနာ၏ ထွက်မြောက်ရာတည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပုဗ္ဗသုတ်

၂၇၂။ ရဟန်းတို့ ငါဘုရားသည် ဘုရားမဖြစ်မီ သစ္စာလေးပါးကို မသိသေးသော ဘုရားအလောင်းသာဖြစ်နေစဉ် ရှေးအခါက "ဝေဒနာတို့ကား အဘယ်တို့နည်း၊ဝေဒနာ၏ ဖြစ်ကြောင်းကား အဘယ်နည်း၊ဝေဒနာဖြစ်ကြောင်းသို့ ရောက်စေတတ်သော အကျင့်ကား အဘယ်နည်း၊ဝေဒနာချုပ်ငြိမ်းရာကား အဘယ်နည်း၊ ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကား အဘယ်နည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း"ဟူသော ဤအကြံ ဖြစ်ပေါ်ဘူး၏။ ရဟန်းတို့ ထိုအကြံဖြစ်ပေါ်လာသော ငါ့အား ဝေဒနာတို့ကား သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဤသုံးပါးတို့တည်း။ ဤသည်တို့ကို ဝေဒနာတို့ဟု ဆိုအပ်ကုန်၏၊ တွေ့ထိမှုဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ တပ်မက်မှု 'တဏှာ'သည် ဝေဒနာဖြစ်ကြောင်းသို့ ရောက်စေတတ်သော အကျင့်မည်၏။ပ။ဝေဒနာ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ပယ်ခြင်းသည် ဝေဒနာ၏ ထွက်မြောက်ရာမည်၏ ဟူသော ဤအကြံဖြစ်ပေါ်ခဲ့ဘူး၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဉာဏသုတ်

၂၇၃။ ရဟန်းတို့ ဤတရားကား ဝေဒနာတို့တည်းဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ ပညာသည် ထင်ရှားဖြစ်၏၊ ဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ဤတရားကား ဝေဒနာဖြစ်ကြောင်းဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ပ။ ရဟန်းတို့ ဤတရားကား ဝေဒနာဖြစ်ကြောင်းဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ပ။ ရဟန်းတို့ ဤတရားကား ဝေဒနာဖြစ်ကြောင်းသို့ ရောက်စေတတ်သော အကျင့်ဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏ ။ပ။ ရဟန်းတို့ ဤတရားကား ဝေဒနာချုပ်ငြိမ်းရာဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ပ။ ရဟန်းတို့ ဤတရားကား ဝေဒနာ၏ သာယာဖွယ်တည်းဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) ။ပ။ ရဟန်းတို့ ဤတရားကား ဝေဒနာ၏ အပြစ်တည်းဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌။ပ။ ရဟန်းတို့ ဤတရားကား ထွက်မြောက်ရာတည်းဟု ငါဘုရားအား ရှေးအခါက မကြားဘူးကုန်သော တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ ပညာသည် ထင်ရှားဖြစ်၏၊ ဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-သမ္ဗဟုလဘိက္ခုသုတ်

၂၇၄။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား ဝေဒနာတို့ကား အဘယ်တို့ပါနည်း၊ ဝေဒနာ၏ဖြစ်ကြောင်းကား အဘယ်ပါနည်း၊ ဝေဒနာဖြစ်ကြောင်းသို့ ရောက်စေတတ်သော အကျင့်ကား အဘယ်ပါနည်း၊ ဝေဒနာချုပ်ငြိမ်းရာကား အဘယ်ပါနည်း၊ ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကား အဘယ်ပါနည်း၊ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်ပါနည်း၊ အပြစ်ကား အဘယ်ပါနည်း၊ ထွက်မြောက်ရာကား အဘယ်ပါနည်း"ဟု လျှောက်ကုန်၏။ ရဟန်းတို့ ဝေဒနာတို့ကား ဤသုံးပါးတို့တည်း။ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို ဝေဒနာတို့ဟု ဆိုအပ်ကုန်၏။ တွေ့ထိမှုဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ တပ်မက်မှု 'တဏှာ'သည် ဝေဒနာဖြစ်ကြောင်းသို့ ရောက်စေတတ်သော အကျင့်မည်၏၊ တွေ့ထိမှု ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝေဒနာ၌ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'ကိုပယ်ခြင်းသည် ဝေဒနာ၏ ထွက်မြောက်ရာ မည်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ သမဏဗြာဟ္မဏသုတ်

၂၇၅။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးပါးတို့တည်း။အဘယ်သုံးပါးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤသုံးပါးကုန်သော ဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ရဟန်းတို့ ထိုမသိကုန်သော သမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်။ အမှန်အားဖြင့် ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုသော်ငင်း ဗြာဟ္မဏဖြစ်ကျိုးကိုသော်ငင်း ယခုဘဝ၌ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေနိုင်ကုန်။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤသုံးပါးကုန်သော ဝေဒနာတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိကုန်၏။ ရဟန်းတို့ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု သမုတ်အပ်ကုန်၏။ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏။ အမှန်အားဖြင့် ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုသော်ငင်း ဗြာဟ္မဏဖြစ်ကျိုးကိုသော်ငင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေနိုင်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ သမဏဗြာဟ္မဏသုတ်

၂၇၆။ ရဟန်းတို့ ဝေဒနာတို့ကား ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤသုံးပါး

ကုန်သော ဝေဒနာတို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိကုန်။ပ။ သိကုန်၏။ပ။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေနိုင်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-တတိယ သမဏဗြာဟ္မဏသုတ်

၂၇၇။ ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဝေဒနာကို မသိကုန်၊ ဝေဒနာ၏ ဖြစ်ကြောင်းကို မသိကုန်၊ ဝေဒနာချုပ်ငြိမ်းရာကို မသိကုန်၊ ဝေဒနာချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်ကို မသိကုန်။ပ။ သိကုန်၏။ပ။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေနိုင်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-သုဒ္ဓိကသုတ်

၂၇၈။ ရဟန်းတို့ ဝေဒနာတို့ကား ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ တို့တည်း။ ရဟန်းတို့ ဤသည်တို့ကား သုံးပါးသော ဝေဒနာ တို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-နိရာမိသသုတ်

၂၇၉။ ရဟန်းတို့ ကိလေသာ'အာမိသ'ရှိသော ပီတိသည် ရှိ၏။ ကိလေသာ'အာမိသ'မရှိသော ပီတိသည် ရှိ၏၊ ကိလေသာ'အာမိသ'မရှိသည်ထက် သာ၍ ကိလေသာ'အာမိသ'မရှိသော ပီတိသည် ရှိ၏၊ ကိလေသာ'အာမိသ'ရှိသော သုခသည် ရှိ၏၊ ကိလေသာ'အာမိသ'မရှိသော သုခသည် ရှိ၏၊ ကိလေသာ'အာမိသ'မရှိသည်ထက် သာ၍ ကိလေသာ 'အာမိသ'မရှိသော သုခသည် ရှိ၏၊ ကိလေသာ 'အာမိသ' ရှိသော ဥပေက္ခာသည် ရှိ၏၊ ကိလေသာ'အာမိသ' မရှိသော ဥပေက္ခာသည် ရှိ၏၊ ကိလေသာ'အာမိသ' မရှိသည်ထက် သာ၍ ကိလေသာ 'အာမိသ' မရှိသော ဥပေက္ခာသည်ရှိ၏၊ ကိလေသာ 'အာမိသ'ရှိသော လွတ်မြောက်မှု'ဝိမောက္ခ'သည် ရှိ၏၊ ကိလေသာ 'အာမိသ'မရှိသော လွတ်မြောက်မှု 'ဝိမောက္ခ'သည် ရှိ၏၊ ကိလေသာ 'အာမိသ' မရှိသည်ထက် သာ၍ ကိလေသာ 'အာမိသ'မရှိသော လွတ်မြောက်မှု'ဝိမောက္ခ'သည် ရှိ၏။ ရဟန်းတို့ ကိလေသာ 'အာမိသ'ရှိသော ပီတိသည် အဘယ်နည်း၊ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန် လျက် ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော ရူပါရုံ တို့ရင်း။ပ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်

သဘောရှိကုန်လျက် ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ပင်းတည်း။ ရဟန်းတို့ ဤသည်တို့ကား ကာမဂုဏ်ငါးပါးတို့တည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို စွဲ၍ နှစ်သိမ့်မှုသည် ဖြစ်၏။ ရဟန်းတို့ ဤနှစ်သိမ့်မှုမျိုးကို ကိလေသာ 'အာမိသ'ရှိသော ပီတိဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ'အာမိသ'မရှိသော ပီတိဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွသော နီဝရဏကင်းဆိတ် ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ဝိတက် ဝိစာရကင်းခြင်း ကြောင့် ကိုယ်တွင်းသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ဝိတက်ဝိစာရမရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်လျက်နေ၏။ ရဟန်းတို့ ဤနှစ်သိမ့်မှုမျိုးကို ကိလေသာ 'အာမိသ'မရှိသော ပီတိဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ'အာမိသ'မရှိသည်ထက်သာ၍ ကိလေသာ'အာမိသ'မရှိသော ပီတိဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂတရားမှ လွတ်မြောက်သောစိတ်ကို ဆင်ခြင်သော ဒေါသတရားမှ လွတ်မြောက်သောစိတ်ကို ဆင်ခြင်သော မောဟတရားမှ လွတ်မြောက်သောစိတ်ကို ဆင်ခြင်သော အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏။ရဟန်းတို့ ဤနှစ်သိမ့်မှုမျိုးကို ကိလေသာ'အာမိသ'မရှိသည်ထက် သာ၍ ကိလေသာ'အာမိသ'မရှိသော နှစ်သိမ့်မှု'ပီတိ'ဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ'အာမိသ' ရှိသော သုခဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်လျက် ကာမနှင့် စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော ရူပါရုံတို့ပင်း။ပ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်လျက် ကာမနှင့် စပ်ကုန်သော စွဲမက်အပ်ကုန်သော ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ပင်းတည်း။ ရဟန်းတို့ ဤသည်တို့ကား ကာမဂုဏ်ငါးပါးတို့တည်း။

ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို စွဲ၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာသည် ဖြစ်၏၊ ဤချမ်းသာမျိုးကို ကိလေသာ'အာမိသ'ရှိသော သုခဟု ဆိုအပ်၏။ရဟန်းတို့ ကိလေသာ'အာမိသ'မရှိသော သုခဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွသော နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်လျက် နေ၏၊ ဝိတက် ဝိစာရကင်းခြင်းကြောင့် ကိုယ်တွင်းသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ဝိတက် ဝိစာရ မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်လျက် နေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့မှု'သတိ'ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်

ချမ်းသာခြင်း' သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင်တတိယစျာန်ကြောင့် ထိုသူကို လျစ်လျူ ရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏။ ထိုတတိယ စျာန်သို့ ရောက်လျက်နေ၏။ ရဟန်းတို့ ဤချမ်းသာမျိုးကို ကိလေသာ'အာမိသ' မရှိသော သုခဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ'အာမိသ'မရှိသည်ထက်သာ၍ ကိလေသာ'အာမိသ'မရှိသော သုခဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော ဒေါသ တရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော မောဟတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ကိုယ်ချမ်းသာ စိတ်ချမ်း သာသည်ဖြစ်၏။ ရဟန်းတို့ ဤချမ်းသာမျိုးကို ကိလေသာ'အာမိသ' မရှိသည်ထက် သာ၍ ကိလေ သာ 'အာမိသ' မရှိသော သုခဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ 'အာမိသ'ရှိသော ဥပေက္ခာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကာမဂုဏ် တို့သည် ဤငါးပါးတို့တည်း။အဘယ်ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်လျက် ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော ရူပါရုံတို့ပေါင်း။ပ။အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိကုန်လျက် ကာမနှင့်စပ်ကုန်သော စွဲမက်အပ်ကုန်သော ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ပေါင်းတည်း။ ရဟန်းတို့ ဤသည်တို့ကား ကာမဂုဏ်ငါးပါးတို့ပေတည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို အစွဲပြုပြီးလျှင် လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ ရဟန်းတို့ ဤလျစ်လျူရှုမှုကို ကိလေသာ'အာမိသ'ရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ'အာမိသ' မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရှေး၌ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင် ချုပ်နှင့်ခြင်းကြောင့်၎င်း ချမ်းသာဆင်းရဲ မရှိသော လျစ်လျူ ရှုမှု'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်လျက် နေ၏။ ရဟန်းတို့ ဤလျစ်လျူရှုမှုကို ကိလေသာ 'အာမိသ'မရှိသော ဥပေက္ခာဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ 'အာမိသ'မရှိသည်ထက် သာ၍ ကိလေသာ'အာမိသ'မရှိသော လျစ်လျူ ရှုမှု 'ဥပေက္ခာ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော ဒေါသတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော မောဟတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား လျစ်လျူရှုမှုသည် ဖြစ်၏။ ရဟန်းတို့ ဤလျစ်လျူရှုမှုကို ကိလေသာ'အာမိသ'မရှိသည်ထက် သာ၍ ကိလေသာ 'အာမိသ'မရှိသော လျစ်လျူရှုမှုဟု ဆိုအပ်၏။

ရဟန်းတို့ ကိလေသာ'အာမိသ'ရှိသော လွတ်မြောက်မှုဟူသည် အဘယ်နည်း၊ ရုပ်နှင့် စပ်ယှဉ် သော လွတ်မြောက်မှုသည် ကိလေသာ'အာမိသ'ရှိသော လွတ်မြောက်မှုတည်း။ ရဟန်းတို့ ကိလေ သာ'အာမိသ'ကင်းသော လွတ်မြောက်မှုဟူသည် အဘယ်နည်း၊ နာမ်နှင့်စပ်ယှဉ်သော လွတ်မြောက် မှုသည် ကိလေသာ'အာမိသ' ကင်းသော လွတ်မြောက်မှုတည်း။ ရဟန်းတို့ ကိလေသာ'အာမိသ'မရှိ သည်ထက် သာ၍ ကိလေသာ'အာမိသ'မရှိသော လွတ်မြောက်မှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော ဒေါသတရားမှ လွတ်မြောက်ပြီးသော

စိတ်ကို ဆင်ခြင်သော မောဟတရားမှ လွတ်မြောက်ပြီးသော စိတ်ကို ဆင်ခြင်သော အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား လွတ်မြောက်မှုသည် ဖြစ်၏။ ရဟန်းတို့ ဤလွတ်မြောက်မှုကို ကိလေသာ 'အာမိသ' မရှိသည်ထက် သာ၍ ကိလေသာ 'အာမိသ' မရှိသော လွတ်မြောက်မှုဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

သုံးခုမြောက် အဠသတပရိယာယဝဂ် ပြီး၏။

**ဝေဒနာသံယုတ် ပြီး၏။**

# ၃-မာတုဂါမသံယုတ်

## ၁-ပဌမ ပေယျာလဝဂ် ၁-မာတုဂါမသုတ်

၂၀၀။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ယောကျ်ားကို ကေန် မနှစ်သက်စေနိုင်သူ ဖြစ်၏။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းရှိသူလည်း မဟုတ်၊ စည်းစိမ်ဥစ္စာ ရှိသူလည်း မဟုတ်၊ ကိုယ်ကျင့်'သီလ'ရှိသူလည်း မဟုတ်၊ ပျင်းရိသူလည်း ဖြစ်၏၊ သားသမီးမရ သူလည်း ဖြစ်၏။ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ယောကျ်ားကို ကေန် မနှစ်သက်စေနိုင်သူ ဖြစ်၏။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ယောကျ်ား ကို ကေန် နှစ်သက်စေနိုင်သူ ဖြစ်၏။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းရှိသူလည်း ဖြစ်၏။ စည်းစိမ်ဥစ္စာရှိသူလည်း ဖြစ်၏၊ ကိုယ်ကျင့်'သီလ'ရှိသူလည်း ဖြစ်၏၊ လိမ္မာ၍ မပျင်းရိသူလည်း ဖြစ်၏၊ သားသမီးရသူလည်း ဖြစ်၏။ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ယောကျ်ားကို ကေန် နှစ်သက်စေနိုင်သူဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပုရိသသုတ်

၂၀၁။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ယောကျ်ားသည် မာတုဂါမကို ကေန် မနှစ်သက်စေနိုင်သူ ဖြစ်၏။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းရှိသူလည်း မဟုတ်၊ စည်းစိမ် ဥစ္စာရှိသူလည်း မဟုတ်၊ ကိုယ်ကျင့် 'သီလ'ရှိသူလည်း မဟုတ်၊ ပျင်းရိသူလည်း ဖြစ်၏။ သားသမီး မရသူလည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ယောကျ်ားသည် မာတုဂါမကို ကေန်နှစ်သက်စေနိုင်သူ ဖြစ်၏။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းရှိသူလည်း ဖြစ်၏၊ စည်းစိမ်ဥစ္စာ ရှိသူလည်းဖြစ်၏၊ ကိုယ်ကျင့် 'သီလ' ရှိသူလည်း ဖြစ်၏၊ လိမ္မာ၍ မပျင်းရိသူလည်း ဖြစ်၏၊ သား သမီးရသူလည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ယောကျ်ားသည် မာတုဂါမ ကို ကေန်နှစ်သက်စေနိုင်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အာဝေဏိကဒုက္ခသုတ်

၂၀၂။ ရဟန်းတို့ မာတုဂါမ၏ သီးခြားဖြစ်သော ဆင်းရဲတို့သည် ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း၊ မာတုဂါမသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်းဆင်းရဲတို့ကို သီးသန့် ခံစားရ၏။ လောက၌ မာတုဂါမသည် ငယ်ရွယ်စဉ်ကပင်လျှင် လင့်အိမ်သို့ လိုက်သွားရ၏၊ ဆွေမျိုးတို့နှင့် ခွဲခွါနေရ၏။ ရဟန်းတို့ ဤကား မာတုဂါမ၏ ပဌမသီးခြားဆင်းရဲတည်း။ မာတုဂါ မသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်းဆင်းရဲကို သီးသန့်ခံစားရ၏။ ရဟန်းတို့ နောက်

တမျိုးကား မာတုဂါမသည် ဥတုလာရ၏။ ရဟန်းတို့ ဤကား မာတုဂါမ၏ ဒုတိယသီးခြားဆင်းရဲတည်း။ မာတုဂါမသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်းဆင်းရဲကို သီးသန့်ခံစားရ၏။ ရဟန်းတို့ နောက်တမျိုးကား မာတုဂါမသည် ကိုယ်ဝန်ဆောင်ရ၏။ ရဟန်းတို့ ဤကား မာတုဂါမ၏ တတိယသီးခြားဆင်းရဲတည်း။ မာတုဂါမသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်းဆင်းရဲကို သီးသန့် ခံစားရ၏။ ရဟန်းတို့ နောက်တမျိုးကား မာတုဂါမသည် သားဖွားရ၏။ ရဟန်းတို့ ဤကား မာတုဂါမ၏ စတုတ္ထ သီးခြားဆင်းရဲတည်း။ မာတုဂါမသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်း ဆင်းရဲကို သီးသန့်ခံစားရ၏။ ရဟန်းတို့ နောက်တမျိုးကား မာတုဂါမသည် ယောကျ်ား၏ အလုပ်အကျွေး အဖြစ်သို့ ရောက်ရ၏။ ရဟန်းတို့ ဤကား မာတုဂါမ၏ ပဉ္စမသီးခြားဆင်းရဲတည်း။ မာတုဂါမသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်းဆင်းရဲကို သီးသန့်ခံစားရ၏။ ရဟန်းတို့ မာတုဂါမ၏ သီးခြားဖြစ်သော ဆင်းရဲတို့ကား ဤငါးပါးတို့တည်း။ မာတုဂါမသည် ယောကျ်ားတို့နှင့် မသက်ဆိုင်သော ယင်း ဆင်းရဲတို့ကို သီးသန့် ခံစားရ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-တီဟိဓမ္မေဟိသုတ်

၂၀၃။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမသည် များသောအားဖြင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ရောက်ရ၏။ အဘယ်သုံးမျိုးတို့နည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် နံနက်အခါ ဝန်တိုမှု 'မစ္ဆေရ' အညစ်အကြေး ထကြွသောင်းကျန်းသော စိတ်ဖြင့် အိမ်၌နေ၏။ နေ့လယ်အခါ ငြူစူမှု 'ဣဿာ' ထကြွသောင်းကျန်းသော စိတ်ဖြင့် အိမ်၌နေ၏။ ညချမ်းအခါ အလိုရမ္မက် 'ကာမရာဂ' ထကြွသောင်းကျန်းသော စိတ်ဖြင့် အိမ်၌နေ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် များသောအားဖြင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ကောဓနသုတ်

၂၀၄။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—"အသျှင်ဘုရား ဤလောက၌ အကျွန်ုပ်သည် အထူးသဖြင့် သန့်ရှင်းသော လူတို့၏ အမြင်ကိုလွန်သော နတ်၌ဖြစ်သောမျက်စိ 'ဒိဗ္ဗစက္ခုအဘိညာဉ်'ဖြင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်သော မာတုဂါမကို မြင်ပါ၏၊ မြတ်စွာဘုရား အဘယ်မျှလောက်ကုန်သော တရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ ရောက်ပါသနည်း"ဟု လျှောက်ထား၏။

အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ၏။ အဘယ် ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ' တရားလည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊ အမျက်ဒေါသလည်း ထွက်တတ်၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရား ငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဥပနာဟီသုတ်

၂၀၅။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ၏။ အဘယ်ငါးမျိုးတို့နည်း၊ ယုံကြည်မှု'သဒ္ဓါ' တရားလည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊ ရန်ငြိုးလည်း ဖွဲ့တတ်၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမ သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဣဿုကီသုတ်

၂၀၆။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ ရောက်ရ၏။ အဘယ်ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ' လည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက် လည်း မရှိ၊ ငြူစူတတ်၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီး ကျရောက်ရာ ငရဲသို့ရောက်ရ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-မစ္ဆရီသုတ်

၂၀၇။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီး သည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ၏။ အဘယ်ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ'လည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊

ဝန်တိုတတ်၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အတိစာရီသုတ်

၂၈၈။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီး ကျရောက်ရာ ငရဲသို့ ရောက်ရ၏။အဘယ် ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ'လည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက် လည်း မရှိ၊ လင်ကို လွန်ကျူး၍ ကျင့်သူလည်းဖြစ်၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုး တို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ရောက်ရ၏ ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုဿီလသုတ်

၂၈၉။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမသည်။ပ။ငရဲသို့ ရောက်ရ၏။အဘယ် ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ'လည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊ ကိုယ်ကျင့် 'သီလ'လည်း မရှိ၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ငရဲသို့ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-အပ္ပဿုတသုတ်

၂၉၀။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမသည်။ပ။ငရဲသို့ရောက်ရ၏။အဘယ် ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ'လည်း မရှိ၊ အရှက်လည်း မရှိ၊အကြောက်လည်း မရှိ၊ အကြား အမြင်လည်းနည်း၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ငရဲသို့ရောက်ရ၏ ဟု(မိန့်တော်မူ၏)။

ကောဒသမသုတ်။

---

## ၁၂-ကုသီတသုတ်

၂၉၁။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမသည်။ပ။ငရဲသို့ရောက်ရ၏။အဘယ် ငါးမျိုးတို့နည်း၊ယုံကြည်မှု 'သဒ္ဓါ'လည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊ ပျင်းရိ၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ချမ်းသာ ကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

## ၁၃-မုဋ္ဌဿတိသုတ်

၂၉၂။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ငရဲသို့ရောက်ရ၏။အဘယ် ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ' လည်း မရှိ၊ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊ သတိလွတ် ကင်း၏၊ ပညာမဲ့၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ငရဲသို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

---

## ၁၄-ပဉ္စဝေရသုတ်

၂၉၃။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည်။ပ။ ငရဲသို့ ရောက်ရ၏။ အဘယ်ငါးမျိုးတို့နည်း၊ သူ့အသက်ကိုလည်း သတ်လေ့ရှိ၏၊ မပေးသည်ကိုလည်း ယူလေ့ရှိ၏၊ ကာမ တို့၌ မှားယွင်းစွာကျင့်လေ့ရှိ၏၊ မမှန်ပြောလေ့ရှိ၏၊ မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်လေ့ရှိ၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ ရောက်ရ၏ ဟု(မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

ပဌမ ပေယျာလဝဂ် ပြီး၏။

---

## ၂-ဒုတိယ ပေယျာလဝဂ် ၁-အက္ကောဓနသုတ်

၂၉၄။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—"အသျှင်ဘုရား အကျွန်ုပ်သည် အထူးသဖြင့် သန့်ရှင်းသော လူတို့၏ အမြင်ကို လွန်သော နတ်၌ဖြစ်သော 'ဒိဗ္ဗစက္ခု အဘိညာဉ်' မျက်စိဖြင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည် လောကသို့ ရောက်သော မာတုဂါမကို မြင်ပါ၏၊ အသျှင်ဘုရား အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ပါသနည်း"ဟု-လျှောက်၏။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတု ဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်ရ၏၊ အဘယ် ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ'လည်း ရှိ၏၊ အရှက်လည်း ရှိ၏၊ အကြောက်လည်း ရှိ၏၊အမျက်မထွက်တတ် ပညာရှိ၏။အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အနုပနာဟီသုတ်

၂၉၅။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏။ အဘယ် ငါးမျိုး တို့နည်း၊

ယုံကြည်မှု 'သဒ္ဓါ' တရားလည်း ရှိ၏၊ အရှက်လည်း ရှိ၏၊ အကြောက်လည်း ရှိ၏၊ ရန်ငြိုး မရှိ၊ ပညာရှိ၏။ အနုရုဒ္ဓါ ဤတရား ငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အနိဿုကီသုတ်

၂၉၆။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ'လည်း ရှိ၏၊ အရှက်လည်း ရှိ၏၊ အကြောက်လည်း ရှိ၏၊ မငြူစူတတ်၊ ပညာ ရှိ၏။ပ။

တတိယသုတ်။

## ၄-အမစ္ဆရီသုတ်

၂၉၇။ ဝန်မတိုတတ်၊ ပညာလည်းရှိ၏။ပ။

စတုတ္ထသုတ်။

## ၅-အနတိစာရီသုတ်

၂၉၈။ လင်ကို လွန်ကျူး၍ မကျင့်၊ ပညာလည်း ရှိ၏။ပ။

ပဉ္စမသုတ်။

## ၆-သုသီလသုတ်

၂၉၉။ ကိုယ်ကျင့် 'သီလ'လည်း ရှိ၏၊ ပညာလည်း ရှိ၏။ပ။

ဆဋ္ဌသုတ်။

## ၇-ဗဟုဿုတသုတ်

၃၀၀။ အကြားအမြင်လည်း များ၏၊ ပညာလည်း ရှိ၏။ပ။

သတ္တမသုတ်။

## ၈-အာရဒ္ဓဝီရိယသုတ်

၃၀၁။ ထက်သန်သောလုံ့လလည်း ရှိ၏၊ ပညာလည်း ရှိ၏။ပ။

အဋ္ဌမသုတ်။

## ၉-ဥပဋ္ဌိတဿတိသုတ်

၃၀၂။ ထင်သောသတိလည်း ရှိ၏၊ပညာလည်း ရှိ၏။ပ။အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏။

နဝမသုတ်။

[ဤသည်တို့ကား ရှစ်ပါးကုန်သော သုတ္တန်အကျဉ်းတို့တည်း]။

## ၁၀-ပဉ္စသီလသုတ်

၃၀၃။ အနုရုဒ္ဓါ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်ငါးမျိုးတို့နည်း၊ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်ဆိုခြင်းမှ ရှောင်ကြဉ်၏၊ မေ့လျော့ကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏။ အနုရုဒ္ဓါ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ဒုတိယ ပေယျာလဝဂ် ပြီး၏။

## ၃-ဗလဝဂ် ၁-ဝိသာရဒသုတ်

၃၀၄။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း အဆင်းအား စည်းစိမ်ဥစ္စာအား ဆွေမျိုးအား သားသမီးအား သီလအားတို့တည်း၊ ရဟန်းတို့ မာတုဂါမ၏အားတို့သည် ဤငါးမျိုးတို့တည်း။ ရဟန်းတို့ ဤအားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် (မကြောက်မရွံ့) ရဲရင့်စွာ အိမ်၌ နေရ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပသယှသုတ်

၃၀၅။ ရဟန်းတို့ မာတုဂါမ၏အားတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းအား စည်းစိမ်ဥစ္စာအား ဆွေမျိုးအား သားသမီးအား သီလအားတို့တည်း။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်း။ ရဟန်းတို့ ဤအားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် လင်ကို အနိုင်အထက်မူ၍ အိမ်၌နေရ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အဘိဘုယျသုတ်

၃၀၆။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းအား စည်းစိမ်ဥစ္စာအား ဆွေမျိုးအား သားသမီးအား သီလအားတို့တည်း။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်း။ ရဟန်းတို့ ဤအားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် လင်ကို လွှမ်းမိုး၍ အိမ်၌နေရ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဧကသုတ်

၃၀၇။ ရဟန်းတို့ တခုတည်းသောအားနှင့် ပြည့်စုံသော ယောကျ်ားသည် မာတုဂါမကို လွှမ်းမိုး၍ ဖြစ်၏။ တခုသောအားဟူသည် အဘယ်နည်း၊ (ယောကျ်ား၏) အစိုးရခြင်း တည်းဟူသောအားဖြင့် လွှမ်းမိုးခံရသော မာတုဂါမကို အဆင်းအားသည် မစောင့်ရှောက်နိုင်၊ စည်းစိမ်ဥစ္စာအားသည် မစောင့်ရှောက်နိုင်၊ ဆွေမျိုးအားသည် မစောင့်ရှောက်နိုင်၊ သားသမီးအားသည် မစောင့်ရှောက်နိုင်၊ သီလအားသည် မစောင့်ရှောက်နိုင် ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အင်္ဂသုတ်

၃၀၈။ ရဟန်းတို့ မာတုဂါမ၏အားတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းအား စည်းစိမ်ဥစ္စာအား ဆွေမျိုးအား သားသမီးအား သီလအားတို့တည်း။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်ကား ပြည့်စုံသူဖြစ်၏၊ စည်းစိမ်ဥစ္စာအားနှင့်ကား မပြည့်စုံ၊ ဤသို့လျှင် ထိုမာတုဂါမသည် ထို(စည်းစိမ်ဥစ္စာအားဟူသော) အင်္ဂါနှင့် မပြည့်စုံသူဖြစ်၏။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်ဥစ္စာအားနှင့်၎င်း ပြည့်စုံသောအခါ ထိုမာတုဂါမသည် ထိုအင်္ဂါ (နှစ်ပါး) နှင့် ပြည့်စုံသူဖြစ်၏။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်ဥစ္စာအားနှင့်၎င်း ပြည့်စုံသူဖြစ်၏။ဆွေမျိုးအားနှင့်ကား မပြည့်စုံ၊ ဤသို့လျှင် ထိုမာတုဂါမသည် ထို(ဆွေမျိုးအားတည်းဟူသော) အင်္ဂါနှင့် မပြည့်စုံသူဖြစ်၏။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်ဥစ္စာအားနှင့်၎င်း ဆွေမျိုးအားနှင့်၎င်း ပြည့်စုံသောအခါ ထိုမာတုဂါမ

သည် ထိုအင်္ဂါ(သုံးပါး)နှင့် ပြည့်စုံသူဖြစ်၏။ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့် ဆွေမျိုးအားနှင့်၎င်း ပြည့်စုံသူဖြစ်၏။ သားသမီးအားနှင့်ကား မပြည့်စုံ၊ ဤသို့လျှင် ထို မာတုဂါမသည် ထို(သားသမီးအားဟူသော) အင်္ဂါနှင့် မပြည့်စုံသူဖြစ်၏။ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့်၎င်း ဆွေမျိုးအားနှင့်၎င်း သားသမီးအားနှင့်၎င်း ပြည့်စုံသောအခါ ထိုမာတုဂါမသည် ထိုအင်္ဂါ(လေးပါး)နှင့် ပြည့်စုံသူဖြစ်၏။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့်၎င်း ဆွေမျိုးအားနှင့်၎င်း သားသမီးအားနှင့်၎င်း ပြည့်စုံသူ ဖြစ်၏။ သီလအားနှင့်ကား မပြည့်စုံ၊ ဤသို့လျှင် ထိုမာတုဂါမသည် ထို(သီလအားဟူသော) အင်္ဂါ နှင့်မပြည့်စုံသူဖြစ်၏။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့်၎င်း ဆွေမျိုး အားနှင့်၎င်း သားသမီးအားနှင့်၎င်း သီလအားနှင့်၎င်း ပြည့်စုံသောအခါ ထိုမာတုဂါမသည် ထို အင်္ဂါ(ငါးပါး)နှင့် ပြည့်သူဖြစ်၏။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-နာသေန္တိသုတ်

၃၀၉။ ရဟန်းတို့ မာတုဂါမ၏အားတို့သည် ဤ ငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း၊ အဆင်းအား စည်းစိမ်အား ဆွေမျိုးအား သားသမီးအား သီလအားတို့တည်း။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်ကား ပြည့်စုံသူဖြစ်၏၊ သီလအားနှင့်ကား မပြည့်စုံ၊ ထို မာတု ဂါမကို ဖျက်ဆီးနှင်ထုတ်ကုန်သည်သာတည်း၊ အိမ်၌ မနေစေကုန်။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့်၎င်း ပြည့်စုံသူဖြစ်၏၊ သီလအားနှင့်ကား မပြည့်စုံ၊ ထိုမာတု ဂါမကို ဖျက်ဆီး နှင်ထုတ်ကုန်သည်သာတည်း၊ အိမ်၌ မနေစေကုန်။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့်၎င်း ဆွေမျိုးအားနှင့်၎င်း ပြည့်စုံသူဖြစ်၏၊ သီလအားနှင့်ကား မပြည့်စုံ၊ထိုမာတုဂါမကို ဖျက်ဆီး နှင်ထုတ်ကုန်သည်သာတည်း၊အိမ်၌ မနေစေကုန်။ရဟန်းတို့ မာတု ဂါမသည် အဆင်းအားနှင့်၎င်း စည်းစိမ်အားနှင့်၎င်း ဆွေမျိုးအားနှင့်၎င်း သားသမီးအားနှင့်၎င်း ပြည့်စုံသူဖြစ်၏၊ သီလအားနှင့်ကား မပြည့်စုံ၊ ထိုမာတုဂါမကို ဖျက်ဆီးနှင်ထုတ်ကုန်သည်သာတည်း၊ အိမ်၌ မနေစေကုန်။

ရဟန်းတို့ မာတုဂါမသည် သီလအားနှင့်ကား ပြည့်စုံသူဖြစ်၏၊ အဆင်းအားနှင့်ကား မပြည့်စုံ၊ ထိုမာတုဂါမကို အိမ်၌နေစေကုန်သည်သာတည်း၊ မဖျက်ဆီး မနှင်ထုတ်ကုန်။ ရဟန်းတို့ မာတုဂါမ သည် သီလအားနှင့်ကား ပြည့်စုံသူဖြစ်၏၊ စည်းစိမ်အားနှင့်ကား မပြည့်စုံ၊ ထိုမာတုဂါမကို အိမ်၌ နေစေကုန်သည်သာတည်း၊ မဖျက်ဆီး မနှင်ထုတ်ကုန်။ရဟန်းတို့ မာတုဂါမသည် သီလအားနှင့်ကား ပြည့်စုံသူဖြစ်၏၊ ဆွေမျိုးအားနှင့်ကား မပြည့်စုံ၊ ထိုမာတုဂါမကို အိမ်၌နေစေကုန်သည်သာတည်း၊ မဖျက်ဆီး မနှင်ထုတ်ကုန်။ ရဟန်းတို့ မာတုဂါမသည် သီလအားနှင့်ကား ပြည့်စုံသူဖြစ်၏၊ သား သမီးအားနှင့်ကား မပြည့်စုံ၊ ထိုမာတုဂါမကို အိမ်၌နေစေကုန်သည်သာတည်း။ မဖျက်ဆီး မနှင် ထုတ်ကုန်။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဟေတုသုတ်

၃၁၀။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း၊ အဆင်းအား စည်းစိမ်အား ဆွေမျိုးအား သားသမီးအား သီလအားတို့တည်း။ ရဟန်းတို့ မာတုဂါမသည် အဆင်းအားဟူသော အကြောင်းကြောင့်သော်၎င်း စည်းစိမ်အားဟူသော အကြောင်းကြောင့်သော်၎င်း ဆွေမျိုးအားဟူသော အကြောင်းကြောင့်သော်၎င်း သားသမီးအားဟူသော အကြောင်းကြောင့်သော်၎င်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ မရောက်နိုင်။ ရဟန်းတို့ မာတုဂါမသည် သီလဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်နိုင်၏။ ရဟန်းတို့ မာတုဂါမ၏ အားတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ဌာနသုတ်

၃၁၁။ ရဟန်းတို့ ကောင်းမှုကိုမပြုခဲ့ဘူးသော မာတုဂါမသည် ဤငါးဌာနတို့ကို ရနိုင်ခဲကုန်၏။ အဘယ် ငါးဌာနတို့နည်း၊ ရဟန်းတို့ ကောင်းမှု မပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ ဖြစ်လို၏ဟူသော ဤပဌမ ဌာနကို ရနိုင်ခဲ၏။ ရဟန်းတို့ ကောင်းမှုမပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်လို၏ဟူသော ဤဒုတိယဌာနကို ရနိုင်ခဲ၏။ ရဟန်းတို့ ကောင်းမှုမပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သော အမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်ပြီးလျှင် ရန်သူ (လင်တူမယား) မရှိပဲ အိမ်၌နေလို၏ဟူသော ဤတတိယဌာနကို ရနိုင်ခဲ၏။ ရဟန်းတို့ ကောင်းမှုမပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်ပြီးလျှင် ရန်သူ (လင်တူမယား)မရှိပဲ အိမ်၌နေရသည်ဖြစ်၍ သားသမီးရှိသူဖြစ်လို၏ဟူသော ဤစတုတ္ထဌာနကို ရနိုင်ခဲ၏။ ရဟန်းတို့ ကောင်းမှုမပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်ပြီးလျှင် ရန်သူ (လင်တူမယား) မရှိပဲ အိမ်၌ နေရသည်ဖြစ်၍ သားသမီးရှိသူဖြစ်လျက် လင်ကိုလွှမ်းမိုး၍ ဖြစ်လို၏ဟူသော ဤပဉ္စမဌာနကို ရနိုင်ခဲ၏။ ရဟန်းတို့ ကောင်းမှုမပြုခဲ့ဘူးသော မာတုဂါမသည် ဤငါးဌာနကို ရနိုင်ခဲ၏။

ရဟန်းတို့ ကောင်းမှုပြုခဲ့ဘူးသော မာတုဂါမသည် ဤငါးဌာနတို့ကို ရလွယ်၏။ အဘယ် ငါးဌာနတို့နည်း၊ ရဟန်းတို့ ကောင်းမှုပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ ဖြစ်လို၏ဟူသော ဤပဌမဌာနကို ရလွယ်၏။ ရဟန်းတို့ ကောင်းမှုပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်လို၏ဟူသော ဤဒုတိယဌာနကို ရလွယ်၏။ ရဟန်းတို့ ကောင်းမှုပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်ပြီးလျှင် ရန်သူ(လင်တူမယား)မရှိပဲ အိမ်၌နေလို၏ဟူသော ဤတတိယဌာနကို ရလွယ်၏။ ရဟန်းတို့ ကောင်းမှုပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သော

အမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ရောက်ပြီးလျှင် ရန်သူ(လင်တူမယား)မရှိပဲ အိမ်၌နေလျက် သားသမီးရှိသူ ဖြစ်လို၏ဟူသော ဤစတုတ္ထဌာနကို ရလွယ်၏။ ရဟန်းတို့ ကောင်းမှုပြုခဲ့ဘူးသော မာတုဂါမသည် သင့်လျော်သောအမျိုး၌ဖြစ်၍ သင့်လျော်သောအမျိုးသို့ ရောက်ပြီးလျှင် ရန်သူ (လင်တူမယား)မရှိပဲ အိမ်၌နေလျက် သားသမီးရှိသူဖြစ်၍ လင်ကိုလွှမ်းမိုး၍ ဖြစ်လို၏ဟူသော ဤပဥ္စမဌာနကို ရလွယ်၏။ ရဟန်းတို့ ကောင်းမှု ပြုခဲ့ဘူးသော မာတုဂါမသည် ဤငါးဌာနတို့ကို ရလွယ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဥ္စသီလဝိသာရဒသုတ်

၃၁၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် (မကြောက်မရွံ့) ရဲရင့်စွာ အိမ်၌နေရ၏။ အဘယ်ငါးမျိုးတို့နည်း၊ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်၏၊ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်ဆိုခြင်းမှ ရှောင်ကြဉ်၏၊ မေ့လျော့ကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့်ပြည့်စုံသော မာတုဂါမသည်(မကြောက်မရွံ့)ရဲရင့်စွာ အိမ်၌နေရ၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဝဍ္ဎိသုတ်

၃၁၃။ ရဟန်းတို့ ကြီးပွါးမှုငါးမျိုးတို့ဖြင့် ကြီးပွါးလျက်ရှိသော အရိယာတပည့်မသည် အရိယာ၏ ကြီးပွါးမှုတို့ဖြင့် ကြီးပွါး၏၊ ကိုယ်၏အနှစ်ကိုယူလေ့ရှိသူလည်း ဖြစ်၏၊ အမြတ်ကိုယူလေ့ရှိသူလည်း ဖြစ်၏။ အဘယ်ငါးမျိုးတို့နည်း၊ ယုံကြည်မှု 'သဒ္ဓါ' တရားဖြင့် ကြီးပွါး၏၊ သီလဖြင့် ကြီးပွါး၏၊ အကြားအမြင် 'သုတ' ဖြင့် ကြီးပွါး၏၊ စွန့်ကြဲခြင်း 'စာဂ'ဖြင့် ကြီးပွါး၏၊ ပညာဖြင့် ကြီးပွါး၏၊ ရဟန်းတို့ ဤကြီးပွါးမှုငါးမျိုးတို့ဖြင့် ကြီးပွါးလျက်ရှိသော အရိယာတပည့်မသည် အရိယာ၏ ကြီးပွါးမှုဖြင့် ကြီးပွါး၏၊ ကိုယ်၏ အနှစ်ကိုယူလေ့ရှိသူလည်း ဖြစ်၏၊ အမြတ်ကို ယူလေ့ရှိသူလည်း ဖြစ်၏ ဟု မိန့်တော်မူ၏။

ဤလောက၌ ယုံကြည်မှု'သဒ္ဓါ'ဖြင့်၎င်း သီလဖြင့်၎င်း ပညာဖြင့်၎င်း စွန့်ကြဲခြင်း 'စာဂ'ဖြင့်၎င်း အကြားအမြင် 'သုတ' ဖြင့်၎င်း ကြီးပွါး၏၊ထိုသို့သောသီလရှိသော ထိုဥပါသိကာမသည် ဤဘဝ၌ပင်လျှင် မိမိ၏နှစ်ပါးသော အနှစ်သာရကို ယူ၏။

ဒသမသုတ်။

သုံးခုမြောက် ဗလဝဂ် ပြီး၏။

**မာတုဂါမသံယုတ် ပြီး၏။**

# ၄-ဇမ္ဗုခါဒကသံယုတ်

## ၁-နိဗ္ဗာနပဉှာသုတ်

၃၁၄။ အခါတပါး၌ အသျှင်သာရိပုတြာသည် မဂဓတိုင်း နာလကရွာငယ်၌ (သီတင်းသုံး) နေ၏၊ ထိုအခါ ဇမ္ဗုခါဒကပရိဗိုဇ်သည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား—ငါ့သျှင်သာရိပုတြာ "နိဗ္ဗာန် နိဗ္ဗာန်"ဟု ဆိုအပ်၏၊ ငါ့သျှင် အဘယ်သည် နိဗ္ဗာန်နည်းဟု ဤစကားကို လျှောက်၏။

ငါ့သျှင် ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာကို"နိဗ္ဗာန်"ဟု ဆိုအပ်၏။ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် ရှိ၏လော၊ အကျင့်သည်ရှိ၏လောဟု မေး၏။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည်ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန်လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုရန် အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်ကန်သောကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်ကန်သောပြောဆိုခြင်း 'သမ္မာဝါစာ' မှန်ကန်သောပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်ကန်သောအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်ကန်သောအားထုတ်ခြင်း'သမ္မာဝါယာမ'မှန်ကန်သောအောက်မေ့ခြင်း'သမ္မာသတိ'မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'တည်း။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန်လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု (ပြောဆို၏)။

ပဌမသုတ်။

---

## ၂-အရဟတ္တပဉှာသုတ်

၃၁၅။ ငါ့သျှင်သာရိပုတြာ"အရဟတ္တဖိုလ် အရဟတ္တဖိုလ်"ဟု ဆိုအပ်၏၊ ငါ့သျှင် အဘယ်သည် အရဟတ္တဖိုလ်နည်းဟု မေး၏။ ငါ့သျှင် ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာကို "အရဟတ္တဖိုလ်" ဟု ဆိုအပ်၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်း ဟု မေး၏။ ငါ့သျှင် ဤအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'တည်း။ ငါ့သျှင် ဤအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏၊

ငါ့သျှင် ဤအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏၊ ငါ့သျှင် သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်း ဟု (ပြောဆို၏)။

ဒုတိယသုတ်။

## ၃-ဓမ္မဝါဒီပဉှာသုတ်

၃၁၆။ ငါ့သျှင်သာရိပုတြာ လောက၌ တရားကို ဆိုလေ့ရှိသူတို့သည် အဘယ်သူတို့နည်း၊ လောက၌ ကောင်းစွာကျင့်သူတို့သည် အဘယ်သူတို့နည်း၊ လောက၌ ကောင်းစွာသွားသူတို့သည် အဘယ်သူတို့နည်းဟု မေး၏။ ငါ့သျှင် အကြင်သူတို့သည် ရာဂကိုပယ်ခြင်းငှါ တရားဟောကြကုန်၏၊ ဒေါသကိုပယ်ခြင်းငှါ တရားဟောကြကုန်၏၊ မောဟကိုပယ်ခြင်းငှါ တရားဟောကြကုန်၏၊ ထိုသူတို့သည် လောက၌ တရားကိုဆိုလေ့ရှိသူတို့တည်း၊ ငါ့သျှင် အကြင်သူတို့သည် ရာဂပယ်ခြင်းငှါ ကျင့်ကုန်၏၊ ဒေါသပယ်ခြင်းငှါ ကျင့်ကုန်၏၊ မောဟပယ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုသူတို့သည် လောက၌ ကောင်းစွာ ကျင့်သူတို့တည်း။ ငါ့သျှင် အကြင်သူတို့သည်ကား ရာဂကို ပယ်အပ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ခြင်း မရှိသည်ကို ပြုအပ်၏၊ နောင်အခါ မဖြစ်ပေါ်ခြင်း သဘောရှိ၏။ ဒေါသကို ပယ်အပ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏။ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ခြင်းမရှိသည်ကို ပြုအပ်၏၊ နောင်အခါ မဖြစ်ပေါ်ခြင်း သဘောရှိ၏။ မောဟကို ပယ်အပ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ခြင်းမရှိသည်ကို ပြုအပ်၏၊ နောင်အခါ မဖြစ်ပေါ်ခြင်းသဘောရှိ၏။ ထိုသူတို့သည် လောက၌ ကောင်းစွာသွားသူတို့တည်း ဟု မိန့်ဆို၏။

ငါ့သျှင် ဤရာဂ ဒေါသ မောဟကို ပယ်ခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလော ဟု မေး၏။ ငါ့သျှင် ဤရာဂ ဒေါသ မောဟကိုပယ်ခြင်းငှါ လမ်းသည်ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤရာဂ ဒေါသ မောဟကိုပယ်ခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤရာဂ ဒေါသ မောဟကို ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ'တည်း။ ငါ့သျှင် ဤရာဂ ဒေါသ မောဟကို ပယ်ခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤရာဂ ဒေါသ မောဟကို ပယ်ခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

တတိယသုတ်။

## ၄-ကိမတ္ထိယသုတ်

၃၁၇။ ငါ့သျှင်သာရိပုတြာ အဘယ်အကျိုးငှါ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးပါသနည်းဟု မေး၏။ ငါ့သျှင် ဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ အကျင့်

မြတ်ကို ကျင့်သုံး၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ' ။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တည်း။ ငါ့သျှင် ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ လမ်းကား ဤသည်ပင်တည်း၊ အကျင့်ကား ဤသည်ပင်တည်း ဟု မိန့်ဆို၏၊ ငါ့သျှင် ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ကောင်း၏။ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

စတုတ္ထသုတ်။

---

## ၅-အဿာသပ္ပတ္တသုတ်

၃၁၇။ ငါ့သျှင်သာရိပုတြာ "သက်သာရာသို့ရောက်သူ သက်သာရာသို့ ရောက်သူ"ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် သက်သာရာသို့ ရောက်သူ ဖြစ်ပါသနည်းဟု မေး၏။ ငါ့သျှင် ရဟန်းသည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' တို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ငါ့သျှင် ဤမျှဖြင့် သက်သာရာသို့ ရောက်သူဖြစ်၏ဟု မိန့်ဆို၏။

ငါ့သျှင် ဤသက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤသက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ရှိ၏။ အကျင့်သည် ရှိ၏ ဟု မိန့်ဆို၏။ ငါ့သျှင် ဤသက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤသက်သာရာကို မျက်မှောက်ပြုခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ' ။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တည်း။ ငါ့သျှင် ဤသက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်း ဟု မိန့်ဆို၏။ ငါ့သျှင် ဤသက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်း ဟု ပြောဆို၏။

ပဉ္စမသုတ်။

---

## ၆-ပရမဿာသပ္ပတ္တသုတ်

၃၁၈။ ငါ့သျှင် သာရိပုတြာ "လွန်ကဲသော သက်သာရာသို့ ရောက်သူ လွန်ကဲသော သက်သာရာသို့ ရောက်သူ"ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် လွန်ကဲသော သက်သာရာသို့ ရောက်သူ ဖြစ်သနည်းဟု မေး၏။

ငါ့သျှင် ရဟန်းသည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း လွတ်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၍ မစွဲလမ်းပဲ ကိလေသာတို့မှ လွတ်၏။ ငါ့သျှင် ဤမျှဖြင့် လွန်ကဲသော သက်သာရာသို့ ရောက်သူဖြစ်၏။ငါ့သျှင် လွန်ကဲသော သက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤလွန်ကဲသောသက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤလွန်ကဲသော သက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤလွန်ကဲသော သက်သာရာကို မျက်မှောက်ပြုခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင် တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'တည်း။ ငါ့သျှင် ဤလွန်ကဲသော သက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်း ဟု မိန့်ဆို၏။ ငါ့သျှင် ဤလွန်ကဲသော သက်သာရာကို မျက်မှောက်ပြုခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

ဆဋ္ဌသုတ်။

---

## ၇-ဝေဒနာပဉှာသုတ်

၃၂၀။ ငါ့သျှင် သာရိပုတြာ "ဝေဒနာ ဝေဒနာ"ဟု ဆိုအပ်၏။ ငါ့သျှင် ဝေဒနာတို့သည် အဘယ်တို့နည်း ဟု မေး၏။ ငါ့သျှင် ဤဝေဒနာတို့သည် သုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ငါ့သျှင် ဤသုံးပါးတို့သည် ဝေဒနာတို့တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤသုံးပါးကုန်သော ဝေဒနာတို့ကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤသုံးပါးကုန်သော ဝေဒနာတို့ကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။

ငါ့သျှင် ဤသုံးပါးကုန်သော ဝေဒနာတို့ကို ပိုင်းခြားသိခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤသုံးပါးကုန်သော ဝေဒနာတို့ကို ပိုင်းခြားသိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် ဤသုံးပါးကုန်သော ဝေဒနာတို့ကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤသုံးပါးကုန်သော ဝေဒနာတို့ကို ပိုင်းခြားသိခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

သတ္တမသုတ်။

---

## ၈-အာသဝပဉှာသုတ်

၃၂၁။ ငါ့သျှင်သာရိပုတြာ "အာသဝ အာသဝ"ဟု ဆိုအပ်၏။ငါ့သျှင် အာသဝသည် အဘယ်ပါနည်းဟု မေး၏။ငါ့သျှင် ဤအာသဝတို့သည် သုံးပါးတို့တည်း။ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ

ဤသုံးပါးတို့သည် အာသဝတို့တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤအာသဝတို့ကို ပယ်ခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။

ငါ့သျှင် ဤအာသဝတို့ကို ပယ်ခြင်းငှါ လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤအာသဝတို့ကို ပယ်ခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် အာသဝတို့ကို ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် ဤအာသဝတို့ကို ပယ်ခြင်းငှါ လမ်းသည်ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏၊ ငါ့သျှင် ဤအာသဝတို့ကို ပယ်ခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာ တည်းဟု ပြောဆို၏။

အဋ္ဌမသုတ်။

## ၉-အဝိဇ္ဇာပဥ္စသုတ်

၃၂၂။ ငါ့သျှင်သာရိပုတြာ "အဝိဇ္ဇာ အဝိဇ္ဇာ"ဟု ဆိုအပ်၏။ ငါ့သျှင် အဝိဇ္ဇာသည် အဘယ်ပါနည်းဟု မေး၏။ ငါ့သျှင် ဆင်းရဲ 'ဒုက္ခ'၌ မသိမှု ဆင်းရဲဖြစ်ကြောင်း၌ မသိမှု ဆင်းရဲ ချုပ်ရာ၌ မသိမှု ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ မသိမှုကို'အဝိဇ္ဇာ' ဟု ဆိုအပ်၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤအဝိဇ္ဇာကို ပယ်ခြင်းငှါလမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤအဝိဇ္ဇာကို ပယ်ခြင်းငှါ လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤအဝိဇ္ဇာကို ပယ်ခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤအဝိဇ္ဇာကို ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့တည်း။ ငါ့သျှင် ဤအဝိဇ္ဇာကို ပယ်ခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏၊ ငါ့သျှင် ဤအဝိဇ္ဇာကို ပယ်ခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင် သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာ တည်းဟု ပြောဆို၏။

နဝမသုတ်။

## ၁၀-တဏှာပဥ္စသုတ်

၃၂၃။ ငါ့သျှင်သာရိပုတြာ"တဏှာ တဏှာ"ဟု ဆိုအပ်၏။ငါ့သျှင် တဏှာဟူသည် အဘယ်ပါနည်းဟု မေး၏။ ငါ့သျှင် ဤတဏှာတို့သည် သုံးပါးတို့တည်း၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့တည်း။ ငါ့သျှင် ဤသုံးပါးတို့သည် တဏှာတို့တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤတဏှာတို့ကို ပယ်ခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤတဏှာတို့ကို ပယ်ခြင်းငှါ လမ်းသည်ရှိ၏၊ အကျင့်သည်ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤတဏှာတို့ကို ပယ်ခြင်းငှါ

လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤတဏှာတို့ကို ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် ဤတဏှာတို့ကို ပယ်ခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည် ပင်တည်းဟု မိန့်ဆို၏ ငါ့သျှင် တဏှာတို့ကို ပယ်ခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

ဒသမသုတ်။

## ၁၁-ဩဃပဉ္စာသုတ်

၃၂၄။ ငါ့သျှင်သာရိပုတြာ"ဩဃ ဩဃ"ဟု ဆိုအပ်၏။ငါ့သျှင် ဩဃဟူသည် အဘယ်ပါနည်းဟု မေး၏။ငါ့သျှင် ဩဃတို့သည် ဤလေးပါးတို့တည်း၊ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ တို့တည်း။ ငါ့သျှင် ဤလေးပါးတို့သည် ဩဃတို့တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤဩဃတို့ကို ပယ်ခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤဩဃတို့ကို ပယ်ခြင်းငှါ လမ်းသည်ရှိ၏၊ အကျင့်သည်ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤဩဃတို့ကိုပယ်ခြင်းငှါ လမ်းသည်အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ငါ့သျှင် ဤဩဃတို့ကိုပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်ခြင်း'သမ္မာသမာဓိ'တို့တည်း။ ငါ့သျှင် ဤဩဃ တို့ကို ပယ်ခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏ ငါ့သျှင် ဤဩဃတို့ကိုပယ်ခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင် သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

ဧကာဒသမသုတ်။

## ၁၂-ဥပါဒါနပဉ္စာသုတ်

၃၂၅။ ငါ့သျှင်သာရိပုတြာ"ဥပါဒါန် ဥပါဒါန်"ဟု ဆိုအပ်၏။ငါ့သျှင် ဥပါဒါန်ဟူသည် အဘယ် ပါနည်းဟု မေး၏။ ငါ့သျှင် ဥပါဒါန်တို့သည် ဤလေးပါးတို့တည်း၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့တည်း။ငါ့သျှင် ဤလေးပါးတို့သည်ဥပါဒါန်တို့တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤဥပါဒါန်တို့ကို ပယ်ခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤဥပါဒါန်တို့ကို ပယ်ခြင်းငှါ လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤဥပါဒါန်တို့ကို ပယ်ခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤဥပါဒါန်တို့ကို ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့တည်း။ ငါ့သျှင် ဤဥပါဒါန်တို့ကို ပယ်ခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏ ငါ့သျှင် ဤဥပါဒါန်တို့ကို ပယ်ခြင်းငှါ လမ်းသည်

ကောင်း၏၊ အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည် သာတည်းဟု ပြောဆို၏။

ဒွါဒသမသုတ်။

## ၁၃-ဘဝပဥှသုတ်

၃၂၆။ ငါ့သျှင်သာရိပုတြာ "ဘဝ ဘဝ"ဟု ဆိုအပ်၏၊ ငါ့သျှင် ဘဝဟူသည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဘဝတို့သည် ဤသုံးပါးတို့တည်း၊ ကာမဘဝ ရူပဘဝ အရူပဘဝတို့တည်း။ ငါ့သျှင် ဤသုံးပါးတို့သည် ဘဝတို့တည်းဟု မိန့်ဆို၏။ ငါ့ဘျှင် ဤဘဝတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ရှိသလော၊အကျင့်သည် ရှိသလောဟု မေး၏။ငါ့သျှင် ဤဘဝတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည်ရှိ၏၊အကျင့်သည်ရှိ၏ဟု မိန့်ဆို၏။ငါ့သျှင် ဤဘဝတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ငါ့သျှင် ဤဘဝတို့ကို ပိုင်းခြား၍သိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်ခြင်း'သမ္မာသမာဓိ'တို့တည်း။ ငါ့သျှင် ဤဘဝတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏၊ ငါ့သျှင် ဤဘဝတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏၊ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

တေရသမသုတ်။

## ၁၄-ဒုက္ခပဥှသုတ်

၃၂၇။ ငါ့သျှင်သာရိပုတြာ "ဒုက္ခ ဒုက္ခ"ဟု ဆိုအပ်၏။ ငါ့သျှင် ဒုက္ခဟူသည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဒုက္ခသဘောတို့သည် ဤသုံးပါးတို့တည်း၊ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခတို့တည်း။ ငါ့သျှင် ဤသုံးပါးတို့သည် ဒုက္ခသဘောတို့တည်းဟု မိန့်ဆို၏။ ငါ့သျှင် ဤဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ရှိ၏၊အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှါ အင်္ဂါရှစ်ပါး ရှိသော ဤအရိယမဂ်ပင်လျှင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်ခြင်း'သမ္မာသမာဓိ'တို့တည်း။ ငါ့သျှင် ဤဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ဤသည်ပင်တည်း။ အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏၊ ငါ့သျှင် ဤဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ကောင်း၏၊အကျင့်သည် ကောင်း၏။ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

စုဒ္ဒသမသုတ်။

## ၁၅-သက္ကာယပဉှာသုတ်

၃၂၈။ ငါ့သျှင်သာရိပုတြာ''သက္ကာယ သက္ကာယ''ဟု ဆိုအပ်၏။ ငါ့သျှင် သက္ကာယဟူသည် အဘယ်ပါနည်းဟု မေး၏။ ငါ့သျှင် ငါးပါးကုန်သော ဤဥပါဒါနက္ခန္ဓာတို့ကို သက္ကာယဟု မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။ ဤငါးပါးတို့သည် အဘယ်နည်း၊ ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာတို့တည်း။ဤငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ကို သက္ကာယဟု မြတ်စွာဘုရားသည် ဟောတော်မူအပ်၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤသက္ကာယကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ရှိသလော၊ အကျင့်သည် ရှိသလောဟု မေး၏။ငါ့သျှင် ဤသက္ကာယကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ရှိ၏၊အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤသက္ကာယကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် အဘယ်နည်း၊အကျင့်သည် အဘယ်နည်းဟု မေး၏။ ငါ့သျှင် ဤသက္ကာယကို ပိုင်းခြား၍သိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ' ။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် ဤသက္ကာယကို ပိုင်းခြား၍ သိခြင်းငှါ လမ်းသည် ဤသည်ပင်တည်း၊အကျင့်သည် ဤသည်ပင်တည်းဟု မိန့်ဆို၏၊ ငါ့သျှင် ဤသက္ကာယကို ပိုင်းခြား၍သိခြင်းငှါ လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏၊ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

ပန္နရသမသုတ်။

---

## ၁၆-ဒုက္ကရပဉှာသုတ်

၃၂၉။ ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ပြုနိုင်ခဲသော အရာသည် အဘယ်နည်း၊ ဟု မေး၏။ ငါ့သျှင် ဤသာသနာတော်၌ ပြုနိုင်ခဲသော အရာကား ရှင်ရဟန်းအဖြစ်တည်း ဟု မိန့်ဆို၏။ ငါ့သျှင် ရဟန်းဖြစ်ပြီ သူသည် အဘယ်ကို ပြုနိုင်ခဲသနည်းဟု မေး၏။ ငါ့သျှင် ရဟန်းဖြစ်ပြီးသူသည် မွေ့လျော်ခြင်းကို ပြုနိုင်ခဲ၏ဟု မိန့်ဆို၏။ ငါ့သျှင်သာရိပုတြာ (ရဟန်းအဖြစ်၌) မွေ့လျော်သောသူသည် အဘယ်ကို ပြုနိုင်ခဲသနည်းဟု မေး၏။ ငါ့သျှင်(ရဟန်းအဖြစ်၌)မွေ့လျော်သောသူသည် တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းငှါ ပြုနိုင်ခဲ၏ဟု မိန့်ဆို၏။ ငါ့သျှင် အဘယ်မျှကြာလျှင် တရားအားလျော်သော အကျင့်ကို ကျင့်သောရဟန်းသည် ရဟန္တာဖြစ်ရာသနည်းဟု မေး၏။ ငါ့သျှင် မကြာမီ ရဟန္တာဖြစ်ရာ၏ဟု မိန့်ဆို၏။

သောဠသမသုတ်။

**ဇမ္ဗုခါဒကသံယုတ် ပြီး၏။**

# ၅-သာမဏ္ဍကသံယုတ်

## ၁-သာမဏ္ဍကသုတ်

၃၃၀။ အခါတပါး၌ အသျှင်သာရိပုတြာသည် ဝဇ္ဇီတိုင်း ဥက္ကစေလာမြို့ ဂင်္ဂါမြစ်ကမ်း၌ (သီတင်းသုံး)နေ၏၊ထိုအခါ သာမဏ္ဍကပရိဗိုဇ်သည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ငါ့သျှင်သာရိပုတြာ "နိဗ္ဗာန် နိဗ္ဗာန်"ဟု ဆိုအပ်၏၊ ငါ့သျှင် နိဗ္ဗာန်ဟူသည် အဘယ်နည်းဟူသော ဤစကားကို လျှောက်၏။

ငါ့သျှင် ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာကို နိဗ္ဗာန်ဟု ဆိုအပ်၏ဟု မိန့်ဆို၏။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် ရှိသလော၊အကျင့်သည် ရှိသလောဟု မေး၏။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် ရှိ၏၊ အကျင့်သည် ရှိ၏ဟု မိန့်ဆို၏။ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန်လမ်းသည် အဘယ်ပါနည်း၊ အကျင့်သည် အဘယ်ပါနည်းဟု မေး၏။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်လျှင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် ဤသည်ပင်တည်း၊ အကျင့်သည် ဤသည်ပင်တည်း ဟု မိန့်ဆို၏၊ငါ့သျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် ကောင်း၏၊ အကျင့်သည် ကောင်း၏၊ ငါ့သျှင်သာရိပုတြာ မမေ့မလျော့ခြင်းငှါ သင့်သည်သာတည်းဟု ပြောဆို၏။

ပဌမသုတ်။

[ဇမ္ဗုခါဒကသုတ်ကဲ့သို့ ချဲ့အပ်၏]။

---

## ၁၆-ဒုက္ကရသုတ်

၃၃၁။ ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ပြုနိုင်ခဲသော အရာကား အဘယ်ပါနည်းဟု မေး၏။ ငါ့သျှင် ဤသာသနာတော်၌ ရှင်ရဟန်းအဖြစ်သည် ပြုနိုင်ခဲ၏ဟု မိန့်ဆို၏။ ငါ့သျှင် ရဟန်းပြုပြီးသူသည်ကား အဘယ်ကို ပြုနိုင်ခဲသနည်းဟု မေး၏။ ငါ့သျှင် ရဟန်းပြုပြီးသူသည် မွေ့လျော်ခြင်းကို ပြုနိုင်ခဲ၏ ဟု မိန့်ဆို၏။ ငါ့သျှင် (ရဟန်းအဖြစ်၌) မွေ့လျော်သောသူသည် အဘယ်ကို ပြုနိုင်ခဲသနည်း ဟု မေး၏။ ငါ့သျှင် (ရဟန်းအဖြစ်၌) မွေ့လျော်သောသူသည် တရားအားလျော်စွာ ကျင့်ခြင်းကို ပြုနိုင်ခဲ၏ဟု မိန့်ဆို၏။ ငါ့သျှင် အဘယ်မျှကြာလျှင် တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းသည် ရဟန္တာဖြစ်ရာသနည်း ဟု မေး၏။ ငါ့သျှင် မကြာမီ ရဟန္တာဖြစ်ရာ၏ဟု မိန့်ဆို၏။

သောဠသမသုတ်။

**သာမဏ္ဍကသံယုတ် ပြီး၏။**

# ၆-မောဂ္ဂလာနသံယုတ်

## ၁-ပဌမ ဈာနပဥှသုတ်

၃၃၂။ အခါတပါး၌ အသျှင်မဟာမောဂ္ဂလာန်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု မိန့်တော်မူ၏၊ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်ကြား လျှောက်ကြကုန်၏၊အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်တော်မူ၏—

ငါ့သျှင်တို့ ငါသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်လျက် တပါးတည်း ကိန်းအောင်းစဉ် "ပဌမ ဈာန် ပဌမဈာန်" ဟု ဆိုအပ်၏၊ အဘယ်သည် ပဌမဈာန်နည်းဟု စိတ်အကြံဖြစ်၏၊ ငါ့သျှင်တို့ ထိုငါ့အား ဤသို့အကြံဖြစ်ပြန်၏ "ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု'ဝိတက်'နှင့်တကွ သုံးသပ်မှု'ဝိစာရ'နှင့်တကွ ဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု'ပီတိ'ချမ်းသာမှု'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ဤသည်ကို ပဌမဈာန်ဟု ဆိုအပ်၏"ဟု အကြံဖြစ်၏။ ငါ့သျှင်တို့ ထိုငါသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့် တကွ ဖြစ်သော သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား ကာမနှင့်တကွဖြစ်သော အမှတ်သညာ နှလုံးသွင်းတို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့်ချဉ်းကပ်၍ "ဗြာဟ္မဏဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် ပဌမဈာန်ကို မမေ့လျော့လင့်၊ ပဌမဈာန်၌ စိတ်ကို ကောင်းစွာ တည်စေလော့၊ ပဌမဈာန်၌ စိတ်ကို တည်ကြည်အောင်ပြုလော့၊ ပဌမဈာန်၌ စိတ်ကို ကောင်းစွာ ထားလော့"ဟူသော ဤစကားကို မိန့်တော်မူ၏။ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေခဲ့ပြီ။ ငါ့သျှင်တို့ မြတ်စွာဘုရား ချီးမြှောက်အပ်သော ထူးမြတ်သော အသိဉာဏ်ရှိသည့်အဖြစ်သို့ ရောက်သော တပည့်ဟူသော စကားကို ကောင်းစွာဆိုလိုသောသူသည် ကောင်းစွာဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ဟု (မိန့်ဆို၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ ဈာနပဥှသုတ်

၃၃၃။ "ဒုတိယဈာန် ဒုတိယဈာန်"ဟု ဆိုအပ်၏၊ အဘယ်သည် ဒုတိယဈာန်နည်းဟု ဤသို့ စိတ်အကြံဖြစ်၏။ ငါ့သျှင်တို့ ထိုငါ့အား ဤသို့စိတ်အကြံဖြစ်ပြန်၏ "ဤသာသနာတော်၌ ရဟန်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော တည်ကြည်

ခြင်း'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း'သုခ' ရှိသော ဒုတိယစျာန်သို့ရောက်၍ နေ၏၊ဤသည်ကို ဒုတိယစျာန်ဟု ဆိုအပ်၏။ငါ့သျှင်တို့ ထိုငါသည် ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် အတွင်းသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော တည်ကြည် ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း 'ဝိစာရ'မရှိ သော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏၊ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား ကြံစည် ခြင်း 'ဝိတက်'နှင့်တကွသော အမှတ်'သညာ' နှလုံးသွင်း 'မနသိကာရ'တို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍ "ပြာဟ္မဏ ဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် ဒုတိယစျာန်ကို မမေ့လျော့လင့်၊ ဒုတိယစျာန်၌ စိတ်ကို ကောင်းစွာ တည်စေလော့၊ ဒုတိယစျာန်၌ စိတ်ကို တည်ကြည်အောင်ပြုလော့၊ ဒုတိယစျာန်၌ စိတ်ကို ကောင်းစွာ ထားလော့" ဟူသော ဤစကားကို မိန့်တော်မူ၏၊ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ ဝိတက် ဝိစာရကင်းခြင်းကြောင့် ကိုယ်တွင်းသန္တာန်၌ စိတ်ကို ကြည်လင်စေတတ် သော တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်'မရှိ သုံးသပ်ခြင်း'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း' သုခ'ရှိ သော ဒုတိယစျာန်သို့ ရောက်၍ နေခဲ့ပြီ။ ငါ့သျှင်တို့ မြတ်စွာဘုရား ချီးမြှောက်အပ်သော ထူးမြတ်သော အသိဉာဏ် ရှိသည့်အဖြစ်သို့ ရောက်သော တပည့်ဟူသော စကားကို ကောင်းစွာ ဆိုလိုသော သူသည် ကောင်းစွာ ဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

## ၃-တတိယ စျာနပဥ္စသုတ်

၃၃၄။ "တတိယစျာန် တတိယစျာန်"ဟု ဆိုအပ်၏၊ အဘယ်သည် တတိယစျာန်နည်း ဟု ဤသို့ အကြံဖြစ်၏ "ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ နေ၏၊ သတိသမ္ပ ဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ'ကို ကိုယ်ဖြင့်ခံစား၏၊ အကြင် တတိယ စျာန်ကြောင့် ထိုသူကိုလျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြား ကုန်၏၊ထိုတတိယစျာန်သို့ ရောက်၍နေ၏၊ဤသည်ကို တတိယစျာန်ဟု ဆိုအပ်၏" ဟု ဤအကြံသည် ဖြစ်၏။ငါ့သျှင်တို့ ထိုငါသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက် နေ၏၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင် တတိယစျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာ ပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား နှစ်သိမ့်ခြင်း 'ပီတိ'နှင့်တကွဖြစ်သော အမှတ်'သညာ' နှလုံးသွင်း'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍ "ပြာဟ္မဏ ဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် တတိယစျာန်ကို မမေ့လျော့လင့်၊ တတိယစျာန်၌

စိတ်ကို ကောင်းစွာတည်စေလော့၊ တတိယဈာန်၌ စိတ်ကို တည်ကြည်အောင် ပြုလော့၊ တတိယဈာန်၌ စိတ်ကို ကောင်းစွာ ထားလော့”ဟူသော ဤစကားကို မိန့်တော်မူ၏၊ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌နှစ်သိမ့်ခြင်း ‘ပီတိ’ ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ် ရှိသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာ ‘သုခ’ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင် တတိယဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့ မြတ်စွာဘုရား ချီးမြှောက်အပ်သော ထူးမြတ်သော အသိဉာဏ်ရှိသည့် အဖြစ်သို့ ရောက်သော တပည့်ဟူသောစကားကို ကောင်းစွာ ဆိုလိုသူသည် ကောင်းစွာ ဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ဟု (မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-စတုတ္ထ ဈာနပဥှာသုတ်

၃၃၅။ “စတုတ္ထဈာန် စတုတ္ထဈာန်”ဟု ဆိုအပ်၏၊ အဘယ်သည် စတုတ္ထဈာန်နည်းဟု ဤသို့ အကြံဖြစ်၏“ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲ ချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ဤသည်ကို စတုတ္ထဈာန်ဟု ဆိုအပ်၏”ဟု ဤအကြံသည် ဖြစ်၏။ ငါ့သျှင်တို့ ထိုငါသည် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား ချမ်းသာ ‘သုခ’နှင့် တကွသော အမှတ်သညာ နှလုံးသွင်းခြင်း ‘မနသိကာရ’တို့သည် ဖြစ်ကုန်၏၊

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍“ပြာဟ္မဏဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် စတုတ္ထဈာန်ကို မမေ့လျော့လင့်၊ စတုတ္ထဈာန်၌ စိတ်ကို ကောင်းစွာ တည်စေလော့၊စတုတ္ထဈာန်၌ စိတ်ကို တည်ကြည်အောင်ပြုလော့၊စတုတ္ထဈာန်၌ စိတ်ကိုကောင်းစွာ ထားလော့”ဟူသော ဤစကားကို မိန့်တော်မူ၏၊ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့။ပ။ထူးမြတ်သော အသိဉာဏ်ရှိသည့် အဖြစ်သို့ ရောက်သော တပည့်ဟူသော စကားကို ကောင်းစွာ ဆိုလိုသော သူသည် ကောင်းစွာ ဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ ဟု(မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-အာကာသာနဉ္စာယတနပဥှာသုတ်

၃၃၆။ “အာကာသာနဉ္စာယတနဈာန် အာကာသာနဉ္စာယတနဈာန်”ဟု ဆိုအပ်၏၊ အဘယ်သည် အာကာသာနဉ္စာယတနဈာန်နည်း ဟု အကြံဖြစ်၏ “ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ချုပ်ခြင်း

ကြောင့် နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိဟု စီးဖြန်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏၊ ဤသည်ကို အာကာသာနဉ္စာယတနစျာန်”ဟု ဤအကြံဖြစ်၏။ ငါ့သျှင်တို့ ထိုငါသည် ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိဟု စီးဖြန်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား ရုပ်နှင့်တကွသော အမှတ်သညာ နှလုံးသွင်းတို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍ “ဗြာဟ္မဏ ဖြစ်သော မောဂ္ဂလာန် ·မောဂ္ဂလာန် အာကာသာနဉ္စာယတနစျာန်၌ မမေ့မလျော့လင့်၊ အာကာသာနဉ္စာယတနစျာန်၌ စိတ်ကို ကောင်းစွာ တည်စေလော့၊ အာကာသာနဉ္စာယတနစျာန်၌ စိတ်ကို တည်ကြည်အောင်ပြုလော့၊ အာကာသာနဉ္စာယတနစျာန်၌ စိတ်ကို ကောင်းစွာ ထားလော့” ဟူသောစကားကို မိန့်တော်မူ၏၊ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်နှင့်ခြင်းကြောင့် နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိဟု စီးဖြန်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့။ပ။ ထူးမြတ်သော အသိဉာဏ်ရှိသည့်အဖြစ်သို့ ရောက်သော တပည့် ဟူသော စကားကို ကောင်းစွာ ဆိုလိုသော သူသည် ကောင်းစွာဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ဟု(မိန့်ဆို၏)။

ပဥ္စမသုတ်။

## ၆-ဝိညာဏဉ္စာယတနပဥှာသုတ်

၃၃၇။ “ဝိညာဏဉ္စာယတနစျာန် ဝိညာဏဉ္စာယတနစျာန်ဟု” ဆိုအပ်၏၊ အဘယ်သည် ဝိညာနဉ္စာယတနစျာန်နည်းဟု ဤသို့ အကြံဖြစ်၏ “ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိဟု စီးဖြန်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏၊ ဤသည်ကို ဝိညာဏဉ္စာယတနစျာန်”ဟု ဤအကြံသည် ဖြစ်၏။ငါ့သျှင်တို့ ထိုငါသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိဟု စီးဖြန်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ရောက်၍ နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား အာကာသာနဉ္စာယတနစျာန်နှင့်တကွသော အမှတ်သညာ နှလုံးသွင်းတို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍ “ဗြာဟ္မဏဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် ဝိညာဏဉ္စာယတနစျာန်ကို မမေ့မလျော့လင့်၊ ဝိညာဏဉ္စာယတနစျာန်၌ စိတ်ကို ကောင်းစွာ တည်စေလော့၊ ဝိညာဏဉ္စာယတနစျာန်၌ စိတ်ကို တည်ကြည်အောင် ပြုလော့၊ ဝိညာဏဉ္စာယတနစျာန်၌ စိတ်ကို ကောင်းစွာ ထားလော့” ဟူသော ဤစကားကို မိန့်တော်မူ၏။ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိဟု စီးဖြန်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့။ပ။

ထူးမြတ်သော ဝိညာဏ်ရှိသည့် အဖြစ်သို့ရောက်သော တပည့်ဟူသော စကားကို ကောင်းစွာဆိုလို သောသူသည် ကောင်းစွာဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

## ၇-အာကိဉ္စညာယတနပဉှာသုတ်

၃၃၈။ "အာကိဉ္စညာယတနစျာန် အာကိဉ္စညာယတနစျာန်" ဟု ဆိုအပ်၏။ အဘယ်သည် အာကိဉ္စညာယတနစျာန်နည်းဟု အကြံ ဖြစ်၏ "ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ စိုးစဉ်းမျှမရှိဟု စီးဖြန်းလျက် အာကိဉ္စညာယတန စျာန်သို့ ရောက်၍ နေ၏၊ ဤသည်ကို အာကိဉ္စညာယတနစျာန်ဟု ဆိုအပ်၏"ဟု ဤအကြံသည် ဖြစ်၏။ ငါ့သျှင်တို့ ထိုငါသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ စိုးစဉ်းမျှမရှိ ဟု စီးဖြန်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား ဝိညာဏဉ္စာယတနစျာန်နှင့် တကွသော အမှတ် သညာ နှလုံးသွင်းတို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍ "ဗြာဟ္မဏဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် အာကိဉ္စညာယတနစျာန်ကို မမေ့မလျော့လင့်၊ အာကိဉ္စညာယတနစျာန် ကို ကောင်းစွာ တည်စေလော့၊ အာကိဉ္စညာယတနစျာန်၌ စိတ်ကို တည်ကြည်အောင် ပြုလော့၊ အာကိဉ္စညာယတနစျာန်၌ စိတ်ကိုကောင်းစွာထားလော့"ဟူသော ဤစကားကို မိန့်တော်မူ၏။ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ စိုးစဉ်းမျှ မရှိဟု စီးဖြန်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင်တို့ ။ပ။ ထူးမြတ်သော အသိဉာဏ်ရှိသည့်အဖြစ်သို့ ရောက်သော တပည့်ဟူသောစကားကို ကောင်းစွာဆိုလိုသောသူသည် ကောင်းစွာဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ဟု (မိန့်ဆို၏)။

သတ္တမသုတ်။

## ၈-နေဝသညာနာသညာယတနပဉှာသုတ်

၃၃၉။ "နေဝသညာနာသညာယတနစျာန် နေဝသညာနာသညာယတနစျာန်"ဟု ဆိုအပ်၏။ အဘယ်သည် နေဝသညာနာသညာယတနစျာန်နည်းဟု အကြံ ဖြစ်၏။ ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ ရဟန်းသည် အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာ နာသညာယတနစျာန်သို့ ရောက်လျက်နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား အာကိဉ္စညာယတနစျာန်နှင့်တကွဖြစ်သော အမှတ်သညာ နှလုံးသွင်းတို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍"ဗြာဟ္မဏဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် နေဝသညာနာသညာယတနစျာန်ကို မမေ့လျော့လင့်၊ နေဝသညာ နာသညာယတနစျာန်၌ စိတ်ကို ကောင်းစွာတည်စေလော့၊ နေဝသညာနာသညာယတနစျာန်၌ စိတ်ကို တည်ကြည်အောင်ပြုလော့၊ နေဝသညာနာသညာယတနစျာန်၌ စိတ်ကိုကောင်းစွာထား လော့"ဟူသော ဤစကားကို မိန့်တော်မူ၏။ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ အာကိဉ္စညာယတန စျာန်ကို လုံးဝလွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။

ငါ့သျှင်တို့ ။ပ။ ထူးမြတ်သောအသိဉာဏ်ရှိသည့်အဖြစ်သို့ ရောက်သော တပည့်ဟူသောစကားကို ကောင်းစွာ ဆိုလိုသောသူသည် ကောင်းစွာ ဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ ဟု (မိန့်ဆို၏)။

အဋ္ဌမသုတ်။

## ၉-အနိမိတ္တပဥှာသုတ်

၃၄၁။ "အနိမိတ္တစေတောသမာဓိ အနိမိတ္တစေတောသမာဓိ" ဟု ဆိုအပ်၏။ အဘယ်သည် အနိမိတ္တစေတော သမာဓိနည်း ဟု အကြံဖြစ်၏၊ ငါ့သျှင်တို့ ထိုငါ့အား ဤသာသနာတော်၌ နိစ္စနိမိတ်စသည်အလုံးစုံတို့ကို နှလုံးမသွင်းခြင်းကြောင့် နိစ္စနိမိတ်စသည် ကင်းဆိတ်သော စိတ်၏ တည်ကြည်ခြင်းသို့ ရောက်၍ နေ၏၊ ဤသည်ကို အနိမိတ္တစေတောသမာဓိ ဟု ဆိုအပ်၏ဟု ဤအကြံသည် ဖြစ်၏။ ငါ့သျှင်တို့ ထိုငါသည် နိစ္စနိမိတ်စသည် အလုံးစုံကို နှလုံးမသွင်းခြင်းကြောင့် နိစ္စနိမိတ်စသည် ကင်းဆိတ်သော စိတ်၏တည်ကြည်ခြင်းသို့ ရောက်၍နေ၏။ ငါ့သျှင်တို့ ဤနေခြင်းဖြင့် နေသော ထိုငါ့အား နိစ္စနိမိတ်စသည်သို့ အစဉ်လျှောက်သော ဝိညာဏ်သည် ဖြစ်၏။

ငါ့သျှင်တို့ ထိုအခါ ငါ့ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍"ဗြာဟ္မဏဖြစ်သော မောဂ္ဂလာန် မောဂ္ဂလာန် နိစ္စနိမိတ် စသည် ကင်းဆိတ်သော စိတ်၏ တည်ကြည်ခြင်းကို မမေ့ မလျော့လင့်၊ နိစ္စနိမိတ် စသည် ကင်းဆိတ်သော စိတ်၏ တည်ကြည်ခြင်း၌ စိတ်ကို ကောင်းစွာ တည်စေလော့၊ နိစ္စနိမိတ်စသည် ကင်းဆိတ်သော စိတ်၏တည်ကြည်ခြင်း၌ စိတ်ကို တည်ကြည်အောင်ပြုလော့၊ နိစ္စနိမိတ် စသည် ကင်းဆိတ်သော စိတ်၏ တည်ကြည်ခြင်း၌ စိတ်ကို ကောင်းစွာ ထားလော့" ဟူသော ဤစကားကို မိန့်တော်မူ၏။ ငါ့သျှင်တို့ ထိုငါသည် အခါတပါး၌ နိစ္စနိမိတ် စသည် အလုံးစုံကို နှလုံးမသွင်းခြင်းကြောင့် နိစ္စနိမိတ်စသည် ကင်းဆိတ်သော စိတ်၏ တည်ကြည်ခြင်းသို့ ရောက်၍ နေ၏။ ငါ့သျှင်တို့ မြတ်စွာဘုရားသည် ချီးမြှောက်အပ်သော ထူးမြတ်သော အသိဉာဏ်ရှိသည့် အဖြစ်သို့ ရောက်သော တပည့်ဟူသော စကားကို ကောင်းစွာ ဆိုလိုသူသည် ကောင်းစွာ ဆိုလိုသော် ငါ့ကိုသာလျှင် ဆိုရာ၏ ဟု (မိန့်ဆို၏)။

နဝမသုတ်။

## ၁၀-သက္ကသုတ်

၃၄၂။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အားရှိသော ယောကျ်ားသည် ကွေးအပ်သော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်အပ်သော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူ ဇေတ ဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ထင်ရှားဖြစ်၏။ ထိုအခါနတ်တို့အရှင် သိကြားမင်းသည် ငါးရာကုန်သောနတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ချဉ်းကပ်ပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုး၍ တခုသောနေရာ၌ ရပ်တည်လေ၏။ တခုသောနေရာ၌ ရပ်တည်ပြီးသော် နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို ဆို၏—

နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့

ရောက်ရကုန်၏။ နတ်တို့အရှင် သိကြားမင်း တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း တရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ် ဆည်းကပ်ခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု မိန့်ဆို၏။

အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သောနတ်ပြည်သို့ ရောက်ရကုန်၏။ အသျှင်မောဂ္ဂလာန် တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် တရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ အသျှင်မောဂ္ဂလာန် သံဃာ။ပ။ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု လျှောက်၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခြောက်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခုနစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်သောင်းကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လေ၏၊ တခုသောနေရာ၌ ရပ်တည်ပြီးသော နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို ဆို၏—

နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ နတ်တို့အရှင် သိကြားမင်း တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း တရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ရောက်ရကုန်၏။နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု မိန့်ဆို၏။

အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ အသျှင်မောဂ္ဂလာန် တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ပ။ အသျှင်မောဂ္ဂလာန် သံဃာကို ကိုးကွယ် ဆည်းကပ်ခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် သံဃာကို

ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု လျှောက်၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ငါးရာကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ချဉ်းကပ်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လေ၏၊ တခုသောနေရာ၌ ရပ်တည်ပြီးသော နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကိုဆို၏။ နတ်တို့အရှင် သိကြားမင်း "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသောအကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ဘုရား၌သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည်ကောင်း၏။ နတ်တို့အရှင် သိကြားမင်း ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း တရားတော်သည် "မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပါပေတည်း၊အခါမလင့် အကျိုးပေးတတ်သောတရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှသိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု တရား၌သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း တရား၌သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျောက်ပတ်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့်လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာသော အလှူကို ခံတော်မူထိုက်ပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသောအလှူကို ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြော်သောအလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏

ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏”ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း မကျိုးမပေါက် မပြောက်မကျားမူ၍ (တဏှာကျွန်အဖြစ်မှ) လွတ်မြောက်လျက် ပညာရှိတို့ ချီးမွမ်းအပ် မှားသောအားဖြင့် မသုံးသပ်အပ် တည်ကြည်မှုကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့်ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟူသော ဤစကားကို မိန့်ဆို၏။ အသျှင်မောဂ္ဂလာန် “ဤအကြောင်းကြောင့်လည်း။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့် သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏။ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏” ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

အသျှင်မောဂ္ဂလာန် “တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော်ပါပေတည်း။ပ။(အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း”ဟု တရား၌ သက်ဝင်၍ ကြည်ညိုခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

အသျှင်မောဂ္ဂလာန် “မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းသောအကျင့်ရှိတော်မူပါပေ၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏”ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

အသျှင်မောဂ္ဂလာန် မကျိုးကုန်။ပ။ သမာဓိကို ဖြစ်စေတတ်ကုန်သော အရိယာတို့နှစ်သက်အပ်ကုန်သော သီလတို့နှင့်ပြည့်စုံခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့်ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု လျှောက်၏။

ထိုအခါ၌ နတ်တို့အရှင် သိကြားမင်းသည် ခြောက်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခုနစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည်

ရှစ်သောင်းကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လေ၏။ တခုသောနေရာ၌ ရပ်တည်ပြီးသော နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို ဆို၏—

နတ်တို့အရှင် သိကြားမင်း "ထိုမြတ်စွာဘုရားသည် ။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောထားအပ်သော တရားတော်ပါပေတည်း။ပ။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း "မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေဖြစ်တော်မူပါပေ၏"ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း မကျိုးကုန်။ပ။ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း အရိယာတို့နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟူသော ဤစကားကို မိန့်ဆို၏။

အသျှင်မောဂ္ဂလာန်"ထိုမြတ်စွာဘုရားသည်။ပ။နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် ဘုရား၌ သက်ဝင်၍ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

အသျှင်မောဂ္ဂလာန် "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော် ပါပေတည်း။ပ။ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါ ပေတည်း"ဟု တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂ လာန် တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ် သော နတ်ပြည်သို့ ရောက်ရကုန်၏။

အသျှင်မောဂ္ဂလာန် "မြတ်စွာဘုရား၏ တပည့်သားသံဃာသည် ကောင်းသော အကျင့်ရှိတော် မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏"ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာ ကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

အသျှင်မောဂ္ဂလာန် မကျိုးကုန်။ပ။ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်း၏ အသျှင်မောဂ္ဂလာန် အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ် သောနတ်ပြည်သို့ ရောက်ရကုန်၏ဟု လျှောက်၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ငါးရာကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာ မောဂ္ဂလာန်ထံသို့ ချဉ်းကပ်လေ၏။ပ။ တခုသောနေရာ၌ ရပ်ဘည်ပြီးသော နတ်တို့အရှင် သိကြား မင်းအား အရှင်မဟာမောဂ္ဂလာန်သည် ဤစကားကိုဆို၏။ နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ် ဆည်း ကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုး နိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း။ပ။တရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့ သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း

နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ မိန့်ဆို၏။

အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန် တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ပ။ အသျှင်မောဂ္ဂလာန် သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ အသျှင်မောဂ္ဂလာန် သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြား နတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ဟု လျှောက်၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခြောက်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခုနစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်သောင်းကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လေ၏။ တခုသော နေရာ၌ ရပ်တည်ပြီးသော နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို ဆို၏— နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြား နတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ပ။

နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။နတ်တို့အရှင် သိကြားမင်း သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြား နတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ မိန့်ဆို၏။

အသျှင်မောဂ္ဂလာန် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ပ။အသျှင်မောဂ္ဂလာန် တရားကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏။ပ။ အသျှင်မောဂ္ဂလာန် သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့်

ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြား နတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ ဟု လျှောက်၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ငါးရာကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လေ၏၊ တခုသောနေရာ၌ ရပ်တည်ပြီးသော နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်ဆို၏၊ နတ်တို့အရှင် သိကြားမင်း "မြတ်စွာဘုရားသည်။ပ။ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏" ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုနတ်တို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း။ပ။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။ပ။

နတ်တို့အရှင် သိကြားမင်း "မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏" ဟု သံဃာ၌သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏။

နတ်တို့အရှင် သိကြားမင်း မကျိုးကုန် ။ပ။ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်ကုန်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း အရိယာတို့နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ဟု မိန့်ဆို၏။

အသျှင်မောဂ္ဂလာန်"ထိုမြတ်စွာဘုရားသည်။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသောအကြောင်း ကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော် မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်း ကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏၊အသျှင်မောဂ္ဂလာန် ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာ ဖြစ်သော နတ်ပြည်သို့ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန်"တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော် ပါပေတည်း။ပ။ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေ တည်း"ဟု တရား၌သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန် သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန် "မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ပါပေ၏"ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန် သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန် မကျိုးကုန် ။ပ။ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့ သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ ဟု လျှောက်၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခြောက်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ခုနစ်ရာကုန်သော နတ်တို့နှင့်အတူ ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်ရာကုန်သော နတ်တို့နှင့်အတူ။ပ။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ရှစ်သောင်းကုန်သော နတ်တို့နှင့်အတူ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်၍ အသျှင်မဟာ မောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လေ၏။တခုသောနေရာ၌ ရပ်တည်ပြီးသော နတ်တို့အရှင် သိကြားမင်းအား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်ဆို၏—

နတ်တို့အရှင် သိကြားမင်း "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း"တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟောထားတော်မူသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ထိုသူတို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း "မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် မှန်ကန်သောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့်လေးစုံ ပုဂ္ဂိုလ်အားဖြင့်ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အရပ်ဝေးမှဆောင်ယူလာသော အလှူကို ခံတော်မူထိုက်ပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသောအလှူကို ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်တော်မူပါပေ၏"ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်

ပြည့်စုံခြင်းသည် ကောင်း၏။ နတ်တို့အရှင် သိကြားမင်း သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ထိုသူတို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

နတ်တို့အရှင် သိကြားမင်း မကျိုးမပေါက် မပြောက်မကြားမူ၍ တဏှာကျွန်အဖြစ်မှ လွတ်မြောက်လျက် ပညာရှိတို့ ချီးမွမ်းအပ် မှားသောအားဖြင့် မသုံးသပ်အပ် တည်ကြည်မှုကိုဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ နတ်တို့အရှင် သိကြားမင်း အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ဟု မိန့်တော်မူ၏။

အသျှင်မောဂ္ဂလာန် "ထိုမြတ်စွာဘုရားသည်။ပ။ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် ဘုရား၌သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။ နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန် "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း။ပ။ အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု တရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် တရား၌သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက်။ပ။နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန် "မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏"ဟု သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် သံဃာ၌သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်သို့

ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သောအသက်။ပ။နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသောဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏။

အသျှင်မောဂ္ဂလာန် မကျိုးကုန်။ပ။ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်း၏၊ အသျှင်မောဂ္ဂလာန် အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ရောက်ရကုန်၏၊ ထိုသူတို့သည် နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဆယ်ပါးသော ဌာနတို့ဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနိုင်ကုန်၏ဟု (လျှောက်၏)။

ဒသမသုတ်။

---

### ၁၁-စန္ဒနသုတ်

၄၄၂။ ထိုအခါ စန္ဒနနတ်သားသည်။ပ။ထိုအခါ သုယာမနတ်သားသည် ။ ပ ။ ထိုအခါ သန္တုသိတနတ်သားသည်။ပ။ထိုအခါ သုနိမ္မိတနတ်သားသည် ။ပ ။ ထိုအခါ ဝသဝတ္တိနတ်သားသည်။ပ။[ဤငါးပါးကုန်သော ပေယျာလသုတ်တို့ကို သက္ကသုတ်ကဲ့သို့ ချဲ့အပ်ကုန်၏]။

ကောဒသမသုတ်။

**မောဂ္ဂလာနသံယုတ် ပြီး၏။**

# ၇-စိတ္တသံယုတ်

## ၁-သံယောဇနသုတ်

၃၄၃။ အခါတပါး၌ များစွာသောမထေရ်ရဟန်းတို့သည် မစ္ဆိကာသဏ္ဍအရပ် ဝေးပင်တော၌ (သီတင်းသုံး)နေကုန်၏၊ ထိုအခါ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲကုန်၍ တန်ဆောင်းဝန်း၌ စုဝေးထိုင်နေကုန်သော များစွာကုန်သော မထေရ်ရဟန်းတို့အား "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်ထူး သဒ္ဒါထူးရှိကုန်သလော၊ သို့မဟုတ် အနက်တူ၍ သဒ္ဒါသာလျှင် ထူးသလော"ဟု ဤအကြားစကားသည် ဖြစ်ပေါ်၏။ ထိုအခါ အချို့သောမထေရ်ရဟန်းတို့သည် "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်လည်းထူး သဒ္ဒါလည်းထူးကုန်၏"ဟု ဖြေဆိုကြကုန်၏။ အချို့သောမထေရ်ရဟန်းတို့သည် "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်တူ၍ သဒ္ဒါသာလျှင် ထူး၏"ဟု ဤသို့ ဖြေဆိုကြကုန်၏။

ထိုအခါ စိတ္တသူကြွယ်သည် မိဂပထရွာငယ်သို့ တစုံတခုသောပြုဖွယ်ကိစ္စဖြင့် ရောက်လာ၏။ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲကုန်၍ တန်ဆောင်းဝန်း၌ စုဝေးထိုင်နေကုန်သော များစွာသောမထေရ်ရဟန်းတို့အား "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်ထူး သဒ္ဒါထူးရှိကုန်သလော၊ သို့မဟုတ် အနက်တူ၍ သဒ္ဒါသာလျှင် ထူးသလော"ဟု ဤအကြားစကားဖြစ်ပေါ်၏။ ထိုအခါ အချို့သော မထေရ်ရဟန်းတို့သည် "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်လည်းထူး သဒ္ဒါလည်းထူးကုန်၏"ဟု ဤသို့ ဖြေဆိုကြကုန်၏၊ အချို့သောမထေရ်ရဟန်းတို့သည် "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်တူ၍ သဒ္ဒါသာလျှင်ထူး၏ဟု ဤသို့ ဖြေဆိုကြကုန်၏"ဟု စိတ္တသူကြွယ် ကြားလေ၏။

ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်၍ မထေရ်ရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မထေရ်ရဟန်းတို့အား ဤစကားကိုလျှောက်၏—အသျှင်ဘုရားတို့ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲခဲ့၍ တန်ဆောင်းဝန်း၌ စုဝေးထိုင်နေကုန်သော များစွာသောမထေရ်ရဟန်းတို့အား "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်ထူး သဒ္ဒါထူးရှိကုန်သလော၊ သို့မဟုတ် အနက်တူ၍ သဒ္ဒါသာလျှင် ထူးသလော"ဟု ဤအကြားစကား ဖြစ်ပေါ်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားဟူ၍ရင်း ဤတရားတို့သည် အနက်လည်းထူး သဒ္ဒါလည်းထူးကုန်၏"ဟု ဤသို့ ဖြေဆိုကြကုန်၏၊ အချို့ကုန်သောမထေရ်ရဟန်းတို့သည် "ငါ့သျှင်တို့ သံယောဇဉ်ဟူ၍ရင်း သံယောဇနိယတရားတို့ဟူ၍ရင်း ဤတရားတို့သည် အနက်တူ၍ သဒ္ဒါသာလျှင်ထူး၏"ဟု ဤသို့ ဖြေဆိုကြကုန်၏ဟု ဤအကြားစကား ဖြစ်ပေါ်သာသည်ကို တပည့်တော်ကြားရပါသည်ဟု လျှောက်၏၊ သူကြွယ် မှန်၏ဟု မိန့်ဆိုကြကုန်၏။

အသျှင်ဘုရားတို့ သံယောဇဉ်ဟူ၍ရှင်း သံယောဇနိယတရားတို့ဟူ၍ရှင်း ဤတရားတို့သည် အနက်လည်းထူး သဒ္ဒါလည်းထူးကုန်၏၊ အသျှင်ဘုရားတို့ ထို့ကြောင့်ပင်လျှင် အသျှင်တို့အား ဥပမာကိုပြုအံ့၊ ဤလောက၌ အချို့ကုန်သော ပညာရှိတို့သည် ဆိုအပ်သောစကား၏ အနက်ကို ဥပမာဖြင့်သာ သိကုန်ရာ၏၊ အသျှင်ဘုရားတို့ ဥပမာသော်ကား နွားနက်ကိုရှင်း နွားဖြူကိုရှင်း တချောင်းတည်းသော လျှော်ကြိုးဖြင့်ဖြစ်စေ သားရေကြိုးဖြင့်ဖြစ်စေ ချည်ထားကုန်ရာ၏။ "နွားနက်သည် နွားဖြူ၏အနှောင်အဖွဲ့တည်း၊နွားဖြူသည် နွားနက်၏အနှောင်အဖွဲ့တည်း"ဟု ဤသို့ ပြောဆိုသောသူသည် ကောင်းစွာ ပြောဆိုသည်မည်ပါသလောဟုလျှောက်၏။သူကြွယ် ကောင်းစွာ ပြောဆိုသည်မမည်သေး၊ သူကြွယ် နွားနက်သည် နွားဖြူ၏အနှောင်အဖွဲ့မဟုတ်၊ နွားဖြူသည်လည်း နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ ထိုနွားနှစ်ကောင်တို့ကို ချည်ထားသော တချောင်းတည်းသော လျှော်ကြိုး သို့မဟုတ် သားရေကြိုးသည်ပင် ထိုနွားနှစ်ကောင်တို့၌ အနှောင်အဖွဲ့တည်းဟု မိန့်ဆိုကုန်၏။ အသျှင်ဘုရားတို့ ဤအတူ မျက်စိသည် ရူပါရုံတို့၏အနှောင်အဖွဲ့မဟုတ်၊ရူပါရုံတို့သည် မျက်စိ၏အနှောင်အဖွဲ့မဟုတ်။အမှန်ကား ထိုနှစ်ပါးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း။ နားသည် သဒ္ဒါရုံတို့၏ အနှောင်အဖွဲ့ မဟုတ်၊ နှာခေါင်းသည် ဂန္ဓာရုံတို့၏ အနှောင်အဖွဲ့ မဟုတ်၊ လျှာသည် ရသာရုံတို့၏ အနှောင်အဖွဲ့ မဟုတ်၊ ကိုယ်သည် ဖောဋ္ဌဗ္ဗာရုံတို့၏ အနှောင်အဖွဲ့ မဟုတ်၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ကိုယ်၏ အနှောင်အဖွဲ့ မဟုတ်။ အမှန်ကား ထိုနှစ်ပါးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ တည်း။စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့ မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့ မဟုတ်၊ ထိုနှစ်ပါးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'သည် ထိုနှစ်ပါး တို့၌ အနှောင်အဖွဲ့တည်းဟု လျှောက်၏။ သူကြွယ် နက်နဲသော ဘုရားစကားတော်၌ ပညာမျက်စိ ကို ဆောင်နိုင်ပေရကား သင့်အား အရတော်ပေစွတကား၊ ကောင်းစွာ ရအပ်ပေစွတကားဟု (မိန့်ဆိုကုန်၏)။

ပဌမသုတ်။

---

## ၂-ပဌမ ဣသိဒတ္တသုတ်

၃၄၄။ အခါတပါး၌ များစွာကုန်သော မထေရ်ရဟန်းတို့သည် မစ္ဆိကာသဏ္ဍအရပ် ဝေ့းပင် တော၌ (သီတင်းသုံး)နေကုန်၏၊ ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်၍ မထေရ် ရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် "အသျှင်ဘုရားတို့ မထေရ်ရဟန်းတို့သည် နက်ဖြန်အလို့ငှါ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါကုန်လော့"ဟု လျှောက်ထား၏။ မထေရ်ရဟန်းတို့သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကုန်၏။ ထိုအခါ စိတ္တသူကြွယ်သည် မထေ်ရဟန်းတို့၏ လက်ခံခြင်းကို သိ၍ နေရာမှထပြီးလျှင် မထေရ်ရဟန်းတို့ ကိုရှိခိုးလျက် အရိုအသေပြုကာ ဖဲသွားလေ၏။ ထိုအခါ မထေရ်ရဟန်းတို့သည် ထိုညဉ့်လွန်ပြီး နောက် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် စိတ္တသူကြွယ် နေရာအိမ်သို့ ချဉ်းကပ်ကုန်၍ ခင်းထားပြီးသော နေရာ၌ ထိုင်နေကုန်၏။

ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်၍ မထေရ်ရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မထေရ်ကြီးအား ဤစကားကို လျှောက်၏— "မထေရ်ကြီးဘုရား ဓာတ်တို့၏ ထူးခြားမှု ဓာတ်တို့၏ ထူးခြားမှုဟု ဆိုအပ်ပါ၏၊ အဘယ်မျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောအပ်ပါသနည်း" ဟု လျှောက်၏။ ဤသို့ မေးလျှောက်သော် မထေရ်ကြီးသည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း စိတ္တသူကြွယ်သည် မထေရ်ကြီးအား "မထေရ်ကြီးဘုရား ဓာတ်တို့၏ ထူးခြားမှု ဓာတ်တို့၏ ထူးခြားမှုဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောအပ်ပါသနည်း" ဟု လျှောက်၏။ နှစ်ကြိမ်မြောက်လည်း အသျှင်မထေရ်ကြီးသည် ဆိတ်ဆိတ် နေ၏။ သုံးကြိမ်မြောက်လည်း စိတ္တသူကြွယ်သည် အသျှင်မထေရ်ကြီးအား "မထေရ်ကြီးဘုရား ဓာတ်တို့၏ထူးခြားမှု ဓာတ်တို့၏ ထူးခြားမှုဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောအပ်ပါသနည်း" ဟု လျှောက်၏။ သုံးကြိမ်မြောက်လည်း မထေရ်ကြီးသည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင် ဣသိဒတ္တသည် ထိုရဟန်းသံဃာ၌ အလုံးစုံတို့အောက် ငယ်သူဖြစ်၏၊ ထိုအခါ အသျှင်ဣသိဒတ္တသည် မထေရ်ကြီးအား "မထေရ်ကြီးဘုရား အကျွန်ုပ်သည် စိတ္တသူကြွယ်၏ ပြဿနာကို ဖြေကြားပါအံ့"ဟု လျှောက်၏။ဣသိဒတ္တ သင်သည် စိတ္တသူကြွယ်၏ဤပြဿနာကို ဖြေလော့ဟု မိန့်ဆို၏။သူကြွယ်"မထေရ်ကြီးဘုရား ဓာတ်တို့၏ထူးခြားမှု ဓာတ်တို့၏ထူးခြားမှုဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောအပ်ပါသနည်း"ဟု သင်မေးသည် မဟုတ်လော။ မှန်ပါသည် အသျှင်ဘုရား၊ သူကြွယ် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဓာတ်တို့၏ထူးခြားမှုကား စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ်။ပ။မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်တို့တည်း။ သူကြွယ် ဤမျှဖြင့် ဓာတ်တို့၏ထူးခြားမှုကို မြတ်စွာဘုရား ဟောကြားတော်မူအပ်ပေ၏ဟု မိန့်ဆို၏။

ထိုအခါ စိတ္တသူကြွယ်သည် အသျှင်ဣသိဒတ္တ၏စကားကို အလွန်နှစ်သက်ကာ ဝမ်းမြောက်၍ မထေရ်ရဟန်းတို့ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ ထို့နောက် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ မထေရ်ရဟန်းတို့သည် နေရာမှထ၍ ဖဲသွားကုန်၏။ထိုအခါ မထေရ်ကြီးသည် အသျှင်ဣသိဒတ္တအား "ငါ့သျှင်ဣသိဒတ္တ ဤပြဿနာသည် သင်၏ဉာဏ်၌ ကောင်းစွာ ထင်ပါပေ၏၊ ဤပြဿနာသည် ငါ၏ဉာဏ်၌ မထင်ပေ၊ ငါ့သျှင်ဣသိဒတ္တ ထို့ကြောင့်ပင်လျှင် ဤသို့ သဘောရှိသော အခြားသောပြဿနာ ရောက်လာသောအခါ သင်သည်သာလျှင် ဖြေဆိုပါလော့"ဟု ဤစကားကို မိန့်ဆို၏။

ဒုတိယသုတ်။

---

## ၃-ဒုတိယ ဣသိဒတ္တသုတ်

၃၄၅။ အခါတပါး၌ များစွာသော မထေရ်ရဟန်းတို့သည် မစ္ဆိကာသဏ္ဍအရပ် ဝေ့းပင်တော၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်၍

မဃထေရ်ရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မထေရ်ရဟန်းတို့အား "အသျှင် မဃထေရ်ရဟန်းတို့သည် နက်ဖြန်အလို့ငှါ အကျွန်ုပ်၏ ဆွမ်းကို လက်ခံပါကုန်လော့"ဟု ဤစကားကို လျှောက်၏။ မထေရ်ရဟန်းတို့သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကြကုန်၏၊ ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့၏ လက်ခံခြင်းကိုသိ၍ နေရာမှထပြီးလျှင် မထေရ်ရဟန်းတို့ကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွားလေ၏။ ထိုအခါ မထေရ်ရဟန်းတို့သည် ထိုညဉ့်လွန်ပြီးနောက် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် စိတ္တသူကြွယ်အိမ်သို့ ချဉ်းကပ်၍ ခင်းထားပြီးသော နေရာ၌ ထိုင်နေကြကုန်၏။

ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်၍ မထေရ်ရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၍ မထေရ်ကြီးအား ဤစကားကို လျှောက်၏"မထေရ်ကြီးဘုရား လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း လောကသည် အဆုံးရှိ၏ဟူ၍ငင်း လောကသည် အဆုံးမရှိဟူ၍ငင်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍ငင်း အသက်သည်တခြား ကိုယ်သည် တခြားဟူ၍ငင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ငင်း သတ္တဝါသည် သေသည်မှ နောက်၌မဖြစ်ဟူ၍ငင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ် မဖြစ်လည်း မဖြစ် ဟူ၍ငင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငင်း များသော အပြားရှိကုန်သော မိစ္ဆာအယူတို့သည် လောက၌ ဖြစ်ပေါ်ကုန်၏။ ခြောက်ဆယ့် နှစ်ပါးသော ဤမိစ္ဆာအယူတို့ကိုလည်း ဗြဟ္မဇာလသုတ်၌ ဟောတော်မူအပ်ပါကုန်၏။ အသျှင်ဘုရား ဤအယူတို့သည် အဘယ်တရားရှိသော် ဖြစ်ပါကုန်သနည်း၊ အဘယ်တရားမရှိသော် မဖြစ်ပါကုန်သနည်း" ဟု လျှောက်၏။

ဤသို့ မေးလျှောက်သော် မထေရ်ကြီးသည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း စိတ္တသူကြွယ်သည်။ပ။ သုံးကြိမ်မြောက်လည်း စိတ္တသူကြွယ်သည် မထေရ်ကြီးအား ဤစကားကို လျှောက်၏ "မထေရ်ကြီးဘုရား လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း လောကသည် အဆုံးရှိ၏ဟူ၍ငင်း လောကသည် အဆုံးမရှိဟူ၍ငင်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍ငင်း အသက်သည်တခြား ကိုယ်သည်တခြားဟူ၍ငင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ငင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ငင်း သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်ဟူ၍ငင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငင်း များသောအပြားရှိကုန်သော မိစ္ဆာအယူတို့သည် လောက၌ ဖြစ်ပေါ်ကုန်၏။ ခြောက်ဆယ့်နှစ်ပါးသော ဤမိစ္ဆာအယူတို့ကိုလည်း ဗြဟ္မဇာလသုတ်၌ ဟောအပ်ပါကုန်၏၊ အသျှင်ဘုရား ဤအယူတို့သည် အဘယ်တရားရှိသော် ဖြစ်ပါကုန်သနည်း၊ အဘယ်တရား မရှိသော် မဖြစ်ပါကုန်သနည်း"ဟု လျှောက်၏။ သုံးကြိမ်မြောက်လည်း မထေရ်ကြီးသည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင်ဣသိဒတ္တသည် ထိုရဟန်းသံဃာ၌ အလုံးစုံတို့အောက် ငယ်သူဖြစ်၏။ ထိုအခါ၌ အသျှင်ဣသိဒတ္တသည် မထေရ်ကြီးအား "အကျွန်ုပ်သည် စိတ္တသူကြွယ်၏ ပြဿနာကို ဖြေဆိုပါအံ့" ဟု လျှောက်၏။ ငါ့သျှင်ဣသိဒတ္တ သင်သည် စိတ္တသူကြွယ်၏ ပြဿနာကို ဖြေဆိုလော့ဟု မိန့်ဆို၏။ သူကြွယ် မထေရ်ရဟန်းအား လောကသည် မြဲ၏ဟူ၍ငင်း။ပ။ များပြားသော မိစ္ဆာအယူတို့သည် ဖြစ်ပေါ်ပါကုန်၏။ပ။ အသျှင်ဘုရား ဤအယူတို့သည် အဘယ်တရားရှိသော် ဖြစ်ကုန်သနည်း၊ အဘယ်တရားမရှိသော် မဖြစ်ကုန်သနည်းဟု သင်မေးလျှောက်သည် မဟုတ်လော။ မှန်ပါ

သည် အသျှင်ဘုရား။ သူကြွယ် လောကသည် မြဲ၏ဟူ၍ငြင်း လောကသည် မမြဲဟူ၍ငြင်း လောကသည်အဆုံးရှိ၏ ဟူ၍ငြင်း လောကသည် အဆုံးမရှိဟူ၍ငြင်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍ငြင်း အသက်သည်တခြား ကိုယ်သည်တခြားဟူ၍ငြင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ငြင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ငြင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်ဟူ၍ငြင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငြင်း မျိုးပြားသော မိစ္ဆာအယူတို့သည် လောက၌ ဖြစ်ပေါ်ကုန်၏။ ခြောက်ဆယ့်နှစ်ပါးသော ဤမိစ္ဆာအယူတို့ကိုလည်း ဗြဟ္မဇာလသုတ်၌ ဟောအပ်ကုန်၏။ သူကြွယ် ဤအယူတို့သည် သက္ကာယဒိဋ္ဌိရှိသော် ဖြစ်ကုန်၏၊ သက္ကာဒိဋ္ဌိမရှိသော် မဖြစ်ကုန်ဟု (မိန့်ဆို၏)။

အသျှင်ဘုရား အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသနည်း။ သူကြွယ် ဤလောက၌ အကြားအမြင်မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ငြင်း ရုပ်ရှိသော အတ္တဟူ၍ငြင်း အတ္တ၌ ရုပ်ဟူ၍ငြင်း ရုပ်၌ အတ္တဟူ၍ငြင်း ရှု၏။ ဝေဒနာကို အတ္တဟူ၍ ရှု၏။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟူ၍ ရှု၏။ ဝိညာဏ်ရှိသော အတ္တဟူ၍ငြင်း အတ္တ၌ ဝိညာဏ်ဟူ၍ငြင်း ဝိညာဏ်၌ အတ္တဟူ၍ငြင်း ရှု၏။သူကြွယ် ဤသို့လျှင် သက္ကာယဒိဋ္ဌိဖြစ်၏ဟု လျှောက်၏။

အသျှင်ဘုရား အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်သနည်း။ သူကြွယ် ဤလောက၌ အကြားအမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်သည် ရုပ်ကို အတ္တဟူ၍ငြင်း ရုပ်ရှိသော အတ္တဟူ၍ငြင်း အတ္တ၌ ရုပ်ဟူ၍ငြင်း ရုပ်၌ အတ္တဟူ၍ငြင်း မရှု။ ဝေဒနာကို။သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ငြင်း ဝိညာဏ်ရှိသော အတ္တဟူ၍ငြင်း အတ္တ၌ ဝိညာဏ်ဟူ၍ငြင်း ဝိညာဏ်၌ အတ္တဟူ၍ငြင်း မရှု။ သူကြွယ် ဤသို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု (မိန့်ဆို၏)။

အသျှင်ဘုရား အသျှင်ဣသိဒတ္တသည် အဘယ်အရပ်မှ လာပါသနည်း။ သူကြွယ် အဝန္တိတိုင်းမှ လာခဲ့၏။ အသျှင်ဘုရား အဝန္တိတိုင်း၌ အကျွန်ုပ်တို့ မမြင်ဘူးပဲ မိတ်ဆွေဖြစ်သည့် ဣသိဒတ္တ အမျိုးကောင်းသားသည် ရဟန်းပြုနေပါ၏၊ ထိုအသျှင်ကို အသျှင်ဘုရား မြင်ဘူးပါသလော။ သူကြွယ် မြင်ဘူး၏။ အသျှင်ဘုရား ထိုအသျှင်သည် ယခုအခါ အဘယ်အရပ်၌ နေပါသနည်းဟု မေးလျှောက်သော် အသျှင်ဣသိဒတ္တသည် ဆိတ်ဆိတ်နေ၏။ အသျှင်ဘုရား အသျှင်သည် အကျွန်ုပ်တို့၏ ဣသိဒတ္တပါလောဟု(လျှောက်၏)။

သူကြွယ် ဟုတ်မှန်၏။ အသျှင်ဘုရား အသျှင် ဣသိဒတ္တသည် မစ္ဆိကာသဏ္ဍ၌ မွေ့လျော်ပါလော့၊ ဝေးပင်တောသည် မွေ့လျော်ဖွယ်ရှိပါ၏၊ အကျွန်ုပ်သည် အသျှင်ဣသိဒတ္တအား သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ဖြင့် ကြောင့်ကြပြုပါအံ့ဟု (လျှောက်၏)။ သူကြွယ် ကောင်းသည်ကို ဆိုအပ်၏ဟု (မိန့်ဆို၏)။

ထိုအခါ၌ စိတ္တသူကြွယ်သည် အသျှင်ဣသိဒတ္တ၏ စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ မထေရ်ရဟန်းတို့ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ ထို့နောက် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသော အခါ မထေရ်ရဟန်းတို့သည် နေရာမှထ၍ ဖဲကြွကုန်၏။ထိုအခါ အသျှင်မထေရ်ကြီးသည် "အသျှင် ဣသိဒတ္တကို ငါ့သျှင်ဣသိဒတ္တ ဤပြဿနာသည် သင်၏ဉာဏ်၌ ကောင်းစွာထင်ပါပေ၏၊ဤပြဿနာ သည် ငါ၏ ဉာဏ်၌မထင်ပေ၊ ဣသိဒတ္တ ထို့ကြောင့်ပင်လျှင် ဤသို့သဘောရှိသော အခြားပြဿနာ ရောက်လာသောအခါ သင်သည်သာလျှင် ဖြေဆိုပါလော့"ဟု ဤစကားကို မိန့်ဆို၏။ ထို့နောက် အသျှင်ဣသိဒတ္တသည် ကျောင်းအိပ်ရာကို သိုမှီးသိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ပြန်မလာသော ဖဲသွားခြင်းဖြင့် မစ္ဆိကာသဏ္ဍမှ ဖဲသွားလေ၏။

တတိယသုတ်။

---

## ၄-မဟာကပါဋိဟာရိယသုတ်

၃၄၆။ အခါတပါး၌ များစွာကုန်သော မထေရ်ရဟန်းတို့သည် မစ္ဆိကာသဏ္ဍအရပ် ဝေ့ပင် တော၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံသို့ ချဉ်းကပ်၍ မထေရ်ရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးလျှင် မထေရ်ရဟန်းတို့အား "အသျှင် ဘုရားတို့ မထေရ်ရဟန်းတို့သည် နက်ဖြန်အလို့ငှါ အကျွန်ုပ်၏ ဆွမ်းကို လက်ခံပါကုန်လော့"ဟု လျှောက်၏။ မထေရ်ရဟန်းတို့သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကုန်၏။ ထိုအခါ စိတ္တသူကြွယ် သည် မထေရ်ရဟန်းတို့၏ လက်ခံခြင်းကိုသိ၍ နေရာမှထကာ မထေရ်ရဟန်းတို့ကို ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏။

ထိုအခါ မထေရ်ရဟန်းတို့သည် ထိုညဉ့်လွန်ပြီးနောက် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် စိတ္တသူကြွယ်၏ နွားခြံရှိရာသို့ ချဉ်းကပ်ကုန်၍ ခင်းထား အပ်သော နေရာ၌ ထိုင်နေကုန်၏။ ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ကို မွန်မြတ်သော ထောပတ် နို့ဃနာဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ ထို့နောက် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ မထေရ်ရဟန်းတို့ သည် နေရာမှထလျက် ဖဲကြွကုန်၏။စိတ္တသူကြွယ်သည်လည်း "အကြွင်းကို စွန့်ကုန်လော့"ဟု ဆို၍ မထေရ်ရဟန်းတို့သို့ နောက်မှ နောက်မှ အစဉ်လိုက်၏။ ထိုအခါ နေခြစ်ခြစ်တောက်ပူ၏။ ထို မထေရ်ရဟန်းတို့သည်လည်း ဘောဇဉ်ကိုစားပြီးခါစ သူတို့ကဲ့သို့ တွန့်ဆုတ်လေးလံဘိသကဲ့သို့သော ကိုယ်ဖြင့် ကြွသွားကြရကုန်၏။

ထိုအခါ အသျှင်မဟာကသည် ထိုရဟန်းသံဃာ၌ အလုံးစုံတို့အောက် ငယ်သူဖြစ်၏။ ထိုအခါ အသျှင်မဟာကသည် အသျှင်မထေရ်ကြီးကို "အသျှင်မထေရ်ဘုရား လေအေးလည်းတိုက် မိုးလည်းအုံ့ မိုးလည်းတပေါက်ချင်း ရွာခဲ့ပါမူ ကောင်းပါမည်လော"ဟု လျှောက်၏။ ငါ့သျှင် မဟာက လေအေးလည်းတိုက် မိုးလည်းအုံ့ မိုးလည်း တပေါက်ချင်း ရွာခဲ့ပါမူ ကောင်းပေ ရာ၏ဟုမိန့်ဆို၏၊ထိုအခါ အသျှင်မဟာကသည် လေအေးလည်းတိုက် မိုးလည်းအုံ့ မိုးလည်း တပေါက်

ချင်း ကျနိုင်လောက်သော သဘောရှိသော တန်ခိုးကို ဖန်ဆင်း၏၊ ထိုအခါ စိတ္တသူကြွယ်အား "ဤရဟန်း သံဃာ၌ အလုံးစုံတို့အောက် ငယ်သော ရဟန်း၏ တန်ခိုး အာနုဘော်သည် ဤသို့ သဘောရှိ၏"ဟူသော ဤအကြံသည် ဖြစ်၏။ ထို့နောက် အသျှင်မဟာကသည် အရံသို့ ရောက်သော် အသျှင်မထေရ်ကို "အသျှင်မထေရ်ဘုရား ဤမျှဖြင့် သင့်တော်ပြီလော"ဟူသော ဤစကားကို လျှောက်၏။ ငါ့သျှင်မဟာက ဤမျှဖြင့် သင့်တော်ပြီ၊ ငါ့သျှင်မဟာက ဤမျှဖြင့် ပြုအပ်ပြီ၊ ငါ့သျှင်မဟာက ဤမျှဖြင့် ပူဇော်အပ်ပြီ ဟု ဆို၏။ ထိုအခါ မထေရ်ရဟန်းတို့သည် နေမြဲတိုင်းသော ကျောင်းသို့ ကြွကုန်၏၊ အသျှင်မဟာကသည်လည်း မိမိကျောင်းသို့ ကြွ၏။

ထိုအခါ စိတ္တသူကြွယ်သည် အသျှင်မဟာကထံသို့ ချဉ်းကပ်၍ အသျှင်မဟာကကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်မဟာကအား "အသျှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်အား အသျှင်မဟာကသည် လူတို့၏ တရားထက်လွန်သော ဟန်ခိုးပြာဋိဟာကို ပြပါလော့"ဟု လျှောက်၏။ သူကြွယ် သို့ဖြစ်လျှင် သင်သည် အဝင်ဝ၌ အပေါ်ရုံကိုခင်း၍ မြက်စည်းကို ကြဲဖြန့်လော့ ဟု မိန့်ဆို၏၊ "အသျှင်ဘုရား ကောင်းပါပြီ"ဟု စိတ္တသူကြွယ်သည် အသျှင်မဟာကအား ဝန်ခံ၍ အဝင်ဝ၌ အပေါ်ရုံကို ခင်းပြီးလျှင် မြက်စည်းကို ကြဲဖြန့်၏။ ထိုအခါ အသျှင်မဟာကသည် ကျောင်းသို့ ဝင်ပြီးလျှင် တံခါးကျည်း (မင်းတုပ်) ချ၍ သံကောက်ပေါက်မှရင်း တံခါးရွက်ကြားမှရင်း အလျှံထွက်ပြီးလျှင် မြက်တို့ကိုလောင်၍ အပေါ်ရုံကို မလောင်စေနိုင်သော သဘောရှိသော တန်ခိုးကို ဖန်ဆင်း၏၊ ထိုအခါ စိတ္တသူကြွယ်သည် အပေါ်ရုံကို ခါ၍ ထိတ်လန့်လျက် ကြက်သီးမွေးညင်းထခြင်းရှိသည်ဖြစ်၍ တခုသော နေရာ၌ရပ်၏။

ထိုအခါ အသျှင်မဟာကသည် ကျောင်းမှထွက်ပြီးလျှင် စိတ္တသူကြွယ်ကို "သူကြွယ် ဤမျှဖြင့် သင့်တော်ပြီလော"ဟူသော ဤစကားကို ဆို၏။ အသျှင်မဟာက ဤမျှဖြင့် သင့်တော်ပါပြီ၊ အသျှင်မဟာက ဤမျှဖြင့် ပြုအပ်ပါပြီ၊ အသျှင်မဟာက ဤမျှဖြင့် ပူဇော်အပ်ပါပြီ၊ အသျှင်မဟာကသည် မစ္ဆိကာသဏ္ဍ၌ မွေ့လျော်ပါလော့၊ ဝေ့ုပင်တောသည် မွေ့လျော်ဖွယ်ရှိပါ၏။ အကျွန်ုပ်သည် အသျှင်မဟာကအား သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံး အဆောင်တို့ဖြင့် ကြောင့်ကြပြုပါအံ့။ သူကြွယ် ကောင်းသည်ကို ဆိုအပ်ပေ၏ဟု မိန့်ဆို၏။ ထို့နောက် အသျှင်မဟာကသည် ကျောင်းအိပ်ရာနေရာကို သိမ်းသိမ်းဆည်း၍ သပိတ်သင်္ကန်းကို ဆောင်ယူလျက် တဖန် ပြန်မလာသော ဖဲသွားခြင်းဖြင့် မစ္ဆိကာသဏ္ဍမှ ဖဲသွားလေ၏။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ ကာမဘူသုတ်

၃၄၇။ အခါတပါး၌ အသျှင်ကာမဘူသည် မစ္ဆိကာသဏ္ဍ အရပ် ဝေ့ုပင်တော၌ (သီတင်းသုံး) နေ၏၊ ထိုအခါ စိတ္တသူကြွယ်သည် အသျှင်ကာမဘူထံသို့ ချဉ်းကပ်၍ အသျှင်ကာမဘူကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော စိတ္တသူကြွယ်အား အသျှင်ကာမဘူသည် "သူကြွယ် မြတ်စွာဘုရားသည်—

အပြစ်ကင်းသော အစိတ်အပိုင်း ရှိသော ဖြူသော အမိုးရှိသော တခုသော အကန့်ရှိသော ရထားသည် လည်၏၊ ဆင်းရဲခြင်း ကင်းလျက် အယဉ်ကို ဖြတ်ပြီးလျှင် အနှောင်အဖွဲ့ မရှိမူ၍ လာနေသူကို ရှုလော့-ဟု ဤဂါထာကို ဟောတော်မူ၏။

သူကြွယ် အကျဉ်းအားဖြင့် ဟောအပ်သော ဤစကား၏အနက်ကို အကျယ်အားဖြင့် အဘယ်သို့ မှတ်သင့် ပါသနည်း''ဟု မိန့်၏၊ အသျှင်ဘုရား ဤစကားကို မြတ်စွာဘုရား ဟောအပ်ပါသလော၊ သူကြွယ်ဟောအပ်သည်မှန်၏၊ အသျှင်ဘုရား သို့ဖြစ်လျှင် ထိုစကား၏ အနက်ကို ဆင်ခြင်ရန် တခဏမျှ ဆိုင်းငံ့ပါလော့၊ထိုအခါ စိတ္တသူကြွယ်သည် တခဏမျှ ဆိတ်ဆိတ်နေ၍ အသျှင်ကာမဘူ အား ဤစကားကို လျှောက်၏—

အသျှင်ဘုရား "အပြစ်ကင်းသော အစိတ်အပိုင်း" ဟူသော ဤအမည်သည် သီလတို့၏ အမည်ပါတည်း၊ အသျှင်ဘုရား "ဖြူသော အမိုး" ဟူသော ဤအမည်သည် လွတ်မြောက်ခြင်း အရဟတ္တဖိုလ်၏ အမည်ပါတည်း။ အသျှင်ဘုရား "တခုသော အကန့်" ဟူသော ဤအမည်သည် သတိ၏ အမည်ပါတည်း။ အသျှင်ဘုရား "လည်၏" ဟူသော ဤအမည်သည် ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း၏ အမည်ပါတည်း။ အသျှင်ဘုရား "ရထား" ဟူသော ဤအမည်သည် မိဖ တို့၏ သုက်သွေးကိုမှီ၍ ဖြစ်သော ထမင်း မုယောမှုံ့တို့ဖြင့် ကြီးပွါးရသော မမြဲခြင်း လိမ်းကျံခြင်း နှိပ်နယ်ခြင်း ပြိုကွဲ ပျက်စီးခြင်း သဘောရှိသော မဟာဘုတ်လေးပါးကို မှီသော ဤခန္ဓာ ကိုယ်၏ အမည်ပါတည်း။ အသျှင်ဘုရား စွဲမက်မှု'ရာဂ'သည် ဆင်းရဲတည်း၊ အမျက်ထွက်မှု 'ဒေါသ' သည် ဆင်းရဲတည်း၊ တွေဝေမှု 'မောဟ' သည် ဆင်းရဲတည်း။ ထိုဆင်းရဲတို့သည် အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးကုန်ပြီ၊ နုတ် ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးကုန်ပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးကုန်ပြီ၊ နောင်အခါ ဖြစ်ခြင်း သဘောမရှိကုန်။ ထို့ကြောင့် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို "ဆင်းရဲခြင်း မရှိသူ" ဟု ဆိုအပ်၏။ အသျှင်ဘုရား "လာနေသူ" ဟူသော ဤအမည်သည် ရဟန္တာ၏ အမည်ပါတည်း။ အသျှင်ဘုရား "အယဉ်"ဟူသော ဤအမည်သည် တပ်မက်မှု 'တဏှာ' ၏ အမည်ပါတည်း။ ထို တပ်မက်မှု'တဏှာ'သည် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးကုန်ပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီး ကုန်ပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်။ ထို့ကြောင့် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ် ကို "အယဉ်ကို ဖြတ်ပြီးသူ" ဟု ဆိုအပ်၏။ အသျှင်ဘုရား စွဲမက်မှု 'ရာဂ'သည် အနှောင်အဖွဲ့တည်း၊ အမျက်ထွက်မှု 'ဒေါသ'သည် အနှောင်အဖွဲ့တည်း၊ တွေဝေမှု'မောဟ'သည် အနှောင်အဖွဲ့တည်း။ ထိုအနှောင်အဖွဲ့တို့သည် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပယ်အပ်ကုန်ပြီ၊ အမြစ် ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးကုန်ပြီ၊ အသစ်မဖြစ်ခြင်း ကို ပြုပြီးကုန်ပြီ၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိကုန်။ ထို့ကြောင့် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို "အနှောင်အဖွဲ့မရှိသူ"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား ဤသို့လျှင် မြတ်စွာဘုရား သည်—

အပြစ်ကင်းသော အစိတ်အပိုင်းရှိသော ဖြူသောအမိုးရှိသော တခုသောအကန့်ရှိသော ရထားသည် လည်၏၊ ဆင်းရဲခြင်း ကင်းလျက် အယဉ်ကိုဖြတ်ပြီးလျှင် အနှောင်အဖွဲ့မရှိမူ၍ လာနေသူကို ရှုလော့-ဟူသော ယင်းစကားကို ဟောတော်မူအပ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောအပ်သော ဤစကား၏ အနက်ကို အကျယ်အားဖြင့် ဤသို့သိပါ၏ဟု လျှောက်၏။ သူကြွယ် နက်နဲသော ဘုရားစကားတော်၌ ပညာမျက်စိကို ဆောင်နိုင်ပေရကား သင့်အား အရတော်ပေစွတကား၊ ကောင်းစွာ ရအပ်ပေစွတကားဟု(မိန့်ဆို၏)။

ပဥ္စမသုတ်။

---

## ၆-ဒုတိယ ကာမဘူသုတ်

၃၄၈။ အခါတပါး၌ အသျှင်ကာမဘူသည် မစ္ဆိကာသဏ္ဍအရပ် ဝေးပင်တော၌(သီတင်းသုံး) နေ၏၊ ထိုအခါ စိတ္တသူကြွယ်သည် အသျှင်ကာမဘူထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော် "အသျှင်ဘုရာ. သင်္ခါရတို့သည် အဘယ်မျှတို့နည်း"ဟု လျှောက်၏။ သူကြွယ် သင်္ခါရဟူသည် ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ ဟု သုံးပါးတို့တည်း။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု စိတ္တသူကြွယ်သည် အသျှင်ကာမဘူ၏ စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ အသျှင်ကာမဘူအား ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏ "အသျှင်ဘုရား အဘယ်သည် ကာယသင်္ခါရဖြစ်သနည်း၊ အဘယ်သည် ဝစီသင်္ခါရ ဖြစ်သနည်း၊ အဘယ်သည် စိတ္တသင်္ခါရဖြစ်သနည်း"။ သူကြွယ် ထွက်သက် ဝင်သက်တို့သည် ကာယသင်္ခါရတည်း၊ ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရတည်း၊ သညာဝေဒနာတို့သည် စိတ္တသင်္ခါရတည်းဟု မိန့်ဆို၏။

· အသျှင်ဘုရား ကောင်းပါပြီဟု စိတ္တသူကြွယ်သည်။ပ။ ပြဿနာကို ထပ်မံ မေးလျှောက်ပြန်၏။ "အသျှင်ဘုရား အဘယ့်ကြောင့် ထွက်သက်ဝင်သက်တို့သည် ကာယသင်္ခါရမည်ပါသနည်း၊ အဘယ့်ကြောင့် ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရ မည်ပါသနည်း၊ အဘယ့်ကြောင့် သညာဝေဒနာတို့သည် စိတ္တသင်္ခါရမည်ပါသနည်း"ဟု လျှောက်၏။ သူကြွယ် ထွက်သက်ဝင်သက်တို့သည် ကိုယ်၌ မှီကုန်၏၊ ထိုတရားတို့သည် ကိုယ်နှင့်စပ်ကုန်၏။ ထို့ကြောင့် ထွက်သက်ဝင်သက်တို့သည် ကာယသင်္ခါရမည်ပေ၏။ သူကြွယ် ရှေးဦးစွာကြံစည်၍ သုံးသပ်၍ နောက်မှ စကားကို မြွက်ဆို၏။ ထို့ကြောင့် ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရမည်ပေ၏။ မှတ်သားမှု 'သညာ' သည်၎င်း ခံစားမှု 'ဝေဒနာ' သည်၎င်း စိတ်၌ မှီ၏။ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်၏။ ထို့ကြောင့် သညာဝေဒနာတို့သည် စိတ္တသင်္ခါရ မည်ပေ၏။

ကောင်းပါပြီ။ပ။ "အသျှင်ဘုရား အဘယ်သို့လျှင် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်သည် ဖြစ်သနည်း"ဟု ထပ်မံလျှောက်ပြန်၏။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သော ရဟန်းအား ငါသည် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်အံ့ဟူ၍၎င်း ငါသည် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်၏ ဟူ၍၎င်း ငါသည် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်ပြီ ဟူ၍၎င်း ဤသို့ စိတ်မဖြစ်။ စင်စစ်သော်ကား ထိုနိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား သညာဝေဒနာတို့ ချုပ်ရန်အလို့ငှါ ရှေးရှုဆောင်နိုင်လောက်သော စိတ်ကို ရှေးမဆွကပင် ပွါးပြီးဖြစ်၏။

ကောင်းပါပြီ။ပ။"အသျှင်ဘုရား သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်သော ရဟန်းအား အဘယ်တရားတို့သည် ချုပ်ခြင်းသို့ ရောက်ကုန်သနည်း၊ ကာယသင်္ခါရသည် ရှေးဦးစွာချုပ်ပါသလော၊ ဝစီသင်္ခါရသည် ရှေးဦးစွာချုပ်ပါသလော၊ စိတ္တသင်္ခါရသည် ရှေးဦးစွာချုပ်ပါသလော" ဟု ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သော ရဟန်းအား ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်၏။ ထို့နောက် ကာယသင်္ခါရ ချုပ်၏။ ထို့နောက် စိတ္တသင်္ခါရ ချုပ်၏။

ကောင်းပါပြီ။ပ။"အသျှင်ဘုရား သေသော ဘဝတပါးပြောင်းသွားသောသူနှင့် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်သော ရဟန်းတို့၏ ထူးခြားခြင်းကား အဘယ်ပါနည်း"ဟု ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။ သူကြွယ် သေသော ဘဝတပါးသို့ပြောင်းသွားသောသူအား ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ ချုပ်ငြိမ်း၏၊ အသက်သည် ကုန်၏၊ အငွေ့တေဇောသည် ငြိမ်း၏၊ ဣန္ဒြေတို့သည် ပျက်စီးကုန်၏၊ သူကြွယ် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်သော ရဟန်းအားလည်း ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ ချုပ်ငြိမ်း၏၊ အသက်သည် မကုန်၊ အငွေ့သည် မငြိမ်း၊ ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏။ သူကြွယ် သေသော ဘဝတပါးသို့ ပြောင်းသွားသောသူနှင့် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်သော ရဟန်းတို့၏ ထူးခြားခြင်းကား ဤသည်ပင်တည်း။

ကောင်းပါပြီ။ပ။"အသျှင်ဘုရား အဘယ်သို့လျှင် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှ ထပါသနည်း"ဟု ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှ ထသောရဟန်းအား"ငါသည် သညာဝေဒနာတို့၏ချုပ်မှု နိရောဓသမာပတ်မှ ထအံ့"ဟူ၍၎င်း "ငါသည် သညာဝေဒနာတို့၏ချုပ်မှု နိရောဓသမာပတ်မှထ၏" ဟူ၍၎င်း "ငါသည် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှ ထပြီ"ဟူ၍၎င်း ဤသို့စိတ်မဖြစ်။ စင်စစ်သော်ကား ထိုနိရောဓသမာပတ်မှ ထသော ရဟန်းအား သညာဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ်မှ ထရန် အလို့ငှါ ရှေးရှုဆောင်နိုင်လောက်သော စိတ်ကို ရှေးမဆွကပင် ပွါးပြီးဖြစ်၏။

ကောင်းပါပြီ။ပ။"အသျှင်ဘုရား သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှထသောရဟန်းအား အဘယ်တရားတို့သည် ရှေးဦးစွာဖြစ်ပါသနည်း၊ ကာယသင်္ခါရသည်ပင် ရှေးဦးစွာဖြစ်ပါသလော၊ ဝစီသင်္ခါရသည်ပင် ရှေးဦးစွာဖြစ်ပါသလော၊ စိတ္တသင်္ခါရသည်ပင် ရှေးဦးစွာဖြစ်ပါသလော"ဟု ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှထသောရဟန်းအား စိတ္တသင်္ခါရသည် ရှေးဦးစွာဖြစ်၏။ ထို့နောက် ကာယသင်္ခါရသည် ဖြစ်၏။ ထို့နောက် ဝစီသင်္ခါရသည် ဖြစ်၏။

ကောင်းပါပြီ။ပ။"အသျှင်ဘုရား သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှထသောရဟန်းကို အဘယ်မျှသော တွေ့ထိမှု 'ဖဿ'တို့သည် တွေ့ထိပါကုန်သနည်း"ဟု ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှထသော ရဟန်းကို သုညတဖဿ အနိမိတ္တဖဿ အပ္ပဏိဟိတဖဿဟူ၍ သုံးပါးကုန်သော တွေ့ထိခြင်း 'ဖဿ'တို့သည် တွေ့ထိကုန်၏။

ကောင်းပါပြီ။ပ။ "အသျှင်ဘုရား သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်မှ ထသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်ပါသနည်း၊ အဘယ်သို့ ကိုင်းပါသနည်း၊ အဘယ်သို့ ရှိုင်းပါသနည်း"ဟု ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓ

သမာပတ်မှထသော ရဟန်း၏စိတ်သည် ဆိတ်ငြိမ်ရာ(နိဗ္ဗာန်)သို့ ညွတ်၏၊ ဆိတ်ငြိမ်ရာ(နိဗ္ဗာန်)သို့ ကိုင်း၏၊ ဆိတ်ငြိမ်ရာ(နိဗ္ဗာန်)သို့ ရှိုင်း၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရား ကောင်းပါပြီဟု စိတ္တသူကြွယ်သည် အသျှင်ကာမဘူ၏စကားကို အလွန်နှစ်သက် ဝမ်းမြောက်လျက် အသျှင်ကာမဘူအား ပြဿနာကို ထပ်မံမေးလျှောက်၏။ အသျှင်ဘုရား သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်အား အဘယ်မျှသောတရားတို့သည် များစွာ ကျေးဇူးပြုကုန်သနည်း။ သူကြွယ် အမှန်အားဖြင့် ရှေးဦးစွာမေးသင့်သော စကားကို ယခုမှ မေးဘိ၏၊ သို့သော်လည်း သင့်အား ငါသည် ဖြေဆိုအံ့။ သူကြွယ် သညာဝေဒနာတို့၏ ချုပ်မှု နိရောဓသမာပတ်အား သမထဝိပဿနာဟု ဆိုအပ်သော တရားနှစ်ပါးတို့သည် များစွာကျေးဇူး ပြုကုန်၏ဟု(မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-ဂေါဒတ္တသုတ်

၃၄၉။ အခါတပါး၌ အသျှင်ဂေါဒတ္တသည် မစ္ဆိကာသဏ္ဍအရပ် ဝေးပင်တော၌ (သီတင်းသုံး) နေ၏၊ ထိုအခါ စိတ္တသူကြွယ်သည် အသျှင်ဂေါဒတ္တထံသို့ ချဉ်းကပ်၍ အသျှင်ဂေါဒတ္တကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ အသျှင်ဂေါဒတ္တသည် တခုသောနေရာ၌ ထိုင်နေသော စိတ္တသူကြွယ် အား "သူကြွယ် အပ္ပမာဏမည်သော စိတ်၏ လွတ်မြောက်မှု အာကိဉ္စညာမည်သော စိတ်၏ လွတ် မြောက်မှု သုညတမည်သော စိတ်၏ လွတ်မြောက်မှု အနိမိတ္တမည်သော စိတ်၏ လွတ်မြောက်မှု ဤတရားတို့သည် အနက်ထူး သဒ္ဒါထူးရှိကုန်သလော၊ သို့မဟုတ် အနက်သာတူ၍ သဒ္ဒါသာလျှင် ထူးသလော"ဟု မိန့်ဆို၏၊ အသျှင်ဘုရား အကြောင်းပရိယာယ်သည် ရှိ၏၊ ယင်းအကြောင်း ပရိ ယာယ်ကို စွဲ၍ ဤတရားတို့သည် အနက်လည်း ထူးကုန်၏၊ သဒ္ဒါလည်း ထူးကုန်၏၊ အသျှင်ဘုရား အကြောင်းပရိယာယ်သည် ရှိ၏၊ ယင်းအကြောင်းပရိယာယ်ကို စွဲ၍ ဤတရားတို့သည် အနက်တူ၍ သဒ္ဒါသာလျှင် ထူးကုန်၏။

အသျှင်ဘုရား ယင်းအကြောင်းပရိယာယ်ကို စွဲ၍ ဤတရားတို့သည် အနက်လည်း ထူးကုန်၏၊ သဒ္ဒါလည်း ထူးကုန်၏ ဟူသော အကြောင်းကား အဘယ်နည်း၊ အသျှင်ဘုရား ဤသာသနာ တော်၌ ရဟန်းသည် ချမ်းသာစေလိုခြင်း မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို

ပျံ့နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ အသျှင်ဘုရား ဤသည်ကို အပ္ပမာဏ မည်သော စိတ်၏ လွတ်မြောက်ခြင်းဟု ဆိုအပ်၏။

အသျှင်ဘုရား အာကိဉ္စညာမည်သော စိတ်၏ လွတ်မြောက်ခြင်းဟူသည် အဘယ်နည်း။အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "စိုးစဉ်းမျှ မရှိ"ဟု စီးဖြန်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ အသျှင်ဘုရား ဤသည်ကို အာကိဉ္စညာမည်သော စိတ်၏ လွတ်မြောက်ခြင်းဟု ဆိုအပ်၏။

အသျှင်ဘုရား သုညတမည်သော စိတ်၏ လွတ်မြောက်ခြင်းဟူသည် အဘယ်နည်း။ အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်၍ဖြစ်စေ သစ်ပင်ရင်းသို့ ကပ်၍ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ဖြစ်စေ "ဤတရားကား အတ္တမှရင်း အတ္တနိယမှရင်း ဆိတ်သုဉ်း၏"ဟု ဆင်ခြင်၏။ အသျှင်ဘုရား ဤသည်ကို သုညတမည်သော စိတ်၏ လွတ်မြောက်ခြင်းဟု ဆိုအပ်၏။

အသျှင်ဘုရား အနိမိတ္တမည်သော စိတ်၏ လွတ်မြောက်ခြင်းဟူသည် အဘယ်နည်း။ အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော နိစ္စနိမိတ်စသည်တို့ကို နှလုံးမသွင်းခြင်းကြောင့် နိစ္စနိမိတ်စသည် မရှိသော စိတ်၏ တည်ကြည်ခြင်းသို့ ကပ်ရောက်ဝင်စား၍ နေ၏၊ အသျှင်ဘုရား ဤသည်ကို အနိမိတ္တမည်သော စိတ်၏ လွတ်မြောက်ခြင်းဟု ဆိုအပ်၏၊ အသျှင်ဘုရား ယင်း အကြောင်းပရိယာယ်ကို စွဲ၍ ဤတရားတို့သည် အနက်လည်းထူး သဒ္ဒါလည်း ထူးကုန်၏ဟူသော အကြောင်းပရိယာယ်ကား ဤသည်ပင်တည်း။

အသျှင်ဘုရား ယင်းအကြောင်းပရိယာယ်ကို စွဲ၍ ဤတရားတို့သည် အနက်တူ၍ သဒ္ဒါသာလျှင် ထူး၏ဟူသော အကြောင်းပရိယာယ်သည် အဘယ်ပါနည်း။ အသျှင်ဘုရား စွဲမက်မှု 'ရာဂ' သည် ပမာဏကို ပြုတတ်၏၊ အမျက်ထွက်မှု'ဒေါသ'သည် ပမာဏကို ပြုတတ်၏၊ တွေဝေမှု 'မောဟ' သည် ပမာဏကို ပြုတတ်၏၊ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပယ်အပ်ကုန်ပြီ၊အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးကုန်ပြီ၊နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးကုန်ပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးကုန်ပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်။ အသျှင်ဘုရား ပမာဏ မရှိကုန်သော စိတ်၏ လွတ်မြောက်ခြင်းဟူသမျှတို့ထက် မပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုမပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းသည်ကား စွဲမက်မှု 'ရာဂ'မှ ဆိတ်သုဉ်း၏၊ အမျက်ထွက်မှု'ဒေါသ'မှ ဆိတ်သုဉ်း၏၊ တွေဝေမှု'မောဟ'မှ ဆိတ်သုဉ်း၏။ အသျှင်ဘုရား စွဲမက်မှု'ရာဂ'သည် ကြောင့်ကြမှုတည်း၊ အမျက်ထွက်မှု 'ဒေါသ'သည် ကြောင့်ကြမှုတည်း၊ တွေဝေမှု'မောဟ'သည် ကြောင့်ကြမှုတည်း။ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးကုန်ပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးကုန်ပြီ၊ နောင်အခါဖြစ်ခြင်းသဘော မရှိကုန်။ အသျှင်ဘုရား ကြောင့်ကြမရှိကုန်သော စိတ်၏ လွတ်မြောက်ခြင်းဟူသမျှတို့ထက်

မပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းကို အမြတ်ဆုံးဟု ဆိုအပ်၏၊ ထိုမပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းသည်ကား စွဲမက်မှု 'ရာဂ' မှ ဆိတ်သုဉ်း၏၊ အမျက်ထွက်မှု 'ဒေါသ' မှ ဆိတ်သုဉ်း၏၊ တွေဝေမှု 'မောဟ' မှ ဆိတ်သုဉ်း၏။ အသျှင်ဘုရား စွဲမက်မှု 'ရာဂ' သည် နိစ္စနိမိတ်စသည်ကို ပြုတတ်၏။ အမျက်ထွက်မှု 'ဒေါသ' သည် နိစ္စနိမိတ်စသည်ကို ပြုတတ်၏၊ တွေဝေမှု 'မောဟ' သည် နိစ္စနိမိတ်စသည်ကို ပြုတတ်၏။ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပယ်အပ်ကုန်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးကုန်ပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးကုန်ပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်။ အသျှင်ဘုရား နိစ္စနိမိတ်စသည် မရှိကုန်သော စိတ်၏ လွတ်မြောက်ခြင်းဟူသမျှတို့ထက် မပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုမပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းသည်ကား စွဲမက်မှု 'ရာဂ' မှ ဆိတ်သုဉ်း၏၊ အမျက်ထွက်မှု 'ဒေါသ' မှ ဆိတ်သုဉ်း၏၊ တွေဝေမှု 'မောဟ' မှ ဆိတ်သုဉ်း၏။ အသျှင်ဘုရား ယင်းအကြောင်းပရိယာယ်ကို စွဲ၍ ဤတရားတို့သည် အနက်တူ၍ သဒ္ဒါသာလျှင် ထူး၏ဟူသော အကြောင်းပရိယာယ်ကား ဤသည်ပင်တည်းဟု လျှောက်၏။ သူကြွယ် အကြင်နက်နဲသော ဘုရားစကားတော်၌ ပညာမျက်စိကို ဆောင်နိုင်ပေ ရကား သင့်အား အရတော်ပေစွတကား၊ ကောင်းစွာ ရအပ်ပေစွတကားဟု (မိန့်ဆို၏)။

သတ္တမသုတ်။

---

## ၈-နိဂဏ္ဌနာဋပုတ္တ သုတ်

၃၅၀။ ထိုအခါ၌ နိဂဏ္ဌနာဋပုတ္တသည် များစွာသော တက္ကတွန်းပရိသတ်နှင့်အတူ မစ္ဆိကာသဏ္ဍအရပ်သို့ ရောက်လာ၏။ စိတ္တသူကြွယ်သည် "နိဂဏ္ဌနာဋပုတ္တသည် များစွာသော တက္ကတွန်းပရိသတ်နှင့် အတူ မစ္ဆိကာသဏ္ဍအရပ်သို့ ရောက်လာသတတ်" ဟု ကြားလေ၏၊ ထိုအခါ စိတ္တသူကြွယ်သည် များစွာသော ဥပါသကာတို့နှင့်အတူ နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်၍ နိဂဏ္ဌနာဋပုတ္တနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော စိတ္တသူကြွယ်အား နိဂဏ္ဌနာဋပုတ္တသည် "သူကြွယ် သင်သည် ရဟန်းဂေါတမအား ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' သည် ရှိ၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ခြင်းသည် ရှိ၏ဟု ယုံကြည်သလော" ဟု ပြောဆို၏။ အသျှင် အကျွန်ုပ်သည် ဤသာသနာတော်၌ "ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' သည် ရှိ၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ခြင်းသည် ရှိ၏" ဟု မြတ်စွာဘုရားအား ယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် ဆည်းကပ်သည် မဟုတ်ပါဟု ဆို၏။

ဤသို့ ဆိုသော် နိဂဏ္ဌနာဋပုတ္တသည် မော်ကြည့်၍ ဤသို့ ပြောဆို၏ "အသျှင်တို့ ဤသူကို ရှုကုန်လော့၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် ဖြောင့်မတ်သူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် မစဉ်းလဲသူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် မလှည့်ဖြားသူတည်း၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ကို ချုပ်စေသင့်၏ဟု မှတ်ထင်သူသည် လေကို ပိုက်ကွန်ဖြင့် တားမြစ်သင့်၏ ဟုသော်လည်း မှတ်ထင်ရာ၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ကို ချုပ်စေသင့်၏ဟု

မှတ်ထင်သူသည် မိမိ၏လက်ဆုပ်ဖြင့် ဂင်္ဂါမြစ်ရေယဉ်ကို ပိတ်သင့်၏ဟုသော်လည်း မှတ်ထင်ရာ၏" ဟု ဆို၏။

အသျှင်ဘုရား ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ဉာဏ်နှင့် သဒ္ဓါနှစ်ပါးတို့တွင် အဘယ်က သာ၍မြတ်သနည်းဟု မေး၏၊ သူကြွယ် သဒ္ဓါထက် ဉာဏ်သာလျှင် သာ၍မြတ်၏ဟု ပြောဆို၏။ အသျှင်ဘုရား အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် ကာမတို့မှဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမဈာန်သို့ရောက်၍နေ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်း ကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍နေ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။တတိယဈာန်သို့ ရောက်၍နေ၏။အသျှင်ဘုရား အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် ချမ်းသာခြင်း'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ အသျှင်ဘုရား ဤသို့သိသော ဤသို့မြင်သော ထိုအကျွန်ုပ်သည် အခြားသော အဘယ်သမဏအားသော်၎င်း အဘယ်ပြာဟ္မဏအားသော်၎င်း ကြံစည်မှု'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်မှု'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ'ရှိ၏၊ ကြံစည်မှု'ဝိတက်' သုံးသပ်ဆင်ခြင်မှု'ဝိစာရ'တို့၏ ချုပ်ခြင်းသည် ရှိ၏ဟု ယုံကြည်မှု'သဒ္ဓါ'တရားဖြင့် မချဉ်းကပ်ပဲရှိပါအံ့နည်း ဟု (ဆို၏)။

ဤသို့ဆိုသော် နိဂဏ္ဌနာဋပုတ္တသည် မိမိပရိသတ်ကို စောင်းငဲ့ကြည့်၍ "အသျှင်တို့ ဤသူကို ရှုကုန်လော့၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် မဖြောင့်မတ်သူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် စဉ်းလဲသူတည်း၊ဤစိတ္တသူကြွယ်သည် အလွန်လျှင် လှည့်ဖြားသူတည်း"ဟု ဆို၏။

အသျှင် ယခုအခါ၌ပင်လျှင်လည်း "အသျှင်တို့ ဤသူကို ရှုကုန်လော့၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် ဖြောင့်မတ်သူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် မစဉ်းလဲသူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် မလှည့်ဖြားသူတည်း"ဟု ဆိုအပ်သည်ကို အကျွန်ုပ်တို့ သိရပါကုန်၏၊ အသျှင် ယခုအခါ၌ပင်လျှင်လည်း "အသျှင်တို့ ဤသူကို ရှုကုန်လော့၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် မဖြောင့်မတ်သူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် စဉ်းလဲသူတည်း၊ ဤစိတ္တသူကြွယ်သည် အလွန်လျှင် လှည့်ဖြားသူတည်း"ဟု ဆိုအပ်သည်ကို အကျွန်ုပ်တို့သိရပါကုန်၏၊ အသျှင် သင်၏ရှေ့စကားသည် အကယ်၍မှန်လျှင် သင်၏နောက်စကားသည် မှား၏။ အသျှင် သို့မဟုတ် သင်၏ရှေ့စကားသည် အကယ်၍မှားလျှင် သင်၏နောက်စကားသည် မှန်၏။ အသျှင် စင်စစ် တခုသောပြဿနာ တခုသောဥဒ္ဒေသ တခုသောအဖြေ နှစ်ခုသောပြဿနာ နှစ်ခုသောဥဒ္ဒေသ နှစ်ခုသောအဖြေ သုံးခုသောပြဿနာ သုံးခုသောဥဒ္ဒေသ သုံးခုသောအဖြေ လေးခုသောပြဿနာ လေးခုသောဥဒ္ဒေသ လေးခုသောအဖြေ ငါးခုသောပြဿနာ ငါးခုသော ဥဒ္ဒေသ ငါးခုသောအဖြေ ခြောက်ခုသောပြဿနာ ခြောက်ခုသောဥဒ္ဒေသ ခြောက်ခုသောအဖြေ ခုနစ်ခုသောပြဿနာ ခုနစ်ခုသောဥဒ္ဒေသ ခုနစ်ခုသောအဖြေ ရှစ်ခုသောပြဿနာ ရှစ်ခုသော ဥဒ္ဒေသ ရှစ်ခုသောအဖြေ ကိုးခုသောပြဿနာ ကိုးခုသောဥဒ္ဒေသ ကိုးခုသောအဖြေ ဆယ်ခုသော ပြဿနာ ဆယ်ခုသောဥဒ္ဒေသ ဆယ်ခုသောအဖြေတို့ဟူ၍ ဤဆယ်ပါးကုန်သော အကြောင်းနှင့် တကွကုန်သော ဤပြဿနာတို့သည် ရောက်လာပါကုန်၏၊ ထိုပြဿနာတို့၏အနက်ကို သိလိုသော

အခါ၌ တက္ကတွန်းပရိသတ်နှင့်အတူ အကျွန်ုပ်ထံသို့ လာလှည့်ပါလော့ဟု လျှောက်၏။ ထို့နောက် စိတ္တသူကြွယ်သည် နိဂဏ္ဌနာဋပုတ္တတက္ကတွန်းအား ဤဆယ်ပါးကုန်သော အကြောင်းနှင့်တကွသော ပြဿနာတို့ဖြင့် ဖိတ်ကြား၍နေရာမှ ထကာ ပြန်ခဲ့လေ၏။

အဋ္ဌမသုတ်။

---

## ၉-အစေလကဿပသုတ်

၃၅၁။ ထိုအခါ စိတ္တသူကြွယ်၏ လူ့ဘဝက သူငယ်ချင်းဟောင်းဖြစ်သော အစေလကဿပသည် မစ္ဆိကာသဏ္ဍအရပ်သို့ ရောက်လာ၏၊ စိတ္တသူကြွယ်သည် "ငါတို့၏လူ့ဘဝက သူငယ်ချင်းဟောင်းဖြစ်သော အစေလကဿပသည် မစ္ဆိကာသဏ္ဍအရပ်သို့ ရောက်လာသတတ်"ဟု ကြားလေ၏။ ထိုအခါ စိတ္တသူကြွယ်သည် အစေလကဿပထံသို့ချဉ်းကပ်၍ အစေလကဿပနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အစေလကဿပအား "အသျှင်ကဿပ ရဟန်းပြုသည်မှာ အဘယ်မျှကြာပြီနည်း"ဟု မေး၏။ သူကြွယ် ငါရဟန်းပြုခြင်းသည် အနှစ်သုံးဆယ်မျှရှိခဲ့ပြီ။ အသျှင် သင့်အား အနှစ်သုံးဆယ်တို့ပတ်လုံး လူတို့၏ တရားထက်လွန်မြတ်သော အရိယာတို့၏ ဉာဏ်အမြင် တရားထူး တစုံတရာကိုရ၍ ချမ်းသာစွာ နေရခြင်းရှိပါ၏လောဟု(ဆို၏)။ သူကြွယ် စင်စစ် ဤအနှစ်သုံးဆယ်တို့ဖြင့် ရဟန်းပြုသောငါ့အား အဝတ်မဝတ်ရခြင်း ဦးပြည်းရခြင်း တင်ပါး၌ ဖုံခါရန် ဥဒေါင်းမြီးစည်းကို ကိုင်ဆောင်ရခြင်းမှတပါး လူတို့၏တရားထက် လွန်မြတ်သော အရိယာတို့၏ ဉာဏ်အမြင်တရားထူး တစုံတရာကိုရ၍ ချမ်းသာစွာနေရခြင်းမည်သည် မရှိဟု ဆို၏။ ဤသို့ဆိုသော် စိတ္တသူကြွယ်သည် အစေလကဿပအား ဤသို့ဆို၏ "အချင်းတို့ အစေလကတို့၏တရားသည် အံ့ဖွယ်ရှိပေစွတကား၊ မဖြစ်စဘူး အထူးဖြစ်စွတကား၊ အနှစ်သုံးဆယ်တို့ပတ်လုံး အဝတ်မဝတ်ရခြင်း ဦးပြည်းရခြင်း တင်ပါး၌ ဖုံခါရန် ဥဒေါင်းမြီးစည်း ကိုင်ဆောင်ရခြင်းမှတပါး လူတို့၏တရားထက် လွန်မြတ်သော အရိယာတို့၏ ဉာဏ်အမြင်တရားထူး တစုံတရာကိုရ၍ ချမ်းသာစွာ နေရခြင်းမည်သည် မဖြစ်ရပလေ"ဟု(ဆို၏)။

သူကြွယ် သင်၏ ဥပါသကာအဖြစ်သို့ကပ်ရောက်ခြင်းသည် အဘယ်မျှကြာပြီနည်းဟု(မေး၏)။ အသျှင် ဥပါသကာအဖြစ်သို့ကပ်ရောက်သော အကျွန်ုပ်အားလည်း အနှစ်သုံးဆယ်မျှရှိပါပြီဟု (ဆို၏)။ သူကြွယ် သင့်အား ဤအနှစ်သုံးဆယ်တို့ဖြင့် လူတို့၏တရားထက်လွန်မြတ်သော အရိယာတို့၏ ဉာဏ်အမြင်တရားထူး တစုံတရာကိုရ၍ ချမ်းသာစွာနေရခြင်းမည်သည် ရှိသလောဟု(မေး၏)။ အသျှင် အကျွန်ုပ်သည် လူဖြစ်သော်လည်း အလိုရှိတိုင်းသာလျှင် ကာမတို့မှဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ခြင်း'ဝိစာရ' နှင့်တကွဖြစ်သော နိဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေရပါ၏။ အသျှင် အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် ကြံစည်ခြင်း'ဝိတက်' သုံးသပ်ခြင်း'ဝိစာရ'တို့၏ မရှိခြင်းကြောင့် ဒုတိယစျာန်သို့ရောက်၍နေရပါ၏။ အသျှင် အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။တတိယစျာန်သို့ ရောက်၍နေရပါ၏။ အသျှင် အကျွန်ုပ်သည် အလိုရှိတိုင်းသာလျှင် ချမ်းသာခြင်း'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။စတုတ္ထစျာန်သို့ ရောက်၍နေရပါ၏။ အသျှင်

အကျွန်ုပ်သည် မြတ်စွာဘုရား၏ ရှေးဦးစွာသေခဲ့ပါမူ စိတ္တသူကြွယ်သည် ဤ(ကာမ) လောကသို့ တဖန် ပြန်လာနိုင်ကြောင်းဖြစ်သော သံယောဇဉ်မရှိတော့ဟု အကျွန်ုပ်ကို မြတ်စွာဘုရား မိန့်ဆိုတော်မူငြားအံ့၊ ထိုမိန့်ဆိုခြင်းသည် အံ့ဖွယ်မဟုတ်သည်သာတည်းဟု(ဆို၏)။ ဤသို့ဆိုသော် အစေလကဿပသည် စိတ္တသူကြွယ်ကို ဤသို့ဆို၏ "အချင်းတို့ မြတ်စွာဘုရား တရားတော်၏ ကောင်းစွာ ဟောအပ်သည်၏အဖြစ်သည် အံ့ဖွယ်ရှိစွတကား၊ မဖြစ်စဘူး အထူးဖြစ်စွတကား။ အဝတ်ဖြူဝတ်သော လူဖြစ်လျက် ဤသို့သဘောရှိသော လူတို့၏ တရားထက်လွန်မြတ်၍ ချမ်းသာစွာ နေရကြောင်းဖြစ်သော အရိယာတို့၏ ဉာဏ်အမြင်တရားထူးကို ရတုံဘိသေး၏၊ သူကြွယ် အကျွန်ုပ်သည် ဤသာသနာတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏"ဟု ဆို၏။

ထိုအခါ စိတ္တသူကြွယ်သည် အစေလကဿပကို ခေါ်၍ မထေရ်ကြီးဖြစ်သော ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် မထေရ်ကြီးဖြစ်သော ရဟန်းတို့အား ဤသို့ လျှောက်၏— "အသျှင်ဘုရားတို့ ဤအစေလကဿပသည် အကျွန်ုပ်တို့၏ လူ့ဘဝက သူငယ်ချင်းဟောင်း ပါတည်း၊ ဤသူကို မထေရ်ကြီးတို့သည် ရှင်ပြုကြပါကုန်လော့၊ အကျွန်ုပ်သည် ဤသူအား သင်္ကန်း ဆွမ်း ကျောင်း သူနာအထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့် ကြောင့်ကြပြုပါအံ့"ဟု လျှောက်၏။

အစေလကဿပသည် ဤသာသနာတော်၌ ရှင်အဖြစ်ကို ရလေ၏၊ ပဉ္စင်းအဖြစ်ကို ရလေ၏၊ ပဉ္စင်းဖြစ်၍ မကြာသေးသော အသျှင်ကဿပသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက် နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကြသော အမျိုးသားများ လိုလားတောင့်တအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိသော တရားကို မျက်မှောက် ဘဝ၌ပင်လျှင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏၊ "ပဋိသန္ဓေ နေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏။ အသျှင်ကဿပသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်လေ၏။

နဝမသုတ်။

---

## ၁၀-ဂိလာနဒဿနသုတ်

၃၅၂။ ထိုအခါ စိတ္တသူကြွယ်သည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် သည်းထန်စွာ မကျန်းမမာဖြစ်နေ၏။ ထိုအခါ များစွာကုန်သော အရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးပင် မြက်ပင် တောစိုးပင်တို့၌ စိုးအုပ်ကုန်သော နတ်တို့သည် စည်းဝေး လာရောက်၍ စိတ္တသူကြွယ်အား "သူကြွယ် 'အနာဂတ်ကာလ၌ စကြဝတေးမင်း ဖြစ်လို၏'ဟု တောင့်တပါလော့"ဟု ဆိုကုန်၏။

ဤသို့ဆိုသော် စိတ္တသူကြွယ်သည် ထိုအရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးပင် မြက်ပင် တောစိုးပင်တို့၌ စိုးအုပ်ကုန်သော နတ်တို့အား "ထိုစကြဝတေးမင်းအဖြစ်သည်

လည်း မမြဲ၊ ထိုစကြဝတေးမင်း အဖြစ်သည်လည်း မခိုင်၊ ထိုစကြဝတေးမင်းအဖြစ်ကို ပယ်၍ သွားအပ်၏”ဟု ဆို၏၊ဤသို့ဆိုသော် စိတ္တသူကြွယ်၏ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့သည် စိတ္တသူကြွယ်အား “အရှင့်သား သတိထားပါလော့၊မယောင်ယမ်းပါလင့်”ဟု ဆိုကုန်၏၊ သင်တို့သည် ငါ့ကို “အရှင့်သား သတိထားပါလော့၊မယောင်ယမ်းပါလင့်”ဟူ၍ ယင်းစကားကို ဆိုကုန်၏၊ငါသည် အဘယ်သို့လျှင် ဆိုသနည်းဟု (မေး၏)။ အရှင့်သား“ထိုစကြဝတေးမင်း အဖြစ်သည်လည်း မမြဲ၊ ထိုစကြဝတေးမင်း အဖြစ်သည်လည်း မခိုင်၊ ထိုစကြဝတေးမင်းအဖြစ်ကို ပယ်၍ သွားအပ်၏”ဟု ဤသို့လျှင် သင်ဆို၏ဟု ဆို၏။ ထိုစကားသည် မှန်၏၊ ငါ့ကို အရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးပင်စောင့်နတ် မြက်ပင် တောစိုးပင်တို့၌ စိုးအုပ်ကုန်သော နတ်တို့သည် “သူကြွယ် ‘အနာဂတ်ကာလ၌ စကြဝတေးမင်း ဖြစ်ရလို၏’ဟု တောင့်တပါလော့”ဟု ဆိုကုန်၍ ထိုနတ်တို့ကို ငါသည် ထိုစကြဝတေးမင်းအဖြစ်သည်လည်း မမြဲ၊ ထိုစကြဝတေးမင်းအဖြစ်သည် လည်း မခိုင်၊ ထိုစကြဝတေးမင်းအဖြစ်ကိုပယ်၍ သွားအပ်၏ဟု ဆို၏၊ အရှင့်သား ထိုအရံစောင့် နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးပင် မြက်ပင် တောစိုးပင်တို့၌ စိုးအုပ်ကုန်သော နတ်တို့သည် အဘယ်အကျိုးထူးကို မြင်ကုန်၍“သူကြွယ် ‘အနာဂတ်ကာလ၌ စကြဝတေးမင်းဖြစ်ရ လို၏’ဟု တောင့်တပါလော့”ဟု ဆိုကုန်သနည်း။ထိုအရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့် နတ် ဆေးပင် မြက်ပင် တောစိုးပင်တို့၌ စိုးအုပ်ကုန်သော နတ်တို့အား “ဤစိတ္တသူကြွယ်ကား သီလရှိ၏၊ ကောင်းသော အကျင့်ရှိ၏၊ ‘အနာဂတ်ကာလ၌ စကြဝတေးမင်း ဖြစ်ရလို၏’ဟု အကယ်၍ တောင့်တအံ့၊ သီလရှိသော ထိုသူကြွယ်အား ဤစိတ်၏တောင့်တမှုသည် သီလ၏ စင်ကြယ်သည်၏ အဖြစ်ကြောင့် ပြည့်စုံလတ္တံ့၊ တရားရှိသောသူသည် တရားအားလျော်သော အကျိုးကို မြင်ရ၏”ဟု ဤသို့ ကြံစည်၍ ထိုအရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးပင် မြက်ပင် တောစိုးပင်တို့၌ စိုးအုပ်ကုန်သော နတ်တို့သည် ဤအကျိုးထူးကို မြင်ကုန်လျက် “သူကြွယ် ‘အနာဂတ်ကာလ၌ စကြဝတေးမင်း ဖြစ်ရလို၏’ဟု တောင့်တပါလော့”ဟု ဆိုကြကုန်၏၊ ထိုနတ်တို့ကို “ထို စကြဝတေးမင်း အဖြစ်သည်လည်း မမြဲ၊ ထိုစကြဝတေးမင်း အဖြစ်သည်လည်း မခိုင်၊ ထို စကြဝတေးမင်း အဖြစ်ကို ပယ်၍ သွားအပ်၏”ဟု ငါဆို၏။

အရှင့်သား သို့ဖြစ်လျှင် အကျွန်ုပ်တို့ကိုလည်း ဆုံးမပါလော့ဟု(ဆိုကုန်၏)၊သို့ဖြစ်လျှင် သင်တို့ သည်“ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော် မူသော အကြောင်း ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်‘အဝိဇ္ဇာ’အကျင့် ‘စရဏ’နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကိုသိတော်မူတတ် သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည် တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါးတရားကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည် တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏”ဟု ဘုရား အပေါ်၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံကြကုန်အံ့။ “တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်

ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော် ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း”ဟု တရားအပေါ်၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံကြကုန်အံ့။ “မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော် မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သောအကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့်လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးရှိသော မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ပါပေ၏၊ တမလွန်အတွက် ရည်မြော်သောအလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီရန်ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်တော်မူပါပေ၏”ဟု သံဃာအပေါ်၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံကြကုန်အံ့၊ အိမ်၌ရှိသော ပေးလှူဖွယ်ဟူသမျှကို သီလရှိ၍ အကျင့်ကောင်းသူတို့နှင့် မခွဲခြားအံ့ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်ဟု ဆို၏။

ထို့နောက် စိတ္တသူကြွယ်သည် မိတ်ဆွေ ခင်ပွန်း ဆွေမျိုး သားချင်းတို့ကို ဘုရား၌ရှင်း တရား၌ရှင်း သံဃာ၌ရှင်း စွန့်ကြဲခြင်း၌ရှင်း ဆောက်တည်စေ၍ ကွယ်လွန်လေ၏။

ဒသမသုတ်။

**စိတ္တသံယုတ် ပြီး၏။**

# ၈-ဂါမဏိသံယုတ်

## ၁-စဏ္ဍသုတ်

၃၅၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ စဏ္ဍမည်သော ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား ဤလောက၌ အချို့သောသူကို 'ကြမ်းထမ်းသူ ကြမ်းထမ်းသူ'ဟူ၍ သာလျှင် ခေါ်ဝေါ်ကြ၏၊ ထိုခေါ်ဝေါ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤလောက၌ အချို့သောသူကို 'သိမ်မွေ့သူ သိမ်မွေ့သူ'ဟူ၍ သာလျှင် ခေါ်ဝေါ်ကြ၏၊ ထိုခေါ်ဝေါ်ခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု (လျှောက်၏)။ရွာသူကြီး ဤလောက၌ အချို့သောသူသည် စွဲမက်မှု 'ရာဂ' ကို မပယ်အပ်၊ စွဲမက်မှု 'ရာဂ'ကို မပယ်အပ်သည်၏ အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာပြု၏၊ထိုသူကို ကြမ်းထမ်းသူဟု ခေါ်ဝေါ်ကြ၏။ အမျက် 'ဒေါသ'ကို မပယ်အပ်၊ အမျက်'ဒေါသ'ကို မပယ်အပ်သည်၏အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာ ပြု၏၊ ထိုသူကို ကြမ်းထမ်းသူဟု ခေါ်ဝေါ်ကြ၏။ တွေဝေမှု 'မောဟ' ကို မပယ်အပ်၊ တွေဝေမှု 'မောဟ'ကို မပယ်အပ်သည်၏ အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာပြု၏၊ ထိုသူကို ကြမ်းထမ်းသူဟု ခေါ်ဝေါ်ကြ၏။ ရွာသူကြီး ဤလောက၌ အချို့သောသူကို ကြမ်းထမ်းသူ ကြမ်းထမ်းသူဟူ၍ ခေါ်ဝေါ်ကြ၏၊ ထိုခေါ်ဝေါ်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း။

ရွာသူကြီး ထို့မှတပါး ဤလောက၌ အချို့သောသူသည် စွဲမက်မှု'ရာဂ'ကို ပယ်အပ်၏၊ စွဲမက်မှု 'ရာဂ'ကို ပယ်ပြီးသည်၏အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာမပြု၊ ထိုသူကို သိမ်မွေ့သူဟု ခေါ်ဝေါ်ကြ၏။ အမျက် 'ဒေါသ'ကို ပယ်အပ်၏၊ အမျက် 'ဒေါသ'ကို ပယ်ပြီးသည်၏ အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာမပြု၊ ထိုသူကို သိမ်မွေ့သူဟု ခေါ်ဝေါ်ကြ၏။ တွေဝေမှု 'မောဟ'ကို ပယ်အပ်၏၊ တွေဝေမှု 'မောဟ'ကို ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာမပြု၊ ထိုသူကို သိမ်မွေ့သူဟု ခေါ်ဝေါ်ကြ၏။ ရွာသူကြီး ဤလောက၌ အချို့သောသူကို သိမ်မွေ့သူဟု ခေါ်ဝေါ်ကြ၏၊ ထိုခေါ်ဝေါ်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း။

ဤသို့ဆိုသော် စဏ္ဍမည်သော ရွာသူကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ မြတ်စွာဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။အသျှင်ဘုရား မှောက်ထားအပ်သော ဝတ္ထုကို လှန်ပြဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားအပ်သော ဝတ္ထုကို ဖွင့်ပြဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားသကဲ့သို့၎င်း 'မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြသကဲ့သို့၎င်း" ဤအတူ မြတ်စွာဘုရားသည် အမျိုးမျိုးသော အကြောင်းဖြင့် တရားကို ဟောအပ်၏၊ မြတ်စွာဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို၎င်း တရားတော်ကို၎င်း ရဟန်း

သံဃာတော်ကိုရင်း ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ ရောက်သော ဥပါသကာဟု မှတ်တော်မူပါလော့” ဟု လျှောက်၏။

ပဌမသုတ်။

---

## ၂-တာလပုဋသုတ်

၃၅၄။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ တာလပုဋမည်သော ဇာတ်ဆရာကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် ဤစကားကို လျှောက်၏— “မြတ်စွာဘုရား ‘ပွဲအလယ် သဘင်အလယ်၌ မှန်မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပြုမွေ့လျော်စေသော ကချေသည်သည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပဟာသမည်သော နတ်တို့၏ အသင်းဝင်ဖြစ်ရ၏’ ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ ကချေသည်တို့၏ စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဆိုလိုတော်မူပါသနည်း” ဟု (လျှောက်၏)။ ဇာတ်ဆရာကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်ဟု တားမြစ်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း တာလပုဋဇာတ်ဆရာကြီးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— “မြတ်စွာဘုရား ‘ပွဲအလယ် သဘင်အလယ်၌ မှန်မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပြုမွေ့လျော်စေသော ကချေသည်သည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပဟာသမည်သော နတ်တို့၏ အသင်းဝင်ဖြစ်ရ၏’ ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ ကချေသည်တို့၏စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဆိုလိုတော်မူပါသနည်း”ဟု (လျှောက်၏)။ ဇာတ်ဆရာကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်ဟု တားမြစ်တော်မူ၏။ သုံးကြိမ်မြောက်လည်း တာလပုဋဇာတ်ဆရာကြီးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— “မြတ်စွာဘုရား ‘ပွဲအလယ် သဘင်အလယ်၌ မှန်မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပြုမွေ့လျော်စေသော ကချေသည်သည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပဟာသမည်သော နတ်တို့၏ အသင်းဝင် ဖြစ်ရ၏ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ ကချေသည်တို့၏ စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဆိုလိုတော်မူပါသနည်း” ဟု (လျှောက်၏)။

“ဇာတ်ဆရာကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်” ဟု မချွတ်လျှင် သင့်ကို ငါ ပြော၍ မရခဲ့ပေ၊ သို့ဖြစ်လျှင် သင့်အား ငါဖြေကြားအံ့၊ ဇာတ်ဆရာကြီး ရှေးအစကပင် သတ္တဝါတို့သည် မကင်းသော စွဲမက်မှု ‘ရာဂ’ ရှိကုန်၏၊ စွဲမက်မှု ‘ရာဂ’ နှောင်ကြိုးဖြင့် ဖွဲ့အပ်ကုန်၏၊ ထိုသူတို့အား ကချေသည်သည် ပွဲအလယ် သဘင်အလယ်၌ စွဲမက်မှုကို ဖြစ်စေတတ်သော တရားတို့ကို အတိုင်းထက်အလွန် ရှေးရှုဆောင်၏၊ ဇာတ်ဆရာကြီး ရှေးအစကပင် သတ္တဝါတို့သည် မကင်းသော အမျက် ‘ဒေါသ’ ရှိကုန်၏၊ အမျက် ‘ဒေါသ’ နှောင်ကြိုးဖြင့် ဖွဲ့အပ်ကုန်၏၊ ထိုသူတို့အား ကချေသည်သည် ပွဲအလယ် သဘင်အလယ်၌ အမျက်ထွက်စေတတ်သော တရားတို့ကို အတိုင်းထက်အလွန် ရှေးရှုဆောင်၏၊ ဇာတ်ဆရာကြီး ရှေးအစကပင် သတ္တဝါတို့သည် မကင်းသော တွေဝေမှု ‘မောဟ’ ရှိကုန်၏၊ တွေဝေမှု ‘မောဟ’ နှောင်ကြိုးဖြင့် ဖွဲ့အပ်ကုန်၏၊ ထိုသူတို့အား ကချေသည်သည် ပွဲအလယ် သဘင်အလယ်၌ တွေဝေမှုကို ဖြစ်စေတတ်သော တရားတို့ကို အတိုင်းထက်

အလွန် ရှေးရှုဆောင်၏။ ထိုကချေသည်သည် မိမိကိုယ်တိုင် ယစ်မူးမေ့လျော့လျက် သူတပါးတို့ကို ယစ်မူး မေ့လျော့စေရကား ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပဟာသမည်သော ငရဲသို့ ရောက်ရ၏၊ "ပွဲအလယ် သဘင်အလယ်၌ မှန်မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပြ မွေ့လျော်စေသော ကချေသည်သည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပဟာသမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏"ဟု ထိုသူအား အယူဖြစ်ခဲ့မူ ထိုသူ၏ အယူသည် မှားသော အယူသာ ဖြစ်၏။ ဇာတ်ဆရာကြီး မှားသောအယူရှိသော ပုဂ္ဂိုလ်သတ္တဝါအား ငရဲ တိရစ္ဆာန်ဟူသော လားရာ 'ဂတိ' နှစ်ပါးတို့တွင် တပါးပါးသော လားရာ'ဂတိ'ကို ငါဟော၏ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် တာလပုဋဇာတ်ဆရာကြီးသည် ငိုလေ၏၊ မျက်ရည်ကျ၏။ "ဇာတ်ဆရာကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးပါလင့်"ဟု သင့်ကို ငါပြော၍ မရခဲ့ပေ။ အသျှင်ဘုရား မြတ်စွာဘုရား ဤသို့မိန့်ဘော်မူသော စကားကို တပည့်ဟော်ရည်ရွယ်ပြီး ငိုသည် မဟုတ်ပါ၊ အမှန်စင်စစ်သော်ကား ပွဲအလယ် သဘင်အလယ်၌ မှန်မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပြမွေ့လျော်စေသော ကချေသည်သည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပဟာသမည်သော နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရ၏ဟု ရှေးဆရာ့ဆရာ ကချေသည်တို့သည် တပည့်တော်ကို အချိန်ကြာမြင့်စွာကပင် ကောက်ကျစ်လှည့်ပတ် ဖြားယောင်း အပ်ပါ၏။

အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အသျှင်ဘုရား ဥပမာအားဖြင့် မှောက်ထားအပ်သောဝတ္ထုကို လှန်ပြဘိသကဲ့သို့ရင်း ဖုံးလွှမ်းအပ်သော ဝတ္ထုကို ဖွင့်ပြဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းမှန်ကိုပြောကြားသကဲ့သို့ရင်း မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏။ အသျှင်ဘုရား ထို အကျွန်ုပ်သည် မြတ်စွာဘုရားကိုရင်း တရားတော်ကိုရင်း ရဟန်းသံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကိုရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏ဟု (လျှောက်၏)။ တာလပုဋဇာတ်ဆရာကြီးသည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရ၏၊ ပဉ္စင်းအဖြစ်ကို ရ၏၊ အသျှင်တာလပုဋသည် ပဉ္စင်းဖြစ်၍ မကြာမြင့်မီ။ပ။ ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ဒုတိယသုတ်။

---

## ၃-ယောဓာဇီဝသုတ်

၃၅၅။ ထိုအခါ ယောဓာဇီဝမည်သော စစ်ဗိုလ်မှူးကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။တခုသော နေရာ၌ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏"အသျှင်ဘုရား 'စစ်မြေပြင်၌ အားထုတ်ကြိုးစား(တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော စစ်သည်သူရဲသည် ခန္ဓာပျက်ကြွေသေပြီးသည်မှနောက်၌ ပရဇိတမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ရောက်ရ၏'ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ စစ်သည်သူရဲတို့၏စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရား အဘယ်သို့ ဆိုလိုပါသနည်း"ဟု (လျှောက်၏)။

စစ်ဗိုလ်မှူး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ယောဓာဇီဝမည်သော စစ်ဗိုလ်မှူးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား 'စစ်မြေပြင်၌ အားထုတ်ကြိုးစား (တိုက်ခိုက်) နေစဉ် တဖက် စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော စစ်သည်သူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပရဇိတမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏'ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ စစ်သည်သူရဲတို့၏ စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဆိုလိုပါသနည်း"ဟု (လျှောက်၏)။

"စစ်ဗိုလ်မှူး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်"ဟု မချွတ်လျှင် သင့်ကို ငါပြော၍ မရခဲ့ပေ၊ သို့ဖြစ်လျှင် သင့်အား ငါဖြေကြားအံ့၊ စစ်ဗိုလ်မှူး စစ်မြေပြင်၌ အားထုတ် ကြိုးစား(တိုက်ခိုက်)သူသည် "ဤသတ္တဝါတို့သည် အသတ်ခံကြရပါစေ၊အနှောင်အဖွဲ့ခံကြရပါစေ၊ အဖြတ်ခံကြရပါစေ၊ ပျက်စီးကြပါစေ၊ ဤအတိုင်းမဖြစ်ပဲရှိကြပါစေ" ဟူသော စိတ်ထားမျိုးကို ရှေးကပင် စွဲယူခဲ့၏၊ မကောင်းသဖြင့် ပြုခဲ့၏၊ မကောင်းသဖြင့် ထားခဲ့၏။ အားထုတ် ကြိုးစား ( တိုက်ခိုက် )နေစဉ် တဖက်စစ်သည်တို့ ညှဉ်းဆဲသတ်ဖြတ်ခြင်း ခံရသောသူသည် ခန္ဓာ ပျက်ကြွေ သေပြီးသည်မှ နောက်၌ ပရဇိတမည်သော ငရဲသို့ ရောက်ရ၏၊ စစ်မြေပြင်၌ အားထုတ် ကြိုးစား (တိုက်ခိုက်) နေစဉ် တဖက်စစ်သည်တို့ ညှဉ်းဆဲသတ်ဖြတ်ခံရသော စစ်သည်သူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပရဇိတနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏ဟု ထိုသူအား အယူဖြစ်ခဲ့မူ ထိုသူ၏အယူသည် မှားသောအယူဖြစ်၏၊ စစ်ဗိုလ်မှူး မှားသော အယူရှိသော ပုဂ္ဂိုလ်သတ္တဝါအား ငရဲ တိရစ္ဆာန် ဟူသော လားရာ 'ဂတိ' နှစ်ပါးတို့တွင် တပါးပါး သော လားရာ'ဂတိ'ကို ငါဟော၏ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ယောဓာဇီဝမည်သော စစ်ဗိုလ်မှူးသည် ငိုလေ၏၊ မျက်ရည်ကျ၏။ "စစ်ဗိုလ်မှူး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ငါ့ကို မမေးလင့်ဟု သင့်ကို ငါပြော၍ မရခဲ့ပေ"။ အသျှင်ဘုရား မြတ်စွာဘုရား ဤသို့ မိန့်တော်မူသော စကားကို တပည့်တော် ရည်ရွယ်ပြီး ငိုသည် မဟုတ်ပါ၊ စင်စစ်သော်ကား စစ်မြေပြင်၌ အားထုတ် ကြိုးစား (တိုက်ခိုက်)နေစဉ် တဖက်စစ်သည် တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော စစ်သည်သူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပရဇိတမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏ဟု ရှေးဆရာ့ဆရာ စစ်သည်သူရဲ တို့သည် တပည့်တော်ကို အချိန်ကြာမြင့်စွာကပင် ကောက်ကျစ်လှည့်ပတ် ဖြားယောင်းအပ်ပါ၏။ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

တတိယသုတ်။

---

## ၄-ဟတ္ထာရောဟသုတ်

၃၅၆။ ထိုအခါ ဆင်စီးသူရဲကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

စတုတ္ထသုတ်။

## ၅-အဿာရောဟသုတ်

၃၅၇။ ထိုအခါ မြင်းစီးသူရဲကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား 'စစ်မြေပြင်၌ အားထုတ် ကြိုးစား (တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲ သတ်ဖြတ်ခံရသော မြင်းစီးသူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပရဇိတမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏'ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ မြင်းစီးသူရဲတို့၏စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဆိုလိုပါသနည်း"ဟု (လျှောက်၏)။ မြင်းစီးသူရဲကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မြင်းစီးသူရဲကြီးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား 'စစ်မြေပြင်၌ အားထုတ် ကြိုးစား(တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲ သတ်ဖြတ်ခံရသော မြင်းစီးသူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပရဇိတမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏'ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ မြင်းစီးသူရဲတို့၏ စကားကို ကြားရဘူးပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ဆိုလိုပါသနည်း" ဟု (လျှောက်၏)။

"မြင်းစီးသူရဲကြီး မသင့်လျော်၊ဤစကားကို ရပ်လော့၊ ငါ့ကိုမမေးလင့်"ဟု မချွတ်လျှင် သင့်ကို ငါပြော၍ မရခဲ့ပေ၊ သို့ဖြစ်လျှင် သင့်အား ငါဖြေကြားအံ့။ မြင်းစီးသူရဲကြီး စစ်မြေပြင်၌ အားထုတ် ကြိုးစား (တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော မြင်းစီးသူရဲသည် "ဤသတ္တဝါတို့သည် အသတ်ခံကြရပါစေ၊ အနှောင်အဖွဲ့ခံကြရပါစေ၊ အဖြတ်ခံကြရပါစေ၊ ပျက်စီးကြပါစေ၊ ဤအတိုင်း မဖြစ်ပဲ ရှိကြပါစေ"ဟူသော စိတ်ထားမျိုးကို ရှေးကပင် စွဲယူခဲ့၏၊ မကောင်းသဖြင့် ပြုခဲ့၏၊ မကောင်းသဖြင့် ထားခဲ့၏၊ အားထုတ် ကြိုးစား (တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော မြင်းစီးသူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပရဇိတ မည်သောငရဲသို့ရောက်ရ၏။ စစ်မြေပြင်၌ အားထုတ်ကြိုးစား (တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော မြင်းစီးသူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပရဇိတမည်သော နတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်ရ၏ဟု ထိုသူအား အယူဖြစ်ခဲ့မူ ထိုသူ၏ အယူသည် မှားသောအယူဖြစ်၏၊ မြင်းစီးသူရဲကြီး မှားသောအယူရှိသော ပုဂ္ဂိုလ်သတ္တဝါအား ငရဲ တိရစ္ဆာန်ဟူသောလားရာ 'ဂတိ' နှစ်ပါးတို့တွင် တပါးပါးသော လားရာ 'ဂတိ' ကို ငါဟော၏။

ဤသို့မိန့်တော်မူသော် မြင်းစီးသူရဲကြီးသည် ငိုလေ၏၊ မျက်ရည်ကျလေ၏။ မြင်းစီးသူရဲကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်ဟု သင့်ကို ငါပြော၍ မရခဲ့ပေ။ အသျှင်ဘုရား မြတ်စွာဘုရားမိန့်တော်မူသော စကားကို တပည့်တော် ရည်ရွယ်ပြီး ငိုသည်မဟုတ်ပါ၊ စင်စစ်သော်ကား စစ်မြေပြင်၌ အားထုတ်ကြိုးစား(တိုက်ခိုက်)နေစဉ် တဖက်စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော မြင်းစီးသူရဲသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ပရဇိတမည်သော နတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်ရ၏ဟု ရှေးဆရာ့ဆရာ မြင်းစီးသူရဲတို့သည် အချိန်ကြာမြင့်စွာကပင် တပည့်တော်ကို ကောက်ကျစ်လှည့်ပတ် ဖြားယောင်းအပ်ပါ၏။ အသျှင်ဘုရား တရားတော်

သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

ပဌမသုတ်။

## ၆-အသိဗန္ဓကပုတ္တသုတ်

၃၅၈။ အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့ ပါဝါရိကဘုရှေး၏ သရက်ဥယျာဉ်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသိဗန္ဓက၏သား ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ကရားကိုင်ဆောင်ကုန်သော မှော်ပန်းကို ဆင်မြန်းကုန်သော ရေသို့ ဆင်းသက်တတ်ကုန်သော မီးကို လုပ်ကျွေးတတ်ကုန်သော ပစ္ဆာဘူမိ၌ နေကုန်သော ပုဏ္ဏားတို့သည် သေလွန်သူကို အထက်သို့ ရောက်စေနိုင်ကုန်၏၊ ကောင်းစွာ သိစေနိုင်ကုန်၏၊ နတ်ပြည်သို့ပင် ရောက်စေနိုင်ကုန်၏၊ အသျှင်ဘုရား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား လူအားလုံးကို ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်အောင် ပြုပြင်ခြင်းငှါ စွမ်းနိုင်ပါ၏လော"ဟု (လျှောက်၏)။ ရွာသူကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးဦးအံ့၊ သင် နှစ်သက်သည့်အတိုင်း ဖြေဆိုလော့။

ရွာသူကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ဤလောက၌ ယောကျ်ားသည် အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မမှန်ပြောလေ့ရှိ၏၊ ကုန်းစကားကို ပြောတတ်၏၊ ကြမ်းထမ်းသော စကားကို ပြောတတ်၏၊ ပြိန်ဖျင်းသော စကားကို ပြောတတ်၏၊ မက်မောမှု 'အဘိဇ္ဈာ'များ၏၊ အမျက်ထွက်သော စိတ်ရှိ၏၊ မှားသော အယူရှိ၏၊ ထိုယောကျ်ားကို များစွာသော လူအပေါင်းသည် စည်းဝေး၍ "ဤယောကျ်ားသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ပါစေ" ဟူ၍ တောင်းပန်ရာ၏၊ ချီးမွမ်းရာ၏၊ လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းရာ၏၊ ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် များစွာသော လူအပေါင်းက တောင်းပန် ချီးမွမ်းခြင်းကြောင့်သော်၎င်း လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းခြင်းကြောင့်သော်၎င်း ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရာသလော။ အသျှင်ဘုရား မရောက်ရာပါ။

ရွာသူကြီး ဥပမာသော်ကား ယောကျ်ားတယောက်သည် ကြီးစွာသော ကျောက်တုံးကို နက်စွာသောရေအိုင်၌ ချရာ၏၊ ထိုကျောက်တုံးကို များစွာသော လူအပေါင်းသည် စည်းဝေး၍ "ကျောက်တုံး ထပါလော့၊ ကျောက်တုံး ပေါ်ပါလော့၊ ကျောက်တုံး ကုန်းသို့ တက်ပါလော့" ဟူ၍ တောင်းပန်ရာ၏၊ ချီးမွမ်းရာ၏၊ လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းရာ၏၊ ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုကျောက်တုံးသည် များစွာသော လူအပေါင်း၏ တောင်းပန်ချီးမွမ်းခြင်းကြောင့်သော်၎င်း လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းခြင်းကြောင့်သော်၎င်း ထရာသလော၊ ပေါ်ရာသလော၊ ကုန်းသို့ တက်ရာသလော။ အသျှင်ဘုရား ဤသို့မဖြစ်နိုင်ရာပါ။ ရွာသူကြီး ဤအတူ အကြင်ယောကျ်ားသည် အသက်သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာကျင့်လေ့ရှိ၏၊ မမှန်ပြောလေ့ရှိ၏၊ ကုန်းစကား ပြောတတ်၏၊

ကြမ်းထမ်းသော စကားကို ပြောတတ်၏၊ ပြိန်ဖျင်းသော စကားကို ပြောတတ်၏၊ မက်မောမှု 'အဘိဇ္ဈာ'များ၏၊ အမျက်ထွက်သောစိတ် ရှိ၏၊ မှားသောအယူရှိ၏၊ ထိုယောကျ်ားကို များစွာသော လူအပေါင်းသည် စည်းဝေး၍ "ဤယောကျ်ားသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ပါစေ"ဟူ၍ တောင်းပန်စေကာမူ ချီးမွမ်းစေကာမူ လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းစေကာမူ ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့ ရောက်ရာ၏။

ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ယောကျ်ားသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားပြောခြင်းမှ ရှောင်ကြဉ်၏၊ကြမ်းထမ်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏၊ မက်မောမှု'အဘိဇ္ဈာ'မများ၊ အမျက်မထွက်သောစိတ်ရှိ၏၊ မှန်ကန်သော အယူရှိ၏၊ ထိုယောကျ်ားကို များစွာသော လူအပေါင်းသည် စည်းဝေး၍ "ဤယောကျ်ားသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့ ရောက်ပါစေ"ဟူ၍ တောင်းပန်ရာ၏၊ချီးမွမ်းရာ၏၊ လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းရာ၏၊ ရွာသူကြီး ထိုအရာကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် များစွာသော လူအပေါင်း၏ တောင်းပန်ချီးမွမ်းခြင်းကြောင့်သော်ငြားလည်း လက်အုပ်ချီကာ အဖန်တလဲလဲ အားထုတ်ခြင်းကြောင့်သော်ငြား ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့ ရောက်ရာသလော။ မရောက်ရာပါ အသျှင်ဘုရား။

ရွာသူကြီး ဥပမာသော်ကား ယောကျ်ားသည် ထောပတ်အိုးကိုငြား ဆီအိုးကိုငြား နက်စွာသော ရေအိုင်၌ နှစ်မြှုပ်၍ ခွဲရာ၏၊ ထိုခွဲရာ၌ ကျောက်စရစ်အိုးခြမ်းတို့သည် အောက်သို့ ကျ၍ ထောပတ်သည်ငြား ဆီသည်ငြား အထက်သို့ တက်ရာ၏၊ ထိုထောပတ်ဆီကို များစွာသော လူအပေါင်းသည် စည်းဝေး၍ "ထောပတ်ဆီ မြုပ်ပါလော့၊ ထောပတ်ဆီ နစ်ပါလော့၊ ထောပတ်ဆီ အောက်သို့ သွားပါလော့"ဟူ၍ တောင်းပန်ရာ၏၊ ချီးမွမ်းရာ၏၊ လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းရာ၏၊ ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ်သော်ကား ထောပတ်ဆီသည် များစွာသော လူအပေါင်း၏ တောင်းပန်ချီးမွမ်းခြင်းကြောင့်သော်ငြား လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းခြင်းကြောင့်သော်ငြား မြုပ်ရာသလော၊ နစ်ရာသလော၊ အောက်သို့ ကျရာသလော။ ဤသို့ မဖြစ်နိုင်ပါ အသျှင်ဘုရား။ ရွာသူကြီး ဤအတူ အကြင်သူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားပြောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏၊မက်မောမှု 'အဘိဇ္ဈာ' မများ၊ အမျက်မထွက်သော စိတ်ရှိ၏၊ မှန်ကန်သော အယူရှိ၏။ ထိုသူကို များစွာသော လူအပေါင်းသည် စည်းဝေး၍ "ဤယောကျ်ားသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့ ရောက်ပါစေ" ဟူ၍ တောင်းပန်စေကာမူ ချီးမွမ်းစေကာမူ လက်အုပ်ချီကာ အဖန်တလဲလဲ ဆုတောင်းစေကာမူ ထိုယောကျ်ားသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရာ၏။ ဤသို့ မိန့်တော်မူသော် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် မြတ်စွာဘုရားအား

"အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

ဆဋ္ဌသုတ်။

## ၇-ခေတ္တူပမ သုတ်

၃၅၉။ အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသိဗန္ဓကပုတ္တ ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွါးကို လိုလားလျက် နေတော်မူသည် မဟုတ်ပါလော"ဟု လျှောက်၏။ ရွာသူကြီး မှန်၏၊ မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွါးကို လိုလားလျက် နေတော်မူ၏ဟု မိန့်၏။ အသျှင်ဘုရား ထိုသို့ ဖြစ်လျက် အဘယ့်ကြောင့် မြတ်စွာဘုရားသည် (သတ္တဝါ)အချို့တို့အား ကောင်းမွန်စွာ တရားဟော၍ (သတ္တဝါ) အချို့တို့အား ထိုကဲ့သို့ ကောင်းမွန်စွာ တရား မဟောပါသနည်းဟု လျှောက်၏။ ရွာသူကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးဦးအံ့၊ သင်နှစ်သက်သည့်အတိုင်း ဖြေဆိုလော့။ ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ လယ်သမားဖြစ်သော သူကြွယ်အား အကောင်းစားလယ်တကွက် အလတ်စား လယ်တကွက် ကြွတ်တီးကုန်း ဆားမြေ မြေညံ့ဟူသော အညံ့စားလယ်တကွက်ဟူ၍ လယ်သုံးကွက် ရှိရာ၏။ ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုလယ်သမားဖြစ်သော သူကြွယ်သည် မျိုးစေ့တို့ကို စိုက်ပျိုးလိုသော် ရှေးဦးစွာ အဘယ်လယ်၌ စိုက်ပျိုးရာသနည်း၊ အကောင်းစားလယ်၌ စိုက်ပျိုးမည်လော၊ အလတ်စားလယ်၌ စိုက်ပျိုးမည်လော၊ ကြွတ်တည်းကုန်း ဆားမြေ မြေညံ့ဟူသော အညံ့စား လယ်၌ စိုက်ပျိုးမည်လော။ အသျှင်ဘုရား ထိုလယ်သမားဖြစ်သော သူကြွယ်သည် မျိုးစေ့တို့ကို စိုက်ပျိုးလိုသော် ရှေးဦးစွာ အကောင်းစားလယ်၌ စိုက်ပျိုးရာ၏၊ ထိုအကောင်းစားလယ်၌ စိုက်ပျိုးစေပြီးလျှင် အလတ်စားလယ်၌ စိုက်ပျိုးရာ၏၊ ထိုအလတ်စားလယ်၌ စိုက်ပျိုးစေပြီးလျှင် ကြွတ်တီးကုန်းဆားမြေ မြေညံ့ဟူသော အညံ့စားလယ်၌ အယုတ်ဆုံး နွားစာမျှပင် ဖြစ်လိမ့်ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးသော်လည်း စိုက်ပျိုးရာ၏၊ မစိုက်ပျိုးပဲသော်လည်း ထားရာ၏ဟု လျှောက်၏။

ရွာသူကြီး ငါ၏ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ထိုအကောင်းစားလယ်နှင့် တူကုန်၏၊ ရွာသူကြီး ထိုသူတို့သည် ငါသာလျှင် မှီခိုရာ ငါသာလျှင် လည်းလျောင်းရာ ငါသာလျှင် ပုန်းအောင်းရာ ငါသာလျှင် ကိုးကွယ်ရာရှိ၍ နေကြသောကြောင့် ထိုသူတို့အား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏၊ ရွာသူကြီး ငါ၏ သီတင်းသည် ဥပါသကာယောကျ်ား ဥပါသိကာ မိန်းမတို့သည် အလတ်စား လယ်နှင့် တူကုန်၏၊ ထိုသူတို့သည် ငါသာလျှင် မှီခိုရာ ငါသာလျှင် လည်းလျောင်းရာ ငါသာလျှင် ပုန်းအောင်းရာ ငါသာလျှင် ကိုးကွယ်ရာရှိ၍ နေကြသောကြောင့် ထိုသူတို့အား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော

သဒ္ဓါနှင့် ပြည့်စုံသော တရားကို ငါဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

ရှင်ကြီး တိတ္ထိမှတပါးကုန်သော ငါ၏ သမဏဗြာဟ္မဏပရိဗိုဇ်တို့သည် ထိုကြတ်တီးကုန်း ဆားမြေ မြေညံ့ဟူသော အညံ့စားလယ်နှင့် တူကုန်၏၊ တပုဒ်မျှကိုသော်လည်း သိကြပါမူ ထိုသူ တို့အား ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏ ဟူသော ရည်ရွယ် ချက်ဖြင့် ထိုသူတို့အားလည်း အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

ရှင်ကြီး ဥပမာတနည်းသော်ကား ယောကျ်ားအား ရေလှောင်အိုးကြီး သုံးလုံးရှိ၏၊ ရေလှောင်အိုးကြီးတလုံးကား မပေါက် မယို မစိမ့်၊ ရေလှောင်အိုးကြီးတလုံးကား မပေါက် ယို၏ စိမ့်၏၊ ရေလှောင်အိုးကြီးတလုံးကား ပေါက်၏ ယို၏ စိမ့်၏။ ရှင်ကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် ရေထည့်လိုသော် အဘယ်အိုး၌ ရှေးဦးစွာ ထည့်ရာသနည်း၊ မပေါက် မယို မစိမ့်သော ရေလှောင်အိုးကြီး၌ ထည့်ရာသလော၊ မပေါက်မူ၍ ယိုသော စိမ့်သော ရေလှောင်အိုးကြီး၌ ထည့်ရာသလော၊ ပေါက်၍ ယို၍စိမ့်သော ရေလှောင်အိုးကြီး၌ ထည့်ရာ သလော။ အသျှင်ဘုရား ထိုယောကျ်ားသည် ရေထည့်လိုသော် မပေါက် မယို မစိမ့်သော ရေလှောင်အိုးကြီး၌ ထည့်ရာ၏၊ ထိုရေလှောင်အိုးကြီး၌ ထည့်ပြီးလျှင် မပေါက်မူ၍ ယိုသော စိမ့်သော ရေလှောင်အိုးကြီး၌ ထည့်ရာ၏၊ ထိုရေလှောင်အိုးကြီး၌ ထည့်ပြီးလျှင် ပေါက်၍ ယိုသော စိမ့်သော ရေလှောင်အိုးကြီး၌ အယုတ်ဆုံး အသုံးအဆောင် ဆေးကြောခြင်းမျှသော်လည်း ဖြစ်လတ္တံ့ ဟူသော ရည်ရွယ်ချက်ဖြင့် ထည့်သော်လည်း ထည့်ရာ၏၊ မထည့်ပဲသော်လည်း ထားရာ၏။

ရှင်ကြီး ငါ၏ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် မပေါက် မယို မစိမ့်သော ရေလှောင်အိုးကြီးနှင့် တူကုန်၏၊ ထိုသူတို့သည် ငါသာလျှင် မှီခိုရာ ငါသာလျှင် လည်းလျောင်းရာ ငါသာလျှင် ပုန်းအောင်းရာ ငါသာလျှင် ကိုးကွယ်ရာရှိ၍ နေကြသောကြောင့် ထိုသူတို့အား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံ သော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

ရှင်ကြီး ငါ၏ သီတင်းသည်ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် မပေါက်မူ၍ ယိုသော စိမ့်သော ရေလှောင်အိုးကြီးနှင့် တူကုန်၏၊ ထိုသူတို့သည် ငါသာလျှင် မှီခိုရာ ငါသာလျှင် လည်းလျောင်းရာ ငါသာလျှင် ပုန်းအောင်းရာ ငါသာလျှင် ကိုးကွယ်ရာရှိ၍ နေကြသောကြောင့် ထိုသူတို့အား အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ငါဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်း ကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

ရှင်ကြီး တိတ္ထိမှတပါးကုန်သော ငါ၏ သမဏဗြာဟ္မဏပရိဗိုဇ်တို့သည် ပေါက်၍ယိုသော စိမ့်သော ရေလှောင်အိုးကြီးနှင့် တူကုန်၏၊ တပုဒ်မျှကိုသော်လည်း သိကြပါမူ ထိုသူတို့အား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏ဟူသော ရည်ရွယ်ချက်ဖြင့် ထိုသူတို့အားလည်း အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ငါဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်း

ကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။ ဤသို့ မိန့်တော်မူသော် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။တပည့်တော်ကို မြတ်စွာဘုရားသည် ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

သတ္တမသုတ်။

---

## ၈ ◦ သင်္ခဓမသုတ်

၃၆၀။ အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒာမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ နိဂဏ္ဌ၏တပည့်ဖြစ်သော အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးအား မြတ်စွာဘုရားသည် "ရွာသူကြီး နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့အား အဘယ်သို့ တရားဟောသနည်း"ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့အား ဤသို့ တရားဟောပါ၏ "အသက်ကို သတ်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏၊ မပေးသည်ကို ခိုးယူသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။ မမှန်ပြောသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။ များသောထိုထိုကံက ဆောင်သွား၏"ဟု နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့အား ဤသို့ တရားဟောပါ၏။ ရွာသူကြီး နိဂဏ္ဌနာဋပုတ္တ၏စကားအရ များသောထိုထိုကံက ဆောင်သွားခဲ့သော် တဦးတယောက်မျှ အပါယ်ကျသူ ငရဲကျသူဟူ၍ မဖြစ်တော့လတ္တံ့ဟု (မိန့်တော်မူ၏)။

ရွာသူကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ယောကျ်ားတဦးတယောက်သည် ညဉ့်၌ ဖြစ်စေ နေ့၌ဖြစ်စေ အသက်ကို သတ်တတ်၏၊ သတ်သောအချိန် မသတ်သောအချိန်ကို ထောက်ဆလျှင် အသက်သတ်သောအချိန် မသတ်သောအချိန်တို့တွင် အဘယ်အချိန်က များသနည်း။ အသျှင်ဘုရား ယောကျ်ားတဦးတယောက်သည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ အသက်ကို သတ်တတ်၏၊ သတ်သောအချိန် မသတ်သောအချိန်ကို ထောက်ဆလျှင် အသက်သတ်သောအချိန်က နည်းပါ၏။ စင်စစ်သော်ကား အသက်မသတ်သောအချိန်က များပါ၏။ ရွာသူကြီး နိဂဏ္ဌနာဋပုတ္တ၏စကားအရ များသော ထိုထိုကံက ဆောင်သွားခဲ့သော် တဦးတယောက်မျှ အပါယ်ကျသူ ငရဲကျသူ ဟူ၍ မဖြစ်တော့လတ္တံ့။ ရွာသူကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ယောကျ်ား တဦးတယောက်သည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ မပေးသည်ကို ခိုးယူတတ်၏၊ ခိုးယူသောအချိန် မခိုးယူသောအချိန်ကို ထောက်ဆလျှင် မပေးသည်ကို ခိုးယူသောအချိန် မပေးသည်ကို မခိုးယူသောအချိန်တို့တွင် အဘယ်အချိန်က များသနည်း။ အသျှင်ဘုရား ယောကျ်ားတဦးတယောက်သည် ညဉ့်၌ ဖြစ်စေ နေ့၌ဖြစ်စေ မပေးသည်ကို ခိုးယူတတ်၏၊ ခိုးယူသောအချိန် မခိုးယူသောအချိန်ကို ထောက်ဆလျှင် မပေးသည်ကို ခိုးယူသောအချိန်က နည်းပါ၏၊ စင်စစ်သော်ကား မပေးသည်ကို မခိုးယူသောအချိန်က များပါ၏။ ရွာသူကြီး နိဂဏ္ဌနာဋပုတ္တ၏စကားအရ များသော ထိုထိုကံက ဆောင်သွားခဲ့သော် တဦးတယောက်မျှ အပါယ်ကျသူ ငရဲကျသူဟူ၍ မဖြစ်တော့လတ္တံ့ဟု (မိန့်တော်မူ၏)။

ရှင်သူကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ယောကျ်ားတဦးတယောက်သည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ ကာမတို့၌ မှားယွင်းစွာ ကျင့်တတ်၏၊ မှားယွင်းစွာကျင့်သောအချိန် မှားယွင်းစွာမကျင့်သောအချိန်ကို ထောက်ဆလျှင် ကာမတို့၌ မှားယွင်းစွာကျင့်သောအချိန် ကာမတို့၌ မှားယွင်းစွာ မကျင့်သောအချိန်တို့တွင် အဘယ်အချိန်က များသနည်း။ အသျှင်ဘုရား ယောကျ်ားတဦးတယောက်သည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ ကာမတို့၌ မှားယွင်းစွာ ကျင့်တတ်၏၊ မှားယွင်းစွာကျင့်သောအချိန် မှားယွင်းစွာမကျင့်သောအချိန်ကို ထောက်ဆလျှင် ကာမတို့၌ မှားယွင်းစွာကျင့်သောအချိန်က နည်းပါ၏၊ စင်စစ်သော်ကား ကာမတို့၌ မှားယွင်းစွာမကျင့်သောအချိန်က များပါ၏။ ရှင်သူကြီး နိဂဏ္ဌနာဋပုတ္တ၏ စကားအရ များသော ထိုထိုကံကဆောင်သွားခဲ့သော် တဦးတယောက်မျှ အပါယ်ကျသူ ငရဲကျသူဟူ၍ မဖြစ်တော့လတ္တံ့ဟု (မိန့်တော်မူ၏)။

ရှင်သူကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ယောကျ်ားတဦးတယောက်သည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ မမှန်ပြောတတ်၏၊ မမှန်ပြောသောအချိန် မမှန်မပြောသောအချိန်ကို ထောက်ဆလျှင် မမှန်ပြောသောအချိန် မမှန်မပြောသောအချိန်တို့တွင် အဘယ်အချိန်ကများသနည်း။ အသျှင်ဘုရား ယောကျ်ားတဦးတယောက်သည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ မမှန်ပြောတတ်၏၊ မမှန်ပြောသောအချိန် မမှန်မပြောသောအချိန်ကို ထောက်ဆလျှင် မမှန်ပြောသောအချိန်က နည်းပါ၏၊ စင်စစ်သော်ကား မမှန်မပြောသောအချိန်ကသာ များပါ၏၊ ရှင်သူကြီး နိဂဏ္ဌနာဋပုတ္တ၏ စကားအရ များသော ထိုထိုကံကဆောင်သွားခဲ့သော် တဦးတယောက်မျှ အပါယ်ကျသူ ငရဲကျသူဟူ၍ မဖြစ်တော့လတ္တံ့ဟု (မိန့်တော်မူ၏)။

ရှင်သူကြီး ဤလောက၌ အသက်သတ်သူဟူသမျှတို့သည် အပါယ်ကျ၏၊ ငရဲကျ၏၊ မပေးသည်ကို ခိုးယူသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏၊ ကာမတို့၌ ဖောက်ပြန်စွာကျင့်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏၊ မမှန်ပြောသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏ဟု အချို့သောဆရာသည် ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏၊ ရှင်သူကြီး ထိုဆရာကိုကြည်ညိုသောတပည့်အား ဤသို့ အကြံသည်ဖြစ်၏ "အသက်ကိုသတ်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏ဟု ငါ၏ဆရာသည် ဆိုလေ့ ယူလေ့ရှိ၏၊ အသက်ကို ငါသတ်မိ၏၊ ငါသည်လည်း အပါယ်ကျသူ ငရဲကျသူဖြစ်၏"ဟု အယူမှားကိုရ၏။ ရှင်သူကြီး ထိုစကားကိုမပယ်လျှင် ထိုစိတ်ကိုမပယ်လျှင် ထိုအယူကို မစွန့်လျှင် ဆောင်ယူခဲ့သောဝန်ထုပ်ကို ပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ကျရ၏။

အကြင်သူသည် မပေးသည်ကို ခိုးယူသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏ဟု ငါ၏ဆရာသည် ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏၊ မပေးသည်ကို ငါခိုးယူမိ၏၊ ငါသည်လည်း အပါယ်ကျသူ ငရဲကျသူဖြစ်၏ဟု အယူမှားကိုရ၏။ ရှင်သူကြီး ထိုစကားကိုမပယ်လျှင် ထိုစိတ်ကိုမပယ်လျှင် ထိုအယူကိုမစွန့်လျှင် ဆောင်ယူခဲ့သောဝန်ထုပ်ကို ပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ကျရ၏။

အကြင်သူသည် ကာမတို့၌ မှားယွင်းစွာကျင့်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏ဟု ငါ၏ဆရာသည် ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာကျင့်မှုကို ငါကျင့်မိ၏၊ ငါသည်လည်း အပါယ်ကျသူ ငရဲကျသူဖြစ်၏ဟု အယူမှားကိုရ၏။ ရှင်သူကြီး ထိုစကားကိုမပယ်လျှင် ထိုစိတ်ကို

မပယ်လျှင် ထိုအယူကိုမစွန့်လျှင် ဆောင်ယူခဲ့သောဝန်ထုပ်ကို ပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ကျရ၏။

အကြင်သူသည် မမှန်ပြောသူဟူသမျှသည် အပါယ်ကျ၏၊ငရဲကျ၏ဟု ငါ၏ဆရာသည် ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏၊ မမှန်သည်ကို ငါပြောမိ၏၊ ငါသည်လည်း အပါယ်ကျသူ ငရဲကျသူဖြစ်၏ဟု အယူမှားကိုရ၏၊ ရွာသူကြီး ထိုစကားကိုမပယ်လျှင် ထိုစိတ်ကိုမပယ်လျှင် ထိုအယူကိုမစွန့်လျှင် ဆောင်ယူခဲ့သောဝန်ထုပ်ကို ပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ကျရ၏။

ရွာသူကြီး ဤလောက၌ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော သစ္စာလေးပါး တရားတို့ကို သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော ထိုမြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အသက်သတ်ခြင်းကို ကဲ့ရဲ့တော်မူ၏၊ အထူးကဲ့ရဲ့တော်မူ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏၊မပေးသည်ကို ခိုးယူခြင်းကို ကဲ့ရဲ့တော်မူ၏၊အထူးကဲ့ရဲ့တော်မူ၏၊မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းကို ကဲ့ရဲ့တော်မူ၏၊ အထူးကဲ့ရဲ့တော်မူ၏၊ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြလော့ဟုလည်း ဟောတော်မူ၏။မမှန်ပြောခြင်းကို ကဲ့ရဲ့တော်မူ၏၊အထူးကဲ့ရဲ့တော်မူ၏၊မမှန်ပြောခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏။ ရွာသူကြီး ထိုဆရာ၌ အလွန်ကြည်ညိုသော တပည့်သည် ဤသို့ဆင်ခြင်၏— "မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အသက်သတ်ခြင်းကို ကဲ့ရဲ့တော်မူ၏၊ အထူးကဲ့ရဲ့တော်မူ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏၊သူ့ အသက်ကို ဤမျှ ဤမျှ ငါသတ်မိ၏၊ သူ့ အသက်ကို ဤမျှဤမျှ ငါသတ်မိခြင်းသည် မကောင်း၊ သို့သော်လည်း ငါသည် ထိုအကြောင်းကြောင့် နှလုံးမသာဖြစ်ခဲ့ပါလျှင် ထိုမကောင်းမှုကို ငါမပြုဟူ၍ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထိုသူသည် ဤသို့ ဆင်ခြင်၍ ထိုအသက်သတ်ခြင်းကို စွန့်၏၊ နောင်အခါ၌လည်း အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသို့ ထိုမကောင်းမှုကိုပယ်၏၊ ဤသို့ ထိုမကောင်းမှုမှ လွန်မြောက်၏။

မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် မပေးသည်ကို ခိုးယူခြင်းကို ကဲ့ရဲ့တော်မူ၏၊ အထူးကဲ့ရဲ့တော်မူ၏၊ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏။ မပေးသည်ကို ဤမျှ ဤမျှ ငါခိုးယူမိ၏၊ မပေးသည်ကို ဤမျှ ဤမျှ ငါခိုးယူမိခြင်းသည် မကောင်း၊ သို့သော်လည်း ငါသည် ထိုအကြောင်းကြောင့် နှလုံးမသာဖြစ်ခဲ့လျှင် ထိုမကောင်းမှုကို ငါမပြုဟူ၍ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထိုသူသည် ဤသို့ ဆင်ခြင်၍ ထိုမပေးသည်ကို ယူခြင်းကိုလည်း စွန့်၏၊ နောင်အခါ၌လည်း ထိုမပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ဤသို့ ထိုမကောင်းမှုကို ပယ်၏၊ ဤသို့ ထိုမကောင်းမှုမှ လွန်မြောက်၏။

မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ကဲ့ရဲ့တော်မူ၏၊ အထူးကဲ့ရဲ့တော်မူ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏၊ကာမတို့၌ ဤမျှ ဤမျှ မှားယွင်းစွာ ကျင့်မှုကို ငါကျင့်မိ၏၊ကာမတို့၌ ဤမျှဤမျှ

မှားယွင်းစွာ ကျင့်မှုသည် မကောင်း၊ သို့သော်လည်း ငါသည် ထိုအကြောင်းကြောင့် နှလုံးမသာ ဖြစ်ခဲ့လျှင် ထိုမကောင်းမှုကို ငါမပြုဟူ၍ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထိုသူသည် ဤသို့ ဆင်ခြင်၍ ထိုကာမတို့၌ မှားယွင်းစွာ ကျင့်မှုကိုလည်း စွန့်၏၊ နောင်အခါ၌လည်း ကာမတို့၌ မှားယွင်းစွာကျင့်မှုမှ ရှောင်ကြဉ်၏၊ ဤသို့ ထိုမကောင်းမှုကိုပယ်၏၊ ဤသို့ ထိုမကောင်းမှုမှ လွန်မြောက်၏။

မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် မမှန်ပြောခြင်းကို ကဲ့ရဲ့တော်မူ၏၊ အထူးကဲ့ရဲ့တော်မူ၏၊ မမှန်ပြောခြင်းမှ ရှောင်ကြလော့ဟုလည်း ဟောတော်မူ၏၊ မမှန်သည်ကို ဤ၍ဤမျှ ငါပြောမိ၏၊ ဤမမှန်သည်ကို ဤ၍ ဤမျှ ငါပြောမိခြင်းသည် မကောင်း၊ သို့သော်လည်း ငါသည် ထိုအကြောင်းကြောင့် နှလုံးမသာဖြစ်ခဲ့လျှင် ထိုမကောင်းမှုကို မပြုဟူ၍ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထိုသူသည် ဤသို့ဆင်ခြင်၍ ထိုမမှန်ပြောခြင်းကိုလည်း စွန့်၏၊ နောင်အခါ၌လည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ဤသို့ ထိုမကောင်းမှုကိုပယ်၏၊ ဤသို့ ထိုမကောင်းမှုမှ လွန်မြောက်၏။

ထိုသူသည် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ခိုးယူခြင်းကိုပယ်၍ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်ပြောခြင်းကိုပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကား ပြောခြင်းကိုပယ်၍ ကုန်းစကား ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသော စကားပြောခြင်းကိုပယ်၍ ကြမ်းထမ်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားပြောခြင်းကိုပယ်၍ ပြိန်ဖျင်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏၊ (သူ့စည်းစိမ်ကို) ရှေးရှုကြံမှုကိုပယ်၍ (သူ့စည်းစိမ်ကို) ရှေးရှုမကြံပဲလျက်နေ၏၊ သူတပါး ပျက်စီးစေလိုသော စိတ်ကိုပယ်၍ သူတပါးပျက်စီးစေလိုစိတ် မရှိပဲလျက်နေ၏၊ အယူမှားကိုပယ်၍ ကောင်းသော အယူရှိလျက် နေ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံမှု (သူတပါးကို) ပျက်စီးစေလိုမှုကင်းသည်ဖြစ်၍ မတွေမဝေပဲ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် ချမ်းသာစေလိုခြင်း မေတ္တာနှင့်ယှဉ်သောစိတ်နှင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

ရွာသူကြီး ဥပမာသော်ကား အားရှိသော ခရုသင်းမှုတ်သမားသည် မပင်ပန်းပဲသာလျှင် အရပ်လေးမျက်နှာကို သိနိုင်သကဲ့သို့ ဤအတူ ချမ်းသာစေလိုခြင်း မေတ္တာဟူသော လွတ်မြောက်သောစိတ်ကို ဤသို့လေ့လာသည်ရှိသော် အကြိမ်များစွာ ပြုသည်ရှိသော် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကာမာဝစရကံသည် မဟဂ္ဂုတ်ကံ၌ မကြွင်းကျန်၊ ထိုမဟဂ္ဂုတ်ကံ၌ မတည်နိုင်။ ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံမှု (သူတပါးကို) ပျက်စီးစေလိုမှု ကင်းသည်ဖြစ်၍ မတွေမဝေပဲ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစိတ်ဖြင့်။ပ။

လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။သုံးခုမြောက်အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါ အားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ငြိုငြင်ခြင်းမရှိသော ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏။ ရွာသူကြီး ဥပမာသော်ကား အားရှိသော ခရုသင်းမှုတ်သမားသည် မပင်ပန်းပဲသာလျှင် အရပ်လေးမျက်နှာကို သိစေနိုင်သကဲ့သို့ ဤအတူ လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟူသော လွတ်မြောက်သောစိတ်ကို ဤသို့ လေ့လာသည်ရှိသော် အကြိမ်များစွာ ပြုသည်ရှိသော် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကာမာဝစရကံသည် ထိုမဟဂ္ဂုတ်ကံ၌ မကြွင်းကျန်၊ ထိုမဟဂ္ဂုတ်ကံ၌ မတည်နိုင်။ ဤသို့ မိန့်တော်မူသော် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

---

## ၉-ကုလသုတ်

၃၆၁။ အခါအပါ၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလ တိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသော် နာဠန္ဒမြို့သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုနာဠန္ဒမြို့ဝယ် ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌(သီတင်းသုံး)နေတော်မူ၏။

ထိုအခါ နာဠန္ဒမြို့သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ ထိုအခါ နိဂဏ္ဌနာဋပုတ္တသည် များစွာသော နိဂဏ္ဌပရိသတ်နှင့်အတူ နာဠန္ဒမြို့၌နေ၏၊ ထိုအခါ နိဂဏ္ဌ၏တပည့် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီး သည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော ရာ၌ ထိုင်နေသော အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးအား နိဂဏ္ဌနာဋပုတ္တသည် "ရွာသူကြီး လာလော့၊ ရဟန်းဂေါတမကို ဝါဒတင်ချေလော့၊ ဤသို့ ဝါဒတင်သော် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ဂေါတမကို ဝါဒတင်နိုင်၏ဟု သင်၏ကောင်းသော ကျော်စော သံသည် ပျံ့နှံ့သွားလတ္တံ့"ဟူသော စကားကို ပြောဆို၏။

အသျှင် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အကျွန်ုပ်သည် အဘယ်သို့ ဝါဒတင်ရပါအံ့နည်း။ ရွာသူကြီး လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အမျိုးသားတို့အား အစဉ်သနား ခြင်းကို ချီးမွမ်းတော်မူသည်မဟုတ်လော၊ အစဉ်စောင့်ရှောက်ခြင်းကို ချီးမွမ်းတော်မူသည် မဟုတ် လော၊ အစဉ်ငဲ့ညှာခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်လော"ဟု ဤသို့ ဆိုလော့။ ရွာသူကြီး ရဟန်းဂေါတမသည် ဤသို့ အမေးခံရသော် "ရွာသူကြီး မှန်၏၊ ငါဘုရားသည် အကြောင်း အမျိုးမျိုးဖြင့် အမျိုးသားတို့အား အစဉ်သနားခြင်းကို ချီးမွမ်း၏၊ အစဉ်စောင့်ရှောက်ခြင်းကို ချီးမွမ်း၏၊ အစဉ်ငဲ့ညှာခြင်းကို ချီးမွမ်း၏"ဟူ၍ ဖြေခဲ့မူ အသျှင်ဘုရား ထိုသို့ဖြစ်လျှင် အဘယ့်

ကြောင့် မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ အစာခေါင်းပါးသော အသက်မွေးရန်ခဲယဉ်းသော ဖွေးဖွေးဖြူသည့် အရိုးရှိသော စာရေးတံလက်မှတ်ဖြင့် အသက်မွေးရသော အရပ်သို့ ဒေသစာရီလှည့်လည်ပါသနည်း၊ မြတ်စွာဘုရားသည် အမျိုးတို့၏ပြတ်ခြင်းငှါ ကျင့်ပါသလော၊ မြတ်စွာဘုရားသည် အမျိုးတို့၏ အကျိုးမဲ့အောင် ကျင့်ပါသလော၊ မြတ်စွာဘုရားသည် အမျိုးတို့၏ပျက်စီးအောင် ကျင့်ပါသလောဟု ထိုရဟန်းဂေါတမကို ဤသို့ဆိုလေလော့။ ရှင်သူကြီး ရဟန်းဂေါတမသည် အစွန်းနှစ်ဖက်ရှိသော ပြဿနာအမေးခံရသော် ထွေးအံခြင်းငှါ မစွမ်းနိုင်လတ္တံ့၊ မျိုခြင်းငှါ မစွမ်းနိုင်လတ္တံ့။ အသျှင် ကောင်းပါပြီဟု အသိဗန္ဓကၡ၏သား ရှင်သူကြီးသည် နိဂဏ္ဌနာဋပုတ္တ၏စကားကို ဝန်ခံ၍ နေရာမှထကာ ရှိခိုးလျက် အရိုအသေပြုပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အမျိုးသားတို့အား အစဉ်သနားခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်လော၊ အစဉ်စောင့်ရှောက်ခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်လော၊ အစဉ်ငဲ့ညှာခြင်းကို ချီးမွမ်းတော်မူသည်မဟုတ်လော" ဟူသော ဤစကားကို လျှောက်၏။

ရှင်သူကြီး မှန်၏၊ မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အမျိုးသားတို့အား အစဉ်သနားခြင်းကို ချီးမွမ်းတော်မူ၏၊ အစဉ်စောင့်ရှောက်ခြင်းကို ချီးမွမ်းတော်မူ၏။ အစဉ်ငဲ့ညှာခြင်းကို ချီးမွမ်းတော်မူ၏။အသျှင်ဘုရား သို့ဖြစ်လျှင် အဘယ့်ကြောင့် မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ အစာခေါင်းပါးသော အသက်မွေးရန် ခဲယဉ်းသော ဖွေးဖွေးဖြူသော အရိုးရှိသော စာရေးတံလက်မှတ်ဖြင့် အသက်မွေးရသောအရပ်သို့ ဒေသစာရီလှည့်လည်ပါသနည်း၊ မြတ်စွာဘုရားသည် အမျိုးတို့၏ ပြတ်ခြင်းငှါ ကျင့်ပါသလော၊ မြတ်စွာဘုရားသည် အမျိုးတို့၏ အကျိုးမဲ့ခြင်းငှါ ကျင့်ပါသလော၊ မြတ်စွာဘုရားသည် အမျိုးတို့၏ ပျက်စီး ခြင်းငှါ ကျင့်ပါသလောဟု (လျှောက်၏)။ ရှင်သူကြီး ဤကမ္ဘာမှ (နောက်) ကိုးဆယ့်တကမ္ဘာတို့တိုင်အောင် ငါအောက်မေ့သည်ရှိသော် ချက်ပြီးဆွမ်းကို လောင်းရုံမျှဖြင့် ပျက်စီးဘူးသော အမျိုးသားတဦးတယောက်ကိုမျှ ငါမသိ။ စင်စစ်သော်ကား ကြွယ်ဝကုန်သော များသောဥစ္စာရှိကုန်သော များသော ရွှေငွေရှိကုန်သော များသော အသုံးအဆောင်ရှိကုန်သော များသော ဥစ္စာစပါးရှိကုန်သော အမျိုးသားအားလုံးတို့သည် ပေးလှူခြင်းကြောင့်လည်း ကြီးပွါးကုန်၏၊ မှန်ကန်မှုသစ္စာကြောင့်လည်း ကြီးပွါးကုန်၏၊ အကျင့်သီလကြောင့်လည်း ကြီးပွါးကုန်၏။

ရှင်သူကြီး အမျိုးတို့၏ပျက်စီးခြင်းငှါ အကြောင်းအထောက်အပံ့တို့သည် ရှစ်မျိုးတို့တည်း။ အမျိုးတို့သည် မင်းကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ခိုးသားခားပြကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏။ မီးကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ရေကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ မြှုပ်ထားသောဥစ္စာသည်လည်း တည်ရာမှရွေ့၏။ အားထုတ်မှုမကောင်းသဖြင့်လည်း လုပ်ငန်းတို့ ပျက်စီးကုန်၏၊ အမျိုး၌လည်း ထိုစည်းစိမ်တို့ကို ကြဲဖြန့်မှုတ်လွှင့် ဖျက်စီးတတ်သူ အမျိုးမီးခဲဟူ၍ အကြောင်းပေါ်လာ၏၊ ရှစ်ခုမြောက်အကြောင်းကား မမြဲခြင်းသာလျှင်တည်း။ ရှင်သူကြီး အမျိုးတို့၏ ပျက်စီးရန် အကြောင်းအထောက်အပံ့တို့သည် ဤရှစ်မျိုးတို့တည်း။

ရှင်သူကြီး ဤရှစ်မျိုးသော အကြောင်းအထောက်အပံ့များ ရှိပါကုန်လျက် မြတ်စွာဘုရားသည် အမျိုးတို့၏ ပြတ်ခြင်းငှါကျင့်၏၊ မြတ်စွာဘုရားသည် အမျိုးတို့၏ အကျိုးမဲ့ခြင်းငှါ

ကျင့်၏၊ မြတ်စွာဘုရားသည် အမျိုးတို့၏ ပျက်စီးခြင်းငှါ ကျင့်၏ဟု ငါဘုရားအား ဆိုသော သူသည် ထိုစကားကို မပယ်လျှင် ထိုစိတ်ကို မပယ်လျှင် ထိုအယူကို မစွန့်လျှင် ဆောင်ယူခဲ့သော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ဤအတူ ငရဲ၌ ကျရ၏။ ဤသို့မိန့်တော်မူသော် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ ပေစွ၊ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရား အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

နဝမသုတ်။

---

## ၁၀-မဏိစူဠကသုတ်

၃၆၂။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ နန်းတော်တွင် အညီအညွတ် စုဝေး ထိုင်နေသော မင်းပရိသတ်၌ "သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့အား ရွှေငွေသည် အပ်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏"ဟူသော အကြားစကားသည် ဖြစ်ပေါ်၏။

ထိုအခါ မဏိစူဠကရွာသူကြီးသည် ထိုပရိသတ်၌ ထိုင်လျက်ရှိ၏။ ထိုအခါ မဏိစူဠကရွာသူကြီး သည် ထိုပရိသတ်ကို အရှင်တို့ ဤသို့ မဆိုကြကုန်လင့်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့ သည် ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှကင်းကုန်၏ဟု ပြောလေ၏။ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်ကို သိစေခြင်းငှါ စွမ်းနိုင်လေ၏။ ထို့နောက် မဏိစူဠကရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေလျက် "မြတ်စွာဘုရား ယခု နန်းတော်တွင်းဝယ် စုဝေးထိုင်နေသော မင်းပရိသတ်၌ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့အား ရွှေငွေသည်အပ်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်း တို့သည် ရွှေငွေကို ခံယူကုန်၏" ဟူသော ဤအကြားစကားသည် ဖြစ်ပေါ်၏။ အသျှင်ဘုရား ဤသို့ဆိုသော် အကျွန်ုပ်သည် ထိုပရိသတ်ကို "အရှင်တို့ ဤသို့ မဆိုကြကုန်လင့်၊ သာကီဝင်မင်း သား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား မြတ်စွာ ဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာ ဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏" ဟုပြောပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုပရိသတ်ကို သိစေခြင်းငှါ စွမ်းနိုင်ပါ၏၊

အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့ ဆိုသော် မြတ်စွာဘုရား၏ စကားတော်အတိုင်း ဆိုသည် လည်း ဖြစ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန် မစွပ်စွဲသည် မည်ပါ၏လော၊ တရားတော်အား လျော်သော တရားကိုလည်း ဆိုသည် မည်ပါ၏လော၊ မြတ်စွာဘုရား၏ ဝါဒကို အတုယူ၍ ပြော ခြင်းသည် အကြောင်းနှင့်တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပဲ ရှိပါ၏လောဟု လျှောက်၏။

ရွာသူကြီး စင်စစ် သင်သည် ဤသို့ဆိုသော် ငါ၏စကားအတိုင်း ဆိုသည်လည်း ဖြစ်၏၊ ငါ့ကို မဟုတ်မမှန် မစွပ်စွဲသည်လည်း ဖြစ်၏၊ တရားတော်အားလျော်သော တရားကို ဆိုသည်လည်း မည်၏၊ ငါ၏ဝါဒကို အတုယူ၍ပြောခြင်းသည် အကြောင်းနှင့်တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှလည်း မရောက်။ ရွာသူကြီး မှန်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့ သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ကျောက် မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏။ ရွာသူကြီး ရွှေငွေကို အပ်သောသူ အား ကာမဂုဏ်ငါးပါးတို့သည် အပ်ကုန်၏၊ ကာမဂုဏ်ငါးပါးအပ်သောသူကို စင်စစ်အားဖြင့် ရဟန်းသဘောမရှိ၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား သဘောမရှိဟု မှတ်လေ လော့။ ရွာသူကြီး စင်စစ်သော်ကား ငါသည် ဤသို့ဟော၏၊ မြက်ကိုအလိုရှိသောသူသည် မြက်ကို ရှာသင့်၏၊ သစ်သားကိုအလိုရှိသောသူသည် သစ်သားကို ရှာသင့်၏၊ လှည်းကိုအလိုရှိသောသူသည် လှည်းကိုရှာသင့်၏၊ (အလုပ်သမား) ယောကျ်ားကို အလိုရှိသောသူသည် (အလုပ်သမား) ယောကျ်ားကိုရှာသင့်၏။ ရွာသူကြီး အဘယ်နည်းနှင့်မျှ ရွှေငွေကို သာယာသင့်၏၊ ရှာသင့်၏ဟူ၍ ငါဘုရားမဟောဟု (မိန့်တော်မူ၏)။

**၁သမသုတ်။**

---

## ၁၁-ဘဒြကသုတ်

၃၆၃။ အခါတပါး၌ မြတ်စွာဘုရားသည် မလ္လတိုင်း ဥရုဝေလကပ္ပမည်သော မလ္လမင်းတို့၏ နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဘဒြက ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် ရှိခိုး၍တခုသောနေရာ၌ ထိုင်နေလျက် "အသျှင်ဘုရား တောင်းပန်ပါ၏၊မြတ်စွာဘုရားသည် အကျွန်ုပ်အား ဆင်းရဲဖြစ်ခြင်း ချုပ်ခြင်းကို ဟောတော်မူပါ"ဟု လျှောက်၏။ ရွာသူကြီး လွန်ပြီး ကာလ၌ ဤသို့ဖြစ်ဘူးပြီဟု ငါသည် သင့်အား အတိတ်ကာလကို အကြောင်းပြု၍ ဆင်းရဲဖြစ်ခြင်း ချုပ်ခြင်းကို ဟောခဲ့မူ ထိုအတိတ်ကာလကို အကြောင်းပြု၍ သင့်အား ယုံမှားဖြစ်ရာ၏၊ တွေးတောမှုဖြစ်ရာ၏။ ရွာသူကြီး အနာဂတ်ကာလ၌ ဤသို့ဖြစ်လိမ့်မည်ဟု ငါသည် သင့်အား အနာဂတ်ကာလကို အကြောင်းပြု၍ ဆင်းရဲဖြစ်ခြင်း ချုပ်ခြင်းကို ဟောခဲ့မူ ထိုအနာဂတ် ကာလ၌လည်း သင့်အား ယုံမှားဖြစ်ရာ၏၊ တွေးတောမှုဖြစ်ရာ၏။ ရွာသူကြီး စင်စစ် ငါသည် ဤနေရာ၌ ထိုင်လျက်ပင်လျှင် ဤနေရာ၌ ထိုင်လျက်ရှိသော သင့်အား ဆင်းရဲဖြစ်ခြင်း ချုပ်ခြင်းကို ဟောပေအံ့၊ ထိုတရားကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပြပေအံ့ဟု

(မိန့်တော်မူ၏)။ အသျှင်ဘုရား ကောင်းပါပြီဟု ဘဒြကရွာသူကြီးသည် မြတ်စွာဘုရား၏ စကားကို ဝန်ခံ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရွာသူကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုများ ဖြစ်နိုင်ကုန်ရာသော သင်နှင့်စပ်သူတို့သည် ဥရုဝေလကပ္ပ၌ ရှိကုန်သလော။ အသျှင်ဘုရား သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုများ ဖြစ်နိုင်ကုန်ရာသော အကျွန်ုပ်နှင့် စပ်သူတို့သည် ဥရုဝေလကပ္ပ၌ ရှိပါကုန်၏။ ရွာသူကြီး သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုများ မဖြစ်နိုင်ကုန်ရာသော သင်နှင့်မစပ်သူ လူတို့သည် ဥရုဝေလကပ္ပ၌ ရှိကုန်သလော။ အသျှင်ဘုရား သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုများ မဖြစ်နိုင်ကုန်ရာသော အကျွန်ုပ်နှင့် မစပ်သူ လူတို့သည်လည်း ဥရုဝေလကပ္ပ၌ ရှိပါကုန်၏။ ရွာသူကြီး အချို့သော ဥရုဝေလကပ္ပ၌ နေသူ လူတို့ကို သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း သင့်အား ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုများ ဖြစ်နိုင်ကုန်ရာသော အကြောင်း အထောက်အပံ့ကား အဘယ်နည်း။ အသျှင်ဘုရား သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ဖြစ်နိုင်ကုန်ရာသော ဥရုဝေလကပ္ပ၌နေကြသူ အချို့လူတို့၌ အကျွန်ုပ်အား လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ရှိပါ၏။ သတ်ခြင်းကြောင့်သော်၎င်း နှောင်ဖွဲ့ခြင်းကြောင့်သော်၎င်း ဆုံးရှုံးခြင်းကြောင့်သော်၎င်း ကဲ့ရဲ့ခြင်းကြောင့်သော်၎င်း ပူဆွေးမှုငိုကြွေးမှုကိုယ်ဆင်းရဲမှုစိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ မဖြစ်နိုင်ကုန်ရာသော ဥရုဝေလကပ္ပ၌နေကြသူ အချို့လူတို့၌ အကျွန်ုပ်အား လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' မရှိပါ။ ရွာသူကြီး သင်သည် မြင်အပ်သော သိအပ်သော ကာလ မခြားပဲ ရောက်လာသော ဉာဏ်ဖြင့် သက်ဝင်နိုင်သော ဤသဘောဖြင့် အတိတ်အနာဂတ်၌ နည်းကို ဆောင်လေလော့၊ အတိတ်ကာလ၌ ဖြစ်ခဲ့သည့် ဆင်းရဲဟူသမျှ အလုံးစုံသည် လိုချင်မှု 'ဆန္ဒ' လျှင် အရင်းခံရှိ၏၊ လိုချင်မှု 'ဆန္ဒ' လျှင် အကြောင်းခံရှိ၏။ မှန်၏၊ လိုချင်မှု 'ဆန္ဒ' သည် ဆင်းရဲ၏အရင်းခံတည်း။ အနာဂတ်ကာလ၌ ဖြစ်မည့်ဆင်းရဲဟူသမျှ အလုံးစုံသည် လိုချင်မှု'ဆန္ဒ' လျှင် အရင်းခံရှိ၏၊ လိုချင်မှု 'ဆန္ဒ' လျှင် အကြောင်းခံရှိ၏။ မှန်၏၊ လိုချင်မှု 'ဆန္ဒ' သည် ဆင်းရဲ၏ အရင်းခံတည်း။ အသျှင်ဘုရား တရားတော်သည် အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား တရားတော်သည် မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ ဆင်းရဲဟူသမျှ အားလုံးသည် လိုချင်မှု'ဆန္ဒ' လျှင် အရင်းခံရှိ၏၊ လိုချင်မှု'ဆန္ဒ' လျှင် အကြောင်းခံ၏။ မှန်၏၊ လိုချင်မှု'ဆန္ဒ'သည် ဆင်းရဲ၏ အရင်းခံတည်းဟူသော ဤစကားကို မြတ်စွာဘုရားသည် အလွန်ကောင်းစွာဆိုတော်မူပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား မြို့ပြင်ပအိမ်၌ နေသော စိရဝါသိမည်သော သူငယ်ရှိပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် နံနက်စောစော ထ၍ ယောကျ်ားတယောက်ကို အချင်း သွားလော့၊ စိရဝါသိသူငယ်ကို သိအောင်ပြုလေလော့ဟု

လွှတ်လိုက်ပါ၏။ အသျှင်ဘုရား ထိုယောကျ်ား မလာသမျှကာလပတ်လုံး အကျွန်ုပ်မှာ စိရဝါသိသူငယ်အား တခုခုထိခိုက်မှု မဖြစ်ပါစေလင့်ဟု စိတ်ဖောက်ပြန်မှုဖြစ်သည်သာလျှင်တည်း။

ရွာသူကြီး ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ စိရဝါသိသူငယ်ကို သတ်ခြင်းကြောင့်သော်ငြားငင်း နှောင်ဖွဲ့ခြင်းကြောင့်သော်ငြင်း ဆုံးရှုံးခြင်းကြောင့်သော်ငြင်း ကဲ့ရဲ့ခြင်းကြောင့်သော်ငြင်း သင့်အား ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ဖြစ်ကုန်ရာသလော။အသျှင်ဘုရား စိရဝါသိသူငယ်ကို သတ်ခြင်းကြောင့်သော်ငြင်း နှောင်ဖွဲ့ခြင်းကြောင့်သော်ငြင်း ဆုံးရှုံးခြင်းကြောင့်သော်ငြင်း ကဲ့ရဲ့ခြင်းကြောင့်သော်ငြင်း အကျွန်ုပ်အား အသက်သော်လည်း သေလောက်ရာ၏။ ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ကား အဘယ်မှာ မဖြစ်ကုန်ပဲ ရှိပါအံ့နည်း၊ ရွာသူကြီး ဤအကြောင်းကြောင့်လည်း ဆင်းရဲဟူသမျှအလုံးစုံသည် လိုချင်မှု'ဆန္ဒ'လျှင် အရင်းခံ၏၊လိုချင်မှု'ဆန္ဒ'လျှင် အကြောင်းခံရှိ၏။မှန်၏၊ လိုချင်မှု 'ဆန္ဒ'သည် ဆင်းရဲ၏ အရင်းခံတည်းဟု ဤအကြောင်းကို သိရမည်။ ရွာသူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စိရဝါသိ၏မိခင်ကို သင်မမြင်ရ မကြားရသောအခါ သူ့အပေါ်မှာ သင်၏ နှစ်သက်မှု 'ဆန္ဒ'သည်ငြင်း တပ်မက်မှု 'ရာဂ'သည်ငြင်း ချစ်ခင်မှု 'ပေမ' သည်ငြင်း ဖြစ်သလော။ အသျှင်ဘုရား မဖြစ်ပါ။ ရွာသူကြီး သင့်အား မြင်မှုကိုငြင်း ကြားမှုကိုငြင်းစွဲ၍ စိရဝါသိ၏မိခင်အပေါ်မှာ ဤသို့ နှစ်သက်မှု 'ဆန္ဒ' သည်ငြင်း တပ်မက်မှု 'ရာဂ' သည်ငြင်း ချစ်ခင်မှု 'ပေမ' သည်ငြင်း ဖြစ်သလော။ အသျှင်ဘုရား ဖြစ်သည် မှန်ပါ၏။

ရွာသူကြီး ထိုအရာကို သင်အဘယ်သို့မှတ်ထင်သနည်း၊ စိရဝါသိ၏မိခင်ကို သတ်ခြင်းကြောင့်သော်ငြင်း နှောင်ဖွဲ့ခြင်းကြောင့်သော်ငြင်း ဆုံးရှုံးခြင်းကြောင့်သော်ငြင်း ကဲ့ရဲ့ခြင်းကြောင့်သော်ငြင်း သင့်အား ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့ ဖြစ်ကုန်ရာသလော။ အသျှင်ဘုရား စိရဝါသိ၏ မိခင်ကို သတ်ခြင်းကြောင့်သော်ငြင်း နှောင်ဖွဲ့ခြင်းကြောင့်သော်ငြင်း ဆုံးရှုံးခြင်းကြောင့်သော်ငြင်း ကဲ့ရဲ့ခြင်းကြောင့်သော်ငြင်း အကျွန်ုပ်အား အသက်သည်ပင် သေလောက်ရာပါ၏။ ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် အဘယ်မှာ မဖြစ်ကုန်ပဲ ရှိပါအံ့နည်း။ရွာသူကြီး ဤအကြောင်းကြောင့်လည်း ဆင်းရဲဟူသမျှအလုံးစုံသည် လိုချင်မှု 'ဆန္ဒ' အရင်းခံရှိ၏၊ လိုချင်မှု'ဆန္ဒ'အကြောင်းခံရှိ၏။ မှန်၏၊ လိုချင်မှု 'ဆန္ဒ'သည် ဆင်းရဲ၏ အရင်းခံတည်းဟု ဤအကြောင်းကို သိအပ်၏ ဟု (မိန့်တော်မူ၏)။

ဘဒြကသုတ်။

---

## ၁၂-ရာသိယသုတ်

၃၆၄။ ထိုအခါ ရာသိယရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် "အသျှင်ဘုရား ရဟန်းဂေါတမသည် ပြင်းထန်သော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ ပြင်းထန်သော အကျင့်၌ မှီသူ ခေါင်းပါးသော အသက်မွေးမှုရှိသူ အားလုံးကို တဖက်သတ် စွပ်စွဲ၏၊ ပုတ်ခတ်၏ဟူသော ဤစကားကို အကျွန်ုပ်ကြားရဘူးပါ၏။ အသျှင်

ဘုရား ရဟန်းဂေါတမသည် ပြင်းထန်သော အကျင့်ကို ကဲ့ရဲ့၏၊ ပြင်းထန်သော အကျင့်၌ မှီသူ ခေါင်းပါးသော အသက်မွေးမှုရှိသူ အားလုံးကို တဖက်သတ် စွပ်စွဲ၏၊ ပုတ်ခတ်၏ဟု ဤသို့ ဆိုကြသောသူတို့သည် မြတ်စွာဘုရား၏ စကားတော်အတိုင်း ဆိုရာ ရောက်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရာ မရောက်ပါသလော၊ တရားတော်အား လျော်သော တရားကိုလည်း ဆိုရာ ရောက်ပါ၏လော၊ မြတ်စွာဘုရား၏ဝါဒကို အတုလိုက်၍ ပြောခြင်းသည် အကြောင်းနှင့် တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့အနည်းငယ်မျှ မရောက်ပဲရှိပါ၏လော''ဟု တဖက်သတ် လျှောက်၏။ ရွာသူကြီး ''ရဟန်းဂေါတမသည် ပြင်းထန်သော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ ပြင်းထန်သော အကျင့်၌မှီသူ ခေါင်းပါးသော အသက်မွေးမှုရှိသူ အားလုံးကို စွပ်စွဲ၏၊ ပုတ်ခတ်၏''ဟု ဤသို့ ဆိုကြသော သူတို့သည် ငါ၏စကားအတိုင်း ဆိုရာ မရောက်ကြကုန်၊ စင်စစ် ထိုသူတို့သည် ငါဘုရားကို ထင်ရှားမရှိသော အချည်းနှီးသော မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲရာ ရောက်ကြကုန်၏ဟု (မိန့်တော်မူ၏)။

ရွာသူကြီး ရွာသူတို့ အကျင့်ဖြစ်သော ပုထုဇဉ်တို့အကျင့်ဖြစ်သော အရိယာတို့ အကျင့် မဟုတ်သော အကျိုးမဲ့နှင့်စပ်သော ကာမဂုဏ်တို့၌ တွယ်တာငြိကပ်အားထုတ်သော အကျင့်သည် အစွန်းတဖက်တည်း၊ ဆင်းရဲသော အရိယာတို့ အကျင့်မဟုတ်သော အကျိုးမဲ့နှင့်စပ်သော ကိုယ်ကို ပင်ပန်းစေသော အားထုတ်ခြင်းသည် အစွန်းတဖက်တည်း၊ ဤအစွန်းနှစ်ဖက်တို့ကို ရဟန်းသည် မမှီဝဲအပ်ကုန်၊ ရွာသူကြီး ဤအစွန်းနှစ်ဖက်တို့ကို မကပ်မူ၍ ဉာဏ်မျက်စိကို ပြုတတ်သော အသိဉာဏ်ကို ပြုတတ်သော ငြိမ်းခြင်းငှါ အထူးသိခြင်းငှါ ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ရောက် ခြင်းငှါ အလယ်အလတ်ဖြစ်သောအကျင့်ကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏၊ ရွာသူကြီး မြတ်စွာဘုရား ထိုးထွင်း၍သိတော်မူသော ဉာဏ်မျက်စိကိုပြုတတ်သော အသိဉာဏ်ကိုပြုတတ်သော ငြိမ်းခြင်းငှါ အထူးသိခြင်းငှါ ထိုးထွင်း၍သိခြင်းငှါ နိဗ္ဗာန်ရောက်ခြင်းငှါ ဖြစ်သော ထိုအလယ် အလတ် အကျင့်ဟူသည် အဘယ်နည်း၊ မှန်ကန်သော မြင်ခြင်း။ပ။မှန်ကန်သော တည်ကြည်ခြင်း ဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း၊ ရွာသူကြီး ဉာဏ်မျက်စိကို ပြုတတ်သော အသိဉာဏ်ကို ပြုတတ်သော ငြိမ်းခြင်းငှါ အထူးသိခြင်းငှါ ထိုးထွင်း၍သိခြင်းငှါ နိဗ္ဗာန်ရောက်ခြင်း ငှါဖြစ်သော ဤအလယ်အလတ် အကျင့်ကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏။

ရွာသူကြီး သုံးမျိုးသော ဤကာမဂုဏ်ခံစားသူတို့သည် လောက၌ ထင်ရှား ရှိကုန်၏၊ အဘယ်သုံးမျိုးတို့နည်း၊ ရွာသူကြီး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင် အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရား ရှာမှီး၏၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာ တို့ကို မတရားရှာမှီးလျက် မိမိကိုယ်ကို မချမ်းသာစေ မပြည့်ဖြိုးစေ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှု တို့ကို မပြု၊ ရွာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရား ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု၊ ရွာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကို ပြု၏။(၁-၂-၃)

ရှာသူကြီး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက်ပြုလုပ်၍သော်ငြင်း အနိုင်အထက်မပြုလုပ်ပဲသော်ငြင်း စည်းစိမ်ဥစ္စာတို့ကို တရား မတရားနှစ်ပါးစုံဖြင့် ရှာမှီး၏၊ အနိုင်အထက် ပြုလုပ်၍သော်ငြင်း အနိုင်အထက် မပြုလုပ်ပဲသော်ငြင်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီးလျက် မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု။ ရှာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍သော်ငြင်း အနိုင်အထက် မပြုလုပ်ပဲသော်ငြင်း စည်းစိမ်ဥစ္စာတို့ကို တရား မတရားနှစ်ပါးစုံဖြင့် ရှာမှီး၏၊ အနိုင်အထက်ပြုလုပ်၍သော်ငြင်း အနိုင်အထက် မပြုလုပ်ပဲသော်ငြင်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု။ ရှာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ် ခံစားသူသည် အနိုင်အထက် ပြုလုပ်၍သော်ငြင်း အနိုင်အထက် မပြုလုပ်ပဲသော်ငြင်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကို ပြု၏။ (၄-၅-၆)

ရှာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီးလျက် မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မဝေခြမ်း(မစွန့်ကြဲ)၊ကောင်းမှုတို့ကို မပြု။ ရှာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု။ ရှာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကို ပြု၏၊ စည်းစိမ်ဥစ္စာတို့ကိုလည်း မက်မောတွေဝေ စွဲလမ်းလျက် အပြစ်မမြင်ပဲ ထွက်မြောက်လိုသော ဉာဏ်မရှိမူ၍ သုံးဆောင်၏။ရှာသူကြီး ထိုမှတပါး ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ် ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကိုပြု၏၊ ထိုစည်းစိမ်ဥစ္စာ တို့ကိုလည်း မမက်မော မတွေဝေပဲလျက် မစွဲလမ်းပဲလျက် အပြစ်မြင်ကာ လွတ်မြောက်လိုသော ဉာဏ်ရှိသည်ဖြစ်၍ သုံးဆောင်၏။ (၇-၈-၉)

ရှာသူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ် ခံစားသူသည် အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏၊ အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၍ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု၊ ဤကာမဂုဏ်ခံစားသူသည် သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ် သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရသနည်း၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏ ဟူသော ဤပဌမအကြောင်းဖြင့်လည်း အကဲ့ရဲ့ခံရ၏၊ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေဟူသော ဤဒုတိယအကြောင်းဖြင့်လည်း အကဲ့ရဲ့ခံရ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ကောင်းမှုတို့ကို မပြုဟူသော

ဤတဘိယအကြောင်းဖြင့်လည်း အကဲ့ရဲ့ခံရ၏။ ရွာသူကြီး ဤကာမဂုဏ် ခံစားသူသည် ဤသုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (၁)

ရွာသူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရား ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မဝေခြမ်း (မစွန့်ကြဲ)၊ ကောင်းမှုတို့ကိုမပြု။ ဤကာမဂုဏ်ခံစားသူသည် နှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ တပါးသောအကြောင်းဖြင့် ချီးမွမ်းခံရ၏၊ အဘယ်နှစ်ပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရသနည်း၊ အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏ ဟူသော ဤပဌမအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြုဟူသော ဤဒုတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ် တပါးသော အကြောင်းဖြင့် အချီးမွမ်းခံရသနည်း၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ဟူသော ဤတပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ရွာသူကြီး ဤကာမဂုဏ်ခံစားသူသည် ဤနှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ ဤတပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏။ (၂)

ရွာသူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏၊ အနိုင်အထက် ပြုလုပ်၍ စည်းစိမ် ဥစ္စာတို့ကို မတရား ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကိုပြု၏၊ ဤကာမဂုဏ်ခံစားသူသည် တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ နှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊ အဘယ်တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရသနည်း၊ အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏ ဟူသော ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ်နှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရသနည်း၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ဟူသော ဤပဌမ အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကို ပြု၏ဟူသော ဤဒုတိယ အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ရွာသူကြီး ဤကာမဂုဏ် ခံစားသူသည် ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ ဤနှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ (၃)

ရွာသူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍ သော်၎င်း အနိုင်အထက်မပြုလုပ်ပဲသော်၎င်း တရား မတရား နှစ်ပါးစုံဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၏၊ အနိုင်အထက်ပြုလုပ်၍သော်၎င်း အနိုင်အထက်မပြုလုပ်ပဲသော်၎င်း တရား မတရားနှစ်ပါးစုံဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးလျက် မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု၊ ဤကာမဂုဏ် ခံစားသူသည် တပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ်တပါးသော အကြောင်းဖြင့် အချီးမွမ်း ခံရသနည်း၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ ဟူသော ဤ တပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ အဘယ်သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရသနည်း၊ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏ ဟူသော ဤပဌမ အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ မိမိကိုယ်ကို မချမ်းသာစေ မပြည့်ဖြိုးစေ ဟူသော ဤဒုတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြုဟူသော ဤတတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ ရွာသူကြီး ဤကာမဂုဏ်ခံစားသူသည် ဤတပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ဤသုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (၄)

ရှင်သာရိပုတ္တရာ ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍သော်၎င်း အနိုင်အထက်မပြုလုပ်ပဲသော်၎င်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီး၏။ အနိုင်အထက်ပြုလုပ်၍သော်၎င်း အနိုင်အထက်မပြုလုပ်ပဲ သော်၎င်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီးလျက် မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊မဝေခြမ်း (မစွန့်ကြဲ)၊ကောင်းမှုတို့ကို မပြု၊ဤကာမဂုဏ် ခံစားသူသည် နှစ်ပါးသောအကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊နှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ်နှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်း ခံရသနည်း၊ အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ဟူသော ဤပဌမ အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ ဟူသော ဤဒုတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ အဘယ်နှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရသနည်း၊ အနိုင်အထက် ပြုလုပ်၍ စည်းစိမ် ဥစ္စာတို့ကို မတရားသဖြင့် ရှာမှီး၏ ဟူသော ဤပဌမ အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ မဝေခြမ်း(မစွန့်ကြဲ) ကောင်းမှုတို့ကို မပြုဟူသော ဤ ဒုတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ ရှင်သာရိပုတ္တရာ ဤကာမဂုဏ်ခံစားသူသည် ဤနှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ ဤနှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (၅)

ရှင်သာရိပုတ္တရာ ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် ပြုလုပ်၍သော်၎င်း အနိုင်အထက်မပြုလုပ်ပဲသော်၎င်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီး၏၊အနိုင်အထက် ပြုလုပ်၍သော်၎င်း အနိုင်အထက် မပြုလုပ်ပဲသော်၎င်း စည်းစိမ်ဥစ္စာတို့ကို တရား မတရား နှစ်ပါးစုံဖြင့် ရှာမှီး၏၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ကောင်းမှုတို့ကိုပြု၏၊ ဤကာမဂုဏ်ခံစားသူသည် သုံးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ်သုံးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရသနည်း၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ဟူသော ဤပဌမအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ ဟူသော ဤဒုတိယ အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကိုပြု၏ ဟူသော ဤတတိယ အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ အဘယ်တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရသနည်း၊ အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏ ဟူသော ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ ရှင်သာရိပုတ္တရာ ဤကာမဂုဏ် ခံစားသူသည် ဤသုံးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊ ဤ တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ (၆)

ရှင်သာရိပုတ္တရာ ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ် ခံစားသူသည် အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၍ မိမိကိုယ်ကို မချမ်းသာစေ မပြည့်ဖြိုး မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကိုမပြု၊ ရှင်သာရိပုတ္တရာ ဤကာမဂုဏ်ခံစားသူသည် တပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ နှစ်ပါးသောအကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ အဘယ်တပါးသော အကြောင်းဖြင့် အချီးမွမ်းခံရသနည်း၊ အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ဟူသော ဤတပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏၊ အဘယ်နှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရသနည်း၊ မိမိကိုယ်ကို မချမ်းသာစေ မပြည့်ဖြိုးစေဟူသော ဤပဌမအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊မဝေခြမ်း(မစွန့်ကြဲ)၊ကောင်းမှုတို့ကို မပြုဟူသော ဤ ဒုတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ ရှင်သာရိပုတ္တရာ ဤကာမဂုဏ်ခံစား

သူသည် ဤတပါးသောအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ဤနှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (၇)

ရှင်သူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကိုမပြု။ ဤကာမဂုဏ် ခံစားသူသည် နှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ အဘယ်နှစ်ပါးသောအကြောင်းတို့ဖြင့် အချီးမွမ်းခံရသနည်း၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၏ဟူသော ဤပဌမအကြောင်းဖြင့် အချီးမွမ်းခံရ၏။ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ဟူသော ဤဒုတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ အဘယ်တခုသော အကြောင်းဖြင့် အကဲ့ရဲ့ခံရသနည်း၊ မဝေခြမ်း(မစွန့်ကြဲ)၊ ကောင်းမှုတို့ကို မပြု ဟူသော ဤတပါးသောအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ ရှင်သူကြီး ဤကာမဂုဏ်ခံစားသူသည် ဤနှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊ ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ (၈)

ရှင်သူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကိုပြု၏၊ စည်းစိမ်ဥစ္စာတို့ကိုလည်း မက်မော တွေ့ဝေ စွဲလမ်းလျက် အပြစ်မမြင်ပဲ ထွက်မြောက်လိုသော ဉာဏ်မရှိမူ၍ သုံးဆောင်၏၊ ဤကာမဂုဏ်ခံစားသူသည် သုံးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊ တပါးသောအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ အဘယ်သုံးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရသနည်း၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ဟူသော ဤပဌမအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ဟူသော ဤဒုတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ဝေခြမ်း (စွန့်ကြဲ)၏၊ ကောင်းမှုတို့ကို ပြု၏ဟူသော ဤတတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏။ အဘယ်တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရသနည်း၊ ထိုစည်းစိမ်ဥစ္စာတို့ကိုလည်း မက်မောတွေ့ဝေစွဲလမ်းကာ အပြစ်မမြင်ပဲ ထွက်မြောက်လိုသော ဉာဏ်မရှိမူ၍ သုံးဆောင်၏ဟူသော ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ ရှင်သူကြီး ဤကာမဂုဏ်ခံစားသူသည် ဤသုံးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏၊ ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ (၉)

ရှင်သူကြီး ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် အနိုင်အထက် မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏၊ အနိုင်အဆက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်ဥစ္စာတို့ကိုလည်း မမက်မော မတွေ့ဝေ မစွဲလမ်းပဲ အပြစ်မြင်လျက် ထွက်မြောက်လိုသော ဉာဏ်ရှိသည်ဖြစ်၍ သုံးဆောင်၏၊ ဤကာမဂုဏ်ခံစားသူသည် လေးပါးသောအကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ အဘယ်လေးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရသနည်း၊ အနိုင်အထက်မပြုလုပ်ပဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ဟူသော ဤပဌမအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ဟူသော ဤဒုတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ ဝေခြမ်း(စွန့်ကြဲ)၏၊ ကောင်းမှုတို့ကိုပြု၏ဟူသော ဤတတိယအကြောင်းဖြင့် အချီးမွမ်းခံ၏၊ ထိုစည်းစိမ်ဥစ္စာ

တို့ကိုလည်း မမက်မော မတွေဝေပဲ မစွဲလမ်းပဲ အပြစ်မြင်လျက် ထွက်မြောက်လိုသော ဉာဏ်ရှိသည် ဖြစ်၍သုံးဆောင်၏ ဟူသော ဤစတုတ္ထအကြောင်းဖြင့် အချီးမွမ်းခံရ၏။ ရှင်သူကြီး ဤကာမဂုဏ်ခံစားသူသည် ဤလေးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ (၁၀)

ရှင်သူကြီး ပြင်းထန်သောအကျင့်၌ မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော ဤသုံးယောက်သောသူတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အဘယ်သုံးယောက်တို့နည်း၊ ရှင်သူကြီး ဤလောက၌ ပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အချို့သော သူသည် ကုသိုလ်တရားတို့ကို ရတန်ရာ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုနိုင်တန်ရာ၏ဟူသော ယုံကြည်ချက်ဖြင့် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်၌ ဝင်ရောက် ရဟန်းပြု၏။ ထိုသူသည် မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏၊ ကုသိုလ်တရားကိုလည်း မရ၊ လူတို့တရားတို့ထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်မပြုနိုင်။ (၁)

ရှင်သူကြီး နောက်တမျိုးကား ဤလောက၌ ပြင်းထန်သော အကျင့်၌ မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အချို့သောသူသည် ကုသိုလ်တရားကို ရတန်ရာ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုနိုင် တန်ရာ၏ဟူသော ယုံကြည်ချက်ဖြင့် လူ့ဘောင်မှ ထွက်၍ရဟန်းဘောင်၌ ဝင်ရောက် ရဟန်းပြု၏။ ထိုသူသည် မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏၊ ကုသိုလ်တရားကိုသာ ရ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုကား မျက်မှောက်မပြုနိုင်။ (၂)

ရှင်သူကြီး နောက်တမျိုးကား ဤလောက၌ ပြင်းထန်သော အကျင့်၌ မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အချို့သောသူသည် ကုသိုလ်တရားကို ရတန်ရာ၏၊ လူတို့တရားထက် လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုနိုင်တန်ရာ၏ဟူသော ယုံကြည်ချက်ဖြင့် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်၌ ဝင်ရောက်ရဟန်းပြု၏။ထိုသူသည် မိမိကိုယ်ကို ပူပန်စေ၏၊ပြင်းစွာ ပူပန်စေ၏၊ကုသိုလ်တရားတို့ကိုလည်း ရ၏၊လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်၏။ (၃)

ရှင်သူကြီး ထိုပုဂ္ဂိုလ် သုံးယောက်တို့တွင် ပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသောအသက်မွေးမှုရှိသော အကြင်သူသည် မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏၊ ကုသိုလ်တရားကိုလည်း မရ၊ လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်မပြုနိုင်။ ရှင်သူကြီး ပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော ဤသူသည် သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ အဘယ်သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရသနည်း၊ မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏ဟူသော ဤပဌမအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ ကုသိုလ်တရားကိုလည်း မရဟူသော ဤဒုတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်မပြုနိုင်ဟူသော ဤတတိယအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ ရှင်သူကြီး ပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော ဤသူသည် ဤသုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (၁)

ရှင်သူကြီး ထိုပုဂ္ဂိုလ်သုံးယောက်တို့တွင် ပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အကြင်သူသည် မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏၊ ကုသိုလ်တရားကိုသာ ရ၏၊ လူတို့တရားတို့ထက် လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုကား မျက်မှောက်မပြုနိုင်။ ပြင်း

ထန်သောအကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော ဤသူသည် နှစ်ပါးသောအကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏၊ တပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏။ အဘယ်နှစ်ပါးသောအကြောင်းတို့ဖြင့်အကဲ့ရဲ့ခံရသနည်း၊ မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏ဟူသော ဤပဌမအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုကား မျက်မှောက်မပြုနိုင်ဟူသော ဤဒုတိယအကြောင်း ဖြင့်အကဲ့ရဲ့ခံရ၏။ အဘယ်တပါးသောအကြောင်းဖြင့် အချီးမွမ်း ခံရသနည်း၊ကုသိုလ်တရားကိုသာ ရ၏ဟူသော ဤတပါးသော အကြောင်းဖြင့် အချီးမွမ်းခံရ၏။ ရွာသူကြီး ပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော ဤသူသည် ဤ နှစ်ပါးသောအကြောင်းတို့ဖြင့် အကဲ့ရဲ့ခံ၏၊ ဤတပါးသော အကြောင်းဖြင့် အချီးမွမ်းခံ၏။ (၂)

ရွာသူကြီး ထိုပုဂ္ဂိုလ်သုံးယောက်တို့တွင် ပြင်းထန်သောအကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အကြင်သူသည် မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာပူပန်စေ၏၊ ကုသိုလ်တရားကိုလည်း ရ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်၏၊ဤပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသောအသက်မွေးမှုရှိသော ဤသူသည် တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏၊နှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ အဘယ်တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ ခံရသနည်း၊ မိမိကိုယ်ကို ပူပန်စေ၏၊ ပြင်းစွာ ပူပန်စေ၏ဟူသော ဤတပါးသော အကြောင်းဖြင့် အကဲ့ရဲ့ ခံရ၏။ အဘယ်နှစ်ပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရသနည်း၊ ကုသိုလ်တရားကိုလည်း ရ၏ဟူသော ဤပဌမအကြောင်းဖြင့် အချီးမွမ်းခံရ၏၊ လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်၏ဟူသော ဤဒုတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏။ ရွာသူကြီး ပြင်းထန်သောအကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော ဤသူသည် ဤတပါးသောအကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ ဤနှစ်ပါးသောအကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။ (၃)

ရွာသူကြီး ကိုယ်တိုင် သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့် ရှုလှည့်ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော ကိလေသာပယ်ဖျက်မှုတို့သည် ဤသုံးမျိုးတို့တည်း၊အဘယ်သုံးမျိုးတို့နည်း၊ တပ်မက်သောသူသည် တပ်မက်ခြင်းအကြောင်းကြောင့် မိမိပျက်စီးအောင်လည်း အားထုတ်၏၊ သူတပါးပျက်စီးအောင်လည်း အားထုတ်၏၊ နှစ်ဦးလုံးပျက်စီးအောင်လည်း အားထုတ်၏။ တပ်မက်မှုကိုပယ်ပြီးသော် မိမိပျက်စီးအောင် အားမထုတ်၊ သူတပါးပျက်စီးအောင် အားမထုတ်၊ နှစ်ဦးလုံးပျက်စီးအောင် အားမထုတ်။ ဤသည်ကား ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့်အကျိုးပေးနိုင်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော ကိလေသာပယ်ဖျက်မှုတရားတည်း။ အမျက်ထွက်သောသူသည် အမျက်ထွက်ခြင်းအကြောင်းကြောင့် မိမိပျက်စီးအောင်လည်း အားထုတ်၏၊ သူတပါးပျက်စီးအောင်လည်း အားထုတ်၏။ နှစ်ဦးလုံးပျက်စီးအောင်လည်း အားထုတ်၏၊ အမျက်ဒေါသကိုပယ်ပြီးသော် မိမိပျက်စီးအောင်လည်း အားမထုတ်၊ သူတပါးပျက်စီးအောင်လည်း အားမထုတ်၊ နှစ်ဦးလုံးပျက်စီးအောင်လည်း အားမထုတ်။ဤသည်ကား ကိုယ်တိုင် သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့် ရှုလှည့်ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော(အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော ကိလေသာပယ်ဖျက်မှုတည်း။ တွေဝေသောသူသည် တွေဝေ

ခြင်းအကြောင်းကြောင့် မိမိပျက်စီးအောင်လည်း အားထုတ်၏၊ သူတပါး ပျက်စီးအောင်လည်း အားထုတ်၏၊ နှစ်ဦးလုံးပျက်စီးအောင်လည်း အားထုတ်၏။ တွေဝေမှုကို ပယ်ပြီးသော် မိမိပျက်စီးအောင်လည်း အားမထုတ်၊ သူတပါး ပျက်စီးအောင်လည်း အားမထုတ်၊ နှစ်ဦးလုံးပျက်စီးအောင်လည်း အားမထုတ်။ ဤသည်ကား ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့် ရှုလှည့်ဟု ပြထိုက်သော မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော ကိလေသာပယ်ဖျက်မှုတည်း။ ရှာသူကြီး ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော လာလှည့် ရှုလှည့်ဟု ပြထိုက်သော (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော ကိလေသာပယ်ဖျက်မှုတို့သည် ဤသည်တို့ပင်တည်း။

ဤသို့ မိန့်တော်မူသော် ရာသိယရှာသူကြီးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု လျှောက်၏။

ဒွါဒသမသုတ်။

---

## ၁၃-ပါဋလိယသုတ်

၃၆၅။ အခါတပါး၌ မြတ်စွာဘုရားသည် ကောလိယမြို့ ဥတ္တရမည်သော ကောလိယမင်းတို့၏ နိဂုံး၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ ပါဋလိယရှာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ထိုင်နေလျက် "အသျှင်ဘုရား ရဟန်းဂေါတမသည် လှည့်ပတ်မှုမာယာကို သိ၏"ဟူသော ဤစကားကို အကျွန်ုပ်ကြားရဘူးပါ၏၊ အသျှင်ဘုရား ရဟန်းဂေါတမသည် လှည့်ပတ်မှုမာယာကို သိ၏ဟု ဤသို့ဆိုကြသူတို့သည် မြတ်စွာဘုရား၏စကားတော်အတိုင်း ဆိုသည် မည်ကြပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရာ မရောက်ပါသလော၊ တရားတော်အားလျော်သော တရားကိုလည်း ပြောဆိုသည် မည်ကြပါ၏လော၊ မြတ်စွာဘုရား၏ ဝါဒသို့ အတုလိုက်၍ဆိုခြင်းသည် အကြောင်းနှင့်တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပါလည်း ရှိပါ၏လော၊အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို မစွပ်စွဲလိုပါကုန်"ဟု လျှောက်၏။ ရှာသူကြီး ရဟန်းဂေါတမသည် လှည့်ပတ်မှုမာယာကိုသိ၏ဟု ဆိုကြသူတို့သည် ငါ၏စကားအတိုင်းလည်း ဆိုသည်မည်ကုန်၏၊ ငါ့ကို မဟုတ်မမှန်လည်း စွပ်စွဲသည် မမည်ကုန်၊ တရားတော်အားလျော်သော တရားကိုလည်း ဆိုသည်မည်ကုန်၏၊ မြတ်စွာဘုရား၏ဝါဒသို့ အတုလိုက်၍ ဆိုခြင်းသည် အကြောင်းနှင့်တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှလည်း မရောက်။ အချင်းတို့ ရဟန်းဂေါတမသည် လှည့်ပတ်မှုမာယာကို သိ၏ဟု ဆိုသော ထိုသမဏ ဗြာဟ္မဏတို့၏ မှန်ကန်သောစကားကို ငါတို့ မယုံမိကုန်။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် လှည့်ပတ်တတ်သူတည်း၊ ရှာသူကြီး လှည့်ပတ်မှုမာယာကို ငါသိ၏ဟု ပြောဆိုကာမျှဖြင့် ငါကား လှည့်ပတ်တတ်သူဟု ဆိုသည် မည်ရာသလော။

ဘုန်းတန်ခိုးကြီးတော်မူသောမြတ်စွာဘုရား ထိုစကားသည် ထိုအတိုင်းဖြစ်ပါ၏။ကောင်းသော စကားကို ဆိုတော်မူသောမြတ်စွာဘုရား ထိုစကားသည် ထိုအတိုင်းဖြစ်ပါ၏။ ရှာသူကြီး သို့ဖြစ်

လျှင် ဤအရာ၌ သင့်ကိုပင်လျှင် ပြန်၍မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ဖြေဆိုလော့။ ရွာသူကြီး ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော အမှုထမ်းတို့ကို သိ၏လော။ အသျှင်ဘုရား အကျွန်ုပ်သည် လမ္ဗစူဠက မည်သော အမှုထမ်းတို့ကို သိပါ၏။ ရွာသူကြီး ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော အမှုထမ်းတို့သည် အဘယ်အကျိုး ရှိကုန်သနည်း။ အသျှင်ဘုရား လမ္ဗစူဠကမည်သော အမှုထမ်းတို့သည် ကောလိယမင်းတို့အတွက် ခိုးသူတို့ကို တားမြစ်ရန် ကောလိယမင်းတို့အတွက် တမန်အမှုတို့ကို ဆောင်ရွက်ရန် အကျိုးရှိပါကုန်၏။ ရွာသူကြီး ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ကောလိယမင်းတို့၏ လမ္ဗစူဠက မည်သော အမှုထမ်းတို့ကို သီလရှိသူတို့ဟူ၍ရင်း သီလမရှိသူတို့ဟူ၍ရင်း သိ၏လော။ အသျှင်ဘုရား ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော မင်းမှုထမ်းတို့သည် လောက၌ သီလမရှိ ယုတ်ညံ့သော သဘောရှိသူတို့တွင် အပါအဝင်ဖြစ်သည်ဟု သိပါ၏။ ရွာသူကြီး ပါဋလိယရွာသူကြီးသည် ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော အမှုထမ်းတို့ကို သီလမရှိသူ ယုတ်ညံ့သောအကျင့်ရှိသူ တို့ဟု သိ၏၊ ပါဋလိယရွာသူကြီးသည်လည်း သီလမရှိ၊ ယုတ်ညံ့သောအကျင့်ရှိသူတည်းဟု ဤသို့ တဦးတယောက်ကဆိုပါလျှင် ကောင်းစွာဆိုသည် မည်ရာသလော။ အသျှင်ဘုရား မဖြစ်နိုင်ပါ။ ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော အမှုထမ်းတို့ကား တခြား အကျွန်ုပ်ကား တခြား ဖြစ်ပါ၏၊ ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော အမှုထမ်းတို့ကား သဘောတမျိုးရှိပါကုန်၏။ အကျွန်ုပ်ကား သဘောတမျိုးရှိပါ၏။ ရွာသူကြီး ပါဋလိယရွာသူကြီးသည် ကောလိယမင်းတို့၏ လမ္ဗစူဠကမည်သော အမှုထမ်းတို့ကို သီလမရှိသူ ယုတ်ညံ့သောအကျင့်ရှိသူတို့ဟူ၍ သိ၏၊ ပါဋလိယရွာသူကြီးသည်ကား သီလမရှိသူ ယုတ်ညံ့သောအကျင့်ရှိသူမဟုတ်ဟူသော ဤအဖြစ် မျိုးကို သင်သော်မှရနိုင်လျှင် မြတ်စွာဘုရားသည် လှည့်ပတ်မှုမာယာကိုကား သိ၏။ မြတ်စွာ ဘုရားသည် လှည့်ပတ်တတ်သူကား မဟုတ်ဟု အဘယ့်ကြောင့် မြတ်စွာဘုရားသည် မရနိုင်အံ့နည်း။ ရွာသူကြီး ငါသည် လှည့်ပတ်မှုမာယာကိုလည်း သိ၏၊ လှည့်ပတ်မှုမာယာ၏ အကျိုးကိုလည်း သိ၏၊ လှည့်ပတ်သောအကျင့်ကို ကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။

ရွာသူကြီး ငါသည် အသက်သတ်ခြင်းကိုရင်း အသက်သတ်ခြင်း၏ အကျိုးကိုရင်း သိ၏၊ အသက်သတ်မှုကို ကျင့်သောသူသည်လည်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာ ကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် မပေးသည်ကို ခိုးယူခြင်းကိုရင်း မပေးသည်ကို ခိုးယူခြင်း၏အကျိုးကိုရင်း သိ၏၊ မပေးသည်ကို ခိုးယူမှုကိုကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာ ကင်းရာ မကောင်းသောသူတို့၏ လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းကိုရင်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း၏ အကျိုးကိုရင်း သိ၏၊ ကာမတို့၌မှားယွင်းစွာကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရ ပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် မမှန်ပြောခြင်းကိုလည်း သိ၏၊ မမှန်ပြောခြင်း၏ အကျိုးကို လည်း သိ၏၊ မမှန်ပြောမှုကို ကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌

ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် ကုန်းစကားကိုလည်း သိ၏၊ကုန်းစကား၏ အကျိုးကိုလည်း သိ၏၊ ကုန်းစကားပြောမှုကို ကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏ လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် ကြမ်းထမ်းသောစကားကိုလည်း သိ၏၊ ကြမ်းထမ်းသောစကား၏ အကျိုးကိုလည်း သိ၏၊ ကြမ်းထမ်းသောစကားပြောမှုကို ကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏ လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် ပြိန်ဖျင်းသောစကားကိုလည်း သိ၏၊ ပြိန်ဖျင်းသောစကား၏ အကျိုးကိုလည်း သိ၏၊ ပြိန်ဖျင်းသောစကားပြောမှုကို ကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် သူ့စည်းစိမ်ကို ရှေးရှုကြံမှုကိုလည်း သိ၏၊ သူ့စည်းစိမ်ကို ရှေးရှုကြံမှု၏ အကျိုးကိုလည်း သိ၏၊ သူ့စည်းစိမ်ကို ရှေးရှုကြံမှုကို ကျင့်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏ လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် ဖျက်ဆီးလိုသော အမျက်ဒေါသကိုလည်း သိ၏၊ ဖျက်ဆီးလိုသော အမျက်ဒေါသ၏ အကျိုးကိုလည်း သိ၏၊ ဖျက်ဆီးလိုသော အမျက်ဒေါသရှိသောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။ ရွာသူကြီး ငါသည် မှားသောအယူကိုလည်း သိ၏၊ မှားသောအယူ၏ အကျိုးကိုလည်း သိ၏၊ မှားသောအယူရှိသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ရပုံကိုလည်း သိ၏။

ရွာသူကြီး အသက်သတ်သူအားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏။ မပေးသည်ကို ခိုးယူသူအားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏။ ကာမတို့၌ မှားယွင်းစွာကျင့်သောသူအားလုံးသည် ယခုဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏။ မမှန်ပြောသူအားလုံးသည် ယခုဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏ဟု ဤသို့ဝါဒရှိကုန်သော ဤသို့အယူရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

ရွာသူကြီး သို့သော်လည်း ဤလောက၌ ပန်းပန်ကာ နံ့သာလိမ်းကျံ၍ ဆံမုတ်ဆိတ်ကို ရိတ်လျက် မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေသူ အချို့ကို တွေ့မြင်ရ၏။ အချင်းတို့ ပန်းပန်ကာ နံ့သာလိမ်းကျံ၍ ဆံမုတ်ဆိတ်ကို ရိတ်လျက် မိန်းမတို့နှင့်တကွ မွေ့လျော်ပျော်ပါးမှုတို့ဖြင့် မင်းကဲ့သို့ ပျော်ပါးနေသော်၊ ဤယောကျ်ားကား အဘယ်ကို ပြုခဲ့သနည်းဟု ထိုသူ့ကို ပြောဆိုမေးမြန်းကြကုန်၏။ အချင်းတို့ ဤယောကျ်ားကား မင်း၏ရန်သူကို နှိပ်စက်၍ သတ်ခဲ့၏၊ မင်းသည် အလိုတော်ကျ၍ ထိုသူ့အား ဆုကိုပေးတော်မူ၏။ ထို့ကြောင့် ဤယောကျ်ားသည် ပန်းပန်ကာ နံ့သာလိမ်းကျံ၍ ... ကောင်းစွာရေချိုး

ကောင်းစွာလိမ်းကျံ၍ ဆံမုတ်ဆိတ်ရိတ်ပြီးလျှင် မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ ပျော်ပါးနေ၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။

ရွာသူကြီး ဤလောက၌ ခိုင်ခံ့သောကြိုးဖြင့် လက်ပြန်မြဲအောင် နှောင်ဖွဲ့လျက် ခေါင်းတုံးတုံး၍ မြည်ဟီးသောထက်စည်ဖြင့် လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆောင်ယူ၍ တောင်တံခါးမှထုတ်ပြီးလျှင် မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရသူအချို့ကို တွေ့မြင်ရ၏။ အချင်းတို့ ခိုင်ခံ့သောကြိုးဖြင့် လက်ပြန်မြဲအောင် နှောင်ဖွဲ့လျက် ခေါင်းတုံးတုံး၍ မြည်ဟီးသောထက်စည်ဖြင့် လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆောင်ယူ၍ တောင်တံခါးမှထုတ်ပြီးလျှင် မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရ၏။ ဤယောကျ်ားသည် အဘယ်ကို ပြုခဲ့သနည်းဟု ထိုသူ့ကို ပြောဆိုကုန်၏။ အချင်းတို့ ဤယောကျ်ားသည် မင်း၏ ရန်သူတည်း၊ မိန်းမကိုလည်း သတ်ခဲ့၏၊ ယောကျ်ားကိုလည်း သတ်ခဲ့၏၊ ထို့ကြောင့် မင်းတို့သည် ထိုသူ့ကိုဖမ်း၍ ဤသို့သဘောရှိသော ညှဉ်းဆဲမှုတို့ကို ပြုစေကုန်၏ဟု ထိုသူ့ကိုပြောဆိုကုန်၏။

ရွာသူကြီး ထိုအရာကို သင်အဘယ်သို့မှတ်ထင်သနည်း၊ သင်သည် စင်စစ် ဤသို့သဘောရှိသည်ကို မြင်ဘူး ကြားဘူး၏လော။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြင်လည်း မြင်ဘူးပါ၏၊ ကြားလည်း ကြားဘူးပါ၏၊ကြားလည်း ကြားရပါလိမ့်မည်။ ရွာသူကြီး ထိုအရာ၌ အသက်သတ်သူအားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏ဟု ဤသို့ဝါဒရှိသော ဤသို့အယူရှိသော သမဏဗြာဟ္မဏတို့သည် အမှန်ကို ဆိုကုန်သလော၊ မမှန်ကို ဆိုကုန်သလော။ အသျှင်ဘုရား မမှန်သည်ကို ဆိုပါကုန်၏။ အချည်းနှီး မမှန်သည်ကို ဆိုသူတို့သည် သီလရှိသူတို့လော၊ သီလမရှိသူတို့လော။ အသျှင်ဘုရား သီလမရှိသူတို့ပါတည်း။ သီလမရှိသူ ယုတ်ညံ့သော အကျင့်ရှိသူတို့သည် မှားယွင်းစွာကျင့်သူတို့လော၊ မှန်ကန်စွာကျင့်သူတို့လော။ အသျှင်ဘုရား မှားယွင်းစွာ ကျင့်သူတို့ပါတည်း။ မှားယွင်းစွာကျင့်သူတို့သည် မှားသောအယူရှိသူတို့လော၊ မှန်သောအယူရှိသူတို့လော။ အသျှင်ဘုရား မှားသောအယူရှိသူတို့ပါတည်း။ မှားသောအယူရှိသူတို့၌ ကြည်ညိုရန် လျော်ကန်ပါမည်လော။ အသျှင်ဘုရား မလျော်ကန်ပါ။ (၁)

ရွာသူကြီး တမျိုးသော်ကား ဤလောက၌ ပန်းပန်ကာ နံ့သာတောင်းဆင်လျက်။ပ။မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေသူ အချို့ကို မြင်ရ၏၊ အချင်းတို့ ဤယောကျ်ားသည် အဘယ်ကိုပြုခဲ့သနည်း၊ ပန်းပန်ကာ နံ့သာတောင်းဆင်လျက်။ပ။ မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေဘိ၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။အချင်းတို့ ဤယောကျ်ားသည် မင်း၏ရန်သူကို နှိပ်စက်၍ ရတနာကို ဆောင်ယူ၏၊ မင်းသည် အလိုတော်ကျ၍ သူ့အား ဆုပေးတော်မူ၏။ ထို့ကြောင့် ဤယောကျ်ားသည် ပန်းပန်ကာ နံ့သာတောင်းဆင်လျက်။ပ။မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေ၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။

ရွာသူကြီး ဤလောက၌ ခိုင်ခံ့သောကြိုးဖြင့်။ပ။ မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရသူအချို့ကို မြင်ရ၏။ အချင်းတို့ ဤယောကျ်ားသည် အဘယ်ကိုပြုခဲ့သနည်း၊ ခိုင်ခံ့သောကြိုးဖြင့်။ပ။ မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရ၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။ အချင်းတို့ ဤယောကျ်ားသည် ရွာမှရင်း တောမှရင်း မပေးသည်ကို ခိုးလိုစိတ်ဖြင့် ခိုးယူ၏၊ ထို့ကြောင့် မင်းတို့သည်

ထိုသူ့ကို ဖမ်း၍ ဤသို့သဘောရှိသော ညှဉ်းဆဲမှုတို့ကို ပြုကုန်၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။ ရွာသူကြီး ထိုအရာကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် စင်စစ် ဤသို့သဘောရှိသော သူကို မြင်ဘူး ကြားဘူး၏လော။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြင်လည်း မြင်ဘူးပါ၏၊ ကြားလည်း ကြားဘူးပါ၏၊ ကြားလည်း ကြားရပါလိမ့်မည်။ ရွာသူကြီး ထိုအရာ၌ မပေးသည်ကို ခိုးယူသူအားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားရ၏ဟု ဤသို့ ဝါဒရှိသော ဤသို့ အယူရှိသော သမဏဗြာဟ္မဏတို့သည် အမှန်ကို ဆိုကုန်သလော၊ မမှန်ကို ဆိုကုန်သလော။ပ။ ထိုသူတို့၌ ကြည်ညိုရန် လျော်ကန်ပါမည်လော။ အသျှင်ဘုရား မလျော်ကန်ပါ။ (၂)

ရွာသူကြီး နောက်တမျိုးသော်ကား ဤလောက၌ ပန်းပန်ကာ နံ့သာလိမ်းကျံ၍ ... ။ပ။ မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေသူ အချို့ကို မြင်ရ၏။ အချင်းတို့ ဤယောကျ်ားသည် အဘယ်ကို ပြုခဲ့သနည်း၊ ပန်းပန်ကာ နံ့သာ ... ။ပ။ မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေဘိ၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။ အချင်းတို့ ဤယောကျ်ားသည် ဘုရင့် ရန်သူ၏မယားတို့၌ လွန်ကျူး၍ ကျင့်ခြင်းသို့ ရောက်ခဲ့၏။ မင်းသည် အလိုတော်ကျ၍ ထိုသူအား ဆုပေးတော်မူ၏။ ထို့ကြောင့် ဤယောကျ်ားသည် ပန်းပန်ကာ နံ့သာ ... ။ပ။ မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါး၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။

ရွာသူကြီး ဤလောက၌ ခိုင်ခံ့သော ကြိုးဖြင့်။ပ။ မြို့၏ တောင်ဖက်၌ ခေါင်းအဖြတ်ခံရသူ အချို့ကို မြင်ရ၏။ အချင်းတို့ ဤယောကျ်ားသည် အဘယ်ကို ပြုခဲ့သနည်း၊ ခိုင်ခံ့သော ကြိုးဖြင့်။ပ။ မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရ၏ဟု ဤသို့ ထိုသူ့ကို ပြောဆိုကုန်၏။ အချင်းတို့ ဤယောကျ်ားသည် အမျိုးကောင်းမိန်းမအို အမျိုးကောင်းမိန်းမပျိုတို့၌ လွန်ကျူး၍ ကျင့်ခြင်းသို့ ရောက်ခဲ့၏။ ထို့ကြောင့် မင်းတို့သည် ထိုသူကို ဖမ်း၍ ဤသို့ သဘောရှိသော ညှဉ်းဆဲမှုကို ပြုကုန်၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။ ရွာသူကြီး ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် စင်စစ် ဤသို့သဘောရှိသောသူကို မြင်ဘူးကြားဘူး၏လော။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြင်လည်း မြင်ဘူးပါ၏၊ ကြားလည်း ကြားဘူးပါ၏၊ ကြားလည်း ကြားရပါလိမ့်မည်။ ရွာသူကြီး ထိုအရာ၌ ကာမတို့၌ မှားယွင်းစွာကျင့်သူအားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏ဟု ဤသို့ဝါဒရှိသော ဤသို့အယူရှိသော သမဏဗြာဟ္မဏတို့သည် အမှန်ကို ဆိုကုန်သလော၊ မမှန်ကို ဆိုကုန်သလော။ပ။ ထိုသူတို့၌ ကြည်ညိုရန် လျော်ကန်ပါမည်လော။ အသျှင်ဘုရား မလျော်ကန်ပါ။ (၃)

ရွာသူကြီး နောက်တမျိုးသော်ကား ဤလောက၌ ပန်းပန်ကာ နံ့သာလိမ်းကျံ၍ ကောင်းစွာရေချိုး ကောင်းစွာ လိမ်းကျံ၍ ဆံမုတ်ဆိတ်ကို ရိတ်ပြီးလျှင် မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေသူအချို့ကို မြင်ရ၏။ အချင်းတို့ ပန်းပန်ကာ နံ့သာလိမ်းကျံ၍ ကောင်းစွာရေချိုး ကောင်းစွာလိမ်းကျံ၍ ဆံမုတ်ဆိတ်ကို ရိတ်ပြီးလျှင် မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေသော ဤယောကျ်ားသည် အဘယ်ကို ပြုခဲ့သနည်းဟု ထိုသူ့ကို ပြောဆိုကုန်၏။ အချင်းတို့ ဤယောကျ်ားသည် မမှန်ပြောခြင်းဖြင့် မင်းကို ရွှင်ပြစေ၏။ မင်းသည် အလိုတော်ကျ၍ ထိုသူ့အား ဆုပေးတော်မူ၏။ ထို့ကြောင့်

ဤယောကျ်ားသည် ပန်းပန်ကာ နံ့သာတောင်းဆင်လျက် ကောင်းစွာရေချိုး ကောင်းစွာလိမ်းကျံ၍ ဆံမုတ်ဆိတ်ကို ရိတ်ပြီးလျှင် မိန်းမတို့နှင့်တကွ ကာမဂုဏ်တို့ဖြင့် မင်းကဲ့သို့ မွေ့လျော်ပျော်ပါးနေ၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။

ရွာသူကြီး ဤလောက၌ ခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်မြဲအောင် နှောင်ဖွဲ့လျက် ခေါင်းတုံးတုံး၍ မြည်ဟီးသော ထက်စည်ဖြင့် လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆောင်ယူ၍ တောင်တံခါးမှ ထုတ်ပြီးလျှင် မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရသူ အချို့ကို မြင်ရ၏။ အချင်းတို့ ခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်မြဲအောင် နှောင်ဖွဲ့လျက် ခေါင်းတုံးတုံး၍ မြည်ဟီးသော ထက်စည်ဖြင့် လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆောင်ယူ၍ တောင်တံခါးမှ ထုတ်ပြီးလျှင် မြို့၏တောင်ဖက်၌ ခေါင်းအဖြတ်ခံရ၏။ ဤယောကျ်ားသည် အဘယ်ကို ပြုခဲ့သနည်းဟု ထိုသူ့ကို ပြောဆိုကုန်၏။ အချင်းတို့ ဤယောကျ်ားသည် သူကြွယ်ကိုဖြစ်စေ သူကြွယ်သားကိုဖြစ်စေ မမှန်ပြောခြင်းဖြင့် အကျိုးစီးပွါးကို ဖျက်ဆီးခဲ့၏။ ထို့ကြောင့် မင်းတို့သည် ထိုသူ့ကို ဖမ်း၍ ဤသို့သဘောရှိသော ညှဉ်းဆဲမှုတို့ကို ပြုစေကုန်၏ဟု ထိုသူ့ကို ပြောဆိုကုန်၏။

ရွာသူကြီး ထိုအရာကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် စင်စစ် ဤသို့သဘောရှိသောသူကို မြင်ဘူး ကြားဘူး၏လော။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြင်လည်း မြင်ဘူးပါ၏၊ ကြားလည်း ကြားဘူးပါ၏၊ ကြားလည်း ကြားရပါလိမ့်မည်။ ရွာသူကြီး ထိုအရာ၌ မမှန်ပြောသူအားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားရ၏ဟု ဤသို့ ဝါဒရှိသော ဤသို့ အယူရှိသော သမဏဗြာဟ္မဏတို့သည် အမှန်ကို ဆိုကုန်သလော၊ မမှန်ကို ဆိုကုန်သလော။ အသျှင်ဘုရား မမှန်ကို ဆိုပါကုန်၏။ အချည်းနှီး မမှန်သည်ကို ဆိုသူတို့သည် သီလရှိသူတို့လော၊ သီလမရှိသူတို့လော။ အသျှင်ဘုရား သီလမရှိသူတို့ပါတည်း။ သီလမရှိ ယုတ်ညံ့သော အကျင့်ရှိသူတို့သည် မှားယွင်းစွာ ကျင့်သူတို့လော၊ မှန်ကန်စွာ ကျင့်သူတို့လော။ အသျှင်ဘုရား မှားယွင်းစွာ ကျင့်သူတို့ပါတည်း။ မှားယွင်းစွာ ကျင့်သူတို့သည် မှားသော အယူရှိသူတို့လော၊ မှန်သော အယူရှိသူတို့လော။အသျှင်ဘုရား မှားသော အယူရှိသူတို့ပါတည်း။ မှားသော အယူရှိသူတို့၌ ကြည်ညိုရန် လျော်ကန်ပါမည်လော။အသျှင်ဘုရား မလျော်ကန်ပါ။ (၄)

အသျှင်ဘုရား တရားတော်သည် အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား တရားတော်သည် မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ အသျှင်ဘုရား အကျွန်ုပ်အား တည်းခိုရန် အိမ်ရှိပါ၏၊ ထိုတည်းခိုရန် အိမ်၌ ညောင်စောင်းငယ်များ ရှိပါကုန်၏၊ နေရာများ ရှိပါကုန်၏၊ ရေအိုးကြီး ရှိပါ၏၊ ဆီမီးရှိပါ၏၊ ထိုတည်းခိုရန် အိမ်၌ နေခြင်းသို့ ကပ်ရောက်သော သမဏဗြာဟ္မဏအား အကျွန်ုပ်သည် အစွမ်းရှိသလောက် အားရှိသလောက် ဝေငှခဲ့ပါ၏။ အသျှင်ဘုရား ရှေး၌ ဖြစ်ဘူးသည်ကား အယူတမျိုးရှိကုန်သော အလိုတမျိုးရှိကုန်သော အကြိုက်တမျိုးရှိကုန်သော ဆရာလေးယောက်တို့သည် ထိုတည်းခိုအိမ်၌ နေခြင်းသို့ ကပ်ရောက်ကြပါကုန်၏။

ဆရာတယောက်ကား ဤသို့ ဝါဒရှိပါ၏၊ ဤသို့ အယူရှိပါ၏၊ ပေးလှူခြင်းသည် မရှိ၊ ယစ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုဖြစ်စေ တပါးသော လောကကိုဖြစ်စေ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်

သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်ဟု အယူရှိပါ၏။

ဆရာတယောက်ကား ဤသို့ ဝါဒရှိပါ၏၊ ဤသို့ အယူရှိပါ၏၊ ပေးလှူခြင်းသည် ရှိ၏၊ ယစ်ပူဇော်ခြင်းသည် ရှိ၏၊ဟုံးပူဇော်ခြင်းသည် ရှိ၏၊ကောင်းမှုမကောင်းမှုတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊တပါးသောလောကသည် ရှိ၏၊အမိသည် ရှိ၏၊အဖသည် ရှိ၏၊သေ၍တဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ဤလောကကိုရင်း တပါးသော လောကကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့် ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏ဟု အယူရှိပါ၏။

ဆရာတယောက်ကား ဤသို့ ဝါဒရှိပါ၏၊ ဤသို့အယူရှိပါ၏၊ ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင် ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ သတ်စေသူ၊ ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ ခရီးလမ်း၌ စောင့်၍ လုယက်သူ လုယက်စေသူ၊ သူ့မယားကို သွားလာသူ သွားလာစေသူ၊မမှန်စကားပြောသူ ပြောစေသူများသည် မကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်ခုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊မကောင်းမှုဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသော သူသည်လည်း အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ်စက်စေလျက် သွားနေစေကာမူ ထိုသတ်ခြင်းစသော အကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏မြောက်ဖက်ကမ်း၌ နေသောသူသည် လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားစေကာမူ ထိုလှူခြင်းစသော အကြောင်းကြောင့် ကောင်းမှုမရှိ၊ကောင်းမှုဖြစ်ခြင်းမရှိ၊အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိဟု အယူရှိပါ၏။

ဆရာတယောက်ကား ဤသို့ဝါဒရှိပါ၏၊ ဤသို့အယူရှိပါ၏၊ ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင် ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ သတ်စေသူ၊ ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ ခရီးလမ်း၌ စောင့်၍ လုယက်သူ လုယက်စေသူ၊ သူ့မယားကိုသွားလာသူ သွားလာစေသူ၊ မမှန်စကားပြောသူ ပြောစေသူ များသည် မကောင်းမှုကို ပြုသော် ပြုသည်မည်၏။ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်ခုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုခဲ့လျှင် ထိုအကြောင်းကြောင့် မကောင်းမှု ရှိ၏၊မကောင်းမှုဖြစ်ခြင်း ရှိ၏၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသောသူသည် အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ်စက်စေလျက် သွားခဲ့လျှင် ထို (သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှုရှိ၏၊ မကောင်းမှုဖြစ်ခြင်းရှိ၏၊ ဂင်္ဂါမြစ်၏ မြောက်ဖက်ကမ်း၌

သွားလျက်နေသောသူသည် လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားခဲ့လျှင် ထိုလှူခြင်း(စသောအကြောင်း)ကြောင့် ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်ခြင်းရှိ၏၊ အလှူးပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်ခြင်းရှိ၏ဟု အယူရှိပါ၏။

အသျှင်ဘုရား ဤသမဏဗြာဟ္မဏတို့တွင် အဘယ်သူသည် အမှန်ကို ပြောသနည်း၊ အဘယ်သူသည် မမှန်ပြောသနည်းဟု အကျွန်ုပ်အား ယုံမှားခြင်းဖြစ်သည်သာတည်း၊ တွေးတောခြင်း ဖြစ်သည်သာတည်းဟု (လျှောက်၏)။

ရွာသူကြီး သင်သည် ယုံမှားခြင်းငှါ ထိုက်သည်သာတည်း၊ တွေးတောခြင်းငှါ ထိုက်သည်သာ တည်း။စင်စစ်သော်ကား သင်သည် ယုံမှားသင့်သော နေရာ၌ ယုံမှားခြင်းဖြစ်ပေါ်၏။အသျှင်ဘုရား မြတ်စွာဘုရားသည် ဤယုံမှားခြင်းသဘော ပျောက်အောင် အကျွန်ုပ်အား တရားဟောခြင်းငှါ စွမ်းနိုင်၏ဟု မြတ်စွာဘုရား၌ ယုံကြည်ပါ၏ဟု လျှောက်၏။

ရွာသူကြီး လောကီသမာဓိ ဟူ၍ ရှိ၏၊သင်သည် ထိုလောကီသမာဓိ၌ တည်၍ လောကုတ္တရာ မဂ်သမာဓိကိုရပါလျှင် ဤယုံမှားခြင်းသဘော ပျောက်နိုင်ရာ၏။ ရွာသူကြီး လောကီသမာဓိ ဟူသည် အဘယ်နည်း၊ ရွာသူကြီး ဤလောက၌ အရိယာတပည့်သည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ခိုးယူခြင်းကိုပယ်၍ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကိုပယ်၍ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မမှန်ပြောခြင်းကိုပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏။ ကုန်းစကားပြောခြင်းကို ပယ်၍ ကုန်းစကားပြောခြင်းမှ ရှောင်ကြဉ်၏။ ကြမ်းထမ်းသော စကားပြောခြင်းကို ပယ်၍၊ ကြမ်းထမ်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏။ ပြိန်ဖျင်းသော စကားပြောခြင်းကို ပယ်၍ ပြိန်ဖျင်းသော စကားပြောခြင်းမှ ရှောင်ကြဉ်၏။ သူ့စည်းစိမ်ကို ရှေးရှု ကြံခြင်းကို ပယ်၍ သူ့စည်းစိမ်ကို ရှေးရှုမကြံ။ သူတပါးအား ဖျက်ဆီးလိုသော အမျက်ဒေါသကိုပယ်၍ သူတပါး အား မဖျက်ဆီးလိုသော စိတ်ရှိ၏။ မှားသောအယူကိုပယ်၍ မှန်ကန်သော အယူရှိ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်းမှကင်းလျက်(သူတပါးအား)ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲလျက် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ' ရှိလျက် ချမ်းသာစေလိုခြင်း 'မေတ္တာ'နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထိုအတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ဤနည်းဖြင့် အထက်အောက်ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါ အားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ထိုသူသည် ဤသို့ ဆင်ခြင်၏"ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊တပါးသောလောကသည် မရှိ၊အမိ သည် မရှိ၊ အဖသည် မရှိ၊ သေ၍တဖန် ဖြစ်သောသတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်း တပါး သော လောကကိုလည်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန် သော ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌

မရှိကုန်ဟု ဤသို့ဝါဒရှိသူ ဤသို့အယူရှိသူ အသျှင်ဆရာ၏ စကားသည် အကယ်၍မှန်အံ့၊ ဤဆရာ့စကား၌ ငါသည် ငါ့အား အပြစ်မရှိ၊ ရွေ့ရှားတတ်သော သတ္တဝါကိုရင်း မရွေ့ရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရာနတ်ပြည်လောကသို့လည်း ရောက်ရအံ့၊ ငါသည် ဤဝါဒနှစ်မျိုးလုံး၌ အနိုင်ရ၏”ဟု (ဤသို့ဆင်ခြင်၏)။ ထိုသူ့အား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်း ဖြစ်၏၊နှစ်သိမ့်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ငြိမ်းအေးသော ကိုယ်ရှိသူသည် ချမ်းသာ ခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ ထိုလောကီသမာဓိ၌ တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်းသဘော ပျောက်နိုင်ရာ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံမှုကင်းလျက် (သူတပါးအား)ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲလျက် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ အောက်မေ့မှု ‘သတိ’ ရှိလျက် ချမ်းသာစေလိုခြင်း ‘မေတ္တာ’နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက်အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏၊ ဤနည်းဖြင့် အထက်အောက်ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ထိုသူသည် ဤသို့ ဆင်ခြင်၏ “ပေးလှူခြင်းသည် ရှိ၏၊ ယဇ်ပူဇော်ခြင်းသည် ရှိ၏၊ ဟုံးပူဇော်ခြင်းသည် ရှိ၏၊ ကောင်းမှုမကောင်းမှုတို့၏အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသော လောကသည် ရှိ၏၊ အမိသည်ရှိ၏၊ အဖသည် ရှိ၏၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုရင်း တပါးသော လောကကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့် ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏ဟု ဤသို့ဝါဒရှိသူ ဤသို့အယူရှိသူ အသျှင်ဆရာ၏စကားသည် အကယ်၍ မှန်အံ့၊ ဤဆရာ့စကား၌ ငါ့အား အပြစ်မရှိ၊ ငါသည် ရွေ့ရှားတတ်သော သတ္တဝါကိုရင်း မရွေ့ရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့ စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာ နတ်ပြည်လောကသို့လည်း ရောက်ရအံ့။ ငါသည် ဤဝါဒနှစ်မျိုးလုံး၌ အနိုင်ရ၏”ဟု (ဤသို့ဆင်ခြင်၏)။ ထိုသူ့အား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသူသည် ချမ်းသာ ခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ သင်သည် ထိုလောကီသမာဓိ၌တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်းကို ပယ်ဖျောက်နိုင်ရာ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်း ကင်းလျက် (သူတပါးအား) ဖျက်ဆီးလိုခြင်း ကင်းလျက် မတွေဝေပဲလျက် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ အောက်

မေ့မူ ‘သတိ’ ရှိလျက် ချမ်းသာစေလိုခြင်း ‘မေတ္တာ’ နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ထိုသူသည် ဤသို့ ဆင်ခြင်၏ “ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ သတ်စေသူ၊ ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ ခရီးလမ်း၌ စောင့်၍ လုယူသူ လုယူစေသူ၊ သူ့မယားကို သွားလာသူ သွားလာစေသူ၊ မမှန်စကားပြောသူ ပြောစေသူ များသည် မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ဤမြေပေါ်ရှိသတ္တဝါတို့ကို သင်ဓုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသောသူသည် အသက်ကို သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက်၊ သွားစေကာမူ ထို(သတ်ခြင်းစသော)အကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင် မှုဖြစ်ခြင်း မရှိ၊ ဂင်္ဂါမြစ်၏မြောက်ဖက်ကမ်း၌ နေသောသူသည် လှူလျက် လှူစေလျက်၊ ပူဇော်လျက် ပူဇော်စေလျက်၊ သွားစေကာမူ ထိုလှူခြင်း (စသောအကြောင်း)ကြောင့် ကောင်းမှု မရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ၊ အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှု မရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိဟု ဤသို့ဝါဒရှိသူ ဤသို့အယူရှိသူ အသျှင်ဆရာ၏ စကားသည်၍ မှန်အံ့၊ ဤဆရာ့စကား၌ ငါ့အား အပြစ်မရှိ၊ ငါသည် ရွေ့ရှားတတ်သော သတ္တဝါကိုဖြစ်စေ မရွေ့ရှားတတ်သော သတ္တဝါကိုဖြစ်စေ တဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏။ ယင်းသို့ စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏လားရာ နတ်ပြည်လောကသို့ ရောက်ရအံ့၊ ငါသည် ဤဝါဒနှင့်မျိုးလုံး၌ အနိုင်ရ၏”ဟု (ဤသို့ဆင်ခြင်၏)၊ထိုသူ့အား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသူ၏ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသောကိုယ်ရှိသူသည် ချမ်းသာခံစားရ၏၊ ချမ်းသာသောသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ သင်သည် ထိုလောကီသမာဓိ၌တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်းသဘောကို ပယ်ဖျောက်နိုင်ရာ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်းကင်းလျက် သူတပါးအား ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲလျက် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ အောက်မေ့မူ ‘သတိ’ ရှိလျက် ချမ်းသာစေလိုခြင်း ‘မေတ္တာ’ နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ် မျက်နှာကို။ လေးခုမြောက် အရပ် မျက်နှာကို။ ဤနည်းအားဖြင့် အထက်အောက်ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါ အားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော

သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ထိုသူသည် ဤသို့ ဆင်ခြင်၏ "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ သတ်စေသူ၊ ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ လုယူစေသူ၊ ခရီးလမ်း၌စောင့်၍လုယူသူ လုယူစေသူ၊ သူ့မယားကို သွားလာသူ သွားလာစေသူ၊ မမှန်စကားပြောသူ ပြောစေသူများသည် မကောင်းမှုကို ပြုသော် ပြုသည်မည်၏၊ ဤမြေပေါ်ရှိသတ္တဝါတို့ကို သင်ဓုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် ပြုခဲ့မူ ထိုအကြောင်းကြောင့် မကောင်းမှုရှိ၏၊ မကောင်းမှုဖြစ်ခြင်းရှိ၏၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသောသူသည် အသက်ကို သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက် သွားခဲ့မူ ထို (သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှုရှိ၏၊ မကောင်းမှုဖြစ်ခြင်းရှိ၏။ ဂင်္ဂါမြစ်၏ မြောက်ဖက်ကမ်း၌ နေသောသူသည် လှူလျက် လှူစေလျက်၊ ပူဇော်လျက် ပူဇော်စေလျက် သွားခဲ့သော် ထိုလှူခြင်း(စသောအကြောင်း) ကြောင့် ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်ခြင်း ရှိ၏။ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ကိုဆိုခြင်းတို့ကြောင့် ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်ခြင်းရှိ၏ဟု ဤသို့ ဝါဒရှိသူ ဤသို့ အယူရှိသူ အသျှင်ဆရာ၏ စကားသည် အကယ်၍မှန်အံ့၊ ဤဆရာ့စကား၌ ငါ့အား အပြစ်မရှိ၊ ငါသည် ရွေ့ရှားတတ်သော သတ္တဝါကိုရင်း မရွေ့ရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏။ ယင်းသို့ စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာ နတ်ပြည်လောကသို့ ရောက်အံ့၊ ဤဝါဒနှစ်မျိုးလုံး၌ ငါသည် အနိုင်ရ၏"ဟု ဤသို့ဆင်ခြင်၏၊ ထိုသူ့အား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသူသည် ချမ်းသာခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီ သမာဓိတည်း၊ သင်သည် ထိုလောကီ သမာဓိ၌ တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်းသဘောကို ပယ်ဖျောက်နိုင်ရာ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်း ကင်းလျက် (သူတပါးအား) ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ရွာသူကြီး ထိုအရိယာ တပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်း ကင်းလျက် (သူတပါးအား) ဖျက်ဆီးလိုခြင်း ကင်းလျက် မတွေဝေပဲလျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ' ရှိလျက် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထိုအတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက်အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်း

အရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏၊ ထိုသူသည် ဤသို့ဆင်ခြင်၏ "ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည်မရှိ၊ သေ၍တဖန် ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရင်း တပါးသော လောကကိုရင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌မရှိကုန်ဟုဤသို့ဝါဒရှိသူ ဤသို့ အယူရှိသူ အသျှင်ဆရာ၏စကားသည် အကယ်၍မှန်အံ့၊ဤဆရာ့စကား၌ ငါ့အား အပြစ်မရှိ၊ငါသည် ရွေ့ရှားတတ်သော သတ္တဝါကိုရင်း မရွေ့ရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်၊ ကိုယ်ဖြင့်စောင့်စည်း၏၊ နှုတ်ဖြင့်စောင့်စည်း၏၊ စိတ်ဖြင့်စောင့်စည်း၏။ ယင်းသို့ စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာ နတ်ပြည်လောကသို့ ရောက်ရအံ့၊ ဤဝါဒနှစ်မျိုးလုံး၌ ငါသည် အနိုင်ရ၏"ဟု ဤသို့ဆင်ခြင်၏၊ ထိုသူ့အား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသောစိတ်ရှိသူသည် ချမ်းသာကိုခံစားရ၏၊ ချမ်းသာသူ၏စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ သင်သည် ထိုလောကီသမာဓိ၌ တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤသို့မှားခြင်း သဘောကို ပယ်ဖျောက်နိုင်ရာ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့(သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်းကင်းလျက်(သူတပါးအား) ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲလျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းဖြင့် အထက်အောက် ဖီလာအလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါ အားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါ အားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏၊ ထိုသူသည် ဤသို့ ဆင်ခြင်၏ "ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသော လောကသည် မရှိ၊အမိသည် မရှိ၊အဖသည် မရှိ၊သေ၍တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့် ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်ဟု ဤသို့ ဝါဒရှိသူ ဤသို့အယူရှိသူ အသျှင်ဆရာ၏စကားသည် အကယ်၍မှန်အံ့၊ ဤဆရာ့စကား၌ ငါ့အား အပြစ်မရှိ၊ ငါသည် ရွေ့ရှားတတ်သော သတ္တဝါကိုရင်း မရွေ့ရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာ နတ်ပြည်လောကသို့ ရောက်ရအံ့။ ငါသည် ဤဝါဒနှစ်မျိုးလုံး၌ အနိုင်ရ၏" ဟု ဤသို့ ဆင်ခြင်၏။ ထိုသူ့အား ဝမ်းမြောက်ခြင်း ဖြစ်၏၊

ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော စိတ်ရှိသူသည် ချမ်းသာခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ သင်သည် ထိုလောကီသမာဓိ၌ တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်းသဘောကို ပယ်ဖျောက်နိုင်ရာ၏။

ရွာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်း ကင်းလျက် (သူတပါးအား) ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထိုအတူ နှစ်ခုမြောက်အရပ်မျက်နှာကို။ သုံးခုမြောက်အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသောအရပ် မျက်နှာတို့၌ ရှိသော သတ္တဝါ အားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ထိုသူသည် ဤသို့ဆင်ခြင်၏ "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ သတ်စေသူ၊ ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကိုတိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ ခရီးလမ်း၌ စောင့်၍လုယက်သူ လုယက်စေသူ၊ သူ့မယားကို သွားလာသူ သွားလာစေသူ၊ မမှန်စကားပြောသူ ပြောစေသူများသည် မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်ဓုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသူသည် အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ်စက်စေလျက် အကယ်၍ သွားနေစေကာမူ ထို (သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏ မြောက်ဖက်ကမ်း၌ နေသူသည် လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် အကယ်၍ သွားနေစေကာမူ ထိုလှူခြင်း (စသောအကြောင်း) ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ၊ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်းသီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ" ဟု ဤသို့ ဝါဒရှိသူ ဤသို့အယူရှိသူ အသျှင်ဆရာ၏စကားသည် အကယ်၍မှန်အံ့၊ (ဤဆရာ့စကား၌) ငါ့အား အပြစ်မရှိ၊ ရွှေရှားတတ်သော သတ္တဝါကိုရင်း မရွှေရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏လားရာ နတ်ပြည်လောကသို့ ရောက်ရအံ့။ ဤဝါဒနှစ်မျိုးလုံး၌ ငါသည် အနိုင်ရ၏" ဟု ဤသို့ ဆင်ခြင်၏၊ ထိုသူ့အား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသောကိုယ်ရှိသူသည် ချမ်းသာခံစား ရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ သင်သည် ထိုလောကီသမာဓိ၌တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်း သဘောကို ပယ်ဖျောက်နိုင်ရာ၏။

ရှာသူကြီး ထိုအရိယာတပည့်သည် ဤသို့ (သူ့စည်းစိမ်ကို) ရှေးရှုကြံခြင်းကင်းလျက် (သူတပါးအား) ဖျက်ဆီးလိုခြင်းကင်းလျက် မတွေဝေပဲ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။ သုံးခုမြောက်အရပ်မျက်နှာကို။ လေးခုမြောက်အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက်ဖီလာ အလုံးစုံသောအရပ်မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ထိုသူသည် ဤသို့ ဆင်ခြင်၏ 'ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင် ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ သတ်စေသူ၊ ခိုးယူသူခိုးယူစေသူ၊ အိမ်ကို ဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ ခရီးလမ်း၌ စောင့်၍ လုယူသူ လုယူစေသူ၊ သူ့မယားကို သွားလာသူ သွားလာစေသူ၊ မမှန်စကားပြောသူ ပြောစေသူ များသည် မကောင်းမှုကို ပြုသော် ပြုသည်မည်၏၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်ဓုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် ပြုသော် ထိုအကြောင်းကြောင့် မကောင်းမှု ရှိ၏၊ မကောင်းမှု ဖြစ်ခြင်း ရှိ၏၊ ဂင်္ဂါမြစ်၏ တောင်ဖက်ကမ်း၌ နေသောသူသည် အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ်စက်စေလျက် သွားသည်ရှိသော် ထို (သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှု ရှိ၏၊ မကောင်းမှု ဖြစ်ခြင်းရှိ၏။ ဂင်္ဂါမြစ်၏ မြောက်ဖက်ကမ်း၌ လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားခဲ့သော် ထို လှူခြင်း(စသော အကြောင်း)ကြောင့် ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်ခြင်း ရှိ၏၊ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်ခြင်း ရှိ၏'ဟု ဤသို့ ဝါဒရှိသူ ဤသို့ အမြင်ရှိသူ အသျှင်ဆရာ၏ စကားသည် အကယ်၍ မှန်အံ့၊ ဤဆရာ့စကား၌ ငါ့အား အပြစ်မရှိ၊ ငါသည် ရွေ့ရှားတတ်သော သတ္တဝါကိုရင်း မရွေ့ရှားတတ်သော သတ္တဝါကိုရင်း တဦးတယောက်ကိုမျှ မနှိပ်စက်။ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့ စောင့်စည်းခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာ နတ်ပြည်သို့ ရောက်ရအံ့။ ငါသည် ဤဝါဒ နှစ်မျိုးလုံး၌ အနိုင်ရ၏''ဟု ဤသို့ ဆင်ခြင်၏၊ ထိုသူ့အား ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်း ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသူသည် ချမ်းသာခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။ ရွာသူကြီး ဤသည်ကား လောကီသမာဓိတည်း၊ သင်သည် ထိုလောကီသမာဓိ၌တည်၍ လောကုတ္တရာမဂ်သမာဓိကို ရခဲ့လျှင် ဤယုံမှားခြင်းသဘောကို ပယ်ဖျောက်နိုင်ရာ၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူလျှင် ပါဋလိယရွာသူကြီးသည် မြတ်စွာဘုရားကို ''အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ''ဟု လျှောက်၏။

တေရသမသုတ်။

**ဂါမဏိသံယုတ် ပြီး၏။**

# ၉-အသင်္ခတသံယုတ်

## ၁-ပဌမဝဂ် ၁-ကာယဂတာသတိသုတ်

၃၆၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားကိုငှ်း မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်း လမ်းကိုငှ်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားဟူသည် အဘယ်နည်း၊ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ (နိဗ္ဗာန်) ပင်တည်း။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ် 'အသင်္ခတ'တရားဟု ဆိုရ၏။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်နည်း၊ ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယဟု အောက်မေ့ဆင်ခြင်မှု 'ကာယဂတာသတိ' ပင်တည်း။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။

ရဟန်းတို့ ဤသို့လျှင် ငါသည် သင်တို့အား မပြုပြင်အပ်သော 'အသင်္ခတ'တရားကို ဟောခဲ့ပြီ၊ မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းကို ဟောခဲ့ပြီ။ ရဟန်းတို့ တပည့်တို့၏ စီးပွါးကို လိုလားသော သနားတတ်သော ဆရာသည် သနားမှုကို အစွဲပြု၍ သင်တို့အတွက် ပြုသင့်သည်ကို ငါပြုပြီးပြီ၊ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာကျောင်းတို့တည်း။ ရဟန်းတို့ ကပ်၍ရှုကြကုန်လော့၊ မမေ့လျော့ကုန်လင့်၊ နောက်မှ နောင်တရသူတို့ မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်တို့အတွက် ငါတို့၏ အဆုံးအမတည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမထဝိပဿနာသုတ်

၃၆၇။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရားကိုငှ်း မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းကိုငှ်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ (နိဗ္ဗာန်) ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားဟု ဆိုရ၏။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ သမထနှင့် ဝိပဿနာပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်း လမ်းဟု ဆိုရ၏။ပ။

ဒုတိယသုတ်။

---

## ၃-သဝိတက္ကသဝိစာရသုတ်

၃၆၈။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'နှင့် တကွသော တည်ကြည်မှု

'သမာဓိ'၊ ကြံစည်မှု 'ဝိတက်'မရှိ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော တည်ကြည်မှု 'သမာဓိ'၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ'ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

တတိယသုတ်။

---

## ၄-သုညတသမာဓိသုတ်

၃၆၉။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ အတ္တမှ ကင်းဆိတ်သော တည်ကြည်မှု 'သုညတသမာဓိ'၊ နိစ္စနိမိတ် မရှိသော တည်ကြည်မှု 'အနိမိတ္တသမာဓိ'၊ ရာဂဟူသော တောင့်တမှုမရှိသော တည်ကြည်မှု 'အပ္ပဏိဟိတသမာဓိ'ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်း လမ်းဟု ဆိုရ၏။ပ။

စတုတ္ထသုတ်။

---

## ၅-သတိပဋ္ဌာနသုတ်

၃၇၀။ ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ သတိပဋ္ဌာန်လေးမျိုးတို့ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

ပဉ္စမသုတ်။

---

## ၆-သမ္မပ္ပဓာနသုတ်

၃၇၁။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ရဟန်းတို့ သမ္မပ္ပဓာန်လေးမျိုးတို့ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

ဆဋ္ဌသုတ်။

---

## ၇-ဣဒ္ဓိပါဒသုတ်

၃၇၂။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ်လေးမျိုးတို့ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

သတ္တမသုတ်။

## ၈-ဣန္ဒြိယသုတ်

၃၇၃။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ဣန္ဒြေငါးမျိုးတို့ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

အဋ္ဌမသုတ်။

---

## ၉-ဗလသုတ်

၃၇၄။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ဗိုလ်ငါးမျိုးတို့ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

နဝမသုတ်။

---

## ၁၀-ဗောဇ္ဈင်္ဂသုတ်

၃၇၅။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ဗောဇ္ဈင်ခုနစ်မျိုးတို့ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

ဒသမသုတ်။

---

## ၁၁-မဂ္ဂင်္ဂသုတ်

၃၇၆။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ ရဟန်းတို့ ဤသို့လျှင် ငါသည် သင်တို့အား မပြုပြင်အပ်သော 'အသင်္ခတ' တရားကို ဟောအပ်ပေပြီ၊ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းကို ဟောအပ်ပေပြီ။ ရဟန်းတို့ တပည့်တို့၏ စီးပွါးကိုလိုလားသော သနားတတ်သောဆရာသည် သနားမှုကိုအစွဲပြု၍ သင်တို့အတွက် ပြုသင့်သည်ကို ငါပြုပြီးပြီ။ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာကျောင်းတို့တည်း၊ ရဟန်းတို့ ကပ်၍ရှုကြကုန်လော့၊ မမေ့လျော့ကုန်လင့်၊ နောက်မှ နောင်တရသူတို့ မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်တို့အတွက် ငါတို့၏အဆုံးအမတည်းဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

အသင်္ခတသံယုတ်၏ ပဌမဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-အသင်္ခတသုတ်

၃၇၇။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားကိုရင်း မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းကိုရင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ (နိဗ္ဗာန်) ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားဟု ဆိုရ၏။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ သမထပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ရောက်ကြောင်းလမ်းဟု ဆိုရ၏။ရဟန်းတို့ ဤသို့လျှင် ငါသည် သင်တို့အတွက် မပြုပြင်အပ်သော 'အသင်္ခတ' တရားကို ဟောအပ်ပေပြီ၊ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းကို ဟောအပ်ပေပြီ။ ရဟန်းတို့ တပည့်တို့၏ စီးပွါးကို လိုလားသော သနားတတ်သော ဆရာသည် သနားမှုကိုအစွဲပြု၍ သင်တို့အတွက် ပြုသင့်သည်ကို ငါပြုပြီးပြီ။ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာကျောင်းတို့တည်း၊ ရဟန်းတို့ ကပ်၍ရှုကြကုန်လော့၊မမေ့လျော့ကုန်လင့်၊ နောက်မှ နောင်တရသူတို့ မဖြစ်ကြကုန်လင့်။ ဤသည်ကား သင်တို့အတွက် ငါတို့၏ အဆုံးအမတည်း။ (၁)

ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားကိုရင်း မပြုပြင်အပ်သော'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းကိုရင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ (နိဗ္ဗာန်) ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားဟု ဆိုရ၏။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဝိပဿနာပင်တည်း။ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ ရဟန်းတို့ ဤသို့လျှင် ငါသည် သင်တို့အတွက် မပြုပြင်အပ်သော 'အသင်္ခတ' တရားကို ဟောအပ်ပေပြီ။ပ။ဤသည်ကား သင်တို့အတွက် ငါတို့၏ အဆုံးအမတည်း။ (၂)

ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'နှင့် တကွသော တည်ကြည်မှု 'သမာဓိ'ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကြံစည်မှု 'ဝိတက်'မရှိ သုံးသပ်မှု 'ဝိစာရ'မျှသာရှိသော တည်ကြည်မှု'သမာဓိ'ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ'ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ (၃-၅)

ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ အတ္တမှဆိတ်သော တည်ကြည်မှု'သုညတသမာဓိ' ပင်တည်း။ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ နိစ္စနိမိတ်မရှိသော တည်ကြည်မှု

'အနိမိတ္တသမာဓိ'ပင်တည်း။ဤသည်ကိုမပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟုဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ရာဂဟူသော တောင့်တမှုမရှိသော တည်ကြည်မှု 'အပ္ပဏိဟိတသမာဓိ'ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ (၆-၈)

ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း'ကာယ'၌ ရုပ်အပေါင်း'ကာယ'ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ဤသည်ကို မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်း လမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ပ။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။(၉-၁၂)

ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့မဖြစ်ရန် အလို'ဆန္ဒ'ကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ ပျောက်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏။ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟုဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏ ။ ပ ။ ရဟန်းတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ရန် အလွန်ဖြစ်ရန် ပြန့်ပြောရန် များရန် ပြည့်စုံရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို မြှင့်တင်၏၊

ဆောက်တည်၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။(၁၃-၁၆)

ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို ‘ဆန္ဒ’ ကြောင့်ဖြစ်သော သမာဓိ-အားထုတ်ခြင်း ‘ဝီရိယ’ နှင့်ပြည့်စုံသော တန်ခိုး၏ အခြေခံ ‘ဣဒ္ဓိပါဒ်’ ကို ပွါးများ၏။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လုံ့လကြောင့်ဖြစ်သောသမာဓိ အားထုတ်ခြင်း ‘ဝီရိယ’ နှင့် ပြည့်စုံသော တန်ခိုး၏ အခြေခံ ‘ဣဒ္ဓိပါဒ်’ ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စိတ်ကြောင့်ဖြစ်သောသမာဓိ အားထုတ်ခြင်း ‘ဝီရိယ’ နှင့်ပြည့်စုံသော တန်ခိုး၏အခြေခံ ‘ဣဒ္ဓိပါဒ်’ ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ စူးစမ်းမှုပညာကြောင့်ဖြစ်သောသမာဓိ အားထုတ်ခြင်း ‘ဝီရိယ’ နှင့်ပြည့်စုံသော တန်ခိုး၏ အခြေခံ ‘ဣဒ္ဓိပါဒ်’ ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။(၁၇-၂၀)

ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော ရာဂကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သဒ္ဓိန္ဒြေကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော။ပ။ဝီရိယိန္ဒြေကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်။ပ။သတိန္ဒြေကို ပွါးများ၏။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်။ပ။သမာဓိန္ဒြေကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော ရာဂကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ပညိန္ဒြေကို ပွါးများ၏၊ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။(၂၁-၂၅)

ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော။ပ။သဒ္ဓါဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။

ရဟန်းတို့ မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်။ပ။ဝီရိယဗိုလ်ကို ပွါးများ၏။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်။ပ။သတိဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်။ပ။သမာဓိဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော ရာဂကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ပညာဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ (၂၆-၃၀)

ရဟန်းတို့ မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော ရာဂကင်းခြင်းကိုမှီသော။ပ။ သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်။ပ။ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်မှုကို မှီသော ရာဂကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ (၃၁-၃၇)

ရဟန်းတို့ မပြုပြင်အပ်သော‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော ရာဂကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သောမှန်ကန်သောအမြင်‘သမ္မာဒိဋ္ဌိ’ကို ပွါးများ၏။ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော ‘အသင်္ခတ’တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ပ။ ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်းလမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မှန်ကန်သော အကြံ ‘သမ္မာသင်္ကပ္ပ’ကို ပွါးများ၏။ပ။ မှန်ကန်သောစကား ‘သမ္မာဝါစာ’ ကို ပွါးများ၏။ပ။ မှန်ကန်သော အလုပ် ‘သမ္မာကမ္မန္တ’ကို ပွါးများ၏။ပ။ မှန်ကန်သော အသက်မွေးမှု ‘သမ္မာအာဇီဝ’ ကို ပွါးများ၏ ။ပ။ မှန်ကန်သော အားထုတ်မှု ‘သမ္မာဝါယာမ’ကို ပွါးများ၏။ပ။ မှန်ကန်သော အောက်မေ့မှု ‘သမ္မာသတိ’ ကို ပွါးများ၏ ။ပ။ ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားကိုရင်း မပြုပြင်အပ်သော ‘အသင်္ခတ’ တရားသို့ ရောက်ကြောင်း လမ်းကိုရင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ မပြုပြင်အပ်သော ‘အသင်္ခတ’ တရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ မပြုပြင် အပ်သော

'အသင်္ခတ'တရားသို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကို မှီသော ရာဂကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို မပြုပြင်အပ်သော'အသင်္ခတ'တရားသို့ရောက်ကြောင်းလမ်းဟု ဆိုရ၏။ရဟန်းတို့ ဤသို့လျှင် ငါသည် မပြုပြင်အပ်သော' အသင်္ခတ'တရားကို သင်တို့အား ဟောအပ်ပေပြီ၊ မပြုပြင်အပ်သော'အသင်္ခတ' တရားသို့ ရောက်ကြောင်းလမ်းကို ဟောအပ်ပေပြီ၊ ရဟန်းတို့ တပည့်တို့၏ စီးပွါးကိုလိုလားသော သနားတတ်သော ဆရာသည် သနားမှုကို အစွဲပြု၍ သင်တို့အတွက် ပြုသင့်သည်ကို ငါပြုပြီးပြီ။ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ဤသည်တို့ကား ဆိတ်ငြိမ်ရာကျောင်းတို့တည်း၊ ရဟန်းတို့ ကပ်၍ရှုကြကုန်လော့၊မမေ့လျော့ကုန်လင့်၊နောက်မှ နောင်တရသူတို့ မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်တို့အတွက် ငါတို့၏ အဆုံးအမတည်းဟု (မိန့်တော်မူ၏)။ (၃၀-၄၅)

ပဌမသုတ်။

---

## ၂-အနတသုတ်

၃၇၀။ ရဟန်းတို့ ညွတ်တတ်သော တဏှာမရှိရာကိုင်း ညွတ်တတ်သော တဏှာမရှိရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ညွတ်တတ်သော တဏှာမရှိရာဟူသည် အဘယ်နည်း။ပ။ [အသင်္ခတဝဂ်၌ကဲ့သို့ ချဲ့အပ်၏]။

ဒုတိယသုတ်။

---

## ၃-၃၂-အနာသဝါဒိသုတ်

၃၇၉-၄၀၀။ ရဟန်းတို့ အာသဝေါ မရှိရာကိုင်း အာသဝေါ မရှိရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ အာသဝေါ မရှိရာဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ အမှန်တရားကိုင်း အမှန်တရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ အမှန်တရား ဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ တဖက်ကမ်းကိုင်း တဖက်ကမ်းသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ထိုတရားကို နာကုန်လော့၊ရဟန်းတို့ တဖက်ကမ်းဟူသည်အဘယ်နည်း။ပ။ ရဟန်းတို့ သိမ်မွေ့သော တရားကိုင်း သိမ်မွေ့သော တရားသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ သိမ်မွေ့သော တရားဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ အလွန်မြင်နိုင်ခဲသော တရားကိုင်း အလွန် မြင်နိုင်ခဲသော တရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ရဟန်းတို့ အလွန်မြင်နိုင်ခဲသော တရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ဆွေးမြေ့ခြင်း မရှိသော တရားကိုင်း ဆွေးမြေ့ခြင်း မရှိသောတရားသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ ဆွေးမြေ့ခြင်း မရှိသော တရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ မြဲသောတရားကိုင်း မြဲသောတရားသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား

ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ မြဲသော တရားဟူသည် အဘယ်နည်း ။ပ။ ရဟန်းတို့ မပျက်စီးသော တရားကိုင်း မပျက်စီးသော တရားသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ မပျက်စီးသော တရားဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ မမြင်အပ်သောတရားကိုင်း မမြင်အပ်သော တရားသို့ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မမြင်အပ်သော တရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ချဲ့ထွင်မှု မရှိသော တရားကိုင်း ချဲ့ထွင်မှု မရှိသော တရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ရဟန်းတို့ ချဲ့ထွင်မှုမရှိသော တရားဟူသည် အဘယ်နည်း။ပ။

ရဟန်းတို့ ငြိမ်းသော တရားကိုင်း ငြိမ်းသောတရားသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ငြိမ်းသော တရားဟူသည် အဘယ်နည်း ။ပ။ရဟန်းတို့ မသေရာဖြစ်သောတရားကိုင်း မသေရာဖြစ်သော တရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ရဟန်းတို့ မသေရာဖြစ်သော တရားဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ မြတ်သောတရားကိုင်း မြတ်သော တရားသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မြတ်သောတရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ငြိမ်းအေးသော တရားကိုင်း ငြိမ်းအေးသော တရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ငြိမ်းအေးသော တရားဟူသည် အဘယ်နည်း ။ပ။ ရဟန်းတို့ ဘေးကင်းရာကိုင်း ဘေးကင်းရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ဘေးကင်းရာဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ တဏှာ ကုန်ရာကိုင်း တဏှာကုန်ရာသို့ ရောက်ကြောင်း လမ်းကိုင်း သင်တို့အား ဟောပေအံ့။ထိုတရားကို နာကုန်လော့။ ရဟန်းတို့ တဏှာ ကုန်ရာ ဟူသည် အဘယ်နည်း။ပ။

ရဟန်းတို့ အံ့ဖွယ်ဖြစ်သောတရားကိုင်း အံ့ဖွယ်ဖြစ်သောတရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ အံ့ဖွယ်ဖြစ်သော တရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ မဖြစ်ဘူးမြဲဖြစ်သော တရားကိုင်း မဖြစ်ဘူးမြဲဖြစ်သော တရားသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မဖြစ်ဘူးမြဲဖြစ်သော တရားဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ဆင်းရဲကင်းရာကိုင်း ဆင်းရဲကင်းရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ဆင်းရဲကင်းရာဟူသည် အဘယ်နည်း။ ပ။ရဟန်းတို့ ဆင်းရဲကင်းရာသဘောကိုင်း ဆင်းရဲကင်းရာသဘောသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ဆင်းရဲကင်းရာ သဘောဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ နိဗ္ဗာန်ကိုင်း နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ နိဗ္ဗာန်ဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ကြောင့်ကြမရှိရာကိုင်း ကြောင့်ကြမရှိရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ကြောင့်ကြမရှိရာဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ရာဂကင်းရာကိုင်း ရာဂကင်းရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ရာဂကင်းရာဟူသည် အဘယ်နည်း။ပ။

ရဟန်းတို့ စင်ကြယ်ရာကိုင်း စင်ကြယ်ရာသို့ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ စင်ကြယ်ရာဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ လွတ်မြောက်ရာကိုင်း လွတ်မြောက်ရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ လွတ်မြောက်ရာဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ ငြိတွယ်မှုမရှိရာကိုင်း ငြိတွယ်မှုမရှိရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ငြိတွယ်မှုမရှိရာဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ မှီခိုရာကိုင်း မှီခိုရာသို့ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မှီခိုရာဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ ပုန်းအောင်းရာကိုင်း ပုန်းအောင်းရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ရဟန်းတို့ ပုန်းအောင်းရာဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ အားထားရာကိုင်း အားထားရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ အားထားရာဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ ကိုးကွယ်ရာကိုင်း ကိုးကွယ်ရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ ကိုးကွယ်ရာဟူသည် အဘယ်နည်း။ပ။

ဗတ္တိံသတိမသုတ်။

---

## ၃၃-ပရာယနသုတ်

၄၀၉။ ရဟန်းတို့ လည်းလျောင်းရာကိုင်း လည်းလျောင်းရာသို့ ရောက်ကြောင်းလမ်းကိုင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ လည်းလျောင်းရာဟူသည် အဘယ်နည်း။ရဟန်းတို့ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ (နိဗ္ဗာန်) ကို လည်းလျောင်းရာဟု ဆိုရ၏။ ရဟန်းတို့ လည်းလျောင်းရာသို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယဟု အောက်မေ့ဆင်ခြင်မှု 'ကာယဂတာသတိ' ပင်တည်း။ ဤသည်ကို လည်းလျောင်းရာသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ ရဟန်းတို့ ဤသို့လျှင် ငါသည် သင်တို့အား လည်းလျောင်းရာကို ဟောအပ်ပေပြီ၊ လည်းလျောင်းရာသို့ ရောက်ကြောင်းလမ်းကို ဟောအပ်ပေပြီ၊ ရဟန်းတို့ တပည့်တို့၏စီးပွါးကို လိုလားသော သနားတတ်သော ဆရာသည် သနားမှုကို အစွဲပြု၍ သင်တို့အတွက် ပြုသင့်သည်ကို ငါပြုခဲ့ပြီ။ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာကျောင်းတို့တည်း။ ရဟန်းတို့ ကပ်၍ ရှုကြကုန်လော့၊ မမေ့လျော့ကုန်လင့်၊ နောက်မှ နောင်တရသူတို့ မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်တို့အတွက် ငါတို့၏ အဆုံးအမတည်းဟု (မိန့်တော်မူ၏)။ [အသင်္ခတဝဂ်၌ကဲ့သို့ ချဲ့အပ်၏]။

တေတ္တိံသတိမသုတ်။

ဒုတိယဝဂ် ပြီး၏။

**အသင်္ခတသံယုတ် ပြီး၏။**

# ၁၀-အဗျာကတသံယုတ်

## ၁-ခေမာသုတ်

၄၁၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ခေမာမည်သောရဟန်းမသည် ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်သည်ရှိသော် သာဝတ္ထိပြည်နှင့် သာကေတမြို့အကြား တောရဏအရပ်၌ နေ၏၊ ထိုအခါ ပသေနဒိကောသလမင်းသည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ အသွား သာကေတမြို့နှင့်သာဝတ္ထိပြည်အကြား တောရဏအရပ်၌ တညဥ့်မျှနေ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် မင်းချင်းတယောက်ကို "အချင်းယောကျ်ား လာလော့၊ သင်သည် တောရဏအရပ်၌ယနေ့ ငါဆည်းကပ်သင့်သောသဘောရှိသော သမဏကိုဖြစ်စေ ဗြာဟ္မဏကိုဖြစ်စေ သိအောင် စုံစမ်းလော့"ဟု မိန့်ဆို၏။

ထိုယောကျ်ားသည် "မင်းမြတ် ကောင်းပါပြီ"ဟု ပသေနဒီကောသလမင်းအား ဝန်ခံ၍ တောရဏအရပ်အားလုံးသို့ လှည့်လည်သော်လည်း ပသေနဒီကောသလမင်း ဆည်းကပ်သင့်သော သဘောရှိသော သမဏကိုသော်ရင်း ဗြာဟ္မဏကိုသော်ရင်း မတွေ့မမြင်ရ၊ ထိုယောကျ်ားသည် ခေမာမည်သော ရဟန်းမကို တောရဏအရပ်၌ နေသည်ကိုမြင်၍ ပသေနဒီကောသလမင်းထံသို့ ချဉ်းကပ်ပြီးလျှင်— "မင်းမြတ် တောရဏအရပ်၌ မင်မြတ်ဆည်းကပ်သင့်သော သဘောရှိသော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း မရှိပါ၊ သို့ရာတွင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိမြင်သော ထိုမြတ်စွာဘုရား၏ တပည့် ခေမာမည်သော ရဟန်းမသည် ရှိပါ၏၊ 'ပညာရှိ၏၊ လိမ္မာ၏၊ အကြားအမြင်များ၏၊ ဆန်းကြယ်သော စကား ရှိ၏၊ ကောင်းသော ထိုးထွင်းဉာဏ်ရှိ၏'ဟု ဤသို့ ထိုအရှင်မ၏ ကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍တက်ပါ၏၊မင်းမြတ်သည် ထိုအရှင်မကို ဆည်းကပ်တော်မူပါလော့"ဟု လျှောက်၏။

ထိုအခါ ပသေနဒီကောသလမင်းသည် ရဟန်းမ ခေမာထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော်"အရှင်မ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်ပါသလော"ဟု လျှောက်၏။ မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏"ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မမူ။ အရှင်မ သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ပါသလော။ မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်"ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အရှင်မ သတ္တဝါသည် သေသည်မှနောက်၌ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ပါသလော။ မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်" ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မမူ။ အရှင်မ သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ပါသလော။ မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်" ဟူသော ဤစကားကို လည်း မြတ်စွာဘုရားဟောတော်မမူ ဟု ဆို၏။

အရှင်မ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်ပါသလော-ဟု ဤသို့ မေးလျှင် မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ဖြစ်၏"ဟူသောဤစကားကို မြတ်စွာဘုရား ဟောတော်မမူဟု ဆို၏။ အရှင်မ သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ပါသလောဟု ဤသို့မေးလျှင်

မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်"ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူဟု ဆို၏။ အရှင်မ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်သလောဟု ဤသို့မေးလျှင် မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်"ဟူသော ဤစကားကိုလည်း မြတ်စွာဘုရားဟောတော်မမူဟု ဆို၏။ အရှင်မ သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလောဟု ဤသို့မေးလျှင် မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်" ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော် မမူဟု ဆို၏။ အရှင်မ ဤစကားကို မြတ်စွာဘုရား ဟောတော်မမူခြင်း အကြောင်း အထောက်အပံ့ကား အဘယ် ပါနည်း ဟု (လျှောက်၏)။

မင်းမြတ် သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုသာ ပြန်၍မေးဦးအံ့၊ သင်နှစ်သက်သည့်အတိုင်း ဖြေပါလော့၊ မင်းမြတ် ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ဂင်္ဂါမြစ်၌ "သဲများ ဤမျှလောက် ရှိ၏"ဟူ၍၎င်း "သဲရာပေါင်း ဤမျှလောက် ရှိ၏" ဟူ၍၎င်း "သဲထောင်ပေါင်း ဤမျှလောက် ရှိ၏" ဟူ၍၎င်း "သဲ သိန်းပေါင်း ဤမျှလောက် ရှိ၏"ဟူ၍၎င်း သဲများကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော တဦးတယောက်သော ဂဏန်းသမားသည်၎င်း လက်ချိုးရေသမားသည်၎င်း အပေါင်းလိုက်ရေသမား သည်၎င်း သင့်အား ရှိသလော။ အရှင်မ မရှိပါ။ မဟာသမုဒ္ဒရာ၌ "ရေတို့သည် ဤမျှလောက် ကွမ်းစာ ပမာဏရှိ၏" ဟူ၍၎င်း "ရေတို့သည် ဤမျှလောက် ကွမ်းစားအရာ ပမာဏရှိ၏" ဟူ၍၎င်း "ရေတို့သည် ဤမျှလောက် ကွမ်းစားအထောင် ပမာဏရှိ၏" ဟူ၍၎င်း "ရေတို့သည် ဤမျှလောက် ကွမ်းစားအသိန်း ပမာဏရှိ၏"ဟူ၍၎င်း ရေ၏ပမာဏကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော တဦးတယောက်သော ဂဏန်းသမားသည်၎င်း လက်ချိုးရေသမားသည်၎င်း အပေါင်းလိုက် ရေသမားသည်၎င်း သင့်မှာရှိပါသလော။ အရှင်မ မရှိပါ။ အဘယ့်ကြောင့်နည်း ဆိုလျှင် မဟာသမုဒ္ဒရာသည် နက်လှပါ၏၊ မနှိုင်းရှည့်နိုင်ပါ၊ သက်ဝင်ရန် ခဲယဉ်းပါ၏။ မင်းမြတ် ဤ အတူပင်လျှင် သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသောရုပ်ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ နောက်ထပ် မဖြစ် အောင် ပြုပြီးပြီ။ နောင်တဖန် ဖြစ်ခြင်းသဘောမရှိ။ မင်းမြတ် ရုပ်ဟူသော ခေါ်ဝေါ်ခြင်းမှ လွတ်တော်မူသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်၏။ မနှိုင်းရှည့်နိုင်၊ သက်ဝင်ရန် ခဲယဉ်း၏၊ထို့ကြောင့် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေ သည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ် ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ် ဟူသော စကားသို့လည်း မရောက်။

သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသောဝေဒနာကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ အမြစ် ရင်းကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘောမရှိ။ မင်းမြတ် ဝေဒနာဟူသော ခေါ်ဝေါ်ခြင်းမှ လွတ်သော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်၏၊ မနှိုင်းရှည့်နိုင်၊ သက်ဝင်ရန် ခဲယဉ်း၏၊ ထို့ကြောင့် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါ သည် သေသည်မှနောက်၌ မဖြစ်ဟူသော စကားသို့လည် မရောက်၊ သတ္တဝါသည် သေသည်မှ

နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် ဟူသော စကားသို့လည်း မရောက်။

သတ္တဝါဟု ပညတ်လျှင် ပညတ် နိုင်ရာသော သညာ ။ပ။ သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသော သင်္ခါရတို့ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘောမရှိ။ မင်းမြတ် သင်္ခါရဟူသော ခေါ်ဝေါ်ခြင်းမှလွတ်သော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်၏၊ မနိုင်းရှည့်နိုင်၊ သက်ဝင်ရန် ခဲယဉ်း၏။ ထို့ကြောင့် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်ဟူသောစကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူသော စကားသို့လည်း မရောက်။

သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသော ဝိညာဏ်ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘောမရှိ။ မင်းမြတ် ဝိညာဏ်ဟူသော ခေါ်ဝေါ်ခြင်းမှလွတ်သော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်၏၊ မနိုင်းရှည့်နိုင်၊ သက်ဝင်ရန် ခဲယဉ်း၏။ ထို့ကြောင့် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူသောစကားသို့လည်း မရောက်ဟု မိန့်၏။ ထို့နောက် ပသေနဒီကောသလမင်းသည် ရဟန်းမခေမာ၏ စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှထကာ ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွားလေ၏။

ထို့နောက် ပသေနဒီကောသလမင်းသည် အခါတပါး၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ထိုင်နေကာ "အသျှင်ဘုရား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်ပါသလော"ဟုလျှောက်၏။ မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏"ဟူသော ဤစကားကို ငါမဟော။ အသျှင်ဘုရား သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလော။ မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်"ဟူသော စကားကိုလည်း ငါမဟော။ အသျှင်ဘုရား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ပါသလော။ မင်းမြတ်"သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်"ဟူသော ဤစကားကို ငါမဟော။ အသျှင်ဘုရား သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ပါသလော။မင်းမြတ်"သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်"ဟူသော ဤစကားကို ငါမဟော။ အသျှင်ဘုရား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သလောဟု ဤသို့ မေးလျှင် မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏" ဟူသော ဤစကားကို ငါမဟောဟု ဆို၏။ အသျှင်ဘုရား သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလောဟု ဤသို့ မေးလျှင် မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်"ဟူသော ဤစကားကိုလည်း ငါမဟောဟု ဆို၏။ အသျှင်ဘုရား သတ္တဝါသည်

သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်သလောဟု ဤသို့မေးလျှင် မင်းမြတ် "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်"ဟူသော ဤစကားကိုလည်း ငါမဟောဟု ဆို၏။ အသျှင်ဘုရား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်သလောဟု ဤသို့ မေးလျှင် မင်းမြတ်"သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်"ဟူသော ဤစကားကိုလည်း ငါမဟောဟု ဆို၏။ အသျှင်ဘုရား ဤစကားကို မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းအထောက် အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။

မင်းမြတ် သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် တဖန်ပြန်၍ မေးဦးအံ့၊ သင်နှစ်သက်သည့် အတိုင်း ဖြေလော့။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဂင်္ဂါမြစ်၌"သဲများ ဤမျှ လောက်ရှိ၏"ဟူ၍ငှင်း "သဲရာပေါင်း ဤမျှလောက်ရှိ၏"ဟူ၍ငှင်း"သဲထောင်ပေါင်း ဤမျှလောက် ရှိ၏"ဟူ၍ငှင်း "သဲသိန်းပေါင်း ဤမျှလောက်ရှိ၏"ဟူ၍ငှင်း သဲများကို ရေတွက်ခြင်းငှါ စွမ်းနိုင် သော တဦးတယောက်သော ဂဏန်းသမားသည်ငှင်း လက်ချိုးရေသမားသည်ငှင်း အပေါင်းလိုက် ရေသမားသည်ငှင်း သင့်အား ရှိသလော။ အသျှင်ဘုရား မရှိပါ။ မဟာသမုဒ္ဒရာ၌ "ရေတို့သည် ဤမျှလောက် ကွန်းစားပမာဏရှိ၏"ဟူ၍ငှင်း။ပ။ "ရေတို့သည် ဤမျှလောက် ကွန်းစားအသိန်း ပမာဏရှိ၏" ဟူ၍ငှင်း ရေ၏ ပမာဏကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော တဦးတယောက်သော ဂဏန်းသမားသည်ငှင်း လက်ချိုးရေသမားသည်ငှင်း အပေါင်းလိုက်ရေသမားသည်ငှင်း သင့်အား ရှိသလော။အသျှင်ဘုရား မရှိပါ၊အဘယ့်ကြောင့်ပါနည်းဆိုလျှင် မဟာသမုဒ္ဒရာသည် နက်လှပါ၏၊ မနှိုင်းရှည့်နိုင်ပါ၊သက်ဝင်ရန် ခဲယဉ်းပါ၏။မင်းမြတ် ဤအတူပင်လျှင် သတ္တဝါဟု ပညတ်လျှင် ပညတ် နိုင်ရာသော ရုပ်ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိ။ မင်းမြတ် ရုပ်ဟု ခေါ်ဝေါ်ခြင်းမှ လွတ်သော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်၏၊ မနှိုင်းရှည့်နိုင်၊ သက်ဝင်ရန် ခဲယဉ်း၏။ ထို့ကြောင့် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော စကားသို့ မရောက်။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ် လည်း မဖြစ်ဟူသော စကားသို့လည်း မရောက်။

ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို ။ပ။ သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသော ဝိညာဏ်ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ နုတ်ပြီး သော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်း သဘောမရှိ။ မင်းမြတ် ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းမှ လွတ်သော မြတ်စွာဘုရားသည် မဟာ သမုဒ္ဒရာကဲ့သို့ နက်၏၊ မနှိုင်းရှည့်နိုင်၊ သက်ဝင်ရန် ခဲယဉ်း၏။ ထို့ကြောင့် သတ္တဝါသည် သေသည် မှ နောက်၌ ဖြစ်၏ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ် ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော စကားသို့လည်း မရောက်၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော စကားသို့လည်း မရောက်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အံ့ဖွယ်ရှိပါပေ၏။ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ မြတ်စွာဘုရားနှင့် တပည့်မ၏ တရားဟောရာ၌ အနက် အနက်ချင်း သဒ္ဒါ သဒ္ဒါချင်း တထပ်တည်း ကျလှပါ၏၊ ညီညွတ်လှပါ၏၊ မဆန့်ကျင်ပါ။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် ရဟန်းမိန်းမခေမာ

ထံသို့ ချဉ်းကပ်ပြီးလျှင် ဤအကြောင်းကို မေးဘူးပါသည်။ ထိုအရှင်မသည်လည်း ဤပုဒ်တို့ဖြင့် ဤသဒ္ဒါတို့ဖြင့် မြတ်စွာဘုရား ဖြေကြားသကဲ့သို့ ဖြေကြားပါ၏၊ အသျှင်ဘုရား အံ့ဩဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏။ မြတ်စွာဘုရားနှင့် တပည့်မ၏ တရားဟောရာ၌ အနက် အနက်ချင်း သဒ္ဒါ သဒ္ဒါချင်း တထပ်တည်း ကျလှပါ၏၊ ညီညွတ်လှပါ၏၊ မဆန့်ကျင်ပါ။ မြတ်စွာဘုရား ယခုအကျွန်ုပ်တို့ သွားပါဦးအံ့၊ အကျွန်ုပ်တို့သည် ကိစ္စများကုန်၏၊ ပြုဖွယ်များ ကုန်၏ဟု လျှောက်၏၊ မင်းမြတ် ယခုသွားခြင်း၏ အခါကို သင်သိ၏၊ (သွားရန်မှာ သင်မင်းကြီး၏ အလိုအတိုင်းပင်ဖြစ်၏)ဟု မိန့်တော်မူ၏။ ထို့နောက် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေ ပြုကာ ဖဲသွားလေ၏။

ပဌမသုတ်။

## ၂-အနုရာဓသုတ်

၄၁၁။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အနုရာဓသည် မြတ်စွာ ဘုရားနှင့် မနီးမဝေးဖြစ်သော တောကျောင်းငယ်၌ နေ၏၊ ထိုအခါ အယူတမျိုးရှိသူ ပရိဗိုဇ်များစွာ တို့သည် အသျှင်အနုရာဓထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အနုရာဓနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်နေကာ ဤစကားကို ဆိုကုန်၏ "ငါ့သျှင်အနုရာဓ မြတ်သော ယောကျ်ားဖြစ်သော အလွန်မြတ်သော ယောကျ်ားဖြစ်သော အမြတ်ဆုံးသို့ ရောက် သော ထိုမြတ်စွာဘုရားသည် ပညတ်လိုသော် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤလေးဌာနတို့၌ ပညတ်သလောဟု မေး၏။ ငါ့သျှင်တို့ ထိုမြတ်သော ယောကျ်ားဖြစ်သော အလွန်မြတ်သော ယောကျ်ားဖြစ်သော အမြတ်ဆုံးသို့ ရောက် သော ထိုမြတ်စွာဘုရားသည် ပညတ်လိုသော် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤလေးဌာနတို့ကို ဖယ်ထား၍ ပညတ်အပ်၏။ ဤသို့ ဆိုသော် ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် အသျှင်အနုရာဓအား "ဤရဟန်းသည် ရဟန်းပြု၍ မကြာ သေးသော သီတင်းငယ် ဖြစ်ပေလိမ့်မည်၊ မထေရ်ဖြစ်လျှင်လည်း မလိမ္မာသူ မကျွမ်းကျင်သူ ဖြစ်လိမ့်မည်"ဟူသော ဤစကားကို ဆိုကုန်၏။ ထို့နောက် ထိုအယူတမျိုးရှိသူပရိဗိုဇ်သည် အသျှင် အနုရာဓကို သီတင်းငယ်ဟူသော စကားဖြင့်ရင်း မလိမ္မာသူဟူသော စကားဖြင့်ရင်း မောင်းမဲ၍ နေရာမှ ထကာ ဖဲသွားကြကုန်၏။

ထို့နောက် အယူတမျိုးရှိသူ ပရိဗိုဇ်တို့ ဖဲသွား၍ မကြာမီ အသျှင်အနုရာဓအား ဤအကြံသည် ဖြစ်၏ "ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤထက်အလွန် မေးကြပါမူ ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့ကို ငါအဘယ်သို့ဖြေပါက မြတ်စွာဘုရား၏ စကားတော်အတိုင်း ဆိုသူလည်းဖြစ်ပါ အံ့နည်း၊ မြတ်စွာဘုရားကိုမဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာမရောက်ပဲ ရှိပါအံ့နည်း၊တရားတော်

အား လျှော်သော တရားကိုလည်း ဖြေဆိုရာရောက်ပါအံ့နည်း၊ မြတ်စွာဘုရား၏ စကားသို့ အတုလိုက်၍ ပြောခြင်းသည် အကြောင်းနှင့် တကွဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပဲရှိပါအံ့နည်း”ဟု အကြံ ဖြစ်၏။ ထို့နောက် အသျှင်အနုရာဓသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍တခုသော နေရာ၌ ထိုင်နေလျက် အသျှင်ဘုရား ယခု အကျွန်ုပ်သည် မြတ်စွာဘုရားနှင့် မနီးမဝေးသော တောကျောင်းငယ်၌နေပါ၏၊ အသျှင်ဘုရား ထိုအခါ အယူတမျိုးရှိသူ ပရိဗိုဇ်များစွာတို့သည် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးလျှင် အကျွန်ုပ်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေပြီးလျှင် ငါ့သျှင်အနုရာဓ “မြတ်သော ယောကျ်ား ဖြစ်သော အလွန်မြတ်သော ယောကျ်ား ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော ထို မြတ်စွာဘုရားသည် ပညတ်လိုသော် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤ လေးဌာနတို့၌ ပညတ် သလော”ဟူသော ဤ စကားကို ပြောကြပါသည်၊ အသျှင်ဘုရား ဤသို့ပြောလျှင် အကျွန်ုပ်သည် ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့အား ငါ့သျှင်တို့ မြတ်သော ယောကျ်ားဖြစ်သော အလွန်မြတ်သော ယောကျ်ား ဖြစ်သော အမြတ်ဆုံးသို့ ရောက်သော ထိုမြတ်စွာဘုရားသည် ပညတ်လိုသော် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ် ဟူ၍ရင်း ဤ လေးဌာနတို့ကို ဖယ်ထား၍ ပညတ်၏ဟူသော ဤစကားကို ပြောပါသည်၊ အသျှင်ဘုရား ဤသို့ ဆိုသော် ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် အကျွန်ုပ်ကို“ဤရဟန်းသည် ရဟန်းပြု၍ မကြာသေးသော သီတင်းငယ် ဖြစ်လိမ့်မည်၊ မထေရ်ဖြစ်လျှင်လည်း မလိမ္မာသူ မကျွမ်းကျင်သူ ဖြစ်လိမ့်မည်”ဟူသော ဤစကားကို ပြောကြပါသည်၊ အသျှင်ဘုရား ထို့နောက် ထိုအယူတမျိုး ရှိသူ ပရိဗိုဇ်တို့သည် အကျွန်ုပ်ကို သီတင်းငယ်ဟူသော စကားဖြင့်ရင်း မလိမ္မာသူ ဟူသော စကားဖြင့်ရင်း မောင်းမဲ၍ နေရာမှထကာ ပြန်ကြပါကုန်၏။

အသျှင်ဘုရား ထိုအယူတမျိုးရှိသူ ပရိဗိုဇ်များ ဖဲသွား၍ မကြာမီအကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏ “ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤထက်အလွန်မေးကြမူ ထိုအယူတမျိုးရှိသူ ပရိဗိုဇ်တို့ကို ငါအဘယ်သို့ဖြေပါက မြတ်စွာဘုရား၏ စကားတော် အတိုင်း ဆိုသူလည်း ဖြစ်ပါအံ့နည်း၊ မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရာမရောက်ပဲ ရှိပါအံ့နည်း၊ တရားတော်အားလျော်သော တရားကိုလည်း ဖြေဆိုရာရောက်ပါအံ့နည်း၊ မြတ်စွာဘုရား၏ စကားသို့ အတုလိုက်၍ ပြောခြင်းသည် အကြောင်းနှင့် တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပဲ ရှိပါအံ့နည်း”ဟု အကြံဖြစ်ပါသည် ဟူသော ဤစကားကို လျှောက်၏။

အနုရာဓ ဤအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ရုပ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ၏ဥစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ အတ္တ တည်းဟု ရှုခြင်းငှါ သင့်လျော် ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ ဝေဒနာသည် မြဲသလော မမြဲသလော။ပ။ သညာသည်။ သင်္ခါရတို့သည်

ဝိညာဏ်သည် မြဲသလော မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာတည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ အတ္တတည်းဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ အနုရာဓ ထိုသို့ ဖြစ်သောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော ကိုယ်တွင်းကိုယ်ပလည်း ဖြစ်သော အကြမ်းအနုလည်း ဖြစ်သော အယုတ် အမြတ်လည်း ဖြစ်သော အဝေးအနီးလည်း ဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့်ရှုရမည်။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော ကိုယ်တွင်းကိုယ်ပလည်းဖြစ်သော အကြမ်းအနုလည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သည့် အတိုင်း မှန်ကန်သော ပညာဖြင့်ရှုရမည်၊ အနုရာဓ အကြားအမြင်ရှိသော အရိယာတပည့်သည် ဤသို့ရှုသော် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်မက်မှု ကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်၏၊ (ကိလေသာမှ)လွတ်မြောက်သော်(ကိလေသာမှ)လွတ်မြောက်ပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေ နေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ငှါ တဖန် ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏။

အနုရာဓ ထိုအရာကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ဝေဒနာကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ သညာကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ သင်္ခါရတို့ကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ဝိညာဏ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ အနုရာဓ ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်၌ သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ရုပ်ကို ဖယ်ထား၍ သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ဝေဒနာ၌။ပ။ဝေဒနာကို ဖယ်ထား၍။ပ။သညာ၌။ပ။ သညာကို ဖယ်ထား၍။ပ။ သင်္ခါရတို့၌။ပ။ သင်္ခါရတို့ကို ဖယ်ထား၍။ပ။ ဝိညာဏ်၌ သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။ ဝိညာဏ်ကို ဖယ်ထား၍ သတ္တဝါဟု ရှုသလော၊ မရှုပါ အသျှင်ဘုရား။

အနုရာဓ ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်ကို။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ဝိညာဏ်ကို သတ္တဝါဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။အနုရာဓ ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤသတ္တဝါသည် ရုပ်မရှိ ဝေဒနာမရှိ သညာမရှိ သင်္ခါရတို့မရှိ ဝိညာဏ်မရှိဟု ရှုသလော။ မရှုပါ အသျှင်ဘုရား။အနုရာဓ ဤ မျက်မှောက်ဘဝ၌ပင်လျှင် သင်သည် အမှန်အားဖြင့် အခိုင်အမာအားဖြင့် သတ္တဝါဟု မရအပ်ပါပဲလျက် "ငါ့သျှင်တို့ မြတ်သော ယောကျ်ားဖြစ်သော အလွန်မြတ်သော ယောကျ်ားဖြစ်သော အမြတ်ဆုံးသို့ ရောက်သော ထိုမြတ်စွာဘုရားသည် ပညတ်လိုသော် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ ဟူ၍ရင်း ။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤ လေးဌာနတို့ကို ဖယ်ထား၍ ပညတ်၏" ဟု ထိုဖြေဆိုမှုသည် သင့်လျော်ပါမည်လော။

မသင့်လျော်ပါ အသျှင်ဘုရား။ အနုရာဓ ကောင်းပေစွ၊ ကောင်းပေစွ၊ အနုရာဓ ရှေးအခါဖြစ်စေ ယခုအခါဖြစ်စေ ဒုက္ခနှင့် ဒုက္ခ၏ချုပ်ခြင်းကိုသာ ငါပညတ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဌမ သာရိပုတ္တကောဋ္ဌိကသုတ်

၄၁၂။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး)နေတော်မူကုန်၏၊ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် ညချမ်းအခါ တပါးတည်းကိန်းအောင်းရာမှထ၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ထိုင်နေလျက် အသျှင်သာရိပုတြာအား—

ငါ့သျှင်သာရိပုတြာ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သလောဟု ဆို၏။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလော။ ငါ့သျှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်သလော။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ် ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။

ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သလောဟု ဤသို့မေးလျှင် ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မမူဟု ဆို၏။ပ။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလောဟု ဤသို့မေးလျှင် ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူဟု ဆို၏။ ငါ့သျှင် ဤစကားကို မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။

ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားသည် ရုပ်မျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော ဤစကားသည် ရုပ်မျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်ဟူသော ဤစကားသည် ရုပ်မျှသာတည်း။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ် ဟူသော ဤစကားသည် ရုပ်မျှသာတည်း။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူသော ဤစကားသည် ဝေဒနာမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ် ဟူသော ဤစကားသည် ဝေဒနာမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း

မဖြစ်ဟူသော ဤစကားသည် ဝေဒနာမျှသာတည်း။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ် ဟူသော ဤစကားသည် ဝေဒနာမျှသာတည်း။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားသည် သညာမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော ဤစကားသည် သညာမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော ဤစကားသည် သညာမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် ဟူသော ဤစကားသည် သညာမျှသာတည်း။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားသည် သင်္ခါရမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော ဤစကားသည် သင်္ခါရမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော ဤစကားသည် သင်္ခါရမျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားသည် သင်္ခါရမျှသာတည်း။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူသော ဤစကားသည် ဝိညာဏ်မျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ် ဟူသော ဤစကားသည် ဝိညာဏ်မျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော ဤစကားသည် ဝိညာဏ်မျှသာတည်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားသည် ဝိညာဏ်မျှသာတည်း။ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ သာရိပုတ္တကောဋ္ဌိကသုတ်

၄၁၃။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏။ပ။[ထိုအမေးမျိုးပင်တည်း။] ငါ့သျှင် မြတ်စွာဘုရားဟောတော်မမူခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။ငါ့သျှင် ရုပ်ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား ရုပ်ဖြစ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား ရုပ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား ရုပ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူ၍လည်း(အယူ)ဖြစ်၏၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍လည်း (အယူ)ဖြစ်၏၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ် ဟူ၍လည်း (အယူ)ဖြစ်၏၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း (အယူ)ဖြစ်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား ဝိညာဏ်ဖြစ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား ဝိညာဏ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူ၍လည်း (အယူ) ဖြစ်၏၊သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍လည်း(အယူ) ဖြစ်၏၊ သတ္တဝါသည် သေသည်မှ

နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်ဟူ၍လည်း (အယူ) ဖြစ်၏၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း (အယူ)ဖြစ်၏။

ငါ့သျှင် ရုပ်ကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား ရုပ်ဖြစ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား ရုပ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား ရုပ်ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူ၍လည်း(အယူ)မဖြစ်။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ် ဟူ၍လည်း(အယူ)မဖြစ်။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား ဝိညာဏ်ဖြစ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား ဝိညာဏ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သူအား ဝိညာဏ်ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကို ဟုတ်မှန်သည့် အတိုင်း သိမြင်သူအား သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏ ဟူ၍လည်း (အယူ)မဖြစ်၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍လည်း (အယူ) မဖြစ်၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ် ဟူ၍လည်း (အယူ) မဖြစ်၊ သတ္တဝါသည် သေ သည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း (အယူ) မဖြစ်။ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-တတိယ သာရိပုတ္တကောဋ္ဌိကသုတ်

၄၁၄။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူကုန်၏။ပ။ [ထိုအမေးမျိုးပင်တည်း။] ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်းဟု မေး၏၊ ငါ့သျှင် ရုပ်၌ စွဲမက်မှုမကင်းသူ လိုချင်မှုမကင်းသူ ချစ်ခင်မှုမကင်းသူ မွတ်သိပ်မှု မကင်းသူ ပူလောင်မှုမကင်းသူ တပ်မက်မှုမကင်းသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ် သည်လည်းမဟုတ် ဟူ၍လည်း အယူဖြစ်၏၊ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ စွဲမက်မှု မကင်းသူ လိုချင်မှုမကင်းသူ ချစ်ခင်မှုမကင်းသူ မွတ်သိပ်မှုမကင်းသူ ပူလောင်မှုမကင်းသူ တပ်မက်မှုမကင်းသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍လည်း အယူဖြစ်၏။ ငါ့သျှင် ရုပ်၌ စွဲမက်မှုကင်းသူ။ပ။ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌ စွဲမက်မှုကင်းသူ လိုချင်မှုကင်းသူ ချစ်ခင်မှုကင်းသူ မွတ်သိပ်မှုကင်းသူ ပူလောင်မှုကင်းသူ တပ်မက်မှု ကင်းသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူမဖြစ်။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍လည်း အယူမဖြစ်။ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-စတုတ္ထ သာရိပုတ္တကောဋ္ဌိကသုတ်

၄၁၅။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး)နေတော်မူကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ အသျှင်မဟာကောဋ္ဌိကထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကောဋ္ဌိကနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေလျက် အသျှင်မဟာကောဋ္ဌိကအား—ငါ့သျှင်ကောဋ္ဌိက သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သလောဟု ဆို၏။ပ။ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလောဟု ဤသို့မေးလျှင် ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူဟု ဆို၏။ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်းဟု မေး၏။

ငါ့သျှင် ရုပ်ဟူသော မွေ့လျော်ရာရှိသော ရုပ်၌ ပျော်ပိုက်သော ရုပ်ကို နှစ်ခြိုက်သော ရုပ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍လည်း အယူဖြစ်၏၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ် ဟူ၍လည်း အယူဖြစ်၏၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူဖြစ်၏။ ငါ့သျှင် ဝေဒနာဟူသော မွေ့လျော်ရာရှိသော ဝေဒနာ၌ ပျော်ပိုက်သော ဝေဒနာကို နှစ်ခြိုက်သော ဝေဒနာချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။ငါ့သျှင် သညာဟူသော မွေ့လျော်ရာရှိသော။ပ။ငါ့သျှင် သင်္ခါရဟူသော မွေ့လျော်ရာရှိသော။ပ။ငါ့သျှင် ဝိညာဏ်ဟူသော မွေ့လျော်ရာရှိသော ဝိညာဏ်၌ ပျော်ပိုက်သော ဝိညာဏ်ကို နှစ်ခြိုက်သော ဝိညာဏ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူဖြစ်၏။

ငါ့သျှင် ရုပ်ဟူသော မွေ့လျော်ရာမရှိသော ရုပ်၌ မပျော်ပိုက်သော ရုပ်ကို မနှစ်ခြိုက်သော ရုပ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူ၍လည်း အယူမဖြစ်။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူမဖြစ်။ ငါ့သျှင် ဝေဒနာဟူသော မွေ့လျော်ရာမရှိသော။ပ။ ငါ့သျှင် သညာဟူသော မွေ့လျော်ရာမရှိသော။ပ။ငါ့သျှင် သင်္ခါရဟူသော မွေ့လျော်ရာမရှိသော။ပ။ငါ့သျှင် ဝိညာဏ်ဟူသော မွေ့လျော်ရာမရှိသော ဝိညာဏ်၌ မပျော်ပိုက်သော ဝိညာဏ်ကို မနှစ်ခြိုက်သော ဝိညာဏ်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူမဖြစ်။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူမဖြစ်၊ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်း။

ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းပရိယာယ်တမျိုးလည်း ရှိနိုင်သေးသလော။ ငါ့သျှင် ရှိနိုင်သေး၏၊ ငါ့သျှင် ဘဝဟူသော မွေ့လျော်ရာရှိသော ဘဝ၌ပျော်ပိုက်သော ဘဝကို နှစ်ခြိုက်သော ဘဝချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူဖြစ်၏၊ ငါ့သျှင် ဘဝဟူသော မွေ့လျော်ရာမရှိသော ဘဝ၌ မပျော်ပိုက်သော ဘဝကို မနှစ်ခြိုက်သော ဘဝချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူမဖြစ်။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍လည်း အယူမဖြစ်၊ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းပရိယာယ်ကား ဤသည်ပင်တည်း။

ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းပရိယာယ်တမျိုးလည်း ရှိနိုင်သေးသလော။ ငါ့သျှင် ရှိနိုင်သေး၏၊ ငါ့သျှင် ဥပါဒါန်ဟူသော မွေ့လျော်ရာရှိသော ဥပါဒါန်၌ ပျော်ပိုက်သော ဥပါဒါန်ကို နှစ်ခြိုက်သော ဥပါဒါန်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူဖြစ်၏။ ငါ့သျှင် ဥပါဒါန်ဟူသော မွေ့လျော်ရာမရှိသော ဥပါဒါန်၌ မပျော်ပိုက်သော ဥပါဒါန်ကို မနှစ်ခြိုက်သော ဥပါဒါန်ချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူမဖြစ်။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူမဖြစ်။ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းပရိယာယ်ကား ဤသည်ပင်တည်း။

ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းပရိယာယ်တမျိုးလည်း ရှိနိုင်သေးသလော။ ငါ့သျှင် ရှိနိုင်သေး၏၊ ငါ့သျှင် တဏှာဟူသော မွေ့လျော်ရာရှိသော တဏှာ၌ ပျော်ပိုက်သော တဏှာကို နှစ်ခြိုက်သော တဏှာချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူဖြစ်၏။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူဖြစ်၏။ ငါ့သျှင် တဏှာဟူသော မွေ့လျော်ရာမရှိသော တဏှာ၌ မပျော်ပိုက်သော တဏှာကို မနှစ်ခြိုက်သော တဏှာချုပ်ရာကို ဟုတ်မှန်သည့်အတိုင်း သိမြင်သောသူအား သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်း အယူမဖြစ်။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း အယူမဖြစ်။ ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်းပရိယာယ်ကား ဤသည်ပင်တည်း။

ငါ့သျှင် မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်း ပရိယာယ်တမျိုးလည်း ရှိနိုင်သေးသလော။ ငါ့သျှင်သာရိပုတြာ ယခု ဤအရာ၌ ဤထက်အလွန် အဘယ်ကို အလိုရှိသနည်း၊ ငါ့သျှင်သာရိပုတြာ တဏှာကုန်သဖြင့် (ကိလေသာမှ) လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပညတ်ရန် ဝဋ်ဆင်းရဲသည် မရှိဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

## ၇-မောဂ္ဂလာနသုတ်

၄၁၆။ ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်နေလျက် အသျှင်မဟာမောဂ္ဂလာန်အား--အသျှင်မောဂ္ဂလာန် လောကသည် မြဲသလောဟု ဆို၏။ဝစ္ဆ လောကသည် မြဲ၏ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် သို့ဖြစ်လျှင် လောကသည် မမြဲသလော။ ဝစ္ဆ လောကသည် မမြဲဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် လောကသည် အဆုံးရှိသလော။ ဝစ္ဆ လောကသည် အဆုံးရှိ၏ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် သို့ဖြစ်လျှင် လောကသည် အဆုံးမရှိသလော။ ဝစ္ဆ လောကသည် အဆုံးမရှိဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် ထိုအသက်သည်ပင် ထိုကိုယ်လော။ ဝစ္ဆ ထိုအသက်သည်ပင် ထိုကိုယ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် အသက်သည်တခြား ကိုယ်သည်တခြားလော။ ဝစ္ဆ အသက်သည်တခြား ကိုယ်သည်တခြားဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်မောဂ္ဂလာန် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။

အသျှင်မောဂ္ဂလာန် အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း လောကသည် အဆုံးရှိ၏ဟူ၍ရင်း လောကသည် အဆုံးမရှိဟူ၍ရင်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြားဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤသို့ ဖြေဆိုကြခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ ရဟန်းဂေါတမသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း လောကသည် အဆုံးရှိ၏ဟူ၍ရင်း လောကသည် အဆုံးမရှိဟူ၍ရင်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြားဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း မဖြေဆိုခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။

ဝစ္ဆ အယူတမျိုးရှိသူ ပရိဗိုဇ်တို့ကား မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာတည်း၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ အတ္တ တည်းဟု ရှုကြ၏။ပ။ လျှာကို ဤလျှာသည် ငါ့ဥစ္စာတည်း၊ ဤလျှာသည် ငါဖြစ်၏၊ ဤလျှာသည် ငါ၏ အတ္တ တည်းဟု ရှုကြ၏။ပ။ စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာတည်း၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ အတ္တ တည်းဟု ရှုကြ၏၊ ထို့ကြောင့် အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့ အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ငှင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငှင်း ဤသို့ ဖြေဆိုကြခြင်း ဖြစ်၏။ ဝစ္ဆ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တ မဟုတ်ဟု ရှုတော်မူ၏။ပ။ လျှာကို ဤလျှာသည် ငါ့ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ အတ္တ မဟုတ်ဟု ရှုတော်မူ၏။ပ။ စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တ မဟုတ်ဟု ရှုတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ငှင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငှင်း ဤသို့ မဖြေဆိုခြင်း ဖြစ်၏ဟု မိန့်တော်မူ၏။

ထို့နောက် ဝစ္ဆဂေါတ္တပရိဗိုဇ်သည် နေရာမှ ထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား— အသျှင်ဂေါတမ လောကသည် မြဲသလောဟု မေးလျှောက်၏။ ဝစ္ဆ လောကသည် မြဲ၏ဟူသော ဤစကားကို ငါမဟော။ပ။ အသျှင်ဂေါတမ သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း ငါမဟော။

အသျှင်ဂေါတမ အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့ အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ငှင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငှင်း ဤသို့ ဖြေကြခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း။ အသျှင်ဂေါတမ အသျှင်ဂေါတမသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ငှင်း။ပ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငှင်း ဤသို့ မဖြေဆိုခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။

ဝစ္ဆ အယူတမျိုးရှိသူ ပရိဗိုဇ်တို့ကား မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ အတ္တ တည်းဟု ရှုကြ၏။ပ။ လျှာကို ဤလျှာသည် ငါ့ဥစ္စာဖြစ်၏၊ ဤလျှာသည် ငါဖြစ်၏၊ ဤလျှာသည် ငါ၏ အတ္တ တည်းဟု ရှုကြ၏။ပ။ စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ အတ္တ တည်းဟု ရှုကြ၏။ ထို့ကြောင့် အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့ အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ငှင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငှင်း ဤသို့ ဖြေဆိုကြခြင်းဖြစ်၏။ ဝစ္ဆ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော

တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား မျက်စိကို ဤမျက်စိသည် ငါ့ဥစ္စာမဟုတ်၊ ဤမျက်စိသည် ငါမဟုတ်၊ ဤမျက်စိသည် ငါ၏ အတ္တ မဟုတ်ဟု ရှု၏။ပ။ လျှာကို ဤလျှာသည် ငါ့ဥစ္စာမဟုတ်၊ ဤလျှာသည် ငါမဟုတ်၊ ဤလျှာသည် ငါ၏ အတ္တ မဟုတ်ဟု ရှု၏။ပ။ စိတ်ကို ဤစိတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤစိတ်သည် ငါမဟုတ်၊ ဤစိတ်သည် ငါ၏ အတ္တ မဟုတ်ဟု ရှု၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း လောကသည် အဆုံးရှိ၏ဟူ၍ရင်း လောကသည် အဆုံးမရှိဟူ၍ရင်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း အသက်သည် တခြား ကိုယ်သည် တခြားဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ရင်း ဤသို့ မဖြေဆိုခြင်းဖြစ်၏။

အသျှင်ဂေါတမ အံ့ဩဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲဖြစ်ပါပေစွ။ ဆရာနှင့်တပည့်၏ တရားဟောရာ၌ အနက်အနက်ချင်း သဒ္ဒါသဒ္ဒါချင်း တထပ်တည်း ကျလှပါ၏၊ ညီညွတ်လှပါ၏၊ မဆန့်ကျင်ပဲ ရှိလှပါ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် ယခုပင် မဟာမောဂ္ဂလာန်ရဟန်းကို ချဉ်းကပ်ပြီးလျှင် ဤအနက်ကိုမေးခဲ့ပါသည်၊ မဟာမောဂ္ဂလာန်ရဟန်းသည်လည်း ဤပုဒ်တို့ဖြင့် ဤသဒ္ဒါတို့ဖြင့် အသျှင်ဂေါတမကဲ့သို့ပင် ဤအနက်ကို ဖြေဆိုပါသည်။ အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ ဆရာနှင့်တပည့်၏ တရားဟောရာ၌ အနက်အနက်ချင်း သဒ္ဒါသဒ္ဒါချင်း တထပ်တည်း ကျလှပါ၏၊ ညီညွတ်လှပါ၏၊ မဆန့်ကျင်ပဲ ရှိလှပါ၏ ဟု (လျှောက်၏)။

သတ္တမသုတ်။

## ၈-ဝစ္ဆဂေါတ္တသုတ်

၄၁၇။ ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက် ပြောဆိုပြီး၍ တခုသောနေရာ၌ထိုင်နေလျက် ဤစကားကို ပြောဆို၏—အသျှင်ဂေါတမ လောကသည် မြဲသလော။ဝစ္ဆ လောကသည် မြဲ၏ဟူသော ဤစကားကို ငါမဟော။ပ။အသျှင်ဂေါတမ သို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း ငါမဟော။

အသျှင်ဂေါတမ အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ရင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်ဟူ၍ရင်း ဤသို့ ဖြေဆိုခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဂေါတမသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ရင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း ဤသို့ မဖြေဆိုခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။

ဝစ္ဆ အယူတမျိုးရှိသူ ပရိဗိုဇ်တို့ကား ရုပ်ကို အတ္တဟူ၍ရင်း ရုပ်ရှိသော အတ္တဟူ၍ရင်း အတ္တ၌ ရုပ်ဟူ၍ရင်း ရုပ်၌ အတ္တဟူ၍ရင်း ရှုကြကုန်၏။ ဝေဒနာကို အတ္တဟူ၍ ရှုကြကုန်၏ ။ပ။ သညာကို။

သခ်ါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ငင်း ဝိညာဏ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ ဝိညာဏ်ဟူ၍ငင်း ဝိညာဏ်၌ အတ္တဟူ၍ငင်း ရှုကြကုန်၏။ ထို့ကြောင့် အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့ အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ငင်း ။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း ဤသို့ ဖြေဆိုခြင်းဖြစ်၏။ ဝစ္ဆ ပုဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား ရုပ်ကို အတ္တဟူ၍ငင်း ရုပ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ ရုပ်ဟူ၍ငင်း ရုပ်၌ အတ္တဟူ၍ငင်း မရှု။ ဝေဒနာကို အတ္တဟူ၍ငင်း။ပ။သညာကို။ သခ်ါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ငင်း ဝိညာဏ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ ဝိညာဏ်ဟူ၍ငင်း ဝိညာဏ်၌ အတ္တဟူ၍ငင်း မရှု။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ငင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငင်း ဤသို့ မဖြေဆိုခြင်းဖြစ်၏ ဟု မိန့်တော်မူ၏။

ထို့နောက် ဝစ္ဆဂေါတ္တပရိဗိုဇ်သည် နေရာမှထ၍ အသျှင်မဟာမောဂ္ဂလာန်ထံသို့ချဉ်းကပ်ပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေလျက် အသျှင်မဟာမောဂ္ဂလာန်အား—အသျှင်မောဂ္ဂလာန် လောကသည် မြဲသလောဟု မေးလျှောက်၏၊ ဝစ္ဆ လောကသည် မြဲ၏ဟူသော ဤစကားကို မြတ်စွာဘုရားဟောတော်မမူ။ပ။ အသျှင်မောဂ္ဂလာန် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။

အသျှင်မောဂ္ဂလာန် အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ငင်း။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ငင်း ဤသို့ ဖြေဆိုကြခြင်း၏ အကြောင်းအထောက်ပံ့ကား အဘယ်ပါနည်း၊ အသျှင်မောဂ္ဂလာန် ရဟန်းဂေါတမသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ငင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း ဤသို့ မဖြေဆိုခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။

ဝစ္ဆ အယူတမျိုးရှိသူ ပရိဗိုဇ်တို့ကား ရုပ်ကို အတ္တဟူ၍ငင်း ရုပ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ ရုပ်ဟူ၍ငင်း ရုပ်၌ အတ္တဟူ၍ငင်း ရှုကြကုန်၏။ ဝေဒနာကို အတ္တဟူ၍ငင်း။ပ။ သညာကို။ သခ်ါရတို့ကို။ဝိညာဏ်ကို အတ္တဟူ၍ငင်း ဝိညာဏ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ဝိညာဏ်ဟူ၍ငင်း ဝိညာဏ်၌ အတ္တဟူ၍ငင်း ရှုကြကုန်၏။ ထို့ကြောင့် အယူတမျိုးရှိသူ ပရိဗိုဇ်တို့သည် ဤသို့ အမေးခံကြရလျှင် လောကသည် မြဲ၏ဟူ၍ငင်း ။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ငင်း ဤသို့ ဖြေဆိုကြခြင်းဖြစ်၏။ ဝစ္ဆ ပုဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား ရုပ်ကို အတ္တဟူ၍ငင်း ရုပ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ ရုပ်ဟူ၍ငင်း ရုပ်၌ အတ္တဟူ၍ငင်း ရှုတော်မမူ။ ဝေဒနာကို အတ္တဟူ၍ငင်း။ပ။သညာကို။ သခ်ါရတို့ကို။ ဝိညာဏ်ကို အတ္တဟူ၍ငင်း ဝိညာဏ်ရှိသော အတ္တဟူ၍ငင်း အတ္တ၌ ဝိညာဏ်ဟူ၍ငင်း ဝိညာဏ်၌ အတ္တဟူ၍ငင်း ရှုတော်မမူ။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ အမေးခံရလျှင် လောကသည် မြဲ၏ဟူ၍ငင်း

လောကသည် မမြဲဟူ၍ရင်း လောကသည် အဆုံးရှိ၏ဟူ၍ရင်း လောကသည် အဆုံးမရှိဟူ၍ရင်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း အသက်သည် တခြား ကိုယ်သည် တခြားဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ရင်း ဤသို့ မဖြေဆိုခြင်းဖြစ်၏ဟု မိန့်ဆို၏။

အသျှင်မောဂ္ဂလာန် အံ့ဖွယ်ရှိပါပေစွ၊ အသျှင်မောဂ္ဂလာန် မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ ဆရာနှင့် တပည့်၏ တရားဟောရာ၌ အနက်အနက်ချင်း သဒ္ဒါသဒ္ဒါချင်း တထပ်တည်း ကျလှပါ၏၊ညီညွတ်လှပါ၏၊ မဆန့်ကျင်ပဲ ရှိလှပါ၏။ အသျှင်မောဂ္ဂလာန် အကျွန်ုပ်သည် ယခုပင် ရဟန်းဂေါတမကို ချဉ်းကပ်ပြီးလျှင် ဤအနက်ကို မေးခဲ့ပါသည်၊ ရဟန်းဂေါတမသည်လည်း ဤပုဒ်တို့ဖြင့် ဤသဒ္ဒါတို့ဖြင့် အသျှင်မောဂ္ဂလာန်ကဲ့သို့ပင် ဤအနက်ကို ဖြေဆိုပါသည်၊ အသျှင်မောဂ္ဂလာန် အံ့ဖွယ်ရှိပါပေစွ၊ အသျှင်မောဂ္ဂလာန် မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ ဆရာနှင့်တပည့်၏ တရားဟောရာ၌ အနက်အနက်ချင်း သဒ္ဒါ သဒ္ဒါချင်း တထပ်တည်း ကျလှပါ၏၊ ညီညွတ်လှပါ၏၊ မဆန့်ကျင်ပဲ ရှိလှပါ၏ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

---

## ၉-ကုတူဟလသာလာသုတ်

၄၁၀။ ထိုနောက် ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဂေါတမ ယခင့်ယခင်နေ့တို့က အယူတမျိုးရှိကုန်သော သမဏဗြာဟ္မဏဖြစ်သည့် ပရိဗိုဇ်များစွာတို့သည် ငြင်းခုံဆွေးနွေးရာ ကုတူဟလစရပ်၌ စုဝေးထိုင်နေကြစဉ် ဤအကြားစကားသည် ဖြစ်ပေါ်ခဲ့ပါ၏—ဤပူရဏကဿပသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တီထွင်သူဖြစ်၏၊ သူတော်ကောင်းဟု လူအပေါင်းက သမုတ်ထားသူ ဖြစ်၏၊ ထိုပူရဏကဿပသည်လည်း ကွယ်လွန်သေပျောက်သူ တပည့်ကို ဤသူသည် ဤဘဝ၌ဖြစ်၏၊ဤသူသည် ဤဘဝ၌ဖြစ်၏ဟု ဖြစ်ရာဘဝတို့ကို ပြောကြား၏၊ မြတ်သောယောကျ်ား အမြတ်ဆုံးယောကျ်ားဖြစ်၍ အမြတ်ဆုံးသို့ ရောက်သူဖြစ်ပါလျက် ကွယ်လွန်သေပျောက်သူ ထိုပူရဏကဿပ၏ တပည့်ကိုလည်း ဤသူသည် ဤဘဝ၌ ဖြစ်၏၊ ဤသူသည် ဤဘဝ၌ဖြစ်၏ဟု ဖြစ်ရာဘဝတို့ကို ပြောကြား၏။

ဤမက္ခလိဂေါသာလသည်လည်း။ပ။ ဤနိဂဏ္ဌနာဋပုတ္တသည်လည်း။ ဤသဉ္စယဗေလဋ္ဌပုတ္တသည်လည်း။ ဤပကုဓကစ္စာနသည်လည်း။ဤအဇိတကေသကမ္ဗလသည်လည်း တပည့်အပေါင်းနှင့် ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ဂိုဏ်းဆရာလည်းဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တီထွင်သူ ဖြစ်၏၊သူတော်ကောင်းဟု လူအပေါင်းက သမုတ်ထားသူဖြစ်၏၊ ထိုအဇိတကေသကမ္ဗလသည်လည်း ကွယ်လွန်သေပျောက်သော တပည့်ကို ဤသူသည် ဤဘဝ၌ဖြစ်၏၊ ဤသူသည်

ဤဘဝ၌ဖြစ်၏ဟု ဖြစ်ရာဘဝတို့ကို ပြောကြား၏၊ မြတ်သောယောကျ်ား အမြတ်ဆုံးယောကျ်ား ဖြစ်၍ အမြတ်ဆုံးသို့ ရောက်သည်ဖြစ်ပါလျက် ကွယ်လွန်သေပျောက်သူ ထိုအဇိတကေသကမ္ဗလ၏ တပည့်ကိုလည်း ဤသူသည် ဤဘဝ၌ ဖြစ်၏၊ ဤသူသည် ဤဘဝ၌ဖြစ်၏ဟု ဖြစ်ရာဘဝကို ပြောကြား၏။

ဤရဟန်းဂေါတမသည်လည်း တပည့်အပေါင်းနှင့် ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်းဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊အယူဝါဒ တီထွင်သူ ဖြစ်၏ သူတော်ကောင်းဟု လူအပေါင်းက သမုတ်ထားသူဖြစ်၏၊ ထိုမြတ်စွာဘုရား သည်လည်း ကွယ်လွန် သေပျောက်သော တပည့်ကို ဤသူသည် ဤဘဝ၌ဖြစ်၏၊ ဤသူသည် ဤဘဝ၌ ဖြစ်၏ဟု ဖြစ်ရာဘဝတို့ကို ပြောကြား၏၊ မြတ်သောယောကျ်ား အမြတ်ဆုံးယောကျ်ားဖြစ်၍ အမြတ်ဆုံးသို့ ရောက်သည် ဖြစ်ပါလျက် ကွယ်လွန်သေပျောက်သူ ထိုမြတ်စွာဘုရား၏ တပည့်ကိုကား ဤသူသည် ဤဘဝ၌ဖြစ်၏၊ ဤသူသည် ဤဘဝ၌ဖြစ်၏ဟု ဖြစ်ရာဘဝတို့ကို ပြောကြားတော်မမူ။ စင်စစ်သော်ကား ထိုတပည့် သာဝကကို တဏှာကို ဖြတ်ပြီးပြီ၊ သံယောဇဉ်ကို ဖြတ်ပြီးပြီ၊ မာနကို ကောင်းစွာ ပယ်ပြီးသော ကြောင့် ဆင်းရဲ၏ အဆုံးကို ပြုလေပြီဟုသာ ပြောကြား၏၊ အသျှင်ဂေါတမ ရဟန်းဂေါတမ၏ တရားအထူး သိမှုသည် အဘယ်သို့ ပါနည်းဟု အကျွန်ုပ်အား တွေးဘောယုံမှား ဖြစ်မိပါ၏ဟု လျှောက်၏။

ဝစ္ဆ သင်သည် တွေးတောခြင်းငှါ သင့်သည်သာတည်း၊ ယုံမှားခြင်းငှါ သင့်သည်သာတည်း၊ သင့်အား တွေးဘောသင့်သော အရာ၌ ယုံမှားမှုဖြစ်ပေ၏၊ ဝစ္ဆ ငါသည် စွဲလမ်းမှုရှိသူအား တဖန် ဘဝသစ်ဖြစ်ခြင်းကို ပညတ်၏၊ စွဲလမ်းမှု မရှိသူအား မပညတ်၊ ဝစ္ဆ ဥပမာသော်ကား မီးသည် လောင်စာရှိသော် တောက်လောင်၏၊ လောင်စာမရှိသော် မတောက်လောင်၊ ဝစ္ဆ ဤအတူပင် ငါသည် စွဲလမ်းမှု ရှိသူအား တဖန် ဘဝသစ်ဖြစ်ခြင်းကို ပညတ်၏၊စွဲလမ်းမှု မရှိသူအား မပညတ်ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ မီးလျှံသည် လေလွင့်သဖြင့် အဝေးသို့ ရောက်သောအခါ ဤမီးကား အဘယ် လောင်စာရှိသည်ဟု အသျှင်ဂေါတမ ပညတ်ပါသနည်း။ ဝစ္ဆ မီးလျှံသည် လေလွင့်သဖြင့် အဝေးသို့ ရောက်သောအခါ၌ ထိုမီးကို လေဟူသော လောင်စာရှိသည်ဟု ငါပညတ်၏၊ ဝစ္ဆ မှန်၏၊ ထိုအခါ၌ လေသည် ထိုမီး၏ လောင်စာဖြစ်၏၊ အသျှင်ဂေါတမ ဤကိုယ်ကို ပစ်ချ၍ သတ္တဝါ သည် တပါးသော ကိုယ်သို့လည်း မကပ်ရောက်သော အခါ၌ သတ္တဝါအား အဘယ် စွဲလမ်းမှု ရှိသည်ဟု အသျှင်ဂေါတမ ပညတ်ပါသနည်း၊ ဝစ္ဆ ဤကိုယ်ကို ပစ်ချ၍ သတ္တဝါသည် တပါးသော ကိုယ်သို့လည်း မကပ်ရောက်သောအခါ၌ ထိုသတ္တဝါသည် တဏှာဟူသော စွဲလမ်းမှုရှိ၏ဟု ငါဆို၏၊ ဝစ္ဆ မှန်၏၊ ထိုအခါ၌ တဏှာသည် ထိုသတ္တဝါ၏ စွဲလမ်းမှုဖြစ်၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာနန္ဒသုတ်

၄၁၉။ ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာ ဘုရားအား—"အသျှင်ဂေါတမ အတ္တဟူ၍ ရှိပါသလော" ဟု ပြောဆို၏၊ ဤသို့ပြောလျှင် မြတ်စွာ

ဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏၊ အသျှင်ဂေါတမ အတ္တဟူ၍ မရှိသလော ဒုတိယအကြိမ်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏၊ ထို့နောက် ဝစ္ဆဂေါတ္တပရိဗိုဇ်သည် နေရာမှ ထလျက် ဖဲသွားလေ၏၊ ထို့နောက် အသျှင်အာနန္ဒာသည် ဝစ္ဆဂေါတ္တ ဖဲသွား၍ မကြာမီ မြတ်စွာဘုရား အား—အသျှင်ဘုရား ဝစ္ဆဂေါတ္တပရိဗိုဇ် ပြဿနာမေးအပ်ပါလျက် အဘယ်ကြောင့် မြတ်စွာဘုရား ဖြေတော်မမူပါသနည်းဟု လျှောက်၏။ အာနန္ဒာ ငါသည် အတ္တဟူ၍ ရှိသလောဟု ဝစ္ဆဂေါတ္တ ပရိဗိုဇ်အမေးခံရသည်ဖြစ်၍ အတ္တဟူ၍ ရှိ၏ဟု ဖြေဆိုငြားအံ့၊ အာနန္ဒာ ထိုအဖြေသည် သဿတဝါဒ အယူရှိကြသော သမဏဗြာဟ္မဏနှင့် အတူဖြစ်ရာ၏၊ အာနန္ဒာ ငါသည် အတ္တဟူ၍ မရှိသလောဟု ဝစ္ဆဂေါတ္တပရိဗိုဇ် အမေးခံရသည်ဖြစ်၍ အတ္တဟူ၍ မရှိဟု ဖြေဆိုငြားအံ့၊ အာနန္ဒာ ထိုအဖြေသည် ဥစ္ဆေဒဝါဒအယူရှိကြသော သမဏ ဗြာဟ္မဏတို့နှင့်အတူဖြစ်ရာ၏၊ အာနန္ဒာ ငါသည် အတ္တဟူ၍ရှိသ လောဟု ဝစ္ဆဂေါတ္တပရိဗိုဇ် အမေးခံရသည်ဖြစ်၍ အတ္တဟူ၍ရှိ၏ဟု ဖြေငြားအံ့၊အာနန္ဒာ ဤအဖြေ သည် ခပ်သိမ်းသော တရားတို့သည် အနတ္တတို့တည်းဟု အသိဉာဏ်ဖြစ်ပေါ်ခြင်းငှါ လျော်နိုင်ရာ သလော။မလျော်နိုင်ပါ အသျှင်ဘုရား။အာနန္ဒာ ငါသည် အတ္တဟူ၍ မရှိသလောဟု ဝစ္ဆဂေါတ္တပရိဗိုဇ် အမေးခံရသည်ဖြစ်၍ အတ္တဟူ၍ မရှိဟု ဖြေဆိုငြားအံ့၊အာနန္ဒာ တွေဝေနေသော ဝစ္ဆဂေါတ္တပရိဗိုဇ် အား ငါ့အား ရှေးက အတ္တဟူ၍ ရှိခဲ့လေယောင်တကား၊ ထိုအတ္တသည် ယခု မရှိတော့ဟု အလွန် တွေဝေခြင်းငှါ ဖြစ်ရာ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-သဘိယကစ္စာနသုတ်

၄၂၀။ အခါတပါး၌ အသျှင်သဘိယကစ္စာနသည် ဉာတိကရွာ အုတ်ကျောင်း၌(သိတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် အသျှင်သဘိယကစ္စာနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သဘိယကစ္စာနနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်နေလျက် အသျှင်သဘိယကစ္စာနအား—"အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သလော"ဟု ပြောဆို၏၊ ဝစ္ဆ သတ္တဝါသည် သေသည်နောက်၌ ဖြစ်၏ဟူသော ဤ စကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ၊ အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ် ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။ အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူသော ဤ စကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ။

အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သလောဟု ဤသို့ မေးလျှင် ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ ဟု ဆို၏၊ အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလောဟု ဤသို့ မေးလျှင် ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော် မမူဟု ဆို၏၊ အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်

သလောဟု ဤသို့မေးလျှင် ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူဟု ဆို၏၊ အသျှင်ကစ္စာန သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလောဟု ဤသို့ မေးလျှင် ဝစ္ဆ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မမူ ဟု ဆို၏။ အသျှင်ကစ္စာန ဤစကားကို ရဟန်းဂေါတမ မဟောခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း ဟု မေးလျှောက်၏။ ဝစ္ဆ ရုပ်ရှိ၏ဟူ၍သော်၎င်း ရုပ်မရှိဟူ၍သော်၎င်း သညာရှိ၏ဟူ၍သော်၎င်း သညာမရှိဟူ၍သော်၎င်း သညာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ဟူ၍သော်၎င်း ပညတ်လျှင် ပညတ်နိုင်ရာသော အကြောင်းအထောက်အပံ့သည် လုံးဝဥဿုံအကြွင်းမဲ့ ချုပ်ငြိမ်းခဲ့ပါလျှင် အဘယ်အကြောင်းဖြင့် ထိုသတ္တဝါကို ပညတ်လိုသော် ရုပ်ရှိ၏ဟူ၍သော်၎င်း ရုပ်မရှိဟူ၍သော်၎င်း သညာရှိ၏ဟူ၍သော်၎င်း သညာမရှိဟူ၍သော်၎င်း သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူ၍သော်၎င်း ပညတ်ရာသလောဟု မိန့်ဆို၏။ အသျှင်ကစ္စာန ရဟန်းပြုသည်မှာ အဘယ်မျှ ကြာပြီနည်း။ ငါ့သျှင် မကြာသေး၊ သုံးနှစ်မျှသာ ရှိသေး၏။ ငါ့သျှင် ဤမျှလောက်သော အချိန်ကလေးဖြင့် ဤမျှသော ဤတရားစကားသည် များပြားသည်သာ ဖြစ်ရာ၏။ ဤထက် အလွန်ရှိသော တရားစကား၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း ဟု (လျှောက်၏)။

ကောဒသမသုတ်။

**အဗျာကတသံယုတ် ပြီး၏။**

# သဠာယတနဝဂ္ဂသံယုတ် ပြီး၏။

# သံယုတ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ အ ]

| | |
|---|---|
| အကျင့်မြတ်ကို ကျင့်သုံးရခြင်း၏ အကျိုး | ၃၄၄ |
| အစေလကဿပ | ၄၈၃ |
| အစေးထွက်သော ဥပမာ | ၃၆၅ |
| အဆိပ်ပြင်းသော မြွေကြီးလေးကောင် | ၃၇၇ |
| အဇ္ဈတ္တ၌ ချမ်းသာဆင်းရဲဖြစ်ကြောင်း တရားများ | ၂၉၉ |
| အညှင်းဆဲခံ တရားများ | ၂၅၀ |
| အတ္တကို အမျိုးမျိုးရှုပုံ | ၃၇ |
| အတ္တရှိသလော ဟူသော အမေးကို ဖြေဆိုခြင်း | ၅၅၄ |
| အတွင်းအပြင် မမြဲခြင်းစသော တရားများ | ၃၃၈ |
| အတွင်းအပြင် နှစ်သက်မှု ကုန်ခန်းခြင်းများ | ၃၄၈ |
| အတွင်းနေ (အဇ္ဈတ္တိကသိက) တပည့်သဖွယ် ဆရာသဖွယ်တရားများ | ၃၃၃ |
| အတွင်းသူလျို | ၃၇၇ |
| အနုပ်တော | ၁၈၇ |
| အနတ္တလက္ခဏာသုတ္တန်ဒေသနာ | ၅၃ |
| အနိစ္စစသည်ဖြင့် ရာဂအားလုံး ကုန်နိုင်ခြင်း | ၁၁၇ |
| အနိစ္စစသည်၌ လိုချင်မှုကို ပယ်ပုံ | ၆၀ |
| အနုရာဓ၊အသျှင် | ၈၉၊၅၄၁ |
| အနှစ်သုံးဆယ် အစေလကပြုလုပ်ရကျိုး | ၄၈၃ |
| အနှိပ်စက်ခံ တရားများ | ၂၄၄ |
| အနှောင်အဖွဲ့ခံရသူ | ၁၂၅ |
| အမျိုးပျက်ကြောင်းရှစ်မျိုး | ၅၀၀ |
| အမျိုးအစားကို လိုက်၍ မြတ်စွာဘုရား တရားဟောပုံ | ၄၉၄ |

[ အ ]

| | |
|---|---|
| အယုဇ္ဈမြို့ | ၁၀၇ |
| အယူများတို့ကို ဖြစ်စေသော တရားများ | ၁၆၄ |
| အရဟတ္တဖိုလ်ကို ပြောကြားရသော အကြောင်းမှန်များ | ၃၄၅ |
| အဝန္တိတိုင်း | ၈၊၃၂၆ |
| အဝိဇ္ဇာ | ၁၂၃ |
| အဝိဇ္ဇာနှင့် ဝိဇ္ဇာ | ၁၃၀ |
| အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဖြစ်ပေါ်နိုင်သော တရား | ၂၆၉ |
| အသင်္ခတတရားနှင့် အသင်္ခတသို့ ရောက်ကြောင်းလမ်းစဉ် | ၅၂၇ |
| အသဇိ၊အသျှင် | ၉၆ |
| အသိဗန္ဓကပုတ္တ ရွာသူကြီး | ၄၉၂ |

[ အာ ]

| | |
|---|---|
| အာဇာနည်မြင်းကသော ရထား ဥပမာ | ၃၇၉ |
| အာနန္ဒာ၊အသျှင် | ၈၁ |
| အာနန္ဒာမထေရ် ဖြေဆိုပုံ | ၃၀ |
| အာယတနခြောက်မျိုးကို အမျိုးမျိုး ဟောပုံ | ၂၂၇ |
| အာသဝေါကုန်သူအား သေပြီးလျှင် ပြတ်၏ဟူသော အယူရှင်းလင်းချက် | ၈၄ |

[ ဣ ]

| | |
|---|---|
| ဣန္ဒြေနှင့် ပြည့်စုံသူ ဟူသည် | ၃၄၇ |
| ဣသိဒတ္တ၊အသျှင် | ၄၇၁ |
| ဣသိပတနမိဂဒါဝုန်တော | ၅၃ |

[ ဥ ]

| | |
|---|---|
| ဥက္ကလဇနပုဒ် | ၅၈ |

အက္ခရာစဉ် — စာမျက်နှာ

[ ဥ ]

ဥက္ကစေလာမြို့ ၄၅၁
ဥဂ္ဂသူကြွယ် ၃၂၀
ဥတ္တရနိဂုံး ၅၁၃
ဥဒက၊ရာမ၏ သား ၂၉၇
ဥဒါယီ(အသျှင်)နှင့် လက်သမားဆရာကြီး ငြင်းခုံမှု ၄၁၇
ဥပဝါဏ၊အသျှင် ၂၆၀
ဥပသေနမထေရ် မြွေဆိုးကိုက်ခံရပုံ ၂၅၉
ဥပသေန၊အသျှင် ၂၅၉
ဥပါဒါန်ဟူသည် ၃၀၃
ဥပါဒါနက္ခန္ဓာငါးမျိုးကို လေးပြန်အားဖြင့် သိပုံ ၄၆
ဥပါဒါနက္ခန္ဓာငါးမျိုး ၂၃
ဥပါဒါနက္ခန္ဓာငါးမျိုးတို့၏ အမြစ်အရင်း ၇၀
ဥရုဝေလကပ္ပနိဂုံး ၅၀၃

[ က ]

ကပ္ပ၊အသျှင် ၁၂၉
ကပိလဝတ်ပြည် ၇၂
ကာမဂုဏ်တရားတို့ကို သတိဖြင့် စောင့်ရှောက်သင့်ပုံ ၃၁၀
ကာမဏ္ဍမြို့ ၃၃၁
ကာမဘူ၊အသျှင် ၃၇၁၊၄၇၅
ကာလ မခြားပဲ အာသဝေါ ကုန်ခန်းစေသော သိမြင်မှု ၇၅
ကိလေသာရှိသော ပီတိစသည်နှင့် မရှိသော ပီတိစသည် ၄၂၀
ကိလေသာ စိုစွတ်သူနှင့် မစိုစွတ်သူ ၃၀၄
ကုတူဟလစရပ် ၅၅၃
ကုလဃရမြို့ ၈
ကုလဃရရွာ ၃၂၆
ကုသဝတီနေပြည်တော်၏ ကြီးကျယ်ပုံ ဒေသနာ ၁၁၀
ကောလိယမြို့ ၅၁၃

[ က ]

ကောသမ္ဗီပြည် ၃၇၁
ကောသလမင်းကြီးအား ခေမာဘိက္ခုနီမ တရားဟောပုံ ၅၃၇
ကံအသစ်အဟောင်းနှင့်ချုပ်ရာ အကျင့်များ ၃၄၀
ကပ်ရောက်သူနှင့် မကပ်ရောက်သူ ၄၂
ကပ်ငြိမှုကို ဖြစ်စေသောတရား ၁၄၆
ကိန်းဝပ်သောတရားဖြင့် ပညတ်တော်မူပုံ ၂၈
ကောင်းကင်၌ လေအမျိုးမျိုးတိုက်ခတ်ပုံ ၄၁၂
ကိုယ်တိုင်သိမြင်နိုင်သောတရား ၂၆၀
ကိုယ်ပိုင်ဥစ္စာမဟုတ်သောတရားများ ၂၇
ကြက်ဥပမာ တရားဒေသနာ ၁၁၆

[ ခ ]

ခန္ဓာကိုယ်ကို ရထားဥပမာဖြင့်တင်ပြပုံ ၄၇၆
ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၃၈
ခန္ဓာဝန်ဆိုင်ရာ တရားဒေသနာ ၂၁
ခုနစ်ဌာနတို့၌ လိမ္မာ၍သုံးမျိုးအားဖြင့် ရှုသောရဟန်း ၄၉
ခေမက၊ အသျှင် ၉၈
ခေမာ ရဟန်းမ ၅၃၇
ခြသေ့်သံနှင့် မြတ်စွာဘုရားတရားတော် ၆၇
ချမ်းသာဆင်းရဲကို ဖန်တီးသော တရားများ ၁၄၀
ခွေးချည်ကြိုးဥပမာ တရားဒေသနာ ၁၁၃

[ ဂ ]

ဂင်္ဂါရေအယဉ်၌ မျောလာသော သစ်တုံးကြီးဥပမာ ၃၈၂
ဂန္ဓဗ္ဗနတ်မျိုးများ ၂၀၁
ဂယာသီသအရပ် ၂၄၂
ဂဠုန်လေးမျိုး ၁၉၈
ဂိဇ္ဈကုဋ်တောင် ၂၇၄
ဂိလာနရဟန်းထံသို့ မြတ်စွာဘုရားကြွ၍ တရားဟောခြင်း ၂၆၄
ဂေါဒတ္တ၊အသျှင် ၄၇၉

အက္ခရာစဉ် စာမျက်နှာ

[ ဃ ]

ဃောသိတာရုံကျောင်း ၃၄၊၃၃၁
ဃောသိတသူကြွယ် ၃၂၅

[ င ]

ငါးမျှားချိတ်ဥပမာ တရားဒေသနာ ၃၆၃

[ စ ]

စဏ္ဍာလ္လသူကြီး ၄၀၃
စန္ဒန နတ်သား ၄၆၀
စိတ္တသူကြွယ် ၄၃၀
စိတ္တသူကြွယ် မကျန်းမာခြင်းနှင့်
ကွယ်လွန်ခြင်း ၄၀၄
စိရဝါသိသူငယ် ၅၀၄
စုန္ဒ၊အသျှင် ၂၃၄
စစ်သည်သူရဲတို့၏ အနာဂတ်ဘဝ ၄၀၉
စိတ်၏ညစ်ညူးမှု တရားများ ၁၀၄
စောင့်စည်းမှုနှင့် မစောင့်စည်းမှု ၂၆၃
စောင်းဥပမာ တရားဒေသနာ ၃၆၄
စွဲလမ်းအပ်သောတရားနှင့် စွဲလမ်းမှု
ဥပါဒါန် ၁၂၆
စွဲမက်မှု၌ လိုချင်မှုကို ပယ်ပုံ ၆၃
စွဲမက်နှစ်သက်မှုကုန်ရာ တရားဒေသနာ ၄၁

[ ဆ ]

ဆန္န၊အသျှင် ၁၀၁
ဆန္နမထေရ် မိမိကိုယ်ကို လုပ်ကြံခြင်း ၂၃၄
ဆုတောင်းရုံမျှဖြင့် ကောင်းရာသုဂတိသို့
ရောက် မရောက် ၄၆၂
ဆူးတောဥပမာ သာသနာ ၃၀၉
ဆင်စီးသူရဲကြီး ၄၆၀
ဆင်းရဲဖြစ်ခြင်းနှင့် ချုပ်ခြင်း ၂၉၉
ဆင်းရဲစ၍ဖြစ်မှု, ရောဂါတို့၏တည်တံ့မှု,
အိုခြင်း သေခြင်း၏ထင်ရှား
ဖြစ်ပေါ်မှုများ ၁၀၁
ဆင်းရဲခြင်း၏အရင်းမူလ ၂၆

အက္ခရာစဉ် စာမျက်နှာ

[ ဇ ]

ဇာတ်သမားတို့၏ အနာဂတ်ဘဝ ၄၀၀
ဇမ္ဗုခါဒကပရိဗိုဇ်နှင့် အသျှင်သာရိပုတြာ ၄၄၃

[ ဈ ]

ဈာန်ရသူလေးမျိုး ၂၁၅

[ ည ]

ညစ်ညူးကြောင်းတရားများ ၅၅
ငြောင့်စူးသော ယောကျ်ား ၄၀၄

[ တ ]

တက္ကတွန်းများနှင့် စိတ္တသူကြွယ် ၄၀၁
တဏှာအာသဝေါနှင့် တဏှာအာသဝေါ
ကင်းကြောင်းလမ်း ၅၃၄
တဏှာကုန်သူတို့ အပြီးအဆုံးသို့ရောက်ပုံ
ဒေသနာ ၁၁
တဏှာသည် အိုင်းအမာစသည်နှင့် တူပုံ ၂၀၁
တယောက်တည်း ကိန်းအောင်းရကျိုး ၂၉၅
တယောက်တည်းနေသူ ၂၅၅
တာလပုဋဇာတ်ဆရာကြီး ၄၀၀
တိဿ၊ အသျှင် ၀၂
တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ် ၃၃၁
တောရဏအရပ် ၅၃၃
တည်းခိုနေထိုင်ရာ အဆောက်အဦ ၄၁၃
တန်ကျ ချုံမဏ္ဍပ် ၅
တိုင်းတပါးသို့ ကြွသွားမည့် ရဟန်းတို့
သင်ကြားအပ်သောတရားများ ၅
တောင်ကျမြစ်ဥပမာ တရားဒေသနာ ၁၀၅
တောင့်တခြင်းနှင့် မတောင့်တခြင်း ၁၃

[ ထ ]

ထမင်းတောင်း၍ အသက်မွေးမှုနှင့်
ပတ်သက်၍ တရားဟောခြင်း ၃၂

အက္ခရာစဉ် စာမျက်နှာ

[ ဒ ]

ဒါသက၊ အသျှင် ၉၈
ဒေဝဒဟနိဂုံး ၅

[ ဓ ]

ဓမ္မကထိကပုဂ္ဂိုလ်ဟူသည် ၁၂၄၊၃၄၈

[ န ]

နကုလပိတာသူကြွယ် ၁၊၃၂၇
နဂါးလေးမျိုး ၁၉၂
နန္ဒနွားကျောင်းသား ၃၈၃
နာဠပုတ္တ-က မြတ်စွာဘုရားအား
ဝါဒတင်ခြင်း ၅၀၀
နာဠပုတ္တ၏တရားကို မြတ်စွာဘုရား
ဝေဖန်ပုံ ၄၉၆
နာဠန္ဒရွာ ၃၂၂
နာဠန္ဒမြို့ ၄၉၂
နိဂဏ္ဌနာဠပုတ္တ တက္ကတွန်း ၄၈၁
နိဂြောဓာရုံကျောင်း ၇၂၊၃၈၄
နိဗ္ဗာန်အားလျော်ကပ်သော
အကျင့်တရားများ ၃၄၁
နတ်နှင့် အသုရာစစ်ပွဲ ၃၉၉
နွားနှစ်ကောင်ကို ကြိုးတချောင်း
တည်းဖြင့် ချည်ထားပုံ ဥပမာ ၃၆၉
နွားချေးခြောက်နှင့် နှိုင်း၍ဟောပုံ ၁၁၀
နှင်ထုတ်သင့်သော မာတုဂါမနှင့် မနှင်
ထုတ်သင့်သော မာတုဂါမ ၄၄၀
နှစ်ခုတွဲ အစုတရားများ ၂၈၃

[ ပ ]

ပဉ္စကင်္ဂလက်သမားဆရာကြီး ၄၁၇
ပဉ္စသိခနတ်သား၏ ကိလေသာ
ငြိမ်းအေးမှုဆိုင်ရာပြဿနာ ၃၁၅
ပဉ္စဝဂ္ဂီရဟန်းများ ၅၃
ပစ္စုပ္ပန် တည့်တည့်တရား ၅၀၃
ပစ္ဆာဘူမ ဇနပုဒ် ၅
ပစ္ဆာဘူမနေ ပုဏ္ဏားတို့၏အံ့တတ် ၄၉၂
ပညာဝိမုတ္တရဟန်း ၅၂
ပပါတတောင် ၃၂၆
ပရဇိတငရဲ ၄၉၀
ပရိဗိုဇ်တို့အားမြတ်စွာဘုရား ဖြေဆိုခြင်းနှင့်
မဖြေဆိုခြင်းအကြောင်း ၅၄၉
ပဟာသငရဲ ၄၈၈
ပါလိလေယျကတော ၇၅
ပါဝါရိကသူဌေး၏ သရက်
ဥယျာဉ်ကျောင်း ၃၂၂၊၄၉၂
ပိဏ္ဍောလဘာရဒွါဇ၊ အသျှင် ၃၂၂
ပုဏ္ဏ၊ အသျှင် ၂၇၇
ပုဏ္ဏားတို့၏ ရှေးနှင့် ယခုကွာခြားပုံ ၃၂၈
ပုဗ္ဗာရုံကျောင်း ၇၈
ပူရဏကဿပ၊ တိတ္ထိဆရာကြီး ၅၅
ပေါက်ပင်ဥပမာ တရားဒေသနာ ၃၉၁
ပိုင်းခြားသိသင့်သောတရားများ ၂၁၊၁၂၁
ပယ်ခွါရန် သင့်လျော်သောအကျင့် ၂၄၄
ပယ်သင့် ပယ်ထိုက်သောတရားများ ၂၂
ပျက်စီးခြင်း မပျက်စီးခြင်းတရားများ ၂၆
ပြာသာဒ်ဆောင်ပေါက်သောကျောင်း ၅၅
ပြာပူနှင့်တူသော ခန္ဓာငါးပါး ၁၃၆
ပြင်းထန်စွာကျင့်သူတို့အား ဘုရား
ကဲ့ရဲ့ငုပ်စွဲသည် ဟူသောစကား ၅၀၅
ပြောင်ပြောင်တောက်လောင်သော
တရားများ ၅၆၊၂၄၂

[ ဖ ]

ဖဂ္ဂုန၊ အသျှင် ၂၇၁
ဖဿာယတနခြောက်မျိုး၌ ကျင့်သုံးရန် ၂၈၅

[ ဗ ]

ဗဒရိကာရုံကျောင်း ၉၈
ဗာဟိယ၊ အသျှင် ၂၈၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဘ ] | |
| ဘဂ္ဂတိုင်း | ၁၊ ၃၂၇ |
| ဘညာ၊ ဥက္ကလဇနပုဒ်သား | ၅၈ |
| ဘထွေးတော်သား အသျှင်တိဿအား မြတ်စွာဘုရားဟောသောတရား | ၈၂ |
| ဘဒြကရွာသူကြီး | ၅၀၃ |
| ဘဝနှောင်ကြိုးချုပ်ငြိမ်းရာတရား | ၁၄၇ |
| ဘုရားလောင်းအကြံဖြစ်ပုံ | ၂၃၂ |
| ဘေသကဠာတော | ၁၊ ၃၂၇ |
| [ မ ] | |
| မက္ကရကတမြို့ | ၃၂၈ |
| မကောင်းမှုဟူသည် မရှိဟူသော အယူကိုဖြစ်စေသောတရား | ၁၆၂ |
| မစ္ဆိကာသဏ္ဍာအရပ် | ၄၆၉ |
| မဏ္ဍိကရွာသူကြီး | ၅၀၂ |
| မန္တာဏီပုဏ္ဏေးမ၏သား အသျှင်ပုဏ္ဏ | ၈၁ |
| မမြဲဟု ရှုသဖြင့် ရဟန္တာဖြစ်နိုင်ပုံ | ၆၅ |
| မလ္လတိုင်း | ၅၀၃ |
| မဟာကမထေရ် တန်ခိုးပြပုံ | ၄၇၅ |
| မဟာကစ္စည်း၊ အသျှင် | ၈၊ ၃၂၆ |
| မဟာကောဋ္ဌိက၊ အသျှင် | ၁၂၇ |
| မဟာမောဂ္ဂလာန်၊ အသျှင် | ၅၄၉ |
| မဟာမောဂ္ဂလာန် ဘုရားကိုယ်စား တရားဟောပုံ | ၃၀၄ |
| မဟာမောဂ္ဂလာန် ဟောသောတရားများ | ၄၅၂ |
| မဟာလိ လိစ္ဆဝီ | ၅၅ |
| မဟာဝုန်တော | ၅၅ |
| မာတုဂါမ အမျိုးမျိုး | ၄၂၈ |
| မာတုဂါမတို့၏ အားငါးပါး | ၄၃၈ |
| မာတုဂါမ၏ ကြီးပွါးကြောင်းတရား | ၄၄၂ |
| မာတုဂါမတို့ ရနိုင်ခဲသောဌာနများနှင့် လွယ်ကူသော ဌာနများ | ၄၄၁ |
| မာတုဂါမ၏ လင်ကိုနိုင်ကြောင်း အစွမ်းငါးခု | ၄၃၉ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မာတုဂါမကို လွှမ်းမိုးနိုင်သော ယောကျ်ား၏ အားတခု | ၄၃၉ |
| မာတုဂါမတို့အား နှတ်ပြည်သို့ပို့သော တရားများ | ၄၃၇ |
| မာတုဂါမတို့၏ သီးခြား(အာဝေဏိက) ဒုက္ခ | ၄၃၃ |
| မာတုဂါမတို့အား တွေ့မြင်နေကြရသော ရဟန်းတို့ ကျင့်သုံးဖွယ်ရာ | ၃၂၂ |
| မာနဖြစ်ပေါ်စေသော တရားများ | ၃၀၂ |
| မာယာအတတ်ကို မြတ်စွာဘုရား တတ်သည်ဟူသော စကား ရှင်းလင်းချက် | ၅၁၃ |
| မာလုကျပုတ္တ၊ အသျှင် | ၂၈၆ |
| မိဂဇာလ၊ အသျှင် | ၂၅၅ |
| မိဂါရမာတာဝိသာခါ၏ ပြာသာဒ်ကျောင်း | ၇၈ |
| မိမိကိုယ်ကို ပညာရှိထင်သူ | ၂၉၇ |
| မိမိကိုယ်သာ မှီခိုရာ | ၃၄ |
| မီးကျီးတွင်းဥပမာ ကာမဂုဏ်တရား | ၃၈၈ |
| မုယောကောက်လှိုင်း | ၃၉၈ |
| မေ့မေ့လျော့လျော့ နေတတ်သူနှင့် မမေ့မလျော့ နေတတ်သူ | ၂၉၂ |
| မောဠိယ သီဝက ပရိဗိုဇ် | ၄၂၃ |
| မာရ်၏ကျောကွင်းကို လည်၌ စွပ်ထားရသူများ | ၃၀၅ |
| မာရ်ဟူသော ပညတ် | ၂၅၈ |
| မာရ်၏အနှောင်အဖွဲ့နှင့် လွတ်မြောက်မှုတရား | ၅၈ |
| မြင်းစီးသူရဲကြီး | ၄၉၀ |
| မြတ်စွာဘုရားကျူးရင့်သော ဥဒါန်း | ၄၄ |
| မြတ်စွာဘုရားသည် လောကနှင့် မငြင်းခုံ | ၁၀၅ |
| မျိုးစေ့ ငါးမျိုး | ၄၃ |
| မြို့ရိုး တုရိဏ်တိုင် | ၃၉၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ယ ]** | |
| ယမကမည်သော ရဟန်း | ၈၄ |
| ယာယီအိမ် ရှိ-မရှိစသော ပြဿနာကို ရှင်းလင်းချက် | ၈ |
| ယောဂကုန်စေသူ၏ အကြောင်း တရားများ | ၂၉၈ |
| ယောကျ်ားကို နှစ်သက်စေနိုင်သော မာတုဂါမနှင့် မနှစ်သက်စေ နိုင်သော မာတုဂါမ | ၄၃၂ |
| ယောဓာဇီဝ စစ်ဗိုလ်မှူးကြီး | ၄၈၉ |
| ယုတ်လျော့မှု မယုတ်လျော့မှုနှင့် လွှမ်းမိုး ကြောင်း တရားများ | ၂၉၁ |
| **[ ရ ]** | |
| ရဟန်းဘောင်မှ လူထွက်ခြင်းနှင့် မထွက် ခြင်း၏ အကြောင်းများ | ၃၁၆ |
| ရဟန်းတို့အား ရွှေငွေအပ်လျှင် ကာမဂုဏ် ပါ အပ်သည်ဟု ဖြေကြားပုံ | ၅၀၂ |
| ရာဓ၊ အသျှင် | ၆၁၊ ၁၄၆၊ ၂၉၇ |
| ရာသိယ ရွာသူကြီး | ၅၀၅ |
| ရာဟုလာ(အသျှင်)ရဟန္တာဖြစ်ပုံ | ၃၁၇ |
| ရာဟုလာ၊ အသျှင် | ၁၀၄ |
| ရေမြှုပ်စသည်နှင့်တူသော ခန္ဓာငါးပါး | ၁၀၇ |
| ရဲရဲညိုသောသံချောင်းဖြင့် မျက်စိစသည် ကို ထိုးဖောက်ခြင်း | ၃၇၃ |
| ရုပ်၌ မွေ့လျော်ပျော်ပိုက်သူအား ဖြစ်လေ့ရှိသောအယူ | ၅၄၇ |
| ရုပ်စသည်တို့၏ ဖြစ်ပုံချုပ်ပုံ | ၁၁ |
| ရုပ်စသည်တို့၏ မမြဲပုံ | ၁၆ |
| ရုပ်စသည်ကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်သည် မည်ပုံ | ၂၅ |
| ရုပ်စသည်တို့၏ဆင်းရဲကို ဖန်တီးနေပုံများ | ၂၆ |
| ရုပ်စသည်ဖြင့် မိမိကိုယ်ကို အမြတ်ဆုံးဟု ရှုသူ | ၃၉ |
| ရုပ်စသည်၏ အဓိပ္ပါယ်နှင့် ၎င်းတို့၏ ကိုက်ခဲပုံများ | ၆၈ |
| ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစား ရ၏ဟူသည် မှန်-မမှန် | ၄၂၃ |
| **[ လ ]** | |
| လူအိုတို့ မှတ်သားရန် မြတ်စွာဘုရား ဆုံးမတော်မူပုံ | ၁ |
| လူသူဆိတ်သဉ်း ရွာဆိုးကုန်း | ၃၇၇ |
| လေမတိုက် မြစ်ရေမစီးစသော အယူကို ဖြစ်စေသော တရား | ၁၅၇ |
| လောက | ၂၅၉၊ ၂၇၁ |
| လောကဖြစ်ခြင်းနှင့် ချုပ်ခြင်း | ၃၀၀ |
| လောက၏အဆုံးကို သွား၍ ရောက် မရောက် ပြဿနာ | ၃၀၇ |
| လောကသည် မြဲ၏စသောအယူကို ဖြစ်စေသော တရားများ | ၁၆၆ |
| လောကဆိတ်သုဉ်းကြောင်းတရား | ၂၇၃ |
| လောကုတ္တရာအားလျော်စွာ ကျင့်သော ရဟန်း၏တရားစဉ် | ၃၃ |
| လောဟိစ္စပုဏ္ဏား | ၃၂၈ |
| လက်စွမ်းပြပန်းချီကား | ၁၁၅ |
| လက်သည်းဖျားရှိမြေမှုန့်နှင့်နှိုင်း၍ဟောပုံ | ၁၁၁ |
| လည်းလျှောင်းပုန်းအောင်းရာ | ၅၁၆ |
| လိပ်နှင့်မြေခွေးတွေ့ဆုံခြင်း ဥပမာဒေသနာ | ၃၈၁ |
| လယ်မြေသုံးစား ရေအိုးသုံးမျိုး ဥပမာ | ၄၉၄ |
| **[ ဝ ]** | |
| ဝက္ကလိ၊ အသျှင် | ၉၂ |
| ဝစ္ဆဂေါတ္တပရိဗိုဇ် | ၂၀၉၊ ၅၅၁ |
| ဝလာဟကနတ်မျိုးများ | ၂၀၅ |
| ဝသဝတ္တိနတ်သား | ၄၆၈ |
| ဝဿ၊ ဥက္ကလဇနပုဒ်သား | ၅၈ |
| ဝေဒနာသုံးမျိုး | ၄၀၂ |
| ဝေဒနာတရားရှစ်ပါး | ၄၂၄ |
| ဝေဒနာမှန်သမျှ ဒုက္ခချည်းဖြစ်ပုံ | ၄၁၁ |

အက္ခရာစဉ် — စာမျက်နှာ

[ ဝ ]

ဝေဒနာတို့၏ ဖြစ်ချုပ်စသည် ရှင်းလင်းချက် ၄၁၄
ဝေရဟစ္စာနိအနွယ် ပုဏ္ဏေးမ ၃၃၁
ဝဲညြဿဒ္ဒ ထောက်တည်ရာ မရသူနှင့်ရသူ ၄၀၃
ဝေ့းပင်တော ၄၆၉

[သ]

သက္ကတိုင်း ၃၃၃
သက္ကာယဒိဋ္ဌိဖြစ်ပုံ ၄၇၃
သက္ကာယကို ဖြစ်စေသောတရားများ ၁၄၂
သက္ကာယနှင့်ဆိုင်သော အဖွဲ့အစုများ ၁၁၉
သက္ကာယဖြစ်ခြင်းချုပ်ခြင်း အကျင့်တရား ၃၅
သတ္တဝါတို့၏ ရှေ့အစွန်းကို မထင်နိုင်ပုံ ၁၁၃
သတ္တဝါခြောက်ကောင် ၃၉၆
သန္တုဿိတနတ်သား ၄၆၈
သဒ္ဒါ အမည် ပညတ်တို့ကို မစွန့်အပ်ပုံ ၅၇
သပ္ပသောဏ္ဍိကလိုဏ်ဂူ ၂၅၉
သဘိယကစ္စာန၊ အသျှင် ၅၅၅
သမာဓိပွဲများရကျိုး ၂၉၄
သမိဒ္ဓိ၊ အသျှင် ၂၅၈
သမုဒ္ဒါအစစ်ကို ညွှန်ပြတော်မူပုံ ၃၆၃
သမုဒ္ဒါကို ကူးမြောက်နိုင်သူ ၃၆၃
သဟမ္ပတိဗြဟ္မာ ၇၂
သာကီဝင်မင်းတို့၏ မင်းကွန်းသစ် ၃၈၄
သာမဏ္ဍကပရိဗိုဇ်နှင့်အသျှင်သာရိပုတြာ ၄၅၁
သာရိပုတြာ၊ အသျှင် ၁၂၇၊၁၈၇
သာရိပုတြာမထေရ်၏ တနေ့တာ
နေထိုင်ပုံ ၁၈၇
သာဝကတို့၏ဖြစ်ရာဘဝကိုပြောကြား
သူများ ၅၅၃

[သ]

သာသနာဘောင်မှ ဝေးသောရဟန်း ၂၆၂
သိကြားမင်းအားအသျှင်မဟာမောဂ္ဂလာန်
တရားဟောပုံ ၄၅၇
သိကြားမင်း၏ ကိလေသာငြိမ်း
အေးမှုဆိုင်ရာပြဿနာ ၃၁၄
သီလဝန္တစသောရဟန်းများ
နှလုံးသွင်းသောတရား ၁၂၇
သုစိမုခီပရိဗိုဇ်မ ၁၉၀
သုနာပရန္တတိုင်းသားများ ကြမ်းထမ်းပုံ ၂၇၈
သုယာမနတ်သား ၄၆၈
သုရာဓ၊ အသျှင် ၆၄
သုသုမာရဂိရမြို့ ၁၊၃၂၇
သူနာရဟန်း၏အနီး၌မြတ်စွာဘုရား
ဟောသောတရားများ ၄၀၆
သေစေတတ်သောတရား ၁၄၆
သေသည်မှနောက်၌ဖြစ်၏ဟု အယူရှိ
သူများ ၅၄၅
သောဏ၊ သူကြွယ်သား ၃၉၊၃၂၅
သောတာပတ္တိဖိုလ်ကိုမျက်မှောက်
မပြုရပဲ မသေ မထိုက်သူ ၁၇၇
သံယောဇဉ်နှင့် သံယောဇနိယအထူး ၄၆၉
သံယောဇဉ်ဟူသည် ၃၀၂၊၃၁၉
သံယောဇဉ်ကိုပယ်ခွါရန် ၂၅၁
သင်တို့၏ဥစ္စာမဟုတ်သော
တရားများ ၂၉၅၊၃၃၆

[ဟ]

ဟတ္ထိရှာ(ဝဇ္ဇီတိုင်း) ၃၂၂
ဟာလိဒ္ဒိကာနိ၊ သူကြွယ် ၈၊၃၂၆

၄·ပု·ဆ·ဝ—ငှဝ—ဂွဝ·ဂြ·ဓဝ—ဂွဝဝဝ။

# နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် ရနိုင်သည့်စာအုပ်များ

## ဆဋ္ဌသံဂါယနာမူ ပိဋကတ်တော်များ

ဆဋ္ဌသံဂါယနာမူ ပါဠိတော်များကို လစ်သိုစက်ကြီးဖြင့် တလလျှင် တအုပ်ကျစီ ပြီးစီးအောင် ဒုတိယ အကြိမ် ပြန်လည် ရိုက်နှိပ်လျက် ရှိနေပါပြီ၊ အလှူရှင်များသည် အုပ်ရေ ၄၀-ရှိ ပါဠိတော် (အဝတ်ဖုံး) တစုံ အတွက် ကြိုတင်ငွေပေးသွင်း၍ (အောက်ပါ) ရိုက်ပြီးသမျှ ပါဠိတော်များကို ယခု ရယူထားနိုင်သည့်ပြင် ကျန် ပါဠိတော်များအတွက်တလလျှင် တအုပ်ကျရရှိသွားမည် ဖြစ်ပါကြောင်း။

## ယခုအခါရနိုင်သည့် ပါဠိတော်များ

| | အမည် | ဘိလပ်ဖုံး |
|---|---|---|
| ၁ | ဝိနည်းငါးကျမ်းတစုံ | ၆၀ - |
| ၂ | ဒီဃနိကာယ် ၃-ကျမ်းတစုံ | ၃၀ - |
| ၃ | မဇ္ဈိမနိကာယ် ၃-ကျမ်းတစုံ | ၃၆ - |
| ၄ | သံယုတ္တနိကာယ် ၃-ကျမ်းတစုံ | ၃၆ - |
| ၅ | အင်္ဂုတ္တရနိကာယ် ၃-ကျမ်းတစုံ | ၃၆ - |
| ၆ | ဓမ္မသင်္ဂဏီ | ၁၀ - |
| ၇ | ဝိဘင်္ဂ | ၁၂ - |
| ၈ | ဓာတုကထာနှင့် ပုဂ္ဂလပညတ္တိ | ၁၀ - |
| ၉ | ကထာဝတ္ထု | ၁၂ - |
| ၁၀ | ယမက ပ-ဒု-တ ၃-အုပ် | ၁၂ စီ |
| ၁၁ | ပဋ္ဌာန ပ-ဒု-တ-စ-ပ-၅-အုပ် | ၁၂- ၈၀ စီ |
| ၁၂ | ခုဒ္ဒကနိကာယ် ၁၁-ကျမ်း | ၁၂၄ |
| | စက္ကူဖုံး | ၁၀၂ |

`မဇ္ဈိမနိကာယ် ၃-ကျမ်းမှတပါး ကျန်ကျမ်းစာအုပ်များမှာ စက္ကူဖုံးမရနိုင်ပါ။

မဇ္ဈိမနိကာယ်တစုံ စက္ကူဖုံး ၃၀ -

အမှတ် ၁-၂-၃-၄ ပါဠိတော်များကို အစုံလိုက် မဟုတ်ဘဲ တအုပ်စီခွဲ၍ ဝယ်ယူလျှင်လည်း ရောင်းပါသည်။

## ရနိုင်သည့် အဋ္ဌကထာကျမ်းစာအုပ်များ

| | | |
|---|---|---|
| ၁ | ပါရာဇိက အဋ္ဌကထာ ပ-ဒု | ၁၀ စီ |
| ၂ | ပါစိတျာဒိ ॥ | ၁၀ - |
| ၃ | စူဠဝဂ္ဂါဒိ ॥ | ၁၀ - |
| ၄ | သီလက္ခန္ဓဝဂ္ဂ ॥ | ၁၀ - |
| ၅ | အဋ္ဌသာလိနီ ॥ | ၁၂ - |
| ၆ | ဒီဃနိကာယ (မဟာဝဂ္ဂ) | ၁၀ - |
| ၇ | ॥ (ပါထိကဝဂ္ဂ) | ၈ - |
| ၈ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပ-၁၅၊ ဒု-၁၀ | - |
| ၉ | သမ္မောဟဝိနောဒနီအဋ္ဌကထာ | ၁၂ - |

| | အမည် | ဘိလပ်ဖုံး |
|---|---|---|
| ၁၀ | ပဉ္စပကရဏ | ၁၂ - |
| ၁၁ | မူလပဏ္ဏာသ အဋ္ဌကထာ ပ-ဒု | ၁၀ စီ |
| ၁၂ | မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ | ၁၀ - |
| ၁၃ | ဥပရိပဏ္ဏာသ ॥ | ၈ - |
| ၁၄ | သဂါထာဝဂ္ဂ ॥ | ၈ - |
| ၁၅ | နိဒါနဝဂ္ဂနှင့် ခန္ဓဝဂ္ဂ | ၁၀ - |
| ၁၆ | သဠာယတနဝဂ္ဂ ॥ | ၁၀ - |
| ၁၇ | အင်္ဂုတ္တရအဋ္ဌကထာ ပ-ဒု-တ | ၁၀ စီ |
| ၁၈ | ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ပ-ဒု | ၁၀ စီ |
| ၁၉ | ကင်္ခါဝိတရဏီအဋ္ဌကထာ | ၇ - |
| ၂၀ | ခုဒ္ဒကပါဌ ॥ | ၆ - |
| ၂၁ | ဓမ္မပဒ အဋ္ဌကထာ ပ၊ဒု | ၈ စီ |
| ၂၂ | ဥဒါန အဋ္ဌကထာ | ၈ - |
| ၂၃ | ဣတိဝုတ္တက အဋ္ဌကထာ | ၇ - |
| ၂၄ | ဝိမာနဝတ္ထု ॥ | ၈ - |
| ၂၅ | ပေတဝတ္ထု ॥ | ၇ - |
| ၂၆ | သုတ္တနိပါတ (ပဌမတွဲ) | ၇ - |
| | ၎င်း (ဒုတိယတွဲ) | ၈ - |
| ၂၇ | ထေရဂါထာ အဋ္ဌကထာ ပ-ဒု | ၁၄ စီ |
| ၂၈ | ထေရီဂါထာ ॥ | ၁၀ - |
| ၂၉ | အပဒါန ॥ (ပဌမတွဲ) | ၁၂ - |
| ၃၀ | ၎င်း ॥ (ဒုတိယတွဲ) | ၁၀ - |
| ၃၁ | ဇာတကအဋ္ဌကထာ (ပဌမတွဲ) | ၁၄ - |
| ၃၂ | ၎င်း ॥ (ဒုတိယတွဲ) | ၁၂ - |
| ၃၃ | ၎င်း ॥ (တတိယတွဲ) | ၁၃ - |
| ၃၄ | ၎င်း ॥ (စတုတ္ထတွဲ) | ၁၃ - |
| ၃၅ | ၎င်း ॥ (ပဉ္စမတွဲ) | ၁၄ - |
| ၃၆ | ၎င်း ॥ (ဆဋ္ဌမတွဲ) | ၁၂ - |
| ၃၇ | ၎င်း ॥ (သတ္တမတွဲ) | ၁၂ - |
| ၃၈ | စူဠနိဒ္ဒေသအဋ္ဌကထာ။ | ၁၂ - |

| အမည် | | ဘိုလပ်ဖုံး |
|---|---|---|
| ၃၉ | မဟာနိဒ္ဒေသ ။ | ၁၂ - |
| ၄၀ | ဇုဒ္ဒဝင် ။ | ၁၂ - |
| ၄၁ | စရိယာပိဋက ။ | ၁၀ - |
| ၄၂ | ဝိနယသင်္ဂဟ ။ | ၁၃ - |

## သံဂါယနာအမေးအဖြေများ

| | | |
|---|---|---|
| ၁ | သံဂါယနာအမေးအဖြေ (ဝိနယ) ပ-ဒု | ၅ ၆ |
| ၂ | ဒီဃနိကာယ် ။ | ၄ ၅၀ |
| ၃ | မဇ္ဈိမနိကာယ် ။ ပ-ဒု | ၄ ၅၀ စီ |
| ၄ | သံယုတ္တနိကာယ် (ပဌမတွဲ) | ၅ - |
| ၅ | ၎င်း ။ (ဒုတိယတွဲ) | ၅ - |
| ၆ | အင်္ဂုတ္တရနိကာယ် (ပဌမတွဲ) | ၅ - |

## ပိဋကတ်မြန်မာပြန် စာအုပ်များ

| | | |
|---|---|---|
| ၇ | ပါရာဇိကမြန်မာပြန် | ၁၂ - |
| ၈ | ပါစိတ် ။ | ၁၄ - |
| ၉ | ဝိနည်းမဟာဝါ ။ | ၁၄ - |
| ၁၀ | စူဠဝါ ။ | ၁၀ - |
| ၁၁ | သုတ်သီလက္ခန် ။ | ၁၀ - |
| ၁၂ | သုတ်မဟာဝါ ။ | ၁၀ - |
| ၁၃ | သုတ်ပါထိက ။ | ၁၀ - |
| ၁၄ | ပဋိသမ္ဘိဒါမဂ် ။ | ၁၂ - |
| ၁၅ | အင်္ဂုတ္တိုရ် ။ (ပဌမတွဲ) | ၁၃ - |
| ၁၆ | အင်္ဂုတ္တိုရ် ။ (ဒုတိယတွဲ) | ၁၄ - |
| ၁၇ | အင်္ဂုတ္တိုရ် ။ (တတိယတွဲ) | ၁၂ - |
| ၁၈ | ပရိဝါ ။ | ၁၂ - |
| ၁၉ | သံယုတ် (ပဌမတွဲ) | ၁၂ - |
| ၂၀ | ။ (ဒုတိယတွဲ) | ၁၀ - |
| ၂၁ | ။ (တတိယတွဲ) | ၁၂ - |
| ၂၂ | ။ မူလပဏ္ဏာသ | ၁၂ - |

စက္ကူဖုံးများ အလိုရှိပါက ဘိုလပ်ဖုံး ဈေးနှုန်းထက် တအုပ်လျှင် ၂/-ကျပ်နှုန်း လျှော့၍ ရောင်းပါသည်။

## အခြားမြန်မာပြန်စာအုပ်များ

| | | |
|---|---|---|
| ၂၃ | ဋီကာကျော်မြန်မာပြန် (ပ) | ၄ - |
| ၂၄ | ၎င်း (ဒု-တ) | ၄ ၅၀-စီ |
| ၂၅ | ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပဌမတွဲ) | ၆ - |
| ၂၆ | ၎င်း (ဒုတိယတွဲ) | ၅ ၅၀- |
| ၂၇ | ၎င်း (တတိယတွဲ) | ၇ - |
| ၂၈ | ဘိက္ခုပါတိမောက် မြန်မာပြန် | ၁ ၅၀- |

| အမည် | | ဘိုလပ်ဖုံး |
|---|---|---|

## အခြားကျမ်းစာအုပ်များ

| | | |
|---|---|---|
| ၂၉ | မဇ္ဈိမနှင့် ဥပရိပဏ္ဏာသဋီကာ | ၆ ၅၀ |
| ၃၀ | မောဂ္ဂလာနဗျာကရဏကျမ်း | ၆ - |
| ၃၁ | အဘိဓမ္မတ္ထသင်္ဂဟဒီပနီ | ၂ ၅၀ |
| ၃၂ | မြို့ပြင်ကြီးသဖြိုဟ်အကောက် | ၂ ၅၀ |
| ၃၃ | နမက္ကာရဋီကာ | ၂ ၅၀ |
| ၃၄ | အဘိဓမ္မာနေ့အရေးတော်ပုံ | ၈ ၅၀ |
| ၃၅ | မင်္ဂလာအဖွင့်အကျယ်လက်စွဲ (စံကျောင်း) | ၂ - |
| ၃၆ | ပဋိသမ္ဘိဒါမဂ်ပါဠိတော်နိဿယ | ၁၀ - |
| ၃၇ | အခါတော်နေ့လက်စွဲ | ၂ ၅၀ |
| ၃၈ | မဟာဇုဒ္ဒဝင်(ပဌမတွဲ)အပိုင်း(၁) | ၉ ၅၀ |
| ၃၉ | ၎င်း ။ ။ (၂) | ၈ ၅၀ |
| ၄၀ | ဆင္ဂမူပရိတ္တပါဠိ | ၂၅ |
| ၄၁ | ဓမ္မစကြာအနတ္တလက္ခဏာသုတ် ပါဠိနိဿယ | ၁ - |
| ၄၂ | ဓမ္မစကြာပါဠိတော်နှင့် ပရိတ်တော်(၆) သုတ်တွဲ | - ၄၀ |
| ၄၃ | ဗြဟ္မဇာလ စနကထာ | - ၇၅ |

၎င်း၌ နိုင်ငံတော်ဝန်ကြီးချုပ်ဒါ၏လျှောက်ထားချက်အရ ဆဋ္ဌသံဂါယနာ ဝန်ဆောင်အဖွဲ့မှ ဖြေဆိုတော်မူသည်။

| | | |
|---|---|---|
| ၄၄ | အဋ္ဌကထာ သံဂါယနာစိစစ်ခန်း (ပဌမတွဲ) | ၅ - |
| ၄၅ | ၎င်း (ဒုတိယတွဲ) | ၄ - |
| ၄၆ | ၎င်း (တတိယတွဲ) | ၅ - |

ကျမ်းစာအုပ်များကို ၂၀ိ-ဘိုးနှင့် အထက်ဝယ်ယူသူများအား ငွေ ၁၀၀ိ-လျှင် ၁၅/-ကျပ်ရာခိုင်နှုန်း ကော်မရှင်ပေးပါမည်။

## စာစောင်

| | | |
|---|---|---|
| ၄၇ | သာသနာ့ရောင်ခြည်စာစောင် | ၁ ၅၀ |
| ၄၈ | ဓမ္မရောင်ခြည်စာစောင် (Light of Dhamma) | ၂ - |

၎င်း ၃-လတကြိမ် ထုတ်ဝေသည့် စာစောင်များကို နှစ်ကြေးနှင့် ကြည့်ရှုလိုပါက သာသနာ့ရောင်ခြည် တနှစ်အတွက် (ပြည်တွင်း) ၆-ကျပ် - (ပြည်ပ) ၇-ကျပ်ယူပါသည်၊ ဓမ္မရောင်ခြည် စာအုပ်များကို (ပြည်တွင်း) ၇-ကျပ် (ပြည်ပ) ၈-ကျပ်ယူပါသည်၊ စာစောင်များကို ငွေ၅၀ိ-ဘိုးနှင့် အထက်ဝယ်ယူသူများအား ငွေ ၁၀၀ိ လျှင် ၂၅/-ရာခိုင်နှုန်း ကော်မရှင် ပေးပါသည်။

[illegible]
[illegible]

[illegible]

[illegible] ရနိုင်ပါသည်။

---

၁။ [illegible] ၁၂၉-၁၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

၂။ ဗဟိုစာအုပ်တိုက်၊ အမှတ် [illegible] [illegible]လေးဘုရားလမ်း၊ ရန်ကုန်မြို့။

၃။ [illegible] စာပေဌာန၊ [illegible]ဘုရား၊ ကြည့်မြင်တိုင်။

၄။ [illegible] ပိဋကတ်ဆိုင်၊ အမှတ် [illegible] ရွှေတိဂုံဘုရား ဈေးတော်ရုံ။

၅။ [illegible]ပတိုက်၊ ၁၄၆ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

၆။ ကမ္ဘာအေး ပိဋကတ် စာပေဌာန၊ ၇၂-၇၄ ရွှေတိဂုံဘုရား ဈေးတော်ရုံ၊ ရန်ကုန်မြို့။

၇။ [illegible] ပိဋကတ် စာအုပ်ဆိုင်၊ ၅၄-၅၅၊ ရွှေတိဂုံဘုရား ဈေးတော်ရုံ၊ ရန်ကုန်မြို့။

၈။ [illegible]ဝါဒီ ပိဋကတ်ဆိုင်၊ ၆၉-၇၀ ရွှေတိဂုံဘုရားကြီး ဈေးတော်ရုံ၊ ရန်ကုန်မြို့။

၉။ ပိဋကတ်စာအုပ်နှင့် သင်္ကန်းပရိက္ခရာဆိုင်၊ ၃၇-၃၈ ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

၁၀။ ပိဋကတ်စာအုပ်နှင့် သင်္ကန်းပရိက္ခရာ-ယွန်းထည်ကြေးကုန်ဆိုင်၊ ၄၇-၄၈ ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်း ရန်ကုန်မြို့။

၁၁။ ပိဋကတ်[illegible]ပြန့်ပွားရေးနှင့် စာအုပ်ချုပ်လုပ်ရာဌာန၊ ၄၃-၄၄ ရွှေတိဂုံဘုရား အရှေ့ဘက် စောင်းတန်း၊ ရန်ကုန်မြို့။

၁၂။ ပညာအလင်းပြစာအုပ်တိုက်၊ ၁၃၈-ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့။

၁၃။ ရန်နိုင်စတိုး၊ လမ်း ၃၀၊ [illegible]ဘုရားအနီး၊ မန္တလေးမြို့။

၁၄။ အမျိုးသားစာအုပ်ဆိုင်၊ [illegible]တိုက်တန်း၊ ဈေးချို၊ မန္တလေးမြို့။

၁၅။ [illegible] ၁၉[illegible] လမ်း၊ ရန်ကုန်မြို့။

၁၆။ [illegible]ပိဋကတ်ပုံနှိပ်တိုက်ဆိုင်၊ [illegible] ဈေးချို၊ [illegible]

၁၇။ [illegible] သင်္ကန်းပရိက္ခရာနှင့် စာအုပ်ဆိုင်၊ [illegible] မန္တလေးမြို့။

၁၈။ [illegible]

၁၉။ သိန်းအေးတိုက်နှင့် စာအုပ်ဆိုင်၊ [illegible]

၂၀။ [illegible]

၂၁။ [illegible]